http://www.dhammadownload.com

ရွှေစေတီတော်

# မူလပဏ္ဏာသပါဠိတော်မြန်မာပြန်

ကွယ်လွန်သူ မိဘနှစ်ပါး ဖြစ်သော
ဦးအေး-ဒေါ်စန်းစန်းကြွင်-နှင့်
ကွယ်လွန်သူ ညီအကိုဖြစ်သူ
မောင်ခင်ချမ်းမြေ့ အေး-အသက်ရှည်ကျန်း၏
သားကြီး-ကိုဝင်းထွန်းသင်း ၊
ဒေါ်အေးမြသီတာ (ဓမ္မ-ရဂုန်)
သားငယ် ကိုအောင်ကြည်စိုးအေး (ဓမ္မ-ဓလ်ဝပ္ပ)
မိသားစု ၊ သောင်းမှု
၁၃၇၂-ခုနှစ်

http://www.dhammadownload.com

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မူလပဏ္ဏာသပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၄၁ ကောဇာ- ၁၃၅၉ ၁၉၉၈

http://www.dhammadownload.com

## မူလပဏ္ဏာသပါဠိတော် မြန်မာပြန် (မ-မြန် ၁)

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ်ရိုက်နှိပ်ခြင်း | ၃၀၀၀ | ၁၉၆၀ |
| ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း | ၃၀၀၀ | ၁၉၆၇ |
| တတိယအကြိမ်ရိုက်နှိပ်ခြင်း | ၃၀၀၀ | ၁၉၉၂ |
| စတုတ္ထအကြိမ်ရိုက်နှိပ်ခြင်း | ၁၀၀၀ | ၁၉၉၈ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
( မှတ်ပုံတင်အမှတ် – ၀၂၄၀၅/၀၂၅၂၇ ) က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

# ပိဋကတ်တော် မြန်မာပြန်

# နိဒါန်း

ဘုန်းတော် ခြောက်ပါးသခင် 'အစိန္တေယျ အာနုဘာဝ' မကြံစည်နိုင်သော တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏'သာမုက္ကံသိက'ကိုယ်တော်တိုင် ထုတ်ဆောင် ဟောကြားတော်မူအပ်သော ပါဠိတော်မွေသည်—

'ဓမ္မဂမ္ဘီရ'အကြောင်း၏နက်နဲခြင်း,

'အတ္ထဂမ္ဘီရ' အကျိုး၏နက်နဲခြင်း,

'ဒေသနာဂမ္ဘီရ' ပညတ်တင်ထား ဟောကြားပုံ၏နက်နဲခြင်း,

'ပဋိဝေဓဂမ္ဘီရ' ထိုးထွင်းသိမြင်သော အသိဉာဏ်၏ နက်နဲခြင်းဟု ဆိုအပ်သော ဂမ္ဘီရလေးပါး,

'သဒ္ဒဂမ္ဘီရ' သဒ္ဒါ၏နက်နဲခြင်း,

'အတ္ထဂမ္ဘီရ'အနက်၏နက်နဲခြင်း,

'သဒ္ဒတ္ထဂမ္ဘီရ'သဒ္ဒါအနက် ၂-ပါးစုံ၏နက်နဲခြင်း,

'အဓိပ္ပါယဂမ္ဘီရ'အဓိပ္ပါယ်၏ နက်နဲခြင်းဟု ဆိုအပ်သော ဂမ္ဘီရလေးပါးတည်းဟူသော အစိန္တေယျ'မကြံစည်နိုင်သော'ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ဤသို့လျှင် အစိန္တေယျ အာနုဘာဝ ဂုဏ်နှင့် ပြည့်စုံတော်မူသော ဒေသက'တရားဟောပုဂ္ဂိုလ်'ဖြစ်သော ဘုရားရှင်၏ ဒေသေတဗ္ဗဓမ္မ 'ဟောအပ်သောတရား'ဖြစ်သော—

နာနာနယဝိစိတြ ပါဠိတော်မွေကို ယထာဘူတ 'ဟုတ်တိုင်းမှန်စွာ' ယထာသဘာဝ 'သဘောအားလျော်စွာ' ဒေသကအာဘော်ကျအောင် လုလုပိုင်ပိုင် သိရှိနိုင်ရန်မှာ လွယ်ကူသော အရာမဟုတ်ပါပေ။

ထိုသို့ မလွယ်ကူသည့်အားလျော်စွာ ထိုထိုပါဠိတော်များ၏ အဖွင့်ဖြစ်သော အဋ္ဌကထာ ဋီကာ ဒီပနီ အလီလီအစုစု အနုမဓုတခန်း လက်သန်း ယောဇနာအဖြာဖြာသော ဂန္ထကျမ်းတို့ကို အပန်းတကြီးပင် ဆင့်ကာဆင့်ကာ နောင်လာနောက်သားတို့အတွက် ဖွင့်ဆိုရေးသားတော်မူခဲ့ကြပေသည်၊ ပါဠိတော်မွေနှင့်တကွ ဖွင့်ဆိုရေးသားတော်မူခဲ့ကြသော အဖွင့်သံဝဏ္ဏနာ အဖြာဖြာသော ကျမ်းတို့မှာလည်း အနန္တကမ္ဘာတို့၌ သေဋ္ဌဘာသာ'အမြတ်ဆုံးသောဘာသာ' မူလဘာသာ'အမြစ်အရင်းဖြစ်သောဘာသာ'ဟု ခေါ်ဆိုအပ်သော ပါဠိမာဂဓဘာသာဖြင့်သာ အစဉ်မပြတ် တည်ရှိခဲ့ကြသဖြင့် မိမိတို့ဒေသအလိုက် ဘာသာအသီးအသီး ရှိနေကြသောသူတို့မှာ မိမိတို့မျိုးရိုးဘာသာဖြင့် အားပါးတရ သဘာဝကျကျ သိရှိနိုင်ခွင့်ကို စင်စစ် မရရှိခဲ့ကြချေ။

ဘုရားရှင် ကရုဏာရှေ့ထားလျက် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံပါဠိတော်မွေတို့မှာ"အရဟတ္တေန ဒေသနာယ ကူဋံ ဂဏှိ"ဟူသော ဓမ္မပဒအဋ္ဌကထာ မိန့်ဆိုချက်နှင့်အညီ

http://www.dhammadownload.com



ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသ နိဗ္ဗာန်မျက်မှောက်ပြုရေးကိုသာ ရည်ရွယ်ချက်ထားရင်းရှိသည်ကား မှန်၏၊ သို့ရာတွင် ထိုဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသ နိဗ္ဗာန်မျက်မှောက်ပြုရေး၌ များစွာအထောက်အပံ့ဖြစ်သော ကျန်းမာရေး ချမ်းသာရေး ကြီးပွါးရေး စီးပွါးရေး ပေါင်းသင်းဆက်ဆံရေး နေထိုင်စားသောက်ရေး အသိတရားလုံလောက်ရေး လိမ္မာရေးခြားရေး အစရှိသည့် မျက်မှောက်ဘဝ ကောင်းစားရေးပေါင်း များစွာတို့သည်လည်း ထိုပိဋကတ်တော် တည်းဟူသော ပါဠိမြေ့၌ပင် အပြည့်အစုံပါဝင်ပြီးဖြစ်သဖြင့် မည်သူမဆို လောက၏ လုံလောက်သောအကျိုးတရားများကို ခံစားလိုပါက ဘုရားဟောပိဋကတ်တော်ကိုလည်း မျက်နှာလွှဲထားသင့်သည် မဟုတ်ပေ။

သို့သော်လည်း ယင်းဘုရားဟော ပိဋကတ်တော်များမှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေသောကြောင့် ပါဠိဘာသာကို မတတ်မြောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင်လူများစု အဖို့မှာကား ပိဋကတ်တော်ကညွှန်ပြထားသော လောက ကောင်းစားရေးနှင့် လောကနှင့်မဆက်စပ်သော ဘဝလွတ်မြောက်ရေးများအတွက် ပါဠိတတ်ပုဂ္ဂိုလ်တို့၏ တဆင့်ဟောပြောချက်မျှဖြင့်သာ တင်းတိမ် ရောင့်ရဲလျက် သိသင့်သမျှကိုပင် စုံလင်စွာ မသိရပဲရှိခဲ့လေသည်။

သို့ဖြစ်၍ ဘုရားဟောပိဋကတ်တော် အရသာများကို လွယ်ကူစွာ သုံးဆောင်ခံစားနိုင်ကြစေရန်ရင်း ပါဠိမာဂဓပိဋကတ်ကျမ်းဂန်များကို သင်ယူလေ့လာချင်ရာတွင် လွယ်ကူစွာ သင်ယူချပို့နားလည်နိုင်ကြစေရန်ရင်း ရည်သန်၍ ရှေးရှေးဆရာကြီးများသည် မြန်မာပြန်မှီရာနိဿရည်းခေါ် နိဿယကျမ်းများကို မိမိတို့ရိုးရာဒေသဘာသာဖြင့် ရေးသားပြန်ဆိုတော်မူခဲ့ကြပေသည်၊ ရှေးရှေးဆရာကြီးများ၏ ကျေးဇူးသည်ကား အထူးကြီးမားလှပေစွ။

## ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း

ထိုထိုနိဿယ ဘာသာပြန်တို့မှာ—

(၁) ပါဠိတချက် အနက်တချက်ဖြင့် ပြန်ဆိုနည်း,

(၂) ပါဠိမဘက် မြန်မာသက်သက်ဖြင့် ပြန်ဆိုနည်း,

ဟူ၍ နှစ်မျိုးရှိခဲ့ရာ ပဌမနည်းသည် ထိုထိုပါဠိအဋ္ဌကထာ ဋီကာနိဿယကျမ်းမျိုးပင် ဖြစ်၍ ဒုတိယနည်းမှာမူ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထု မိလိန္ဒပဥှာဝတ္ထုစသော ကျမ်းမျိုးပင်ဖြစ်သည်၊ ထိုနှစ်နည်းတွင် ပါဠိတချက် အနက်တချက်ပြန်ဆိုသော ပဌမနည်းမှာ "ဗာလ-လူမိုက်, ပဏ္ဍိတ-ပညာရှိ" ဟု နှုတ်တွင်တက်၍ အဘိဓာန်ကျမ်းကြီးတစောင်ကို အာဂုံဆောင် ကျက်၍ထားသကဲ့သို့ ပါဠိမာဂဓဘာသာကိုသင်ယူရာ၌ အလွန် ကျေးဇူးများခဲ့ရကား ရဟန်းသာမဏေများ ယနေ့ထက်တိုင် သင်ယူချပို့လေ့လာနေကြဆဲပင်ဖြစ်သည်၊ ထိုသင်ယူချပို့နည်းဖြင့်ပင် ပါဠိပိဋကတ်ကျမ်းဂန်များကို တတ်မြောက်လိမ္မာတော်မူခဲ့ကြလေသည်။

သီဟိုဠ် ယိုးဒယား ကမ္ဘောဇီးယားစသော ဗုဒ္ဓဘာသာဝင်နိုင်ငံများ၌လည်း မိမိတို့ရိုးရာဒေသဘာသာဖြင့်ပင် ပိဋကတ်ကျမ်းဂန်များကို သင်ယူချပို့လေ့လာခြင်းဖြင့် တတ်မြောက်လိမ္မာတော်မူခဲ့ကြလေသည်။

ဒုတိယနည်းမှာ သင်ယူချပို့ရာ၌ အသုံးနည်း၍ အများအားဖြင့် ပါဠိမာဂဓဘာသာကို မတတ်မြောက် မကျွမ်းကျင်ကြသော လူပုဂ္ဂိုလ်များ ကြည့်စာအဖြစ်ဖြင့် အသုံးပြုခဲ့ကြလေသည်။

http://www.dhammadownload.com



# မြန်မာပြန် နိဒါန်း

## ဘာသာပြန်နည်းတမျိုး

ဘာသာတပါးမှ ဘာသာတပါးသို့ ပြန်ဆိုရာ၌—

(၁) တိုက်ရိုက်ပြန်ဆိုနည်း

(၂) ဆီလျော်အောင် ပြန်ဆိုနည်း

ဟူ၍ နှစ်မျိုးရှိပြန်ရာ ပဌမနည်းမှာ နိဿယပြန်ဆိုနည်းပင်ဖြစ်၍ (ပါဠိကို ဖြုတ်ထားသော သံဝေဂဝတ္ထု ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုပြန်နည်းမျိုးလည်း ပါဝင်သည်)။ ဒုတိယနည်းမှာကား အဓိပ္ပါယ်ကို ယူ၍ မာလာလင်္ကာရဝတ္ထု-စသည်နှင့် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ဆီလျော်အောင် ကိုးကား ရေးသားထားသော ထိုထိုဒီပနီ-ပကာသနီ-စသော စကားပြေကျမ်းမျိုးပင် ဖြစ်သည်။

## ဤဘာသာပြန် ဖြစ်ပေါ်လာရခြင်း၏ အကြောင်း

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မာဂဓပါဠိပိဋကတ်တော်တွင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း နည်းလမ်းကောင်းများအပြင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝတို့၌ အကျိုးများပြားစေနိုင်သည့် လောကရေး ဓမ္မရေး ရာဇရေးတို့တွင် အလေးဂရုပြု၍ လိုက်နာကျင့်သုံးရန်အတွက် အချက်အလက်တို့လည်း အကြောင်းသက်ဆိုင်ရာ အများအပြား ပါဝင်လျက်ရှိသော်လည်း ပါဠိဘာသာကို မတတ်ကျွမ်းမှု ပါဠိဘာသာ၌ မကျွမ်းကျင်မှုကြောင့် ရတနာထုပ် လက်ဝယ်ထား၍ မသုံးဆောင် မခံစားနိုင်သကဲ့သို့ ဖြစ်နေရသော ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့အား ရတနာပတ္တမြားလုံးကို မြေဖုံးနေရာမှ အများသုံးဘို့ ထုတ်ဖော်ပေးသည့်အလား "ထိုပိဋကတ်သုံးပုံ ပါဠိတော်မူများကို မိမိတို့ရိုးရာဖြစ်သော မြန်မာဘာသာ သက်သက်ဖြင့် ပြန်ဆိုရေးသားစေရပါမူ ထိုပါဠိဘာသာ၌ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့အတွက် အလွန်အကျိုးများလေရာ၏" ဟု သဒ္ဓါပသန္န သမ္မာဆန္ဒတရား ရွှေထားကာ ကောင်းစွာ စဉ်းစားဆင်ခြင်မိသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ၁၃၁၂-ခု ဒုတိယဝါဆိုလတွင် မိမိနေအိမ်၌ သီရိမင်္ဂလာပရိတ်တော်အဖွဲ့ကို ဖွဲ့စည်း တည်ထောင်ရန် တိုင်ပင်ဆွေးနွေးကြစဉ်အခါကပင် ပိဋကတ်ပါဠိတော်များကို အကုန်အစင် မြန်မာဘာသာ ပြန်ဆိုခြင်း ဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားခြင်း ပိဋကတ်သုံးပုံ ပါဠိမြန်မာအဘိဓာန် ကျမ်းကြီးစီရင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန်အတွက် စီမံစေလိုကြောင်းနှင့် သာသနာရေး ဝန်ကြီးဦးဝင်းအား တိုက်တွန်းစကားပြောကြားသည့်အတိုင်း သာသနာရေးဝန်ကြီး၏ အစီအမံဖြင့် နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီးက ပိဋကတ်တော်မြန်မာပြန် စီစဉ်ရေးကော်မီတီတရပ်ကို သဟ်မှတ်ဖွဲ့စည်းလိုက်လေသည်။

ထိုကော်မီတီတွင်—

(၁) အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် (နာယက)

(၂) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း (ပဌမဥက္ကဋ္ဌ)

(၃) သာသနာ့ညွှန်ကြားရေးဝန် ပဌမကျော်မဟာပညာဗလ ဦးကြီးဖေ (ဒုတိယဥက္ကဋ္ဌ)

(၄) ပါဠိပါမောက္ခ-မဟာပညာဗလစာပြင်မှူးချုပ် ဆရာညွှာဏ်

http://www.dhammadownload.com



(၅) သာသနာရေးအထူးအရာရှိ ဦးဘဆွေ ဝဏ္ဏကျော်ထင် (အကျိုးတော်ဆောင်)

(၆) ပရိယတ္တိသာသနဟိတဓမ္မာစရိယကျမ်းပြုဆရာကြီးဝဏ္ဏကျော်ထင်မောဝိဆရာဆိုင်။

(၇) ပဌမကျော် ဦးသန့်စင်။

(၈) စေတီယင်္ဂဏဓမ္မာစရိယ သာသနာရေးအရာရှိ ဦးခင်မောင်လင်း (တွဲဘက်အကျိုးဆောင်)တို့ ပါဝင်ကြသည်။

ထိုကော်မီတီသည် (၇) ကြိမ်တိုင်တိုင် စည်းဝေးဆွေးနွေးတိုင်ပင်ကြပြီးမှ ပိဋကတ်တော်ကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြုစုရန်နှင့် ပိဋကတ်သုံးပုံလာ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကို စီရင်ရန် သင့်လျော်ကြောင်းတို့ကို တညီတညွတ်တည်း ဆုံးဖြတ်ချက် ချကြ၍ မည်သို့ မည်ပုံပြန်ဆိုရေးသား ပြုစုရမည်ဟူသော စီမံကိန်းအသီးသီးနှင့်တကွ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြရာ၊ ဝန်ကြီးချုပ်ကလည်း သဘောတူညီသဖြင့် ထိုကိစ္စ အရပ်ရပ်ကို ကောင်းစွာ ဆောင်ရွက်နိုင်မည့် စာပြု စာတည်းဆရာများ ရရှိရေးအတွက် အောက်ပါ ပုဂ္ဂိုလ်ငါးဦးပါဝင်သော ရွေးချယ်ရေးအဖွဲ့ငယ်တရပ်ကို သတ်မှတ်ဖွဲ့စည်းခဲ့လေသည်။

၁။ သာသနာရေးဝန်ကြီး ဦးဝင်း။

၂။ နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မအဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်။

၃။ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။

၄။ သာသနာ့ညွှန်ကြားရေးဝန်ပဌမကျော် မဟာပညာဗလ ဦးကြီးဖေ (အကျိုးဆောင်)

၅။ သာသနာရေးအထူးအရာရှိ ဝဏ္ဏကျော်ထင် ဦးဗဆွေ။

ဤအဖွဲ့ငယ်က ရှေးဦးစွာ အယ်ဒီတာချုပ်ရာထူးအတွက် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်းအား ရွေးချယ်တင်မြှောက်၍ ကျန်စာပြု စာတည်းဆရာများ ရွေးချယ်ခန့်ထားရေး ကိစ္စကိုမူ နိုင်ငံတော်အစိုးရ ရာထူးဝန်အဖွဲ့သို့ လွှဲအပ်ခဲ့ရာ ရာထူးဝန်အဖွဲ့က အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း ပဌမကျော် ဦးကြီးဖေတို့နှင့် တိုင်ပင်၍ စာမေးပွဲပြုလုပ်စမ်းသပ်ကာ အဆိုပါ စာပြု စာတည်းဆရာများကို ရွေးချယ်ခဲ့လေသည်။ ထို့နောက် ၁၉၅၁-ခု အောက်တိုဘာလ ၁-ရက်နေ့မှစ၍ ပိဋကတ်တော် မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။

## မြန်မာဂတိသို့ လိုက်၍ ပြန်ဆိုသင့်ခြင်း

ဘာသာပြန်ဆိုသည်ကား ဘာသာတပါးမှ ဘာသာတပါးသို့ရင်း ဝေါဟာရတပါးမှ ဝေါဟာရတပါးသို့ရင်းပြောင်းလွှဲပြန်ဆိုရေးသားထားခြင်းမျိုးပင်ဖြစ်လေသည်။ဘာသာတမျိုးမျိုး၌ ၎င်းတို့၏ ဓလေ့ထုံးစံ အသုံးအနှုန်းဝေါဟာရတမျိုးစီ ရှိကြမြဲဖြစ်ရာ ပါဠိမှာ ပါဠိဂတိ၊ မြန်မာမှာ မြန်မာအသွား၊အင်္ဂလိပ်မှာ အင်္ဂလိပ်အသုံး-စသည်ဖြင့် ကိုယ့်ဂတိနှင့်ကိုယ် သူ့ အလိုလိုပင် ဝေါဟာရ သိဒ္ဓရှိပြီးဖြစ်နေတော့၏။ ထို့ကြောင့် ပါဠိကို မြန်မာအသွားသော်ရင်း မြန်မာကို ပါဠိအသွား သော်ရင်း ပြန်ဆိုရေးသားပါလျှင် အဆီအငေါ် မတည့်ဖြစ်ပေမည်။

ဥပမာဆိုသော် "စီဝရေန တံ အစ္ဆာဒေဿာမိ" ဟူသော ပါဠိတော်ကို ပါဠိဂတိသို့လိုက်၍ "ထိုရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့" ဟု ပြန်ဆိုလျှင် ဓာတ်ပစ္စည်း ဝိဘတ်နှင့် သဒ္ဒါ၏ အနက်

http://www.dhammadownload.com



အရ ပါဠိအချိုးအစားကျမည်ဖြစ်သော်လည်း မြန်မာ့နားတွင်ကား ထွေးလုံးရစ်ပတ်သာဖြစ်နေ၍ "ထိုရဟန်းအား သက်နဲ့လျှအပ်၊ သက်နဲ့ကြွဲမှုမည်" ဟု မြန်မာအသွားကျပြန်ဆိုမှသာ အလွယ်တကူ နားလည်ကြလိမ့်မည်ဖြစ်သကဲ့သို့တည်း၊ ထို့ကြောင့် ဘာသာပြန်ဆိုရာ၌ မူရင်းဘာသာအသုံးအနှုန်းသို့ မလိုက်ပဲ ပြောင်းလဲပြန်ဆိုရမည့်ဘာသာ၏ အသုံးအနှုန်းအတိုင်းသာ ဘာသာပြန်ဆိုဘို့ရန်မှာ အရေးအကြီးဆုံးပင် ဖြစ်သည်ဟု ကြိုတင် သတိချမ်ထားသင့်ပါသည်။

## ဤဘာသာပြန်ကို ပြန်ဆိုရခြင်း

ရှေးရှေး ဆရာကြီးများသည် မြန်မာဘာသာပြန် အမျိုးမျိုးတို့ကို ပြန်ဆိုရေးသားကြပြီးဖြစ်၍ ဤဘာသာပြန်ကို ပြန်ဆိုရေးသားဘို့လိုပါသေးသလော ဟုစောဒကြောမေးမြန်းဖွယ် ရှိလေသည်။ ပြန်ဆိုပြီးရှိသည်မှာ မှန်ပေသည်၊ သို့ရှိပြီးဖြစ်သော်လည်း ရှေးကျသော ပေါရာဏ အသုံးအနှုန်းတို့ဖြင့် ပြန်ဆိုထားခြင်းကြောင့် ကျေနပ်ရောင့်ရဲခြင်း မရှိသေး၍ ဤဘာသာပြန်ကို ထပ်မံ၍ ပြန်ဆိုရခြင်းဖြစ်သည်ဟု တိုတိုပင် ဖြေဆိုရပေမည်၊ ထိုစကားမှန်ပေသည်၊ ဝေါဟာရစကား အသုံးအနှုန်းတို့မည်သည်—

"ဝေါဟာရဝိသယော သဒ္ဒေါ၊ ဘူတာ ဘူတတ္တဝါစကော။
လောကသင်္ကေတသာရတ္တော၊ သဒ္ဒေါနေကန္တဘူတိကော"။

ဟု သဒ္ဒတ္ထဘေဒစိန္တာဆရာ ဆိုသည့်အတိုင်း ပုံသေကားချ တနေရာတည်းဖြင့် တည်နေရိုးမရှိခဲ့ပေ၊ အစဉ်အမြဲ ပြောင်းလဲဖောက်ပြန် ရွေ့လျော လှုပ်ရှား၍သာ နေရိုးဓမ္မတာ ဖြစ်ပေသည်၊ ရှေးခေတ်အခါက ခေါ်ဝေါ်သုံးစွဲခဲ့သော စကားအသုံးအနှုန်းများမှာ ရှေးခေတ်လူများအတွက် လွယ်ကူစွာ နားလည်သဘောပေါက်ခဲ့ ကြသော်လည်း ယခုခေတ်လူများ အတွက်မှာမူကား စကားထူး စကားဆန်းဖြစ်ပြီးနားလည် သဘောပေါက်ဘို့ လွယ်ကူခြင်းမရှိခဲ့ချေ၊ ထို့ကြောင့်ပင် (ဥပ္ပဋ္ဌိပါဠိယာ၊ ကျိတကျုအားဖြင့်။ ပါမင်္ဂ၊ ဦးညွှတ်) ဟု ပြန်ဆိုထားသော ရှေးခေတ်ဘာသာပြန်နိဿယများကို ယခုခေတ်လူတို့ အနေနှင့် နားလည် သဘောပေါက်ဘို့ရန် မလွယ်ကူကြောင်း အကဲခတ်နိုင်ကြပေသည်၊ ထို့ကြောင့်လည်း "ရှေးခေတ်နိဿယကြီးများကိုယခုခေတ် အသုံးအနှုန်းဖြင့် ပြန်လည်ရေးသားကြရန် အချိန်တန်ပြီ" ဟု ဆရာ့ဆရာကြီးများ အကြံဖြစ်ခဲ့ကြဘူးလေပြီ၊ သို့ဖြစ်၍ ဋီကာကျော်ခေါ် အဘိဓမ္မတ္ထဝိဘာဝနီ ကျမ်းပြုဆရာသည်—

ပေါရာဏေဟိ အနေကာပိ၊ ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သမ္မတ္တာ၊ အတ္တော ဝိညာတဝေ ဣဓ။
တသ္မာ လီနပဒါနေတ္တာ၊ သာဓိပ္ပါယမဟာပယံ။
ဝိဘာဝေန္တော သမာသေန၊ ရစယိဿာမိ ဝဏ္ဏနံ။

"ရှေးဆရာကြီးတို့သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဖွင့်ဋီကာကျမ်းများစွာတို့ကို ရေးသားခဲ့ကြသော်လည်း ထိုဋီကာကျမ်းတို့ဖြင့် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အနက်အဓိပ္ပါယ်တို့ကိုလွယ်ကူစွာသိဘို့ရန် မစွမ်းနိုင်ခဲ့၊ ထို့ကြောင့်ပင် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ကွယ်ဝှက်သောပုဒ် တို့၏ အနက်အဓိပ္ပါယ်ကိုပေါ်လွင်ထင်ရှားစွာ ဖော်ပြ၍ အကျဉ်းချုပ်အားဖြင့် ဋီကာသစ်(ဋီကာကျော်) ကို ရေးသားမည်" ဟု မိန့်ဆိုခဲ့ရသည် မဟုတ်ပါလော။

ဤသို့သော အကြောင်းတို့ကို ထောက်ထား၍ ခေတ်အားလျော်စွာ ပိဋကတ်အရသာများကို သုံးဆောင်ခံစားနိုင်ကြစေရန် ဤဘာသာပြန်ကို ပြန်ဆိုရေးသားရခြင်းဖြစ်လေသည်။

http://www.dhammadownload.com



## ဌာနပြောင်းလွှဲခြင်း

ဖော်ပြခဲ့ပြီးသော ပိဋကတ်တော်မြန်မာပြန် စီစဉ်ရေးကော်မီတီကို ဖွဲ့စည်း၍ ၎င်းကော်မီတီက ရေးဆွဲသော စီမံကိန်းများအရ ပိဋကတ်တော်မြန်မာပြန် ဌာနကို တည်ထောင်ဖွင့်လှစ်ပြီးမှ ဤဌာနကို—

(၁) သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသင် (ပဌမဥက္ကဋ္ဌ)။

(၂) သတိုးသီရိ သုဓမ္မ အဂ္ဂမဟာသရေစည်သူ နိုင်ငံတော် တရားဝန်ကြီးချုပ်ဟောင်း ဒေါက်တာ ဦးသိမ်းမောင် (ဒုတိယ ဥက္ကဋ္ဌ)။

(၃) သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း (အကျိုးတော်ဆောင်)။

(၄) သာသနာရေး အထူးအရာရှိ ဝဏ္ဏကျော်ထင် ဦးဘဆွေ (တွဲဘက် အကျိုးတော်ဆောင်)စသည်တို့ ပါဝင်သော နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးသို့ လွှဲပြောင်းအပ်နှင်းခဲ့လေသည်။

ပိဋကတ်တော်မြန်မာပြန် ဌာနတွင်လည်း သတ်မှတ်ထားရင်း ဖြစ်သော ဆောင်ရွက်ရမည့် ကိစ္စကြီး သုံးဌာနရှိလေရာ ထိုသုံးဌာနလုံး၌ပင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်းအား ကျနစွာ စီမံအုပ်ချုပ်စေရန် တာဝန်လွှဲအပ်ချက်အရ စာပြု စာတည်း အယ်ဒီတာအစုံအလင်ဖြင့် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဦးလင်း ကိုယ်တိုင် တာဝန်ခံ၍ အစစ မလစ်ဟင်းစေရပဲ အားထုတ်ပြုစုတည်းဖြတ် လာခဲ့ကြလေသည်။

ဤနိဒါန်း စာမျက်နှာ (ခ-ဂ) တွင် ဖော်ပြခဲ့ပြီးသော ဘာသာပြန်နည်း အပျိုးမျိုးတို့တွင် ပိဋကတ်တော်မြန်မာပြန် ဌာနက ပြန်ဆိုသော ဤဘာသာပြန်ကား တိုက်ရိုက်ပြန်ဆိုနည်း မြန်မာ သက်သက် ပြန်ဆိုနည်းမျိုးပင်ဖြစ်သည်၊ သို့ပြန်ဆိုရာ၌—

(၁) ပါဠိတော်၏ သဘောအဓိပ္ပါယ်ကို ထိရောက်စေခြင်း,

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း,

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ်ပေါ် လွင်စေခြင်း,

(၄) စကားအသုံး အနှုန်း ထယ်ဝါခန့်ညားစေခြင်း,

ဟူသော အချက်များကို အဓိကထား၍ ပြန်ဆိုခဲ့လေသည်၊ ဤနည်းဖြင့် ဘာသာ ပြန်ဆိုလာခဲ့ကြရာ ပြီးစီးသမျှသော ပိဋကတ်တော် မြန်မာပြန်များကို ထပ်မံသုံးသပ် ပြင်ဆင်တော်မူနိုင်ကြစေရန် ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ မဟာနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး ကြီးမှူးတော်မူသော (ပြည်ထောင်စု မြန်မာ နိုင်ငံတော်အရပ်ရပ်ရှိ ပိဋကတ္တယဓရ ပိဋကတ္တယပါရဂူ ဓမ္မာစရိယ ဆရာတော်တို့ ပါဝင်သည့်) ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃာအဖွဲ့သို့ တင်သွင်းခဲ့လေသည်။

အဆိုပါ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်ဘုရားတို့ကလည်း ဤပိဋကတ်တော် မြန်မာပြန် များကို အကြောင်းအားလျော်စွာ သံဂါယနာပင် တင်နိုင်ကြရန် ရည်သန်တော်မူကြပြီးလျှင် "စာကောင်းစေလိုလျှင် အကြိမ်ကြိမ် တည်းဖြတ်ပြင်ဆင်ရမည်" ဟူသောထုံးအရ မြန်မာပြန် ပဋိဝိသောဓကအဖွဲ့အား အကူအညီပေးသော ဝေါဟာရစီစဉ်ရေးအဖွဲ့နှင့် မြန်မာပြန်ပဋိဝိသောဓက အဖွဲ့ခေါ် (တဖန်ပြန်လည်ပြင်ဆင်သော) စာပြင်အဖွဲ့ကို အသီးသီးဖွဲ့စည်းစေပြီး၍ တဖန် ပြင်ဆင် တော်မူခဲ့ကြသည်၊ ထိုမြန်မာပြန် ပဋိဝိသောဓက အဖွဲ့ဝင်ဆရာတော်များ သုတ်သင်ပြင်ဆင်ပြီ

http://www.dhammadownload.com



မှုကိုပင် အဆုံးသတ်ပြင်ဆင်သောသဘောဖြင့် ပိဋကတ်တော်မြန်မာပြန် ဩဝါဒနသော‌ဗေျပတ္တ ပါဠ္ဌကအဖွဲ့ကိုလည်း ပါဠိမြန်မာ နှစ်ဘာသာကျွမ်းကျင်၍ ပြင်ဆင်ရေးဘက်က အားထားလောက်သော ဆရာတော်များကို ရွေးကောက်ဖွဲ့စည်းစေပြီးလျှင် အဆုံးသတ် ပြင်ဆင်တော်မူခဲ့ကြသည်။

ထိုသို့ဩဝါဒ အဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့က အဆုံးသတ် ပြင်ဆင်တော်မူကြရာ၌ ကာလရှည်ဝေး၍ ယခုခေတ်သိဘို့ရန် မလွယ်ကူသော ပေါရာဏစကား အသုံးအနှုန်းများကို နည်းနိုင်သမျှ နည်းပါးစေလျက်—

(၁) အသိလွယ်ကူခြင်း,

(၂) အများသုံးဖြစ်ခြင်း,

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း,

တို့ကို အရေးထား၍ စဉ်းစားလက်ခံခဲ့ကြလေသည်။ ဝေါဟာရအသုံးအနှုန်းမှာလည်း မယဉ်ကျေးခြင်း နားမသာ(သုတိမသာ)ခြင်း စကားသိမ်ဖျင်းသေးနုတ်ခြင်းတို့ကို အထူးသတိပြု၍ရှောင်ရှားခဲ့ကြသည်၊ လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်ညွှန်းဘက်ကလည်း ပြည့်စုံလုံလောက်ခြင်းရှိစေရန် (၄)တွင် ဖော်ပြထားသော ရဟန်းပုဂ္ဂိုလ် ၆ ပါး, လူပုဂ္ဂိုလ် ၉ ဦးတို့ပါဝင်သည့် သတ်ပုံသတ်ညွှန်းကော်မီတီ၏ ကူညီမှုကို လက်ခံသုံးသပ်တော် မူခဲ့ကြသည်။

ပိဋကတ်ပါဠိတော်များကို ဆဋ္ဌသံဂါယနာတင်ရန် အဖွဲ့အသီးသီးတို့က အထပ်ထပ်ပြင်ဆင်သည့်နည်းတူ ဤပိဋကတ်တော် မြန်မာပြန်စာမူကိုလည်း ထိုထိုအဖွဲ့အသီးသီးတို့က အထပ်ထပ်အလီလီပြင်ဆင်ပြီးမှသာလျှင် စက်တင်ပုံနှိပ်ခြင်း ပြုလုပ်ကြလေသည်။

ပန်းဝတ်ရည်ကိုစားသုံးကြမည့် ပျားပိတုန်းတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရားဒေသနာတည်းဟူသော ပိဋကတ်တော်အရသာကို မြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓဘာသာ ပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်း မရှိကြသော နိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမျှ တကြိမ်သာပွင့်သော အာသာဝတီနတ်ပန်းကဲ့သို့ရင်း ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ကမ္ဘာသူကမ္ဘာသားတို့၏ အာသာဆန္ဒကို ပြည့်စေသောအားဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာသော နေလနက္ခတ်တာရာတို့ကဲ့သို့ရင်း နိုင်ငံတော်သူနိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့်အာသာဆန္ဒအားလျော်စွာ အကြိမ်ကြိမ်အဖန်ဖန် ကြံစည်ကြိုးကုတ် တည်ထွင်စီရင်ရေးသားပြန်ဆိုသဖြင့် အလွန်ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်းပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာသော ဤပိဋကတ်တော် မြန်မာပြန်တို့ကို လိုလိုချင်ချင် အာသာထန်ပြင်း ကြည့်ရှုမှတ်သားလေ့လာသွားခြင်းဖြင့် ပိဋကတ်တော်အရသာများကို လွယ်လွယ်ကူကူမပင်မပန်းချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်းဖြစ်သော အမတပြည်နိဗ္ဗာန်နန်းသို့ မကြာမတင် တက်လှမ်း နိုင်ကြပါစေကုန်သတည်း။

---

http://www.dhammadownload.com

http://www.dhammadownload.com

# အဖွဲ့အသီးအသီး

## ပိဋကတ်တော် မြန်မာပြန်အဖွဲ့

| | |
|---|---|
| ဆရာကြီးဒေါက်တာဦးလင်း | အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇ္ဇာ စာပေပါရဂူဘွဲ့ရ။ |
| ဆရာဉာဏ် | ဒုတိယအယ်ဒီတာချုပ်(၁) ပရိယတ္တိ သာသနာနုဂ္ဂါဟက ပဌမကျော် ပါဠိပါမောက္ခ မဟာပညာဗလ ဂန္ထကာရက (ဟောင်း)။ |
| ဦးဘမှို | ဒုတိယ အယ်ဒီတာချုပ် (၁) ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ(သစ်)။ |
| ဦးအောင်မိုး | ဒုတိယ အယ်ဒီတာချုပ် (၂) ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့်သာသနဓဇသိရီပဝရဓမ္မာစရိယ(ဟောင်း)။ |
| ဆရာအုပ် | ဒုတိယ အယ်ဒီတာချုပ် (၂) ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ(သစ်)။ |
| ဦးအုန်းရွှေ | အယ်ဒီတာချုပ်များအဖွဲ့၏ အတွင်းရေးမှူး၊ မူလ ဓမ္မာစရိယ(ဂန္ထကာရက)။ |

---

## စာတည်း အယ်ဒီတာများ

| | |
|---|---|
| ဆရာဆိုင် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဏ္ဏကျော်ထင် (ဂန္ထကာရက)။ |
| ဦးထွန်းအောင် | မူလဓမ္မာစရိယ(ဂန္ထကာရက)။ |
| ဦးစိန် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးကြင်မောင် | သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးကျော်ထွတ် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးအေးမောင် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးစံတင် | သာသနဓဇသိရီပဝရဓမ္မာစရိယ။ |

## စာပြုအယ်ဒီတာများ

| | |
|---|---|
| ဦးဗိုလ်မောင် | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |
| ဦးစိုးဝင်း | ဧတဒီယင်္ဂဏပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။ |

http://www.dhammadownload.com



| | |
|---|---|
| ဦးမောင်ကြီး | ပရိယတ္တိသာသနဟိတဓမ္မာစရိယ။ |
| ဦးမြင့်သိန်း | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။ |
| ဦးမျိုးမြင့် | သာသနဓဇသိရိပဝရ ဓမ္မာစရိယ။ |
| ဦးတင်ဦး | မူလဓမ္မာစရိယ။ |
| ဦးဟန်ထွန်း | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရိပဝရဓမ္မာစရိယ။ |
| ဦးအုန်းဖေ | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။ |
| ဦးတင်မြင့် | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။ |
| ဆရာတင် | စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။ |
| ဦးသန်းမောင် | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။ |
| ဦးဖေမြင့် | ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ ဓမ္မာစရိယ။ |
| ဦးတင်ရွှေ | သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။ |
| ဦးစိန်မောင် | စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရိပဝရ ဓမ္မာစရိယ။ |
| ဦးညိုမြ | ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရိပဝရ ဓမ္မာစရိယ။ |
| ဦးဝင်း (၁) | မူလဓမ္မာစရိယ။ |
| ဦးထွန်းကြည် | သာသနဓဇသိရိပဝရဓမ္မာစရိယ။ |

---

## ပိဋကတ်တော် မြန်မာပြန် ဝေါဟာရစိစစ်ရေးအဖွဲ့

ပါဠိတော်များ၌ အတူများ၍ အထပ်ထပ်ပါသော ပါဠိ ဝါကျများကို ပိဋကတ် မြန်မာပြန်ဌာနမှ ထုတ်နုတ်ပေါင်းစု၍ တင်ပြရာ၊ ထိုတင်ပြသည့် ဝါကျ များထည်းမှ ထပုဒ်စီ ထအုပ်စီ၏ မြန်မာပြန်များကို စိစစ်ဆွေးနွေးသည့် ပါဠိမြန်မာဝေါဟာရ အစည်းအဝေးကို ၅၉ ကြိမ်စည်းဝေး ဆွေးနွေးခဲ့ပါသည်။ ထိုပါဠိ မြန်မာဝေါဟာရ အစည်းအဝေးသို့ ကြွရောက် ဆွေးနွေး အကြံဉာဏ် ပေးကြသော ပညာရှင်များမှာ—

၁။ ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ ပဲခူး။

၂။ ဦးချန်ထွန်း သတိုးမဟာသရေစည်သူ တရားဝန်ကြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အဲကျိုးဆောင် စာချီ (၁)။

http://www.dhammadownload.com



၃။ ဆရာဉာဏ် ပါဠိ ပါမောက္ခ မဟာပညာဗလ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက် စာပြင်မှူးချုပ်။
၄။ ဦးဘမို ပိဋကတ်တော် မြန်မာပြန်ဌာန ဒုတိယ အယ်ဒီတာချုပ် (၁)။
၅။ ဆရာအုပ် ပိဋကတ်တော် မြန်မာပြန်ဌာန ဒုတိယ အယ်ဒီတာချုပ် (၂)။
၆။ ဦးဘိုးလတ် ဝိဇ္ဇာ ယဉ်ကျေးမှုဌာန အတွင်းဝန်။
၇။ ဦးအေးမောင် မဟာဝိဇ္ဇာ တက္ကသိုလ် မြန်မာစာ ပါမောက္ခ။
၈။ ဦးဘလေး မဟာဝိဇ္ဇာ တက္ကသိုလ် ပါဠိပါမောက္ခ။
၉။ ဦးသာမြတ် ဝိဇ္ဇာ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးဝန်။
၁၀။ ဦးအုန်းရွှေ ပိဋကတ်တော် မြန်မာပြန်ဌာန အယ်ဒီတာချုပ်များ၏ အတွင်းရေးမှူး။
၁၁။ ဆရာဆိုင် ဝဏ္ဏကျော်ထင် ပိဋကတ်တော် မြန်မာပြန် ဌာန စာတည်း။
၁၂။ ဦးထွန်းအောင် ၎င်း။
၁၃။ ဦးစိန် ၎င်း။
၁၄။ ဦးကြင်မောင် ၎င်း။
၁၅။ ဦးအေးမောင် ၎င်း။
၁၆။ ဦးကျော်ထွတ် ၎င်း။
၁၇။ ဦးစံတင် ၎င်း။

---

## သုတ္တန် မြန်မာပြန် ပဋိဝိသောဓက ဆရာတော်များ

၁။ မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သာသနဒ္ဓဇရိပ်သာ ရန်ကုန်မြို့။
၂။ ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ သာသနဒ္ဓဇရိပ်သာ ပဲခူးမြို့။
၃။ ဆရာတော် ဦးပဏ္ဍိတ မူလမဇ္ဈိမရိယ ရွှေဟင်္သာချောင် စစ်ကိုင်း။
၄။ ဆရာတော် ဦးသုဇာတာလင်္ကာရ ပဋ္ဌာနကျော် သကျသီဟနှင့် အစိုးရဓမ္မာစရိယ ဥယျာဉ်တိုက် ကြည့်မြင်တိုင် ရန်ကုန်မြို့။
၅။ ဆရာတော် ဦးဩဘာသ ၂၈ ဆူကျောင်း သရက်တောတိုက် ရန်ကုန်မြို့။
၆။ ဦးဓမ္မာစာရ ကွေ့မကျောင်း ကွေ့မရွာ။
၇။ အသျှင်တိလောကသာရ ရွှေစာရံကျောင်း ပေါင်းတလည်မြို့၊ ပြည်ခရိုင်။
၈။ ဦးသုဇာတ သာသနရိပ်သာ ရန်ကုန်မြို့။
၉။ ဦးအာစိက္ခဏ သဒ္ဓမ္မသိတဂူကျောင်း။ ပုသိမ်မြို့။
၁၀။ ဦးမေဓာဝီ သာသနမာရ်အောင် ကမာရွတ် ရန်ကုန်မြို့။

http://www.dhammadownload.com



၁၁။ ဆရာတော် ဦးလာဘ မူလဓမ္မာစရိယ စစ်ကိုင်းကျောင်း လှည်းကူးမြို့။
၁၂။ ဦးဘိုးလတ် ဝိဇ္ဇာ ယဉ်ကျေးမှု ဌာန အတွင်းဝန်၊ ရန်ကုန်မြို့။

---

**မြန်မာပြည် ဩဿာနသောဓေယျပဌာပါဠိကအဖွဲ့အား အကူအညီပေးသော သတ်ပုံသတ်ညွှန်း ကော်မီတီအဖွဲ့**

၁။ မုံရွေးဆရာတော်ဦးဥတ္တမဗုဒ္ဓိ မူလဓမ္မာစရိယ ဝိနည်းမြန်မာပြန်ပဋိဝိသောဓကအဖွဲ့ဝင် မုံရွေး။
၂။ ဆရာတော် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယ် မြန်မာပြန် ပဋိဝိသောဓကအဖွဲ့ဝင် ပဲခူးမြို့။
၃။ ဦးဝိသုဒ္ဓ အဂ္ဂမဟာပဏ္ဍိတ ပဌမကျော် သကျသီဟဓမ္မာစရိယ ဝိဇ္ဇာလင်္ကာရဆရာတော် ဝန်ဆောင်သံဃအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့။
၄။ ဦးဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော် သကျသီဟ မူလဓမ္မာစရိယ ပါဠိကျောင်း မစိုးရိမ်တိုက် မန္တလေးမြို့။
၅။ ဦးဓမ္မာနန္ဒ မူလဓမ္မာစရိယ ဝန်ဆောင်သံဃအဖွဲ့ဝင်ဆရာတော် မြောင်းမြကျောင်း ပုသိမ်မြို့။
၆။ ဦးသုဇာတာလင်္ကာရ မြန်မာပြန်ဩဿာနသောဓေယျအဖွဲ့တာဝန်ခံ ပဌမကျော် သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယဆရာတော် ဥယျာဉ်တိုက် ကြည့်မြင်တိုင် ရန်ကုန်မြို့။
၇။ ဦးချန်ထွန်း သတိုးမဟာသရေစည်သူ နိုင်ငံတော်တရားဝန်ကြီး။
၈။ ဦးလှဖေဝင်း မဟာဝိဇ္ဇာ သီရိပျံချီ ကမ္ဘည်းကျောက်စာဝန်။
၉။ ဦးအေးမောင် မဟာဝိဇ္ဇာ သီရိပျံချီ မြန်မာစာပါမောက္ခ တက္ကသိုလ်၊ ရန်ကုန်မြို့။
၁၀။ ဦးသာမြတ် ဝိဇ္ဇာ သီရိပျံချီ ယဉ်ကျေးမှုညွှန်ကြားရေးဝန်။
၁၁။ ဦးဝန် မဟာဝိဇ္ဇာ ဝဏ္ဏကျော်ထင် စာတည်းမှူး ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တက္ကသိုလ် ရန်ကုန်မြို့။
၁၂။ ဦးသိန်းဟန် မဟာဝိဇ္ဇာ ပိဋကတ်တိုက်မှူး တက္ကသိုလ် ရန်ကုန်မြို့။
၁၃။ ဦးဘိုးလတ် ဝိဇ္ဇာ ယဉ်ကျေးမှုအတွင်းဝန်ဟောင်း။
၁၄။ ဦးသာတင် ဝဏ္ဏကျော်ထင် သာသနာ့ရောင်ခြည် အယ်ဒီတာ။
၁၅။ ဦးဘသန်း ဝဏ္ဏကျော်ထင် (အကျိုးဆောင်) ပရိယတ္တိသာသနာနုဂ္ဂဟကာဒရီ အမျိုးသား ပဌမကျော် မူလဓမ္မာစရိယ အထက်တန်း မြန်မာဘာသာနှင့် ပါဠိဆရာဟောင်း ဒုတိယ စာပြင်မှူးချုပ် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ဌာန။

http://www.dhammadownload.com



ပိဋကတ်တော်မြန်မာပြန် ဩဿာနသောဓေယျပတ္တပါဠိက အဖွဲ့ဝင်ဆရာတော်များ

၁။ ဦးဓမ္မာနန္ဒ မူလဓမ္မာစရိယ ဝန်ဆောင်သုံးအဖွဲ့ဝင်ဆရာတော် မြောင်းမြကျောင်းတိုက် ပုသိမ်မြို့။

၂။ ဦးဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော် သကျသီဟ မူလဓမ္မာစရိယ ပါဠိကျောင်း မစိုးရိမ်တိုက် မန္တလေးမြို့။

၃။ ဦးသုဇာတာလင်္ကာရ ပဌမကျော် သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ ဥယျာဉ်တိုက် ကြည့်မြင်တိုင် ရန်ကုန်မြို့။

(ထိုအဖွဲ့တွင် ဦးသုဇာတာလင်္ကာရ ဆရာတော်က အဖွဲ့၏တာဝန်ခံအဖြစ်ဖြင့် ဆောင်ရွက်၍ ပဌမကျော်ထင် ဦးဘသန်း ဒုတိယစာပြင်မှူးချုပ်က အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်သည်)။

http://www.dhammadownload.com

http://www.dhammadownload.com



## မူလပဏ္ဏာသပါဠိတော်မြန်မာပြန်

# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁-မူလပရိယာယဝဂ်** | |
| ၁-မူလပရိယာယသုတ် | .... .... .... .... .... .... | ၁ |
| ၂-သဗ္ဗာသဝသုတ် | .... .... .... .... .... .... | ၁၀ |
| ၃-ဓမ္မဒါယာဒသုတ် | .... .... .... .... .... .... | ၁၆ |
| ၄-ဘယဘေရဝသုတ် | .... .... .... .... .... .... | ၂၂ |
| ၅-အနင်္ဂဏသုတ် | .... .... .... .... .... .... | ၃၃ |
| ၆-အာကင်္ခေယျသုတ် | .... .... .... .... .... .... | ၄၃ |
| ၇-ဝတ္ထသုတ်.... | .... .... .... .... .... .... | ၄၇ |
| ၈-သလ္လေခသုတ် | .... .... .... .... .... .... | ၅၃ |
| ၉-သမ္မာဒိဋ္ဌိသုတ် | .... .... .... .... .... .... | ၆၁ |
| ၁၀-မဟာသတိပဋ္ဌာနသုတ် | .... .... .... .... .... | ၇၆ |
| | **၂-သီဟနာဒဝဂ်** | |
| ၁-စူဠသီဟနာဒသုတ် | .... .... .... .... .... .... | ၉၉ |
| ၂-မဟာသီဟနာဒသုတ်.... | .... .... .... .... .... | ၁၀၅ |
| ၃-မဟာဒုက္ခက္ခန္ဓသုတ် | .... .... .... .... .... .... | ၁၂၄ |
| ၄-စူဠဒုက္ခက္ခန္ဓသုတ် | .... .... .... .... .... .... | ၁၃၃ |
| ၅-အနုမာနသုတ် | .... .... .... .... .... .... | ၁၃၉ |
| ၆-စေတောခိလသုတ် | .... .... .... .... .... .... | ၁၅၀ |
| ၇-ဝနပတ္ထသုတ် | .... .... .... .... .... .... | ၁၅၄ |
| ၈-မဓုပိဏ္ဍိကသုတ် | .... .... .... .... .... .... | ၁၅၈ |
| ၉-ဒွေဓာဝိတက္ကသုတ် | .... .... .... .... .... .... | ၁၆၅ |
| ၁၀-ဝိတက္ကသဏ္ဌာနသုတ် .... | .... .... .... .... .... | ၁၇၁ |
| | **၃-ဩပမ္မဝဂ်** | |
| ၁-ကကစူပမသုတ် | .... .... .... .... .... .... | ၁၇၇ |
| ၂-အလဂဒ္ဒူပမသုတ် | .... .... .... .... .... .... | ၁၈၅ |
| ၃-ဝမ္မိကသုတ် | .... .... .... .... .... .... | ၂၀၀ |

http://www.dhammadownload.com



## မူလပဏ္ဏာသပါဠိတော် မြန်မာ

ဦးရေ　　　　အကြောင်းအရာ

### ၃-ဩပမ္မဝဂ်


၄-ရထဝိနီတသုတ် .... ၂၀၄
၅-နိဝါပသုတ် .... ၂၁၂
၆-ပါသရာသိသုတ် .... ၂၂၂
၇-စူဠဟတ္ထိပဒေါပမသုတ် .... ၂၄၀
၈-မဟာဟတ္ထိပဒေါပမသုတ် .... ၂၅၀
၉-မဟာသာရောပမသုတ် .... ၂၅၉
၁၀-စူဠသာရောပမသုတ် .... ၂၆၆


### ၄-မဟာယမကဝဂ်


၁-စူဠဂေါသိင်္ဂသုတ် .... ၂၇၄
၂-မဟာဂေါသိင်္ဂသုတ် .... ၂၈၀
၃-မဟာဂေါပါလကသုတ် .... ၂၈၈
၄-စူဠဂေါပါလကသုတ် .... ၂၉၄
၅-စူဠသစ္စကသုတ် .... ၂၉၇
၆-မဟာသစ္စကသုတ် .... ၃၁၈
၇-စူဠတဏှာသင်္ခယသုတ် .... ၃၂၅
၈-မဟာတဏှာသင်္ခယသုတ် .... ၃၃၀
၉-မဟာအဿပုရသုတ် .... ၃၄၉
၁၀-စူဠအဿပုရသုတ် .... ၃၆၀


### ၅-စူဠယမကဝဂ်


၁-သာလေယျကသုတ် .... ၃၆၅
၂-ဝေရဥ္စကသုတ် .... ၃၇၁
၃-မဟာဝေဒလ္လသုတ် .... ၃၇၆
၄-စူဠဝေဒလ္လသုတ် .... ၃၈၅
၅-စူဠဓမ္မသမာဒါနသုတ် .... ၃၉၂
၆-မဟာဓမ္မသမာဒါနသုတ် .... ၃၉၇
၇-ဝီမံသကသုတ် .... ၄၀၅
၈-ကောသမ္ဗိယသုတ် .... ၄၀၉
၉-ဗြဟ္မနိမန္တနိကသုတ် .... ၄၁၄
၁၀-မာရတဇ္ဇနီယသုတ် .... ၄၂၁


မူလပဏ္ဏာသ ပါဠိတော်မြန်မာပြန်

မာတိကာပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင်· ၎င်းအတွင်းရှိ ပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ပြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြု လုပ်ရန်(ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်း အစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# မဇ္ဈိမနိကာယ်

# မူလပဏ္ဏာသပါဠိတော်

# မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-မူလပရိယာယဝဂ်

### ၁-မူလပရိယာယသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဥက္ကဋ္ဌမြို့[၁] သုဘဂတောအုပ်[၂] တောစိုးသစ်ပင်ရင်း၌ နေတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

"ရဟန်းတို့ တရားအားလုံးတို့၏ အကြောင်းရင်းဒေသနာ 'သဗ္ဗဓမ္မမူလပရိယာယသုတ်' ကို သင်တို့အား ဟောကြားပေအံ့၊ ထိုဒေသနာကို နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့"ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောကြားတော်မူ၏။

၂။ ရဟန်းတို့ ဤလောက၌ အရိယာကို ဖူးမြင်လေ့မရှိ အရိယာတရား၌ မလိမ္မာ အရိယာတရား၌ ယဉ်ကျေးမှု 'ဝိနည်း' မရှိသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိ သူတော်ကောင်း

---

၁။ ဥက္ကဋ္ဌ၊ ဥက္ကာ ဋ္ဌ၊ ဥက္ကာ = မီးရှူး မီးတိုင်၊ ဋ္ဌ = စိုက်ထောင်သည်၊ ဥက္ကဋ္ဌ = မီးရှူး မီးတိုင်ကို စိုက်ထောင်၍ တည်သောမြို့၊ နက္ခတ်ကောင်းကြုံကြိုက်သည့် ညဥ့်မိုးမလင်းမီ အချိန် မလွန်ရန် မီးထွန်းလျက် အဆောတလျင် တည၍ ထွင်းချင်း ပြီးစီးအောင် တည်ထောင်သောမြို့။

၂။ သုဘဂ၊ သု = ကောင်းမြတ်သော၊ ဘဂ = ကြက်သရေ မင်္ဂလာ၊ သုဘဂ = ကောင်းမြတ်သော ကြက်သရေမင်္ဂလာရှိသည့် တောအုပ်။

http://www.dhammadownload.com



တရား၌ မလိမ္မာ သူတော်ကောင်းတရား၌ ယဉ်ကျေးမှု 'ဝိနည်း' မရှိသော အကြားအမြင် မရှိသူ ပုထုဇဉ်သည်—

မြေကို မြေဟု မှတ်၏၊ မြေကို မြေဟု မှတ်၍ မြေကို ကြံ၏၊ မြေ၌ ကြံ၏၊ မြေမှ ကြံ၏၊ မြေကို ငါ့(ဟာ)ဟု ကြံ၏၊ မြေကို ရွှေးရှူ နှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း ဟူမူ ထိုသူသည် (ထိုမြေကို) ပိုင်းခြား၍ မသိသောကြောင့်တည်း ဟု (ငါဘုရား) ဆို၏။

ရေကို ရေဟု မှတ်၏၊ ရေကို ရေဟု မှတ်၍ ရေကို ကြံ၏၊ ရေ၌ ကြံ၏၊ ရေမှ ကြံ၏၊ ရေကို ငါ့(ဟာ)ဟု ကြံ၏၊ ရေကို ရွှေးရှူ နှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း ဟူမူ ထိုသူသည် (ထိုရေကို) ပိုင်းခြား၍ မသိသောကြောင့်တည်း ဟု (ငါဘုရား) ဆို၏။

မီးကို မီးဟု မှတ်၏၊ မီးကို မီးဟုမှတ်၍ မီးကိုကြံ၏၊ မီး၌ ကြံ၏၊ မီးမှ ကြံ၏၊ မီးကို ငါ့ (ဟာ)ဟု ကြံ၏၊မီးကိုရွှေးရှူနှစ်သက်၏။ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုမီးကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

လေကို လေဟုမှတ်၏၊ လေကို လေဟုမှတ်၍ လေကိုကြံ၏၊ လေ၌ကြံ၏၊ လေမှကြံ၏၊ လေကို ငါ့(ဟာ)ဟုကြံ၏၊ လေကို ရွှေးရှူ နှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုလေကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

၃။ သတ္တဝါတို့ကို သတ္တဝါတို့ဟုမှတ်၏၊ သတ္တဝါတို့ကို သတ္တဝါတို့ဟု မှတ်၍ သတ္တဝါတို့ကို ကြံ၏၊ သတ္တဝါတို့၌ကြံ၏၊ သတ္တဝါတို့မှကြံ၏၊ သတ္တဝါတို့ကို ငါ့ (ဟာ)ဟုကြံ၏၊ သတ္တဝါတို့ကို ရွှေးရှူ နှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထို သတ္တဝါတို့ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

နတ်တို့ကို နတ်တို့ဟုမှတ်၏၊ နတ်တို့ကို နတ်တို့ဟုမှတ်၍ နတ်တို့ကို ကြံ၏၊ နတ်တို့၌ကြံ၏၊ နတ်တို့မှကြံ၏၊ နက်တို့ကို ငါ့(ဟာ)ဟု ကြံ၏၊ နတ်တို့ကို ရွှေးရှူနှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုနတ်တို့ကို) ပိုင်းခြား၍ မသိသောကြောင့် တည်းဟု (ငါဘုရား) ဆို၏။

မာရ်နတ်ကို မာရ်နတ်ဟုမှတ်၏၊ မာရ်နတ်ကို မာရ်နတ်ဟုမှတ်၍ မာရ်နတ်ကိုကြံ၏၊ မာရ်နတ်၌ ကြံ၏၊ မာရ်နတ်မှကြံ၏၊ မာရ်နတ်ကို ငါ့ (ဟာ) ဟုကြံ၏၊ မာရ်နတ်ကို ရွှေးရှူနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုမာရ်နတ်ကို)ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

ဗြဟ္မာကို ဗြဟ္မာဟုမှတ်၏၊ ဗြဟ္မာကို ဗြဟ္မာဟုမှတ်၍ ဗြဟ္မာကို ကြံ၏၊ ဗြဟ္မာ၌ကြံ၏၊ ဗြဟ္မာမှ ကြံ၏၊ ဗြဟ္မာကိုငါ့(ဟာ) ဟုကြံ၏၊ ဗြဟ္မာကိုရွှေးရှူနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုဗြဟ္မာကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

အာဘဿရဗြဟ္မာတို့ကို အာဘဿရဗြဟ္မာတို့ဟုမှတ်၏၊ အာဘဿရဗြဟ္မာတို့ကို အာဘဿရ ဗြဟ္မာတို့ဟု မှတ်၍ အာဘဿရဗြဟ္မာတို့ကို ကြံ၏၊ အာဘဿရဗြဟ္မာတို့၌ ကြံ၏၊ အာဘဿရဗြဟ္မာ

http://www.dhammadownload.com



တို့မှ ကြံ၏၊ အာဘဿရဗြဟ္မာတို့ကို ငါ့(ဟာ)ဟု ကြံ၏၊ အာဘဿရဗြဟ္မာတို့ကို ရွေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုအာဘဿရဗြဟ္မာတို့ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

သုဘကိဏှဗြဟ္မာတို့ကို သုဘကိဏှဗြဟ္မာတို့ဟုမှတ်၏၊ သုဘကိဏှဗြဟ္မာတို့ကို သုဘကိဏှဗြဟ္မာတို့ဟုမှတ်၍ သုဘကိဏှဗြဟ္မာတို့ကို ကြံ၏၊ သုဘကိဏှဗြဟ္မာတို့၌ကြံ၏၊ သုဘကိဏှဗြဟ္မာတို့မှကြံ၏၊ သုဘကိဏှဗြဟ္မာတို့ကို ငါ့(ဟာ)ဟု ကြံ၏၊ သုဘကိဏှဗြဟ္မာတို့ကို ရွေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုသုဘကိဏှဗြဟ္မာတို့ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို ဝေဟပ္ဖိုလ်ဗြဟ္မာတို့ဟုမှတ်၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို ဝေဟပ္ဖိုလ်ဗြဟ္မာတို့ဟု မှတ်၍ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကိုကြံ၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့၌ ကြံ၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့မှကြံ၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို ငါ့(ဟာ)ဟုကြံ၏၊ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို ရွေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

အဘိဘူဗြဟ္မာကို *အဘိဘူဗြဟ္မာဟုမှတ်၏၊ အဘိဘူဗြဟ္မာကို အဘိဘူဗြဟ္မာဟုမှတ်၍ အဘိဘူဗြဟ္မာကို ကြံ၏၊ အဘိဘူဗြဟ္မာ၌ ကြံ၏၊ အဘိဘူဗြဟ္မာမှ ကြံ၏၊ အဘိဘူဗြဟ္မာကို ငါ့ (ဟာ) ဟု ကြံ၏၊ အဘိဘူဗြဟ္မာကို ရွေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုအဘိဘူဗြဟ္မာကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

၄။ အာကာသာနဉ္စာယတနဗြဟ္မာကို အာကာသာနဉ္စာယတနဗြဟ္မာဟုမှတ်၏၊ အာကာသာနဉ္စာယတနဗြဟ္မာကို အာကာသာနဉ္စာယတနဗြဟ္မာဟု မှတ်၍ အာကာသာနဉ္စာယတနဗြဟ္မာကို ကြံ၏၊ အာကာသာနဉ္စာယတနဗြဟ္မာ၌ ကြံ၏၊ အာကာသာနဉ္စာယတနဗြဟ္မာမှကြံ၏၊ အာကာသာနဉ္စာယတနဗြဟ္မာကို ငါ့ (ဟာ) ဟု ကြံ၏၊ အာကာသာနဉ္စာယတနဗြဟ္မာကို ရွေးရှုနှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုအာကာသာနဉ္စာယတနဗြဟ္မာကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

ဝိညာဏဉ္စာယတနဗြဟ္မာကို ဝိညာဏဉ္စာယတနဗြဟ္မာဟု မှတ်၏၊ ဝိညာဏဉ္စာယတန ဗြဟ္မာကို ဝိညာဏဉ္စာယတနဗြဟ္မာဟုမှတ်၍ ဝိညာဏဉ္စာယတနဗြဟ္မာကိုကြံ၏၊ ဝိညာဏဉ္စာယတနဗြဟ္မာ၌ ကြံ၏၊ ဝိညာဏဉ္စာယတနဗြဟ္မာမှကြံ၏၊ ဝိညာဏဉ္စာယတနဗြဟ္မာကို ငါ့(ဟာ)ဟု ကြံ၏၊ ဝိညာဏဉ္စာယတနဗြဟ္မာကို ရွေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုဝိညာဏဉ္စာယတနဗြဟ္မာကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

---

* အဘိဘူ = နာမ်ခန္ဓာလေးပါးကို နှိပ်နင်း လွှမ်းမိုးပြီးသောဗြဟ္မာ၊ အသညသတ်ဘုံ၌ အသညသတ်ဗြဟ္မာတို့သည် ဆင်းရဲဒုက္ခရှိခြင်းကား သိမှတ်တတ်သော နာမ်တရားကြောင့်သာ ဖြစ်ရသည်၊ နာမ်တရားမရှိလျှင် သိမှတ်ခြင်းသဘောမရှိသဖြင့် ဆင်းရဲဒုက္ခရှိမည်မဟုတ်ဟု နှလုံးသွင်း၍ ဈာန်သမာပတ်ကို ပွါးများနေထိုင်သဖြင့် ထိုဘုံ၌ဖြစ်လာကြရသည်၊ ထို့ကြောင့် ထိုဗြဟ္မာတို့မှာ အသိနာမ်ဝိညာဉ်မရှိ၊ ရုပ်သက်သက်ဖြင့်သာ ကမ္ဘာငါးရာပတ်လုံး တည်နေရသည်၊ ထိုအသညသတ်ဗြဟ္မာကို အဘိဘူဗြဟ္မာခေါ်သည်။

http://www.dhammadownload.com



အာကိဉ္စညာယတနပြဟ္မာကို အာကိဉ္စညာယတန ပြဟ္မာ ဟု မှတ်၏၊ အာကိဉ္စညာယတန ပြဟ္မာကို အာကိဉ္စညာယတနပြဟ္မာ ဟု မှတ်၍ အာကိဉ္စညာယတန ပြဟ္မာကို ကြံ၏၊ အာကိဉ္စညာယတနပြဟ္မာ၌ ကြံ၏၊ အာကိဉ္စညာယတနပြဟ္မာမှကြံ၏၊ အာကိဉ္စညာယတနပြဟ္မာကို ငါ့ (ဟာ)ဟုကြံ၏၊အာကိဉ္စညာယတနပြဟ္မာကိုရှေးရှုနှစ်သက်၏။ထိုသို့ဖြစ်ခြင်းသည်အဘယ် အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုအာကိဉ္စညာယတနပြဟ္မာကို) ပိုင်းခြား၍မသိသော ကြောင့်တည်းဟု (ငါဘုရား)ဆို၏။

နေဝသညာနာသညာယတနပြဟ္မာကို နေဝသညာနာသညာယတနပြဟ္မာဟု မှတ်၏၊ နေဝ သညာနာသညာယတနပြဟ္မာကို နေဝသညာနာသညာယတန ပြဟ္မာဟု မှတ်၍ နေဝသညာ နာသညာယတနပြဟ္မာကို ကြံ၏။ နေဝသညာနာသညာယတန ပြဟ္မာ၌ ကြံ၏၊ နေဝသညာ နာသညာယတနပြဟ္မာမှကြံ၏၊နေဝသညာနာသညာယတနပြဟ္မာကိုငါ့(ဟာ)ဟုကြံ၏၊ နေဝသညာ နာသညာယတနပြဟ္မာကို ရှေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုနေဝသညာ နာသညာယဘန ပြဟ္မာကို) ပိုင်းခြား၍မသိသောကြောင့် တည်းဟု (ငါဘုရား) ဆို၏။

၅။ မြင်အပ်သောအဆင်းကို မြင်အပ်သောအဆင်းဟု မှတ်၏၊ မြင်အပ်သောအဆင်းကို မြင် အပ်သောအဆင်းဟု မှတ်၍ မြင်အပ်သောအဆင်းကိုကြံ၏၊ မြင်အပ်သောအဆင်း၌ကြံ၏၊ မြင် အပ်သောအဆင်းမှကြံ၏၊ မြင်အပ်သောအဆင်းကို ငါ့ (ဟာ) ဟု ကြံ၏၊ မြင်အပ်သောအဆင်း ကို ရှေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုမြင်အပ်သောအဆင်းကို)ပိုင်းခြား၍မသိသောကြောင့်တည်း ဟု (ငါဘုရား) ဆို၏။

ကြားအပ်သောအသံကို ကြားအပ်သောအသံဟု မှတ်၏၊ ကြားအပ်သောအသံကို ကြားအပ် သောအသံဟုမှတ်၍ ကြားအပ်သောအသံကို ကြံ၏၊ ကြားအပ်သောအသံ၌ကြံ၏၊ ကြားအပ် သော အသံမှ ကြံ၏၊ ကြားအပ်သောအသံကို ငါ့(ဟာ) ဟုကြံ၏၊ ကြားအပ်သောအသံကိုရှေးရှု နှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည်(ထိုကြားအပ် သောအသံကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

တွေ့ထိအပ်သောအနံ့ အရသာ အတွေ့အထိကို တွေ့ထိအပ်သောအနံ့ အရသာ အတွေ့အထိဟု မှတ်၏၊ တွေ့ထိအပ်သောအနံ့ အရသာ အတွေ့အထိကို တွေ့ထိအပ်သောအနံ့ အရသာ အတွေ့ အထိဟု မှတ်၍ တွေ့ထိအပ်သောအနံ့ အရသာအတွေ့အထိကို ကြံ၏၊ တွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိ၌ ကြံ၏၊ တွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိမှကြံ၏၊ တွေ့ထိ အပ်သော အနံ့ အရသာ အတွေ့အထိကို ငါ့ (ဟာ) ဟုကြံ၏၊ တွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိကို ရှေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုတွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိကို) ပိုင်းခြား၍ မသိသောကြောင့် တည်းဟု (ငါဘုရား)ဆို၏။

အထူးသိအပ်သောအာရုံကို အထူးသိအပ်သောအာရုံဟုမှတ်၏၊ အထူးသိအပ်သောအာရုံကို အထူးသိအပ်သောအာရုံဟုမှတ်၍ အထူးသိအပ်သော အာရုံကိုကြံ၏၊ အထူးသိအပ်သော အာရုံ၌ကြံ၏၊ အထူးသိအပ်သော အာရုံမှကြံ၏၊အထူးသိအပ်သော အာရုံကို ငါ့(ဟာ)ဟုကြံ၏၊ အထူးသိအပ်သော အာရုံကို ရှေးရှုနှစ်သက်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်

http://www.dhammadownload.com



နည်းဟူမူ ထိုသူသည် (ထိုအထူး သိအပ်သောအာရုံကို) ပိုင်းခြား၍မသိသောကြောင့် တည်းဟု (ငါဘုရား)ဆို၏။

၆။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်) ဟု မှတ်၏၊ တခုတည်းဖြစ်ခြင်း(ဈာန်သမာပတ်စိတ်)ကို တခုတည်းဖြစ်ခြင်း(ဈာန်သမာပတ်စိတ်) ဟု မှတ်၍ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို ကြံ၏၊ တခုတည်း ဖြစ်ခြင်း (ဈာန် သမာပတ်စိတ်)၌ ကြံ၏၊ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်) မှကြံ၏၊ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို ငါ့(ဟာ)ဟု ကြံ၏၊တခုတည်းဖြစ်ခြင်း(ဈာန်သမာပတ်စိတ်)ကို ရွှေးရှူ နှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည်(ထိုတခုတည်း ဖြစ်ခြင်း 'ဈာန်သမာပတ်စိတ်'ကို) ပိုင်းခြား၍မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

အထူးထူးဖြစ်ခြင်း(ကာမစိတ်)ကို အထူးထူးဖြစ်ခြင်း (ကာမစိတ်)ဟု မှတ်၏၊ အထူးထူးဖြစ် ခြင်း(ကာမစိတ်)ကို အထူးထူးဖြစ်ခြင်း(ကာမစိတ်)ဟု မှတ်၍ အထူးထူးဖြစ်ခြင်း(ကာမစိတ်)ကို ကြံ၏၊ အထူးထူးဖြစ်ခြင်း (ကာမစိတ်)၌ကြံ၏၊အထူးထူးဖြစ်ခြင်း(ကာမစိတ်)မှကြံ၏၊ အထူးထူး ဖြစ်ခြင်း(ကာမစိတ်)ကို ငါ့(ဟာ)ဟုကြံ၏၊အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို ရွှေးရှူနှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုအထူးထူး ဖြစ်ခြင်း 'ကာမစိတ်'ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား)ဆို၏။

အလုံးစုံကို အလုံးစုံဟုမှတ်၏၊ အလုံးစုံကို အလုံးစုံဟုမှတ်၍ အလုံးစုံကိုကြံ၏၊ အလုံးစုံ၌ကြံ၏၊ အလုံးစုံမှကြံ၏၊ အလုံးစုံကို ငါ့ (ဟာ)ဟုကြံ၏၊ အလုံးစုံကို ရွှေးရှူနှစ်သက်၏။ ထိုသို့ဖြစ်ခြင်း သည် အဘယ်အကြောင်းကြောင့် နည်းဟူမူ ထိုသူသည် (ထိုအလုံးစုံကို) ပိုင်းခြား၍ မသိသေ ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

နိဗ္ဗာန်ကို နိဗ္ဗာန်ဟုမှတ်၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟုမှတ်၍နိဗ္ဗာန်ကိုကြံ၏၊ နိဗ္ဗာန်၌ကြံ၏၊ နိဗ္ဗာန်မှ ကြံ၏၊ နိဗ္ဗာန်ကို ငါ့(ဟာ)ဟု ကြံ၏၊ နိဗ္ဗာန်ကို ရွှေးရှူနှစ်သက်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုနိဗ္ဗာန်ကို) ပိုင်းခြား၍ မသိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ပုထုဇဉ်၏အစွမ်းအားဖြင့် ပဌမနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၇။ ရဟန်းတို့ အတုမဲ့သော ယောဂလေးပါးတို့၏ ကုန်ရာ အရဟတ္တဖိုလ်ကို တောင့်တနေ သော အရဟတ္တဖိုလ်သို့ မရောက်သေးသော သေက္ခရဟန်းသည်လည်း—

မြေကို မြေဟုအထူးသိ၏၊ မြေကို မြေဟုအထူးသိ၍ မြေကိုမကြံရာ၊ မြေ၌မကြံရာ၊ မြေမှမကြံ ရာ၊ မြေကို ငါ့(ဟာ)ဟု မကြံရာ၊ မြေကိုရွှေးရှူမနှစ်သက်ရာ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုမြေကို) ပိုင်းခြား၍ သိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။ မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ဗြဟ္မာကို။ အာဘဿရ ဗြဟ္မာတို့ကို။ သုဘကိဏှဗြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို။ အဘိဘူဗြဟ္မာကို။ အာကာသာ

http://www.dhammadownload.com



နဉ္စာယတနဗြဟ္မာကို။ ဝိညာဏဉ္စာယတနဗြဟ္မာကို။ အာကိဉ္စညာယတနဗြဟ္မာကို။ နေဝသညာနာသညာယတနဗြဟ္မာကို။ မြင်အပ်သော အဆင်းကို။ ကြားအပ်သော အသံကို။ တွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိကို။ အထူးသိအပ်သော အာရုံကို။တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်) ကို။ အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကို မကြံရာ၊ နိဗ္ဗာန်၌ မကြံရာ၊ နိဗ္ဗာန်မှ မကြံရာ၊ နိဗ္ဗာန်ကို ငါ့ (ဟာ) ဟု မကြံရာ၊ နိဗ္ဗာန်ကို ရွေးရှုမနှစ်သက်ရာ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုနိဗ္ဗာန်ကို) ပိုင်းခြား၍ သိသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

သေက္ခပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဒုတိယနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၈။ ရဟန်းတို့ အာသဝေါကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကို ချထားပြီးသော (အရဟတ္တဖိုလ်ဟူသော) ကိုယ်ကျိုး ကိုယ်စီးပွါးကို ရပြီးသော ဘဝသံယောဇဉ်အားလုံး ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာရဟန်းသည်လည်း—

မြေကို မြေဟု အထူးသိ၏၊ မြေကို မြေဟု အထူးသိ၍ မြေကို မကြံ၊ မြေ၌ မကြံ၊ မြေမှ မကြံ၊ မြေကို ငါ့ (ဟာ) ဟု မကြံ၊ မြေကို ရွေးရှုမနှစ်သက်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ ထိုသူသည် (ထိုမြေကို) ပိုင်းခြား၍ သိပြီးသောကြောင့်တည်း ဟု (ငါဘုရား) ဆို၏။

ရေကို။ပ။ မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ဗြဟ္မာကို။ အာဘဿရဗြဟ္မာတို့ကို။ သုဘကိဏှဗြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို။ အဘိဘူဗြဟ္မာကို။ အာကာသာနဉ္စာယတနဗြဟ္မာကို။ ဝိညာဏဉ္စာယတနဗြဟ္မာကို။အာကိဉ္စညာယတနဗြဟ္မာကို။ နေဝသညာနာသညာယတနဗြဟ္မာကို။ မြင်အပ်သော အဆင်းကို။ကြားအပ်သော အသံကို။တွေ့ထိအပ်သော အနံ့ အရသာ အတွေ့အထိကို။ အထူးသိအပ်သော အာရုံကို။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်) ကို။ အထူးထူးဖြစ်ခြင်း(ကာမစိတ်ကို)။အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကို မကြံ၊ နိဗ္ဗာန်၌မကြံ၊ နိဗ္ဗာန်မှမကြံ၊ နိဗ္ဗာန်ကို ငါ့ (ဟာ) ဟု မကြံ၊ နိဗ္ဗာန်ကို ရွေးရှုမနှစ်သက်။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း ဟူမူ ထိုသူသည် (ထိုနိဗ္ဗာန်ကို)ပိုင်းခြား၍သိပြီးဖြစ်သောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရဟန္တာ၏ အစွမ်းအားဖြင့် တတိယနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၉။ ရဟန်းတို့ အာသဝေါ ကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော (အရဟတ္တဖိုလ် ဟူသော) ကိုယ်ကျိုး ကိုယ်စီးပွါးကို

http://www.dhammadownload.com



ရပြီးသော ဘဝသံယောဇဉ် အားလုံး ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာ ရဟန်းသည်လည်း—

မြေကို မြေဟု အထူးသိ၏၊ မြေကို မြေဟု အထူးသိ၍ မြေကို မကြံ၊ မြေ၌မကြံ၊ မြေမှမကြံ၊ မြေကို ငါ့ (ဟာ) ဟု မကြံ၊မြေကို ရှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း ဟူမူ တပ်စွန်းမှုကုန်သောအားဖြင့် တပ်စွန်းမှုကင်းသည့် အဖြစ်ကြောင့် တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။ မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ပြဟ္မာကို။ အာဘဿရ ပြဟ္မာတို့ကို။ သုဘကိဏှပြဟ္မာတို့ကို။ ဝေဟပ္ဖိုလ် ပြဟ္မာတို့ကို။ အဘိဘူပြဟ္မာကို။ အာကာသာနဉ္စာယတနပြဟ္မာကို။ ဝိညာဏဉ္စာယတနပြဟ္မာကို။ အာကိဉ္စညာယတန ပြဟ္မာကို။ နေဝသညာနာသညာယတန ပြဟ္မာကို။ မြင်အပ်သောအဆင်းကို။ ကြားအပ်သောအသံကို။ တွေ့ထိအပ်သော အနံ့ အရသာအတွေ့အထိကို။ အထူးသိအပ်သောအာရုံကို။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို။ အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကို မကြံ၊ နိဗ္ဗာန်၌ မကြံ၊ နိဗ္ဗာန်မှ မကြံ၊ နိဗ္ဗာန်ကို ငါ့ (ဟာ)ဟုမကြံ၊ နိဗ္ဗာန်ကို ရှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း ဟူမူ တပ်စွန်းမှုကုန်သောအားဖြင့် တပ်စွန်းမှုကင်းသည့် အဖြစ်ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရဟန္တာ၏ အစွမ်းအားဖြင့် စတုတ္ထနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၁၀။ ရဟန်းတို့ အာသဝေါကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော (အရဟတ္တဖိုလ်ဟူသော) ကိုယ်ကျိုး ကိုယ်စီးပွါးကို ရပြီးသော ဘဝသံယောဇဉ်အားလုံး ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာ ရဟန်းသည်လည်း—

မြေကို မြေဟု အထူးသိ၏၊ မြေကိုမြေဟု အထူးသိ၍ မြေကိုမကြံ၊ မြေ၌မကြံ၊ မြေမှမကြံ၊ မြေကို ငါ့ (ဟာ) ဟု မကြံ၊ မြေကို ရှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ အမျက်ထွက်မှုကုန်သောအားဖြင့် အမျက်ထွက်မှုကင်းသည့်အဖြစ်ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ပြဟ္မာကို။ အာဘဿရ ပြဟ္မာတို့ကို။ သုဘကိဏှပြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ပြဟ္မာတို့ကို။ အဘိဘူပြဟ္မာကို။ အာကာသာနဉ္စာယတနပြဟ္မာကို။ ဝိညာဏဉ္စာယတနပြဟ္မာကို။ အာကိဉ္စညာယတနပြဟ္မာကို။ နေဝသညာနာသညာယတနပြဟ္မာကို။ မြင်အပ်သောအဆင်းကို။ ကြားအပ်သောအသံကို။ တွေ့ထိအပ်သော အနံ့ အရသာအတွေ့အထိကို။ အထူးသိအပ်သောအာရုံကို။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူး

http://www.dhammadownload.com



သိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကိုမကြံ၊ နိဗ္ဗာန်၌မကြံ၊ နိဗ္ဗာန်မှမကြံ၊ နိဗ္ဗာန်ကို ငါ့ (ဟာ) ဟု မကြံ၊ နိဗ္ဗာန်ကို ရွှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်း ကြောင့်နည်းဟူမူ အမျက်ထွက်မှုကုန်သောအားဖြင့် အမျက်ထွက်မှုကင်းသည့် အဖြစ်ကြောင့် တည်းဟု (ငါဘုရား) ဆို၏။

ရဟန္တာ၏အစွမ်းအားဖြင့် ပဥ္စမနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၁၁။ ရဟန်းတို့ အာသဝေါကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ဝန်ကိုချထားပြီးသော (အရဟတ္တဖိုလ်ဟူသော)ကိုယ်ကျိုး ကိုယ်စီးပွါးကိုရပြီးသော ဘဝသံယောဇဉ် အားလုံးကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာ ရဟန်းသည်လည်း—

မြေကို မြေဟု အထူးသိ၏၊ မြေကို မြေဟုအထူးသိ၍ မြေကို မကြံ၊ မြေ၌မကြံ၊ မြေမှမကြံ၊ မြေကို ငါ့ (ဟာ) ဟု မကြံ၊ မြေကို ရွှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်း ကြောင့်နည်းဟူမူ တွေ့ဝေမှုကုန်သောအားဖြင့် တွေ့ဝေမှုကင်းသည့် အဖြစ်ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ပြဟ္မာကို။ အာဘဿရ ပြဟ္မာတို့ကို။ သုဘကိဏှပြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ပြဟ္မာတို့ကို။ အဘိဘူပြဟ္မာကို။ အာကာသာ နဉ္စာယတနပြဟ္မာကို။ ဝိညာဏဉ္စာယတနပြဟ္မာကို။ အာကိဉ္စညာယတနပြဟ္မာကို။ နေဝသညာနာ သညာယတနပြဟ္မာကို။ မြင်အပ်သောအဆင်းကို။ ကြားအပ်သောအသံကို။ တွေ့ထိအပ်သော အနံ့အရသာ အတွေ့အထိကို။ အထူးသိအပ်သောအာရုံကို။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ် စိတ်)ကို။ အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟုအထူးသိ၍ နိဗ္ဗာန်ကို မကြံ၊ နိဗ္ဗာန်၌မကြံ၊ နိဗ္ဗာန်မှမကြံ၊ နိဗ္ဗာန်ကို ငါ့(ဟာ)ဟု မကြံ၊ နိဗ္ဗာန်ကို ရွှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ တွေ့ဝေမှုကုန်သောအားဖြင့် တွေ့ဝေမှုကင်းသည့်အဖြစ်ကြောင့်တည်းဟု (ငါဘုရား)ဆို၏။

ရဟန္တာ၏အစွမ်းအားဖြင့် ဆဋ္ဌနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၁၂။ ရဟန်းတို့ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည်လည်း—

မြေကို မြေဟုအထူးသိ၏၊ မြေကို မြေဟု အထူးသိ၍ မြေကို မကြံ၊ မြေ၌ မကြံ၊ မြေမှမကြံ၊ မြေကို ငါ့ (ဟာ) ဟုမကြံ၊ မြေကို ရွှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်း

http://www.dhammadownload.com



ကြောင့်နည်းဟူမူ မြတ်စွာဘုရားသည် ထို(အားလုံး)ကိုပိုင်းခြား၍ သိပြီးသောကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။ မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ဗြဟ္မာကို။ အာဘဿရဗြဟ္မာတို့ကို။ သုဘကိဏှဗြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို။ အဘိဘူဗြဟ္မာကို။ အာကာသာနဉ္စာယတန ဗြဟ္မာကို။ ဝိညာဏဉ္စာယတနဗြဟ္မာကို။ အာကိဉ္စညာယတနဗြဟ္မာကို။ နေဝသညာနာသညာယတနဗြဟ္မာကို။ မြင်အပ်သောအဆင်းကို။ ကြားအပ်သောအသံကို။ တွေ့ထိအပ်သော အနံ့ အရသာအတွေ့အထိကို။ အထူးသိအပ်သောအာရုံကို။တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်) ကို။ အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အသုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟုအထူးသိ၏၊ နိဗ္ဗာန်ကိုနိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကိုမကြံ၊ နိဗ္ဗာန်၌မကြံ၊နိဗ္ဗာန်မှမကြံ၊ နိဗ္ဗာန်ကို ငါ့(ဟာ)ဟု မကြံ၊နိဗ္ဗာန်ကို ရှေးရှုမနှစ်သက်။ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ မြတ်စွာဘုရားသည် ထို (အားလုံး) ကို ပိုင်းခြား၍ သိပြီးသောကြောင့် တည်းဟု (ငါဘုရား) ဆို၏။

မြတ်စွာဘုရား၏ အစွမ်းအားဖြင့် သတ္တမနည်း

ဘုံအပိုင်းအခြား ပြီး၏။

---

၁၃။ ရဟန်းတို့ ပုထုဇ္ဇဉ်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း—

မြေကို မြေဟုအထူးသိ၏၊ မြေကို မြေဟု အထူးသိ၍ မြေကို မကြံ၊ မြေ၌ မကြံ၊ မြေမှ မကြံ၊ မြေကို ငါ့(ဟာ) ဟု မကြံ၊ မြေကို ရှေးရှုမနှစ်သက်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်းဟူမူ နှစ်သက်မှုသည် ဆင်းရဲခြင်း၏အကြောင်းရင်းဘည်းဟု ဤသို့ သိ၍ 'ဘဝကြောင့် ပဋိသန္ဓေတည်နေခြင်းဇာတိသည် ဖြစ်၏၊ ဇာတိဖြစ်သူအား အိုရင့်ခြင်း, သေခြင်းသည် ဖြစ်၏' ဟု (ဤသို့သိ၍ မြတ်စွာဘုရားသည် တပ်မက်မှုကိုပယ်အပ်ပြီ။) ရဟန်းတို့ မြတ်စွာဘုရားသည် အလုံးစုံအားဖြင့် တပ်မက်မှုကုန်ခြင်းကြောင့် တပ်စွန်းမှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်းကြောင့် စွန့်လွှတ်ခြင်းကြောင့် အဘုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီ၊ ထို့ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

ရေကို။ပ။ မီးကို။ လေကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ဗြဟ္မာကို။အာဘဿရဗြဟ္မာတို့ကို။ သုဘကိဏှဗြဟ္မာတို့ကို။ ဝေဟပ္ဖိုလ်ဗြဟ္မာတို့ကို။ အဘိဘူဗြဟ္မာကို။ အာကာသာနဉ္စာယတနဗြဟ္မာကို၊ ဝိညာဏဉ္စာယတနဗြဟ္မာကို။ အာကိဉ္စညာယတနဗြဟ္မာကို။ နေဝသညာနာသညာယတနဗြဟ္မာကို။ မြင်အပ်သောအဆင်းကို။ ကြားအပ်သောအသံကို။ တွေ့ထိအပ်သော အနံ့ အရသာအတွေ့အထိကို။ အထူးသိအပ်သောအာရုံကို။ တခုတည်းဖြစ်ခြင်း (ဈာန်သမာပတ်စိတ်)ကို။ အထူးထူးဖြစ်ခြင်း (ကာမစိတ်)ကို။ အလုံးစုံကို။ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၏၊ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု အထူးသိ၍ နိဗ္ဗာန်ကိုမကြံ၊ နိဗ္ဗာန်၌မကြံ၊ နိဗ္ဗာန်မှမကြံ၊ နိဗ္ဗာန်ကို ငါ့ (ဟာ) ဟု မကြံ၊ နိဗ္ဗာန်ကို ရှေးရှုမနှစ်သက်။ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်းဟူမူ နှစ်သက်မှုသည် ဆင်းရဲခြင်း၏အကြောင်းရင်းတည်းဟု ဤသို့သိ၍ 'ဘဝကြောင့် ပဋိသန္ဓေတည်နေခြင်းဇာတိသည်ဖြစ်၏၊ဇာတိဖြစ်သူအား အိုရင့်ခြင်း, သေခြင်းသည်ဖြစ်၏' ဟု (ဤသို့သိ၍ မြတ်စွာ

http://www.dhammadownload.com



ဘုရားသည် တပ်မက်မှုကို ပယ်အပ်ပြီ။) ရဟန်းတို့ မြတ်စွာဘုရားသည် အလုံးစုံအားဖြင့် တပ်မက်မှု ကုန်ခြင်းကြောင့် တပ်စွမ်းမှုကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်းကြောင့် စွန့်လွှတ်ခြင်း ကြောင့် အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိပြီ၊ ထို့ကြောင့်တည်းဟု (ငါဘုရား) ဆို၏။

မြတ်စွာဘုရား၏ အစွမ်းအားဖြင့် အဋ္ဌမနည်း

ဘုံအပိုင်းအခြား ပြီး၏၊

မြတ်စွာဘုရားသည် ဤ (ဒေသနာ) ကို ဟောတော်မူပြီ၊ ရဟန်းတို့သည် မြတ်စွာဘုရား ဟော တော်မူသော တရားဒေသနာကို မနှစ်သက်ကြကုန်*။

ရှေးဦးစွာသော မူလပရိယာယသုတ် ပြီး၏။

---

## ၂-သဗ္ဗာသဝသုတ်

၁၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"ရဟန်းတို့ အာသဝအားလုံးကို ပိတ်ကြောင်း 'သဗ္ဗာသဝသံဝရ' ဒေသနာကို သင်တို့ အား ဟောကြားပေအံ့၊ ထိုဒေသနာကို နာကုန်လော့၊ ကောင်းစွာနှလုံးသွင်းကုန်လော့၊ ဟောကြားပေအံ့" ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက် ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၏။

၁၅။ ရဟန်းတို့ ငါသည် သိသူ မြင်သူအား အာသဝတို့၏ ကုန်ခြင်းကိုဟောတော်မူ၏၊ မသိသူ မမြင်သူအား ဟောတော်မမူ။ ရဟန်းတို့ အဘယ်ကို သိသူ မြင်သူအား အာသဝတို့၏ ကုန်ခြင်းကို ဟောတော်မူသနည်း ဟူမူ—

သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းကိုငင်း၊ မသင့်သောအကြောင်းအားဖြင့် နှလုံး သွင်းခြင်းကိုငင်း၊ သိသူ မြင်သူအား အာသဝတို့၏ ကုန်ခြင်းကို ဟောတော်မူ၏၊ ရဟန်းတို့ မသင့်

---

*(မှတ်ချက်) ဗမာပါဠိတော်၌ 'အဘိနန္ဒုံ' ဟု အဆုံးသတ်လျက်ရှိ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသောတရား တော်ကို နှစ်လို ကုန်ပြီဟု အဓိပ္ပါယ်ထွက်၏။ သို့ရာတွင် ဤသုတ်ကို မြတ်စွာဘုရားသည် တရားနာ ရဟန်းငါးရာတို့အား အဓိပ္ပါယ်သိရှိ၍ တရားရစေရန် ဟောတော်မူသည်မဟုတ်၊ မြတ်စွာဘုရားဟောကြားတော်မူတိုင်းသော တရားကို ငါတို့သိကြသည် ဟု အထင်ကြီးနေသော မာနကို ပယ်ဖျောက်ရန်သာ ဟောကြားတော်မူခြင်း ဖြစ်ပေသည်၊ ထိုရဟန်းတို့သည် တရားတော်ကို မသိမမြင်နိုင်သဖြင့် မာန်မာနကျကြသည်၊ ဤသို့နားမလည်ခြင်းကြောင့် ဝမ်းမြောက် နှမော်သာခုမခေါ်ကြကုန် ဟု အဋ္ဌကထာဖွင့် အတိုင်းသာ ပြန်ဆိုသည်။

http://www.dhammadownload.com



သော အကြောင်းအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော အာသဝတို့သည်လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော အာသဝတို့သည်လည်း တိုးပွါးကုန်၏၊ ရဟန်းတို့ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော အာသဝတို့သည်လည်း မဖြစ်ကုန်၊ဖြစ်ပြီးသောအာသဝတို့သည်လည်း ပပျောက်ကုန်၏။

၁၆။ ရဟန်းတို့ မြင်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏၊ ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏၊ မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏၊ သည်းခံခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏၊ ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏၊ ဖျောက်ခြင်းဖြင့် ပယ်အပ်ကုန်သောအာသဝတို့သည် ရှိကုန်၏၊ ပွါးခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့သည် ရှိကုန်၏။

၁၇။ ရဟန်းတို့ အဘယ်အာသဝတို့ကို မြင်ခြင်းဖြင့် ပယ်အပ်ကုန်သနည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိ အရိယာတရား၌မလိမ္မာ အရိယာတရား၌ ယဉ်ကျေးမှု 'ဝိနည်း' မရှိသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိ သူတော်ကောင်း တရား၌ မလိမ္မာ သူတော်ကောင်းတရား၌ ယဉ်ကျေးမှု 'ဝိနည်း' မရှိသော အကြားအမြင်မရှိသူ ပုထုဇဉ် သည် နှလုံးသွင်းသင့်သော တရား နှလုံးမသွင်းသင့်သော တရားတို့ကို မသိ၊ နှလုံး သွင်းသင့်သော တရား နှလုံးမသွင်းသင့်သောတရားတို့ကို မသိသော ထိုသူသည် နှလုံးမသွင်းသင့်သောတရားတို့ကို နှလုံးသွင်း၏၊ နှလုံးသွင်းသင့်သော တရားတို့ကို နှလုံးမသွင်း။

ရဟန်းတို့ အဘယ်တရားတို့သည် နှလုံးမသွင်းသင့်ပဲ နှလုံးသွင်းသော တရားတို့နည်းဟူမူ—

ရဟန်းတို့ အကြင်တရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကာမာသဝလည်း ဖြစ်၏၊ဖြစ်ပြီးသော ကာမာသဝလည်း တိုးပွါး၏။မဖြစ်သေးသော ဘဝါသဝလည်းဖြစ်၏၊ဖြစ်ပြီးသောဘဝါသဝလည်း တိုးပွါး၏။ မဖြစ်သေးသော အဝိဇ္ဇာသဝလည်းဖြစ်၏၊ ဖြစ်ပြီးသော အဝိဇ္ဇာသဝလည်း တိုးပွါး၏။ ဤတရားတို့သည် နှလုံးမသွင်းသင့်ပဲ နှလုံးသွင်းသောတရား ဖြစ်ကုန်၏။

ရဟန်းတို့ အဘယ်တရားတို့သည် နှလုံးသွင်းသင့်လျက် နှလုံးမသွင်းသော တရားတို့နည်းဟူမူ—

ရဟန်းတို့ အကြင်တရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကာမာသဝလည်း မဖြစ်၊ ဖြစ်ပြီးသော ကာမာသဝလည်း ပပျောက်၏။မဖြစ်သေးသော ဘဝါသဝလည်း မဖြစ်၊ဖြစ်ပြီးသော ဘဝါသဝလည်း ပပျောက်၏။ မဖြစ်သေးသော အဝိဇ္ဇာသဝလည်း မဖြစ်၊ ဖြစ်ပြီးသောအဝိဇ္ဇာသဝ လည်း ပပျောက်၏။ ဤတရားတို့သည် နှလုံးသွင်းသင့်လျက် နှလုံးမသွင်းသော တရားတို့ဖြစ်ကုန်၏။

ထိုသူအား နှလုံးမသွင်းသင့်သော တရားတို့ကို နှလုံးသွင်းခြင်း နှလုံးသွင်းသင့်သော တရားတို့ကို နှလုံးမသွင်းခြင်းကြောင့် မဖြစ်သေးသော အာသဝတို့လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးသော အာသဝတို့လည်း တိုးပွါးကုန်၏။

၁၈။ ထိုသူသည် ဤသို့မသင့်သောအကြောင်းအားဖြင့် နှလုံးသွင်း၏။

"ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဘူးသလော။

အတိတ်ကာလ၌ မဖြစ်ခဲ့ဘူးသလော။

http://www.dhammadownload.com



အတိတ်ကာလ၌ အဘယ်သူဖြစ်ခဲ့ဘူးသနည်း။

အတိတ်ကာလ၌ အဘယ်သို့ ဖြစ်ခဲ့ဘူးသနည်း။

ငါသည် အတိတ်ကာလ၌ အဘယ်သူဖြစ်ပြီး၍ အဘယ်သူဖြစ်ခဲ့ဘူးသနည်း။

ငါသည် အနာဂတ်ကာလ၌ဖြစ်လတ္တံ့လော။

အနာဂတ်ကာလ၌ မဖြစ်လတ္တံ့လော။

အနာဂတ်ကာလ၌ အဘယ်သူဖြစ်လတ္တံ့နည်း။

အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်လတ္တံ့နည်း။

ငါသည် အနာဂတ်ကာလ၌ အဘယ်သူဖြစ်ပြီး၍ အဘယ်သူဖြစ်လတ္တံ့နည်း"ဟု (နှလုံးသွင်း၏)။

ယခုပစ္စုပ္ပန်ကာလ၌ လည်း—

"ငါဖြစ်သလော။

ငါမဖြစ်သလော။

ငါအဘယ်သူ ဖြစ်သနည်း။

ငါအဘယ်သို့ ဖြစ်သနည်း။

ငါသည် အဘယ်မှ လာသနည်း။

ထိုငါသည် အဘယ်သို့ သွားလတ္တံ့နည်း"။

ဤသို့ အဇ္ဈတ္တသန္တာန်၌ သို့လော သို့လော တွေးတော ယုံမှားခြင်းဖြစ်၏၊ (ဤသို့မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်း၏)။

ဒိဋ္ဌိခြောက်ပါး

၁၉။ ဤသို့မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသော ထိုသူအား ဒိဋ္ဌိခြောက်ပါး တို့တွင် တပါးပါးသော ဒိဋ္ဌိဖြစ်၏၊ "ငါ့အား အတ္တသည် ရှိ၏"ဟုလည်း ထိုသူအား အမှန်အားဖြင့် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ "ငါ့အား အတ္တသည် မရှိ"ဟုလည်း ထိုသူအား အမှန်အားဖြင့် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ "အတ္တဖြင့်သာလျှင် အတ္တကို သိ၏" ဟုလည်း ထိုသူအား အမှန် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ "အတ္တဖြင့်သာလျှင် အနတ္တကို သိ၏"ဟုလည်း ထိုသူ အားဖြင့် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ "အနတ္တဖြင့်သာလျှင် အတ္တကို သိ၏"ဟု အား အမှန်အားဖြင့် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ တနည်းအားဖြင့် ထိုသူအား လည်း ထိုသူအား အမှန်အားဖြင့် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်၏၊ တနည်းအားဖြင့် ထိုသူအား "ငါ၏ ထိုအတ္တသည် ပြောဆိုတတ်၏၊ သိမြင်ခံစားတတ်၏၊ထိုထိုယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာ ဝါသ, သတ္တနိကာယ (အာရုံ)တို့၌ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးကို (သိမြင်) ခံစား တတ်၏၊ ငါ၏ ထိုအတ္တသည် မြဲ၏၊ ခိုင်မြဲ၏၊ တည်မြဲ၏၊ ဖောက်ပြန်သော သဘောမရှိ၊ မြဲသော အရာတို့နှင့်တူစွာ ထို့အတူပင် တည်လတ္တံ့"ဟု ဤသို့သော ဒိဋ္ဌိဖြစ်၏။

ဒိဋ္ဌိတောအုပ် ဒိဋ္ဌိခရီးခဲ ဒိဋ္ဌိဆူးငြောင့် ဒိဋ္ဌိ

ရဟန်းတို့ ဤမှားသောအမြင်ကို မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌိတောအုပ် ဒိဋ္ဌိခရီးခဲ ဒိဋ္ဌိဆူးငြောင့် ဒိဋ္ဌိ ဖောက်ပြန်လှုပ်ရှားမှု ဒိဋ္ဌိသံယောဇဉ်ဟူ၍ ဆိုအပ်၏၊ ရဟန်းတို့ ဒိဋ္ဌိသံယောဇဉ်နှင့် ယှဉ်သော အကြားအမြင်မရှိသူ ပုထုဇဉ်သည် (ပဋိသန္ဓေတည်၍) ဖြစ်ခြင်း အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း(ကိုယ်) ဆင်းရဲခြင်း စိတ်မကောင်းခြင်း ပြင်းစွာပင်ပန်းခြင်းတို့မှ မလွတ်၊ ထိုဆင်းရဲ 'ဒုက္ခ'မှ မလွတ် ဟု (ငါဘုရား) ဟောတော်မူ၏။

http://www.dhammadownload.com



၂၀။ ရဟန်းတို့ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ လိမ္မာသော အရိယာတရား၌ ယဉ်ကျေးမှု 'ဝိနည်း' ရှိသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌လိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးမှု 'ဝိနည်း' ရှိသော အကြားအမြင်ရှိသူ အရိယာသာဝကသည် နှလုံးသွင်းသင့်သောတရား နှလုံးမသွင်းသင့်သော တရားတို့ကို ခွဲခြား၍ သိ၏၊ နှလုံးသွင်းသင့်သောတရား နှလုံးမသွင်းသင့်သော တရားတို့ကို ခွဲခြားသိသော ထိုသူသည် နှလုံးမသွင်းသင့်သောတရားတို့ကို နှလုံးမသွင်းပဲ နှလုံးသွင်းသင့်သော တရားတို့ကို နှလုံးသွင်း၏။

ရဟန်းတို့ အဘယ်တရားတို့သည် နှလုံးမသွင်းသင့်သဖြင့် နှလုံးမသွင်းသော တရားတို့နည်းဟူမူ—

ရဟန်းတို့ အကြင်တရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကာမာသဝလည်း ဖြစ်၏၊ ဖြစ်ပြီးသော ကာမာသဝလည်း တိုးပွါး၏။ မဖြစ်သေးသော ဘဝါသဝလည်း ဖြစ်၏၊ ဖြစ်ပြီးသော ဘဝါသဝလည်း တိုးပွါး၏။ မဖြစ်သေးသော အဝိဇ္ဇာသဝလည်း ဖြစ်၏၊ ဖြစ်ပြီးသော အဝိဇ္ဇာသဝလည်း တိုးပွါး၏။ ဤတရားတို့သည် နှလုံးမသွင်းသင့်သဖြင့် နှလုံးမသွင်းသောတရားတို့ ဖြစ်ကုန်၏။

ရဟန်းတို့ အဘယ်တရားတို့သည် နှလုံးသွင်းသင့်သဖြင့် နှလုံးသွင်းသောတရားတို့ နည်းဟူမူ—

ရဟန်းတို့ အကြင်တရားတို့ကို နှလုံးသွင်းသူအား မဖြစ်သေးသော ကာမာသဝလည်း မဖြစ်၊ ဖြစ်ပြီးသော ကာမာသဝလည်း ပပျောက်၏။ မဖြစ်သေးသော ဘဝါသဝလည်း မဖြစ်၊ ဖြစ်ပြီးသော ဘဝါသဝလည်း ပပျောက်၏။ မဖြစ်သေးသော အဝိဇ္ဇာသဝလည်း မဖြစ်၊ ဖြစ်ပြီးသော အဝိဇ္ဇာသဝလည်း ပပျောက်၏။ ဤတရားတို့သည် နှလုံးသွင်းသင့်သဖြင့် နှလုံးသွင်းသော တရားတို့ ဖြစ်ကုန်၏၊ ထိုသူအား နှလုံးမသွင်းသင့်သော တရားတို့ကို နှလုံးမသွင်းခြင်းကြောင့် နှလုံးသွင်းသင့်သောတရားတို့ကို နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော အာသဝတို့လည်း မဖြစ်ကုန်၊ ဖြစ်ပြီးသော အာသဝတို့လည်း ပပျောက်ကုန်၏။

၂၁။ ထိုသူသည် "ဤသည်ကား ဒုက္ခတည်း"ဟု သင့်သော အကြောင်းအားဖြင့် နှလုံးသွင်း၏။ "ဤသည်ကား ဒုက္ခဖြစ်ကြောင်း သမုဒယတည်း"ဟု သင့်သော အကြောင်းအားဖြင့် နှလုံးသွင်း၏။ "ဤသည်ကား ဒုက္ခချုပ်ရာ နိရောဓတည်း"ဟု သင့်သော အကြောင်းအားဖြင့် နှလုံးသွင်း၏။ "ဤသည်ကား ဒုက္ခချုပ်ရာ နိရောဓသို့ ရောက်ကြောင်းအကျင့်(လမ်းစဉ်)တည်း"ဟု သင့်သော အကြောင်းအားဖြင့် နှလုံးသွင်း၏၊ ဤသို့သော အကြောင်းအားဖြင့် နှလုံးသွင်းသော ထိုသူအား (ပရမတ္ထသဘာဝအားဖြင့် ထင်ရှားရှိသော ခန္ဓာ၌ ငါဟာ, ငါ, ငါ့ကိုယ်ဟု အမှားမြင်ခြင်း)သက္ကာယဒိဋ္ဌိ(ဘုရားစသည်တို့၌ ယုံမှားခြင်း) ဝိစိကိစ္ဆာ (နွား ခွေးစသည်တို့၏ အကျင့်အလေ့ဖြင့် စင်ကြယ်၏ဟု အကျင့်အလေ့တို့ကို အမှားသုံးသပ်ခြင်း) သီလဗ္ဗတပရာမာသ သံယောဇဉ်သုံးပါးတို့သည် ပပျောက်ကုန်၏။ ရဟန်းတို့ ဤအာသဝတို့ကို မြင်ခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၂။ ရဟန်းတို့ အဘယ်အာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်သနည်းဟူမူ—

ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ စက္ခုန္ဒြေကိုပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏၊ရဟန်းတို့ ယင်းစက္ခုန္ဒြေကို ပိတ်ခြင်းဖြင့် မပိတ်ပဲနေသော

http://www.dhammadownload.com



ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်
မှုတို့သည် ဖြစ်ကုန်ရာ၏။ဤသို့(သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)စက္ခုန္ဒြေကိုပိတ်ခြင်းဖြင့်
ပိတ်လျက်နေသော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာ
ဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ သောတိန္ဒြေကို
ပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏၊ပ။ဃာနိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏။ပ။ဇိဝှိန္ဒြေကိုပိတ်ခြင်း
ဖြင့် ပိတ်လျက်နေ၏။ပ။ကာယိန္ဒြေကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏။ပ။မနိန္ဒြေကို ပိတ်ခြင်းဖြင့်
ပိတ်လျက်နေ၏။ရဟန်းတို့ ယင်းမနိန္ဒြေကိုပိတ်ခြင်းဖြင့် မပိတ်ပဲနေသော ထိုရဟန်းအား အာသဝေါ
တရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသောပူလောင်မှုတို့သည်ဖြစ်ကုန်ရာ၏၊ဤသို့
(သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)မနိန္ဒြေပိတ်ခြင်းကို ပိတ်လျက်နေသော ထိုရဟန်း
အား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည်
မဖြစ်ကုန်။ ရဟန်းတို့ ယင်းပိတ်ခြင်းကို မပိတ်ပဲနေသော ထိုရဟန်းအား အာသဝေါတရား
ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ဤသို့
(သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)ပိတ်ခြင်းကို ပိတ်လျက်နေသော ထိုရဟန်းအား
ထိုအာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည်
မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၃။ ရဟန်းတို့ အဘယ်အာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်သနည်း ဟူမူ—

ရဟန်းတို့၊ ဤသာသနာတော်၌ ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍
သင်္ကန်းကို မှီဝဲ၏၊ အအေးကို ပယ်ဖျောက်ရုံမျှသာ အပူကို ပယ်ဖျောက်ရုံမျှသာ မှက် ခြင် လေ
နေပူ မြွေ ကင်း သန်း အတွေ့တို့ကို ပယ်ဖျောက်ရုံမျှသာ အရှက်ကို ဖျက်ဆီးတတ်သော ကိုယ်
အင်္ဂါကို ဖုံးလွှမ်းရုံမျှသာ(သင်္ကန်းကို မှီဝဲ၏)။

သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ဆွမ်းကိုမှီဝဲ၏၊ မြူးထူးခြင်းငှါမဟုတ်၊ မာန်ယစ်
ခြင်းငှါမဟုတ်၊ တန်ဆာဆင်ခြင်းငှါမဟုတ်၊ အရေအဆင်း ဖွံ့ဖြိုးတိုးပွါးခြင်းငှါမဟုတ်၊ဤကိုယ်၏
တည်တံ့ရုံမျှသာ မျှတရုံမျှသာ(ဆာလောင်မှုတည်းဟူသော)ပင်ပန်းခြင်းကို ပယ်ဖျောက်ရုံမျှသာ
မြတ်သောအကျင့်ကို ချီးမြှောက်ခြင်းငှါသာ(ဆွမ်းကိုမှီဝဲ၏)။ ဤသို့မှီဝဲခြင်းဖြင့် ဝေဒနာဟောင်း
ကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့၊ ငါ့အား မျှတခြင်းသည်၎င်း
အပြစ်မရှိသည့်အဖြစ်သည်၎င်း ချမ်းသာစွာ နေရခြင်းသည်၎င်း ဖြစ်လတ္တံ့ဟု(ဆွမ်းကိုမှီဝဲ၏)။

သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ အိပ်ရာ နေရာ ကျောင်းကို မှီဝဲ၏၊ အအေးကို ပယ်
ဖျောက်ရုံမျှသာ အပူကို ပယ်ဖျောက်ရုံမျှသာ မှက် ခြင် လေ နေပူ မြွေ ကင်း သန်း အတွေ့တို့ကို
ပယ်ဖျောက်ရုံမျှသာ (ရာသီ)ဥတုဘေးရန်ကို ပယ်ဖျောက်၍ ကိန်းအောင်းမွေ့လျော်ရုံမျှသာ
(အိပ်ရာ နေရာ ကျောင်းကို မှီဝဲ၏)။

သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ သူနာ၏အထောက်အပံ့ ဆေး(ပစ္စည်း)အဆောက်
အဦကို မှီဝဲ၏၊ ဖြစ်ပေါ်ကုန်သော ကျင်နာခံခက် နှိပ်စက်တတ်ကုန်သော(ရောဂါ)ဝေဒနာတို့ကို
ပယ်ဖျောက်ရုံမျှသာ ဆင်းရဲဒုက္ခကင်းပျောက်ရုံမျှသာ(ဆေးကိုမှီဝဲ၏)။

ရဟန်းတို့ ယင်းပစ္စည်းလေးပါးကို (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)မမှီဝဲသော
ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသောပူလောင်

http://www.dhammadownload.com



မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့(သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) မှီဝဲသော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၄။ ရဟန်းတို့ အဘယ်အာသဝတို့ကို သည်းခံခြင်းဖြင့် ပယ်အပ်ကုန်သနည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ အချမ်း အပူ ဆာလောင်ခြင်း မွတ်သိပ်ခြင်း မှက် ခြင် လေ နေပူ မြွေ ကင်း သန်း အတွေ့တို့ကို သည်းခံနိုင်၏၊ မကောင်းသဖြင့် ဆိုအပ်ကုန်သော မကောင်းသဖြင့် ရောက်လာကုန်သော စကားတို့ကိုလည်း ကိုယ်၌ ဖြစ်ဆဲ ဖြစ်ကုန်သော ပြင်းထန် ကြမ်းကြုတ် ခါးစပ် ကျင်နာ မသာယာဖွယ် မနှစ်မြို့ဖွယ်သော အသက်ကိုဆောင်နိုင်သော ဆင်းရဲဝေဒနာတို့ကိုလည်း သည်းခံနိုင်ခြင်းသဘောရှိသူဖြစ်၏၊ ရဟန်းတို့ ယင်းအရာတို့ကို သည်းမခံနိုင်သော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့(သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)သည်းခံနိုင်သော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို သည်းခံခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၅။ ရဟန်းတို့ အဘယ်အာသဝတို့ကို ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်သနည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ကြမ်းသောဆင်ကို ရှောင်ကြဉ်၏၊ ကြမ်းသောမြင်းကို ရှောင်ကြဉ်၏၊ ကြမ်းသောနွားကို ရှောင်ကြဉ်၏၊ ကြမ်းသောခွေးကို ရှောင်ကြဉ်၏၊ မြွေကို သစ်ငုတ်ကို ဆူးရှိရာဌာနကို ချောက်ကို ကမ်းပါးကို အညစ်အကြေးစွန့်ရာကို အညစ်အကြေးစီးဆင်းရာ တန်စီးတွင်းကို (ရှောင်ကြဉ်၏)။ အကြင်သို့သဘောရှိသော နေရာမဟုတ်ရာ၌နေသောရဟန်း ကျက်စားရာမဟုတ်ရာ၌ ကျက်စားသောရဟန်း ယုတ်မာသောမိတ်ဆွေတို့ကို ဆည်းကပ်သောရဟန်းကို ပညာရှိသီတင်းသုံးဖော်တို့သည် မကောင်းသောအရာဌာနတို့၌ တွေးတောကုန်ရာ၏၊ ထိုရဟန်းသည် ထိုနေရာမဟုတ်ရာကိုလည်း ကျက်စားရာမဟုတ်ရာကိုလည်း ယုတ်မာသော မိတ်ဆွေတို့ကိုလည်း သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်၏၊ ရဟန်းတို့ ယင်းအရာကို မရှောင်ကြဉ်သော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည်ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) ရှောင်ကြဉ်သော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကိုပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ ရဟန်းတို့ ဤအာသဝတို့ကို ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၆။ ရဟန်းတို့ အဘယ်အာသဝတို့ကို ဖျောက်ဖျက်ခြင်းဖြင့် ပယ်အပ်ကုန်သနည်း ဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍ဖြစ်သော ကာမဝိတက်ကို သည်းမခံစွန့်၏၊ ဖျောက်ဖျက်၏၊ အဆုံးကင်းအောင် ပြု၏၊ အဖန်ဖန် မဖြစ်ခြင်းသို့ ရောက်စေ၏။ ဖြစ်သောဗျာပါဒဝိတက်ကို။ပ။ ဖြစ်သော ဝိဟိံသာဝိတက်ကို။ပ။ ဖြစ်တိုင်းဖြစ်တိုင်းကုန်သော ယုတ်မာသော အကုသိုလ်တရားတို့ကို သည်းမခံ စွန့်၏၊ ဖျောက်ဖျက်၏၊ အဆုံးကင်းအောင်ပြု၏၊ အဖန်ဖန် မဖြစ်ခြင်းသို့ရောက်စေ၏။ ရဟန်းတို့ ယင်းဝိတက်အကုသိုလ်

http://www.dhammadownload.com



တရားကို မဖျောက်သော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကို ပူပန်ခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍)ဖျောက်သော ရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကို ပူပန်ခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ရဟန်းတို့ ဤအာသဝတို့ကို ဖျောက်ခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၇။ ရဟန်းတို့ အဘယ်အာသဝတို့ကို ပွါးခြင်းဖြင့် ပယ်အပ်ကုန်သနည်းဟူမူ—

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ ဆိတ်ခြင်း 'ဝိဝေက' ၌ မှီသော တပ်စွန်းမှု 'ရာဂ' ကင်းရာ၌ မှီသော ချုပ်ရာ 'နိရောဓ'၌ မှီသော (ကိလေသာကို) စွန့်လွှတ်မှု နိဗ္ဗာန်သို့ ပြေးဝင်မှု ဝေါဿဂ္ဂကို ရင့်ကျက်စေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါး၏၊သင့်သော အကြောင်းအားဖြင့် ဆင်ခြင်၍ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ပီတိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါး၏။ပ။ ဆိတ်ခြင်း 'ဝိဝေက'၌ မှီသော တပ်စွန်းမှု 'ရာဂ' ကင်းရာ၌ မှီသော ချုပ်ရာ 'နိရောဓ' ၌ မှီသော (ကိလေသာကို) စွန့်လွှတ်မှု နိဗ္ဗာန်သို့ ပြေးဝင်မှု ဝေါဿဂ္ဂကို ရင့်ကျက်စေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါး၏။ ရဟန်းတို့ ယင်းဗောဇ္ဈင် (ခုနစ်ပါး)ကို မပွါးသော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကို ပူပန်ခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် ဖြစ်ကုန်ရာ၏။ ဤသို့ (သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍) ပွါးသော ထိုရဟန်းအား အာသဝေါတရား ပင်ပန်းခြင်းကို ပူပန်ခြင်းကို ပြုတတ်ကုန်သော ကိလေသာဟူသော ပူလောင်မှုတို့သည် မဖြစ်ကုန်။ရဟန်းတို့ ဤအာသဝတရားတို့ကို ပွါးခြင်းဖြင့် ပယ်အပ်ကုန်၏ဟု ဆိုအပ်ကုန်၏။

၂၈။ ရဟန်းတို့ အကြင်ရဟန်းသည် မြင်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို မြင်ခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို ပိတ်ခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို မှီဝဲခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ သည်းခံခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို သည်းခံခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို ရှောင်ကြဉ်ခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ ဖျောက်ခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို ဖျောက်ခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ ပွါးခြင်းဖြင့် ပယ်အပ်ကုန်သော အာသဝတို့ကို ပွါးခြင်းဖြင့် ပယ်ပြီးကုန်ပြီ။ ရဟန်းတို့ ဤရဟန်းကို အာသဝအားလုံးကို ပိတ်ခြင်းဖြင့် ပိတ်လျက်နေ၏၊(တပ်မက်မှု)တဏှာကို ဖြတ်ပြီးပြီ၊သံယောဇဉ်ကို ဖြေပြီးပြီ၊ကောင်းစွာ မာနကို မချွတ်မယွင်းသိသောကြောင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုပြီးပြီဟု ဆိုအပ်၏။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားကို နှစ်လိုကုန်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

နှစ်ခုမြောက် သဗ္ဗာသဝသုတ် ပြီး၏။

---

## ၃-ဓမ္မဒါယာဒသုတ်

၂၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု

http://www.dhammadownload.com



ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၏။

ရဟန်းတို့ (သင်တို့သည်) ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကြကုန်လော့၊ ပစ္စည်း'အာမိသ' အမွေခံတို့ မဖြစ်ကြကုန်လင့်၊ "ငါ၏ တပည့်သာဝကတို့သည် အဘယ်သို့သော အကြောင်းဖြင့် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်အံ့နည်း" ဟု သင်တို့(အပေါ်)၌ ငါဘုရား၏ သနားငဲ့ညှာခြင်းရှိ၏။ ရဟန်းတို့ သင်တို့သည် ပစ္စည်းအမွေခံတို့သာ ဖြစ်ကုန်၍ တရားအမွေခံတို့ မဖြစ်ကုန်ငြားအံ့၊ ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပစ္စည်းအမွေခံတို့သာ ဖြစ်ကုန်၍ တရားအမွေခံတို့ မဖြစ်ကြကုန်ပဲ နေကုန်၏" ဟု သင်တို့လည်း အကဲ့ရဲ့ခံရသူများ ဖြစ်ကုန်ရာ၏။ ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် ပစ္စည်းအမွေခံတို့သာ ဖြစ်ကုန်၍ တရားအမွေခံတို့ မဟုတ်ကုန်ပဲ နေကုန်၏" ဟု ငါဘုရားလည်း အကဲ့ရဲ့ခံရသူ ဖြစ်ရာ၏။

ရဟန်းတို့ သင်တို့သည် ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်ငြားအံ့၊ ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်" ဟု သင်တို့လည်း အကဲ့ရဲ့ ခံရသူများ မဖြစ်ကုန်ရာ။ ထိုအတွက် "မြတ်စွာဘုရား၏ တပည့်သာဝကတို့သည် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်"ဟု ငါဘုရားလည်း အကဲ့ရဲ့ ခံရသူ မဖြစ်ရာ။ ရဟန်းတို့ ထို့ကြောင့် သင်တို့သည် ငါဘုရား၏ တရား အမွေခံတို့သာ ဖြစ်ကုန်လော့၊ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်လင့်၊ "အဘယ်သို့သော အကြောင်းဖြင့် ငါ၏ တပည့်သာဝကတို့သည် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်အံ့နည်း" ဟု သင်တို့ (အပေါ်) ၌ ငါဘုရား သနားငဲ့ညှာခြင်းရှိ၏။

၃၀။ ရဟန်းတို့ ငါဘုရားသည် ဆွမ်းစားပြီး တန်ပြီဟု တားမြစ်ပြီး ပြည့်စုံပြီး အပြီးသတ်ပြီး တင်းတိမ်ပြီး အလိုရှိသလောက် စားသုံးပြီး ဖြစ်ရာ၏၊ ငါဘုရားအား ပိုလျှံနေသဖြင့် စွန့်ပစ်သင့်သော ဆွမ်းလည်းရှိရာ၏။ ထိုအခါ ဆာလောင်ခြင်း အားနည်းခြင်းဖြင့် အနှိပ်အစက်ခံနေရသော ရဟန်းနှစ်ပါးတို့သည် ရောက်လာကုန်ရာ၏၊ ထိုရဟန်းတို့ကို ငါဘုရားသည် "ရဟန်းတို့ ငါဘုရားသည် စားပြီး တန်ပြီဟု တားမြစ်ပြီး ပြည့်စုံပြီး အပြီးသတ်ပြီး တင်းတိမ်ပြီး အလိုရှိသလောက် စားသုံးပြီးဖြစ်၏၊ငါဘုရားအား ပိုလျှံနေသဖြင့် ဤစွန့်ပစ်သင့်သော ဆွမ်းလည်း ရှိသေး၏၊အကယ်၍ အလိုရှိကြမူ စားကြကုန်လော့၊ အကယ်၍ သင်တို့မစားကြမူ ယခုပင် ငါဘုရားသည် စိမ်းစိုသော မြက်သစ်ပင်မရှိရာအရပ်၌သော်လည်း စွန့်ပစ်လိုက်အံ့၊ ပိုးမရှိသော ရေ၌သော်လည်း သွန်ချလိုက်အံ့" ဟု မိန့်ဆိုရာ၏။

ထိုရဟန်းနှစ်ပါးတို့တွင် ရဟန်းတပါးအား ဤသို့ စိတ်အကြံဖြစ်ရာ၏—

"မြတ်စွာဘုရားသည် စားပြီး တန်ပြီဟု တားမြစ်ပြီး ပြည့်စုံပြီး အပြီးသတ်ပြီး တင်းတိမ်ပြီး အလိုရှိသလောက် စားသုံးပြီး ဖြစ်တော်မူ၏၊ မြတ်စွာဘုရားအား ပိုလျှံနေသဖြင့် ဤစွန့်ပစ်သင့်သော ဆွမ်းလည်းရှိသေး၏၊ အကယ်၍ ငါတို့ မသုံးဆောင်ကြမူ ယခုပင် မြတ်စွာဘုရားသည် စိမ်းစိုသော မြက်သစ်ပင် မရှိရာအရပ်၌သော်လည်း စွန့်ပစ်တော်မူလတ္တံ့၊ ပိုးမရှိသော ရေ၌သော်လည်း သွန်ချတော်မူလတ္တံ့၊ မြတ်စွာဘုရားသည် 'ရဟန်းတို့ သင်တို့သည် ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကုန်လော့၊ ပစ္စည်းအမွေခံတို့ မဖြစ်ကုန်လင့်' ဟု လည်း မိန့်တော်မူခဲ့၏၊ ဆွမ်းမည်သည် ပစ္စည်းအာမိသတို့တွင် တပါးအပါအဝင် ဖြစ်၏၊ ငါသည် ဤသို့လျှင် ဤဆွမ်းကို

http://www.dhammadownload.com



မစားပဲ ဤဆာလောင် အားနည်းခြင်းဖြင့် ဤညဥ့်နေ့ကို ကုန်လွန်စေရမူ ကောင်းပေမည်" ဟု (အကြံဖြစ်ရာ၏)။

ထိုရဟန်းသည် ဤသို့လျှင် ထိုဆွမ်းကို မစားပဲ ထိုဆာလောင်ခြင်း အားနည်းခြင်းဖြင့်သာလျှင် ထိုညဥ့်နေ့ကို ကုန်လွန်စေရာ၏။

ထို့နောက် ဒုတိယရဟန်းအား ဤသို့ စိတ်အကြံ ဖြစ်ရာ၏—

"မြတ်စွာဘုရားသည် စားပြီး တန်ပြီဟု တားမြစ်ပြီး ပြည့်စုံပြီး အပြီးသတ်ပြီး တင်းတိမ်ပြီး အလိုရှိသလောက် စားသုံးပြီး ဖြစ်တော်မူ၏၊ မြတ်စွာဘုရားအား ပိုလျှံနေသဖြင့် ဤစွန့်ပစ်သင့်သော ဆွမ်းလည်း ရှိသေး၏၊အကယ်၍ ငါတို့ မစားကြမူ ယခုပင် မြတ်စွာဘုရားသည် စိမ်းစိုသော မြက်သစ်ပင် မရှိရာ အရပ်၌ သော်လည်း စွန့်ပစ်တော်မူလတ္တံ့၊ ပိုးမရှိသော ရေ၌သော်လည်း သွန်ချတော်မူလတ္တံ့။ ငါသည် ဤသို့လျှင် ဤဆွမ်းကို စား၍ ဆာလောင်အားနည်းခြင်းကို ပယ်ဖျောက်လျက် ဤညဥ့်နေ့ကို ကုန်လွန်စေရမူ ကောင်းပေမည်"ဟု (အကြံဖြစ်၏)။

ထိုရဟန်းသည် ဤသို့လျှင် ထိုဆွမ်းကိုစား၍ ဆာလောင်အားနည်းခြင်းကို ပယ်ဖျောက်လျက် ထိုညဥ့်နေ့ကို ကုန်လွန်စေရာ၏။

ရဟန်းတို့ ထို(ဒုတိယ) ရဟန်းသည် ဤသို့လျှင် ထိုဆွမ်းကိုစား၍ ဆာလောင်အားနည်းခြင်းကို ပယ်ဖျောက်လျက် ထိုညဥ့်နေ့ကို အကယ်၍ကား ကုန်လွန်စေရာ၏၊ထိုသို့ဖြစ်သော်လည်း ငါဘုရား၏ (တပည့်ရဟန်းနှစ်ပါးတို့တွင်) ထိုရှေးဦး ရဟန်းသည်သာ ပိုမို၍ ပူဇော်ထိုက်သူ ချီးကျူးထိုက်သူဖြစ်၏။ ထိုသို့ ပိုမို၍ ပူဇော်ထိုက် ချီးကျူးထိုက်ခြင်းသည် အဘယ့်ကြောင့်ပါနည်း၊ ရဟန်းတို့ ထိုဆွမ်းကို ပယ်ခြင်းသည် ထိုရဟန်းအား ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး အလိုနည်းပါးရန် ရောင့်ရဲလွယ်ရန် ကိလေသာ ခေါင်းပါးရန် မွေးမြူလွယ်ရန် လုံ့လစိုက်ထုတ်ရန် ဖြစ်လတ္တံ့သောကြောင့်တည်း။

ရဟန်းတို့ ထို့ကြောင့်(သင်တို့သည်) ငါဘုရား၏ တရားအမွေခံတို့သာ ဖြစ်ကြကုန်လော့၊ ပစ္စည်းအမွေခံတို့ မဖြစ်ကြကုန်လင့်၊ "အဘယ်သို့သော အကြောင်းဖြင့် ငါ၏တပည့် 'သာဝက' တို့သည် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်း 'အာမိသ' အမွေခံတို့ မဖြစ်ကုန်အံ့နည်း" ဟု သင်တို့(အပေါ်)၌ ငါဘုရား သနားငဲ့ညှာခြင်းရှိ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ဤစကားကို မိန့်တော်မူပြီးနောက် မြတ်စွာဘုရားသည် နေရာမှ ထတော်မူ၍ ကျောင်းတော်သို့ ဝင်တော်မူ၏။

၃၁။ ထိုအခါ အသျှင်သာရိပုတြာသည်မြတ်စွာဘုရား ဖဲခွါကြွသွားတော်မူ၍မကြာမီပင်ရဟန်းတို့ကို"ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ထိုရဟန်းတို့သည်အသျှင်သာရိပုတြာအား"ငါ့သျှင်" ဟု ပြန်ကြား လျှောက်ထားကုန်၏။

အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏—

"ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့် 'သာဝက' တို့သည် ဆိတ်ငြိမ်ခြင်း'ဝိဝေက' ကို အဘယ်မျှလောက်ဖြင့် အတုလိုက်၍ မကျင့်ကုန်သနည်း၊ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာနေတော်မူစဉ် တပည့်'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အဘယ်မျှလောက်ဖြင့် အတုလိုက်၍ ကျင့်ကုန်သနည်း"ဟု(မိန့်ဆို၏)။

http://www.dhammadownload.com



ငါ့သျှင် တပည့်တော်တို့သည် အသျှင်သာရိပုတြာ၏အထံ၌ ဤ(ယခု)ဟောမြွက်သော တရား၏ အနက်အဓိပ္ပါယ်ကို သိရန် အဝေးမှပင် လာရပါကုန်၏၊ တောင်းပန်ပါကုန်၏၊ ဤ (ယခု) ဟောမြွက်သောတရား၏ အနက်အဓိပ္ပါယ်ကို အသျှင်သာရိပုတြာပင် ဝေဖန် ဟောကြားတော်မူပါ၊ အသျှင်သာရိပုတြာ၏(အထံမှ)ကြားနာရ၍ ရဟန်းတို့သည် သင်ယူမှတ်သားဆောင်ထားကြပါလိမ့်မည် ဟု(လျှောက်ကြကုန်၏)။

ငါ့သျှင်တို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟောပေအံ့ ဟု (မိန့်ဆို၏)။

"ငါ့သျှင် ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကြကုန်၏။ အသျှင်သာရိပုတြာသည် ဤသို့ ဟောတော်မူ၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့် 'သာဝက' တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက' ကို အဘယ်မျှလောက် အတုလိုက်၍ မကျင့်ကုန်သနည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့် 'သာဝက' တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အဘုလိုက်၍ မကျင့်ကုန်။ မြတ်စွာဘုရားသည် ပယ်ရန် ဟောတော်မူထားသော (အကုသိုလ်) တရားတို့ကိုလည်း မပယ်ကုန်၊ ပစ္စည်းများပြားရန်သာ ကျင့်သူများ ဖြစ်ကုန်၏၊ (အဆုံးအမတော်ကို) လျော့လျော့ပေါ့ပေါ့သာ နာယူသူများ ဖြစ်ကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားဖြစ်နေကြကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက' ရရေး၌ တာဝန်မဲ့ ဖြစ်နေကြကုန်၏။

ငါ့သျှင်တို့ ထို(တပည့်သာဝက)တို့တွင် မထေရ် ရဟန်းတို့သည် အကြောင်း သုံးပါးတို့ဖြင့် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ 'ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်'သာဝက' တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အတုလိုက်၍ မကျင့်ကုန်"ဟု ဤ ပဌမအကြောင်းဖြင့် မထေရ် ရဟန်းတို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ "မြတ်စွာဘုရားသည် ပယ်ရန် ဟောတော်မူသော (အကုသိုလ်)တရားတို့ကိုလည်း မပယ်ကုန်"ဟု ဤဒုတိယအကြောင်းဖြင့် မထေရ် ရဟန်းတို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။"ပစ္စည်းများပြားရန်သာ ကျင့်သူများဖြစ်ကုန်၏။ (အဆုံးအမတော်ကို)လျော့လျော့ပေါ့ပေါ့သာ နာယူသူများဖြစ်ကုန်၏။ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားဖြစ်ကုန်၏၊ နိဗ္ဗာန်'ဥပဓိဝိဝေက'ရရေး၌ တာဝန်မဲ့ဖြစ်နေကြကုန်၏ "ဟု ဤတဘိယ အကြောင်းဖြင့် မထေရ်ရဟန်းတို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ ငါ့သျှင်တို့ မထေရ် ရဟန်းတို့သည် ဤအကြောင်းသုံးပါးဖြင့် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုတပည့်'သာဝက'တို့တွင် ရဟန်းလတ်ဘိုသည်။ပ။ရဟန်းငယ်တို့သည် အကြောင်း သုံးပါးတို့ဖြင့် ကဲ့ရဲ့ထိုက်သူများဖြစ်ကုန်၏။ "ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အတုလိုက်၍ မကျင့်ကုန်" ဟု ဤပဌမ အကြောင်းဖြင့် ရဟန်းငယ်တို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ "မြတ်စွာဘုရားသည် ပယ်ရန် ဟောတော်မူထားသော (အကုသိုလ်) တရားတို့ကိုလည်း မပယ်ကုန်"ဟု ဤဒုတိယအကြောင်း ဖြင့် ရဟန်းငယ်တို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ "ပစ္စည်းများပြားရန်သာ ကျင့်သူများ ဖြစ်ကုန်၏၊ (အဆုံးအမတော်ကို) လျော့လျော့ပေါ့ပေါ့သာ နာယူသူများ ဖြစ်ကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားဖြစ်ကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက' ရရေး၌ တာဝန်မဲ့သူများ ဖြစ်ကုန်၏" ဟု

http://www.dhammadownload.com



ဤသုံးခုမြောက် တတိယ အကြောင်းဖြင့် ရဟန်းငယ်တို့သည် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။ ငါ့သျှင်တို့ ရဟန်းငယ်တို့သည် ဤအကြောင်းသုံးပါးတို့ဖြင့် ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏။

ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့် 'သာဝက' တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက' ကို ဤမျှလောက်ဖြင့် အတုလိုက်၍ မကျင့်ကုန်။

၃၂။ ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့် 'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက' ကို အဘယ်မျှလောက်ဖြင့် အတုလိုက်၍ ကျင့်ကုန်သနည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့် 'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက' ကို အတုလိုက်၍ ကျင့်ကုန်၏၊ မြတ်စွာဘုရားသည် ပယ်ရန် ဟောတော်မူထားသော (အကုသိုလ်)တရားတို့ကိုလည်း ပယ်ကုန်၏၊ ပစ္စည်း များပြားရန်လည်း ကျင့်သူများ မဟုတ်ကုန်၊(အဆုံးအမတော်ကို)လျော့လျော့ပေါ့ပေါ့သာ နာယူသူများ မဟုတ်ကုန်၊ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့သူများ ဖြစ်ကုန်၏၊နိဗ္ဗာန် 'ဥပဓိဝိဝေက'ရရေး၌ ရှေ့သွားဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုတပည့် 'သာဝက'တို့တွင် မထေရ် ရဟန်းတို့သည် အကြောင်း သုံးပါးတို့ဖြင့် ချီးမွမ်း ထိုက်သူများ ဖြစ်ကုန်၏၊ ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့် 'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အတုလိုက်၍ ကျင့်ကုန်၏" ဟု ဤ ပဌမ အကြောင်းဖြင့် မထေရ်ရဟန်းတို့သည် ချီးမွမ်း ထိုက်သူများ ဖြစ်ကုန်၏။ "မြတ်စွာ ဘုရားသည် ပယ်ရန် ဟောတော်မူထားသော(အကုသိုလ်) တရားတို့ကိုလည်း ပယ်ကုန်၏" ဟု ဤ ဒုတိယ အကြောင်းဖြင့် မထေရ်ရဟန်းတို့သည် ချီးမွမ်း ထိုက်သူများ ဖြစ်ကုန်၏။ "ပစ္စည်းများပြားရန် ကျင့်သူများ မဟုတ်ကုန်၊ (အဆုံးအမတော်ကို) လျော့လျော့ ပေါ့ပေါ့သာ နာယူသူများ မဟုတ်ကုန်၊ ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့ ဖြစ်ကုန်၏။နိဗ္ဗာန် 'ဥပဓိဝိဝေက' ရရေး၌ ရှေ့သွားဖြစ်ကုန်၏"ဟု ဤတတိယ အကြောင်းဖြင့် မထေရ်ရဟန်းတို့သည် ချီးမွမ်း ထိုက်သူများ ဖြစ်ကုန်၏။ ငါ့သျှင်တို့ မထေရ်ရဟန်းတို့သည် ဤအကြောင်း သုံးပါးတို့ဖြင့် ချီးမွမ်း ထိုက်သူများ ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုတပည့် သာဝက'တို့တွင် ရဟန်းလတ်တို့သည်။ပ။ ရဟန်းငယ်တို့သည် အကြောင်း သုံးပါးတို့ဖြင့် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ "ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့် 'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို အတုလိုက်၍ ကျင့်ကုန်၏"ဟု ဤ ပဌမ အကြောင်းဖြင့် ရဟန်းငယ်တို့သည် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ "မြတ်စွာဘုရား သည် ပယ်ရန် ဟောတော်မူထားသော(အကုသိုလ်)တရားတို့ကိုလည်း ပယ်ကုန်၏"ဟု ဤဒုတိယ အကြောင်းဖြင့် ရဟန်းငယ်တို့သည် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ "ပစ္စည်းများပြားရန် ကျင့်သူများ မဟုတ်ကုန်၊ (အဆုံးအမတော်ကို) လျော့လျော့ပေါ့ပေါ့သာ နာယူသူများ မဟုတ် ကုန်၊ ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့သူများ ဖြစ်ကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက' ရရေး၌ ရှေ့သွားဖြစ်ကုန်၏"ဟု ဤတတိယ အကြောင်းဖြင့် ရဟန်းငယ်တို့သည် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ ငါ့သျှင်တို့ ရဟန်းငယ်တို့သည် ဤအကြောင်း သုံးပါးတို့ဖြင့် ချီးမွမ်းထိုက်သူများ ဖြစ်ကုန်၏။ ငါ့သျှင်တို့ မြတ်စွာဘုရားသည် ဆိတ်ငြိမ်စွာ နေတော်မူစဉ် တပည့် 'သာဝက'တို့သည် ဆိတ်ငြိမ်ခြင်း 'ဝိဝေက'ကို ဤမျှလောက်ဖြင့် အတုလိုက်၍ ကျင့်ကုန်၏။

http://www.dhammadownload.com



၃၃။ ငါ့သျှင်တို ထို(ဟောကြားခဲ့သောတရား)၌ လိုချင်တပ်မက်ခြင်း 'လောဘ' သည်လည်း ယုတ်ညံ့၏၊ အမျက်ထွက်ခြင်း 'ဒေါသ' သည်လည်း ယုတ်ညံ့၏၊ လိုချင်တပ်မက်ခြင်း'လောဘ' ကို ပယ်ခြင်းငှါလည်း အမျက်ထွက်ခြင်း 'ဒေါသ'ကို ပယ်ခြင်းငှါလည်း အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန်ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့်သည် ရှိ၏။ ငါ့သျှင်တို့ အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန် ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့်သည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ ဤအရိယာမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' မှန်ကန်သော အကြံ 'သမ္မာသင်္ကပ္ပ' မှန်ကန်သော အပြော 'သမ္မာဝါစာ' မှန်ကန်သော အလုပ် 'သမ္မာကမ္မန္တ' မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ' မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ' မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့ ပေတည်း။ ငါ့သျှင်တို့ အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန် ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့်ဟူသည် ဤအကျင့်ပင်တည်း။

ငါ့သျှင်တို့ ထို(ဟောကြားခဲ့သောတရား)၌ အမျက်ထွက်ခြင်း 'ကောဓ'သည်၎င်း ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'သည်၎င်း ဂုဏ်ကို ချေဖျက်ခြင်း 'မက္ခ'သည်၎င်း ဂုဏ်ပြိုင်ခြင်း 'ပဠာသ' သည်၎င်း ငြူစူခြင်း 'ဣဿာ'သည်၎င်း ဝန်တိုခြင်း 'မစ္ဆရိယ'သည်၎င်း လှည့်ပတ်ခြင်း 'မာယာ' သည်၎င်း ဟန်ဆောင်ခြင်း 'သာဌေယျ'သည်၎င်း ခက်ထန်ခြင်း 'ထမ္ဘ'သည်၎င်း ချုပ်ချယ်ခြင်း 'သာရမ္ဘ'သည်၎င်း၊ မောက်မော်ခြင်း 'မာန'သည်၎င်း အလွန်မောက်မော်ခြင်း 'အတိမာန'သည်၎င်း၊ မာန်ယစ်ခြင်း 'မဒ'သည်၎င်း သတိမေ့လျော့ခြင်း 'ပမာဒ'သည်၎င်း ယုတ်ညံ့၏။

မာန်ယစ်ခြင်းကို ပယ်ခြင်းငှါ သတိမေ့လျော့ခြင်းကို ပယ်ခြင်းငှါ အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန် ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့်သည် ရှိ၏။

ငါ့သျှင်တို့ အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန် ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ ဤအရိယာမဂ်သည် အဘယ်ပါနည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အေးရန် အထူးသိရန် အမှန်သိရန် ငြိမ်းရန်ဖြစ်သော မြင်အောင် သိအောင် ပြုတတ်သည့် အလယ် အလတ် ဖြစ်သော အကျင့် ဟူသည် ဤအကျင့်ပင်တည်းဟု (မိန့်ဆို၏)။

အသျှင်သာရိပုတြာသည် ဤ(တရားတော်ကို) ဟောတော်မူ၏၊ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

သုံးခုမြောက် ဓမ္မဒါယာဒသုတ် ပြီး၏။

http://www.dhammadownload.com



## ၄-ဘယဘေရဝသုတ်

၃၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်)ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ အကြင်အမျိုးသားတို့သည် အသျှင်ဂေါတမကို ရည်မှန်း၍ ယုံကြည်ခြင်းဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြပါကုန်၏၊ အသျှင်ဂေါတမသည် ထိုအမျိုးသားတို့၏ ရှေ့သွား (ခေါင်းဆောင်) ဖြစ်ပါ၏၊ အသျှင်ဂေါတမသည် ထိုအမျိုးသားတို့အား များစွာကျေးဇူးပြုပါ၏၊ အသျှင်ဂေါတမသည် ထိုအမျိုးသားတို့အား (အဓိသီလစသည်တို့ကို) ကောင်းစွာ ဆောက်တည်စေပါ၏၊ ထိုအမျိုးသားအပေါင်းသည် အသျှင်ဂေါတမ၏ (အယူ) ကို အတုလိုက်၍ ကျင့်ကြပါကုန်"ဟု လျှောက်၏။

ပုဏ္ဏား သင်လျှောက်သည့် အတိုင်း ဟုတ်ပေ၏၊ သင်လျှောက်သည့်အတိုင်း မှန်ပေ၏၊ ပုဏ္ဏား အကြင်အမျိုးသားတို့သည် ငါ့ကို ရည်မှန်း၍ ယုံကြည်ခြင်းဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကုန်၏၊ ငါသည် ထိုအမျိုးသားတို့၏ ရှေ့သွား (ခေါင်းဆောင်) ဖြစ်၏၊ ငါသည် ထိုအမျိုးသားတို့အား များစွာကျေးဇူးပြု၏၊ ငါသည် ထိုအမျိုးသားတို့အား (အဓိသီလစသည်တို့ကို) ကောင်းစွာ ဆောက်တည်စေ၏၊ ထိုအမျိုးသား အပေါင်းသည် ငါ၏ (အယူ)ကို အတုလိုက်၍ ကျင့်ကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်း အိပ်ရာ နေရာတို့သည် သက်ဝင်နေနိုင်ရန် ခဲယဉ်းကုန်၏၊ ဆိတ်ဆိတ်ငြိမ်ငြိမ်နေနိုင်ခြင်းကား ခဲယဉ်းလှ၏၊ တကိုယ်တည်း နေခြင်း၌လည်း ပျော်မွေ့နိုင်ခဲ၏၊ သမာဓိမရသော ရဟန်း၏ စိတ်ကို တောတို့က ဆောင်ယူသွားသကဲ့သို့ ထင်ရ၏ဟု (လျှောက်၏)။

ပုဏ္ဏား သင်လျှောက်သည့်အတိုင်း ဟုတ်ပေ၏၊ သင်လျှောက်သည့်အတိုင်း မှန်ပေ၏၊ ပုဏ္ဏား တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်း အိပ်ရာနေရာတို့သည် သက်ဝင်နေနိုင်ရန် ခဲယဉ်းကုန်၏၊ ဆိတ်ဆိတ်ငြိမ်ငြိမ်နေနိုင်ခြင်းကား ခဲယဉ်းလှ၏၊ တကိုယ်တည်း နေခြင်း၌လည်း ပျော်မွေ့နိုင်ခဲ၏၊ သမာဓိမရသော ရဟန်း၏ စိတ်ကို တောတို့က ဆောင်ယူသွားသကဲ့သို့ ထင်ရ၏ ဟု(မိန့်တော်မူ၏)။

၃၅။ ပုဏ္ဏား ငါ့အားလည်း အရိယာမဂ်ကို မရသေးမီ(သစ္စာလေးပါးတရားကို)ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှဖြစ်စဉ်ကပင် ဤသို့သော အကြံသည် ဖြစ်ခဲ့၏။

"တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်း အိပ်ရာနေရာတို့သည် သက်ဝင်နေနိုင်ရန် ခဲယဉ်းကုန်၏၊ ဆိတ်ဆိတ်ငြိမ်ငြိမ် နေနိုင်ခြင်း

http://www.dhammadownload.com



ကား ခဲယဉ်းလှ၏၊ တကိုယ်တည်း နေခြင်း၌လည်း ပျော်မွေ့နိုင်ခဲ၏၊ သမာဓိမရသော ရဟန်း၏ စိတ်ကို တောတို့က ဆောင်ယူသွားသကဲ့သို့ ထင်ရ၏''ဟု (အကြံဖြစ်ပေါ်ခဲ့၏)။

ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ကာယကံ မစင်ကြယ်ကုန်ပဲ တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် မိမိတို့၏ မစင်ကြယ်သော ကာယကံ အပြစ်ကြောင့် စင်စစ်မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏၊ ငါသည်ကား ကာယကံ မစင်ကြယ်ပဲလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား စင်ကြယ်သော ကာယကံသာ ရှိ၏၊ မှန်လှ၏၊ စင်ကြယ်သောကာယကံရှိသည်ဖြစ်၍ တောအုပ် တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာနေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏''ဟု (အကြံဖြစ်ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌စင်ကြယ်သော ကာယကံရှိသည့်အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောက်ခဲ့၏။ (၁)

၃၆။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ဝစီကံ မစင်ကြယ်ကုန်ပဲ။ပ။ မနောကံ မစင်ကြယ်ကုန်ပဲ ။ပ။ အသက်မွေးမှု မစင်ကြယ်ကုန်ပဲ တောအုပ် တောနက်ကြီးများဖြစ်ကုန်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် မိမိတို့၏ မစင်ကြယ်သော အသက်မွေးမှု အပြစ်ကြောင့် စင်စစ်မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏၊ ငါသည်ကား အသက်မွေးမှု မစင်ကြယ်ကုန်ပဲလျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား စင်ကြယ်သော အသက်မွေးမှုသာရှိ၏၊ မှန်လှ၏၊ စင်ကြယ်သော အသက်မွေးမှုရှိသည်ဖြစ်၍ တောအုပ်တောနက်ကြီးများ ဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏''ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤစင်ကြယ်သော အသက်မွေးမှုရှိသည့် အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၂-၃-၄)

၃၇။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' များကုန်လျက် ကာမဂုဏ်တို့၌ ပြင်းထန်စွာ တပ်မက်ကုန်လျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ'

http://www.dhammadownload.com



များကုန်လျက် ကာမဂုဏ်တို့၌ ပြင်းထန်စွာ တပ်မက်ခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ်မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏၊ ငါသည်ကား သူတပါး၏စည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' များပြားလျက် ကာမဂုဏ်တို့၌ ပြင်းထန်စွာ တပ်မက်ခြင်းရှိသည်ဖြစ်၍ တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' မများသူသာ ဖြစ်၏၊ မှန်လှ၏၊ သူတပါး စည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' မများပဲ တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာနေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏"ဟု (အကြံ ဖြစ်ခဲ့ ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤသူတပါး စည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' မများသည့် အဖြစ်ကို ကောင်းစွာမြင်၍ တော၌နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောက်ခဲ့၏။ (၅)

၃၈။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ဖောက်ပြန်သောစိတ် ပြစ်မှားသောစိတ် အကြံရှိကုန်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ထိုအသျှင်သမဏဗြာဟ္မဏတို့သည် မိမိတို့၏ ဖောက်ပြန်သောစိတ် ပြစ်မှားသောစိတ် အကြံရှိခြင်းအပြစ်ကြောင့် စင်စစ်မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါသည်ကား ဖောက်ပြန်သောစိတ် ပြစ်မှားသောစိတ် အကြံရှိလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား မေတ္တာ စိတ်ရှိသူသာ ဖြစ်၏။ မှန်လှ၏၊ မေတ္တာစိတ်ရှိကုန်လျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာ တို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏"ဟု (အကြံ ဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤမေတ္တာစိတ် ရှိသည့်အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောခဲ့၏။ (၆)

၃၉။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ဖြင့် အနှိပ်စက်ခံ ရကုန်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ဖြင့် အနှိပ်စက်ခံနေရခြင်း တည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ် မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ်အာရုံကိုခေါ်ကုန်၏။ ငါသည်ကား ထိုင်းမှိုင်း ခြင်း 'ထိနမိဒ္ဓ' ဖြင့် အနှိပ်စက်ခံနေရလျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား ထိုင်း မှိုင်းခြင်း 'ထိနမိဒ္ဓ' ကင်းသူသာ ဖြစ်၏။ မှန်လှ၏၊ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကင်းလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ

http://www.dhammadownload.com



နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏” ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’ ကင်းသည့် အဖြစ်ကို ကောင်းစွာ မြင်၍ တော၌ နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောက်ခဲ့၏။ (၇)

၄၀။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

“အချို့သော သမဏဗြာဟ္မဏတို့သည် ပျံ့လွင့်သောစိတ် မအေးမြသောစိတ်ရှိလျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ပျံ့လွင့်သောစိတ် မအေးမြသောစိတ် ရှိခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ်မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါသည်ကား ပျံ့လွင့်သောစိတ် မအေးမြသော စိတ်ရှိလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား အေးမြသော စိတ်ရှိသူ ဖြစ်၏။ မှန်လှ၏၊ အေးမြသောစိတ်ရှိလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏”ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤအေးမြသော စိတ်ရှိသည့်အဖြစ်ကို ကောင်းစွာ မြင်၍ တော၌နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၈)

၄၁။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

“အချို့သော သမဏဗြာဟ္မဏတို့သည် ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ရှိလျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ရှိခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ် မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါမူကား ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ရှိလျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ကို လွန်မြောက်သူ ဖြစ်၏။ မှန်လှ၏၊ ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ကို လွန်မြောက်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏” ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ယုံမှားခြင်း ‘ကင်္ခါ’ မဆုံးဖြတ်နိုင်ခြင်း ‘ဝိစိကိစ္ဆာ’ ကို လွန်မြောက်ခြင်း ရှိသည့်အဖြစ်ကို ကောင်းစွာ မြင်၍ တော၌ နေရန် အလွန် ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၉)

http://www.dhammadownload.com



၄၂။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် မိမိကိုယ်ကို မြှင့်တင်ကာ သူတပါးကို နှိမ့်ချသူ ဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် မိမိကိုယ်ကို မြှင့်တင်ကာ သူတပါးကို နှိမ့်ချခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ် မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါသည်ကား မိမိကိုယ်ကို မြှင့်တင်ကာ သူတပါးကို နှိမ့်ချသူဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား မိမိကိုယ်ကို မမြှင့်တင် သူတပါးကို မနှိမ့်ချသူဖြစ်၏။ မှန်လှ၏၊ မိမိကိုယ်ကို မမြှင့်တင် သူတပါးကို မနှိမ့်ချပဲ တောအုပ် တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်သော အရိယာတို့တွင် ငါသည် တပါး အပါအဝင်ဖြစ်၏" ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤမိမိကိုယ်ကို မမြှင့်တင်ခြင်း သူတပါးကို မနှိမ့်ချခြင်း ရှိသည့်အဖြစ်ကို ကောင်းစွာ မြင်၍ တော၌နေရန် အလွန် ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၁၀)

၄၃။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ထိတ်လန့်ခြင်းရှိသူ ကြောက်ရွံ့ခြင်းရှိသူ ဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ကိုယ်ထိတ်လန့်ခြင်း ကြောက်ရွံ့သော သဘောရှိခြင်း တည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ်မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါသည်ကား ကိုယ်ထိတ်လန့်ခြင်းရှိသူ ကြောက်ရွံ့သော သဘောရှိသူ ဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား ကြက်သီးမွေးညင်းထခြင်းမှ ကင်းသူသာ ဖြစ်၏။မှန်လှ၏၊ ကြက်သီးမွေးညင်းထခြင်းကင်းလျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ ဖြစ်သော ကျောင်း အိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏" ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤကြက်သီးမွေးညင်းထခြင်းမှ ကင်းသည့် အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောက်ခဲ့၏။ (၁၁)

၄၄။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် လာဘ်ပူဇော်သကာအကျော်အစောကို လိုလားသူဖြစ်လျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာနေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လာဘ်ပူဇော်သကာ အကျော်အစောကို လိုလားခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ်မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ်အာရုံကို ခေါ်ကုန်၏။ ငါသည်ကား လာဘ်

http://www.dhammadownload.com



ပူဇော်သကာ အကျော်အစော်ကို လိုလားသူ ဖြစ်လျက် တောအုပ်တောနက်ကြီးများ ဖြစ်သော တောစွန်တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာနေရာတို့ကို မမှီဝဲပေ၊ငါသည်ကား အလိုနည်းသူသာ ဖြစ်၏။ မှန်လှ၏၊ အလိုနည်းသူများဖြစ်လျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်သော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏" ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤအလိုနည်းသည့်အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၁၂)

၄၅။ ပုဏ္ဏား ထိုငါ့အား ဤသို့သောအကြံ ဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ပျင်းရိ ရှော့ရည်း ဝီရိယ နည်းသူဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် ပျင်းရိ ရှော့ရည်း ဝီရိယ နည်းသူ ဖြစ်ခြင်းတည်းဟူသော မိမိတို့၏ အပြစ်ကြောင့် စင်စစ် မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ် အာရုံကို ခေါ်ကုန်၏။ ငါသည်ကား ပျင်းရိရှော့ရည်း ဝီရိယနည်းသူ ဖြစ်လျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား လုံ့လစိုက်ထုတ်သူသာဖြစ်၏။ မှန်လှ၏၊ လုံ့လ စိုက်ထုတ်လျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါ အဝင်ဖြစ်၏" ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤလုံ့လ စိုက်ထုတ်သည့် အဖြစ်ကို ကောင်းစွာမြင်၍ တော၌နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၁၃)

၄၆။ ပုဏ္ဏား ထိုငါ့အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် လွတ်သောသတိ ဆင်ခြင်ဉာဏ် မရှိကုန်ပဲလျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လွတ်သောသတိ ဆင်ခြင်ဉာဏ်မရှိခြင်း တည်းဟူသော မိမိတို့၏အပြစ်ကြောင့် စင်စစ် မကောင်းသော ဘေးနှင့် ကြောက်မက်ဖွယ် အာရုံကို ခေါ်ကုန်၏။ ငါသည်ကား လွတ်သောသတိ ဆင်ခြင်ဉာဏ် မရှိပဲလျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား ထင်သောသတိရှိသူသာဖြစ်၏။မှန်လှ၏၊ ထင်သောသတိရှိလျက် တောအုပ်တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါး အပါ အဝင်ဖြစ်၏"ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤထင်သောသတိ ရှိသည့်အဖြစ်ကို ကောင်းစွာမြင်၍ တော၌ နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၁၄)

http://www.dhammadownload.com



၄၇။ ပုဏ္ဏား ထိုင့်အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် မတည်ကြည်သူ တုန်လှုပ်သော စိတ်ရှိသူဖြစ်လျက် တောအုပ်နက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲကုန်၏၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် မတည်မကြည် တုန်လှုပ်သော စိတ်ရှိခြင်းတည်းဟူသော မိမိတို့၏အပြစ်ကြောင့် မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ် အာရုံကို ခေါ်ကုန်၏။ ငါသည်ကား မတည်ကြည်သူ တုန်လှုပ်သောစိတ်ရှိသူ ဖြစ်လျက် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည်ကား သမာဓိနှင့်ပြည့်စုံသူသာ ဖြစ်၏။ မှန်လှ၏၊ သမာဓိနှင့် ပြည့်စုံလျက် တောအုပ် တောက်နက်ကြီးများဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင်ဖြစ်၏"ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤတည်ကြည်ခြင်း 'သမာဓိ' နှင့် ပြည့်စုံသည့်အဖြစ်ကို ကောင်းစွာ မြင်၍ တော၌နေရန် အလွန်ချမ်းသာသော အဖြစ်သို့ ရောက်ခဲ့၏။ (၁၅)

၄၈။ ပုဏ္ဏား ထိုင့်အား ဤသို့သောအကြံ ဖြစ်ခဲ့ပြန်၏—

"အချို့သော သမဏဗြာဟ္မဏတို့သည် ပညာမရှိသူ ထိုင်းအသူဖြစ်လျက် တောအုပ် တောနက်ကြီးများ ဖြစ်သော တောစွန် တောင်ဖျား၌ ဖြစ်သော ကျောင်းအိပ်ရာနေရာ တို့ကို မှီဝဲကုန်၏၊ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် ပညာမဲ့ခြင်း ထိုင်းအခြင်း တည်းဟူသော မိမိတို့၏အပြစ်ကြောင့် စင်စစ်မကောင်းသောဘေးနှင့် ကြောက်မက်ဖွယ် အာရုံကို ခေါ်ကုန်၏။ ငါသည်ကား ပညာမဲ့သူ ထိုင်းအသူဖြစ်လျက် တောအုပ်တောနက်ကြီးများ ဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မမှီဝဲပေ၊ ငါသည် ကား ပညာနှင့်ပြည့်စုံသူသာဖြစ်၏။မှန်လှ၏၊ပညာနှင့်ပြည့်စုံလျက် တောအုပ် တောနက်ကြီး များဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကို မှီဝဲသော အရိယာတို့တွင် ငါသည် တပါးအပါအဝင် ဖြစ်၏"ဟု (အကြံဖြစ်ခဲ့ပြန်၏)။

ပုဏ္ဏား ငါသည် မိမိ၌ ဤပညာနှင့် ပြည့်စုံသည့်အဖြစ်ကို ကောင်းစွာမြင်၍ တော၌နေရန် အလွန်ချမ်းသာသောအဖြစ်သို့ ရောက်ခဲ့၏။ (၁၆)

ပရိယာယ် တဆယ့်ခြောက်မျိုး ပြီး၏။

---

၄၉။ ပုဏ္ဏား ထိုင့်အား ဤသို့သော အကြံဖြစ်ခဲ့ပြန်၏—

"ငါသည် (လပြည့်ခြင်း လကုန်ခြင်း စသည့်) အမှတ်အသားတို့ဖြင့် သိမှတ်အပ်သော ဆန်းဆုတ်ပက္ခ၏ တဆယ့်လေးရက် တဆယ့်ငါးရက် ရှစ်ရက် ညဉ့်မျိုးတို့တွင် ကြောက်မက် ဖွယ် ကြက်သီးမွေးညှင်းထဖွယ် ကောင်းသော အရာမ်, စေတီဖြစ်သောအရာမ်, စေတီဖြစ် သောတောအုပ်, စေတီဖြစ်သောသစ်ပင်ဟူသော ကျောင်းအိပ်ရာ နေရာမျိုးတို့၌ နေရမူ ဘေးနှင့် ကြောက်မက်ဖွယ် အာရုံကို မြင်နိုင်ကောင်းတန်ရာ၏"ဟု (အကြံသည် ဖြစ်ခဲ့ ပြန်၏)။

http://www.dhammadownload.com



ပုဏ္ဏား ထိုငါသည် အခါတပါး၌(လပြည့်ခြင်း လကုန်ခြင်းစသည့်) အမှတ် အသားတို့ဖြင့် သိမှတ်အပ်သော ဆန် ဆုတ်ပက္ခ၏ တဆယ့်လေးရက် တဆယ့်ငါးရက် ရှစ်ရက်ညဉ့်မျိုးတို့တွင် ကြောက်မက်ဖွယ်ကြက်သီးမွေးညင်းထဖွယ်ကောင်းသော စေတီဖြစ်သော အရာမ်စေတီဖြစ်သော တောအုပ်, စေတီဖြစ်သောသစ်ပင်ဟူသော ကျောင်းအိပ်ရာနေရာ မျိုးထို့၌ နေစဉ်စိုင်,ကြံ့,,သစ်,တောဝက်စသော သားကောင်သည်လည်းလာ၏၊ဥဒေါင်း(နှင့်အခြားငှက်များ) သည်လည်း သစ်ခက်ခြောက်ကို ကျစေ၏၊ လေသည်လည်း သစ်ရွက်မှိုက်ကို တိုက်ခတ်၏၊ ပုဏ္ဏား "ဤအရာစသည်ပင် ရောက်လာသော ဘေးနှင့် ကြောက်မက်ဖွယ်ပေလော" ဟု ထိုငါ့အား အကြံဖြစ်မိ၏။

ပုဏ္ဏား ထိုငါ့အား "ငါသည် စင်စစ်အားဖြင့် ကြောက်မက်ဖွယ်ကို တောင့်တလျက် နေသည် မဟုတ်လော၊ ဣရိယာပုထ်အလိုက်နေသော ငါ၏ထံသို့ ရောက်လာသော ကြောက်မက်ဖွယ်ကို ထိုဣရိယာပုထ်အလိုက်ပင် ငါပယ်ဖျောက်ရမူ ကောင်းပေမည်" ဟု ဤအကြံ ဖြစ်ပေါ်ခဲ့၏။

ပုဏ္ဏား ထိုငါသည် စင်္ကြံသွားနေစဉ် ထိုကြောက်မက်ဖွယ်သည် ပေါ်ပေါက်လာအံ့၊ ထိုကြောက်မက်ဖွယ်ကို မရပ် မထိုင် မအိပ်ပဲ စင်္ကြံသွားလျက်သာ ပယ်ဖျောက်၏။

ပုဏ္ဏား ထိုငါသည် ရပ်နေစဉ် ထိုကြောက်မက်ဖွယ်သည် ပေါ်ပေါက်လာအံ့၊ ထိုကြောက်မက်ဖွယ်ကို စင်္ကြံမသွား မထိုင် မအိပ်ပဲ ရပ်လျက်သာ ပယ်ဖျောက်၏။

ပုဏ္ဏား ထိုငါသည် ထိုင်နေစဉ် ထိုကြောက်မက်ဖွယ်သည် ပေါ်ပေါက်လာအံ့၊ ထိုကြောက်မက်ဖွယ်ကို မအိပ် မရပ် စင်္ကြံမသွားပဲ ထိုင်လျက်ပင် ပယ်ဖျောက်၏။

ပုဏ္ဏား ထိုငါသည် အိပ်နေစဉ် ထိုကြောက်မက်ဖွယ်သည် ပေါ်ပေါက်လာအံ့၊ ထိုကြောက်မက်ဖွယ်ကို မထိုင် မရပ် စင်္ကြံမသွားပဲ အိပ်လျက်ပင် ပယ်ဖျောက်၏။

၅၀။ ပုဏ္ဏား အချို့သောသမဏဗြာဟ္မဏတို့သည် ညဉ့်ဖြစ်ပါလျက် နေ့ဟူ၍သိမှတ်ကြကုန်၏၊ နေ့ဖြစ်ပါလျက် ညဉ့်ဟူ၍ သိမှတ်ကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့၏ ဤသို့သိမှတ်ခြင်းကို တွေတွေဝေဝေနေခြင်းဟု ငါဆို၏။ပုဏ္ဏား ငါမူကား ညဉ့်ဖြစ်လျှင် ညဉ့်ဟု သိမှတ်၏။ နေ့ဖြစ်လျှင် နေ့ဟု သိမှတ်၏။ပုဏ္ဏား "များစွာသောလူတို့၏ စီးပွါးချမ်းသာနှင့် လောကကို စောင့်ရှောက်ရန်အတွက် နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာသုခအတွက် မတွေဝေသော သဘောရှိသော သတ္တဝါသည် လူ့လောက၌ဖြစ်ထွန်းပေါ်ပေါက်ခဲ့၏" ဟူသော စကားကို အမှန်အတိုင်းပြောဆိုလိုသောသူသည် ငါဘုရားကိုသာလျှင် ပြောဆိုရာ၏။

၅၁။ ပုဏ္ဏား ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ (ငါ၏) ကိုယ်သည် ပူပန်ခြင်းမရှိ ငြိမ်းအေးပြီ၊ (ငါ၏) စိတ်သည် ကခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ပြီ။

ပုဏ္ဏား ထိုငါ (ဘုရား) သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို

http://www.dhammadownload.com



ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း သမာဓိကိုပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။

နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယဈာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ (ထိုငါသည်) ထိုတတိယဈာန်သို့ ရောက်၍ နေ၏။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်း တို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော ဥပေက္ခာကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။

၅၂။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါ(ဘုရား)သည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။

ထို ငါ(ဘုရား)သည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကို၎င်း နှစ်ဘဝတို့ကို၎င်း သုံးသဝတို့ကို၎င်း လေးဘဝတို့ကို၎င်း ငါးဘဝတို့ကို၎င်း ဆယ်ဘဝတို့ကို၎င်း ဘဝနှစ်ဆယ်တို့ကို၎င်း ဘဝသုံးဆယ်တို့ကို၎င်း ဘဝလေးဆယ်တို့ကို၎င်း ဘဝငါးဆယ်တို့ကို၎င်း ဘဝတရာကို၎င်း ဘဝတထောင်ကို၎င်း ဘဝတသိန်းကို၎င်း များပြားသော ပျက်ကပ်တို့ကို၎င်း များပြားသောဖြစ်ကပ်တို့ကို၎င်း များပြား သော ပျက်ကပ် ဖြစ်ကပ်တို့ကို၎င်း "ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကိုခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါသည်) ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

ပုဏ္ဏား ငါသည် ညဉ့်ဦး 'ပဌမ' ယာမ်၌ ဤပဌမဖြစ်သော အသိဉာဏ်ဝိဇ္ဇာကို ရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍နေသောသူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့(ငါ့အား) မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

၅၃။ ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော်

http://www.dhammadownload.com



တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ငါ(ဘုရား)သည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိနိုင်သော စုတူပပါတဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေ၏။

ထိုငါ (ဘုရား)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကိုသိ၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်' နှင့်ပြည့်စုံ ကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ချမ်းသာကင်းသော မကောင်းသော လားရာ ဖရိုဖရဲပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲ၌ဖြစ်ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် ဝစီသုစရိုက်နှင့်ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသောကောင်းသောအကျင့် 'မနောသုစရိုက်'နှင့်ပြည့်စုံကုန်၏၊အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို (သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည် မှနောက်၌ ကောင်းသောလားရာ လူ့ပြည် နတ်ပြည် သုဂတိ၌ဖြစ်ကုန်၏"ဟု သိ၏။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်း မလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါ တို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်သော သတ္တဝါတို့ကိုသိ၏။

ပုဏ္ဏား ငါသည် သန်ကောင်'မဇ္ဈိမ'ယာမ်၌ ဒုတိယဖြစ်သော အသိဉာဏ်'ဝိဇ္ဇာ'ကိုရခဲ့ပြီ၊ မမေ့မလျော့ခြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍နေသောသူအား မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ ငါ့အား အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

၅၄။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် အမှု၌ခံ့လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် အာသဝေါတရားတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုညွှတ်စေခဲ့၏။

ထိုငါသည် "ဤကား ဆင်းရဲဒုက္ခ"ဟု ဟုတ်မှန်သော အတိုင်းသိခဲ့ပြီ၊ "ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း ဒုက္ခသမုဒယ"ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဒုက္ခနိရောဓ"ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့

http://www.dhammadownload.com



ရောက်ကြောင်းကျင့်စဉ် ဒုက္ခနိရောဓဂါမိနီပဋိပဒါ”ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ “ဤသည်တို့ကား ယိုစီးခြင်းအာသဝတို့”ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ “ဤကား ယိုစီးခြင်းအာသဝတို့၏ ဖြစ်ပေါ်ခြင်း၏အကြောင်း အာသဝသမုဒယ”ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ “ဤကား ယိုစီးခြင်းအာသဝကို၏ချုပ်ရာ(နိဗ္ဗာန်) အာသဝနိရောဓ”ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ “ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းကျင့်စဉ် အာသဝနိရောဓဂါမိနီပဋိပဒါ”ဟု ဟုတ်မှန်သောအတိုင်းသိခဲ့ပြီ၊ ဤသို့သိသော် ဤသို့မြင်သော် ထိုငါ(ဘုရား)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ လွတ်မြောက်ပြီးလတ်သော် “လွတ်မြောက်ခဲ့လေပြီ”ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ “ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ”ဟု သိခဲ့ပြီ။

ပုဏ္ဏား ငါသည် မိုးသောက်‘ပစ္ဆိမ’ယာမ်၌ ဤတတိယဖြစ်သော အသိဉာဏ်‘ဝိဇ္ဇာ’ကိုရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့)စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍နေသောသူအား မသိမှု‘အဝိဇ္ဇာ’ပျောက်၍ အသိဉာဏ်‘ဝိဇ္ဇာ’ဖြစ်ပေါ်သကဲ့သို့ ငါ့အား မသိမှု‘အဝိဇ္ဇာ’ပျောက်၍ အသိဉာဏ်‘ဝိဇ္ဇာ’ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ (ငါ့အား)အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

၅၅။ ပုဏ္ဏား“ရဟန်းဂေါတမသည် ယနေ့တိုင်အောင်ပင် ရာဂ ဒေါသ မောဟ မကင်းသေးသောကြောင့် တောအုပ် တောနက်ကြီးများဖြစ်သော တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းအိပ်ရာ နေရာတို့ကိုမှီဝဲနေ၏”ဟု သင့်အား စိတ်အကြံဖြစ်ပေါ်တန်ရာ၏၊ပုဏ္ဏား ဤသို့ မမှတ်သင့်၊ ပုဏ္ဏား ငါသည် မိမိ၏မျက်မှောက် ချမ်းသာစွာနေရခြင်းနှင့် နောင်လာနောက်သားများကို အစဉ်သနားခြင်းဟူသော အကြောင်းနှစ်ပါးတို့ကို ကောင်းစွာမြင်၍ တောအုပ်တောနက်ကြီးများဖြစ်သော တောစွန်တောင်ဖျား၌ဖြစ်သော ကျောင်း အိပ်ရာ နေရာတို့ကို မှီဝဲ၏ဟု(မိန့်တော်မူ၏)။

၅၆။ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အသျှင်ဂေါတမသည် နောက်လူအပေါင်းကို အစဉ်သနား အကျိုးလိုလားသော သဘောရှိပါပေသည်တကား၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမ(တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း “မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်”ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သောဥပါသကာ ဟု မှတ်တော်မူပါဟူ၍ လျှောက်ထားလေ၏။

လေးခုမြောက် ဘယဘေရဝသုတ် ပြီး၏။

http://www.dhammadownload.com



## ၅-အနင်္ဂဏသုတ်

၅၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် အသျှင်သာရိပုတြာအား "ငါ့သျှင်"ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ အသျှင်သာရိပုတြာသည် ဤတရားကို ဟောတော်မူ၏။

ငါ့သျှင်တို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကြကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ—ငါ့သျှင်တို့ ဤလောက၌ ကိလေသာအညစ်အကြေး'အင်္ဂဏ'ရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာမသိသော ပုဂ္ဂိုလ်တမျိုး၊ ကိလေသာအညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေး ရှိ၏"ဟု ဟုတ်တိုင်းမှန်စွာသိသော ပုဂ္ဂိုလ်တမျိုး၊ ကိလေသာအညစ်အကြေး မရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ"ဟု ဟုတ်တိုင်းမှန်စွာမသိသော ပုဂ္ဂိုလ်တမျိုး၊ ကိလေသာအညစ်အကြေး မရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ"ဟု ဟုတ်တိုင်းမှန်စွာသိသော ပုဂ္ဂိုလ်တမျိုး (ဤပုဂ္ဂိုလ်လေးမျိုးတို့တည်း)။

ငါ့သျှင်တို့ ထို(ပုဂ္ဂိုလ်လေးမျိုး)တို့တွင် ကိလေသာ အညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာမသိသော ပုဂ္ဂိုလ်ကို ကိလေသာအညစ်အကြေးရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ယုတ်ညံ့သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရ၏။

ငါ့သျှင်တို့ ထိုပုဂ္ဂိုလ်လေးဦးတို့တွင် ကိလေသာအညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာသိသော ပုဂ္ဂိုလ်ကို ကိလေသာအညစ်အကြေးရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် မြင့်မြတ်သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရ၏။

ငါ့သျှင်တို့ ထို(ပုဂ္ဂိုလ်လေးမျိုး)တို့တွင် ကိလေသာအညစ်အကြေးမရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ"ဟု ဟုတ်တိုင်းမှန်စွာမသိသောပုဂ္ဂိုလ်ကို ကိလေသာအညစ်အကြေးမရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ယုတ်ညံ့သောပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရ၏။

ငါ့သျှင်တို့ ထို(ပုဂ္ဂိုလ်လေးမျိုး)တို့တွင် ကိလေသာအညစ်အကြေးမရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ"ဟု ဟုတ်တိုင်းမှန်စွာသိသောပုဂ္ဂိုလ်ကို ကိလေသာအညစ်အကြေးမရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် မြင့်မြတ်သော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရ၏ဟု (ဟောတော်မူ၏)။

၅၈။ ဤသို့ ဟောကြားတော် မူလတ်သော် အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာကို ဤသို့ မေးမြန်းတော်မူ၏။

"ငါ့သျှင် သာရိပုတြာ ဤကိလေသာအညစ်အကြေးရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် တမျိုးကို ယုတ်ညံ့သောပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၍ တမျိုးကို မြင့်မြတ်သောပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း။

http://www.dhammadownload.com



ငါ့သျှင်သာရိပုတြာ ဤကိလေသာအညစ်အကြေးမရှိသော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် တမျိုးကို ယုတ်ညံ့သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၍ တမျိုးကို မြင့်မြတ်သောပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်းဟု (မေးမြန်းတော်မူ၏)။

၅၉။ ငါ့သျှင် ထို(ပုဂ္ဂိုလ်နှစ်မျိုး)တို့တွင် ကိလေသာအညစ်အကြေး ရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာမသိသောပုဂ္ဂိုလ်သည် ထိုကိလေသာအညစ်အကြေးကို ပယ်ရန် အလိုဆန္ဒကို ဖြစ်စေလိမ့်မည်မဟုတ်၊ အားထုတ်လိမ့်မည် မဟုတ်၊ လုံ့လစွမ်းကို ကြိုးပမ်းလိမ့်မည်မဟုတ်။ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' ရှိသူ ပြစ်မှားခြင်း 'ဒေါသ' ရှိသူ တွေဝေခြင်း 'မောဟ' ရှိသူ ကိလေသာအညစ် အကြေးတို့နှင့်တကွ ညစ်နွမ်းသော စိတ်ရှိသူဖြစ်လျက် သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကေန်ဖြစ်ရမည်။

ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ ပန်းတည်းသမားအိမ်မှ ဖြစ်စေ မြူမှုန့်အညစ်အကြေးဖြင့် မြေးယှက်ဖုံးလွှမ်းနေသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထို ကြေးခွက်ကို ပိုင်ရှင်တို့သည် သုံးလည်း မသုံးဆောင်ကုန်ငြားအံ့၊ စင်ကြယ်အောင်လည်း မသုတ်သင်ကုန်ငြားအံ့၊ မြူမှုန့်ရှိရာ၌လည်း ထိုကြေးခွက်ကို ထားကုန်ငြားအံ့၊ ငါ့သျှင် ထိုကြေးခွက်သည် နောင်အခါ၌ သာလွန်ညစ်ပေကာ အညစ်အကြေးတတ်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။

ငါ့သျှင် မှန်ပါပေ၏ ဟု (လျှောက်၏)။

ငါ့သျှင် ဤဥပမာအတူပင် ကိလေသာအညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်သည် ထိုကိလေသာ အညစ်အကြေးကို ပယ်ရန် အလိုဆန္ဒကို ဖြစ်စေလိမ့်မည်မဟုတ်၊ အားထုတ်လိမ့်မည်မဟုတ်၊ လုံ့လစွမ်းကို ကြိုးပမ်းလိမ့်မည်မဟုတ်၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ'ရှိသူ ပြစ်မှားခြင်း 'ဒေါသ' ရှိသူ တွေဝေခြင်း မောဟရှိသူ ကိလေသာ အညစ် အကြေးတို့နှင့်တကွ ညစ်နွမ်းသော စိတ်ရှိသူ ဖြစ်လျက် သေလွန်ရလတ္တံ့၊ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကေန်ဖြစ်ရမည်။

ငါ့သျှင် ထို (ပုဂ္ဂိုလ်နှစ်မျိုး)တို့တွင် ကိလေသာ အညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာ အညစ်အကြေးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာသိသောပုဂ္ဂိုလ်သည် ထို ကိလေသာ အညစ်အကြေးကို ပယ်ရန်အလိုဆန္ဒကို ဖြစ်စေလိမ့်မည်၊ အားထုတ်လိမ့်မည်၊ လုံ့လစွမ်းကို ကြိုးပမ်းလိမ့်မည်၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' မရှိပဲ ပြစ်မှားခြင်း 'ဒေါသ' မရှိပဲ တွေဝေခြင်း 'မောဟ' မရှိပဲ ကိလေသာ အညစ်အကြေးမရှိပဲ ညစ်နွမ်းသော စိတ်မရှိပဲ သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကေန်ဖြစ်ရမည်။

ငါ့သျှင် ဥပမာသော်ကား ဈေးမှ ဖြစ်စေ ပန်းတည်းသမားအိမ်မှဖြစ်စေ မြူမှုန့်အညစ်အကြေးဖြင့် မြေးယှက်ဖုံးလွှမ်းနေသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်ကို ပိုင်ရှင်တို့သည် သုံးလည်း သုံးဆောင်ကုန်ငြားအံ့၊စင်ကြယ်အောင်လည်း သုတ်သင်ကြကုန်ငြားအံ့၊မြူမှုန့်ရှိရာ၌လည်း ထိုကြေးခွက်ကို မထားကုန်ငြားအံ့၊ငါ့သျှင် ထိုကြေးခွက်သည် နောင်အခါ၌ သာလွန်စင်ကြယ်ကာ ဖြူဖွေးရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။

ငါ့သျှင် မှန်ပါပေ၏ ဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင် ဤဥပမာ အတူပင် ကိလေသာ အညစ်အကြေးရှိလျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာ အညစ်အကြေးရှိ၏" ဟု ဟုတ်ဘိုင်း မှန်စွာ သိသော ပုဂ္ဂိုလ်သည် ထိုကိလေသာ အညစ်အကြေးကို ပယ်ရန် အလိုဆန္ဒကို ဖြစ်စေလတ္တံ့၊ အားထုတ်လတ္တံ့၊ လုံ့လစွမ်းကို ကြိုးပမ်းလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' မရှိပဲ ကြမ်းတမ်းပြစ်မှားခြင်း 'ဒေါသ' မရှိပဲ တွေဝေခြင်း 'မောဟ' မရှိပဲ ကိလေသာအညစ် အကြေး မရှိပဲ ညစ်နွမ်းသော စိတ်မရှိပဲ သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကောင်းဖြစ်ရမည်။

ငါ့သျှင် ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင် ကိလေသာ အညစ်အကြေးမရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ" ဟု ဟုတ်တိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်သည် တင့်တယ်သောအာရုံ 'သုဘနိမိတ်' ကို နှလုံးသွင်းလတ္တံ့၊ တင့်တယ်သော အာရုံကို နှလုံးသွင်းခြင်းကြောင့် ထိုပုဂ္ဂိုလ်၏ စိတ်ကို တပ်မက်ခြင်း 'ရာဂ' သည် ဖျက်ဆီး လွှမ်းမိုးလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' ရှိသူ ပြစ်မှားခြင်း 'ဒေါသ' ရှိသူ တွေဝေခြင်း 'မောဟ' ရှိသူ ကိလေသာ အညစ်အကြေးတို့နှင့်တကွ ညစ်နွမ်းသော စိတ်ရှိသူဖြစ်လျက် သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကောင်းဖြစ်ရမည်။

ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ ပန်းတဉ်းသမား*အိမ်မှဖြစ်စေ စင်ကြယ်ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်ကို ပိုင်ရှင်တို့သည် သုံးလည်း မသုံးဆောင်ကုန်ငြားအံ့၊ စင်ကြယ်အောင်လည်း မသုတ်သင်ကုန်ငြားအံ့၊ မြူမှုန့်ရှိရာ၌သည်း ထိုကြေးခွက်ကို ထားကုန်ငြားအံ့၊ ငါ့သျှင် ထိုကြေးခွက်သည် နောင်အခါ၌ သာလွန်ညစ်ပေကာ အညစ်အကြေး တက်ရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။

ငါ့သျှင် မှန်ပါပေ၏ ဟု (လျှောက်၏)။

ငါ့သျှင် ဤဥပမာအတူပင် ကိလေသာ အညစ်အကြေး မရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာ အညစ်အကြေးမရှိ" ဟု ဟုတ်ဘိုင်းမှန်စွာ မသိသော ပုဂ္ဂိုလ်သည် တင့်တယ်သောအာရုံ 'သုဘနိမိတ်' ကို နှလုံးသွင်းလတ္တံ့၊ တင့်တယ်သော အာရုံကို နှလုံးသွင်းခြင်းကြောင့် ထိုပုဂ္ဂိုလ်၏စိတ်ကို တပ်မက်ခြင်း 'ရာဂ' သည် ဖျက်ဆီး လွှမ်းမိုးလတ္တံ့၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' ရှိသူ ပြစ်မှားခြင်း 'ဒေါသ' ရှိသူ တွေဝေခြင်း 'မောဟ' ရှိသူ ကိလေသာ အညစ်အကြေးတို့နှင့်တကွ ညစ်နွမ်းသော စိတ်ရှိသူဖြစ်လျက် သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကောင်းဖြစ်ရမည်။

ငါ့သျှင် ထို (ပုဂ္ဂိုလ်နှစ်မျိုး) တို့တွင် ကိလေသာ အညစ်အကြေးမရှိသည် ဖြစ်လျက် "ငါ၏ စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ" ဟု ဟုတ်တိုင်းမှန်စွာ သိသော ပုဂ္ဂိုလ်သည် တင့်တယ်သောအာရုံ 'သုဘနိမိတ်' ကို နှလုံးသွင်းလိမ့်မည်မဟုတ်၊ တင့်တယ်သော အာရုံကို နှလုံးမသွင်းခြင်းကြောင့် ထိုပုဂ္ဂိုလ်၏ စိတ်ကို တပ်မက်ခြင်း 'ရာဂ' သည် ဖျက်ဆီးလိမ့်မည်မဟုတ်၊ ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' မရှိပဲ ပြစ်မှားခြင်း 'ဒေါသ' မရှိပဲ တွေဝေခြင်း 'မောဟ' မရှိပဲ

---

*ပေါက်ဆိန် စသည် လုပ်ရာ ဌာနကို ပန်းပဲဖို၊ ကြေးခွက်ကြေးငွန်း စသည်လုပ်ရာဌာနကိုပန်းထဉ်း၊ ရွှေငွေလက်ကောက် စသည်လုပ်ရာဌာနကို ပန်းထိမ် ဟု ခေါ်ရိုးရှိသည်။

http://www.dhammadownload.com



ကိလေသာအညစ်အကြေး မရှိပဲ ညစ်နွမ်းသော စိတ်မရှိပဲ သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကေန်ဖြစ်ရမည်။

ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ ပန်းတည်းသမားအိမ်မှဖြစ်စေ စင်ကြယ်ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်ကို ပိုင်ရှင်တို့သည် သုံးလည်းသုံးဆောင်ကုန်ငြားအံ့၊ စင်ကြယ်အောင်လည်း သုတ်သင်ကုန်ငြားအံ့၊ မြူမှုန့်ရှိရာ၌လည်း ထိုကြေးခွက်ကို မထားကုန်ငြားအံ့၊ငါ့သျှင် ထိုကြေးခွက်သည် နောင်အခါ၌ သာလွန်စင်ကြယ်ကာ ဖြူဖွေးရာသည် မဟုတ်လော ဟု (မေးတော်မူ၏)။

ငါ့သျှင် မှန်ပါပေ၏ ဟု(လျှောက်၏)။

ငါ့သျှင် ဤဥပမာအတူပင် ကိလေသာ အညစ်အကြေးမရှိသည်ဖြစ်လျက် "ငါ၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေးမရှိ"ဟု ဟုတ်တိုင်းမှန်စွာ သိသောပုဂ္ဂိုလ်သည် တင့်တယ်သောအာရုံ 'သုဘနိမိတ်' ကို နှလုံးသွင်းလိမ့်မည်မဟုတ်၊ တင့်တယ်သော အာရုံကို နှလုံးမသွင်းခြင်းကြောင့် ထိုပုဂ္ဂိုလ်၏စိတ်ကို တပ်မက်ခြင်း'ရာဂ'သည် ဖျက်ဆီးလိမ့်မည်မဟုတ်၊ထိုပုဂ္ဂိုလ်သည် တပ်မက်ခြင်း 'ရာဂ' မရှိပဲ ကြမ်းတမ်းပြစ်မှားခြင်း 'ဒေါသ' မရှိပဲ တွေဝေခြင်း 'မောဟ' မရှိပဲ ကိလေသာ အညစ်အကြေးမရှိပဲ ညစ်နွမ်းသောစိတ်မရှိပဲ သေလွန်ရလတ္တံ့၊ ထိုပုဂ္ဂိုလ်အား ဤသဘောသာ ကေန်ဖြစ်ရမည်။

ငါ့သျှင် မောဂ္ဂလာန် ဤသည်လျှင် ကိလေသာ အညစ်အကြေးရှိကြကုန်သော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် တမျိုးကို ယုတ်ညံ့သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၍ တမျိုးကို မြင့်မြတ်သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်း အထောက်အပံ့ဖြစ်ပေ၏။

ငါ့သျှင် မောဂ္ဂလာန် ဤသည်လျှင် ကိလေသာအညစ်အကြေး မရှိကြကုန်သော ပုဂ္ဂိုလ်နှစ်မျိုးတို့တွင် တမျိုးကို ယုတ်ညံ့သောပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၍ တမျိုးကို မြင့်မြတ်သော ပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းအထောက်အပံ့ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။

၆၀။ "ငါ့သျှင် အညစ်အကြေး အညစ်အကြေး 'အင်္ဂဏ အင်္ဂဏ'ဟူ၍ ဆို၏။ ယင်း အညစ်အကြေး ဟူသော အမည်သည် အဘယ်တရား၏ အမည်ပေနည်း" ဟု (မေး၏)။

ငါ့သျှင် ယင်းအညစ်အကြေး ဟူသော အမည်သည် ယုတ်ညံ့ ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်သော အလိုဆိုးကြောင့် ဖြစ်သည့် (ကောပ အပ္ပစ္စယ) တရားတို့၏ အမည်တည်း။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည် အာပတ်သင့်ခဲ့ငြားအံ့၊ ငါ့ကို အာပတ်သင့်သည် ဟူ၍ ရဟန်းများ မသိကြပါမူ ကောင်းလေစွ" ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် ထိုရဟန်းကို "ရဟန်းတို့က အာပတ်သင့်သည်"ဟု သိကြရာသော အကြောင်းလည်း ရှိ၍ပေ၏။ ထိုရဟန်းသည် "ငါ့ကို အာပတ်သင့်သည်ဟု ရဟန်းတို့က သိကြကုန်၏"ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး 'အင်္ဂဏ' မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည် အာပတ်သင့်ခဲ့ငြားအံ့၊ ရဟန်းတို့သည် ငါ့ကို ဆိတ်ကွယ်ရာ၌ စောဒနာကြ၍ သံဃာ့အလယ်၌ မစောဒနာကြပါမူ

http://www.dhammadownload.com



ကောင်းလေစွ”ဟု အလိုဖြစ်ရသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် ထိုရဟန်းကို ရဟန်းတို့သည် သံဃာ့အလယ်၌ စောဒနာကြ၍ ဆိတ်ကွယ်ရာ၌ မစောဒနာကြရသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် ရဟန်းတို့က “ငါ့ကို သံဃာ့အလယ်၌ စောဒနာ ကြ၍ ဆိတ်ကွယ်ရာ၌ မစောဒနာကြကုန်” ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေးမည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား “ငါသည် အာပတ်သင့်ငြားအံ့၊ ငါ့ကို အာပတ်ရှိခြင်း တူသော ပုဂ္ဂိုလ်က စောဒနာ၍ အာပတ်ရှိခြင်း မတူသော ပုဂ္ဂိုလ်က မစောဒနာပါမူ ကောင်းလေစွ”ဟု အလိုဖြစ်ရသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် ထိုရဟန်းကို အာပတ်ရှိခြင်း မတူသော ပုဂ္ဂိုလ်က စောဒနာ၍ အာပတ်ရှိခြင်းတူသော ပုဂ္ဂိုလ်က မစောဒနာရသော ဤအကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် “ငါ့ကို အာပတ်ရှိခြင်း မတူသော ပုဂ္ဂိုလ်က စောဒနာ၍ အာပတ်ရှိခြင်း တူသော ပုဂ္ဂိုလ်က မစောဒနာ”ဟူ၍ အမျက်ထွက်၏၊ မနှစ်သက်။ ငါ့သျှင် အမျက်ထွက်ခြင်း မနှစ်သက်ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား “မြတ်စွာဘုရားသည် ငါ့ကိုသာ မေး၍ မေး၍ ရဟန်းတို့အား တရားဟောကြားလျက် အခြားရဟန်းကို မေး၍ မေး၍ ရဟန်းတို့အား တရားမဟောကြားပါမူ ကောင်းလေစွ”ဟု အလိုဖြစ်ရသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် မြတ်စွာဘုရားသည် အခြားရဟန်းကို မေး၍ မေး၍ ရဟန်းတို့အား တရားကို ဟောကြားလျက် ထိုရဟန်းကို မေး၍ မေး၍ ရဟန်းတို့အား တရားကို မဟောကြားရသော ဤအကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် “မြတ်စွာဘုရားက အခြားရဟန်းကို မေး၍ မေး၍ ရဟန်းတို့အား တရားကို ဟောကြားလျက် ငါ့ကို မေး၍ မေး၍ ရဟန်းတို့အား တရားကို မဟောကြား”ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား “ရဟန်းတို့သည် ငါ့ကိုသာလျှင် ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံဝင်ကြလျက် အခြားရဟန်းကို ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံ မဝင်ကြပါမူ ကောင်းလေစွ”ဟု အလိုဖြစ်ရသော ဤအကြောင်းသည် ရှိပေ၏။ သို့ရာတွင် ရဟန်းတို့သည် အခြားရဟန်းကို ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံဝင်ကြလျက် ထိုရဟန်းကို ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံမဝင်ကြရသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် “ရဟန်းတို့က အခြားရဟန်းကို ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံဝင်ကြလျက် ငါ့ကို ရှေ့ထား၍ ရှေ့ထား၍ ရွာသို့ ဆွမ်းခံမဝင်ကြကုန်”ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား “ငါသည်သာလျှင် ဆွမ်းစားရာ ဌာန၌ နေရာဦး ရေဦး ဆွမ်းဦးကို ရ၍ အခြားရဟန်းသည် ဆွမ်းစားရာ၌ နေရာဦး ရေဦး ဆွမ်းဦးကို မရပါမူ ကောင်းလေစွ”ဟု အလိုဖြစ်ရသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် အခြားရဟန်းသည် ဆွမ်းစားရာ ဌာန၌ နေရာဦး ရေဦး ဆွမ်းဦးကို ရ၍ ထိုရဟန်းသည် ဆွမ်းစားရာဌာန၌ နေရာဦး ရေဦး ဆွမ်းဦးကို မရရသော ဤအကြောင်းလည်း ရှိပေ၏။

http://www.dhammadownload.com



ထိုရဟန်းသည် "အခြားရဟန်းက ဆွမ်းစားရာဌာနၶ နေရာဦး ရေဦး ဆွမ်းဦးကို ရ၍ ငါသည် ဆွမ်းစားရာ ဌာနၶ နေရာဦး ရေဦး ဆွမ်းဦးကို မရ"ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည်သာလျှင် ဆွမ်းစားရာ ဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာပြု၍ အခြားရဟန်းသည် ဆွမ်းစားရာဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာမပြုရမူ ကောင်းလေစွ"ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် အခြားရဟန်းသည် ဆွမ်းစားရာဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာပြုရ၍ ထိုရဟန်းသည် ဆွမ်းစားရာဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာ မပြုရသော ဤအကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် "အခြား ရဟန်းသည် ဆွမ်းစားရာဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာပြု၍ ငါသည် ဆွမ်းစားရာဌာနၶ ဆွမ်းစားပြီးသော် အနုမောဒနာမပြုရ" ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည်သာလျှင် အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရားဟော၍ အခြားရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရားမဟောကြမူ ကောင်းလေစွ"ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် အခြားရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရားဟောရ၍ ထိုရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရား မဟောရရာသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် "အခြားရဟန်းက အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရားဟောရ၍ ငါသည် အရာမ်တွင်းသို့ လာရောက်သော ရဟန်းတို့အား တရားမဟောရ"ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက် ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည်သာလျှင် အရာမ်တွင်းသို့ လာရောက်သော ရဟန်းမိန်းမတို့အား တရားဟော၍။ပ။ ဥပါသကာတို့အား တရားဟော၍။ပ။ ဥပါသိကာမတို့အား တရားဟော၍ အခြားရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ဥပါသိကာမတို့အား တရားမဟောရမူ ကောင်းလေစွ"ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် အခြားရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ဥပါသိကာမတို့အား တရားဟောရ၍ ထိုရဟန်းသည် အရာမ်တွင်းသို့ လာရောက်သော ဥပါသိကာမတို့အား တရား မဟောရရာသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် "အခြားရဟန်းက အရာမ် တွင်းသို့ လာရောက်သော ဥပါသိကာမတို့အား တရားဟော၍ ငါသည် အရာမ်တွင်းသို့ လာရောက်သော ဥပါသိကာမတို့အား တရားမဟောရ"ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း၊စိတ်မချမ်းမြေ့ခြင်းဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေးမည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သောရဟန်းအား "ရဟန်းတို့သည် ငါ့ကိုသာလျှင် ရိုသေ လေးစားမြတ်နိုးပူဇော်ကြ၍ အခြားရဟန်းကို မရိုသေမလေးစား မမြတ်နိုး မပူဇော်ကြပါမူ ကောင်းလေစွ"ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် ရဟန်းတို့သည် အခြား ရဟန်းကို ရိုသေလေးစား မြတ်နိုးပူဇော်ကြ၍ ထိုရဟန်းကို မရိုသေ မလေးစား မမြတ်နိုး မပူဇော်

http://www.dhammadownload.com



ကြကုန်ရာသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် "ရဟန်းတို့က အခြားရဟန်းကို ရှိသေလေးစား မြတ်နိုးပူဇော်ကြ၍ ငါ့ကို မရှိသေ မလေးစား မမြတ်နိုး မပူဇော်ကြကုန်" ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေးမည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သောရဟန်းအား "ရဟန်းမိန်းမတို့သည် ငါ့ကိုသာလျှင်။ပ။ ဥပါသကာတို့သည်။ပ။ ဥပါသိကာမတို့သည် (ငါ့ကိုသာလျှင်) ရှိသေလေးစား မြတ်နိုးပူဇော်ကြ၍ အခြားရဟန်းကို မရှိသေ မလေးစားမမြတ်နိုး မပူဇော်ကြပါမူ ကောင်းလေစွ" ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ရာတွင် ဥပါသိကာမတို့သည် အခြားရဟန်းကို ရှိသေလေးစား မြတ်နိုးပူဇော်ကြ၍ ထိုရဟန်းကို မရှိသေမလေးစား မမြတ်နိုး မပူဇော်ကြရာသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် "ဥပါသိကာမတို့က အခြားရဟန်းကို ရှိသေလေးစား မြတ်နိုးပူဇော်ကြ၍ ငါ့ကိုမရှိသေ မလေးစား မမြတ်နိုး မပူဇော်ကြကုန်" ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်းဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေးမည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သော ရဟန်းအား "ငါသည်သာလျှင် မွန်မြတ်သော သင်္ကန်းတို့ကို ရသူဖြစ်၍ အခြားရဟန်းသည် မွန်မြတ်သောသင်္ကန်းတို့ကို ရသူမဖြစ်ပါမူ ကောင်းလေစွ" ဟု အလိုဖြစ်ရာသောအကြောင်းသည် ရှိပေ၏။ သို့ရာတွင် အခြားရဟန်းသည် မွန်မြတ်သော သင်္ကန်းတို့ကို ရသူဖြစ်၍ ထိုရဟန်းသည် မွန်မြတ်သောသင်္ကန်းတို့ကို ရသူ မဟုတ်ရာသော ဤအကြောင်းလည်းရှိပေ၏။ ထိုရဟန်းသည် "အခြားရဟန်းက မွန်မြတ်သော သင်္ကန်းတို့ကိုရသူ ဖြစ်၍ ငါသည် မွန်မြတ်သော သင်္ကန်းတို့ကို ရသူမဟုတ်ပလေ" ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်း မြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်းဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေး မည်၏။

ငါ့သျှင် ဤသာသနာတော်၌ အချို့သောရဟန်းအား "ငါသည်သာလျှင် မွန်မြတ်သော ဆွမ်း တို့ကို။ပ။ မွန်မြတ်သော (ကျောင်း)အိပ်ရာ နေရာတို့ကို။ပ။ မွန်မြတ်သော သူနာ၏ အထောက်အပံ့ (အသက်၏) အရံအတား အဆောက်အဦ ဖြစ်သောဆေးတို့ကို ရသူဖြစ်၍ အခြားရဟန်းသည် မွန်မြတ်သော သူနာ၏အထောက်အပံ့ (အသက်၏) အရံအတား အဆောက်အဦ ဖြစ်သော ဆေးတို့ကို ရသူမဟုတ်ပါမူ ကောင်းလေစွ" ဟု အလိုဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ သို့ ရာတွင် အခြားရဟန်းသည် မွန်မြတ်သောသူနာ၏ အထောက်အပံ့ (အသက်၏) အရံအတား အဆောက်အဦဖြစ်သော ဆေးတို့ကို ရသူဖြစ်၍ ထိုရဟန်းသည် မွန်မြတ်သောသူနာ၏ အထောက် အပံ့(အသက်၏) အရံအတား အဆောက်အဦ ဖြစ်သော ဆေးတို့ကို ရသူ မဟုတ်ရာသော အကြောင်းလည်း ရှိပေ၏။ ထိုရဟန်းသည် အခြားရဟန်းက မွန်မြတ်သောသူနာ၏ အထောက် အပံ့(အသက်၏)အရံအတား အဆောက်အဦဖြစ်သော ဆေးတို့ကို ရသူဖြစ်၍ ငါသည် သူနာ၏ အထောက်အပံ့(အသက်၏)အရံအတား အဆောက်အဦဖြစ်သော ဆေးတို့ကို ရသူ မဟုတ်ပလေ" ဟူ၍ အမျက်ထွက်၏၊ စိတ်မချမ်းမြေ့။ ငါ့သျှင် အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း ဟူသော ဤနှစ်မျိုးလုံးသည် အညစ်အကြေးမည်၏။

http://www.dhammadownload.com



ငါ့သျှင် ဤအညစ်အကြေးဟူသောအမည်သည် ယုတ်ညံ့ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့်(ကောပ အပ္ပစ္စယ)တရားတို့၏ အမည်ပေတည်း။

၆၁။ ငါ့သျှင် တစ်စုံတယောက်က ရဟန်းအား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရားဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့်(ကောပ အပ္ပစ္စယ)တရားတို့ကိုမပယ်ရသေးသည်ကို မြင်လည်းမြင်ရကုန်အံ့၊ ကြားလည်း ကြားရကုန်အံ့၊ ထိုရဟန်းသည် အကယ်၍ တောစွန် တောင်ဖျား၌ဖြစ်သော ကျောင်းများ၌နေ၍ အရညကင် ဓုတင်ဆောင်သူ ပိဏ္ဍပါတ်ဓုတင်ဆောင်သူ အိမ်စဉ်မပြတ် ဆွမ်းရပ်သူ ပံသုကူ 'မြေမှုန့်ပြွမ်းသောသင်္ကန်း' ဆောင်သူ ခေါင်းပါးသော သင်္ကန်းကို ဆောင်သူ ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် မရိုသေကြကုန်, မလေးစားကြကုန်, မမြတ်နိုးကြကုန်, မပူဇော်ကြကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ထိုအသျှင်အား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရားဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့် (ကောပ အပ္ပစ္စယ) တရားတို့ကို မပယ်ရသေးသည်ကို မြင်လည်းမြင်ကြရ ကြားလည်းကြားကြရသောကြောင့်ပေတည်း။

ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ ပန်းတဉ်းသမား အိမ်မှဖြစ်စေ စင်ကြယ်ဖြူဖွေးသောကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်၌ ပိုင်ရှင်တို့သည် မြွေကောင်ပုပ်ကိုဖြစ်စေ ခွေးကောင်ပုပ်ကိုဖြစ်စေ လူကောင်ပုပ်ကိုဖြစ်စေ ပြည့်အောင်ထည့်၍ အခြားကြေးခွက်ဖြင့်ဖုံးပိတ်ကာ ဈေးတွင်းသို့ သွားကြရာ၏၊ လူအပေါင်းသည် ထိုကြေးခွက်ကို တွေ့မြင်သော် "အချင်း အဘယ်ကြောင့်ဤအရာကိုသာလျှင် ကောင်းနိုးရာရာ လက်ဆောင်ကဲ့သို့ ယူဆောင်လာသနည်း" ဟု ပြောဆိုပြီးလျှင် ထို (ခွက်)ကို ထ၍ဖွင့်လှစ် ကြည့်ရှုရာ၏၊(ထိုအကောင်ပုပ်ကို) မြင်သည်နှင့် တပြိုင်နက် ထိုလူအပေါင်းမှာ မနှစ်မြို့စိတ် ရွံရှာစိတ် စက်ဆုပ်စိတ်သည် ဖြစ်လေရာ၏၊ ဆာလောင်နေသူတို့ပင် မစားချင်ရာ အစာဝနေသူတို့ကား ပြောဖွယ်ရာမရှိ။ ငါ့သျှင်ဤဥပမာအတူပင် တစ်စုံတယောက်သောရဟန်းအား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့်(ကောပ အပ္ပစ္စယ)တရားတို့ကို မပယ်ရသေးသည်ကို မြင်လည်း မြင်ရကုန်အံ့၊ ကြားလည်း ကြားရကုန်အံ့၊ ထိုရဟန်းသည် အကယ်၍ တောစွန်တောင်ဖျား၌ ဖြစ်သော ကျောင်းများ၌နေ၍အရညကင်ဓုတင်ဆောင်သူ ပိဏ္ဍပါတ်ဓုတင်ဆောင်သူ အိမ်စဉ်မပြတ် ဆွမ်းရပ်သူ ပံသုကူ 'မြေမှုန့်ပြွမ်းသောသင်္ကန်း' ဆောင်သူ ခေါင်းပါးသော သင်္ကန်းကို ဆောင်သူ ဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် မရိုသေကြကုန်၊ မလေးစားကြကုန်၊ မမြတ်နိုးကြကုန်၊ မပူဇော်ကြကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ထိုအသျှင်အား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်သော အလိုဆိုးကြောင့် ဖြစ်သည့် (ကောပ အပ္ပစ္စယ) တရားတို့ကို မပယ်ရသေးသည်ကို မြင်လည်းမြင်ကြရ ကြားလည်း ကြားကြရသောကြောင့်ပေတည်း။

၆၂။ ငါ့သျှင် တစ်စုံတယောက်သော ရဟန်းအား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်သော အလိုဆိုးကြောင့်ဖြစ်သည့် (ကောပ အပ္ပစ္စယ)တရားတို့ကို ပယ်ထားပြီးသည်ကို မြင်လည်း မြင်ရကုန်အံ့၊ ကြားလည်း ကြားရကုန်အံ့၊ ထိုရဟန်းသည် အကယ်၍ ရွာကျောင်း၌နေသူ ပင့်ဖိတ်ဆွမ်းကို ခံယူသူ ဒါယကာတို့ လှူသောသင်္ကန်းကို ဆောင်သူဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် ရိုသေကြကုန်၏၊ လေးစားကြကုန်၏၊ မြတ်နိုးကြကုန်၏၊ ပူဇော်ကြကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ထိုအသျှင်အား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရား ဖြစ်ကုန်

http://www.dhammadownload.com



သော အလိုဆိုးကြောင့်ဖြစ်သည့် (ကောပ အပစ္စယ) တရားတို့ကို ပယ်ထားပြီးဖြစ်သည်ကို မြင်လည်း မြင်ကြရကြား‌လည်း ကြားကြရသောကြောင့်ပေတည်း ။

ငါ့သျှင် ဥပမာသော်ကား ဈေးမှဖြစ်စေ ပန်းတည်းသမားအိမ်မှ ဖြစ်စေ စင်ကြယ် ဖြူဖွေးသော ကြေးခွက်ကို ဆောင်ယူခဲ့ရာ၏၊ ထိုကြေးခွက်၌ ပိုင်ရှင်တို့သည် ဆန်မည်းကို ရွေးချယ်ထားသော သလေးထမင်းနှင့် များစွာသော ဟင်း စားမဟင်းလျာကို ပြည့် အောင်ထည့်၍ အခြားကြေးခွက်ဖြင့် ဖုံးပိတ်ကာ ဈေးတွင်းသို့ သွားကြရာ၏၊ လူအပေါင်း သည် ထိုကြေးခွက်ကို တွေ့မြင်သော် “အချင်း အဘယ့်ကြောင့် ဤအရာကိုသာလျှင် ကောင်းနိုးရာရာ လက်ဆောင်ကဲ့သို့ ယူဆောင်လာသနည်း”ဟု ပြောဆိုပြီးလျှင် ထို(ခွက်)ကို ထ၍ဖွင့်လှစ်ကြည့်ရှုရာ၏၊ (ထိုမွန်မြတ်သော သလေးထမင်းကို) မြင်သည်နှင့် တပြိုင်နက် ထိုလူ အပေါင်းအား နှစ်မြို့စိတ် မနှံရှာစိတ် မစက်ဆုပ်စိတ်သည် ဖြစ်လေရာ၏၊ အစာဝနေသူတို့ပင် စားချင်လာရာ၏၊ ဆာလောင်နေသူတို့ကား ပြောဖွယ်ရာမရှိ။ ငါ့သျှင် ဤဥပမာ အတူပင် တစုံ တယောက်သောရဟန်းအား ယုတ်ညံ့ဆိုးရွား အကုသိုလ် တရားဖြစ်ကုန်သော အလိုဆိုးကြောင့် ဖြစ်သည့် (ကောပ အပ္ပစ္စယ) တရားတို့ကို ပယ်ထားပြီးသည်ကို မြင်လည်းမြင်ရကုန်အံ့၊ ကြား လည်းကြားရကုန်အံ့၊ ထိုရဟန်းသည် အကယ်၍ ရွာကျောင်း၌နေသူ ပင့်ဖိတ်ဆွမ်းကို ခံယူသူ ဒါယကာတို့ လှူသောသင်္ကန်းကို ဆောင်သူဖြစ်စေကာမူ ထိုရဟန်းကို သီတင်းသုံးဖော်တို့သည် ရိုသေကြကုန်၏၊ လေးစားကြကုန်၏၊ မြတ်နိုးကြကုန်၏၊ ပူဇော်ကြကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင်အား ယုတ်ညံ့ဆိုးရွား အကုသိုလ်တရားဖြစ်ကုန်သော အလိုဆိုး ကြောင့်ဖြစ်သည့် (ကောပ အပ္ပစ္စယ) တရားတို့ကို ပယ်ထားပြီးဖြစ်သည်ကို မြင်လည်းမြင်ကြရ ကြားလည်း ကြားကြရသောကြောင့်ပေတည်း။

၆၃။ ဤသို့ဟောမိန့်သော် အသျှင်မဟာမောဂ္ဂလာန်က “ငါ့သျှင်သာရိပုတြာ ငါ့အား ဥပမာ တခုပေါ်လာပါသည်”ဟု အသျှင်သာရိပုတြာအား လျှောက်ကြား၏။

ငါ့သျှင်မောဂ္ဂလာန် ထိုဥပမာကို ဖော်ပြောပါလော့ဟု (မိန့်ဆို၏)။

ငါ့သျှင် ငါသည် အခါတပါး၌ တောင်တို့ဖြင့် ခြံရံထားသော ရာဇဂြိုဟ်ပြည်၌ နေပါသည်။ ငါ့သျှင် ငါသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်သောအခါ ယာဉ်လုပ်သမား၏သား သမီတိသည် ယာဉ်၏အကွပ် တံကူကိုရွေနေစဉ် ပဏ္ဍု၏သား ယာဉ်လုပ်သမား အမျိုးသားဖြစ်ခဲ့ဘူးသည့် တက္ကတွန်းသည် အနီး၌ ရပ်တည်နေပါသည်။

ငါ့သျှင် ပဏ္ဍု၏သား ယာဉ်လုပ်သမား အမျိုးသား ဖြစ်ခဲ့ဘူးသည့် တက္ကတွန်းအား—

“ဤယာဉ်လုပ်သမား၏သား သမီတိသည် ဤအကွပ်တံကူ၏ ဤသည့်အကွေး ဤသည့် အကောက် ဤသည့်အနာအဆာကို ရွေခဲ့ပါမူ ဤအကွပ်တံကူသည် အကွေးအကောက် အနာအဆာကင်းလျက် စင်ကြယ်သည်ဖြစ်၍ အနှစ်၌တည်ရာ၏”ဟု စိတ်အကြံဖြစ်ပေါ် လာ၏။

ငါ့သျှင် ယာဉ်လုပ်သမား ဖြစ်ခဲ့ဘူးသည့် ပဏ္ဍု၏သား တက္ကတွန်း၏ စိတ်အကြံအတိုင်း ယာဉ် လုပ်သမား၏သား သမီတိသည် ထိုအကွပ်တံကူ၏ ထိုသည့်အကွေး ထိုသည့်အကောက် ထိုသည့်

http://www.dhammadownload.com



အနာအဆာကို ရှုလေ၏။ ငါ့သျှင် ထိုအခါ ယာဉ်လုပ်သမား၏သားဖြစ်ခဲ့ဘူးသည့် ပဏ္ဍု၏သား တက္ကတွန်းသည် "မိမိစိတ်ဖြင့် သူတပါး၏စိတ်ကို သိသကဲ့သို့ ရှုလေလေယောင်တကား"ဟု နှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်သော စကားကို မြွက်ဆိုလေ၏။

ငါ့သျှင် ဤဥပမာအတူပင် အကြင်ပုဂ္ဂိုလ်တို့သည် ယုံကြည်ခြင်းသဒ္ဓါတရားမရှိကုန်ပဲ အသက် မွေးမှုအတွက်သာ ရဟန်းပြုကုန်၏၊ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုသူ များ မဟုတ်ကြကုန်၊ စဉ်းလဲတတ်ကုန်၏၊ လှည့်ပတ်တတ်ကုန်၏၊ လိမ်လည် ကောက်ကျစ်တတ် ကုန်၏၊ ပျံ့လွင့်ကုန်၏၊ မာန်ထောင်ကုန်၏၊ လျှပ်ပေါ် လေ်လည်ကုန်၏၊ နှုတ်ထွက် ကျန်းကုန်၏၊ ပရမ်းပတာပြောဆိုကုန်၏၊ ဣန္ဒြေတံခါး ပိတ်ဆို့မထားကုန်၊ အစားအစာ၌ အတိုင်း အရှည်ကိုမသိကုန်၊ နိုးကြားမှု၌ အားမစိုက်ကုန်၊ ရဟန်းတရား၌ မငဲ့ကွက်ကုန်၊ သိက္ခာပုဒ်၌ ပြင်းထန်စွာလေးစားမှု မရှိကုန်၊ လာဘ်များရန်သာ ကျင့်ကုန်၏၊ (အဆုံးအမ သာသနာ တော်ကို) လျော့လျော့ပေါ့ပေါ့ နာယူကုန်၏၊ ဆုတ်ယုတ်ကြောင်း၌ ရှေ့သွားပြုကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက'၌ တာဝန်မဲ့ဖြစ်ကြကုန်၏၊ ပျင်းရိကုန်၏၊ လုံ့လနည်းကုန်၏၊ သတိကင်းကုန်၏၊ ဆင်ခြင်ဉာဏ်မရှိကြကုန်၊ မတည်ကြည်ကြကုန်၊ စိတ်လေကြကုန်၏၊ ပညာမဲ့ကြကုန်၏၊ ထိုင်းအ သူများဖြစ်ကြကုန်၏၊ အသျှင်သာရိပုတြာသည် ဤတရားဒေသနာ တည်းဟူသော ပဲခွပ်ဖြင့် ထိုပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် သိသကဲ့သို့ ရှုလေလေယောင်တကား။

အကြင်အမျိုးသားတို့သည်ကား သဒ္ဓါတရားဖြင့် လူ့ဘောင်မှ (ထွက်၍) ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏၊ မစဉ်းလဲတတ်ကုန်၊ မလှည့်ပတ်တတ်ကုန်၊ မလိမ်လည် မကောက်ကျစ်တတ် ကုန်၊ မပျံ့လွင့်ကုန်၊ မာန်မထောင်ကုန်၊ မလျှပ်ပေါ် မလေ်လည်ကုန်၊ နှုတ်ထွက်မကျန်းကုန်၊ ပရမ်းပတာမပြောဆိုကုန်၊ ဣန္ဒြေတံခါး ပိတ်ဆို့ထားကုန်၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိကုန်၏၊ နိုးကြားမှု၌ အားစိုက်ကုန်၏၊ ရဟန်းတရား၌ ငဲ့ကွက်ကုန်၏၊ သိက္ခာပုဒ်၌ ပြင်းထန် စွာ လေးစားကုန်၏၊ လာဘ်များရန်မကျင့်ကုန်၊ (အဆုံးအမ သာသနာတော်ကို) လျော့လျော့ ပေါ့ပေါ့မနာယူကုန်၊ ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့ဖြစ်ကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက'၌ ရှေ့သွား ပြုကုန်၏၊ ဝီရိယရှိကုန်၏၊ (နိဗ္ဗာန်သို့) စိတ်စေလွှတ်နေကုန်၏၊ သတိရှိကုန်၏၊ ဆင်ခြင်ဉာဏ် ရှိကုန်၏၊ တည်ကြည်ကုန်၏၊ စိတ်မလေလွင့်ကုန်၊ ပညာရှိကုန်၏၊ မထိုင်းမအကုန်၊ ထို အမျိုးသားတို့သည် အသျှင်သာရိပုတြာ၏ ဤတရားဒေသနာကို ကြားကြကုန်၍ "အသျှင်တို့ ကောင်းလှပေစွ၊ အသျှင်သာရိပုတြာသည် သီတင်းသုံးဖော်တို့ကို အကုသိုလ်မှ ထစေ၍ ကုသိုလ် ၌တည်စေဘိ၏"ဟု (အမြိုက်အရသာကို သောက်ကုန်ဘိသကဲ့သို့ငှင်း သုခဘုတ်ကို စားကုန်ဘိ သကဲ့သို့ငှင်း) နှုတ်ရောစိတ်ပါ သောက်ကြစားကြလေယောင်တကား။

ငါ့သျှင် ဥပမာသော်ကား ငယ်ရွယ်နုပျို၍ အလှပြင်လေ့ရှိသည့် ဦးခေါင်းနှင့်တကွ ရေချိုး ပြီးသောမိန်းမ သို့မဟုတ် ယောကျ်ားသည် ကြာပန်းကို ဖြစ်စေ မိုးဆွေပန်းကိုဖြစ်စေ စစ်ကြီး ပန်း (စမွယ်ပန်း) ကိုဖြစ်စေ ရခဲ့သော် လက်နှစ်ဖက်ဖြင့် ခံယူကာ ဦးခေါင်းပေါ်၌ ပန်ဆင်ရာသကဲ့ သို့ အကြင်အမျိုးသားတို့သည် သဒ္ဓါတရားဖြင့် လူ့ဘောင်မှ (ထွက်၍) ရဟန်းဘောင်၌ရဟန်းပြုကြ ကုန်၏၊ မစဉ်းလဲကုန်၊ မလှည့်ပတ်တတ်ကုန်၊ မလိမ်လည် မကောက်ကျစ်တတ်ကုန်၊ စိတ်မပျံ့လွင့် ကုန်၊ မာန်မထောင်ကုန်၊ မလျှပ်ပေါ် မလေ်လည်ကုန်၊ နှုတ်ထွက်မကျန်းကုန်၊ ပရမ်းပတာမပြော ဆိုကုန်၊ ဣန္ဒြေတံခါး ပိတ်ဆို့ထားကုန်၏၊ အစားအစာ၌ အတိုင်းအရှည်ကို သိကုန်၏၊ နိုးကြား

http://www.dhammadownload.com



မှု၌အားစိုက်ကုန်၏၊ ရဟန်းတရား၌ ငဲ့ကွက်ကုန်၏၊ သိက္ခာပုဒ်၌ ပြင်းထန်စွာ, လေးစားကုန်၏၊ လာဘ်များရန် မကျင့်ကုန်၊ (အဆုံးအမ သာသနာတော်ကို) လျော့လျော့ပေါ့ပေါ့ မနာယူကုန်၊ ဆုတ်ယုတ်ကြောင်း၌ တာဝန်မဲ့ဖြစ်ကုန်၏၊ နိဗ္ဗာန် 'ဥပဓိဝိဝေက'၌ ရှေ့သွားပြုကုန်၏၊ လုံ့လရှိကြကုန်၏၊ (နိဗ္ဗာန်သို့)စိတ်ကိုစေလွှတ်နေကုန်၏၊ သတိရှိကုန်၏၊ ဆင်ခြင်ဉာဏ်ရှိကုန်၏၊ တည်ကြည်ကုန်၏၊ စိတ်မလေလွင့်ကုန်၊ ပညာရှိကုန်၏၊ မဆိုင်းမအကုန်၊ ထိုအမျိုးသားတို့သည် အချင်သာရိပုတြာ၏ ဤတရားဒေသနာကို နာကြားကြကုန်၍—

"အသျှင်တို့ ကောင်းလှပေစွ၊ အသျှင်သာရိပုတြာသည် သီတင်းသုံးဖော်တို့ကို အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ဘည်စေတိ၏ဟု (အမြိုက်အံ့ရသာကို သောက်ကုန်ဘိသကဲ့သို့ရင်း၊ သုခဘုတ်ကို စားကုန်ဘိသကဲ့သို့ရင်း) နှုတ်ရေစိတ်ပါ သောက်ကြ စားကြ လေယောင်တကား" ဟု လျှောက်ကြား၏။

ဤသို့လျှင် ထို (အဂ္ဂသာဝက) ရဟန္တာကြီး နှစ်ပါးတို့သည် အချင်းချင်း ကောင်းစွာဟော ပြောသော စကားကို ဝမ်းမြောက်ကြ လေကုန်သတည်း။

ငါးခုမြောက် အနင်္ဂဏသုတ် ပြီး၏။

## ၆-အာကင်္ခေယျသုတ်

၆၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား"ဟုပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဟောကြားတော်မူ၏။

ရဟန်းတို့ သီလနှင့်ပြည့်စုံ ပါတိမောက်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်လော့၊ ပါတိမောက္ခသီလကို စောင့်စည်းလျက် အာစာရသီလ ဂေါစရသီလတို့နှင့် ပြည့်စုံကြကုန်သည် ဖြစ်၍ နေကြကုန်လော့၊ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုလေ့ ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်လျက် ကျင့်ကြကုန်လော့။

၆၅။ ရဟန်းတို့ ရဟန်းသည် "သီတင်းသုံးဖော်တို့၏ ချစ်ခင်အပ်သူ မြတ်နိုးအပ်သူ လေးစားအပ်သူ ချီးမွမ်းအပ်သူ ဖြစ်လို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ မိမိ၏ စိတ်ကို ငြိမ်သက်အောင် ကြိုးစားသူ (ကမ္မဋ္ဌာန်း) ရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို[၁] တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁)

ရဟန်းတို့ ရဟန်းသည် "သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို ရသူ ဖြစ်လို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ မိမိ၏ စိတ်ကို ငြိမ်သက်အောင်ကြိုးစားသူ (ကမ္မဋ္ဌာန်း) ရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၂)

---

၁-ဆိတ်ငြိမ်ရာအရပ်၌ဖြစ်သော ကမ္မဋ္ဌာန်းတို့ကို

http://www.dhammadownload.com



ရဟန်းတို့ ရဟန်းသည် “ငါသည် အကြင်ပုဂ္ဂိုလ်တို့၏ သင်္ကန်း ဆွမ်း (ကျောင်း) အိပ်ရာ နေရာ သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ကို သုံးဆောင်၏၊ ထိုပုဂ္ဂိုလ်တို့၏ ထိုဒါန ပြုခြင်းတို့သည် ကြီးမြတ်သော အကျိုးအာနိသင် ရှိကြပါစေ” ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ မိမိ၏ စိတ်ငြိမ်သက်အောင် ကြိုးစားသူ (ကမ္မဋ္ဌာန်း) ရှုမှုကို ပစ်ပယ် မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၃)

ရဟန်းတို့ ရဟန်းသည် “သေ၍ ပြိတ္တာဖြစ်နေကြသော ငါ၏ အကြင်ဆွေမျိုးသားချင်းတို့ သည် ငါ့ကို ကြည်ညိုစိတ်ဖြင့် အောက်မေ့ကြကုန်၏၊ ထိုဆွေမျိုးသားချင်းတို့၏ ထိုကြည်ညိုစိတ် ဖြင့် အောက်မေ့မှုသည် ကြီးမြတ်သော အကျိုးအာနိသင်ရှိပါစေ”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ မိမိ၏ စိတ်ငြိမ်သက်အောင် ကြိုးစားသူ (ကမ္မဋ္ဌာန်း) ရှုမှုကို ပစ်ပယ် မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၄)

၆၆။ ရဟန်းတို့ ရဟန်းသည် “မပျော်မွေ့မှု ပျော်မွေ့မှုတို့ကို နှိပ်နင်းသူ ဖြစ်ရလို၏၊ ငါ့ကို မပျော်မွေ့မှုသည် မနှိပ်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် မပျော်မွေ့မှုကို ဖိနှိပ်၍ ဖိနှိပ်၍ နေလို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါး စေသူသာလျှင် ဖြစ်ရာ၏။ (၅)

ရဟန်းတို့ ရဟန်းသည် “ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို နှိမ်နင်းသူ ဖြစ်ရလို၏၊ ငါ့ကို ကြောက်ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်သည် မနှိုင်နင်းစေရာ၊ ဖြစ်ပေါ်လာသည့် ကြောက် ရွံ့ခြင်းနှင့် ကြောက်မက်ဖွယ်ကို ဖိနှိပ်၍ ဖိနှိပ်၍ နေလို၏” ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလ တို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၆)

ရဟန်းတို့ ရဟန်းသည် “အထူး စင်ကြယ်သော စိတ်ကြောင့် ဖြစ်သည့် မျက်မှောက် ချမ်းသာစွာ နေရေးဟူသော (ရူပါဝစရ) စျာန်လေးပါးတို့ကို အလိုရှိတိုင်းရသူ မငြိုမငြင်ရသူ မပင်မပန်းရသူ ဖြစ်ရလို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ် ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၇)

ရဟန်းတို့ ရဟန်းသည် “ရုပ်တို့ကို လွန်မြောက်ခြင်းကြောင့် အေးမြသော အရူပဖြစ်သည့် ဝိမောက္ခ (စျာန်)တို့ကို (နာမ်) ကိုယ်ဖြင့် ထိရောက်၍ နေလို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင်ဖြစ်ရာ၏။ (၈)

၆၇။ ရဟန်းတို့ ရဟန်းသည် “သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်လို၏”ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၉)

ရဟန်းတို့ ရဟန်းသည် “သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်း ကြောင့်၎င်း တပ်မက်ခြင်း ‘ရာဂ’ ကြမ်းတမ်းပြစ်မှားခြင်း ‘ဒေါသ’ တွေဝေခြင်း ‘မောဟ’ တို့၏

http://www.dhammadownload.com



ခေါင်းပါးခြင်းကြောင့်ရှင်း ဤ(လူ) လောကသို့ တကြိမ်သာ လာ၍ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်လို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ မိမိစိတ်ကို ငြိမ်သက်အောင် ကြိုးစားသူ ကမ္မဋ္ဌာန်း ရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၀)

ရဟန်းတို့ ရဟန်းသည် "အောက် (ကာမဘုံ) ၌ (ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဗြဟ္မာဘုံ၌) ဥပပတ်ပဋိသန္ဓေ နေ၍ ထို(ဘုံ)၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသူ ဖြစ်ရလို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၁)

၆၈။ ရဟန်းတို့ ရဟန်းသည် "များပြားသော တန်ခိုးကို ဖန်ဆင်းလို၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်လို၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လို၏၊ ကိုယ်ထင်ရှားဖြစ်စေလို၏၊ ကိုယ်ပျောက်စေလို၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလို၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုလို၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလို၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားလို၏၊ ဤမျှ တန်ခိုးကြီး၍ ဤမျှ အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုပင် လက်ဖြင့် သုံးသပ်လို၏၊ ဆုပ်ကိုင်လို၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေလို၏"ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ(ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၂)

ရဟန်းတို့ ရဟန်းသည် "လူတို့၏ နားထက် သာလွန်သော အထူးသဖြင့် စင်ကြယ်သည့် နတ်တို့၏နားနှင့်တူသော နား 'ဒိဗ္ဗသောတဉာဏ်'ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားလို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ ဆိတ်ငြိမ်ရာ(ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၃)

ရဟန်းတို့ ရဟန်းသည် "တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိလို၏၊ တပ်မက်ခြင်းနှင့် တကွသော စိတ်ကိုလည်း တပ်မက်ခြင်းနှင့် တကွသော စိတ်ဟု သိလို၏၊ တပ်မက်ခြင်းကင်းသော စိတ်ကိုလည်း တပ်မက်ခြင်းကင်းသော စိတ်ဟု သိလို၏၊ အမျက်ထွက်ခြင်းနှင့် တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်းနှင့်တကွသော စိတ်ဟု သိလို၏၊ အမျက်ထွက်ခြင်းကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း ကင်းသော စိတ်ဟု သိလို၏၊ တွေဝေခြင်းနှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်းနှင့်တကွသော စိတ်ဟု သိလို၏၊ တွေဝေခြင်း ကင်းသော စိတ်ကိုလည်း တွေဝေခြင်းကင်းသော စိတ်ဟု သိလို၏၊ ကျုံ့သော စိတ်ကိုလည်း ကျုံ့သောစိတ်ဟု သိလို၏၊ ပျံ့သော စိတ်ကိုလည်း ပျံ့သောစိတ်ဟု သိလို၏၊ မဟဂ္ဂုတ်စိတ်ကိုလည်း မဟဂ္ဂုတ်စိတ်ဟု သိလို၏၊ မဟဂ္ဂုတ်မဟုတ်သော စိတ်ကိုလည်း မဟဂ္ဂုတ်မဟုတ်သော စိတ်ဟု သိလို၏၊ သာလွန်သော တရားရှိသော စိတ်ကိုလည်း သာလွန်သော တရားရှိသော စိတ်ဟု သိလို၏၊ သာလွန်သော တရားမရှိသော စိတ်ကိုလည်း သာလွန်သော တရားမရှိသော စိတ်ဟု သိလို၏၊

http://www.dhammadownload.com



တည်ကြည်သော စိတ်ကိုလည်း တည်ကြည်သော စိတ်ဟု သိလို၏၊ မတည်ကြည်သော စိတ်ကိုလည်း မတည်ကြည်သော စိတ်ဟု သိလို၏၊ လွတ်မြောက်သော စိတ်ကိုလည်း လွတ်မြောက်သော စိတ်ဟု သိလို၏၊ မလွတ်မြောက်သော စိတ်ကိုလည်း မလွတ်မြောက်သော စိတ်ဟု သိလို၏" ဟု အကယ်၍တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၄)

ရဟန်းတို့ ရဟန်းသည် "များပြားသော ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၏၊ ဤသည်ကား အဘယ်နည်း။

> တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသောဖြစ်ကပ်တို့ကိုင်း များပြားသောပျက်ကပ်ဖြစ်ကပ်တို့ကိုင်း 'ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သောအမည်ရှိခဲ့၏၊ ဤသို့သောအနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲခံစားခြင်းရှိခဲ့၏၊ ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏။ ထို(ငါ) သည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည် ဤသို့သောအနွယ် ဤသို့သောအဆင်း ဤသို့သောအစာ ဤသို့သောချမ်းသာဆင်းရဲ ခံစားခြင်း ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏' ဟု ဤသို့အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသောရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကို ဖြည့်ကျင့်သူ။ပ။ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၅)

ရဟန်းတို့ ရဟန်းသည် "လူတို့၏ မျက်စိထက်သာလွန်သော အထူးသဖြင့် စင်ကြယ်သည့် နတ်မျက်စိနှင့် တူသောမျက်စိ 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်လို၏၊ ကံအလျောက် ဖြစ်သောသတ္တဝါတို့ကို မြင်လို၏၊ 'အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်' နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'တို့နှင့် ပြည့်စုံ၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသော ကံရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်' နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်'ဝစီသုစရိုက်' စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်' တို့နှင့်ပြည့်စုံကုန်၏၊ အရိယာတို့ကိုမစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ) တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာနတ်ပြည်သို့ ရောက်ကုန်၏' ဟု

http://www.dhammadownload.com



ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့် တူသော်မျက်စိ 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသော်သတ္တဝါ အဆင်းမလှသော်သတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါ တို့ကို မြင်လို၏၊ ကံအလျောက်ဖြစ်သောသတ္တဝါ တို့ကိုသိလို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကိုသာလျှင် ဖြည့်ကျင့်သူဖြစ်ရာ၏။ပ။ဆိတ်ငြိမ်ရာ (ကျောင်း) တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၆)

၆၉။ ရဟန်းတို့ ရဟန်းသည် "အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေလို၏" ဟု အကယ်၍ တောင့်တခဲ့ပါမူ သီလတို့ကိုသာလျှင် ဖြည့်ကျင့်သူ မိမိ၏စိတ်ကို ငြိမ်အောင်ကြိုးစားသူ ကမ္မဋ္ဌာန်းရှုမှုကို ပစ်ပယ်မထားသူ ဝိပဿနာနှင့် ပြည့်စုံသူ ဆိတ်ငြိမ်ရာ (ကျောင်း)တို့ကို တိုးပွါးစေသူသာလျှင် ဖြစ်ရာ၏။ (၁၇)

"ရဟန်းတို့ သီလနှင့်ပြည့်စုံ ပါတိမောက်နှင့်ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်လော့၊ ပါတိမောက္ခသီလကို စောင့်စည်းလျက် အာစာရသီလ ဂေါစရသီလတို့နှင့်ပြည့်စုံကုန်သည်ဖြစ်၍ နေကြကုန်လော့၊ အနည်းငယ်မျှသောအပြစ်တို့၌ ဘေးဟုရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ကောင်းစွာ ဆောက်တည်လျက် ကျင့်ကြကုန်လော့" ဟု ဟောခဲ့သောစကားသည် ဤသည်ကိုစွဲ၍ ဟောကြားတော်မူခြင်းဖြစ်၏ဟု—

မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ခြောက်ခုမြောက် အာကင်္ခေယျသုတ် ပြီး၏။

---

## ၇-ဝတ္ထသုတ်

၇၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား ညစ်နွမ်းသော အညစ်အကြေးကပ်စွဲနေသော အဝတ်ကို ဆေးဆိုးသမားသည် အညိုရောင်အတွက်ဖြစ်စေ အရွှေရောင်အတွက်ဖြစ်စေ အနီရောင်အတွက်ဖြစ်စေ မောင်းသောအရောင်အတွက်ဖြစ်စေ အကြင်အကြင်သို့သောဆိုးရည်၌ ထည့်ခဲ့လျှင် မကောင်းသော အရောင် မစင်ကြယ်သော အရောင်သာလျှင် ဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊

http://www.dhammadownload.com



ရဟန်းတို့ အဝတ်မစင်ကြယ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် စိတ်ညစ်နွမ်းခဲ့သော် မကောင်းသောလားရာ 'ဂတိ' ကို အလိုရှိအပ်၏။

ရဟန်းတို့ ဥပမာသော်ကား စင်ကြယ်ဖြူဖွေးသောအဝတ်ကို ဆေးဆိုးသမားသည် အညိုရောင်အတွက်ဖြစ်စေ အဝါရောင်အတွက်ဖြစ်စေ အနီရောင်အတွက်ဖြစ်စေ မောင်းသောအရောင်အတွက်ဖြစ်စေ အကြင်အကြင်သို့သော ဆိုးရည်၌ထည့်ခဲ့လျှင် ကောင်းစွာစွဲသောအရောင် စင်ကြယ်သောအရောင်သာလျှင် ဖြစ်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ အဝတ်စင်ကြယ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် စိတ်မညစ်နွမ်းခဲ့သော် ကောင်းသောလားရာ 'ဂတိ'ကို အလိုရှိအပ်၏။

၇၁။ ရဟန်းတို့ စိတ်ညစ်ညူးကြောင်းတရားတို့ကား အဘယ်တို့နည်း။ (သူတပါးစည်းစိမ်ကို) ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း 'ဝိသမလောဘ' သည်စိတ်၏ ညစ်ညူးကြောင်းတည်း၊ သူတပါးပျက်စီးစေလိုခြင်း 'ဗျာပါဒ' အမျက်ထွက်ခြင်း 'ကောဓ' ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ' ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ' ဂုဏ်ပြိုင်ခြင်း 'ပဠာသ' ငြူစူခြင်း 'ဣဿာ' ဝန်တိုခြင်း 'မစ္ဆရိယ' လှည့်ပတ်ခြင်း 'မာယာ' စဉ်းလဲခြင်း 'သာဌေယျ' စိတ်ခက်ထန်ခြင်း 'ထမ္ဘ' ချုတ်ချယ်ခြင်း 'သာရမ္ဘ' မောက်မော်ခြင်း 'မာန' အလွန်မောက်မော်ခြင်း 'အတိမာန' မာန်ယစ်ခြင်း 'မဒ' သတိမေ့လျော့ခြင်း 'ပမာဒ' သည် စိတ်၏ ညစ်ညူးကြောင်းတည်း။

၇၂။ ရဟန်းတို့ ရဟန်းသည် (သူတပါးစည်းစိမ်ကို) ရှေးရှုကြံစည်ခြင်း'အဘိဇ္ဈာ'မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း 'ဝိသမလောဘ' ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ သူတပါးပျက်စီးစေလိုချင်း'ဗျာပါဒ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ အမျက်ထွက်ခြင်း'ကောဓ' ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ ရန်ငြိုးဖွဲ့ခြင်း'ဥပနာဟ' ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ ဂုဏ်ပြိုင်ခြင်း'ပဠာသ'ကို စိတ်ညစ်ညူးကြောင်းဟု သိ၍ ပယ်စွန့်၏။ ငြူစူခြင်း'ဣဿာ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ ဝန်တိုခြင်း'မစ္ဆရိယ' ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ လှည့်ပတ်ခြင်း'မာယာ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ စဉ်းလဲခြင်း 'သာဌေယျ' ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ စိတ်ခက်ထန်ခြင်း 'ထမ္ဘ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ ချုတ်ချယ်ခြင်း'သာရမ္ဘ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ မောက်မော်ခြင်း 'မာန'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ အလွန်မောက်မော်ခြင်း 'အတိမာန'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ မာန်ယစ်ခြင်း'မဒ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။ သတိမေ့လျော့ခြင်း'ပမာဒ'ကို စိတ်ညစ်ညူးကြောင်းဟုသိ၍ ပယ်စွန့်၏။

၇၃။ ရဟန်းတို့ အကြင်ရဟန်းအား (သူတပါးစည်းစိမ်ကို) ရှေးရှုကြံစည်ခြင်း'အဘိဇ္ဈာ'မသင့်လျော်ရာ၌ လိုချင်တပ်မက်ခြင်း'ဝိသမလောဘ'ကို စိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီး ဖြစ်၏။ သူတပါးပျက်စီးစေလိုခြင်း 'ဗျာပါဒ'ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီး ဖြစ်၏။ အမျက်ထွက်ခြင်း 'ကောဓ'ကို စိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။ ရန်ငြိုးဖွဲ့ခြင်း'ဥပနာဟ'ကို စိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။ ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း'မက္ခ'ကို စိတ်ညစ်ညူးကြောင်းဘည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။ ဂုဏ်ပြိုင်ခြင်း'ပဠာသ'ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ ငြူစူခြင်း 'ဣဿာ' ကို စိတ်ညစ်ညူးကြောင်း

http://www.dhammadownload.com



တည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ ဝန်တိုခြင်း 'မစ္ဆရိယ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။လှည့်ပတ်ခြင်း 'မာယာ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ စဉ်းလဲခြင်း 'သာဌေယျ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ စိတ်ခက်ထန်ခြင်း'ထမ္ဘ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ ချုတ်ချယ်ခြင်း 'သာရမ္ဘ' ကို စိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။မောက်မော်ခြင်း မာနကိုစိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။ အလွန်မောက်မော်ခြင်း 'အတိမာန' ကို စိတ်ညစ်ညူးကြောင်းတည်းဟုသိ၍ ပယ်စွန့်ပြီးဖြစ်၏။ မာန်ယစ်ခြင်း 'မဒ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။ သတိမေ့လျော့ခြင်း 'ပမာဒ' ကို စိတ်ညစ်ညူးကြောင်းတည်းဟု သိ၍ ပယ်စွန့်ပြီးဖြစ်၏။

၇၄။ ထို (ရဟန်း) သည် မြတ်စွာဘုရား၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသောအကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု (မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။)

တရားတော်၌ ဉာဏ်ဖြင့်သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

"မြတ်စွာဘုရား ကောင်းစွာဟောထားသော တရားတော်သည် ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့်အကျိုးကို ပေးတတ်သော တရားတော်ပါပေတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊(မိမိကိုယ်ထဲ စိတ်ထဲ၌) ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု(ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။

သံဃာတော်၌ ဉာဏ်ဖြင့် သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

"မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ကောင်းသောအကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား'သာဝက' သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏တပည့်သား သံဃာတော်သည် မှန်သော

http://www.dhammadownload.com



အကျင့် ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊ အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည်(အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏”ဟု (ဉာဏ်ဖြင့် သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။

၇၅။ ထိုရဟန်းသည် ပိုင်းခြားထားတိုင်းသော ကိလေသာကို စွန့်ပစ်ပြီးဖြစ်၏၊ ထွေးအန်ပြီးဖြစ်၏၊ လွတ်ကင်းပြီးဖြစ်၏၊ ပယ်ရှင်းပြီးဖြစ်၏၊ တဖန်ပယ်စွန့်ပြီးဖြစ်၏။ ထိုရဟန်းသည်“ငါသည် မြတ်စွာဘုရား၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏”ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း တရားကိုသိခြင်း တရားနှင့်စပ်သော ဝမ်းသာခြင်းကို ရ၏၊ ဝမ်းသာသောရဟန်းအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်စိတ်ရှိသော ရဟန်းအား ကိုယ်သည် အေးမြ၏၊ ကိုယ်အေးမြသော ရဟန်းသည် ချမ်းသာမှုကို ခံစားရ၏၊ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

“ငါသည် တရားတော်၌။ပ။ငါသည် သံဃာတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့်ပြည့်စုံ၏”ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း တရားကိုသိခြင်း တရားနှင့်စပ်သောဝမ်းသာခြင်းကိုရ၏၊ဝမ်းသာသော ရဟန်းအား နှစ်သက်ခြင်းဖြစ်၏၊နှစ်သက်စိတ်ရှိသောရဟန်းအား ကိုယ်အေးမြ၏၊ ကိုယ်အေးမြသောရဟန်းသည် ချမ်းသာမှုကို ခံစားရ၏၊ ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

(ထိုရဟန်းသည်) “ငါသည် ပိုင်းခြားထားတိုင်းသော ကိလေသာကို စွန့်ပစ်ပြီးဖြစ်၏၊ ထွေးအန်ပြီးဖြစ်၏၊ လွတ်ကင်းပြီးဖြစ်၏၊ ပယ်ရှင်းပြီးဖြစ်၏၊တဖန် ပယ်စွန့်ပြီးဖြစ်၏”ဟု အနက်အဓိပ္ပါယ်ကိုသိခြင်း တရားကိုသိခြင်း တရားနှင့်စပ်သော ဝမ်းသာခြင်းကိုရ၏၊ ဝမ်းသာသော ရဟန်းအား နှစ်သက်ခြင်းဖြစ်၏၊နှစ်သက်စိတ်ရှိသော ရဟန်းအား ကိုယ်အေးမြ၏၊ကိုယ်အေးမြသောရဟန်းသည် ချမ်းသာမှုကို ခံစားရ၏၊ချမ်းသာမှုရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

၇၆။ ရဟန်းတို့ ဤသို့သောအလေ့အကျင့် ဤသို့သောသဘော ဤသို့သောပညာရှိသော ရဟန်းသည် ဆန်မည်းကိုရွေးချယ်ထားသော သလေးဆွမ်းနှင့် များစွာသောဟင်း စားမဲဟင်းလျာကို အကယ်၍သုံးဆောင်စေကာမူ ထိုသုံးဆောင်ခြင်းသည် ထိုရဟန်းအား (မဂ်ဖိုလ်၏) အန္တရာယ် မဖြစ်နိုင်ချေ။ ရဟန်းတို့ ဥပမာသော်ကား ညစ်နွမ်းသော အညစ်အကြေး ကပ်စွဲနေသောအဝတ်သည် ကြည်လင်သောရေကို အကြောင်းပြု၍ စင်ကြယ်ဖြူဖွေးသကဲ့သို့ငှင်း ရွှေသည် မိုက်ဝကိုအကြောင်းပြု၍ အညစ်အကြေး စင်ကြယ်ဝင်းလက်သကဲ့သို့ငှင်း ဤအတူပင် ဤသို့သော အလေ့အကျင့် ဤသို့သောသဘော ဤသို့သောအသိပညာရှိသော ရဟန်းသည် ဆန်မည်းကို ရွေးချယ်ထားသော သလေးဆွမ်းနှင့် များစွာသောဟင်း စားမဲဟင်းလျာကို အကယ်၍ သုံးဆောင်စေကာမူ ထိုသုံးဆောင်ခြင်းသည် ထိုရဟန်းအား(မဂ်ဖိုလ်)၏အန္တရာယ် မဖြစ်နိုင်ချေ။

၇၇။ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေလျက်နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။ သုံးခုမြောက်အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေလျက်နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာ

http://www.dhammadownload.com



အလုံးစုံတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက်နေ၏။ ကရုဏာနှင့် ယှဉ်သောစိတ်ဖြင့်။ပ။မုဒိတာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပြန့်နှံ့စေလျက်နေ၏။ထို့အတူ နှစ်ခုမြောက်အရပ်မျက်နှာကို။သုံးခုမြောက်အရပ်မျက်နှာကို။လေးခုမြောက်အရပ်မျက်နှာကို ပြန့်နှံ့စေလျက်နေ၏။ဤနည်းဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာ အလုံးစုံတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက်နေ၏။

၇၈။ ထိုရဟန်းသည် "ဤနာမ်ရုပ်တရားသည် ရှိ၏"ဟု ခွဲခြား၍သိ၏၊ "ယုတ်ညံ့သော (လောဘ)တရားသည် ရှိ၏"ဟု ခွဲခြား၍သိ၏၊ "မြတ်သော(အရိယာမဂ်)တရားသည် ရှိ၏"ဟု ခွဲခြား၍သိ၏၊ "ဤ(ငါရနေသော ဗြဟ္မဝိဟာရ)စိတ်ထက် သာလွန်သော ထွက်မြောက်ရာ (နိဗ္ဗာန်)တရားသည် ရှိ၏"ဟု ခွဲခြား၍သိ၏။ဤသို့သိသော ဤသို့မြင်သော ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏။လွတ်မြောက်ပြီးလတ်သော် "လွတ်မြောက်လေပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ"ဟု သိ၏။

ရဟန်းတို့ ဤရဟန်းကို အတွင်း၌ဖြစ်သော ရေချိုးခြင်းဖြင့် ရေးချိုးပြီးသောရဟန်းဟု ခေါ်ဆိုရ၏ဟု(မိန့်တော်မူ၏)။

၇၉။ ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား၏အနီး၌ ထိုင်နေ၏။ ထိုအခါ သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအား—

အသျှင်ဂေါတမသည် ဗာဟုကာမြစ်သို့ ရေချိုးရန်သွားပါသလောဟု လျှောက်ထား၏။

ပုဏ္ဏား ဗာဟုကာမြစ်ဖြင့် အဘယ်အကျိုးရှိမည်နည်း။ဗာဟုကာမြစ်သည် အဘယ်(အကျိုး)ကို ပြုလုပ်နိုင်မည်နည်းဟု(မေးတော်မူ၏)။

အသျှင်ဂေါတမ ဗာဟုကာမြစ်သည်(ကိလေသာကို) ခေါင်းပါးစေတတ်၏ဟု လူအများက သမုတ်ထားပါ၏၊ အသျှင်ဂေါတမ ဗာဟုကာမြစ်သည် (ကိလေသာကို) စင်ကြယ်စေတတ်၏ဟု လူအများက သမုတ်ထားပါ၏၊ လူအများသည် ပြုပြီးသော မကောင်းမှုကို ဗာဟုကာမြစ်၌ မျှောကြပါ၏ဟု(လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် သုန္ဒရိကဘာရဒွါဇပုဏ္ဏားကို ဂါထာတို့ဖြင့် ဟောကြားတော်မူ၏။

ပုဏ္ဏား ဗာဟုကာမြစ်သို့ရင်း အဓိကက္ကဆိပ်သို့ရင်း ဂယာဆိပ်သို့ရင်း သုန္ဒရိကမြစ်သို့ရင်း သရဿတီမြစ်သို့ရင်း ပယာဂဆိပ်သို့ရင်း ဗာဟုမတီမြစ်သို့ရင်း မည်းညစ်သောကံရှိသောသူမိုက်သည် အမြဲပင် ဝင်ရောက်ချိုးသုံးသော်လည်း မစင်ကြယ်နိုင်ချေ။

http://www.dhammadownload.com



သုန္ဒရိက မြစ်သည် အဘယ်ကိုပြုလုပ်နိုင်မည်နည်း၊ ပယာဂဆိပ်နှင့် ဗာဟုကာမြစ်သည် အဘယ်ကို ပြုလုပ်နိုင်မည်နည်း၊ ရန်ရှိသော ကြမ်းကြုတ်သည့်အမှုကို ပြုလုပ်ထားသော မကောင်းမှုကံရှိသူကို မသုတ်သင်နိုင်ချေ။

(ကိလေသာ)စင်ကြယ်သူအား ဗြဂ္ဂုနီနက္ခတ်ကောင်းကြုံလျက် ရှိ၍ အခါခပ်သိမ်း ဥပုသ်စောင့်သုံးပြီး ဖြစ်နေ၏။ စင်ကြယ်သော သန့်ရှင်းသောအမှု ရှိသူအား ကျင့်ဝတ်သည် အခါခပ်သိမ်း ပြည့်စုံသည်သာတည်း၊ ပုဏ္ဏား ဤသာသနာ တော်၌သာ ရေချိုးလော့၊သတ္တဝါအားလုံးတို့၌ ဘေးကင်းသည်ကို ပြုလော့။

(သင်သည်)အကယ်၍ မဟုတ်မမှန် မပြောဆိုအံ့၊အသက်ကို မသတ်ဖြတ်အံ့၊ မပေး သည်ကို မယူအံ့၊ ယုံကြည်သူ ဝန်မတိုသူ ဖြစ်ခဲ့အံ့။

ဂယာဆိပ်သို့သွား၍ အဘယ်ကို ပြုလုပ်မည်နည်း၊ ရေတွင်းသည်လည်း သင့်အတွက် ဂယာဆိပ်ပင်ဖြစ်ပေ၏ဟု(မိန့်တော်မူ၏)။

၈၀။ ဤသို့ ဟောကြားတော် မူလတ်သော် သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာ ဘုရားအား—

အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ(တရား တော်သည်)အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည် သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း "မျက်စိအမြင်ရှိသောသူတို့သည် အဆင်း တို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင် ဂေါတမ ဤအတူသာလျှင် မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏၊အသျှင်ဂေါတမ အကျွန်ုပ်သည်—

"အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါ၏၊သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင် ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမ၏အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏"ဟု လျှောက်ထား၏။

သုန္ဒရိကဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်၌ ရှင်အဖြစ်ကိုရ၏၊ရဟန်းအဖြစ်ကို ရ၏။ရဟန်းဖြစ်၍ မကြာမီ အသျှင်ဘာရဒွါဇသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့ မလျော့ ပြင်းထန်စွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စိတ်ကို စေလွှတ်၍ နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ အသျှင်ဘာရဒွါဇ သည် မကြာမီ ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍ နေ၏။ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ"ဟု သိ၏၊ အသျှင်ဘာရဒွါဇသည် ရဟန္တာတို့တွင် တပါး (အပါအဝင်) ဖြစ်တော်မူလေသတည်း။

ခုနစ်ခုမြောက် ဝတ္ထသုတ် ပြီး၏။

http://www.dhammadownload.com



## ဂ-သလ္လေခသုတ်

၈၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မဟာစုန္ဒသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အတ္တအယူဝါဒနှင့်ငြင်း လောကအယူဝါဒနှင့်ငြင်း စပ်သော ဤမိစ္ဆာဒိဋ္ဌိအမျိုးမျိုးတို့သည် လောက၌ ထင်ရှားဖြစ်ပေါ်ပါကုန်၏။ အသျှင်ဘုရား နှလုံးသွင်းသော ရဟန်းအား နှလုံးသွင်းစ၌ပင် ဤမိစ္ဆာဒိဋ္ဌိတို့ကို ပယ်ခြင်း စွန့်ခြင်းသည် ဖြစ်နိုင်ပါသလော"ဟု လျှောက်၏။

၈၂။ စုန္ဒ အတ္တအယူဝါဒနှင့်ငြင်း လောကအယူဝါဒနှင့်ငြင်း စပ်သော ဤမိစ္ဆာဒိဋ္ဌိအမျိုးမျိုး တို့သည် လောက၌ ထင်ရှားဖြစ်ပေါ်ကုန်၏။ ဤမိစ္ဆာဒိဋ္ဌိတို့သည် ခန္ဓာငါးပါး၌ ဖြစ်ပေါ်လာကုန်၏၊ ကိန်းဝပ်နေကုန်၏။ ဖြစ်ပွါးနေကုန်၏၊ ထိုခန္ဓာငါးပါးကို "ဤခန္ဓာငါးပါးသည် ငါ့ဥစ္စာ မဟုတ်၊ ဤခန္ဓာငါးပါးသည် ငါမဟုတ်၊ ဤခန္ဓာငါးပါးသည် ငါ့အတ္တမဟုတ်"ဟု ဤသို့သော အခြင်းအရာအားဖြင့် ဟုတ်မှန်သောအတိုင်း မှန်ကန်သော ပညာဖြင့် ရှုမြင်သော သူအား ဤမိစ္ဆာဒိဋ္ဌိတို့ကို ပယ်ခြင်း စွန့်ခြင်းသည် ဖြစ်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာ ခြင်း 'သုခ'ရှိသော ပဌမစျာန်ကို ဝင်စား၍ နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံအစည် ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ ဤစျာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ်မခေါ် ဆိုရကုန်၊ ဤစျာန်တရားတို့ကို မျက်မှောက်ချမ်းသာစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သောရဟန်းသည် ကြံစည်ခြင်း'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်ကို ဝင်စား၍ နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့် နေ၏"ဟု စိတ်အကြံအစည် ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ ဤစျာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာခေါင်းပါးရေး တရားတို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤစျာန် သမာပတ်တရားတို့ကို မျက်မှောက်ချမ်းသာစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သောရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက် ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေ၏၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ

http://www.dhammadownload.com



သည်ဖြစ်၍ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အရိယာပုဂ္ဂိုလ်တို့သည် အကြင် တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု ပြောကြား ကုန်၏၊ ထိုတတိယဈာန်ကို ဝင်စားရ၍နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာခေါင်းပါးခြင်း ဖြင့်နေ၏"ဟု စိတ်အကြံ အစည်ဖြစ်ရာသောအကြောင်းသည် ရှိပေ၏။ စုန္ဒ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤဈာန် တရားတို့ကို မျက်မှောက်ချမ်းသာစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်း ကြောင့် ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း 'သော မနဿ' နှလုံးမသာခြင်း 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ် ချမ်းသာ လည်း မဟုတ်သော လျစ်လျူရှုမှုကြောင့်ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်ကို ဝင်စားရ၍ နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့်နေ၏"ဟု စိတ်အကြံ အစည်ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤဈာန်တရားတို့ကို မျက်မှောက် ချမ်းသာစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့လုံးဝ ချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်)အာကာသာနဉ္စာယတန ဈာန်ကို ဝင်စားရ၍ နေရာ၏၊ ထိုရဟန်း အား"ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့်နေ၏"ဟု စိတ်အကြံအစည်ဖြစ်ရာသော အကြောင်း သည်ရှိပေ၏။ စုန္ဒ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရား တို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤဈာန်တရားတို့ကို ငြိမ်းချမ်းစွာ နေရရေးတရားတို့ဟု ခေါ်ဆို ရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သောရဟန်းသည် အာကာသာနဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားရ၍နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာ ခေါင်းပါးခြင်းဖြင့်နေ၏" ဟု စိတ်အကြံ အစည်ဖြစ်ရာသော အကြောင်းသည် ရှိပေ၏။ စုန္ဒ ဤဈာန်သမာပတ် တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာခေါင်းပါးရေးတရားတို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤဈာန်သမာပတ် တရားတို့ကို ငြိမ်းချမ်းစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဝိညာဏဉ္စာယတန ဈာန်ကို လုံးဝလွန် မြောက်၍ "တစုံတခုမျှ မရှိ" ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန ဈာန်ကို ဝင်စားရ၍ နေရာ၏၊ ထိုရဟန်းအား "ငါသည် ကိလေသာခေါင်းပါးခြင်းဖြင့်နေ၏"ဟု စိတ်အကြံ အစည်ဖြစ် ရာသောအကြောင်းသည် ရှိပေ၏။ စုန္ဒ ဤဈာန် သမာပတ်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာခေါင်းပါးရေးတရားတို့ဟု စင်စစ်မခေါ်ဆိုရကုန်၊ ဤဈာန်သမာပတ်တရားတို့ကို ငြိမ်း ချမ်းစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

စုန္ဒ ဤသာသနာတော်၌ အချို့သော ရဟန်းသည် အာကိဉ္စညာယတန ဈာန်ကို လုံးဝ လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်ကို ဝင်စားရ၍နေရာ၏၊ ထိုရဟန်းအား "ငါသည်

http://www.dhammadownload.com



ကိလေသာ ခေါင်းပါးခြင်းဖြင့်နေ၏”ဟု စိတ်အကြံအစည်ဖြစ်ရသော အကြောင်းသည်ရှိပေ၏။ စုန္ဒ ဤဈာန်တရားတို့ကို အရိယာ၏ အဆုံးအမ၌ ကိလေသာ ခေါင်းပါးရေးတရားတို့ဟု စင်စစ် မခေါ်ဆိုရကုန်၊ ဤဈာန်သမာပတ်တရားတို့ကို ငြိမ်းချမ်းစွာ နေရရေးတရားတို့ဟု ခေါ်ဆိုရကုန်၏။

၈၃။ စုန္ဒ ဤဆိုလတ္တံ့သော အရာတို့၌ သင်တို့သည် ခေါင်းပါးခြင်းကိုပြုသင့်၏၊ အခြားသူတို့သည် ညှဉ်းဆဲတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မညှဉ်းဆဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အသက်သတ်ခြင်းကိုပြုသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ အသက်သတ်ခြင်းမှ ကြဉ်ရှောင်တတ်သူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် မပေးသည်ကို ယူတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်တတ်သူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မမြတ်သောအကျင့်ကို ကျင့်တတ်သူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မြတ်သောအကျင့်ကို ကျင့်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မဟုတ်မမှန် ပြောတတ်သူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မဟုတ်မမှန်ပြောခြင်းမှ ကြဉ်ရှောင်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ကုန်းစကားကို ပြောသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ကုန်းစကားမှ ကြဉ်ရှောင်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ကြမ်းသောစကားကို ပြောသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ကြမ်းသောစကားမှ ကြဉ်ရှောင်သူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် ပြိန်ဖျင်းသောစကားကို ပြောသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ပြိန်ဖျင်းသော စကား ပြောခြင်းမှ ကြဉ်ရှောင်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် (သူတပါး ပစ္စည်းဘဏ္ဍာကို) ရှေးရှုကြံစည်တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ရှေးရှုမကြံစည်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့ ဖျက်ဆီးလိုသောစိတ် ရှိကြသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဖျက်ဆီးလိုသောစိတ် မရှိကြသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အယူရှိကြသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အယူရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အကြံအစည် ရှိကြသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အကြံအစည်ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော စကားရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော စကားရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အမှုရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အမှုရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အသက်မွေးမှုရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အသက်မွေးမှု ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော လုံ့လ ရှိကြသူတို့ ဖြစ်ကြသော်လည်း။ ငါတို့ကား ဤအရာ၌ မှန်ကန်သော လုံ့လရှိကြသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော အောက်မေ့ခြင်းရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော အောက်မေ့ခြင်း ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည်

http://www.dhammadownload.com



မှားယွင်းသော တည်ကြည်ခြင်း ရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော တည်ကြည်ခြင်း ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော ဉာဏ်ရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော ဉာဏ်ရှိကြသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မှားယွင်းသော လွတ်မြောက်ခြင်း ရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မှန်ကန်သော လွတ်မြောက်ခြင်း ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် လေးလံထိုင်းမှိုင်းခြင်း နှိပ်စက်ခံရသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ လေးလံထိုင်းမှိုင်းခြင်း ကင်းကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ပျံ့လွင့်သော စိတ် ရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ပျံ့လွင့်သောစိတ် မရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ယုံမှားတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ယုံမှားခြင်းကို လွန်မြောက်ကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အမျက်ထွက်လေ့ ရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ အမျက်ထွက်လေ့ မရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ရန်ငြိုးဖွဲ့တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ရန်ငြိုး မဖွဲ့တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဂုဏ်ကျေးဇူးကို မချေဖျက်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ဂုဏ်ပြိုင်တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဂုဏ်မပြိုင်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ငြူစူတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မငြူစူတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ဝန်တိုတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ဝန်မတိုတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် စဉ်းလဲတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မစဉ်းလဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။ အခြားသူတို့သည် လှည့်ပတ် တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မလှည့်ပတ်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ခက်ထန်တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ မခက်ထန်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အလွန် မောက်မာသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ အလွန်မမောက်မာသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အပြောအဆိုခက်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ အပြောအဆို လွယ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် ယုတ်မာသော မိတ်ဆွေရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ကောင်းသော မိတ်ဆွေရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် သတိမေ့လျော့သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ သတိမမေ့မလျော့သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် သဒ္ဓါတရား မရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ သဒ္ဓါတရား ရှိကြသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် အရှက်မရှိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ရှက်စိတ် ရှိသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မကြောက်လန့်တတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ကြောက်လန့်တတ်သူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို

http://www.dhammadownload.com



ပြုသင့်၏။ အခြားသူတို့သည် အကြားအမြင် မရှိကြသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား
ဤအရာ၌ အကြားအမြင် များသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြား
သူတို့သည် ပျင်းရိသူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ လုံ့လ စိုက်ထုတ်တတ်သူတို့
ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် သတိလွတ်သော သူတို့ဖြစ်ကြ
သော်လည်း ငါတို့ကား ဤအရာ၌ ထင်သောသတိ ရှိသူတို့ ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို
ပြုသင့်၏။အခြားသူတို့သည် ပညာမဲ့သူတို့ ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ ပညာနှင့်
ပြည့်စုံသူတို့ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကို ပြုသင့်၏။ အခြားသူတို့သည် မိမိအယူကို လွန်စွာ
စွဲလမ်းကာ မြဲမြံစွာ ယူကြကုန်လျက် ပြန်လည်မစွန့်လွှတ်နိုင်သူတို့ ဖြစ်ကြသော်လည်း ငါတို့
ကား ဤအရာ၌ မိမိအယူကို လွန်စွာမစွဲလမ်းပဲ မြဲမြံစွာမယူကြကုန်ပဲ ပြန်လည် စွန့်လွှတ်နိုင်သူတို့
ဖြစ်ကြကုန်အံ့ဟု ခေါင်းပါးခြင်းကိုပြုသင့်၏။

၈၄။ စုန္ဒ ငါဘုရားသည် ကုသိုလ်တရားတို့၌ စိတ်ဖြစ်ပေါ်ခြင်းမျှကိုလည်း ကျေးဇူးများ၏
ဟု ဟော၏၊ ကိုယ်ဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်စီမံစေခိုင်းခြင်း စသည်တို့၌ အဘယ်ဆိုဖွယ်
ရာ ရှိအံ့နည်း။ စုန္ဒ ထို့ကြောင့် အခြားသူတို့သည် ညှဉ်းဆဲတတ်သူတို့ ဖြစ်ကြသော်လည်း ငါတို့
သည် ဤအရာ၌ မညှဉ်းဆဲတတ်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကိုဖြစ်စေသင့်၏။ အခြားသူတို့သည်
အသက်သတ်ခြင်းကို ပြုသူတို့ဖြစ်ကြသော်လည်း ငါတို့ကား ဤအရာ၌ အသက်သတ်ခြင်းမှ
ကြဉ်ရှောင်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကို ဖြစ်စေသင့်၏။ပ။ အခြားသူတို့သည် မိမိအယူကို
လွန်စွာစွဲလမ်းကာ မြဲမြံစွာ ယူကြကုန်လျက် ပြန်လည် မစွန့်လွှတ်နိုင်သူတို့ ဖြစ်ကြသော်လည်း
ငါတို့ကား ဤအရာ၌ မိမိအယူကို လွန်စွာ မစွဲလမ်းပဲ မြဲမြံစွာ မယူကြကုန်ပဲ ပြန်လည် စွန့်လွှတ်
နိုင်သူတို့ ဖြစ်ကြကုန်အံ့ဟု စိတ်ကိုဖြစ်စေသင့်၏။

၈၅။ စုန္ဒ ဥပမာသော်ကား မညီညွတ်သောလမ်းရှိခဲ့သော် အခြားညီညွတ်သော လမ်းသည်
ထိုလမ်းကို ရှောင်လွှဲရန်ဖြစ်သကဲ့သို့ငှင်း စုန္ဒ ဥပမာတနည်းသော်ကား မညီညွတ်သော ဆိပ်ကမ်း
ရှိခဲ့သော် အခြားညီညွတ်သော ဆိပ်ကမ်းသည် ထိုဆိပ်ကမ်းကို ရှောင်လွှဲရန် ဖြစ်သကဲ့သို့ငှင်း စုန္ဒ
ဤအတူပင် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှဉ်းဆဲမှုသည် ရှောင်လွှဲရန်ဖြစ်၏။ အသက်သတ်
ခြင်းကိုပြုသော ပုဂ္ဂိုလ်အား အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုသည် ရှောင်လွှဲရန် လမ်းဖြစ်၏။
မပေးသည်ကို ယူတတ်သော ပုဂ္ဂိုလ်အား မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်
လွှဲရန်လမ်းဖြစ်၏။မမြတ်သောအကျင့်ကို ကျင့်တတ်သော ပုဂ္ဂိုလ်အား မမြတ်သော အကျင့်ကို
ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။မဟုတ်မမှန် ပြောတတ်သော ပုဂ္ဂိုလ်
အား မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ ကုန်းစကားကို
ပြောတတ်သော ပုဂ္ဂိုလ်အား ကုန်းစကားကိုပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲရန်လမ်း
ဖြစ်၏။ ကြမ်းသောစကားကို ပြောသောပုဂ္ဂိုလ်အား ကြမ်းသောစကားမှ ရှောင်ကြဉ်ခြင်းသည်
ရှောင်လွှဲရန် လမ်းဖြစ်၏။ ပြိန်ဖျင်းသောစကားကို ပြောတတ်သော ပုဂ္ဂိုလ်အား ပြိန်ဖျင်းသော
စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ (သူတပါးပစ္စည်းဘဏ္ဍာ
ကို) ရွေးရှူကြံစည်တတ်သော ပုဂ္ဂိုလ်အား (သူတပါးပစ္စည်းဘဏ္ဍာကို) ရှေးရှူမကြံစည်ခြင်းသည်
ရှောင်လွှဲရန်လမ်းဖြစ်၏။ဖျက်ဆီးလိုသော စိတ်ရှိသောပုဂ္ဂိုလ်အား ဖျက်ဆီးလိုသောစိတ် မရှိခြင်း
သည် ရှောင်လွှဲရန် လမ်းဖြစ်၏။မှားယွင်းသောအယူရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အယူသည်

http://www.dhammadownload.com



ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော အကြံအစည်ရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အကြံအစည်သည် ရှောင်လွှဲရန် လမ်းဖြစ်၏။ မှားယွင်းသော စကားရှိသော ပုဂ္ဂိုလ်အား မှန်ကန်သောစကားသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော အမှုရှိသောပုဂ္ဂိုလ်အား မှန်ကန်သော အမှုသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော အသက်မွေးမှု ရှိသောပုဂ္ဂိုလ်အား မှန်ကန်သော အသက်မွေးမှုသည် ရှောင်လွှဲရန်လမ်းဖြစ်၏။မှားယွင်းသော လုံ့လရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော လုံ့လသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော အောက်မေ့ခြင်းရှိသောပုဂ္ဂိုလ်အား မှန်ကန်သော အောက်မေ့ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော တည်ကြည်ခြင်း ရှိသောပုဂ္ဂိုလ်အား မှန်ကန်သော တည်ကြည်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ မှားယွင်းသော ဉာဏ်ရှိသော ပုဂ္ဂိုလ်အား မှန်ကန်သောဉာဏ်သည် ရှောင်လွှဲရန်လမ်းဖြစ်၏။မှားယွင်းသော လွတ်မြောက်ခြင်းရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော လွတ်မြောက်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ လေးလံထိုင်းမှိုင်းခြင်း အနှိပ်စက်ခံရသော ပုဂ္ဂိုလ်အား လေးလံထိုင်းမှိုင်းမှု ကင်းခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ ပျံ့လွင့်သောစိတ်ရှိသော ပုဂ္ဂိုလ်အား မပျံ့လွင့်သော စိတ်သည် ရှောင်လွှဲရန်လမ်းဖြစ်၏။ ယုံမှားတတ်သော ပုဂ္ဂိုလ်အား ယုံမှားခြင်းကို လွန်မြောက်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။အမျက်ထွက်လေ့ရှိသော ပုဂ္ဂိုလ်အား အမျက်မထွက်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ ရန်ငြိုးဖွဲ့တတ်သော ပုဂ္ဂိုလ်အား ရန်ငြိုးမဖွဲ့ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ဂုဏ်ကျေးဇူးကို ချေဖျက်သော ပုဂ္ဂိုလ်အား ဂုဏ်ကျေးဇူးကို မချေဖျက်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ ဂုဏ်ပြိုင်တတ်သော ပုဂ္ဂိုလ်အား ဂုဏ်မပြိုင်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ ငြူစူတတ်သော ပုဂ္ဂိုလ်အား မငြူစူခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ဝန်တိုတတ်သော ပုဂ္ဂိုလ်အား ဝန်မတိုခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ စဉ်းလဲတတ်သော ပုဂ္ဂိုလ်အား မစဉ်းလဲခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ လှည့်ပတ်တတ်သော ပုဂ္ဂိုလ်အား မလှည့်ပတ်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ ခက်ထန်တတ်သော ပုဂ္ဂိုလ်အာ မခက်ထန်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ အလွန်မောက်မာခြင်းရှိသော ပုဂ္ဂိုလ်အား အလွန်မောက်မာမှု မရှိခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ အပြောအဆိုခက်ထန်သော ပုဂ္ဂိုလ်အား အပြောအဆိုလွယ်ခြင်းသည် ရှောင်လွှဲရန်လမ်းဖြစ်၏။ ယုတ်မာသော မိတ်ဆွေရှိသောပုဂ္ဂိုလ်အား ကောင်းသောမိတ်ဆွေသည် ရှောင်လွှဲရန် လမ်းဖြစ်၏။သတိမေ့လျော့သော ပုဂ္ဂိုလ်အား သတိမမေ့မလျော့ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ သဒ္ဓါတရား မရှိသော ပုဂ္ဂိုလ်အား သဒ္ဓါတရားရှိခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။အရှက်မရှိသော ပုဂ္ဂိုလ်အား ရှက်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ မကြောက်လန့်တတ်သော ပုဂ္ဂိုလ်အား ကြောက်လန့်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ အကြားအမြင် မရှိသော ပုဂ္ဂိုလ်အား အကြားအမြင် များခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ ပျင်းရိသော ပုဂ္ဂိုလ်အား လုံ့လစိုက်ထုတ်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ သတိလွတ်သော ပုဂ္ဂိုလ်အား ထင်သောသတိသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ပညာမဲ့သော ပုဂ္ဂိုလ်အား ပညာနှင့်ပြည့်စုံခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။ မိမိအယူကို လွန်စွာ စွဲလမ်းကာ မြဲမြံစွာယူလျက် ပြန်လည် မစွန့်လွှတ်နိုင်သော ပုဂ္ဂိုလ်အား မိမိအယူကို လွန်စွာ မစွဲလမ်းပဲ မြဲမြံစွာ မယူပဲ ပြန်လည်စွန့်လွှတ်နိုင်ခြင်းသည် ရှောင်လွှဲရန် လမ်းဖြစ်၏။

၈၆။ စုန္ဒ ဥပမာသော်ကား အကုသိုလ်တရားအားလုံးတို့သည် အောက်အဖို့သို့ရောက်ကြောင်း တရား ဖြစ်ကုန်သကဲ့သို့ငှင်း ကုသိုလ်တရားအားလုံးတို့သည် အထက်အဖို့သို့ ရောက်ကြောင်းတရား ဖြစ်ကုန်သကဲ့သို့ငှင်း ဤအတူပင် ညှဉ်းဆဲတတ်သောပုဂ္ဂိုလ်အား မညှဉ်းဆဲခြင်းသည် အထက်အဖို့

http://www.dhammadownload.com



အတွက်ဖြစ်၏။ အသက်ကို သတ်ဖြတ်တတ်သော ပုဂ္ဂိုလ်အား အသက်ကိုသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် အထက်အဖို့အတွက်ဖြစ်၏။ပ။ မိမိအယူကို လွန်စွာ စွဲလမ်းကာ မြဲမြံစွာ ယူလျက် ပြန်လည်မစွန့်လွှတ်နိုင်သော ပုဂ္ဂိုလ်အား မိမိအယူကို လွန်စွာ မစွဲလမ်းပဲ မြဲမြံစွာ မယူပဲ ပြန်လည် စွန့်လွှတ်နိုင်ခြင်းသည် အထက်အဖို့အတွက် ဖြစ်၏။

၈၇။ စုန္ဒ မိမိသည်(ကာမဂုဏ်ငါးပါး တည်းဟူသော)ညွန်ပျောင်း၌ နစ်မြုပ်နေသူ ဖြစ်လျက် (ကာမဂုဏ်ငါးပါးတည်းဟူသော)ညွန်ပျောင်း၌ နစ်မြုပ်သော အခြားသူကို ထုတ်ဆောင် နိုင်လိမ့်မည်ဟူသော အကြောင်းသည် မရှိချေ။စုန္ဒ မိမိသည်(ကာမဂုဏ်ငါးပါးတည်းဟူသော)ညွန်ပျောင်း၌ နစ်မြုပ်နေသူ မဟုတ်ခဲ့လျှင်ကား (ကာမဂုဏ်ငါးပါး တည်းဟူသော) ညွန်ပျောင်း၌ နစ်မြုပ်နေသော အခြားသူကို ထုတ်ဆောင်နိုင်လိမ့်မည်ဟူသော အကြောင်းသည် ရှိပေ၏။

စုန္ဒ မိမိသည် မယဉ်ကျေးသေးသူ မဆုံးမအပ်သေးသူ ကိလေသာ မငြိမ်းအေးသေးသူ ဖြစ်လျက် အခြားသူကို ယဉ်ကျေးစေနိုင် ဆုံးမနိုင် ကိလေသာကို ငြိမ်းအေး စေနိုင်လိမ့်မည်ဟူသော အကြောင်းသည် မရှိချေ။ စုန္ဒ မိမိသည် ယဉ်ကျေးပြီးသူ ဆုံးမအပ်ပြီးသူ ကိလေသာ ငြိမ်းအေးပြီးသူ ဖြစ်ခဲ့လျှင်ကား အခြားသူကို ယဉ်ကျေးစေနိုင် ဆုံးမနိုင် ကိလေသာကို ငြိမ်းအေး စေနိုင်လိမ့်မည်ဟူသော အကြောင်းသည် ရှိပေ၏။

စုန္ဒ ဤအတူပင် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်အား မညှဉ်းဆဲခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ အသက်ကို သတ်ဖြတ်တတ်သော ပုဂ္ဂိုလ်အား အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မပေးသည်ကို ယူတတ်သော ပုဂ္ဂိုလ်အား မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မမြတ်သောအကျင့်ကို ကျင့်တတ်သော ပုဂ္ဂိုလ်အား မမြတ်သော အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မဟုတ်မမှန် ပြောတတ်သော ပုဂ္ဂိုလ်အား မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ကုန်းစကားကို ပြောတတ်သော ပုဂ္ဂိုလ်အား ကုန်းစကားမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ ကြမ်းသောစကားကို ပြောတတ်သောပုဂ္ဂိုလ်အား ကြမ်းသောစကားမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ပြိန်ဖျင်းသော စကားကို ပြောတတ်သောပုဂ္ဂိုလ်အား ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏၊ (သူတပါးပစ္စည်းဘဏ္ဍာကို)ရှေးရှုကြံစည်တတ်သော ပုဂ္ဂိုလ်အား(သူတပါးပစ္စည်းဘဏ္ဍာကို) ရှေးရှုမကြံစည်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ဖျက်ဆီးလိုသော စိတ်ရှိသော-ပုဂ္ဂိုလ်အား ဖျက်ဆီးလိုသော စိတ်မရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော အယူရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အယူရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော အကြံအစည်ရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အကြံအစည် ရှိခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ မှားယွင်းသောစကားရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော စကားရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသောအမှုရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အမှုရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော အသက်မွေးမှုရှိသော ပုဂ္ဂိုလ်အား မှန်ကန်သောအသက်မွေးမှု ရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော လုံ့လရှိသောပုဂ္ဂိုလ်အား မှန်ကန်သော လုံ့လရှိခြင်းသည် ငြိမ် အေးရန်ဖြစ်၏။ မှားယွင်းသော အောက်မေ့ခြင်း ရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော အောက်မေ့ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ မှားယွင်းသော တည်ကြည်ခြင်း ရှိသော ပုဂ္ဂိုလ်အား မှန်ကန်သောတည်ကြည်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော ဉာဏ်ရှိသော

http://www.dhammadownload.com



ပုဂ္ဂိုလ်အား မှန်ကန်သော ဉာဏ်ရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မှားယွင်းသော လွတ်မြောက်ခြင်းရှိသော ပုဂ္ဂိုလ်အား မှန်ကန်သော လွတ်မြောက်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ လေးလံ ထိုင်းမှိုင်းခြင်း အနှိပ်စက်ခံနေရသော ပုဂ္ဂိုလ်အား လေးလံထိုင်းမှိုင်းမှု ကင်းခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ပျံ့လွင့်သော စိတ်ရှိသော ပုဂ္ဂိုလ်အား မပျံ့လွင့်သော စိတ်ရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ယုံမှားတတ်သော ပုဂ္ဂိုလ်အား ယုံမှားမှုကို လွန်မြောက်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ အမျက်ထွက်လေ့ရှိသော ပုဂ္ဂိုလ်အား အမျက်မထွက်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ရန်ငြိုးဖွဲ့တတ်သော ပုဂ္ဂိုလ်အား ရန်ငြိုးမဖွဲ့ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော ပုဂ္ဂိုလ်အား ဂုဏ်ကျေးဇူးကို မချေဖျက်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ဂုဏ်ပြိုင်တတ်သော ပုဂ္ဂိုလ်အား ဂုဏ်မပြိုင်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ငြူစူတတ်သော ပုဂ္ဂိုလ်အား မငြူစူခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ ဝန်တိုတတ်သော ပုဂ္ဂိုလ်အား ဝန်မတိုခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။စဉ်းလဲတတ်သော ပုဂ္ဂိုလ်အား မစဉ်းလဲခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။

လှည့်ပတ်တတ်သောပုဂ္ဂိုလ်အား မလှည့်ပတ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ခက်ထန်တတ်သောပုဂ္ဂိုလ်အား မခက်ထန်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ အလွန်မောက်မာခြင်းရှိသောပုဂ္ဂိုလ်အား အလွန်မမောက်မာခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ အပြောအဆိုခက်သော ပုဂ္ဂိုလ်အား အပြောအဆိုလွယ်ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ ယုတ်မာသော မိတ်ဆွေရှိသောပုဂ္ဂိုလ်အား ကောင်းသော မိတ်ဆွေရှိခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ သတိမေ့လျော့သော ပုဂ္ဂိုလ်အား သတိမမေ့မလျော့ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်အား သဒ္ဓါတရားရှိခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ အရှက်မရှိသောပုဂ္ဂိုလ်အား ရှက်ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ မကြောက်လန့်တတ်သောပုဂ္ဂိုလ်အား ကြောက်လန့်ခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ အကြားအမြင်မရှိသောပုဂ္ဂိုလ်အား အကြားအမြင်များခြင်းသည် ငြိမ်းအေးရန် ဖြစ်၏။ ပျင်းရိသော ပုဂ္ဂိုလ်အား လုံ့လကြိုးကုတ်အားထုတ်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ သတိလွတ်သောပုဂ္ဂိုလ်အား ထင်သောသတိရှိခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ ပညာမဲ့သောပုဂ္ဂိုလ်အား ပညာနှင့်ပြည့်စုံခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။ မိမိအယူကို လွန်စွာ စွဲလမ်းကာ မြဲမြံစွာယူလျက် ပြန်လည်းမစွန့်လွှတ်နိုင်သောပုဂ္ဂိုလ်အား မိမိအယူကို လွန်စွာ မစွဲလမ်းပဲ မြဲမြံစွာမယူပဲ ပြန်လည် စွန့်လွှတ်နိုင်ခြင်းသည် ငြိမ်းအေးရန်ဖြစ်၏။

၈၈။ စုန္ဒ ဤသို့လျှင် ငါဘုရားသည် (ကိလေသာ) ခေါင်းပါးခြင်းအကြောင်းကို ဟောကြားခဲ့ပြီ၊ စိတ်ဖြစ်ပုံ အကြောင်းကို ဟောကြားခဲ့ပြီ၊ ရှောင်လွှဲခြင်းအကြောင်းကို ဟောကြားခဲ့ပြီ၊ အထက်အဖို့သို့ ရောက်ကြောင်းကို ဟောကြားခဲ့ပြီ၊ ငြိမ်းအေးခြင်း အကြောင်းကို ဟောကြားခဲ့ပြီ။ စုန္ဒ တပည့် 'သာဝက' တို့၏ အကျိုးစီးပွါးကို ရှာမှီးလိုလားလျက် အစဉ်သနားစိတ်ရှိသော သင်တို့ဆရာ ငါဘုရားသည် အစဉ်သနားစိတ်ကိုစွဲ၍ ပြုသင့် ပြုထိုက်သော တာဝန်ကို သင်တို့အတွက် ပြုပြီးပေပြီ။ စုန္ဒ ဤသည်တို့ကား သစ်ပင်ရင်း ဆိတ်ငြိမ်ရာဌာနတို့ဖြစ်ကုန်၏၊ (တရားကို) ရှုဆင်ခြင်ကြကုန်လော့၊ သတိမမေ့မလျော့ကြကုန်လင့်၊ နောင်အခါမှ နှလုံးမသာ မဖြစ်ကြကုန်လင့်၊ ဤကား ငါတို့၏အဆုံးအမတော်ပေတည်း ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ အသျှင်မဟာစုန္ဒသည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

http://www.dhammadownload.com



မြတ်စွာဘုရားသခင် ဟောကြားတော်မူသည့် သလ္လေခ မည်သော သုတ္တန်သည် နက်နဲ၏၊ သမုဒ္ဒရာနှင့် နှိုင်းယှဉ်သင့်၏၊ အကြောင်းငါးပါးတို့နှင့်တကွ လေးဆယ့်လေးပါးသော ပုဒ်တို့ကို ဟောကြားတော်မူ၏။

ရှစ်ခုမြောက် သလ္လေခသုတ် ပြီး၏။

---

## ၉-သမ္မာဒိဋ္ဌိသုတ်

၈၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်–

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား "ငါ့သျှင်" ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ အသျှင်သာရိပုတြာသည် ဤသို့ မိန့်ဆိုတော်မူ၏။

"ငါ့သျှင်တို့ မှန်ကန်သောအယူ မှန်ကန်သောအယူဟု ဆို၏၊ ငါ့သျှင်တို့ အဘယ်မျှသော အကြောင်းဖြင့် အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်သနည်း၊ ထိုသူသည် တရားတော်၌ မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်သနည်း" ဟု (မိန့်ဆိုတော်မူ၏)။

ငါ့သျှင်တို့ တပည့်တော်တို့သည် အသျှင်သာရိပုတြာ၏အထံ၌ ဤ (ယခု) ဟောမြွက်သော တရား၏ အနက် အဓိပ္ပါယ်ကိုသိရန် အဝေးမှပင် လာကြရပါကုန်၏။ တောင်းပန်ပါ၏၊ ဤ (ယခု) ဟောမြွက်သောတရား၏ အနက်အဓိပ္ပါယ်ကို အသျှင်သာရိပုတြာပင် ဝေဖန်ဟောကြားတော်မူပါ။အသျှင်သာရိပုတြာ၏အထံမှ ကြားနာကြရ၍ ရဟန်းတို့သည် သင်ယူ မှတ်သား ဆောင်ထားကြပါလိမ့်မည်ဟု လျှောက်ကြကုန်၏။

ငါ့သျှင်တို့ သို့ဖြစ်လျှင် နာကြားကြကုန်၊ ကောင်းစွာနှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ဟု မိန့်ဆို၏။ "ငါ့သျှင် ကောင်းပါပြီ" ဟု ရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကြကုန်၏။ အသျှင်သာရိပုတြာသည် ဤသို့ မိန့်ဆိုတော်မူ၏။

"ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် အကုသိုလ်ကိုလည်း ခွဲခြား၍ သိ၏၊ အကုသိုလ်၏အကြောင်း ရင်းကိုလည်း ခွဲခြား၍သိ၏၊ ကုသိုလ်ကိုလည်း ခွဲခြား၍သိ၏၊ ကုသိုလ်၏အကြောင်းရင်းကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၏၊ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ ထိုသူသည် တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်၏။

ငါ့သျှင်တို့ အကုသိုလ်ဟူသည် အဘယ်နည်း၊ အကုသိုလ်၏အကြောင်းရင်းဟူသည် အဘယ်နည်း၊ ကုသိုလ်ဟူသည် အဘယ်နည်း၊ ကုသိုလ်၏ အကြောင်းရင်းဟူသည် အဘယ်နည်း။ ငါ့သျှင်တို့ အသက်သတ်ခြင်းသည် အကုသိုလ်တည်း၊ မပေးသည်ကိုယူခြင်း, ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း, မဟုတ်မမှန် ပြောဆိုခြင်း, ကုန်းချော ပြောဆိုခြင်း, ကြမ်းသော စကားပြောဆိုခြင်း, ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း, (သူတပါးပစ္စည်းကို) ရှေးရှုကြံစည်

http://www.dhammadownload.com



ခြင်း, သူတပါးပျက်စီးစေလိုခြင်းသည် အကုသိုလ်ပင်တည်း၊ အယူမှားခြင်းသည် အကုသိုလ်တည်း။ ငါ့သျှင်တို့ ဤတရားစုကို အကုသိုလ်ဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ အကုသိုလ်၏အကြောင်းရင်းဟူသည် အဘယ်နည်း။ လိုချင်တပ်မက်ခြင်း 'လောဘ' ကြမ်းတမ်း ပြစ်မှားခြင်း 'ဒေါသ' တွေဝေမိုက်မဲခြင်း 'မောဟ' သည် အကုသိုလ်၏အကြောင်းရင်း တည်း၊ ငါ့သျှင်တို့ ဤတရားစုကို အကုသိုလ်၏ အကြောင်းရင်းဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ ကုသိုလ်ဟူသည် အဘယ်နည်း။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ် တည်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း, ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ် ခြင်း, မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း, ကုန်းချောပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, ကြမ်းသောစကားမှ ရှောင်ကြဉ်ခြင်း, ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်ခြင်း,(သူတပါးပစ္စည်း ဥစ္စာကို) ရှေးရှုမကြံခြင်း, သူတပါးမပျက်စီးစေလိုခြင်းသည် ကုသိုလ်တည်း၊ အယူမှန်ကန်ခြင်း သည် ကုသိုလ်တည်း။ ငါ့သျှင်တို့,ဤတရားစုကို ကုသိုလ်ဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ ကုသိုလ်၏အကြောင်းရင်းဟူသည် အဘယ်နည်း။မတပ်မက်မလိုချင်ခြင်း'အလောဘ' မကြမ်းတမ်းမပြစ်မှားခြင်း'အဒေါသ' နှင့် မတွေဝေခြင်း 'အမောဟ' သည် ကုသိုလ်၏အကြောင်း ရင်းတည်း။ ငါ့သျှင်တို့ ဤ ရားစုကို ကုသိုလ်၏အကြောင်းရင်းဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ အကုသိုလ်ကို ခွဲခြား၍ သိ၏၊ ဤသို့ အကုသိုလ်၏အကြောင်းရင်းကို ခွဲခြား၍ သိ၏။ဤသို့ကုသိုလ်ကိုခွဲခြား၍သိ၏၊ ဤသို့ကုသိုလ် ၏အကြောင်းရင်းကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထို(အရိယာဖြစ်သောတပည့်)သည် အကြွင်း အကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍ ထိခိုက်ပြစ်မှားမှု အကိန်းတရား 'ပဋိဃာနုသယ' ကို ဖျောက်ဖျက်၍ ငါဟု စွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်းအကိန်း တရား 'မာနာနုသယ'ကို နုတ်ခွါ၍ မသိမှု'အဝိဇ္ဇာ'ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ်'ဝိဇ္ဇာ' ကို ဖြစ် စေလျက် ယခုဘဝ၌ပင် ဝဋ်ဆင်းရဲ၏အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သောအယူရှိသူ ဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ ထိုသူသည် တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ လျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်၏" ဟု (မိန့်တော်မူ၏)။

၉၀။ "ငါ့သျှင် ကောင်းပါပေ၏"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာမိန့်ကြားသော တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၍ အသျှင်သာရိပုတြာအား ပြဿနာကို ထပ်ဆင့်၍ မေးလျှောက်ကြကုန်၏။

"ငါ့သျှင် အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသည့်နည်းတူ အခြား ရောက်လာကြောင်းလည်း ရှိပါ သေးသလော"ဟု(မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် အာဟာရကိုလည်း ခွဲခြား၍ သိ၏၊ အာဟာရဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ အာဟာရချုပ်ငြိမ်းခြင်းကိုလည်း

http://www.dhammadownload.com



ခွဲခြား၍ သိ၏၊ အာဟာရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သောအယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ အာဟာရဟူသည် အဘယ်နည်း၊ အာဟာရဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ အာဟာရချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ အာဟာရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ဖြစ်ပွါးပြီး သတ္တဝါတို့ကိုလည်း တည်တံ့စေရန်၊ ဖြစ်ပွါးဆဲ သတ္တဝါတို့ကိုလည်း ချီးမြှောက်ထောက်ပံ့ရန် အာဟာရတို့သည် ဤလေးပါးတို့တည်း။ အဘယ် လေးပါးတို့နည်း၊ အကြမ်းအနုဖြစ်သော အလုပ်အလွေ့ပြု၍မျိုအပ်သည့် ကဗဠီကာရအာဟာရ, တွေ့ထိခြင်းဟူသော နှစ်ခုမြောက် ဖဿအာဟာရ, စိတ်စေ့ဆော်ခြင်းဟူသော သုံးခုမြောက် မနောသဉ္စေတနာဟာရ, သိမှု'ဝိညာဏ်'ဟူသော လေးခုမြောက် ဝိညာဏအာဟာရတို့တည်း။

တပ်မက်မှု'တဏှာ' ဖြစ်ခြင်းကြောင့် အာဟာရဖြစ်၏၊ တပ်မက်မှု'တဏှာ' ချုပ်ပျောက်ခြင်းကြောင့် အာဟာရချုပ်ပျောက်၏။

အာဟာရချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့်သည် အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ ဤမဂ်ဟူသည် အဘယ်နည်းမှန်ကန်စွာသိခြင်း'သမ္မာဒိဋ္ဌိ' မှန်ကန်စွာကြံခြင်း'သမ္မာသင်္ကပ္ပ' မှန်ကန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်ကန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်ကန်စွာအသက်မွေးခြင်း'သမ္မာအာဇီဝ' မှန်ကန်စွာအားထုတ်ခြင်း'သမ္မာဝါယာမ' မှန်ကန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်ကန်စွာတည်ကြည်ခြင်း'သမ္မာသမာဓိ'တို့တည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သောတပည့်သည် ဤသို့ အာဟာရကို ခွဲခြား၍သိ၏၊ ဤသို့ အာဟာရ၏ဖြစ်ကြောင်းကို ခွဲခြား၍သိ၏၊ဤသို့ အာဟာရ၏ချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊အာဟာရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား၍သိ၏။ (ထိုအခါ၌)ထိုအရိယာဖြစ်သောတပည့်သည် တပ်မက်မှု အကိန်းတရား'ရာဂါနုသယ'ကို ပယ်စွန့်၍ ပြစ်မှားမှုအကိန်းတရား'ပဋိဃာနုသယ'ကို ဖျောက်ဖျက်၍ ငါဟုစွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်းအကိန်းတရား'မာနာနုသယ'ကို နုတ်ခွါ၍ မသိမှု'အဝိဇ္ဇာ'ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ်'ဝိဇ္ဇာ'ကိုဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ္ဋဆင်းရဲ၏အဆုံးကို ပြုနိုင်၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သောအယူ ရှိသူဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊(ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏"ဟု(မိန့်တော်မူ၏)။

၉၁။ "ငါ့သျှင် ကောင်းပါပေ၏"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာမိန့်ကြားသော တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၍ အသျှင်သာရိပုတြာအား ပြဿနာကို ထပ်ဆင့်၍ မေးလျှောက်ကြပြန်ကုန်၏။ "ငါ့သျှင် အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသည်ဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသည့်နည်းတူ အခြား ရောက်လာကြောင်းလည်း ရှိပါသေးသလော"ဟု (မေးလျှောက်ကြကုန်၏)။

http://www.dhammadownload.com



ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သောတပည့်သည် ဆင်းရဲ'ဒုက္ခ'ကိုလည်း ခွဲခြား၍သိ၏၊ဆင်းရဲ'ဒုက္ခ'ဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ဆင်းရဲ'ဒုက္ခ'ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ ဆင်းရဲ'ဒုက္ခ'ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ ဆင်းရဲဟူသည် အဘယ်နည်း၊ ဆင်းရဲဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ ဆင်းရဲ ချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

ပဋိသန္ဓေတည်နေဖြစ်ပွါးရခြင်း'ဇာတိ'ဆည်လည်း ဆင်းရဲတည်း၊ အိုရခြင်းသည်လည်း ဆင်းရဲ တည်း၊ သေရခြင်းသည်လည်း ဆင်းရဲတည်း၊ ပူဆွေးရခြင်း ငိုကြွေးရခြင်း ကိုယ်ဆင်းရဲရခြင်း စိတ်ဆင်းရဲရခြင်း ပြင်းစွာပင်ပန်းရခြင်းတို့သည်လည်း ဆင်းရဲတို့တည်း၊ မနှစ်သက်အပ်သော အရာတို့နှင့် ပေါင်းဆုံရခြင်းသည်လည်း ဆင်းရဲတည်း၊နှစ်သက်အပ်သော အရာတို့နှင့် ကင်းကွာ ရခြင်းသည်လည်း ဆင်းရဲတည်း၊အလိုရှိသောအရာကို မရခြင်းသည်လည်း ဆင်းရဲတည်း၊အကျဉ်း ချုပ်အားဖြင့် (တဏှာဒိဋ္ဌိ)ဥပါဒါန်တရားတို့၏ ကျက်စားရာ ခန္ဓာငါးပါးလုံးတို့သည်ပင် ဆင်းရဲ တို့တည်း။ငါ့သျှင်တို့ ဤတရားစုကို ဆင်းရဲ'ဒုက္ခ'ဟူ၍ဆိုရ၏။

ငါ့သျှင်တို့ ဆင်းရဲဖြစ်ကြောင်းဟူသည် အဘယ်နည်း။တဖန် ဘဝသစ်ကိုပြုလေ့ရှိသော တပ်မက် ခြင်းနှင့်တကွဖြစ်သည့် ထိုထိုအာရုံကို အလွန်နှစ်သက်တတ်သော တဏှာပင်တည်း။ ဤတဏှာ ဟူသည် အဘယ်နည်း၊ ကာမ၌တပ်မက်ခြင်း'ကာမတဏှာ' ရူပ၌တပ်မက်ခြင်း'ဘဝတဏှာ' ဝိဘဝ၌တပ်မက်ခြင်း'ဝိဘဝတဏှာ'ပင်တည်း။ငါ့သျှင်တို့ ဤတပ်မက်ခြင်းကို ဆင်းရဲဖြစ်ကြောင်း ဟူ၍ဆိုရ၏။

ငါ့သျှင်တို့ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း။ တဏှာ၏သာလျှင် အကြွင်းမဲ့ တပ်မက်ခြင်း ကင်းသောအားဖြင့် ချုပ်ငြိမ်းခြင်း စွန့်ပစ်ခြင်း စွန့်လွှတ်ခြင်း လွတ်မြောက်ခြင်း တွယ်တာကပ်ငြိမှုမရှိခြင်းပင်တည်း။ ငါ့သျှင်တို့ ဤချုပ်ငြိမ်းခြင်းကို ဆင်းရဲချုပ်ငြိမ်းခြင်းဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။ ငါ့သျှင်တို့ ဆင်းရဲဒုက္ခချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင်တည်း။ဤမဂ်ဟူသည် အဘယ်နည်း၊မှန်ကန်စွာသိခြင်း'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်စွာ တည်ကြည်ခြင်း'သမ္မာသမာဓိ'တို့ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သောတပည့်သည် ဤသို့ ဆင်းရဲကို ခွဲခြား၍ သိ၏၊ ဤသို့ ဆင်းရဲဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ဤသို့ ဆင်းရဲချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ဤသို့ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌)ထိုအရိယာဖြစ် သောတပည့်သည် တပ်မက်မှု အကိန်းတရား'ရာဂါနုသယ'ကို ပယ်စွန့်၍ ထိခိုက်ပြစ်မှားမှု အကိန်းတရား'ပဋိဃာနုသယ'ကို ဖျောက်ဖျက်၍ ငါဟုစွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားမှု

http://www.dhammadownload.com



အကိန်းတရား 'မာနာနုသယ'ကို နုတ်ခွါ၍ မသိမှု'အဝိဇ္ဇာ'ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ် 'ဝိဇ္ဇာ'ကိုဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ်ဆင်းရဲ၏အဆုံးကိုပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ဟု(မိန့်တော်မူ၏)။

၉၂။ "ငါ့သျှင် ကောင်းပါပေ၏" ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာ မိန့်ကြားသော တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၍ အသျှင်သာရိပုတြာအား ပြဿနာကို ထပ်ဆင့်၍ မေးလျှောက်ကြပြန်ကုန်၏။ "ငါ့သျှင် အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညို ခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသည့်နည်းတူ အခြား ရောက်လာ ကြောင်းလည်း ရှိပါသေးသလော"ဟု (မေးလျှောက်ကြပြန်ကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် အိုခြင်း သေခြင်းကို လည်း ခွဲခြား၍ သိ၏၊အိုခြင်း သေခြင်း၏ ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊အိုခြင်း သေခြင်း ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ အိုခြင်း သေခြင်း၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ အိုခြင်း သေခြင်းဟူသည် အဘယ်နည်း၊ အိုခြင်း သေခြင်း၏ ဖြစ်ကြောင်းဟူ သည် အဘယ်နည်း၊ အိုခြင်း သေခြင်း၏ ချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ အိုခြင်း သေခြင်း ၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါအမျိုးအစား၌ ထိုထိုသတ္တဝါတို့၏ အိုခြင်း ရင့်ရော်ဆွေးမြေ့ခြင်း သွားကျိုး ခြင်း ဆံဖြူခြင်း အရေတွန့်ရှုံ့ခြင်း အသက်ဆုတ်ယုတ်ခြင်း (မျက်စိစသော) ဣန္ဒြေတို့၏ ရင့်ရော် ခြင်းတည်း။ ငါ့သျှင်တို့ ဤသဘောတရားကို အိုခြင်းဟူ၍ ဆိုရ၏။

ငါ့သျှင်တို့ သေခြင်းဟူသည် အဘယ်နည်း။ ထိုထိုသတ္တဝါအမျိုးအစားမှ ထိုထိုသတ္တဝါတို့၏ စုတေခြင်း ရွေ့လျောခြင်း ပျက်စီးခြင်း ကွယ်လွန်ခြင်း သေခြင်း သေဆုံးခြင်း ခန္ဓာတို့၏ ပျက်စီး ခြင်း ကိုယ်ကောင်ကို စွန့်ပစ်ခြင်း ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ငါ့သျှင်တို့ ဤသဘောတရား ကို သေခြင်းဟူ၍ ဆိုရ၏။

ဤသို့လျှင် အိုခြင်းသဘောတရားကိုရင်း သေခြင်း သဘောတရားကိုရင်း (ဖော်ပြခဲ့ပြီ)။ ငါ့သျှင်တို့ ဤသဘောတရားကို အိုခြင်း သေခြင်းဟူ၍ ဆိုရ၏။

ပဋိသန္ဓေတည်နေဖြစ်ပွါးမှု 'ဇာတိ' ချုပ်ငြိမ်းခြင်းကြောင့် အိုခြင်း သေခြင်း ချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် အိုခြင်း သေခြင်း၏ ချုပ်ငြိမ်းခြင်းသို့ ရောက် ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ပေတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ အိုခြင်း သေခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ အိုခြင်း သေခြင်းဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ အိုခြင်း သေခြင်း ချုပ်ငြိမ်းခြင်းကို ခွဲခြား၍သိ၏၊ ဤသို့ အိုခြင်း သေခြင်း ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၉၃။ "ငါ့သျှင် ကောင်းပါပေ၏" ဟု။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု (မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ပ။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် (ပဋိသန္ဓေတည်နေဖြစ်ပွါးမှု) ဇာတိကိုလည်း ခွဲခြား၍ သိ၏၊ ဇာတိဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဇာတိချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ ဇာတိချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ (ပဋိသန္ဓေတည်နေဖြစ်ပွါးမှု) ဇာတိဟူသည် အဘယ်နည်း၊ ဇာတိဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ ဇာတိချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ ဇာတိချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါအမျိုးအစား၌ ထိုထိုသတ္တဝါတို့၏ ဖြစ်ခြင်း ပြည့်ပြည့်စုံစုံဖြစ်ခြင်း သက်ရောက်ခြင်း ထင်ရှားဖြစ်ခြင်း ခန္ဓာတို့၏ ထင်ရှာဖြစ်ပေါ်ခြင်း အာယတနတို့ကို ရခြင်းပင်တည်း။ ငါ့သျှင်တို့ ဤသဘောတရားကို ဇာတိဟူ၍ ဆိုရ၏။ (ကုသိုလ် အကုသိုလ်ကံဟူသော) ဘဝ ဖြစ်ခြင်းကြောင့် ဇာတိဖြစ်၏။ ဘဝချုပ်ငြိမ်းခြင်းကြောင့် ဇာတိချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဇာတိချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ ဇာတိကိုလည်း ခွဲခြား၍ သိ၏၊ ဤသို့ ဇာတိဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဤသို့ ဇာတိချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ ဤသို့ ဇာတိချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍။ပ။ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ ဟု (ဟောကြားတော်မူ၏)။

http://www.dhammadownload.com



၉၄။ "ငါ့သျှင် ကောင်းပါပေ၏" ဟု။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု (မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် ဘဝကိုလည်း ခွဲခြား၍ သိ၏၊ ဘဝဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ ဘဝချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ ဘဝချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ ဘဝဟူသည် အဘယ်နည်း၊ ဘဝဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ ဘဝချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ ဘဝချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ဘဝတို့သည် ကာမဘဝ ရူပဘဝ အရူပဘဝ ဤသုံးပါးတို့ပေတည်း။ စွဲလမ်းမှုဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ (ကမ္မဘဝ ဥပပတ္တိဘဝ) ဖြစ်၏။ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဘဝချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ဘဝကိုလည်း ခွဲခြား၍ သိ၏၊ ဤသို့ဘဝ ဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ ဤသို့ ဘဝချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ ဤသို့ ဘဝချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှုအကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍ ။ပ။ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ ဟု(ဟောကြားတော်မူ၏)။

၉၅။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု (မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် စွဲလမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ စွဲလမ်းခြင်း ဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ စွဲလမ်းခြင်း ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ စွဲလမ်းခြင်း ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ စွဲလမ်းခြင်း 'ဥပါဒါန်' ဟူသည် အဘယ်နည်း၊ စွဲလမ်းခြင်းဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ စွဲလမ်းခြင်း ချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ စွဲလမ်းခြင်း ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ စွဲလမ်းခြင်းတို့သည် ကာမဂုဏ်၌ စွဲလမ်းခြင်း 'ကာမုပါဒါန်' အယူမှား၌ စွဲလမ်းခြင်း 'ဒိဋ္ဌုပါဒါန်' အကျင့်အလေ့၌ စွဲလမ်းခြင်း 'သီလဗ္ဗတုပါဒါန်' အတ္တဟုစွဲလမ်းခြင်း 'အတ္တဝါဒုပါဒါန်' လေးပါးတို့တည်း။ တပ်မက်မှု တဏှာဖြစ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။ တပ်မက်မှု တဏှာ ချုပ်ငြိမ်းခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် စွဲလမ်းမှု ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ စွဲလမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့စွဲလမ်းခြင်းဖြစ်ကြောင်းကို ခွဲခြား၍သိ၏၊ ဤသို့စွဲလမ်းခြင်း၏ ချုပ်ငြိမ်းခြင်းကို ခွဲခြား၍သိ၏၊ ဤသို့ စွဲလမ်းခြင်း၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှုအကိန်းတရား 'ရာဂါနုသယ' ကိုပယ်စွန့်၍။ပ။ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့်ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၉၆။ "ငါ့သျှင်တို့ ကောင်းပါပေ၏"ဟု။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု (မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် တပ်မက်မှု 'တဏှာ' ကိုလည်း ခွဲခြား၍သိ၏၊ တပ်မက်မှုဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ တပ်မက်မှု၏ ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ တပ်မက်မှု၏ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ တပ်မက်မှု'တဏှာ'ဟူသည် အဘယ်နည်း၊ တဏှာဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ တဏှာချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ တဏှာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ တပ်မက်မှု အပေါင်း 'တဏှာကာယ' တို့သည် အဆင်း၌ တပ်မက်မှု 'ရူပတဏှာ' အသံ၌တပ်မက်မှု 'သဒ္ဒတဏှာ' အနံ့၌တပ်မက်မှု 'ဂန္ဓတဏှာ' အရသာ၌တပ်မက်မှု 'ရသတဏှာ' အတွေ့အထိ၌ တပ်မက်မှု 'ဖောဋ္ဌဗ္ဗတဏှာ' (ကြွင်းကျန်သော) တရားတို့၌ တပ်မက်မှု 'ဓမ္မတဏှာ' ဤခြောက်ပါးတို့တည်း။

ခံစားမှု 'ဝေဒနာ' ဖြစ်ခြင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏၊ ခံစားမှု ချုပ်ငြိမ်းခြင်းကြောင့် တပ်မက်မှုချုပ်ငြိမ်း၏။

http://www.dhammadownload.com



အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် တပ်မက်မှု ချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်း အကျင့် ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ တပ်မက်မှု 'တဏှာ'ကို ခွဲခြား၍သိ၏၊ ဤသို့တပ်မက်မှုဖြစ်ကြောင်းကို ခွဲခြား၍သိ၏၊ ဤသို့ တပ်မက်မှု ချုပ်ငြိမ်းခြင်းကို ခွဲခြား၍သိ၏၊ ဤသို့တပ်မက်မှု ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား၍သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှုအကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုနိုင်၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ ဟု (ဟောကြားတော်မူ၏)။

၉၇။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ငါ့သျှင်။ပ။ရှိပါသေးသလော ဟု (မေးလျှောက်ကြကုန်၏)။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် ခံစားမှု'ဝေဒနာ'ကိုလည်း ခွဲခြား၍သိ၏၊ ဝေဒနာဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ ဝေဒနာချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ ဝေဒနာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ ခံစားမှု 'ဝေဒနာ' ဟူသည် အဘယ်နည်း၊ ဝေဒနာဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ ဝေဒနာချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ ဝေဒနာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ခံစားမှုအပေါင်း 'ဝေဒနာကာယ'တို့သည် မျက်စိနှင့် တွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု၊ နားနှင့် တွေ့ထိခြင်းကြောင့်ဖြစ်သော ခံစားမှု၊ နှာခေါင်းနှင့်တွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု၊ လျှာနှင့် တွေ့ထိခြင်းကြောင့်ဖြစ်သော ခံစားမှု၊ ကိုယ်နှင့် တွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု၊ စိတ်နှင့်တွေ့ထိခြင်းကြောင့် ဖြစ်သောခံစားမှု ဤခြောက်ပါးတို့တည်း။ တွေ့ထိမှု 'ဖဿ' ဖြစ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏၊ တွေ့ထိမှု 'ဖဿ' ချုပ်ငြိမ်းခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ခံစားမှုဝေဒနာ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာသိမြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ ခံစားမှု'ဝေဒနာ'ကို ခွဲခြား၍ သိ၏၊ ဤသို့ ဝေဒနာ ဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ဝေဒနာချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ ဝေဒနာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။

http://www.dhammadownload.com



(ထိုအခါ၌)ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၉၇။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် တွေ့ထိမှု 'ဖဿ'ကိုလည်း ခွဲခြား၍ သိ၏၊ ဖဿဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဖဿချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ ဖဿချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ တွေ့ထိမှု 'ဖဿ'ဟူသည် အဘယ်နည်း၊ ဖဿဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ ဖဿချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ ဖဿချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ တွေ့ထိမှုအပေါင်း 'ဖဿကာယ'တို့သည် မျက်စိနှင့် တွေ့ထိမှု၊ နားနှင့် တွေ့ထိမှု၊ နှာခေါင်းနှင့် တွေ့ထိမှု၊ လျှာနှင့် တွေ့ထိမှု၊ ကိုယ်နှင့် တွေ့ထိမှု၊ စိတ်နှင့် တွေ့ထိမှု ဤခြောက်ပါးတို့တည်း။စိတ်ဖြစ်ရာ ခြောက်ပါး 'သဠာယတန'ဖြစ်ခြင်းကြောင့် ဖဿဖြစ်၏၊ စိတ်ဖြစ်ရာ ခြောက်ပါး 'သဠာယတန'ချုပ်ငြိမ်းခြင်းကြောင့် ဖဿချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် တွေ့ထိမှု'ဖဿ'ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ တွေ့ထိမှု 'ဖဿ'ကို ခွဲခြား၍ သိ၏၊ ဖဿဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ဖဿချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဖဿချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ ဝဋ်ဆင်းရဲ၏ အဆုံးကိုပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊(ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၉၈။ "ငါ့သျှင် ကောင်းပါပေ၏"။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလောဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် စိတ်ဖြစ်ရာခြောက်ပါး 'သဠာယတန'ကိုလည်း ခွဲခြား၍ သိ၏၊ သဠာယတန ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏။

http://www.dhammadownload.com



သဠာယတန ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ သဠာယတန ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာ ဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ စိတ်ဖြစ်ရာခြောက်ပါး 'သဠာယတန'ဟူသည် အဘယ်နည်း၊ သဠာယတန ဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ သဠာယတန ချုပ်ငြိမ်းခြင်း ဟူသည် အဘယ်နည်း၊သဠာယတန ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ စိတ်ဖြစ်ရာ 'အာယတန'တို့သည် မျက်စိအကြည် ဟူသော စိတ်ဖြစ်ရာ 'စက္ခာယတန' နားအကြည် ဟူသော စိတ်ဖြစ်ရာ 'သောတာယတန' နှာခေါင်းအကြည် ဟူသော စိတ်ဖြစ်ရာ 'ဃာနာယတန' လျှာအကြည် ဟူသော စိတ်ဖြစ်ရာ 'ဇိဝှါယတန' ကိုယ်အကြည်ဟူသော စိတ်ဖြစ်ရာ 'ကာယာယတန' မနောအကြည် ဟူသော စိတ်ဖြစ်ရာ 'မနာယတန' ဤခြောက်ပါး တို့တည်း၊ နာမ်ရုပ်ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်၏၊ နာမ်ရုပ်တို့ ချုပ်ငြိမ်းခြင်းကြောင့် သဠာယတန ချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် စိတ်ဖြစ်ရာခြောက်ပါး 'သဠာယတန' ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ စိတ်ဖြစ်ရာ ခြောက်ပါး 'သဠာယတန'ကို ခွဲခြား၍ သိ၏၊ ဤသို့ သဠာယတန ဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ သဠာယတန ချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ သဠာယတန ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၁၀၀။ "ငါ့သျှင် ကောင်းပါပေ၏"ဟူ။ပ။ ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် နာမ်ရုပ်ကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ်ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊နာမ်ရုပ်ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ်၏ ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်း တရားသို့ ရောက်လာသူ ဖြစ်ပေ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ နာမ်ရုပ် ဟူသည် အဘယ်နည်း၊ နာမ်ရုပ်ဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ နာမ်ရုပ်ချုပ်ငြိမ်းခြင်း ဟူသည် အဘယ်နည်း၊ နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့် ဟူသည် အဘယ်နည်း။

ခံစားခြင်း 'ဝေဒနာ' သိမှတ်ခြင်း 'သညာ' စေ့ဆော်ခြင်း 'စေတနာ' တွေ့ထိခြင်း 'ဖဿ' နှလုံးသွင်းခြင်း 'မနသိကာရ' ငါ့သျှင်တို့ ဤတရားစုကို နာမ် ဟူ၍ ဆိုရ၏။ မဟာဘုတ်လေးပါး၊ ယင်းမဟာဘုတ်လေးပါးတို့ကို မှီ၍ ဖြစ်သော ဉပါဒါန်ရုပ်၊ ငါ့သျှင်တို့ ဤတရားစုကို ရုပ်ဟူ၍ ဆိုရ၏။ ဤသို့လျှင် ဤနာမ်ကိုငှင်း ဤရုပ်ကိုငှင်း (ပေါင်းပြီး)။ ငါ့သျှင်တို့ ဤတရားစုကို နာမ်ရုပ်ဟူ၍ ဆိုရ၏။ ဝိညာဏ်ဖြစ်ခြင်းကြောင့် နာမ်ရုပ်ဖြစ်၏၊ ဝိညာဏ်ချုပ်ငြိမ်းခြင်းကြောင့် နာမ်ရုပ်ချုပ်ငြိမ်း၏၊

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့် ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ နာမ်ရုပ်ကို ခွဲခြား၍ သိ၏၊ ဤသို့ နာမ်ရုပ်ဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ နာမ်ရုပ်ချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ နာမ်ရုပ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍။ပ။ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူ ဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၁၀၁။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ငါ့သျှင်။ပ။ ရှိပါသေးသလော ဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် ဝိညာဏ်ကိုလည်း ခွဲခြား၍ သိ၏၊ ဝိညာဏ်ဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဝိညာဏ်ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ ဝိညာဏ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သောတပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူ ဖြစ်ပေ၏။

ငါ့သျှင်တို့ ဝိညာဏ်ဟူသည် အဘယ်နည်း၊ ဝိညာဏ်ဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ ဝိညာဏ်ချုပ်ငြိမ်းခြင်း ဟူသည် အဘယ်နည်း၊ ဝိညာဏ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ဝိညာဏ်အပေါင်း 'ဝိညာဏကာယ' တို့သည် မြင်ခြင်း 'စက္ခုဝိညာဏ်' ကြားခြင်း 'သောတဝိညာဏ်' နံခြင်း 'ဃာနဝိညာဏ်' လျက်ခြင်း 'ဇိဝှါဝိညာဏ်' ထိခြင်း 'ကာယဝိညာဏ်' သိခြင်း 'မနောဝိညာဏ်' ဤခြောက်ပါးတို့တည်း။ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏၊ သင်္ခါရ ချုပ်ငြိမ်းခြင်းကြောင့် ဝိညာဏ်ချုပ်ငြိမ်း၏။

http://www.dhammadownload.com



အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် ဝိညာဏ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့် ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ ဝိညာဏ်ကို ခွဲခြား၍ သိ၏၊ ဤသို့ ဝိညာဏ်ဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ ဝိညာဏ်ချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ ဝိညာဏ်ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍။ပ။ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၁၀၂။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ငါ့သျှင်။ပ။ရှိပါသေးသလောဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် သင်္ခါရကိုလည်း ခွဲခြား၍ သိ၏၊ သင်္ခါရဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ သင်္ခါရချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ သင်္ခါရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ သင်္ခါရဟူသည် အဘယ်နည်း၊ သင်္ခါရဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ သင်္ခါရချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ သင်္ခါရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ပြုပြင်စီရင်မှု 'သင်္ခါရ'တို့သည် ကိုယ်ဖြင့် ပြုခြင်း'ကာယသင်္ခါရ' နှုတ်ဖြင့်ပြုခြင်း 'ဝစီသင်္ခါရ' စိတ်ဖြင့်ပြုခြင်း 'စိတ္တသင်္ခါရ' ဤသုံးပါးတို့တည်း။ မသိမှု 'အဝိဇ္ဇာ' ဖြစ်ခြင်းကြောင့် ပြုမှု 'သင်္ခါရ' ဖြစ်၏၊ မသိမှု'အဝိဇ္ဇာ' ချုပ်ငြိမ်းခြင်းကြောင့် ပြုမှု'သင်္ခါရ' ချုပ်ငြိမ်း၏။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင် ပြုမှု'သင်္ခါရ' ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်စွာ တည်ကြည်ခြင်း'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ ပြုပြင်စီရင်မှု 'သင်္ခါရ'ကို ခွဲခြား၍ သိ၏၊ ဤသို့ သင်္ခါရဖြစ်ကြောင်းကို ခွဲခြား၍ သိ၏၊ ဤသို့ သင်္ခါရချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ သင်္ခါရချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှု အကိန်းတရား 'ရာဂါနုသယ'ကို ပယ်စွန့်၍ ထိခိုက်မှု အကိန်းတရား 'ပဋိဃာနုသယ'ကို ဖျောက်ဖျက်၍ ငါဟု

http://www.dhammadownload.com



စွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်း အကိန်းတရား 'မာနာနုသယ'ကို နုတ်ခွါ၍ မသိမှု'အဝိဇ္ဇာ'ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ်'ဝိဇ္ဇာ'ကို ဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤ သူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

၁၀၃။ "ငါ့သျှင် ကောင်းပါပေ၏"ဟု။ပ။ငါ့သျှင်။ပ။ ရှိပါသေးသလောဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် မသိမှု'အဝိဇ္ဇာ'ကိုလည်း ခွဲခြား၍ သိ၏၊ အဝိဇ္ဇာဖြစ်ကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ အဝိဇ္ဇာ၏ ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍ သိ၏၊ အဝိဇ္ဇာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်)တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ မသိမှု 'အဝိဇ္ဇာ' ဟူသည် အဘယ်နည်း၊ အဝိဇ္ဇာဖြစ်ကြောင်း ဟူသည် အဘယ်နည်း၊ အဝိဇ္ဇာချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ အဝိဇ္ဇာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ ဆင်းရဲ'ဒုက္ခ'၌ မသိမှု၊ ဆင်းရဲဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ငြိမ်းခြင်း၌ မသိမှု၊ ဆင်းရဲချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်၌ မသိမှု၊ ဤတရားသဘောကို မသိမှု 'အဝိဇ္ဇာ' ဟူ၍ ဆိုရ၏။ အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် မသိမှု 'အဝိဇ္ဇာ' ဖြစ်၏၊ အာသဝေါတရားတို့ ချုပ်ငြိမ်းခြင်းကြောင့် မသိမှု 'အဝိဇ္ဇာ' ချုပ်ငြိမ်းရ၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် မသိမှု'အဝိဇ္ဇာ' ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်း အကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ'တို့ ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ မသိမှု 'အဝိဇ္ဇာ'ကို ခွဲခြား၍သိ၏၊ ဤသို့အဝိဇ္ဇာဖြစ်ကြောင်းကို ခွဲခြား၍သိ၏၊ ဤသို့ အဝိဇ္ဇာ ချုပ်ငြိမ်းခြင်းကို ခွဲခြား၍သိ၏၊ ဤသို့ အဝိဇ္ဇာချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား၍သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် အကြွင်းအကျန်မရှိ တပ်မက်မှုအကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍ ထိခိုက်မှု အကိန်းတရား 'ပဋိဃာနုသယ' ကို ဖျောက်ဖျက်၍ ငါဟု စွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်း အကိန်းတရား 'မာနာနုသယ'ကို နုတ်ခွါ၍ မသိမှု 'အဝိဇ္ဇာ' ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ်'ဝိဇ္ဇာ'ကို ဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြု၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ ဟု (ဟောကြားတော်မူ၏)။

၁၀၄။ "ငါ့သျှင် ကောင်းပါပေ၏"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာမိန့်ကြားသော တရားစကားကို အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၍ အသျှင်သာရိပုတြာအား ပြဿနာကို ထပ်ဆင့်၍ မေးလျှောက်ကြကုန်၏—

"ငါ့သျှင် အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏၊ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသည့်နည်းတူ အခြားရောက်လာကြောင်းလည်း ရှိပါသေးသလော" ဟု မေးလျှောက်ကြကုန်၏။

ငါ့သျှင်တို့ ရှိပေသေး၏။ ငါ့သျှင်တို့ အရိယာဖြစ်သော တပည့်သည် အာသဝေါတရားကိုလည်း ခွဲခြား၍သိ၏၊ အာသဝေါတရား ဖြစ်ကြောင်းကိုလည်း ခွဲခြား၍သိ၏၊ အာသဝေါတရား ချုပ်ငြိမ်းခြင်းကိုလည်း ခွဲခြား၍သိ၏၊ အာသဝေါတရား ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ငါ့သျှင်တို့ ထိုအရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏။

ငါ့သျှင်တို့ အာသဝေါတရားဟူသည် အဘယ်နည်း၊ အာသဝေါတရား၏ ဖြစ်ကြောင်းဟူသည် အဘယ်နည်း၊ အာသဝေါတရား ချုပ်ငြိမ်းခြင်းဟူသည် အဘယ်နည်း၊ အာသဝေါတရားချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်နည်း။

ငါ့သျှင်တို့ အာသဝေါတရားတို့သည် ကာမဘဝ ပွါးစီးရေး 'ကာမာသဝ' ရူပဘဝ အရူပဘဝ ပွါးစီးရေး 'ဘဝါသဝ' သစ္စာလေးပါးတို့၌ မသိမှု ပွါးစီးရေး 'အဝိဇ္ဇာသဝ' ဤသုံးပါးတို့တည်း။ မသိမှု 'အဝိဇ္ဇာ' ဖြစ်ခြင်းကြောင့် အာသဝေါတရားဖြစ်ရသည်၊ မသိမှု 'အဝိဇ္ဇာ' ချုပ်ငြိမ်းခြင်းကြောင့် အာသဝေါတရားတို့ချုပ်ငြိမ်း၏။

အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် အာသဝေါတရား ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ပေတည်း။ ဤမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့ပေတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ အရိယာဖြစ်သော တပည့်သည် ဤသို့ အာသဝေါတရားကိုခွဲခြား၍ သိ၏၊ ဤသို့ အာသဝေါတရားဖြစ်ကြောင်းကို ခွဲခြား၍သိ၏၊ ဤသို့ အာသဝေါတရား ချုပ်ငြိမ်းခြင်းကို ခွဲခြား၍ သိ၏၊ ဤသို့ အာသဝေါတရား ချုပ်ငြိမ်းခြင်းသို့ ရောက်ကြောင်းအကျင့်ကို ခွဲခြား၍ သိ၏။ (ထိုအခါ၌) ထိုအရိယာဖြစ်သော တပည့်သည် တပ်မက်မှုအကိန်းတရား 'ရာဂါနုသယ' ကို ပယ်စွန့်၍ ထိခိုက်မှုအကိန်းတရား 'ပဋိဃာနုသယ' ကို ဖျောက်ဖျက်၍ ငါဟုစွဲယူခြင်း ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်း အကိန်းတရား 'မာနာနုသယ' ကို နုတ်ရုပ်၍ မသိမှု 'အဝိဇ္ဇာ' ကို ပယ်စွန့်ပြီးလျှင် အသိဉာဏ် 'ဝိဇ္ဇာ'ကို ဖြစ်စေလျက် ယခုဘဝ၌ပင် ဝဋ်ဆင်းရဲ၏ အဆုံးကိုပြု၏။

ငါ့သျှင်တို့ ဤမျှဖြင့်လည်း အရိယာဖြစ်သော တပည့်သည် မှန်ကန်သော အယူရှိသူဖြစ်၍ ထိုသူ၏ အယူသည် ဖြောင့်မတ်၏။ (ထိုသူသည်) တရားတော်၌ သက်ဝင်ကြည်ညိုခြင်းနှင့်

http://www.dhammadownload.com



ပြည့်စုံလျက် ဤသူတော်ကောင်းတရားသို့ ရောက်လာသူဖြစ်ပေ၏ဟု (ဟောကြားတော်မူ၏)။

အသျှင်သာရိပုတြာသည် ဤ (တရားစကား)ကို ဟောကြားတော်မူ၏။ ရဟန်းတို့သည် အသျှင်သာရိပုတြာ ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ကိုးခုမြောက် သမ္မာဒိဋ္ဌိသုတ် ပြီး၏။

## ၁၀-မဟာသတိပဋ္ဌာနသုတ်

၁၀၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟုခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား"ဟု ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

### သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်

၁၀၆။ ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်းခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

လေးပါးတို့သည် အဘယ်တို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိ[၁] ရှိသည်ဖြစ်၍ လောက[၂]၌ အဘိဇ္ဈာ[၃] ဒေါမနဿ[၄]ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ် ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သတိပဋ္ဌာန်လေးပါး အကျဉ်းချုပ် ပြီး၏။

---

၁- အောက်မေ့ခြင်း။
၂- ဥပါဒါနက္ခန္ဓာ လောကကိုဆိုလိုသည်။
၃- ထိုစွဲမက်ခြင်း။
၄- နှလုံးမသာခြင်း။

http://www.dhammadownload.com



## ရုပ်အပေါင်းကို ရှုဆင်ခြင်ခြင်း တဆယ့်လေးပါး

## (၁) ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း

၁၀၇။ ရဟန်းတို့အတယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေးရှု ဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက် လေကို ရှိုက်[၁]၏၊ သတိရှိလျက်သာလျှင် ဝင်သက် လေကို ရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်"ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်"ဟုသိ၏။ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်" ဟုကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသောရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်"ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်" ဟု ကျင့်၏၊ "ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်" ဟု ကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်၎င်း ပွတ်သမား၏ တပည့်သည်၎င်း (ပွတ်ကြိုးကို)ရှည်ရှည်ဆွဲငင်လျှင်လည်း"ရှည်ရှည်ဆွဲငင်သည်"ဟု သိ၏၊ (ပွတ်ကြိုးကို)တိုတိုဆွဲငင်လျှင်လည်း "တိုတိုဆွဲငင်သည်" ဟု သိ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း "ရှည်ရှည်ရှိုက်သည်" ဟု သိ၏၊ ရှည်ရှည်ရှူလျှင်လည်း "ရှည်ရှည်ရှူသည်" ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း "တိုတိုရှိုက်သည်" ဟု သိ၏၊ တိုတိုရှူလျှင်လည်း "တိုတိုရှူသည်" ဟု သိ၏။ (ထွက်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်"ဟု ကျင့်၏၊ (ဝင်သက်လေ၏) "အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်" ဟု ကျင့်၏။ "ရုန့်ရင်းသော ထွက်သက်ကို ငြိမ်းစေလျက်ရှိုက်မည်" ဟု ကျင့်၏၊ "ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်"ဟု ကျင့်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိသည်" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)

၁-ဝမ်းဗိုက်ကို ရှိုက်၍ လွှတ်ရသည်ကို ရည်၍ ထွက်လေလွှတ်သည်ကို ရှိုက်သည်ဟု ဝေါဟာရပြုသည်။

http://www.dhammadownload.com



မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတခုကိုမျှလည်း (ငါ,ငါ၏ဥစ္စာဟု) စွဲလည်းမစွဲ လမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်း အပိုင်းပြီး၏။

---

## ၂-ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

၁၀၇။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သွားလျှင်လည်း "သွားသည်"ဟု သိ၏၊ ရပ်လျှင်လည်း "ရပ်သည်" ဟု သိ၏၊ ထိုင်လျှင်လည်း "ထိုင်သည်" ဟု သိ၏၊ လျောင်းလျှင်လည်း "လျောင်းသည်" ဟု သိ၏။ ထိုရဟန်း၏ ရုပ်အပေါင်းသည် အကြင်အကြင် အမူအရာအားဖြင့် တည်နေ၏၊ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်ကို တိုးပွါးခြင်း ငှါသာ ဖြစ်၏၊အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာဖြစ်၏။(ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတခုကိုမျှလည်း (ငါ,ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၃-သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း

၁၀၉။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ သိလျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။

http://www.dhammadownload.com



ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

သတိသမ္ပဇဉ် ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

---

## ၄-စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းအပိုင်း

၁၁၀။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုပ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်[၁] သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏"ဟု စူးစိုက် ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးဖြင့် ပြည့်လျက်ရှိရာ၏၊ အဘယ်စပါးတို့နည်း ဟူမူ—သလေစပါး ကောက်ကြီးစပါး ပဲနောက် ပဲကြီး နှမ်း ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကိုဖြေ၍ "ဤသည်တို့ကား သလေးစပါးတို့တည်း၊ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း၊ ဤသည်တို့ကား ပဲနောက်တို့တည်း၊ ဤသည်တို့ကား ပဲကြီးတို့တည်း၊ ဤသည်တို့ကား နှမ်းတို့တည်း၊ ဤသည်တို့ကား ဆန်တို့တည်း"ဟု စူးစိုက် ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ခြေဖဝါးမှ အထက်, ဆံပင်ဖျားမှ အောက် ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏၊ "ဤရုပ်အပေါင်း၌ ဆံပင် အမွေး ခြေသည်း လက်သည်း သွား အရေ။ပ။ကျင်ငယ်သည်ရှိ၏"ဟု (စူးစိုက်ဆင်ခြင်၏)။

ဤသို့ မိမိ၏ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းဆင်ခြင်ခြင်း အပိုင်း ပြီး၏။

---

## ၅-ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

၁၁၁။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည် ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း နွားသတ်သမား၏ တပည့်သည်၎င်း နွားကိုသတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာ

---

၁- ဤပါဠိတော်၌မပါ။ ခုဒ္ဒကပါဌပါဠိတော် (ဆဋ္ဌ) နံပါတ်(၂) ဒွတ္တိံသာကာရနှင့် သုတ္တနိပါတ်ပါဠိတော် ကောဒသမ ဝိဇယသုတ် (ဆဋ္ဌ) နံပါတ် (၃၀၇)တို့၌ပါသည်။

http://www.dhammadownload.com



သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်သည်ရှိ၏"ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း ထားမြဲတိုင်းပင် ဓာတ်အားဖြင့် စူးစိုက် ဆင်ခြင်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဓာတ်အားဖြင့် နှလုံးသွင်းခြင်း အပိုင်း ပြီး၏။

---

## ၆-သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၂။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍တရက် ရှိသော သူသေကောင် သေ၍ နှစ်ရက်ရှိသော သူသေကောင် သေ၍ သုံးရက်ရှိသော သူသေကောင် ဖူးရောင်နေသော သူသေကောင် ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင် ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ် ရည်ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ဤသို့သော သဘော ဖြစ်လိမ့်မည်သာ တည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း၊ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ခဲစားအပ်သည် မူလည်းဖြစ်သော စွန်ရဲတို့ ခဲစားအပ်သည်မူလည်းဖြစ်သော လင်းတတို့ ခဲစားအပ်သည် မူလည်းဖြစ်သော ဘုံမတီးငှက်တို့ ခဲစားအပ်သည်မူလည်းဖြစ်သော ခွေးတို့ခဲစားအပ်သည်မူလည်းဖြစ်သော ကျားတို့ ခဲစားအပ် သည်မူလည်းဖြစ်သော သစ်တို့ ခဲစားအပ်သည်မူလည်းဖြစ်သော မြေခွေးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည်မူလည်း ဖြစ်သော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်း သည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အသား အသွေး ရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာသကဲ့သို့။ပ။

http://www.dhammadownload.com



အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက် ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို။ပ။

အသားအသွေးကင်းလျက် အကြောတို့ဖြင့်ဖွဲ့ထားသော အရိုးစုဖြစ်သော သင်းချိုင်း၌ စွန့်ပစ် အပ်သော သူသေကောင်ကို။ပ။

တနေရာ၌ လက်ရိုး တနေရာ၌ ခြေရိုး တနေရာ၌ ခြေဖမျက်ရိုး တနေရာ၌ မြင်းခေါင်းရိုး တနေရာ၌ ပေါင်ရိုး တနေရာ၌ ခါးရိုး တနေရာ၌ နံရိုး တနေရာ၌ ကျောက်ကုန်းရိုး တနေရာ၌ ပခုံးရိုး တနေရာ၌ လည်ပင်းရိုး တနေရာ၌ မေးရိုး တနေရာ၌ သွားရိုး တနေရာ၌ ဦးခေါင်းခွံ အားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထိုအရပ်တို့၌ ကြဲပြန့်နေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ် သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ပ။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့။ပ။ နှစ်လွန်လျက် စုပုံနေသော သင်းချိုင်း၌ စွန့်ပစ်ထားအပ်သော အရိုးစုသူသေကောင်တို့ကို မြင်ရာသကဲ့သို့။ပ။ ဆွေ့မြည့်လျက် အမှုန့်ဖြစ်ကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစုသူသေကောင် တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘော ဖြစ်လိမ့်မည်သာတည်း၊ ဤသို့သော သဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ် အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍နေ၏၊ မိမိသူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းသဘောနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ရုပ်အပေါင်းသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါး ခြင်းငှါသာဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ တို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ,ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တဆယ့်လေးပါး ပြီး၏။

http://www.dhammadownload.com



## ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါး

၁၁၃။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာ[၁]တို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သုခဝေဒနာ[၂]ကို ခံစားလျှင်လည်း "သုခဝေဒနာကိုခံစားသည်"ဟု သိ၏။ ဒုက္ခဝေဒနာ[၃]ကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်"ဟု သိ၏။ အဒုက္ခမသုခဝေဒနာ[၄]ကို ခံစားလျှင်လည်း "အဒုက္ခမသုခဝေဒနာကို ခံစားသည်"ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော ချမ်းသာသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာသောဝေဒနာကို ခံစားသည်"ဟု သိ၏၊ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သောဆင်းရဲသော ဝေဒနာကို ခံစားသည်"ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသောဝေဒနာကို ခံစားသည်"ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားသည်" ဟု သိ၏။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သူတပါး ၏ ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး ၏ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဝေဒနာတို့၌ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ ဝေဒနာတို့၌ ဖြစ်ကြောင်းပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ဝေဒနာသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ် မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

---

[၁] ခံစားခြင်း။
[၂] ချမ်းသာသောခံစားခြင်း။
[၃] ဆင်းရဲသောခံစားခြင်း။
[၄] ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောခံစားခြင်း။

http://www.dhammadownload.com



## စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး

၁၁၄။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရာဂ [1] နှင့်တကွသော စိတ်ကိုလည်း "ရာဂနှင့်တကွသော စိတ်"ဟု သိ၏၊ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသောစိတ်"ဟု သိ၏။ ဒေါသ [2] နှင့်တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသော စိတ်"ဟု သိ၏၊ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသော စိတ်"ဟု သိ၏။ မောဟ [3] နှင့်တကွသောစိတ်ကိုလည်း "မောဟနှင့်တကွသော စိတ်"ဟု သိ၏၊ မောဟကင်းသော စိတ်ကိုလည်း "မောဟကင်းသော စိတ်" ဟု သိ၏။ သံခိတ္တ [4] စိတ်ကိုလည်း "သံခိတ္တစိတ်"ဟု သိ၏။ ဝိက္ခိတ္တ [5] စိတ်ကိုလည်း ဝိက္ခိတ္တစိတ်"ဟု သိ၏။ မဟဂ္ဂုတ် [6] စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်" ဟု သိ၏၊ အမဟဂ္ဂုတ် [7] စိတ်ကိုလည်း "အမဟဂ္ဂုတ်စိတ်"ဟု သိ၏။ သဥတ္တရ [8] စိတ်ကိုလည်း "သဥတ္တရစိတ်"ဟု သိ၏၊ အနုတ္တရ [9] စိတ်ကိုလည်း "အနုတ္တရစိတ်" ဟု သိ၏။ သမာဟိတ [10] စိတ်ကိုလည်း "သမာဟိတစိတ်"ဟု သိ၏၊ အသမာဟိတ [11] စိတ်ကိုလည်း "အသမာဟိတစိတ်" ဟု သိ၏။ ဝိမုတ္တ [12] စိတ်ကိုလည်း "ဝိမုတ္တစိတ်"ဟု သိ၏၊ အဝိမုတ္တ [13] စိတ်ကိုလည်း "အဝိမုတ္တစိတ်" ဟု သိ၏။

ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ စိတ်၌ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ စိတ်၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏၊ စိတ်၌ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "စိတ်သည်သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ၊ ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး ပြီး၏။

---

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး နီဝရဏတရားငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၅။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်

---

၁-တပ်မက်ခြင်း။
၂-အမျက်ထွက်ခြင်း။
၃-တွေဝေခြင်း။
၄-ကျုံ့သောစိတ်။
၅-ပျံ့သောစိတ်။
၆-ရူပအရူပစိတ်။
၇-ကာမာဝစရစိတ်။
၈-ကာမာဝစရစိတ်။
၉-ရူပအရူပစိတ်။
၁၀-အပ္ပနာသမာဓိ ဥပစာရသမာဓိရှိသော တည်ကြည်သောစိတ်။
၁၁-သမာဓိနှစ်ပါးကင်းသော မတည်ကြည်သောစိတ်။
၁၂-လွတ်မြောက်သောစိတ်။
၁၃-မလွတ်မြောက်သောစိတ်။

http://www.dhammadownload.com



နီဝရဏ[၁] ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နီဝရဏငါးပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ[၂] ရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်" ဟု သိ၏၊ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်း ကိုလည်း သိ၏၊ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒ[၃] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဗျာပါဒ ရှိသည်"ဟု သိ၏၊မိမိသန္တာန်၌ ဗျာပါဒမရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ဗျာပါဒ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဗျာပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသောဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသောဗျာပါဒ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိနမိဒ္ဓ[၄] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓ ရှိသည်"ဟု သိ၏၊ မိမိသန္တာန်၌ ထိနမိဒ္ဓ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ထိနမိဒ္ဓ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥဒ္ဓစ္စ[၅] ကုက္ကုစ္စ[၆] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိသည်"ဟုသိ၏၊ မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ မရှိ" ဟု သိ၏၊ မဖြစ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာ[၇] ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာ ရှိ၏"ဟု သိ၏၊မိမိသန္တာန်၌ ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာ မရှိ"ဟု သိ၏၊မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏၊ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့

---

၁-အပိတ်အပင်တရား။
၂-ကာမဂုဏ်အလို။
၃-သူတပါးပျက်စီးစေလိုခြင်းသဘော။
၄-လေးလံထိုင်းမှိုင်းခြင်း။
၅-ပျံ့လွင့်ခြင်း။
၆-နှလုံးမသာခြင်း။
၇-မဝေခွဲနိုင်ခြင်း။

http://www.dhammadownload.com



ရှိသည် ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ,ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၆။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ချုပ်ရာတည်း။ ဤကား ဝေဒနာတည်း၊ ဤကား ဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝေဒနာ၏ ချုပ်ရာတည်း။ ဤကား သညာ[1]တည်း၊ ဤကား သညာ၏ ဖြစ်ကြောင်းတည်း၊ ဤကား သညာ၏ ချုပ်ရာတည်း။ ဤသည်တို့ကား သင်္ခါရ[2]တို့တည်း၊ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်းတည်း၊ဤကား သင်္ခါရတို့၏ ချုပ်ရာတည်း။ ဤကား ဝိညာဏ်[3]တည်း၊ ဤကား ဝိညာဏ်၏ ဖြစ်ကြောင်းတည်း၊ ဤကား ဝိညာဏ်၏ ချုပ်ရာတည်း ဟု ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရား၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်မူ၍လည်း နေ၏။ ထို့ပြင်"သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏၊ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ,ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

---

[1] ၁-မှတ်သိခြင်း။ [2] ၂-ပြုပြင်စီရင်မှု အားထုတ်မှု။ [3] ၃-အထူးသိမှု။

http://www.dhammadownload.com



## အာယတနတဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၇။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန[၁] သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတနသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏၊ အဆင်းတို့ကိုလည်း သိ၏၊ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နားကိုလည်း သိ၏၊ အသံတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏၊အနံ့တို့ကိုလည်း သိ၏၊ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်းသိ၏။

လျှာကိုလည်း သိ၏၊အရသာတို့ကိုလည်း သိ၏၊ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏၊အတွေ့အထိတို့ကိုလည်း သိ၏၊ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်းသိ၏။

စိတ်ကိုလည်း သိ၏၊သဘောတရားတို့ကိုလည်း သိ၏၊ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏၊မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏၊ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို

---

၁-ဖြစ်ရာအကြောင်း

http://www.dhammadownload.com



အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင်"သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏၊(ထိုသတိသည်)အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာ ဖြစ်၏၊ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏၊ လောက၌ တစုံတရာကိုမျှလည်း (ငါ,ငါ၏ဥစ္စာဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၈။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဗောဇ္ဈင်[၁] ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်[၂] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏၊မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏၊မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ဖြစ်ကြောင်းကိုလည်း သိ၏၊ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်[၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏၊ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင်မရှိ"ဟု သိ၏၊ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်[၄] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏၊ မိမိသန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင်မရှိ"ဟု သိ၏၊ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဝီရိယ သမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင်[၅] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိသည်"ဟု သိ၏၊ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိ"ဟု သိ၏၊မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

---

၁-သစ္စာတို့ကိုသိကြောင်း။
၂-မဂ်ဉာဏ်၏အကြောင်းဖြစ်သောအောက်မေ့ခြင်း။
၃-မဂ်ဉာဏ်၏အကြောင်းဖြစ်သော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း။
၄-မဂ်ဉာဏ်၏အကြောင်းဖြစ်သော အားထုတ်ခြင်း။
၅-မဂ်ဉာဏ်၏အကြောင်းဖြစ်သော နှစ်သိမ့်ခြင်း။

http://www.dhammadownload.com



မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် [၁] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏၊ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိ" ဟု သိ၏၊ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် [၂] ရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏၊ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိ သမ္ဗောဇ္ဈင်မရှိ"ဟု သိ၏၊ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကိုလည်း သိ၏၊ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် [၃] ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိသည်"ဟု သိ၏၊မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင်မရှိ"ဟုသိ၏၊မဖြစ်ပေါ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊မိမိ သူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "သဘောတရားထိုသည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏၊ (ထိုသတိသည်)အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏၊လောက၌ တစုံတရာကိုမျှလည်း (ငါ, ငါ၏ဥစ္စာ ဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း
ပြီး၏။

## သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း

၁၁၉။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည်

---

၁- မဂ်ဉာဏ်၏အကြောင်းဖြစ်သော ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်း။ ၂- မဂ်ဉာဏ်၏အကြောင်းဖြစ်သော တည်ကြည်ခြင်း။
၃- မဂ်ဉာဏ်၏အကြောင်းဖြစ်သော အညီအမျှရှုခြင်း။

http://www.dhammadownload.com



အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း" ဟု ဟုတ်မှန်သည့် အတိုင်း သိ၏၊ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သည့်အတိုင်း သိ၏၊ "ဤကား ဒုက္ခချုပ်ရာတည်း"ဟု ဟုတ်မှန်သည့်အတိုင်းသိ၏၊ "ဤကား ဒုက္ခနိရောဂါမိနိပဋိပဒါ တည်း" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

ပဌမအခန်း ပြီး၏။

---

## ဒုက္ခအရိယသစ္စာ

၁၂၀။ ရဟန်းတို့ ဒုက္ခသစ္စာဟူသည် အဘယ်နည်း။ ဇာတိ [၂] သည်လည်း ဒုက္ခတည်း၊ ဇရာ [၃] သည်လည်း ဒုက္ခတည်း၊ မရဏ [၄] သည်လည်း ဒုက္ခတည်း၊သောက [၅] ပရိဒေဝ [၆] ဒုက္ခ [၇] ဒေါမနဿ [၈] ဥပါယာသ [၉] တို့သည်လည်း ဒုက္ခတို့တည်း၊ မချစ်ခင် မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်း ရခြင်း သည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း၊အလိုရှိ သည်ကို မရခြင်းသည်လည်း ဒုက္ခတည်း၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် ဒုက္ခတို့တည်း။

၁၂၁။ ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း ပြည့်စုံစွာဖြစ်ခြင်း (အမိဝမ်းတွင်း ဥခွံတွင်းသို့) သက်ဝင်ခြင်း ကိုယ်ထင်ရှား ဖြစ်ခြင်း ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း အာယတနတို့ကို ရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘော ကို ဇာတိဟူ၍ ဆိုအပ်၏။

၁၂၂။ ရဟန်းတို့ ဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အပေါင်း၌ အိုခြင်း အိုသောအခြင်းအရာ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ရှုံ့ခြင်း ချပ်အသက် ဆုတ်ယုတ် ခြင်း (မျက်စိစသော)ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့ ဤတရား သဘောကို ဇရာဟူ၍ ဆိုအပ်၏။

၁၂၃။ ရဟန်းတို့ မရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အပေါင်းမှ ရွေ့လျောခြင်း ရွေ့လျောသောအခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သတ်ဖြတ်သေဆုံး ခြင်း ကွယ်လွန်ခြင်း ခန္ဓာတို့၏ ပျက်စီးခြင်း ကိုယ်ကိုပစ်ချခြင်း ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မရဏဟူ၍ ခေါ် ဆိုအပ်၏။

၁၂၄။ ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ စိုးရိမ်ခြင်း စိုးရိမ် သော အခြင်းအရာ စိုးရိမ်သည့်အဖြစ် အတွင်း၌ စိုးရိမ်ခြင်း အတွင်း၌ ပြင်းစွာစိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို သောကဟူ၍ ခေါ် ဆိုအပ်၏။

---

၁-ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်။
၂-ပဋိသန္ဓေတည်နေခြင်း။
၃-အိုခြင်း။
၄-သေခြင်း။
၅-စိုးရိမ်ပူပန်ခြင်း။
၆-ငိုကြွေးခြင်း။
၇-ကိုယ်ဆင်းရဲခြင်း။
၈-စိတ်ဆင်းရဲခြင်း။
၉-ပြင်းစွာပူပန်ခြင်း။

http://www.dhammadownload.com



၁၂၅။ ရဟန်းတို့ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ ငိုကြွေးခြင်း ပြင်းစွာ ငိုကြွေးခြင်း ငိုကြွေးသောအခြင်းအရာ ပြင်းစွာငိုကြွေးသောအခြင်းအရာ ငိုကြွေးသည်၏အဖြစ် ပြင်းစွာငိုကြွေးသည်၏အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ပရိဒေဝဟူ၍ ခေါ်ဆိုအပ်၏။

၁၂၆။ ရဟန်းတို့ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့ ကိုယ်၌ဖြစ်သောဆင်းရဲ ကိုယ်၌ဖြစ်သော မသာယာခြင်း ကိုယ်အတွေ့ကြောင့် ဖြစ်သောဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခဟူ၍ ခေါ်ဆိုအပ်၏။

၁၂၇။ ရဟန်းတို့ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့ စိတ်၌ဖြစ်သော ဆင်းရဲ စိတ်၌ဖြစ်သော မသာယာခြင်း စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒေါမနဿဟူ၍ ခေါ်ဆိုအပ်၏။

၁၂၈။ ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲခြင်း၏ အကြောင်းနှင့် တွေ့ကြုံသောသတ္တဝါ၏ ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ဥပါယာသဟူ၍ ခေါ်ဆိုအပ်၏။

၁၂၉။ ရဟန်းတို့ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အတွေ့သဘောတရားတို့သော်၎င်း အကျိုးမဲ့ခြင်း အစီးအပွါးမဲ့ခြင်း မချမ်းသာခြင်း ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်၎င်း ထိုသူအား ရှိကုန်၏၊ ထို(အာရုံ သတ္တဝါ) တို့နှင့်တကွ တွေ့ရခြင်း ဆုံရခြင်း ပေါင်းဖော်ရခြင်း ရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

၁၃၀။ ရဟန်းတို့ ချစ်နှစ်လိုဖွယ်တို့နှင့် ကွေကွင်း ကွဲကွာရခြင်း ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလားနှစ်သက် မြတ်နိုးအပ်ကုန်သော အဆင်း အသံ အနံ့ အရသာ အထိသဘော တရားတို့သော်၎င်း အကျိုးအစီးအပွါး ချမ်းသာခြင်း ဘေးကင်းခြင်းကို လိုလားကုန်သော အမိ အဖ ညီအစ်ကို နှမ အစ်မ မိတ်ဆွေအပေါင်းအဖော် ဆွေမျိုးသားခြင်းတို့သော်၎င်း ထိုသူအား ရှိကုန်၏၊ ထို(အာရုံ သတ္တဝါ)တို့နှင့် မတွေ့ရခြင်း မဆုံရခြင်း မပေါင်းဖော်ရခြင်း မရောနှောရခြင်း တည်း။ ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သော သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲဟူ၍ ခေါ်ဆိုအပ်၏။

၁၃၁။ ရဟန်းတို့ အလိုရှိသည်ကို မရခြင်း ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့ ဇာတိ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (ဇာတိမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကိုမရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇရာသဘောမရှိကြကုန်မူ ကောင်းလေစွ၊ ဇရာသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း

http://www.dhammadownload.com



ဤ (ဇရာမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ ဗျာဓိ[၁] သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဗျာဓိသဘော မရှိကြကုန်မူ ကောင်းရာလေစွ၊ ဗျာဓိသည် ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ(ဗျာဓိမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်းဆင်းရဲမည်၏။ ရဟန်းတို့ မရဏသဘော ရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် မရဏသဘော မရှိကြကုန်မူ ကောင်းလေစွ၊ မရဏသည် ငါတို့ထံ မလာမူကား ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (မရဏမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ ရဟန်းတို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောမရှိကြကုန်မူ ကောင်းလေစွ၊ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံ မလာကုန်မူ ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်၊ ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

၁၃၂။ ရဟန်းတို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ[၂] ဆင်းရဲတို့ ဟူသည် အဘယ်တို့နည်း။ ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ဟူသည် ရုပ်ဥပါဒါနက္ခန္ဓာ၊ ဝေဒနာဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ် ဥပါဒါနက္ခန္ဓာ တို့ပေတည်း။ ရဟန်းတို့ ဤ(ဥပါဒါနက္ခန္ဓာငါးပါး) တို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခအရိယသစ္စာဟူ၍ ဆိုအပ်၏။

## ဒုက္ခသမုဒယအရိယသစ္စာ

၁၃၃။ ရဟန်းတို့ ဒုက္ခသမုဒယ အရိယသစ္စာသည် အဘယ်နည်း။ တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်သော ထိုထိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်း ရှိသောတဏှာတည်း။ ထိုတဏှာ[၃] သည် အဘယ်နည်း၊ ကာမတဏှာ[၄] ဘဝတဏှာ[၅] ဝိဘဝတဏှာ[၆] တို့တည်း။

ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ဖြစ်သနည်း၊ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏)၊ ထို (တဏှာ)သည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်အာရုံ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤ (ချစ်ခင်ဖွယ် သာယာဖွယ်အာရုံ) ၌ တည်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏၊

---

၁- နာခြင်း။
၂- ဥပါဒါန်၏အာရုံတရားစု။
၃- တပ်မက်ခြင်း။
၄- ကာမအာရုံ၌ တပ်မက်ခြင်း။
၅- ရူပအရူပဘုံတို့၌ တပ်မက်ခြင်း။
၆- ဥစ္ဆေဒဒိဋ္ဌိနှင့်အတူဖြစ်သော တပ်မက်ခြင်း။

http://www.dhammadownload.com



တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နားသည်။ပ။လောက၌ နှာခေါင်းသည်။ပ။ လောက၌ လျှာသည်။ပ။လောက၌ ကိုယ်သည်။ပ။လောက၌ စိတ်သည် ချစ်ခင်ဖွယ်သာယာဖွယ် သဘောဖြစ်၏၊ ထိုတဏှာသည်ဖြစ်သည်ရှိသော် ဤစိတ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်၌ တည်၏။

လောက၌ ရူပါရုံ[၁] တို့သည်။ပ။ လောက၌ သဒ္ဒါရုံ[၂] တို့သည်။ပ။ လောက၌ ဂန္ဓာရုံ[၃] တို့သည်။ပ။လောက၌ ရသာရုံ[၄] တို့သည်။ပ။လောက၌ ဖောဋ္ဌဗ္ဗာရုံ[၅] တို့သည်။ပ။လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ ဖြစ်၏၊ တည်သည်ရှိသော် ဤတရားတို့၌ တည်၏။

လောက၌ စက္ခုဝိညာဏ်[၆] သည်။ပ။လောက၌ သောတဝိညာဏ်[၇] သည်။ပ။ လောက၌ ဃာနဝိညာဏ်[၈] သည်။ပ။လောက၌ ဇိဝှါဝိညာဏ်[၉] သည်။ပ။လောက၌ကာယဝိညာဏ်[၁၀] သည်။ပ။ လောက၌ မနောဝိညာဏ်[၁၁] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿ[၁၂] သည်။ပ။ လောက၌ သောတသမ္ဖဿ[၁၃] သည်။ပ။ လောက၌ ဃာနသမ္ဖဿ[၁၄] သည်။ပ။ လောက၌ ဇိဝှါသမ္ဖဿ[၁၅] သည်။ပ။လောက၌ ကာယသမ္ဖဿ[၁၆] သည်။ပ။လောက၌ မနောသမ္ဖဿ[၁၇] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿ၌ တည်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာ[၁၈] သည်။ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာ[၁၉] သည်။ပ။လောက၌ ဃာနသမ္ဖဿဇာဝေဒနာ[၂၀] သည်။ပ။လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာ[၂၁] သည်။ပ။လောက၌ ကာယသမ္ဖဿဇာဝေဒနာ[၂၂] သည်။ပ။လောက၌ မနောသမ္ဖဿဇာဝေဒနာ[၂၃] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ တည်၏။

လောက၌ ရူပသညာ[၂၄] သည်။ပ။ လောက၌ သဒ္ဒသညာ[၂၅] သည်။ပ။လောက၌ ဂန္ဓသညာ[၂၆] သည်။ပ။ လောက၌ ရသသညာ[၂၇] သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာ[၂၈] သည်။ပ။လောက၌ ဓမ္မသညာ[၂၉] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏ ထိုတဏှာ သည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသညာ၌ တည်၏။

---

၁- အဆင်း။
၂- အသံ။
၃- အနံ့။
၄- အရသာ။
၅- အတွေ့အထိ။
၆- မျက်စိ၌ မှီသောစိတ်။
၇- နား၌မှီ သောစိတ်။
၈- နှာခေါင်း၌မှီသောစိတ်။
၉- လျှာ၌မှီသောစိတ်။
၁၀- ကိုယ်၌ မှီသောစိတ်။
၁၁- မနော၌ မှီသောစိတ်။
၁၂- မျက်စိအတွေ့။
၁၃- နားအတွေ့။
၁၄- နှာခေါင်းအတွေ့။
၁၅- လျှာအတွေ့။
၁၆- ကိုယ်အတွေ့။
၁၇- မနောအတွေ့။
၁၈- မျက်စိအတွေ့ကြောင့်ဖြစ်သောခံစားခြင်း။
၁၉- နားအတွေ့ကြောင့်ဖြစ်သောခံစားခြင်း။
၂၀- နှာခေါင်းအတွေ့ကြောင့်ဖြစ်သောခံစားခြင်း။
၂၁- လျှာအတွေ့ကြောင့် ဖြစ်သော ခံစားခြင်း။
၂၂- ကိုယ်အတွေ့ကြောင့် ဖြစ်သောခံစားခြင်း။
၂၃- မနောအတွေ့ကြောင့်ဖြစ်သောခံစားခြင်း။
၂၄- ရူပါရုံ၌ မှတ်သားခြင်း။
၂၅- သဒ္ဒါရုံ၌ မှတ်သားခြင်း။
၂၆- ဂန္ဓာရုံ၌ မှတ်သားခြင်း။
၂၇- ရသာရုံ၌ မှတ်သားခြင်း။
၂၈- ဖောဋ္ဌဗ္ဗာရုံ၌ မှတ်သားခြင်း။
၂၉- ဓမ္မာရုံ၌ မှတ်သားခြင်း။

http://www.dhammadownload.com



လောက၌ ရူပသဉ္စေတနာ [၁] သည်။ပ။လောက၌ သဒ္ဒသဉ္စေတနာ [၂] သည်။ပ။ လောက၌ ဂန္ဓသဉ္စေတနာ [၃] သည်။ပ။ လောက၌ ရသသဉ္စေတနာ [၄] သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာ [၅] သည်။ပ။ လောက၌ ဓမ္မသဉ္စေတနာ [၆] သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ တည်၏။

လောက၌ ရူပတဏှာ [၇] သည်။ပ။လောက၌ သဒ္ဒတဏှာသည်။ပ။ လောက၌ ဂန္ဓတဏှာသည်။ပ။လောက၌ ရသတဏှာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ပ။လောက၌ ဓမ္မတဏှာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မတဏှာ၌ တည်၏။

လောက၌ ရူပဝိတက် [၈] သည်။ပ။ လောက၌ သဒ္ဒဝိတက်သည်။ပ။ လောက၌ ဂန္ဓဝိတက်သည်။ပ။ လောက၌ ရသဝိတက်သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏၊ ထိုတပ်မက်ခြင်း (တဏှာ) သည် ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ ဖြစ်၏၊ တည်ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

လောက၌ ရူပဝိစာရ [၉] သည်။ပ။လောက၌ သဒ္ဒဝိစာရသည်။ပ။လောက၌ ဂန္ဓဝိစာရသည်။ပ။ လောက၌ ရသဝိစာရသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ပ။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤဓမ္မဝိစာရ၌ တည်၏။

ရဟန်းတို့ ဤတရားသဘောကို အရိယာတို့သိအပ်သော ဒုက္ခသမုဒယအရိယသစ္စာ [၁၀] ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓအရိယသစ္စာ

၁၃၄။ ရဟန်းတို့ ဒုက္ခနိရောဓအရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏ သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ တဏှာကိုစွန့်ရာ တဏှာကို ဝေးစွာစွန့်ရာ တဏှာမှ လွတ်မြောက်ရာ တဏှာဖြင့် မကပ်ငြိရာ (နိဗ္ဗာန်)တည်း။

ရဟန်းတို့ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း၊ ချုပ်သည်ရှိသော် အဘယ်၌ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် (ရှိ၏)၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ပယ်အပ်၏၊ ချုပ်သည် ရှိသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ချုပ်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမျက်စိ၌

---

၁-ရူပါရုံ၌ စေ့ဆော်ခြင်း။ ၂-သဒ္ဒါရုံ၌ စေ့ဆော်ခြင်း။ ၃-ဂန္ဓာရုံ၌ စေ့ဆော်ခြင်း။
၄-ရသာရုံ၌ စေ့ဆော်ခြင်း။ ၅-ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်ခြင်း။ ၆-ဓမ္မာရုံ၌ စေ့ဆော်ခြင်း။
၇-ရူပါရုံ၌ တပ်မက်ခြင်း။ ၈-ရူပါရုံ၌ ကြံစည်ခြင်း။ ၉-ရူပါရုံ၌ သုံးသပ်ဆင်ခြင်ခြင်း။
၁၀-ဆင်းရဲခြင်းဖြစ်ကြောင်းအရိယာတို့သိအပ်သော အမှန်တရား။

http://www.dhammadownload.com



ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမျက်စိ၌ချုပ်၏။ လောက၌ နားသည်။ပ။ လောက၌ နှာခေါင်းသည်။ပ။ လောက၌ လျှာသည်။ပ။ လောက၌ ကိုယ်သည်။ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

လောက၌ ရူပါရုံတို့သည်။ လောက၌ သဒ္ဒါရုံတို့သည်။ လောက၌ ဂန္ဓာရုံတို့သည်။ လောက၌ ရသာရုံတို့သည်။ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည်။ လောက၌ ဓမ္မာရုံတို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤတရားတို့၌ ချုပ်၏။

လောက၌ စက္ခုဝိညာဏ်သည်။ပ။ လောက၌ သောတဝိညာဏ်သည်။ပ။ လောက၌ ဃာနဝိညာဏ်သည်။ပ။ လောက၌ ဇိဝှါဝိညာဏ်သည်။ပ။ လောက၌ ကာယဝိညာဏ်သည်။ပ။လောက၌ မနောဝိညာဏ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည်။ပ။ လောက၌ သောတသမ္ဖဿသည်။ပ။ လောက၌ ဃာနသမ္ဖဿသည်။ပ။ လောက၌ ဇိဝှါသမ္ဖဿသည်။ပ။ လောက၌ ကာယသမ္ဖဿသည်။ပ။ လောက၌ မနောသမ္ဖဿသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ သောတသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ ကာယသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ မနောသမ္ဖဿဇာ ဝေဒနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာ ဝေဒနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ချုပ်၏။

လောက၌ ရူပသညာသည်။ပ။ လောက၌ သဒ္ဒသညာသည်။ပ။ လောက၌ ဂန္ဓသညာသည်။ပ။ လောက၌ ရသသညာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသညာသည်။ပ။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤ(ဓမ္မသညာ)၌ ချုပ်၏။

လောက၌ ရူပသဉ္စေတနာသည်။ပ။ လောက၌ သဒ္ဒသဉ္စေတနာသည်။ပ။ လောက၌ ဂန္ဓသဉ္စေတနာသည်။ပ။ လောက၌ ရသသဉ္စေတနာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည်။ပ။ လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

လောက၌ ရူပတဏှာသည်။ပ။ လောက၌ သဒ္ဒတဏှာသည်။ပ။ လောက၌ ဂန္ဓတဏှာသည်။ပ။ လောက၌ ရသတဏှာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ပ။ လောက၌ ဓမ္မတဏှာသည်

http://www.dhammadownload.com



ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

လောက၌ ရူပဝိတက်သည်။ပ။ လောက၌ သဒ္ဒဝိတက်သည်။ပ။ လောက၌ ဂန္ဓဝိတက်သည်။ပ။ လောက၌ ရသဝိတက်သည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ပ။ လောက၌ ဓမ္မဝိတက်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောက၌ ရူပဝိစာရသည်။ပ။ လောက၌သဒ္ဒဝိစာရသည်။ပ။ လောက၌ ဂန္ဓဝိစာရသည်။ပ။ လောက၌ ရသဝိစာရသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗဝိစာရသည်။ပ။ လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘော ဖြစ်၏၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ပယ်အပ်၏၊ ချုပ်သည်ရှိသော် ဤဓမ္မဝိစာရ၌ ချုပ်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓအရိယသစ္စာ[၁] ဟူ၍ ဆိုအပ်၏။

## ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ

၁၃၅။ ရဟန်းတို့ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စာ[၂] သည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့် လမ်းတည်း။ ဤမဂ်အကျင့်လမ်း တို့သည် အဘယ်တို့နည်း၊ သမ္မာဒိဋ္ဌိ[၃] သမ္မာသင်္ကပ္ပ[၄] သမ္မာဝါစာ[၅] သမ္မာကမ္မန္တ[၆] သမ္မာအာဇီဝ[၇] သမ္မာဝါယာမ[၈] သမ္မာသတိ[၉] သမ္မာသမာဓိ[၁၀] တို့ပေတည်း။

ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း ဒုက္ခ၏ဖြစ်ကြောင်း၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်)၌ သိမြင်ခြင်း ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌ သိမြင်ခြင်းတည်း။ရဟန်းတို့ ဤ(သိမြင်ခြင်း)ကို မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသင်္ကပ္ပသည် အဘယ်နည်း။

(ကာမအာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြံခြင်း) ကို မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါစာသည် အဘယ်နည်း။

မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း ကုန်းစကားမှ ကြဉ်ရှောင်ခြင်း ရှန့်ကြမ်းသောစကားမှ ကြဉ်ရှောင်ခြင်း ပြိန်ဖျင်းသောစကားမှ ကြဉ်ရှောင်ခြင်းတည်း။ရဟန်းတို့ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' ဟူ၍ ဆိုအပ်၏။

---

၁-ဒုက္ခ၏ချုပ်ရာ အရိယာတို့သိအပ်သော အမှန်တရား။
၂-ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းအကျင့်ဟူသော အရိယာတို့သိအပ်သော အမှန်တရား။
၃-မှန်စွာသိမြင်ခြင်း။ ၄-မှန်စွာကြံခြင်း။ ၅-မှန်စွာပြောဆိုခြင်း။ ၆-မှန်စွာပြုလုပ်ခြင်း။
၇-မှန်စွာအသက်မွေးခြင်း။ ၈-မှန်စွာအားထုတ်ခြင်း။ ၉-မှန်စွာအောက်မေ့ခြင်း။ ၁၀-မှန်စွာတည်ကြည်ခြင်း။

http://www.dhammadownload.com



ရဟန်းတို့ သမ္မာကမ္မန္တသည် အဘယ်နည်း။

အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်း မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်ခြင်း ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာအာဇီဝသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သောတပည့်သည် မှားသောအသက်မွေးခြင်းကိုပယ်စွန့်၍ မှန်စွာအသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤ(အသက်မွေးခြင်း)ကို မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါယာမသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏၊ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကိုပယ်ရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊လုံ့လပြု၏၊စိတ်ကိုချီးမြှောက်၏၊ဆောက်တည်၏၊မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤ (အားထုတ်ခြင်း)ကို မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအောက်မေ့ခြင်း သတိကို မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော (နီဝရဏ) ကင်းခြင်းကြောင့်ဖြစ်သည့် ပီတိ သုခရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။

http://www.dhammadownload.com



ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော သမာဓိကို ပွါးစေတတ်သော ဝိတက်လည်းမရှိသော ဝိစာရလည်းမရှိသော သမာဓိကြောင့်ဖြစ်သည့် ပီတိ သုခရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက် သတိရှိလျက် ဆင်ခြင်လျက် နေ၏၊ သုခကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ချီးမွမ်းပြောဆိုကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။

ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်း တို့၏ ချုပ်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာကင်းသော ဥပေက္ခာ ကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသမာဓိကို မှန်စွာတည်ကြည် ခြင်း 'သမ္မာသမာဓိ'ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤသဘောကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟူ၍ ဆိုအပ်၏။

၁၃၆။ ဤသို့ မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ် ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊သဘောတရားတို့၌ ဖြစ်ကြောင်း ပျက် ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင်"သဘောတရားတို့သည်သာလျှင် ရှိကုန်၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင်၏၊(ထိုသတိသည်)အဆင့်ဆင့် အသိဉာဏ်တိုးပွါးခြင်းငှါသာ ဖြစ်၏၊ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏၊လောက၌ တစုံတခုကိုမျှလည်း (ငါ, ငါ၏ဥစ္စာဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် အရိယသစ္စာလေးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

သစ္စာပိုင်း ပြီး၏။

သဘောတရားကို ဆင်ခြင်ခြင်း ပြီး၏။

---

၁၃၇။ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးငြားအံ့၊ထိုပွါးသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို(အမှန်ရပေမည်ဟု)အလိုရှိအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ခုနစ်နှစ်ကိုထားဘိဦး ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်နှစ်တို့ပတ်လုံး ဤဟောပြသောနည်းဖြင့်။ပ။ငါးနှစ်တို့ပတ်လုံး။ လေးနှစ်တို့ပတ်လုံး။သုံးနှစ်တို့ပတ်လုံး။နှစ်နှစ်တို့ပတ်လုံး။တနှစ်ပတ်လုံး။

ရဟန်းတို့ တနှစ်ကိုထားဘိဦး ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးများအံ့၊ ထိုပွါးသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို(အမှန်ရပေမည်ဟု)အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်လကိုထားဘိဦး ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးများအံ့။ ငါးလတို့ပတ်လုံး။ လေးလတို့ပတ်လုံး။သုံးလတို့ပတ်လုံး။နှစ်လတို့ပတ်လုံး။တလပတ်လုံး။လခွဲပတ်လုံး။

ရဟန်းတို့ လခွဲကိုထားဘိဦး ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွါးများအံ့၊ ထိုပွါးသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသောဖိုလ်ကို(အမှန်ရပေမည်ဟု)အလိုရှိအပ်၏။

၁၃၇။ "ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း" ဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကြေညာချက်ကို ငါဆိုခဲ့၏၊ ဤကြေညာချက်ကို ဤ (အကျိုးနှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း)ကို ရည်ရွယ်၍ ဆို၏ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ဆယ်ခုမြောက် မဟာသတိပဋ္ဌာနသုတ် ပြီး၏။

**ရှေးဦးစွာသော မူလပရိယာယဝဂ် ပြီး၏။**

---

## မူလပရိယာယဝဂ်၏ သုတ်အကျဉ်းချုပ်

မူလပရိယာယသုတ် သဗ္ဗာသဝသုတ် ဓမ္မဒါယာဒသုတ် ဘယဘေရဝသုတ် အနင်္ဂဏသုတ် အာကင်္ခေယျသုတ် ဝတ္ထသုတ် သလ္လေခသုတ် သမ္မာဒိဋ္ဌိသုတ် သတိပဋ္ဌာနသုတ် ဤသို့ သုတ်တို့သည် ဆယ်သုတ်တို့တည်း။ အတုမဲ့သော မြတ်သော မူလပရိယာယဝဂ် ပြီး၏။

http://www.dhammadownload.com

# ၂-သီဟနာဒဝဂ်

## ၁-စူဠသီဟနာဒသုတ်

၁၃၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟု ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ ဤသာသနာတော်၌သာလျှင် ရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် ဒုတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် တတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် စတုတ္ထရဟန်း 'သမဏ' ရှိ၏၊ သာသနာ့ပြင်ပ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့သည် (သစ္စာလေးပါးကို သိသော) ရဟန်း 'သမဏ' တို့မှ ဆိတ်သုဉ်းကုန်၏" ဟု ဤသို့ မကြောက်မရွံ့ ကောင်းစွာ ကြုံးဝါးကြကုန်လော့။

၁၄၀။ ရဟန်းတို့ အယူဘပါးရှိသော ပရိဗိုဇ်တို့က "အသျှင်တို့ သင်တို့သည် ဤသာသနာတော်၌သာလျှင် ရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် ဒုတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် တတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် စတုတ္ထရဟန်း 'သမဏ' ရှိ၏၊ သာသနာ့ပြင်ပ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့သည် (သစ္စာလေးပါးကို သိသော) ရဟန်းသမဏတို့မှ ဆိတ်သုဉ်းကုန်၏"ဟု ပြောဆိုကြကုန်၏။ "အသျှင်တို့၏ အထောက်အထားကား အဘယ်နည်း၊ (အားကိုးအားထား) အကိုးအကားကား အဘယ်နည်း"ဟု ပြောဆိုရာသော အကြောင်းသည် ရှိရာ၏။

ရဟန်းတို့ ဤသို့ ပြောဆိုကြကုန်သော အယူတပါးရှိသော ပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားက ငါတို့အား ဟောထားသော တရားလေးပါးတို့ကို ငါတို့သည် မိမိကိုယ်၌ ကောင်းစွာ တွေ့မြင်ကြကုန်သောကြောင့် 'ဤသာသနာတော်၌သာလျှင် ရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် ဒုတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် တတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် စတုတ္ထရဟန်း 'သမဏ' ရှိ၏၊ သာသနာ့ပြင်ပ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့သည်(သစ္စာလေးပါးကို)သိသော ရဟန်း 'သမဏ' တို့မှ ဆိတ်သုဉ်းကုန်၏'—ဟု ငါတို့ ပြောဆိုပါကုန်၏" ဟူ၍ ပြောဆိုကြကုန်ရာ၏။

တရားလေးပါးတို့ဟူသည် အဘယ်တို့နည်း။

"ငါ့သျှင်တို့ ငါတို့အား ဘုရား၌ ကြည်ညိုခြင်းရှိ၏၊ တရား၌ ကြည်ညိုခြင်းရှိ၏၊ အကျင့်သီလတို့၌ ဖြည့်ကျင့်မှုကို ပြုလေ့ရှိ၏၊ ချစ်နှစ်သက်ဖွယ်ဖြစ်သည့် တရားကျင့်ဘက် လူ ရဟန်းတို့ ရှိကြကုန်၏၊ ငါ့သျှင်တို့ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားက ငါတို့အား ဟောကြားထားတော်မူသော တရားလေးပါးတို့ကို ငါတို့သည် မိမိကိုယ်၌ ကောင်းစွာ တွေ့မြင်ကြကုန်သောကြောင့်

http://www.dhammadownload.com



'ဤသာသနာတော်၌သာလျှင် ရဟန်း 'သမဏ' ရှိ၏၊ဤသာသနာတော်၌သာလျှင် ဒုတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌သာလျှင် တတိယရဟန်း 'သမဏ' ရှိ၏၊ ဤသာသနာတော်၌ သာလျှင် စတုတ္ထရဟန်း 'သမဏ' ရှိ၏၊ သာသနာ့ပြင်ပ ပုဂ္ဂိုလ်တို့၏ အယူဝါဒတို့သည် ရဟန်း 'သမဏ' တို့မှ ဆိတ်သုဉ်းကုန်၏—ဟု ငါတို့ ပြောဆိုကြပါကုန်၏" (ဟူ၍ ပြောဆိုကြကုန်ရာ၏)။

၁၄၁။ ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့က ဤသို့ ပြောဆိုရာသော အကြောင်းရှိပေသေး၏၊ "ငါ့သျှင်တို့ ငါတို့အားလည်း ငါတို့၏ ဘုရား၌ ကြည်ညိုခြင်းရှိ၏၊ ငါတို့၏တရား၌ ကြည်ညိုခြင်းရှိ၏၊ ငါတို့သည်လည်း ငါတို့၏ အကျင့်တို့၌ ဖြည့်ကျင့်မှု ပြီးလေ့ ရှိကြကုန်၏၊ ငါတို့ အားလည်း ချစ်နှစ်သက်ဖွယ်ဖြစ်သော တရားကျင့်ဘက် လူရဟန်းတို့ ရှိကြကုန်၏၊ ငါ့သျှင်တို့ ဤအရာ၌ သင်တို့နှင့် ငါတို့၏ ထူးခြားချက်ကား အဘယ်နည်း၊ သာလွန်ချက်ကား အဘယ်နည်း၊ ခြားနားချက်ကား အဘယ်နည်း" ဟု (ပြောဆိုရာသော အကြောင်းရှိပေသေး၏)။

ရဟန်းတို့ ဤသို့ ပြောဆိုကြသော အယူတပါးရှိသူ ပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ အဆုံးသတ် ပန်းတိုင်သည် တမျိုးတည်းလော၊ သို့မဟုတ် အမျိုးမျိုးလော" ဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ အဆုံးသတ် ပန်းတိုင်သည် တမျိုးတည်းသာတည်း၊ အမျိုးမျိုးမဟုတ်" ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် တပ်မက်ခြင်းရှိသောသူအား ဖြစ်သလော၊ သို့မဟုတ် တပ်မက်ခြင်းကင်းသောသူအား ဖြစ်သလော ဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ အဆုံးသတ်ပန်းတိုင်သည် စွဲမက်ခြင်း ကင်းသူအားသာဖြစ်၏၊ စွဲမက်ခြင်းရှိသူအား မဖြစ်" ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ်ပန်းတိုင်သည် ကြမ်းတမ်းပြစ်မှားခြင်း ရှိသူအား ဖြစ်သလော၊ သို့မဟုတ် ကြမ်းတမ်းပြစ်မှားခြင်းကင်းသူအား ဖြစ်သလော ဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ်ပန်းတိုင်သည် ကြမ်းတမ်းပြစ်မှားခြင်း ကင်းသူအားသာ ဖြစ်၏၊ ကြမ်းတမ်းပြစ်မှားခြင်း ရှိသူအား မဖြစ်" ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် တွေဝေခြင်းရှိသူအား ဖြစ်သလော၊ သို့မဟုတ် တွေဝေခြင်းကင်းသူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ်ပန်းတိုင်သည် တွေဝေခြင်း ကင်းသူအားသာ ဖြစ်၏၊ တွေဝေခြင်းရှိသူအား မဖြစ်" ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် တပ်မက်ခြင်းရှိသူအား ဖြစ်သလော၊ သို့မဟုတ် တပ်မက်ခြင်း ကင်းသူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် တပ်မက်ခြင်း ကင်းသူအားသာ ဖြစ်၏၊ ထိုအဆုံးသတ် ပန်းတိုင် သည် တပ်မက်ခြင်း ရှိသူအား မဖြစ်"ဟု ဖြေဆိုကြကုန်ရာ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ထိုအဆုံးသတ်ပန်းတိုင်သည် အစွဲအလမ်းရှိသူအား ဖြစ်သလော၊ သို့မဟုတ် အစွဲအလမ်းမရှိသူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် အစွဲအလမ်း မရှိသူအားသာ ဖြစ်၏၊ ထိုအဆုံးသတ် ပန်းတိုင်သည် အစွဲအလမ်း ရှိသူအား မဖြစ်"ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် ပညာရှိသူအား ဖြစ်သလော၊ သို့မဟုတ် ပညာမရှိသူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် ပညာရှိသူအားသာ ဖြစ်၏၊ ပညာမရှိသူအား မဖြစ်"ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် ချစ်ခြင်း မုန်းခြင်း ရှိသူအား ဖြစ်သလော၊ သို့မဟုတ် ချစ်ခြင်း မုန်းခြင်း မရှိသူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် ချစ်ခြင်း မုန်းခြင်း မရှိသူအားသာ ဖြစ်၏၊ ထိုအဆုံးသတ် ပန်းတိုင်သည် ချစ်ခြင်း မုန်းခြင်း ရှိသူအား မဖြစ်"ဟု ဖြေဆိုကြကုန်ရာ၏။

ငါ့သျှင်တို့ အဆုံးသတ် ပန်းတိုင်သည် သံသရာချဲ့တရား၌ မွေ့လျော်ပျော်ပိုက်သူအား ဖြစ်သလော၊ သို့မဟုတ် သံသရာချဲ့တရား၌ မမွေ့လျော် မပျော်ပိုက်သူအား ဖြစ်သလောဟု မေးမြန်းကြကုန်ရာ၏။

ရဟန်းတို့ အယူတပါးရှိသော ပရိဗိုဇ်တို့သည် ကောင်းစွာ ဖြေဆိုလိုကြသော် "ငါ့သျှင်တို့ ထိုအဆုံးသတ် ပန်းတိုင်သည် သံသရာချဲ့တရား၌ မမွေ့လျော် မပျော်ပိုက်သူအားသာ ဖြစ်၏၊ ထိုအဆုံးသတ် ပန်းတိုင်သည် သံသရာချဲ့တရား၌ မွေ့လျော်ပျော်ပိုက်သူအား မဖြစ်"ဟု ဖြေဆိုကြကုန်ရာ၏။

၁၄၂။ ရဟန်းတို့ အယူမှားသော ဒိဋ္ဌိတို့သည် ဘဝမြဲ၏ဟု ယူမှားခြင်း 'ဘဝဒိဋ္ဌိ' ဘဝပြတ်၏ဟု ယူမှားခြင်း 'ဝိဘဝဒိဋ္ဌိ' အားဖြင့် နှစ်ပါးတို့တည်း။ ရဟန်းတို့ ဘဝဒိဋ္ဌိ၌ ကပ်ငြိ ဘဝဒိဋ္ဌိသို့ ချဉ်းကပ် ဘဝဒိဋ္ဌိ၌ သက်ဝင်ကြကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ဝိဘဝဒိဋ္ဌိနှင့် ဆန့်ကျင်ကြကုန်၏။ ရဟန်းတို့ ဝိဘဝဒိဋ္ဌိ၌ကပ်ငြိ ဝိဘဝဒိဋ္ဌိသို့ချဉ်းကပ် ဝိဘဝဒိဋ္ဌိ၌ သက်ဝင်ကြကုန်သော သမဏဗြာဟ္မဏအချို့ တို့သည် ဘဝဒိဋ္ဌိနှင့် ဆန့်ကျင်ကြကုန်၏။ ရဟန်းတို့ သမဏဗြာဟ္မဏအချို့ တို့သည် ဤဒိဋ္ဌိနှစ်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ထိုသမဏဗြာဟ္မဏတို့သည် စွဲမက်ခြင်း ရှိသူများ ဖြစ်ကြကုန်၏၊ ပြစ်မှားခြင်း ရှိသူများ ဖြစ်ကြကုန်၏၊ တွေဝေခြင်းရှိသူများဖြစ်ကြကုန်၏၊ တပ်မက်ခြင်း 'တဏှာ' ရှိသူများ ဖြစ်ကြကုန်၏၊ အစွဲအလမ်းရှိသူများ ဖြစ်ကြကုန်၏၊ ပညာမရှိသူများ ဖြစ်ကြကုန်၏၊ ချစ်ခြင်း မုန်းခြင်းရှိသူများ ဖြစ်ကြကုန်၏၊ သံသရာချဲ့တရား၌ မွေ့လျော်ပျော်ပိုက်ကြကုန်၏။

http://www.dhammadownload.com



ထိုသမဏဗြာဟ္မဏတို့သည် (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ မလွတ်မြောက်ကြကုန်၊ ဝဋ်ဆင်းရဲမှ မလွတ်မြောက်ကြကုန်ဟု ငါဘုရားဆို၏။

ရဟန်းတို့ သမဏဗြာဟ္မဏအချို့တို့သည် ဤဒိဋ္ဌိနှစ်ပါးတို့၏ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိကြကုန်၏၊ထိုသမဏဗြာဟ္မဏတို့သည် စွဲမက်ခြင်း ကင်းကြကုန်၏၊ ပြစ်မှားခြင်းကင်းကြကုန်၏၊ တွေဝေခြင်း ကင်းကြကုန်၏၊ တပ်မက်ခြင်း ကင်းကြကုန်၏၊ အစွဲအလမ်း မရှိသူများ ဖြစ်ကြကုန်၏၊ ပညာရှိသူများ ဖြစ်ကြကုန်၏၊ ချစ်ခြင်း မုန်းခြင်း မရှိသူများ ဖြစ်ကြကုန်၏၊ သံသရာချဲ့တရားဌ် မမွေ့လျော် မပျော်ပိုက်ကြကုန်၊ ထိုသမဏဗြာဟ္မဏတို့သည် (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့မှ လွတ်မြောက်ကြကုန်၏၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြကုန်၏ဟု ငါဘုရား ဆို၏။

၁၄၃။ ရဟန်းတို့ စွဲလမ်းခြင်း 'ဥပါဒါန်'တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ—ကာမဌ် စွဲလမ်းခြင်း 'ကာမုပါဒါန်' ဒိဋ္ဌိမှားဌ် စွဲလမ်းခြင်း 'ဒိဋ္ဌုပါဒါန်' အလေ့အကျင့်ဌ် စွဲလမ်းခြင်း 'သီလဗ္ဗတုပါဒါန်' အတ္တဟု စွဲလမ်းခြင်း 'အတ္တဝါဒုပါဒါန်' တို့တည်း။

ရဟန်းတို့ ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ပြောဆိုအံ့ဟု ဝန်ခံကြသည့် သမဏဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ကောင်းစွာ မပညတ်ကြကုန်၊ ကာမုပါဒါန် လွန်မြောက်ခြင်းမျှကိုသာ ပညတ်ကြကုန်၏၊ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် လွန်မြောက်ခြင်းကိုကား မပညတ်ကြကုန်။ ထိုသို့ မပညတ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် အကြောင်းသုံးပါးတို့ကို ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ထို့ကြောင့် ထိုအသျှင် သမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ပြောဆိုအံ့ဟု ဝန်ခံကြကုန်လျက် ဥပါဒါန်အားလုံးလွန်မြောက်ခြင်းကို ကောင်းစွာ မပညတ်ကြကုန်၊ ကာမုပါဒါန် လွန်မြောက်ခြင်းမျှကိုသာ ပညတ်ကြကုန်၏၊ ဒိဋ္ဌုပါဒါန် လွန်မြောက်ခြင်းကို မပညတ်ကြကုန်၊ သီလဗ္ဗတုပါဒါန် လွန်မြောက်ခြင်းကို မပညတ်ကြကုန်၊ အတ္တဝါဒုပါဒါန် လွန်မြောက်ခြင်းကို မပညတ်ကြကုန်။

ရဟန်းတို့ ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ပြောဆိုအံ့ဟု ဝန်ခံကြသည့် သမဏဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ကောင်းစွာ မပညတ်ကြကုန်၊ ကာမုပါဒါန်နှင့် ဒိဋ္ဌုပါဒါန် လွန်မြောက်ခြင်းမျှကိုသာ ပညတ်ကြ၍ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန် လွန်မြောက်ခြင်းကိုကား မပညတ်ကြကုန်။ ထိုသို့ မပညတ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ဤအကြောင်းနှစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ပြောဆိုအံ့ဟု ဝန်ခံကြကုန်လျက် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ကောင်းစွာ မပညတ်ကြကုန်၊ ကာမုပါဒါန်နှင့် ဒိဋ္ဌုပါဒါန်လွန်မြောက်ခြင်းမျှကိုသာ ပညတ်ကြ၍ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်လွန်မြောက်ခြင်းကိုကား မပညတ်ကြကုန်။

http://www.dhammadownload.com



ရဟန်းတို့ ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ပြောဆို၏ဟု ဝန်ခံကြသည့် သမဏဗြာဟ္မဏ အချို့တို့သည် ရှိကြကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံးလွန်မြောက်ခြင်းကိုကောင်း စွာ မပညတ်ကြကုန်၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် လွန်မြောက်ခြင်းမျှကိုသာ ပညတ် ကြကုန်၏၊ အတ္တဝါဒုပါဒါန် လွန်မြောက်ခြင်းကိုကား မပညတ်ကြကုန်။ ထိုသို့ မပညတ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ဤအကြောင်းတပါးကို ဟုတ်တိုင်းမှန် စွာမသိကြကုန်၊ ထို့ကြောင့် ထိုအသျှင်သမဏဗြာဟ္မဏတို့သည် ဥပါဒါန်အားလုံး လွန်မြောက် ခြင်းကို ပြောဆိုဝန်ခံကြကုန်လျက် ဥပါဒါန်အားလုံး လွန်မြောက်ခြင်းကို ကောင်းစွာ မပညတ် ကြကုန်၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန် လွန်မြောက်ခြင်းမျှကိုသာ ပညတ်ကြကုန် ၏၊ အတ္တဝါဒုပါဒါန် လွန်မြောက်ခြင်းကိုကား မပညတ်ကြကုန်။

ရဟန်းတို့ ဤသို့သဘောရှိသော ဓမ္မ ဝိနယ 'သာသနာတော်' ၌ (မိမိတို့)ဆရာ၌ ကြည်ညို ခြင်းကို ကောင်းမြတ်၏ဟု မဆိုရ၊ တရား၌ကြည်ညိုခြင်းကို ကောင်းမြတ်၏ဟုမဆိုရ၊ အကျင့် သီလတို့၌ ဖြည့်ကျင့်မှုပြီးလေရှိခြင်းကို ကောင်းမြတ်၏ဟု မဆိုရ၊ သီတင်းသုံးဖော်တို့၌ ချစ်နှစ် သက်ခြင်းကို ကောင်းမြတ်၏ဟု မဆိုရ။ ထိုသို့ ကောင်းမြတ်၏ဟု မဆိုရခြင်းသည် အဘယ့် ကြောင့်နည်း၊ ရဟန်းတို့ မကောင်းသဖြင့် ပြောဆိုဟောကြားထား၍ ဝဋ်မှ ထွက်မြောက် ကြောင်းမဟုတ်သော ငြိမ်းအေးခြင်းကို မဖြစ်စေတတ်သော ဘုရားစစ်မဟုတ်သူတို့ ဟောကြား ထားသည့် ဓမ္မ ဝိနယ၌ ဖြစ်မြဲဓမ္မတာအတိုင်းသာ ဖြစ်ရသောကြောင့်တည်း။

၁၄၄။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင် မှန် စွာ သိတော်မူသောမြတ်စွာဘုရားသည် ဥပါဒါန်တရားအားလုံး လွန်မြောက်ခြင်းကို ပြော ဆို၏ဟု ဝန်ခံလျက် ဥပါဒါန်တရားအားလုံး လွန်မြောက်ခြင်းကို ကောင်းစွာ ပညတ်တော်မူ၏၊ ကာမုပါဒါန် လွန်မြောက်ခြင်းကို ပညတ်တော်မူ၏၊ ဒိဋ္ဌုပါဒါန် လွန်မြောက်ခြင်းကို ပညတ် တော်မူ၏၊ သီလဗ္ဗတုပါဒါန် လွန်မြောက်ခြင်းကို ပညတ်တော်မူ၏၊ အတ္တဝါဒုပါဒါန် လွန်မြောက် ခြင်းကိုပညတ်တော်မူ၏။ ရဟန်းတို့ ဤသို့သဘောရှိသော ဓမ္မ ဝိနယ 'သာသနာတော်'၌ ဘုရား အပေါ်၌ ကြည်ညိုခြင်းကို ကောင်းမြတ်၏ဟု ဆိုရ၏၊ တရား၌ကြည်ညိုခြင်းကို ကောင်းမြတ်၏ ဟု ဆိုရ၏၊ အကျင့်သီလတို့၌ ဖြည့်ကျင့်မှု ပြီးလေရှိခြင်းကို ကောင်းမြတ်၏ဟု ဆိုရ၏၊ သီတင်း သုံးဖော်တို့၌ နှစ်သက်ခြင်းကို ကောင်းမြတ်၏ဟု ဆိုရ၏။ ထိုသို့ကောင်းမြတ်၏ဟု ဆိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ကောင်းစွာ ပြောဆို ဟောကြားထားသော (ဝဋ်မှ) ထွက် မြောက်ကြောင်းဖြစ်သော ငြိမ်းအေးခြင်းကို ဖြစ်စေတတ်သော ဘုရားစစ် ဟောကြားထား သော ဓမ္မ ဝိနယ 'သာသနာတော်' ၌ ဖြစ်မြဲဓမ္မတာအတိုင်းသာ ဖြစ်သောကြောင့်တည်း။

၁၄၅။ ရဟန်းတို့ ဤ ဥပါဒါန်လေးပါးတို့သည် အဘယ်အကြောင်းရင်းရှိသနည်း၊ အဘယ် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်ဇာတ်မြစ်ရှိသနည်း၊ အဘယ်အမွန်အစရှိသနည်း။

ဤဥပါဒါန်လေးပါးတို့သည် တဏှာအကြောင်းရင်းရှိ၏၊ တဏှာဖြစ်ကြောင်းရှိ၏၊ တဏှာဇာတ် မြစ်ရှိ၏၊ တဏှာအမွန်အစ ရှိ၏။

ရဟန်းတို့ ဤတဏှာသည်လည်း အဘယ်အကြောင်းရင်းရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာတ်မြစ်ရှိသနည်း၊ အဘယ်အမွန်အစရှိသနည်း။

http://www.dhammadownload.com



တဏှာသည် ဝေဒနာအကြောင်းရင်းရှိ၏၊ ဝေဒနာဖြစ်ကြောင်းရှိ၏၊ ဝေဒနာဇာစ်မြစ်ရှိ၏၊ ဝေဒနာ အမွန်အစ ရှိ၏။

ရဟန်းတို့ ဤဝေဒနာသည်လည်း အဘယ်အကြောင်းရင်းရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာစ်မြစ်ရှိသနည်း၊ အဘယ်အမွန်အစရှိသနည်း။

ဝေဒနာသည် တွေ့ထိမှု 'ဖဿ' အကြောင်းရင်းရှိ၏၊ ဖဿဖြစ်ကြောင်းရှိ၏၊ ဖဿ ဇာစ်မြစ် ရှိ၏၊ ဖဿ အမွန်အစ ရှိ၏။

ရဟန်းတို့ ဤဖဿသည်လည်း အဘယ်အကြောင်းရင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်းရှိသနည်း၊ အဘယ်ဇာစ်မြစ်ရှိသနည်း၊ အဘယ်အမွန်အစ ရှိသနည်း။

ဖဿသည် သဠာယတန အကြောင်းရင်းရှိ၏၊ သဠာယတန ဖြစ်ကြောင်းရှိ၏၊ သဠာယတန ဇာစ်မြစ်ရှိ၏၊ သဠာယတန အမွန်အစ ရှိ၏။

ရဟန်းတို့ ဤသဠာယတနသည်လည်း အဘယ်အကြောင်းရင်း ရှိသနည်း၊ အဘယ်ဖြစ် ကြောင်းရှိသနည်း၊ အဘယ်ဇာစ်မြစ်ရှိသနည်း၊ အဘယ်အမွန်အစ ရှိသနည်း။

သဠာယတနသည် နာမ်ရုပ် အကြောင်းရင်း ရှိ၏၊ နာမ်ရုပ်ဖြစ်ကြောင်း ရှိ၏၊ နာမ်ရုပ်ဇာစ်မြစ် ရှိ၏၊ နာမ်ရုပ်အမွန်အစ ရှိ၏။

ရဟန်းတို့ ဤနာမ်ရုပ်သည်လည်း အဘယ်အကြောင်းရင်း ရှိသနည်း၊ အဘယ်ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာစ်မြစ် ရှိသနည်း၊ အဘယ်အမွန်အစ ရှိသနည်း။

နာမ်ရုပ်သည် ဝိညာဏ်အကြောင်းရင်း ရှိ၏၊ ဝိညာဏ်ဖြစ်ကြောင်းရှိ၏၊ ဝိညာဏ်ဇာစ်မြစ် ရှိ၏၊ ဝိညာဏ်အမွန်အစ ရှိ၏။

ရဟန်းတို့ ဤဝိညာဏ်သည်လည်း အဘယ် အကြောင်းရင်း ရှိသနည်း၊ အဘယ် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်ဇာစ်မြစ် ရှိသနည်း၊ အဘယ်အမွန်အစ ရှိသနည်း။

ဝိညာဏ်သည် ပြုပြင်စီရင်မှု 'သင်္ခါရ' အကြောင်းရင်း ရှိ၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ' ဖြစ်ကြောင်း ရှိ၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ' ဇာစ်မြစ် ရှိ၏၊ ပြုပြင်စီရင်မှု 'သင်္ခါရ' အမွန်အစ ရှိ၏။

ရဟန်းတို့ ဤသင်္ခါရတို့သည်လည်း အဘယ် အကြောင်းရင်း ရှိကုန်သနည်း၊ အဘယ်ဖြစ် ကြောင်း ရှိကုန်သနည်း၊ အဘယ်ဇာစ်မြစ် ရှိကုန်သနည်း၊ အဘယ်အမွန်အစ ရှိကုန်သနည်း။

သင်္ခါရတို့သည် မသိခြင်း 'အဝိဇ္ဇာ' အကြောင်းရင်း ရှိကုန်၏၊ အဝိဇ္ဇာဖြစ်ကြောင်း ရှိကုန်၏၊ အဝိဇ္ဇာဇာစ်မြစ် ရှိကုန်၏၊ အဝိဇ္ဇာအမွန်အစ ရှိကုန်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းအား အဝိဇ္ဇာ ပျောက်ကင်း၏၊ဝိဇ္ဇာ ဖြစ်ပေါ်၏၊ (ထိုအခါ) ထိုရဟန်းသည် အဝိဇ္ဇာကင်း၍ ဝိဇ္ဇာဖြစ်ပေါ်ခြင်းကြောင့် ကာမစွဲ မစွဲလမ်း၊အယူမှားစွဲ မစွဲလမ်း၊ အလေ့အကျင့်စွဲ မစွဲလမ်း၊ အတ္တစွဲ မစွဲလမ်း၊ မစွဲလမ်းသော် (တဏှာဖြင့်) မတပ်မက်၊ မတပ်မက် သော် ပါခုဘဝ၌ပင်လျှင် (ကိလေသာ) ငြိမ်းအေး၏။

''ပဋိသန္ဓေနေမှု ကုန်ပြီ၊မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်)ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ''ဟု သိ၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဟောကြားတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကြသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ရှေးဦးစွာသော စူဠသီဟနာဒသုတ် ပြီး၏။

---

## ၂-မဟာသီဟနာဒသုတ်

၁၄၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည်၏အပြင် ဝေသာလီပြည်၏အနောက်မျက်နှာ အရပ်တွင်ရှိသော အပရပူရ တောအုပ်၌ သီတင်းသုံး နေတော်မူ၏။ ထိုစဉ်အခါ၌ ဤသာသနာတော်မှ ဖဲသွား၍ မကြာသေးသော လိစ္ဆဝီမင်းသား သုနက္ခတ်သည် ဝေသာလီပြည် ပရိသတ် အလယ်၌ ဤသို့သော စကားကို ပြောဆို၏—

"ရဟန်းဂေါတမအား လူတို့၏(ကုသိုလ်ကမ္မပထ)တရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူး မရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလို ထင်မြင်လာသော တရားကို ဟောကြား၏။ ထိုရဟန်းဂေါတမ ဟောကြားထားသော တရားသည် ထိုသို့ဟောတိုင်း ပြုကျင့်သူအား ဝဋ်ဆင်းရဲကုန်ခြင်း အကျိုးငှါ ကောင်းစွာ ထုတ်ဆောင်၏"ဟု (ပြောဆို၏)။

ထိုအခါ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူသော အသျှင်သာရိပုတြာသည် ဝေသာလီပရိသတ် အလယ်၌—

"ရဟန်းဂေါတမအား လူတို့၏(ကုသိုလ်ကမ္မပထ)တရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူး မရှိ၊ ရဟန်းဂေါတမသည် ကြံစည် ယူဆလျက် စူးစမ်းလေ့လာကာ အလိုလို ထင်မြင်လာသော တရားကို ဟောကြား၏။ ထိုရဟန်းဂေါတမ ဟောကြားထားသော တရားသည် ထိုသို့ဟောတိုင်း ပြုကျင့်သူအား ဝဋ်ဆင်းရဲကုန်ခြင်းအကျိုးငှါ ကောင်းစွာ ထုတ်ဆောင်၏" ဟု ပြောဆိုနေသော လိစ္ဆဝီမင်းသား သုနက္ခတ်၏ စကားကို ကြားလေ၏။

ထို့နောက် အသျှင်သာရိပုတြာသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခွါလျက် ဆွမ်းစားပြီးနောက် မြတ်စွာဘုရား ရှိတော်မူရာသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသောအရပ်၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဤသာသနာတော်မှ ဖဲခွါသွား၍ မကြာသေးသော လိစ္ဆဝီမင်းသား သုနက္ခတ်သည် ဝေသာလီပရိသတ်အလယ်၌ 'ရဟန်းဂေါတမအား လူတို့၏ (ကုသိုလ်ကမ္မပထ)တရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သောဉာဏ်အမြင်ထူး မရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလိုထင်မြင်လာ

http://www.dhammadownload.com



သောတရားကို ဟောကြား၏။ ထိုရဟန်းဂေါတမ ဟောထားသောတရားသည် ထိုသို့ ဟောတိုင်းပြုကျင့်သူအား ဝဋ်ဆင်းရဲ ကုန်ခြင်းအကျိုးငှါ ကောင်းစွာထုတ်ဆောင်၏ဟူ၍ ပြောဆိုပါသည်”ဟု(လျှောက်၏)။

၁၄၇။ သာရိပုတြာ(မင်ဖိုလ်မှ) အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်သည် အမျက်ထွက်လေ့ရှိ၏၊ ထိုသုနက္ခတ်သည် ဤစကားကို အမျက်ထွက်ခြင်းကြောင့် ပြောဆို၏၊ သာရိပုတြာ(မင်ဖိုလ်မှ) အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်သည် “ကျေးဇူးမဲ့ကို ပြောဆိုမည်”ဟု (ရည်ရွယ်လျက်) ငါဘုရား၏ ကျေးဇူးကိုသာလျှင် ပြောဆို၏။ သာရိပုတြာ “ရဟန်းဂေါတမ ဟောထားသော တရားသည် ထိုသို့ဟောတိုင်း ပြုကျင့်သူအား ဝဋ်ဆင်းရဲကုန်ခြင်း အကျိုးငှါ ကောင်းစွာထုတ်ဆောင်၏”ဟု ပြောဆိုသောသူသည် ငါဘုရား၏ ကျေးဇူးကိုသာ ပြောဆိုပေ၏။

သာရိပုတြာ(မင်ဖိုလ်မှ)အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်အား “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (ဤလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏၊အသိဉာဏ်‘ဝိဇ္ဇာ’ အကျင့်‘စရဏ’နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏”ဟူ၍ ငါဘုရားအပေါ်၌ တရားသို့ အစဉ်လျှောက်၍ သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရှာပလေ။

သာရိပုတြာ(မင်ဖိုလ်မှ)အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်အား“ထိုမြတ်စွာဘုရားသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်ထည်း ဖြစ်လျက်လည်း အများဖြစ်သွားစေနိုင်၏၊ အများဖြစ်လျက်လည်း တယောက်ထည်း ဖြစ်လာစေနိုင်၏၊ ကိုယ်ထင်ရှားဖြစ်စေနိုင်၏၊ကိုယ်ပျောက်စေနိုင်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားတော်မူနိုင်၏။ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ပြုတော်မူနိုင်၏။ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားနိုင်၏။ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ သွားနိုင်၏။ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်၏၊ ဆုပ်ကိုင်နိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို(မိမိ)အလိုအတိုင်း ဖြစ်စေနိုင်၏”ဟူ၍ ငါဘုရားအပေါ်၌ တရားသို့ အစဉ်လျှောက်၍သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရှာပလေ။

သာရိပုတြာ(မင်ဖိုလ်မှ)အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်အား “ထိုမြတ်စွာဘုရားသည် အထူးသဖြင့်စင်ကြယ်သော လူတို့၏နားထက် သာလွန်သော နတ်တို့၏နားနှင့်

http://www.dhammadownload.com



တူသော'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန်သော နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကို ကြားနိုင်၏"ဟူ၍ ငါဘုရားအပေါ်၌ တရားသို့ အစဉ်လျှောက်၍သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရှာပလေ။

သာရိပုတြာ(မင်္ဂိုလ်မှ)အချည်းနှီးသော ယောကျ်ားဖြစ်သော သုနက္ခတ်အား "ထိုမြတ်စွာဘုရားသည် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍သိတော်မူ၏။ တပ်မက်ခြင်း'ရာဂ'နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'နှင့်တကွသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ'ကင်းသော စိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'ကင်းသောစိတ်ဟု သိ၏။ အမျက်ထွက်ခြင်း'ဒေါသ'နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'နှင့်တကွသော စိတ်ဟု သိ၏၊အမျက်ထွက်ခြင်း'ဒေါသ'ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ'ကင်းသောစိတ်ဟု သိ၏။တွေဝေခြင်း'မောဟ'နှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်း'မောဟ'နှင့်တကွသော စိတ်ဟု သိ၏၊တွေဝေခြင်း'မောဟ'ကင်းသော စိတ်ကိုလည်း တွေဝေခြင်း'မောဟ'ကင်းသောစိတ်ဟု သိ၏။ ကျုံ့သော'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော'သံခိတ္တ'စိတ်ဟု သိ၏၊ ပျံ့သော'ဝိက္ခိတ္တ'စိတ်ကိုလည်း ပျံ့သော'ဝိက္ခိတ္တ'စိတ်ဟု သိ၏။ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်'စိတ်ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ဟု သိ၏။ သာလွန်သော တရားရှိသော 'သဥတ္တရ' စိတ်ကိုလည်း သာလွန်သော တရားရှိသော'သဥတ္တရ' စိတ်ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ကိုလည်း သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ဟု သိ၏။ တည်ကြည်သော'သမာဟိတ' စိတ်ကိုလည်း တည်ကြည်သော 'သမာဟိတ' စိတ်ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း မတည်ကြည်သော 'အသမာဟိတ' စိတ်ဟု သိ၏။ လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ဟု သိ၏" ဟူ၍ ငါဘုရားအပေါ်၌ တရားသို့ အစဉ်လျှောက်၍ သိတတ်သော ဉာဏ်မျှလည်း မဖြစ်ရှာပလေ။

၁၄၈။ သာရိပုတြာ မြတ်စွာဘုရား၏ အားတော်တို့သည် ဆယ်ပါးတို့တည်း၊ မြတ်စွာဘုရားသည် ယင်းအားတော်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။

အားတော်ဆယ်ပါးတို့ဟူသည် အဘယ်တို့နည်း ဟူမူ—

သာရိပုတြာ ဤလောက၌ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်း မဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ အကြောင်းဟုတ်သည်ကိုလည်း အကြောင်း ဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၁)

http://www.dhammadownload.com



သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကံတို့၏ အကျိုးကို အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၂)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အလုံးစုံသော ဂတိငါးတန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ အလုံးစုံ (ဂတိငါးတန် နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်ကို မြတ်စွာဘုရား၏ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၃)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် များပြားသောဓာတ် အမျိုးမျိုးသောဓာတ် လောကကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ များပြားသောဓာတ် အမျိုးမျိုးသောဓာတ် လောကကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၄)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် သတ္တဝါတို့၏ စိတ်ထားအမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ သတ္တဝါတို့၏ စိတ်ထားအမျိုးမျိုးကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၅)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် အယုတ်အမြတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ အယုတ်အမြတ်ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍ သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သော တရားစကြာကို လည်စေ၏။ (၆)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် ဈာန်ဝိမောက္ခ သမာဓိ သမာပတ်တို့၏ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိ၏။ သာရိပုတြာ ယင်းသို့ ဈာန်ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မြတ်စွာဘုရား၏ ခွဲခြား၍သိခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကိုစွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်တို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏၊ မြတ်သောတရား စကြာကို လည်စေ၏။ (၇)

http://www.dhammadownload.com



သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း။

တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း များပြားသောပျက်ကပ်တို့ကိုရင်း များပြားသောဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ် တို့ကိုရင်း ဤမည်သောဘဝ၌ "(ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သော အစာ ရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏" ဟု ဤသို့သော အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့် တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့ နိုင်၏။ပ။ သာရိပုတြာ ယင်းသို့ မြတ်စွာဘုရား၏ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏ အားမည်၏၊ ယင်းအားကို စွဲ၍ မြတ်စွာဘုရားသည် မြင့်မြတ်ကြောင်းကို ဝန်ခံ၏၊ ပရိသတ်ဘို့၌ ရဲဝံ့သော စကားကို မြွက်ဆို၏။ မြတ်သော တရားစကြာကို လည်စေ၏။ (၈)

သာရိပုတြာ ထို့ပြင်လည်း မြတ်စွာဘုရားသည် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်(ပေါ်)ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်နိုင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိနိုင်၏၊ "အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူ ရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာနတ်ပြည်၌ ဖြစ်ပေါ်ကုန်၏" ဟု ဤသို့လျှင် အားဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။ပ။

ပ မြန် ၁-၅-

http://www.dhammadownload.com



သာရိပုတြာ ဤဝေသာရဇ္ဇ ဉာဏ်လေးပါးတို့နှင့် ပြည့်စုံသော မြတ်စွာဘုရားသည် ဤပရိသတ် ရှစ်မျိုးသို့ ချဉ်းကပ်သက်ဝင်၏။

သာရိပုတြာ ငါသည် အရာမက များပြားသော မင်းပရိသတ်သို့ ချဉ်းကပ်ဘူးသည်ကိုရင်း ထိုပရိသတ်တို့၌ အညီအညွတ် နေထိုင်ဘူးသည်ကိုရင်း စကားပြောဆိုဘူးသည်ကိုရင်း တရားဆွေးနွေးဘူးသည်ကိုရင်း အမှတ်ရ၏၊ ထိုပရိသတ်၌ ငါ့အား ကြောက်ခြင်းရှုံ့ခြင်းသို့ သက်ဝင်ဖြစ်ပေါ်မည့် အရိပ်နိမိတ်ကို ငါမမြင်၊ သာရိပုတြာ ငါသည် ဤအရိပ်နိမိတ်ကို မမြင်သောကြောင့် ချမ်းသာခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏။

သာရိပုတြာ ငါသည် အရာမက များပြားသော ပုဏ္ဏားပရိသတ်သို့။ပ။ သူကြွယ်ပရိသတ်သို့။ပ။ ရဟန်းပရိသတ်သို့။ပ။ စာတုမဟာရာဇ် နတ်ပရိသတ်သို့။ပ။ တာဝတိံသာ နတ်ပရိသတ်သို့။ပ။ မာရ်နတ်ပရိသတ်သို့။ပ။ ဗြဟ္မာပရိသတ်သို့ ချဉ်းကပ်ဘူးသည်ကိုရင်း ထိုပရိသတ်၌ အညီအညွတ် နေထိုင်ဘူးသည်ကိုရင်း စကားပြောဆိုဘူးသည်ကိုရင်း တရားဆွေးနွေးဘူးသည်ကိုရင်း အမှတ်ရ၏၊ ထိုပရိသတ်၌ ငါ့အား ကြောက်ခြင်းရှုံ့ခြင်းသို့ သက်ဝင်ဖြစ်ပေါ်မည့် အရိပ်နိမိတ်ကို ငါမမြင်။ သာရိပုတြာ ငါသည် ဤအရိပ်နိမိတ်ကို မမြင်သောကြောင့် ချမ်းသာခြင်း ဘေးမရှိခြင်း ရဲရင့်ခြင်းသို့ ရောက်လျက် နေ၏။

သာရိပုတြာ ဤသို့ သိမြင်သော ငါ့ကို "ရဟန်းဂေါတမအား လူတို့၏(ကုသိုလ်ကမ္မပထ) တရားထက်သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူး မရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလိုထင်မြင်လာသော တရားကို ဟောကြား၏" ဟု ပြောဆိုသောသူသည် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်သော် ထိုအယူကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ အချခံရလတ္တံ့။ သာရိပုတြာ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော (အရဟတ္တမဂ်၌) ရဟန်းသည် ယခုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရသကဲ့သို့ ဤအတူ ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်သော် ထိုအယူကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ အချခံရလတ္တံ့ ဟူသော ဤဥပမာကို ငါဟော၏။

၁၅၂။ သာရိပုတြာ သတ္တဝါတို့သည် လေးမျိုးတို့တည်း။ အဘယ်လေးမျိုးတို့နည်းဟူမူ—ဥ၌ ဖြစ်သော သတ္တဝါ, သားအိမ်၌ဖြစ်သောသတ္တဝါ, အညစ်၌ဖြစ်သောသတ္တဝါ, ကိုယ်ထင်ရှားဖြစ်ပေါ်သော သတ္တဝါတို့တည်း။

သာရိပုတြာ ဥ၌ဖြစ်သော သတ္တဝါဟူသည် အဘယ်နည်း။ သာရိပုတြာ ဥခွံကို ခွဲထွက်၍ ဖြစ်ပေါ်လာသော ဤသတ္တဝါကို ဥ၌ဖြစ်သော သတ္တဝါဟူ၍ ဆိုရ၏။

သာရိပုတြာ သားအိမ်၌ ဖြစ်သော သတ္တဝါဟူသည် အဘယ်နည်း။ သာရိပုတြာ သားအိမ်ကို ခွဲထွက်၍ ဖြစ်ပေါ်လာသော သတ္တဝါကို သားအိမ်၌ ဖြစ်သော သတ္တဝါဟူ၍ ဆိုရ၏။

သာရိပုတြာ အညစ်၌ ဖြစ်သော သတ္တဝါဟူသည် အဘယ်နည်း။ သာရိပုတြာ ငါးပုပ် အသေကောင်ပုပ် မုယောမုံ့ပုပ် အညစ်အကြေး စွန့်ပစ်ရာအရပ် အညစ်အကြေး စီးဆင်းရာ အရပ်တို့၌ ဖြစ်ပေါ်လာသော သတ္တဝါကို အညစ်၌ ဖြစ်သော သတ္တဝါဟူ၍ ဆိုရ၏။

http://www.dhammadownload.com



သာရိပုတြာ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါဟူသည် အဘယ်နည်း။ နတ် ငရဲသား အချို့သော လူ အချို့သော ဝိနိပါတိကအသူရာကို ကိုယ်ထင်ရှားဖြစ်သော သတ္တဝါဟူ၍ ဆိုရ၏။ သာရိပုတြာ သတ္တဝါတို့သည် ဤလေးမျိုးတို့တည်း။

သာရိပုတြာ ဤသို့ သိမြင်သော ငါ့ကို "ရဟန်းဂေါတမအား လူတို့၏ (ကုသိုလ်ကမ္မပထ) တရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူး မရှိ၊ ရဟန်းဂေါတမသည် ကြံစည်ယူဆချက် စူးစမ်းလေ့လာကာ အလိုလိုထင်မြင်လာသော တရားကို ဟောကြား၏" ဟု ပြောဆိုသောသူသည် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်သော် ထိုအယူကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ အချခံရလတ္တံ့။

သာရိပုတြာ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော (အရဟတ္တမဂ္ဂ၌)ရဟန်းသည် ယခုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရာသကဲ့သို့ ဤအတူပင် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်သော် ထိုအယူကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌ အချခံရလတ္တံ့ဟူသော ဤဥပမာကို ငါဟော၏။

၁၅၃။ သာရိပုတြာ လားရာ'ဂတိ'တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ— ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, လူ့ဘုံ, နတ်ဘုံ တို့တည်း။

သာရိပုတြာ ငါသည် ငရဲဘုံကိုရင်း ငရဲဘုံသို့ ရောက်ကြောင်းလမ်းကိုရင်း ငရဲဘုံသို့ ရောက်ကြောင်း အကျင့်ကိုရင်း ခွဲခြား၍သိ၏၊ အကြင်အကျင့်ကို ကျင့်သော သူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ရ၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

သာရိပုတြာ ငါသည် တိရစ္ဆာန်ဘုံကိုရင်း တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်းလမ်းကိုရင်း တိရစ္ဆာန်ဘုံသို့ ရောက်ကြောင်း အကျင့်ကိုရင်း ခွဲခြား၍ သိ၏၊ အကြင် အကျင့်ကို ကျင့်သောသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ တိရစ္ဆာန်ဘုံသို့ ရောက်၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

သာရိပုတြာ ငါသည် ပြိတ္တာဘုံကိုရင်း ပြိတ္တာဘုံသို့ ရောက်ကြောင်းလမ်းကိုရင်း ပြိတ္တာဘုံသို့ ရောက်ကြောင်း အကျင့်ကိုရင်း ခွဲခြား၍ သိ၏၊ အကြင်အကျင့်ကို ကျင့်သောသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပြိတ္တာဘုံသို့ ရောက်၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍သိ၏။

သာရိပုတြာ ငါသည် လူ့ဘုံကိုရင်း လူ့ဘုံသို့ ရောက်ကြောင်းလမ်းကိုရင်း လူ့ဘုံသို့ ရောက်ကြောင်းအကျင့်ကိုရင်း ခွဲခြား၍သိ၏၊ အကြင်အကျင့်ကို ကျင့်သောသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ လူ့ဘုံ၌ ဖြစ်၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

သာရိပုတြာ ငါသည် နတ်ဘုံကိုရင်း နတ်ဘုံသို့ ရောက်ကြောင်းလမ်းကိုရင်း နတ်ဘုံသို့ ရောက်ကြောင်းအကျင့်ကိုရင်း ခွဲခြား၍ သိ၏၊ အကြင်အကျင့်ကို ကျင့်သောသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ကောင်းသူတို့ လားရာ နတ်ဘုံသို့ ရောက်ရ၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

သာရိပုတြာ ငါသည် နိဗ္ဗာန်ကိုရင်း နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်းကိုရင်း နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကိုရင်း ခွဲခြား၍ သိ၏၊ အကြင်အကျင့်ကို ကျင့်သောသူသည် အာသဝေါ

http://www.dhammadownload.com



တရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဝင်စား၍ နေ၏၊ ထိုအကျင့်ကိုလည်း ခွဲခြား၍ သိ၏။

၁၅၄။ သာရိပုတြာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤ ပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်မည့်အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ကျရောက်ရာ ငရဲသို့ရောက်ကာ စင်စစ်ဆင်းရဲလှစွာ ထက်မြက်ကြမ်းတမ်းသည့် ဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် နေပူတို့ဖြင့် ပူလောင်နိုပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တကြောင်းကည်းသော ခရီးဖြင့် မီးကျီးတို့ဖြင့် ပြည့်သော တသူ (ငါးတောင်) ထက် ကျော်လွန်သည့် အခိုးအလျှံကင်းသော မီးကျီးတွင်းသို့ ရည်ညွှန်း၍ လာရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ "ဤအသျှင် ယောကျ်ားသည် ဤမီးကျီးတွင်းသို့သာလျှင် ရောက်လာမည့် လမ်းအတိုင်း သွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုသူကိုပင် ထိုမီးကျီးတွင်း၌ ကျလျက် စင်စစ် ဆင်းရဲလှစွာ ထက်မြက်ကြမ်းတမ်းသည့် ဝေဒနာခံစား နေရသည်ကို မြင်ရာ၏။ သာရိပုတြာ ဤဥပမာအတူပင် ဤလောက၌ အချို့ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကာ စင်စစ် ဆင်းရဲလှစွာ ထက်မြက်ကြမ်းတမ်းသည့် ဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။ (၁)

သာရိပုတြာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ တိရစ္ဆာန်ဘုံသို့ ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ တိရစ္ဆာန်ဘုံသို့ ရောက်ကာ ဆင်းရဲလှစွာ ထက်မြက်ကြမ်းတမ်းသည့် ဝေဒနာခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် နွေနေပူတို့ဖြင့် ပူလောင်နိုပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တကြောင်းတည်းသော လမ်းခရီးဖြင့် မစင်ဖြင့် ပြည့်သော တသူ (ငါးတောင်)ထက် ကျော်လွန်သည့်မစင်တွင်းကိုသာလျှင် ရည်ညွှန်း၍

http://www.dhammadownload.com



လာရာ၏။ ထိုသူကို မျက်စိ အမြင်ရှိသော ယောကျ်ားသည် မြင်၍ "ဤအသျှင် ယောကျ်ားသည် မစင်တွင်းသို့သာလျှင် ရောက်မည့် လမ်းအတိုင်းသွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုသူကိုပင် ထိုမစင်တွင်း၌ ကျလျက် ဆင်းရဲလှစွာ ထက်မြက် ကြမ်းတမ်းသည့် ဝေဒနာ ခံစားနေရသည်ကို မြင်ရာ၏။

သာရိပုတြာ ဤဥပမာအတူပင် ငါသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ တိရစ္ဆာန်ဘုံသို့ ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ တိရစ္ဆာန်ဘုံသို့ ရောက်ကာ ဆင်းရဲလှစွာ ထက်မြက် ကြမ်းတမ်းသည့် ဝေဒနာ ခံစားနေသည်ကို မြင်ရ၏။ (၂)

သာရိပုတြာ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ပြိတ္တာဘုံသို့ ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ပြိတ္တာဘုံသို့ ရောက်ကာ ဆင်းရဲများသည့် ဝေဒနာခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် နွေနေပူဘို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တကြောင်းတည်းသော လမ်းခရီးဖြင့် မညီမညွတ်သော မြေအဖို့၌ အခက်အရွက်နည်းပါးသဖြင့် အရိပ်ကျဲသော သစ်ပင်ကိုသာလျှင် ရည်ညွှန်း၍ လာရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ "ဤအသျှင် ယောကျ်ားသည် ဤသစ်ပင်သို့သာလျှင် ရောက်လာမည့် လမ်းအတိုင်း သွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုသူကိုပင် ထိုသစ်ပင်၏ အရိပ်၌ ထိုင်လျက်ဖြစ်စေ အိပ်လျက်ဖြစ်စေ ဆင်းရဲများသည့် ဝေဒနာကို ခံစားနေရသည်ကို မြင်ရာ၏။

သာရိပုတြာ ဤဥပမာအတူပင် ငါသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ပြိတ္တာဘုံသို့ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော "ဒိဗ္ဗစက္ခု" ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ပြိတ္တာဘုံသို့ ရောက်ကာ ဆင်းရဲများသည့် ဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။ (၃)

သာရိပုတြာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ လူတို့ဘုံ၌ဖြစ်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏" ဟု စိတ်ဖြင့် စိတ်ကိုပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု

http://www.dhammadownload.com



ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ လူတို့ဘုံ၌ဖြစ်ကာ ချမ်းသာများသည့် ဝေဒနာ ခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် နွေနေပူတို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တကြောင်းတည်းသော လမ်းခရီးဖြင့် ညီညွတ်သောမြေအဖို့၌ ပေါက်သည့် အရွက်စိပ်သဖြင့် အရိပ်ကောင်းသော သစ်ပင်ကိုသာလျှင် ရည်ညွှန်း၍ လာရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ "ဤအသျှင်ယောကျ်ားသည် ဤသစ်ပင်သို့သာလျှင် ရောက်မည့်လမ်းအတိုင်း သွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏"ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုသူကိုပင် ထိုသစ်ပင်၏ အရိပ်၌ ထိုင်လျက်ငြင်း အိပ်လျက်ငြင်း .ချမ်းသာများသည့် ဝေဒနာကို ခံစားနေရသည်ကို မြင်ရာ၏။

သာရိပုတြာ ဤဥပမာအတူပင် ငါသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ လူတို့ဘုံ၌ဖြစ်မည့် အကျင့်အတိုင်း ကျင့်၏၊ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍သိ၏။နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့်စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ လူတို့ဘုံ၌ဖြစ်ကာ ချမ်းသာများသည့်ဝေဒနာ ခံစားနေသည်ကို မြင်ရ၏။ (၄)

သာရိပုတြာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသူတို့လားရာ နတ်ဘုံသို့ရောက်မည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသူတို့ လားရာ နတ်ဘုံသို့ရောက်ကာ စင်စစ်ချမ်းသာသည့် သုခဝေဒနာ ခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် ပြာသာဒ်တခုရှိရာ၏၊ ထိုပြာသာဒ်၌ အတွင်းအပြင် ဆေးသုတ်ထားပြီးလျှင် လေမိုးလုံခြုံလျက် တံခါးမ-လေသာပြတင်းတို့ကို ပိတ်ထားအပ်သည့် အထွတ်တပ်သော ခန်းမဆောင် ရှိရာ၏၊ ထိုခန်းမဆောင်၌ မွေးရှည်ကော်ဇောကြီး, ဆန်းကြယ်သော သားမွေးအခင်း, ဖြူသော သားမွေးအခင်း,ပန်းပြောက်ချယ်ထားသော သားမွေးအခင်း, ကောင်းမွန်သော ဝံပိုင့်ရေအခင်း, မျက်နှာကြက်နှင့်တကွ နီမြန်းသော ခြေအုံး, ခေါင်းအုံးတို့ဖြင့် ခင်းကျင်းထားအပ်သည့် ပလ္လင်လည်း ရှိရာ၏၊ထိုအခါ နွေနေပူဘို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ်နေသောယောကျ်ားသည် တကြောင်းတည်းသော ခရီးဖြင့် ပလ္လင်နှင့်တကွ ခန်းမဆောင်ရှိနေသော ထိုပြာသာဒ်ကိုသာလျှင် ရည်ညွှန်း၍ လာရာ၏။ မျက်စိအမြင်ရှိသောယောကျ်ားသည် မြင်၍ ထိုသူကိုပင်"ဤအသျှင်ယောကျ်ားသည် ဤပြာသာဒ်သို့ သာလျှင် ရောက်လာမည့် လမ်းအတိုင်း သွား၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏"ဟု ပြောဆိုရာ၏။ နောက်အခါ၌ ထိုပြာသာဒ် ထိုအထွတ်တပ်သော ခန်းမဆောင် ထိုပလ္လင်၌ထိုင်လျက်ငြင်း အိပ်လျက်ငြင်း စင်စစ်ချမ်းသာသည့် သုခဝေဒနာ ခံစားနေရသည်ကို မြင်ရာ၏။

http://www.dhammadownload.com



သာရိပုတြာ ဤဥပမာအတူပင် ငါသည် ဤလောက၌ အချို့သော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသူတို့ လားရောက်ရာ နတ်ဘုံသို့ ရောက်မည့်အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏" ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသူတို့ လားရာ နတ်ဘုံသို့ ရောက်ကာ စင်စစ် ချမ်းသာသည့် သုခဝေဒနာခံစားနေသည်ကို မြင်ရ၏။ (၅)

သာရိပုတြာ ဤလောက၌ ငါသည် အချို့သောပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် အာသဝေါ တရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေမည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ အာသဝေါ တရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေရာ စင်စစ် ချမ်းသာသည့် သုခဝေဒနာ ခံစားနေသည်ကို မြင်ရ၏။

သာရိပုတြာ ဥပမာအားဖြင့် ကြည်လင်ချိုအေး ဖြူဖွေးသောရေနှင့် ကောင်းသောရေဆိပ် ရှိသဖြင့် မွေ့လျော်ဖွယ်ဖြစ်သော ရေကန်သည် ရှိရာ၏၊ ထိုရေကန်၏အနီး၌လည်း ကြီးမားသည့် တောအုပ်ရှိရာ၏။ ထိုအခါ နွေနေပူတို့ဖြင့် ပူလောင်နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင်မွတ်သိပ် သဖြင့် ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် တကြောင်းတည်းသော လမ်းခရီးဖြင့် ထိုရေကန် သို့သာလျှင် ရည်ညွှန်း၍ လာရာ၏။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုသူကိုမြင်၍ "ဤအသျှင်ယောကျ်ားသည် ဤရေကန်သို့သာ ရောက်မည့် လမ်းအတိုင်း သွား၏၊ထိုအတိုင်းလည်း အားထုတ်၏၊ထိုလမ်းသို့လည်း တက်၏"ဟု ပြောဆိုရာ၏။အခါတပါး၌ ထိုသူကိုပင် ထိုရေကန်သို့ ဆင်းသက်ချိုးသောက်၍ ပူလောင်ခြင်း ပင်ပန်းခြင်း အိုက်စပ်ခြင်းအားလုံးကို ငြိမ်းအေးစေ ပြီးလျှင် ပြန်တက်၍ ထိုတောအုပ်၌ ထိုင်လျက်ရင်း အိပ်လျက်ရင်း စင်စစ် ချမ်းသာသော သုခဝေဒနာခံစားနေရသည်ကို မြင်ရာ၏။

သာရိပုတြာ ဤဥပမာအတူပင် ငါသည် ဤလောက၌ အချို့သောပုဂ္ဂိုလ်ကို"ဤပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေမည့် အကျင့်အတိုင်း ကျင့်၏၊ ထိုအတိုင်းလည်း အားထုတ်၏၊ ထိုလမ်းသို့လည်း တက်၏"ဟု စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သိ၏။ နောက်အခါ၌ ထိုသူကိုပင် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော ထို(အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေကာ စင်စစ် ချမ်းသာသော သုခဝေဒနာကို ခံစားနေသည်ကို မြင်ရ၏။ သာရိပုတြာ လားရောက်ရာ ဂတိတို့သည် ဤငါးပါးတို့ ပင်တည်း။

http://www.dhammadownload.com



သာရိပုတြာ ဤသို့သိမြင်သော ငါ့ကို "ရဟန်းဂေါတမအား လူတို့၏(ကုသိုလ်ကမ္မပထ) တရားထက်သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သောဉာဏ်အမြင်ထူးမရှိ၊ ရဟန်းဂေါတမ သည် ကြံစည်ယူဆလျက် စူးစမ်းလေ့လာကာ အလိုလိုထင်မြင်လာသော တရားကို ဟော ကြား၏"ဟု ပြောဆိုသောသူသည် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ်သော် ထိုအယူ ကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌အချခံရလတ္တံ့။ သာရိပုတြာ ဥပမာအားဖြင့် သီလ သမာဓိ ပညာနှင့်ပြည့်စုံသော(အရဟတ္တမဂ္ဂ၌)ရဟန်းသည် ယခုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ရာသကဲ့သို့ ဤအတူပင် ထိုစကားကို မပယ်သော် ထိုစိတ်ထားကို မပယ် သော် ထိုအယူကို မစွန့်သော် ဆောင်ယူလာသော ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ ငရဲ၌အချခံရ လတ္တံ့ဟူသော ဤဥပမာကို ငါဟော၏။

၁၅၅။ သာရိပုတြာ ငါသည် အင်္ဂါလေးပါးနှင့်ပြည့်စုံသော မြတ်သောအကျင့်ကို ကျင့်ဘူး သည်ကို အမှတ်ရ၏။ ခြိုးခြံသောအကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ခြိုးခြံသောအကျင့် ရှိ၏။ ခေါင်းပါးသောအကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ခေါင်းပါးသော အကျင့်ရှိ၏။ စက်ဆုပ်တတ်သော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် စက်ဆုပ်တတ်သော အကျင့်ရှိ၏။ ဆိတ်ငြိမ်သော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသည့် ဆိတ်ငြိမ်သော အကျင့်ရှိ၏။

သာရိပုတြာ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်၌ ဤဆိုလတ္တံ့သည်ကား ငါ၏ ခြိုးခြံသော အကျင့်ပေတည်း။

အဝတ်မဝတ်ပဲနေ၏၊ လွတ်လပ်စွာ ကျင့်၏[၁]၊ လက်ဖြင့်မစင်ကိုသုတ်၏၊ အသျှင်လာလော့ ဆိုသူ၏ ဆွမ်းကိုမခံ၊ အသျှင်ရပ်လော့ ဆိုသူ၏ ဆွမ်းကိုမခံ၊ မိမိမကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကိုမခံ၊ ရည်စူး၍ပြုသော ဆွမ်းကိုမခံ ပင့်ဖိတ်ဆွမ်းကိုမခံ၊ အိုးဝမှကော်၍လောင်းသော ဆွမ်းကိုမခံ၊ တောင်း ဝမှ ကော်၍ လောင်းသော ဆွမ်းကိုမခံ၊ တံခါးခုံခြား၍ လောင်းသော ဆွမ်းကိုမခံ၊ တုတ်ခြား၍ လောင်းသော ဆွမ်းကိုမခံ၊ ကျည်ပွေ့ခြား၍ လောင်းသော ဆွမ်းကိုမခံ၊ နှစ်ယောက်စားစဉ်ထ၍ လောင်းသော ဆွမ်းကိုမခံ၊ ကိုယ်ဝန်ဆောင်မိန်းမ၏ ဆွမ်းကိုမခံ၊ နို့တိုက်ဆဲ မိန်းမ၏ ဆွမ်းကိုမခံ၊ ယောကျ်ားနှင့် နှီးနှော နေသော မိန်းမ၏ ဆွမ်းကိုမခံ၊ ဆော်ဩ၍ စုဆောင်းလောင်းသော ဆွမ်းကို မခံ၊ ခွေးမျှော်ရာမှ ဆွမ်းကိုမခံ၊ ယင်အုံရာမှ ဆွမ်းကို မခံ၊ ငါး မစား၊ အမဲ မစား၊ သေမသောက်၊ အရက်မသောက်၊ ဖွဲ့၌မြုပ်သော ဆေးရည်ကို မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏၊ ပ။ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏။ ဆွမ်းလောင်းခွက်ငယ် တခုစာဖြင့်လည်း ရောင့်ရဲ၏၊ ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့် လည်း ရောင့်ရဲ၏။ ပ။ ဆွမ်းလောင်းခွက်ငယ် ခုနစ်ခုစာတို့ဖြင့်လည်း ရောင့်ရဲ၏။ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာစား၏၊ ပ။ ခုနစ်ရက်ခြားလည်း အစာစား၏။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေ၏။

---

၁-အမျိုးကောင်းသားတို့၏ အလေ့အထဟူသမျှကို ပယ်၍ ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်ခြင်းစသည်ကို ပြုခြင်း ပင်တည်း။

http://www.dhammadownload.com



ထိုငါသည် ဟင်းရွက်ကိုသော်လည်း စားနေ၏၊ ပြောင်းဆန်ကိုသော်လည်း စားနေ၏[၁]၊ ကျိတ်သီးဆန်ကိုသော်လည်း စားနေ၏[၂]၊ သားရေဖတ်အစအနကိုသော်လည်း စားနေ၏၊ မှော်ကိုသော်လည်း စားနေ၏၊ဖွဲနုကိုသော်လည်း စားနေ၏[၃]၊ ထမင်းရေကိုသော်လည်း စားနေ၏[၄]၊နှမ်းမှုန့်ညက်ကိုသော်လည်း စားနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကို သော်လည်း စားနေ၏၊ တောသစ်မြစ် သစ်သီးကို စားလျက်မျှတ၏၊ ကြွေကျသော သစ်သီးကို စားလျက် မျှတ၏။

ထိုငါသည် ပိုက်ဆံလျှော်အဝတ်တို့ကိုသော်လည်း ဝတ်၏၊ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုသော်လည်း ဝတ်၏၊ သူသေကောင်မှ အဝတ်တို့ကိုသော်လည်း ဝတ်၏၊ ပံ့သကူအပတ်တို့ကိုသော်လည်း ဝတ်၏၊ သစ်ခေါက်အဝတ်တို့ကိုသော်လည်း ဝတ်၏၊ သစ်နက်ရေကိုသော်လည်း ဝတ်၏၊ သစ်နက်ရေမျှင်အဝတ်ကိုသော်လည်း ဝတ်၏၊ သမန်းမြက် အဝတ်ကိုသော်လည်း ဝတ်၏၊ ပျဉ်ချပ်အဝတ်ကိုသော်လည်း ဝတ်၏၊ ဆံခြည်ကမ္ဗလာကိုသော်လည်း ဝတ်၏၊ သားမြီးကမ္ဗလာကိုသော်လည်း ဝတ်၏၊ခင်ပုပ်ငှက်တောင် အဝတ်ကိုသော်လည်း ဝတ်၏၊ဆံမုတ်ဆိတ်ကိုသော်လည်း နုတ်၏၊ ဆံမုတ်ဆိတ်ဆွတ်ခြင်းအမှုကိုသော်လည်း ပြုနေ၏၊ ထိုင်ရန်နေရာကို ပယ်၍ ရပ်လျက်သော်လည်း နေ၏၊ ဆောင့်ကြောင့်သော်လည်း ထိုင်၏၊ ဆောင့်ကြောင့်ထိုင်ခြင်း အမှုကိုသော်လည်း အားထုတ်၏၊ ဆူးအခင်းအပေါ်၌သော်လည်း နေ၏၊ ဆူးအခင်းပေါ်၌သော်လည်း အိပ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့သက်ဆင်းခြင်းအမှုကိုသော်လည်း အားထုတ်၏။ ဤသို့လျှင် ဤသို့သဘောရှိသော ကိုယ်ကို လွန်မင်းစွာ ပူပန်စေသောအကျင့်ကို မပြတ်အားထုတ်လျက် နေ၏။ သာရိပုတြာ ဤကား ငါ၏ခြိုးခြံသော အကျင့်ပေတည်း။

၁၅၆။ သာရိပုတြာ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသော မြတ်သောအကျင့်မြတ်၌ ဤဆိုလတ္တံ့သည်ကား ငါ၏ ခေါင်းပါးသော အကျင့်ပေတည်း။

နှစ်ပေါင်းများစွာဖြစ်နေသော မှုန့်မှုန်အညစ်အကြေးသည် ကိုယ်၌စုဝေးလျက် အပွေးတက်သက်ဲသို့ဖြစ်၏။သာရိပုတြာ ဥပမာအားဖြင့် နှစ်ပေါင်းများစွာက ဖြစ်နေသော တည်ပင်ငုတ်သည် စုဝေးလျက် အပွေးတက်သကဲ့သို့ ဤအတူပင် ငါ၏ကိုယ်၌ နှစ်ပေါင်းများစွာက ဖြစ်နေသော မှုန့်မှုန်အညစ်အကြေးသည် စုဝေးလျက် အပွေးတက်သကဲ့သို့ ဖြစ်၏။ သာရိပုတြာ ထိုငါ့အား ငါသည် ဤမှုန့်မှုန် အညစ်အကြေးကို လက်ဖြင့် ပွတ်သပ်ရမူ သို့မဟုတ် တခြားသူတို့က လက်ဖြင့် ပွတ်သပ်ပေးကြကုန်မူ ကောင်းလေစွဟု ဤသို့သော စိတ်အကြံမျှပင် မဖြစ်ပေါ်ခဲ့ပေ။သာရိပုတြာ ဤကား ငါ၏ခေါင်းပါးသော အကျင့်ပေတည်း။ (၁)

သာရိပုတြာ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသည့် မြတ်သောအကျင့်၌ ဤဆိုလတ္တံ့သည်ကား ငါ၏ စက်ဆုပ်တတ်သော အကျင့်ပေတည်း။

သာရိပုတြာ ထိုငါသည် ရေပေါက်မျှ၌သော်လည်း ငါ့အား သနားခြင်းကရုဏာ ဖြစ်ပေါ်ခဲ့၏၊ "ငါသည် မညီမညွတ် အရပ်၌ တည်ကုန်သော (ရေပေါက်တည်းဟူသော) သတ္တဝါငယ်

၁—ဂျုံဆန် သို့မဟုတ် ဆန်စိမ်းဟု အချို့မူများ၌ ပြန်၏။
၂—မြက်သီးဆန် သို့မဟုတ် ဆန်တမျိုးဟု အချို့မူများ၌ ပြန်၏။
၃—ကဏောပိ တဏ္ဍုလံ ပရိယောနဒ္ဓိ၊ ဖွဲနုသည်လည်း ဆန်ကို ခြေးရှက်၏၊ (ပါသိကဝဂ် အဂ္ဂညသုတ်) နှင့်အညီ ကဏကို ဖွဲနုဟု ပြန်သည်။
၄—ထမင်းချိုးလည်း ဟူ၏။

http://www.dhammadownload.com



တို့ကို သတ်ဖြတ်ခြင်းသို့ မရောက်ပါစေလင့်" ဟု နှလုံးသွင်းကာ သတိရှိလျက် ရှေ့သို့တက်၏၊ သတိရှိလျက်သာ နောက်သို့ ဆုတ်၏။ သာရိပုတြာ ဤကား ငါ၏ စက်ဆုပ်တတ်သော အကျင့် ပေတည်း။ (၂)

သာရိပုတြာ ထိုအင်္ဂါလေးပါးနှင့် ပြည့်စုံသည့် မြတ်သောအကျင့်၌ ဤဆိုလတ္တံ့သည်ကား ငါ၏ ဆိတ်ငြိမ်သော အကျင့်ပေတည်း။

သာရိပုတြာ ထိုငါသည် အမှတ်မရှိ တခုခုသော တောတွင်းသို့ သက်ဝင်၍ နေ၏။ အကြင် အခါ ငါသည် နွားကျောင်းသားကိုဖြစ်စေ သား(သိုး ဆိတ်စသည်)ကျောင်းသားကိုဖြစ်စေ မြက်ထမ်း သမားကိုဖြစ်စေ ထင်းခွေသမားကိုဖြစ်စေ တောအမှုလုပ်ကိုဖြစ်စေ တွေ့မြင်၏၊ ထိုအခါ ငါသည် တတောမှ တတောသို့ တချုံမှ တချုံသို့ တချိုင့်မှ တချိုင့်သို့ တကုန်းမှ တကုန်းသို့ သွား၏။ ထိုသို့ သွားခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူတို့သည် ငါ့ကို မတွေ့မြင်ကြပါစေကုန်လင့်၊ ငါသည်လည်း ထိုသူတို့ကို မတွေ့မြင်ရပါစေလင့် ဟု နှလုံးသွင်းထားသောကြောင့်တည်း။

သာရိပုတြာ ဥပမာအားဖြင့် တော၌ ပေါက်ပွားသော သားကောင် (သားသမင်) သည် လူတို့ကို မြင်လျှင် တတောမှ တတောသို့ တချုံမှ တချုံသို့ တချိုင့်မှ တချိုင့်သို့ တကုန်းမှ တကုန်း သို့ သွားသကဲ့သို့ သာရိပုတြာ ဤအတူပင် အကြင်အခါ ငါသည် နွားကျောင်းသားကိုဖြစ်စေ သားကျောင်းသားကိုဖြစ်စေ မြက်ထမ်းသမားကိုဖြစ်စေ ထင်းခွေသမားကိုဖြစ်စေ တောအမှုလုပ်ကိုဖြစ်စေ တွေ့မြင်၏၊ ထိုအခါ ငါသည် တတောမှ တတောသို့ တချုံမှ တချုံသို့ တချိုင့်မှ တချိုင့်သို့ တကုန်းမှ တကုန်းသို့ သွား၏။ ထိုသို့ သွားခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူတို့သည် ငါ့ကို မတွေ့မြင်ကြပါစေကုန်လင့်၊ ငါသည်လည်း ထိုသူတို့ကို မတွေ့မြင်ရပါစေလင့် ဟု နှလုံးသွင်းထား သောကြောင့်တည်း။ သာရိပုတြာ ဤကား ငါ၏ ဆိတ်ငြိမ်သော အကျင့်ပေတည်း။ (၃)

သာရိပုတြာ ထိုငါသည် နွားတို့ ထွက်သွားကြကုန်၍ နွားကျောင်းသားတို့မှ ကင်းကုန်သော နွားခြံတို့သို့ လေးဘက်ထောက်သွားကာ ချဉ်းကပ်၍ နို့စို့ နွားငယ်တို့၏ နွားချေးတို့ကို စား မျိုခဲ့၏။ သာရိပုတြာ မိမိ ကျင်ငယ် ကျင်ကြီး မကုန်သေးသမျှ မိမိကျင်ငယ် ကျင်ကြီးကိုသာ ငါစားမျိုခဲ့၏။ သာရိပုတြာ ဤကား ငါ၏ စားရိုးမဟုတ်သော အစာကို စားခြင်း အကျင့်ပေ တည်း။ (၄)

၁၅၇။ သာရိပုတြာ ထိုငါသည် ကြောက်မက်ဖွယ် တောအုပ်တခုသို့ သက်ဝင်၍ နေ၏။ သာရိပုတြာ ကြောက်မက်ဖွယ်တောအုပ်၏ ကြောက်မက်ဖွယ် အခြင်းအရာကား မည်သူမဆို ရာဂမကင်းသေးသူသည် ထိုတောအုပ်သို့ ဝင်အံ့၊ များသောအားဖြင့် ကြက်သီးမွေးညှင်းထကုန်၏။ သာရိပုတြာ ငါသည် ဆီးနှင်းကျချိန် မြေသည့် ဆောင်းဥတုကြား ရှစ်ရက်တို့တွင် ညဉ့်အခါ လွင်တီးခေါင် 'လဟာပြင်' ၌နေ၍ နေ့အခါ တောအုပ်၌ နေ၏။ နွေဥတုနောက်ဆုံး လတွင် နေ့အခါ လွင်တီးခေါင်၌ နေ၍ ညအခါ တောအုပ်၌ နေ၏။ သာရိပုတြာ စင်စစ် ရှေးက မကြား ဘူးသည့် အထူးအံ့ဩဖွယ်ကောင်းသော ဤဂါထာသည် ငါ့အား ထင်လာ၏။

"ရဟန်းသည် တကိုယ်တည်း ကြောက်မက်ဖွယ်တောကြီး၌ အဝတ်မဆီးပဲ မီးသို့ လည်း မကပ်ပဲ အလွန်အပူခံ၍ဖြစ်စေ အလွန်အအေးခံ၍ဖြစ်စေ နိဗ္ဗာန်ကို ကြိုးစားရှာမှီး နေ၏" ဟု (ထင်လာ၏)။

http://www.dhammadownload.com



သာရိပုတြာ ထိုငါသည် သူသေအရိုးတို့ကို ခေါင်းအုံး၍ သုသာန်၌ အိပ်၏။ သာရိပုတြာ နွားကျောင်းသား သူငယ်တို့သည် ငါ့ထံသို့ ချဉ်းကပ်ကြကုန်၍ တံတွေးဖြင့်လည်း ထွေးကြကုန်၏၊ ကျင်ငယ်ဖြင့်လည်း ပန်းကြကုန်၏၊ မြေမှုန့်ဖြင့်လည်း ကြဲချကြကုန်၏၊ နားပေါက်တို့၌လည်း တုတ်ချောင်းကို ထိုးသွင်းကြကုန်၏။ သာရိပုတြာ ငါသည် ထိုသူတို့၌ စိတ်ပြစ်မှားမိသည်ကိုမျှ အမှတ်မရ။ သာရိပုတြာ ဤကား ငါ၏ လျစ်လျူရှုနေမှု အကျင့်ပေတည်း။

၁၅၈။ သာရိပုတြာ အစာအာဟာရဖြင့် စင်ကြယ်နိုင်၏ဟု ဤသို့ ပြောဆိုကြ ဤသို့ အယူရှိကြကုန်သော သမဏ ဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏။ ထိုသူတို့သည် ဆီးသီးတို့ဖြင့် မျှတကြကုန်၏ဟု ပြောဆိုကြကုန်၏၊ ထိုသူတို့သည် ဆီးသီးကိုလည်း စားကြကုန်၏၊ ဆီးသီးမှုန့်ကိုလည်း စားကြကုန်၏၊ ဆီးသီးဖျော်ရည်ကိုလည်း သောက်ကြကုန်၏၊ ဆီးသီးဖြင့် အထူးပြုထားသည့် အရာအမျိုးမျိုးကိုလည်း သုံးဆောင်ကြကုန်၏။ သာရိပုတြာ ငါကား ဆီးသီးတလုံးသာ ဖြစ်သော အစာအာဟာရကို စားမျိုသည်ကို အမှတ်ရ၏။ သာရိပုတြာ "ထိုစဉ်အခါက ဆီးသီးသည် ကြီးမားလေသလော" ဟု သင့်အား စိတ်အကြံဖြစ်ကောင်း ဖြစ်ရာ၏။ သာရိပုတြာ ဤသို့ မမှတ်သင့်၊ ယခုအခါ၌ကဲ့သို့ပင် ထိုစဉ်အခါ၌လည်း ဆီးသီးသည် ဤပမာဏမျှပင် ဖြစ်ခဲ့၏။ သာရိပုတြာ ဆီးသီးတလုံးသာဖြစ်သော အစာအာဟာရကိုစားမျိုသော ထိုငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်ခဲ့၏၊ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ကစွန်းနွယ်၏အဆစ်တို့ကဲ့သို့ရင်း နွယ်ပုပ် နွယ်ငန်း၏ အဆစ်တို့ကဲ့သို့ရင်း ငါ၏အင်္ဂါကြီးငယ်တို့သည် ဖြစ်ပေါ်ကုန်၏။ ကုလားအုတ်ခြေရာကဲ့သို့ ငါ၏ တင်ပါးဆုံသားသည် ဖြစ်ပေါ်နေ၏။ ပုတီးကုံးကဲ့သို့ ငါ၏ ကျောက်ကုန်းရိုးသည် အမြင့်အနိမ့် ဖြစ်ပေါ်နေ၏။ စရပ်ဆွေး၏ အခြင်တို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးနေကုန်သကဲ့သို့ ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ နက်သောရေတွင်း၌ နက်ရှိုင်း၍ အောက်သို့ဝင်နေသော ရေဝန်းကို မြင်ရသကဲ့သို့ ငါ၏ မျက်တွင်းတို့၌ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် နက်ရှိုင်း၍ အောက်သို့ဝင်နေသော မျက်လုံးဝန်းတို့ကို မြင်ရ၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အစိမ်းနနု ဆွတ်ခူးထားသော ဗူးခါးသီးသည် လေနေပူကြောင့် ရှုံ့တွညှိုးချောက်နေသကဲ့သို့ ငါ၏ ဦးခေါင်းရေသည် ရှုံ့တွ ညှိုးချောက်နေ၏။

သာရိပုတြာ ထိုငါသည် ဝမ်းရေကို သုံးသပ်အံ့ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာ လျှင် ကိုင်မိ၏။ ကျောက်ကုန်းရိုးကို သုံးသပ်အံ့ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ သာရိပုတြာ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ်နေ၏။ သာရိပုတြာ ထိုငါသည် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း စွန့်အံ့ဟု ထသွားသော် ထိုနေရာ၌ပင် မှောက်ခုံလဲကျ၏။ သာရိပုတြာ ထိုငါသည် ကိုယ်ကို သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏၊ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေသော အမွေးတို့သည် ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ကိုယ်မှကျွတ်ကျကုန်၏။

၁၅၉။ သာရိပုတြာ အစာအာဟာရဖြင့် စင်ကြယ်နိုင်၏ဟု ဤသို့ပြောဆို ဤသို့အယူရှိကြကုန်သော သမဏ ဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏။ ထိုသူတို့သည် ပဲနောက်တို့ဖြင့် မျှတကြကုန်အံ့။ပ။ နှမ်းတို့ဖြင့် မျှတကြကုန်အံ့။ပ။ ဆန်တို့ဖြင့် မျှတကြကုန်အံ့ဟု ပြောဆိုကြကုန်၏။ ထိုသူတို့သည် ဆန်ကိုလည်း စားကြကုန်၏၊ ဆန်မှုန့်ကိုလည်း စားကြကုန်၏၊ ဆန်ရေကိုလည်း

http://www.dhammadownload.com



သောက်ကြကုန်၏၊ ဆန်ဖြင့် အထူးပြုထားသည့် အရာအမျိုးမျိုးတို့ကိုလည်း သုံးဆောင်ကြကုန်၏။ သာရိပုတြာ ငါသည် ဆန်တစေ့မျှသာဖြစ်သော အစာအာဟာရ စားမျိုသည်ကို အမှတ်ရ၏။ သာရိပုတြာ သင့်အား "ထိုစဉ်အခါက ဆန်သည် ကြီးမားလေသလော" ဟု စိတ်အကြံဖြစ်ကောင်းဖြစ်ရာ၏။ သာရိပုတြာ ဤသို့ မမှတ်သင့်၊ ယခုအခါ၌ကဲ့သို့ပင် ထိုစဉ် အခါ၌လည်း ဆန်သည် ဤပမာဏမျှပင် ဖြစ်ခဲ့၏။သာရိပုတြာ ဆန်တစေ့သာဖြစ်သော အစာအာဟာရကိုစားမျိုခဲ့သော ထိုငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်ခဲ့၏၊ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ကစွန်းနွယ်၏အဆစ်တို့ကဲ့သို့ရင်း နွယ်ပုပ် နွယ်ငန်း၏ အဆစ်ကဲ့သို့ရင်း ငါ၏ အင်္ဂါကြီး ငယ်တို့သည် ဖြစ်ပေါ် နေကုန်၏။ ကုလားအုပ်ခြေရာကဲ့သို့ ငါ၏တင်ပါးဆုံသားသည် ဖြစ်ပေါ် နေ၏။ ပုတီးကုံးကဲ့သို့ ငါ၏ကျောက်ကုန်းရိုးသည် အမြင့်အနိမ့်ဖြစ်ပေါ် နေ၏။ စရပ်ဆွေး၏ အခြင်တို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးနေကုန်သကဲ့သို့ ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ နက်သောရေတွင်း၌ နက်ရှိုင်း၍ အောက်သို့ဝင်နေသော ရေအဝန်းကို မြင်ရသကဲ့သို့ ငါ၏ မျက်တွင်းတို့၌ နက်ရှိုင်း၍ အောက်သို့ဝင်နေသော မျက်လုံးဝန်းတို့ကို မြင်ရ၏၊ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အစိမ်းနုနု ဆွတ်ခူးထားသော ဗူးခါးသီးသည် လေ နေပူကြောင့် ရှုံ့တွညိုးချောက်နေသကဲ့သို့ ငါ၏ဦးခေါင်းရေသည် ရှုံ့တွညိုးချောက်နေ၏။

သာရိပုတြာ ထိုငါသည် ဝမ်းရေကိုသုံးသပ်အံ့ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာလျှင် ကိုင်မိ၏။ ကျောက်ကုန်းရိုးကို သုံးသပ်အံ့ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ သာရိပုတြာ ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ် နေ၏။ သာရိပုတြာ ထိုငါသည်ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း စွန့်အံ့ဟု ထသွားသော် ထိုနေရာ၌ပင် မှောက်ခုံလဲကျ၏။ သာရိပုတြာ ထိုငါသည် ကိုယ်ကိုသက်သာစေလို၍ လက်ဖြင့် ကိုယ်ကို ပွတ်သပ်၏။ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေသော အမွေးတို့သည် ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ကိုယ်မှ ကျွတ်ကျကုန်၏။

သာရိပုတြာ ထိုငါသည် ထိုလုံ့လ ထိုအကျင့် ထိုခဲခဲယဉ်းယဉ်း ပြုကျင့်ခြင်းဖြင့် လူတို့၏ (ကုသိုလ်ကမ္မပထ) တရားထက် သာလွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို မရခဲ့။ ထိုသို့မရခြင်းသည် အဘယ်ကြောင့်နည်း၊ ထိုအတိုင်း ကျင့်သောသူအား ဝဋ်ဆင်းရဲကုန်ခြင်းအကျိုးငှါ ကောင်းစွာ ထုတ်ဆောင်နိုင်သော အရိယာပညာကို မရခဲ့သော ကြောင့်တည်း။

၁၆၀။ သာရိပုတြာ "(များစွာ) ကျင်လည်ခြင်းဖြင့် စင်ကြယ်၏"ဟု ဤသို့ ပြောဆိုကြ ဤသို့ အယူရှိကြကုန်သော သမဏဗြာဟ္မဏ အချို့တို့သည် ရှိကြကုန်၏။ သာရိပုတြာ သုဒ္ဓါဝါသဗြဟ္မာတို့ကို ချန်ထား၍ ရှည်ကြာလှစွာသော ဤသံသရာအစုန်မှစ၍ ငါမကျင်လည်ဘူးသော သံသရာကို လွယ်ကူစွာ မရနိုင်။ သာရိပုတြာ ငါသည် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ကျင်လည်ငြားအံ့၊ ဤ (လူ့)လောကသို့ တဖန်မရောက်လာရာ။

သာရိပုတြာ" များစွာ ဖြစ်ခြင်းဖြင့် စင်ကြယ်၏"ဟု ဤသို့ပြောဆိုကြ ဤသို့အယူရှိကြကုန်သော သမဏ ဗြာဟ္မဏ အချို့တို့သည် ရှိကြကုန်၏။သာရိပုတြာ သုဒ္ဓါဝါသဗြဟ္မာတို့ကို ချန်ထား၍ ရှည်ကြာလှစွာသော ဤသံသရာအစုန်၌ ငါမဖြစ်ဘူးသော ဖြစ်ရာဘဝကို လွယ်ကူစွာ မရနိုင်။

http://www.dhammadownload.com



သာရိပုတြာ ငါသည် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်ပြီးအံ့၊ ဤ(လူ့)လောကသို့ တဖန် မရောက်လာရာ။

သာရိပုတြာ "(များစွာ)နေခြင်းဖြင့် စင်ကြယ်၏" ဟု ဤသို့ပြောဆိုကြ ဤသို့အယူရှိကြကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏။သာရိပုတြာ သုဒ္ဓါဝါသဗြဟ္မာတို့ကို ချန်ထား၍ ရှည်ကြာလှစွာသော ဤသံသရာအစုန်၌ ငါမနေဘူးသောနေရာကို လွယ်ကူစွာ မရနိုင်။ သာရိပုတြာ ငါသည် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ၌ နေပြီးအံ့၊ ဤ(လူ့)လောကသို့ တဖန် မရောက်လာရာ။

သာရိပုတြာ "ယဇ်ပူဇော်ခြင်းဖြင့် စင်ကြယ်၏"ဟု ဤသို့ပြောဆိုကြ ဤသို့ အယူရှိကြကုန်သော သမဏဗြာဟ္မဏအချို့တို့သည်ရှိကြကုန်၏။ သာရိပုတြာ ရှည်ကြာလှစွာသော ဤသံသရာအစုန်၌ ငါမပူဇော်ဘူးသော ယဇ်ကို လွယ်ကူစွာ မရနိုင်။ထိုယဇ်ကိုလည်း အဘိသိက်ခံ ရေမြေ့ရှင် မင်းဖြစ်၍ရင်း ဥစ္စာများစွာရှိသော ပုဏ္ဏားဖြစ်၍ရင်း ပူဇော်ခဲ့၏။

သာရိပုတြာ"မီးလုပ်ကျွေးခြင်းဖြင့် စင်ကြယ်၏"ဟု ဤသို့ပြောဆိုကြ ဤသို့ အယူရှိကြသော သမဏဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏။ သာရိပုတြာ ရှည်ကြာလှစွာသော ဤသံသရာအစုန်၌ ငါမလုပ်ကျွေးဘူးသော မီးကို လွယ်ကူစွာမရနိုင်။ ထိုမီးကိုလည်း အဘိသိက်ခံရေမြေ့ရှင် မင်းဖြစ်၍ရင်း ဥစ္စာများစွာရှိသော ပုဏ္ဏားဖြစ်၍ရင်း လုပ်ကျွေးခဲ့၏။

၁၆၁။ သာရိပုတြာ "ဤအသျှင်ယောကျ်ားသည် ပျိုမြစ်နုနယ်၍ မည်းနက်သောဆံပင်ရှိသည့် ပဌမအရွယ် ငယ်စဉ်အခါ၌သာ အကြောင်းအကျိုးကို မြော်မြင်နိုင်သည့် ကောင်းမြတ်သော ပညာနှင့်ပြည့်စုံ၍ ရက်ချုပ်အားဖြင့် ရှစ်ဆယ် ကိုးဆယ် ဝါရှိ၍ အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ရောက်သောအခါ၌ကား အကြောင်းအကျိုးကို မြော်မြင်နိုင်သည့်ပညာမှ ယုတ်လျော့၏"ဟု ဤသို့ပြောဆိုကြ ဤသို့အယူရှိကြကုန်သော သမဏဗြာဟ္မဏအချို့တို့သည် ရှိကြကုန်၏။ သာရိပုတြာ ဤသို့ မမှတ်သင့်၊ သာရိပုတြာ ငါဘုရားသည်ကား ယခုအခါ၌ အသက် ရှစ်ဆယ်ရှိ၍ အိုမင်းကြီးမြင့် အရွယ်ရင့်ကာ ဆင့်ဆင့်လွန်မြောက် နောက်ဆုံးအရွယ်သို့ ရောက်၏။ သာရိပုတြာ ဤသာသနာတော်၌ အနှစ်တရာအသက် ရှည်ကုန်လျက် အနှစ်တရာအသက်ရှင်လျက် ရှိကုန်သော မြတ်သော သင်ယူနိုင်သောသတိ (ဆောင်ထားနိုင်သော)ဂတိ (သရဇ္ဈာယ်နိုင်သော) ဓိတိ မြော်မြင်နိုင်သော ပညာနှင့် ပြည့်စုံကုန်သော တပည့်သာဝက လေးဦးတို့သည် ငါဘုရားအား ရှိကုန်ရာ၏။ သာရိပုတြာ ဥပမာအားဖြင့် သင်ကြားပြီးသော လက်တည့်အောင် လေ့ကျင့်ထားသော မြားပစ်အတတ်၌ အစမ်းအသတ် ခံပြီးသော အလွန်သန်မာသောလေးရှိသော လေးသမားသည် ပေါ့ပါးသောမြားဖြင့် မပင်မပန်း ထန်းပင်ရိပ်ကို ကန့်လန့်ကျော်လွန်စေရာသကဲ့သို့ ဤအတူပင် လွန်ကဲသော သတိ, လွန်ကဲသော ဂတိ, လွန်ကဲသော ဓိတိ,မြတ်သော မြော်မြင်နိုင်သော ပညာနှင့် ပြည့်စုံသော တပည့်သာဝကလေးဦးတို့သည် စားသောအခါ သောက်သောအခါ ခဲသောအခါ လျက်သောအခါ ကျင်ကြီးကျင်ငယ်စွန့်သောအခါ အိပ်သောအခါ ပင်ပန်းခြင်းကို ပယ်ဖျောက်သောအခါတို့မှတပါး ငါ့အားသတိပဋ္ဌာန်လေးပါးတို့ကို ထောက်၍ ထောက်၍ ပြဿနာ မေးလျှောက်ကုန်ငြားအံ့၊ မေးလျှောက်တိုင်း မေးလျှောက်တိုင်းပင် ငါသည် ထိုတပည့် သာဝက လေးဦးတို့အား ဖြေနိုင်ရာ၏၊ ငါ၏ဖြေကြားချက်ကိုလည်း ဖြေကြားသည့်အတိုင်း ဆောင်နိုင်ကြကုန်ရာ၏၊ ထပ်ဆင့်၍ နှစ်ခုမြောက်သော ပြဿနာကိုလည်း ငါ့အား

http://www.dhammadownload.com



မမေးကြရာ။ သာရိပုတြာ မြတ်စွာဘုရားအား တရားဟောကြာခြင်းသည် မကုန်သည်သာတည်း။ မြတ်စွာဘုရားအား တရား ပုဒ်ဗျည်းသည် မကုန်သည်သာတည်း၊ မြတ်စွာဘုရားအား ပြဿနာ ဖြေကြားခြင်းသည် မကုန်သည်သာတည်း၊ စင်စစ်မူ အနှစ်တရာ အသက် ရှည်ကုန်လျက် အနှစ် တရာအသက်ရှည်လျက် ရှိကုန်သော ငါ၏ ထိုဘပည့်သာဝကလေးဦးတို့သာ အနှစ်တရာကျော်လွန် သဖြင့် သေဆုံးကုန်ရာ၏။ သာရိပုတြာ ငါ့ကို ညောင်စောင်းဖြင့်လည်း ဆောင်ယူကြရစေကာမူ မြတ်စွာဘုရား၏ မြော်မြင်နိုင်သော ပညာသည် ဖောက်ပြန်ပြောင်းလဲခြင်း မရှိသည်သာတည်း။

သာရိပုတြာ "များစွာသောသူတို့၏ စည်းပွါးချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးချမ်းသာအလို့ငှါ မတွေဝေသော သဘောရှိသော သတ္တဝါသည် လူ့လောက၌ ဖြစ်ထွန်းပေါ်ပေါက်ခဲ့၏" ဟူသော စကားကို ပြောဆိုသောသူသည် (အကယ်၍) ကောင်းမွန်စွာ ပြောဆိုလိုငြားအံ့၊ ငါ့ကိုသာလျှင် ကောင်းမွန်စွာ ပြောဆိုပေရာ၏ ဟု-(မိန့်တော် မူ၏)။

၁၆၂။ ထိုစဉ်အခါ၌ အသျှင်နာဂသမာလသည် မြတ်စွာဘုရား၏ နောက်တော်မှ မြတ်စွာဘုရား ကို ယပ်လေခပ်လျက် တည်နေ၏၊ ထိုအခါ အသျှင်နာဂသမာလသည် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အံ့ဩဖွယ်ကောင်းပါပေစွ၊ အသျှင်ဘုရား မဖြစ်စဘူး ထူးကဲစွာဖြစ် ပါပေစွ၊ အသျှင်ဘုရား ဤတရားဒေသနာကို ကြားနာရ၍ တပည့်တော်အား ကြက်သီး မွေးညှင်း ထလာပါကုန်၏၊ အသျှင်ဘုရား ဤတရားဒေသနာသည် အဘယ်အမည်ရှိပါ သနည်း" ဟု လျှောက်၏။

နာဂသမာလ ထိုသို့ဖြစ်လျှင် ဤတရားဒေသနာကို "ကြက်သီး မွေးညှင်းထစေတတ်သည့် 'လောမဟံသန' တရားဒေသနာဟူ၍ပင် သင်မှတ်ထားလေလော့"ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။ အသျှင်နာဂသမာလသည် မြတ်စွာ ဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

နှစ်ခုမြောက် မဟာသီဟနာဒသုတ် ပြီး၏။

---

## ၃-မဟာဒုက္ခက္ခန္ဓသုတ်

၁၆၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော် မူ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ကြ၍ သပိတ် သင်္ကန်းကိုယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏။ ထိုအခါ ထိုရဟန်းတို့အား—

"သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်ရန် စောလွန်းသေး၏၊ ငါတို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရမူ ကောင်းလေစွ" ဟု အကြံဖြစ်ပေါ်၏။

ထိုအခါ ထိုရဟန်းတို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြပြီးလျှင် ထိုပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသော

http://www.dhammadownload.com



အရပ်၌ ထိုင်နေကြကုန်၏။ တခုသောအရပ်၌ ထိုင်နေကြသော ထိုရဟန်းတို့အား အယူတပါးရှိကြသော ပရိဗိုဇ်တို့က—

"ငါ့သျှင်တို့ ရဟန်းဂေါတမသည် ကာမတရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ကာမတရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ရဟန်းဂေါတမသည် ရုပ်တရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ရုပ်တရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ရဟန်းဂေါတမသည် ဝေဒနာတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ဝေဒနာတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ဤသို့ ပညတ်ရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ တရားဟောပုံချင်း ဆုံးမပုံချင်း ထူးခြားချက်ကား အဘယ်နည်း၊ သာလွန်ချက်ကား အဘယ်နည်း၊ ခြားနားချက်ကား အဘယ်နည်း" ဟု ပြောဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ စကားကို နှစ်သက်လည်း မနှစ်သက်ကြကုန်၊ ပယ်လည်း မပယ်ခဲ့ကြကုန်။ မနှစ်သက်ခဲ့ မပယ်ခဲ့ကြကုန်ပဲ "မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏အနက်အဓိပ္ပါယ်ကို သိကြရကုန်အံ့"ဟု နှလုံးသွင်းကာ နေရာမှထ၍ ဖဲ၍သွားကြကုန်၏။

၁၆၄။ ထိုအခါ ထိုရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကြလျက် ဆွမ်းစားပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ တခုသော တနေရာ၌ ထိုင်နေကြကာ မြတ်စွာဘုရားအား—

"မြတ်စွာဘုရား တပည့်တော်တို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ကြ၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ခဲ့ကြပါကုန်၏၊ မြတ်စွာဘုရား ထိုတပည့်တော်တို့အား—

'သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်ရန် စောလွန်းသေး၏၊ ငါတို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရမူ ကောင်းလေစွ'ဟု အကြံဖြစ်ပေါ်ခဲ့ပါသည်။

မြတ်စွာဘုရား ထိုအခါ တပည့်တော်တို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြကာ ထိုပရိဗိုဇ်တို့နှင့် အတူတကွ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောအရပ်၌ ထိုင်နေကြပါကုန်၏။ မြတ်စွာဘုရား တခုသော အရပ်၌ ထိုင်နေကြသော တပည့်တော်တို့အား အယူတပါးရှိကြသော ပရိဗိုဇ်တို့က—

'ငါ့သျှင်တို့ ရဟန်းဂေါတမသည် ကာမတရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ကာမတရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ရဟန်းဂေါတမသည် ရုပ်တရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ရုပ်တရားတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ရဟန်းဂေါတမသည် ဝေဒနာတို့ကို လွှန်မြောက်ခြင်းကို ပညတ်၏၊ ငါတို့လည်း ဝေဒနာတို့ကို လွှန်မြောက်ခြင်းကို ပညတ်ကြကုန်၏။ ငါ့သျှင်တို့ ဤသို့ ပညတ်ရာ၌ ရဟန်းဂေါတမနှင့် ငါတို့၏ တရားဟောပုံချင်း ဆုံးမပုံချင်း ထူးခြားချက်ကား အဘယ်နည်း၊ သာလွန်ချက်ကား အဘယ်နည်း၊ ခြားနားချက်ကား အဘယ်နည်း'ဟု ပြောဆိုကြပါကုန်သည်။

http://www.dhammadownload.com



မြတ်စွာဘုရား ထိုအခါ တပည့်တော်တို့သည် အယူတပါးရှိကြသော ပရိဗိုဇ်တို့၏ စကားကို နှစ်သက်လည်း မနှစ်သက်ကြပါ၊ ပယ်လည်း မပယ်ခဲ့ကြပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့ကြကုန်ပဲ 'မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်အဓိပ္ပါယ်ကို သိကြကုန်အံ့' ဟု နှလုံးသွင်းကာ နေရာမှ ထ၍ ဖဲခွါခဲ့ကြပါသည်"ဟု လျှောက်ကြကုန်၏။

၁၆၅။ ရဟန်းတို့ ဤသို့ ပြောဆိုကြသည့် အယူတပါးရှိကြသော ပရိဗိုဇ်တို့ကို "ငါ့သျှင်တို့ ကာမတရားတို့၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်း၊ ရုပ်တရားတို့၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်း၊ ဝေဒနာတို့၏ သာယာဖွယ်သည် အဘယ်နည်း၊ အပြစ်သည် အဘယ်နည်း၊ ထွက်မြောက်ရာသည် အဘယ်နည်း"ဟု မေးသင့်ကြကုန်၏။

ရဟန်းတို့ ဤသို့ မေးသော် အယူတပါးရှိသော ပရိဗိုဇ်တို့သည် ပြည့်ပြည့်စုံစုံ မဖြေဆိုနိုင်ကြကုန်လတ္တံ့၊ အလွန်ပင်ပန်းဆင်းရဲခြင်းသို့လည်း ရောက်ကြကုန်လတ္တံ့၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ အရာမဟုတ်ရာ၌ ပြဿနာကို မေးမြန်းသောကြောင့်တည်း။ ရဟန်းတို့ မြတ်စွာဘုရားကိုရင်း မြတ်စွာဘုရား၏ တပည့်သာဝကကိုရင်း ဤသာသနာတော်မှ ကြားနာရသူကိုရင်း ချန်ထား၍ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော (နတ်) လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ ဤပြဿနာကို ဖြေကြားခြင်းဖြင့် စိတ်ကို နှစ်သိမ့်စေနိုင်မည့်သူကို ငါဘုရား တွေ့မြင်တော် မမူ။

၁၆၆။ ရဟန်းတို့ ကာမတရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း ဟူမူ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ'ရာဂ'နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့်သိရသောအဆင်း၊ သောတဝိညာဏ်ဖြင့် သိရသောအသံ။ပ။ဃာနဝိညာဏ်ဖြင့် သိရသောအနံ့။ပ။ ဇိဝှါဝိညာဏ်ဖြင့် သိရသော အရသာ။ပ။လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်ဖွယ်သဘောရှိ၍ ကာမ'ရာဂ'နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့တည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ကာမတရားတို့၏ သာယာဖွယ်တည်း။

၁၆၇။ ရဟန်းတို့ ကာမတရားတို့၏ အပြစ်သည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အမျိုးသားသည် လက်ဆစ်ချိုးရေတွက်ခြင်း အတတ်ဖြင့်ဖြစ်စေ ဂဏန်းအတတ်ဖြင့်ဖြစ်စေ သင်္ချာအတတ်ဖြင့်ဖြစ်စေ လယ်လုပ်ခြင်းဖြင့်ဖြစ်စေ ကုန်သွယ်ခြင်းဖြင့်ဖြစ်စေ နွားကျောင်းခြင်းဖြင့်ဖြစ်စေ လက်နက်ကိုင်အမှုထမ်းခြင်းဖြင့်ဖြစ်စေ မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ အခြားတပါးပါးသောအတတ်ဖြင့်ဖြစ်စေ အတတ်တမျိုးမျိုးဖြင့် အအေးကို ရင်ဆိုင်ရလျက် အပူကို ရင်ဆိုင်ရလျက် မှက် ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့အထိတို့ဖြင့် ထိခိုက်ခံရလျက် ဝတ်မွတ်ခြင်း နှိပ်စက်၍ အသေခံရလျက် အသက်မွေးရ၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုအမျိုးသားသည် ဤသို့ ထကြွ စေ့ဆော် အားထုတ်ရပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံကုန်ငြားအံ့၊ ထိုအမျိုးသားသည် "ငါ၏ ထကြွလုံ့လသည် အချည်းနှီးသာတကား၊ ငါ၏ ကြိုးပမ်းအားထုတ်ခြင်းသည် အကျိုးမဲ့သာတကား"ဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်းတမ်း၏၊ တွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ ထိုအမျိုးသားသည် ဤသို့ ထကြွ စေ့ဆော် အားထုတ်သဖြင့် စည်းစိမ်ဥစ္စာတို့သည် ပြည့်စုံကုန်ငြားအံ့၊ထိုအမျိုးသားသည် "အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏စည်းစိမ်ဥစ္စာတို့ကို မင်းနှင့်ခိုးသူတို့ မယူနိုင်ပဲ မီးမလောင် ရေမမျော မချစ်သောအမွေခံတို့ မယူနိုင်ပဲ ရှိကုန်အံ့နည်း"ဟု စည်းစိမ်ဥစ္စာတို့ကို စောင့်ထိမ်းရခြင်း အကြောင်းကြောင့် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုအမျိုးသားသည် ဤသို့ စောင့်ရှောက်ထိန်းသိမ်းပါလျက် ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သော်လည်း ဆောင်ယူကြကုန်အံ့၊ ခိုးသူတို့သော်လည်း ခိုးယူကြကုန်အံ့၊ မီးသော်လည်း လောင်အံ့၊ ရေသော်လည်း မျောအံ့၊ မချစ်အပ်သော အမွေခံတို့သော်လည်း ဆောင်ယူကြကုန်အံ့။ ထိုအမျိုးသားသည် "ငါ့အား ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့လည်း မရှိတော့ပါတကား"ဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ကာမအရင်းခံ ကာမလျှင်တည်ရာရှိသော ကာမကြောင့်သာလျှင် ဖြစ်သည့် ဆင်းရဲအစုဖြစ်သော မျက်မှောက်ကာမတရားတို့၏ အပြစ်ပေတည်း။

၁၆၇။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ရေမြေရှင်အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ပုဏ္ဏားအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သူကြွယ် အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သားအမိအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သားအဖအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ညီအစ်ကို မောင်နှမအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ အပေါင်းအဖော်အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ငြင်းခုံခြင်း ရန်ဖြစ်ခြင်း သဘောကွဲလွဲခြင်းသို့ ရောက်ကြကုန်လျက် အချင်းချင်းလက်တို့ဖြင့်လည်း ပုတ်ခတ်ကြကုန်၏၊ ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏၊ (တုတ်)တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏။ ထိုသူတို့သည် ထိုရန်ဖြစ်ရာအရပ်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် သန်လျက်နှင့် (သားရေ)ကာကို ကိုင်စွဲ၍ လေးနှင့်မြားတောင့်ကို လွယ်လျက် မြားလှံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက်ဝှေ့ယမ်းနေကြစဉ်ပင် နှစ်ဖက်ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ တိုးဝင်ကြကုန်၏။ ထိုသူတို့ကို ထိုစစ်မြေပြင်၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏၊လှံဖြင့်လည်း ထိုးကြကုန်၏၊သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူ

http://www.dhammadownload.com



တို့သည် ထိုစစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် ဆင်းရဲအစုဖြစ်သော မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏အပြစ်ပေတည်း။

ရဟန်းတို့ ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမဘည်ရာ ကာမတို့ကြောင့်သာလျှင် သန်လျက်နှင့်(သားရေ)ကာကို ကိုင်စွဲ၍ လေးနှင့်မြားတောင့်ကို လွယ်လျက် မြားလုံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝေ့ယမ်းနေကြစဉ်ပင် ပူသောအစေတို့ဖြင့် သုတ်လိမ်းထားသော မြို့တံတိုင်းခြေတို့သို့ တိုးဝင်ကြကုန်၏။ ထိုသူတို့ကို ထိုနေရာ၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏၊ လှံဖြင့်လည်း ထိုးကြကုန်၏၊ နွားချေး မြင်းချေးရည်ပူဖြင့်လည်း သွန်းလောင်းကြကုန်၏၊ ယန္တရားမောင်းဖြင့်လည်း ဖိချကြကုန်၏၊ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

၁၆၉။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် အိမ်ကိုလည်း ဖောက်ထွင်းကြကုန်၏၊ (ရွာလုံးကျွတ်လည်း) တိုက်ခိုက်လုယူကြကုန်၏၊ တအိမ်တည်းကိုလည်း တိုက်ခိုက်လုယူကြကုန်၏၊ ခရီးလမ်း၌လည်း စောင့်၍ လုယူကြကုန်၏၊ သူ့တပါးမယားကိုလည်း သွားလာကြကုန်၏။ ထိုသူကို မင်းတို့သည် ဖမ်းယူ၍ ညှင်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်၏။ နှင်တံတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ လက်ကိုလည်း ဖြတ်ကြကုန်၏၊ ခြေကိုလည်း ဖြတ်ကြကုန်၏၊ လက်ခြေတို့ကိုလည်း ဖြတ်ကြကုန်၏၊ နားကိုလည်း ဖြတ်ကြကုန်၏၊ နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ နားနှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပူလောင်စေကုန်၏၊ ခရုသင်းပမာ ဦးခေါင်းရေကို ခွါကုန်၏၊ နေကိုငုံသည့် ရာဟု ခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင် ပြုကုန်၏၊ ကိုယ်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြှိုက်ကုန်၏၊ လက်နှစ်ဖက်ကို ဆီဆွတ်သည့်အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြှိုက်ကုန်၏၊ မြစ်ခြေပင်မှ၌ အရိုးအရွက်တို့ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးလွှားစေကုန်၏၊ အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိခွါ၍ လျှော်တေဝတ်ရုံသော ရသေ့အလား ပြေးလွှားစေကုန်၏၊ ခြေလက်လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏၊ အရေအသားအကြောတို့ကို ငါးမျှားချိပ်ပမာ ထက်စွာသော သံချိပ်တို့ဖြင့် ဆွဲချိတ်၍ ချကုန်၏၊ တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ချွေချကုန်၏၊ တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့် ပက်ဖျန်းကြကုန်၏၊ တံခါးတိုင်၌ တံခါးကျည်လျှို၍လှည့်သကဲ့သို့ ကိုယ်ကို သံတံကျင်လျှို၍လှည့်စေကုန်၏၊ အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက်ကျေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ပြုလုပ်ကုန်၏၊ ဆီပူဖြင့်လည်း သွန်းလောင်းကုန်၏၊ ခွေးတို့ကိုလည်း ကိုက်စေကြကုန်၏၊ အရှင်လတ်လတ်လည်း သံတံကျင်လျှိုကြကုန်၏၊ သန်လျက်

http://www.dhammadownload.com



ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏၊ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမ အထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာ ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက် ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ ကြောင့်သာလျှင် မကောင်းသောအကျင့်ကို ကိုယ်နှုတ်စိတ်တို့ဖြင့်ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသူတို့ လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကုန်၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာ ကာမတို့ကြောင့်သာလျှင်ဖြစ်သည့် တမလွန်ဆင်းရဲအစုဖြစ် သော ကာမတို့၏ အပြစ်ပေတည်း။

၁၇၀။ ရဟန်းတို့ ကာမတရားတို့၏ ထွက်မြောက်ရာသည် အဘယ်နည်း။ ရဟန်းတို့ ကာမ တရားတို့၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း လိုချင်တပ်မှုကိုပယ်ခြင်းသည် ကာမတရားတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ အကြင်ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ကာမတရားတို့၏ သာယာ ဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကို လည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။ ထိုသူတို့အား အမှန်စင် စစ် ကိုယ်တိုင်သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍သိကြလိမ့်မည်၊ သူတပါးတို့ကိုသော်လည်း ကာမတရားတို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်ကို ဆောက်တည် စေကြလိမ့်မည် ဟူသော အကြောင်းသည် မရှိနိုင်ပေ။ ရဟန်းတို့ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ကာမတရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။ ထိုသူတို့အား အမှန်စင်စစ် ကိုယ်တိုင်သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးတို့ကို သော်လည်း ကာမတရားတို့ကို ပိုင်းခြား၍ သိကြောင်းအကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူ သော အကြောင်းသည် ရှိသည်သာတည်း။

၁၇၁။ ရဟန်းတို့ ရုပ်တရားတို့၏ သာယာဖွယ်သည် အဘယ်နည်း။ ရဟန်းတို့ ဥပမာအားဖြင့် မမြင့်လွန်း မနိမ့်လွန်း မပိန်လွန်း မဝလွန်း မမည်းလွန်း မဖြူလွန်းသော တဆယ့်ငါးနှစ် တဆယ့် ခြောက်နှစ်အရွယ်ရှိမင်းမျိုးသတို့ သမီးဖြစ်စေ ပုဏ္ဏားမျိုးသတို့သမီးဖြစ်စေ သူကြွယ်မျိုးသတို့သမီး ဖြစ်စေ ရှိရာ၏။ရဟန်းတို့ ထိုအချိန်အရွယ်၌ ထိုအဆင်းသည် အလွန်တင့်တယ်သည်မဟုတ်လော ဟု(မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ တင့်တယ်သော အဆင်းကို စွဲ၍ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်း သည် ရုပ်တရားတို့၏ သာယာဖွယ်တည်း။

ရဟန်းတို့ ရုပ်တရားတို့၏ အပြစ်သည် အဘယ်နည်း။ ရဟန်းတို့ နောက်အခါ၌ ထိုသတို့သမီး ကိုပင် ရက်ချုပ်အားဖြင့် အသက်ရှစ်ဆယ် ကိုးဆယ် တရာရှိ၍ အိုမင်း ကုန်းကွကာ တောင်ဝှေးသာ

http://www.dhammadownload.com



မှီခိုရာရှိလျက် အရွယ်လွန်သဖြင့် သွားကျိုး ဆံဖြူ ဆံပင်ကျွတ် ခေါင်းပြောင် အရေတွန့်ကိုယ်၌ မှည့်မည်းစွဲကာ နဲကျင်စွာ တုန်တုန် ခိုက်ခိုက်သွားလာနေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီမဟုတ်လော၊ အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လော ဟု(မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ထိုသတို့သမီးကိုပင် အခြားသူတို့က ထူပေး သိပ်ပေးရလောက်အောင်ပင် အနာရောဂါနှိပ်စက်၍ ဆင်းရဲရောက်ကာ အပြင်းအထန် မမာမကျန်းသဖြင့် မိမိကျင်ကြီးကျင်ငယ်၌ အလူးလူး အလည်းလည်း အိပ်စက်နေရသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီမဟုတ်လော၊အပြစ်သည် ထင်ရှား ဖြစ်ပေါ်နေသည် မဟုတ်လောဟု (မေးတော်မူ၏)။မှန်ပါသည် မြတ်စွာဘုရား ဟု(လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

၁၇၂။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်းချိုင်း၌ စွန့်ပစ်ထားသည့် သေ၍ တရက်ရှိသော သူသေကောင် သေ၍ နှစ်ရက်ရှိသောသူသေကောင် သေ၍ သုံးရက်ရှိသောသူသေကောင် သေပြီးသည်နောက် ဖူးယောင် ပုပ်ပွနေသော သူသေကောင် ရုပ်ဆင်း ပျက်ပြားလျက် အညိုအမဲများသော သူသေကောင် သွေးပြည်ယိုစီးသော သဘောရှိသော သူသေကောင်ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှားဖြစ်ပေါ်နေသည် မဟုတ်လော ဟု (မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သုသာန်၌စွန့်ပစ်ထား၍ ကျီး စွန်ရဲ လင်းတ ဘုမ္မတီးငှက် ခွေး ကျား (ကျား)သစ် မြေခွေးတို့နှင့် ပိုးမျိုး အမျိုးမျိုးတို့က ကိုက်ခဲထိုးဆိတ်ထားသော သူသေကောင်ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီမဟုတ်လော၊ အပြစ်သည် ထင်ရှားဖြစ်ပေါ်နေသည်မဟုတ်လော ဟု (မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရား ဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်းချိုင်း၌ စွန့်ပစ်ထား၍ အသားအသွေးတို့နှင့်တကွ အကြောတို့ဖြင့် နှောင်ဖွဲ့ထား၍ အရိုးချင်းဆက်နေသေးသော သူသေကောင်ဖြစ်နေသည်ကိုပင် တွေ့မြင်ရာ၏။ အသားမရှိ သွေးတို့ဖြင့်လိမ်းကျံလျက် အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်းဆက်နေသေးသော။ အသားအသွေးကင်းလျက် အကြောတို့ဖြင့် နှောင်ဖွဲ့ထားသော အရိုးချင်း ဆက်နေသေးသော။ နှောင်ဖွဲ့ခြင်းကင်းကုန်လျက် လက်ရိုးတခြား ခြေရိုးတခြား ခြေဖမျက်ရိုးတခြား မြင်းခေါင်း ရိုးတခြား ပေါင်ရိုးတခြား ခါးရိုးတခြား နံရိုးတခြား ကျောက်

http://www.dhammadownload.com



ကုန်းရိုးတခြား ပခုံးရိုးတခြား လည်ပင်းရိုးတခြား မေးရိုးတခြား သွားရိုးတခြား ဦးခေါင်းခွံတခြား (အားဖြင့်) အရပ်မျက်နှာတို့၌ ပစ်ထားသော အရိုးစုဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှားဖြစ်ပေါ်နေသည်မဟုတ်လောဟု (မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ထိုသတို့သမီးကိုပင် သင်းချိုင်း၌ စွန့်ပစ်ထား၍ ခရုသင်းအဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော အရိုးတို့သာ ရှိသော သူ့သေကောင် ဖြစ်နေသည်ကို တွေ့မြင်ရာ၏။

စုပုံကုန်လျက် နှစ်ကျော်လွန်သော အရိုးတို့သာ ရှိသော။ဆွေးမြေ့ကုန်လျက် မှုန့်မှုန့်ညက်ညက် ကြေမွသော သဘောရှိကုန်သော အရိုးတို့သာ ရှိသော သူ့သေကောင် ဖြစ်နေသည်ကို တွေ့မြင်ရာ၏။ ရဟန်းတို့ ထိုအရာကို သင်တို့သည် အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ရှေးကရှိသော တင့်တယ်သော အဆင်းသည် ပျောက်ကွယ်ခဲ့ပြီ မဟုတ်လော၊ အပြစ်သည် ထင်ရှားဖြစ်ပေါ်နေသည် မဟုတ်လောဟု (မေးတော်မူ၏)။ မှန်ပါသည် မြတ်စွာဘုရားဟု (လျှောက်ကြကုန်၏)။ ရဟန်းတို့ ဤသည်လည်း ရုပ်တရားတို့၏ အပြစ်ပေတည်း။

ရဟန်းတို့ ရုပ်တရားတို့၏ ထွက်မြောက်ရာသည် အဘယ်နည်း။ ရဟန်းတို့ ရုပ်တရားတို့၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း လိုချင် တပ်မက်မှုကို ပယ်ခြင်းသည် ရုပ်တရားတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ရုပ်တရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကုန်။ ထိုသူတို့အား စင်စစ် ကိုယ်တိုင်သော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးကိုသော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြောင်း အကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိသည်သာတည်း။

ရဟန်းတို့ အကြင်ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ရုပ်တရားတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိကုန်၏၊ ထိုသူတို့အား စင်စစ် ကိုယ်တိုင်သော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြလိမ့်မည်၊သူတပါးကိုသော်လည်း ရုပ်တရားတို့ကို ပိုင်းခြား၍ သိကြောင်း အကျင့်ကိုဆောက်တည်စေကြလိမ့်မည်ဟူသောအကြောင်းသည် ရှိသည်သာတည်း။

၁၇၃။ ရဟန်းတို့ ဝေဒနာတို့၏ သာယာဖွယ်သည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ **ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်**

http://www.dhammadownload.com



သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေသောအခါ မိမိ ဆင်းရဲရန်လည်း မစေ့ဆော် သူတပါးဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်း မစေ့ဆော်၊ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကိုသာလျှင် ခံစား၏။ ရဟန်းတို့ ဝေဒနာတို့၏သာယာဖွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင် ဖြစ်၏ဟု ငါဟော၏။

ရဟန်းတို့ ထို့ပြင်လည်း ရဟန်းသည် ကြံစည်ခြင်း'ဝိတက်'သုံးသပ်ခြင်း'ဝိစာရ' တို့၏ချုပ်ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေသောအခါ။ပ။

ရဟန်းတို့ ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေ၏၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အရိယာပုဂ္ဂိုလ်တို့သည် အကြင်တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟုပြောကြားကုန်၏၊ထိုတတိယစျာန်သို့ရောက်၍နေသောအခါ။ပ။

ရဟန်းတို့ ရဟန်းသည် ချမ်းသာခြင်း'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းသာခြင်း'သောမနဿ' နှလုံးမသာခြင်း 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုမှုကြောင့်ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထစျာန်သို့ရောက်၍ နေသောအခါ မိမိဆင်းရဲရန်လည်း မစေ့ဆော်၊ သူတပါး ဆင်းရဲရန်လည်း မစေ့ဆော်၊ နှစ်ဦးလုံး ဆင်းရဲရန်လည်း မစေ့ဆော်၊ ထိုအခါ၌ ဆင်းရဲမရှိသော ဝေဒနာကိုသာလျှင် ခံစား၏။ ရဟန်းတို့ ဝေဒနာတို့၏ သာယာဖွယ်ကား ဆင်းရဲမရှိခြင်းမျှသာလျှင် ဖြစ်၏ဟု ငါဟော၏။

၁၇၄။ ရဟန်းတို့ ဝေဒနာတို့၏ အပြစ်သည် အဘယ်နည်း။ ရဟန်းတို့ ဝေဒနာတို့၏ အမြဲမရှိခြင်း ဆင်းရဲခြင်း ဖောက်ပြန်တတ်သော သဘောရှိခြင်းသည် ဝေဒနာတို့၏ အပြစ်တည်း။

ရဟန်းတို့ ဝေဒနာတို့၏ ထွက်မြောက်ရာသည် အဘယ်နည်း။ ရဟန်းတို့ ဝေဒနာတို့၌ လိုချင်တပ်မက်မှုကို ဖျောက်ခြင်း လိုချင်တပ်မက်မှုကိုပယ်ခြင်းသည် ဝေဒနာတို့၏ ထွက်မြောက်ရာတည်း။

ရဟန်းတို့ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ဝေဒနာတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိကြကုန်၊ ထိုသူတို့အား စင်စစ် ကိုယ်တိုင်သော်လည်း ဝေဒနာကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးကိုသော်လည်း ဝေဒနာတို့ကို ပိုင်းခြား၍ သိကြောင်း အကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် မရှိသည်သာတည်း။

ရဟန်းတို့ ရဟန်းဖြစ်စေ ပုဏ္ဏားဖြစ်စေ မည်သူမဆို ဤသို့ ဝေဒနာတို့၏ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ရာကိုလည်း ထွက်မြောက်ရာ

http://www.dhammadownload.com



အားဖြင့် ခွဲခြား၍ သိကုန်၏၊ ထိုသူတို့အား စင်စစ် ကိုယ်တိုင်သော်လည်း ဝေဒနာကို ပိုင်းခြား၍ သိကြလိမ့်မည်၊ သူတပါးကိုသော်လည်း ဝေဒနာကို ပိုင်းခြား၍သိကြောင်း အကျင့်ကို ဆောက်တည်စေကြလိမ့်မည်ဟူသော အကြောင်းသည် ရှိသည်သာတည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။

သုံးခုမြောက် မဟာဒုက္ခက္ခန္ဓသုတ် ပြီး၏။

---

## ၄-စူဠဒုက္ခက္ခန္ဓ သုတ်

၁၇၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ သာကီဝင်မင်းသား မဟာနာမ်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် တခုသောအရပ်၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား တပည့်တော်သည် 'လိုချင်ခြင်းသည် စိတ်၏ညစ်ညူးကြောင်းတည်း၊ ပြစ်မှားခြင်းသည် စိတ်၏ ညစ်ညူးကြောင်းတည်း၊ တွေဝေခြင်းသည် စိတ်၏ ညစ်ညူးကြောင်းတည်း' ဟု မြတ်စွာဘုရား ဟောတော်မူသောတရားတော်ကို ကြာမြင့်စွာကပင် သိပါ၏၊မြတ်စွာဘုရား တပည့်တော်သည် 'လိုချင်ခြင်းသည် စိတ်၏ညစ်ညူးကြောင်းတည်း၊ပြစ်မှားခြင်းသည် စိတ်၏ညစ်ညူးကြောင်းတည်း၊ 'တွေဝေခြင်းသည် စိတ်၏ ညစ်ညူးကြောင်းတည်း' ဟု မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို သိပါသော်လည်း တပည့်တော်အား တရံတခါ လိုချင်မှု တရားတို့သည်လည်း (ပကတိ) စိတ်ကို ကုန်ခန်းစေ၍ တည်ပါကုန်၏၊ ပြစ်မှားမှုတရားတို့သည်လည်း (ပကတိ) စိတ်ကို ကုန်ခန်းစေ၍ တည်ပါကုန်၏၊ တွေဝေမှုတရားတို့သည်လည်း (ပကတိ) စိတ်ကို ကုန်ခန်းစေ၍ တည်ပါကုန်၏။ အသျှင်ဘုရား 'ငါ၏အဇ္ဈတ္တသန္တာန်၌ အဘယ်တရားကို မပယ်ရသေးသောကြောင့် တရံတခါ လိုချင်မှု ပြစ်မှားမှု တွေဝေမှု တရားတို့သည် (ပကတိ) စိတ်ကို ကုန်ခန်းစေ၍ တည်ပါကုန်သနည်း' ဟု တပည့်တော်အား စိတ်အကြံ ဖြစ်မိပါသည်"ဟူ၍ လျှောက်၏။

၁၇၆။ မဟာနာမ် သင်၏သန္တာန်၌ လိုချင်မှု ပြစ်မှားမှု တွေဝေမှု တရားကိုသာလျှင် မပယ်ရသေးသောကြောင့် ယင်းတရားတို့သည် သင့်အား တရံတခါ စိတ်ကို ကုန်ခန်းစေ၍တည်ကုန်၏။ မဟာနာမ် သင်၏သန္တာန်၌ ထိုတရားသည် ပယ်ပြီးဖြစ်ငြားအံ့၊ သင်သည် အိမ်ရာတည်ထောင်၍ မနေရာ၊ ကာမတို့ကို မခံစားရာ။ မဟာနာမ် သင်၏သန္တာန်၌ ထိုတရားကိုသာလျှင် မပယ်ရသေးသောကြောင့် သင်သည် အိမ်ရာတည်ထောင်၍ နေ၏၊ ကာမဂုဏ်တို့ကို ခံစား၏။

၁၇၇။ မဟာနာမ် "ကာမတို့သည် သာယာဖွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခများပြားကုန်၏၊ ပြင်းစွာ ပင်ပန်းမှု များပြားကုန်၏၊ ဤကာမတရားတို့၌ အပြစ်သည်သာ အလွန်များပြား၏" ဟု မြတ်စွာဘုရား၏ တပည့်သာဝကသည် ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် အကယ်၍ ကောင်းစွာမြင်စေကာမူ ထိုသူသည် ကာမတို့ကို ကြဉ်၍သာလျှင် အကုသိုလ်တရား

http://www.dhammadownload.com



တို့ကို ကြည့်ရှုသောလျှင် နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော ဈာန်ကို သို့မဟုတ် ထိုဈာန်ထက် ငြိမ်သက်သော အခြားဈာန်မဂ်ကို မရငြားအံ့၊ ထိုသူသည် ကာမတို့၌ ပြန်လည်ခြင်း မရှိသူ မဖြစ်နိုင်သေးချေ။ မဟာနာမ် အကြင်အခါ၌ "ကာမတို့သည် သာယာဖွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခများပြားကုန်၏၊ ပြင်းစွာ ပင်ပန်းမှု များပြားကုန်၏၊ ဤကာမတရားတို့၌ အပြစ်သည်သာ အလွန်များပြား၏" ဟု မြတ်စွာဘုရား၏ တပည့်သာဝကသည် ဤကာမကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာဖြင့် ကောင်းစွာမြင်အံ့၊ ထိုသူသည် ကာမတို့ကို ကြည့်ရှုသောလျှင် အကုသိုလ်တရားတို့ကို ကြည့်ရှုသောလျှင် နှစ်သက်ခြင်း ချမ်းသာခြင်း ရှိသော ဈာန်ကို သို့မဟုတ် ထိုဈာန်ထက် ငြိမ်သက်သော အခြားဈာန်မဂ်ကိုလည်း ရအံ့၊ ထိုအခါ ထိုသူသည် ကာမတို့၌ ပြန်လည်ခြင်းမရှိသူ ဖြစ်၏။

မဟာနာမ် ငါသည် (အရဟတ္တ) မဂ်ကို မရမီ သစ္စာလေးပါးကို ထိုးထွင်း၍ မသိမြင်သေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်ကလည်း "ကာမတို့သည် သာယာဖွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခများပြားကုန်၏၊ ပြင်းစွာ ပင်ပန်းမှုများပြားကုန်၏၊ ဤကာမတို့၌အပြစ်သည်သာ အလွန်များပြား၏" ဟု ဤကာမကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့်ကောင်းစွာမြင်၏၊ ထိုငါသည် ကာမတို့ကို ကြည့်ရှုသောလျှင် အကုသိုလ်တရားတို့ကို ကြည့်ရှုသောလျှင် နှစ်သက်ခြင်း ချမ်းသာခြင်း ရှိသော ဈာန်ကို သို့မဟုတ် ထိုဈာန်ထက် ငြိမ်သက်သောအခြားဈာန်မဂ်ကို မရသေးသမျှ ကာမတို့၌ ပြန်လည်ခြင်း မရှိသူ ဟု ဝန်မခံခဲ့။ မဟာနာမ် အကြင်အခါ၌ "ကာမတို့သည် သာယာဖွယ် နည်းပါးကုန်၏၊ ဆင်းရဲဒုက္ခ များပြားကုန်၏၊ ပြင်းစွာပင်ပန်းမှု များပြားကုန်၏၊ ဤကာမတရားတို့၌ အပြစ်သည်သာ အလွန်များပြား၏" ဟု ငါသည် ကာမကို ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ကောင်းစွာမြင်၏၊ ထိုငါသည်ကာမတို့ကို ကြည့်ရှုသောလျှင် အကုသိုလ်တရားတို့ကို ကြည့်ရှုသောလျှင် နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော ဈာန်ကို သို့မဟုတ် ထိုဈာန်ထက် ငြိမ်သက်သော အခြားဈာန်မဂ်ကိုလည်း ရ၏၊ ထိုအခါ ငါသည် ကာမတို့၌ ပြန်လည်ခြင်း မရှိသူ ဟု ဝန်ခံခဲ့၏။

၁၇၈။ မဟာနာမ် ကာမတို့၏ သာယာဖွယ်သည် အဘယ်နည်း။ မဟာနာမ် ကာမဂုဏ်တို့သည် ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်းမူဟူ—လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ရှိ၍ ချစ်ဖွယ်သဘောရှိသော ကာမ'ရာဂ' နှင့်စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသောအဆင်း။ သောတဝိညာဏ်ဖြင့် သိရသောအသံ။ပ။ဃာနဝိညာဏ်ဖြင့် သိရသောအနံ့။ ဇိဝှါဝိညာဏ်ဖြင့် သိရသောအရသာ။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ရှိ၍ ချစ်ဖွယ်သဘောရှိသော ကာမ 'ရာဂ' နှင့် စပ်သွယ်လျက် တပ်စွန်းဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့တည်း။ မဟာနာမ် ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ မဟာနာမ် ဤကာမဂုဏ်ငါးပါးတို့ကို စွဲ၍ ဖြစ်ပေါ်လာသော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ကာမတရားတို့၏ သာယာဖွယ်တည်း။

မဟာနာမ် ကာမတရားတို့၏အပြစ်သည် အဘယ်နည်း။ မဟာနာမ် ဤလောက၌ အမျိုးသားသည် လက်ဆစ်ချိုးရေတွက်ခြင်းအတတ်ဖြင့်ဖြစ်စေ ဂဏန်းအတတ်ဖြင့်ဖြစ်စေ သင်္ချာအတတ်ဖြင့်ဖြစ်စေ လယ်လုပ်ခြင်းဖြင့်ဖြစ်စေ ကုန်သွယ်ခြင်းဖြင့်ဖြစ်စေ နွားကျောင်းခြင်းဖြင့်ဖြစ်စေ လက်နက်ကိုင်အမှုထမ်းခြင်းဖြင့်ဖြစ်စေ မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ အခြား တပါးပါး

http://www.dhammadownload.com



သောအတတ်ဖြင့် ဖြစ်စေ အတတ်တမျိုးမျိုးဖြင့် အအေးကို ရင်ဆိုင်ရလျက် အပူကို ရင်ဆိုင်ရလျက် မှက်ခြင် လေ နေပူ မြွေ ကင်းသန်းတို့၏ အတွေ့အထိတို့ဖြင့် ထိခိုက်ခံရလျက် ငတ်မွတ်ခြင်းနှိပ်စက်၍ အသေခံရလျက် အသက်မွေးရ၏။ ရဟန်းတို့ ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမကြောင့်သာလျှင်ဖြစ်သည့် မျက်မှောက် ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

မဟာနာမ် ထိုအမျိုးသားသည် ဤသို့ ထကြွစေ့ဆော် အားထုတ်ရပါလျက် စည်းစိမ်ဥစ္စာတို့သည် မပြည့်စုံကုန်ငြားအံ့၊ ထိုအမျိုးသားသည် "ငါ၏ ထကြွလုံ့လသည် အချည်းနှီးသာတကား၊ ငါ၏ကြိုးပမ်းအားထုတ်ခြင်းသည် အကျိုးမဲ့သာ တကား" ဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီးမြည်တမ်း၏၊ တွေဝေခြင်းသို့ ရောက်၏။ မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမ အရင်းခံ ကာမလျှင် တည်ရာရှိသော ကာမဘို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက် ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

မဟာနာမ် ထိုအမျိုးသားသည် ဤသို့ ထကြွစေ့ဆော်အားထုတ်သဖြင့် စည်းစိမ်ဥစ္စာတို့သည် ပြည့်စုံကုန်ငြားအံ့၊ ထိုအမျိုးသားသည် "အဘယ်သို့ စောင့်ထိန်းလျှင် ငါ၏ စည်းစိမ်ဥစ္စာတို့ကို မင်းနှင့် ခိုးသူဘို့ မဆောင်နိုင်ကြကုန်ပဲ မီးမလောင် ရေမမျော မချစ်သော အမွေခံသားတို့ မယူနိုင်ပဲ ရှိကုန်ရာအံ့နည်း" ဟု ထိုစည်းစိမ်ဥစ္စာတို့ကို စောင့်ထိမ်းရခြင်း အကြောင်းကြောင့် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုအမျိုးသားသည် ဤသို့ စောင့်ရှောက်ထိန်းသိမ်းပါလျက် ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သော်လည်း ဆောင်ယူကြကုန်အံ့၊ ခိုးသူတို့သော်လည်း ခိုးယူကြကုန်အံ့၊ မီးသော်လည်း လောင်အံ့၊ ရေသော်လည်း မျောအံ့၊ မချစ်အပ်သော အမွေခံတို့သော်လည်း ဆောင်ယူကြကုန်အံ့၊ ထိုအမျိုးသားသည် "ငါ့အား ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့လည်း မရှိတော့ပါတကား" ဟု ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီး မြည်တမ်း၏၊ ပြင်းပြစွာ တွေဝေခြင်းသို့ ရောက်၏။ မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတရားတို့၏ အပြစ်ပေတည်း။

မဟာနာမ် တဖန်ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတရားတို့ကြောင့်သာလျှင် မင်းအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ရေမြေ့ရှင်အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ပုဏ္ဏားအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သူကြွယ်အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သားအမိအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ သားအဖ အချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ ညီအစ်ကို မောင်နှမအချင်းချင်းလည်း ငြင်းခုံကြကုန်၏၊ အပေါင်းအဖော်အချင်းချင်းလည်း ငြင်းခုံကြကုန်၏။ ထိုသူတို့သည် ထိုသို့ ဖြစ်ရာ၌ ငြင်းခုံခြင်း ရန်ဖြစ်ခြင်း သဘောကွဲလွဲခြင်းသို့ ရောက်ကြကုန်လျက် အချင်းချင်း လက်တို့ဖြင့်လည်း ပုတ်ခတ်ကြကုန်၏၊ ခဲတို့ဖြင့်လည်း ပေါက်ကြကုန်၏၊ တုတ်တို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ဓားလက်နက်တို့ဖြင့်လည်း ထိုးခုတ်ကြကုန်၏၊ ထိုသူတို့သည် ထိုရန်ဖြစ်ရာအရပ်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတရားတို့၏ အပြစ်ပေတည်း။

http://www.dhammadownload.com



မဟာနာမ် တဖန်ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် သန်လျက်နှင့် (သားရေ) ကာကို ယူ၍ လေးနှင့် မြားတောင့်ကို လွယ်လျက် မြားလုံတို့ကို ပစ်လွှတ်နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ယမ်းနေကြစဉ်ပင် နှစ်ဖက်ရင်ဆိုင်တိုက်ရာ စစ်မြေပြင်သို့ ပြေးဝင်ကြကုန်၏။ ထိုသူတို့ကို ထိုစစ်မြေပြင်၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏၊ လှံဖြင့်လည်း ထိုးကြကုန်၏၊ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုစစ်မြေပြင်၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာရှိသော ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော **ကာမတရားတို့၏ အပြစ်ပေတည်း။**

မဟာနာမ် တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမတို့ကြောင့်သာလျှင် သန်လျက်နှင့် (သားရေ) ကာကို ကိုင်စွဲ၍ လေးနှင့် မြားတောင့်ကို လွယ်လျက် မြားလုံတို့ကို ပစ်(လွှတ်) နေကြစဉ်ပင် သန်လျက်တို့ကို တလက်လက် ဝှေ့ယမ်းနေကြစဉ်ပင် ပူသောအစေးတို့ဖြင့် သွန်းလောင်းထားသော မြို့တံတိုင်းခြေတို့ကို တိုးဝင်ကြကုန်၏။ ထိုသူတို့ကို ထိုနေရာ၌ မြားတို့ဖြင့်လည်း ပစ်ကြကုန်၏၊ လှံဖြင့်လည်း ထိုးပစ်ကြကုန်၏၊ နွားချေးမြင်းချေးရည်ပူဖြင့်လည်း သွန်းလောင်းကြကုန်၏၊ ယန္တရားမောင်းဖြင့်လည်း ဖိချကြကုန်၏၊ သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ မဟာနာမ် ဤသည်လည်း **ကာမအထောက်အပံ့ ကာမအရင်းခံ** ကာမလျှင် တည်ရာရှိသော ကာမတို့ကြောင့် သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော **ကာမတရားတို့၏** အပြစ်ပေတည်း။

မဟာနာမ် တဖန်ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမကြောင့်သာလျှင် အိမ်ကိုလည်း ဖောက်ထွင်းကြကုန်၏၊ ရွာလုံးကျွတ် ကိုလည်း တိုက်ခိုက်လုယူကြကုန်၏၊ တအိမ်တည်းကိုလည်း တိုက်ခိုက်လုယူကြကုန်၏၊ ခရီးလမ်း၌လည်း စောင့်၍ လုယူကြကုန်၏၊ သူတပါးမယားကိုလည်း သွားလာကြကုန်၏။ ထိုသူ့ကို မင်းတို့သည် ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ပြုကုန်၏။

နှင်တံတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ ကြိမ်လုံးတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ တုတ်ဝိုတို့ဖြင့်လည်း ရိုက်ကြကုန်၏၊ လက်ကိုလည်း ဖြတ်ကြကုန်၏၊ခြေကိုလည်း ဖြတ်ကြကုန်၏၊ လက်ခြေတို့ကိုလည်း ဖြတ်ကြကုန်၏၊ နားကိုလည်း ဖြတ်ကြကုန်၏၊ နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ နား နှာခေါင်းကိုလည်း ဖြတ်ကြကုန်၏၊ ဦးခေါင်းခွံကို ဖောက်၍ ဦးနှောက်ကို ပအုံးရည်ကဲ့သို့ ပူလောင်စေကုန်၏၊ခရုသင်းပမာ ဦးခေါင်းရေကို ခွါကုန်၏၊ နေကို ငုံသည့် ရာဟုခံတွင်းအလား ပါးစပ်တွင်း၌ သွေးပြည့်အောင်ပြုကုန်၏၊ကိုယ်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးပန်းပမာ ရှို့မြိုက်ကုန်၏၊ လည်နှစ်ဖက်ကို ဆီဆွတ်သည့် အဝတ်ဖြင့် ရစ်ပတ်၍ မီးတိုင်ပမာ ရှို့မြိုက်ကုန်၏၊ မြစ်ခြေပင်မ၌ အရိုးအရွက်တို့ ရစ်ပတ်နေသော ပိန်းပင်အလား ဖမျက်အထိ တကိုယ်လုံးမှ အရေကို ခွါချကာ ပြေးလွှားစေကုန်၏၊ အောက်တကိုယ်လုံးမှ အရေကို လည်ပင်းအထိ ခွါ၍ လျှော်တေဝတ်ရုံသော ရသေ့အလား ပြေးလွှားစေကုန်၏၊ ခြေလက်လေးဘက်၌ တံကျင်လျှိုထား၍ လေးဘက်တွားနေသည့် သားကောင်ကဲ့သို့ ပြုလုပ်ကုန်၏၊အရေ အသား အကြောတို့ဖြင့် ငါးမြားချိပ်ပမာ ထက်စွာ

http://www.dhammadownload.com



သော ချိပ်တို့ဖြင့် ဆွဲချိဘ်၍ ချကုန်၏၊တကိုယ်လုံးမှ အသားစိုင်တို့ကို တကျပ်သား တကျပ်သားခန့် ချွေချကုန်၏၊ တကိုယ်လုံး၌ သံဆူးခက်တို့ဖြင့် ရိုက်နှက်ကာ ဆားဆပ်ပြာတို့ဖြင့် ပက်ဖြူးကြကုန်၏၊ တံခါးတိုင်၌ တံခါးကျဉ်လျှို၍ လှည့်သကဲ့သို့ ကိုယ်ကို သံတံကျင်လျှို၍ လှည့်စေကုန်၏၊ အရိုးအားလုံးကို မှုန့်မှုန့်ညက်ညက် ကျေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ပြုလုပ်ကုန်၏၊ အရှင်လတ်လတ် သံဘံကျင်လျှိုကြကုန်၏၊သန်လျက်ဖြင့်လည်း ဦးခေါင်းကို ဖြတ်ကြကုန်၏။ ထိုသူတို့သည် ထိုနေရာ၌ သေခြင်းသို့လည်း ရောက်ကြကုန်၏၊ သေလောက်သော ဆင်းရဲဒုက္ခသို့လည်း ရောက်ကြကုန်၏။ မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင် တည်ရာ ကာမကြောင့်သာလျှင် ဖြစ်သည့် မျက်မှောက်ဆင်းရဲအစုဖြစ်သော ကာမတို့၏ အပြစ်ပေတည်း။

မဟာနာမ် တဖန် ထို့ပြင်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမတည်ရာ ကာမကြောင့်သာလျှင် ကိုယ် နှုတ် စိတ်တို့ဖြင့် မကောင်းသောအကျင့် 'ကာယ ဝစီ မနောဒုစရိုက်'ကို ပြုကျင့်ပြီးလျှင် ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေ ပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသူတို့လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကြကုန်၏။မဟာနာမ် ဤသည်လည်း ကာမအထောက်အပံ့ ကာမအရင်းခံ ကာမလျှင်တည်ရာ ကာမတို့ကြောင့်သာလျှင် ဖြစ်သည့် တမလွန်ဆင်းရဲအစုဖြစ်သော ကာမတရားတို့၏ အပြစ်ပေတည်း။

၁၇၉။ မဟာနာမ် ငါသည် အခါတပါး၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေ၏။ ထိုအခါ များစွာသောနိဂဏ္ဌတို့သည် ဣသိဂိလိတောင်နံဘေး ကျောက်ဖျာနက်ပေါ်၌ ထိုင်နေခြင်းကို ပယ်ကြကုန်လျက် မတ်မတ်ရပ်တည်နေကြကုန်၏၊ အားထုတ်မှုကြောင့်ဖြစ်သော ထက်မျက်ကြမ်းတမ်းစပ်ရှားသော ဆင်းရဲဝေဒနာတို့ကို ခံစားကြကုန်၏။ မဟာနာမ် ထိုအခါ ငါသည် ညနေချမ်းအချိန်၌ ကိန်းအောင်းရာမှထလျက် ဣသိဂိလိတောင်နံဘေး ကျောက်ဖျာနက်ပေါ်ရှိ ထိုနိဂဏ္ဌတို့အထံသို့ ချဉ်းကပ်ပြီးသော် "ငါ့သျှင်နိဂဏ္ဌတို့ အဘယ့်ကြောင့် သင်တို့သည် ထိုင်နေခြင်းကိုပယ်၍ မတ်မတ်ရပ်တည်နေကြလျက် အားထုတ်ခြင်းကြောင့် ဖြစ်သော ထက်မျက်ကြမ်းတမ်းစပ်ရှားသော ဒုက္ခဝေဒနာတို့ကို ခံစားကြကုန်သနည်း"ဟု ပြောဆို၏။ မဟာနာမ် ဤသို့ပြောဆိုသော် ထိုနိဂဏ္ဌတို့က ငါ့အား "ငါ့သျှင် နာဋ၏သား နိဂဏ္ဌသည်အလုံးစုံကို သိ၏၊ အလုံးစုံကို မြင်၏၊သွားနေစဉ် ရပ်နေစဉ် အိပ်နေစဉ် နိုးနေစဉ် ဉာဏ်အမြင်သည် ငါ့အား အမြဲ မပြတ်ရှေးရှုထင်၏ဟု ဉာဏ်အမြင်အကြောင်းကို အကြွင်းမဲ့ဝန်ခံ၏။ ထိုနာဋ၏သား နိဂဏ္ဌသည် 'အိုနိဂဏ္ဌတို့ ရှေး၌ပြုထားသော မကောင်းမှုကံသည် ရှိသည်သာတည်း၊ ထိုမကောင်းမှုကံကို ဤစပ်ရှားလှသည့် ပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းဖြင့် ချေဖျက်ကြကုန်လော့၊ ယခုဘဝ၌ ကိုယ်ဖြင့်စောင့်စည်းခြင်း နှုတ်ဖြင့်စောင့်စည်းခြင်း စိတ်ဖြင့်စောင့်စည်းခြင်းသည်ပင် နောင်ဘဝ၌ မကောင်းမှုကံကို မပြုခြင်းဖြစ်၏၊ဤသို့လျှင် ကံဟောင်းတို့ကို အကျင့်ဖြင့်ဖျက်ဆီးခြင်း ကံသစ်တို့ကို မပြုခြင်းကြောင့် နောင်ဘဝ၌ မတိုးပွါးခြင်း ဖြစ်၏၊ နောင်ဘဝ၌ မတိုးပွါးခြင်းကြောင့် ကံကုန်၏ ကံကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခကုန်၏၊ဆင်းရဲဒုက္ခကုန်ခြင်းကြောင့် ခံစားခြင်းဝေဒနာကုန်၏၊ ဝေဒနာကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခ အားလုံးသည် ပျက်ပြုန်း လတ္တံ့'ဟု ဆို၏။ ထိုစကားကို ငါတို့သည် ကျေနပ်လည်း ကျေနပ်ကုန်၏၊ နှစ်သက်လည်း နှစ်သက်ကြကုန်၏၊ ထိုစကားဖြင့်လည်း ဝမ်းမြောက်ကြကုန်၏"ဟု ငါ့အား ပြောဆိုကြကုန်၏။

၁၇၀။ မဟာနာမ် ဤသို့ပြောဆိုသော် ငါသည် ထိုနိဂဏ္ဌတို့အား — "ငါ့သျှင် နိဂဏ္ဌတို့ 'ငါတို့သည် ရှေးကဖြစ်ဘူးကြကုန်သည်သာ၊မဖြစ်ဘူးကြကုန်သည် မဟုတ်'ဟု သင်တို့သိကြကုန်သလော"ဟု မေးမြန်းခဲ့၏။ ငါ့သျှင် မသိကြပါဟု(ဆိုကြကုန်၏)။ "ငါ့သျှင် နိဂဏ္ဌတို့ 'ငါတို့သည် ရှေးက မကောင်းမှုကံကို ပြုခဲ့ဘူးသည်သာ၊ မပြုခဲ့ကြဘူးသည် မဟုတ်'ဟု သင်တို့ သိကြကုန်သလော"ဟု (မေးမြန်းခဲ့၏)။ ငါ့သျှင် မသိကြပါဟု(ဆိုကြကုန်၏)။ "ငါ့သျှင် နိဂဏ္ဌတို့ 'ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ'ဟု သင်တို့ သိကြကုန်သလော"ဟု (မေးမြန်းခဲ့၏)။ ငါ့သျှင် မသိကြပါဟု(ဆိုကြကုန်၏)။ "ငါ့သျှင် နိဂဏ္ဌတို့ 'ဤမျှသော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ၊ ဤမျှသော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ ဤမျှသော ဆင်းရဲဒုက္ခ ကျေပျက်သော် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့'ဟု သင်တို့ သိကြကုန်သလော"ဟု (မေးမြန်းခဲ့၏)။ ငါ့သျှင် မသိကြပါဟု(ဆိုကြကုန်၏)။ "ငါ့သျှင် နိဂဏ္ဌတို့ မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပယ်ခြင်းကို ကုသိုလ်တရားတို့၏ပြည့်စုံခြင်းကို သင်တို့သိကြကုန်သလော"ဟု(မေးမြန်းခဲ့၏)။ ငါ့သျှင် မသိကြပါဟု(ဆိုကြကုန်၏)။

"ငါ့သျှင် နိဂဏ္ဌတို့ 'ဤသို့လျှင် ငါတို့သည် ရှေးကဖြစ်ခဲ့ကြဘူးသည်သာ၊ မဖြစ်ခဲ့ကြဘူးသည် မဟုတ်'ဟု သင်တို့ မသိကြကုန်။ငါတို့သည် 'ရှေးက မကောင်းမှုကံကို ပြုခဲ့ကြဘူးသည်သာ၊ မပြုခဲ့ကြဘူးသည် မဟုတ်ကုန်'ဟု မသိကြကုန်။'ဤသို့ ဤသို့သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီ'ဟု မသိကြကုန်။ 'ဤမျှသော ဆင်းရဲဒုက္ခကား ကျေပျက်ပြီးပြီ ဤမျှသော ဆင်းရဲဒုက္ခကို ချေဖျက်ရဦးမည်၊ဤမျှသော ဆင်းရဲဒုက္ခ ကျေပျက်သော် ဆင်းရဲဒုက္ခအလုံးစုံသည် ကျေပျက်လတ္တံ့'ဟု မသိကြကုန်။မျက်မှောက်ဘဝ၌ပင် အကုသိုလ်တရားတို့၏ ပယ်ခြင်း ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကို မသိကြကုန်။ငါ့သျှင်နိဂဏ္ဌတို့ ဤသို့ဖြစ်သော် လောက၌ ကြမ်းတမ်းသူ သွေးစွန်းသောလက်ရှိသူ ကြမ်းကြုတ်သောအမှု ရှိသူတို့သည် လူဖြစ်လာကုန်လျက် နိဂဏ္ဌတို့၌ ရှင်ရဟန်း ပြုကြလေကုန်ယောင်တကား"ဟု(မေးတော်မူ၏)။

ငါ့သျှင်ဂေါတမ ချမ်းသာ'သုခ'ဖြင့် ချမ်းသာသုခကို မရနိုင်၊ဆင်းရဲ'ဒုက္ခ'ဖြင့်သာ ချမ်းသာ 'သုခ'ကို ရနိုင်၏။ငါ့သျှင်ဂေါတမ သုခဖြင့် သုခကို ရနိုင်ငြားအံ့၊မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သုခကို ရရာ၏၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာနေရာ၏ဟု(ဆိုကြကုန်၏)။

"အသျှင်နိဂဏ္ဌတို့သည်'ငါ့သျှင်ဂေါတမသုခဖြင့် သုခကို မရနိုင်၊ ဒုက္ခဖြင့်သာ သုခကို ရနိုင်၏။ ငါ့သျှင်ဂေါတမ သုခဖြင့် သုခကို ရနိုင်ငြားအံ့၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် သုခကို ရရာ၏၊မဂဓတိုင်းကိုအစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာ နေရ၏'ဟု တဘက်သတ်အားဖြင့် အဆောတလျင် မဆင်ခြင်ပဲ စကားကို ပြောဆိုမိကြ၏။စင်စစ်ကား ဤအရာ၌ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းနှင့် အသျှင်ဂေါတမတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာနေရသနည်း"ဟု ငါ့ကိုသာလျှင် ပြန်၍ မေးသင့်ပေ၏ ဟု (မိန့်တော်မူ၏)။

"ငါ့သျှင်ဂေါတမ ငါတို့သည် သုခဖြင့် သုခကို မရနိုင်၊ဒုက္ခဖြင့် သုခကို ရနိုင်၏၊ငါ့သျှင်ဂေါတမ သုခဖြင့် သုခကို ရနိုင်ငြားအံ့၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည်

http://www.dhammadownload.com



သုခကို ရရာ၏၊မဂဓတိုင်းကိုအစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် အသျှင်ဂေါတမထက် သာလွန်၍ ချမ်းချမ်းသာသာ နေရရာ၏”ဟု တဘက်သတ်အားဖြင့် အဆောတလျှင် မဆင်ခြင်ပဲ စကားကို ပြောဆိုမိကြ၏။ စင်စစ်မူ ဤစကားသည် တည်ရှိစေဦး။ ယခုပင် ငါတို့သည် “မဂဓတိုင်းကိုအစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းနှင့် အသျှင်ဂေါတမတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်း”ဟု အသျှင်ဂေါတမအား မေးမြန်းကြပါကုန်၏ဟု(ဆိုကြကုန်၏)။

“ငါ့သျှင်နိဂဏ္ဌတို့ သို့ဖြစ်လျှင် ထိုအရာ၌ သင်တို့ကိုသာလျှင် ပြန်မေးအံ့၊ သင်တို့သဘောကျသည့်အတိုင်းဖြေကြားကြကုန်လော့။ ငါ့သျှင်နိဂဏ္ဌတို့ အဘယ်သို့ထင်မှတ်ကြကုန်သနည်း၊ မဂဓတိုင်းကို အစိုးရသောသေနိယမည်သော ဗိမ္ဗိသာရမင်းသည် ကိုယ်ကို မလှုပ်ရှားပဲ စကားမပြောဆိုပဲ ခုနစ်ရက်တို့ပတ်လုံး ချမ်းသာ သက်သက်ချည်း ခံစားလျက် နေရန်စွမ်းနိုင်အံ့လော” ဟု (မေးတော်မူ၏)။ ငါ့သျှင် မစွမ်းနိုင်ပါ ဟု(ဆိုကြကုန်၏)။

“ငါ့သျှင် နိဂဏ္ဌတို့ အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ မဂဓတိုင်းကို အစိုးရသော သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ကိုယ်ကိုမလှုပ်ရှားပဲ စကားမပြောဆိုပဲ ခြောက်ရက်တို့ ပတ်လုံး။ပ။ ငါးရက်တို့ပတ်လုံး။ လေးရက်တို့ ပတ်လုံး။ သုံးရက်တို့ပတ်လုံး။ နှစ်ရက်တို့ပတ်လုံး။ တရက်ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက် နေရန် စွမ်းနိုင်အံ့လော” ဟု(မေးတော်မူ၏)။ ငါ့သျှင် မစွမ်းနိုင်ပါဟု(ဆိုကြကုန်၏)။

“ငါ့သျှင် နိဂဏ္ဌတို့ ငါသည် ကိုယ်ကိုမလှုပ်ရှားပဲ စကားမပြောဆိုပဲ တရက်ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက် နေရန်စွမ်းနိုင်၏။ ငါ့သျှင် နိဂဏ္ဌတို့ ငါသည် ကိုယ်ကို မလှုပ်ရှားပဲ စကားမပြောဆိုပဲ နှစ်ရက်တို့ပတ်လုံး။သုံးရက်တို့ပတ်လုံး။လေးရက်တို့ပတ်လုံး။ငါးရက်တို့ပတ်လုံး။ ခြောက်ရက်တို့ပတ်လုံး။ခုနစ်ရက်တို့ပတ်လုံး ချမ်းသာသက်သက်ချည်း ခံစားလျက်နေရန် စွမ်းနိုင်၏။ငါ့သျှင် နိဂဏ္ဌတို့ အဘယ်သို့ထင်မှတ်ကြကုန်သနည်း၊ဤသို့ဖြစ်သော် မဂဓတိုင်းကို အစိုးရသော သေနိယ မည်သောဗိမ္ဗိသာရမင်းနှင့် ငါတို့တွင် အဘယ်သူသည် သာလွန်၍ ချမ်းချမ်းသာသာ နေရသနည်း ဟု(မေးတော်မူ၏)။

ဤသို့ဖြစ်သော် မဂဓတိုင်းကို အစိုးရသော သေနိယ မည်သော ဗိမ္ဗိသာရမင်းထက် အသျှင်ဂေါတမကသာ သာလွန်၍ ချမ်းချမ်းသာသာ နေရပါ၏ဟု (ဆိုကြကုန်၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ သာကီဝင်မင်းသား မဟာနာမ်သည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

လေးခုမြောက် စူဠဒုက္ခက္ခန္ဓသုတ် ပြီး၏။

---

## ၅-အနုမာနသုတ်

၁၈၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်မဟာမောဂ္ဂလာန်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာမည်သော မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုသို့နေတော်မူစဉ် အသျှင်မဟာမောဂ္ဂလာန်သည် ရဟန်းတို့ကို “ငါ့သျှင် ရဟန်းတို့” ဟု ခေါ်တော်

http://www.dhammadownload.com



မူ၏။ "ငါ့သျှင်" ဟု ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်ကြား လျှောက်ထား ကြကုန်၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဤသို့ မိန့်ဆိုတော်မူ၏။

"ငါ့သျှင်တို့ အသျှင်တို့သည် တပည့်တော်ကို ပြောဆို (ဆုံးမ) ကြပါကုန်၊ တပည့်တော်သည် အသျှင်တို့ ပြောဆိုထိုက်သူဖြစ်ပါ၏"ဟု အကယ်၍ ရဟန်းတပါးက ဖိတ်ကြားစေကာမူ ထိုရဟန်းသည် အပြောအဆိုခက်သူ အပြောအဆို ခက်ကြောင်း တရားတို့နှင့် ပြည့်စုံသူ သည်းခံခြင်းမရှိသူ အဆုံးအမကို ရိုသေစွာနာယူလေ့မရှိသူ ဖြစ်ခဲ့သော် ထိုရဟန်းကို သီတင်းသုံးဖော်တို့က ပြောဆိုထိုက်သည်ဟုလည်း မထင်မှတ်ကြကုန်၊ ဆုံးမထိုက်သည်ဟုလည်း မထင်မှတ်ကြကုန်၊ ထိုပုဂ္ဂိုလ်၌ အကျွမ်းဝင်ခြင်းသို့ ရောက်ထိုက်သည်ဟုလည်း မထင်မှတ်ကြကုန်။

ငါ့သျှင်တို့ အပြောအဆို ခက်ကြောင်း တရားတို့ဟူသည် အဘယ်တို့နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အလိုဆိုးရှိ၏၊ အလိုဆိုးတို့၏ အလိုသို့ လိုက်တတ်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤ အလိုဆိုးရှိခြင်း အလိုဆိုးတို့၏ အလိုသို့လိုက်ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မိမိကိုယ်ကို မြှင့်တင်တတ်၏၊ သူတပါးကို ရှုတ်ချတတ်၏။ငါ့သျှင်တို့ ရဟန်း၏ ဤမိမိကိုယ်ကို မြှင့်တင်ခြင်း သူတပါးကို ရှုတ်ချခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အမျက် ထွက်တတ်၏။ အမျက်သွမ်းမိုး ခံရ၏။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက် လွှမ်းမိုးခံရခြင်း သဘောသည်လည်း အပြောအဆို ခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးဖွဲ့တတ်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးဖွဲ့ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲကြီး၏။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲကြီးခြင်းသဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်ထွက်တတ်၏၊ အမျက်နှင့် နီးစပ်သော စကားကို မြွက်ဆိုတတ်၏။ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်ထွက်ခြင်း အမျက်နှင့်နီးစပ်သော စကားကို မြွက်ဆိုခြင်းသဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒက က စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြု၏။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒက က စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြုခြင်းသဘောသည်လည်း အပြောအဆို ခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒက က စောဒနာသော် စောဒကကို ကြိမ်းမောင်း၏။ငါ့သျှင်တို့ ရဟန်း၏ ဤစောဒက က စောဒနာသော် စောဒကကို ကြိမ်းမောင်းခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာသော် စောဒကကို(အပြစ်) ပြန်တင်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စောဒကကို(အပြစ်)ပြန်တင်ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒက က စောဒနာသော် စောဒကကို စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်း၏၊စကားကို အပသို့ လွှဲဖယ်၏၊အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြု၏။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒက က စောဒနာသော် စောဒကကို စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်းခြင်း စကားကိုအပသို့လွှဲဖယ်ခြင်း အမျက် ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြုခြင်း သဘောသည်လည်း အပြော အဆို ခက်ကြောင်း တည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒက က စောဒနာသော် စောဒကအား ဖြစ်စဉ်အတ္တုပ္ပတ္တိကို ပြေလည်အောင် မဖြေဆိုနိုင်။ငါ့သျှင်တို့ ရဟန်း၏ ဤစောဒက က စောဒနာသော် စောဒကကို (မိမိ၏) ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် မဖြေဆိုနိုင်ခြင်းသဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏။ ဂုဏ်ပြိုင် တတ်၏။ငါ့သျှင်တို့ ရဟန်း၏ ဤဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း ဂုဏ်ပြိုင်ခြင်းသဘောသည်လည်း အပြော အဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မနာလိုတတ် ဝန်တိုတတ်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤမနာလိုခြင်း ဝန်တိုခြင်းသဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စဉ်းလဲတတ်၏၊ လှည့်ပတ်တတ်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤစဉ်းလဲခြင်း လှည့်ပတ်ခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခက်ထန်၏၊ အလွန်မောက်မာ၏။ ငါ့သျှင်တို့ ရဟန်း၏ ဤခက်ထန်ခြင်း အလွန်မောက်မာခြင်းသဘောသည်လည်း အပြောအဆိုခက်ကြောင်း တည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မိမိအယူကို စွဲလန်းတတ်၏၊ မြဲမြံစွာယူတတ် ၏၊ စွန့်နိုင်ခဲ၏။ ငါ့သျှင်တို့ ရဟန်း၏ ဤမိမိအယူကို စွဲလန်းခြင်း မြဲမြံစွာ ယူခြင်း စွန့်နိုင်ခဲခြင်း သဘောသည်လည်း အပြောအဆိုခက်ကြောင်းတည်း။ ငါ့သျှင်တို့ ဤသဘောတို့ကို အပြောအဆို ခက်ကြောင်းတို့ ဟူ၍ ဆိုရ၏။

၁၈၂။ ငါ့သျှင်တို့ "အသျှင်တို့သည် တပည့်တော်ကို ပြောဆို(ဆုံးမ)ကြပါကုန်၊ တပည့်တော်သည် အသျှင်တို့ ပြောဆိုထိုက်သူ ဖြစ်ပါ၏"ဟု အကယ်၍ ရဟန်းတပါးက မပိတ်ကြား စေကာမူ ထိုရဟန်းသည် အပြောအဆိုလွယ်သူ အပြောအဆိုလွယ်ကြောင်း သဘောတို့နှင့် ပြည့်စုံ သူ သည်းခံသူ အဆုံးအမကို ရိုသေစွာ နာယူသူ ဖြစ်ခဲ့သော် ထိုရဟန်းကို သီတင်းသုံးဖော် တို့က ပြောဆိုထိုက်သည်ဟုလည်း ထင်မှတ်ကြကုန်၏၊ ဆုံးမထိုက်သည်ဟုလည်း ထင်မှတ်ကြ ကုန်၏၊ ထိုပုဂ္ဂိုလ်၌ အကျွမ်းဝင်ခြင်းသို့ ရောက်ထိုက်သည်ဟုလည်း ထင်မှတ်ကြကုန်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ အပြောအဆိုလွယ်ကြောင်း တရားတို့ဟူသည် အဘယ်တို့နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် အလိုဆိုးမရှိ၊ အလိုဆိုးတို့၏ အလိုသို့မလိုက်။ ငါ့သျှင်တို့ ရဟန်း၏ ဤအလိုဆိုးမရှိခြင်း အလိုဆိုးတို့၏ အလိုသို့ မလိုက်ခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းပေတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မရှုတ်ချ။ ငါ့သျှင်တို့ ရဟန်း၏ ဤမိမိကိုယ်ကို မမြှင့်တင်ခြင်း သူတပါးကို မရှုတ်ချခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်မထွက်တတ်၊အမျက်အလွှမ်းမိုးမခံရ။ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်မထွက်ခြင်း အမျက်အလွှမ်းမိုးမခံရခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်မထွက်တတ်၊ အမျက်ထွက်ခြင်းအကြောင်းကြောင့် ရန်ငြိုးမဖွဲ့တတ်။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်မထွက်ခြင်းအကြောင်းကြောင့် ရန်ငြိုးမဖွဲ့ခြင်းသဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်မထွက်တတ်၊ အမျက်ထွက်ခြင်းအကြောင်းကြောင့် အစွဲမကြီး။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်မထွက်ခြင်း အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲမကြီးခြင်းသဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အမျက်မထွက်တတ်၊ အမျက်နှင့် စပ်လျဉ်းသော စကားကို မမြွက်ဆိုတတ်။ ငါ့သျှင်တို့ ရဟန်း၏ ဤအမျက်မထွက်ခြင်း အမျက်နှင့်စပ်လျဉ်းသော စကားကို မမြွက်ဆိုခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာအပ်သော် စောဒကကို ဆန့်ကျင်ဘက်မပြု။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်မပြုခြင်းသဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာသော် စောဒကကို မကြိမ်းမောင်း။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စောဒကကို မကြိမ်းမောင်းခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာသော် စောဒကကို (အပြစ်)ပြန်မတင်။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စောဒကကို(အပြစ်) ပြန်မတင်ခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို မဖုံးလွှမ်း၊ စကားကို အပသို့ မလွှဲဖယ်၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားမပြု။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စောဒကကို စကားတမျိုးဖြင့် စကားတမျိုးကို မဖုံးလွှမ်းခြင်း စကားကို အပသို့လွှဲဖယ်ခြင်း အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားမပြုခြင်း သဘောသည်လည်း အပြောအဆို လွယ်ကြောင်းတည်း။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် စောဒကက စောဒနာသော် မိမိ၏ ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် ဖြေဆိုနိုင်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤစောဒကက စောဒနာသော် စော်ဒကကို မိမိ၏ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် ဖြေဆိုနိုင်ခြင်းသဘောသည်လည်း အပြော အဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဂုဏ်ကျေးဇူးကို မချေဖျက်တတ်၊ ဂုဏ်မပြိုင်တတ်။ ငါ့သျှင်တို့ ရဟန်း၏ ဤဂုဏ်ကျေးဇူးကို မချေဖျက်ခြင်း ဂုဏ်မပြိုင်ခြင်းသဘောသည်လည်း အပြောအဆို လွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် နာလို၏၊ ဝန်မတိုတတ်။ ငါ့သျှင်တို့ ရဟန်း၏ ဤနာလိုခြင်း ဝန်မတိုခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဟန်မဆောင်တတ်၊ မလှည့်ပတ်တတ်။ ငါ့သျှင်တို့ ရဟန်း၏ ဤဟန်မဆောင်ခြင်း မလှည့်ပတ်ခြင်း သဘောသည်လည်း အပြောအဆို လွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မခက်ထန်၊ အလွန်မမောက်မာ။ ငါ့သျှင်တို့ ရဟန်း၏ ဤမခက်ထန်ခြင်း အလွန်မမောက်မာခြင်း သဘောသည်လည်း အပြောအဆို လွယ်ကြောင်းတည်း။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် မိမိအယူကို မစွဲလန်းတတ်၊ မြဲမြံစွာမယူ၊ စွန့်လွှတ်နိုင်၏။ ငါ့သျှင်တို့ ရဟန်း၏ ဤမိမိအယူကို မစွဲလန်းခြင်း မြဲမြံစွာမယူခြင်း စွန့်လွှတ်နိုင်ခြင်း သဘောသည်လည်း အပြောအဆိုလွယ်ကြောင်းတည်း။ ငါ့သျှင်တို့ ဤသဘောတို့ကို အပြောအဆို လွယ်ကြောင်း သဘောတို့ဟူ၍ ဆိုရ၏။

၁၈၃။ ငါ့သျှင်တို့ ထိုသဘောတို့၌ ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို ဤသို့နှိုင်းယှဉ်ရမည်။

"အလိုဆိုးရှိသော အလိုဆိုးတို့၏ အလိုသို့ လိုက်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း အလိုဆိုးရှိငြားအံ့၊ အလိုဆိုးတို့၏ အလိုသို့ လိုက်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့သိသော ရဟန်းသည် "ငါသည် အလိုဆိုး ရှိသူမဖြစ်အံ့၊ အလိုဆိုးတို့၏ အလိုသို့ လိုက်သူမဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

"မိမိကိုယ်ကို မြှင့်တင်တတ်သော သူတပါးကို ရှုတ်ချတတ်သောပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း မိမိကိုယ်ကိုမြှင့်တင်ငြားအံ့၊ သူတပါးကို ရှုတ်ချငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့သိသော ရဟန်းသည် "ငါသည် မိမိကိုယ်ကို မြှင့်တင်တတ်သူ မဖြစ်အံ့၊ သူတပါးကို ရှုတ်ချတတ်သူမဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

"အမျက်ထွက်တတ်သော အမျက်အလွှမ်းမိုးခံရသောပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း အမျက်ထွက်ငြားအံ့၊ အမျက်အလွှမ်းမိုး ခံရငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့သိသော ရဟန်းသည် "ငါသည် အမျက်ထွက်သူ မဖြစ်အံ့၊ အမျက်လွှမ်းမိုးခံရသူ မဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

http://www.dhammadownload.com



"အမျက်ထွက်တတ်သော အမျက်ထွက်ခြင်းအကြောင်းကြောင့် ရန်ငြိုးဖွဲ့တတ်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း အမျက်ထွက်ငြားအံ့၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးဖွဲ့ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် အမျက်ထွက်သူ မဖြစ်အံ့၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးဖွဲ့သူ မဖြစ်အံ့"ဟု စိတ်ကိုဖြစ်စေရမည်။

"အမျက်ထွက်တတ်သော အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲကြီးသောပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း အမျက်ထွက်ငြားအံ့၊ အမျက်ထွက်ခြင်းအကြောင်းကြောင့် အစွဲကြီးငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်"ဟု(နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသောရဟန်းသည် "ငါသည် အမျက်ထွက်သူ မဖြစ်အံ့၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲကြီးသူ မဖြစ်အံ့"ဟု ဤသို့ စိတ်ကိုဖြစ်စေရမည်။

"အမျက်ထွက်တတ်သော အမျက်နှင့်စပ်လျဉ်းသော စကားကို မြွက်ဆိုတတ်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း အမျက်ထွက်ငြားအံ့၊ အမျက်နှင့်စပ်လျဉ်းသောစကားကို မြွက်ဆိုငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ဤသို့ သိသောရဟန်းသည်"ငါသည် အမျက်ထွက်သူမဖြစ်အံ့၊ အမျက်နှင့်စပ်လျဉ်းသောစကားကို မမြွက်ဆိုအံ့"ဟု ဤသို့ စိတ်ကိုဖြစ်စေရမည်။

"စောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြုသော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း စောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြုငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည်"ငါသည် စောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်မပြုအံ့"ဟု စိတ်ဖြစ်စေရမည်။

"စောဒကက စောဒနာသော် စောဒကကိုကြိမ်းမောင်းသော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း စောဒကက စောဒနာသော်စောဒကကို ကြိမ်းမောင်းအံ့၊ငါ့ကိုလည်းသူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု(နှိုင်းယှဉ်ရမည်)။ငါ့သျှင်တို့ ဤသို့ သိသောရဟန်းသည်"ငါသည် စောဒကက စောဒနာသော် စောဒကကို မကြိမ်းမောင်းအံ့"ဟု ဤသို့ စိတ်ကိုဖြစ်စေရမည်။

"စောဒကက စောဒနာသော် စောဒကကို(အပြစ်)ပြန်တင်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း စောဒကက စောဒနာသော် စောဒကကို အပြစ်ပြန်တင်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့သိသော ရဟန်းသည် "ငါသည် စောဒကက စောဒနာသော် စောဒကကို(အပြစ်)ပြန်မတင်အံ့"ဟု စိတ်ကိုဖြစ်စေရမည်။

"စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်းတတ်သော စကားကို အပသို့လွှဲဖယ်သော အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြုတတ်သော ဤပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်းငြားအံ့၊ စကားကို အပသို့လွှဲဖယ်ငြားအံ့၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြုငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို မဖုံးလွှမ်းအံ့၊စကားကို အပသို့မလွှဲဖယ်အံ့၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားမပြုအံ့"ဟု စိတ်ကို ဖြစ်စေရမည်။

http://www.dhammadownload.com



"စောဒကက စောဒနာသော် မိမိ၏ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် မဖြေဆိုနိုင်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း စောဒကက စောဒနာသော် မိမိ၏ ဖြစ်စဉ် အတ္တုပ္ပတ္တိတို့ကို ပြေလည်အောင် မဖြေဆိုနိုင်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်" ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် စောဒကက စောဒနာသော် မိမိ၏ ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် ဖြေဆိုအံ့"ဟု စိတ်ကို ဖြစ်စေရမည်။

"ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော ဂုဏ်ပြိုင်တတ်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း ဂုဏ်ကျေးဇူးကို ချေဖျက်ငြားအံ့၊ ဂုဏ်ပြိုင်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် ဂုဏ်ကျေးဇူးကို ချေဖျက်သူမဖြစ်အံ့၊ ဂုဏ်ပြိုင်သူမဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

"မနာလိုတတ်သော ဝန်တိုတတ်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း မနာလိုငြားအံ့၊ ဝန်တိုငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် နာလိုသူဖြစ်အံ့၊ ဝန်မတိုသူဖြစ်အံ့"ဟု စိတ်ကိုဖြစ်စေရမည်။

"ဟန်ဆောင်တတ်သော လှည့်ပတ်တတ်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း ဟန်ဆောင်ငြားအံ့၊ လှည့်ပတ်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်" ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် ဟန်မဆောင်သူ ဖြစ်အံ့၊ မလှည့်ပတ်သူ ဖြစ်အံ့"ဟု စိတ်ကိုဖြစ်စေရမည်။

"ခက်ထန်သော အလွန်မောက်မာသော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း ခက်ထန်ငြားအံ့၊ အလွန်မောက်မာငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည်မဟုတ်" ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် မခက်ထန်သူဖြစ်အံ့၊ အလွန်မမောက်မာသူ ဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

"မိမိအယူကို စွဲလမ်းတတ်သော မြဲမြံစွာယူတတ်သော မစွန့်လွှတ်နိုင်သော ပုဂ္ဂိုလ်ကို ငါမချစ်မနှစ်သက်၊ ငါလည်း မိမိအယူကို စွဲလမ်းငြားအံ့၊ မြဲမြံစွာ ယူငြားအံ့၊ မစွန့်လွှတ်နိုင်ငြားအံ့၊ ငါ့ကိုလည်း သူတပါးတို့ ချစ်နှစ်သက်မည် မဟုတ်"ဟု (နှိုင်းယှဉ်ရမည်)။ ငါ့သျှင်တို့ ဤသို့ သိသော ရဟန်းသည် "ငါသည် မိမိအယူကို မစွဲလမ်းသူ မြဲမြံစွာမယူသူ စွန့်လွှတ်နိုင်သူ ဖြစ်အံ့"ဟု စိတ်ကို ဖြစ်စေရမည်။

၁၈၄။ ငါ့သျှင်တို့ ထိုသဘောတို့၌ ရဟန်းသည် ကိုယ်ဘိုင်ပင် မိမိကိုယ်ကို"ငါသည် အလိုဆိုးရှိလေသလော၊ အလိုဆိုးတို့၏ အလိုသို့ လိုက်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် အလိုဆိုးရှိ၏၊အလိုဆိုးတို့၏ အလိုသို့လိုက်၏"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန်အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အလိုဆိုးမရှိ၊ အလိုဆိုးတို့၏ အလိုသို့ မလိုက်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကိုယ်ဘိုင်ပင်မိမိကိုယ်ကို "ငါသည် မိမိကိုယ်ကို မြှင့်တင်တတ်လေသလော၊ သူတပါးကို ရှုတ်ချတတ်လေသလော"ဟု ဆင်ခြင်ရမည်၊ ငါ့သျှင်တို့

http://www.dhammadownload.com



အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် မိမိကိုယ်ကို မြှင့်တင်တတ်၏၊ သူတပါးကို ရှုတ်ချတတ်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် မိမိကိုယ်ကို မမြှင့်တင်တတ်၊ သူတပါးကိုမရှုတ်ချတတ်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို "ငါသည်အမျက်ထွက်တတ်လေသလော၊ အမျက်အလွှမ်းမိုးခံရလေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် အမျက်ထွက်တတ်၏၊အမျက်အလွှမ်းမိုးခံရ၏"ဟုသိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သောအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်မထွက်တတ်၊ အမျက်အလွှမ်းမိုးမခံရ" ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရောညဉ့်ပါကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် အမျက်ထွက်တတ်လေသလော၊ အမျက်ထွက်ခြင်းအကြောင်းကြောင့် ရန်ငြိုးဖွဲ့တတ်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်ထွက်တတ်၏၊ အမျက်ထွက်ခြင်းအကြောင်းကြောင့် ရန်ငြိုးဖွဲ့တတ်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်မထွက်တတ်၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် ရန်ငြိုးမဖွဲ့တတ်"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် အမျက်ထွက်တတ်လေသလော၊ အမျက်ထွက်ခြင်း အကြောင်းကြောင့် အစွဲကြီးလေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်ထွက်တတ်၏၊အမျက်ထွက်ခြင်းအကြောင်းကြောင့် အစွဲကြီး၏"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်မထွက်တတ်၊ အမျက်ထွက်ခြင်းကြောင့် အစွဲမကြီး"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို "ငါသည် အမျက်ထွက်တတ်လေသလော၊အမျက်နှင့် စပ်လျဉ်းသောစကားကို မြွက်ဆိုတတ်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်ထွက်တတ်၏၊ အမျက်နှင့်စပ်လျဉ်းသော စကားကို မြွက်ဆိုတတ်၏"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် အမျက်မထွက်တတ်၊အမျက်နှင့်စပ်လျဉ်းသောစကားကို

http://www.dhammadownload.com



မဖြက်ဆိုတတ်"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဥ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင် မိမိကိုယ်ကို "ငါသည် စောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြုလေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စောဒကကို ဆန့်ကျင်ဘက်ပြု၏"ဟု ဤသို့သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စောဒနာကို ဆန့်ကျင်ဘက်မပြု"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဥ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် စောဒကက စောဒနာသော် စောဒကကို ကြိမ်းမောင်းလေသလော"ဟု ဆင်ခြင်ရမည်။ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် စောဒကက စောဒနာသော် စောဒကကို ကြိမ်းမောင်း၏"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စောဒကကို မကြိမ်းမောင်း"ဟု သိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဥ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် စောဒကက စောဒနာသော် စောဒကကို အပြစ်ပြန်တင်လေသလော"ဟု ဆင်ခြင်ရမည်။ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စောဒကကို အပြစ်ပြန်တင်၏" ဟုသိအံ့၊ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စောဒကကို အပြစ်ပြန်မတင်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဥ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင် မိမိကိုယ်ကို "ငါသည် စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်းလေသလော၊ စကားကို အပသို့ လွှဲဖယ်လေသလော၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြုလေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို ဖုံးလွှမ်း၏၊ စကားကို အပသို့ လွှဲဖယ်၏၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြု၏"ဟု ဤသို့ သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စောဒကက စောဒနာသော် စကားတမျိုးဖြင့် စကားတမျိုးကို မဖုံးလွှမ်း၊စကားကို အပသို့မလွှဲဖယ်၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားမပြု"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဥ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

http://www.dhammadownload.com



ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် စောဒကက စောဒနာသော် မိမိ၏ဖြစ်စဉ် အတ္တုပ္ပတ္တိကို ပြေလည်အောင် မဖြေဆိုနိုင်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် စောဒကက စောဒနာသော် မိမိ၏ဖြစ်စဉ်အတ္တုပ္ပတ္တိကို ပြေလည်အောင် မဖြေဆိုနိုင်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် စောဒကက စောဒနာသော် မိမိ၏ဖြစ်စဉ်အတ္တုပ္ပတ္တိကို ပြေလည်အောင်ဖြေဆိုနိုင်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် ဂုဏ်ကျေးဇူးကိုချေဖျက်တတ်လေသလော၊ ဂုဏ်ပြိုင်တတ်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် ဂုဏ်ကျေးဇူးကို ချေဖျက်တတ်၏၊ ဂုဏ်ပြိုင်တတ်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည်ဂုဏ်ကျေးဇူးကို မချေဖျက်တတ်၊ ဂုဏ်မပြိုင်တတ်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို "ငါသည် မနာလိုတတ်လေသလော၊ ဝန်တိုတတ်လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် မနာလိုတတ်၊ ဝန်တိုတတ်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော်"ငါသည် နာလိုတတ်၏၊ ဝန်မတိုတတ်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို"ငါသည် စဉ်းလဲတတ်လေသလော၊ လှည့်ပတ်တတ် လေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် စဉ်းလဲတတ်၏၊ လှည့်ပတ်တတ်၏"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။
ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် မစဉ်းလဲတတ်၊ မလှည့်ပတ်တတ်"ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင်ပင် မိမိကိုယ်ကို "ငါသည် ခက်ထန်လေသလော၊ အလွန်မောက်မာလေသလော"ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် ခက်ထန်၏၊ အလွန်မောက်မာ၏"ဟု ဤသို့ သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ထိုယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် မခက်ထန်၊ အလွန်မမောက်မာ"ဟု သိအံ့၊ ငါ့သျှင်တို့ ထို

http://www.dhammadownload.com



ရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့် သာလျှင် နေရမည်။

ငါ့သျှင်တို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကိုယ်တိုင် မိမိကိုယ်ကို "ငါသည် မိမိအယူကို စွဲလမ်းသလော၊ မြဲမြံစွာယူသလော၊ မစွန့်လွှတ်နိုင်သလော" ဟု ဆင်ခြင်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် မိမိအယူကို စွဲလမ်း၏၊ မြဲမြံစွာယူ၏၊ မစွန့်လွှတ်နိုင်" ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် "ငါသည် မိမိအယူကို မစွဲလမ်း၊ မြဲမြံစွာ မယူ၊ စွန့်လွှတ်နိုင်၏" ဟု သိအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ယုတ်ညံ့သော ထိုအကုသိုလ်တရားအားလုံးတို့ကိုပင် မပယ်ရသေးသည်ကို ကောင်းစွာတွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ဤအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ယုတ်ညံ့သော ဤအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ပြီးသည်ကို ကောင်းစွာတွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်။

ငါ့သျှင်တို့ ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှပြင်လေ့ရှိသော မိန်းမပျိုနှင့် ယောကျ်ားပျိုသည် သန့်ရှင်းဖြူစင်သောမှန် 'ကြေးမှု' ၌ဖြစ်စေ ကြည်လင်သောရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုလတ်သော် အကယ်၍ ထိုမျက်နှာ၌ မြူမှုန်အညစ်အကြေးတို့ကို တွေ့မြင်ငြားအံ့၊ ပယ်ရန် အားထုတ်၏။ အကယ်၍ ထိုမျက်နှာ၌ မြူမှုန် အညစ်အကြေးတို့ကို မတွေ့မြင်ငြားအံ့၊ "ငါ့အား အရတော်ပေစွ၊ စင်ကြယ်ပေစွ" ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ၏။

ငါ့သျှင်တို့ ဤဥပမာအတူပင် အကယ်၍ ရဟန်းသည် ဆင်ခြင်သော် မိမိ၌ယုတ်ညံ့သော အကုသိုလ်တရားအားလုံးတို့ကိုပင် မပယ်ရသေးသည်ကို ကောင်းစွာတွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ယုတ်ညံ့သော ဤအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ရန် အားထုတ်ရမည်။ ငါ့သျှင်တို့ အကယ်၍ရဟန်းသည် ဆင်ခြင်သော် မိမိ၌ ယုတ်ညံ့သော ဤအကုသိုလ်တရားအားလုံးတို့ကိုပင် ပယ်ပြီးသည်ကို ကောင်းစွာတွေ့မြင်ငြားအံ့၊ ငါ့သျှင်တို့ ထိုရဟန်းသည် ကုသိုလ်တရားတို့၌ နေ့ရော ညဉ့်ပါ ကျင့်လျက် ထိုနှစ်သက် ဝမ်းမြောက်ခြင်းဖြင့်သာလျှင် နေရမည်ဟု (မိန့်ဆိုတော်မူ၏)။

အသျှင်မဟာမောဂ္ဂလာန်သည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် အသျှင်မဟာမောဂ္ဂလာန်ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာခံယူကြလေကုန်သတည်း။

ငါးခုမြောက် အနုမာနသုတ် ပြီး၏။

http://www.dhammadownload.com



## ၆-စေတောခိလသုတ်

၁၇၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤ (သုတ်)တရားကို ဟောကြားတော်မူ၏။

ရဟန်းတို့ စိတ်၏ဆူးငြောင့်ခလုတ် ငါးမျိုးတို့ကို မပယ်ရသေးသော စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရသေးသော မည်သည့်ရဟန်းမဆို ဤသာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ရာသောအကြောင်းသည် မရှိပေ။

ထိုရဟန်း မပယ်ရသေးသော စိတ်၏ ဆူးငြောင့်ခလုတ် ငါးမျိုးတို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ ရဟန်းတို့ မြတ်စွာဘုရား၌ ယုံမှားသော တွေးတောသော မဆုံးဖြတ်နိုင်သော မရှင်းလင်းသော ရဟန်း၏စိတ်သည် စၢျအားထုတ်ခြင်း အကြိမ်ကြိမ် အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မပယ်ရသေးသော ရှေးဦးစွာသော စိတ်၏ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် တရား၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ပ။ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းမပယ်ရသေးသော နှစ်ခုမြောက်သော စိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သံဃာ၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ပ။ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း၏ မပယ်ရသေးသော သုံးခုမြောက်သောစိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အကျင့်သိက္ခာ၌ ယုံမှား၏၊ တွေးတော၏၊ မဆုံးဖြတ်နိုင်၊ စိတ်မရှင်းလင်း။ ရဟန်းတို့ အကျင့်သိက္ခာ၌ ယုံမှားသော တွေးတောသော မဆုံးဖြတ်နိုင်သော စိတ်မရှင်းလင်းသော ရဟန်း၏ စိတ်သည် စၢျအားထုတ်ခြင်း အကြိမ်ကြိမ် အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်း မပယ်ရသေးသော လေးခုမြောက်ဖြစ်သော စိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သီတင်းသုံးဖော်တို့၌ အမျက်ထွက်၏၊ မနှစ်သက်၊ စိတ်နာတတ်၏၊ ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်၏။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်ထွက်သော မနှစ်သက်သော စိတ်နာတတ်သော ဆူးငြောင့်ခလုတ်သဖွယ်ဖြစ်သော ရဟန်း၏စိတ်သည် စၢျအားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်း မပယ်ရသေးသော ငါးခုမြောက်ဖြစ်သော စိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။ ဤသည်တို့ကား ထိုရဟန်း မပယ်ရသေးသော စိတ်၏ဆူးငြောင့်ခလုတ် ငါးမျိုးတို့ပေတည်း။

http://www.dhammadownload.com



၁၈၆။ ထိုရဟန်း မဖြတ်ရသေးသော စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမ၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေး၊ အလိုဆန္ဒမကင်းသေး၊ ချစ်ခြင်းမကင်းသေး၊ မွတ်သိပ်ခြင်း မကင်းသေး၊ ပူလောင်ခြင်း မကင်းသေး၊ တပ်မက်ခြင်း 'တဏှာ' မကင်းသေး။ ရဟန်းတို့ ကာမ၌တပ်စွန်းခြင်း 'ရာဂ' မကင်းသေးသော အလိုဆန္ဒမကင်းသေးသော ချစ်ခြင်းမကင်းသေးသော မွတ်သိပ်ခြင်းမကင်းသေးသော ပူလောင်ခြင်း မကင်းသေးသော တပ်မက်ခြင်း 'တဏှာ' မကင်းသေးသော ရဟန်း၏ စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်းသည် မဖြတ်ရသေးသော ရှေးဦးစွာသော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် (မိမိ) ကိုယ်၌ တပ်စွန်းခြင်း 'ရာဂ' မကင်းသေး။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ်ရသေးသော နှစ်ခုမြောက် ဖြစ်သော စိတ်၏ အနှောင်အဖွဲ့ ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် (အပ) ရုပ်၌တပ်စွန်းခြင်း 'ရာဂ' မကင်းသေး။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ်ရသေးသော သုံးခုမြောက်ဖြစ်သောစိတ်၏အနှောင်အဖွဲ့ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ လျောင်းခြင်း ချမ်းသာ စောင်းခြင်းချမ်းသာ အိပ်ချင်းချမ်းသာကို အားထုတ်လျက် နေ၏။ ရဟန်းတို့ အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ လျောင်းခြင်းချမ်းသာ စောင်းခြင်းချမ်းသာ အိပ်ခြင်းချမ်းသာကို အားထုတ်နေသော ရဟန်း၏စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ ဖြစ်ခြင်းသည် ထိုရဟန်း မဖြတ်ရသေးသော လေးခုမြောက်ဖြစ်သော စိတ်၏အနှောင်အဖွဲ့ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် "ဤအကျင့်သီလဖြင့်သော်၎င်း ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤအားထုတ်မှုဖြင့်သော်၎င်း ဤမေထုန်မှ ကြဉ်ရှောင်ခြင်းဖြင့် သော်၎င်း ငါသည် နတ်သော်လည်း ဖြစ်ရအံ့၊ နတ်မျိုးတွင် အပါအဝင်သော်လည်း ဖြစ်ရအံ့"ဟု နတ်အမျိုးအစား တပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်၏။ ရဟန်းတို့ "ဤအကျင့်သီလဖြင့်သော်၎င်း ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤအားထုတ်မှု ဖြင့်သော်၎င်း ဤမေထုန်မှ ရှောင်ကြဉ်ခြင်းဖြင့်သော်၎င်း ငါသည် နတ်သော်လည်းဖြစ်ရအံ့၊ နတ်မျိုးတွင် အပါအဝင် သော်လည်းဖြစ်ရအံ့" ဟု နတ်အမျိုးအစား တပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သော ရဟန်း၏ စိတ်သည် စ၍ အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါ မညွတ်ပေ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းမဖြတ်ရသေးသော ငါးခုမြောက်သော စိတ်၏အနှောင်အဖွဲ့ဖြစ်၏။ ဤသည်တို့ကား ထိုရဟန်း မဖြတ်ရသေးသော စိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ပေတည်း။

ရဟန်းတို့ ဤစိတ်၏ဆူးငြောင့်ခလုတ် ငါးမျိုးတို့ကို မပယ်ရသေးသော ဤစိတ်၏ အနှောင်အဖွဲ့ ငါးမျိုးတို့ကို မဖြတ်ရသေးသော မည်သည့်ရဟန်းမဆို ဤသာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ရာသော အကြောင်း မရှိပေ။

http://www.dhammadownload.com



၁၇၇။ ရဟန်းတို့ စိတ်၏ ဆူးငြောင့်ခလုတ် ငါးမျိုးတို့ကို ပယ်ထားပြီးသော စိတ်၏အနှောင်အဖွဲ့ငါးမျိုးတို့ကို ဖြတ်ထားပြီးသော မည်သည့်ရဟန်းမဆို ဤသာသနာတော်၌ ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ရာသော အကြောင်းသည် ရှိ၏။

ထိုရဟန်းပယ်ထားပြီးသော စိတ်၏ဆူးငြောင့်ခလုတ် ငါးမျိုးတို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသာတော်၌ ရဟန်းသည် မြတ်စွာဘုရား၌ မယုံမှား၊ မတွေးတော၊ ဆုံးဖြတ်နိုင်၏၊ စိတ်ရှင်းလင်း၏။ ရဟန်းတို့ မြတ်စွာဘုရား၌ မယုံမှားသော၊ မတွေးတောသော၊ ဆုံးဖြတ်နိုင်သော ရှင်းလင်းသော ရဟန်း၏စိတ်သည် စၥ်အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါ ညွတ်၏။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ပယ်ထားပြီးသော ရှေးဦးစွာသော စိတ်၏ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် တရား၌မယုံမှား၊ မတွေးတော၊ ဆုံးဖြတ်နိုင်၏၊ စိတ်ရှင်းလင်း၏။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ပယ်ထားပြီးသော နှစ်ခုမြောက် ဖြစ်သော စိတ်၏ဆူးငြောင့်ခလုတ် ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် သံဃာ၌မယုံမှား၊ မတွေးတော၊ ဆုံးဖြတ်နိုင်၏၊ စိတ်ရှင်းလင်း၏။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ပယ်ထားပြီးသော သုံးခုမြောက်ဖြစ်သော စိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အကျင့်သိက္ခာ၌ မယုံမှား၊ မတွေးတော၊ ဆုံးဖြတ်နိုင်၏၊ စိတ်ရှင်းလင်း၏။ပ။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ပယ်ထားပြီးသော လေးခုမြောက် ဖြစ်သော စိတ်၏ဆူးငြောင့်ခလုတ်ဖြစ်၏။

ရဟန်းတို့ ထိုမှတပါးလည်း ရဟန်းသည် သီတင်းသုံးဖော်တို့၌ အမျက်မထွက်၊ နှစ်သက်၏၊ စိတ်မနာတတ်၊ ဆူးငြောင့်ခလုတ်သဖွယ်မဖြစ်။ ရဟန်းတို့ သီတင်းသုံးဖော်တို့၌ အမျက်မထွက်သော, နှစ်သက်သော, စိတ်မနာတတ်သော, ဆူးငြောင့်ခလုတ်သဖွယ် မဖြစ်သော ရဟန်း၏စိတ်သည် စၥ် အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါ ညွတ်၏။ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ပယ်ထားပြီးသော ငါးခုမြောက်ဖြစ်သောစိတ်၏ ဆူးငြောင့်ခလုတ်ဖြစ်၏။ ဤသည်တို့ကား ထိုရဟန်းပယ်ထားပြီးသော စိတ်၏ ဆူးငြောင့်ခလုတ် ငါးမျိုးတို့ပေတည်း။

၁၇၈။ ထိုရဟန်း ဖြတ်ထားပြီးသော စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမ၌တပ်စွန်းခြင်း 'ရာဂ' ကင်း၏၊ အလိုဆန္ဒကင်း၏၊ ချစ်ခြင်းကင်း၏၊ မွတ်သိပ်ခြင်းကင်း၏၊ ပူလောင်ခြင်းကင်း၏၊ တပ်မက်ခြင်း 'တဏှာ' ကင်း၏။ ရဟန်းတို့ ကာမ၌ တပ်စွန်းခြင်း 'ရာဂ' ကင်းသော, အလိုဆန္ဒကင်းသော, ချစ်ခြင်းကင်းသော, မွတ်သိပ်ခြင်းကင်းသော, ပူလောင်ခြင်းကင်းသော, တပ်မက်ခြင်း 'တဏှာ' ကင်းသော ရဟန်း၏ စိတ်သည် စၥ်အားထုတ်ခြင်း အကြိမ်ကြိမ် အားထုတ်ခြင်း မပြတ် အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါညွတ်၏။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ဖြတ်ထားပြီးသော ရှေးဦးစွာသော စိတ်၏ အနှောင်အဖွဲ့ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် (မိမိ)ကိုယ်၌ တပ်စွန်းခြင်း'ရာဂ'ကင်း၏။ပ။ ရုပ်၌ တပ်စွန်းခြင်း'ရာဂ'ကင်း၏။ပ။

အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အလျောင်းချမ်းသာ, အစောင်းချမ်းသာ, အအိပ်ချမ်းသာကို အားထုတ်လျက်မနေ။ ရဟန်းတို့ အလိုရှိတိုင်း ဝမ်းပြည့်အောင်စား၍ အလျောင်းချမ်းသာ,အစောင်းချမ်းသာ,အအိပ်ချမ်းသာကို အားထုတ်လျက်မနေသော ရဟန်း၏ စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ်အားထုတ်ခြင်း မပြတ်အားထုတ်ခြင်း လွန်စွာအားထုတ်ခြင်းငှါညွတ်၏။ ဤသို့ဖြစ်ခြင်းသည် ထိုရဟန်းဖြတ်ထားပြီးသော လေးခုမြောက် ဖြစ်သောစိတ်၏ အနှောင်အဖွဲ့ဖြစ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် "ဤအကျင့်သီလဖြင့်သော်၎င်း ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤအားထုတ်မှုဖြင့်သော်၎င်း ဤမေထုန်မှ ရှောင်ကြဉ်ခြင်းဖြင့်သော်၎င်း ငါသည် နတ်သော်လည်းဖြစ်ရအံ့၊ နတ်မျိုးတွင် အပါအဝင်သော်လည်း ဖြစ်ရအံ့"ဟု နတ်အမျိုးအစားတပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကို မကျင့်။ရဟန်းတို့ "ဤအကျင့်သီလဖြင့်သော်၎င်း ဤကျင့်ဝတ်ဖြင့်သော်၎င်း ဤအားထုတ်မှုဖြင့်သော်၎င်း ဤမေထုန်မှ ရှောင်ကြဉ်ခြင်းဖြင့်သော်၎င်း ငါသည် နတ်သော်လည်းဖြစ်ရအံ့၊ နတ်မျိုးတွင် အပါအဝင်သော်လည်း ဖြစ်ရအံ့"ဟု နတ်အမျိုးအစား တပါးပါးကို တောင့်တ၍ မြတ်သောအကျင့်ကို မကျင့်သော ရဟန်း၏စိတ်သည် စ၍အားထုတ်ခြင်း အကြိမ်ကြိမ် အားထုတ်ခြင်း မပြတ် အားထုတ်ခြင်း လွန်စွာ အားထုတ်ခြင်းငှါညွတ်၏။ဤသို့ဖြစ်ခြင်းသည် ထိုရဟန်း ဖြတ်ထားပြီးသော ငါးခုမြောက်ဖြစ်သော စိတ်၏အနှောင်အဖွဲ့ဖြစ်၏။ဤသည်တို့ကား ထိုရဟန်းဖြတ်ထားပြီးသော စိတ်၏အနှောင်အဖွဲ့ ငါးမျိုးတို့ပေတည်း။

ရဟန်းတို့ ဤစိတ်၏ ဆူးငြောင့်ခလုတ်ငါးမျိုးတို့ကို ပယ်ထားပြီးသော ဤစိတ်၏အနှောင်အဖွဲ့ငါးမျိုးတို့ကို ဖြတ်ထားပြီးသော ရဟန်းသည် ဤသာသနာတော်၌ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းသို့ ရောက်နိုင်ရာသော အကြောင်းသည် ရှိ၏။

၁၈၉။ ထိုရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သည့် သမာဓိပြဓာန်းသည့် ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ လုံ့လကိုမှီ၍ ဖြစ်သည့် သမာဓိပြဓာန်းသည့် ဝီရိယတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးများ၏။ စိတ်ကိုမှီ၍ဖြစ်သည့် သမာဓိပြဓာန်းသည့် ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးများ၏။ ဥာဏ်ကိုမှီ၍ ဖြစ်သည့် သမာဓိပြဓာန်းသည့် ဝီရိယတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ လွန်လွန်ကဲကဲ အားထုတ်ခြင်းလျှင် ငါးခုမြောက် အင်္ဂါ ရှိ၏။ ရဟန်းတို့ ဤသို့ လွန်လွန်ကဲကဲ အားထုတ်ခြင်းနှင့်တကွ အင်္ဂါတဆယ့်ငါးပါးနှင့် ပြည့်စုံသော ထိုရဟန်းသည် (မဂ်ဉာဏ်ဖြင့်) ကိလေသာကို ဖျက်ဆီးခြင်းငှါ ထိုက်၏၊ (သစ္စာလေးပါးကို) ကိုယ်တိုင်သိခြင်းငှါ ထိုက်၏၊ မြတ်သော ယောဂလေးပါးတို့၏ ကုန်ရာ(အရဟတ္တဖိုလ်)ကို ရခြင်းငှါ ထိုက်၏။ရဟန်းတို့ ဥပမာသော်ကား ကြက်မ၌ ရှစ်လုံးဖြစ်စေ ဆယ်လုံးဖြစ်စေ တဆယ့်နှစ်လုံးဖြစ်စေ ဥများရှိရာ၏၊ ထိုဥတို့ကို ကြက်မသည် ကောင်းစွာ ဝပ်အပ်ကုန်၏၊ ကောင်းစွာ ထက်ဝန်းကျင်မှ အငွေ့ပေးအပ်ကုန်၏၊ ကောင်းစွာ ထက်ဝန်းကျင်မှ ကြက်နံ့ကိုထုံစေအပ်ကုန်၏။ "ဤကြက်သားငယ်တို့သည် ခြေသည်းဖျား နှုတ်သီးဖျားဖြင့် ဥခွံကိုဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ပွါးလာကြကုန်မူ ကောင်းလေစွ"ဟု ထိုကြက်မမှာ ဤသို့သော အလိုမဖြစ်သော်လည်း ထိုကြက်သားငယ်တို့သည်ကား ခြေသည်းဖျား နှုတ်သီးဖျားဖြင့် ဥခွံကိုဖောက်ခွဲ၍ ချမ်းချမ်းသာသာ ပေါက်ပွါးလာရန်

http://www.dhammadownload.com



ထိုက်ကုန်သကဲ့သို့ ဤအတူပင် ဤသို့ လွန်လွန်ကဲကဲ အားထုတ်ခြင်းနှင့်တကွ တဆယ့်ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသော ရဟန်းသည်(မဂ်ဉာဏ်ဖြင့်) ကိလေသာကို ဖျက်ဆီးခြင်းငှါထိုက်၏၊ (သစ္စာလေးပါးကို)ကိုယ်တိုင်သိခြင်းငှါထိုက်၏၊မြတ်သော ယောဂလေးပါးတို့၏ကုန်ရာ(အရဟတ္တဖိုလ်)ကို ရခြင်းငှါထိုက်၏ ဟု (မိန့်တော်မူ၏။)

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားကိုနှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ခြောက်ခုမြောက် စေတောခိလသုတ် ပြီး၏။

## ၇-ဝနပတ္ထသုတ်

၁၉၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့ သင်တို့အား တောအုပ်တရား ဒေသနာကို ဟောကြားအံ့၊ ထိုတရားဒေသနာကို နာကြားကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့"ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤ(သုတ်)တရားကို ဟောကြားတော်မူ၏။

၁၉၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော တောအုပ်ကို မှီ၍နေ၏၊ ထိုတောအုပ်ကို မှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်း မရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်သေးသည့် မြတ်သောယောဂ၏ကုန်ရာ(အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးပစ္စည်းတို့သည်လည်း (ငြိုငြင်) ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည်ကား ဤတောအုပ်ကိုမှီ၍ နေ၏၊ ဤတောအုပ်ကိုမှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်း မရှိ၊ မကုန်ဘူးသေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်သေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်လည်း(ငြိုငြင်)ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏"ဟု ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ ထိုတောအုပ်မှ ဖဲခွါသင့်၏၊ မနေသင့်ပေ။

http://www.dhammadownload.com



၁၉၂။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော တောအုပ်ကို မှီ၍ နေ၏၊ ထိုတောအုပ်ကိုမှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်းမရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့ကား (ငြိုငြင်) ဆင်းရဲခြင်းမရှိပဲ ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည်ကား ဤတောအုပ်ကိုမှီ၍ နေ၏၊ ဤတောအုပ်ကိုမှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်း မရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ(အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့်ခံယူထိုက်သောအသက်၏ အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့ကား(ငြိုငြင်)ဆင်းရဲခြင်းမရှိပဲ ဖြစ်ပေါ်ကုန်၏။ ငါသည်ကား သင်္ကန်း ဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်၊ ဆွမ်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည် မဟုတ်၊ ကျောင်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည်မဟုတ်၊ သူနာ၏ အထောက်အပံ့ ဆေးပစ္စည်း ဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်။ စင်စစ်သော်ကား ဤတောအုပ်ကိုမှီ၍ နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရား တို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့ ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ" ဟု ဤသို့ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည်(ဤသို့)ဆင်ခြင်၍လည်း ထိုတောအုပ်မှ ဖဲခွါသင့်၏၊ မနေသင့်ပေ။

၁၉၃။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော တောအုပ်ကိုမှီ၍ နေ၏၊ ထိုတောအုပ်ကိုမှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါ တရားတို့သည်လည်း ကုန်ခြင်းသို့ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့်ခံယူထိုက်သော အသက်၏အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်ကား (ငြိုငြင်) ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည် ဤတောအုပ်ကိုမှီ၍နေ၏၊ ဤတောအုပ်ကို မှီ၍နေစဉ် ထိုငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်ကား (ငြိုငြင်) ဆင်းရဲသဖြင့်ဖြစ်ပေါ်ကုန်၏။ ငါသည်ကား သင်္ကန်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည်မဟုတ်၊ ဆွမ်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည်

http://www.dhammadownload.com



မဟုတ်၊ ကျောင်းဟူသောအကြောင်းကြောင့်။ပ။ကပ်ရောက်သည်မဟုတ်၊သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်။ စင်စစ်သော်ကား ဤတောအုပ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရား တို့သည်လည်း ကုန်ခြင်းသို့ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်၏”ဟု ဤသို့ ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် (ဤသို့) ဆင်ခြင်၍လည်း ထိုတောအုပ်၌ နေသင့်၏၊ မဖဲခွါသင့်ပေ။

၁၉၄။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း သည် တခုသော တောအုပ်ကိုမှီ၍ နေ၏၊ ထိုတောအုပ်ကို မှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရား တို့သည်လည်း ကုန်ခြင်းသို့ရောက်ကုန်၏၊မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ရဟန်းများ ခံယူသင့်ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဆေးပစ္စည်းတို့သည်လည်း(ငြိုငြင်) ဆင်းရဲခြင်း မရှိပဲဖြစ်ပေါ်ကုန်၏။ရဟန်းတို့ ထိုရဟန်းသည်“ငါသည်ကား ဤတောအုပ်ကိုမှီ၍နေ၏၊ ဤတော အုပ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့ သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရား တို့သည်လည်း ကုန်ခြင်းသို့ ရောက်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ရဟန်းများ ခံယူသင့်ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်လည်း (ငြိုငြင်) ဆင်းရဲခြင်း မရှိပဲ ဖြစ်ပေါ်ကုန်၏”ဟု ဤသို့ ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် အသက်ထက်ဆုံးလည်း ထိုတောအုပ်၌နေသင့်၏၊ မဖဲခွါသင့်ပေ။

၁၉၅။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တခုခုသော ရွာကိုမှီ၍ နေ၏။ပ။ တခုခုသော နိဂုံးကိုမှီ၍နေ၏။ပ။ တခုခုသောမြို့ကိုမှီ၍နေ၏။ပ။တခုခုသောဇနပုဒ်ကိုမှီ၍နေ၏။ပ။ တဦးဦးသောပုဂ္ဂိုလ်ကို မှီ၍နေ၏၊ ထိုပုဂ္ဂိုလ်ကိုမှီ၍နေစဉ် ထိုရဟန်းမှာမထင်သေးသော သတိသည် လည်း ထင်လာခြင်းမရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ(အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ရဟန်းများခံယူသင့် ခံယူထိုက် သော အသက်၏ အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်လည်း (ငြိုငြင်) ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် “ငါသည်ကား ဤပုဂ္ဂိုလ်ကို မှီ၍နေ၏၊ ဤပုဂ္ဂိုလ်ကိုမှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည် လည်း ထင်လာခြင်းမရှိ၊ မတည်တံ့သေးသောစိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်ခြင်း မရှိ။ ရဟန်းများ ခံယူသင့်ခံယူ ထိုက်သော အသက်၏အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်လည်း(ငြိုငြင်)ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏”ဟု ဆင်ခြင်သင့်၏။ရဟန်းတို့ ထို ရဟန်းသည် ညဉ့်၌ဖြစ်စေ နေ့၌ဖြစ်စေ ထိုပုဂ္ဂိုလ်ကို မပန်ကြားပဲ ဖဲခွါသင့်၏၊ မှီတွယ် မနေသင့်ပေ။

http://www.dhammadownload.com



၁၉၆။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တဦးဦးသော ပုဂ္ဂိုလ်ကိုမှီ၍ နေ၏။ ထိုပုဂ္ဂိုလ်ကိုမှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်းမရှိ၊ မတည်တံ့သေးသောစိတ်သည်လည်း တည်တံ့ခြင်းမရှိ၊မကုန်သေးသော အာသဝေါတရား တို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန် မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ (အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်ခြင်းမရှိ။ ရဟန်းများ ခံယူသင့်ခံယူထိုက်သော အသက်၏ အဆောက်အဦ ဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေးပစ္စည်းတို့သည်ကား (ငြိုငြင်) ဆင်းရဲခြင်းမရှိပဲ ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည်ကား ဤပုဂ္ဂိုလ်ကို မှီ၍ နေ၏၊ ဤပုဂ္ဂိုလ်ကို မှီ၍ နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည် လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်း မရှိ။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး ပစ္စည်းတို့သည်ကား(ငြိုငြင်)ဆင်းရဲခြင်း မရှိပဲဖြစ်ပေါ်ကုန်၏။ငါသည်ကား သင်္ကန်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်၊ ဆွမ်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည် မဟုတ်၊ ကျောင်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည် မဟုတ်၊ သူနာ၏အထောက်အပံ့ဆေးပစ္စည်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်။ စင်စစ်သော်ကား ဤပုဂ္ဂိုလ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာခြင်း မရှိ၊မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့ခြင်းမရှိ၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ မရောက်ကုန်၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ(အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်ခြင်းမရှိ" ဟု ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် (ဤသို့)ဆင်ခြင်၍ ထိုပုဂ္ဂိုလ်ကို ပန်ကြား၍ ဖဲခွါသင့်၏၊ မှီတွယ် မနေသင့်ပေ။

၁၉၇။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တဦးဦးသော ပုဂ္ဂိုလ်ကို မှီ၍ နေ၏၊ ထိုပုဂ္ဂိုလ်ကို မှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ ရောက်ကုန်၏၊မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ(အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး ပစ္စည်းတို့သည်ကား(ငြိုငြင်)ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည်ကား ဤပုဂ္ဂိုလ်ကို မှီ၍ နေ၏၊ ဤပုဂ္ဂိုလ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့် ခံယူထိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးပစ္စည်းတို့သည်ကား (ငြိုငြင်) ဆင်းရဲသဖြင့် ဖြစ်ပေါ်ကုန်၏။ ငါသည်ကား သင်္ကန်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်၊ ဆွမ်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည် မဟုတ်၊

http://www.dhammadownload.com



ကျောင်းဟူသော အကြောင်းကြောင့်။ပ။ ကပ်ရောက်သည် မဟုတ်၊ သူနာ၏ အထောက်အပံ့ဆေး ပစ္စည်းဟူသော အကြောင်းကြောင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်သည် မဟုတ်။ စင်စစ်သော်ကား ဤပုဂ္ဂိုလ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေး သော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည် လည်း ကုန်ခြင်းသို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ (အရဟတ္တဖိုလ်)သို့လည်း ဆိုက်ရောက်၏"ဟု ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် (ဤသို့) ဆင်ခြင်၍လည်း ထိုပုဂ္ဂိုလ်ကို မှီတွယ်နေသင့်၏၊ မဖဲခွါသင့်ပေ။

၁၉၈။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တဦးဦးသော ပုဂ္ဂိုလ်ကို မှီ၍ နေ၏၊ ထိုပုဂ္ဂိုလ်ကို မှီ၍နေစဉ် ထိုရဟန်းမှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့ သေးသော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်းသို့ ရောက်ကုန်၏၊မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ ကုန်ရာ(အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့် ခံယူဆိုက်သော အသက်၏ အဆောက်အဦဖြစ် သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ ဆေး ပစ္စည်းတို့သည်လည်း(ငြိုငြင်)ဆင်းရဲ ခြင်းမရှိပဲ ဖြစ်ပေါ်ကုန်၏။ ရဟန်းတို့ ထိုရဟန်းသည် "ငါသည်ကား ဤပုဂ္ဂိုလ်ကို မှီ၍ နေ၏၊ ဤပုဂ္ဂိုလ်ကို မှီ၍နေစဉ် ငါ့မှာ မထင်သေးသော သတိသည်လည်း ထင်လာ၏၊ မတည်တံ့သေး သော စိတ်သည်လည်း တည်တံ့လာ၏၊ မကုန်သေးသော အာသဝေါတရားတို့သည်လည်း ကုန်ခြင်း သို့ ရောက်ကုန်၏၊ မရောက်ဘူးသေးသည့် မြတ်သော ယောဂတို့၏ကုန်ရာ(အရဟတ္တဖိုလ်) သို့လည်း ဆိုက်ရောက်၏။ ရဟန်းများ ခံယူသင့် ခံယူဆိုက်သော အသက်၏ အဆောက်အဦဖြစ်သော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး ပစ္စည်းတို့သည်လည်း(ငြိုငြင်) ဆင်းရဲခြင်း မရှိပဲဖြစ်ပေါ်ကုန်၏"ဟု ဆင်ခြင်သင့်၏။ ရဟန်းတို့ ထိုရဟန်းသည် အသက်ထက်ဆုံး ထိုပုဂ္ဂိုလ်ကို မှီတွယ်နေသင့်၏၊ နှင်ထုတ်ပင် နှင်ထုတ်စေကာမူ မဖဲခွါသင့်ပေဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟော တော်မူသော တရားကို နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ခုနစ်ခုမြောက် ဝနပတ္ထသုတ် ပြီး၏။

---

## ၈-မဓုပိဏ္ဍိကသုတ်

၁၉၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သီတင်း သုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူ(ဆောင်)ကာ ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ ကပိလဝတ်ပြည်၌ ဆွမ်းခံ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် မဟာဝုန်တောသို့ နေ့သန့်တော်မူရန်

http://www.dhammadownload.com



ချဉ်းကပ်ဝင်ရောက်၍ ဥသျှစ်ပင်ပျိုရင်း၌ နေ့သန့် ထိုင်နေတော်မူ၏။ ဒဏ္ဍပါဏိသာကီဝင်မင်းသား သည် အညောင်းပြေ လမ်းလျှောက်လှည့်လည်သည်ရှိသော် မဟာဝုန်တောဆီသို့ ချဉ်းကပ်လေ၏၊ မဟာဝုန်တောသို့ ဝင်ရောက်၍ ဥသျှစ်ပင်ပျိုရင်း မြတ်စွာဘုရားရှိရာ အရပ်သို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးလျှင် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို(ပြောဆို)ပြီးဆုံးစေ၍ တုတ်ကို ထောက်ကာ သင့်လျော်သော အရပ်၌ ရပ်တည်လျက် မြတ်စွာဘုရားကို''အသျှင်ရဟန်းသည် အဘယ်အယူရှိသနည်း၊အဘယ်ကိုပြောကြားလေ့ရှိသနည်း'' ဟု ဤစကားကို လျှောက်ကြား၏။ ''ငါ့သျှင် အကြင်သို့သော အယူရှိသည်ဖြစ်၍ နတ် မာရ် နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ မည်သူနှင့်မျှ မငြင်းခုံ၊ အကြင်သို့သော အကြောင်းကြောင့် ကာမဂုဏ်တို့နှင့် မယှဉ်သည်ဖြစ်၍ ကုက္ကုစ္စပြတ်ပြီးသည်ဖြစ်၍ ဘဝငယ် ဘဝကြီး၌ တပ်မက်ခြင်း ကင်းလျက်နေသော ရဟန္တာဖြစ်ပြီးသော (ငါ့မှာ) (ကိလေသာ) သညာ တို့သည် မကိန်းဝပ်ကုန်၊ ဒါယကာ ငါသည် ဤသို့သော အယူရှိ၏၊ ဤသို့သော အကြောင်းကို ပြောကြားလေ့ရှိ၏'' ဟု ဤသို့ မိန့်တော်မူသည်ရှိသော် ဒဏ္ဍပါဏိမည်သော သာကီဝင်မင်းသား သည် ဦးခေါင်းကို ညိတ်၍ လျှာကို ထုတ်ကာ နဖူးပြင်၌ နဖူးရေး သုံးခုကို ထစေ၍ တုတ်ကို ထောက်လျက် ဖဲခွါသွားလေ၏။

၂၀၀။ ထိုနောက် မြတ်စွာဘုရားသည် ညနေချမ်းအချိန် ကိန်းအောင်းရာမှ ထတော်မူလျက် နိဂြောဓာရုံကျောင်းဆီသို့ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်တော်မူကာ ရဟန်း တို့ကို''ရဟန်းတို့ ငါသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူ(ဆောင်)ကာ ကပိလဝတ်ပြည်သို့ ဆွမ်းခံဝင်တော်မူခဲ့၏။ ကပိလဝတ်ပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ကာ ဆွမ်းစားပြီးနောက် မဟာဝုန်တောဆီသို့ နေ့သန့်တော်မူရန် ချဉ်းကပ်ဝင်ရောက်၍ ဥသျှစ် ပင်ပျိုအရင်း၌ နေ့သန့်ထိုင်နေတော်မူခဲ့၏။ရဟန်းတို့ ဒဏ္ဍပါဏိမည်သော သာကီဝင်မင်းသားသည် လည်း လမ်းလျှောက်လှည့်လည်သည်ရှိသော် မဟာဝုန်တောဆီသို့ချဉ်းကပ်မိလေ၏၊ မဟာဝုန်တော သို့ဝင်ရောက်၍ ဥသျှစ်ပင်ပျိုရင်း ငါရှိရာ အရပ်သို့ ချဉ်းကပ်ပြီးနောက် ငါနှင့်အတူ ဝမ်းမြောက်ဝမ်း သာနှုတ်ဆက်ပြီးလျှင် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို (ပြောဆို)ပြီးဆုံးစေ၍ တုတ်ကို ထောက်ကာ သင့်လျော်သော အရပ်၌ ရပ်တည်လျက် ငါ့ကို'(အသျှင်)ရဟန်းသည် အဘယ်အယူရှိ သနည်း၊အဘယ်ကို ပြောကြားလေ့ရှိသနည်း' ဟု လျှောက်ကြား၏။ရဟန်းတို့ ဤသို့လျှောက်ထား သည်ရှိသော် ငါသည် ဒဏ္ဍပါဏိမည်သော သာကီဝင်မင်းသားကို 'ငါ့သျှင် အကြင်သို့သော အယူရှိ သည်ဖြစ်၍နတ်မာရ်နတ်ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ မည်သူနှင့်မျှ မငြင်းခုံ၊ အကြင်သို့သော အကြောင်းကြောင့် ကာမဂုဏ် တို့နှင့် မယှဉ်သည်ဖြစ်၍ သို့လော သို့လော တွေးတော ယုံမှားခြင်း မရှိသည်ဖြစ်၍ ကုက္ကုစ္စပြတ်ပြီး သည်ဖြစ်၍ ဘဝငယ် ဘဝကြီး၌ တပ်မက်ခြင်း ကင်းလျက်နေသော ရဟန္တာဖြစ်ပြီးသော (ငါ့မှာ) (ကိလေသာ)သညာတို့သည် မကိန်းဝပ်ကုန်၊ဒါယကာ ငါသည် ဤသို့သော အယူရှိ၏၊ ဤသို့သော အကြောင်းကို ပြောကြားလေ့ရှိ၏' ဟု ပြောဆိုခဲ့၏။ ရဟန်းတို့ ဤသို့ပြောဆိုသည် ရှိသော် ဒဏ္ဍပါဏိမည်သော သာကီဝင်မင်းသားသည် ဦးခေါင်းကို ညိတ်၍ လျှာကိုထုတ်ကာ နဖူးပြင်၌ နဖူးရေး သုံးခုကိုထစေ၍ တုတ်ကို ထောက်လျက် ဖဲခွါ(သွား)လေ၏'' ဟု မိန့်တော် မူ၏။

http://www.dhammadownload.com



၂၀၁။ ဤသို့ မိန့်တော်မူသည်ရှိသော် ရဟန်းတပါးသည်"အသျှင်ဘုရား မြတ်စွာဘုရားသည် အဘယ်အယူရှိတော်မူသည်ဖြစ်၍ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ မည်သူနှင့်မျှ ငြင်းခုံတော်မမူပါသနည်း၊အသျှင်ဘုရား အဘယ်သို့သော အကြောင်းကြောင့်လည်း ကာမဂုဏ်တို့နှင့် မယှဉ်သည်ဖြစ်၍ သို့လော သို့လော တွေးတော ယုံမှားခြင်း မရှိသည်ဖြစ်၍ ကုက္ကုစ္စပြတ်ပြီးသည်ဖြစ်၍ ဘဝငယ် ဘဝကြီး၌ တပ်မက်ခြင်း ကင်းလျက်နေတော်မူသော ရဟန္တာဖြစ်ပြီးသော မြတ်စွာဘုရား၌ (ကိလေသာ)သညာတို့သည် မကိန်းဝပ်ပါကုန်သနည်း"ဟု မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏။ရဟန်း အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ဖြစ်ကုန်၏၊ဤအကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင်စွဲယူခြင်းသည် အကယ်၍ မရှိငြားအံ့၊ ဤ(မရှိခြင်း)သည်ပင် ရာဂါနုသယ'တပ်စွန်းမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် ပဋိဃာနုသယ'ထိပါးမှုကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် ဒိဋ္ဌာနုသယ'မှားယွင်းသောအမြင် ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် ဝိစိကိစ္ဆာနုသယ 'တွေးတောယုံမှားမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် မာနာနုသယ'မောက်မာမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် ဘဝရာဂါနုသယ'ဘဝကိုတပ်စွန်းမှု ကိန်းဝပ်ခြင်း' တို့၏အဆုံးတည်း၊ဤသည်ပင် အဝိဇ္ဇာနုသယ'မသိမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် တုတ်ဆွဲယူခြင်း ဓားလက်နက်ဆွဲယူခြင်း ရန်ဖြစ်ခြင်း သဘောကွဲလွဲခြင်း ငြင်းခုံခြင်း နင်နင်ဟု ပြောဆိုခြင်း ကုန်းချောခြင်း မုသားပြောဆိုခြင်းတို့၏ အဆုံးတည်း၊ ဤအကြောင်း၌ ယုတ်ညံ့သော ဤအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏ဟု မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားတော်မူ၏။ဤတရားစကားကို ဟောကြားတော်မူပြီးလျှင် မြတ်စွာဘုရားသည် နေရာမှထတော်မူကာ ကျောင်းသို့ ဝင်တော်မူလေ၏။

၂၀၂။ ထိုအခါ ထိုရဟန်းများမှာ မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီ ဤသို့သော အကြံဖြစ်ပေါ်လာ၏။ "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည်၊ 'ရဟန်း အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့သည် လွှမ်းမိုး၍ဖြစ်ကုန်၏။ ဤအကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင်စွဲယူခြင်းသည် အကယ်၍ မရှိငြားအံ့၊ ဤ(မရှိခြင်း) သည်ပင် ရာဂါနုသယ'တပ်စွန်းမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း။ပ။ဤအကြောင်း၌ ယုတ်ညံ့သော ဤအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏'ဟု ဤညွှန်ကြားချက်ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းသို့ ဝင်တော်မူခဲ့၏၊ မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြလျက် အကျယ် မဝေဖန်ခဲ့သော ဤညွှန်ပြချက် အနက် သဘောကို အဘယ်သူသည် အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု (ဤသို့သော အကြံသည် ဖြစ်ပေါ်လာ၏)။

ထိုအခါ ထိုရဟန်းတို့အား "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အချီးမွမ်းခံရ၏၊ ပညာရှိ သီတင်းသုံးဖော်တို့ အမြောက်စားလည်း ခံရ၏ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြလျက် အကျယ် မဝေဖန်ခဲ့သော ဤညွှန်ပြချက်၏ အနက်သဘောကို အကျယ် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အသျှင်မဟာ ကစ္စာနအား ဤအနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်"ဟု အကြံ ဖြစ်ပေါ်လာ ပြန်၏။

http://www.dhammadownload.com



ထိုနောက် ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်မဟာကစ္စာနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို (ပြောဆို) ပြီးဆုံးစေကာ တခုသောအရပ်၌ ထိုင်နေကုန်လျက် အသျှင်မဟာကစ္စာနအား ဤစကားကို ပြောဆို လျှောက်ထားကုန်၏။

ငါ့သျှင်ကစ္စာန ငါတို့အား မြတ်စွာဘုရားသည် "ရဟန်း သညာဒါကို ချဲ့ထွင်မှု သညာအစုတို့ လွှမ်းမိုး၍ဖြစ်သော အကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်း ပြောဆိုခြင်း သက်ဝင်စွဲယူခြင်း သည် အကယ်၍ မရှိငြားအံ့၊ဤမရှိခြင်းသည်ပင် ရာဂါနုသယ'တပ်စွန်းမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း။ပ။ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏"ဟူသော ဤညွှန်ပြချက်ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ် မဝေဖန်ပဲ နေရာမှ ထကာ ကျောင်းသို့ ဝင်တော်မူခဲ့၏၊ငါ့သျှင်ကစ္စာန မြတ်စွာဘုရား ကြွသွားတော်မူ၍မကြာမြင့်မီ ငါတို့အား "မြတ်စွာဘုရားသည် 'အကြင်အကြောင်းကြောင့် သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့ လွှမ်းမိုး၍ဖြစ်သော အကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင်စွဲယူခြင်း သည် အကယ်၍ မရှိငြားအံ့၊ဤသို့ မရှိခြင်းသည်ပင် ရာဂါနုသယ 'တပ်စွန်းမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း။ပ။ဤအကြောင်း၌ ယုတ်ညံ့သော အကုသိုလ် တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏'ဟူသော ဤညွှန်ပြချက်ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ် မဝေဖန်ပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူခဲ့၏။ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်အားဖြင့် အနက်သဘောကို မဝေဖန်သော ဤညွှန်ပြချက်၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်လာပါ၏။ ငါ့သျှင်ကစ္စာန ထိုငါတို့မှာ "ဤအသျှင်ကစ္စာနသည် မြတ်စွာဘုရား၏ ချီးမွမ်းခြင်းကို ခံရ၏၊ ပညာရှိ သီတင်းသုံးဖော်တို့၏ မြှောက်စားခြင်းကိုလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြ၍ အကျယ် မဝေဖန်ခဲ့သော ဤညွှန်ပြချက်၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏။ ငါတို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်းကပ်၍ အနက်သဘောကို မေးမြန်းကြရမူ ကောင်းပေမည်"ဟု ဤသို့သော စိတ်အကြံ ဖြစ်ပေါ်လာပြန်ပါ၏။အသျှင်မဟာကစ္စာနသည် ဝေဖန်ပါလော့ ဟု (ပြောဆို လျှောက်ထားကြကုန်၏)။

၂၀၃။ ငါ့သျှင်တို့ ဥပမာဆိုသော် အနှစ်သာရကို အလိုရှိ၍ အနှစ်သာရကို ရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် တည်နေဆဲဖြစ်သော အနှစ်ပြည့်သော သစ်ပင်ကြီး၏အမြစ်ရင်းကိုရင်း ပင်စည်ကိုရင်း ကျော်လွန်၍သာလျှင် အခက်အရွက်၌ အနှစ်သာရကို ရှာသင့်၏ဟု ထင်မှတ်ရာသကဲ့သို့ ဤအတူ အသျှင်တို့သည် မြတ်စွာဘုရားမျက်မှောက် ဖြစ်ပါလျက် ထိုမြတ်စွာဘုရားကို ကျော်လွန်၍ ငါတို့အား ဤအနက်ကို မေးမြန်းသင့်၏ဟု ထင်မှတ်ကြကုန်၏။ ငါ့သျှင်တို့ မှန်ပါသည်၊ ထိုမြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ အသိဉာဏ်သဖွယ် ဖြစ်တော်မူ၏၊ တရားသဖွယ် ဖြစ်တော်မူ၏၊ မြတ်သောမဂ်သဖွယ် ဖြစ်တော်မူ၏၊ (သစ္စာကို) ဟောကြားတော်မူ၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်ကို ထုတ်ဆောင်ပြတော်မူတတ်၏၊အမြိုက်နိဗ္ဗာန်ကိုပေးတော်မူတတ်၏၊ တရားအရှင်ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို

http://www.dhammadownload.com



မြတ်စွာဘုရားကိုသာလျှင် မေးမြန်းရန် အချိန်အခါဖြစ်၏။ငါတို့အား မြတ်စွာဘုရားဖြေကြားတော်မူသည့်အတိုင်း ထိုအနက်ကို မှတ်ကြကုန်ရာ၏ ဟု (ဆို၏)။

ငါ့သျှင်ကစ္စာန စင်စစ်သော်ကား မြတ်စွာဘုရားသည် သိသင့်သည်ကို သိတော်မူ၏၊ မြင်သင့်သည်ကို မြင်တော်မူ၏၊ မျက်စိသဖွယ် ဖြစ်တော်မူ၏၊ အသိဉာဏ်သဖွယ် ဖြစ်တော်မူ၏၊တရားသဖွယ် ဖြစ်တော်မူ၏၊ မြတ်သောမဂ်သဖွယ် ဖြစ်တော်မူ၏၊ (သစ္စာကို) ဟောကြားတော်မူတတ်၏၊ ဖြစ်စေတော်မူတတ်၏၊ အနက်ကို ထုတ်ဆောင်ပြတော်မူတတ်၏၊ အမြိုက်နိဗ္ဗာန်ကိုပေးတော်မူတတ်၏၊ တရားအရှင် ဖြစ်တော်မူ၏၊ ရှေးဘုရားများအတူ ဖြစ်တော်မူ၏၊ ဤအနက်သဘောကို မြတ်စွာဘုရားကိုသာလျှင် မေးမြန်းရန် အချိန်အခါ ဖြစ်ပါ၏။ငါတို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ကြကုန်ရာ၏။ သို့သော်လည်း အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား၏ချီးမွမ်းခြင်းကို ခံရ၏၊ ပညာရှိသီတင်းသုံးဖော်များ၏ မြှောက်စားခြင်းကိုလည်း ခံရ၏၊ အသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤ ညွှန်ပြချက် 'တရားအမြွက်' ၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏။ အသျှင်မဟာကစ္စာနသည် ဝန်မလေးသည်ကိုပြု၍ ဝေဖန်ပါလော့ ဟု (လျှောက်ကြကုန်၏)။ ငါ့သျှင်တို့ ထိုသို့တာဝန်ထား၍ နာကြားလိုကြမူ နာကြားကြကုန်၊ ကောင်းစွာ နှလုံးသွင်းကြကုန်၊ ဟောကြားပေအံ့ ဟု (မိန့်ဆိုတော်မူ၏)။ "ငါ့သျှင် ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် အသျှင်မဟာကစ္စာနအား ပြန်ကြားလျှောက်ထားကြကုန်၏။အသျှင်မဟာကစ္စာနသည် ဤစကားကို ဟောကြား၏။

၂၀၄။ ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် "ရဟန်း သတ္တဝါကို ချဲ့ထွင်မှုသညာအစုတို့ လွှမ်းမိုး၍ဖြစ်သောအကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင်စွဲယူခြင်းသည် အကယ်၍ မရှိငြားအံ့၊ ဤမရှိခြင်းသည် ရာဂါနုသယ'တပ်စွန်းမှုကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း။ပ။ ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏" ဟူသော ညွှန်ပြချက်ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူခဲ့၏။ ငါ့သျှင်တို့ မြတ်စွာဘုရား အကျဉ်းချုပ် ညွှန်ပြ၍ အကျယ်မဝေဖန်ခဲ့သော ဤညွှန်ပြချက် 'တရားအမြွက်' ၏ အနက်သဘောကို ဤသို့အကျယ်အားဖြင့် ငါသိပါ၏။

ငါ့သျှင်တို့ မျက်စိကိုရင်း အဆင်းတို့ကိုရင်း စွဲ၍မြင်သိ 'စက္ခုဝိညာဏ်'စိတ်ဖြစ်၏၊ သုံးခုတို့၏ ပေါင်းဆုံခြင်းကြောင့် တွေ့ထိခြင်း 'ဖဿ'ဖြစ်၏၊ တွေ့ထိခြင်း 'ဖဿ'ဟူသော အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏၊ ခံစားပြီးသော အာရုံကို မှတ်သား၏၊ မှတ်သားပြီးသော အာရုံကို ကြံစည်၏၊ ကြံစည်ပြီးသောအာရုံကို ချဲ့ထွင်၏၊ အာရုံကိုချဲ့ထွင်ခြင်းဟူသောအကြောင်းကြောင့် သတ္တဝါကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော မျက်စိဖြင့် သိရသောအဆင်းတို့၌ချဲ့ထွင်မှုသညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။

ငါ့သျှင်တို့ နားကိုရင်း အသံတို့ကိုရင်း စွဲ၍ကြားသိ 'သောတဝိညာဏ်' စိတ်ဖြစ်၏ ။ ပ ။ ငါ့သျှင်တို့ နှာခေါင်းကိုရင်း အနံ့တို့ကိုရင်း စွဲ၍ နံသိ'ဃာနဝိညာဏ်' စိတ်ဖြစ်၏။ပ။ ငါ့သျှင်တို့ လျှာကိုရင်း အရသာတို့ကိုရင်း စွဲ၍လျက်သိ 'ဇိဝှါဝိညာဏ်' စိတ်ဖြစ်၏။ပ။ငါ့သျှင်တို့ ကိုယ်ကိုရင်း အတွေ့အထိတို့ကိုရင်း စွဲ၍ထိသိ 'ကာယဝိညာဏ်' စိတ်ဖြစ်၏။ပ။ငါ့သျှင်တို့ စိတ်ကိုရင်း သဘာဝ ဓမ္မတို့ကိုရင်း စွဲ၍ အထူးသိ'မနောဝိညာဏ်'စိတ်ဖြစ်၏၊ သုံးခုတို့၏ပေါင်းဆုံခြင်းကြောင့် တွေ့ထိ

http://www.dhammadownload.com



ခြင်း 'ဖဿ' ဖြစ်၏၊ တွေ့ထိခြင်း 'ဖဿ' ဟူသောအကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏၊ ခံစားပြီးသောအာရုံကို မှတ်သား၏၊ မှတ်သားပြီးသောအာရုံကို ကြံစည်၏၊ ကြံစည်ပြီးသောအာရုံကိုချဲ့ထွင်၏၊ အာရုံကိုချဲ့ထွင်ခြင်းဟူသော အကြောင်းကြောင့် သတ္တဝါကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောစိတ်ဖြင့် အထူးသိရသော သဘာဝဓမ္မတို့၌ ချဲ့ထွင်မှုသညာအစုတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။

ငါ့သျှင်တို့ ထိုသူသည် စင်စစ်သော်ကား မျက်စိအဆင်းမြင်သိ 'စက္ခုဝိညာဏ်' စိတ်ဖြစ်သော် တွေ့ထိမှု 'ဖဿ'ဟု ပညတ်အပ်သော အကြောင်းသည် ရှိ၏၊ တွေ့ထိမှုပညတ်ခြင်းရှိသော် ခံစားမှု 'ဝေဒနာ' ဟု ပညတ်အပ်သော အကြောင်းသည် ရှိ၏၊ ခံစားမှုဟု ပညတ်ခြင်းရှိသော် မှတ်သားမှု သညာဟု ပညတ်အပ်သောအကြောင်းသည်ရှိ၏၊ မှတ်သားမှုဟုပညတ်ခြင်းရှိသော် ကြံစည်မှု 'ဝိတက်' ဟု ပညတ်အပ်သော အကြောင်းသည် ရှိ၏၊ ကြံစည်မှုဟု ပညတ်ခြင်းရှိသော် ချဲ့ထွင်ရေး သညာ အစုများ လွှမ်းမိုး၍ ဖြစ်မှုဟု ပညတ်အပ်သော အကြောင်းသည် ရှိ၏။

ငါ့သျှင်တို့ ထိုသူသည် စင်စစ်သော်ကား နားအသံ။ပ။ နှာခေါင်းအနံ့။ပ။ လျှာအရသာ။ပ။ ကိုယ်အတွေ့အထိ ။ပ။စိတ်သဘာဝဓမ္မအထူးသိ 'မနောဝိညာဏ်စိတ်' ဖြစ်လေသော် တွေ့ထိမှု 'ဖဿ'ဟု ပညတ်အပ်သောအကြောင်းသည် ရှိ၏၊ တွေ့ထိမှုဟု ပညတ်ခြင်းရှိသော် ခံစားမှု 'ဝေဒနာ' ဟု ပညတ်အပ်သောအကြောင်းသည် ရှိ၏။ ခံစားမှုဟု ပညတ်ခြင်းရှိသော် မှတ်သားမှု 'သညာ' ဟု ပညတ်အပ်သောအကြောင်းသည် ရှိ၏။ မှတ်သားမှုဟု ပညတ်ခြင်းရှိသော် ကြံစည်မှု 'ဝိတက်' ဟု ပညတ်အပ်သောအကြောင်းသည် ရှိ၏၊ ကြံစည်မှုဟု ပညတ်ခြင်းရှိသော် ချဲ့ထွင်ရေးသညာအစုများ လွှမ်းမိုး၍ ဖြစ်မှုဟု ပညတ်အပ်သောအကြောင်းသည် ရှိ၏။

ငါ့သျှင်တို့ ထိုသူသည် စင်စစ်သော်ကား မျက်စိအဆင်း မြင်သိ 'စက္ခုဝိညာဏ်' စိတ်မဖြစ်လေသော် တွေ့ထိမှု 'ဖဿ'ဟု ပညတ်အပ်သောအကြောင်းသည် မရှိ။ တွေ့ထိမှုဟုပညတ်ခြင်းမရှိသော် ခံစားမှု 'ဝေဒနာ'ဟု ပညတ်အပ်သောအကြောင်းသည်မရှိ။ခံစားမှုဟု ပညတ်ခြင်းမရှိသော်မှတ်သားမှု သညာဟု ပညတ်အပ်သောအကြောင်းသည် မရှိ။ မှတ်သားမှုဟု ပညတ်ခြင်းမရှိသော် ကြံစည်မှု 'ဝိတက်' ဟု ပညတ်အပ်သော အကြောင်းသည်မရှိ။ ကြံစည်မှုဟု ပညတ်ခြင်းမရှိသော် ချဲ့ထွင်ရေး သညာအစုများ လွှမ်းမိုး၍ဖြစ်မှုဟု ပညတ်အပ်သောအကြောင်းသည် မရှိ။

ငါ့သျှင်တို့ ထိုသူသည် စင်စစ်သော်ကား နားအသံ။ပ။နှာခေါင်းအနံ့ ။ပ။လျှာအရသာ။ပ။ ကိုယ်အတွေ့အထိ။ပ။စိတ်သဘာဝဓမ္မအထူးသိ 'မနောဝိညာဏ်စိတ်' မဖြစ်လေသော် တွေ့ထိမှု 'ဖဿ'ဟုပညတ်အပ်သော ဤအကြောင်းသည် မရှိ။ တွေ့ထိမှုပညတ်ခြင်းမရှိသော် ခံစားမှု 'ဝေဒနာ' ဟု ပညတ်အပ်သော အကြောင်းသည် မရှိ။ ခံစားမှုဟုပညတ်ခြင်းမရှိသော် မှတ်သားမှု 'သညာ'ဟု ပညတ်အပ်သောအကြောင်းသည် မရှိ၊ မှတ်သားမှုဟု ပညတ်ခြင်းမရှိသော် ကြံစည်မှု 'ဝိတက်'ဟု ပညတ်အပ်သောအကြောင်းသည်မရှိ။ ကြံစည်မှုဟု ပညတ်ခြင်းမရှိသော် ချဲ့ထွင်ရေးသညာအစုများ လွှမ်းမိုး၍ဖြစ်မှုဟု ပညတ်အပ်သောအကြောင်းသည် မရှိ။

ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် "ရဟန်း သတ္တဝါကို ချဲ့ထွင်မှု သညာအစုတို့ လွှမ်းမိုး၍ ဖြစ်သောအကြောင်း၌ အလွန် နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင် စွဲယူခြင်းသည် အကယ်၍ မရှိငြားအံ့၊ ဤမရှိခြင်းသည်ပင် ရာဂါနုသယ 'တပ်စွန်းမှု ကိန်းဝပ်

http://www.dhammadownload.com



ခြင်း'တို့၏ အဆုံးတည်း။ပ။ ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ ချုပ်ကုန်၏"ဟု အကြင်ညွှန်ပြချက်ကို အကျဉ်းချုပ်ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူခဲ့၏။ ငါ့သျှင်တို့ ငါသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤညွှန်ပြချက် အနက်သဘောကို ဤသို့အကျယ်အားဖြင့် သိပါ၏။ အသျှင်တို့ အလိုရှိကြကုန်သော် အသျှင်တို့သည် မြတ်စွာဘုရားသို့သာလျှင် ချဉ်းကပ်ကြကုန်၍ ဤအနက်သဘောကို တဖန်မေးမြန်းကြကုန်ရာ၏။ငါတို့အား မြတ်စွာဘုရား ဖြေကြားတော်မူသည့်အတိုင်း ထိုအနက်သဘောကို မှတ်ကုန်ရာ၏ ဟု(မိန့်ဆို၏)။

၂၀၅။ ထိုအခါ ရဟန်းတို့သည် အသျှင်မဟာကစ္စာန၏ မိန့်ကြားချက်ကို အလွန်နှစ်သက်ဝမ်းမြောက်ကုန်၍ နေရာမှထကြပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြကုန်လျက် လျောက်ပတ်သောအရပ်၌ ထိုင်နေကြကာ ဤစကားကို လျှောက်ထားကြကုန်၏။ "အသျှင်ဘုရား တပည့်တော်တို့အား မြတ်စွာဘုရား သည် ရဟန်း သတ္တဝါကို ချွဲထွင်မှုသညာအစုတို့ လွှမ်းမိုး၍ ဖြစ်သော အကြောင်း၌ အလွန် နှစ်သက်ခြင်း စွဲလမ်း ပြောဆိုခြင်း သက်ဝင်စွဲယူခြင်းသည် အကယ်၍မရှိငြားအံ့၊ဤမရှိခြင်းသည်ပင် ရာဂါနုသယ 'တပ်စွန်းမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း။ပ။ ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမဲ့ချုပ်ကုန်၏"ဟု အကြင် ညွှန်ပြချက်'တရားအမြွက်'ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထတော်မူကာ ကျောင်းသို့ ဝင်တော်မူခဲ့၏။

အသျှင်ဘုရား ထိုတပည့်တော်တို့မှာ မြတ်စွာဘုရား ကြွသွားတော်မူ၍ မကြာမီ "ငါ့သျှင်တို့ ငါတို့အား မြတ်စွာဘုရားသည် 'ရဟန်း သတ္တဝါကို ချွဲထွင်မှုသညာအစုတို့ လွှမ်းမိုး၍ ဖြစ်သော အကြောင်း၌ အလွန်နှစ်သက်ခြင်း စွဲလမ်းပြောဆိုခြင်း သက်ဝင်စွဲယူခြင်းသည် အကယ်၍မရှိငြားအံ့၊ ဤ(မရှိခြင်း)သည်ပင် ရာဂါနုသယ 'တပ်စွန်းမှုကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း ပဋိဃာနုသယ 'ထိပါးမှု ကိန်းဝပ်ခြင်း'တို့၏အဆုံးတည်း၊ ဒိဋ္ဌာနုသယ'မှားယွင်းသောအမြင် ဒိဋ္ဌိကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဝိစိကိစ္ဆာနုသယ'တွေးတောယုံမှားမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ မာနာနုသယ 'မောက်မာမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဘဝရာဂါနုသယ 'ဘဝကိုတပ်စွန်းမှု ကိန်းဝပ်ခြင်း' တို့၏ အဆုံးတည်း၊ အဝိဇ္ဇာနုသယ 'မသိမှု ကိန်းဝပ်ခြင်း'တို့၏ အဆုံးတည်း၊ ဤသည်ပင် တုတ်ကို ဆွဲယူခြင်း ဓားလက်နက်ကို ဆွဲယူခြင်း ရန်ဖြစ်ခြင်း သဘောကွဲလွဲခြင်း ငြင်းခုံခြင်း နင်နင်ဟု ပြောဆိုခြင်း ကုန်းချောခြင်း မုသားပြောဆိုခြင်းတို့၏ အဆုံးတည်း။ ဤအကြောင်း၌ ယုတ်ညံ့သော ထိုအကုသိုလ်တရားတို့သည် အကြွင်းမရှိ ချုပ်ကုန်၏'ဟူသော ဤညွှန်ပြချက်ကို အကျဉ်းချုပ် ညွှန်ပြ၍ အနက်သဘောကို အကျယ်မဝေဖန်ပဲ နေရာမှထကာ ကျောင်းသို့ ဝင်တော်မူခဲ့၏။ အဘယ်သူသည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤညွှန်ပြချက်၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်နိုင်ရာသနည်း"ဟု ဤသို့သော စိတ်အကြံဖြစ်ပေါ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်တို့မှာ "ဤအသျှင်မဟာကစ္စာနသည် မြတ်စွာဘုရား ချီးမွမ်းခြင်းကိုခံရ၏၊ ပညာရှိ သီတင်းသုံး ဖော်များ ချီးမြှောက်စားခြင်းကိုလည်း ခံရ၏၊အသျှင်မဟာကစ္စာန သည် မြတ်စွာဘုရား အကျဉ်းချုပ်ညွှန်ပြ၍ အကျယ်မဝေဖန်သော ဤညွှန်ပြချက်၏ အနက်သဘောကို အကျယ်အားဖြင့် ဝေဖန်ရန် စွမ်းလည်း စွမ်းနိုင်၏၊ ငါတို့သည် အသျှင်မဟာကစ္စာန ထံသို့ ချဉ်းကပ်၍ အနက်သဘောကို မေးမြန်းကြရမူ ကောင်းမေမည်"ဟု ဤသို့သော စိတ်အကြံဖြစ်ပေါ်ခဲ့ပါသည်။ အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် အသျှင်မဟာကစ္စာနထံသို့ ချဉ်း

http://www.dhammadownload.com



ကပ်၍ ဤအနက်သဘောကို မေးမြန်း ကြပါကုန်၏။ အသျှင်ဘုရား ထိုဘပည့်တော်တို့အား အသျှင်မဟာကစ္စာနသည် ဤအခြင်းအရာ ပုဒ်ဝါကျ အက္ခရာတို့ဖြင့် အနက်သဘောကို ဝေဖန်ပြပါ၏ဟု (ဤစကားကို လျှောက်ထားကုန်၏)။

ရဟန်းတို့ မဟာကစ္စာနသည် ပညာရှိ၏၊ ပညာကြီး၏။ ရဟန်းတို့ ငါ့ကိုလည်း သင်တို့သည် ဤအနက်သဘောကို အကယ်၍ မေးမြန်းကြကုန်ငြားအံ့၊ ငါသည်လည်း ထိုအနက်သဘောကို မဟာကစ္စာန ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏၊ ဤညွှန်ပြချက်၏ အနက် သဘောသည် ဤသည်ပင်တည်း၊ ဤအတိုင်း ထိုအနက်သဘောကို မှတ်ကြကုန်ဟု ဤသို့ဟောကြားတော်မူသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ဥပမာ သော်ကား ဆာလောင်ခြင်း အားနည်းခြင်းဖြင့် နှိပ်စက်ထားသော ယောကျ်ားသည် ပျားမုံ့ဆုပ်ကို ရငြားအံ့၊ ထိုသူသည် မည်သည့်ဘက်မှ မဆို လျက်ပါမူ ထပ်လောင်းဘွယ်မရှိ ချို (မြိန်) သော အရသာကို ရရာသကဲ့သို့ အသျှင်ဘုရား ဤအတူပင် ကြံစည်တတ်သည့် ပညာတက်သဘောရှိသော ရဟန်းသည် ဤတရားဒေသနာ၏ အနက်ကို ပညာဖြင့် မည်သည့်ဘက်မှမဆို စူးစမ်း ဆင်ခြင်ငြားအံ့၊ ဝမ်းမြောက်ခြင်း စိတ်ကြည်လင်ခြင်းကို ရရာမည်သာတည်း။ အသျှင်ဘုရား ဤတရားဒေသနာသည် အဘယ်အမည် ရှိပါသနည်း"ဟု ဤစကားကို လျှောက်ထား၏။ အာနန္ဒာ ထို့ကြောင့် သင်သည် ဤတရားဒေသနာကို "မဓုပိဏ္ဍိကဒေသနာ"ဟူ၍သာလျှင် မှတ်လော့ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောဘော်မူ၏။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောတော်မူသော တရားကို နှစ်ခြိုက် ဝမ်းမြောက်လေ၏။

ရှစ်ခုမြောက် မဓုပိဏ္ဍိကသုတ် ပြီး၏။

---

## ၉-ဒွေဓာဝိတက္ကသုတ်

၂၀၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်---

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံ ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ အရဟတ္တမဂ်ကို မရမီ(သစ္စာတရားကို) ထိုးထွင်း၍ မသိမြင်သေးသော ဘုရားလောင်း မျှသာ ဖြစ်နေသော ငါ့အား "ငါသည် ကြံစည်ခြင်း 'ဝိတက်' တို့ကို နှစ်မျိုး နှစ်မျိုးပြု၍ နေရမူ ကောင်းပေမည်"ဟု ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ခဲ့၏။ ရဟန်းတို့ ငါသည် ကာမဝိတက် 'ကာမနှင့်စပ်သော ကြံစည်ခြင်း' ဗျာပါဒဝိတက် 'သတ်ဖြတ်လိုမှုနှင့်စပ်သော ကြံစည်ခြင်း' ဝိဟိံသ ဝိတက် 'ညှဉ်းဆဲမှုနှင့် စပ်သော ကြံစည်ခြင်း' တို့ကို တမျိုးပြုခဲ့၏။ နေက္ခမ္မဝိတက် 'ကာမမှ လွတ်မြောက်မှုနှင့် စပ်သောကြံစည်ခြင်း' အဗျာပါဒဝိတက် 'မသတ်ဖြတ်လိုမှုနှင့်စပ်သော ကြံစည်ခြင်း' အဝိဟိံသဝိတက် 'မညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်း' တို့ကို ဒုတိယအမျိုး ပြုခဲ့၏။

၂၀၇။ ရဟန်းဘို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေဆဲဖြစ်သော ငါ့အား ကာမနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



"ငါ့အား ဤကာမနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာခဲ့ပြီ၊ ထိုကာမနှင့်စပ်သော ကြံစည်ခြင်းသည်ကား မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံးဆင်းရဲခြင်းငှါ ဖြစ်၏၊ ပညာကို တားမြစ်တတ်၏၊ ပင်ပန် ဆင်းရဲခြင်းအဖို့လည်း ရှိ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်စေနိုင်" ဟု ငါသည် ခွဲခြား၍ သိ၏။

ရဟန်းတို့ 'မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံး ဆင်းရဲခြင်းငှါ ဖြစ်၏' ဟူ၍ ဆင်ခြင်သောအခါ၌လည်း ငါ့အား (ကာမဝိတက်သည်) ချုပ်ခြင်းသို့ ရောက်၏၊ 'ရဟန်းတို့ ပညာကို တားမြစ်တတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဖို့လည်း ရှိ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်စေနိုင်' ဟူ၍ ဆင်ခြင်သော အခါ၌လည်း ငါ့အား(ကာမဝိတက်သည်)ချုပ်ခြင်းသို့ရောက်၏။ ရဟန်းတို့ ငါသည် ဖြစ်တိုင်းဖြစ်တိုင်းသော ကာမနှင့်စပ်သော ကြံစည်ခြင်းကို ပယ်စွန့်သည်သာတည်း၊ ပယ်နုတ်သည်သာတည်း၊ ထိုကာမနှင့်စပ်သော ကြံစည်ခြင်းကို ကုန်ဆုံးအောင် ပြုခဲ့သည်သာလျှင်တည်း။

၂၀၈။ ရဟန်းတို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေဆဲဖြစ်သော ငါ့အား သတ်ဖြတ်လိုမှုနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။ပ။ ညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။ "ငါ့အား ဤညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်ခဲ့ပြီ။ ထိုညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းသည်ကား မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံး ဆင်းရဲခြင်းငှါ ဖြစ်၏၊ ပညာကို တားမြစ်တတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဖို့လည်း ရှိ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်စေနိုင်" ဟု ငါသည် ခွဲခြား၍ သိ၏။

ရဟန်းတို့ 'မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံး ဆင်းရဲခြင်းငှါ ဖြစ်၏' ဟူ၍ ဆင်ခြင်သော အခါ၌လည်း ငါ့အား (ဝိဟိံသဝိတက်သည်) ချုပ်ခြင်းသို့ ရောက်၏၊ ရဟန်းတို့ ပညာကို တားမြစ်တတ်၏၊ ပင်ပန်းဆင်းရဲခြင်း အဖို့လည်း ရှိ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်စေနိုင်' ဟူ၍ ဆင်ခြင်သော အခါ၌လည်း ငါ့အား (ဝိဟိံသဝိတက်သည်) ချုပ်ခြင်းသို့ ရောက်၏။ ရဟန်းတို့ ငါသည် ဖြစ်တိုင်းဖြစ်တိုင်းသော ညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းကို ပယ်စွန့်သည်သာတည်း၊ ပယ်နုတ်သည်သာတည်း၊ ထိုညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းကို ကုန်ဆုံးအောင် ပြုခဲ့သည်သာလျှင်တည်း။

ရဟန်းတို့ အကြင်အကြင် ကြံစည်ခြင်း စဉ်းစားခြင်းကို ကြိမ်ဖန်များစွာပြု၏၊ ထိုထိုကြံစည်ခြင်း စဉ်းစားခြင်းအားဖြင့် စိတ်၏ ညွတ်ခြင်းသည် ဖြစ်၏။ ရဟန်းသည် အကယ်၍ ကာမနှင့်စပ်သော အကြံကို အကြိမ်များစွာ ကြံစည်စဉ်းစားအံ့၊ (ကာမမှ) လွတ်မြောက်မှုနှင့် စပ်သော အကြံကို ပယ်စွန့်ပြီးဖြစ်၏၊ ကာမနှင့်စပ်သော အကြံကို အကြိမ်များစွာ ကြံစည်ပြီးဖြစ်၏၊ ထိုရဟန်း၏စိတ်သည် ကာမနှင့်စပ်သော ကြံစည်ခြင်းငှါသာ ညွတ်၏၊ ရဟန်းသည် အကယ်၍ သတ်ဖြတ်လိုမှုနှင့်စပ်သော အကြံကို။ပ။ ရဟန်းသည် အကယ်၍ ညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းကို အကြိမ်များစွာ ကြံစည်စဉ်းစားအံ့၊ ညှဉ်းဆဲမှုနှင့် မစပ်သော အကြံကို ပယ်စွန့်ပြီးဖြစ်၏၊ ညှဉ်းဆဲမှုနှင့်စပ်သော အကြံကို အကြိမ်များစွာ ကြံစည်ပြီး ဖြစ်၏၊ ထိုရဟန်း၏ စိတ်သည် ညှဉ်းဆဲမှုနှင့်စပ်သော ကြံစည်ခြင်းငှါ ညွတ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား မိုးရာသီ၏ နောက်ဆုံးဖြစ်သော တန်ဆောင်မုန်းလ၌ ကောက်ပင်တို့ဖြင့် ကျဉ်းမြောင်းရာအရပ်ဝယ် နွားတို့ကို စောင့်ထိန်းသော နွားကျောင်းသားသည် ထိုနွားတို့ကို ထိုထိုအရပ်မှ တုတ်ဖြင့် တည့်တည့်ရိုက်ရာ၏၊ ကန့်လန့်ရိုက်ရာ၏၊ ပိတ်ပင်တားမြစ်ရာ၏၊ထိုသို့ပြုခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုနွားကျောင်းသားသည် ကောက်ပင်ကို စားခြင်းဟူသော အကြောင်းကြောင့် သတ်ခြင်းဘေးကိုသော်၎င်း နှောင်ဖွဲ့ခြင်းဘေးကိုသော်၎င်း ဆုံးရှုံးခြင်းဘေးကိုသော်၎င်း ကဲ့ရဲ့ခြင်းဘေးကိုသော်၎င်း မြင်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ငါသည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ခြင်း ညစ်ညူးခြင်းကို၎င်း ကုသိုလ်တရားတို့၏ (ကာမမှ) လွတ်မြောက်ခြင်း၌ ဖြူစင်ခြင်းအဖို့ရှိသည့် အကျိုးဆက်ကို၎င်း မြင်ခဲ့၏။

၂၀၉။ ရဟန်းတို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေဆဲဖြစ်သော ငါ့အား ကာမမှ လွတ်မြောက်မှုနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။ "ငါ့အား ဤကာမမှ လွတ်မြောက်မှုနှင့်စပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာခဲ့ပြီ၊ ထိုကာမမှ လွတ်မြောက်မှုနှင့်စပ်သော ကြံစည်ခြင်းသည်ကား မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံး ဆင်းရဲခြင်း၄ါ မဖြစ်၊ ပညာကို ဖြစ်ပွါးစေတတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဖို့သည် မရှိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်စေနိုင်၏" ဟု ငါသည် ခွဲခြား၍ သိ၏။

ရဟန်းတို့ တညဉ့်ပတ်လုံးလည်း အကယ်၍ ထို(ကာမမှ) လွတ်မြောက်မှုနှင့် စပ်သော အကြံကို ကြံစည်စဉ်းစားငြားအံ့၊ ထိုအကြောင်းကြောင့် ဘေးကိုမမြင်။ ရဟန်းတို့ တနေ့ပတ်လုံးလည်း အကယ်၍ ထို (ကာမမှ) လွတ်မြောက်မှုနှင့်စပ်သော အကြံကို ကြံစည်စဉ်းစားငြားအံ့၊ ထိုအကြောင်းကြောင့် ဘေးကိုမမြင်။ ရဟန်းတို့ နေ့ညဉ့်ပတ်လုံးလည်း အကယ်၍ ထို (ကာမမှ) ထွက်မြောက်မှုနှင့်စပ်သော အကြံကို ကြံစည်စဉ်းစားငြားအံ့၊ ထိုအကြောင်းကြောင့် ဘေးကိုမမြင်။ သို့သော်လည်း အလွန်ကြာမြင့်စွာ ကြံစည်စဉ်းစားသည်ရှိသော် ငါ၏ ကိုယ်သည် ပင်ပန်းရာ၏၊ ကိုယ်ပင်ပန်းသည်ရှိသော် စိတ်ပျံ့လွင့်ရာ၏၊ စိတ်ပျံ့လွင့်သည်ရှိသော် စိတ်တည်ကြည်ခြင်းမှ ကင်းဝေးရာ၏ ဟု (ငါသည် ခွဲခြား၍ သိ၏)။ ရဟန်းတို့ ငါသည် မိမိသန္တာန်၌သာလျှင် စိတ်ကို ကောင်းစွာ ထား၏၊ ကောင်းစွာ ငြိမ်ဝပ်နေစေ၏၊ တခုတည်းသော အာရုံရှိသည်ကို ပြု၏၊ ကောင်းစွာ တည်ထား၏၊ ထိုသို့ပြုခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ငါ၏ စိတ်သည် မပျံ့လွင့်ပါစေလင့်ဟု နှလုံးသွင်းခြင်းကြောင့်တည်း။

၂၁၀။ ရဟန်းတို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေဆဲဖြစ်သော ငါ့အား သတ်ဖြတ်လိုမှုနှင့် မစပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။ပ။ ညှဉ်းဆဲမှုနှင့် မစပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်လာ၏။ "ငါ့အား ညှဉ်းဆဲမှုနှင့်မစပ်သော ကြံစည်ခြင်းသည် ဖြစ်ပေါ်ခဲ့၏၊ ထိုညှဉ်းဆဲမှုနှင့် မစပ်သော ကြံစည်ခြင်းသည်ကား မိမိဆင်းရဲခြင်း သူတပါးဆင်းရဲခြင်း နှစ်ဦးလုံး ဆင်းရဲခြင်း၄ါ မဖြစ်၊ ပညာကို ဖြစ်ပွါးစေတတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဖို့လည်း မရှိ၊ နိဗ္ဗာန်ကို (မျက်မှောက်ပြုရန်) ဖြစ်စေနိုင်၏" ဟု ငါသည် ခွဲခြား၍ သိ၏။

ရဟန်းတို့ တညဉ့်ပတ်လုံးလည်း အကယ်၍ ထိုညှဉ်းဆဲမှုနှင့် မစပ်သော အကြံကို ကြံစည်စဉ်းစားငြားအံ့၊ ထိုအကြောင်းကြောင့် ဘေးကို မမြင်။ ရဟန်းတို့ တနေ့ပတ်လုံးလည်း အကယ်၍ ထိုညှဉ်းဆဲမှုနှင့် မစပ်သော အကြံကို ကြံစည်စဉ်းစားငြားအံ့၊ ထိုအကြောင်းကြောင့် ဘေးကို

http://www.dhammadownload.com



မမြင်။ ရဟန်းတို့ နေ့ညဉ့်ပတ်လုံးလည်း အကယ်၍ ထိုညှဉ်းဆဲမှုနှင့် မစပ်သော အကြံကို ကြံစည် စဉ်းစားအားထုတ်ငြားအံ့၊ ဆိုအကြောင်းကြောင့် ဘေးကို မမြင်။ သို့သော်လည်း အလွန်ကြာမြင့်စွာ ကြံစည်စဉ်းစားသည်ရှိသော် ငါ၏ ကိုယ်သည် ပင်ပန်းရာ၏၊ ကိုယ်ပင်ပန်းသည်ရှိသော် စိတ်ပျံ့လွင့်ရာ၏၊ စိတ်ပျံ့လွင့်သည်ရှိသော် စိတ်သည်တည်ကြည်ခြင်းမှ ကင်းဝေးရာ၏။ ရဟန်းတို့ ငါသည် မိမိသန္တာန်၌သာလျှင် စိတ်ကို ကောင်းစွာထား၏၊ ကောင်းစွာငြိမ်ဝပ်နေစေ၏၊တခုတည်းသော အာရုံရှိသည်ကို ပြု၏၊ ကောင်းစွာ တင်ထား၏။ ထိုသို့ပြုခြင်းသည် အဘယ် အကြောင်းကြောင့်နည်း၊ ငါ၏စိတ်သည် မပျံ့လွင့်ပါစေလင့်ဟု နှလုံးသွင်းခြင်းကြောင့်တည်း။

ရဟန်းတို့ အကြင်အကြင်ကြံစည်ခြင်း စဉ်းစားခြင်းကို ကြိမ်ဖန်များစွာပြု၏ ထိုထိုကြံစည်ခြင်း စဉ်းစားခြင်းအားဖြင့် စိတ်၏ညွတ်ခြင်းသည်ဖြစ်၏။ရဟန်းသည် အကယ်၍ (ကာမမှ)လွတ်မြောက်မှုနှင့်စပ်သော အကြံကို အကြိမ်များစွာ ကြံစည်စဉ်းစားအံ့၊ ကာမနှင့်စပ်သော ကြံစည်ခြင်းကို ပယ်စွန့်ပြီး ဖြစ်၏၊ (ကာမမှ) လွတ်မြောက်မှုနှင့်စပ်သော အကြံများစွာကြံစည်သော ထိုရဟန်း၏ စိတ်သည် (ကာမမှ) လွတ်မြောက်မှုနှင့် စပ်သော ကြံစည်ခြင်းငှါသာ ညွတ်၏။ ရဟန်းသည် အကယ်၍ သတ်ဖြတ်လိုမှုနှင့်မစပ်သောအကြံ။ပ။ရဟန်းသည် အကယ်၍ ညှဉ်းဆဲလိုမှုနှင့်မစပ်သော အကြံကို အကြိမ်များစွာကြံစည်စဉ်းစားအံ့၊ ညှဉ်းဆဲမှုနှင့် စပ်သော အကြံကို ပယ်စွန့်ပြီးဖြစ်၏၊ ညှဉ်းဆဲလိုမှုနှင့် မစပ်သောအကြံကို အကြိမ်များစွာ ကြံစည်ပြီး၏၊ ထိုရဟန်း၏ စိတ်သည် ညှဉ်းဆဲမှုနှင့် မစပ်သော ကြံစည်ခြင်းငှါသာ ညွတ်၏။

ရဟန်းတို့ ဥပမာသော်ကား နွေရာသီ၏ နောက်ဆုံးလ၌ ကောက်စပါးအားလုံးတို့ကို ရွာအနီးသို့ဆောင်ယူလတ်သော် နွားတို့ကို စောင့်ထိန်းသော နွားကျောင်းသားသည် သစ်ပင်ရင်း၌တည်သည်ဖြစ်စေ လွင်တီးခေါင်၌တည်သည်ဖြစ်စေ ဤသည်တို့ကား နွားတို့တည်းဟု သတိပြုရုံသာ ဖြစ်သကဲ့သို့ ဤအတူပင် ဤသည်တို့ကား တရားတို့တည်းဟု သတိပြုရုံသာ ဖြစ်၏။

၂၁၁။ ရဟန်းတို့ ငါသည် မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ (ငါ့အား) မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ၊ (ငါ၏)ကိုယ်သည် ပူပန်ခြင်းမရှိ၊ ငြိမ်းအေးပြီ၊ (ငါ၏) စိတ်သည် တခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ပြီ။ ရဟန်းတို့ ထို ငါသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော ပိတ်ပင်ခြင်း 'နီဝရဏ' ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ရောက်၍ နေခဲ့ပြီ။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေခဲ့ပြီ။

နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေခဲ့ပြီ၊ ချမ်းသာ 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစားခဲ့ပြီ၊ အကြင် (တတိယစျာန်)ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ငါသည် ထိုတတိယစျာန်သို့ ရောက်၍ နေခဲ့ပြီ။

http://www.dhammadownload.com



ချမ်းသာဆင်းရဲကိုပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာ မရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေခဲ့ပြီ။

၂၁၂။ ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ အသင့်ဖြစ်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၍သိသော'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၏။ ဤသည်တို့ကား အဘယ်နည်း၊ တဘဝ ကို၎င်း။ပ။ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့ခဲ့ပြီ။

ရဟန်းတို့ ငါသည် ညဉ့်ဦး 'ပဌမ'ယာမ်၌ ဤပဌမဖြစ်သော အသိဉာဏ်'ဝိဇ္ဇာ'ကို ရခဲ့ပြီ၊ မမေ့ မလျော့ပြင်းစွာအားထုတ်လျက်(နိဗ္ဗာန်)သို့ စေလွှတ်အပ်သောစိတ်ရှိသည်ဖြစ်၍နေသော သူအား မသိမှု'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ငါ့အား မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင် ပျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

၂၁၃။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ။ပ။အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏။ပ။ဤသို့အထူးသဖြင့် စင်ကြယ် သောလူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲ သတ္တဝါ ဖြစ်ပေါ်ဆဲ သတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသောသွားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိ၏။

ရဟန်းတို့ ငါသည် သန်းခေါင်'မဇ္ဈိမ'ယာမ်၌ ဤဒုတိယ ဖြစ်သော အသိဉာဏ်'ဝိဇ္ဇာ'ကို ရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာ အားထုတ်လျက်(နိဗ္ဗာန်သို့)စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော သူအား မသိမှု'အဝိဇ္ဇာ'ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်သကဲ့သို့ (ငါ့အား) မသိမှု'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်သကဲ့သို့ (ငါ့အား)အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

၂၁၄၊ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိ လတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါ တရားတို့ကို ကုန်စေသော

http://www.dhammadownload.com



'အာသဝက္ခယ'ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုညွတ်စေခဲ့ပြီ။ ထို ငါသည် "ဤကား ဆင်းရဲ" ဒုက္ခ ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ "ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်း ဒုက္ခသမုဒယ" ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) ဒုက္ခနိရောဓ" ဟု ဟုတ်မှန်သော အတိုင်းသိခဲ့ပြီ၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့် ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ"ဟု ဟုတ်မှန်သော အတိုင်းသိခဲ့ပြီ။ "ဤကား ယိုစီးခြင်း အာသဝတို့"ဟု ဟုတ်မှန် သော အတိုင်းသိခဲ့ပြီ၊ "ဤကား ယိုစီးခြင်းအာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း အာသဝ သမုဒယ"ဟု ဟုတ်မှန်သောအတိုင်း သိခဲ့ပြီ၊ "ဤကား ယိုစီးခြင်း အာသဝတို့ ချုပ်ရာ (နိဗ္ဗာန်) အာသဝနိရောဓ ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ၊ "ဤကား ယိုစီးခြင်း အာသဝတို့ ချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်းကျင့်စဉ် အာသဝနိရောဓဂါမိနိပဋိပဒါ"ဟု ဟုတ်မှန်သော အတိုင်း သိခဲ့ပြီ။ဤသို့သိသော ဤသို့မြင်သော ထိုငါဘုရား၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ် သော် လွတ်မြောက်လေပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိခဲ့ပြီ။

ရဟန်းတို့ ငါသည် မိုးသောက်'ပစ္ဆိမ'ယာမ်၌ ဤတတိယဖြစ်သော အသိဉာဏ်'ဝိဇ္ဇာ'ကိုရခဲ့ပြီ၊ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်)သို့စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍ နေသော သူအား မသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်သကဲ့သို့ ငါ့အားမသိမှု 'အဝိဇ္ဇာ' ပျောက်၍ အသိဉာဏ် 'ဝိဇ္ဇာ' ဖြစ်ပေါ်ခဲ့ပြီ၊ အမိုက်မှောင် ပျောက်၍ အလင်းရောင်ဖြစ်ပေါ် သကဲ့သို့ (ငါ့အား) အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

၂၁၅။ ရဟန်းတို့ ဥပမာသော်ကား တောအုပ်ကြီး၌ နိမ့်ရှိုင်းသော ညွန်အိုင်ကြီးကို များစွာ သော သားသမင်အပေါင်းသည်မှီ၍ နေရာ၏။ ထိုသားသမင်အပေါင်း၏ အကျိုးမဲ့ကိုရှင်း အစီး အပွါးမဲ့ကိုရှင်း ဘေးမကင်းခြင်းကိုရှင်း အလိုရှိသော တစုံတယောက်သော ယောကျ်ားသည် ရှိသည်ဖြစ်ရာ၏။ ထိုယောကျ်ားသည် ကောင်းကျိုးချမ်းသာကိုရှင်း နှစ်သက်ခြင်းကိုရှင်း ဖြစ်စေ တတ်သည့် ဘေးရန်ကင်းသောလမ်းကို ပိတ်လျက် မကောင်းသော လမ်းကိုဖွင့်ထားပြီးလျှင် တယ် သမင်ဖို တယ်သမင်မကို ထားရာ၏။ ရဟန်းတို့ ဤသို့လျှင် ထိုများစွာသော သားသမင်အပေါင်း သည် နောက်အခါ၌ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ထိုသားသမင်အပေါင်း၏ သာလျှင် အကျိုးကိုရှင်း အစီးအပွါးကိုရှင်း ဘေးကင်းခြင်းကိုရှင်း အလိုရှိသည့် တစုံတယောက် သော ယောကျ်ားသည် ရှိသည် ဖြစ်ရာ၏။ ထိုယောကျ်ားသည် ဘေးမရှိသော ကောင်းကျိုးချမ်း သာကိုရှင်း နှစ်သက်ခြင်းကိုရှင်း ဖြစ်စေတတ်သည့် ဘေးရန်ကင်းသော လမ်းကိုဖွင့်လျက် မကောင်းသော လမ်းကို ပိတ်ထားပြီးလျှင် တယ်သမင်ဖိုကို ဖယ်ရှား၍ တယ်သမင်မကို ဖျောက် ဖျက်ရာ၏။ ရဟန်းတို့ ဤသို့လျှင် ထိုများစွာသော သားသမင်အပေါင်းသည် နောက်အခါ၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ငါသည် အနက်သဘောကို ထင်ရှားစေခြင်းငှါ ဤဥပမာကိုပြု၏။ ဤဆိုလတ္တံ့သည်ကား ဤဥပမာ၌ (မှတ်သားဖွယ်ရာ) အနက်သဘောပေတည်း။

ရဟန်းတို့ နိမ့်ရှိုင်းသောညွန်အိုင်ကြီးဟူသော ဤအမည်သည် ကာမတို့၏အမည်တည်း။များစွာ သော သားသမင်အပေါင်းဟူသော ဤအမည်သည် သတ္တဝါတို့၏ အမည်တည်း။ ရဟန်းတို့ အကျိုး

http://www.dhammadownload.com



မှဲ့ကိုင်း အစီးအပွါးမဲ့ကိုင်း ဘေးမကင်းခြင်းကိုင်း အလိုရှိသည့်ယောကျ်ားဟူသော ဤအမည်သည် ယုတ်မာသော မာရ်နတ်၏ အမည်တည်း။ ရဟန်းတို့ မကောင်းသော လမ်းဟူသော ဤအမည်သည် အင်္ဂါရှစ်ပါးရှိသော မှားသောမဂ်၏ အမည်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော မှားသောမဂ်တို့ဟူသည်အဘယ်နည်း၊ မှားသောအမြင်,မှားသောအကြံအစည်, မှားသောစကား, မှားသောပြုမှု, မှားသောအသက်မွေးမှု, မှားသောအားထုတ်ခြင်းလုံ့လ, မှားသောအောက်မေ့ခြင်း, မှားသောတည်ကြည်ခြင်းတို့တည်း။ ရဟန်းတို့ တယ်သမင်ဖိုဟူသော ဤအမည်သည် နှစ်သက်တပ်စွန်းခြင်း 'နန္ဒီရာဂ'၏ အမည်တည်း။ ရဟန်းတို့ တယ်သမင်မဟူသော ဤအမည်သည် အဝိဇ္ဇာ၏ အမည်တည်း။ ရဟန်းတို့ အကျိုးကိုင်း အစီးအပွါးကိုင်း ဘေးကင်းခြင်းကိုင်း အလိုရှိသည့် ယောကျ်ားဟူသော ဤအမည်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ အမည်တည်း။ ရဟန်းတို့ ဘေးမရှိသော ကောင်းကျိုးချမ်းသာကိုင်း နှစ်သက်ခြင်းကိုင်း ဖြစ်စေတတ်သည့် ဘေးရန်ကင်းသော လမ်းဟူသော အမည်သည် အင်္ဂါရှစ်ပါးရှိသော မြတ်သောမဂ်၏ အမည်တည်း။ ဤအင်္ဂါရှစ်ပါးရှိသော မြတ်သောမဂ်တို့ဟူသည်ကား အဘယ်နည်း၊ မှန်ကန်သောဉာဏ်အမြင်, မှန်ကန်သောအကြံအစည်, မှန်ကန်သောစကား, မှန်ကန်သောအမှု, မှန်ကန်သောအသက်မွေးမှု, မှန်ကန်သော အားထုတ်ခြင်းလုံ့လ, မှန်ကန်သောအောက်မေ့ခြင်း, မှန်ကန်သောတည်ကြည်ခြင်းတို့တည်း။ ရဟန်းတို့ ဤသို့လျှင် ငါသည် ဘေးမရှိသော ကောင်းကျိုးချမ်းသာကိုင်း နှစ်သက်ခြင်းကိုင်း ဖြစ်စေတတ်သည့် ဘေးရန်ကင်းသောလမ်း 'အရိယမဂ်'ကိုဖွင့်၍ မကောင်းသောလမ်း(မိစ္ဆာမဂ်)ကိုပိတ်ထားပြီးလျှင် တယ်သမင်ဖို 'နန္ဒီရာဂ'ကို ဖယ်ရှားလျက် တယ်သမင်မ 'အဝိဇ္ဇာ'ကို ဖျောက်ဖျက်ထားခဲ့လေပြီ။

ရဟန်းတို့ တပည့်သာဝကတို့၏ အကျိုးစီးပွါးကို ရှာမှီးလိုလားလျက် အစဉ်သနားစိတ်ရှိသော ဆရာသည် အစဉ်သနားစိတ်ကိုစွဲ၍ ပြုသင့်ပြုထိုက်သော တာဝန်ကို သင်တို့အတွက် ငါဘုရားပြု ပြီးပြီ။ ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာဌာနတို့တည်း။ ရဟန်းတို့ကပ်၍ရှုကြကုန်လော့၊ သတိမမေ့လျော့ကြကုန်လင့်၊ နောက်အခါ၌ နှလုံးမသာမဖြစ်ကြကုန်လင့်။ ဤကား သင်တို့အတွက် ငါတို့၏ အဆုံးအမတည်းဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ကိုးခုမြောက် ဒွေဓာဝိတက္ကသုတ် ပြီး၏။

---

## ၁၀-ဝိတက္ကသဏ္ဌာနသုတ်

၂၁၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်း

http://www.dhammadownload.com



တို့”ဟု ခေါ်တော်မူ၏။“အသျှင်ဘုရား”ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ လွန်ကဲသော(ဝိဿနာအခြေခံဖြစ်သောသမာပတ်) စိတ်ကို အားထုတ်သော ရဟန်း သည် အကြောင်းငါးပါးတို့ကို ရံဖန်ရံခါ· နှလုံးသွင်းရမည်။ အကြောင်းငါးပါးတို့ဟူသည် အဘယ် တို့နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အကြောင်းတခုခုကို စွဲယူနှလုံးသွင်းသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ဖြစ်ကုန်၏။ရဟန်း တို့ ထိုရဟန်းသည် ထိုအကြောင်းမှ တပါး အခြားကုသိုလ်နှင့်ယှဉ်စပ်သော အကြောင်း ကို နှလုံး သွင်းရမည်။ထိုအကြောင်းမှ တပါး အခြားကုသိုလ်နှင့်ယှဉ်စပ်သော အကြောင်းကိုနှလုံးသွင်းသော ထိုရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့ သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကိုပယ်ခြင်းကြောင့် မိမိ သန္တာန်၌သာလျှင်စိတ်သည် ကောင်းစွာဘည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသောအာရုံ ရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဥပမာသော်ကား လိမ္မာသောလက်သမားသည်ငှင်း လက်သမား၏တပည့်သည်ငှင်း သေးငယ်သောသပ်စို့ဖြင့်ကြီးသောသပ်စို့ကိုရိုက်ရာ၏ ထုတ်ဆောင်ရာ၏၊လှပ်ချွတ်ရာ၏။ဤအတူပင် အကြောင်းတခုခုကိုစွဲ၍ နှလုံးသွင်းသောရဟန်းအား ရာဂ ဒေါသ မောဟနှင့်ယှဉ်စပ်သော ယုတ်ညံ့ သောအကုသိုလ် အကြံအစည်တို့သည် ဖြစ်ကုန်၏။ရဟန်းတို့ ထိုရဟန်းသည် ထိုအကြောင်းမှ တပါး အခြားကုသိုလ်နှင့်ယှဉ်စပ်သောအကြောင်းကို နှလုံးသွင်းရမည်။ ထိုအကြောင်းမှတပါး အခြား ကုသိုလ်နှင့် စပ်သောအကြောင်းကို နှလုံးသွင်းသော ထိုရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်ကိုပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။ (၁)

၂၁၇။ ရဟန်းတို့ ထိုအကြောင်းမှတပါး အခြားကုသိုလ်နှင့် ယှဉ်သော အကြောင်းကို နှလုံး သွင်းသော ထိုရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံ အစည်တို့သည်သာလျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့။ထိုရဟန်းသည် “ဤအကြောင်းကြောင့်လည်း ငါ၏ အကြံအစည်တို့သည် အကုသိုလ်တို့ဖြစ်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ငါ၏အကြံ အစည်တို့သည် အပြစ်နှင့်တကွ ဖြစ်ကုန်၏။ ဤအကြောင်းကြောင့်လည်း ငါ၏အကြံအစည်တို့ သည် ဆင်းရဲကျိုးကို ပေးနိုင်ကုန်၏”ဟု ထိုအကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်ရမည်။ ထိုအကြံအစည်တို့၏ အပြစ်ကိုစူးစမ်းဆင်ခြင်သော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ် သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက် ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဥပမာသော်ကား ငယ်ရွယ်နုပျို၍ အလှအပပြုပြင်လေ့ရှိသော မိန်းမသည်ငှင်း ယောကျ်ားသည်ငှင်း မြွေကောင်ပုပ်ကိုသော်ငှင်း ခွေးကောင်ပုပ်ကိုသော်ငှင်း လူကောင်ပုပ်ကို သော်ငှင်း လည်ပင်း၌ ဆွဲလာမူ ငြီးငွေ့ရှက်နိုး စက်ဆုပ်ရာသကဲ့သို့ ဤအတူပင် ထိုအကြောင်းမှ

http://www.dhammadownload.com



တပါးသော ကုသိုလ်နှင့် ယှဉ်စပ်သော အကြောင်းကို နှလုံးသွင်းသော ထိုရဟန်းအား ရာဂ ဒေါသ မောဟနှင့်ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည်သာလျှင် အကယ်၍ ဖြစ်ငြားအံ့၊ ထိုရဟန်းသည် "ဤအကြောင်းကြောင့်လည်း ငါ၏အကြံအစည်တို့သည် အကုသိုလ်တို့(ဖြစ်ကုန်၏)၊ ဤအကြောင်းကြောင့်လည်း ငါ၏အကြံအစည်တို့သည် အပြစ်နှင့်တကွ ဖြစ်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ငါ၏အကြံအစည်တို့သည် ဆင်းရဲကျိုးကို ပေးနိုင်ကုန်၏" ဟု ထိုအကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်ရမည်။ ထိုအကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်သော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။ (၂)

၂၁၈။ ရဟန်းတို့ ထိုအကြံအစည်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်သော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံ အစည်တို့သည်ပင်လျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ထိုရဟန်းသည် ထိုအကြံအစည်တို့ကို မအောက်မေ့ခြင်း နှလုံးမသွင်းခြင်းသို့ ရောက်ရမည်။ထိုအကြံအစည်တို့ကို မအောက်မေ့ခြင်း နှလုံးမသွင်းခြင်းသို့ ရောက်သော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံ ရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဥပမာသော်ကား မျက်စိအမြင်ရှိသော ယောကျ်ားသည် ထင်လာသောအဆင်းတို့ကိုမမြင်လိုငြားအံ့၊ ထိုယောကျ်ားသည် မျက်စိမှိတ်သော်လည်း မှိတ်ထားရာ၏၊ တပါးသို့သော်လည်း လှဲ့ယံကြည့်ရာသကဲ့သို့ ဤအတူပင် ထိုအကြံအစည်တို့၏ အပြစ်ကို ဆင်ခြင်သော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည်ပင်လျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုအကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်းသော အာရုံ ရှိ၏၊ တည်တံ့လေ၏။ (၃)

၂၁၉။ ရဟန်းတို့ ထိုအကြံအစည်တို့ကို မအောက်မေ့ခြင်း နှလုံးမသွင်းခြင်းသို့ ရောက်သော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည်ပင်လျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုရဟန်းသည် ထိုအကြံအစည်တို့၏ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းရမည်။ ထိုအကြံအစည်တို့ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် လျင်မြန်စွာ သွားရာ၏၊ ထိုယောကျ်ားအား "အဘယ့်ကြောင့် ငါသည်လျင်မြန်စွာသွားရအံ့နည်း၊ငါသည်ဖြည်းဖြည်းသွားရမူ ကောင်းပေမည်"

http://www.dhammadownload.com



ဟု စိတ်အကြံဖြစ်လျက် ဖြည်းဖြည်း သွား ပြန်ရာ၏။ "အဘယ့်ကြောင့် ငါသည် ဖြည်းဖြည်းသွား ရအံ့နည်း၊ ငါသည် ရပ်ရမူ ကောင်းပေမည်"ဟု စိတ်အကြံဖြစ်လျက် ရပ်ပြန်ရာ၏။ "အဘယ့် ကြောင့် ငါသည် ရပ်အံ့နည်း၊ ငါသည် ထိုင်ရမူ ကောင်းပေမည်"ဟု စိတ်အကြံဖြစ်လျက် ထိုင် ပြန်ရာ၏။ "အဘယ့်ကြောင့် ငါသည် ထိုင်ရအံ့နည်း၊ငါသည် အိပ်ရမူ ကောင်းပေမည်"ဟု စိတ်အကြံ ဖြစ်လျက် ထိုယောကျ်ားသည် အိပ်ပြန်ရာ၏။ ဤသို့လျှင် ထိုယောကျ်ားသည် ရုန့်ရင်းရုန့်ရင်းသော ဣရိယာပုထ်ကိုကြဉ်၍ သိမ်မွေ့ သိမ့်မွေ့သော ဣရိယာပုထ်ကို ပြုရာသကဲ့သို့ ဤအတူပင် ထိုအကြံ အစည်တို့ကို မအောက်မေ့ခြင်း နှလုံးမသွင်းခြင်းသို့ ရောက်သော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည်တို့သည်ပင်လျှင် အကယ်၍ ဖြစ်ကုန် ငြားအံ့၊ ထိုအကြံ အစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံ အစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် ကောင်းစွာတည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။ (၄)

၂၂၀။ ရဟန်းတို့ ထိုအကြံအစည်တို့၏ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းသော ရဟန်း အားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ပင်လျှင် ဖြစ်ကုန်ငြားအံ့၊ ထိုရဟန်းသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမည်၊ ဖျစ်ညှစ်ရမည်၊ ပင်ပန်းစေရမည်။ သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို နှိပ်သော ဖျစ်ညှစ်သော ပင်ပန်းစေ သော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ်အကြံအစည် တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံ အစည်တို့ကို ပယ်ခြင်း ကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည်ကောင်းစွာ တည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်း သော အာရုံရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဥပမာသော်ကား အားရှိသော ယောကျ်ားသည် အားနည်းသော ယောကျ်ားကို ဦးခေါင်း၌ဖြစ်စေ လည်မျို၌ဖြစ်စေ ပခုံး၌ဖြစ်စေ ကိုင်၍ဖိနှိပ်ရာ၏၊ ဖျစ်ညှစ်ရာ၏၊ ပင်ပန်းစေရာ၏။ ဤအတူပင်ထိုအကြံအစည်တို့၏ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းသော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည် တို့သည်ပင်လျှင် အကယ်၍ ဖြစ်ကုန်ငြားအံ့၊ ထိုရဟန်းသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမည်၊ ဖျစ်ညှစ်ရမည်၊ ပင်ပန်းစေရမည်။ သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သော ဖျစ်ညှစ်သော ပင်ပန်း စေသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံ အစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်း ကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခု တည်းသော အာရုံ ရှိ၏၊ တည်တံ့လေ၏။

၂၂၁။ ရဟန်းတို့ အကြင်အခါ၌ အကြောင်းတခုခုကို စွဲ၍ နှလုံးသွင်းသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ဖြစ်ကုန် ငြားအံ့၊ ထိုအကြောင်းမှတပါး အခြားကုသိုလ်နှင့် ယှဉ်စပ်သော အကြောင်းကို နှလုံးသွင်းသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်

http://www.dhammadownload.com



တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

ထိုဝိတက်တို့၏ အပြစ်ကို စူးစမ်းဆင်ခြင်သော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

ထိုအကြံအစည်တို့ကို မအောက်မေ့ခြင်း နှလုံးမသွင်းခြင်းသို့ ရောက်သောရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

ထိုအကြံအစည်တို့၏ ကြံစည်ကြောင်း၏ တည်ရာကို နှလုံးသွင်းသော ရဟန်းအားလည်း ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထိုအကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာတည်၏၊ ကောင်းစွာငြိမ်ဝပ်၏၊ တခုတည်းသော အာရုံရှိ၏၊ တည်တံ့လေ၏။

သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သော ဖျစ်ညှစ်သော ပင်ပန်းစေသော ရဟန်းအား ရာဂ ဒေါသ မောဟနှင့် ယှဉ်စပ်သော ယုတ်ညံ့သော အကုသိုလ် အကြံအစည်တို့သည် ကင်းပျောက်ကုန်၏၊ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ထို အကြံအစည်တို့ကို ပယ်ခြင်းကြောင့် မိမိသန္တာန်၌သာလျှင် စိတ်သည် ကောင်းစွာ တည်၏၊ ကောင်းစွာ ငြိမ်ဝပ်၏၊ တခုတည်းသော အာရုံ ရှိ၏၊ တည်တံ့လေ၏။

ရဟန်းတို့ ဤရဟန်းကို အကြံအစည်တို့၏ အလည့်အားဖြင့် ဖြစ်သော လမ်းကြောင်းတို့၌ လေ့ကျက်ပြီးသော ရဟန်းဟု ခေါ်ဆိုထိုက်၏၊ အကြင်အကြံအစည်ကို အလိုရှိအံ့၊ ထို အကြံအစည်ကို ကြံစည်လတ္တံ့။အကြင် အကြံအစည်ကို အလိုမရှိအံ့၊ထိုအကြံအစည်ကို မကြံစည်လတ္တံ့။ (ထိုရဟန်းသည်)တပ်မက်ခြင်းကို ဖြတ်ပြီးပြီ၊ နှောင်ဖွဲ့ခြင်း 'သံယောဇဉ်' ကို ဖြေပြီးပြီ၊ကောင်းစွာ မာနကို သိ(မြင် ပယ်ရှား)ခြင်းကြောင့် ဝဋ်ဆင်းရဲ၏အဆုံးကို ပြုပြီးဖြစ်လေပြီဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤ တရားကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ဆယ်ခုမြောက် ဝိတက္ကသဏ္ဌာနသုတ် ပြီး၏။

နှစ်ခုမြောက် သီဟနာဒဝဂ် ပြီး၏။

http://www.dhammadownload.com



## ထို သီဟနာဒဝဂ်၏ သုတ်အကျဉ်းချုပ်

စူဠသီဟနာဒသုတ်, မဟာသီဟနာဒသုတ်, မဟာဒုက္ခက္ခန္ဓသုတ်, စူဠဒုက္ခက္ခန္ဓသုတ်, အနုမာနသုတ်, စေတောခိလသုတ်, ဝနပတ္ထသုတ်, မဓုပိဏ္ဍိကသုတ်, ဒွေဓာဝိတက္ကသုတ်, တဖန်-ငါးပါးသော အကြောင်းတို့ကို ဆိုရာဖြစ်သော ဝိတက္ကသဏ္ဌာနသုတ် ဤသို့ အကြင်ဒုတိယဝဂ်ကို ဟောတော်မူအပ်၏။ ဤသည်ကား ထို ဒုတိယဝဂ်၏ အကျဉ်းချုပ်တည်း။

http://www.dhammadownload.com

# ၃-ဩပမ္မဝဂ်

## ၁-ကကစူပမသုတ်

၂၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့် အတူ စည်းမဲ့ ကမ်းမဲ့ (အလွန်ကြာမြင့်စွာ) ရောနှောလျက်နေ၏။ ဤဆိုလတ္တံ့သောနည်းဖြင့် အသျှင်မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့်အတူ ရောနှောလျက်နေ၏။ တစုံတယောက်သော ရဟန်းသည် အသျှင်မောဠိယဖဂ္ဂုန၏မျက်မှောက်၌ ထိုရဟန်းမိန်းမတို့၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင် အသျှင်မောဠိယဖဂ္ဂုနသည် အမျက်ထွက်လျက် နှလုံးမသာခြင်းရှိသဖြင့် ခိုက်ရန်ငြင်းခုံမှုကိုပြု၏။ တစုံတဦးသောရဟန်းသည် ထိုရဟန်းမိန်းမတို့၏မျက်မှောက်၌ အသျှင်မောဠိယဖဂ္ဂုန၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင်လည်း ထိုရဟန်းမိန်းမတို့သည် အမျက်ထွက်ကုန်လျက် နှလုံးမသာခြင်းရှိသဖြင့် ခိုက်ရန်ငြင်းခုံမှုကို ပြုကြကုန်၏။ ဤဆိုခဲ့သည့်အတိုင်း အသျှင်မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့်အတူ ရောနှောလျက်နေ၏။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်က—

"အသျှင်ဘုရား အသျှင်မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့်အတူ စည်းမဲ့ ကမ်းမဲ့(အလွန်ကြာမြင့်စွာ)ရောနှောလျက် နေပါသည်။ အသျှင်ဘုရား ဤဆိုလတ္တံ့သောနည်းဖြင့် မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့်အတူ ရောနှောလျက်နေပါသည်။ တစုံတဦးသောရဟန်းသည် အသျှင်မောဠိယဖဂ္ဂုန၏ မျက်မှောက်၌ ထိုရဟန်းမိန်းမတို့၏ ကျေးဇူးမဲ့ကိုပြောဆိုခဲ့လျှင် အသျှင်မောဠိယဖဂ္ဂုနသည် အမျက်ထွက်လျက် နှလုံးမသာခြင်းရှိသဖြင့် ခိုက်ရန် ငြင်းခုံမှုကို ပြုပါ၏။ တစုံတဦးသော ရဟန်းသည် ထိုရဟန်းမိန်းမတို့၏ မျက်မှောက်၌ အသျှင်မောဠိယဖဂ္ဂုန၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင် ထိုရဟန်းမိန်းမတို့သည် အမျက်ထွက်ကုန်လျက် နှလုံးမသာခြင်း ရှိသဖြင့် ခိုက်ရန် ငြင်းခုံမှုကို ပြုကြပါကုန်၏။ အသျှင်ဘုရား ဤဆိုခဲ့သည့်အတိုင်း အသျှင်မောဠိယဖဂ္ဂုနသည် ရဟန်းမိန်းမတို့နှင့်အတူ ရောနှောလျက်နေပါသည်"ဟု လျှောက်၏။

၂၂၃။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း သင်လာလော့၊ ငါ့အမိန့်ဖြင့် 'ငါ့သျှင်ဖဂ္ဂုန မြတ်စွာဘုရားက သင့်ကို ခေါ်တော်မူ၏'ဟု မောဠိယဖဂ္ဂုနရဟန်းကို သိစေလော့"ဟူ၍ မိန့်တော်မူ၏။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၍ အသျှင်မောဠိယဖဂ္ဂုနထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ဖဂ္ဂုန မြတ်စွာဘုရားက သင့်ကိုခေါ်တော်မူ၏"ဟု ပြောဆို၏။ "ကောင်းပါပြီ ငါ့သျှင်"ဟု ထိုရဟန်းအား ပြန်ကြား၍ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးလျက် သင့်တင့် လျောက်ပတ်သောနေရာ၌ ထိုင်နေသော အသျှင်မောဠိယဖဂ္ဂုနအား မြတ်စွာဘုရားသည်—

http://www.dhammadownload.com



ဖဂ္ဂုန သင်သည် ရဟန်းမိန်းမတို့နှင့်အတူ စည်းမဲ့ကမ်းမဲ့ (အလွန်ကြာမြင့်စွာ) ရောနှောလျက် နေသတတ်။ ဖဂ္ဂုန သင်သည် ဤဆိုလတ္တံ့သောနည်းဖြင့် ရဟန်းမိန်းမတို့နှင့်အတူ ရောနှောလျက် နေသတတ်။တစ်စုံတစ်ဦးသောရဟန်းသည် သင့်မျက်မှောက်၌ ထိုရဟန်းမိန်းမတို့၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင် သင်သည် အမျက်ထွက်လျက် နှလုံးမသာခြင်းရှိသဖြင့် ခိုက်ရန်ငြင်းခုံမှုကိုပြုသတတ်။ တစ်စုံတစ်ဦးသောရဟန်းသည် ထိုရဟန်းမိန်းမတို့၏ မျက်မှောက်၌ သင်၏ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင် ထိုရဟန်းမိန်းမတို့သည် အမျက်ထွက်ကုန်လျက် နှလုံးမသာခြင်းရှိသဖြင့် ခိုက်ရန်ငြင်းခုံမှုကို ပြုကြကုန်သတတ်။ဖဂ္ဂုန ဤဆိုခဲ့သည့်အတိုင်း သင်သည် ရဟန်းမိန်းမတို့နှင့်အတူ ရောနှော လျက်နေသတတ် ဟု ဤသို့ ကြားရသည်မှာ မှန်သလော ဟု မိန့်တော်မူ၏။

မှန်ပါသည် အသျှင်ဘုရားဟု လျှောက်ကြား၏။ဖဂ္ဂုန အမျိုးကောင်းသားဖြစ်သော သင်သည် ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည် မဟုတ်လော ဟု မိန့်တော် မူ၏။မှန်ပါသည် အသျှင်ဘုရားဟု လျှောက်ကြား၏။

၂၂၄။ ဖဂ္ဂုန ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သည့် အမျိုးကောင်းသားဖြစ်သော သင့်အား ရဟန်းမိန်းမတို့နှင့်အတူ စည်းမဲ့ ကမ်းမဲ့ (အလွန်ကြာ မြင့်စွာ)ရောနှောလျက်နေခြင်းသည် မလျှောက်ပတ်။

ဖဂ္ဂုန ထို့ကြောင့် တစ်စုံတယောက်သောသူသည် သင့်မျက်မှောက်၌ ထိုရဟန်းမိန်းမတို့၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့လျှင် သင်သည်(ဖြစ်ပေါ်လာမည့်) ကာမဂုဏ်တို့ကိုမှီသော အလိုဆန္ဒ ကာမဂုဏ်တို့ကိုမှီသော အကြံအစည်တို့ကို ပယ်စွန့်ရာ၏။ ဖဂ္ဂုန ထိုသို့ပယ်စွန့်ရာ၌လည်း သင်သည် ဤသို့ကျင့်ရမည် ''ငါ့စိတ်သည် ဖောက်ပြန်မှုမဖြစ်လတ္တံ့၊ယုတ်မာသောစကားကိုလည်း မမြွက်ဆိုအံ့၊ အစီးအပွါးဖြင့် ငဲ့ညှာလျက်လည်း မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြစ်မှားသောစိတ်မရှိပဲနေအံ့''ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။

ဖဂ္ဂုန ထို့ကြောင့် တစ်စုံတယောက်သောသူသည် သင့်မျက်မှောက်၌ ထိုရဟန်းမိန်းမတို့အား လက်ဖြင့်ပုတ်ခတ်ငြားအံ့၊ ခဲဖြင့်သော်လည်း ပစ်ခတ်ငြားအံ့၊ တုတ်ဖြင့်သော်လည်း ရိုက်ပုတ်ငြားအံ့၊ ဓားလက်နက်ဖြင့်သော်လည်း ထိုးခုတ်ငြားအံ့။ ဖဂ္ဂုန ထိုသို့ပြုရာ၌လည်း သင်သည် (ဖြစ်ပေါ် လာမည့်) ကာမဂုဏ်တို့ကိုမှီသော အလိုဆန္ဒ, ကာမဂုဏ်တို့ကိုမှီသော အကြံအစည်တို့ကို ပယ်စွန့် ရာ၏။ ထိုသို့ပယ်စွန့်ရာ၌လည်း သင်သည် ဤသို့ကျင့်ရမည်၊ ''ငါ့စိတ်သည် ဖောက်ပြန်မှုမဖြစ်လတ္တံ့၊ ယုတ်မာသော စကားကိုလည်း မမြွက်ဆိုအံ့၊ အစီးအပွါးဖြင့် ငဲ့ညှာလျက်လည်း မေတ္တာစိတ်ရှိသည် ဖြစ်၍ ပြစ်မှားသောစိတ် မရှိပဲနေအံ့''ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။

ဖဂ္ဂုန ထို့ကြောင့် တစ်စုံတယောက်သောသူသည် သင့်မျက်မှောက်၌ သင်၏ကျေးဇူးမဲ့ကိုပြော ဆိုခဲ့လျှင် သင်သည် ဖြစ်ပေါ်လာမည့် ကာမဂုဏ်တို့ကိုမှီသော အလိုဆန္ဒ, ကာမဂုဏ်တို့ကိုမှီသော အကြံအစည်တို့ကို ပယ်စွန့်ရာ၏။ထိုသို့ပယ်စွန့်ရာ၌လည်း သင်သည် ဤသို့ ကျင့်ရမည်၊ ''ငါ့စိတ် သည် ဖောက်ပြန်မှုမဖြစ်လတ္တံ့၊ ယုတ်မာသော စကားကိုလည်း မမြွက်ဆိုအံ့၊ အစီးအပွါးဖြင့် ငဲ့ညှာလျက်လည်း မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြစ်မှားသောစိတ် မရှိပဲနေအံ့''ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်။

ဖဂ္ဂုန ထို့ကြောင့် သင့်အား တစ်စုံတယောက်သောသူသည် လက်ဖြင့် ပုတ်ခတ်ငြားအံ့၊ ခဲဖြင့် သော်လည်း ပစ်ခတ်ငြားအံ့၊ တုတ်ဖြင့်သော်လည်း ရိုက်ပုတ်ငြားအံ့၊ ဓားလက်နက်ဖြင့်သော်

http://www.dhammadownload.com



လည်းထိုးခုတ်ငြားအံ့၊ထိုသို့ပြုရာ၌လည်း သင်သည် ဖြစ်ပေါ်လာမည့် ကာမဂုဏ်တို့ကိုမှီသော အလို ဆန္ဒ, ကာမဂုဏ်တို့ကိုမှီသော အကြံအစည်တို့ကို ပယ်စွန့်ရာ၏။ထိုသို့ပယ်စွန့်ရာ၌လည်း သင်သည် ဤသို့ ကျင့်ရမည်၊ "ငါ့စိတ်သည် ဖောက်ပြန်မှုမဖြစ်လတ္တံ့၊ ယုတ်မာသော စကားကိုလည်း မမြွက်ဆိုအံ့၊ အစီးအပွါးဖြင့် ငဲ့ညှာလျက်လည်း မေတ္တာစိတ်ရှိသည်ဖြစ်၍ ဖြစ်မှားသောစိတ် မရှိပဲနေအံ့"ဟု ဤသို့လျှင် သင်သည် ကျင့်ရမည်ဟု ဟောကြားတော်မူ၏။

၂၂၅။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—ရဟန်းတို့ အခါတပါး၌ ရဟန်းတို့သည် ငါ့စိတ်ကို နှစ်သက်စေကုန်ဘိ၏တကား။ ရဟန်းတို့ ဤအချိန်က ငါသည် ရဟန်းတို့ကို "ရဟန်းတို့ ငါသည် တထပ်တည်းသာ စားအပ်သော ဘောဇဉ်ကို ဘုဉ်းပေး၏၊ရဟန်းတို့ ငါသည် တထပ်တည်းသာ စားအပ်သော ဘောဇဉ်ကို ဘုဉ်းပေးသော် အနာရောဂါကင်းသည်၏အဖြစ်, ကျန်းမာသည်၏အဖြစ်, ပေါ့ပါးသန်စွမ်းသည်၏အဖြစ် ချမ်းသာစွာနေရသည်၏အဖြစ်ကို ကောင်းစွာ သိ၏။ရဟန်းတို့ လာကြကုန်၊သင်တို့လည်း တထပ်တည်းသာ စားအပ်သော ဘောဇဉ်ကိုစားကြကုန်လော့၊ သင်တို့လည်း တထပ်တည်းသာ စားအပ်သော ဘောဇဉ်ကို စားကြသောကြောင့် အနာရောဂါကင်းသည်၏အဖြစ် ကျန်းမာသည်၏အဖြစ် ပေါ့ပါးသန်စွမ်းသည်၏အဖြစ် ချမ်းသာစွာနေရသည်၏အဖြစ်ကို ကောင်းစွာ သိကြကုန်လတ္တံ့"ဟု မိန့်တော်မူ၏။ ရဟန်းတို့ ငါသည် ထိုရဟန်းတို့၌ ဆုံးမမှုကိုပြုခဲ့ရသည်မဟုတ်၊ သတိပေးရုံမျှသာ ဖြစ်ခဲ့၏။

ရဟန်းတို့ ဥပမာသော်ကား မြေညီ၍ လမ်းလေးခွဆုံရာ လမ်းမကြီး၌ လက်လှမ်းမှီ ထားအပ်သော နှင်တံရှိသော(အာဇာနီ)မြင်းကသော ရထားသည် ကလျက်တည်ရာ၏။ ဆုံးမသင့်သောမြင်းတို့ကို ဆုံးမတတ်သော ကျွမ်းကျင်သူ မြင်းဆရာသည် ထိုရထားကို တက်စီးပြီးလျှင် လက်ဝဲလက်ဖြင့် ကြိုးတို့ကို ကိုင်၍ လကျ်ာလက်ဖြင့် နှင်တံကိုကိုင်လျက် အလိုရှိရာလမ်းသို့ အလိုရှိတိုင်း ဖြောင့်ဖြောင့်လည်း မောင်းနှင်ရာသကဲ့သို့ ပြန်လှည့်၍လည်း မောင်းနှင်ရာသကဲ့သို့ ဤအတူပင် ငါမှာ ထိုရဟန်းတို့၌ ဆုံးမမှုကိုပြုခဲ့ရသည်မဟုတ်၊ သတိပေးရုံမျှသာ ဖြစ်ခဲ့၏။ ထို့ကြောင့် သင်တို့သည်လည်း အကုသိုလ်ကို ပယ်စွန့်ကြကုန်၊ ကုသိုလ်တရားတို့၌ အားထုတ်ခြင်းကိုပြုကြကုန်။ ဤသို့ အားထုတ်ကြကုန်သော် သင်တို့သည်လည်း ဤသာသနာတော်၌ ကြီးပွါး စည်ပင်ပြန့်ပြောခြင်းသို့ ရောက်ကြကုန်လတ္တံ့။

ရဟန်းတို့ ဥပမာသော်ကား ရွာနိဂုံးတို့၏ မနီးမဝေး၌ အင်ကြင်းတောကြီးသည် ရှိ၏၊ ထိုအင်ကြင်းတောကြီးကို ကြက်ဆူပင်တို့ဖြင့် ဖုံးလွှမ်းရာ၏။ ထိုတော၏အကျိုးစီးပွါးနှင့် ဘေးကင်းမှုကိုအလိုရှိသည့် တစုံတယောက်သောလူသည် ရှိလေရာ၏။ ထိုလူသည် ကောက်ကွေးသော အင်ကြင်းပင်ပျို ဩဇာကင်းသော အင်ကြင်းပင်တို့ကို ဖြတ်တောက်၍ အပသို့ထုတ်ဆောင်ပြီးလျှင် တောအတွင်း၌ ကောင်းစွာ ရှင်းလင်း သုတ်သင်ရာ၏၊ ဖြောင့်သော အင်ကြင်းပင် ကောင်းစွာပေါက်သော အင်ကြင်းပင်ပျိုတို့ကို ကြီးပွါးအောင် ပြုစုရာ၏။ ရဟန်းတို့ ဤသို့ သုတ်သင်ပြုစုခဲ့သော် ထိုအင်ကြင်းတောသည် နောက်အခါ၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ရာသကဲ့သို့ ဤအတူပင် သင်တို့သည်လည်း အကုသိုလ်ကို ပယ်စွန့်ကြကုန်၊ ကုသိုလ်တရားတို့၌ အားထုတ်ခြင်းကို ပြုကြကုန်။ဤသို့ အားထုတ်ကြကုန်သော် သင်တို့သည်လည်း ဤသာသနာတော်၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်လတ္တံ့။

http://www.dhammadownload.com



၂၂၆။ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ဤသာဝတ္ထိပြည်၌ပင်လျှင် ဝေဒေဟိကာမည်သော အိမ်ရှင်မသည်ရှိ၏။ "ဝေဒေဟိကာအိမ်ရှင်မသည် နူးညံ့သိမ်မွေ့၏၊ နှိမ့်ချတတ်၏၊ငြိမ်းအေးမှုရှိ၏" ဟု ဝေဒေဟိကာမည်သော အိမ်ရှင်မ၏ သတင်းကောင်း ကျော်စောသံသည် ပျံ့နှံ့ သွားလေ၏။ ရဟန်းတို့ ဝေဒေဟိကာအိမ်ရှင်မအား ကျွမ်းကျင်လိမ္မာ၍ ပျင်းရိခြင်းမရှိပဲ အိမ်မှုကိစ္စကို ကောင်းစွာ ပြုစီရင်တတ်သည့် ကာဠီမည်သော ကျွန်မသည် ရှိ၏။ ထိုအခါ ကာဠီကျွန်မအား ဤသို့ အကြံဖြစ်၏၊ "ဝေဒေဟိကာအိမ်ရှင်မသည် နူးညံ့သိမ်မွေ့၏၊နှိမ့်ချတတ်၏၊ငြိမ်းအေးမှုရှိ၏" ဟု ဤသို့ ငါ့အရှင်မ၏ သတင်းကောင်း ကျော်စောသံသည် ပျံ့နှံ့၍တက်၏။အသို့နည်း ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသရှိလျက်သာလျှင် ထင်စွာ မပြုသလော၊ သို့မဟုတ် မရှိ၍ပင် ထင်စွာမပြုသလော၊ သို့မဟုတ် ငါကပင် ထိုအိမ်မှုကိစ္စတို့ကို ကောင်းစွာ ပြုစီရင်သောကြောင့် ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသရှိလျက်သာလျှင် ထင်စွာမပြု၊ မရှိသောကြောင့် ထင်စွာမပြုခြင်း မဟုတ်လေသလော။ ငါသည် အရှင်မကို စုံစမ်းရမူ ကောင်းပေမည်"ဟု (အကြံဖြစ်၏)။ ရဟန်းတို့ ထိုအခါ ကာဠီကျွန်မသည် နေမြင့်မှ ထ၏။ ထိုအခါ ဝေဒေဟိကာအိမ်ရှင်မသည် ကာဠီကျွန်မကို "ဟယ် ကျွန်မကာဠီ"ဟု ခေါ်၏။ အရှင်မ အဘယ်ပါနည်းဟု ပြန်ကြား၏။ ကျွန်မ အဘယ့်ကြောင့် နေမြင့်မှ ထသနည်းဟု မေး၏။အရှင်မ တစုံတခုသောအကြောင်းမရှိပါဟု ပြန်ကြား၏။ "သယ် တစုံတခုသောအကြောင်း စင်စစ်မရှိပဲ ကျွန်ယုတ်မသည် နေမြင့်မှထရာသလော"ဟု(ဆိုကာ) အမျက်ထွက်လျက် မနှစ်သက်သောစိတ်ရှိသည်ဖြစ်၍ မျက်မှောင်ကြုတ်ခြင်းကို ပြု၏။

ရဟန်းတို့ ထိုကာဠီကျွန်မအား ဤသို့ အကြံဖြစ်၏၊ "ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသ ရှိလျက်သာလျှင် ထင်စွာမပြုခြင်း ဖြစ်ခဲ့၏၊ မရှိသောကြောင့် ထင်စွာ မပြုသည်ကား မဟုတ်။ ငါသည်ပင်လျှင် ထိုအိမ်မှုကိစ္စတို့ကို ကောင်းစွာ ပြုစီရင်သောကြောင့် ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသရှိလျက်သာလျှင် ထင်စွာမပြုခြင်း ဖြစ်ခဲ့၏၊ မရှိသောကြောင့် ထင်စွာ မပြုသည်မဟုတ်။ ထို့ထက်အလွန် အရှင်မကို စုံစမ်းရမူ ကောင်းပေမည်"ဟု(အကြံ ဖြစ်၏)။

ရဟန်းတို့ ထို့နောက် ကာဠီကျွန်မသည် အလွန်နေမြင့်မှသာလျှင် ထ၏။ ထိုအခါ ဝေဒေဟိကာ အိမ်ရှင်မသည် ကာဠီကျွန်မကို "ဟယ် ကျွန်မကာဠီ"ဟု ခေါ်၏။ အရှင်မ အဘယ်ပါနည်းဟု ပြန်ကြား၏။ "ကျွန်မ အဘယ့်ကြောင့် နေမြင့်မှ ထသနည်း"ဟု မေး၏။ အရှင်မ တစုံတခုသော အကြောင်းမရှိပါဟု ပြန်ကြား၏။"သယ် တစုံတခုသောအကြောင်း စင်စစ်မရှိပဲ ကျွန်ယုတ်မသည် နေမြင့်မှထရာသလော"ဟု( ဆိုကာ) အမျက်ထွက်လျက် မနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မနှစ်မြို့ဖွယ်စကားကို ပြောဆို၏။ ရဟန်းတို့ ထိုအခါ ကာဠီကျွန်မအား ဤသို့ အကြံဖြစ်ပြန်၏၊ "ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသ ရှိလျက်သာလျှင် ထင်စွာမပြုခြင်း ဖြစ်ခဲ့၏၊ မရှိသောကြောင့် ထင်စွာ မပြုသည် မဟုတ်ပေ။ ငါသည်ပင်လျှင် ထိုအိမ်မှုကိစ္စတို့ကို ကောင်းစွာ ပြုစီရင်သောကြောင့် ငါ့အရှင်မသည် မိမိသန္တာန်၌ အမျက်ဒေါသ ရှိလျက်သာလျှင် ထင်စွာ မပြုခြင်း ဖြစ်ခဲ့၏၊ မရှိသောကြောင့် ထင်စွာ မပြုသည် မဟုတ်။ ထို့ထက်အလွန် အရှင်မကို စုံစမ်းရမူ ကောင်းပေမည်" ဟု (အကြံ ဖြစ်ပြန်၏)။ ရဟန်းတို့ ထို့နောက် ကာဠီကျွန်မသည် အလွန်နေမြင့်မှသာလျှင် ထ၏။ ထိုအခါ ဝေဒေဟိကာအိမ်ရှင်မသည် ကာဠီကျွန်မကို "ဟယ် ကျွန်မ ကာဠီ" ဟု ခေါ်၏။ အရှင်မ အဘယ်ပါနည်းဟု ပြန်ကြား၏။ ကျွန်မ အဘယ့်ကြောင့် နေမြင့်မှ ထသနည်းဟု မေး၏။ အရှင်မ တစုံတခုသော အကြောင်းမရှိပါ ဟု ပြန်ကြား၏၊ "သယ် တစုံတခု

http://www.dhammadownload.com



သော အကြောင်းစင်စစ်မရှိပဲ ကျွန်ယုတ်မသည် နေမြင့်မှ ထရသလော" ဟု ဆိုကာ အမျက်ထွက်လျက် မနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ တံခါးကျည်းမင်းတုပ်ဖြင့် ဦးခေါင်းကို ရိုက်နှက်သောကြောင့် ဦးခေါင်း ကွဲလေ၏။ ရဟန်းတို့ ထိုအခါ ကာဠီကျွန်မသည် ဦးခေါင်းကွဲသည်ဖြစ်၍ သွေးစီးကျလျက် "အရှင်မတို့ နူးညံ့သိမ်မွေ့သူ၏ ပြုမူပုံကို ကြည့်ရှုကြပါကုန်၊ အရှင်မတို့ နှိမ့်ချတတ်သူ၏ ပြုမူပုံကို ကြည့်ရှုကြပါကုန်၊ အရှင်မတို့ ငြိမ်းအေးမှုရှိသူ၏ ပြုမူပုံကို ကြည့်ရှုကြပါကုန်၊ အဘယ့်ကြောင့်လျှင် တယောက်တည်းသော ကျွန်မအား'နေမြင့်မှ ထသနည်း'ဟု အမျက်ထွက်လျက် မနှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သင့်ဦးခေါင်းကွဲပေတော့ ဟု တံခါးကျည်း မင်းတုပ်ဖြင့် ဦးခေါင်းကို ရိုက်ရက်ဘိသနည်း"ဟု အိမ်နီးချင်းတို့ကို တိုင်တန်း ပြောဆို၏။

ရဟန်းတို့ နောင်အခါ၌ "ဝေဒေဟိကာအိမ်ရှင်မသည် ကြမ်းတန်းသူတည်း၊ နှိမ့်ချသူမဟုတ်၊ ငြိမ်းအေးသူ မဟုတ်" ဟု ဝေဒေဟိကာအိမ်ရှင်မ၏ သတင်းဆိုး ကျော်စောသံသည် ပျံ့နှံ့သွားလေ၏။

ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ မတွေ့ထိသေးသမျှ အလွန်နူးညံ့သူ အလွန် နှိမ့်ချသူ အလွန် ငြိမ်းအေးသူ ဖြစ်တတ်၏။ ရဟန်းတို့ စိတ်မနှစ်သက်ဖွယ် စကားလမ်းကြောင်းများ တွေ့ထိသောအခါမှသာလျှင် ရဟန်းကို နူးညံ့သူ နှိမ့်ချသူ ငြိမ်းအေးသူဟု သိရမည်။ ရဟန်းတို့ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဟူသော အကြောင်းကြောင့် အပြောအဆိုလွယ်သူ၏ အဖြစ်သို့ ရောက်သော ရဟန်းကို အပြောအဆိုလွယ်သူဟု ငါမဆိုပေ။ ထိုသို့ မဆိုခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုရဟန်းသည် ထိုသင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်တို့ကို မရသည်ရှိသော် အပြောအဆို လွယ်သူ၏ အဖြစ်သို့ မရောက်သောကြောင့်တည်း။ ရဟန်းတို့ တရားကိုသာလျှင် အရိုအသေပြုလျက် တရားကိုသာလျှင် အလေးပြုလျက် တရားကိုသာလျှင် မြတ်နိုးပူဇော်လျက် တုပ်ဝပ်ရိုကျိုးလျက် အပြောအဆိုလွယ်သူ၏ အဖြစ်သို့ ရောက်သော ရဟန်းကိုသာလျှင် အပြောအဆို လွယ်သူဟု ငါဆိုပေ၏။ ထို့ကြောင့် "တရားကိုသာလျှင် အရိုအသေပြုလျက် တရားကိုသာလျှင် အလေးပြုလျက် တရားကိုသာလျှင် မြတ်နိုးပူဇော်လျက် တုပ်ဝပ်ရိုကျိုးလျက် အပြောအဆိုလွယ်သူ ဖြစ်ကြကုန်အံ့၊ အပြောအဆိုလွယ်သူ၏ အဖြစ်သို့ ရောက်ကြကုန်အံ့" ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်။

၂၂၇။ ရဟန်းတို့ သင့်လျော်သော အခါအားဖြင့်၎င်း မသင့်လျော်သော အခါအားဖြင့်၎င်း ဟုတ်မှန်သော အားဖြင့်၎င်း မဟုတ်မှန်သောအားဖြင့်၎င်း သိမ်မွေ့သောအားဖြင့်၎င်း ကြမ်းတမ်းသောအားဖြင့်၎င်း အကျိုး (အကြောင်း)နှင့် စပ်သောအားဖြင့်၎င်း အကျိုး (အကြောင်း)နှင့် မစပ်သောအားဖြင့်၎င်း မေတ္တာစိတ် ရှိကုန်၍၎င်း ပြစ်မှားသော စိတ်ရှိကုန်၍၎င်း သင်တို့ကို သူတပါးတို့က ပြောဆိုမှု ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့ကား ဤဆိုမည့် ငါးပါးတို့တည်း။

ရဟန်းတို့ သင့်လျော်သောအခါအားဖြင့်ဖြစ်စေ မသင့်လျော်သော အခါအားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ ဟုတ်မှန်သော အားဖြင့်ဖြစ်စေ မဟုတ်မမှန်သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ သိမ်မွေ့သောအားဖြင့်ဖြစ်စေ ကြမ်းတမ်းသောအားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ အကျိုး (အကြောင်း)နှင့် စပ်သောအားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ အကျိုး (အကြောင်း)နှင့် စပ်သော

http://www.dhammadownload.com



အားဖြင့်ဖြစ်စေ အကျိုး(အကြောင်း)နှင့် မစပ်သောအားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ မေတ္တာစိတ် ရှိကုန်၍ ဖြစ်စေ ပြစ်မှားသော စိတ်ရှိကုန်၍ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏။ ရဟန်းတို့ ထိုသို့ (ပြောဆိုရာ) စကားလမ်းကြောင်းတို့၌လည်း သင်တို့သည် ဤသို့ ကျင့်ရမည်၊ "ငါတို့၏ စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့၊ ယုတ်ညံ့သော စကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွါးဖြင့် ငဲ့ညှာကြကုန်လျက်လည်း မေတ္တာစိတ် ရှိကြကုန်၍ ပြစ်မှားသောစိတ် မရှိကြပဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏ အဖြစ်သို့ရောက်သော အပိုင်းအခြားပမာဏ မရှိသော ရန်မရှိသော ဆင်းရဲခြင်း မရှိသော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့"ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်။

၂၂၈။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ပေါက်တူး ခြင်းတောင်းကိုယူ၍ လာပြီးလျှင် "ငါသည် ဤမြေကြီးကို မြေကြီးမဟုတ်အောင် ပြုတော့အံ့" ဟု ပြောဆိုရာ၏။ ထိုယောကျ်ားသည် "မြေကြီး မဟုတ်သည် ဖြစ်လော့၊ မြေကြီးမဟုတ်သည် ဖြစ်လော့"ဟု ထိုထို အရပ်၌ တူးဆွရာ၏၊ ထိုထိုအရပ်၌ ကြဲဖြန့်ရာ၏၊ ထိုထိုအရပ်၌ တံတွေး ထွေးရာ၏၊ ထိုထိုအရပ်၌ ကျင်ငယ်စွန့်ရာ၏။ ရဟန်းတို့ ထိုအကြောင်းကို အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ ထို ယောကျ်ားသည် ဤမြေကြီးကို မြေကြီးမဟုတ်အောင် ပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအကြောင်းသည် မဖြစ်နိုင်ပါ။ ထိုသို့ မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း။

အသျှင်ဘုရား ဤမြေကြီးသည် ထုထည် ထူထည်း၍ (အနန္တ) အပိုင်းအခြား ပမာဏ မရှိသော ကြောင့် ထိုမြေကြီးကို မြေကြီးမဟုတ်အောင် ပြုရန် မလွယ်ပါ။ ထိုယောကျ်ားသည် ပင်ပန်းရုံ ဆင်းရဲရုံမျှသာ ဖြစ်ရာပါ၏ ဟု (လျှောက်ကြားကြကုန်၏)။ ရဟန်းတို့ ဤအတူပင် သင့်လျော်သောအခါအားဖြင့်ရင်း မသင့်လျော်သောအခါအားဖြင့်ရင်း ဟုတ်မှန်သောအားဖြင့်ရင်း မဟုတ်မှန်သောအားဖြင့်ရင်း သိမ်မွေ့ (ပြေပြစ်) သောအားဖြင့်ရင်း ကြမ်းတမ်းသောအားဖြင့်ရင်း အကျိုးအကြောင်းနှင့် စပ်သောအားဖြင့်ရင်း အကျိုး (အကြောင်း)နှင့် မစပ်သောအားဖြင့်ရင်း မေတ္တာစိတ်ရှိကုန်၍ရင်း ပြစ်မှားသော စိတ်ရှိကုန်၍ရင်း သင်တို့ကို သူတပါးတို့က ပြောဆိုမှု ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့သည် ဤငါးပါးတို့တည်း။

ရဟန်းတို့ သင့်လျော်သောအခါအားဖြင့်ဖြစ်စေ မသင့်လျော်သောအခါအားဖြင့် ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ ဟုတ်မှန်သောအားဖြင့်ဖြစ်စေ မဟုတ်မမှန်သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ ရဟန်းတို့ သိမ်မွေ့ (ပြေပြစ်) သော အားဖြင့်ဖြစ်စေ ကြမ်းတမ်းသောအားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ အကျိုး (အကြောင်း)နှင့် စပ်သော အားဖြင့် ဖြစ်စေ အကျိုး (အကြောင်း)နှင့် မစပ်သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏၊ မေတ္တာစိတ် ရှိကုန်၍ဖြစ်စေ ပြစ်မှား သောစိတ်ရှိကုန်၍ဖြစ်စေ သူတပါးတို့က ပြောဆိုမှု ပြောဆိုကုန်ရာ၏။ ရဟန်းတို့ ထို(သို့ ပြောဆို ရာ) စကားလမ်းကြောင်းတို့၌လည်း သင်တို့သည် ဤသို့ ကျင့်ရမည်၊ "ငါတို့၏ စိတ်သည် ဖောက် ပြန်မှု မဖြစ်လတ္တံ့၊ ယုတ်ညံ့သောစကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွါးဖြင့် ငဲ့ညှာကြ ကုန်လျက်လည်း မေတ္တာစိတ်ရှိကုန်၍ ပြစ်မှားသောစိတ်မရှိကြပဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါ အားလုံးကိုလည်း

http://www.dhammadownload.com



ထိုမေတ္တာစိတ်အာရုံပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ ရောက်သော အပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိသော မြေကြီးနှင့်တူသောစိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့”ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်။

၂၂၉။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ချိပ်ရည်ကိုဖြစ်စေ အဝါရည်ကိုဖြစ်စေ အညိုရည်ကိုဖြစ်စေ နီမောင်းသော ဆေးရည်ကိုဖြစ်စေ ယူ၍ “ငါသည် ဤကောင်းကင်၌ အရုပ်ကို ရေးအံ့၊ အရုပ်ကို ထင်ရှားဖြစ်အောင်ပြုအံ့”ဟု ဤသို့ ပြောဆိုရာ၏။ ရဟန်းတို့ ထိုအကြောင်းကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ထိုယောကျ်ားသည် ဤကောင်းကင်၌ အရုပ်ကို ရေးနိုင်ရာသလော၊ အရုပ်ကိုထင်ရှားဖြစ်အောင် ပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအကြောင်းသည် မဖြစ်နိုင်ပါ၊ထိုသို့ မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အသျှင်ဘုရား ဤကောင်းကင်သည် အဆင်းပုံသဏ္ဌာန်ရှိသည် မဟုတ်ပါ၊ မြင်ကောင်းသောအရာလည်း မဟုတ်ပါ ထိုကောင်းကင်၌ အရုပ်ကို ရေးရန် အရုပ်ကို ထင်ရှားဖြစ်အောင် ပြုရန်မလွယ်ပါ၊ ထိုယောကျ်ားသည် ပင်ပန်းရုံ ဆင်းရဲရုံမျှသာ ဖြစ်ရာပါ၏ဟု (လျှောက်ကြားကြကုန်၏)။ ရဟန်းတို့ ဤအတူပင် သင့်လျော်သော အခါအားဖြင့်ဖြစ်စေ မသင့်လျော်သော အခါအားဖြင့်ဖြစ်စေ သင်တို့ကို သူတပါးတို့က ပြောဆိုမှု ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့သည် ဤငါးပါးတို့တည်း။ပ။

အကြင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ ရောက်သော အပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိသောကောင်းကင်နှင့်တူသော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့”ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်။

၂၃၀။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ရဲရဲတောက်သော မြက်မီးရှူးကိုယူပြီးလျှင် “ငါသည် ရဲရဲတောက်သော ဤမြက်မီးရှူးဖြင့် ဂင်္ဂါမြစ်ကို ပူလောင်စေအံ့၊ ထက်ဝန်းကျင်ပူလောင်စေအံ့”ဟု ဤသို့ ပြောဆိုရာ၏။ ရဟန်းတို့ ထိုအကြောင်းကို အဘယ်သို့ ထင်မှတ်ကြကုန်သနည်း၊ ထိုယောကျ်ားသည် ရဲရဲတောက်သော မြက်မီးရှူးဖြင့် ဂင်္ဂါမြစ်ကို ပူလောင်စေနိုင်ရာသလော၊ ထက်ဝန်းကျင် ပူလောင်စေနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား ဤအကြောင်းသည် မဖြစ်နိုင်ပါ။ ထိုသို့ မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အသျှင်ဘုရား ဂင်္ဂါမြစ်သည် နက်စောက်၍ အပိုင်းအခြား ပမာဏမရှိ၊ ထို့ကြောင့် ထိုဂင်္ဂါမြစ်ကို ရဲရဲတောက်သော မြက်မီးရှူးဖြင့် ပူလောင်စေရန် ထက်ဝန်းကျင်ပူလောင်စေရန် မလွယ်ပါ။ ထိုယောကျ်ားသည် ပင်ပန်းရုံ ဆင်းရဲရုံမျှသာ ဖြစ်ရာပါ၏ဟု (လျှောက်ကြားကြကုန်၏)။ ရဟန်းတို့ ဤအတူပင် သင့်လျော်သော အခါအားဖြင့်ဖြစ်စေ မသင့်လျော်သော အခါအားဖြင့်ဖြစ်စေ သင်တို့ကို သူတပါးတို့က ပြောဆိုမှု ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့သည် ဤငါးပါးတို့တည်း။ပ။အကြင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ ရောက်သော အပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်း မရှိသော ဂင်္ဂါမြစ်နှင့် တူသော စိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့”ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်။

၂၃၁။ ရဟန်းတို့ ဥပမာသော်ကား အတွင်းအပြင် ထက်ဝန်းကျင်မှ ကောင်းစွာနယ်ထားသော လဲနှင့်တူသော ကျွီကျွီမြည်မြည် အသံမမြည်သော နူးညံ့သော ကြောင်ရေအိတ်သည် ရှိရာ၏။ ထိုအခါ ယောကျ်ားသည် တုတ်ချောင်းကိုဖြစ်စေ အိုးခြမ်းကွဲကိုဖြစ်စေ ယူပြီးလျှင် “ငါသည် အတွင်းအပြင် ထက်ဝန်းကျင်မှ ကောင်းစွာ နယ်ထားသော လဲနှင့်တူသော ကျွီကျွီမြည်မြည် အသံမမြည်သော

http://www.dhammadownload.com



နူးညံ့သော ဤကြောင်ရေအိတ်ကို တုတ်ချောင်းဖြင့်၎င်း အိုးခြမ်းကွဲဖြင့်၎င်း ကျွိကျွိစြိစြိအသံကို ပြုအံ့”ဟု ပြောဆိုရာ၏။ ရဟန်းတို့ ထိုအကြောင်းကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ထို ယောကျ်ားသည် အတွင်းအပြင် ထက်ဝန်းကျင်မှ ကောင်းစွာနယ်ထားသော လဲနှင့်တူသော ကျွိကျွိစြိစြိ အသံမမြည်သော နူးညံ့သော ဤကြောင်ရေအိတ်ကို တုတ်ချောင်းဖြင့်၎င်း အိုးခြမ်းကွဲ ဖြင့်၎င်း ကျွိကျွိစြိစြိ အသံကို ပြုနိုင်ရာသလောဟု(မေးတော်မူ၏)။အသျှင်ဘုရား ဤအကြောင်း သည် မဖြစ်နိုင်ပါ။ ထိုသို့ မဖြစ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ဤ ကြောင်ရေအိတ်သည် အတွင်းအပြင် ထက်ဝန်းကျင်မှ ကောင်းစွာနယ်ထားသော လဲနှင့်တူသော ကျွိကျွိစြိစြိအသံမမြည် သော နူးညံ့သော ကြောင်ရေအိတ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုကြောင်ရေအိတ်ကို တုတ်ချောင်း ဖြင့်ဖြစ်စေ အိုးခြမ်းကွဲဖြင့်ဖြစ်စေ ကျွိကျွိစြိစြိအသံကို ပြုရန်မလွယ်ပါ။ ထိုယောကျ်ားသည် ပင်ပန်း ရုံ ဆင်းရဲရုံမျှသာ ဖြစ်ရာပါ၏ ဟု (လျှောက်ကြားကြကုန်၏)။ ရဟန်းတို့ ဤအတူပင် သင့်လျော် သော အခါအားဖြင့်၎င်း မသင့်လျော်သော အခါအားဖြင့်၎င်း ဟုတ်မှန်သော အားဖြင့်၎င်း မဟုတ်မမှန်သော အားဖြင့်၎င်း သိမ်မွေ့(ပြေပြစ်)သော အားဖြင့်၎င်း ကြမ်းတမ်းသောအားဖြင့် ၎င်း အကျိုး (အကြောင်း) နှင့် စပ်သော အားဖြင့်၎င်း အကျိုး (အကြောင်း)နှင့် မစပ်သော အားဖြင့်၎င်း မေတ္တာစိတ်ရှိကုန်၍၎င်း ပြစ်မှားသောစိတ်ရှိကုန်၍၎င်း သင်တို့ကို သူတပါးတို့က ပြောဆိုမူ ပြောဆိုနိုင်ရာသော စကားလမ်းကြောင်းတို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ သင့်လျော်သော အခါအားဖြင့်ဖြစ်စေ မသင့်လျော်သော အခါအားဖြင့်ဖြစ်စေ သူတပါးတို့ ပြောဆိုမူ ပြောဆိုကုန်ရာ၏၊ ဟုတ်မှန်သော အားဖြင့်ဖြစ်စေ မဟုတ်မမှန်သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမူ ပြောဆိုကုန်ရာ၏၊ သိမ်မွေ့ (ပြေပြစ်)သော အားဖြင့်ဖြစ်စေ ကြမ်းတမ်း သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမူ ပြောဆိုကုန်ရာ၏၊ အကျိုး (အကြောင်း) နှင့် စပ်သော အားဖြင့်ဖြစ်စေ အကျိုး (အကြောင်း)နှင့် မစပ်သော အားဖြင့်ဖြစ်စေ သူတပါးတို့က ပြောဆိုမူ ပြောဆိုကုန်ရာ၏၊ မေတ္တာစိတ်ရှိကုန်၍ဖြစ်စေ ပြစ်မှားသောစိတ်ရှိကုန်၍ဖြစ်စေ သူတပါး တို့က ပြောဆိုမူ ပြောဆိုကုန်ရာ၏။ ရဟန်းတို့ (သို့ပြောဆိုရာ) စကားလမ်းကြောင်းတို့၌ သင်တို့ သည် ဤသို့ကျင့်ရမည်၊ “ငါတို့၏စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့ ၊ ယုတ်ညံ့သော စကား ကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွါးဖြင့် ငဲ့ညှာကာ မေတ္တာစိတ်ရှိကုန်လျက် ပြစ်မှားသော စိတ်မရှိကြကုန်ပဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့်ဖြန့်၍ နေကြ ကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏ အာရုံပြုလုပ်လျက် ပြန့်ပြောသော မြေသည်၏အဖြစ်သို့ ရောက်သော အပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိ သော ကြောင်ရေအိတ်နှင့်တူသော စိတ်ဖြင့် ဖြန့်၍နေကြကုန်အံ့” ဟု ဤသို့လျှင် သင်တို့သည် ကျင့်ရမည်။

၂၃၂။ ရဟန်းတို့ ယုတ်မာမှုရှိသော ခိုးသူတို့သည် နှစ်ဖက်ရိုးရှိသော လွှဖြင့် အင်္ဂါကြီးငယ် တို့ကို အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊ ထိုသို့တိုက်ဖြတ် ရာ၌လည်း စိတ်ပြစ်မှားသော သူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့် ငါ၏အဆုံးအမကို ပြုကျင့်သူမဟုတ်၊ရဟန်းတို့ ထိုသို့တိုက်ဖြတ်ရာ၌ လည်း သင်တို့သည် ဤသို့ကျင့်ရမည်၊ “ငါတို့၏စိတ်သည် ဖောက်ပြန်မှု မဖြစ်လတ္တံ့ ၊ ယုတ်မာ သော စကားကိုလည်း မမြွက်ဆိုကြကုန်အံ့၊ အစီးအပွါးဖြင့် ငဲ့ညှာကာ မေတ္တာစိတ်ရှိကုန်လျက် ပြစ်မှားသောစိတ် မရှိကြကုန်ပဲ နေကြကုန်အံ့၊ ထိုပုဂ္ဂိုလ်ကိုလည်း မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍နေကုန်အံ့၊ အကြွင်းမဲ့ သတ္တဝါအားလုံးကိုလည်း ထိုမေတ္တာစိတ်၏အာရုံပြုလုပ်လျက်

http://www.dhammadownload.com



ပြန့်ပြောသော မြတ်သည်၏အဖြစ်သို့ ရောက်သော အပိုင်းအခြား ပမာဏမရှိသော ရန်မရှိသော ဆင်းရဲခြင်းမရှိသော မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့်ဖြန့်၍ နေကြကုန်အံ့”ဟု ဤသို့သင်တို့ ကျင့်ရမည်။

၂၃၃။ ရဟန်းတို့ သင်တို့သည် ဤလွှဥပမာရှိသော အဆုံးအမ ဩဝါဒကိုလည်း မပြတ်နှလုံး သွင်းကြကုန်လော့၊ ရဟန်းတို့ သင်တို့သည် မခံနိုင်လောက်သော ငယ်ငယ်ကြီးကြီးဖြစ်သော ထိုစကားလမ်းကြောင်းကို သင်တို့ တွေ့မြင်ကြကုန်သလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မတွေ့မြင်ကြပါဟု(လျှောက်ကြကုန်၏)။ ရဟန်းတို့ ထို့ကြောင့် ဤလွှဥပမာရှိသော အဆုံးအမ ဩဝါဒကို မပြတ်နှလုံးသွင်းကြကုန်လော့။ ထိုအဆုံးအမ ဩဝါဒသည် သင်တို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေသတည်း။

ရှေးဦးစွာသော ကကစူပမသုတ် ပြီး၏။

---

## ၂-အလဂဒ္ဒူပမသုတ်

၂၃၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သောရဟန်းအား “(ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားတော်မူသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရား တို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်”ဟု ယုတ်ညံ့သော မိစ္ဆာအယူသည် ဖြစ်ပေါ်လာ၏။ များစွာသော ရဟန်းတို့သည် လင်းတသတ်မျိုး၌ဖြစ်ဘူးသော အရိဋ္ဌမည်သောရဟန်းအား “(ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားတော်မူသော တရားတို့ကို ဟောထားတော် မူသည့် အတိုင်း ငါသိ၏၊ ထိုတရား တို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်”ဟု ယုတ်ညံ့သော မိစ္ဆာအယူသည် ဖြစ်ပေါ်လာ၏ဟူ၍ ကြားကုန်၏။ ထိုအခါ ရဟန်းတို့သည် လင်းတသတ် မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းအား “ငါ့သျှင်အရိဋ္ဌ သင့်အား ‘(ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြု တတ် ကုန်၏ဟု မြတ် စွာ ဘု ရား ဟောထားတော် မူသော တ ရား တို့ ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်’ ဟု ယုတ်ညံ့သော မိစ္ဆာအယူသည် ဖြစ်ပေါ်လာ၏ဟူသည် မှန်သလော”ဟု မေးကြကုန်၏။ ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ချွန်မက်ဖိုလ်၏) အန္တရာယ် ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့် အတိုင်း ငါသိပါ၏၊ ထိုတရားထိုသည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါဟု (ပြောဆို၏)။ ထိုအခါရဟန်းတို့သည် လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ

http://www.dhammadownload.com



ရဟန်းကို ယုတ်ညံ့လှသော ဤအယူမှ ကင်းကွာစေလိုကြ၍ ဤသို့အယူကို မေးစိစစ်ကြကုန်၏၊ အယူကို ဝန်ခံစေကြကုန်၏၊ အကြောင်းကို မေးမြန်းကြကုန်၏၊ "ငါ့သျှင်အရိဋ္ဌ ဤသို့မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရား သည် ဤသို့ ဟောတော်မမူရာ၊ ငါ့သျှင်အရိဋ္ဌ များစွာသောအကြောင်းဖြင့် မြတ်စွာဘုရားသည် အန္တရာယ်ကိုပြုတတ်ကုန်သော တရားတို့ကို (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား အန္တရာယ်ကိုပြုခြင်းငှါ စွမ်းနိုင်သည်သာ လျှင်တည်း။ ကာမဂုဏ်တို့သည် သာယာဖွယ်နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပြင်းစွာပင်ပန်း ခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့်တူကုန်၏ဟူ၍၎င်း သားတစ်နှင့် တူကုန်၏ဟူ၍ ၎င်း မြက်မီးရှူးနှင့်တူကုန်၏ဟူ၍၎င်း မီးကျီးတွင်းနှင့် တူကုန်၏ဟူ၍၎င်း အိပ်မက်နှင့် တူကုန်၏ ဟူ၍၎င်း အငှါးပစ္စည်းနှင့် တူကုန်၏ဟူ၍၎င်း အသီးရှိသော အပင်နှင့်တူကုန်၏ ဟူ၍၎င်း စဉ်းတီ တုံးနှင့်တူကုန်၏ဟူ၍၎င်း လှံတံကျင်နှင့် တူကုန်၏ဟူ၍၎င်း မြွေဦးခေါင်းနှင့်တူကုန်၏ ဟူ၍၎င်း မြတ်စွာဘုရားဟောကြားတော်မူ၏။ ကာမဂုဏ်တို့သည် ဆင်းရဲများကုန်၏၊ ပူဆွေးခြင်းများ ကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူ၏"ဟု အယူကို မေးစိစစ်ကြကုန်၏၊ အယူကို ဝန်ခံစေကုန်၏၊ အကြောင်းကို မေးမြန်းကြကုန်၏။ လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် ထိုရဟန်းတို့က ဤသို့အယူကို မေးစိစစ်ကြသော်လည်း အယူကို ဝန်ခံစေကြသော်လည်း အကြောင်းကို မေးမြန်းကြသော်လည်း ရှေးအတူသာလျှင် ယုတ်ညံ့သော မိစ္ဆာအယူကို အစွမ်းကုန် မှားသောအားဖြင့် သုံးသပ်ကာ စွဲစွဲမြဲမြဲပြောဆို၏၊ "ငါ့သျှင်တို့ ကြား သည့်အတိုင်း မှန်ပေ၏၊ (စျာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟော ထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်ပါ"ဟု (ပြောဆို၏)။

၂၃၅။ ထိုရဟန်းတို့သည် လင်းတသတ်မျိုး၌ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်ညံ့သော ထိုမိစ္ဆာအယူမှ လွတ်စေခြင်းငှါ မတတ်နိုင်ကြသောကြောင့် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးကြပြီးလျှင် တခုသောနေရာ၌ ထိုင်လျက် ဤသို့ လျှောက်ထားကြကုန်၏။ အသျှင် ဘုရား လင်းတသတ်မျိုး၌ဖြစ်ဘူးသော အရိဋ္ဌမည်သောရဟန်းအား "(စျာန်မဂ်ဖိုလ်၏)အန္တရာယ် ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့် အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်" ဟု ယုတ်ညံ့သော မိစ္ဆာအယူသည် ဖြစ်ပေါ်ပါ၏။

မြတ်စွာဘုရား တပည့်တော်တို့သည် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်းအား"(စျာန်မဂ်ဖိုလ်၏)အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန်မဂ်ဖိုလ်၏)အန္တရာယ်ပြုခြင်းငှါ မစွမ်းနိုင်"ဟု ယုတ်ညံ့သော မိစ္ဆာအယူ ဖြစ်ပေါ်လာ၏ဟု ကြားကြပါကုန်၏။

မြတ်စွာဘုရား ထိုအခါ တပည့်တော်တို့သည် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည် သော ရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌမည်သော ရဟန်း အား "ငါ့သျှင်အရိဋ္ဌ သင့်အား '(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ ဟု မြတ်စွာဘုရား

http://www.dhammadownload.com



ဟောထားသောတရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါ သိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်' ဟု ယုတ်မာသော မိစ္ဆာအယူ ဖြစ်ပေါ်လာ၏ဟူသည် မှန်သလော" ဟု မေးပါကုန်၏။

မြတ်စွာဘုရား ဤသို့မေးသော်-လင်းတသတ်အမျိုး၌ဖြစ်ဘူးသောအရိဋ္ဌရဟန်းက တပည့်တော်တို့ကို"ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကိုဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ"ဟု ဖြေဆိုပါ၏။

မြတ်စွာဘုရား တပည့်တော်တို့သည် လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းကို ယုတ်ညံ့လှသော ဤမိစ္ဆာအယူမှ ကင်းကွာစေလိုကြ၍ ဤသို့ အယူကို မေးစိစစ်ကြပါကုန်၏၊ အယူကို ဝန်ခံစေကြပါကုန်၏၊ အကြောင်းကို မေးမြန်းကြပါကုန်၏။

"ငါ့သျှင်အရိဋ္ဌ ဤသို့ မဆိုပါလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းချေ၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ။

ငါ့သျှင်အရိဋ္ဌ များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် အန္တရာယ်ကိုပြုတတ်ကုန်သော တရားတို့ကို (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု ဟောတော်မူ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မက်ဖိုလ်၏)အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာလျှင်တည်း။

ကာမဂုဏ်တို့သည် သာယာဖွယ်နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပြင်းစွာပင်ပန်းခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ မြတ်စွာဘုရားဟောကြားတော်မူ၏။ ကာမဂုဏ်တို့သည် အသားမကပ်သောအရိုးနှင့်တူကုန်၏ဟူ၍၎င်း သားတစ်နှင့်တူကုန်၏ဟူ၍၎င်း မြက်မီးရှူးနှင့်တူကုန်၏ဟူ၍၎င်း မီးကျီးတွင်းနှင့် တူကုန်၏ဟူ၍၎င်း အိပ်မက်နှင့်တူကုန်၏ဟူ၍၎င်း အငှါးပစ္စည်းနှင့် တူကုန်၏ဟူ၍၎င်း အသီးရှိသော အပင်နှင့်တူကုန်၏ဟူ၍၎င်း စဉ်းတီတုံးနှင့်တူကုန်၏ဟူ၍၎င်း လှံတံကျင်နှင့်တူကုန်၏ဟူ၍၎င်း မြွေဦးခေါင်းနှင့်တူကုန်၏ဟူ၍၎င်း မြတ်စွာဘုရားဟောကြားတော်မူ၏၊ ကာမဂုဏ်တို့သည် ဆင်းရဲများကုန်၏၊ ပြင်းစွာပင်ပန်းခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏"ဟူ၍ ဟောတော်မူ၏ ဟု (ဆိုကုန်၏)။

လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် ဤသို့ တပည့်တော်တို့က အယူကို မေးစိစစ်ပါသော်လည်း အယူကို ဝန်ခံစေပါသော်လည်း အကြောင်းကို မေးမြန်းပါသော်လည်း ရှေးအတူသာလျှင် ထိုယုတ်ညံ့သော မိစ္ဆာအယူကို အစွမ်းကုန်မှားသောအားဖြင့် သုံးသပ်၍ စွဲစွဲမြဲမြဲပြောဆိုပါ၏။

"ငါ့သျှင်တို့ ကြားသည့်အတိုင်း မှန်ပေ၏၊ (ချွန်မက်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရားဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား(ချွန်မက်ဖိုလ်၏)အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်ပါ"ဟု (ပြောဆိုပါ၏)။

မြတ်စွာဘုရား တပည့်တော်တို့သည် လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား ယုတ်ညံ့သော မိစ္ဆာအယူမှကင်းကွာစေခြင်းငှါ မတတ်နိုင်ကြပါသောကြောင့် မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားပါသည်ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



၂၃၆။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို “ရဟန်း လာလော့၊ ငါ့အမိန့်ဖြင့် ‘ငါ့သျှင် အရိဋ္ဌ မြတ်စွာဘုရားက သင့်ကို ခေါ်တော်မူ၏’ ဟု လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းကို သိစေလော့”ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။ လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းထံသို့ ချဉ်းကပ်လျက် “ငါ့သျှင် အရိဋ္ဌ မြတ်စွာဘုရားက သင့်ကို ခေါ်တော်မူ၏”ဟု ပြော၏။ “ငါ့သျှင် ကောင်းပြီ”ဟု ထို ရဟန်းအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးကာ လျှောက်ပတ် သော နေရာ၌ ထိုင်နေသော လင်းတသတ်မျိုး၌ ဖြစ်သော အရိဋ္ဌရဟန်းအား မြတ်စွာဘုရား သည် “အရိဋ္ဌ သင့်အား ‘(ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရားဟော ထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိပါ၏၊ ထိုတရားတို့သည် မှီဝဲသော သူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှါ မစွမ်းနိုင်ပါ’ ဟု ယုတ်ညံ့သော မိစ္ဆာအယူ ဖြစ်ပေါ်လာ၏ဟူသည် မှန်သလော”ဟု မေးတော်မူ၏။

ကြားတော်မူသည့်အတိုင်း မှန်ပါသည် အသျှင်ဘုရား။ (ချွန်မင်ဖိုလ်၏)အန္တရာယ်ကို ပြုတတ် ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း သိပါ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ချွန်မင်ဖိုလ်၏) အန္တရာယ်ကိုပြုခြင်းငှါ မစွမ်းနိုင်ပါဟု (လျှောက်၏)။

(မင်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ငါဘုရားသည် အဘယ်သူအား ဤသို့ သော တရားမျိုးဟောတော်မူဘူးသည်ကို သင်သိသနည်း၊ (မင်ဖိုလ်မှ) အချည်းအနှီးဖြစ်သော ယောကျ်ား ငါသည် များစွာသော အကြောင်းဖြင့် အန္တရာယ်ကို ပြုတတ်ကုန်သော တရားတို့ကို အန္တရာယ်ကို ပြုတတ်သော တရားတို့ ဟူ၍ ဟောထားသည် မဟုတ်ပါလော၊ ထိုတရားတို့သည် မှီဝဲသော သူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်းဟု ဟောတော်မူသည် မဟုတ် ပါလော။

ငါဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပြင်းစွာပင်ပန်း ခြင်းများကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ ဟောတော်မူသည် မဟုတ်ပါလော။ ငါဘုရားသည် ကာမဂုဏ်တို့ကို အသားမကပ်သော အရိုးနှင့်တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို သားတစ်နှင့်တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို မြက်မီးရှူးနှင့်တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို မီးကျီးတွင်းနှင့် တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို အိပ်မက်နှင့် တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို အငှါးပစ္စည်းနှင့် တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို အသီးရှိသော သစ်ပင်နှင့်တူကုန်၏ ဟု ဟောတော်မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို စဉ်းတီတုံးနှင့် တူကုန်၏ဟု ဟောတော် မူသည် မဟုတ်ပါလော။ ကာမဂုဏ်တို့ကို လှံတံကျင်နှင့် တူကုန်၏ဟု ဟောတော်မူသည် မဟုတ် ပါလော။ ကာမဂုဏ်တို့ကို မြွေဦးခေါင်းနှင့် တူကုန်၏ဟု ဟောတော်မူသည် မဟုတ်ပါလော။ ငါဘုရားသည် ကာမဂုဏ်တို့ကို သာယာဖွယ်နည်းကုန်၏၊ ဆင်းရဲများကုန်၏၊ ပူဆွေးခြင်းများကုန် ၏၊ ဤကာမဂုဏ်တို့၌ အပြစ်များလှ၏ဟူ၍ဟောတော်မူသည် မဟုတ်ပါလော။

http://www.dhammadownload.com



(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဟောထားပါလျက် သင်သည် မိမိသည် မကောင်းသော စွဲယူခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲဘိ၏၊ မိမိကိုယ်ကိုလည်း တူးဖြိုဖျက်ဆီးဘိ၏၊ အကုသိုလ် တရားတို့ကိုလည်း များစွာ ပွါးများစေဘိ၏။ (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ား သင့်အား ထိုယုတ်ညံ့သော မိစ္ဆာအယူသည် ကာလရှည်မြင့်စွာ အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ရဟန်းတို့ ထိုအကြောင်းကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ လင်းတသတ်အမျိုး၌ ဖြစ်ဘူးသော ဤအရိဋ္ဌရဟန်းသည် သာသနာတော်၌ (ဉာဏ်)အငွေ့အသက်မျှရှိသေးသလော ဟု ရဟန်းတို့ကို မေးတော်မူ၏။ မြတ်စွာဘုရား အဘယ်မှာ ရှိနိုင်ပါအံ့နည်း၊ မရှိနိုင်ပါဘုရား ဟု (လျှောက်ထားကြကုန်၏)။

ဤသို့လျှောက်သော် လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် နှုတ်ဆိတ်၍ မျက်နှာမသာပဲ လည်ပင်းငိုက်ဆိုက်ဖြစ်ကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရပဲ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် နှုတ်ဆိတ်၍ မျက်နှာမသာပဲ လည်ပင်း ငိုက်ဆိုက်ဖြစ်ကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရသည်ကို သိတော်မူ၍ လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ ရဟန်းကို "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် မိမိ၏ ယုတ်ညံ့လှသော ဤအယူဖြင့် ထင်ရှားလတ္တံ့၊ ငါသည် ရဟန်းတို့ကို တဖန်မေးဦးအံ့"ဟု လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းအား မိန့်တော်မူ၏။

၂၃၇။ ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌ ရဟန်းသည် မိမိအမှားယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲလျက် မိမိကိုယ်ကိုလည်း ဖြိုဖျက်ကာ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေသကဲ့သို့ ဤအတူပင် သင်တို့သည်လည်း ငါဘုရား ဟောထားဘူးသည်ကိုသိကြကုန်သလော"ဟု ရဟန်းတို့ကို မေးတော်မူ၏။ မြတ်စွာဘုရား ဤသို့ ဟောထားဘူးသည်ကိုမသိပါ။ မှန်ပါသည် အန္တရာယ်ကို ပြုတတ်သောတရားတို့ကို အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍ များစွာသော အကြောင်းဖြင့် မြတ်စွာဘုရားသည် တပည့်တော်တို့အား ဟောထားတော်မူခဲ့ပါ၏။ ထို(ကာမဂုဏ်) တရားတို့ကို မှီဝဲသောသူအား အန္တရာယ်ကို ပြုခြင်းငှါ စွမ်းနိုင်သည်သာတည်း။ ကာမဂုဏ်တို့သည် သာယာဖွယ် နည်းပါးကုန်၏၊ဆင်းရဲခြင်း များကုန်၏၊ ပြင်းစွာ ပင်ပန်းခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏ဟု မြတ်စွာဘုရား ဟောထားတော်မူပါကုန်၏။ ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့်တူကုန်၏ဟု မြတ်စွာ ဘုရား ဟောထားတော်မူပါကုန်၏။ပ။ ကာမဂုဏ်တို့သည် မြွေဦးခေါင်းနှင့်တူကုန်၏၊ ဆင်းရဲခြင်း များကုန်၏၊ ပြင်းစွာပင်ပန်းခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏ဟု မြတ်စွာ ဘုရား ဟောထားတော်မူပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်တို့သည် ငါဤကဲ့သို့ ဟောကြားထားသော တရားကို ကောင်းစွာသာလျှင် သိကြကုန်၏။ မှန်၏၊ အန္တရာယ်ကို ပြုတတ်သော တရားတို့ကို များစွာသော အကြောင်းဖြင့် သင်တို့အား ငါဟောကြားထားခဲ့ပြီ၊ ထိုတရားတို့ကို မှီဝဲသော သူအား အန္တရာယ်ကိုပြုခြင်းငှါ စွမ်းနိုင်သည်သာတည်း၊ ကာမဂုဏ်တို့သည် သာယာဖွယ် နည်းပါး ကုန်၏၊ ဆင်းရဲခြင်း များကုန်၏၊ ပြင်းစွာပင်ပန်းခြင်း များကုန်၏၊ ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏ဟု ငါဟောကြားထား၏။ ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့် တူကုန်၏ဟု

http://www.dhammadownload.com



ငါဟောကြားထား၏။ပ။ ကာမဂုဏ်တို့သည် မြွေဦးခေါင်းနှင့် တူကုန်၏၊ ဆင်းရဲခြင်း များကုန်၏၊ ပြင်းစွာပင်ပန်းခြင်း များကုန်၏၊ဤကာမဂုဏ်တို့၌ အပြစ်သည် လွန်ကဲ၏ဟု ငါဟောကြားထား၏။ ထိုသို့ဟောကြားထားပါလျက်လည်း လင်းတသတ်မျိုး၌ ဖြစ်ဘူးသော အရိဋ္ဌရဟန်းသည် မိမိအမှား ယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏၊မိမိကိုယ်ကိုလည်း ဖြိုဖျက်၏၊များစွာသောမကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ထိုအမှားယူဆခြင်းသည် ထို(မဂ်ဖိုလ်မှ)အချည်းနှီးသောယောကျ်ားအားရှည်ကြာစွာ သော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။ရဟန်းတို့ ထိုရဟန်းသည် စင်စစ် ကိလေသာကာမ, ကိလေသာကာမနှင့် ယှဉ်သော အမှတ်အသား, ကိလေသာကာမနှင့် ယှဉ်သော အကြံအစည်တို့မှ ကြဉ်၍သာလျှင် ဝတ္ထုကာမတို့ကို မှီဝဲနိုင်ရာသော အကြောင်းသည် မရှိ။

၂၃၈။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လတရားကို သင်ယူပြီးလျှင် ထိုတရားတို့၏ အနက် အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်း မဆင်ခြင်ကုန်၊ အနက်အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်းမဆင်ခြင်သော ထိုသူများအား ထိုတရားတို့သည် ဆင်ခြင်မှုကိုမခံကုန်၊(ဉာဏ်၌မထင်လာကုန်)၊ထိုသူတို့သည် ချုတ်ချယ်ရုံအကျိုးသာရှိကုန်၍ငှင်း ဤသင်ယူခြင်းဖြင့် သူတပါးတင်သော ဝါဒမှ လွတ်စေရုံ အကျိုးသာရှိကုန်၍ငှင်း တရားကို သင်ယူ ကုန်၏၊အကြင်မဂ်ဖိုလ်၏အကျိုးငှါလည်း တရားကို သင်ယူကုန်၏၊ ထိုတရား၏ ထိုမဂ်ဖိုလ် အကျိုး ကိုလည်း မခံစားကြရကုန်၊ထိုသူတို့အား မကောင်းသဖြင့် သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ဆိုတရားတို့ကို မကောင်းသဖြင့်သင်ယူထားသည်၏ အဖြစ်ကြောင့် တည်း။

ရဟန်းတို့ ဥပမာသော်ကား မြွေကိုအလိုရှိ၍ မြွေကိုရှာမှီးသော ယောကျ်ားသည် မြွေရှာ လှည့်လည်သွားသော် ကြီးမားသော မြွေကို တွေ့မြင်ရာ၏။ ထိုမြွေကို ကိုယ်၌ငှင်း အမြီး၌ငှင်း ကိုင်ဖမ်းရာ၏ ထိုသူအား ထိုမြွေသည် ပြန်လှည့်၍ လက်၌ဖြစ်စေ လက်မောင်း၌ဖြစ်စေ တခုခုသော အင်္ဂါကြီးငယ်၌ဖြစ်စေ ကိုက်ရာ၏၊ထိုသူသည် ထိုအကြောင်းကြောင့် သေခြင်းသို့သော်ငှင်း သေ လောက်သော ဆင်းရဲသို့သော်ငှင်း ရောက်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ မြွေကို မကောင်းသဖြင့် ဖမ်းသည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ဤအတူပင် ဤ သာသနာတော်၌ အချို့သော (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ယောကျ်ားတို့သည် သုတ်, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ တရား တို့ကို သင်ယူ ပြီးလျှင် ထို တရားတို့၏ အနက် အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်း မဆင်ခြင်ကုန်၊ အနက် အဓိပ္ပါယ်ကို ပညာဖြင့် မစူးစမ်း မဆင်ခြင်သော ထိုသူများအား ထိုတရားတို့သည် ဆင်ခြင်မှုကိုမခံကုန်၊(ဉာဏ်၌မထင်လာကုန်)။ ထိုသူတို့သည် ချုတ်ချယ်ရုံ အကျိုးငှါသာငှင်း ဤသင်ယူခြင်းဖြင့် သူတပါးတင်သော ဝါဒမှလွတ် စေရုံအကျိုးငှါသာငှင်း တရားကိုသင်ယူကုန်၏။ အကြင်မဂ်ဖိုလ် အကျိုးငှါလည်း တရားကို သင်ယူ ကုန်၏၊ ထိုတရား၏ထိုမဂ်ဖိုလ်အကျိုးကိုလည်း မခံစားကြရကုန်။ ထိုသူတို့အား မကောင်းသဖြင့် သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲ ခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုတရားတို့ကို မကောင်းသဖြင့် သင်ယူထားသည်၏ အဖြစ်ကြောင့်တည်း။

http://www.dhammadownload.com



၂၃၉။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးသားတို့သည် သုတ်, ဂေယျ, ဝေယျာကရဏ်း, ဂါထာ, ဥဒါန်း, ဣတိဝုတ်,ဇာတ်,အဗ္ဘုတဓမ္မ, ဝေဒလ္လတရားတို့ကို သင်ယူပြီးလျှင် ထိုတရားတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်ကြကုန်၏၊ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်သော ထိုသူများအား ထိုတရားတို့သည် ဆင်ခြင်မှုကို ခံကုန်၏၊ (ဉာဏ်၌ထင်လာကုန်၏)။ ထိုသူတို့သည် ချုတ်ချယ်ရုံအကျိုးသာ ရှိကုန်၍ရင်း ဤသင်ယူခြင်းဖြင့် သူတပါးတင်သောသါဒမှ လွတ်စေရုံအကျိုးသာရှိကုန်၍ရင်း တရားကိုမသင်ယူကြကုန်။ အကြင် မဂ်ဖိုလ်၏ အကျိုးငှါလည်း တရားကိုသင်ယူကုန်၏၊ထိုတရား၏ ထိုမဂ်ဖိုလ်အကျိုးကိုလည်း ခံစားကြရကုန်၏။ ထိုသူတို့အား ကောင်းစွာ သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုတရားတို့ကို ကောင်းစွာ သင်ယူထားသည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား မြွေကိုအလိုရှိ၍ မြွေကိုရှာမှီးသော ယောကျ်ားသည် မြွေရှာလှည့်လည်သွားသော် ကြီးမားသော မြွေကိုတွေ့မြင်ရာ၏၊ ထိုမြွေကို ဆိတ်ခွါသဏ္ဍာန် ရှိသော လှံတံဖြင့်ကောင်းစွာ ဖိနှိပ်ထားရာ၏၊ ဆိတ်ခွါသဏ္ဍာန် ရှိသော လှံတံဖြင့် ကောင်းစွာ ဖိနှိပ်၍ လည်ပင်း၌ ကောင်းစွာကိုင်ဖမ်းရာ၏။ ရဟန်းတို့ အကယ်၍လည်း ထို မြွေသည် ထိုယောကျ်ား၏ လက်ကိုဖြစ်စေ လက်မောင်းကိုဖြစ်စေ တခုခုသော အင်္ဂါကြီးငယ်ကိုဖြစ်စေ ကိုယ်ဖြင့် ရစ်ပတ်ငြားအံ့၊ ထိုသို့ ရစ်ပတ်သော်လည်း ထိုသူသည် ထိုအကြောင်းကြောင့် သေခြင်းသို့သော်ငင်း သေလောက်သော ဆင်းရဲသို့သော်ငင်း မရောက်ရာ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ၊ ရဟန်းတို့ မြွေကို ကောင်းစွာဖမ်းသည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ အချို့သော အမျိုးသားတို့သည် သုတ်,ဂေယျ, ဝေယျာကရဏ်း, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လတရားကို သင်ယူပြီး လျှင် ထိုတရားတို့၏ အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်ကြကုန်၏၊အနက်အဓိပ္ပါယ်ကို ပညာဖြင့် စူးစမ်းဆင်ခြင်သော ထိုသူတို့အား ထိုတရားတို့သည် ဆင်ခြင်မှုကို ခံကုန်၏၊ (ဉာဏ်၌ထင်လာကုန်၏)။ ထိုသူတို့သည် ချုတ်ချယ်ရုံ အကျိုးသာ ရှိကုန်၍ရင်း ဤသင်ယူခြင်းဖြင့် သူတပါးတင်သော အပြစ်မှ လွတ်စေရုံ အကျိုးသာရှိကုန်၍ရင်း တရားကိုမသင်ယူကြကုန်။ အကြင်မဂ်ဖိုလ် အကျိုးငှါလည်း တရားကိုသင်ယူကြကုန်၏၊ ထိုတရား၏ ထိုမဂ်ဖိုလ် အကျိုးကိုလည်း ခံစားကြရကုန်၏။ ထိုသူတို့အား ကောင်းစွာ သင်ယူထားသော ထိုတရားတို့သည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ ရဟန်းတို့ ထိုတရားတို့ကို ကောင်းစွာ သင်ယူထားသည်၏ အဖြစ်ကြောင့်တည်း။

ရဟန်းတို့ ငါဟောကြားထားသောတရား၏ အနက်ကို သိကုန်ငြားအံ့၊ ထိုသိသည့်အတိုင်း ထိုတရားကို ဆောင်ကြကုန်ရာ၏။ ငါဟောကြားထားသော တရား၏ အနက်ကို မသိကုန်ငြားအံ့၊ ထိုမသိသောအရာ၌ သင်တို့သည် ငါ့ကိုဖြစ်စေ ကျွမ်းကျင်လိမ္မာသော ရဟန်းတို့ကိုဖြစ်စေ မေးမြန်းသင့်ကုန်၏။

၂၄၀။ ရဟန်းတို့ သိမ်းပိုက်သားရန်မဟုတ်ပဲ ကူးမြောက်ဖို့ရန်အကျိုးငှါ ဖောင်ဥပမာရှိသော တရားကို သင်တို့အား ဟောကြားပေအံ့။ ထိုတရားကို နာကြား ကြကုန် ကောင်းစွာနှလုံးသွင်းကြကုန်၊ ဟောကြားအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည်

http://www.dhammadownload.com



မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။

ရဟန်းတို့ ဥပမာသော်ကား ခရီးရှည်သွားသော ယောကျ်ားသည် ရေပင်လယ်ကြီးကို မြင်ရာ၏၊ ဤမှာဘက်ကမ်းသည် ရွံရှာဖွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏၊ ထိုမှာဘက်ကမ်းကား ချမ်း၏၊ ဘေးဘျမ်းမရှိ။ ထိုယောကျ်ားမှာ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ကူးသွားဖို့ရန် လှေဖောင်လည်း မရှိ၊ ပေါင်းကူးတံတားလည်း မရှိပေ။ ထိုယောကျ်ားအား "ဤကား ရေပင်လယ်ကြီးတည်း၊ ဤမှာဘက်ကမ်းသည် ရွံရှာဖွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏၊ ထိုမှာဘက်ကမ်းကား ချမ်း၏၊ ဘေးဘျမ်းမရှိ။ ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ကူးသွားဖို့ရန် လှေဖောင်လည်းမရှိ၊ ပေါင်းကူးတံတားလည်း မရှိပေ။ ငါသည်မြက်သစ်သား သစ်ခက် သစ်ရွက်ကို စုရုံး၍ ဖောင်ဖွဲ့ကာ ထိုဖောင်ကို မှီရာပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ကူးရမူကောင်းပေမည်" ဟု အကြံအစည်ဖြစ်ပေါ်ရာ၏၊ ရဟန်းတို့ ထို့နောက် ထိုယောကျ်ားသည် မြက် သစ်သား သစ်ခက် သစ်ရွက်ကိုစုရုံး၍ ဖောင်ဖွဲ့ကာထိုဖောင်ကိုမှီရာပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ကူးရာ၏၊ ကမ်းတဘက်သို့ ကူးမြောက်ပြီးသော ထိုယောကျ်ားအား "ဤဖောင်သည် ငါ့အား ကျေးဇူးများ၏၊ ငါသည် ဤဖောင်ကို အမှီပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ကမ်းတဘက်သို့ ကူးခဲ့၏၊ ငါသည် ဤဖောင်ကို ခေါင်းပေါ်၌ တင်ရွက်၍ သော်၎င်း ပခုံးပေါ်၌ ထမ်း၍သော်၎င်း အလိုရှိရာအရပ်သို့ ဖဲသွားရမူကောင်းပေမည်"ဟု အကြံအစည်ဖြစ်ပြန်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကြကုန်သနည်း၊ ထိုယောကျ်ားသည် ဤသို့ပြုသော် ထိုဖောင်၌ ပြုသင့်သော အမှုကို ပြုသူဖြစ်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ (ဟု လျှောက်ကြကုန်၏)။ ရဟန်းတို့ ထိုယောကျ်ားသည် အဘယ်ပုံပြုသည်ရှိသော် ထိုဖောင်၌ (ပြုသင့်သော) အမှုကို ပြုသူ ဖြစ်ရာသနည်း။ ရဟန်းတို့ ကမ်းတဖက်သို့ ကူးမြောက်ပြီးသော ထိုယောကျ်ားအား "ဤဖောင်သည် ငါ့အား ကျေးဇူးများ၏၊ငါသည်ဤဖောင်ကိုအမှီပြု၍ လက်ခြေတို့ဖြင့် အားစိုက်လျက် ချမ်းသာစွာ ကမ်းတဖက်သို့ ကူးခဲ့၏၊ ငါသည် ဤဖောင်ကိုကုန်း၌ ဆယ်တင်၍သော်၎င်း ရေ၌ပေါလောမျော၍သော်၎င်း အလိုရှိသောအရပ်သို့ ဖဲသွားရမူ ကောင်းပေမည်"ဟု အကြံအစည်ဖြစ်ရာ၏။ ရဟန်းတို့ ထိုယောကျ်ားသည် ဤသို့ ပြုသည်ရှိသော် ထိုဖောင်၌ (ပြုသင့်သော) အမှုကို ပြုသူဖြစ်ရာ၏။ ရဟန်းတို့ ဤအတူပင် သိမ်းပိုက်ထားရန် မဟုတ်ပဲ ကူးမြောက်ဖို့ရန် အကျိုးငှါ ဖောင်ဥပမာရှိသော တရားကို သင့်တို့အား ငါဟောကြား၏။ ရဟန်းတို့ သင်တို့အား ဟောကြားထားသော ဖောင်ဥပမာရှိသော တရားကို သိသောသင်တို့သည် တရားမှု(သမထ ဝိပဿနာ၌ ဖြစ်သော ဆန္ဒရာဂ)တို့ကိုပင်သော်လည်း ပယ်စွန့်ရမည်၊မတရားမှု (ကာမဂုဏ်၌ ဖြစ်သော ဆန္ဒရာဂ)တို့ကိုကား ပြောဆိုဖွယ်ပင် မရှိတော့ပေ။

၂၄၁။ ရဟန်းတို့ ဒိဋ္ဌိ ဖြစ်ကြောင်းတို့သည် ဤခြောက်ပါး တို့တည်း။ အဘယ်ခြောက်ပါးတို့နည်းဟူမူ—

ရဟန်းတို့ ဤလောက၌ အရိယာတို့ကို တွေ့မြင်လေ့မရှိသော အရိယာတို့၏ တရား၌ မကျွမ်းကျင်သော အရိယာတို့၏ တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို တွေ့မြင်လေ့မရှိသော သူတော်ကောင်းတို့၏ တရား၌ မကျွမ်းကျင်သော သူတော်ကောင်းတို့၏ တရား၌ မယဉ်ကျေးသော

http://www.dhammadownload.com



အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ့ကိုယ်တည်း"ဟု ရှု၏။ ခံစားခြင်း ဝေဒနာကို "ဤဝေဒနာသည် ငါ့ဥစ္စာတည်း၊ ဤဝေဒနာသည် ငါဖြစ်၏၊ ဤဝေဒနာသည် ငါ့ကိုယ်တည်း"ဟု ရှု၏။ မှတ်သားခြင်းသညာကို "ဤသညာသည် ငါ့ဥစ္စာတည်း၊ ဤသညာသည် ငါဖြစ်၏၊ ဤသညာသည် ငါ့ကိုယ်တည်း"ဟု ရှု၏။ ပြုပြင်စီရင်ခြင်း သင်္ခါရတို့ကို "ဤသင်္ခါရတို့သည် ငါ့ဥစ္စာတည်း၊ ဤသင်္ခါရတို့သည် ငါဖြစ်၏၊ ဤသင်္ခါရတို့သည် ငါ့ကိုယ်တည်း"ဟု ရှု၏။ မြင်ရ ကြားရ ထိရောက်ရ အထူးသိရ ရောက်ရ ရှာမှီးရ စိတ်ဖြင့် ကြံစည်ရသော အာရုံကိုလည်း "ဤအာရုံသည် ငါ့ဥစ္စာတည်း၊ ဤအာရုံသည် ငါဖြစ်၏၊ ဤအာရုံသည် ငါ့ကိုယ်တည်း"ဟု ရှု၏။ 'ထိုငါသည် လောကတည်း၊ ထိုငါသည် ကိုယ်တည်း၊ ထိုငါသည် တမလွန်ဘဝ၌ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ တည်မြဲအံ့၊ ဖောက်ပြန်ခြင်းသဘော မရှိအံ့၊ တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်အံ့'ဟူသော အယူတို့ကိုလည်း "ဤ အယူသည် ငါ့ဥစ္စာတည်း၊ ဤအယူသည် ငါဖြစ်၏၊ ဤ အယူသည် ငါ့ကိုယ်တည်း"ဟု ရှု၏။

ရဟန်းတို့ အရိယာတို့ကို တွေ့မြင်လေ့ရှိသော အရိယာတို့၏ တရား၌ ကျွမ်းကျင်သော အရိယာတို့၏ တရား၌ ယဉ်ကျေးသော သူတော်ကောင်းတို့ကို တွေ့မြင်လေ့ရှိသော သူတော်ကောင်းတို့၏ တရား၌ ကျွမ်းကျင်သော သူတော်ကောင်းတို့၏ တရား၌ ယဉ်ကျေးသော အကြားအမြင်ရှိသော အရိယာတို့၏ တပည့်သည်ကား ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာ ရှု၏။ ခံစားခြင်း ဝေဒနာကို "ဤဝေဒနာသည် ငါ့ဥစ္စာမဟုတ်၊ ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာရှု၏။ မှတ်သားခြင်း သညာကို "ဤသညာသည် ငါ့ဥစ္စာမဟုတ်၊ ဤသညာသည် ငါမဟုတ်၊ ဤသညာသည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာ ရှု၏။ ပြုပြင်စီရင်ခြင်း သင်္ခါရတို့ကို "ဤသင်္ခါရတို့သည် ငါ့ဥစ္စာမဟုတ်၊ ဤသင်္ခါရတို့သည် ငါမဟုတ်၊ ဤသင်္ခါရတို့သည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာ ရှု၏။ မြင်ရ ကြားရ ထိရောက်ရ အထူးသိရ ရောက်ရ ရှာမှီးရ စိတ်ဖြင့် ကြံစည်'စဉ်းစား'ရသော အာရုံကိုလည်း "ဤအာရုံသည် ငါ့ဥစ္စာမဟုတ်၊ ဤအာရုံသည် ငါမဟုတ်၊ ဤအာရုံသည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာ ရှု၏။ 'ထိုငါသည် လောကတည်း၊ ထိုငါသည် ကိုယ်တည်း၊ ထိုငါသည် တမလွန်ဘဝ၌ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ တည်မြဲအံ့၊ ဖောက်ပြန်သော သဘောမရှိအံ့၊ တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်အံ့'ဟူသော အယူကိုလည်း "ဤအယူသည် ငါ့ဥစ္စာမဟုတ်၊ ဤအယူသည် ငါမဟုတ်၊ ဤအယူသည် ငါ့ကိုယ်မဟုတ်"ဟု ကောင်းစွာ ရှု၏။ ထိုသူသည် ဤသို့ ကောင်းစွာ ရှုသော် ဘာမျှမရှိသော် စိတ်မပင်ပန်းဟု (ဟောကြားတော်မူ၏)။

၂၄၂။ ဤသို့ ဟောကြားတော်မူသော် ရဟန်းတပါးသည် မြတ်စွာဘုရားကို "အသျှင်ဘုရား အပဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်းဖြစ်ရပါသလော"ဟု လျှောက်ကြား၏။ ရဟန်း ဖြစ်ရ၏ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။ ရဟန်းတို့ ဤလောက၌ အချို့သော သူအား "ငါ့အား (ပစ္စည်းဥစ္စာသည်)ရှိခဲ့ဘူး၏၊ ထိုပစ္စည်းဥစ္စာသည် ငါ့အား မရှိတော့ပြီတကား၊ ငါရသင့် ရထိုက်သော ပစ္စည်း ဥစ္စာကို ငါမရသေးပါတကား"ဟု အကြံဖြစ်၏။ ထိုသူသည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ရင်ပတ်စည်တီးငို၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။ ရဟန်း ဤသို့လျှင် အပဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်းဖြစ်၏ဟု မိန့်ကြားတော်မူ၏။

အသျှင်ဘုရား အပဝတ္ထုမရှိသော် စိတ်မပင်ပန်းခြင်းသည်ဖြစ်ရပါသလောဟုလျှောက်ကြား၏။ ရဟန်းဖြစ်ရ၏ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။ ရဟန်း ဤလောက၌ အချို့သောသူမှာ

http://www.dhammadownload.com



"ငါ့မှာ (ပစ္စည်းဥစ္စာသည်) ရှိခဲ့ဘူး၏၊ ထိုပစ္စည်းဥစ္စာသည် ငါ့အား မရှိတော့ပြီတကား၊ ငါရသင့်ရထိုက်သော ထိုပစ္စည်းဥစ္စာကို ငါမရသေးပါတကား"ဟု အကြံအစည် မဖြစ်။ ထိုသူသည် မပူဆွေး မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီးမငို၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်။ ရဟန်း ဤသို့လျှင် အပဝတ္ထုမရှိသော် စိတ်မပင်ပန်းခြင်း ဖြစ်၏ဟု မိန့်ကြားတော်မူ၏။

အသျှင်ဘုရား အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်းဖြစ်ရာပါသလောဟု လျှောက်ကြား၏။ ရဟန်းဖြစ်ရာ၏ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။ ရဟန်း ဤလောက၌ အချို့သော သူအား "ထိုငါသည် လောကတည်း၊ထိုငါသည် ကိုယ်တည်း၊ ထိုငါသည် တမလွန်ဘဝ၌ဖြစ်အံ့၊မြဲအံ့၊ ခိုင်ခံ့အံ့၊တည်တံ့အံ့၊ ဖောက်ပြန်ခြင်းသဘောမရှိအံ့၊တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်အံ့"ဟု ဤသို့ အယူသည် ဖြစ်၏။ ထိုသူသည်အားလုံးကုန်သော အယူဖြစ်ကြောင်း တည်ရာ ထကြွခြင်း နှလုံးသွင်းခြင်း ကိန်းဝပ်ခြင်းတို့ကို ကောင်းစွာ ဖြတ်ခြင်းငှါ ပြုပြင် စီရင်မှု သင်္ခါရအားလုံးငြိမ်းခြင်းငှါ ဆင်းရဲတည်ရာ ဥပဓိအားလုံးစွန့်လွှတ်ခြင်းငှါ တပ်မက်မှု'တဏှာ'ကုန်ခြင်းငှါ တပ်စွန်းမှု'ရာဂ'ကင်းခြင်းငှါ ချုပ်ခြင်းငှါ နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရားကဖြစ်စေ မြတ်စွာဘုရား၏ တပည့်သာဝကကပင် ဖြစ်စေ တရားကို ဟောတော်မူသော် နာကြား၏၊ထိုသူအား "ပြတ်တော့အံ့တကား၊ ပျောက်ပျက်တော့အံ့တကား၊ မဖြစ်တော့အံ့တကား"ဟု ဤသို့သော အကြံအစည်ဖြစ်၏။ ထိုသူသည် ပူဆွေး၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ပတ်စည်တီးငို၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။ ရဟန်း ဤသို့လျှင် အတွင်းဝတ္ထုမရှိသော် စိတ်ပင်ပန်းခြင်းဖြစ်၏ဟု မိန့်ကြားတော်မူ၏။

အသျှင်ဘုရား အတွင်းဝတ္ထုမရှိသော် စိတ်မပင်ပန်းခြင်းဖြစ်ရာပါသလောဟု လျှောက်ကြား၏။ ရဟန်း ဖြစ်ရာ၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်း ဤလောက၌ အချို့သော သူအား "ထိုငါသည် လောကတည်း၊ ထိုငါသည် ကိုယ်တည်း၊ ထိုငါသည် တမလွန်ဘဝ၌ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ တည်တံ့အံ့၊ ဖောက်ပြန်ခြင်းသဘောမရှိအံ့၊ တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်အံ့"ဟု ဤသို့ အယူသည် မဖြစ်။ ထိုသူသည် အားလုံးကုန်သော အယူဖြစ်ကြောင်း တည်ရာ ထကြွခြင်း နှလုံးသွင်းခြင်း ကိန်းဝပ်ခြင်းတို့ကို ကောင်းစွာ ဖြတ်ခြင်းငှါ ပြုပြင် စီရင်မှု သင်္ခါရအားလုံး ငြိမ်းအေးခြင်းငှါ ဆင်းရဲတည်ရာ ဥပဓိအားလုံး စွန့်လွှတ်ခြင်းငှါ တပ်မက်မှု'တဏှာ'ကုန်ခြင်းငှါ တပ်စွန်းမှု'ရာဂ'ကင်းခြင်းငှါ ချုပ်ခြင်းငှါ နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရားကဖြစ်စေ မြတ်စွာဘုရား၏တပည့် သာဝကကပင် ဖြစ်စေ တရားကို ဟောကြားတော်မူသော် နာကြား၏၊ "ထိုသူမှာ ပြတ်တော့အံ့တကား ပျောက်ပျက်တော့အံ့တကား၊ မဖြစ်တော့အံ့တကား"ဟု အကြံအစည်သည်မဖြစ်ပေ။ ထိုသူသည် မပူဆွေး၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည်တီးမငို၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်။ ရဟန်း ဤသို့လျှင် အတွင်းဝတ္ထုမရှိသော် စိတ်မပင်ပန်းခြင်း ဖြစ်၏။

၂၄၃။ ရဟန်းတို့ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်သော သိမ်းဆည်းထိုက်သော ဝတ္ထုမျိုးသည်ရှိငြားအံ့၊ ထိုသိမ်းဆည်းထိုက်သော ဝတ္ထုမျိုးကို သိမ်းဆည်းကုန်ရာ၏။ ရဟန်းတို့ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော တည်မြဲသော အရာဝတ္ထုတို့နှင့်အမျှတည်သော သိမ်းဆည်းထိုက်သော ဝတ္ထုမျိုးသည် ရှိရာ၏၊ထိုသိမ်းဆည်းထိုက်သော ဝတ္ထုမျိုးကို သင်တို့တွေ့မြင်ကြကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား မတွေ့မြင်ကြပါဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ မြဲသော ခိုင်ခံ့သော တည်တံ့သော ဖောက်ပြန်ခြင်းသဘောမရှိသော တည်မြဲသော အရာဝတ္ထုတို့နှင့် အမျှတည်သော သိမ်းဆည်းထိုက်သော ဝတ္ထုမျိုးသည် ရှိရာ၏၊ ထိုသိမ်းဆည်းထိုက်သော ဝတ္ထုမျိုးကို ငါလည်း မမြင်။

ရဟန်းတို့ စွဲယူသူအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော အတ္တဝါဒအားဖြင့် စွဲယူခြင်းသည် ရှိငြားအံ့၊ ထိုအတ္တဝါဒအားဖြင့် စွဲယူမှုကို စွဲယူရာ၏။ ရဟန်းတို့ စွဲယူသောသူအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော အတ္တဝါဒအားဖြင့် စွဲယူခြင်းသည် ရှိရာ၏၊ ထိုအတ္တဝါဒအားဖြင့်စွဲယူမှုကို သင်တို့သည် တွေ့မြင်ကြကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား မတွေ့မြင်ကြပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေ၏၊ရဟန်းတို့ စွဲယူသောသူအား ပူဆွေးခြင်းငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော အတ္တဝါဒအားဖြင့် စွဲယူမှုသည် ရှိရာ၏၊ ထိုအတ္တဝါဒအားဖြင့် စွဲယူမှုကို ငါလည်း မမြင်။

ရဟန်းတို့ မှီသောသူအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော ဒိဋ္ဌိမှီရာသည် ရှိငြားအံ့၊ ထိုဒိဋ္ဌိမှီရာကို မှီကုန်ရာ၏။ ရဟန်းတို့ မှီသောသူအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော ဒိဋ္ဌိမှီရာသည် ရှိရာ၏၊ ထိုဒိဋ္ဌိမှီရာကို သင်တို့တွေ့မြင်ကြကုန်သလောဟု(မေးတော်မူ၏)။

အသျှင်ဘုရား မတွေ့မြင်ကြပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ မှီသောသူအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ မဖြစ်နိုင်ရာသော ဒိဋ္ဌိမှီရာသည် ရှိရာ၏၊ ထို ဒိဋ္ဌိမှီရာကို ငါလည်း မမြင်။

၂၄၄။ ရဟန်းတို့ ကိုယ်'အတ္တ'ရှိခဲ့သော် "ငါ၏ ကိုယ် 'အတ္တ'ပိုင် ဥစ္စာ"ဟု စွဲလမ်းမှု ဖြစ်ရာသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ရာပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကိုယ်'အတ္တ'ပိုင်ဥစ္စာရှိခဲ့သော် "ငါ၏ကိုယ်'အတ္တ'တည်း"ဟု စွဲလန်းမှုဖြစ်ရာသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ရာပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကိုယ်'အတ္တ'ကိုငှင်း ကိုယ်'အတ္တ'ပိုင် ဥစ္စာတို့ကိုငှင်း အမှန်အားဖြင့် အခိုင်အမာအားဖြင့် မရခဲ့သော်"ထိုငါသည် လောကတည်း၊ထိုငါသည်ကိုယ်'အတ္တ'တည်း၊ထိုငါသည် တမလွန်ဘဝ၌ ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ တည်တံ့အံ့၊ ဖောက်ပြန်ခြင်းသဘောမရှိအံ့၊ တည်မြဲသောအရာဝတ္ထုတို့နှင့်အမျှ တည်အံ့"ဟူသော စွဲယူမှု ပညာမဲ့သူတို့၏ တရားသည် အကြွင်းမဲ့ ပြည့်စုံလုံလောက်ပြီမဟုတ်ပါလောဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အဘယ်မှာ အကြွင်းမဲ့ မပြည့်စုံ မလုံလောက်ပဲ ရှိရာပါအံ့နည်း၊ အသျှင်ဘုရား ပညာမဲ့သူတို့၏တရားသည် အကြွင်းမဲ့ပြည့်စုံလုံလောက်တော့သည်သာလျှင် ဖြစ်ပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကြကုန်သနည်း၊ ရုပ်သည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြဲပါ ဟု (လျှောက်ကြကုန်၏)။

မမြဲသောရုပ်သည် ဆင်းရဲလော ချမ်းသာလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏ ဟု (လျှောက်ကြကုန်၏)။

မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို"ဤရုပ်သည် ငါ့ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ဤရုပ်သည်ငါ့ကိုယ်'အတ္တ'တည်း"ဟု ရှုရန်သင့်သလောဟု(မေးတော်မူ၏)။

အသျှင်ဘုရား မသင့်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ခံစားခြင်း ဝေဒနာသည်။ပ။ မှတ်သားခြင်းသညာသည်။ ပြုပြင်စီရင်မှု သင်္ခါရတို့သည်။ အထူးသိမှု ဝိညာဏ်သည် မြဲသလော မမြဲသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား မမြဲပါ ဟု (လျှောက်ကြကုန်၏)။

မမြဲသော ဝိညာဏ်သည် ဆင်းရဲလော ချမ်းသာလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဆင်းရဲဖြစ်ပါ၏ ဟု (လျှောက်ကြကုန်၏)။

မမြဲသော ဆင်းရဲသော ဖောက်ပြန်ခြင်းသဘောရှိသော ဝိညာဏ်ကို"ဤဝိညာဏ်သည် ငါ့ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ့ကို'အတ္တ'တည်း"ဟု ရှုရန်သင့်သလောဟု (မေးတော်မူ၏။)

အသျှင်ဘုရား မသင့်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထို့ကြောင့် အတွင်း၌ဖြစ်သည်ဖြစ်စေ အပ၌ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အနီး၌ဖြစ်သည်ဖြစ်စေ အဝေး၌ဖြစ်သည် ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသောရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ်'အတ္တ'မဟုတ်"ဟု ဤရုပ်ကို အမှန်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုရမည်။

အလုံးစုံသော ခံစားခြင်းဝေဒနာကို။ပ။ အလုံးစုံသောမှတ်သားခြင်း သညာကို။ အလုံးစုံသော ပြုပြင်စီရင်ခြင်း သင်္ခါရတို့ကို။အတွင်း၌ဖြစ်သည်ဖြစ်စေ အပ၌ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည် ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌ဖြစ်သည်ဖြစ်စေ အနီး၌ဖြစ်သည် ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အလုံးစုံသော အထူးသိမှု'ဝိညာဏ်'ကို "ဤဝိညာဏ်သည် ငါ့ဥစ္စာမဟုတ်၊ ဤဝိညာဏ်သည် ငါမဟုတ်၊ ဤဝိညာဏ်သည် ငါ့ကိုယ် 'အတ္တ' မဟုတ်" ဟု ဤဝိညာဏ်ကို အမှန်အတိုင်း ကောင်းစွာ ပညာဖြင့် ရှုရမည်။

http://www.dhammadownload.com



၂၄၅။ ရဟန်းတို့ ဤသို့ ရှုမြင်သည်ရှိသော် အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်၌ငြီးငွေ့၏၊ ဝေဒနာ၌ငြီးငွေ့၏၊ သညာ၌ ငြီးငွေ့၏၊ သင်္ခါရတို့၌ငြီးငွေ့၏၊ ဝိညာဏ်၌ ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်မက်ခြင်းကင်း၏၊ တပ်ခြင်း ကင်းခြင်းကြောင့် လွတ်မြောက်၏၊ လွတ်မြောက်သောငါသည် "လွတ်မြောက်၏" ဟု ဆင်ခြင်ဉာဏ်ဖြစ်၏။ "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း ကုန်ဆုံးပြီ၊မြတ်သော(မဂ်)အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်ဖြင့်) ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ ဤ မဂ်ကိစ္စဖြစ်ခြင်းငှါ (ငါ့အား) တဖန် မဂ်ကိုပွါးများခြင်းကိစ္စ မရှိတော့ပြီ" ဟု ခွဲခြား၍သိ၏။

ရဟန်းတို့ ဤရဟန်းကို တံခါးကျည်းမင်းတုပ်ကို မြှောက်ပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏၊ ကျုံးမြောင်းကို အားလုံးဖျက်ဆီးပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏၊ တံခါးတိုင်ကို နုတ်ပစ်ပြီးသူဟူ၍လည်းခေါ်ဆိုထိုက်၏၊ တံခါးရွက်ကို ဖျက်ဆီးပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏၊ ကိလေသာကင်းစင်သူ အလံကိုချထားပြီးသူ ဝန်ကိုချပြီးသူ မာန်ကင်းပြီးသူဟူ၍လည်း ခေါ်ဆိုထိုက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးကျည်း မင်းတုပ်ကို မြှောက်ပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား မသိမှု'အဝိဇ္ဇာ'သည် ပယ်ပြီးဖြစ်၏၊ အမြစ်ဖြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါဖြစ်ပေါ်ခြင်းသဘောမရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးကျည်းမင်းတုပ်ကို မြှောက်ပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကျုံးမြောင်းကို အားလုံးဖျက်ဆီးပြီးသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းမှာ ဘဝသစ်ကို ဖြစ်စေတတ်သော ဇာတိ ဖြစ်ပွါးရေးသည် ပယ်ပြီးဖြစ်၏၊ အမြစ်ဖြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန်မဖြစ်အောင် ပြုပြီးဖြစ်၏၊ နောင်အခါဖြစ်ပေါ်ခြင်းသဘော မရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကျုံးမြောင်းကို အားလုံးဖျက်ဆီးပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးတိုင်ကို နုတ်ပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းမှာ တပ်မက်မှုတဏှာသည် ပယ်ပြီးဖြစ်၏၊ အမြစ်ဖြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ပြုပြီးဖြစ်၏၊ တဖန်မဖြစ်အောင်ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည်တံခါးတိုင်ကို နုတ်ပစ်ပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် တံခါးရွက်ကို ဖျက်ဆီးပြီးသူ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းမှာ အောက်ကာမဘုံ၌ ဖြစ်စေတတ်သော သံယောဇဉ် အနှောင်အဖွဲ့ ငါးမျိုးတို့သည် ပယ်ပြီးဖြစ်ကုန်၏၊ အမြစ်ပြတ်ပြီးဖြစ်ကုန်၏၊ ထင်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ တဖန်မဖြစ်အောင်ပြုပြီးဖြစ်ကုန်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တံခါးရွက်ကို ဖျက်ဆီးပြီးသူဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကိလေသာကင်းစင်သူအလံကိုချထားပြီးသူ ဝန်ကိုချထားပြီးသူ မာန်ကင်းပြီးသူဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းမှာ ငါဟု ထင်မှတ်ခြင်းသည်ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုပြီးဖြစ်၏၊ တဖန် မဖြစ်အောင်ပြုပြီးဖြစ်၏၊ နောင်အခါဖြစ်ပေါ်ခြင်း သဘောမရှိတော့ချေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကိလေသာကင်းစင်သူ အလံကိုချထားပြီးသူ ဝန်ကိုချထားပြီးသူ မာန်ကင်းပြီးသူ ဖြစ်၏။

http://www.dhammadownload.com



၂၄၆။ ရဟန်းတို့ ဤသို့လွတ်မြောက်ပြီးသော စိတ်ရှိသောရဟန်းကို သိကြားနှင့်တကွ ဗြဟ္မာနှင့်တကွ မာန်နှင့်တကွ ဖြစ်ကုန်သော နတ်တို့သည် “သတ္တဝါ၏ဉာဏ်စိတ်သည် ဤအရာကိုမှီ၏” ဟု ရှာကုန်သော်လည်း မသိနိုင်ကြကုန်။ ထိုသို့မသိနိုင်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ မျက်မှောက်၌ပင် သတ္တဝါဟူ၍ မရှိသောကြောင့်တည်း”ဟု ငါဟော၏။

ရဟန်းတို့ ဤသို့မိန့်ဆိုလေ့ရှိသော ဤသို့ ဟောကြားလေ့ရှိသော ငါ့ကို အချို့သောရဟန်းပုဏ္ဏားတို့က “ရဟန်း ဂေါတမသည် (သတ္တဝါကို) ဖျောက်ဖျက်တတ်၏၊ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်၏” ဟု ထင်ရှားမရှိသော အချည်းနှီး သော မဟုတ် မမှန်သော မုသားစကားဖြင့် စွပ်စွဲကုန်၏။ ရဟန်းတို့ ငါသည် သတ္တဝါကို ယင်းသို့လည်း မဖျောက်ဖျက်၊ ငါသည် ယင်းသို့လည်း မပညတ်၊ ထို့ကြောင့် “ရဟန်း ဂေါတမသည် သတ္တဝါကို ဖျောက်ဖျက်တတ်၏၊ ထင်ရှားရှိသောသတ္တဝါ၏ပြတ်စဲခြင်း, ပျက်စီးခြင်း, မဖြစ်ခြင်းကို ပညတ်၏” ဟု (ပြောဆိုကြသော) ထိုအသျှင်ရဟန်းပုဏ္ဏားတို့သည် ထင်ရှားမရှိသော အချည်းအနှီးသော မဟုတ်မမှန်သော မုသားစကားဖြင့် စွပ်စွဲသည် မည်ကုန်၏။

ရဟန်းတို့ ငါသည် ရှေးအခါကရင်း ယခုအခါ၌ရင်း ဆင်းရဲဒုက္ခကိုလည်း ပညတ်၏၊ ဆင်းရဲဒုက္ခ၏ချုပ်ရာကိုလည်း ပညတ်၏။ ရဟန်းတို့ ထိုသို့ပညတ်ရာ၌ အကယ်၍ သူတပါးတို့ကမြတ်စွာဘုရားကို ဆဲကုန်ငြားအံ့၊ ရေရွတ်ကုန်ငြားအံ့၊ ချုတ်ချယ်ကုန်ငြားအံ့၊ညှဉ်းဆဲကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ညှဉ်းဆဲရာ၌ ငါဘုရားမှာ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, စိတ်မနှစ်မြို့ခြင်းသည် မဖြစ်။

ရဟန်းတို့ ထိုသို့ပညတ်ရာ၌ အကယ်၍သူတပါးတို့က မြတ်စွာဘုရားကိုကောင်းမွန်စွာ ပူဇော်ကုန်ငြားအံ့၊ အလေးပြုကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ကုန်ငြားအံ့၊ ရဟန်းတို့ ထိုသို့ပူဇော်ရာ၌ ငါဘုရားမှာ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, စိတ်တက်ကြွခြင်းသည် မဖြစ်။

ရဟန်းတို့ ထိုသို့ပညတ်ရာ၌ အကယ်၍သူတပါးတို့က မြတ်စွာဘုရားကို ကောင်းစွာ ပြုကြကုန်ငြားအံ့၊ အလေးပြုကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ပူဇော်ကုန်ငြားအံ့။ ရဟန်းတို့ ထိုသို့ပူဇော်ရာ၌ ငါဘုရားမှာ “ရှေးအခါက ငါ ပိုင်းခြားသိခဲ့ပြီးသော ခန္ဓာငါးပါး၌ ဤသူတို့သည် ဤသို့သဘောရှိသော ပြုမူခြင်းတို့ကို ပြုကုန်၏” ဟု ဤသို့သော အကြံအစည်သည် ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် သင်တို့ကို အကယ်၍လည်း သူတပါးတို့က ဆဲကုန်ငြားအံ့၊ ရေရွတ်ကုန်ငြားအံ့၊ ချုတ်ချယ်ကုန်ငြားအံ့၊ ညှဉ်းဆဲကုန်ငြားအံ့၊ ထို ညှဉ်းဆဲရာ၌ သင်တို့သည် အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, စိတ်မနှစ်မြို့ခြင်းကို မပြုသင့်။

ရဟန်းတို့ ထို့ကြောင့် သင်တို့ကို အကယ်၍လည်း သူတပါးတို့က ကောင်းမွန်စွာ ပြုကုန်ငြားအံ့၊ အလေးပြုကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ကုန်ငြားအံ့။ ထိုသို့ ပူဇော်ရာ၌ သင်တို့သည် နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း, စိတ်တက်ကြွခြင်းကို မပြုသင့်။

ရဟန်းတို့ ထို့ကြောင့်သင်တို့ကို အကယ်၍လည်း သူတပါးတို့က ကောင်းမွန်စွာ ပြုကုန်ငြားအံ့၊ အလေးပြုကုန်ငြားအံ့၊ မြတ်နိုးကုန်ငြားအံ့၊ ပူဇော်ကုန်ငြားအံ့။ ထိုသို့ ပူဇော်ရာ၌ သင်တို့သည် “ရှေးအခါက ငါပိုင်းခြားသိခဲ့ပြီးသော ခန္ဓာငါးပါး၌ ဤသူတို့သည် ဤသို့သဘောရှိသော ပြုမူခြင်းတို့ကို ပြုကုန်၏”ဟု ဤသို့သောအကြံအစည်ဖြစ်ရာ၏။

http://www.dhammadownload.com



၂၄၇။ ရဟန်းတို့ ထို့ကြောင့် သင်တို့၏ဥစ္စာမဟုတ်သော တရားကိုပယ်ကြကုန်လော့၊ ထိုတရားကိုပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ အဘယ်တရားသည် သင်တို့၏ဥစ္စာမဟုတ်သနည်း၊ ရဟန်းတို့ ရုပ်သည်သင်တို့၏ဥစ္စာမဟုတ်၊ ထိုရုပ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်စွန့်ကြကုန်လော့။ ထိုရုပ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသောကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ ခံစားခြင်း 'ဝေဒနာ' သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုဝေဒနာကို ပယ်စွန့်ကြကုန်လော့။ ထိုဝေဒနာကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ မှတ်သားခြင်း 'သညာ' သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထို သညာကို ပယ်စွန့်ကြကုန်လော့။ ထိုသညာကို ပယ်စွန့်သော် သင်တို့မှာရှည်ကြာစွာသောကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ ပြုပြင် စီရင်မှု 'သင်္ခါရ' တို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန်၊ ထိုသင်္ခါရတို့ကိုပယ်စွန့်ကြကုန်လော့။ ထိုသင်္ခါရတို့ကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်ကုန်လတ္တံ့။ ရဟန်းတို့ အထူးသိမှု 'ဝိညာဏ်' သည် သင်တို့၏ဥစ္စာမဟုတ်၊ ထိုဝိညာဏ်ကို ပယ်စွန့်ကြကုန်လော့။ ထိုဝိညာဏ်ကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်သင့်ကြကုန်သနည်း၊ ဤဇေတဝန် ကျောင်းတော်၌ အကြင် မြက်သစ်သား သစ်ခက် သစ်ရွက်သည် ရှိ၏၊ ထိုမြက် သစ်သား သစ်ခက် သစ်ရွက်ကို လူအပေါင်းသည် ဆောင်မူလည်း ဆောင်ငြားအံ့၊ မီးမူလည်း တိုက်ငြားအံ့၊ အလိုရှိသလို ပြုမူလည်းပြုငြားအံ့၊ သင်တို့အား "ငါတို့ကို လူအပေါင်းသည် ဆောင်၏ဟုခုင်း မီးတိုက်၏ဟုရင်း အလိုရှိသလိုပြု၏ဟုရင်း ဤသို့သော အကြံအစည်သည် ဖြစ်ရာသလော" ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ မဖြစ်ပါဟု (လျှောက်ကြကုန်၏)။

ထိုသို့ မဖြစ်ခြင်းသည် အဘယ့်ကြောင့်ပါနည်း—

အသျှင်ဘုရား ဤမြက်သစ်သား သစ်ခက် သစ်ရွက်သည် တပည့်တော်တို့၏ ကိုယ်သည်ရင်း ကိုယ်ပိုင်ဥစ္စာသည်ရင်း မဟုတ်သောကြောင့်ပါတည်း။

ရဟန်းတို့ ဤအတူပင် သင်တို့၏ဥစ္စာမဟုတ်သောတရားကို ပယ်စွန့်ကြကုန်လော့။ ထိုတရားကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ အဘယ်တရားသည် သင်တို့၏ ဥစ္စာမဟုတ်သနည်း၊ ရဟန်းတို့ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်၌ဖြစ်သော ဆန္ဒရာဂကိုပယ်စွန့်ကြကုန်လော့။ ထိုရုပ်၌ဖြစ်သော ဆန္ဒရာဂကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။ ရဟန်းတို့ ခံစားခြင်း 'ဝေဒနာ' သည်။ပ။ရဟန်းတို့ မှတ်သားခြင်း 'သညာ' သည်။ ရဟန်းတို့ ပြုပြင် စီရင်မှု 'သင်္ခါရ' တို့သည်။ ရဟန်းတို့ အထူးသိမှု 'ဝိညာဏ်' သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုဝိညာဏ်ကိုပယ်စွန့်ကြကုန်လော့။ ထိုဝိညာဏ်ကို ပယ်စွန့်သော် သင်တို့မှာ ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်း ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

၂၄၈။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာ ဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏၊ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာဟောကြားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ် ပြသထားသော်

http://www.dhammadownload.com



(ကိလေသာမှ) ကင်းဝေးကြကုန်သော အာသဝေါကုန်ခန်းပြီး ကုန်သော (မဂ်အကျင့်ကို) ကျင့်သုံးပြီးကုန်သော ပြုဖွယ်ကိစ္စကို ပြုပြီးကုန်သော ဝန်ကိုချထားပြီးကုန်သော မိမိအကျိုးသို့ ရောက်ပြီးကုန်သောဘဝကို နှောင်ဖွဲ့ခြင်း 'သံယောဇဉ်' ကုန်ပြီးကုန်သော ကောင်းစွာသိ၍လွတ်မြောက်ပြီးသော စိတ်ရှိကုန်သော ထိုရဟန်းတို့မှာ ပညတ်ခြင်းငှါ ဝဋ်ဆင်းရဲ မရှိနိုင်တော့ပေ။

ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာ ဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာဟောကြားထားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထားသော် အောက်ကာမဘုံ၌ ဖြစ်စေတတ်သော သံယောဇဉ် 'အနှောင်အဖွဲ့' ငါးမျိုးတို့ကို ပယ်စွန့်ပြီးသော ရဟန်းအားလုံးတို့သည် ကိုယ်ထင်ရှားဖြစ်ခြင်း 'ဥပပါတ်' တို့ ဖြစ်ကုန်၏၊ ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုလေ့ရှိကြကုန်၏၊ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ဖြစ်ခြင်းသဘော မရှိကုန်။

ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာ ဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာဟောကြားထားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထားသော် အနှောင်အဖွဲ့ 'သံယောဇဉ်' သုံးပါးတို့ကို ပယ်စွန့်ပြီးသော တပ်စွန်းခြင်း ပြစ်မှားခြင်း တွေဝေခြင်းတို့ ခေါင်းပါးပြီးသော ရဟန်းအားလုံးတို့သည် သကဒါဂါမ်တို့တည်း၊ တကြိမ်သာလျှင် ဤ (လူ့) ဘုံသို့လာကြကုန်၍ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုကြကုန်လတ္တံ့။

ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာဟောကြားထားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထားသော် နှောင်ဖွဲ့ခြင်း 'သံယောဇဉ်' သုံးပါးတို့ကို ပယ်စွန့်ပြီးသော ရဟန်းအားလုံးတို့သည် သောတာပန်တို့တည်း၊ (အပါယ်သို့) ဖရှိဖရဲပျက်စီးကျခြင်းသဘော မရှိကြကုန်၊ ဂတိမြဲကုန်၏၊ အမြဲအထက်မဂ်သို့ လားရောက်ခြင်း ရှိကြကုန်၏။

ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာ ဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာ ဟောကြားထားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထားသော် ပညာဖြင့် အစဉ်လိုက်၍ကျင့်ကုန်သော သဒ္ဓါဖြင့် အစဉ်လိုက်၍ကျင့်ကုန်သော ရဟန်းအားလုံးတို့သည် အထက်မဂ်ဖိုလ်သို့ လားရောက်ခြင်းရှိကြကုန်၏။

ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သော တရားကို ကောင်းစွာ ဟောကြားထား၏၊ ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထား၏။ ရဟန်းတို့ ဤသို့ ငါသည် ပုဆိုးသစ်သဖွယ်ဖြစ်သောတရားကို ကောင်းစွာ ဟောကြားထားသော် ပေါ်ပေါ်လွင်လွင် ဖွင့်လှစ်ပြသထားသော် ငါ၌ ယုံကြည်ခြင်း 'သဒ္ဓါ' မျှ ချစ်နှစ်သက်ခြင်းမျှသာဖြစ်သော ပုဂ္ဂိုလ်အားလုံးတို့သည် ကောင်းမြတ်သော (လူ) နတ်ဘုံသို့ လားရောက်ခြင်းရှိကြကုန်၏။

မြတ်စွာဘုရားသည် ဤသုတ်တရားကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသောတရားကို နှစ်သိမ့်ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

နှစ်ခုမြောက် အလဂဒ္ဒူပမသုတ် ပြီး၏။

http://www.dhammadownload.com



## ၃-ဝမ္မိကသုတ်

၂၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အသျှင်ကုမာရကဿပသည် အန္ဓဝန်တော၌ နေလေ၏။ ထိုအခါ နတ်သားတဦးသည် ညဥ့်ဦးယံလွန်ပြီးသော သန်ကောင်အခါဝယ် တင့်တယ်သော အရေအဆင်းရှိသည်ဖြစ်၍ အန္ဓဝန်တောပတ်ဝန်းကျင်ကို အရောင်ဖြန့်ကျင်း ထိန်လင်းစေလျက် အသျှင်ကုမာရကဿပထံသို့ ချဉ်းကပ်၍ တခုသောအရပ်၌ ရပ်တည်ပြီးလျှင် ဤသို့ လျှောက်ထား၏။ရဟန်း ရဟန်း ဤတောင်ပို့သည် ညဥ့်၌အခိုးလွှတ်၏၊နေ့၌တောက်ပ၏၊ ပုဏ္ဏားက "ပညာရှိ ဓားလက်နက်ကိုယူ၍ တူးလော့"ဟု ပြောဆို၏။ပညာရှိသည် ဓားလက်နက်ကိုယူ၍ တူးသော် တံခါးကျည်းမင်းတုပ်ကို တွေ့မြင်သဖြင့် အသျှင် တံခါးကျည်မင်းတုပ်ပါတည်းဟု ပြောဆို၏။ ပုဏ္ဏားက "ပညာရှိ တံခါးကျည်မင်းတုပ်ကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးလော့"ဟု ပြောဆို၏။ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် ဖားကိုတွေ့မြင်သဖြင့် အသျှင် ဖားပါတည်းဟု ပြောဆို၏။ပုဏ္ဏားက "ပညာရှိ ဖားကိုဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။ ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် လမ်းနှစ်ခွကိုတွေ့မြင်သဖြင့် အသျှင် လမ်းနှစ်ခွပါတည်းဟု ပြောဆို၏။ ပုဏ္ဏားက "ပညာရှိ လမ်းနှစ်ခွကိုဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။ ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် ဆပ်ပြာရေစစ်ကို တွေ့မြင်သဖြင့် အသျှင် ဆပ်ပြာရေစစ်ပါတည်းဟု ပြောဆို၏။ပုဏ္ဏားက "ပညာရှိ ဆပ်ပြာရေစစ်ကိုဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။ ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် လိပ်ကိုတွေ့မြင်သဖြင့် အသျှင် လိပ်ပါတည်းဟု ပြောဆို၏။ပုဏ္ဏားက "ပညာရှိ လိပ်ကိုဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် သန်လျက်နှင့် စဉ်းတီတုံးကိုတွေ့မြင်သဖြင့် အသျှင် သန်လျက်နှင့် စဉ်းတီတုံးပါတည်းဟု ပြောဆို၏။ ပုဏ္ဏားက "ပညာရှိ သန်လျက်နှင့်စဉ်းတီးတုံးကို ဖယ်ပစ်လော့၊ ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။

ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် သားတစ်ကိုတွေ့မြင်သဖြင့် အသျှင် သားတစ်ပါတည်းဟု ပြောဆို၏။ပုဏ္ဏားက "ပညာရှိ သားတစ်ကိုဖယ်ပစ်လော့၊ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့်တူးဦးလော့"ဟု ပြောဆို၏။

ပညာရှိသည် ဓားလက်နက်ကိုယူ၍ အဆင့်ဆင့်တူးသော် နဂါးကိုတွေ့မြင်သဖြင့် အသျှင် နဂါးပါတည်းဟု ပြောဆို၏။ပုဏ္ဏားက "နဂါးသည် တည်ရှိပေစေ၊ နဂါးကို မထိခိုက်လင့်၊ နဂါးအား ရှိခိုးခြင်းကိုပြုလော့"ဟု ပြောဆို၏။

ရဟန်း သင်သည် ဤပြဿနာတို့ကို မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍မေးလော့၊ သင့်အား မြတ်စွာဘုရားဖြေကြားတော်မူသည့်အတိုင်း ထိုအနက်ကို မှတ်လော့။

http://www.dhammadownload.com



ရဟန်း မြတ်စွာဘုရားကိုဂင်း မြတ်စွာဘုရား၏တပည့်သာဝကကိုဂင်း ဤငါ့အထံမှ နာကြားဘူးသူကိုဂင်း ကြည့်၍ စိတ်ကြေနပ်လောက်အောင် ဤပြဿနာကို ဖြေဆိုနိုင်မည့်သူကို အောက်နတ်ပြည်နှင့်တကွ (အထက်ဝသဝတ္တိ) မာရ်နတ်ပြည်နှင့်တကွ (ရူပါဝစရ) ဗြဟ္မာပြည်နှင့်တကွသော ဩကာသလောက၌ ရဟန်း ပုဏ္ဏားနှင့်တကွ သမ္မုတိနတ်ဟု ဆိုအပ်သောမင်း ကြွင်းသောလူနှင့်တကွသော သတ္တလောက၌ ငါမတွေ့မြင်ဟု လျှောက်ထား၏။ ထိုနတ်သားသည် ဤပြဿနာစကားကို လျှောက်ထားပြီးနောက် ထိုအရပ်၌ပင် ကွယ်လေ၏။

၂၅၀။ ထိုအခါ အသျှင်ကုမာရကဿပသည် ထိုညဉ့် လွန်သော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာ ရှိခိုးလျက် သင့်တင့်လျှောက်ပတ်သော နေရာ၌ ထိုင်ကာ—

"အသျှင်ဘုရား ဤညဉ့်၌ နတ်သားတဦးသည် ညဉ့်ဦးယံလွန်ပြီးသော သန်ကောင်အခါဝယ် လှပတင့်တယ်သော အရေအဆင်းရှိသည်ဖြစ်၍ အန္ဓဝန်တော ပတ်ဝန်းကျင်ကို အရောင်ဖြန့်ကျင်း ထိန်လင်းစေလျက် တပည့်တော်ထံသို့ ချဉ်းကပ်၍ သင့်တင့်လျှောက်ပတ်သော နေရာ၌ ရပ်တည်ကာ ဤသို့ လျှောက်ထားပါ၏။ ရဟန်း ရဟန်း ဤတောင်ပို့သည် ညဉ့်၌ အခိုးလွှတ်၏၊ နေ့၌ တောက်ပ၏။ ပုဏ္ဏားက ပညာရှိ၊ ဓားလက်နက်ကိုယူ၍ တူးလော့ ဟု ဤသို့ ပြောဆို၏။ ပညာရှိသည် ဓားလက်နက်ကို ယူ၍ တူးသော်။ပ။ ဤငါ့အထံမှ နာကြားဘူးသူကိုဂင်း။ပ။ ဟု ဤသို့ (လျှောက်ထားပါ၏)။ အသျှင်ဘုရား ထိုနတ်သားသည် ဤပြဿနာစကားကို လျှောက်ထားပြီးနောက် ထိုနေရာ၌ပင် ကွယ်ခဲ့ပါ၏။

အသျှင်ဘုရား တောင်ပို့ဟူသည် အဘယ်ပါနည်း၊ ညဉ့်၌ အခိုးလွှတ်ခြင်းဟူသည် အဘယ်ပါနည်း၊ နေ့၌ တောက်ပခြင်းဟူသည် အဘယ်ပါနည်း၊ ပုဏ္ဏားဟူသည် အဘယ်ပါနည်း၊ ပညာရှိဟူသည် အဘယ်ပါနည်း၊ ဓားလက်နက်ဟူသည် အဘယ်ပါနည်း၊ အဆင့်ဆင့် တူးခြင်းဟူသည် အဘယ်ပါနည်း၊ တံခါးကျည်းမင်းတုပ်ဟူသည် အဘယ်ပါနည်း၊ ဖားဟူသည် အဘယ်ပါနည်း၊ လမ်းနှစ်ခွဟူသည် အဘယ်ပါနည်း၊ ဆပ်ပြာရေစစ်ဟူသည် အဘယ်ပါနည်း၊ လိပ်ဟူသည် အဘယ်ပါနည်း၊ သန်လျက်နှင့် စဉ်းတီတုံးဟူသည် အဘယ်ပါနည်း၊ သားတစ်ဟူသည် အဘယ်ပါနည်း၊ နဂါးဟူသည် အဘယ်ပါနည်း" ဟု လျှောက်၏။

၂၅၁။ ရဟန်း "တောင်ပို့" ဟူသော ဤအမည်သည် အမိအဖတို့၏ သုတ်သွေးကြောင့်ဖြစ်သော ထမင်း မုယောမုန့်တို့ကြောင့် ကြီးပွါးသော မမြဲခြင်း ပွတ်သတ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိသော မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်၏ အမည်တည်း။ (၁)

ရဟန်း နေ့က ပြုထားသော အမှုကို အာရုံပြု၍ ညဉ့်၌ ကြံစည်၏၊ စဉ်းစား၏၊ ဤကြံစည် စဉ်းစားခြင်းသည် ညဉ့်၌ အခိုးလွှတ်ခြင်းတည်း။

ရဟန်း ညဉ့်က ကြံစည်စဉ်းစား၍ နေ့၌ အမှုတို့ကို ကိုယ် နှုတ် စိတ်အားဖြင့် အားထုတ်၏၊ ဤအားထုတ်ခြင်းသည် နေ့၌ တောက်ပခြင်းတည်း။ (၂-၃)

ရဟန်း "ပုဏ္ဏား" ဟူသော ဤအမည်သည် ကိလေသာရန်သူကို (ပယ်) သတ်ပြီးသော (တရားအားလုံးကို) အလိုလို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ အမည်တည်း။

ရဟန်း "ပညာရှိ" ဟူသော ဤအမည်သည် ကျင့်ဆဲ 'သေက္ခ' ရဟန်း၏ အမည်တည်း။ (၄-၅)

ရဟန်း "ဓားလက်နက်" ဟူသော ဤအမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း။

http://www.dhammadownload.com



ရဟန်း "အဆင့်ဆင့် တူးခြင်း" ဟူသော ဤအမည်သည် လုံ့လအားထုတ်ခြင်း၏ အမည်တည်း။ (၆-၇)

ရဟန်း "တံခါးကျည်းမင်းတုပ်" ဟူသော ဤအမည်သည် မသိမှု 'အဝိဇ္ဇာ' ၏ အမည်တည်း။ တံခါးကျည်းမင်းတုပ်ကို ဖယ်ပစ်လော့၊ မသိမှု 'အဝိဇ္ဇာ' ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ (၈)

ရဟန်း "ဖား" ဟူသော ဤအမည်ကား အားကြီးသော အမျက်ထွက်ခြင်း အမည်တည်း။ ဖားကို ဖယ်ပစ်လော့၊ အားကြီးသော အမျက်ထွက်ခြင်းကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ (၉)

ရဟန်း "လမ်းနှစ်ခွ" ဟူသော ဤအမည်သည် တွေးတောယုံမှားခြင်း၏ အမည်တည်း။ လမ်းနှစ်ခွကို ဖယ်ပစ်လော့၊ တွေးတောယုံမှားခြင်းကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးဦးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ (၁၀)

ရဟန်း "ဆပ်ပြာရေစစ်" ဟူသော ဤအမည်သည် ကာမဌ္ဌ လိုချင်ခြင်းဟူသော အပိတ်အပင်, ပျက်စီးစေလိုမှု ဟူသော အပိတ်အပင်, ထိုင်းမှိုင်းခြင်း ဟူသော အပိတ်အပင်, ပျံ့လွင့်ခြင်း နောင်တရခြင်း ဟူသော အပိတ်အပင်, တွေးတောယုံမှားခြင်းဟူသော အပိတ်အပင်ဟူသော ဤ အပိတ်အပင် ငါးမျိုးတို့၏ အမည်တည်း။ ဆပ်ပြာရေစစ်ကို ဖယ်ပစ်လော့၊ အပိတ်အပင် ငါးမျိုးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးဦးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ (၁၁)

ရဟန်း "လိပ်" ဟူသော ဤအမည်သည် ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာ, ခံစားခြင်း ဟူသော စွဲယူအပ်သော ခန္ဓာ, မှတ်သားခြင်းဟူသော စွဲယူအပ်သော ခန္ဓာ, ပြုပြင်စီရင်မှု ဟူသော စွဲယူအပ်သော ခန္ဓာ, အထူးသိမှုဟူသော စွဲယူအပ်သော ခန္ဓာဟူသော ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၏ အမည်တည်း။ လိပ်ကို ဖယ်ပစ်လော့၊ စွဲယူအပ်သော ခန္ဓာငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးဦးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အဓိပ္ပါယ်တည်း။ (၁၂)

ရဟန်း "သန်လျက်နှင့် စဉ်းတီတုံး" ဟူသော ဤအမည်သည် အလိုရှိအပ် နှစ်သက်အပ် စိတ်ကို ဆွဲဆောင်တတ်ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမရာဂနှင့် စပ်ယှက် တပ်မက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အဆင်း။ပ။ သောတဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အသံ။ပ။ ဃာနဝိညာဏ်ဖြင့် အထူး သိအပ်ကုန်သော အနံ့။ပ။ ဇိဝှါ ဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အရသာ အလိုရှိအပ် နှစ်သက်အပ် စိတ်ကို ဆွဲဆောင်တတ် ကုန်သော ချစ်အပ်သော သဘောရှိကုန်သော ကာမရာဂနှင့် စပ်ယှက်တတ်မက်အပ်ကုန်သော ကာယဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အတွေ့အထိ ဟူကုန်သော ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

သန်လျက်နှင့် စဉ်းတီတုံးကို ဖယ်ပစ်လော့၊ ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်လော့၊ ပညာရှိ ဓားလက်နက်ကို ယူ၍ အဆင့်ဆင့် တူးဦးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက် အဓိပ္ပါယ်တည်း။ (၁၃)

http://www.dhammadownload.com



ရဟန်း "သားတစ်"ဟူသော ဤအမည်သည် နှစ်သက် တပ်စွန်းခြင်း 'နန္ဒီရာဂ' ၏ အမည်တည်း။ သားတစ်ကို ဖယ်ပစ်လော့၊ နှစ်သက်တပ်စွန်းခြင်း 'နန္ဒီရာဂ'ကို ပယ်စွန့်လော့၊ ပညာရှိ ခံ့ လက်နက်ကို ယူ၍ အဆင့်ဆင့် တူးဦးလော့ ဟူသော ဤဝါကျသည်ပင် ဤပြဿနာ၏ အနက်အဓိပ္ပါယ်တည်း။ (၁၄)

ရဟန်း "နဂါး" ဟူသော ဤအမည်သည် ရဟန္တာဖြစ်သော ရဟန်း၏ အမည်တည်း။ နဂါးသည် တည်ရှိပေစေ၊ နဂါးကို မထိခိုက်လင့်၊ နဂါးအား ရှိခိုးခြင်းကို ပြုလော့ ဟူသော ဤဝါကျ၏ အနက်ကား ဤသည်ပင်တည်း ဟု (မိန့်တော်မူ၏)။ (၁၅)

မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။ အသျှင်ကုမာရကဿပသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်စွာ ခံယူလေသတည်း။

သုံးခုမြောက် ဝမ္မိကသုတ် ပြီး၏။

---

## ၄-ရထဝိနီတသုတ်

၂၅၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဘုရားလောင်းဖွားတော်မူရာအရပ်၌ နေလေ့ရှိကုန်သော များစွာသော ရဟန်းတို့သည် ဘုရားလောင်းဖွားတော်မူရာအရပ်၌ ဝါကျွတ်ကြကုန်လျက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြကုန်၍ ရှိသေစွာ ရှိခိုးကြပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြကုန်၏။ တခုသောနေရာ၌ ထိုင်နေကြကုန်သော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့ "မိမိလည်း အလိုနည်း၏၊ အလိုနည်းခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း ကင်းဆိတ်၏၊ ကင်းဆိတ်ခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း မရောနှော၊ မရောနှောခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း လုံ့လအားထုတ်၏၊ လုံ့လအားထုတ်ခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း အကျင့်သီလနှင့် ပြည့်စုံ၏၊ အကျင့်သီလနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံ၏၊ တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း ပညာနှင့်ပြည့်စုံ၏၊ ပညာနှင့်ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်းလွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့် ပြည့်စုံ၏၊ လွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ မိမိလည်း လွတ်မြောက်ခြင်း 'ဝိမုတ္တိ'ကို သိမြင်ခြင်း 'ဝိမုတ္တိဉာဏဒဿန'နှင့် ပြည့်စုံ၏၊ လွတ်မြောက်ခြင်းကို သိမြင်ခြင်း 'ဝိမုတ္တိဉာဏဒဿန'နှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ သီတင်းသုံးဖော်တို့ကို ဆုံးမတတ်

http://www.dhammadownload.com



၏၊ အထူးသိစေတတ်၏၊ ကောင်းစွာ ပြတတ်၏၊ ကောင်းစွာ ဆောက်တည်စေတတ်၏၊ ကောင်းစွာ အားထုတ်စေတတ်၏၊ ကောင်းစွာ အပြားအားဖြင့် နှစ်သက်ရွှင်လန်းစေတတ်၏”ဟု ဘုရားလောင်းဖွားတော်မူရာအရပ်တွင် အဘယ်ရဟန်းသည် ဘုရားလောင်းဖွားတော်မူရာအရပ်၌ နေလေ့ရှိကုန်သော သီတင်းသုံးဖော်ရဟန်းတို့၏ အချီးမွမ်းကို ခံရသနည်းဟု မေးတော်မူ၏။

အသျှင်ဘုရား “မိမိလည်း အလိုနည်း၏၊ အလိုနည်းခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အားပြောဟောတတ်၏။ မိမိလည်း ရောင့်ရဲ၏။ပ။ သီတင်းသုံးဖော်တို့ကို ဆုံးမတတ်၏၊ အထူးသိစေတတ်၏၊ ကောင်းစွာ ညွှန်ပြတတ်၏၊ ကောင်းစွာ ဆောက်တည်စေတတ်၏၊ ကောင်းစွာ အားထုတ်စေတတ်၏၊ ကောင်းစွာ နှစ်သက် ရွှင်လန်းစေတတ်၏ဟု ဘုရားလောင်းဖွားတော်မူရာအရပ်တွင် မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် ဘုရားလောင်းဖွားတော်မူရာအရပ်၌ နေသောသီတင်းသုံးဖော် ရဟန်းတို့၏ အချီးမွမ်းကို ခံရပါ၏”ဟု (လျှောက်ကြကုန်၏)။

၂၅၃။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအနီး၌ ထိုင်နေ၏။ ထိုသို့ ထိုင်နေစဉ် “အသျှင်ပုဏ္ဏအား ပညာရှိကုန်သော သီတင်းသုံးဖော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ စကားဆယ်မျိုးသို့ သက်ဝင်၍ သက်ဝင်၍ ကျေးဇူးဂုဏ်ကို ပြောဆိုကုန်၏။ထိုပြောဆိုသောစကားကိုလည်း မြတ်စွာဘုရားသည် အလွန်ဝမ်းမြောက်တော်မူ၏။ မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် (ကျေးဇူးဂုဏ်ကို) ရပေစွ၊ မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် အရတော်ပေစွ၊ ငါတို့လည်း တချိန်ချိန်မှာ မန္တာဏီ၏သား အသျှင်ပုဏ္ဏနှင့်အတူ တွေ့ဆုံမိကောင်းတန်ရာ၏၊ တစုံတရာစကားပြန်လှန်ပြောဆိုခြင်း ဖြစ်ကောင်းတန်ရာ၏” ဟု အသျှင်သာရိပုတြာအား ဤသို့သော အကြံအစည်သည် ဖြစ်လေ၏။

၂၅၄။ ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးနောက် သာဝတ္ထိပြည်သို့ ဒေသစာရီလှည့်လည်ကြွသွားတော်မူ၏။ အစဉ်အတိုင်းဒေသစာရီလှည့်လည်တော်မူသော် သာဝတ္ထိပြည်သို့ ဆိုက်ရောက်တော်မူပြီး၍ ထိုသာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ပင် သီတင်းသုံးနေတော်မူ၏။ မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် “မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ အစဉ်ဆိုက်ရောက်တော်မူ၍ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူသတတ်”ဟု ကြားလေ၏။

၂၅၅။ ထိုအခါ မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် ကျောင်းအိပ်ရာ နေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ သာဝတ္ထိပြည်သို့ ဒေသစာရီလှည့်လည်ကြွသွား၏။ အစဉ်အတိုင်း ဒေသစာရီလှည့်လည်ကြွမြန်းသော် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေ၏။

သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေသော မန္တာဏီ၏သား အသျှင်ပုဏ္ဏကို မြတ်စွာဘုရားသည် တရားနှင့်စပ်သောစကားဖြင့် ကောင်းစွာပြတော်မူ၏၊ ကောင်းစွာဆောက်တည်စေတော်မူ၏၊ ကောင်းစွာအားထုတ်စေတော်မူ၏၊ ကောင်းစွာ နှစ်သက်ရွှင်လန်းစေတော်မူ၏။ ထိုအခါ မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် မြတ်စွာဘုရားက တရားနှင့်စပ်သော စကားဖြင့် ကောင်း

http://www.dhammadownload.com



စွာပြုပြီးသော် ကောင်းစွာဆောက်တည်စေပြီးသော် ကောင်းစွာအားထုတ်စေပြီးသော် ကောင်းစွာနှစ်သက်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရား၏ တရားကို လွန်စွာနှစ်သက်ဝမ်းမြောက်လျက် နေရာမှထကာ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် အရိုအသေပြုပြီးလျှင် အန္ဓဝန်တောဆီသို့ နေ့သန့်ခြင်းငှါ ချဉ်းကပ်လေ၏။

၂၅၆။ ထိုအခါ ရဟန်းတပါးသည် အသျှင်သာရိပုတြာအထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာကို "ငါ့သျှင်သာရိပုတြာ သင်သည် မန္တာဏီ၏သား ပုဏ္ဏမည်သော ရဟန်း၏ကျေးဇူးဂုဏ်ကို မပြတ်ပြောကြားခဲ့၏။ ထိုပုဏ္ဏမည်သော ရဟန်းသည် မြတ်စွာဘုရားက တရားနှင့်စပ်သောစကားဖြင့် ကောင်းစွာပြုပြီးသော် ကောင်းစွာဆောက်တည်စေပြီးသော် ကောင်းစွာ အားထုတ်စေပြီးသော် ကောင်းစွာနှစ်သက်ရွှင်လန်းစေပြီးသော် မြတ်စွာဘုရား၏ တရားကို လွန်စွာနှစ်သက်ဝမ်းမြောက်ကာ နေရာမှထ၍ မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် အရိုအသေ ပြုပြီးလျှင် အန္ဓဝန်တောဆီသို့ နေ့သန့်ခြင်းငှါ ဖဲခွါသွားလေ၏"ဟု လျှောက်ကြား၏။

ထိုအခါ အသျှင်သာရိပုတြာသည် လျင်မြန်စွာနိသီဒိုင်ကိုယူ၍ မန္တာဏီ၏သားအသျှင်ပုဏ္ဏအထံသို့ နောက်မှနောက်မှဦးခေါင်းကိုကြည့်ကာလိုက်လေ၏။ ထိုအခါမန္တာဏီ၏သား အသျှင်ပုဏ္ဏသည် အန္ဓဝန်တောသို့ ဝင်၍ တခုသော သစ်ပင်ရင်း၌ နေ့သန့်ခြင်းငှါထိုင်၏။ အသျှင်သာရိပုတြာသည်လည်း အန္ဓဝန်တောသို့ ဝင်၍ တခုသော သစ်ပင်ရင်း၌ နေ့သန့်ခြင်းငှါ ထိုင်၏။

ထို့နောက် အသျှင်သာရိပုတြာသည် ညချမ်းအချိန်၌ ဖလသမာပတ်မှ ထလျက် မန္တာဏီ၏သား အသျှင်ပုဏ္ဏအထံသို့ ချဉ်းကပ်ပြီးလျှင် မန္တာဏီ၏သား အသျှင်ပုဏ္ဏနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်သောနေရာ၌ ထိုင်ကာ ဤစကားကို မိန့်ဆို၏။

၂၅၇။ "ငါ့သျှင်မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော"ဟု မေး၏။

ငါ့သျှင်မှန်ပါ၏ ဟု (ဆို၏)။

ငါ့သျှင်အကျင့် သီလအထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် စိတ်သမာဓိ အထူးစင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူးစင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

http://www.dhammadownload.com



ငါ့သျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် အကျင့် အနုလုံ ဉာဏ်အမြင် အထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် မဂ်ဉာဏ် အမြင်အထူး စင်ကြယ်ခြင်း အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

"ငါ့သျှင် အကျင့် သီလအထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော" ဟု မေးသော် "ငါ့သျှင်မဟုတ်ပါ"ဟု ဖြေဆို၏။

"ငါ့သျှင် စိတ်သမာဓိ အထူးစင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော" ဟု မေးသော် "ငါ့သျှင် မဟုတ်ပါ"ဟု ဖြေဆို၏။

"ငါ့သျှင် အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ။ပ။ ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ။ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ။ အကျင့် (အနုလုံ) ဉာဏ်အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ။ ပ ။ "ငါ့သျှင် မဂ်ဉာဏ်အမြင်အထူး စင်ကြယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော" ဟု မေးသော် "ငါ့သျှင် မဟုတ်ပါ"ဟု ဖြေဆို၏။

ငါ့သျှင် အကယ်၍ ဤအကျိုးငှါ မကျင့်သုံးသော် အဘယ်အကျိုးငှါ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသနည်း ဟု (မေး၏)။

ငါ့သျှင် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း အကျိုးငှါသာ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးပါ၏ ဟု (ဆို၏)။

ငါ့သျှင် အကျင့်သီလ အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် စွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် အမြင်အထူး စင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းလော ဟု (မေး၏)

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အမြင်အထူး စင်ကြယ်ခြင်းသည် စွဲယူမှု မရှိသောထက်ဝန်းကျင် ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

http://www.dhammadownload.com



ငါ့သျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် စွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် အကျင့် (အနုလုံ) ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းလော ဟု (မေး၏)။

ငါ့သျှင် မဟုတ်ပါဟု (ဆို၏)။

ငါ့သျှင် ဤတရားတို့ကိုကြဉ်၍ စွဲယူမှုမရှိသောထက်ဝန်းကျင်ငြိမ်းအေးခြင်းသည်(ဖြစ်သလော) ဟု(မေး၏)။

ငါ့သျှင် မဖြစ်ပါဟု (ဆို၏)။

"ငါ့သျှင် အကျင့် သီလ အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းလော" ဟု မေးသော် "ငါ့သျှင်မဟုတ်ပါ" ဟု ဖြေဆို၏။

"ငါ့သျှင် စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းလော"ဟု မေးသော် "ငါ့သျှင်မဟုတ်ပါ"ဟု ဖြေဆို၏။

"ငါ့သျှင် အမြင်အထူး စင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းလော ဟု။ပ။ ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ် အထူးစင်ကြယ်ခြင်းသည်။ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည်။ အကျင့် (အနုလုံ) ဉာဏ် အမြင်အထူး စင်ကြယ်ခြင်းသည်။ "ငါ့သျှင် မဂ်ဉာဏ် အမြင်အထူး စင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း လော "ဟု မေးသော် "ငါ့သျှင် မဟုတ်ပါ "ဟု ဖြေဆို၏။

"ငါ့သျှင် ဤတရားတို့ကို ကြဉ်၍ စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းသည် ဖြစ်သလော" ဟုမေးသော် "ငါ့သျှင် မဖြစ်ပါ"ဟု ဖြေဆို၏။ ငါ့သျှင် အဘယ်သို့လျှင် ဤဖြေဆိုသော စကား၏ အနက်ကို မှတ်သင့်သနည်း ဟု (မေး၏)။

၂၅၈။ ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် အကျင့်သီလ အထူးစင်ကြယ်ခြင်းကို စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း ဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့် တကွသာလျှင် ဖြစ်သော တရားကို စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် စိတ်သမာဓိ အထူး စင်ကြယ်ခြင်းကို စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့် တကွသာလျှင်ဖြစ်သော တရားကိုစွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် အမြင်အထူး စင်ကြယ်ခြင်းကို စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့်တကွသာလျှင်ဖြစ်သော တရားကိုစွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

http://www.dhammadownload.com



ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူးစင်ကြယ်ခြင်းကို စွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့်တကွသာလျှင် ဖြစ်သောတရားကို စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ် အမြင်အထူးစင်ကြယ်ခြင်းကို စွဲယူမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟုပညတ်ငြားအံ့၊ စွဲယူမှုနှင့်တကွသာလျှင်ဖြစ်သော တရားကိုစွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍မြတ်စွာဘုရားသည် အကျင့် (အနုလုံ)ဉာဏ်အမြင် အထူး စင်ကြယ်ခြင်းကို စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့်တကွသာလျှင်ဖြစ်သော တရားကို စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍ မြတ်စွာဘုရားသည် မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းကို စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်ငြားအံ့၊ စွဲယူမှုနှင့်တကွသာလျှင် ဖြစ်သော တရားကို စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းဟု ပညတ်သည် မည်ရာ၏။

ငါ့သျှင် အကယ်၍ ဤတရားတို့ကို ကြဉ်၍စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်းသည် ဖြစ်ခဲ့ငြားအံ့၊ ပုထုဇဉ်သည် ထက်ဝန်းကျင်ငြိမ်းအေးရာ၏။ ငါ့သျှင် မှန်၏၊ ပုထုဇဉ်သည် ဤတရားတို့ကို ကြဉ်၍ဖြစ်၏။ ငါ့သျှင်ဤလောက၌ ဥပမာအားဖြင့် အချို့ကုန်သော ပညာရှိ ယောကျ်ားတို့သည် ပြောဆိုသောစကား၏ အနက်ကို သိကြကုန်၏၊ ထို့ကြောင့် သင့်အား ဥပမာကိုပြအံ့။

၂၅၉။ ငါ့သျှင် ဥပမာသော်ကား ပသေနဒီ ကောသလမင်းသည် သာဝတ္ထိပြည်၌နေစဉ် သာကေတမြို့၌ တစုံတရာ အဆောတလျင် ပြုဖွယ်ကိစ္စသည်ဖြစ်ရာ၏။ ထိုမင်းအတွက် သာဝတ္ထိပြည်နှင့် သာကေတမြို့၏အကြား၌ မြင်းယာဉ်ကသော ရထားခုနစ်စီးတို့ကို ရှေးရှု တည်ထားစေကုန်ရာ၏။

ငါ့သျှင် ထိုအခါ ပသေနဒီကောသလမင်းသည် သာဝတ္ထိပြည်မှထွက်သော် နန်းတွင်းတံခါးမှ မြင်းယာဉ်ကသော ပဌမရထားကို တက်စီးရာ၏၊မြင်းယာဉ်ကသော ပဌမရထားဖြင့် မြင်းယာဉ်ကသော ဒုတိယရထားသို့ ရောက်ရာ၏။

မြင်းယာဉ်ကသော ပဌမရထားကို စွန့်လွှတ်ရာ၏၊ မြင်းယာဉ်ကသော ဒုတိယရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသော ဒုတိယ ရထားဖြင့် မြင်းယာဉ်ကသော တဘိယခထားသို့ ရောက်ရာ၏။

မြင်းယာဉ်ကသော ဒုဘိယရထားကို စွန့်လွှာ်ရာ၏၊ မြင်းယာဉ်ကသောဘတိယရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသော တတိယ ရထားဖြင့် မြင်းယာဉ်ကသော စတုတ္ထရထားသို့ ရောက်ရာ၏။

မြင်းယာဉ်ကသော တတိယ ရထားကို စွန့်လွှတ်ရာ၏၊ မြင်းယာဉ်ကသောစတုတ္ထရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသောစတုတ္ထရထားဖြင့် မြင်းယာဉ်ကသောပဉ္စမရထားသို့ ရောက်ရာ၏။

မြင်းယာဉ်ကသောစတုတ္ထရထားကို စွန့်လွှတ်ရာ၏၊ မြင်းယာဉ်ကသောပဉ္စမရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသော ပဉ္စမရထားဖြင့် မြင်းယာဉ်ကသောဆဋ္ဌရထားသို့ ရောက်ရာ၏။

http://www.dhammadownload.com



မြင်းယာဉ်ကသော ပဉ္စမရထားကို စွန့်လွှတ်ရာ၏၊ မြင်းယာဉ်ကသော ဆဋ္ဌရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသော ဆဋ္ဌရထားဖြင့် မြင်းယာဉ်ကသော သတ္တမရထားသို့ ရောက်ရာ၏။

မြင်းယာဉ်ကသော ဆဋ္ဌရထားကို စွန့်လွှတ်ရာ၏၊ မြင်းယာဉ်ကသော သတ္တမရထားကို တက်စီးရာ၏၊ မြင်းယာဉ်ကသော သတ္တမရထားဖြင့် သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်ရာ၏။

နန်းတွင်းတံခါးသို့ရောက်သော ထိုမင်းကို အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ဆွေမျိုးသားချင်းတို့သည်"မင်းကြီး သင်သည် ဤဆိုးမအပ်သော မြင်းယာဉ်ကသော ရထားဖြင့် သာဝတ္ထိပြည်မှ သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်တော်မူပါသလော" ဟု (မေးကြကုန်ရာ၏)။

ငါ့သျှင် ပသေနဒီကောသလမင်းသည် အဘယ်သို့ ဖြေကြားသော် ကောင်းစွာဖြေကြားသည် မည်ရာသနည်း ဟု (မေး၏)။

ငါ့သျှင် ပသေနဒီ ကောသလမင်းသည် ဤသို့ ဖြေကြားသော် ကောင်းစွာ ဖြေကြားသည် မည်ရာပါ၏၊ "ငါသည် သာဝတ္ထိပြည်၌နေစဉ် ဤသာကေတမြို့၌ တစုံတရာ အဆောတလျင်ပြုဖွယ်ကိစ္စသည် ဖြစ်ခဲ့၏။ ထို ငါအတွက် သာဝတ္ထိပြည်နှင့် သာကေတမြို့၏ အကြား၌ မြင်းယာဉ်ကသော ရထား ခုနစ်စီးတို့ကို ရှေးရှုတည်ထားစေခဲ့ကုန်၏။ ထိုအခါ ငါသည် သာဝတ္ထိမှ ထွက်သော် နန်းတွင်းတံခါးမှ မြင်းယာဉ်ကသောပဌမရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော ပဌမရထားဖြင့် မြင်းယာဉ်ကသော ဒုတိယရထားသို့ရောက်ခဲ့၏။ မြင်းယာဉ်ကသော ပဌမရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော ဒုတိယရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော ဒုတိယရထားဖြင့် မြင်းယာဉ်ကသောတတိယ ရထားသို့ရောက်ခဲ့၏။

မြင်းယာဉ်ကသော ဒုတိယရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော တတိယ ရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော တတိယရထားဖြင့် မြင်းယာဉ်ကသောစတုတ္ထရထားသို့ ရောက်ခဲ့၏။

မြင်းယာဉ်ကသော တတိယရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော စတုတ္ထရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော စတုတ္ထရထားဖြင့် မြင်းယာဉ်ကသော ပဉ္စမရထားသို့ ရောက်ခဲ့၏။

မြင်းယာဉ်ကသော စတုတ္ထရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော ပဉ္စမရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော ပဉ္စမရထားဖြင့် မြင်းယာဉ်ကသော ဆဋ္ဌရထားသို့ ရောက်ခဲ့၏။

မြင်းယာဉ်ကသော ပဉ္စမရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော ဆဋ္ဌရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော ဆဋ္ဌရထားဖြင့် မြင်းယာဉ်ကသော သတ္တမရထားသို့ ရောက်ခဲ့၏။

မြင်းယာဉ်ကသော ဆဋ္ဌရထားကို စွန့်လွှတ်ခဲ့၏၊ မြင်းယာဉ်ကသော သတ္တမရထားကို တက်စီးခဲ့၏၊ မြင်းယာဉ်ကသော သတ္တမ ရထားဖြင့် သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်ခဲ့၏"ဟု ပသေနဒီကောသလမင်းသည် ဤသို့ဖြေကြားသော် ကောင်းစွာဖြေကြားသည် မည်ရာ၏ ဟု (လျှောက်၏)။

ငါ့သျှင် ဤအတူပင် အကျင့်သီလ အထူးစင်ကြယ်ခြင်းသည် စိတ်သမာဓိ အထူးစင်ကြယ်ရုံမျှ အကျိုးရှိ၏။ စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် အမြင်အထူးစင်ကြယ်ရုံမျှအကျိုးရှိ၏။ အမြင်အထူးစင်ကြယ်ခြင်းသည် ယုံမှားခြင်းကို လွန်မြောက်မှု(ဉာဏ်)အထူး စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ ယုံမှားခြင်းကို လွန်မြောက်မှု (ဉာဏ်) အထူး စင်ကြယ်ခြင်းသည် မဂ်ဟုတ်သည် မဟုတ်

http://www.dhammadownload.com



သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် အကျင့်(အနုလုံ) ဉာဏ်အမြင် အထူးစင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ အကျင့်(အနုလုံ) ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် မဂ်ဉာဏ်အမြင် အထူး စင်ကြယ်ရုံမျှသာ အကျိုးရှိ၏။ မဂ်ဉာဏ် အမြင် အထူးစင်ကြယ်ခြင်းသည် စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးရုံမျှသာ အကျိုးရှိ၏။ ငါ့သျှင် စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း အကျိုးငှါသာ မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါ၏ ဟု (မန္တာဏီ၏သား အသျှင်ပုဏ္ဏက ဆို၏)။

၂၆၀။ ဤသို့ဆိုသော် အသျှင်သာရိပုတြာသည် မန္တာဏီ၏သား အသျှင်ပုဏ္ဏကို "အသျှင်သည် အဘယ်အမည်ရှိသနည်း၊ အဘယ်သို့လျှင် အသျှင်ကို သီတင်းသုံးဖော်တို့သည် သိကြကုန်သနည်း"ဟု မေး၏။

ငါ့သျှင်"ပုဏ္ဏ"ဟူသည် အကျွန်ုပ်၏အမည်တည်း၊"မန္တာဏီ၏သား" ဟု အကျွန်ုပ်ကို သီတင်းသုံးဖော်တို့က သိကြပါကုန်၏ ဟု (ဆို၏)။

ငါ့သျှင် အံ့ဩဖွယ်ကောင်း၏၊ ငါ့သျှင် မဖြစ်စဘူး ထူးကဲစွာ ဖြစ်၏။မြတ်စွာဘုရားသာသနာကို ကောင်းစွာသိသော အကြားအမြင်ရှိသော တပည့်သာဝကသည် ဖြေကြားသကဲ့သို့ ဤအတူပင် မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် အလွန်နက်နဲကုန်သော (နက်နက်နဲနဲ)ပြဿနာတို့ကို သက်ဝင်၍ သက်ဝင်၍ ဖြေကြား၏။ အကြင်သီတင်းသုံးဖော်တို့သည် မန္တာဏီ၏သား အသျှင်ပုဏ္ဏကို ရှုမြင်ခြင်းငှါ ရကြကုန်၏၊ ဆည်းကပ်ခြင်းငှါ ရကြကုန်၏၊ ထိုသီတင်းသုံးဖော်များမှာ အရတော်လေစွ၊ ထိုသီတင်းသုံးဖော်များမှာ အလွန်အရတော်လေစွ။

အကယ်၍လည်း သီတင်းသုံးဖော်တို့သည် မန္တာဏီ၏သား အသျှင်ပုဏ္ဏကို အဝတ်ခေါင်းခုရှိသော ဦးခေါင်းဖြင့် ရွက်ဆောင်ကြကုန်လျက် ရှုမြင်ခြင်းငှါ ရကြကုန်ငြားအံ့၊ ဆည်းကပ်ခြင်းငှါရကြကုန်ငြားအံ့၊ ထိုသီတင်းသုံးဖော်တို့မှာလည်း အရတော်လေစွ၊ ထိုသီတင်းသုံးဖော်တို့မှာလည်း အလွန်အရတော်လေစွ။ ငါတို့သည် မန္တာဏီ၏သား အသျှင်ပုဏ္ဏကို ရှုမြင်ခြင်းငှါ ရကြကုန်အံ့၊ ဆည်းကပ်ခြင်းငှါ ရကြကုန်အံ့၊ ငါတို့လည်း (ကျေးဇူးဂုဏ်ကို)ရပေ၏၊ ငါတို့လည်း ကောင်းစွာ ရပေ၏ဟု (အသျှင်သာရိပုတြာက ပြောဆို၏)။

ဤသို့ ပြောဆိုသော် မန္တာဏီ၏သား အသျှင်ပုဏ္ဏသည် အသျှင်သာရိပုတြာကို "အသျှင်သည် အဘယ်အမည်ရှိသနည်း၊ အဘယ်သို့လျှင် အသျှင်ကို သီတင်းသုံးဖော်တို့က သိကြကုန်သနည်း"ဟု မေး၏။

ငါ့သျှင်"ဥပတိဿ"ဟူသည် အကျွန်ုပ်၏ အမည်တည်း။ (သာရီ၏သား) "သာရိပုတြာ"ဟု အကျွန်ုပ်ကို သီတင်းသုံးဖော်တို့ သိကုန်၏ဟု ဖြေဆို၏။ အသျှင်တို့ မြတ်စွာဘုရားနှင့် တူသော တပည့်သာဝကနှင့် အတူတိုင်ပင်(နှီးနှော)ရကုန်လျက် "အသျှင်သာရိပုတြာ"ဟု မသိခဲ့ကြကုန်စွတကား။ (မှန်၏) ငါတို့သည် "အသျှင်သာရိပုတြာ"ဟု အကယ်၍ သိကြပါကုန်မူ ဤမျှလောက်လည်း မပြောဆိုရရာ။

ငါ့သျှင်တို့ အံ့ဩဖွယ် ဖြစ်၏၊ ငါ့သျှင်တို့ မဖြစ်စဘူး ထူးကဲစွာ ဖြစ်၏။ မြတ်စွာဘုရားသာသနာတော်ကို ကောင်းစွာ သိသော အကြားအမြင်ရှိသော တပည့်သာဝကသည် မေးသကဲ့သို့ ဤအတူ

http://www.dhammadownload.com



ပင် အသျှင်သာရိပုတြာသည် အလွန်နက်နဲကုန်သော (နက်နက်နဲနဲ) ပြဿနာတို့ကို သက်ဝင်၍ သက်ဝင်၍ မေးကုန်၏။ (အကြင်)သီတင်းသုံးဖော်တို့သည် အသျှင်သာရိပုတြာကို ရှုမြင်ခြင်းငှါ ရကုန်၏၊ ဆည်းကပ်ခြင်းငှါ ရကုန်၏။ထိုသီတင်းသုံးဖော်တို့မှာ အရတော်လေစွ၊ ထိုသီတင်းသုံးဖော်တို့မှာ အလွန်အရတော်လေစွ။

အကယ်၍လည်း သီတင်းသုံးဖော်တို့သည် အသျှင်သာရိပုတြာကို အဝတ်ခေါင်းခုရှိသော ဦးခေါင်းဖြင့် ရွက်ဆောင်ကုန်လျက် ရှုမြင်ခြင်းငှါ ရကြကုန်ငြားအံ့၊ဆည်းကပ်ခြင်းငှါရကြကုန်ငြားအံ့၊ ထိုသီတင်းသုံးဖော်တို့မှာလည်း အရတော်လေစွ၊ ထိုသီတင်းသုံးဖော်တို့မှာလည်း အလွန်အရတော်လေစွ။ ငါတို့သည် အသျှင်သာရိပုတြာကို ရှုမြင်ခြင်းငှါ ရကုန်ငြားအံ့၊ ဆည်းကပ်ခြင်းငှါ ရကုန်ငြားအံ့၊ ငါတို့မှာလည်း အရတော်လေစွ၊ ငါတို့မှာလည်း အလွန်အရတော်လေစွဟု(ဆို၏)။

ဤသို့လျှင် ထိုရဟန္တာကြီးနှစ်ပါးတို့သည် အချင်းချင်း ကောင်းစွာ ပြောဟောသော တရားစကားကို အညီအမျှ ဝမ်းမြောက်ကြကုန်၏။

လေးခုမြောက် ရထဝိနီတသုတ် ပြီး၏။

---

## ၅-နိဝါပသုတ်

၂၆၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့(မြက်ခင်းစိုက်ပျိုးသော) သားမုဆိုးသည် "ငါစိုက်ပျိုးထားသော ဤမြက်ခင်းကို သားသမင်အပေါင်းတို့သည် စားကြကုန်သော် အသက်ရှည်ကြကာ လှပသော အဆင်းရှိကြကုန်လျက် ရှည်မြင့်စွာသော ကာလပတ်လုံး မျှတကြစေကုန်သတည်း"ဟု ရည်ရွယ်လျက် သားသမင်အပေါင်းတို့အတွက် မြက်ခင်းကိုစိုက်ပျိုးသည် မဟုတ်ပေ။ရဟန်းတို့(မြက်ခင်းစိုက်ပျိုးသော)သားမုဆိုးသည်"ငါစိုက်ပျိုးထားသော ဤမြက်ခင်းသို့ သားသမင်အပေါင်းတို့သည် တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားကုန်လတ္တံ့၊ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်လတ္တံ့၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်လတ္တံ့၊သတိမေ့လျော့ကုန်သော် ဤမြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်လတ္တံ့"ဟု ရည်ရွယ်လျက် သားသမင်အပေါင်းတို့အတွက် မြက်ခင်းကို စိုက်ပျိုး၏။

၂၆၂။ ရဟန်းတို့ ထိုသားသမင်အုပ်စုကြီး၌ ရှေးဦးစွာသော သားသမင်အပေါင်းတို့သည် သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားကုန်၏။ ထိုသားသမင်အပေါင်းတို့သည် ထိုမြက်ခင်း၌ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်ကို စားကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်း

http://www.dhammadownload.com



ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရှေးဦးစွာသော ထိုသားသမင်အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကြကုန်။

၂၆၃။ ရဟန်းတို့ ထိုသားသမင်အုပ်စုကြီး၌ နှစ်ခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့သည် "သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားသော ရှေးဦးစွာသော သားသမင်အပေါင်းတို့သည် ထိုမြက်ခင်း၌ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ဤသို့လျှင် ရှေးဦးစွာသော ထိုသားသမင်အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်းပြုမူခြင်းမှ မလွတ်မြောက်ကြကုန်။ ငါတို့သည် အခါခပ်သိမ်း မြက်ခင်းကို စားခြင်းမှ ကြဉ်ရှောင်ကြရမူ ကြောက်ကြောက်လန့်လန့်စားရခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကြရမူ ကောင်းပေမည်" ဟု ဤသို့ အညီအညွတ်ကြံစည်ကုန်၏။

ထိုသားသမင် အပေါင်းတို့သည် အခါခပ်သိမ်း မြက်ခင်းကို စားခြင်းမှ ကြဉ်ရှောင်ကုန်၏၊ ကြောက်ကြောက်လန့်လန့်စားရခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကုန်၏။ ထို သားသမင်အပေါင်းတို့၏ ကိုယ်ခန္ဓာသည် နွေဥတု နောက်ဆုံးလ၌ မြက်နှင့်ရေ ကုန်ခမ်းသော် အလွန်ဆင်းရဲခြင်းသို့ ရောက်၏၊ အလွန်ဆင်းရဲခြင်းသို့ရောက်သော် ခွန်အားသည် ဆုတ်ယုတ်၏။ ခွန်အားဆုတ်ယုတ်သော် သားမုဆိုး စိုက်ပျိုးထားသော ထိုမြက်ခင်းသို့သာလျှင် ပြန်လာကုန်၏။ ထိုသားသမင်အပေါင်းတို့သည် ထိုမြက်ခင်း၌ တိုးဝင်၍ တပ်မက်မောကုန်လျက် အစာမြက်တို့ကို စားကုန်၏။ စားကုန်သော် ယစ်ခြင်းသို့ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ရဟန်းတို့ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသားသမင်အပေါင်းတို့သည်လည်း သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကြကုန်။

၂၆၄။ ရဟန်းတို့ ထိုသားသမင်အုပ်စုကြီး၌ သုံးခုမြောက်ဖြစ်သော သားသမင် အပေါင်းတို့သည် "သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့။ပ။ ဤသို့လျှင် ရှေးဦးစွာသော ထိုသားသမင်အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကြကုန်။ နှစ်ခုမြောက်သော သားသမင်အပေါင်းတို့သည်လည်း 'ရှေးဦးစွာသော သားသမင် အပေါင်းတို့သည် သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့။ပ။ ဤသို့လျှင် ရှေးဦးစွာသော ထိသားသမင်အပေါင်းတို့တည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက် ကြကုန်။ ငါတို့သည် အခါခပ်သိမ်း မြက်ခင်းကို စားခြင်းမှ ကြဉ်ရှောင်ရမူ ကြောက်ကြောက် လန့်လန့် စားခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကြရမူ ကောင်းပေမည်' ဟု ဤသို့ အညီအညွတ် ကြံစည်ကုန်၏။ ထို သားသမင်အပေါင်းတို့သည် အခါခပ်သိမ်း မြက်ခင်းကို စားခြင်းမှ ကြဉ်ရှောင်ကုန်၏၊ ကြောက်ကြောက်လန့်လန့်စားခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကုန်၏။ ထို သားသမင်အပေါင်းတို့၏ ကိုယ်ခန္ဓာသည် နွေဥတု နောက်ဆုံးလ၌ မြက်နှင့် ရေ ကုန်ခမ်းသော် အလွန်ဆင်းရဲခြင်းသို့ ရောက်၏။ အလွန်ဆင်းရဲခြင်းသို့ ရောက်သော် ခွန်အား ဆုတ်ယုတ်၏။ ခွန်အားဆုတ်ယုတ်သော် သားမုဆိုးစိုက်ပျိုးထားသော ထိုမြက်ခင်းသို့ သာလျှင် ပြန်လာကုန်၏။ ထို သားသမင်အပေါင်းတို့သည် ထိုမြက်ခင်း၌ တိုးဝင်၍ တပ်မက်မောကုန်လျက်

http://www.dhammadownload.com



အစာမြက်တို့ကို စားကုန်၏။ စားကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် သားမုဆိုး၏ ဤမည်သောမြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသားသမင်အပေါင်းတို့သည်လည်း သားမုဆိုး၏ အလိုရှိတိုင်း ပြုလုပ်ခြင်းမှ မလွတ်မြောက်ကြကုန်။

ငါတို့သည် သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းကို အမှီပြု၍ ဝပ်ကျင်းဖွဲ့ရမူ ကောင်းပေမည်၊ ထိုနေရာ၌ ဝပ်ကျင်းဖွဲ့လျက် သားမုဆိုး စိုက်ပျိုးထားသော ဤမည်သောမြက်ခင်းသို့ မတိုးဝင် မတပ်မက်မောကြကုန်ပဲ အစာမြက်တို့ကို စားကုန်အံ့၊ စားကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်အံ့၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ မရောက်ကုန်အံ့၊ သတိမမေ့မလျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်အံ့"ဟု ဤသို့အညီအညွတ် ကြံစည်ကုန်၏။ ထို သားသမင်အပေါင်းတို့သည် သားမုဆိုးစိုက်ပျိုးထားသော ဤမည်သောမြက်ခင်းကိုအမှီပြု၍ ဝပ်ကျင်းဖွဲ့ကုန်၏။ ထိုနေရာ၌ ဝပ်ကျင်းဖွဲ့ကုန်၍ သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ မတိုးဝင် မတပ်မက်မောကြကုန်ပဲ အစာမြက်တို့ကို စားကုန်၏။ စားကုန်သော် ယစ်ခြင်းသို့မရောက်ကုန်၊ မယစ်ကုန်သော် သတိမေ့လျော့ ခြင်းသို့ မရောက်ကုန်၊ သတိမမေ့မလျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်။

ရဟန်းတို့ ထိုအခါ မုဆိုးမှာရင်း မုဆိုး၏ပရိသတ်မှာရင်း"သုံးခုမြောက်ဖြစ်သော ဤသားသမင်အပေါင်းတို့သည် ဟန်ဆောင်နေသူများ ဖြစ်ကုန်ယောင်တကား၊ လှည့်စားနေသူများ ဖြစ်ကုန်ယောင်တကား၊ သုံးခုမြောက်ဖြစ်သောဤသားသမင်အပေါင်းတို့သည်တန်ခိုးရှိကုန်ယောင်တကား၊ ဘီလူးတို့ဖြစ်ကုန်ယောင်တကား။ စိုက်ပျိုးထားသော ဤမည်သောမြက်ခင်းကို စားကုန်၏၊ ထို သားသမင်တို့၏ လာရာကိုရင်း သွားရာကိုရင်း မသိကုန်။ ငါတို့သည် စိုက်ပျိုးထားသော ဤမြက်ခင်း၏ ပတ်ဝန်းကျင်အရပ်ကို ကြီးမားကုန်သော တုတ်လုံတံ တပ်သော ပိုက်တို့ဖြင့် အစဉ်အတိုင်း ဝန်းရံကြရမူ ကောင်းပေမည်၊ ဖမ်းဆီး၍ရနိုင်ရာသော သုံးခုမြောက် ဖြစ်သော သားသမင်အပေါင်းတို့၏ နေရာကိုလည်း တွေ့မြင်ကောင်း တွေ့မြင်တန်ရာ၏"ဟု ဤသို့သောအကြံအစည်သည်ဖြစ်၏။ ထိုသူတို့သည် စိုက်ပျိုးထားသော ဤမည်သော မြက်ခင်း၏ ပတ်ဝန်းကျင်အရပ်ကို ကြီးမားကုန်သော တုတ်လုံတံတပ်သော ပိုက်တို့ဖြင့် အစဉ်အတိုင်း ဝန်းရံကုန်၏။ ရဟန်းတို့ သားမုဆိုးသည်ရင်း သားမုဆိုး၏ ပရိသတ်တို့သည်ရင်း ဖမ်းဆီး၍ ရနိုင်ရာသော သုံးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့၏ ဝပ်ကျင်းကိုတွေ့မြင်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် သုံးခုမြောက်ဖြစ်သော ထိုသားသမင်အပေါင်းတို့သည်လည်း သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။

၂၆၅။ ရဟန်းတို့ ထို သားသမင်အုပ်စုကြီး၌ လေးခုမြောက် ဖြစ်သော သားသမင်အပေါင်းတို့သည် ရှေးဦးစွာသော သားသမင်အပေါင်းတို့သည်။ပ။ဤသို့လျှင် ရှေးဦးစွာသော ထို သားသမင်အပေါင်းတို့သည်လည်း သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။ နှစ်ခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့သည်လည်း "ရှေးဦးစွာသော သားသမင်အပေါင်း တို့သည်။ပ။ ဤသို့လျှင် ရှေးဦးစွာသော ထို သားသမင်အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။ ငါတို့သည် အခါခပ်သိမ်း မြက်ခင်းကိုစားခြင်းမှ ကြဉ်ရှောင်ကြရမူ ကြောက်ကြောက်လန့်လန့် စားရခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကြရမူ

http://www.dhammadownload.com



ကောင်းပေမည်” ဟု ဤသို့ အညီအညွတ်ကြံစည်ကုန်၏။ ထိုသားသမင်အပေါင်းတို့သည် အခါ ခပ်သိမ်း မြက်ခင်းကို စားခြင်းမှ ရှောင်ကြဉ်ကုန်၏။ပ။ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထို သားသမင်အပေါင်းတို့သည်လည်း သားမုဆိုး၏ အလိုရှိတိုင်းပြုမူခြင်းမှ မလွတ်မြောက်ကုန်။ သုံးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့သည်လည်း။ “ရှေးဦးစွာသော သားသမင် အပေါင်းတို့သည်လည်း။ပ။ဤသို့လျှင် ရှေးဦးစွာသော သားသမင် အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။ နှစ်ခုမြောက် သားသမင်အပေါင်းတို့သည်လည်း ‘ရှေးဦးစွာသော သားသမင်အပေါင်းတို့သည်။ပ။ ဤသို့လျှင် ရှေးဦးစွာသော ထိုသားသမင် အပေါင်းတို့သည် သားမုဆိုး၏အလိုရှိတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။ငါတို့သည် အခါခပ်သိမ်း မြက်ခင်းကိုစားခြင်းမှ ကြဉ်ရှောင်ကြရမူ ကြောက်ကြောက်လန့်လန့် စားရခြင်းမှ ကြဉ်ရှောင် ကြကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကြရမူ ကောင်းပေမည်’ ဟု ဤသို့ အညီအညွတ်ကြံစည် ကုန်၏။ထိုသားသမင်းအပေါင်းတို့သည် အခါခပ်သိမ်း မြက်ခင်းကိုစားခြင်းမှ ရှောင်ကြဉ်ကုန်၏။ပ။ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသားသမင် အပေါင်းတို့သည်လည်း သားမုဆိုး၏ အလို အတိုင်း ပြုမူခြင်းမှ မလွတ်မြောက်ကုန်။ ငါတို့သည် သားမုဆိုးစိုက်ပျိုးထားသော ဤမည်သော မြက်ခင်းကို အမှီပြု၍ ဝပ်ကျင်းဖွဲ့ကြရမူ ကောင်းပေမည်၊ ထိုနေရာ၌ ဝပ်ကျင်းဖွဲ့၍ သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ မတိုးဝင် မတပ်မက်မောကုန်ပဲ အစာမြက်တို့ကို စားကုန်အံ့၊ စားကုန်သော် ယစ်ခြင်းသို့မရောက်ကုန်အံ့၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်း သို့ မရောက်ကုန်အံ့၊ သတိမမေ့မလျော့ကုန်သော် သားမုဆိုး၏ ဤမည်သောမြက်ခင်း၌ အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်အံ့” ဟုအညီအညွတ်ကြံစည်ကုန်၏။ ထိုသားသမင်းအပေါင်းတို့သည် သားမုဆိုးစိုက်ပျိုးထားသော ဤမည်သောမြက်ခင်းကို အမှီပြု၍ဝပ်ကျင်းဖွဲ့ကုန်၏၊ ထိုနေရာ၌ ဝပ်ကျင်းဖွဲ့ကုန်၍ သားမုဆိုး စိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ မတိုးဝင် မတပ်မက်မောကုန်ပဲ အစာမြက်တို့ကို စားကုန်၏၊ စားကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်၊ မယစ်ကုန်သော် သဘိမေ့လျော့ခြင်းသို့ မရောက်ကုန်၊ သတိမမေ့မလျော့ကုန်သော် သားမုဆိုး၏ ဤမည်သောမြက်ခင်း၌ အလိုရှိတိုင်းပြုလုပ်ခြင်းကို မခံကြရကုန်။

ရဟန်းတို့ ထိုအခါ သားမုဆိုးမှာရင်း သားမုဆိုးပရိသတ်မှာရင်း ဤသို့သော အကြံအစည်သည် ဖြစ်၏။ “သုံးခုမြောက်ဖြစ်သော ဤသားသမင် အပေါင်းတို့သည် ဟန်ဆောင်နေသူများဖြစ်ကုန် ယောင်တကား၊ လှည့်စားနေသူများ ဖြစ်ကုန်ယောင်တကား၊ သုံးခုမြောက်ဖြစ်သော ဤသား သမင် အပေါင်းတို့သည် တန်ခိုးရှိကုန်ယောင်တကား၊ ဘုတ်ဘီလူးတို့ဖြစ်ကုန်ယောင်တကား၊ စိုက် ပျိုးထားသော ဤမည်သော မြက်ခင်းကိုလည်း စားကုန်၏။ ထိုသားသမင် အပေါင်းတို့၏ လာ ရာကိုရင်း သွားရာကိုရင်း မသိကုန်။ ငါတို့သည် စိုက်ပျိုးထားသော ဤမြက်ခင်း၏ ပတ်ဝန်းကျင် နေရာကို ကြီးမားကုန်သော တုတ်လုံ့တံတပ်သော ပိုက်တို့ဖြင့် အစဉ်အတိုင်းငန်းရံကြရမူကောင်း ပေမည်၊ ဖမ်းဆီး၍ရနိုင်ရာသော သုံးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့၏ နေရာကို တွေ့မြင်ကောင်း တွေ့မြင်ကုန်တန်ရာ၏” ဟု (ဤသို့သောအကြံအစည်ဖြစ်၏)။ ထိုသူတို့သည် စိုက်ပျိုးထားသော ဤမည်သော မြက်ခင်း၏ပတ်ဝန်းကျင်နေရာကို ကြီးမားကုန်သော တုတ်လုံ့တံ တပ်သော ပိုက်တို့ဖြင့် အစဉ်အတိုင်းဝန်းရံကုန်၏။ ရဟန်းတို့ သားမုဆိုးသည်ရင်း သားမုဆိုး၏ ပရိသတ်တို့သည်ရင်း ဖမ်းဆီး၍ ရနိုင်ရာသောသုံးခုမြောက်ဖြစ်သော သားသမင် အပေါင်းတို့၏ နေရာကို တွေ့မြင်ကုန်၏။ ဤသို့လျှင် သုံးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့သည်လည်း

http://www.dhammadownload.com



သားမုဆိုး၏ အလိုရှိတိုင်းပြုမှုခြင်းမှ မလွတ်မြောက်ကုန်။ ငါတို့သည် သားမုဆိုးနှင့် သားမုဆိုး ပရိသတ်တို့၏ မရောက်ပေါက်ရာ အရပ်၌ ဝပ်ကျင်းဖွဲ့ကြရမူကောင်းပေမည်၊ ထိုနေရာ၌ ဝပ်ကျင်း ဖွဲ့ကုန်၍ သားမုဆိုးစိုက်ပျိုးထားသော ဤမည်သော မြက်ခင်းသို့ မတိုးဝင် မတပ်မက်မောကုန်ပဲ အစာမြက်တို့ကို စားကုန်အံ့၊ စားကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်အံ့၊ မယစ်ကုန်သော် သတိ မေ့လျော့ခြင်းသို့ မရောက်ကုန်အံ့၊ သတိမမေ့လျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက် ခင်း၌ အလိုရှိတိုင်းပြုလုပ်ခြင်းကို မခံကြရကုန်အံ့" ဟု ဤသို့အညီအညွတ်ကြံစည်ကုန်၏။ ထို သားသမင်အပေါင်းတို့သည် သားမုဆိုးနှင့် သားမုဆိုးပရိသတ်တို့၏ မရောက်ပေါက်ရာ အရပ်၌ ဝပ်ကျင်းဖွဲ့ကုန်၏၊ ထိုနေရာ၌ ဝပ်ကျင်းဖွဲ့ကုန်၍ သားမုဆိုးစိုက်ပျိုးထားသော ဤမည်သော မြက် ခင်းသို့ မတိုးဝင် မတပ်မက်မောကုန်ပဲ အစာမြက်တို့ကို စားကုန်၏၊ စားကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့မရောက်ကုန်၊ သတိမမေ့မလျော့ကုန်သော် သားမုဆိုး၏ ဤမည်သော မြက်ခင်း၌ အလိုရှိတိုင်းပြုလုပ်ခြင်းကို မခံကြရကုန်။

ရဟန်းတို့ ထိုအခါသားမုဆိုးအားလည်း သားမုဆိုးပရိသတ်အားလည်း ဤသို့သော အကြံအစည် သည်ဖြစ်၏။ "လေးခုမြောက်ဖြစ်သော ဤသားသမင် အပေါင်းတို့သည် ဟန်ဆောင်နေသူများ ဖြစ်ကုန်ယောင်တကား၊ လှည့်စားနေသူများ ဖြစ်ကုန်ယောင်တကား၊ လေးခုမြောက်ဖြစ်သော ဤသားသမင်အပေါင်းတို့သည် တန်ခိုးရှိကုန်ယောင်တကား၊ ဘုတ်ဘီလူးတို့ဖြစ်ကုန်ယောင်တကား၊ စိုက်ပျိုးထားသော ဤမည်သောမြက်ခင်းကို စားကုန်၏။ ထိုသားသမင်အပေါင်းတို့၏ လာရာ ကိုလည်း သွားရာကိုလည်း မသိကုန်။ ငါတို့သည် စိုက်ပျိုးထားသော ဤမြက်ခင်း၏ ပတ်ဝန်းကျင် နေရာကို ကြီးမားကုန်သော တုတ်လုံးတံတပ်သော ပိုက်တို့ဖြင့် အစဉ်အတိုင်းဝန်းရံကြရမူကောင်းပေ မည်၊ ဖမ်းဆီး၍ ရနိုင်ရာသော လေးခုမြောက်ဖြစ်သော သားသမင် အပေါင်းတို့၏ နေရာကို တွေ့ မြင်ကောင်း တွေ့မြင်ကုန်တန်ရာ၏" ဟု ဤသို့သော အကြံအစည်သည်ဖြစ်၏။ ထိုသူတို့သည် စိုက်ပျိုး ထားသော ဤမည်သော မြက်ခင်း၏ ပတ်ဝန်းကျင်နေရာကို ကြီးမားကုန်သော တုတ်လုံးတံတပ် သော ပိုက်တို့ဖြင့် အစဉ်အတိုင်းဝန်းရံကုန်၏။ ရဟန်းတို့ သားမုဆိုးသည်လည်း သားမုဆိုးပရိသတ် တို့သည်လည်း ဖမ်းဆီး၍ ရနိုင်ရာသော လေးခုမြောက်ဖြစ်သော သားသမင် အပေါင်းတို့၏ နေရာ ကို မတွေ့မြင်ကုန်။ ရဟန်းတို့ ထိုအခါ သားမုဆိုးအားလည်း သားမုဆိုးပရိသတ်အားလည်း ဤသို့ သော အကြံအစည်သည် ဖြစ်၏။ "ငါတို့သည် လေးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့ကို အကယ်၍ထိတ်လန့်စေကုန်ငြားအံ့၊ ထိုသားသမင် အပေါင်းတို့ ထိတ်လန့်ကုန်သော် တပါးသော သားသမင်အပေါင်းတို့ကို ထိတ်လန့်စေကုန်လတ္တံ့။ ထိုသားသမင်အပေါင်းတို့ ထိတ်လန့်ကုန်သော် တပါးသော သားသမင်အပေါင်းတို့ကို ထိတ်လန့်စေကုန်လတ္တံ့။ ဤသို့လျှင် စိုက်ပျိုးထားသော ဤမြက်ခင်းကို အားလုံးကုန်သော သားသမင်အပေါင်းတို့သည် စွန့်လွှတ်ကုန်လတ္တံ့။ ငါတို့သည် လေးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့ကို လျစ်လျူရှုကြရမူ ကောင်းပေမည်" ဟု ဤသို့ သောအကြံအစည်သည်ဖြစ်၏။ ရဟန်းတို့ သားမုဆိုးသည်လည်း သားမုဆိုးပရိသတ်တို့သည်လည်း လေးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့ကို လျစ်လျူရှုကုန်၏။ ရဟန်းတို့ ဤသို့လျှင် လေးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့သည် သားမုဆိုး၏ အလိုရှိတိုင်း ပြုမှုခြင်းမှ လွတ်မြောက်ကုန်၏။

၂၆၆။ ရဟန်းတို့ ငါသည် အနက်သဘောကို အထူးသိစေခြင်းငှါ ဤဥပမာကို ပြထားခဲ့ပြီ။ ဤဥပမာ စကားရပ်၌ ဤဆိုလတ္တံ့သည်ကား အနက်သဘောတည်း။ ရဟန်းတို့ "မြက်ခင်း" ဟူသော

http://www.dhammadownload.com



အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။ ရဟန်းတို့ "သားမုဆိုး" ဟူသော အမည်သည် ယုတ်မာသော မာရ်နတ်၏ အမည်တည်း။ ရဟန်းတို့ "သား မုဆိုး၏ ပရိသတ်" ဟူသောအမည် သည် မာရ်နတ် ပရိသတ်၏ အမည်တည်း။ ရဟန်းတို့ "သားသမင်အပေါင်း" ဟူသော အမည်သည် သမဏ ဗြာဟ္မဏတို့၏ အမည်တည်း။

၂၉၇။ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့တွင် ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည်မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့၎င်း ဤမည်သောလောကအာမိသတို့သို့၎င်း တိုးဝင်၍ တပ်မက်မောကုန်လျက် အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်၏၊ သုံးဆောင် ကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ရောက်ကုန်၏၊ သတိ မေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌၎င်း ဤမည်သော လောက အာမိသ၌၎င်း အလိုရှိတိုင်းပြုလုပ်ခြင်းကို ခံကြရကုန်၏။ ရဟန်းတို့ ဤသို့လှုင် ရှေးဦးဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မထွက်မြောက်ကုန်။ ရဟန်းတို့ ရှေးဦး ဖြစ်သော သားသမင်အပေါင်းကဲ့သို့ ရှေးဦးဖြစ်သော ဤသမဏဗြာဟ္မဏတို့ကို အလားတူ ဉပမာ ရှိ၏ဟု ငါဟောကြား၏။

၂၉၈။ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့တွင် နှစ်ခုမြောက်ဖြစ်သော သမဏဗြာဟ္မဏတို့သည် ဤသို့အညီအညွတ်ကြံစည်ကုန်၏။ "မာရ်နတ်စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ် မြက်ခင်း သို့၎င်း ဤမည်သော လောက အာမိသတို့သို့၎င်း တိုးဝင်၍ တပ်မက်မော ကုန်လျက် အာရုံတည်း ဟူသော အစာတို့ကို သုံးဆောင်ကုန်သော သမဏဗြာဟ္မဏတို့သည် ထိုကာမဂုဏ်မြက်ခင်း၌ တိုးဝင်၍ တပ်မက်မော ကုန်လျက် အာရုံ တည်းဟူသော အစာတို့ကို သုံးဆောင် ကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိ မေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌၎င်း ဤမည်သော လောကအာမိသ ၌၎င်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏဗြာဟ္မဏ တို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ငါတို့သည် အားလုံးသော ကာမဂုဏ် မြက်ခင်းကို သုံးဆောင်ခြင်းမှ၎င်း လောကအာမိသမှ၎င်း ကြဉ်ရှောင်ကြရမူ ထိတ်ထိတ် လန့်လန့်သုံးဆောင်ခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ဝင်၍ နေကြရမူကောင်းပေမည်" ဟု (ဤသို့အညီအညွတ်ကြံစည်ကုန်၏)။ ထိုသမဏဗြာဟ္မဏတို့သည် အားလုံးကုန်သော ကာမဂုဏ် မြက်ခင်းကို သုံးဆောင်ခြင်းမှ၎င်း လောကအာမိသမှ၎င်း ကြဉ်ရှောင်ကုန်၏၊ ထိတ်ထိတ်လန့်လန့် သုံးဆောင်ခြင်းမှကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ဝင်၍ နေကြကုန်၏။ ထိုသမဏဗြာဟ္မဏ တို့သည် ထိုတောနက်ရာတို့၌ ဟင်းရွက်စိမ်းကိုလည်း စားကုန်၏၊ သမန်းမြက်သီးဆန်(ဆန်စိမ်း)ကို လည်းစားကုန်၏၊ ကြိတ်သီးဆန်ကိုလည်း စားကုန်၏၊ သားရေဖတ်ကိုလည်း စားကုန်၏၊ အစေး မော်ကိုလည်း စားကုန်၏၊ ဆန်ကွဲကိုလည်း စားကုန်၏၊ထမင်းချိုးကိုလည်း စားကုန်၏၊နှမ်းမှုန့်ညက် ကိုလည်းစားကုန်၏၊ မြက်ကိုလည်း စားကုန်၏၊ နွားချေးကိုလည်း စားကုန်၏၊ ကြွေကျသော သစ်သီးကိုသာ စားလေ့ရှိသည်ဖြစ်၍ တောသစ်မြစ်သစ်သီးလျှင် အစာအာဟာရရှိကြကုန်လျက် မျှတကုန်၏။ နွေဥတုတို့၏ နောက်ဆုံးလ၌ မြက်နှင့်ရေ ကုန်ခန်းသော် ထိုသမဏ ဗြာဟ္မဏတို့၏ ကိုယ်သည် အလွန်ဆင်းရဲခြင်းသို့ ရောက်၏၊ အလွန်ဆင်းရဲသော ကိုယ်ရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့၏ ခွန်အားလုံ့လသည် ဆုတ်ယုတ်၏၊ ခွန်အားလုံ့လ ဆုတ်ယုတ်သော် စိတ်အလို ဆန္ဒသည် ဆုတ်ယုတ်၏၊ စိတ်အလိုဆန္ဒ ဆုတ်ယုတ်သော် မာရ်နတ် စိုက်ပျိုးထားသော ထိုကာမ

http://www.dhammadownload.com



ဂုဏ်မြက်ခင်းသို့ရင်း ထိုလောကအာမိသတို့သို့ရင်း ပြန်လာကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ထိုကာမဂုဏ်မြက်ခင်းတို့၌ တိုးဝင်၍ တပ်မက်မောကုန်လျက် အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်၏၊ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌ရင်း ဤမည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို ခံကြရကုန်၏။ ရဟန်းတို့ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသမဏ ဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ရဟန်းတို့ နှစ်ခုမြောက် ဖြစ်သော ထို သားသမင် အပေါင်းတို့ကဲ့သို့ နှစ်ခုမြောက် ဖြစ်သော ဤသမဏ ဗြာဟ္မဏတို့ကို အလားတူ ဥပမာရှိ၏ဟု ငါဟောကြား၏။

၂၆၉။ ရဟန်းတို့ ထိုသမဏ ဗြာဟ္မဏတို့တွင် သုံးခုမြောက်ဖြစ်သော သမဏဗြာဟ္မဏတို့သည် ဤသို့ အညီအညွတ် ကြံစည်ကုန်၏။ "ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည် မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ် မြက်ခင်းသို့ရင်း ဤမည်သော လောကအာမိသ တို့သို့ရင်း။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏ ဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုး အာနုဘော်မှ မလွတ်မြောက်ကုန်။ နှစ်ခုမြောက်ဖြစ်သော သမဏ ဗြာဟ္မဏတို့သည်လည်း ဤသို့ အညီအညွတ်ကြံစည်ကုန်၏။ 'ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည် မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့ရင်း ဤမည်သော လောကအာမိသတို့သို့ရင်း။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ငါတို့သည် အားလုံးသော ကာမဂုဏ်မြက်ခင်းကို သုံးဆောင်ခြင်းမှရင်း လောကအာမိသမှရင်း ကြဉ်ရှောင်ကြရမူ ထိတ်ထိတ်လန့်လန့် သုံးဆောင်ခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာတို့သို့ ဝင်၍နေကြရမူကောင်းပေမည်' ဟု (ဤသို့အညီအညွတ် ကြံစည်ကုန်၏)။ ထိုသမဏဗြာဟ္မဏတို့သည် အားလုံးကုန်သော ကာမဂုဏ်မြက်ခင်းကို သုံးဆောင်ခြင်းမှရင်း လောကအာမိသမှရင်း ကြဉ်ရှောင်ကုန်၏၊ ထိတ်ထိတ်လန့်လန့် သုံးဆောင်ခြင်းမှ ကြဉ်ရှောင်ကုန်လျက် တောနက်ရာ တို့သို့ဝင်၍ နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ထိုတောနက်ရာတို့၌ ဟင်းရွက်စိမ်းကိုလည်း စားကုန်၏။ပ။ ကြွေကျသောသစ်သီးကို စားလေ့ရှိသည်ဖြစ်၍ မျှတကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့၏ ကိုယ်ကာယ သည် နွေဥတုတို့၏ နောက်ဆုံးလ၌ မြက်နှင့်ရေကုန်ခန်းသော် အလွန်ဆင်းရဲခြင်းသို့ ရောက်၏၊ အလွန်ဆင်းရဲခြင်းသို့ ရောက်သည့် ကိုယ်ကာယရှိသော ထိုသမဏဗြာဟ္မဏတို့၏ ခွန်အား လျှံလ သည် ဆုတ်ယုတ်၏၊ ခွန်အားလုံ့လဆုတ်ယုတ်သော် စိတ်အလိုဆန္ဒသည် ဆုတ်ယုတ်၏၊ စိတ်အလို ဆန္ဒ ဆုတ်ယုတ်သော် မာရ်နတ် စိုက်ပျိုးထားသော ထိုကာမဂုဏ် မြက်ခင်းသို့ရင်း ထိုလောက အာမိသတို့သို့ရင်း ပြန်လာကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ထိုကာမဂုဏ် မြက်ခင်း၌ တိုးဝင်၍ တပ်မက်မောကုန်လျက် အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်၏။ သုံးဆောင် ကုန်သော် ယစ်ခြင်းသို့ ရောက်ကုန်၏၊ ယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ ရောက်ကုန်၏၊ သတိမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ် မြက်ခင်း၌ရင်း ဤမည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်းပြုလုပ်ခြင်းကို ခံစားကြရကုန်၏။ ဤသို့လျှင် နှစ်ခုမြောက် ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည်လည်း မာရ်နတ်တန်ခိုး အာနုဘော်မှမလွတ်မြောက်ကုန်။ ငါတို့သည် မာရ်နတ်စိုက်ပျိုးထားတော ဤမည်သော ကာမဂုဏ်မြက်ခင်းကိုရင်း ဤမည် သော လောကအာမိသတို့ကိုရင်း အမှီပြု၍ နေခြင်းကို ပြုကြရမူ ကောင်းပေမည်၊ ထိုနေရာ၌ နေခြင်းကိုပြုကုန်၍ မာရ်နတ်စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့ရင်း ဤမည်

http://www.dhammadownload.com



သော လောကအာမိသတို့သို့ရင်း မတိုးဝင် မတပ်မက်မောကြကုန်ပဲ အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်အံ့၊ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်အံ့၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ မရောက်ကုန်အံ့၊ သတို မမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌ရင်း ဤမည်သော လောက အာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်အံ့”ဟု(ဤသို့အညီအညွတ် ကြံစည်ကုန်၏)။

ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းကိုရင်း ဤမည်သော လောကအာမိသတို့ကိုရင်း အမှီပြု၍ နေကြကုန်၏၊ထိုနေရာ၌.နေကြကုန်၍ မာရ်နတ်စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့ရင်း ဤမည်သော လောက အာမိသတို့သို့ရင်း မတိုးဝင်မတပ်မက်မောကုန်ပဲ အာရုံတည်းဟူသောအစာတို့ကို သုံးဆောင်ကုန်၏၊ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်၊ မယစ်ကုန်သော် သတိ မေ့လျော့ခြင်းသို့မရောက်ကုန်၊ သတိမမေ့မလျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ် မြက်ခင်း၌ရင်း ဤမည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်။

စင်စစ်သော်ကား ဤအကြောင်းကြောင့်လည်း“လောကသည် မြဲ၏”၊ဤအကြောင်းကြောင့်လည်း“လောကသည်မမြဲ”၊ဤအကြောင်းကြောင့်လည်း“လောကသည်အဆုံးရှိ၏”၊ဤအကြောင်းကြောင့်လည်း “လောကသည် အဆုံးမရှိ”၊ ဤအကြောင်းကြောင့်လည်း “ထိုအသက်သည် ထိုခန္ဓာကိုယ်တည်း”၊ ဤအကြောင်းကြောင့်လည်း “အသက်သည်တပါး၊ ခန္ဓာကိုယ်သည်တပါးတည်း”၊ဤအကြောင်းကြောင့်လည်း “သတ္တဝါသည် သေသည်မှ နောက်၌ဖြစ်၏”၊ ဤအကြောင်းကြောင့်လည်း “သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်”၊ ဤအကြောင်းကြောင့်လည်း “သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်”၊ ဤအကြောင်းကြောင့်လည်း“သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်”၊ ဤသို့ အယူရှိကုန်၏။ ရဟန်းတို့ ဤသို့လျှင် သုံးခုမြောက်ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည်လည်း မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ရဟန်းတို့ သုံးခုမြောက်ဖြစ်သော ထိုသားသမင် အပေါင်းတို့ကဲ့သို့ သုံးခုမြောက်ဖြစ်သော ဤသမဏဗြာဟ္မဏတို့ကို အလားတူ ဥပမာရှိ၏ဟု ငါဟောကြား၏။

၂၇၀။ ရဟန်းတို့ ထိုသမဏဗြာဟ္မဏတို့တွင် လေးခုမြောက်ဖြစ်သော သမဏဗြာဟ္မဏတို့သည် ဤသို့အညီအညွတ်ကြံစည်ကုန်၏။ ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည် မာရ်နတ်စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏ ဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ နှစ်ခုမြောက်ဖြစ်သော သမဏ ဗြာဟ္မဏတို့သည်လည်း ဤသို့အညီအညွတ် ကြံစည်ကုန်၏၊ “ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည်။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ငါတို့သည် အားလုံးသော ထိုကာမဂုဏ်မြက်ခင်းကို သုံးဆောင်ခြင်းမှရင်း လောကအာမိသတို့မှရင်း ကြဉ်ရှောင်ကြရမူ ထိတ်ထိတ်လန့်လန့်သုံးဆောင်ခြင်းမှ ကြဉ်ရှောင်ကုန်၍ တောနက်ရာတို့သို့ ဝင်၍နေကြရမူ ကောင်းပေမည်”ဟု (ဤသို့ အညီအညွတ်ကြံစည်ကုန်၏)။ ထိုသမဏဗြာဟ္မဏတို့သည် အားလုံးသော ကာမဂုဏ်မြက်ခင်းကို သုံးဆောင်ခြင်းမှရင်း လောကအာမိသတို့မှရင်း ကြဉ်ရှောင်ကုန်၏။ပ။ ဤ

http://www.dhammadownload.com



သို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည်လည်း မာရ်နတ်၏တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ သုံးခုမြောက်ဖြစ်သော သမဏဗြာဟ္မဏတို့သည်လည်း ဤသို့ အညီအညွတ် ကြံစည်ကုန်၏။ "ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည်။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်၊ နှစ်ခုမြောက်ဖြစ်သော သမဏဗြာဟ္မဏတို့သည်လည်း ဤသို့အညီအညွတ် ကြံစည်ကုန်၏။ 'ရှေးဦးဖြစ်သော သမဏဗြာဟ္မဏတို့သည်။ပ။ ဤသို့လျှင် ရှေးဦးဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။

ငါတို့သည် အားလုံးသော ကာမဂုဏ်မြက်ခင်းကို သုံးဆောင်ခြင်းမှုရင်း လောကအာမိသမှုရင်း ရှောင်ကြဉ်ကြရမူ ထိတ်ထိတ်လန့်လန့် သုံးဆောင်ခြင်းမှ ကြဉ်ရှောင်ကုန်၍ တောနက်ရာတို့သို့ ဝင်နေကြရမူ ကောင်းပေမည်'ဟု (ဤသို့အညီအညွတ် ကြံစည်ကုန်၏)။ ထို သမဏဗြာဟ္မဏတို့သည် အားလုံးသော ကာမဂုဏ် မြက်ခင်းကို သုံးဆောင်ခြင်းမှုရင်း လောကအာမိသမှုရင်း ရှောင်ကြဉ်ကုန်၏။ပ။ ဤသို့လျှင် နှစ်ခုမြောက်ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည်လည်း မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ငါတို့သည် မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းကိုရင်း ဤမည်သော လောကအာမိသတို့ကိုရင်း အမှီပြု၍ နေကြရမူ ကောင်းပေမည်၊ ထိုနေရာ၌ နေကြကုန်၍ မာရ်နတ်စိုက်ပျိုးထားသော ဤမည်သောကာမဂုဏ် မြက်ခင်းသို့ရင်း ဤမည်သော လောကအာမိသတို့သို့ရင်း မတိုးဝင် မတပ်မက်မောကုန်ပဲ အာရုံတည်းဟူသောအစာတို့ကို သုံးဆောင်ကုန်အံ့၊ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်အံ့၊ မယစ်သော် သတိမေ့လျော့ခြင်းသို့ မရောက်ကုန်အံ့၊ သတိမမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌ရင်း ဤမည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်အံ့"ဟု(ဤသို့အညီအညွတ် ကြံစည်ကုန်၏)။ ထိုသမဏ ဗြာဟ္မဏတို့သည် မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ် မြက်ခင်းကိုရင်း ဤမည်သော လောကအာမိသတို့ကိုရင်း အမှီပြု၍ နေကြကုန်၏၊ ထိုနေရာ၌ နေကြကုန်၍ မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ်မြက်ခင်းသို့ရင်း ဤမည်သော လောကအာမိသတို့သို့ရင်း မတိုးဝင် မတပ်မက်မောကုန်ပဲ အာရုံတည်းဟူသော အစာတို့ကိုသုံးဆောင်ကုန်၏၊သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ မရောက်ကုန်၊ သတိမမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ်မြက်ခင်း၌ရင်း ဤမည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်။

စင်စစ်သော်ကား ဤအကြောင်းကြောင့်လည်း "လောကသည် မြဲ၏"။ပ။ ဤအကြောင်းကြောင့်လည်း "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"၊ ဤသို့အယူရှိကုန်၏။ ဤသို့လျှင် သုံးခုမြောက် ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည်လည်း မာရ်နတ်၏ တန်ခိုးအာနုဘော်မှ မလွတ်မြောက်ကုန်။ ငါတို့သည် မာရ်နတ်နှင့် မာရ်နတ်ပရိသတ်တို့ မရောက်ရာအရပ်၌ နေကြရမူ ကောင်းပေမည်၊ ထိုအရပ်၌ နေကြကုန်၍ မာရ်နတ် စိုက်ပျိုးထားသော ဤမည်သော ကာမဂုဏ် မြက်ခင်းသို့ရင်း ဤမည်သော လောကအာမိသတို့သို့ရင်း မတိုးဝင် မတပ်မက်မောကုန်ပဲ အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်အံ့၊ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်အံ့၊ မယစ်ကုန်သော် သတိ မေ့လျော့ခြင်းသို့ မရောက်ကုန်အံ့၊ သတိမမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမည်သော ကာမဂုဏ် မြက်ခင်း၌ရင်း

http://www.dhammadownload.com



ဤမြည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်အံ့ ဟု (ဤသို့ အညိအညွတ် ကြံစည်ကုန်၏)။

ထိုသမဏဗြာဟ္မဏတို့သည်မာရ်နတ်နှင့် မာရ်နတ် ပရိသတ်တို့ မရောက်ရာအရပ်၌ နေကုန်၏။ ထိုအရပ်၌နေကုန်၍ မာရ်နတ်စိုက်ပျိုး ထားသော ဤမြည်သော ဤကာမဂုဏ် မြက်ခင်းသို့ရင်း ဤမြည်သော လောကအာမိသတို့သို့ရင်း မတိုးဝင် မတပ်မက်မောကုန်ပဲ အာရုံတည်းဟူသော အစာတို့ကို သုံးဆောင်ကုန်၏။ သုံးဆောင်ကုန်သော် ယစ်ခြင်းသို့ မရောက်ကုန်၊ မယစ်ကုန်သော် သတိမေ့လျော့ခြင်းသို့ မရောက်ကုန်၊ သတိမမေ့လျော့ကုန်သော် မာရ်နတ်၏ ဤမြည်သော ကာမဂုဏ် မြက်ခင်း၌ရင်း ဤမြည်သော လောကအာမိသ၌ရင်း အလိုရှိတိုင်း ပြုလုပ်ခြင်းကို မခံကြရကုန်။ ရဟန်းတို့ ဤသို့လျှင် လေးခုမြောက်ဖြစ်သော ထိုသမဏဗြာဟ္မဏတို့သည် မာရ်နတ်၏ တန်ခိုးအာနုဘော်မှ လွတ်မြောက်ကုန်၏။ ရဟန်းတို့ လေးခုမြောက်ဖြစ်သော သားသမင်အပေါင်းတို့ကဲ့သို့ လေးခုမြောက်ဖြစ်သော ဤသမဏ ဗြာဟ္မဏတို့ကို အလားတူ ဥပမာ ရှိ၏ ဟု ငါဟောကြား၏။

၂၇၁။ ရဟန်းတို့ အဘယ်သို့လျှင် မာရ်နတ်နှင့် မာရ်နတ်ပရိသတ်တို့ မရောက်ရာ (အာရုံ) အရပ်ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ရဟန်းဘို့ ဤရဟန်းသည် မာရ်နတ်ကို ကာဏ်းအောင်ပြု၏၊ မာရ်နတ်မျက်စိကို တည်ရာအာရုံ မရှိအောင် ဖျက်ဆီး၍ မာရ်နတ်၏ မမြင်ရာအာရုံ အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယ) စျာန်ကြောင့် ထိုသူ့ကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင် ချုပ်နိုင်ခြင်းကြောင့်ရင်း ဆင်းရဲ ချမ်းသာ မရှိသော ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ)အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ရူပသညာတို့ကို လုံးဝ လွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းမှု၍ "ကောင်းကင်သည် အဆုံး

http://www.dhammadownload.com



မရှိ" ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤ ရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ဝိညာဏ်သည် အဆုံး မရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနစျာန်သို့ ရောက်လျက်နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ(အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အာကိဉ္စညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ဤဝိညာဏ်သည် ငြိမ်သက်၏၊ ဤဝိညာဏ်သည် မွန်မြတ်၏" ဟု နှလုံးသွင်းလျက် နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းသည်။ပ။ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ဟု ဆိုရ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အခြင်းအရာ အားလုံးအားဖြင့် နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ မှတ်သားမှု ခံစားမှုတို့ ချုပ်ရာ (နိရောဓ) သမာပတ်ကို ဝင်စား၍ နေ၏။ ထိုရဟန်းမှာ မဂ်ပညာဖြင့် (သစ္စာကို) သိမြင်ခြင်းကြောင့် အာသဝေါတရားတို့သည် ကုန်ခမ်းကုန်၏။ ရဟန်းတို့ ဤရဟန်းသည် မာရ်နတ်ကို ကာဏ်းအောင်ပြု၏၊ မာရ်နတ်မျက်စိကို တည်ရာအာရုံ မရှိအောင် ဖျက်ဆီး၍ မာရ်နတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏။ လောက၌ အထူးကပ်ငြိမှု 'တဏှာ'ကို လွန်မြောက်၏ ဟု ဆိုရ၏ ဟု (မိန့်တော်မူ၏)

မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ငါးခုမြောက် နိဝါပသုတ် ပြီး၏။

---

## ၆-ပါသရာသိသုတ်

၂၇၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ သာဝတ္ထိပြည်သို့ ဆွမ်းခံ ဝင်တော်မူ၏။ ထိုသို့ ဝင်တော်မူသောအခါ များစွာကုန်သော ရဟန်းတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အာနန္ဒာကို—

"ငါ့သျှင်အာနန္ဒာ တပည့်တော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကားကို နာကြားခဲ့ရသည်ကား ကြာမြင့်လှပါပြီ၊ ငါ့သျှင်အာနန္ဒာ တောင်းပန်ပါ၏၊ တပည့်တော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တရားစကားကို နာကြားလိုကြပါကုန်၏" ဟု လျှောက်ကြကုန်၏။

http://www.dhammadownload.com



အသျှင်တို့ သို့ဖြစ်လျှင် ရမ္မကပုဏ္ဏားၓ် သစ်မ်းကျောင်းဆီသို့ ချဉ်းကပ်ကုန်လော့၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကားကို နာကြားကြရကုန်တန်ရာ၏ဟု ပြောဆို၏။

ငါ့သျှင် ကောင်းပါပြီ ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ထားကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဆွမ်းခံ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့ါလျက် ဆွမ်းစားပြီးနောက် အသျှင်အာနန္ဒာကို "အာနန္ဒာ လာ သွားကြကုန်အံ့၊ နေ့သန့်ခြင်းငှါ ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ အမိ ဝိသာခါ၏ ပြာသာဒ်သို့ ချဉ်းကပ်ကုန်အံ့"ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာနှင့်အတူ ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ အမိ 'ဝိသာခါ'၏ ပြာသာဒ်သို့ နေ့သန့်ခြင်းငှါ ချဉ်းကပ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန် ကိန်းအောင်းရာမှ ထတော်မူကာ အသျှင်အာနန္ဒာကို "အာနန္ဒာ လာ သွားကုန်အံ့၊ အရှေ့တံခါးမုခ် ရေချိုးဆိပ်သို့ ရေချိုးရန် ချဉ်းကပ်ကုန်အံ့" ဟု ခေါ်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။

၂၇၃။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာနှင့်အတူ အရှေ့တံခါးမုခ် ရေချိုးဆိပ်သို့ ရေချိုးရန် ချဉ်းကပ်တော်မူ၏၊ အရှေ့တံခါးမုခ်ရေချိုးဆိပ်၌ ကိုယ်တို့ကို ရေသွန်းလောင်းပြီး ပြန်တက်၍ တထည်တည်းသော သင်္ကန်းရှိလျက် ကိုယ်တို့ကို ရှေးပကတိအတိုင်း ခြောက်စေကာ ရပ်တော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားကို "အသျှင်ဘုရား ရမ္မကပုဏ္ဏား၏ ဤသစ်မ်း (ကျောင်း)သည် မဝေးလွန်းပါ၊ အသျှင်ဘုရား ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်းသည် မွေလျော်ဖွယ်ရှိပါ၏၊ အသျှင်ဘုရား ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်းသည် ကြည်နူးဖွယ်လည်းရှိပါ၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်းသို့ သနားခြင်းကိုစွဲ၍ ချဉ်းကပ်တော်မူပါ"ဟု လျှောက်ကြား၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။ ။

ထို့နောက် မြတ်စွာဘုရားသည် ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်းသို့ ချဉ်းကပ်တော်မူ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်း၌ တရားစကား ဆွေးနွေးလျက် အညီအညွတ်(စည်းဝေး) ထိုင်နေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် တံခါးမုခ် အပြင်၌ စကားပြီးဆုံးခြင်းကို ငံ့လင့်ကာ ရပ်တော်မူလျက် စကားပြီးဆုံးခြင်းကို သိသဖြင့် ချောင်းဟန့်ကာ တံခါးရွက်ကို ခေါက်တော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားအားတံခါးကို ဖွင့်ပေး ကုန်၏။ ထိုအခါမြတ်စွာဘုရားသည် ရမ္မကပုဏ္ဏား၏ သစ်မ်းကျောင်းသို့ဝင်၍ ခင်းထားသော နေရာ၌ ထိုင်ပြီးနောက် ရဟန်းတို့ကို—

"ရဟန်းတို့ ယခုအခါ၌ အဘယ်စကားကို ဆွေးနွေးလျက် အညီအညွတ်(စည်းဝေး) ထိုင်နေကြကုန်သနည်း၊ သင်တို့၏ မပြီးသေးသောအကြားစကားသည် အဘယ်နည်း" ဟု မေးတော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရားကိုသာလျှင် အကြောင်းပြု၍ဖြစ်သော တရားစကားသည် အကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကားပင် ဖြစ်ပါ၏။ ထိုအခါ မြတ်စွာဘုရားသည် ကြွတော်မူလာပါသည်ဟု လျှောက်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ သင်တို့သည် တရားစကားဆွေးနွေးလျက် အညီအညွတ် စည်းဝေးထိုင်နေကြကုန်ရာ၏၊ ထိုတရားစကားဆွေးနွေးလျက် အညီအညွတ် စည်းဝေးထိုင်နေခြင်းသည် ယုံကြည်ခြင်းသဒ္ဓါဖြင့် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်ကုန်သော သင်အမျိုးသားတို့အား သင့်လျော်ပေ၏။ ရဟန်းတို့ အညီအညွတ်စည်းဝေးကုန်သော သင်တို့သည် တရားစကားဆွေးနွေးခြင်းကိုဖြစ်စေ အပြစ်ကင်းသော ဆိတ်ဆိတ်နေခြင်းကို ဖြစ်စေ ဤနှစ်မျိုးကို ပြုအပ်၏။

၂၇၄။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် မြတ်သောရှာမှီးခြင်း မမြတ်သောရှာမှီးခြင်းအားဖြင့် နှစ်မျိုးရှိကုန်၏။ ရဟန်းတို့ မမြတ်သောရှာမှီးခြင်းဟူသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကိုယ်တိုင်ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသည်ဖြစ်လျက် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏၊ ကိုယ်တိုင်ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည်ဖြစ်လျက် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏၊ ကိုယ်တိုင် နာခြင်း 'ဗျာဓိ' သဘောရှိသည်ဖြစ်လျက် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏၊ ကိုယ်တိုင်သေခြင်း 'မရဏ' သဘောရှိသည်ဖြစ်လျက် သေခြင်း 'မရဏ' သဘောရှိသောအရာကိုသာလျှင် ရှာမှီး၏၊ ကိုယ်တိုင်ပူဆွေးခြင်း 'သောက' သဘောရှိသည်ဖြစ်လျက် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏၊ ကိုယ်တိုင်ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသည်ဖြစ်လျက် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏။

ရဟန်းတို့ အဘယ်ကိုဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာဟူ၍ ဆိုရကုန်မည်နည်း။

ရဟန်းတို့ သားမယားသည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားသည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း၊ ဆိတ်နှင့်သိုးသည်ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း၊ ကြက်ဝက်သည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း၊ ဆင်, နွား, မြင်း,မြည်းသည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း၊ ရွှေငွေသည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတည်း။ ရဟန်းတို့ ဤအထည်ဝတ္ထုဒြပ်တို့သည် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာတို့တည်း။ ဤအထည်ဝတ္ထုဒြပ်တို့၌ ဤသူသည် တပ်မက်မိန်းမော သက်ဝင်လျက် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသည်ဖြစ်လျက် ဖြစ်ပွါးခြင်း 'ဇာတိ'သဘော ရှိသောအရာကိုသာလျှင် ရှာမှီး၏။

ရဟန်းတို့ အဘယ်ကိုဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသောအရာဟူ၍ ဆိုရကုန်မည်နည်း။

ရဟန်းတို့ သားမယားသည် ဆွေးမြေ့ခြင်း'ဇရာ' သဘော ရှိသောအရာတည်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားသည် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာတည်း၊ ဆိတ်နှင့်သိုးသည် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာတည်း၊ ကြက်, ဝက်သည် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာတည်း၊ ဆင်, နွား, မြင်း, မြည်းသည် ဆွေးမြေ့မြင်း 'ဇရာ' သဘောရှိသော အရာတည်း၊ ရွှေငွေသည် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာတည်း။ ရဟန်းတို့ ဤအထည်ဝတ္ထုဒြပ်တို့သည် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာတို့တည်း။ ဤအထည်ဝတ္ထုဒြပ်တို့၌ ဤသူသည် တပ်မက်မိန် မောသက်ဝင်လျက် ကိုယ်တိုင်ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည်ဖြစ်လျက် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်ကိုနာခြင်း 'ဗျာဓိ' သဘောရှိသော အရာဟူ၍ ဆိုရကုန်မည်နည်း။

ရဟန်းတို့ သားမယားသည် နာခြင်း'ဗျာဓိ' သဘောရှိသော အရာတည်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားသည် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာတည်း၊ ဆိတ်နှင့်သိုးသည် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာတည်း၊ ကြက်, ဝက်သည် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာတည်း၊ ဆင်, နွား, မြင်း, မြည်းသည် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာတည်း။ ရဟန်းတို့ ဤအထည်ဝတ္ထုဖြစ်တို့သည် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာတို့တည်း။ ဤအထည်ဝတ္ထုဖြစ်တို့၌ ဤသူသည် တပ်မက်မိန်းမော သက်ဝင်လျက် ကိုယ်တိုင်နာခြင်း 'ဗျာဓိ' သဘောရှိသည် ဖြစ်လျက် နာခြင်း 'ဗျာဓိ' သဘောရှိသော အရာကိုသာလျှင် ရှာမှီး၏။

ရဟန်းတို့ အဘယ်ကိုသေခြင်း 'မရဏ' သဘောရှိသောအရာဟူ၍ဆိုရကုန်မည်နည်း။

ရဟန်းတို့ သားမယားသည် သေခြင်း 'မရဏ' သဘောရှိသော အရာတည်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားသည် သေခြင်း 'မရဏ' သဘောရှိသောအရာတည်း၊ဆိတ်နှင့်သိုးသည် သေခြင်း 'မရဏ'သဘောရှိသောအရာတည်း၊ ကြက်ဝက်သည် သေခြင်း'မရဏ' သဘောရှိသောအရာတည်း၊ ဆင် နွား မြင်း မြည်းသည် သေခြင်း 'မရဏ' သဘောရှိသောအရာတည်း။ ရဟန်းတို့ ဤအထည် ဝတ္ထုဖြစ်တို့သည် သေခြင်း 'မရဏ' သဘောရှိသောအရာတို့တည်း။ ဤအထည်ဝတ္ထုဖြစ်တို့၌ ဤသူ သည် တပ်မက်မိန်းမော သက်ဝင်လျက် ကိုယ်တိုင်သေခြင်း 'မရဏ' သဘောရှိသည် ဖြစ်လျက် သေခြင်း 'မရဏ' သဘောရှိသောအရာကိုသာလျှင် ရှာမှီး၏။

ရဟန်းတို့ အဘယ်ကို ပူဆွေးခြင်း 'သောက' သဘောဟူ၍ ဆိုရကုန်မည်နည်း။

ရဟန်းတို့ သားမယားသည် ပူဆွေးခြင်း 'သောက' သဘောရှိသောအရာတည်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ားသည် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာတည်း၊ ဆိတ်နှင့် သိုးသည် ပူဆွေးခြင်း 'သောက'သဘောရှိသော အရာတည်း၊ ကြက် ဝက်သည် ပူဆွေးခြင်း 'သောက' သဘောရှိသောအရာတည်း၊ ဆင် နွား မြင်း မြည်းသည် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာတည်း။ ရဟန်းတို့ ဤအထည်ဝတ္ထုဖြစ်တို့သည် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာတို့တည်း။ ဤအထည်ဝတ္ထုဖြစ်တို့၌ ဤသူသည် တပ်မက်မိန်းမော သက်ဝင်လျက် ကိုယ်တိုင် ပူဆွေးခြင်း 'သောက' သဘောရှိသည်ဖြစ်လျက် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာကို သာလျှင် ရှာမှီး၏။

ရဟန်းတို့ အဘယ်ကို ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသော အရာဟူ၍ ဆိုရကုန်မည် နည်း။

ရဟန်းတို့ သားမယားသည် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသောအရာတည်း၊ ကျွန် မိန်းမ ကျွန်ယောကျ်ားသည် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသောအရာတည်း၊ ဆိတ်နှင့် သိုးသည် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသောအရာတည်း၊ ကြက်ဝက်သည် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသောအရာတည်း၊ ဆင် နွား မြင်း မြည်းသည် ညစ်ညူးခြင်း'သံကိလေသ' သဘောရှိသောအရာတည်း၊ ရွှေငွေသည် ညစ်ညူးခြင်း'သံကိလေသ'သဘောရှိသောအရာတည်း။ ရဟန်းတို့ ဤအထည်ဝတ္ထုဖြစ်တို့သည် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသောအရာတို့တည်း။ ဤအထည် ဝတ္ထုဖြစ်တို့၌ ဤသူသည် တပ်မက်မိန်းမော သက်ဝင်လျက် ကိုယ်တိုင် ညစ်ညူးခြင်း

http://www.dhammadownload.com



'သံကိလေသ' သဘောရှိသည် ဖြစ်လျက် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသော အရာကို သာလျှင် ရှာမှီး၏။

ရဟန်းတို့ မမြတ်သော ရှာမှီးခြင်းဟူသည် ဤသည်ပင်တည်း။

၂၇၅။ ရဟန်းတို့ မြတ်သောရှာမှီးခြင်း ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ' သဘော ရှိသည် ဖြစ်၍ ဖြစ်ပွါးခြင်း 'ဇာတိ' သဘော၌အပြစ်ကို သိပြီးလျှင် ဖြစ်ပွါးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင် ရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင်ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည်ဖြစ်၍ ဆွေးမြေ့ခြင်း 'ဇရာ' သဘော၌ အပြစ်ကိုသိပြီးလျှင် ဆွေးမြေ့ခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် နာခြင်း 'ဗျာဓိ' သဘောရှိသည်ဖြစ်၍ နာခြင်း 'ဗျာဓိ' သဘော၌ အပြစ်ကိုသိပြီးလျှင် နာခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင်သေခြင်း 'မရဏ' သဘောရှိသည်ဖြစ်၍ သေခြင်း 'မရဏ' သဘော၌ အပြစ်ကို သိပြီးလျှင် သေခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် ပူဆွေးခြင်း 'သောက' ရှိသည်ဖြစ်၍ ပူဆွေးခြင်း 'သောက' သဘော၌ အပြစ်ကိုသိပြီးလျှင် ပူဆွေးခြင်း မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။ ကိုယ်တိုင် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသည်ဖြစ်၍ ညစ်ညူးခြင်း 'သံကိလေသ' သဘော၌ အပြစ်ကို သိပြီးလျှင် ညစ်ညူးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီး၏။

ရဟန်းတို့ မြတ်သောရှာမှီးခြင်းဟူသည် ဤသည်ပင်တည်း။

၂၇၆။ ရဟန်းတို့ ငါသည်လည်း အရိယမဂ်ကိုမရသေးမီ သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှသာဖြစ်နေစဉ်က ကိုယ်တိုင်ဖြစ်ပွါးခြင်း 'ဇာတိ' သဘော ရှိသည်ဖြစ်လျက် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏၊ ကိုယ်တိုင် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည်ဖြစ်လျက် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏၊ ကိုယ်တိုင် နာခြင်း 'ဗျာဓိ' သဘောရှိသည် ဖြစ်လျက် နာခြင်း 'ဗျာဓိ' သဘောရှိသောအရာကိုသာလျှင် ရှာမှီးခဲ့၏၊ ကိုယ်တိုင် သေခြင်း 'မရဏ' သဘောရှိသည်ဖြစ်လျက် သေခြင်း 'မရဏ' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏၊ ကိုယ်တိုင်ပူဆွေးခြင်း 'သောက'သဘောရှိသည် ဖြစ်လျက် ပူဆွေးခြင်း 'သောက' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့၏၊ ကိုယ်တိုင် ညစ်ညူးခြင်း'သံကိလေသ' သဘောရှိသည်ဖြစ်လျက် ညစ်ညူးခြင်း 'သံကိလေသ'သဘောရှိသော အရာကို သာလျှင် ရှာမှီးခဲ့၏။

ရဟန်းတို့ ထို ငါ့အား ဤသို့သော အကြံအစည်သည် ဖြစ်၏။ "အဘယ့်ကြောင့် ငါသည် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ' သဘော ရှိသည်ဖြစ်လျက် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့ရသနည်း၊ ကိုယ်တိုင် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည် ဖြစ်လျက်၊ နာခြင်း 'ဗျာဓိ' သဘောရှိသည်ဖြစ်လျက်၊ သေခြင်း'မရဏ' သဘောရှိသည်ဖြစ်လျက်၊ ပူဆွေးခြင်း 'သောက' သဘောရှိသည်ဖြစ်လျက်၊ ကိုယ်တိုင်ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသည် ဖြစ်လျက် ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသော အရာကိုသာလျှင် ရှာမှီးခဲ့ရသနည်း။ ငါသည် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသည်ဖြစ်၍ ဖြစ်ပွါးခြင်း 'ဇာတိ' သဘော၌ အပြစ်ကိုသိပြီးလျှင် ဖြစ်ပွါးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ၊ ကိုယ်တိုင်

http://www.dhammadownload.com



ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည်ဖြစ်၍ ဆွေးမြေ့ခြင်း'ဇရာ' သဘော၌ အပြစ်ကို သိပြီးလျှင် ဆွေးမြေ့ခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ၊ ကိုယ်တိုင် နာခြင်း 'ဗျာဓိ' သဘောရှိသည်ဖြစ်၍ နာခြင်း'ဗျာဓိ' သဘော၌ အပြစ်ကိုသိပြီးလျှင် နာခြင်း မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ၊ ကိုယ်တိုင် သေခြင်း 'မရဏ' သဘောရှိသည် ဖြစ်၍ သေခြင်း 'မရဏ'သဘော၌ အပြစ်ကိုသိပြီးလျှင် သေခြင်း မရှိသော အတုမဲ့ဖြစ်သော ဘေး ကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ၊ ကိုယ်တိုင်ပူဆွေးခြင်း 'သောက' သဘောရှိသည်ဖြစ်၍ ပူဆွေးခြင်း 'သောက' သဘော၌ပင် အပြစ်ကို သိပြီးလျှင် ပူဆွေးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ၊ ကိုယ်တိုင် ညစ်ညူးခြင်း'သံကိလေသ' သဘောရှိသည်ဖြစ်၍ ညစ်ညူးခြင်း 'သံကိလေသ'သဘော၌ အပြစ်ကိုသိပြီးလျှင်"ညစ်ညူးခြင်းမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာမှီးရမူ ကောင်းပေမည်"ဟု (အကြံအစည် ဖြစ်၏)။

၂၇၇။ ရဟန်းတို့ နောက်အခါ၌ ပျိုမြစ်သည်သာလျှင်ဖြစ်၍ ကောင်းစွာ မည်းနက်သော ဆံပင်ရှိသော ပဌမအရွယ်နှင့် ပြည့်စုံသဖြင့် အရွယ်ကောင်းသော ထိုငါသည် မလိုလားသော မိဘများမျက်ရည်ယိုစီးလျက် ငိုကြွေးကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ထွက်ခဲ့၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏။ ထိုငါသည် ဤဆိုခဲ့သည့်အတိုင်း ရဟန်းဖြစ်ပြီးလျက်သာလျှင် အဘယ်အရာသည် အပြစ်ကင်းသောတရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည်(အတုမရှိ)မြတ်သောငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် ကာလာမအနွယ် အာဠာရထံသို့ ချဉ်းကပ်ပြီးနောက် ကာလာမအနွယ်ဖြစ်သော အာဠာရကို "ငါ့သျှင် ကာလာမ ငါသည် ဤသာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်လို၏"ဟု ဤစကားကို ပြောဆို၏။ ရဟန်းတို့ ဤသို့ ပြောဆိုသော် ကာလာမ အနွယ်၌ ဖြစ်သော အာဠာရ က "အသျှင်သည် နေပါလော့၊ ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ ဆရာ့အယူကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ပြည့်စုံစေ၍ နေနိုင်ရာသော သဘောရှိပါ၏" ဟု ငါ့အား ပြောဆို၏။ ရဟန်းတို့ ထိုငါသည် မကြာမီ လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏။ ရဟန်းတို့ ထိုငါသည် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို လိုက်ဆို ရုံမျှလောက်ဖြင့် သာလျှင် သိပြီဟူသောစကားကိုရင်း ခိုင်မြဲပြီဟူသောစကားကိုရင်း ပြောဆိုနိုင်၏၊ ငါ့ကိုယ်တိုင် ကလည်း သိ၏၊ မြင်၏ဟု ဝန်ခံ၏။ သူတပါးတို့ကလည်း ပြောဆိုကြကုန်၏။ ရဟန်းတို့ ထိုငါ့အား ဤသို့ အကြံဖြစ်၏၊ "ကာလာမအနွယ်၌ဖြစ်သော အာဠာရသည် ဤတရားကို 'ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏'။ ယုံကြည်မှုသက်သက်မျှဖြင့် ပြောကြားသည် မဟုတ်၊ စင်စစ်အားဖြင့် ကာလာမ အနွယ်၌ဖြစ်သော အာဠာရသည် ဤတရားကို သိမြင်လျက် နေ၏" ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုအခါ ငါသည် ကာလာမ အနွယ်၌ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ကာလာမ အဘယ်မျှဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေ၏ဟူ၍ ပြောကြားသနည်း"ဟု ကာလာမအနွယ်၌ဖြစ်သော အာဠာရကို ပြောဆို၏။ ရဟန်းဘို့ ဤသို့ပြောဆိုသော် ကာလာမ အနွယ်၌ဖြစ်သော အာဠာရသည် အာကိဉ္စညာယတန ဈာန်ကို ပြောကြား၏။ ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ပြန်၏။

"ကာလာမ အနွယ်၌ဖြစ်သော အာဠာရအားသာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ' ရှိသည်မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း 'သဒ္ဓါ'ရှိ၏။ ကာလာမအနွယ်၌ဖြစ်သော အာဠာရအားသာလျှင်

http://www.dhammadownload.com



အားထုတ်မှု 'ဝီရိယ' ရှိသည်မဟုတ်၊ ငါ့အားလည်း အားထုတ်မှု 'ဝီရိယ'ရှိ၏။ ကာလာမ အနွယ်၌ဖြစ်သော အာဠာရ အားသာလျှင် အောက်မေ့ခြင်း 'သတိ' ရှိသည်မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ' ရှိ၏။ ကာလာမအနွယ်၌ဖြစ်သော အာဠာရအားသာလျှင် တည်ကြည်ခြင်း 'သမာဓိ' ရှိသည်မဟုတ်၊ ငါ့အားလည်း တည်ကြည်ခြင်း သမာဓိရှိ၏။ ကာလာမအနွယ်၌ဖြစ်သော အာဠာရအားသာလျှင် အသိဉာဏ် 'ပညာ' ရှိသည်မဟုတ်၊ ငါ့အားလည်း အသိဉာဏ် 'ပညာ'ရှိ၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏ဟု ကာလာမ အနွယ်၌ဖြစ်သော အာဠာရပြောကြားထားသော တရားကို မျက်မှောက်ပြုခြင်းငှါ ငါအားထုတ်ရမူ ကောင်းပေမည်"ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုငါသည် မကြာမီ လျင်မြန်စွာသာလျှင် ထိုတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေ၏။

ရဟန်းတို့ ထိုအခါငါသည် ကာလာမအနွယ်၌ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်၍ ကာလာမ အနွယ်၌ဖြစ်သော အာဠာရအား "ငါ့သျှင် ကာလာမ ဤမျှလောက်ဖြင့် ဤတရားကို ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ပြောကြားပါသလော"ဟု ပြောဆို၏။

ငါ့သျှင် ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားပါ၏ဟု (ဝန်ခံ၏)။

ငါ့သျှင် ငါသည်လည်း ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေပါ၏ဟု (ပြောဆို၏)။

ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော်အသျှင်ကို ငါတို့တွေ့မြင်ကြရခြင်းသည် ငါတို့မှာ အရတော်လေစွ၊ ငါတို့မှာ အလွန်အရတော်လေစွ။ ဤသို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်သည် နေ၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေကြောင်းဖြစ်သော တရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသောတရားကို ငါသိ၏။ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏၊ သင်ကဲ့သို့ပင် ငါလည်း ဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ သူတော်ကောင်းဖြစ်သော ငါတို့နှစ်ဦးလုံးပင် ဤဂိုဏ်းကို(ရွေ့) ဆောင်ကြကုန်အံ့ဟု(ပြောဆို၏)။

ရဟန်းတို့ ဤသို့လျှင် ကာလာမအနွယ်၌ဖြစ်သော အာဠာရသည် ငါ၏ဆရာဖြစ်လျက် မိမိ၏ တပည့်ဖြစ်သော ငါ့ကို မိမိနှင့်အညီအမျှ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။ ရဟန်းတို့ ထိုငါ့အား ဤသို့သောအကြံသည် ဖြစ်၏။ "ဤတရားသည် ငြီးငွေ့ရန်အလို့ငှါ မဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါမဖြစ်၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါမဖြစ်၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါမဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါမဖြစ်၊ (သစ္စာလေးပါးကို) သိရန်အလို့ငှါ မဖြစ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှါ မဖြစ်၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်ရုံမျှ အကျိုးငှါ သာလျှင်ဖြစ်၏"ဟု(အကြံဖြစ်၏)။ ရဟန်းတို့ ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၂၇၈။ ရဟန်းတို့ ထိုငါသည် အဘယ်အရာသည် အပြစ်ကင်းသော တရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည်အတုမရှိ မြတ်သောငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် ရာမသား

http://www.dhammadownload.com



ဥဒကထံသို့ ချဉ်းကပ်ပြီးနောက် ရာမသား ဥဒကအား "ငါ့သျှင် ငါသည် ဤသာသနာတော်၌ မြတ်သော အကျင့်ကို ကျင့်လို၏"ဟု ဤစကားကို ပြောဆို၏။ ရဟန်းတို့ ဤသို့ ပြောဆိုသော် ရာမသား ဥဒကက "အသျှင်သည် နေပါလော့၊ ဤတရားကား ပညာရှိသောယောကျ်ားသည် မကြာမီပင်မိမိ၏ဆရာ့အယူကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေရာ သောသဘောရှိပါ၏"ဟု ငါ့အား ပြောဆို၏။ ရဟန်းတို့ ထိုငါသည် မကြာမီ လျင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏။ရဟန်းတို့ ထိုငါသည် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုပြသည်ကို လိုက်ဆိုရုံမျှလောက် ဖြင့်သာလျှင် သိပြီဟူသော စကားကိုရင်း ခိုင်မြဲပြီဟူသော စကားကိုရင်း ပြောဆိုနိုင်၏၊ ငါကိုယ် တိုင်ကလည်း သိ၏ မြင်၏ဟု ဝန်ခံ၏၊သူတပါးတို့ကလည်း ပြောဆိုကြကုန်၏။ရဟန်းတို့ ထိုငါ့အား ဤသို့အကြံဖြစ်၏၊ "ရာမသည် ဤတရားကို 'ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏'ဟု ယုံကြည်မှု သက်သက်ဖြင့် ပြောကြားသည်မဟုတ်၊ စင်စစ်အားဖြင့် ရာမ သည် ဤတရားကိုသိမြင်လျက်နေ၏"ဟု (အကြံဖြစ်၏)။ ရဟန်းတို့ ထိုအခါ ငါသည် ရာမသား ဥဒကထံသို့ ချဉ်းကပ်ပြီးလျှင်"ငါ့သျှင်ရာမ အဘယ်မျှလောက်ဖြင့် ဤတရားကိုထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေ၏" ဟူ၍ပြောကြားသနည်းဟု ရာမသား ဥဒက ကို ပြောဆို၏။ ရဟန်းတို့ ဤသို့ပြောဆိုသော် ရာမသား ဥဒကသည် နေဝသညာနာသညာယတန ချာန်ကို ပြောကြား၏။ ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်၏၊ "ရာမအားသာလျှင် ယုံကြည်ခြင်း'သဒ္ဓါ' ရှိသည်မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း'သဒ္ဓါ'ရှိ၏။ ရာမအားသာလျှင် အားထုတ်မှု 'ဝီရိယ' ရှိသည်မဟုတ်၊ ငါ့အားလည်း အားထုတ်မှု 'ဝီရိယ'ရှိ၏။ ရာမအားသာလျှင် အောက်မေ့ခြင်း 'သတိ'ရှိသည်မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ'ရှိ၏။ ရာမအား သာလျှင် တည်ကြည်ခြင်း'သမာဓိ' ရှိသည်မဟုတ်၊ ငါ့အားလည်း တည်ကြည်ခြင်း 'သမာဓိ' ရှိ၏။ ရာမအားသာလျှင် အသိဉာဏ်'ပညာ'ရှိသည်မဟုတ်၊ ငါ့အားလည်း အသိဉာဏ်'ပညာ' ရှိ၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေ၏ဟု ရာမပြောကြား ထားသောတရားကို မျက်မှောက်ပြုခြင်းငှါ ငါအားထုတ်ရမူ ကောင်းပေမည်"ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထိုငါသည် မကြာမီ လျင်မြန်စွာသာလျှင် ထိုတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

ရဟန်းတို့ ထိုအခါငါသည် ရာမသားဥဒကထံသို့ ချဉ်းကပ်၍ ရာမသားဥဒကအား "ငါ့သျှင် ရာမ ဤမျှလောက်ဖြင့် ဤတရားကိုထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ပြောကြားပါသလော" ဟု ပြောဆို၏။

ငါ့သျှင် ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်ဘိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားပါ၏ဟု(ဝန်ခံ၏)။

ငါ့သျှင် ငါသည်လည်း ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်ဘိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေပါ၏ဟု (ပြောဆို၏)။

ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော် အသျှင်ကိုငါတို့ တွေ့မြင်ကြရခြင်းသည် ငါတို့မှာ အရ တော်လေစွ၊ ငါတို့မှာ အလွန်အရတော်လေစွ။ဤသို့ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသောတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်သည် နေ၏၊ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်

နေကြောင်းဖြစ်သောတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသောတရားကို ငါသိ၏။ ဤသို့ ငါကဲ့သို့ပင် သင်လည်းဖြစ်၏၊ သင်ကဲ့သို့ပင် ငါလည်းဖြစ်၏။ ငါ့သျှင် လာလော့၊ ယခုအခါ လျှင် ငါ့ကဲ့သို့ပင် သင်သည် ဤဂိုဏ်းကို ရွှေဆောင်ပါလော့ဟု (ပြောဆို၏)။

ရဟန်းတို့ ဤသို့လျှင် ရာမသားဥဒကသည် ငါ၏သီတင်းသုံးဖော်ဖြစ်လျက် ငါ့ကို ဆရာ့အရာ၌ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။ ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏၊ "ဤတရားသည် ငြီးငွေ့ရန်အလို့ငှါ မဖြစ်၊ တပ်မက်ခြင်း ကင်းရန် အလို့ငှါ မဖြစ်၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါမဖြစ်၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါမဖြစ်၊ ထူးသောဉာဏ်ဖြင့်သိရန် အလို့ငှါ မဖြစ်၊ သစ္စာလေးပါးကို သိရန်အလို့ငှါမဖြစ်၊ နိဗ္ဗာန်ကို (မျက်မှောက်ပြုရန်) အလို့ငှါ မဖြစ်၊ နေဝသညာနာသညာယတနဘုံ၌ဖြစ်ရုံမျှ အကျိုးငှါသာလျှင် ဖြစ်၏"ဟု (အကြံဖြစ်၏)။ ရဟန်းတို့ ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၂၇၉။ ရဟန်းတို့ ထိုငါသည် အဘယ်အရာသည် အပြစ်ကင်းသော တရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် မဂဓ တိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဥရုဝေလတော သေနာနိဂုံးသို့ ရောက်၏။ ထိုအရပ်၌ မွေ့လျော်ဖွယ်ရာ မြေအဖို့ကိုရင်း ကြည်နူးဖွယ်ရာ ကောင်းသော တောအုပ်ကိုရင်း စီးဆင်းနေသောမြစ်ကိုရင်း မွေ့လျော်ဖွယ်ကောင်းသော သန့်ရှင်းသော ဆိပ်ကမ်းကိုရင်း အနီး အနားမှ ဆွမ်းခံရွာကိုရင်း မြင်၏။ ရဟန်းတို့ ထိုငါ့အားဤသို့သော အကြံသည်ဖြစ်၏၊ "အချင်းတို့ မြေအဖို့သည် စင်စစ် မွေ့လျော်ဖွယ်ရှိလှပေ၏၊ တောအုပ်သည်လည်း ကြည်နူးဖွယ် ကောင်းလှပေ၏၊ မြစ်သည်လည်း တသွင်သွင် စီးဆင်းနေပေ၏၊ ဆိပ်ကမ်းသည်လည်း သန့်ရှင်း၍မွေ့လျော်ဖွယ် ကောင်းလှပေ၏၊ ဆွမ်းခံရွာသည်လည်း နီးနားလှပေ၏၊ ဤအရပ်သည် ကမ္မဋ္ဌာန်း အားထုတ် လိုသောအမျိုးသားအား ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်ရာ၏"ဟု (အကြံဖြစ်၏)။ ရဟန်းတို့ "ဤအရပ်သည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်လှပေ၏"ဟု နှလုံးသွင်းလျက် ထိုအရပ် ၌ပင် ငါနေခဲ့ပေ၏။

၂၈၀။ ရဟန်းတို့ ထိုငါသည် ကိုယ်တိုင်ဖြစ်ပွါးခြင်း 'ဇာတိ' သဘောရှိသည်ဖြစ်၍ ဖြစ်ပွါးခြင်း 'ဇာတိ' သဘော၌ အပြစ်ကိုသိပြီးလျှင် ဖြစ်ပွါးခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေး ကင်းရာ နိဗ္ဗာန်ကိုရှာဖွေသော် ဖြစ်ပွါးခြင်း သဘောမရှိသော အတုမဲ့ ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရ၏၊ ကိုယ်တိုင်ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည် ဖြစ်၍ ဆွေးမြေ့ခြင်း 'ဇရာ' သဘော၌ အပြစ်ကိုသိပြီးလျှင် ဆွေးမြေ့ခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေသော် ဆွေးမြေ့ခြင်းသဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရ၏၊ ကိုယ် တိုင်နာခြင်း 'ဗျာဓိ' သဘောရှိသည်ဖြစ်၍ နာခြင်း 'ဗျာဓိ' သဘော၌ အပြစ်ကိုသိပြီးလျှင် နာခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေသော် နာခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကိုရ၏၊ ကိုယ်တိုင်သေခြင်း 'မရဏ' သဘော ရှိသည်ဖြစ်၍ သေခြင်း 'မရဏ' သဘော၌ အပြစ်ကိုသိပြီးလျှင် သေခြင်းသဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရ၏၊ ကိုယ်တိုင်ပူဆွေးခြင်း 'သောက' သဘောရှိသည်ဖြစ်၍ ပူဆွေးခြင်း 'သောက' သဘော၌ အပြစ်ကိုသိပြီးလျှင် ပူဆွေးခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေး

http://www.dhammadownload.com



ကင်းရာ နိဗ္ဗာန်ကို ရ၏။ကိုယ်တိုင်ညစ်ညူးခြင်း‘သံကိလေသ’ သဘောရှိသည်ဖြစ်၍ ညစ်ညူးခြင်း ‘သံကိလေသ’သဘော၌ အပြစ်ကိုသိပြီးလျှင် ညစ်ညူးခြင်း သဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေသော် ညစ်ညူးခြင်းသဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာနိဗ္ဗာန်ကို ရ၏၊ ငါ့အား(တရားအားလုံးကို)မြင်နိုင်သော(သဗ္ဗညုတ)ဉာဏ်သည် ထင်ရှားဖြစ်၏၊ ငါ့အားလွတ်မြောက်ခြင်း(အရဟတ္တဖိုလ်)စိတ်သည် မပျက်စီးတော့ပေ၊ ဤကား နောက်ဆုံးဖြစ်ရသော ဇာတိသဘောပေတည်း၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပေဟု (ငါ့မှာ ဆင်ခြင်ဉာဏ်သည်လည်း ဖြစ်၏)။

၂၈၁။ ရဟန်းတို့ ထိုငါ့အား ဤသို့သောအကြံသည်ဖြစ်၏“ငါသိထားသောဤတရားကားနက်နဲ၏၊မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ငြိမ်သက်၏၊ မွန်မြတ်၏၊တက္ကီပုဂ္ဂိုလ်တို့၏ကျက်စားရာမဟုတ်၊သိမ်မွေ့၏။ ပညာရှိတို့သာ သိနိုင်၏။ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌ အလွန်နှစ်ခြိုက်နေကုန်၏။ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်နေကြသော ဤသတ္တဝါများသည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏။ ပြုပြင်မှုအားလုံး၏ငြိမ်းရာ ဥပဓိအားလုံးကို ပယ်စွန့်ရာ တဏှာ၏ကုန်ရာ ရာဂ၏ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤ(နိဗ္ဗာန်)တရားကိုလည်း မြင်နိုင်ခဲ၏။ငါသည် တရားကို ဟောငြားအံ့၊ သူတပါးတို့သည် ငါ၏တရားကို မသိ နားမလည်နိုင်ကုန်ရာ။ သို့ဖြစ်လျှင် ထို(တရားဟောမှု)သည် ငါ့အား ပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်(ငါ) ညှဉ်းဆဲရုံသာဖြစ်ရာ၏”ဟု(စိတ်အကြံဖြစ်ခဲ့၏)။

ရဟန်းတို့ ထို့ပြင် အလွန်အံ့ဩဖွယ်ကောင်းသော ဤဂါထာတို့သည်လည်း ငါ့မှာ ရှေးက မကြားဘူးပဲ စိတ်ထဲ၌ ထင်လာပြန်ကုန်၏။

“ငါသည် ခဲယဉ်းစွာကျင့်သဖြင့် သိထားသော တရားကို ယခုအခါ ဟောပြခြင်းငှါ မသင့်လျော်ချေ၊ ရာဂ ဒေါသ နှိပ်စက်ခံနေရသောသူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည် မဟုတ်ချေ။

မှောင်ထုဖုံးလွှမ်းလျက် ရာဂတပ်စွဲနေသော သူတို့သည် သိမ်မွေ့နက်နဲ၍ အဏုမြူသဖွယ် မြင်နိုင်ခဲသော (သံသရာ)အဆန်တရားကို မြင်နိုင်ကြမည် မဟုတ်ချေ”ဟု(စိတ်ထဲ၌ ထင်လာပြန်ကုန်၏)။

၂၈၂။ ရဟန်းတို့ ဤသို့ဆင်ခြင်သော ငါ၏စိတ်နှလုံးသည် တရားဟောရန် မညွတ်ပဲ ကြောင့်ကြမဲ့နေရန် ညွတ်ခဲ့၏။ ထိုအခါ ငါ၏စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ သဟံပတိဗြဟ္မာအား ဤသို့ အကြံဖြစ်ပေါ်လာ၏။ “အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ အချင်းတို့ လောကသည် ပျက်စီးတော့မည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံးတော်သည် တရားဟောရန် ညွတ်တော်မမူပဲ ကြောင့်ကြမဲ့နေရန် ညွတ်တော်မူဘိ၏”ဟု (အကြံဖြစ်၏)။

ရဟန်းတို့ ထို့နောက် ခွန်အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ထိုသဟံပတိဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် ငါ၏ရှေ့၌ ထင်ရှားပေါ်လာ၏။ ရဟန်းတို့ ထိုအခါ ထိုသဟံပတိ

http://www.dhammadownload.com



ပြဟ္မာသည် အပေါ်ရုံကို ပုခုံးတဘက်၌တင်၍ လကျ်ာဒူးကို မြေ၌ထောက်လျက် ငါ့ဆီသို့ လက်အုပ်ချီပြီးလျှင် ဤစကားကို လျှောက်၏။

"မြတ်စွာဘုရား ဘုန်းကြီးတော်မူသော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် တရားဟောတော်မူပါလော့။ (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသော သတ္တဝါတို့သည် ရှိပါကုန်၏၊ ထိုသတ္တဝါတို့သည် တရားကို မနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကိုသိသူတို့သည် ရှိပါကုန်လတ္တံ့"ဟု (လျှောက်၏)။

ရဟန်းတို့ သဟံပတိပြဟ္မာသည် ဤစကားကို လျှောက်ပြီးနောက် ထိုမှတပါး ဤစကားကို လျှောက်ပြန်၏—

ရှေးအခါ မဂဓတိုင်းတို့၌ (ရာဂစသော)အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆသော မစင်ကြယ်သော မိစ္ဆာအယူတရားသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည်၊ အမြိုက်နိဗ္ဗာန်၏တံခါးကို ဖွင့်လှစ်တော်မူပါလော့၊ အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော် သိတော်မူအပ်သော (သစ္စာလေးပါး) တရားကို (သတ္တဝါအများ)နာကြားကြပါစေ။

ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား ထက်ဝန်းကျင် (မြင်စွမ်းနိုင်သောဉာဏ်) မျက်စိ ရှိတော်မူသော မြတ်စွာဘုရား ကျောက်တောင်ထိပ်၌ ရပ်တည်လျက် ထက်ဝန်းကျင် လူအပေါင်းကို ကြည့်ရှုသကဲ့သို့ ထို့အတူ စိုးရိမ်ပူဆွေး ကင်းဝေးတော်မူသော အသျှင်ဘုရားသည် ပညာ(ဓမ္မ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း အိုခြင်းတို့၏ အနှိပ်စက်ခံနေရသဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ သက်ဆင်းကျရောက်နေသော သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့။

ရဲရင့်တော်မူသော မြတ်စွာဘုရား အောင်ပွဲ ရင်တော်မူပြီးသော မြတ်စွာဘုရား ထတော်မူပါလော့၊ ယာဉ်မှူးနှင့် တူတော်မူသော မြတ်စွာဘုရား (ကိလေသာ)ကြွေး ကင်းဝေးတော်မူသော မြတ်စွာဘုရား လောက၌ လှည့်လည်တော်မူပါလော့၊ ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ (တရားကို) သိသူတို့သည် ရှိပါကုန်လတ္တံ့ဟု (လျှောက်၏)။

၂၈၃။ ရဟန်းတို့ ထိုအခါ ငါဘုရားသည် ပြဟ္မာ၏တောင်းပန်ခြင်းကို အသိအမှတ်ပြုပြီးလျှင် သတ္တဝါတို့၌ သနားခြင်းကိုလည်း အကြောင်းပြု၍ ဗုဒ္ဓစက္ခုဖြင့်[၁] လောကကို ကြည့်တော်မူ၏။ မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ) မျက်စိ၌ (ကိလေသာ)မြူနည်းပါးသူ (ပညာ)မျက်စိ၌ (ကိလေသာ)မြူများပြားသူ ဣန္ဒြေရင့်ကျက်ပြီးသူ ဣန္ဒြေနုသေးသောသူ ကောင်းသောအခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ[၂] သိစေရန် လွယ်ကူသူ သိစေရန် ခက်ခဲသူ တမလွန်လောကအပြစ်တို့ကို ဘေးဟု ရှုလျက် နေလေ့

၁- (၁)သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကိုသိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ် (၂)သတ္တဝါတို့၏စိတ်ဓာတ်ကိန်းဝပ်ရာ အာသယနှင့် အနုသယကိလေသာတို့ကိုသိသော အာသယာနုသယဉာဏ်၊ ဤဉာဏ်နှစ်ပါးကို ဗုဒ္ဓစက္ခုဟု ခေါ်သည်။

၂-အခြားပါဠိတော်များ၌ ဒွါကာရေ ဒုဝိညာပယေ အပ္ပေကစ္စေ နပရလောကဝဇ္ဇဘယဒဿာဝိနော ဝိဟရန္တေ· ပုဒ်များ မပါ။

http://www.dhammadownload.com



ရှိသူအချို့နှင့် တမလွန်လောကအပြစ်တို့ကို ဘေးဟု ရှုလျက်နေလေ့မရှိသူ အချို့တို့ကို မြင်တော်မူ၏။ ဥပမာသော်ကား ဥပ္ပလကြာ[၁] တောသို့ရင်း ပဒုမာကြာတောသို့ရင်း ပုဏ္ဍရိက်ကြာတောသို့ရင်း အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေနှင့်အညီ တည်ကုန်၏၊ အချို့သော ဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့သည် ရေ၌ပေါက်ကုန်၏၊ ရေ၌ ကြီးပွါးကုန်၏၊ ရေပေါ်သို့တက်၍ တည်ကုန်၏၊ ရေနှင့် မလိမ်းကပ်ကုန်။ ရဟန်းတို့ ဤအတူ သာလျှင် ငါဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်တော်မူလတ်သော် (ပညာ)မျက်စိ၌ (ကိလေသာ)မြူနည်းပါးသူ (ပညာ)မျက်စိ၌ (ကိလေသာ)မြူများပြားသူ ဣန္ဒြေရင့်ကျက်သူ ဣန္ဒြေနုသေးသူ ကောင်းသော အခြင်းအရာရှိသူ မကောင်းသော အခြင်းအရာရှိသူ သိစေရန် လွယ်ကူသူ သိစေရန်ခက်ခဲသူ တမလွန်လောကအပြစ်တို့ကို ဘေးဟုရှုလေ့ရှိသူအချို့နှင့် တမလွန် လောကအပြစ်တို့ကို ဘေးဟုမရှုပဲနေလေ့ရှိသူ အချို့တို့ကို မြင်တော်မူသောကြောင့် ငါသည် သဟံပတိဗြဟ္မာအား ဂါထာဖြင့်မိန့်တော်မူ၏—

> ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား မဟောခဲ့ပြီ၊ (မဟောပဲနေရန် အကြံဖြစ်ခဲ့ပြီ)။ (ပညာ) တည်းဟူသောနားနှင့် ပြည့်စုံသောသူတို့သည် ယုံကြည်ခြင်း'သဒ္ဓါတရား'ကို စေလွှတ်ကြကုန်လော့၊ ထိုသူတို့ အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ထိုအခါ သဟံပတိဗြဟ္မာသည် "ငါဘုရား တရားဟောရန် ခွင့်ပြုတော်မူလိုက်ပြီ" ဟု(သိသဖြင့်) ငါ့ကို ရှိခိုးလျက် အရိုအသေ ပြုပြီးလျှင် ထိုနေရာ၌ပင် ကွယ်သွားလေ၏။

၂၈၄။ ရဟန်းတို့ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း၊ အဘယ် သူသည် ဤတရားကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း" ဟု ငါ့အား အကြံဖြစ်၏။ ရဟန်းတို့ ထိုငါ့အား "ဤကာလာမအနွယ်ဖြစ်သော အာဠာရသည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ကာလရှည်မြင့်စွာကပင် ပညာမျက်စိ၌ (ကိလေသာ) မြူ နည်းပါးနေ၏၊ ငါသည် ကာလာမအနွယ်ဖြစ်သော အာဠာရအား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းပေမည်၊ ထို အာဠာရသည် ဤတရားကို လျင်စွာပင် သိနိုင်လတ္တံ့" ဟု ဤသို့သော အကြံသည် ဖြစ်၏။

ရဟန်းတို့ ထိုအခါ နတ်သားသည် ငါ့အထံသို့ ချဉ်းကပ်၍ "အသျှင်ဘုရား ကာလာမအနွယ် ဖြစ်သော အာဠာရသည် သေပြီး၍ ခုနစ်ရက်ရှိပါပြီ" ဟု လျှောက်၏။ ငါ့အားလည်း"ကာလာမ အနွယ်ဖြစ်သော အာဠာရသည် သေပြီး၍ ခုနစ်ရက်ရှိပြီ"ဟု ဉာဏ်အမြင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုငါ့အား "ကာလာမအနွယ်ဖြစ်သော အာဠာရသည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကယ်၍ ထိုအာဠာရသည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏"၊ ဤသို့သော အကြံသည် ဖြစ်၏။

ရဟန်းတို့ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း၊ အဘယ်သူသည် ဤတရားတော်ကို လျင်စွာ သိနိုင်လတ္တံ့နည်း" ဟု ငါ့အား အကြံဖြစ်ပြန်၏။ "ရာမ၏သား ဥဒကရသေ့သည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ကာလ ရှည်မြင့်စွာကပင်

---

၁-ဥပ္ပလ=ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com



(ပညာ) မျက်စိ၌ (ကိလေသာ) မြူ နည်းပါးနေ၏၊ ငါသည် ရာမ၏သား ဥဒကရသေ့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းပေမည်၊ ထို (ဥဒကရသေ့) သည် ဤတရားကို လျင်စွာ ပင် သိနိုင်လတ္တံ့" ဟု ဤသို့သော အကြံဖြစ်၏။

ထိုအခါ နတ်သားသည် ငါ့အထံသို့ ချဉ်းကပ်၍ "အသျှင်ဘုရား ရာမ၏သား ဥဒကရသေ့ သည် ယမန်နေ့က သေဆုံးခဲ့ပါပြီ" ဟု လျှောက်၏။ ငါ့အားလည်း "ရာမ၏သား ဥဒကရသေ့သည် ယမန်နေ့က သေဆုံးခဲ့ပြီ" ဟု အသိဉာဏ် ထင်ရှားဖြစ်ပေါ်ခဲ့ပြီ။ ရဟန်းတို့ ငါ့အား "ရာမ၏သား ဥဒကရသေ့ သည် ဆုံးရှုံးခြင်းကြီး ဆုံးရှုံးခဲ့ပြီ၊ အကယ်၍ ထိုဥဒကရသေ့ သည် ဤတရားကို နာရပါမူ လျင်စွာပင် သိနိုင်ရာ၏" ဟု အကြံဖြစ်ပြန်၏။

ရဟန်းတို့ "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားတော်ကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း" ဟု ငါ့အား အကြံဖြစ်ပြန်၏။

ထိုငါ့အား "(ငါးယောက်အစုရှိသော) ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ့အား ကျေးဇူးများကုန်၏၊ ယင်းပဉ္စဝဂ္ဂီရဟန်းတို့သည် ပဓာနအလုပ်ကို အားထုတ်နေသော ငါ့ကို လုပ်ကျွေးဘူးကုန်၏၊ ငါသည် ပဉ္စဝဂ္ဂီရဟန်းတို့အား တရားကို ရှေးဦးစွာ ဟောရမူ ကောင်းပေမည်" ဟု အကြံဖြစ်ပြီး နောက် "ပဉ္စဝဂ္ဂီရဟန်းတို့သည် ယခုအခါ အဘယ်အရပ်၌ နေကြကုန်သနည်း" ဟု အကြံ ဖြစ်ပြန်၏။

ရဟန်းတို့ ငါသည် အထူးသဖြင့် သန့်ရှင်းစင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုအသိဉာဏ်' ဖြင့် ဗာရာဏသီပြည် ဣသိပတနမည် သော မိဂဒါဝုန်တော၌ နေကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို မြင်၏။ ရဟန်းတို့ ထိုအခါ ငါဘုရား သည် ဥရုဝေလတော၌ မွေ့လျော်တော်မူသရွေ့ နေပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီ လှည့်လည်ခဲ့၏။

၂၈၅။ ရဟန်းတို့ ဥပကအာဇီဝက 'တက္ကတွန်း' သည် ဂယာနှင့် ဗောဓိပင်အကြား ခရီးရှည် သွားနေဆဲဖြစ်သော ငါဘုရားကို မြင်၍ "ငါ့သျှင် သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင် ကုန်၏၊ အရေအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏။ ငါ့သျှင် သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ သင်သည် အဘယ်သူ၏ တရားကို နှစ်သက် သနည်း" ဟု ငါ့ကို မေးလတ်သော် ငါဘုရားက ဥပကအာဇီဝက 'တက္ကတွန်း' ကို ဂါထာတို့ဖြင့် မိန့်ကြား၏—

> ဥပက ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏၊ အလုံးစုံကို သိ၏၊ တရားအားလုံးတို့၌ (ကိလေသာ) ဖြင့် မလိမ်းကျံ၊ အလုံးစုံကို စွန့်အပ်ပြီ၊ တဏှာ၏ ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုရသောကြောင့် ကိလေသာမှ လွတ်ပြီ၊ ကိုယ်တိုင် အထူးသိမြင်ပြီးဖြစ်၍ အဘယ် သူကို (ဆရာဟူ၍) ညွှန်းရအံ့နည်း။
>
> ဥပက ငါ့အား ဆရာမရှိ၊ ငါနှင့်တူသော သူမရှိ၊ နတ်နှင့် တကွသော လောက၌ ငါ့အား ဖက်ပြိုင်နိုင်သော ပုဂ္ဂိုလ်လည်း မရှိ။

http://www.dhammadownload.com



ငါသည် လောက၌ ရဟန္တာတည်း၊ ငါသည် အတုမရှိသော သူတည်း၊ နတ်လူတို့၏ ဆရာတည်း၊ (ငါတယောက်သာလျှင်) (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိသော တဆူတည်းသော ဘုရားတည်း၊ ကိလေသာမီး ငြိမ်းသည်ဖြစ်၍ ချမ်းမြ၏။

ငါသည် ဓမ္မစကြာစာရားကို ဟောခြင်းငှါ ကာသိတိုင်း ဗာရာဏသီပြည်သို့ သွားအံ့၊ သူကန်းသဖွယ်ဖြစ်သော လောက၌ (တရားတည်းဟူသော) အမြိုက်စည်ကြီးကို တီးခတ်ပေအံ့ ဟု (မိန့်တော်မူ၏)။

ငါ့သျှင် သင်ဝန်ခံသည့်အတိုင်းဆိုလျှင် "အဆုံးမရှိသော ဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရားဖြစ်ထိုက်ပေ၏" ဟု (ဆို၏)။

ဥပက အာသဝေါတရားတို့ ကုန်ခြင်းသို့ ရောက်သော ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် စင်စစ် ဇိနမည်ကုန်၏၊ ငါသည် ယုတ်မာသော အကုသိုလ်တရားတို့ကို အောင်အပ်ပြီး ဖြစ်သောကြောင့် ဇိနမည်၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ဤသို့ မိန့်ကြားသော် ဥပကတက္ကတွန်းသည် ငါ့သျှင် ဟုတ်ပေရာ၏ဟု ဆိုကာ ဦးခေါင်းကို ညိမ့်လျက် လမ်းဖယ်၍ သွားလေ၏။

၂၈၆။ ရဟန်းတို့ ထိုအခါ ငါဘုရားသည် အစဉ်အတိုင်း ဒေသစာရီ လှည့်လည်ခဲ့သော် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော ပဉ္စဝဂ္ဂီရဟန်းတို့ထံသို့ ချဉ်းကပ်ခဲ့၏။

ရဟန်းတို့ ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရား အဝေးမှ ကြွလာသည်ကို မြင်ကြ၍ "ငါ့သျှင်တို့ ဤရဟန်းဂေါတမသည် လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း လုပ်ငန်းမှ ထွက်ကာ လာဘ်များခြင်းငှါ လှည့်လည်လျက် ကြွလာခဲ့၏၊ ထိုရဟန်းဂေါတမကို ရှိမခိုးရ၊ ခရီးဦးကြိုမှု မပြုရ၊ ထိုရဟန်းဂေါတမ၏ သပိတ်သင်္ကန်းကို လှမ်းမယူရ၊ သို့ရာတွင် နေရာကိုကား ခင်းထားထိုက်၏။ ရဟန်းဂေါတမသည် အကယ်၍ အလိုရှိလျှင် ထိုင်လိမ့်မည်"ဟု အချင်းချင်း ကတိကဝတ် ပြုကုန်၏။

ရဟန်းတို့ ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့ထံ ချဉ်းကပ်မိသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် မိမိတို့ ကတိကဝတ်၌ မတည်နိုင်ကုန်ပဲ အချို့က ငါဘုရားကို ခရီးဦးကြိုမှုပြု၍ သပိတ်သင်္ကန်းကို လှမ်းယူကုန်၏၊ အချို့က နေရာခင်းကုန်၏၊ အချို့က ခြေဆေးရေကို တည်ကုန်၏။ သို့သော်လည်း ငါဘုရားကိုမူ ဂေါတမဟူသော အမည်ဖြင့်ရင်း ငါ့သျှင်ဟူသော အခေါ်အဝေါ်ဖြင့်ရင်း ခေါ်ဝေါ် ပြောဆိုကုန်၏။

ဤသို့ ပြောဆိုကုန်သည် ရှိသော် ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "ရဟန်းတို့ ငါဘုရားကို အမည်ဖြင့်ရင်း ငါ့သျှင်ဟူသော အခေါ်အဝေါ်ဖြင့်ရင်း မခေါ်မပြောဆိုကြကုန်လင့်၊ ရဟန်းတို့ ငါဘုရားသည် ပူဇော်အထူးကို ခံယူတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသောသူဖြစ်ပေ၏။ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို (ငါ) ရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သော အကျင့်၏ အဆုံးဖြစ်သော အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေကြရလတ္တံ့"ဟု ပြောခဲ့၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ပြောသော် ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား "ငါ့သျှင်ဂေါတမ သင်သည် ပြုနိုင်ခဲသော ဒုက္ကရစရိယာပုထ်ကို ပြုသဖြင့်ရင်း ကျင့်နိုင်ခဲသော အကျင့်ကို ကျင့်သဖြင့်ရင်း ပြုနိုင်ခဲသော အမှုကို ပြုသဖြင့်ရင်း လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊ သင်သည် လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း (လုပ်ငန်း)မှ ထွက်ကာ လာဘ်များခြင်းငှါ လှည့်လည်နေခါမှ လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ ရနိုင်ပါအံ့နည်း"ဟု ဆိုကုန်၏။

ရဟန်းတို့ ဤသို့ ဆိုကုန်သော် ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား—

"ရဟန်းတို့ ငါဘုရားသည် လာဘ်များခြင်းငှါ ကျင့်သည် မဟုတ်ပေ၊ ကမ္မဋ္ဌာန်းလုပ်ငန်းမှလည်း ထွက်သည်မဟုတ်ပေ၊ လာဘ်များခြင်းငှါ လှည့်လည်သည် မဟုတ်ပေ။ ရဟန်းတို့ ငါဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သည့် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသူဖြစ်ပေ၏။ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမဲ့ဖြစ်သော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေကြရလတ္တံ့"ဟု ဆို၏။

ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား "ငါ့သျှင်ဂေါတမ သင်သည် ပြုနိုင်ခဲသော ဒုက္ကရစရိယာပုထ်ကို ပြုသဖြင့်ရင်း ကျင့်နိုင်ခဲသော အကျင့်ကို ကျင့်သဖြင့်ရင်း ပြုနိုင်ခဲသော အမှုကို ပြုသဖြင့်ရင်း လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊ သင်သည် လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း (လုပ်ငန်း)မှ ထွက်ကာ လာဘ်များခြင်းငှါ လှည့်လည်နေခါမှ လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ ရနိုင်ပါအံ့နည်း"ဟု ဆိုပြန်ကုန်၏။ ရဟန်းတို့ နှစ်ကြိမ်မြောက်လည်း ငါဘုရားသည် ပဉ္စဝဂ္ဂီရဟန်းတို့အား "ရဟန်းတို့ ငါဘုရားသည် လာဘ်များခြင်းငှါ ကျင့်သည် မဟုတ်ပေ။ပ။ ရောက်၍ နေကြရလတ္တံ့"ဟု ဆိုပြန်၏။

ရဟန်းတို့ သုံးကြိမ်မြောက်လည်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါဘုရားအား "ငါ့သျှင်ဂေါတမ သင်သည် ပြုနိုင်ခဲသော ဒုက္ကရစရိယာပုထ်ကို ပြုသဖြင့်ရင်း ကျင့်နိုင်ခဲသော အကျင့်ကို ကျင့်သဖြင့်ရင်း ပြုနိုင်ခဲသော အမှုကို ပြုသဖြင့်ရင်း လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို မရခဲ့ပေ၊ သင်သည် လာဘ်များခြင်းငှါ ကျင့်၍ ကမ္မဋ္ဌာန်း (လုပ်ငန်း)မှ ထွက်ကာ လာဘ်များခြင်းငှါ လှည့်လည် နေခါမှ လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာ ရနိုင်ပါအံ့နည်း"ဟု ပြောပြန်ကုန်၏။

ဤသို့ ပြောကုန်လတ်သော် "ရဟန်းတို့ ဤမှ ရှေးအခါ၌ ဤသို့သော စကားထူးကို ငါပြောဘူးသည်ကို သင်တို့ မှတ်မိကြကုန်သလော"ဟု ငါဘုရားက ပဉ္စဝဂ္ဂီရဟန်းတို့အား မိန့်တော်မူ၏။

အသျှင်ဘုရား မမှတ်မိပါဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သည့် (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိသူဖြစ်ပေ၏။ ရဟန်းတို့ နားထောင်ကုန်လော့၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ ငါသည် ဆုံးမအံ့၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့ ဟု (ဆို၏)။

ရဟန်းတို့ ငါဘုရားသည် ပဥ္စဝဂ္ဂီရဟန်းတို့အား (ဘုရားအဖြစ်ကို) သိစေရန် စွမ်းနိုင်ခဲ့လေပြီ။

ရဟန်းတို့ နှစ်ပါးကုန်သော ရဟန်းတို့ကိုလည်း ဆုံးမ၏၊ သုံးပါးကုန်သော ရဟန်းတို့လည်း ဆွမ်းခံလှည့်လည်ကြကုန်၏၊သုံးပါးကုန်သော ရဟန်းတို့ ဆွမ်းခံလှည့်လည်ကြ၍ ဆောင်ယူလာအပ်သော ဆွမ်းဖြင့် ခြောက်ဦးသားတို့ မျှတကြကုန်၏။ ရဟန်းတို့ သုံးပါးကုန်သော ရဟန်းတို့ကိုလည်း ဆုံးမ၏၊နှစ်ပါးကုန်သော ရဟန်း တို့သည် ဆွမ်းခံလှည့်လည်ကြကုန်၏၊နှစ်ပါးကုန်သောရဟန်းတို့ ဆွမ်းခံလှည့်လည်ကြ၍ ဆောင်ယူလာအပ်သော ဆွမ်းဖြင့် ခြောက်ဦးသားတို့ မျှတကြကုန်၏။

ရဟန်းတို့ ထိုအခါ ပဥ္စဝဂ္ဂီရဟန်းတို့ကို ငါက ဤသို့ ဆုံးမသွန်သင်အပ်သည်ရှိသော် ကိုယ်တိုင် ဖြစ်ပွါးခြင်း 'ဇာတိ'သဘောရှိသည် ဖြစ်ကုန်၍ ဖြစ်ပွါးခြင်း'ဇာတိ'သဘော၌ အပြစ်ကို သိပြီးလျှင် ဖြစ်ပွါးခြင်းသဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေကြကုန်သော် ဖြစ်ပွါးခြင်းသဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရကြကုန်၏။ ကိုယ်တိုင် ဆွေးမြေ့ခြင်း 'ဇရာ' သဘောရှိသည် ဖြစ်ကြကုန်၍ ဆွေးမြေ့ခြင်း 'ဇရာ' သဘော၌ အပြစ်ကို သိပြီးလျှင် ဆွေးမြေ့ခြင်း သဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေကြကုန်သော် ဆွေးမြေ့ခြင်းသဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရကြကုန်၏။ ကိုယ်တိုင်နာခြင်း 'ဗျာဓိ' သဘောရှိသည် ဖြစ်ကြကုန်၍။ပ။ ကိုယ်တိုင်သေခြင်း 'မရဏ' သဘောရှိသည် ဖြစ်ကြကုန်၍။ပ။ ကိုယ်တိုင်ပူဆွေးခြင်း 'သောက' သဘောရှိသည် ဖြစ်ကြကုန်၍။ပ။ကိုယ်တိုင်ညစ်ညူးခြင်း 'သံကိလေသ' သဘောရှိသည် ဖြစ်ကြကုန်၍ ညစ်ညူးခြင်း 'သံကိလေသ' သဘော၌ အပြစ်ကို သိပြီး လျှင် ညစ်ညူးခြင်း သဘော မရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရှာဖွေကြကုန်သော် ညစ်ညူးခြင်းသဘောမရှိသော အတုမဲ့ဖြစ်သော ဘေးကင်းရာ နိဗ္ဗာန်ကို ရကြကုန်၏။ ထိုရဟန်းတို့အား ဉာဏ်အမြင်သည်လည်း ထင်ရှားဖြစ်၏။ "ငါတို့၏ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်သည် မပျက်စီးပြီ။ဤဖြစ်ပွါးခြင်းသည် နောက်ဆုံးဖြစ်ရသော ဇာတိတည်း၊ ယခုအခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်းသည် မရှိတော့ပြီ" ဟု (ထင်ရှားဖြစ်၏)။

၂၈၇။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ အဘယ် ငါးပါးတို့နည်း၊ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်အပ်သော သဘောရှိသော ကာမ ရာဂ နှင့်စပ်သွယ်သော တပ်မက်ဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသော အဆင်းတို့ပေတည်း။ပ။သောတဝိညာဏ်ဖြင့် သိရသော အသံတို့ပေတည်း။ပ။ ဃာနဝိညာဏ်ဖြင့် သိရသော အနံ့တို့ပေတည်း။ပ။ ဇိဝှါဝိညာဏ်ဖြင့် သိရသော အရသာတို့ပေတည်း။ လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ချစ်အပ်သော သဘောရှိသော ကာမ ရာဂနှင့် စပ်သွယ်သော တပ်မက်ဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိတို့ပေတည်း။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤကာမဂုဏ် ငါးပါးတို့ကို တပ်မက်မိန်းမော သက်ဝင်ကြကုန်လျက် အပြစ်ကို ရှုမြင်လေ့မရှိပဲ ဆင်ခြင်တုံဉာဏ် ကင်းကြကုန်လျက် သုံးဆောင်ကြသော သမဏဗြာဟ္မဏတို့သည် "အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်၍ မာရ်ယုတ်အလိုရှိတိုင်း ပြုလုပ်ခြင်းခံကြရကုန်၏" ဟု သိကြရမည်။

ရဟန်းတို့ ဥပမာသော်ကား တော၌ ပေါက်ပွါးသော သားသမင်သည် ဖွဲ့ချည်မိ၍ ကျော့ကွင်းစုကို ဖိအိပ်ငြားအံ့၊ ထိုသားသမင်သည် "အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၍ မုဆိုးအလိုရှိတိုင်း ပြုလုပ်ခြင်းခံရမည့်ပြင် မုဆိုးလာသော်လည်း အလိုရှိရာ အရပ်သို့ ဖဲခွါသွားနိုင်မည်မဟုတ်" ဟု သိရမည်ဖြစ်သကဲ့သို့ ဤအတူပင် ဤကာမဂုဏ်ငါးပါးတို့ကို တပ်မက်မိန်းမော သက်ဝင်ကြကုန်လျက် အပြစ်ကို ရှုမြင်လေ့မရှိပဲ ဆင်ခြင်တုံဉာဏ်ကင်းကြကုန်လျက် သုံးဆောင်ကြသော သမဏဗြာဟ္မဏတို့သည် "အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ကြ၍ မာရ်ယုတ်အလိုရှိတိုင်း ပြုလုပ်ခြင်းခံကြရကုန်၏" ဟုသိရမည်ဖြစ်၏။

ရဟန်းတို့ ဤကာမဂုဏ်ငါးပါး တို့ကို မတပ်မက် မမိန်းမော မသက်ဝင်ကြကုန်ပဲ အပြစ်ကိုရှုမြင်လေ့ရှိကုန်လျက် ဆင်ခြင်တုံဉာဏ်ရှိကြလျက် သုံးဆောင်ကြသော သမဏဗြာဟ္မဏတို့သည် "အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်ကြပဲ မာရ်ယုတ်အလိုရှိတိုင်း ပြုလုပ်ခြင်းမခံကြရကုန်" ဟု သိကြရမည်။

ရဟန်းတို့ ဥပမာသော်ကား တော၌ပေါက်ပွါးသော သားသမင်သည် မဖွဲ့ချည်မိပဲ ကျော့ကွင်းစုကို ဖိအိပ်ငြားအံ့၊ ထိုသားသမင်သည် "အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်ပဲ မုဆိုးအလိုရှိတိုင်း ပြုလုပ်ခြင်း မခံရသည့်ပြင် မုဆိုးလာသော် အလိုရှိရာ အရပ်သို့ ဖဲခွါသွားနိုင်လတ္တံ့" ဟု သိရမည်ဖြစ်သကဲ့သို့ ဤအတူပင် ဤကာမဂုဏ်ငါးပါးတို့ကို မတပ်မက် မမိန်းမော မသက်ဝင်ကြကုန်ပဲ အပြစ်ကို ရှုလေ့ရှိကုန်လျက် ဆင်ခြင်တုံရှိကြလျက် သုံးဆောင်ကြသော သမဏဗြာဟ္မဏတို့သည် "အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်ကြပဲ မာရ်ယုတ်အလိုရှိတိုင်းပြုလုပ်ခြင်းမခံကြရကုန်" ဟု သိကြရမည်ဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား တော၌ ပေါက်ပွါးသော သားသမင်သည် ပေါက်ပွါးနေသော တောကြီး၌ လှည့်လည်သော် မကြောက်မရွံ့သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းတို့ကိုပြု၏။ထိုသို့ မကြောက်မရွံ့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ရဟန်းတို့ မုဆိုး မမြင်နိုင်ရာသို့ ရောက်နေသောကြောင့်တည်း။

ရဟန်းတို့ ဤအတူပင် ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ဆိတ်၍သာလျှင် ကြံစီခြင်း 'ဝိတက်' နှင့်တကွ ဖြစ်သော သုံးသပ်ခြင်း 'ဝိစာရ' နှင့် တကွ ဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤရဟန်းကို မာရ်နတ်ကို ကာဏ်းအောင်ပြု၏၊ မာရ်နတ်မျက်စိကို တည်ရာအာရုံမရှိအောင် ဖျက်ဆီး၍ မာရ်ယုတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ ဟု ဆိုအပ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းကို။ပ။ မာရ်ယုတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူ ရှု၍သာလျှင် နေ၏၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍ ဉာဏ်နှင့်ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အရိယာ ပုဂ္ဂိုလ်တို့သည် အကြင်တတိယ ဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု ပြောကြားကုန်၏။ ထိုတတိယဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤရဟန်းကို။ပ။ မာရ်ယုတ်၏မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ ဟု ဆိုအပ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း 'သောမနဿ' နှလုံးမသာခြင်း 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်း မဟုတ် ချမ်းသာလည်းမဟုတ်သော လျစ်လျူရှုမှုကြောင့် ဖြစ်သော စင်ကြယ်သော သတိရှိသော စတုတ္ထဈာန်သို့ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းကို။ပ။ မာရ်ယုတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ ဟု ဆိုအပ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှု 'ပဋိဃသညာ' တို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသောသညာ 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု (စီးဖြန်းကာ) အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤရဟန်းကို။ပ။ မာရ်ယုတ်၏ မမြင်ရာ (အာရုံ) အရပ်သို့ ရောက်၏ ဟု ဆိုအပ်၏။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော အာကာသာနဉ္စာယတနဈာန်ကိုလွန်မြောက်၍ "ဝိညာဏ်သည်အဆုံးမရှိ" ဟု (စီးဖြန်းကာ) ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏။ပ။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော ဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်၍ "တစုံတခုမျှမရှိ" ဟု (စီးဖြန်းကာ) အာကိဉ္စညာယတနဈာန်သို့ ရောက်၍နေ၏။ပ။

ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော အာကိဉ္စညာယတနဈာန်ကို လွန်မြောက်၍ [ "ဤဝိညာဉ်သည် ငြိမ်သက်၏၊ ဤဝိညာဏ်သည် မွန်မြတ်၏" ဟု ] (စီးဖြန်းကာ) နေဝသညာ နာသညာယတနဈာန်သို့ ရောက်၍ နေ၏။ပ။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်၍ မှတ်သိခြင်း သညာ ခံစားခြင်း ဝေဒနာတို့၏ ချုပ်ရာ 'နိရောဓသမာပတ်' ကို ပြည့်စုံစေ၍ နေ၏။ ထိုရဟန်းအား (မဂ်)ပညာဖြင့် (သစ္စာကို) မြင်သောကြောင့် အာသဝေါတရားတို့ ကုန်ရာ၏။ ရဟန်းတို့ ဤရဟန်းကို မာရ်ယုတ်ကို ကာဏ်းအောင်ပြု၏၊ မာရ်နတ် မျက်စိကို တည်ရာ အာရုံမရှိအောင် ဖျက်ဆီး၍ မာရ်ယုတ်၏မမြင်ရာ (အာရုံ)အရပ်သို့ ရောက်၏ဟု ဆိုအပ်၏။

လောက၌ အထူးကပ်ငြိမှု 'တဏှာ' ကို လွန်မြောက်၍ မကြောက်မရွံ့ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းကိုပြု၏။ ထိုသို့မကြောက်မရွံ့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ မာရ်ယုတ်မမြင်နိုင်ရာ (အာရုံ) အရပ်သို့ ရောက်နေ သောကြောင့်တည်းဟု မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်သိမ့်ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ခြောက်ခုမြောက် ပါသရာသိသုတ် ပြီး၏။

http://www.dhammadownload.com



## ၇-စူဠဟတ္ထိပဒေါပမသုတ်

၂၈၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အခုံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဇာဏုသောဏိ ပုဏ္ဏားသည် အလုံးစုံ ဖြူသော မြည်းတသော ရထားဖြင့် မွန်းတည့်အချိန်၌ သာဝတ္ထိပြည်မှ ထွက်လာစဉ် အဝေးမှ လာသော ပိလောတိက ပရိဗိုဇ်ကိုမြင်၍ ပိလောတိက ပရိဗိုဇ်အား—

"အသျှင် ဝစ္ဆာယနသည် ယခု မွန်းတည့်ချိန်၌ အဘယ်မှလာသနည်း"ဟု ပြောဆို၏။

အသျှင် ငါသည် ရဟန်းဂေါတမအထံမှလာခဲ့၏ ဟု (ဆို၏)။

"အသျှင် ဝစ္ဆာယနသည် ရဟန်းဂေါတမ၏ ပညာအစွမ်းကို အဘယ်သို့ထင်မှတ် သနည်း၊ ပညာရှိဟု ထင်မှတ်ပါသလော"-ဟု(မေး၏)။

အသျှင် ငါသည် အဘယ်လို လူစားနည်း၊ အဘယ်လို လူစားဖြစ်၍ ရဟန်း ဂေါတမ၏ ပညာ စွမ်းကို သိနိုင်အံ့နည်း၊ရဟန်းဂေါတမ၏ ပညာစွမ်းကိုသိနိုင်မည့် သူသည်လည်း ထို(ရဟန်းဂေါတမ) ကဲ့သို့ သဘောရှိသော သူသာလျှင် ဖြစ်ရပေမည် ဟု(ဆို၏)။

"အသျှင် ဝစ္ဆာယနသည် ရဟန်းဂေါတမကို မြတ်သော ချီးမွမ်းခြင်းဖြင့် ချီးမွမ်းဘိ၏" ဟု (ဆို၏)။

အသျှင် ငါသည် အဘယ်လိုလူစားနည်း၊ အဘယ်လိုလူစားဖြစ်၍ ရဟန်းဂေါတမကို ချီးမွမ်း နိုင်မည်နည်း၊ ထိုအသျှင် ဂေါတမသည် အချီးမွမ်းခံရသူတို့၏ အချီးမွမ်းကိုခံရ၏၊ နတ်လူတို့ထက် မြတ်တော်မူ၏ ဟု (ဆို၏)။

"အသျှင် ဝစ္ဆာယနသည် အဘယ်အကျိုး အာနိသင်ကို ကောင်းစွာမြင်၍ ရဟန်း ဂေါတမ အပေါ်၌ ဤသို့အလွန်ကြည်ညိုနေရသနည်း"ဟု (မေး၏)။

အသျှင် ဥပမာအားဖြင့် ဆင်တော၌ နေလေ့ရှိသော လိမ္မာသောသူသည် ဆင်တောသို့ ဝင်သည်ရှိသော် ထိုဆင်တော၌ အလျားရှည်၍ အနံ ကျယ်ပြန့်သော ဆင်ခြေရာ ကြီးကို မြင်ငြားအံ့၊ ထိုသူသည် "အချင်းတို့ ဆင်သည် ကြီးမားစွတကား" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူပင် ငါသည် ရဟန်းဂေါတမ အပေါ်၌ လေးပါးသော(ဉာဏ်)ခြေရာတို့ကို မြင်ရသောအခါမှစ၍ "မြတ်စွာဘုရားသည် (အလုံးစုံသော တရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောဘုရားပေတည်း၊တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြား ထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်း ရှိသော သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏ ။

၂၈၉။ အဘယ်လေးပါးတို့နည်း ဟူမူ—အသျှင် ဤလောက၌ ငါသည် သိမ်မွေ့ကုန်သော သူတပါး အယူဝါဒကို သိပြီးကုန်သော သားမြီးကို ဖောက်ထွင်းပစ်နိုင်သော လေးသမားနှင့် တူကုန်သော အချို့မင်းပညာရှိတို့ကို မြင်ဘူး၏၊ ထိုသူတို့သည် ပညာဖြင့် အယူတို့ကို ဖျက်ဆီး ကုန်သကဲ့သို့ လှည့်လည်ကုန်၏။

http://www.dhammadownload.com



အသျှင် ထိုသူတို့သည်“ရဟန်း ဂေါတမသည် ဤမည်သော ရွာသို့ရင်း နိဂုံးသို့ရင်း ရောက်လတ္တံ့”ဟု ကြားကြသဖြင့် “ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ဤသို့ မေးခဲ့လျှင် ငါတို့အား ဤသို့ဖြေကြားငြားအံ့၊ ထိုရဟန်း ဂေါတမအား ငါတို့က ဤသို့ အပြစ်တင်ကုန်အံ့၊ ဤသို့မေးခဲ့လျှင် ငါတို့အား ဤသို့လည်း ဖြေကြားငြားအံ့၊ ထိုရဟန်းဂေါတမအား ငါတို့က ဤသို့လည်း အပြစ်တင်ကုန်အံ့” ဟု ပြောဆိုလျက် ပြဿနာကို ပြုစီရင်ကုန်၏။

အသျှင် ထိုသူတို့သည်“ရဟန်းဂေါတမသည် ဤမည်သောရွာသို့ရင်း နိဂုံးသို့ရင်း ရောက်၏”ဟု ကြားကြသဖြင့် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ကုန်၏။ ထိုသူတို့ကို ရဟန်းဂေါတမသည် တရားစကားတို့ဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေ၏။ထိုသူတို့သည် ရဟန်းဂေါတမက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက်(တရားကို)ဆောက်တည်စေကာ(တရားကျင့်သုံးရန်)ထက်သန်ရွှင်လန်းစေသော် ရဟန်းဂေါတမအား ပြဿနာကိုပင် မမေးကြကုန်၊ အဘယ်မှာလျှင် ထိုရဟန်းဂေါတမအား အပြစ်တင်ကြကုန်အံ့နည်း၊ စင်စစ်သော်ကား ရဟန်းဂေါတမ၏ တပည့်များသာလျှင် ဖြစ်ကုန်၏။

အသျှင် ငါသည် ရဟန်းဂေါတမ၌ ရှေးဦးစွာသော ဤ(ဉာဏ်)ခြေရာကို မြင်သော အခါမှစ၍ “မြတ်စွာဘုရားသည်(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း” ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

အသျှင် တဖန် ထို့ပြင်လည်း ငါသည် ဤလောက၌ အချို့ကုန်သော ပုဏ္ဏားပညာရှိတို့ကို မြင်၏။ပ။သူကြွယ်ပညာရှိတို့ကို။ပ။ သိမ်မွေ့ကုန်သော သူတပါး အယူဝါဒကို သိပြီးကုန်သော သားမြီးကို ဖောက်ထွင်းပစ်နိုင်သော လေးသမားနှင့် တူကုန်သော ရဟန်းပညာရှိတို့ကို(မြင်၏)။ ထိုသူတို့သည် ပညာဖြင့်အယူတို့ကို ဖျက်ဆီးလိုကုန်သကဲ့သို့ လှည့်လည်ကုန်၏၊ အသျှင်တို့ ထိုသူတို့သည်“ရဟန်းဂေါတမသည် ဤမည်သော ရွာသို့ရင်း နိဂုံးသို့ရင်း ရောက်လတ္တံ့”ဟု ကြားကြသဖြင့်“ငါတို့သည် ဤပြဿနာကို ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ဤသို့ မေးခဲ့လျှင် ငါတို့အား ဤသို့ဖြေကြားငြားအံ့ ထိုရဟန်းဂေါတမအား ငါတို့က ဤသို့ အပြစ်တင်ကုန်အံ့၊ ဤသို့မေးခဲ့လျှင် ငါတို့အား ဤသို့လည်း ဖြေကြားငြားအံ့၊ ထိုရဟန်း ဂေါတမအား ငါတို့က ဤသို့လည်း အပြစ်တင်ကုန်အံ့”ဟု ပြောဆိုလျက် ပြဿနာကို ပြုစီရင်ကြကုန်၏။

အသျှင်တို့ သူတို့သည်“ရဟန်းဂေါတမသည် ဤအမည်ရှိသောရွာသို့ရင်း နိဂုံးသို့ရင်းရောက်၏” ဟုကြားကြသဖြင့် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ကုန်၏။ ထိုသူတို့ကို ရဟန်းဂေါတမသည် တရားစကားဖြင့်(အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေ၏။ထိုသူတို့သည် ရဟန်းဂေါတမက တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန် ရွှင်လန်းစေသော် ရဟန်းဂေါတမအား ပြဿနာကိုပင် မမေးကြကုန်၊ အဘယ်မှာလျှင် ထိုရဟန်း

http://www.dhammadownload.com



ဂေါတမအား အပြစ်ကို တင်ကြကုန်အံ့နည်း၊ စင်စစ်သော်ကား လှူဘောင်မှ ရဟန်းဘောင်သို့ ကပ်ရောက်ခြင်းငှါ ရဟန်းဂေါတမကိုသာလျှင် အခွင့်တောင်းကြကုန်၏။ ထိုသူတို့ကို ရဟန်း ဂေါတမသည် ရဟန်းပြု၏။ ထိုသူတို့သည် ထိုရဟန်းဘောင်၌ ရဟန်းပြုကုန်လျက် ဆိတ်ငြိမ်ရာသို့ ကပ်ကြပြီးလျှင် သတိမမေ့မလျော့သည်ဖြစ်၍ ပြင်းစွာ အားထုတ်ခြင်းဖြစ်၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေကြကုန်သော် အကြင် (အရဟတ္တဖိုလ်) အကျိုးငှါ အမျိုးသားတို့သည် လှူဘောင်မှ(ခွါ၍) ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရှင်ရဟန်းပြုကုန်၏၊ မြတ်သော အကျင့်၏အဆုံးဖြစ်သော အတုမရှိသော ထိုအရဟတ္တဖိုလ်ကို မကြာမီ မျက်မှောက်ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ ပြည့်စုံစေလျက် နေကြကုန်၏။

ထိုသူတို့သည် ဤသို့ ပြောဆိုကြကုန်၏၊ "အချင်းတို့ ပျက်စီးဘို့ရာ အနည်းငယ်သာလို တော့၏၊ အချင်းတို့ ဆုံးရှုံးဘို့ရာ အနည်းငယ်သာလိုတော့၏၊ အကြောင်းမှန်ကိုဆိုရသော် ငါတို့ သည် ရှေးအခါက သမဏမဟုတ်ပဲ သမဏဖြစ်ကုန်၏ဟု ဝန်ခံကြကုန်၏၊ ဗြာဟ္မဏမဟုတ်ပဲ ဗြာဟ္မဏဖြစ်ကန်၏ဟု ဝန်ခံကြကုန်၏၊ ရဟန္တာမဟုတ်ပဲ ရဟန္တာဖြစ်ကုန်၏ဟု ဝန်ခံကြကုန်၏၊ ယခုမှသာလျှင် သမဏဖြစ်ကြကုန်၏၊ ယခုမှသာလျှင် ဗြာဟ္မဏဖြစ်ကြကုန်၏၊ ယခုမှသာလျှင် ရဟန္တာဖြစ်ကြကုန်၏"ဟု (ပြောဆိုကြကုန်၏)။

အသျှင် ငါသည် ရဟန်းဂေါတမ၌ လေးခုမြောက်ဖြစ်သော ဤ(ဉာဏ်)ခြေရာကို မြင်သော အခါမှစ၍ "မြတ်စွာဘုရားသည် (အလုံးစုံသော တရားကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရား ပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော တပည့်သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

အသျှင် ငါသည် ရဟန်းဂေါတမ၌ လေးပါးကုန်သော ဤ(ဉာဏ်)ခြေရာတို့ကို မြင်သော အခါမှစ၍ "မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရား ပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော တပည့်သံဃာပေ တည်း"ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏ဟု(ပြောဆို၏)။

၂၉၀။ ဤသို့ ပြောဆိုသော် ဇာဏုဿောဏိပုဏ္ဏားသည် အလုံးစုံဖြူသော မြည်းကသော ရထားမှ သက်ဆင်း၍ ပခုံးတဖက်၌ ကိုယ်ဝတ်ကိုတင်၍ မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ကို ညွတ်၍ သုံးကြိမ် ဥဒါန်းစကားကို မြွက်ဆို၏။

> "ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏၊ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။
>
> ငါတို့လည်း တခါနိန်ခါနိမှာ ထိုအသျှင်ဂေါတမနှင့်အတူ တွေ့ဆုံကောင်း တွေ့ဆုံ ရတန်ရာ၏၊တစုံတရာသော စကားပြောဟောခြင်းသည် ဖြစ်ကောင်းဖြစ်တန်ရာ၏" ဟု (မြွက်ဆို၏)။

http://www.dhammadownload.com



ထိုနောက် ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီး၍ တခုသောအရပ်၌ ထိုင်နေပြီးသော် ပိလောတိကပရိဗိုဇ်နှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်၏။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ဇာဏုဿောဏိပုဏ္ဏားအား "ပုဏ္ဏား ဤမျှသော စကားဖြင့် ဆင်ခြေရာ ဥပမာရှိသော တရားသည် အကျယ်အားဖြင့် မပြည့်စုံသေး၊ ပုဏ္ဏား စင်စစ်သော်ကား ဆင်ခြေရာ ဥပမာ အကျယ်အားဖြင့် ပြည့်ပြည့်စုံစုံဖြစ်ပုံကို နာဦးလော့၊ ကောင်းစွာ နှလုံးသွင်းဦးလော့၊ ဟောကြားအံ့"ဟု ဤသို့ မိန့်ဆို၏။

"ကောင်းပါပြီ အသျှင်ဘုရား"ဟု ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

၂၉၁။ ပုဏ္ဏား ဥပမာသော်ကား ဆင်တော၌ နေလေ့ရှိသူသည် ဆင်တောသို့ ဝင်သည် ရှိသော် ဆင်တော၌ အလျားရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကိုမြင်ရ၏၊ ဆင်တော၌ နေလေ့ရှိသော ဆင်အတတ်၌ ကျွမ်းကျင်သောသူသည် ထိုသို့မြင်ကာမျှဖြင့် "အချင်းတို့ ဆင်ပြောင်သည် ကြီးမားလှ၏တကား"ဟု ဆုံးဖြတ်ခြင်းသို့ မရောက်ပေ။ ထိုသို့မရောက်ခြင်းသည် အဘယ်အကြောင်းကြောင့်နည်း၊ ပုဏ္ဏား ဤခြေရာသည် ဆင်တော၌ ကြီးမားသောခြေရာ ရှိကုန်သော ပုကွသော ဝါမနိကာဆင်မတို့၏ခြေရာ ဖြစ်ရာသောကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့ အစဉ်လိုက်၏၊ထိုခြေရာသို့ အစဉ်လိုက်သော် ဆင်တော၌ အလျားရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကိုငင်း မြင့်ရာ၌ ပွတ်တိုက်ရာကိုငင်း မြင်၍ ဆင်တော၌ နေလေ့ရှိသော ဆင်အတတ်၌ ကျွမ်းကျင်သော သူသည် ထိုသို့ မြင်ကာမျှဖြင့် "အချင်းတို့ ဆင်ပြောင်ကြီးသည် ကြီးမား၏တကား"ဟု ဆုံးဖြတ်ခြင်းသို့ မရောက်။ ထိုသို့ မရောက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ပုဏ္ဏား ဤခြေရာသည် ဆင်တော၌ ကြီးမားသောခြေရာရှိသော ခြေတန် ရှည်၍ အစွယ်ကြဲသော 'ဥစ္စာကာဠာရိကာ' ဆင်မတို့၏ခြေရာ ဖြစ်နိုင်ရာသောကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့ အစဉ်လိုက်၏၊ထိုခြေရာသို့ အစဉ်လိုက်သော် ဆင်တော၌ အလျား ရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကိုငင်း မြင့်ရာ၌ ပွတ်တိုက်ရာကိုငင်း မြင့်ရာ၌ အစွယ်တို့ဖြင့် ထိုးခြစ်ရာကိုငင်း မြင်ရ၏။ ဆင်တော၌ နေလေ့ရှိသော ဆင်အတတ်၌ ကျွမ်းကျင်သော သူသည် ထိုသို့ မြင်ကာမျှဖြင့် "အချင်းတို့ ဆင်ပြောင်သည် ကြီးမား၏တကား"ဟု ဆုံးဖြတ်ခြင်းသို့ မရောက်။ ထိုသို့ မရောက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ပုဏ္ဏား ဤခြေရာသည် ဆင်တော၌ ကြီးမားသောခြေရာရှိသော ခြေတံရှည်၍ စဉ်းငယ်ပွင့်သော ပန်းငုံသဏ္ဍာန် အစွယ်ရှိသော 'ဥစ္စာကဏေရုကာ'ဆင်မတို့၏ခြေရာ ဖြစ်နိုင်သောကြောင့်တည်း။

ထိုသူသည် ထိုခြေရာသို့ အစဉ်လိုက်၏၊ ထိုခြေရာသို့ အစဉ်လိုက်သော် ဆင်တော၌ အလျား ရှည်၍ အနံကျယ်ပြန့်သော ဆင်ခြေရာကြီးကိုငင်း မြင့်ရာ၌ ပွတ်တိုက်ရာကိုငင်း မြင့်ရာ၌ အစွယ်တို့ဖြင့် ထိုးခြစ်ရာကိုငင်း မြင့်ရာ၌ သစ်ခက်ကျိုးကိုငင်း မြင်၏၊ ထိုဆင်ပြောင်ကိုလည်း သစ်ပင်ရင်း၌ဖြစ်စေ, လွင်တီးခေါင်၌ဖြစ်စေ သွားနေသည်ကိုသော်ငင်း ရပ်နေသည်ကိုသော်ငင်း

http://www.dhammadownload.com



ထိုင်နေသည်ကိုသော်၎င်း အိပ်နေသည်ကိုသော်၎င်း မြင်၏။ ထိုသူသည် "ထိုဆင်ကြီးသည်ကား ဤဆင်ပြောင်ကြီးပင်တည်း" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဤအတူပင် ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော် မူသော (သစ္စာလေးပါး တရားတို့ကို) သိတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူလောကကို ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထို မြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော အလုံးစုံပြည့်စုံသော စင်ကြယ်သော တရားကို ဟောတော်မူ၏၊ မြတ်သော အကျင့်ကို ပြတော်မူ၏။

ထိုတရားကို သူကြွယ်သည်၎င်း သူကြွယ်သားသည်၎င်း ဇာတ်တမျိုးမျိုး၌ ဖြစ်သော သူသည်၎င်း နာကြားရ၏၊ ထိုသူသည် ထိုတရားတော်ကို နာကြားရသောကြောင့် မြတ်စွာဘုရား၌ ယုံကြည်မှုကိုရ၏၊ ထိုသူသည် ယုံကြည်မှုကိုရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏။

"အိမ်ရာထောင်သော ဘဝ၌နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူထရာခရီးနှင့် တူ၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ အိမ်ရာထောင်သော ဘဝ၌နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်း ပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါမလွယ်၊ ငါသည်ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမှု ကောင်းလေစွ" ဟု (ဆင်ခြင်၏)။

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကိုပယ်၍၎င်း များသော ဥစ္စာစုကို ပယ်၍၎င်း နည်းသော ဆွေမျိုးစဉ်ဆက်ကိုပယ်၍၎င်း များသော ဆွေမျိုးစဉ်ဆက်ကိုပယ်၍၎င်း ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

၂၉၂။ ထိုသူသည် ဤသို့ဝင်ရောက်ပြီးသော် ရဟန်းတို့၏ သိက္ခာသာဇီဝသို့ ရောက်လျက် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊တုတ်ကိုချထားပြီးဖြစ်၏၊လက်နက်ကို ချထားပြီးဖြစ်၏၊ အရှက်ရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ပေးသည်ကိုသာ ခံယူ၏၊ ပေးသည်ကိုသာ နှစ်လို၏၊မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့်သာနေ၏။ မမြတ်သော အကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သော အကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။မဟုတ်မမှန်ပြောခြင်းကိုပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာဆိုလေ့ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်တတ်၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သောစကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်၊ကုန်းစကားကိုပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူ ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူ့ထံမှ နားထောင်၍ ထိုသူ့ထံ၌

http://www.dhammadownload.com



မပြောတတ်၊ ထိုသူ့ထံမှ နားထောင်၍ ဤသူ့ထံ၌မပြောတတ်၊ ဤသို့ ကွဲပြား သူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏။ ကြမ်းသော စကားကိုပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။

ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသောစကားမှရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အနက်နှင့် ပြည့်စုံသော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏၊

၂၉၃။ ထိုရဟန်းသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှရှောင်ကြဉ်၏။ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာ စားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစာ စားခြင်းမှ ရှောင်ကြဉ်၏။ကခြင်း သီခြင်း တီးမှုတ်ခြင်း ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏။ မြင့်သော နေရာ မြတ်သော နေရာမှ ရှောင်ကြဉ်၏။ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကောက်စိမ်း [၁] ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှရှောင်ကြဉ်၏။ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှရှောင်ကြဉ်၏။ ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကြက် ဝက်ကို ခံယူခြင်းမှရှောင်ကြဉ်၏။ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။လယ်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြုခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း(ခရီးသွားတို့ကို)လုယက်ခြင်း (ရွာနိဂုံးတို့ကို)ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

၂၉၄။ ထိုရဟန်းတို့သည် ကိုယ်ကို မျှတ ရုံသော သင်္ကန်း ဝမ်းကို မျှတရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထို ရဟန်းသည် အကြင် အကြင် အရပ်သို့ သွားသော် (ပရိက္ခရာ ရှစ်ပါးမျှကို) ကောင်းစွာယူဆောင်၍ သွား၏။ ဥပမာသော်ကား အတောင်ရှိသော ငှက်သည် အကြင်အကြင် အရပ်သို့ ပျံသော် မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံ၏။ ဤအတူ ရဟန်းသည် ကိုယ်ကို မျှတရုံသော သင်္ကန်း ဝမ်းကို မျှတရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် အကြင်အကြင် အရပ်သို့ သွားသော် (ပရိက္ခရာ ရှစ်ပါးမျှကို) ကောင်းစွာ ယူဆောင်၍ သွား၏။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။

၂၉၅။ ထိုရဟန်းသည် မျက်စိဖြင့် ရူပါရုံကို မြင်သော် (ယောကျ်ား မိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ၊ အကြင်

---

၁-ကောက်စိမ်း = အာမကဓည ပဉ္စတော် ဝေါဟာရ ရက်ထက်ရှင်။

http://www.dhammadownload.com



အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။လျှာဖြင့် ရသာရုံကို လျက်သော်။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် (ယောကျ်ား မိန်းမ ဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊(လက်ခြေစသော)အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ၊အကြင် အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ဒုက္ခနှင့်) မရောသော ချမ်းသာကို ခံစား၏။

ထိုရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ တူရူ ကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ဒုကုဋ်သင်္ကန်းသပိတ်သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

၂၉၆။ ဤမြတ်သော သီလအစု ရောင့်ရဲခြင်းဣန္ဒြေ စောင့်စည်းခြင်းသတိ ဆင်ခြင်ဉာဏ်တို့နှင့် ပြည့်စုံသော ထိုရဟန်းသည် တောသစ်ပင်ရင်း တောင်ချောက် တောင်ခေါင်း သုသာန် တောအုပ် လွင်ပြင် ကောက်ရိုးပုံဟူသော ဆိတ်ငြိမ်ရာသော အိပ်ရာ နေရာကို မှီဝဲ၏၊ ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှုကာ သတိကို ဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် (ခန္ဓာငါးပါးတည်းဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ' ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း'အဘိဇ္ဈာ' မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ပြစ်မှားမှုကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ပျက်စီးစေလိုသော ပြစ်မှားမှုမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း 'ထိန မိဒ္ဓ' ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း 'ထိန မိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိန မိဒ္ဓ' မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တရခြင်း 'ကုက္ကုစ္စ' ကို ပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တရခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏။ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ မဝေခွဲနိုင် ခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍ နေ၏၊ မဝေခွဲနိုင်ခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၂၉၇။ ထိုရဟန်းသည် စိတ်၏ ညစ်နွမ်းကြောင်း ဖြစ်ကုန်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော ဤပိတ်ပင်ကြောင်း 'နီဝရဏ' ငါးပါးတို့ကို ပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။

ပုဏ္ဏား ဤပဌမစျာန်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍ငြင်း မြတ်စွာဘုရား၏ (ဉာဏ်)ဖြင့် ပွတ်တိုက်ရာဟူ၍ငြင်း မြတ်စွာဘုရား၏ (ဉာဏ်) စွယ်ဖြင့် ထိုးခြစ်ရာ ဟူ၍ငြင်း ဆိုသင့်၏။မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့ ပဌမစျာန် ဝင်စား၍နေရရုံမျှဖြင့် "မြတ်စွာဘုရားသည် (အလုံးစုံသော တရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ပုဏ္ဏား တဖန်ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။

ပုဏ္ဏား ဤဒုတိယစျာန်ကိုလည်း။ပ။ ဆိုသင့်၏။ပ။ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ပုဏ္ဏား တဖန်ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ" ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍နေ၏။

ပုဏ္ဏား ဤတတိယစျာန်ကိုလည်း။ပ။ ဆိုသင့်၏။ပ။ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်းဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ပုဏ္ဏား တဖန်ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ငြင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ငြင်း ဆင်းရဲချမ်းသာ မဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍နေ၏။

ပုဏ္ဏား ဤစတုတ္ထစျာန်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍ငြင်း မြတ်စွာဘုရား၏ (ဉာဏ်)ဖြင့် ပွတ်တိုက်ရာဟူ၍ငြင်း မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍ငြင်း ဆိုသင့်၏။ မြတ်စွာဘုရား၏တပည့် သာဝကသည် ထိုသို့စတုတ္ထစျာန်ကို ဝင်စား၍နေရရုံမျှဖြင့် "မြတ်စွာဘုရားသည် (အလုံးစုံသောတရားကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏

http://www.dhammadownload.com



တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း” ဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည် သာတည်း။

၂၉၈။ ဤသို့ ထိုရဟန်း၏ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုတိုင်းရလတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ရှေး၌ဖြစ်ဘူးသည်ကို အောက်မေ့နိုင်သော ‘ပုဗ္ဗေနိဝါသာနုဿတိ’ ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်၏၊ ရှေးရှုညွတ်စေ၏။ ထိုရဟန်းသည် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုဎင်း နှစ်ဘဝတို့ကိုဎင်း။ပ။ ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

ပုဏ္ဏား ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုလည်း မြတ်စွာဘုရား၏(ဉာဏ်)ခြေရာဟူ၍ဎင်း မြတ်စွာဘုရား၏(ဉာဏ်)ဖြင့် ပွတ်တိုက်ရာဟူ၍ဎင်း မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍ဎင်း ဆိုသင့်၏။ မြတ်စွာဘုရား၏တပည့်သာဝကသည် ထိုသို့ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရရုံမျှဖြင့် “မြတ်စွာဘုရားသည်(အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း မြတ်စွာဘုရား၏တပည့် သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း” ဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည်သာတည်း။

ထိုရဟန်း၏ စိတ်သည် ဤသို့ တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုတိုင်းရလတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည်သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကိုသိသော ‘စုတူပပါတ’ ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုညွတ်စေ၏။ ထို(ရဟန်း) သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ ‘ဒိဗ္ဗစက္ခုဉာဏ်’ ဖြင့်။ပ။ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိနိုင်၏။

ပုဏ္ဏား ဤ ‘စုတူပပါတ’ ဉာဏ်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍ဎင်း မြတ်စွာဘုရား၏ (ဉာဏ်)ဖြင့် ပွတ်တိုက်ရာဟူ၍ဎင်း မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာ ဟူ၍ဎင်း ဆိုသင့်၏။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့ ‘စုတူပပါတ’ဉာဏ်ရရုံမျှဖြင့် “မြတ်စွာဘုရားသည် (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း၊မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း” ဟု ဆုံးဖြတ်ခြင်းသို့ မရောက်သည် သာတည်း။

၂၉၉။ ထို ရဟန်း၏စိတ်သည် ဤသို့တည်ကြည်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုတိုင်းရလတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝေါတရားတို့၏ကုန်ရာ ဖြစ်သော ‘အာသဝက္ခယ’ဉာဏ် အလို့ငှါ စိတ်ကိုရှေးရှုညွတ်စေ၏။ ထို (ရဟန်း)သည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား

http://www.dhammadownload.com



ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝေါတရားတို့ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်) ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ပုဏ္ဏား ဤမဂ်ဉာဏ်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍၎င်း မြတ်စွာဘုရား၏(ဉာဏ်) ဖြင့် ပွတ်တိုက်ရာ ဟူ၍၎င်း မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍၎င်း ဆိုသင့်၏။ မြတ်စွာဘုရား၏ တပည့်သာဝကသည် ထိုသို့ မဂ်ဉာဏ်ကို ရကာမျှဖြင့် အပြီးအဆုံးသို့ မရောက်သေး။ သို့ရာတွင် "မြတ်စွာဘုရားသည် (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ကား ရောက်၏။

ဤသို့သိသော ဤသို့မြင်သော ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးသော် "လွတ်မြောက်ပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ" ဟု သိ၏။ ပုဏ္ဏား ဤပစ္စဝေက္ခဏာဉာဏ်ကိုလည်း မြတ်စွာဘုရား၏ (ဉာဏ်) ခြေရာဟူ၍၎င်း မြတ်စွာဘုရား၏ (ဉာဏ်ဖြင့်) ပွတ်တိုက်ရာဟူ၍၎င်း မြတ်စွာဘုရား၏ (ဉာဏ်)စွယ်ဖြင့် ထိုးခြစ်ရာဟူ၍၎င်း ဆိုသင့်၏။

ပုဏ္ဏား မြတ်စွာဘုရား၏တပည့်သာဝကသည် ဤမျှလောက်ဖြင့် "မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တိုင်မှန်စွာသိတော်မူသော ဘုရားပေတည်း၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောကြားထားသော တရားပေတည်း၊ မြတ်စွာဘုရား၏ တပည့်သံဃာသည် အကျင့်ကောင်းရှိသော သံဃာပေတည်း" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်၏။

ပုဏ္ဏား ဤမျှဖြင့်ဆင်ခြေရာဥပမာရှိသောတရားသည် အကျယ်အားဖြင့် ပြည့်စုံ၏ဟု(ဤစကားကို ဟောကြားတော်မူ၏)။

ဤသို့ ဟောကြားတော်မူသော် ဇာဏုဿောဏိပုဏ္ဏားသည် မြတ်စွာဘုရားကို—

"အသျှင်ဂေါတမ(တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါ၏၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဘုရား ဤအတူသာလျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ခုနစ်ခုမြောက် စူဠဟတ္ထိပဒေါပမသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-မဟာဟတ္ထိပဒေါပမသုတ်

၃၀၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင် ရဟန်းတို့"ဟု ခေါ်တော်မူ၏။ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြား လျှောက်ထားကြကုန်၏၊ အသျှင်သာရိပုတြာသည် ဤသို့ မိန့်ဆိုလေ၏။

ငါ့သျှင်တို့ ဥပမာသော်ကား ကုန်းပြင်၌ သွားကုန်သော သတ္တဝါတို့၏ ခြေရာ အားလုံးတို့သည် ဆင်ခြေရာ၌ အတွင်းဝင်ခြင်းသို့ ရောက်ကုန်၏၊ ကြီးသည့်အဖြစ်ကြောင့် ဆင်ခြေရာကို ထိုခြေရာ တို့ထက် မြတ်၏ဟု ပြောကြားရသကဲ့သို့ ငါ့သျှင်တို့ ဤအတူသာလျှင် ကုသိုလ်တရားအားလုံး တို့သည် လေးပါးသောအရိယသစ္စာတို့၌ အကျဉ်းချုံးခြင်းသို့ ရောက်ကုန်၏။ အဘယ်လေးပါးတို့၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်သနည်း၊ ဒုက္ခဖြစ်သော အရိယသစ္စာ၊ ဒုက္ခဖြစ်ကြောင်းဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာဖြစ်သော အရိယသစ္စာ၊ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့် ဖြစ်သော အရိယသစ္စာတို့၌ ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။

၃၀၁။ ငါ့သျှင်တို့ ဒုက္ခဖြစ်သော အရိယသစ္စာဟူသည် အဘယ်နည်း။ (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း'ဇာတိ' သည်လည်း ဒုက္ခတည်း၊ အိုမင်းဆွေးမြေ့ခြင်း'ဇရာ' သည်လည်း ဒုက္ခတည်း၊ သေခြင်း'မရဏ'သည်လည်း ဒုက္ခတည်း၊ ပူဆွေးခြင်း'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' (ကိုယ်) ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ' တို့သည်လည်း ဒုက္ခတို့တည်း၊ အလိုရှိသောအရာကို မရခြင်းသည်လည်း ဒုက္ခတည်း၊ အကျဉ်းအားဖြင့် စွဲယူအပ် သော ခန္ဓာငါးပါးတို့သည်လည်း ဒုက္ခတို့တည်း။

ငါ့သျှင်တို့ စွဲယူအပ်သော ခန္ဓာငါးပါးတို့သည် အဘယ်တို့နည်း။ ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာ၊ ခံစားခြင်းဟူသော စွဲယူအပ်သောခန္ဓာ၊ မှတ်သားခြင်းဟူသော စွဲယူအပ်သောခန္ဓာ၊ ပြုပြင်စီရင်ခြင်းဟူသော စွဲယူအပ်သောခန္ဓာ၊ အထူးသိခြင်းဟူသောစွဲယူအပ်သော ခန္ဓာတို့တည်း။

ငါ့သျှင်တို့ ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာဟူသည် အဘယ်နည်း။ မဟာဘုတ်လေးပါးတို့ရှင်း မဟာဘုတ် လေးပါးတို့ကိုစွဲ၍ဖြစ်သော ရုပ်တို့ရှင်းတည်း။ ငါ့သျှင်တို့ မဟာဘုတ်လေးပါးတို့ဟူသည် အဘယ်တို့နည်း၊ မြေဓာတ် ရေဓာတ် အပူအအေး(မီး) ဓာတ် လေဓာတ် တို့တည်း။

၃၀၂။ ငါ့သျှင်တို့ မြေဓာတ်ဟူသည် အဘယ်နည်း။ မြေဓာတ်သည်အတွင်းဖြစ်သော မြေဓာတ် သည်ရှိ၏၊ အပဖြစ်သော မြေဓာတ်သည်ရှိ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော မြေဓာတ်ဟူသည် အဘယ်နည်း။ မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ခက်မာကြမ်းတမ်းခြင်းသို့ ရောက်သော စွဲယူအပ်သော ရုပ်တည်း။ ဤရုပ်တို့ ဟူသည် အဘယ်နည်း၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေအသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညို နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာ ဟောင်း တပါးလည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ခက်မာကြမ်းတမ်းခြင်းသို့ရောက်သော စွဲယူအပ်သော ရုပ်သည် ရှိ၏။ ငါ့သျှင်တို့ ဤရုပ်ကို အတွင်း ဖြစ်သော မြေဓာတ်ဟူ၍ ဆိုရ၏။

http://www.dhammadownload.com



အတွင်းဖြစ်သော မြေဓာတ်သည်၎င်း အပဖြစ်သော မြေဓာတ်သည်၎င်း မြေဓာတ်သည် သာတည်း။

ထိုမြေဓာတ်ကို "ဤမြေဓာတ်သည် ငါပိုင်မဟုတ်၊ ဤမြေဓာတ်သည် ငါမဟုတ်၊ ဤမြေဓာတ်သည် ငါ၏ကိုယ်မဟုတ်"ဟု ဤသို့ မြေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုသင့်၏၊ ဤသို့ ဤမြေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်၍ မြေဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် မြေဓာတ်၌ တပ်ခြင်း ကင်း၏။

ငါ့သျှင်တို့ အကြင်အခါ၌ အပဖြစ်သော ရေဓာတ်သည် ပျက်စီး၏၊ ထိုရေဓာတ် ပျက်စီးသော အခါ အပဖြစ်သောမြေဓာတ်သည် ကွယ်ပျောက်၏။ ငါ့သျှင်တို့ ထိုသို့ ကွယ်ပျောက်သောကြောင့် သာလျှင် ထိုမျှလောက်ကြီးသော အပဖြစ်သော မြေဓာတ်၏ မမြဲသည့်အဖြစ်သည် ထင်ရှားလတ္တံ့၊ ကုန်ခြင်းသဘောရှိသည့်အဖြစ်သည် ထင်ရှားလတ္တံ့၊ ပျက်စီးခြင်း သဘောရှိသည့် အဖြစ်သည် ထင်ရှားလတ္တံ့၊ ဖောက်ပြန်ခြင်းသဘောရှိသည့် အဖြစ်သည် ထင်ရှားလတ္တံ့၊ (အချိန်) အနည်းငယ်သာ တည်တန့်ခြင်းရှိသည့် တဏှာက စွဲယူအပ်သော ဤကိုယ်ခန္ဓာအား "ငါဟု၎င်း ငါပိုင်ဟု၎င်း ငါဖြစ်၏"ဟု၎င်း အဘယ်မှာ စွဲယူသင့်မည်နည်း။ ထိုအခါ ထိုရဟန်းအား ဤအတွင်းဖြစ်သော မြေဓာတ်၌ စွဲယူခြင်းသည် မဖြစ်သည်သာတည်း။

ငါ့သျှင်တို့ ထိုရဟန်းကို သူတပါးတို့က အကယ်၍ ဆဲရေးကုန်ငြားအံ့၊ ရေရွတ်ကုန်ငြားအံ့၊ ချုတ်ချယ်ကုန်ငြားအံ့၊ ညဉ်းဆဲကုန်ငြားအံ့။ ထိုရဟန်းသည် ဤသို့ သိ၏၊ ငါ့မှာ နား၌ခပါင်းဆုံ တွေ့ထိခြင်းကြောင့်ဖြစ်သော ဤဆင်းရဲခံစားခြင်းသည် ဖြစ်သည်သာတည်း၊ ထိုဆင်းရဲခံစားခြင်းသည်လည်း အကြောင်းကိုစွဲ၍ဖြစ်၏၊ အကြောင်းကို မစွဲပဲမဖြစ်၊ အဘယ်ကိုစွဲ၍ ဖြစ်သနည်း၊ တွေ့ထိခြင်းကိုစွဲ၍ဖြစ်၏။ ထို"တွေ့ထိခြင်းသည် အမြဲမရှိ"ဟု ရှုမြင်၏၊ "ခံစားခြင်းသည် အမြဲမရှိ"ဟု ရှုမြင်၏၊ "မှတ်သားခြင်းသည် အမြဲမရှိ"ဟု ရှုမြင်၏၊ "ပြုပြင်စီရင်မှု တို့သည် အမြဲမရှိကုန်"ဟု ရှုမြင်၏၊ "အထူးသိမှုစိတ်သည် အမြဲမရှိ"ဟု ရှုမြင်၏။ ထိုရဟန်း၏စိတ်သည် ဓာတ်အာရုံ၌သာလျှင် သက်ဝင်ကြည်လင်၏၊ ကောင်းစွာတည်၏၊ ဆုံးဖြတ်၏။

ငါ့သျှင်တို့ ထိုရဟန်းကို သူတပါးတို့က အနိဋ္ဌာရုံဖြစ်သော မနှစ်သက်ဖွယ်ဖြစ်သော နှလုံးကို မပွါးစေတတ်သော လက်အတွေ့အထိ ခဲအတွေ့အထိ တုတ်အတွေ့အထိ ဓားလက်နက်အတွေ့အထိ တို့ဖြင့် အကယ်၍ လုံ့လပြုကုန်ငြားအံ့၊ ထိုရဟန်းသည် ဤသို့ အပြားအားဖြင့် သိ၏၊ "ဤကိုယ်သည် လက်အတွေ့အထိများဖြစ်ရာ ခဲအတွေ့အထိများဖြစ်ရာ တုတ် အတွေ့အထိများဖြစ်ရာ ဓားလက်နက် အတွေ့အထိများဖြစ်ရာ သဘောရှိ၏။ မြတ်စွာဘုရားသည် လွှဥပမာရှိသော အဆုံးအမ၌ 'ရဟန်းတို့ လူသတ် ခိုးသူတို့သည် နှစ်ဖက်ရိုးရှိသောလွှဖြင့် အင်္ဂါကြီးငယ်တို့ကို အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊ ထိုသို့တိုက်ဖြတ်ရာ၌လည်း အကြင်သူသည် စိတ်ပြစ်မှားငြားအံ့၊ ထိုသူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့် ငါ၏အဆုံးအမကို ပြုကျင့်သူမဟုတ်'ဟူသော စကားကို ဟောထားတော်မူ၏။

ငါသည် တွန့်တိုဆုတ်နစ်ခြင်းမရှိသောလုံ့လကိုအားထုတ်အံ့၊ ငါ့မှာ မမေ့ပျောက် နိုင်သော သတိသည် ရှေးရှုထင်လာ၏၊ (ငါ၏) ကိုယ်ခန္ဓာသည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊ (ငါ၏) စိတ်သည် တခုတည်းသော အာရုံဟူသော အဖို့အစု ရှိသည်ဖြစ်၍ ကောင်းစွာ တည်ငြိမ်၏။ ယခု

http://www.dhammadownload.com



ဤကိုယ်၌ လက်အတွေ့အထိ တို့သည်လည်းဖြစ်မှုဖြစ်ကုန်စေ, ခဲအတွေ့အထိတို့သည်လည်း ဖြစ်မှုဖြစ်ကုန်စေ, တုတ်အတွေ့အထိ တို့သည်လည်း ဖြစ်မှုဖြစ်ကုန်စေ, ဓားလက်နက် အတွေ့အထိတို့သည်လည်း ဖြစ်မှုဖြစ်ကုန်စေ မြတ်စွာဘုရားတို့၏ ဤ အဆုံးအမကို လိုက်နာ ပြုသင့်သည်သာတည်း"ဟု (ဤသို့ အပြားအားဖြင့်သိ၏)။

ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့ တရားတော်ကို အောက်မေ့လျက် ဤသို့ သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် အကယ်၍ကောင်းစွာ မတည်အံ့။ ထိုရဟန်းသည် ထိုသို့ မတည်ခြင်းကြောင့် "ငါသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့တရားတော်ကို အောက်မေ့လျက် ဤသို့ သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် ကောင်းစွာမတည်၊ ငါမှာ အရမတော်လေစွတကား၊ ငါမှာ အရတော်သည် မဟုတ်လေစွတကား၊ ငါသည် မကောင်းသဖြင့် ရလေစွတကား၊ ငါသည် ကောင်းစွာရသည် မဟုတ်လေစွ တကား"ဟု ထိတ်လန့်ခြင်းသို့ ရောက်၏။

ငါ့သျှင်တို့ ချွေးမသည် ယောက္ခမကိုမြင်၍ ထိတ်လန့်ခြင်းသို့ရောက်သကဲ့သို့ ဤအတူပင် သျှင်အကယ်၍ ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့ တရားတော်ကို အောက်မေ့လျက် ဤသို့ သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် အကယ်၍ ကောင်းစွာ မတည်အံ့။ထိုရဟန်းသည် ထိုသို့ မတည်ခြင်းကြောင့် "ငါသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့ တရားတော်ကို အောက်မေ့လျက် ဤသို့ သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် ကောင်းစွာ မတည်၊ ငါမှာ အရမတော်လေစွတကား၊ ငါမှာ အရတော်သည် မဟုတ်လေစွတကား၊ ငါသည် မကောင်းသဖြင့် ရလေစွတကား၊ငါသည် ကောင်းစွာ ရသည်မဟုတ်လေစွ တကား"ဟု ထိတ်လန့်ခြင်းသို့ရောက်၏။

ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့သော် ဤသို့ တရားတော်ကို အောက်မေ့သော် ဤသို့သံဃာတော်ကို အောက်မေ့သော် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် အကယ်၍ ကောင်းစွာတည်အံ့၊ ထိုရဟန်းသည် ထိုသို့တည်ခြင်းကြောင့် ဝမ်းမြောက်သော စိတ်ရှိ၏။ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် (အဆုံးအမကို) များစွာ လိုက်နာ၏။

၃၀၃။ ငါ့သျှင်တို့ ရေဓာတ်သည် အဘယ်နည်း။ ရေဓာတ်သည် အတွင်းဖြစ်သော ရေဓာတ် အပဖြစ်သော ရေဓာတ်သည်ရှိ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော ရေဓာတ်သည် အဘယ်နည်း၊ မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သောရေ, ရေအပါအဝင်ဖြစ်သော စွဲယူအပ်သော ရုပ်သည်ရှိ၏၊ ဤရုပ်သည် အဘယ်နည်း၊ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်တပါ.လည်းဖြစ်သော အမှတ်မရှိ အလုံးစုံသော မိမိ၌ စွဲ၍ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သောရေ, ရေ အပါအဝင်ဖြစ်သော စွဲယူအပ်သောရုပ် (သည်ရှိ၏)။ ငါ့သျှင်တို့ ဤရုပ်ကို အတွင်း၌ ဖြစ်သော ရေဓာတ်ဟု ဆိုရ၏။

အတွင်းဖြစ်သော ရေဓာတ်သည်၎င်း အပဖြစ်သော ရေဓာတ်သည်၎င်း ရေဓာတ်သည်သာ တည်း။ ထိုရေဓာတ်ကို "ဤရေဓာတ်သည် ငါပိုင်မဟုတ်၊ ဤရေဓာတ်သည် ငါမဟုတ်၊ ဤရေ

http://www.dhammadownload.com



ဓာတ်သည် ငါ၏ကိုယ် မဟုတ်”ဟု ဤသို့ ဤရေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုသင့်၏၊ ဤသို့ ဤရေဓာတ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်၍ ရေဓာတ်၌ငြီးငွေ့၏၊ စိတ်သည် ရေဓာတ်၌ တပ်ခြင်းကင်း၏။

ငါ့သျှင်တို့ အကြင်အခါ၌ အပဖြစ်သော ရေဓာတ်သည် ပျက်စီး၏၊ ထိုရေဓာတ်သည် ရွာကိုလည်းမျှော၏၊ နိဂုံးကိုလည်း မျှော၏၊မြို့ကိုလည်း မျှော၏၊ ဇနပုဒ်ကိုလည်း မျှော၏၊ဇနပုဒ်တစိတ်ကိုလည်း မျှော၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ မဟာသမုဒ္ဒရာ၌ ယူဇနာသာရရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ယူဇနာသုံးရာရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ယူဇနာလေးရာရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ယူဇနာ ငါးရာရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ယူဇနာခြောက်ရာရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ယူဇနာ ခုနစ်ရာရှိသော ရေတို့သည်လည်း ကုန်ခန်းကုန်၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ မဟာသမုဒ္ဒရာ၌ ထန်းခုနစ်ဆင့်ရှိသော ရေသည်လည်း တည်၏၊ ထန်းခြောက်ဆင့်ရှိသော ရေသည်လည်း တည်၏၊ ထန်းငါးဆင့်ရှိသော ရေသည်လည်း တည်၏၊ ထန်းလေးဆင့်ရှိသော ရေသည်လည်း တည်၏၊ထန်းသုံးဆင့်ရှိသော ရေသည်လည်း တည်၏၊ ထန်းနှစ်ဆင့်ရှိသော ရေသည်လည်း တည်၏၊ ထန်းပင်မျှလောက်သော ရေသည်လည်း တည်၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ မဟာသမုဒ္ဒရာ၌ ခုနစ်သူရှိသော ရေသည်လည်း တည်၏၊ ခြောက်သူရှိသော ရေသည်လည်း တည်၏၊ငါးသူရှိသော ရေသည်လည်း တည်၏၊ လေးသူရှိသော ရေသည်လည်း တည်၏၊ သုံးသူရှိသော ရေသည်လည်း တည်၏၊ နှစ်သူရှိသော ရေသည်လည်း တည်၏၊ တစ်သူမျှလောက်သော ရေသည်လည်း တည်၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ မဟာသမုဒ္ဒရာ၌ တသူဝက်သော ရေသည်လည်း တည်၏၊ခါးမျှလောက်သော ရေသည်လည်း တည်၏၊ ဒူးဆစ်မျှလောက်သော ရေသည်လည်း တည်၏၊ ခြေမျက်စိမျှလောက်သော ရေသည်လည်း တည်၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ မဟာသမုဒ္ဒရာ၌ လက်တဆစ်စွတ်ရုံမျှလည်း ရေသည် မရှိ၊ ထိုအခါသည် ရှိသည်သာတည်း ။

ငါ့သျှင်တို့ ထို (သို့ မရှိသော)ကြောင့်သာလျှင် ထိုမျှလောက် ကြီးသော အပဖြစ်သော ရေဓာတ်၏ မမြဲသည့်အဖြစ်သည် ထင်လတ္တံ့၊ ကုန်ခြင်းသဘောရှိသည်၏အဖြစ်သည်ထင်လတ္တံ့၊ ပျက်ခြင်းသဘောရှိသည်၏အဖြစ်သည် ထင်လတ္တံ့၊ဖောက်ပြန်ခြင်းသဘောရှိသည်၏ အဖြစ်သည် ထင်လတ္တံ့။ (အချိန်) အနည်းငယ်သာ တည်တန့်ခြင်းရှိသည့် တဏှာကစွဲယူအပ်သော ဤကိုယ်ခန္ဓာအား “ငါဟုငရင်း ငါပိုင်ဟုငရင်း ငါဖြစ်၏” ဟုငရင်း အဘယ်မှာ စွဲယူသင့်မည်နည်း။ ထိုအခါ ထိုရဟန်းအား ဤအတွင်းဖြစ်သော ရေဓာတ်၌ (စွဲယူခြင်းသည်) မဖြစ်သည်သာတည်း။ ပ။

ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့မြတ်စွာဘုရားကို အောက်မေ့သော် ဤသို့ တရားတော်ကို အောက်မေ့သော် ဤသို့ သံဃာတော်ကို အောက်မေ့သော် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်း

http://www.dhammadownload.com



သည် အကယ်၍ ကောင်းစွာတည်အံ့၊ ထိုရဟန်းသည် ထိုသို့ တည်ခြင်းကြောင့် ဝမ်းမြောက်သော စိတ်ရှိ၏။ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် (အဆုံးအမကို)များစွာ လိုက်နာ၏။

၃၀၄။ ငါ့သျှင်တို့ အပူအအေး(မီး) ဓာတ်သည် အဘယ်နည်း။ အပူအအေး(မီး)ဓာတ်သည် အတွင်းဖြစ်သော အပူအအေး(မီး)ဓာတ်သည် ရှိ၏၊ အပဖြစ်သော အပူအအေး(မီး)ဓာတ်သည် ရှိ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော အပူအအေး (မီး) ဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲယူ၍ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သော အပူအအေး (မီး) အပူအအေး (မီး) အပါအဝင် ဖြစ်သော စွဲယူအပ်သော ရုပ်သည် ရှိ၏၊ ဤရုပ်သည် အဘယ်နည်း၊ အကြင် အပူအအေး (မီး) ဓာတ်ဖြင့်လည်း ပြင်းစွာ ပူ၏၊ အကြင်အပူအအေး (မီး) ဓာတ်ဖြင့်လည်း ဆွေးမြေ့ရင့်ကျက်၏၊ အကြင် အပူအအေး (မီး) ဓာတ်ဖြင့်လည်း ထက်ဝန်းကျင်လောင်၏၊ အကြင် အပူအအေး (မီး) ဓာတ်ဖြင့်လည်း စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာသည် ကောင်းစွာ ကျေကျက်ခြင်းသို့ ရောက်၏၊ တပါးလည်း ဖြစ်သော အမှတ်မရှိ (အလုံးစုံ)သော မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော အပူအအေး (မီး) အပူအအေး (မီး) အပါအဝင် ဖြစ်သော စွဲယူအပ်သော ရုပ်သည်ရှိ၏။ ငါ့သျှင်တို့ ဤရုပ်ကိုအတွင်းဖြစ်သော အပူအအေး(မီး)ဓာတ်ဟု ဆိုအပ်၏။

အတွင်းဖြစ်သော အပူအအေး(မီး) ဓာတ်သည်ငှင်း အပဖြစ်သော အပူအအေး (မီး) ဓာတ်သည်ငှင်း အပူအအေး(မီး)ဓာတ်သာတည်း။ ထိုအပူအအေး(မီး)ဓာတ်ကို "ဤအပူအအေး(မီး) ဓာတ်သည် ငါ့ပိုင်မဟုတ်၊ ဤအပူအအေး (မီး) ဓာတ်သည် ငါမဟုတ်၊ ဤအပူအအေး (မီး) ဓာတ်သည် ငါ၏ကိုယ်မဟုတ်"ဟု ဤသို့အပူအအေး (မီး)ဓာတ်ကို အမှန်အတိုင်း ကောင်းသော ပညာဖြင့် ရှုသင့်၏။ ဤသို့ ဤအပူအအေး (မီး) ဓာတ်ကို အမှန်အတိုင်းကောင်းသော ပညာဖြင့် ရှုမြင်၍ အပူအအေး(မီး)ဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် အပူအအေး(မီး)ဓာတ်၌ တပ်ခြင်း ကင်း၏။

ငါ့သျှင်တို့ အကြင်အခါ၌ အပဖြစ်သော အပူအအေး (မီး) ဓာတ်သည် ပျက်စီး၏၊ ထိုအပူအအေး(မီး)ဓာတ်သည် ရွာကိုလည်း လောင်၏၊ နိဂုံးကိုလည်း လောင်၏၊ မြို့ကိုလည်း လောင်၏၊ ဇနပုဒ်ကိုလည်း လောင်၏၊ ဇနပုဒ်တစိတ်ကိုလည်း လောင်၏။ ထိုအပူအအေး(မီး)ဓာတ်သည် စိမ်းစိုသော အရာဝတ္ထုကိုငှင်း လမ်းခရီး(ကြီး)ကိုငှင်း ကျောက်တောင်ကိုငှင်း ရေကိုငှင်း မွေ့လျော်ဖွယ်ရာ မြေအဖို့ကိုငှင်း အကြောင်းပြုကာ မီးစာမရှိ၍ ငြိမ်း၏၊ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ၌ ကြက်တောင်ဖြင့်ငှင်း သားရေမျှင်ဖြင့်ငှင်း မီးကို ရှာမှီးကုန်၏။ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ ထိုသို့ ရှာမှီးရသောကြောင့်သာလျှင် ထိုမျှလောက်ကြီးသော အပဖြစ်သော အပူအအေး(မီး)ဓာတ်၏ မမြဲသည့် အဖြစ်သည် ထင်လတ္တံ့၊ ကုန်ခြင်းသဘော ရှိသည့် အဖြစ်သည် ထင်လတ္တံ့၊ ပျက်ခြင်းသဘော ရှိသည့် အဖြစ်သည် ထင်လတ္တံ့၊ ဖောက်ပြန်ခြင်း သဘောရှိသည့် အဖြစ်သည် ထင်လတ္တံ့။ (အချိန်) အနည်းငယ်သာ တည်တန့်ခြင်း ရှိသည့် တဏှာသည် စွဲယူအပ်သော ဤကိုယ်ခန္ဓာအား "ငါဟုငှင်း ငါ့ပိုင်ဟုငှင်း ငါဖြစ်၏"ဟုငှင်း အဘယ်မှာ စွဲယူသင့်မည်နည်း။ ထိုအခါ ထိုရဟန်းအား ဤအတွင်းဖြစ်သော အပူအအေး (မီး) ဓာတ်၌ စွဲယူခြင်းသည် မဖြစ်သည်သာတည်း။ပ။

http://www.dhammadownload.com



ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့သော် ဤသို့ တရားတော်ကို အောက်မေ့သော် ဤသို့ သံဃာတော်ကို အောက်မေ့သော် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် အကယ်၍ ကောင်းစွာ တည်အံ့။ ထိုရဟန်းသည် ထိုသို့ တည်ခြင်းကြောင့် ဝမ်းမြောက်သော စိတ်ရှိ၏။ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် (အဆုံးအမကို) များစွာ လိုက်နာ၏။

၁၀၅။ ငါ့သျှင်တို့ လေဓာတ်သည် အဘယ်နည်း။ လေဓာတ်သည် အတွင်းဖြစ်သော လေဓာတ်သည် ရှိ၏၊ အပဖြစ်သော လေဓာတ်သည် ရှိ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော လေဓာတ်သည် အဘယ်နည်း။ မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သောလေ, လေအပါအဝင်ဖြစ်သော စွဲယူအပ်သော ရုပ်သည် ရှိ၏၊ ဤရုပ်သည် အဘယ်နည်း၊ အထက်သို့ တက်သော လေ၊ အောက်သို့ သက်သောလေ၊ ဝမ်း၌ တည်သောလေ၊ အူအတွင်း၌ တည်သောလေ၊ အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သောလေ၊ ဝင်သက်လေ၊ ထွက်သက်လေ၊ ဤလေတို့တည်း။ တပါးလည်း ဖြစ်သော အမှတ်မရှိ(အလုံးစုံ)သော မိမိ၌ စွဲ၍ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သောလေ, လေအပါအဝင်ဖြစ်သော စွဲယူအပ်သော ရုပ်သည်ရှိ၏။ ငါ့သျှင်တို့ ဤရုပ်ကို အတွင်းဖြစ်သော လေဓာတ် ဟု ဆိုအပ်၏။

အတွင်းဖြစ်သော လေဓာတ်သည်၎င်း အပဖြစ်သော လေဓာတ်သည်၎င်း လေဓာတ်သာတည်း။ ထိုလေဓာတ်ကို "ဤလေဓာတ်သည် ငါပိုင်မဟုတ်၊ ဤလေဓာတ်သည် ငါမဟုတ်၊ ဤလေဓာတ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ဤလေဓာတ်ကို အမှန်အတိုင်းကောင်းသော ပညာဖြင့် ရှုသင့်၏။ ဤသို့ ဤလေဓာတ်ကို အမှန်အတိုင်း ကောင်းသော ပညာဖြင့် ရှုမြင်၍ လေဓာတ်၌ ငြီးငွေ့၏၊ စိတ်သည် လေဓာတ်၌ တပ်ခြင်းကင်း၏။

ငါ့သျှင်တို့အကြင်အခါ၌ အပဖြစ်သောလေဓာတ်သည်ပျက်စီး၏၊ထိုလေဓာတ်သည် ရွာကိုလည်း တိုက်လွှင့်၏၊ နိဂုံးကိုလည်း တိုက်လွှင့်၏၊ မြို့ကိုလည်း တိုက်လွှင့်၏၊ ဇနပုဒ်ကိုလည်း တိုက်လွှင့်၏၊ ဇနပုဒ်တစိတ်ကိုလည်း တိုက်လွှင့်၏။ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါနွေ ဥတုတို့၏ နောက်ဆုံးလ၌ ထန်းရွက်ယပ်ဝန်းဖြင့်၎င်း မီးခတ်ယပ်ဖြင့်၎င်း လေကိုရှာကုန်၏။ ရေစီးကျရာတံစက်မြိတ်၌လည်း မြက်သက်ငယ်တို့သည် မလှုပ်ရှားကုန်။ ထိုအခါသည် ရှိသည်သာတည်း။

ငါ့သျှင်တို့ထို(သို့ဖြစ်သော)ကြောင့်သာလျှင် ထိုမျှလောက်ကြီးသော အပဖြစ်သော လေဓာတ်၏ မမြဲသည့် အဖြစ်သည် ထင်လတ္တံ့၊ ကုန်ခြင်းသဘောရှိသည့် အဖြစ်သည် ထင်လတ္တံ့၊ ပျက်စီးခြင်း သဘောရှိသည့် အဖြစ်သည် ထင်လတ္တံ့၊ ဖောက်ပြန်ခြင်း သဘောရှိသည့် အဖြစ်သည်ထင်လတ္တံ့။ (အချိန်)အနည်းငယ်သာ တည်တန့်ခြင်းရှိသည့် တဏှာသည် စွဲယူအပ်သော ဤကိုယ်ခန္ဓာအား"ငါဟု၎င်း ငါပိုင်ဟု၎င်း ငါဖြစ်၏"ဟု၎င်း အဘယ်မှာ စွဲယူသင့်မည်နည်း။ ထိုအခါ ထိုရဟန်းအား ဤအတွင်းဖြစ်သော လေဓာတ်၌ စွဲယူခြင်းသည် မဖြစ်သည်သာတည်း။

ငါ့သျှင်တို့ အကယ်၍ ထိုရဟန်းကို သူတပါးတို့က အကယ်၍ ဆဲရေးကုန်ငြားအံ့၊ ရေရွတ်ကုန်ငြားအံ့၊ ချုတ်ချယ်ကုန်ငြားအံ့၊ ညှဉ်းဆဲကုန်ငြားအံ့။ ထိုရဟန်းသည် ငါ့အား နား၌ ပေါင်းဆုံတွေ့ထိခြင်းကြောင့်ဖြစ်သော ဤဆင်းရဲခံစားခြင်းသည် ဖြစ်သည်သာတည်း၊ ထိုဆင်းရဲခံစားခြင်း

http://www.dhammadownload.com



သည့်လည်း စွဲ၍ ဖြစ်၏၊ မစွဲပဲ မဖြစ်၊ အဘယ်ကို စွဲ၍ ဖြစ်သနည်း၊ တွေ့ထိခြင်းကို စွဲ၍ ဖြစ်၏။
ထိုတွေ့ထိခြင်းသည်လည်း အမြဲမရှိဟု ရှုမြင်၏၊ ခံစားခြင်းသည် အမြဲမရှိဟု ရှုမြင်၏၊ မှတ်သား
ခြင်းသည် အမြဲမရှိဟု ရှုမြင်၏၊ ပြုပြင်စီရင်မှုတို့သည် အမြဲမရှိကုန်ဟု ရှုမြင်၏၊ အထူးသိမှု စိတ်
သည် အမြဲမရှိဟု ရှုမြင်၏။ ထိုရဟန်း၏ စိတ်သည် ဓာတ်အာရုံ၌သာလျှင် သက်ဝင်၏၊ ကြည်လင်
၏၊ ကောင်းစွာ တည်၏၊ ဆုံးဖြတ်၏။

ငါ့သျှင်တို့ ရဟန်းကို သူတပါးတို့က အနိဋ္ဌာရုံဖြစ်သော မနှစ်သက်ဖွယ်ဖြစ်သော နှလုံးကို မပွါး
များစေတတ်သော လက်အတွေ့အထိ ခဲအတွေ့အထိ တုတ်အတွေ့အထိ ဓားလက်နက် အတွေ့အထိ
တို့ဖြင့် အကယ်၍ လုံ့လပြုကုန်အံ့။ ထိုရဟန်းသည် ဤသို့ အပြားအားဖြင့် သိ၏။
"ဤကိုယ်သည် လက်အတွေ့အထိများဖြစ်ရာ ခဲအတွေ့အထိများဖြစ်ရာ တုတ်အတွေ့ အထိများဖြစ်
ရာ ဓားလက်နက် အတွေ့ အထိများဖြစ်ရာ သဘောရှိ၏။ မြတ်စွာဘုရားသည် လွ ဥပမာရှိသော
အဆုံးအမ၌ 'ရဟန်းတို့ လူသတ် ခိုးသူတို့သည် နှစ်ဖက်ရိုးရှိသောလွှဖြင့် အင်္ဂါ ကြီးငယ်တို့ကို
အကယ်၍လည်း တိုက်ဖြတ်ကုန်ငြားအံ့၊ ထိုသို့ တိုက်ဖြတ်ရာ၌သည်း အကြင်သူသည် စိတ်ပြစ်မှား
ငြားအံ့၊ ထိုသူသည် ထိုစိတ်ပြစ်မှားခြင်းဖြင့် ငါ၏အဆုံးအမကို ပြုကျင့်သူမဟုတ်' ဟူသော စကား
ကို ဟောထားတော်မူ၏။ ငါသည် တွန့်တို ဆုတ်နစ်ခြင်းမရှိသော လုံ့လကို အားထုတ်အံ့၊ ငါ့မှာ မမေ့
ပျောက်နိုင်သော သတိသည် ရှေးရှုထင်လာ၏၊ ငါ၏ကိုယ်ခန္ဓာသည် ပူပန်ခြင်းမရှိ ငြိမ်းအေး၏၊
ငါ၏စိတ်သည် တခုတည်းသော အာရုံဟူသော အဖို့အစုရှိသည်ဖြစ်၍ ကောင်းစွာ တည်ငြိမ်၏။
ယခုဤကိုယ်၌ လက်အတွေ့အထိတို့သည်လည်းဖြစ်မှု ဖြစ်ကုန်စေ, ခဲအတွေ့အထိတို့သည်လည်း ဖြစ်မှု
ဖြစ်ကုန်စေ, တုတ်အတွေ့အထိတို့သည်လည်း ဖြစ်မှုဖြစ်ကုန်စေ, ဓားလက်နက် အတွေ့ အထိတို့သည်
လည်း ဖြစ်မှုဖြစ်ကုန်စေ မြတ်စွာဘုရားတို့၏ ဤအဆုံးအမကို လိုက်နာပြုသင့်သည်သာတည်း" ဟု
(ဤသို့ အပြားအားဖြင့် သိ၏)။

ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့ဘုရားတော်ကို
အောက်မေ့လျက် ဤသို့သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်း
သည် အကယ်၍ ကောင်းစွာ မဘည်အံ့။ ထိုရဟန်းသည် ထို(သို့မဘည်ခြင်း) ကြောင့် "ငါသည်
ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့ တရားတော်ကို အောက်မေ့လျက် ဤသို့ သံဃာ
တော်ကို အောက်မေ့လျက် ကုသိုလ်နှင့် စပ်သော လျစ်လျူရှုခြင်းသည် ကောင်းစွာမတည်၊ ငါ့မှာ
အရမတော်လေစွ တကား၊ ငါ့မှာ အရတော်သည် မဟုတ် လေစွတကား၊ ငါသည် မကောင်းသဖြင့်
ရလေစွတကား၊ ငါသည် ကောင်းစွာရသည် မဟုတ်လေစွတကား" ဟု ထိတ်လန့်ခြင်းသို့ ရောက်၏။

ငါ့သျှင်တို့ ချွေးမသည် ယောက္ခမကို မြင်၍ထိတ်လန့်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူပင်လျှင်
ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့လျက် ဤသို့တရားတော်ကို အောက်မေ့လျက်
ဤသို့ သံဃာတော်ကို အောက်မေ့လျက် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် အကယ်၍
ကောင်းစွာမတည်အံ့။ ထိုရဟန်းသည်ထို(သို့မတည်ခြင်း)ကြောင့် "ငါသည် ဤသို့ မြတ်စွာဘုရားကို
အောက်မေ့လျက် ဤသို့တရားတော်ကို အောက်မေ့လျက် ဤသို့သံဃာတော်ကို အောက်မေ့လျက်
ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် ကောင်းစွာ မဘည်၊ ငါ့မှာ အရမတော်လေစွတကား၊
ငါ့မှာ အရတော်သည် မဟုတ်လေစွတကား၊ ငါသည် မကောင်းသဖြင့် ရလေစွတကား၊ ငါသည်
ကောင်းစွာရသည်မဟုတ်လေစွတကား" ဟု ထိတ်လန့်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ထိုရဟန်းသည် ဤသို့ မြတ်စွာဘုရားကို အောက်မေ့သော် ဤသို့တရားတော်ကို အောက်မေ့သော် ဤသို့ သံဃာတော်ကို အောက်မေ့သော် ကုသိုလ်နှင့်စပ်သော လျစ်လျူရှုခြင်းသည် ကောင်းစွာ တည်အံ့၊ ထိုရဟန်းသည် ထိုသို့တည်ခြင်းကြောင့် ဝမ်းမြောက်သော စိတ်ရှိ၏။ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် (အဆုံးအမကို) များစွာလိုက်နာ၏။

၃၀၆။ ငါ့သျှင်တို့ ဥပမာသော်ကား သစ်သားကိုရှင်း နွယ်ကိုရှင်း သက်ငယ်ကိုရှင်း မြေညက်ကိုရှင်း စွဲ၍ ဝိုင်းရံထားသော ဟင်းလင်းပြင်သည် အိမ်ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်သကဲ့သို့ ဤအတူပင်လျှင် အရိုးကိုရှင်း အကြောကိုရှင်း အသားကိုရှင်း အရေကိုရှင်း စွဲ၍ ဝိုင်းရံထားသော ဟင်းလင်းပြင်သည် ရုပ်ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော မျက်စိ အကြည်ရုပ်သည်လည်း မပျက်စီး၊ အပဖြစ်သောအဆင်းရုပ်သည်လည်း ထင်ခြင်းသို့ မရောက်ကုန်၊ ထိုအာရုံကိုစွဲ၍ ဖြစ်သောဆင်ခြင်ခြင်းသည်လည်း မဖြစ်။ ထိုမျှလောက် ထိုအာရုံကို စွဲ၍ ဖြစ်သော အထူးသိမှု စိတ်အစု၏ ထင်ရှား ဖြစ်ပေါ်လာခြင်းသည် မရှိသည်သာတည်း။

ငါ့သျှင်တို့ အတွင်းဖြစ်သော မျက်စိအကြည်ရုပ်သည်လည်း မပျက်စီး၊ အပဖြစ်သော အဆင်းရုပ်သည်လည်း ထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုအာရုံကိုစွဲ၍ဖြစ်သော ဆင်ခြင်ခြင်းသည်လည်း မဖြစ်။ ထိုမျှလောက် ထိုအာရုံကိုစွဲ၍ဖြစ်သော အထူးသိမှုစိတ်အစု၏ ထင်ရှားဖြစ်ပေါ် လာခြင်းသည် မရှိသည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ အတွင်းဖြစ်သော မျက်စိအကြည်ရုပ်သည်လည်း မပျက်စီး၊ အပဖြစ်ကုန်သော အဆင်းရုပ်တို့သည်လည်း ထင်ခြင်းသို့ရောက်ကုန်၏၊ ထိုအာရုံကိုစွဲ၍ဖြစ်သော ဆင်ခြင်ခြင်းသည်လည်း ဖြစ်၏။ ဤသို့ဖြစ်သည်ရှိသော် ထိုအာရုံကို စွဲ၍ဖြစ်သော အထူးသိမှုစိတ်အစု၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ရှိ၏။

ထိုစက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ ရုပ်သည် ရုပ်ဟုစွဲယူအပ်သောခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုစက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ ခံစားခြင်းသည် ခံစားခြင်းဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုစက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ မှတ်သားခြင်းသည် မှတ်သားခြင်းဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုစက္ခုဝိညာဏ်စိတ် ဖြစ်ခိုက် ပုဂ္ဂိုလ်၏ ပြုပြင်စီရင်မှုတို့သည် ပြုပြင်စီရင်မှုဟု စွဲယူအပ်သောခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ထိုစက္ခုဝိညာဏ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ အထူးသိမှုသည် အထူးသိမှုစိတ်ဟု စွဲယူအပ်သောခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤသို့သိ၏ "ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၏ ဤသို့ ပေါင်းယူခြင်း စုရုံးခြင်း အညီအမျှဖြစ်ခြင်းသည် ဖြစ်သတတ်၊ မြတ်စွာဘုရားသည် 'စွဲ၍ဖြစ်ရာအကြောင်းကို မြင်သောသူသည် အကျိုးတရားကိုမြင်၏၊ အကျိုးတရားကို မြင်သောသူသည် စွဲ၍ဖြစ်ရာအကြောင်းကိုမြင်၏'ဟု ဤစကားကို ဟောထားတော်မူသည်သာတည်း။ ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့သည် စွဲ၍ဖြစ်ပေါ်လာသော အကျိုးတရားတို့သာတည်း။ ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၌ လိုချင်မှု တွယ်တာမှု တပ်စွန်းမှု သက်ဝင်စွဲယူမှုတို့သည် ဒုက္ခ ဖြစ်ကြောင်းတည်း။ ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၌ လိုချင်တပ်စွန်းမှုကို ဖျောက်ခြင်း လိုချင်တပ်စွန်းမှုကိုပယ်ခြင်းသည်

http://www.dhammadownload.com



ဒုက္ခ၏ချုပ်ရာတည်း''ဟု (သိ၏)။ ငါ့သျှင်တို့ ဤမျှလောက် အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် အဆုံးအမကို များစွာလိုက်နာ၏။

ငါ့သျှင်တို့ အတွင်းဖြစ်သော နားအကြည်ရုပ်သည်လည်း မပျက်စီး။ပ။ နှာခေါင်းအကြည်ရုပ်သည်လည်း မပျက်စီး၊ လျှာအကြည်ရုပ်သည်လည်း မပျက်စီး၊ ကိုယ်အကြည်ရုပ်သည်လည်း မပျက်စီး၊ ဘဝင်စိတ်သည်လည်း မပျက်စီး၊ အပဖြစ်ကုန်သော သဘာဝဓမ္မတို့သည်လည်း ထင်ခြင်းသို့ မရောက်ကုန်၊ ထိုအာရုံကိုစွဲ၍ဖြစ်သော ဆင်ခြင်ခြင်းသည်လည်း မဖြစ်။ ထိုမျှလောက် ထိုအာရုံကိုစွဲ၍ဖြစ်သောအထူးသိမှု စိတ်အစု၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် မရှိသည်သာတည်း။

ငါ့သျှင်တို့ အတွင်းဖြစ်သော ဘဝင်စိတ်သည်လည်း မပျက်စီး၊ အပဖြစ်သော သဘာဝဓမ္မတို့သည်လည်း ထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုအာရုံကို စွဲ၍ဖြစ်သော ဆင်ခြင်ခြင်းသည်လည်း မဖြစ်။ ထိုမျှလောက် ထိုအာရုံကိုစွဲ၍ဖြစ်သော အထူးသိမှု စိတ်အစု၏ ထင်ရှား ဖြစ်ပေါ်လာခြင်းသည် မရှိ သည်သာတည်း။

ငါ့သျှင်တို့ အကြင်အခါ အတွင်းဖြစ်သော စိတ်သည်လည်း မပျက်စီး၊ အပဖြစ်သော သဘာဝဓမ္မတို့သည်လည်း ထင်ခြင်းသို့ ရောက်ကုန်၏၊ ထိုအာရုံကို စွဲ၍ဖြစ်သော ဆင်ခြင်ခြင်းသည်လည်း ဖြစ်၏။ဤသို့ဖြစ်သည်ရှိသော် ထိုအာရုံကိုစွဲ၍ဖြစ်သော အထူးသိမှုစိတ်အစု၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ရှိ၏။ ထိုမနောဝိညာဏ်စိတ် ဖြစ်ခိုက်ပုဂ္ဂိုလ်၏ ရုပ်သည် ရုပ်ဟု စွဲယူအပ်သောခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုမနောဝိညာဏ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ ခံစားခြင်းသည် ခံစားခြင်းဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုမနောဝိညာဏ်စိတ် ဖြစ်ခိုက် ပုဂ္ဂိုလ်၏ မှတ်သားခြင်းသည် မှတ်သားခြင်းဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။ ထိုမနောဝိညာဏ်ဖြစ်ခိုက်ပုဂ္ဂိုလ်၏ ပြုစီရင်မှုတို့သည် ပြုစီရင်မှု ဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်ကုန်၏။ ထိုမနောဝိညာဏ်ဖြစ်ခိုက် ပုဂ္ဂိုလ်၏ အထူးသိမှုစိတ်သည် အထူးသိမှုစိတ်ဟု စွဲယူအပ်သော ခန္ဓာ၌ ရေတွက်ခြင်းသို့ ရောက်၏။

ထိုရဟန်းသည် ဤသို့သိ၏၊ ''ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၏ ဤသို့ ပေါင်းယှခြင်း စုရုံးခြင်း အညီအမျှဖြစ်ခြင်းသည် ဖြစ်သတတ်။ မြတ်စွာဘုရားသည် 'စွဲယူ၍ဖြစ်ရာအကြောင်းကို မြင်သောသူသည် အကျိုးတရားကို မြင်၏၊ အကျိုးတရားကိုမြင်သောသူသည် စွဲ၍ဖြစ်ရာ အကြောင်းကို မြင်၏'ဟု ဤစကားကို ဟောတော်မူသည်သာတည်း။ ဤစွဲယူအပ်ကုန်သော ခန္ဓာငါးပါးတို့သည် စွဲ၍ ဖြစ်ပေါ်လာသော အကျိုးတရားတို့သာတည်း။ ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၌ လိုချင်မှု တွယ်တာမှု တပ်စွန်းမှု သက်ဝင်စွဲယူမှုတို့သည် ဒုက္ခဖြစ်ကြောင်းတည်း။ ဤစွဲယူအပ်သော ခန္ဓာငါးပါးတို့၌ လိုချင်တပ်စွန်းမှုကို ဖျောက်ခြင်း လိုချင်တပ်စွန်းမှုကို ပယ်ခြင်းသည် ဒုက္ခ၏ ချုပ်ရာတည်း''ဟု (သိ၏)။ ငါ့သျှင်တို့ ဤမျှသော အတိုင်းအရှည်ဖြင့်လည်း ရဟန်းသည် အဆုံးအမကို များစွာလိုက်နာ၏ ဟု အသျှင်သာရိပုတြာသည် ဤတရားကို ဟောကြား၏။ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာ၏ တရားကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေကုန်သတည်း။

ရှစ်ခုမြောက် မဟာဟတ္ထိပဒေါပမသုတ် ပြီး၏။

http://www.dhammadownload.com



## ၉-မဟာသာရောပမသုတ်

၃၀၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဒေဝဒတ် သင်းခွဲထွက်သွား၍ မကြာမြင့်မီ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်ကို အကြောင်းပြု၍ ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏— ရဟန်းတို့ ဤသာသနာတော်၌ အချို့သောအမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုး ဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခအတွင်းသို့ သက်ဝင်လျှောကျလျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင်ပြုလုပ်ဖို့ရန် ထင်ရှား ဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူလည်း ဖြစ်၏။ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် "ငါသည် လာဘ်သပ်ပကာ အကျော်အစောရှိသူ ဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား မထင်ရှားကုန်၊ တန်ခိုးအာနုဘော် နည်းကုန်၏" ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကို နှိမ့်ချ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊ မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။

ရဟန်းတို့ ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်၍ တည်သောသစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင်, အကာကို လွန်၍သာလျှင်,အခွံကိုလွန်၍သာလျှင်,အပွေးကိုလွန်၍သာလျှင်,အခက် အရွက်ကို ဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲခွါသွားရာ၏။ ထိုယောကျ်ားကို မျက်စိအမြင်ရှိသော ယောကျ်ားသည်မြင်၍ ဤသို့ ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ်မသိ၊ အကာကို မသိ၊ အခွံကို မသိ၊ အပွေးကို မသိ၊ အခက်အရွက်ကိုလည်း မသိ၊ ထိုသို့မသိသောကြောင့်သာလျှင် အနှစ်ကို အလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သောသစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင်, အကာကိုလွန်၍သာလျှင်, အခွံကိုလွန်၍သာလျှင်, အပွေးကိုလွန်၍သာလျှင်, အခက်အရွက်ကိုဖြတ်ယူ၍ အနှစ်ဟု တင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့"ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခအတွင်းသို့ သက်ဝင်လျှောကျလျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်

http://www.dhammadownload.com



အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းကျ ဖြစ်၍ အကြံအစည်ပြည့်စုံသူလည်း ဖြစ်၏။

ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် "ငါသည် လာဘ်သပ်ပကာအကျော် အစောရှိသူ ဖြစ်၏၊ငါမှတပါးသော အခြားရဟန်းတို့သည်ကား မထင်ရှားကုန်၊ တန်ခိုးအာနုဘော် နည်းကုန်၏" ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကို နှိမ့်ချ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊မေ့လျော့သည်ရှိသော် ဆင်းရဲစွာနေရ၏။ ရဟန်းတို့ ဤရဟန်းကို သာသနာတော်၏ အခက်အရွက်ကို ယူသူ ဟု ဆိုရ၏။ ထို(လာဘ်စသည်) ဖြင့်လည်း ကိစ္စပြီးပြီ ဟု ကြေနပ်နေခြင်းသို့ ရောက်၏။

၃၀၈။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောအမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်း တို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခအတွင်းသို့ သက်ဝင်လျော့ကျလျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏" ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။

ထိုရဟန်းသည် ထိုလာဘ်သပ်ပကာအကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကိုရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူဖြစ်၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့်ပြည့်စုံခြင်းဖြင့်"ငါသည် အကျင့်သီလရှိသူ ကောင်းမြတ်သော တရားရှိသူ ဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား အကျင့်သီလမရှိသူ ယုတ်ညံ့သော တရားရှိသူ ဖြစ်ကုန်၏"ဟု မိမိကိုယ်ကိုမြှင့်တင်၍ သူတပါးကို နှိမ့်ချ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊ မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။

ရဟန်းတို့ ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကို ရှာမှီးသော ယောကျ်ားသည် အနှစ် ရှာလှည့်လည်သော် အနှစ် ပြည့်သောသစ်ပင်ကြီး၏ အနှစ်ကို လွှန်၍သာလျှင် အကာကို လွှန်၍ သာလျှင်, အခွံကို လွှန်၍သာလျှင်, အပွေးကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲခွါသွားရာ၏။ ထိုယောကျ်ားကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ ပြောဆိုရာ၏၊ "စင်စစ် ဤအသျှင်ယောကျ်ားသည် အနှစ်ကိုစင်စစ် မသိ၊ အကာကို မသိ၊ အခွံကိုမသိ၊ အပွေးကိုမသိ၊ အခက်အရွက်ကိုလည်း မသိ၊ ထိုသို့မသိသောကြောင့်သာလျှင် အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာ လှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင်, အကာကိုလွှန်၍သာလျှင်, အခွံကိုလွှန်၍သာလျှင်, အပွေးကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့"ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေ တည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲ

http://www.dhammadownload.com



ခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျှောကျလျက် ဆင်းရဲအနိုပ်စက်ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏”ဟု ယုံကြည်ခြင်း‘သဒ္ဓါ’ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည်မပြည့်စုံသူ ဖြစ်ခဲ့၏။

ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့်ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူဖြစ်၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် “ငါသည် အကျင့်သီလရှိသူ ကောင်းသော တရားရှိသူဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား အကျင့်သီလမရှိကုန်၊ ယုတ်ညံ့သောတရားရှိသူဖြစ်ကုန်၏” ဟု မိမိကိုယ်ကိုမြှင့်တင်၍ သူတပါးကို နှိမ့်ချ၏။ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤရဟန်းကို သာသနာတော်၏အပွေးကို ယူ၏ဟု ဆိုရ၏။ ထို (အကျင့်သီလ) ဖြင့်လည်း ကိစ္စပြီးပြီဟု ကျေနပ်နေခြင်းသို့ ရောက်၏။

၃၀၉။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးသားသည် “(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင် လျှောကျလျက် ဆင်းရဲအနိုပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏”ဟုယုံကြည်ခြင်း‘သဒ္ဓါ’ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ။ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူကား မဟုတ်ပေ။ထိုရဟန်းသည် ထိုအကျင့် သီလနှင့်ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုအကျင့် သီလနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည်ရှိသော် တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းကိုရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် “ငါသည် တည်တံ့ခြင်းရှိသူဖြစ်၏၊ အာရုံတခုတည်း၌ တည်ကြည်သောစိတ်ရှိသူဖြစ်၏၊ ငါမှ တပါးသော အခြားရဟန်းတို့သည်ကား တည်တံ့ခြင်း မရှိကုန်၊တုန်လှုပ် ပျံ့လွင့်သောစိတ် ရှိကုန်၏”ဟု မိမိကိုယ်ကိုမြှင့်တင်၍ သူတပါးကို နှိမ့်ချ၏။ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏။ မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာ လှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင်, အကာကို လွန်၍ သာလျှင်, အခွံကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွားရာ၏။ ထိုယောကျ်ားကို မျက်စိ အမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ ပြောဆိုရာ၏။ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ်မသိ၊ အခွံကိုမသိ၊ အပေါ်ကိုမသိ၊ အခက်အရွက်ကိုလည်းမသိ၊ ထိုသို့ မသိသောကြောင့်သာ လျှင် အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာ လှည့်လည် သော် အနှစ်ပြည့်သောသစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင်, အကာကိုလွန်၍သာလျှင်, အခွံကို ကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့." ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေ တည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုး ဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျှောကျ လျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ် ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏" ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်း ဘောင်၌ ရဟန်းပြု၏။ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစော ကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိ ကိုယ်ကိုမမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့်ပြည့်စုံခြင်းကိုရ၏။ ထိုအကျင့်သီလနှင့် ပြည့်စုံ ခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့် သီလနှင့်ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကိုမမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သည် ရှိသော် တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းကိုရ၏။ထိုရဟန်းသည်ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့်"ငါသည် တည်တံ့ခြင်းရှိသူဖြစ်၏၊ အာရုံတခုတည်း၌ တည်သောစိတ်ရှိသူ ဖြစ်၏။ ငါမှတပါးကုန်သော အခြားရဟန်းတို့သည်ကား တည်တံ့ခြင်းမရှိကုန်၊ တုန်လှုပ်ပျံ့လွင့်သောစိတ် ရှိကုန်၏"ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကိုလည်း နှိမ့်ချ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏။ မေ့လျော့သည်ရှိသော် ဆင်းရဲ စွာနေရ၏။ ရဟန်းတို့ ဤရဟန်းကို သာသနာတော်၏ အခွံကို ယူသူဟုဆိုရ၏။ ထို (တည်တံ့ခြင်း သမာဓိ) ဖြင့်လည်း ကိစ္စပြီးပြီဟု ကြေနပ်နေခြင်းသို့ ရောက်၏။

၃၁၀။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သောအမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျှောကျ လျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကိုကုန်ဆုံးအောင် ပြုလုပ် ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်း

http://www.dhammadownload.com



ဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော် အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်း မကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုလာဘ် သပ်ပကာအကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်း ကျဖြစ်၍ အကြံအစည်ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်း ဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုအကျင့်သီလ နှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည် ရှိသော် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိ နှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ၊ မမေ့လျော့သည် ရှိသော်(ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရ၏။ ။ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူ ဖြစ်၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် "ငါသည် သိမြင်၍နေသူ ဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား မသိမမြင်ပဲ နေကုန်၏"ဟု မိမိကိုယ်ကို မြှင့် တင်၍ သူတပါးကို နှိမ့်ချ၏။ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ ရောက်၏၊ မေ့လျော့သည်ရှိသော် ဆင်းရဲစွာ နေရ၏။

ရဟန်းတို့ ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကို ရှာမှီးသောယောကျ်ားသည် အနှစ် ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင် အကာကို ဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွားရာ၏။ ထိုယောကျ်ားကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ်မသိ၊ အကာကို မသိ၊ အခွံကိုမသိ၊အပွေးကိုမသိ၊အခက်အရွက်ကိုလည်း မသိ၊ ထိုသို့မသိသောကြောင့်သာလျှင် အနှစ်ကို အလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ် ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင် အကာကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့်အကျိုးကိုလည်း မခံစားရလတ္တံ့"ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေ တည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ် ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင် လျှောကျလျက် ဆင်းရဲအနိုပ်စက် ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကိုကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏" ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော် အစောကို ဖြစ်စေ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျ သဖြင့် အကြံအစည်မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာအကျော်အစောဖြင့်

http://www.dhammadownload.com



မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကို မနှိမ့်ချပေ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် ယစ်မူးမေ့လျော့ခြင်းသို့ မရောက်ပေ။ မမေ့လျော့သည်ရှိသော် အကျင့်သီလနှင့်ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏။ အကြွအစည်ကား ပြည့်စုံခြင်း မရှိ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကိုရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သောစိတ်ရှိ၏။အကြွအစည်ကား ပြည့်စုံခြင်းမရှိ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့်ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့်ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် နှစ်သက်သော စိတ်ရှိ၏။ အကြွအစည်ပြည့်စုံ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် "ငါသည် သိမြင်၍ နေ၏၊ ဤတပါးကုန်သော ရဟန်းတို့ကား မသိမမြင်ပဲ နေကုန်၏"ဟု မိမိကိုယ်ကို မြှင့်တင်၏၊ သူတပါးကိုနှိမ့်ချ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် ယစ်၏၊ မေ့လျော့၏၊ မေ့လျော့ခြင်းသို့ ရောက်၏၊ မေ့လျော့သော် ဆင်းရဲစွာ နေရ၏။ ရဟန်းတို့ ဤရဟန်းကို မြတ်သော အကျင့် 'သာသနာတော်'၏ အကာကို ယူ၏ဟု ဆိုရ၏။ ထို(ဒိဗ္ဗစက္ခုဉာဏ်အမြင်)ဖြင့်လည်း ကိစ္စပြီးပြီ ဟု ကြေနပ်နေခြင်းသို့ ရောက်၏။

၃၁၀။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့က လွှမ်းမိုး ဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျောကျလျက် ဆင်းရဲ အနှိပ်အစက်ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ဆုံးအောင်လုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းထန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် နှစ်သက်သော စိတ်မရှိ၊ အကြွအစည် ပြည့်စုံခြင်း မရှိ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏၊ အကြွအစည်ပြည့်စုံခြင်းကား မရှိ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏၊ အကြွအစည်ပြည့်စုံခြင်းကား မရှိ၊ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကိုမမြှင့်တင်၊ သူတပါးကို မနှိမ့်ချ၊ ထိုရဟန်းသည် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် နှစ်သက်သော စိတ်ရှိ၏၊အကြွအစည် ပြည့်စုံခြင်းကား မရှိ။ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် မယစ်၊ မမေ့လျော့၊

http://www.dhammadownload.com



မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် အချိန်မရွေး လွတ်မြောက်သည့် တရားကို ရ၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအချိန်မရွေးလွတ်မြောက်သည့်တရားမှ ဆုတ်ယုတ်ရသောအကြောင်း အခွင့်သည် မရှိ။

ရဟန်းတို့ ဥပမာအားဖြင့် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသော ယောကျ်ားသည် အနှစ် ရှာလှည့်လည်သော် အနှစ်ရှိသော သစ်ပင်ကြီး၏ အနှစ်ကိုသာလျှင် ဖြတ်ယူ၍ အနှစ်ဟု သိလျက် ဖဲ့ခွါသွားရာ၏။ ထိုယောကျ်ားကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ ပြောဆိုရာ၏၊ "စင်စစ် ဤအသျှင်ယောကျ်ားသည် အနှစ်ကို သိ၏၊ အကာကို သိ၏၊ အခွံကို သိ၏၊ အပွေးကို သိ၏၊ အခက် အရွက်ကို သိ၏၊ ထိုသို့ သိသောကြောင့်သာလျှင် အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ရှိသော သစ်ပင်ကြီး၏ အနှစ်ကိုသာလျှင် ဖြတ်ယူ၍ အနှစ်ဟု သိလျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း ခံစားရလတ္တံ့"ဟု (ပြောဆိုရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော အမျိုးသားသည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျောကျလျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ဆုံးအောင်ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် လာဘ်သပ်ပကာ အကျော်အစောကို ဖြစ်စေ၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် နှစ်သက်သော စိတ်မရှိ၊ အကြံအစည် ပြည့်စုံခြင်း မရှိ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော် အစောဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏၊ အကြံအစည်ပြည့်စုံခြင်းကား မရှိ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် တည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် နှစ်သက်သော စိတ်ရှိ၏၊ အကြံအစည်ပြည့်စုံခြင်းကား မရှိ။ ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံခြင်းဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရ၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် နှစ်သက်သော စိတ်ရှိ၏၊ အကြံအစည်ပြည့်စုံခြင်းကား မရှိ။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် မိမိကိုယ်ကို မမြှင့်တင်၊ သူတပါးကို မနှိမ့်ချ။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် မယစ်၊ မမေ့လျော့၊ မေ့လျော့ခြင်းသို့ မရောက်၊ မမေ့လျော့သော် အချိန်မရွေးလွတ်မြောက်သည့် တရားကို ရ၏။ ရဟန်းတို့ ထိုရဟန်းသည် ထိုအချိန်မရွေး လွတ်မြောက်သည့် တရားမှ ဆုတ်ယုတ်ရသော အကြောင်းအခွင့်သည် မရှိ။

ရဟန်းတို့ ဤသို့လျှင် ဤသာသနာတော်သည် လာဘ်သပ်ပကာ အကျော်အစောဟူသော အကျိုးရှိမှုအတွက် မဟုတ်ပေ၊ အကျင့်သီလပြည့်စုံခြင်းဟူသော အကျိုးရှိမှုအတွက် မဟုတ်ပေ၊

http://www.dhammadownload.com



တည်တံ့ခြင်းသမာဓိဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်ပေ၊ (ဒိဗ္ဗစက္ခု)ဉာဏ် အမြင်ဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်ပေ။ ရဟန်းတို့ အကြင်မပျက်စီးနိုင်သော စိတ်၏ လွတ်မြောက်မှုသည် ရှိ၏၊ ဤသာသနာတော်သည် ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှုအတွက်သာဖြစ်၏။ ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှုသည် အနှစ်အသားပေတည်း။ ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှုသည် အဆုံး(ပန်းတိုင်)ပေတည်းဟု ဤတရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ကိုးခုမြောက် မဟာသာရောပမသုတ် ပြီး၏။

---

## ၁၀-စူဠသာရောပမသုတ်

၃၁၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ပိင်္ဂလကောစ္ဆ ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်စကား ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော ပိင်္ဂလကောစ္ဆပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့ လျှောက်၏—

"အသျှင်ဂေါတမ တပည့်အပေါင်းနှင့် ပြည့်စုံကုန်သော ဂိုဏ်းနှင့်ပြည့်စုံကုန်သော ဂိုဏ်းဆရာဖြစ်ကုန်သော တင်ရှားကုန်သော ကျော်စောကုန်သော အယူဝါဒကိုတည်ထွင်သူ ဖြစ်ကုန်သော သူတော်ကောင်း ဟု လူအများက သမုတ်ထားသူဖြစ်ကုန်သော ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, ဗေလဋ္ဌသား သဉ္စယ, နာဋသား နိဂဏ္ဌဟူသော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိုသူ အားလုံးတို့သည် မိမိတို့ဝန်ခံသည့်အတိုင်း သိပါကုန်သလော၊ အားလုံးတို့သည်ပင် မသိပဲ ရှိပါကုန်သလော၊ သို့မဟုတ် အချို့တို့သည် သိပါကုန်သလော၊ အချို့တို့သည် မသိပါကုန်သလော" ဟု (လျှောက်၏)။

ပုဏ္ဏား "ထိုသူအားလုံးတို့သည် မိမိတို့ ဝန်ခံသည့်အတိုင်း သိပါကုန်သလော၊ အားလုံးတို့သည် ပင်လျှင် မသိပဲ ရှိပါကုန်သလော၊ သို့မဟုတ် အချို့တို့သည် သိပါကုန်သလော၊ အချို့တို့သည် မသိပါကုန်သလော"ဟု မေးလျှောက်ခြင်းသည် မသင့်လျော်။ ရှိစေဦး ပုဏ္ဏား သင့်အား တရားဟောအံ့၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ ဟု(မိန့်တော်မူ၏)။ "အသျှင်ကောင်းပါပြီ"ဟု ပိင်္ဂလကောစ္ဆပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားလေသော် မြတ်စွာဘုရားသည် (ဆိုလတ္တံ့သော) ဤတရားကို ဟောတော်မူ၏။

၃၁၃။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင်, အကာကို

http://www.dhammadownload.com



လွှန်၍သာလျှင်, အခွံကိုလွှန်၍သာလျှင်, အပွေးကိုလွှန်၍သာလျှင်, အခက်အရွက်ကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါသွားရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည်မြင်၍ ဤသို့ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ် မသိ၊ အကာကို မသိ၊ အခွံကိုမသိ၊ အပွေးကိုမသိ၊ အခက်အရွက်ကိုလည်း မသိ၊ ထိုသို့မသိသောကြောင့်သာလျှင် အနှစ်ကိုအလိုရှိ၍ အနှစ်ကို ရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ရှိသောသစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင်, အကာကိုလွှန်၍သာလျှင်, အခွံကိုလွှန်၍သာလျှင်, အပွေးကို လွှန်၍သာလျှင်, အခက်အရွက်ကို ဖြတ်ယူ၍ အနှစ် ဟု ထင်မှတ်လျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့." ဟု (ပြောဆိုရာ၏)။

၃၁၄။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင်, အကာကိုလွှန်၍ သာလျှင်, အခွံကိုလွှန်၍သာလျှင်, အပွေးကို ဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါသွားရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကိုစင်စစ် မသိ၊ အကာကို မသိ၊ အခွံကိုမသိ၊ အပွေးကို မသိ၊ အခက်အရွက်ကိုလည်း မသိ၊ ထိုသို့ မသိသောကြောင့်သာလျှင် အနှစ်ကို အလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင် ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာ လျှင်, အကာကိုလွှန်၍သာလျှင် အခွံကိုလွှန်၍သာလျှင်, အပွေးကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ် လျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့." ဟု (ပြောဆိုရာ၏)။

၃၁၅။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင်, အကာကို လွှန်၍သာလျှင်, အခွံကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါသွားရာ၏။ ထိုသူကို မျက်စိအမြင် ရှိသော ယောကျ်ားသည်မြင်၍ ဤသို့ ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကိုစင်စင် မသိ၊ အကာကို မသိ၊ အခွံကို မသိ၊ အပွေးကို မသိ၊ အခက်အရွက်ကိုလည်း မသိ။ ထိုသို့မသိသော ကြောင့်သာလျှင် အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာ လှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင်, အကာကိုလွှန်၍သာ လျှင်, အခွံကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ် ရမည့်အကျိုးကိုလည်း မခံစားရလတ္တံ့." ဟု (ပြောဆိုရာ၏)။

၃၁၆။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင် အကာကိုဖြတ် ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါသွားရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည် မြင်၍ ဤသို့ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ် မသိ၊ အကာကို မသိ၊ အခွံကို မသိ၊ အပွေးကို မသိ၊ အခက်အရွက်ကိုလည်း မသိ။ ထိုသို့မသိသောကြောင့်သာလျှင် အနှစ် ကို အလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ် ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွှန်၍သာလျှင် အကာကိုဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲ့ခွါ

http://www.dhammadownload.com



သွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့" ဟု(ပြောဆိုရာ၏)။

၃၁၇။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုသာလျှင် ဖြတ်ယူ၍ အနှစ်ဟု သိလျက် ဖဲ့ခွါသွားရာ၏။ ထိုသူကို မျက်စိအမြင်ရှိသော ယောကျ်ားသည်မြင်၍ ဤသို့ပြောဆိုရာ၏၊ "ဤအသျှင်ယောကျ်ားသည် အနှစ်ကို စင်စစ် သိ၏၊အကာကိုသိ၏၊အခွံကို သိ၏၊အပွေးကို သိ၏၊ အခက်အရွက်ကိုလည်းသိ၏။ ထိုသို့သိသောကြောင့်သာလျှင် အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ဤအသျှင်ယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ရှိသောအပင်ကြီး၏ အနှစ်ကိုသာလျှင် ဖြတ်ယူ၍ အနှစ်ဟု သိလျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့် အကျိုးကိုလည်း ခံစားရလတ္တံ့"ဟု (ပြောဆိုရာ၏)။

၃၁၈။ ပုဏ္ဏား ဤအတူပင်လျှင် ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် "(ပဋိသန္ဓေတည်နေ)ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုး ဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျောကျလျက် ဆင်းရဲခြင်း အနှိပ်စက်ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင်ပြုလုပ်ဖို့ရန် ထင်ရှား ဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်အစောကိုဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူလည်း ဖြစ်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် "ငါသည် လာဘ်သပ်ပကာ အကျော်အစောရှိသူ ဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား မထင်ရှားကုန်၊ တန်ခိုးအာနုဘော် နည်းကုန်၏"ဟု မိမိကိုယ်ကိုမြှင့်တင်၍ သူတပါးကိုကား နှိမ့်ချ၏။ လာဘ်သပ်ပကာ အကျော်အစောထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို မဖြစ်စေ၊ အားထုတ်ခြင်းလည်း မရှိ၊ တွန့်ဆုတ်သော အလိုအဗ္ဗာသယသာရှိ၍ အဆုံးအမကို လျော့ရဲစွာ ယူလေ့ရှိပေ၏။

ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ထိုယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ရှိသော သစ်ပင်ကြီး၏အနှစ်ကို, လွန်၍သာလျှင်, အကာကို လွန်၍သာလျှင်, အခွံကိုလွန်၍သာလျှင်, အပွေးကိုလွန်၍သာလျှင်, အခက်အရွက်ကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲ့ခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့။ပုဏ္ဏား ငါသည် ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်အလားတူသူဟု ဟောကြား၏။

၃၁၉။ ပုဏ္ဏား ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် "(ပဋိသန္ဓေတည်နေ)ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျောကျလျက် ဆင်းရဲခြင်း အနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင်ပြုလုပ်ဖို့ရန် ထင်ရှား ဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာ အကျော်

http://www.dhammadownload.com



အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ လာဘ်သပ်ပကာ အကျော်အစောထက်လည်း သာလွန်မွန်မြတ်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်းထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျော့ရဲစွာ ယူလေ့မရှိပေ။ ထိုရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူ ဖြစ်၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် "ငါသည် အကျင့်သီလရှိသူ ဖြစ်၏၊ ကောင်းသော သဘောတရားရှိသူ ဖြစ်၏၊ ငါမှတပါးကုန်သော အခြား ရဟန်းတို့သည်ကား အကျင့်သီလမရှိသူ ယုတ်ညံ့သောတရားရှိသူ ဖြစ်ကုန်၏"ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကိုကား နှိမ့်ချ၏။ အကျင့်သီလနှင့် ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို မဖြစ်စေ၊ အားထုတ်ခြင်းလည်း မရှိ၊ တွန့်ဆုတ်သော အလိုအဇ္ဈာသယသာရှိ၍ အဆုံးအမကိုလည်း လျော့ရဲစွာ ယူလေ့ရှိပေ၏။

ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ထိုယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ရှိသော သစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင်, အကာကို လွန်၍သာလျှင်, အခွံကိုလွန်၍သာလျှင်, အပွေးကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့်ပြုလုပ်ရမည့်အကျိုးကိုလည်း မခံစားရလတ္တံ့။ ပုဏ္ဏား ငါသည် ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့် အလားတူသူ ဟု ဟော၏ကြား၏။

၃၂၀။ ပုဏ္ဏား ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် "(ပဋိသန္ဓေတည်နေ)ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့က လွှမ်းမိုးဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင်လျောကျလျက် ဆင်းရဲအနှိပ်စက်ခံနေရ၏။ ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှား ဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း'သဒ္ဓါ'ဖြင့် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော်အစောကိုဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာအကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည်မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ လာဘ်သပ်ပကာ အကျော်အစောထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျော့ရဲစွာယူလေ့မရှိပေ။ ထိုရဟန်းသည် အကျင့်သီလနှင့်ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့်ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့်ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ အကျင့်သီလနှင့်ပြည့်စုံခြင်ထက်လည်း သာလွန်မွန်မြတ်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်းထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျော့ရဲစွာ ယူလေ့မရှိပေ။ ထိုရဟန်းသည် တည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်းဖြင့် စိတ်

http://www.dhammadownload.com



ကိုင်းကျဖြစ်၍ အကြံအစည်ပြည့်စုံသူဖြစ်ခဲ့၏။ ထိုရဟန်းသည် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် "ငါသည် တည်တံ့ခြင်း သမာဓိရှိသူ ဖြစ်၏၊ အာရုံတခုတည်း၌တည်သော စိတ်ရှိသူ ဖြစ်၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား တည်တံ့ခြင်း သမာဓိမရှိသူ တုန်လှုပ်ပျံ့လွင့်သောစိတ်ရှိသူတို့ ဖြစ်ကုန်၏"ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကိုကား နှိမ့်ချ၏။တည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို မဖြစ်စေ၊ အားထုတ်ခြင်းလည်း မရှိ၊တွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့ရှိပေ၏။

ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ထိုယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုလွန်၍သာလျှင်, အကာကိုလွန်၍သာလျှင်, အခွံကိုဖြတ်ယူ၍ အနှစ်ဟုထင်မှတ်လျက် ဖဲခွါသွား၏။ထိုသူသည် အနှစ်ဖြင့်ပြုလုပ်ရမည့်အကျိုးကိုလည်း မခံစားရလတ္တံ့။ ပုဏ္ဏား ငါသည် ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့် အလားတူသူဟု ဟောကြား၏။

၃၂၁။ ပုဏ္ဏား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း။ပ။ ဆုံးအောင်ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏" ဟု ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော်အစောကိုဖြစ်စေပြန်၏၊ ထိုသူသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍သူတပါးကိုလည်း မနှိမ့်ချပေ။ လာဘ်သပ်ပကာ အကျော်အစောထက်လည်း သာလွန် မွန်မြတ်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်းထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့ မရှိပေ။ ထိုရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျ ဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကို မနှိမ့်ချပေ။အကျင့်သီလနှင့် ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၏၊ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့ မရှိပေ။ ထိုရဟန်းသည် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကို ရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့ မရှိပေ။ ထိုရဟန်းသည် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ကို ရ၏။ ထိုရဟန်းသည် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ဖြင့်လည်း စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူ ဖြစ်၏။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် "ငါသည် သိမြင်လျက်နေ၏၊ ငါမှတပါးသော အခြားရဟန်းတို့သည်ကား မသိမမြင်ပဲ နေကုန်၏"ဟု မိမိကိုယ်ကို မြှင့်တင်၍ သူတပါးကိုလည်း နှိမ့်ချပေ၏။ ဉာဏ်အမြင်ထက်လည်း သာလွန်မွန်မြတ်ကုန်

http://www.dhammadownload.com



သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို မဖြစ်စေ၊ အားထုတ်ခြင်းလည်း မရှိ၊ တွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့ရှိ၏။

ပုဏ္ဏား ဥပမာသော်ကား အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသော ထိုယောကျာ်းသည် အနှစ်ရှာ လှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကို လွန်၍သာလျှင် အကာကို ဖြတ်ယူ၍ အနှစ်ဟု ထင်မှတ်လျက် ဖဲခွါသွား၏။ ထိုယောကျာ်းသည် အနှစ်ဖြင့် ပြုလုပ်ရမည့် အကျိုးကိုလည်း မခံစားရလတ္တံ့။ ပုဏ္ဏား ငါသည် ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့် အလားတူသူဟု ဟောကြား၏။

၃၂၂။ ပုဏ္ဏား ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည် "(ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့က လွှမ်းမိုး ဖိစီးထားသောကြောင့် ဆင်းရဲဒုက္ခတွင်းသို့ သက်ဝင် လျှောကျလျက် ဆင်းရဲ အနှိပ်စက်ခံနေရ၏။ချမ်းသာမဖက်သော ဤဆင်းရဲအစုကို ကုန်ဆုံးအောင် ပြုလုပ်ဖို့ရန် ထင်ရှားဖြစ်ကောင်းတန်ရာ၏"ဟု ယုံကြည်ခြင်း 'သဒ္ဓါ' ဖြင့် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြု၏။ထိုသူသည် ဤကဲ့သို့ ရဟန်းပြုပြီးနောက် လာဘ်သပ်ပကာအကျော်အစောကို ဖြစ်စေပြန်၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာ အကျော်အစောဖြင့် စိတ်တိုင်းမကျသဖြင့် အကြံအစည် မပြည့်စုံသူ ဖြစ်ခဲ့၏။ ထိုရဟန်းသည် ထိုလာဘ်သပ်ပကာအကျော်အစောဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကို မနှိမ့်ချပေ။ လာဘ်သပ်ပကာအကျော်အစောထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့မရှိပေ။ ထိုရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံခြင်းကိုရ၏။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုအကျင့်သီလနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ အကျင့်သီလနှင့် ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့မရှိပေ။ ထိုရဟန်းသည် တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းကိုရ၏။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် စိတ်တိုင်းကျဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုတည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံခြင်းထက်လည်း သာလွန်မွန်မြတ်ကုန်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့မရှိပေ။ ထိုရဟန်းသည် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ကို ရ၏။ထိုရဟန်းသည် ထိုဉာဏ်အမြင်ကို စိတ်တိုင်းကျ ဖြစ်၍ အကြံအစည် ပြည့်စုံသူကား မဟုတ်ပေ။ ထိုရဟန်းသည် ထိုဉာဏ်အမြင်ဖြင့် မိမိကိုယ်ကို မမြှင့်တင်မူ၍ သူတပါးကိုလည်း မနှိမ့်ချပေ။ ဉာဏ်အမြင်ထက်လည်း သာလွန်မွန်မြတ်သော တပါးသော တရားတို့ကို မျက်မှောက်ပြုခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ အားလည်း ထုတ်၏၊ မတွန့်ဆုတ်သော အလိုအဇ္ဈာသယရှိ၍ အဆုံးအမကိုလည်း လျှော့ရဲစွာ ယူလေ့မရှိပေ။

http://www.dhammadownload.com



၃၂၃။ ပုဏ္ဏား အဘယ်တရားတို့သည် (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်ကုန်သနည်း၊ ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

ပုဏ္ဏား တဖန်ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

ပုဏ္ဏား တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း'ပီတိ'ကို မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ နေ၏၊ လျစ်လျူရှုလျက် ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယစျာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ"ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

ပုဏ္ဏား တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံး မသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ချမ်းသာမရှိသော ဥပေက္ခာကြောင့် ဖြစ်သည့်သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ထက် သာလွန် မွန်မြတ်၏။

ပုဏ္ဏား တဖန် ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှု 'ပဋိဃ' သညာတို့ ချုပ်ခြင်းကြောင့် အမျိုးမျိုးသော သညာ 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု (စီးဖြန်းကာ) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

ပုဏ္ဏား တဖန် ထို့ပြင်လည်း ရဟန်းသည် အလုံးစုံသော အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (စီးဖြန်းကာ) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

အလုံးစုံသော ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "တစုံတခုမျှမရှိ"ဟု (စီးဖြန်းကာ) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု) ဉာဏ်အမြင်ထက် သာလွန် မွန်မြတ်၏။

အလုံးစုံသော အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေ၏။ ပုဏ္ဏား ဤတရားသည်လည်း(ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ထက် သာလွန်မွန်မြတ်၏။

http://www.dhammadownload.com



ပုဏ္ဏား တဖန် ထိုပြင်လည်း ရဟန်းသည် အလုံးစုံသော နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ မှတ်သိခြင်း ခံစားခြင်းတို့ ချုပ်ရာ (နိရောဓသမာပတ်)ကို ပြည့်စုံစေ၍ နေ၏။ ထို ရဟန်းအား ပညာဖြင့်လည်း မြင်ခြင်းကြောင့် အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။ ပုဏ္ဏား ဤတရားသည်လည်း (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ထက် အထူးသဖြင့်လည်း သာလွန်၏၊ အထူးသဖြင့် လည်း မွန်မြတ်၏။ ပုဏ္ဏား ဤတရားတို့သည် (ဒိဗ္ဗစက္ခု)ဉာဏ်အမြင်ထက် သာလွန်မွန်မြတ် ကုန်၏။

၃၂၄။ ပုဏ္ဏား ဥပမာသော်ကား အနှစ်ကိုအလိုရှိ၍ အနှစ်ကိုရှာမှီးသော ထိုယောကျ်ားသည် အနှစ်ရှာလှည့်လည်သော် အနှစ်ပြည့်သော သစ်ပင်ကြီး၏ အနှစ်ကိုသာလျှင် ဖြတ်ယူ၍ အနှစ်ဟု သိလျက် ဖဲခွါသွား၏။ ထိုယောကျ်ားသည် အနှစ်ဖြင့် ပြုလုပ်ရမည့်အကျိုးကို ခံစားရလတ္တံ့။ ပုဏ္ဏား ငါသည် ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့် အလားတူသူ ဟု ဟောကြား၏။

ပုဏ္ဏား ဤသို့လျှင် ဤသာသနာတော်သည် လာဘ်သပ်ပကာ အကျော်အစောဟူသော အကျိုးရှိမှုအတွက် မဟုတ်ပေ၊ အကျင့်သီလနှင့် ပြည့်စုံခြင်း ဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်ပေ၊ တည်တံ့ခြင်းသမာဓိဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်ပေ၊ (ဒိဗ္ဗစက္ခု)ဉာဏ် အမြင် ဟူသော အကျိုးရှိမှုအတွက်လည်း မဟုတ်ပေ။ ပုဏ္ဏား အကြင်မပျက်စီးသော စိတ်၏လွတ် မြောက်မှုသည် ရှိ၏၊ ဤသာသနာတော်သည် ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှုအတွက် သာ ဖြစ်၏၊ ဤမပျက်စီးနိုင်သော စိတ်လွတ်မြောက်မှုသည် အနှစ်အသားပေတည်း၊ ဤမပျက်စီး နိုင်သော စိတ်လွတ်မြောက်မှုသည် အဆုံး (ပန်းတိုင်)ပေတည်း ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသော် ပိင်္ဂလကောစ္ဆပုဏ္ဏားသည် မြတ်စွာဘုရားအား— “အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏။ပ။ အသျှင်ဂေါတမ အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟု လျှောက်ကြား၏။

ဆယ်ခုမြောက် စူဠသာရောပမသုတ် ပြီး၏။

**သုံးခုမြောက် ဩပမ္မဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၄-မဟာယမကဝဂ်

## ၁-စူဠဂေါသိင်္ဂသုတ်

၃၂၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ နေကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန် ကိန်းအောင်းရာမှ ထတော်မူကာ ဂေါသိင်္ဂမည်သော အင်ကြင်းတောဆီသို့ ချဉ်းကပ်တော်မူ၏။ တောစောင့်သည် အဝေးမှ ကြွလာတော်မူသော မြတ်စွာဘုရားကို မြင်၍ "ရဟန်းကြီး ဤတောသို့ မဝင်ပါလင့်၊ ဤတော၌ အမျိုးသားသုံးဦးတို့သည် ရှိပါကုန်၏၊ မိမိအကျိုးစီးပွါးကို လိုလားသော သဘောရှိကုန်လျက် နေပါကုန်၏၊ထိုအမျိုးသားတို့၏ မချမ်းသာမှုကို မပြုပါလင့်"ဟု မြတ်စွာဘုရားကို လျှောက်ထား၏။

အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရားနှင့်အတူ ပြောဆိုသော တောစောင့်၏ စကားကို ကြား၍ "ဒါယကာ တောစောင့် မြတ်စွာဘုရားကို မတားမြစ်ပါလင့်၊ ငါတို့၏ဆရာ မြတ်စွာဘုရားသည် အစဉ်ရောက်တော်မူလာ၏"ဟု တောစောင့်အား ဤစကားကို ပြောကြား၏။ ထိုအခါ အသျှင်အနုရုဒ္ဓါမထေရ်သည် အသျှင်နန္ဒိယ အသျှင်ကိမိလတို့ထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်နန္ဒိယနှင့် အသျှင်ကိမိလတို့ကို "အသျှင်တို့ လာကြကုန်၊ အသျှင်တို့ လာကြကုန်၊ ငါတို့၏ဆရာမြတ်စွာဘုရားသည် အစဉ်ရောက်တော်မူလာ၏"ဟု ဤစကားကို ပြောကြား၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ တပါးက မြတ်စွာဘုရား၏သပိတ် သင်္ကန်းကို ခံယူပြီးလျှင် တပါးက နေရာကို ခင်း၍ တပါးက ခြေဆေးရေကို တည်ထား၏။ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ ထိုင်၍ ခြေတို့ကို ဆေးတော်မူ၏။ ထိုအသျှင်တို့သည်လည်း မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်သည် ရှိသော် အသျှင်အနုရုဒ္ဓါအား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏—

၃၂၆။ အနုရုဒ္ဓါတို့ အသို့နည်း၊ သင်တို့ ခံ့ကျန်းကြ၏လော၊ အသို့နည်း မျှတကြ၏လော၊ အသို့နည်း ဆွမ်းဖြင့် မပင်ပန်းကြ၏လော ဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရား ခံ့ကျန်းကြပါ၏၊ မြတ်စွာဘုရား မျှတကြပါ၏၊ အသျှင်ဘုရား တပည့်တော်တို့သည် ဆွမ်းဖြင့်လည်း မပင်ပန်းကြပါ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ အသို့နည်း၊သင်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့(နှင့်)ရေ ရောသကဲ့သို့ တစိတ်ထည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား စင်စစ် တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့(နှင့်)ရေ ရောသကဲ့သို့ တစိတ်ထည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ရှုကုန်လျက် နေထိုင်ကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



အနုရုဒ္ဓါတို့ သင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ မငြင်းခုံကြပဲ နို့(နှင့်) ရေ ရောသကဲ့သို့ တစိတ်ထည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိဖြင့် ကောင်းစွာ ရှုကြည့်ကုန်လျက် နေထိုင်ကြကုန်သနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသာသနာတော်၌ တပည့်တော်မှာ "အကြင်ငါသည် ဤသို့သဘောရှိကုန်သော သီတင်းသုံးဖော်တို့နှင့် အတူနေရ၏၊ ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ"ဟု ဤသို့ စိတ်ဖြစ်ပါ၏။ အသျှင်ဘုရား ထို တပည့်တော်မှာ ဤ အသျှင်တို့ အပေါ်၌ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ ဝစီကံ မေတ္တာသည် ရှေးရှုထင်ပါ၏။မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ မနောကံ မေတ္တာသည် ရှေးရှုထင်ပါ၏။အသျှင်ဘုရား ထို တပည့်တော်မှာ"ငါသည်မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးရမူကောင်းပေမည်"ဟု ဤသို့ အကြံအစည်ဖြစ်ပါ၏။အသျှင်ဘုရား တပည့်တော်သည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးပါ၏။ အသျှင်ဘုရား တပည့်တော်တို့မှာ ကိုယ်အသီးသီးဖြစ်သော်လည်း စိတ်သည်ကား တစိတ်ထည်းကဲ့သို့ ဖြစ်ကြပါသည် ဟု (လျှောက်၏)။

အသျှင်နန္ဒိယသည်လည်း။ပ။ အသျှင်ကိမိလသည်လည်း မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊ "အသျှင်ဘုရား တပည့်တော်သည်လည်း 'ငါသည် ဤသို့ သဘောရှိသော သီတင်းသုံးဖော်တို့နှင့် အတူနေရ၏၊ ငါသည် အရတော်ပေစွ၊ ငါသည် အလွန်အရတော်ပေစွ' ဟု ဤသို့ စိတ်ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ ဤအသျှင်တို့အပေါ်၌ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ ဝစီကံမေတ္တာသည် ရှေးရှုထင်ပါ၏၊ မျက်မှောက်၌ ဖြစ်စေ မျက်ကွယ်၌ ဖြစ်စေ မနောကံ မေတ္တာသည် ရှေးရှုထင်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်မှာ 'ငါသည် မိမိစိတ် အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးရမူ ကောင်းပေမည်' ဟု ဤသို့ အကြံအစည် ဖြစ်ပါ၏။ အသျှင်ဘုရား ထိုတပည့်တော်သည် မိမိစိတ်အလိုကို လျှော့ထား၍ ဤအသျှင်တို့၏ စိတ်အလိုအားဖြင့်သာလျှင် လိုက်လျော ကျင့်သုံးပါ၏။ အသျှင်ဘုရား တပည့်တော်တို့မှာကိုယ်သည် အသီးသီးဖြစ်သော်လည်း စိတ်သည်ကား တစိတ်ထည်းကဲ့သို့ ဖြစ်ပါ၏ ဟု (လျှောက်၏)။ အသျှင်ဘုရား ဤသို့လျှင် တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက် ဝမ်းသာမငြင်းခုံပဲ နို့(နှင့်) ရေရောသကဲ့သို့ တစိတ်ထည်းရှိကုန်၍ အချင်းချင်း ချစ်ခင်သောမျက်စိဖြင့် ကောင်းစွာရှုကြည့်ကုန်လျက် နေကြပါ၏" ဟု (လျှောက်ကုန်၏)။

၃၂၇။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ အသို့နည်း၊ သင်တို့သည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား စင်စစ်သော်ကား တပည့်တော်တို့သည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ အဘယ်သို့ သင်တို့သည် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်သနည်း ဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား တပည့်တော်တို့တွင် ဆွမ်းခံရွာမှ ရှေးဦးစွာ ပြန်လာသောသူသည် နေရာတို့ကို ခင်း၏၊ သောက်ရေ သုံးဆောင်ရေကို တည်ထား၏၊ ဆွမ်းဦးထည့်ရန် ခွက်ကို တည်ထား၏။ ဆွမ်းခံရွာမှ နောက်ကျ၍ ပြန်လာသောသူသည် စားကြွင်းကို စားလိုလျှင် စားရာ၏၊ မစားလိုက စိမ်းစိုသောမြက်သစ်ပင် မရှိရာ၌သော်လည်း စွန့်၏၊ ပိုးမရှိသော ရေ၌သော်လည်း သွန်၏၊ ထိုသူသည် နေရာတို့ကို ခေါက်၏၊ သိမ်း၏၊ သောက်ရေ သုံးဆောင်ရေကို (သိမ်းဆည်း၏)၊ သိမ်း၏၊ ဆွမ်းဦးထည့်ရန် ခွက်ကို(သိမ်းဆည်း၏)၊ သိမ်း၏၊ ဆွမ်းစား (စရပ်) ကျောင်းကို တံမြက်လှည်း၏။ ရေမရှိသော သောက်ရေအိုးကိုဖြစ်စေ သုံးဆောင်ရေအိုးကိုဖြစ်စေ သန့်ဒကရေအိုးကိုဖြစ်စေ မြင်သောသူသည် (ရေထည့်၍) တည်ထား၏။ ထိုရေအိုးသည် အကယ်၍ မချီနိုင်လျှင် အဖော်ကို လက်ယက်ခေါ်၍ လက်တို့ဖြင့် မြှောက်ချီကာ တည်ထားကြပါကုန်၏၊ အသျှင်ဘုရား တပည့်တော်တို့သည် ထိုအကြောင်းမျှကြောင့် နှုတ်မြွက်ပြောဆိုမှု မပြုကြပါ။ အသျှင်ဘုရား တပည့်တော်တို့သည် ငါးရက်မြောက်နေ့၌ တညဉ့်လုံးတရားနှင့် စပ်သောစကားဖြင့် စည်းဝေးနေကြပါကုန်၏။ အသျှင်ဘုရား ဤသို့လျှင် တပည့်တော်တို့သည် မမေ့မလျော့ ပြင်းစွာ အားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

၃၂၈။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ ဤသို့ မမေ့မလျော့ ပြင်းစွာ အားထုတ်ကုန်သည်ဖြစ်၍ (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကုန်သည်ဖြစ်၍ နေကြကုန်သော သင်တို့မှာ လူတို့၏တရားထက် လွန်မြတ်သည့် အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်းရှိ၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာလျှင် မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍ နေကြပါကုန်၏။ အသျှင်ဘုရား မမေ့မလျော့ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စေလွှတ်အပ်သော စိတ်ရှိကြကုန်သည်ဖြစ်၍ နေကြကုန်သော တပည့်တော်တို့မှာ လူတို့၏တရားထက် လွန်မြတ်သည့် အရိယာဖြစ်ရန် စွမ်းနိုင်သော ဤဉာဏ်အမြင်ထူးကိုရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်းရှိပါ၏ ဟု(လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြားဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်ခြင်း'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ

http://www.dhammadownload.com



လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤအခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိပါ၏ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ၊ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြားဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုကုန်၍သာလျှင် နေပါကုန်၏၊ သတိနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစားပါကုန်၏၊ အရိယာပုဂ္ဂိုလ်တို့သည် အကြင်တတိယဈာန်ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ"ဟု ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက်လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤအခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိပါ၏ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြားဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် ချမ်းသာခြင်း 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးကပင် ဝမ်းသာခြင်း 'သောမနဿ' နှလုံးမသာခြင်း 'ဒေါမနဿ' တို့၏ ချုပ်ခြင်းကြောင့် ဆင်းရဲလည်း မဟုတ် ချမ်းသာလည်း မဟုတ်သော လျစ်လျူရှုခြင်းကြောင့်ဖြစ်သည့် စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤ အခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိပါ၏ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြား ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် အလုံးစုံသော ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှု'ပဋိဃ'သညာတို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသော သညာ 'နာနတ္တသညာ' တို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ" ဟု (စီးဖြန်းကာ) အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ

http://www.dhammadownload.com



လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤအခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိပါ၏ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြားဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် အလုံးစုံသော အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု (စီးဖြန်းကာ) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေပါကုန်၏။ပ။ အလုံးစုံသော ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "တစုံတခုမျှ မရှိဟု" ဟု (စီးဖြန်းကာ) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေပါကုန်၏။ပ။ အလုံးစုံသော အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤအခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်းရှိပါ၏ ဟု (လျှောက်ကြကုန်၏)။

၃၂၉။ အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ အနုရုဒ္ဓါတို့ သင်တို့မှာ ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော အခြားဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိသေး၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား အဘယ်မှာ မရှိပဲ ရှိပါအံ့နည်း။ အသျှင်ဘုရား တပည့်တော်တို့သည် အလိုရှိသလောက် အလုံးစုံသော နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်၍ မှတ်သားခြင်း ခံစားခြင်းတို့ချုပ်ရာ (နိရောဓသမာပတ်)ကို ပြည့်စုံစေ၍ နေပါကုန်၏၊ တပည့်တော်တို့မှာ ပညာဖြင့်လည်း မြင်ပြီးဖြစ်၍ အာသဝေါတရားတို့သည် ကုန်ပြီးဖြစ်ပါကုန်၏။ အသျှင်ဘုရား ဤနေခြင်းကို လွန်မြောက်ခြင်းငှါ ဤနေခြင်းကို ငြိမ်းစေခြင်းငှါ လူတို့၏ တရားထက် လွန်မြတ်သည့် အရိယာဖြစ်ခြင်းငှါ စွမ်းနိုင်သော ဤအခြားသော ဉာဏ်အမြင်ထူးကို ရသည်ဖြစ်၍ ချမ်းသာစွာ နေရခြင်း ရှိပါ၏။အသျှင်ဘုရား တပည့်တော်တို့သည် ဤချမ်းသာစွာနေရခြင်းထက် သာလွန်မွန်မြတ်သော အခြားတပါးသော ချမ်းသာစွာနေရခြင်းကို မတွေ့မြင်ကြတော့ပါ ဟု (လျှောက်ကြကုန်၏)။

အနုရုဒ္ဓါတို့ ကောင်းပေစွ ကောင်းပေစွ၊ ဤချမ်းသာစွာနေရခြင်းထက် သာလွန် မွန်မြတ်သော ချမ်းသာစွာနေရခြင်းသည် မရှိတော့ပေ ဟု(မိန့်တော်မူ၏)။

၃၃၀။ ထိုအခါ မြတ်စွာဘုရားသည် အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့ကို တရားစကားဖြင့် (အကျိုးစီးပွါးကို)သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေပြီးသော် နေရာမှထကာ ဖဲခွါတော်မူ၏။ ထိုအခါ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလတို့သည် မြတ်စွာဘုရားသို့ အစဉ်လိုက်၍ ထိုလိုက်ရာမှ ပြန်လှည့်ကာ အသျှင်နန္ဒိယနှင့် အသျှင်ကိမိလတို့က အသျှင် အနုရုဒ္ဓါအား—

http://www.dhammadownload.com



"တပည့်တော်တို့သည် အသျှင်အနုရုဒ္ဓါအား 'ဤမည် ဤမည်သောနေခြင်း သမာပတ်တို့ကို တပည့်တော်တို့ ရပါကုန်၏'ဟု ဤသို့ လျှောက်ကြားတူးပါကုန်သလော၊ အသျှင်အနုရုဒ္ဓါသည် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တပည့်တော်တို့၏ အာသဝေါတရားကုန်ခြင်းကို ဖော်ပြဘိ၏"ဟု (လျှောက်ဆိုကုန်၏)။

ငါ့အား အသျှင်တို့သည် "ဤမည် ဤမည်သော နေခြင်းသမာပတ်တို့ကို တပည့်တော်တို့ ရပါကုန်၏"ဟု ဤသို့ မလျှောက်ကြားဘူးကုန်သော်လည်း ငါသည် အသျှင်တို့၏စိတ်ကို စိတ်ဖြင့် ပိုင်းခြား၍ "ဤမည် ဤမည်သော နေခြင်းသမာပတ်တို့ကို ဤအသျှင်တို့ ရကုန်၏"ဟု သိ၏။ နတ်တို့သည်လည်း "ဤမည် ဤမည်သော နေခြင်းသမာပတ်တို့ကို ဤအသျှင်တို့ ရကုန်၏"ဟု ဤအကြောင်းကို ငါ့အား လျှောက်ကြားကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားသည် ပြဿနာမေးတော်မူခြင်းကြောင့် ဖြေကြား၏ ဟု (ပြောဆို၏)။

၃၃၁။ ထိုအခါ ဒီဃပရဇနနတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သင့်တင့်လျှောက်ပတ်သောနေရာ၌ ရပ်လျက် မြတ်စွာဘုရားအား—

"အသျှင်ဘုရား အကြင်ဂေါသိင်္ဂမည်သော အင်ကြင်းတောသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် သီတင်းသုံး နေတော်မူ၏။ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလ ဤသုံးဦးသော အမျိုးသားတို့သည်လည်း သီတင်းသုံး နေကုန်၏။ စင်စစ်သော်ကား ဝဇ္ဇီတိုင်းသားတို့သည် အရတော်လေကုန်စွ၊ ဝဇ္ဇီတိုင်းသားတို့သည် အလွန်အရတော်လေကုန်စွ"ဟု လျှောက်၏။ ဒီဃပရဇနနတ်၏အသံကိုကြား၍ ဘုမ္မစိုးနတ်တို့သည် "အချင်းတို့ ဂေါသိင်္ဂမည်သော အင်ကြင်းတောသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူ၏။ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလ ဤသုံးဦးသော အမျိုးသားတို့သည်လည်း သီတင်းသုံး နေကုန်၏။ စင်စစ်သော်ကား ဝဇ္ဇီတိုင်းသားတို့သည် အရတော်လေကုန်စွ၊ ဝဇ္ဇီတိုင်းသားတို့သည် အလွန်အရတော်လေကုန်စွ"ဟု အသံကို တဆင့်ကြွေးကြော်ကုန်၏။ ဘုမ္မစိုးနတ်တို့၏အသံကို ကြား၍ စာတုမဟာရာဇ်နတ်တို့သည်။ပ။ တာဝတိံသာနတ်တို့သည်။ပ။ ယာမာနတ်တို့သည်။ပ။ တုသိတာနတ်တို့သည်။ပ။ နိမ္မာနရတိနတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တိနတ်တို့သည်။ပ။ ဗြဟ္မာအပေါင်း၌ ဖြစ်သောဗြဟ္မာတို့သည် "ဂေါသိင်္ဂမည်သော အင်ကြင်းတောသို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် သီတင်းသုံး နေတော်မူ၏၊ အသျှင်အနုရုဒ္ဓါ အသျှင်နန္ဒိယ အသျှင်ကိမိလ ဤသုံးဦးသော အမျိုးသားတို့သည်လည်း သီတင်းသုံး နေကုန်၏။ စင်စစ်သော်ကား ဝဇ္ဇီတိုင်းသားတို့သည် အရတော်လေကုန်စွ၊ ဝဇ္ဇီတိုင်းသားတို့သည် အလွန်အရတော်လေကုန်စွ"ဟု အသံကို တဆင့်ကြွေးကြော်ကုန်၏။ ဤသို့လျှင် ထိုအသျှင်တို့သည် ထိုခဏချင်း ထိုတလယချင်း ထိုတမုဟုတ်ချင်းမျှဖြင့် (အကနိဋ္ဌ)ဗြဟ္မာဘုံတိုင်အောင် ထင်ရှား(ကျော်စော)ကုန်၏။

ဒီဃ ဤသင်လျှောက်ကြားသော စကားသည် ဤသို့ သင်လျှောက်ကြားသည့်အတိုင်း မှန်၏၊ ဒီဃ ဤသင်လျှောက်ကြားသော စကားသည် ဤသို့ သင်လျှောက်ကြားသည့်အတိုင်း မှန်ပေ၏။ ဒီဃ အကြင်အမျိုးမှလည်း ဤသုံးဦးကုန်သော အမျိုးသားတို့သည် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကုန်၏၊ ထိုအမျိုးသည်လည်း ထိုသုံးဦးကုန်သော အမျိုးသားတို့ကို

http://www.dhammadownload.com



ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အကြင်အမျိုး (အစဉ်)အဆက်မှလည်း ဤသုံးဦးကုန်သော အမျိုးသားတို့သည် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုကုန်၏၊ ထိုအမျိုး(အစဉ်)အဆက်သည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အကြင်ရွာမှလည်း ဤသုံးဦးကုန်သောအမျိုးသားတို့သည် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုကုန်၏၊ ထိုရွာသည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အကြင်နိဂုံးမှလည်း ဤသုံးဦးကုန်သော အမျိုးသားတို့သည် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်း ပြုကုန်၏၊ ထိုနိဂုံးသည်လည်း ဤသုံးဦး ကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ် ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အကြင်မြို့မှလည်း ဤသုံးဦးကုန်သော အမျိုးသားတို့သည် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုကုန်၏၊ ထိုမြို့သည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသ ာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အကြင်ဇနပုဒ်မှလည်း ဤသုံးဦးကုန်သော အမျိုးသားတို့သည် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုကုန်၏၊ထိုဇနပုဒ်သည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ်ရှိ၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။အလုံးစုံသော မင်းတို့သည်လည်း ဤသုံးဦးကုန်သော အမျိုး သားတို့ကို ကြည်ညိုသောစိတ်ရှိကုန်၍ အောက်မေ့ခဲ့ကြလျှင် ရှည်မြင့်စွာသောကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ အလုံးစုံကုန်သော ပုဏ္ဏားတို့သည်။ပ။ အလုံးစုံကုန်သောကုန်သည်တို့သည်။ပ။ ဒီဃ အလုံးစုံကုန်သော သူဆင်းရဲတို့သည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ် ရှိ၍ အောက်မေ့ခဲ့ကြလျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။ ဒီဃ နတ်မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော (နတ်) လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောကသည်လည်း ဤသုံးဦးကုန်သော အမျိုးသားတို့ကို ကြည်ညိုသောစိတ်ရှိကုန်၍ အောက်မေ့ခဲ့လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာ၏။

ဒီဃ ရှုကြည့်လော့၊ ဤသုံးဦးကုန်သော အမျိုးသားတို့သည် များစွာသော လူအပေါင်း၏ အစီးအပွါးအကျိုးငှါ များစွာသော လူအပေါင်း၏ ချမ်းသာအကျိုးငှါ လောကကိုအစဉ်စောင့်ရှောက်ခြင်းအကျိုးငှါ နတ်လူတို့၏ အကျိုးငှါ အစီးအပွါးအကျိုးငှါ ချမ်းသာအကျိုးငှါ အလွန်လျှင်ကျင့်ကုန်၏ ဟု (မိန့်တော်မူ၏။)

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဟောကြားတော်မူ၏။ ဒီဃပရဇနနတ်သည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်လေ၏။

ရှေးဦးစွာသော စူဠဂေါသိင်္ဂသုတ် ပြီး၏။

http://www.dhammadownload.com



## ၂-မဟာဂေါသိင်္ဂသုတ်

၃၃၂။ အကျွန်ုပ်သည် ဤသို့ ကြားနာ ခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဂေါသိင်္ဂမည်သော အင်ကြင်းတော၌ အလွန်ကျော်စော ထင်ရှားသော ထေရ်တပည့်သာဝကဖြစ်ကြသည့် အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန် အသျှင်မဟာကဿပ အသျှင်အနုရုဒ္ဓါ အသျှင်ရေဝတ အသျှင်အာနန္ဒာတို့အပြင် အခြားများလှစွာသည့် အလွန်ကျော်စောထင်ရှားသော ထေရ်တပည့်သာဝကတို့နှင့် အတူ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ညနေချမ်းအချိန် ကိန်းအောင်းရာမှထကာ အသျှင်မဟာကဿပထံ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင်ကဿပ လာသွားကြကုန်အံ့၊ အသျှင်သာရိပုတြာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကုန်အံ့"ဟု ဤစကားကို ပြောဆို၏။ "ငါ့သျှင် ကောင်းပြီ"ဟု အသျှင်မဟာကဿပသည် အသျှင်မဟာမောဂ္ဂလာန်အား ပြန်ကြား၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန် အသျှင်မဟာကဿပ အသျှင်အနုရုဒ္ဓါတို့သည် အသျှင်သာရိပုတ္တရာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကြကုန်၏။ အသျှင်အာနန္ဒာသည် အသျှင်သာရိပုတြာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကြသော အသျှင်မဟာမောဂ္ဂလာန် အသျှင်မဟာကဿပ အသျှင်အနုရုဒ္ဓါတို့ကို မြင်၍ အသျှင်ရေဝတထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ရေဝတ ဤမည်သော အသျှင်သူတော်ကောင်းတို့သည် အသျှင်သာရိပုတြာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကြကုန်၏၊ ငါ့သျှင်ရေဝတ လာသွားကြကုန်အံ့၊ အသျှင်သာရိပုတြာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကြကုန်အံ့"ဟု ဤစကားကို ပြောဆို၏။ အသျှင်ရေဝတက "ငါ့သျှင် ကောင်းပြီ"ဟု အသျှင်အာနန္ဒာအား ပြန်ကြား၏။ ထို့နောက် အသျှင်ရေဝတနှင့် အသျှင်အာနန္ဒာတို့သည် အသျှင်သာရိပုတြာထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ကြကုန်၏။

၃၃၃။ အသျှင်သာရိပုတြာသည် အဝေးမှလာသော အသျှင်ရေဝတနှင့် အသျှင်အာနန္ဒာတို့ကို မြင်၍ အသျှင်အာနန္ဒာအား—

"အသျှင်အာနန္ဒာ လာလော့၊ မြတ်စွာဘုရား အလုပ်အကျွေးဖြစ်၍ မြတ်စွာဘုရား၏ အနီး၌ ကျက်စားသော အသျှင်အာနန္ဒာ၏ လာခြင်းသည် ကောင်းသော လာခြင်းပေတည်း။ ငါ့သျှင် အာနန္ဒာ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်အာနန္ဒာ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း" ဟု ပြောဆို မေးမြန်း၏။

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် များသော အကြားအမြင် ရှိ၏၊ နာကြားထားပြီးသော တရားကို ဆောင်၏၊ နာကြားထားသော တရားကို ဆည်းပူး၏။ အကြင်တရားတို့သည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိကုန်၏၊ အနက်သဒ္ဒါနှင့်လည်း ပြည့်စုံကုန်၏၊ အလုံးစုံထက်ဝန်းကျင်မှ ပြည့်ဝလုံလောက်သည့် စင်ကြယ်သော မြတ်သော အကျင့်ကိုလည်း ညွှန်ပြကုန်၏၊ ထိုရဟန်းသည် ထိုသို့သဘောရှိသော တရားတို့ကို များစွာ နာကြားထားကုန်၏၊ (နှုတ်တက်)ဆောင်ထားကုန်၏၊ နှုတ်ဖြင့် သရဇ္ဈာယ်ထားကုန်၏၊ စိတ်ဖြင့် ကြံစည်ထားကုန်၏၊ ဉာဏ်အမြင်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိထားကုန်၏။ ထိုရဟန်းသည် ပရိသတ်လေးပါးတို့အား အက္ခရာပြည့်စုံ ပြီပြင်ကုန်သော စကားစဉ်မပြတ်ကုန်သော ပုဒ်ဗျည်းတို့ဖြင့် ကိန်းဝပ်မှု 'အနုသယ' ကို ပယ်ခွါခြင်းငှါ ဟောကြား၏။ ငါ့သျှင် သာရိပုတြာ

http://www.dhammadownload.com



ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ ဟု (လျှောက်၏)။

၃၃၄။ ဤသို့ဆိုသော် အသျှင်သာရိပုတြာသည် အသျှင်ရေဝတအား—

"ငါ့သျှင်ရေဝတ အသျှင်အာနန္ဒာသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်ရေဝတကို ယခု မေးကုန်အံ့၊ ငါ့သျှင်ရေဝတ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်ရေဝတ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း"ဟု ပြောဆို မေးမြန်းပြန်၏။

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် တပါးထည်းတည်း ကိန်းအောင်း ခြင်းလျှင် မွေ့လျော်မှုရှိ၏၊ တပါးထည်းတည်း ကိန်းအောင်းရာ၌ ပျော်ပိုက်၏၊ မိမိဥတ်၏ ငြိမ်းအေးမှု၌ မပြတ်အားထုတ်လျက်ရှိ၏၊ ဈာန်ကိုလည်း ဖျက်ဆီးခြင်း မရှိ၊ ဝိပဿနာဉာဏ်နှင့် ပြည့်စုံ၏၊ ဆိတ်ငြိမ်ရာတို့ကိုလည်း ပွါးစေ၏၊ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ ဟု (လျှောက်၏)။

၃၃၅။ ဤသို့ဆိုသော် အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား—

"ငါ့သျှင်အနုရုဒ္ဓါ အသျှင်ရေဝတသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်အနုရုဒ္ဓါကို ယခုမေးကုန်အံ့၊ ငါ့သျှင်အနုရုဒ္ဓါ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်အနုရုဒ္ဓါ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း"ဟု ပြောဆို မေးမြန်းပြန်၏။

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် လောကဓာတ် အထောင်ကို ကြည့်နိုင်၏။ ငါ့သျှင်သာရိပုတြာ ဥပမာသော်ကား (ပညာ) မျက်စိအမြင်ရှိသော ယောကျ်ားသည် ပြာသာဒ်မြတ်အထက်သို့ တက်လျက် (လည်းဘီးစက်) အကွပ် အဝန်းအဝိုင်း အထောင်ကို ကြည့်ရာသကဲ့သို့ ဤအတူပင်လျှင် ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော မျက်စိ 'ဒိဗ္ဗစက္ခု' ဖြင့် လောကဓာတ် အထောင်ကို ကြည့်ရှုနိုင်၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ ဟု (လျှောက်၏)။

၃၃၆။ ဤသို့ဆိုသော် အသျှင်သာရိပုတြာသည် အသျှင်မဟာကဿပအား—

"ငါ့သျှင်ကဿပ အသျှင်အနုရုဒ္ဓါသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ထိုအချက်၌ ငါတို့သည် အသျှင်မဟာကဿပကို ယခုမေးကုန်အံ့၊ ငါ့သျှင်ကဿပ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊နတ်၌ဖြစ်ကုန်သောပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်ကဿပ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း"ဟု ပြောဆိုမေးမြန်း ပြန်၏။

http://www.dhammadownload.com



ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း အရညကင်ဓုတင် ဆောင်၍ အရညကင်ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်းပြောဆိုလေ့ရှိ၏၊ မိမိလည်း ပိဏ္ဍပါတ်ဓုတင်ဆောင်၍ ပိဏ္ဍပါတ်ဓုတင် ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း ပံသုကူဓုတင်ဆောင်၍ ပံသုကူဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း တိစီဝရိက်ဓုတင်ဆောင် ၍တိစီဝရိက်ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း အလိုနည်းသူဖြစ်၍ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း ရောင့်ရဲလွယ်သူဖြစ်၍ ရောင့်ရဲလွယ် ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း ကိလေသာတို့မှ ကင်းဆိတ်သူဖြစ်၍ ကင်းဆိတ် ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း ရောနှောခြင်းမရှိသူဖြစ်၍ မရောနှောခြင်း၏ဂုဏ် ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်းအားထုတ်ခြင်း လုံ့လရှိသူဖြစ်၍ အားထုတ်ခြင်းလုံ့လ၏ဂုဏ် ကိုလည်း ပြောဆိုလေ့ရှိ၏၊မိမိလည်း အကျင့်သီလနှင့်ပြည့်စုံသူဖြစ်၍ အကျင့်သီလနှင့် ပြည့်စုံခြင်း ၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံသူဖြစ်၍ တည်တံ့ခြင်း သမာဓိနှင့်ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း အထူးသိခြင်း 'ပညာ' နှင့်ပြည့်စုံ သူဖြစ်၍ အထူးသိခြင်း'ပညာ' နှင့် ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း လွတ်မြောက်ခြင်း'အရိယဖိုလ်'နှင့် ပြည့်စုံသူဖြစ်၍ လွတ်မြောက်ခြင်း'အရိယဖိုလ်'နှင့် ပြည့်စုံခြင်း ၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း လွတ်မြောက်ခြင်း 'အရိယဖိုလ်'ကို သိမြင်ခြင်း (ဆင်ခြင်ဉာဏ်)နှင့် ပြည့်စုံသူဖြစ်၍ လွတ်မြောက်ခြင်း 'အရိယဖိုလ်'ကို သိမြင်ခြင်း 'ဆင်ခြင်ဉာဏ်' နှင့် ပြည့်စုံခြင်း၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏ ဟု(လျှောက်၏)။

၃၃၇။ ဤသို့ဆိုသော် အသျှင်သာရိပုတြာသည် အသျှင်မဟာမောဂ္ဂလာန်အား—

"ငါ့သျှင်မောဂ္ဂလာန် အသျှင်မဟာကဿပသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်မဟာမောဂ္ဂလာန်ကို ယခုမေးကုန်အံ့၊ ငါ့သျှင်မောဂ္ဂလာန် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင် ကုန်၏။ငါ့သျှင်မောဂ္ဂလာန် အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတော သည် တင့်တယ်နိုင်ရာသနည်း"ဟု ပြောဆိုမေးမြန်းပြန်၏။

ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်း နှစ်ပါးတို့သည် အဘိဓမ္မာစကားကို ပြောဆိုကုန်၏။ထိုရဟန်းတို့သည် အချင်းချင်း ပြဿနာကိုလည်း မေးကြကုန်၏၊ အချင်းချင်း မေးအပ်သောပြဿနာကိုလည်း ဖြေကြကုန်၏၊ မေးရန် ဖြေရန် မစွမ်းနိုင်သည် မဟုတ်ကုန်၊ ထိုရဟန်းတို့အား တရားနှင့်စပ်သော စကားသည်လည်း မပြတ်ဖြစ်ခြင်းရှိ၏။ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ ဟု (လျှောက်၏)။

၃၃၈။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်သာရိပုတြာအား—

"ငါ့သျှင်သာရိပုတြာ ငါတို့အားလုံးပင် မိမိထင်မြင်ချက် အတိုင်း ဖြေကြားကြလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်သာရိပုတြာကို မေးပါကုန်အံ့၊ ငါ့သျှင်သာရိပုတြာ ဂေါသိင်္ဂ မည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊အင်ကြင်းပင်

http://www.dhammadownload.com



တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏၊ နတ်၌ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ငါ့သျှင် သာရိပုတြာ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း”ဟု ပြောဆို မေးမြန်းပြန်၏။

ငါ့သျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ ရဟန်းသည် စိတ်၏အလိုအတိုင်း မဖြစ်ပေ။ ထိုရဟန်းသည် နံနက်အချိန်၌ မိမိနေလိုရာသမာပတ်ဖြင့် နေနိုင်၏။ နေ့လယ် 'မွန်းတည့်'အချိန်၌လည်း မိမိနေလိုရာသမာပတ်ဖြင့် နေနိုင်၏။ ညနေချမ်းအချိန်၌လည်း မိမိနေလိုရာသမာပတ်ဖြင့် နေနိုင်၏။ ငါ့သျှင်မောဂ္ဂလာန် ဥပမာသော်ကား မင်း မင်းအမတ်ကြီးတို့၏ ပုဆိုးသေတ္တာသည် အမျိုးမျိုးဆိုးထားသော ပုဆိုးတို့ဖြင့် ပြည့်လျက်ရှိရာ၏။ထိုမင်း မင်းအမတ်ကြီးသည် နံနက်အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို နံနက်အချိန်၌သာ ဝတ်ရုံရာ၏။ နေ့လယ် 'မွန်းတည့်'အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို နေ့လယ် 'မွန်းတည့်' အချိန်၌သာ ဝတ်ရုံရာ၏။ညနေချမ်းအချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို ညနေချမ်း အချိန်၌သာ ဝတ်ရုံရာ၏။ ငါ့သျှင်မောဂ္ဂလာန် ဤအတူပင်လျှင် ရဟန်းသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ ရဟန်းသည် စိတ်၏အလိုအတိုင်း မဖြစ်ပေ။ ထိုရဟန်းသည် နံနက်အချိန်၌ မိမိနေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ နေ့လယ် 'မွန်းတည့်' အချိန်၌လည်း မိမိနေလိုရာ သမာပတ်ဖြင့်နေနိုင်၏။ ညနေချမ်းအချိန်၌လည်း မိမိနေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ ငါ့သျှင်မောဂ္ဂလာန် ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာပါ၏ဟု(လျှောက်၏)။

၃၃၉။ ထိုအခါ အသျှင်သာရိပုတြာသည် ထိုအသျှင်တို့အား “ငါ့သျှင်တို့ ငါတို့အားလုံးပင် မိမိထင်မြင်ချက်အတိုင်း ဖြေကြားခဲ့လေပြီ။ ငါ့သျှင်တို့ လာသွားကြကုန်အံ့၊ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြကုန်အံ့၊ မြတ်စွာဘုရားက ငါတို့အား ဖြေကြားတော်မူသည့်အတိုင်း မှတ်ယူကြကုန်အံ့”ဟု ပြောဆို၏။ ငါ့သျှင် ကောင်းပါပြီဟု ထိုအသျှင်တို့သည် အသျှင်သာရိပုတြာအား ပြန်ကြားကုန်၏။ ထိုအခါ ထိုအသျှင်တို့သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေကြကုန်သည်ရှိသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား—

“အသျှင်ဘုရား ဤသာသနာတော်၌ အသျှင်ရေဝတနှင့် အသျှင်အာနန္ဒာတို့သည် တပည့်တော်အထံသို့ တရားနာခြင်းငှါ ချဉ်းကပ်ပါကုန်၏။ အသျှင်ဘုရား တပည့်တော်သည် အဝေးမှလာသော အသျှင်ရေဝတနှင့် အသျှင်အာနန္ဒာတို့ကို မြင်၍ အသျှင်အာနန္ဒာအား 'အသျှင်အာနန္ဒာ လာပါလော့၊ မြတ်စွာဘုရား၏ အလုပ်အကျွေးဖြစ်၍ မြတ်စွာဘုရား၏အနီး၌ ကျက်စားသော အသျှင်အာနန္ဒာ၏လာခြင်းသည် ကောင်းသော်လာခြင်းပေတည်း။ ငါ့သျှင် အာနန္ဒာ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ်ပွင့်ကုန်၏၊ နတ်၌ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်အာနန္ဒာ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း'ဟု ပြောဆို မေးမြန်းပါသည်။ အသျှင်ဘုရား ဤသို့မေးမြန်းသော် အသျှင်အာနန္ဒာသည် တပည့်တော်အား 'ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် များသော အကြားအမြင်ရှိ၏၊ နာကြားထားသော တရားကိုဆောင်၏။ပ။ကိန်းဝပ်မှု

http://www.dhammadownload.com



'အနုသယ'ကို ပယ်ခွါခြင်းငှါ တရားဟောကြား၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏'ဟု ပြောဆိုပါသည်"ဟု(လျှောက်၏)။

သာရိပုတြာ ကောင်း၏၊ ကောင်း၏၊ အာနန္ဒာသည် ကောင်းစွာဖြေကြားသော် ယင်းအတိုင်း သာလျှင် ဖြေကြားရာ၏။ သာရိပုတြာ (မှန်၏)၊ အာနန္ဒာသည် များသော အကြားအမြင်ရှိ၏၊ နာကြားထားသောတရားကို ဆောင်၏၊ နာကြားထားသောတရားကို ဆည်းပူး၏။ အကြင်တရား တို့သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိကုန်၏၊ အနက် သဒ္ဒါနှင့်လည်း ပြည့်စုံကုန်၏၊ အလုံးစုံထက်ဝန်းကျင်မှ ပြည့်ဝလုံလောက်သည့် စင်ကြယ်သော မြတ်သောအကျင့်ကိုလည်း ညွှန်းပြကုန်၏၊ ထိုအာနန္ဒာသည် ထိုသို့သဘောရှိကုန်သော တရား တို့ကို များစွာ နာကြားထားကုန်၏၊(နှုတ်တက်) ဆောင်ထားကုန်၏၊ နှုတ်ဖြင့် သရဇ္ဈာယ်ထား ကုန်၏၊ စိတ်ဖြင့် ကြံစည်ထားကုန်၏၊ ဉာဏ်အမြင်ဖြင့် ကောင်းစွာ ထိုးထွင်း၍ သိထားကုန်၏။ ထိုအာနန္ဒာသည် ပရိသတ်လေးပါးတို့အား အက္ခရာပြည့်စုံ ပြီပြင်ကုန်သော စကားစဉ် မပြတ်ကုန် သော ပုဒ်ဗျည်းတို့ဖြင့် ကိန်းဝပ်မှု 'အနုသယ'ကို ပယ်ခွါခြင်းငှါ တရား ဟောကြား၏ ဟု (မိန့်တော် မူ၏)။

၃၄၀။ အသျှင်ဘုရား ဤသို့ဆိုသော် တပည့်တော်သည် အသျှင်ရေဝတအား "ငါ့သျှင် ရေဝတ အသျှင်အာနန္ဒာသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်ရေဝတကို ယခုမေးပါကုန်အံ့၊ 'ငါ့သျှင် ရေဝတ ဂေါသိင်္ဂမည်သော အင်ကြင်းတော သည် မွေ့လျော်ဖွယ်ရှိ၏၊ ညဉ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်ရေဝတ အဘယ် ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း" ဟု ပြောဆို မေးမြန်းပြန်ပါသည်။

"အသျှင်ဘုရား ဤသို့မေးမြန်းသော် အသျှင်ရေဝတသည် တပည့်တော်အား 'ငါ့သျှင်သာရိ ပုတြာ ဤသာသနာတော်၌ ရဟန်းသည် တပါးထည်းတည်း ကိန်းအောင်းခြင်းလျှင် မွေ့လျော်မှု ရှိ၏။ တပါးထည်းတည်း ကိန်းအောင်းရာ၌ ပျော်ပိုက်၏၊ မိမိစိတ်၏ ငြိမ်းအေးမှု၌ မပြတ် အားထုတ်လျက်ရှိ၏၊ စျာန်ကိုဖျက်ဆီးခြင်းမရှိ၊ ဝိပဿနာ(ဉာဏ်)နှင့်ပြည့်စုံ၏၊ ဆိတ်ငြိမ်ရာတို့ကို လည်း ပွါးစေ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သောရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်း တောသည် တင့်တယ်နိုင်ရာ၏' ဟု ပြောဆိုပြန်ပါသည်" ဟု (လျှောက်၏)။

သာရိပုတြာ ကောင်း၏၊ကောင်း၏၊ ရေဝတသည် ကောင်းစွာဖြေကြားသော် ယင်းအတိုင်း သာလျှင် ဖြေကြားရာ၏။ သာရိပုတြာ (မှန်၏)။ ရေဝတသည် တပါးထည်းတည်း ကိန်းအောင်းခြင်း လျှင် မွေ့လျော်မှုရှိ၏၊ တပါးထည်းတည်းကိန်းအောင်းရာ၌ ပျော်ပိုက်၏၊ မိမိစိတ်၏ ငြိမ်းအေးမှု၌ မပြတ်အားထုတ်လျက် ရှိ၏၊စျာန်ကိုဖျက်ဆီးခြင်း မရှိ၊ဝိပဿနာ(ဉာဏ်)နှင့်ပြည့်စုံ၏၊ ဆိတ်ငြိမ်ရာ တို့ကို ပွါးစေ၏ ဟု (မိန့်တော်မူ၏)။

၃၄၁။ အသျှင်ဘုရား ဤသို့ဆိုသော် တပည့်တော်သည် အသျှင်အနုရုဒ္ဓါအား "ငါ့သျှင် အနုရုဒ္ဓါ အသျှင်ရေဝတသည်။ပ။ ငါ့သျှင်အနုရုဒ္ဓါ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂ မည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း"ဟု ပြောဆို မေးမြန်းပြန်ပါသည်။

http://www.dhammadownload.com



"အသျှင်ဘုရား ဤသို့ မေးမြန်းသော် အသျှင်အနုရုဒ္ဓါသည် တပည့်တော်အား 'ငါ့သျှင် သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ဉာဏ်မျက်စိ'ဒိဗ္ဗစက္ခု'ဖြင့်လောကဓာတ်အထောင်ကို ကြည့် နိုင်၏။ ငါ့သျှင်သာရိပုတြာ ဥပမာသော်ကား ပညာမျက်စိအမြင်ရှိသော ယောကျ်ားသည်။ပ။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သောရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ် နိုင်ရာ၏' ဟု ပြောဆိုပါသည်" ဟု (လျှောက်၏)။

သာရိပုတြာ ကောင်း၏၊ကောင်း၏၊ အနုရုဒ္ဓါသည် ကောင်းစွာဖြေကြားသော် ယင်းအတိုင်း သာလျှင် ဖြေကြားရာ၏။ သာရိပုတြာ (မှန်၏)။ အနုရုဒ္ဓါသည် လူတို့၏ မျက်စိအမြင်ထက် သာလွန်သော နတ်တို့၏ မျက်စိအမြင်နှင့်တူသော ဉာဏ်မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် လောကဓာတ် အထောင်ကို ကြည့်နိုင်၏ ဟု (မိန့်တော်မူ၏)။

၃၄၂။ အသျှင်ဘုရား ဤသို့ဆိုသော် တပည့်တော်သည် အသျှင်မဟာကဿပအား "ငါ့သျှင် ကဿပ အသျှင်အနုရုဒ္ဓါသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်မဟာကဿပကို ယခုမေးကုန်အံ့။ပ။ ငါ့သျှင်ကဿပ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း" ဟု မေးမြန်းပြန်ပါ၏။

"အသျှင်ဘုရား ဤသို့ မေးမြန်းသော် အသျှင်မဟာကဿပသည် တပည့်တော်အား 'ငါ့သျှင် သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် မိမိလည်း အရညကင် ဓုတင်ဆောင်ဖြစ်၍ အရညကင်ဓုတင်ဆောင်ခြင်း၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏၊ မိမိလည်း ပိဏ္ဍပါတ် ဓုတင်ဆောင် ၍။ပ။ မိမိလည်းပံသုကူဓုတင်ဆောင်၍။ပ။ မိမိလည်း တိစီဝရိက် ဓုတင်ဆောင်၍။ပ။ မိမိလည်း အလိုနည်းသူဖြစ်၍။ပ။ မိမိလည်း ရောင့်ရဲလွယ်သူဖြစ်၍။ပ။ မိမိလည်း ကိလေသာတို့မှ ကင်းဆိတ် ခြင်းရှိသူဖြစ်၍။ပ။မိမိလည်း ရောနှောခြင်း မရှိသူဖြစ်၍။ပ။ မိမိလည်း အားထုတ်ခြင်းလုံ့လရှိသူ ဖြစ်၍။ပ။မိမိလည်း အကျင့်သီလနှင့် ပြည့်စုံသူဖြစ်၍။ပ။ မိမိလည်း တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံ သူဖြစ်၍။ပ။ မိမိလည်း အထူးသိခြင်း'ပညာ'နှင့် ပြည့်စုံသူဖြစ်၍။ပ။ မိမိလည်း လွတ်မြောက်ခြင်း 'အရိယဖိုလ်' နှင့် ပြည့်စုံသူဖြစ်၍။ပ။ မိမိလည်း လွတ်မြောက်ခြင်း 'အရိယဖိုလ်'ကိုသိမြင်ခြင်း (ဆင်ခြင်ဉာဏ်)နှင့် ပြည့်စုံသူဖြစ်၍ လွတ်မြောက်ခြင်း'အရိယဖိုလ်'ကို သိမြင်ခြင်း (ဆင်ခြင်ဉာဏ်) နှင့်ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သောအင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏'ဟု ပြောဆိုပါသည်"ဟု (လျှောက်၏)။

သာရိပုတြာ ကောင်း၏၊ကောင်း၏၊ ကဿပသည် ကောင်းစွာ ဖြေကြားသော် ယင်းအတိုင်း သာလျှင် ဖြေကြားရာ၏။သာရိပုတြာ(မှန်၏)။ ကဿပသည် မိမိလည်း အရညကင် ဓုတင်ဆောင် ဖြစ်၍ အရညကင်ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ပိဏ္ဍပါတ်ဓုတင် ဆောင်၍ ပိဏ္ဍပါတ်ဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ပံသုကူဓုတင် ဆောင်၍ ပံသုကူဓုတင်ဆောင်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။မိမိလည်း တိစီဝရိက်ဓုတင် ဆောင်၍တိစီဝရိက်ဓုတင်ဆောင်ခြင်း၏ဂုဏ်ကိုလည်းပြောဆိုလေ့ရှိ၏။မိမိလည်းအလိုနည်းသူဖြစ်၍ အလိုနည်းခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်းရောင့်ရဲလွယ်သူဖြစ်၍ ရောင့်ရဲလွယ် ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ကိလေသာတို့မှ ကင်းဆိတ်သူဖြစ်၍ ကိလေသာ တို့မှ ကင်းဆိတ်ခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း ရောနှောခြင်းမရှိသူဖြစ်၍

http://www.dhammadownload.com



မရောနှောခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း အားထုတ်ခြင်း လုံ့လရှိသူဖြစ်၍ အားထုတ်ခြင်းလုံ့လ၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း အကျင့်သီလနှင့်ပြည့်စုံသူဖြစ်၍ အကျင့်သီလနှင့် ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း တည်တံ့ခြင်း 'သမာဓိ' နှင့် ပြည့်စုံသူဖြစ်၍ တည်တံ့ခြင်း 'သမာဓိ' နှင့် ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း အထူးသိခြင်း 'ပညာ' နှင့် ပြည့်စုံသူဖြစ်၍ အထူးသိခြင်း 'ပညာ' နှင့် ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း လွတ်မြောက်ခြင်း 'အရိယဖိုလ်' နှင့် ပြည့်စုံသူဖြစ်၍ လွတ်မြောက်ခြင်း 'အရိယဖိုလ်' နှင့် ပြည့်စုံခြင်း၏ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏။ မိမိလည်း လွတ်မြောက်ခြင်း 'အရိယဖိုလ်' ကို သိမြင်ခြင်း (ဆင်ခြင်ဉာဏ်) နှင့် ပြည့်စုံသူဖြစ်၍ လွတ်မြောက်ခြင်း 'အရိယဖိုလ်' ကို သိမြင်ခြင်း (ဆင်ခြင်ဉာဏ်) နှင့် ပြည့်စုံခြင်း၏ ဂုဏ်ကိုလည်း ပြောဆိုလေ့ရှိ၏ ဟု (မိန့်တော်မူ၏)။

၃၄၃။ အသျှင်ဘုရား ဤသို့ဆိုသော် တပည့်တော်သည် အသျှင်မဟာမောဂ္ဂလာန်အား— "ငါ့သျှင်မောဂ္ဂလာန် အသျှင်မဟာကဿပသည် မိမိထင်မြင်ချက်အတိုင်း ဖြေကြားလေပြီ။ ထိုအချက်၌ ငါတို့သည် အသျှင်မဟာမောဂ္ဂလာန်ကို ယခုမေးကုန်အံ့။ ပ။ ငါ့သျှင်မောဂ္ဂလာန် အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း" ဟု ပြောဆို မေးမြန်းပြန်ပါသည်။ အသျှင်ဘုရား ဤသို့မေးမြန်းသော် အသျှင်မဟာမောဂ္ဂလာန်သည် တပည့်တော်အား 'ငါ့သျှင်သာရိပုတြာ ဤသာသနာတော်၌ ရဟန်းနှစ်ပါးတို့သည် အဘိဓမ္မာစကားကို ပြောဆိုကုန်၏၊ ထိုရဟန်းတို့သည် အချင်းချင်း ပြဿနာကိုလည်း မေးကြကုန်၏၊ အချင်းချင်းမေးအပ်သော ပြဿနာကိုလည်း ဖြေကြကုန်၏၊ မေးရန် ဖြေရန် မစွမ်းနိုင်သည်မဟုတ်ကုန်၊ ထိုရဟန်းတို့အား တရားနှင့်စပ်သော စကားသည်လည်း မပြတ် ဖြစ်ခြင်းရှိ၏။ ငါ့သျှင်သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏' ဟု ပြောဆိုပါသည်" ဟု (လျှောက်၏)။

သာရိပုတြာ ကောင်း၏၊ ကောင်း၏၊ မောဂ္ဂလာန်သည် ကောင်းစွာ ဖြေကြားသော် ယင်းအတိုင်းသာလျှင် ဖြေကြားရာ၏၊ သာရိပုတြာ (မှန်၏)၊ မောဂ္ဂလာန်သည် တရားကို ဟောကြားပြောဆိုတတ်သူ 'ဓမ္မကထိက' တည်းဟု (မိန့်တော်မူ၏)။

၃၄၄။ ဤသို့ မိန့်ကြားသော် အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားအား "အသျှင်ဘုရား ထိုအခါ တပည့်တော်သည် အသျှင်သာရိပုတြာအား—

"ငါ့သျှင်သာရိပုတြာ ငါတို့အားလုံးပင် မိမိထင်မြင်ချက်အတိုင်း ဖြေကြားခဲ့ကြပြီ။ ထိုအချက်၌ တပည့်တော်တို့သည် အသျှင်သာရိပုတြာကို ယခုမေးကုန်အံ့၊ ငါ့သျှင်သာရိပုတြာ ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် မွေ့လျော်ဖွယ်ရှိ၏၊ ညဥ့်သည် အပြစ်တို့မှ ကင်း၏၊ အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်ကုန်၏၊ နတ်၌ဖြစ်ကုန်သော ပန်းရနံ့တို့ကဲ့သို့ ကြိုင်လှိုင်ကုန်၏။ ငါ့သျှင်သာရိပုတြာ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း" ဟု ပြောဆို မေးမြန်း ပြန်ပါသည်။

အသျှင်ဘုရား ဤသို့ မေးမြန်းသော် အသျှင်သာရိပုတြာသည် တပည့်တော်အား 'ငါ့သျှင်မောဂ္ဂလာန် ဤသာသနာတော်၌ ရဟန်းသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ ရဟန်းသည် စိတ်၏ အလိုအတိုင်း မဖြစ်ပေ။ ထိုရဟန်းသည် နံနက်အချိန်၌ မိမိနေလိုရာ သမာပတ်ဖြင့် နေနိုင်၏။

http://www.dhammadownload.com



နေ့လယ် 'မွန်းတည့်' အချိန်၌ မိမိနေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ ညနေချမ်းအချိန်၌ မိမိနေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ ငါ့သျှင်မောဂ္ဂလာန် ဥပမာသော်ကား မင်း မင်းအမတ်ကြီးတို့၏ ပုဆိုးသေတ္တာသည် အမျိုးမျိုးဆိုးထားသော ပုဆိုးတို့ဖြင့် ပြည့်လျက်ရှိရာ၏၊ ထိုမင်း မင်းအမတ်ကြီးသည် နံနက်အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို နံနက်အချိန်၌သာ ဝတ်ရုံရာ၏။ နေ့လယ် 'မွန်းတည့်' အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို နေ့လယ် 'မွန်းတည့်' အချိန်၌သာ ဝတ်ရုံရာ၏။ ညနေချမ်းအချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို ညနေချမ်းအချိန်၌သာ ဝတ်ရုံရာ၏။ ငါ့သျှင်မောဂ္ဂလာန် ဤအတူပင်လျှင် ရဟန်းသည် စိတ်ကိုမိမိအလိုအတိုင်း ဖြစ်စေ၏၊ ရဟန်းသည် စိတ်၏ အလိုအတိုင်း မဖြစ်ပေ။ ထိုရဟန်းသည် နံနက်အချိန်၌ နေလိုရာသမာပတ်ဖြင့် နေနိုင်၏။ နေ့လယ် 'မွန်းတည့်' အချိန်၌ နေလိုရာသမာပတ်ဖြင့် နေနိုင်၏။ ညနေချမ်းအချိန်၌ နေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ ငါ့သျှင်မောဂ္ဂလာန် ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏' ဟု ပြောဆိုပါသည်" ဟု (လျှောက်၏)။

မောဂ္ဂလာန် ကောင်း၏၊ ကောင်း၏၊ သာရိပုတြာသည် ကောင်းစွာဖြေကြားသော် ယင်းအတိုင်း သာလျှင် ဖြေကြားရာ၏။ မောဂ္ဂလာန် (မှန်၏) ၉ သာရိပုတြာသည် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏၊ သာရိပုတြာသည် စိတ်၏အလိုအတိုင်း မဖြစ်ပေ။ ထိုသာရိပုတြာသည် နံနက်အချိန်၌ နေလိုရာ သမာပတ်ဖြင့် နေနိုင်၏။ နေ့လယ် 'မွန်းတည့်' အချိန်၌ နေလိုရာသမာပတ်ဖြင့် နေနိုင်၏။ ညနေချမ်းအချိန်၌ နေလိုရာသမာပတ်ဖြင့် နေနိုင်၏ဟု (မိန့်တော်မူ၏)။

၃၄၅။ ဤသို့ မိန့်ကြားတော်မူသော် အသျှင်သာရိပုတြာသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သူ၏ စကားသည် ကောင်းစွာ ဆိုအပ်သော စကားပါနည်း" ဟု လျှောက်၏။ သာရိပုတြာ သင်တို့အားလုံး၏ စကားသည် အကြောင်း 'ပရိယာယ်' အားဖြင့် ကောင်းစွာဆိုအပ်သော စကားချည်းပေတည်း။ သို့သော်လည်း ငါ၏စကားကိုလည်း နာကြဦးလော့၊ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာသနည်း ဆိုသော် သာရိပုတြာ ဤ သာသနာတော်၌ ရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ် ဖွဲ့ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ (ကမ္မဋ္ဌာန်းသို့) ရှေးရှု (သတိကို) ဖြစ်စေလျက် "အကြင်မျှလောက် ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်သေး၊ ထိုမျှလောက် ငါသည် ဤထက်ဝယ်ဖွဲ့ခွေ နေခြင်းကို မဖျက်တော့အံ့" ဟု အဓိဋ္ဌာန်၍ ထိုင်နေ၏။ သာရိပုတြာ ဤကဲ့သို့သော ရဟန်းဖြင့် ဂေါသိင်္ဂမည်သော အင်ကြင်းတောသည် တင့်တယ်နိုင်ရာ၏ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သော တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

နှစ်ခုမြောက် မဟာဂေါသိင်္ဂသုတ် ပြီး၏။

---

## ၃-မဟာဂေါပါလကသုတ်

၃၄၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါမြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု

http://www.dhammadownload.com



ခေါ်တော်မူ၏။ ထိုရဟန်းတို့က "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား ကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူ၏။

ရဟန်းတို့ အင်္ဂါတဆယ့်တပါးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို စောင့်ထိန်းရန် တိုးပွါးအောင်ပြုရန် မစွမ်းနိုင်ပေ။ အဘယ်တဆယ့်တပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ နွားကျောင်းသားသည် ရုပ်အဆင်းကိုမသိပေ၊ အမှတ်လက္ခဏာ၌လည်း မလိမ္မာပေ၊ ယင်ချေးဥ တိုးပွါးသည်ကိုလည်း မပယ်ဖျောက်ပေ၊ အနာကိုလည်း ဆေးထည့်ပြီး မဖုံးလွှမ်းပေ၊ မီးခိုးကိုလည်း မပြုပေ၊ ရေဆိပ်ကိုလည်း မသိပေ၊ ရေသောက်ပြီးသည် မပြီးသည်ကိုလည်း မသိပေ၊ လမ်းခရီးကိုလည်း မသိပေ၊ ကျက်စားရာ စားကျက်၌လည်း မလိမ္မာပေ၊ နို့ကိုလည်း အကြွင်းမဲ့ ညှစ်ပေ၏၊ နွားတို့၏အဖ နွားတို့၏ဦးစီးဖြစ်သော နွားဥသဘတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့်လည်း မပူဇော်ပေ။ ရဟန်းတို့ ဤအင်္ဂါ တဆယ့်တပါးနှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအပေါင်းကို စောင့်ထိန်းရန် တိုးပွါးအောင်ပြုရန် မစွမ်းနိုင်ပေ။

ရဟန်းတို့ ဤအတူပင် တရားတဆယ့်တပါးတို့နှင့်ပြည့်စုံသော ရဟန်းသည် သာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် မစွမ်းနိုင်ပေ။ အဘယ်တဆယ့်တပါးတို့ နည်းဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အဆင်းကိုလည်း မသိပေ၊ အမှတ်လက္ခဏာတို့၌လည်း မလိမ္မာပေ၊ ယင်ချေးဥ တိုးပွါးသည်ကိုလည်း မပယ်ဖျောက်ပေ၊ အနာကိုမဖုံးလွှမ်းပေ၊ မီးခိုးကိုလည်း မပြုပေ၊ ရေဆိပ်ကိုလည်း မသိပေ၊ ရေသောက်ပြီးသည် မပြီးသည်ကိုလည်း မသိပေ၊ လမ်းခရီးကိုလည်း မသိပေ၊ ကျက်စားရာစားကျက်၌လည်း မလိမ္မာပေ၊နို့ရည်ကိုလည်း အကြွင်းမဲ့ အကုန်ညှစ်ပေ၏၊ ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့ကိုလည်း လွန်မြတ်သော ပူဇော်ခြင်းဖြင့် မပူဇော်ကြကုန်။

၃၄၇။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ရုပ်အဆင်းကို မသိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "မဟာဘုတ်လေးပါးနှင့် မဟာဘုတ်လေးပါးကို စွဲ၍ဖြစ်သော 'ဥပါဒါ' ရုပ် ဟူသော ရုပ်အားလုံးကို"အမှန်အတိုင်းခွဲခြား၍ မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရုပ်ကို မသိပေ။ (၁)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အမှတ်လက္ခဏာ၌ မလိမ္မာသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "လူမိုက်ဟူသည် မကောင်းမှုသာလျှင် မှတ်ကြောင်းရှိ၏၊ လူလိမ္မာဟူသည် ကောင်းမှုသာလျှင် မှတ်ကြောင်းရှိ၏"ဟု အမှန်အတိုင်းခွဲခြား၍မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အမှတ်လက္ခဏာ၌ မလိမ္မာပေ။ (၂)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ယင်ချေးဥ တိုးပွါးသည်ကို မပယ်ဖျောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်'ကို လက်ခံ၏၊ မပယ်စွန့်၊ မပယ်ဖျောက်၊ မပယ်ဖျက်၊ မရှိခြင်းသို့ မဆောက်စေ။ ဖြစ်ပေါ်လာသော ပျက်စီးစေရန် ကြံစည်ခြင်း 'ဗျာပါဒ' ဝိတက်ကို။ပ။ ဖြစ်ပေါ်လာသော ညှဉ်းဆဲရန် ကြံစည်ခြင်း 'ဝိဟိံသာ' ဝိတက်ကို။ပ။ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်တရားယုတ်တို့ကို

http://www.dhammadownload.com



လက်ခံ၏၊ မပယ်စွန့်၊ မပယ်ဖျောက်၊ မပယ်ဖျက်၊ မရှိခြင်းသို့ မရောက်စေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ယင်ချေးဥ တိုးပွါးသည်ကို မပယ်ဖျောက်ပေ။ (၃)

ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် အနာကိုမဖုံးလွှမ်းသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် (ယောကျ်ားမိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသော)အမှတ်လက္ခဏာငယ်ကို စွဲယူလေ့ရှိ၏၊ အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ မပြုကျင့်၊ စက္ခုန္ဒြေကို မစောင့်ရှောက်၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။

နားဖြင့် သဒ္ဒါရုံကိုကြားသော်။ပ။နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ပ။လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ပ။စိတ်ဖြင့် ဓမ္မာရုံကို သိသော်(ယောကျ်ားမိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့ရှိ၏၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်ကို စွဲယူလေ့ရှိ၏၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ မပြုကျင့်၊ မနိန္ဒြေကို မစောင့်ရှောက်၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ မရောက်။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနာကို မဖုံးလွှမ်းပေ။ (၄)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မီးခိုးကို မပြုသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နာကြား သင်ယူထားသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးကို မဟောကြား။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် တရားဟောခြင်းဟူသော မီးခိုးကိုမပြုပေ။ (၅)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရေဆိပ်ကို မသိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြားအမြင်များကုန်သော ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်သော ဓမ္မဝိနယကို ဆောင်ကုန်သော ပါတိမောက်ကိုဆောင်ကုန်သော ရဟန်းတို့သို့ အခါအားလျော်စွာ ချဉ်းကပ်၍ "အသျှင်ဘုရား ဤသဒ္ဒါကား အဘယ်သို့နည်း၊ ဤသဒ္ဒါ၏အနက်ကား အဘယ်သို့နည်း" ဟု ပါဠိ အဋ္ဌကထာကို မမေးမြန်း။ ထိုရဟန်းအား ထိုအသျှင်တို့သည် မပွင့်သောအရာကိုလည်း မဖွင့်ပြကုန်၊ မပေါ်လွင်သောအရာကိုလည်း ပေါ်လွင်အောင် မပြုကုန်၊ များစွာကုန်သော ယုံမှားရာ(ဌာန) တရားတို့၌လည်း ယုံမှားမှုကို မပယ်ဖျောက်ကြကုန်။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရေဆိပ်ကို မသိပေ။ (၆)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရေသောက်ပြီးသည် မပြီးသည်ကို မသိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား ဟောကြားအပ်သော ဓမ္မဝိနယ 'သာသနာတော်'ကို ဟောကြားသော်(အနက်အဓိပ္ပါယ်သိခြင်း) အကျိုးနှင့် စပ်၍ အသိဉာဏ်ကို မရ၊ (စကားကိုသိခြင်း) အကြောင်းနှင့်စပ်၍ အသိဉာဏ်ကို မရ၊ တရားနှင့်စပ်သော ဝမ်းမြောက်ခြင်းကို မရ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရေသောက်ပြီးသည် မပြီးသည်ကို မသိပေ။ (၇)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လမ်းခရီးကို မသိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို အမှန်အတိုင်းခွဲခြား၍ မသိ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လမ်းခရီးကို မသိပေ။ (၈)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကျက်စားရာ စားကျက်၌ မလိမ္မာသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို အမှန်အတိုင်းခွဲခြား၍ မသိ။ ရဟန်းတို့ဤသို့လျှင် ရဟန်းသည် ကျက်စားရာ စားကျက်၌ မလိမ္မာပေ။ (၉)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နို့ရည်ကို အကြွင်းမဲ့ ညှစ်တတ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို သဒ္ဓါတရားရှိသော ဒါယကာတို့က ရွေးရှုဆောင်၍ ဖိတ်ကြားလာသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင် ပစ္စည်းတို့၌ ရဟန်းသည် ခံယူခြင်း၏ အတိုင်းအရှည်ကို မသိ။ ရဟန်းတို့ ဤ သို့ လျှင် ရဟန်းသည် နို့ရည်ကို အကြွင်းမဲ့ ညှစ်သည် မည်ပေ၏။ (၁၀)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့် မပူဇော်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်ကြသော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီး ရဟန်းတို့၌ ကာယကံ မေတ္တာကို မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း မဖြစ်စေ။ ဝစီကံ မေတ္တာကိုလည်း မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း မဖြစ်စေ။ မနောကံမေတ္တာကိုလည်း မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း မဖြစ်စေ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့ကို လွန်မြတ်သော ပူဇော်ခြင်းဖြင့် မပူဇော်ပေ။ (၁၁)

ရဟန်းတို့ ဤတရားတဆယ့်တပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် မစွမ်းနိုင်။

၃၄၈။ ရဟန်းတို့ အင်္ဂါတဆယ့်တပါးတို့နှင့်ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို စောင့်ထိန်းရန် တိုးပွါးအောင်ပြုရန် စွမ်းနိုင်၏။ အဘယ်တဆယ့်တပါးတို့နည်း ဟူမူ—ရဟန်းတို့ ဤလောက၌ နွားကျောင်းသားသည် ရုပ်အဆင်းကို သိပေ၏၊ အမှတ်လက္ခဏာ၌လည်း လိမ္မာပေ၏၊ ယင်ချေးဥ တိုးပွါးသည်ကိုလည်း ပယ်ဖျောက်ပေ၏၊ အနာကိုလည်း ဖုံးလွှမ်းပေ၏၊ မီးခိုးကိုလည်း ပြုပေ၏၊ ရေဆိပ်ကိုလည်း သိပေ၏၊ ရေသောက်ပြီးသည် မပြီးသည်ကိုလည်း သိပေ၏၊ လမ်းခရီး ဟုတ်မဟုတ်ကိုလည်း သိပေ၏၊ ကျက်စားရာ စားကျက်၌လည်း လိမ္မာပေ၏၊ (နို့ရည်ကို) အကြွင်းထား၍ ညှစ်ပေ၏၊ နွားတို့၏ အဖ နွားတို့၏ ဦးစီးဖြစ်သော နွားလားဥသဘတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့်လည်း ပူဇော်ပေ၏။ ရဟန်းတို့ ဤအင်္ဂါ တဆယ့်တပါးတို့နှင့် ပြည့်စုံသော နွားကျောင်းသားသည် နွားအုပ်ကို စောင့်ထိန်းရန် တိုးပွါးအောင်ပြုရန် စွမ်းနိုင်ပေ၏။

ရဟန်းတို့ ဤအတူပင်လျှင် တရားတဆယ့်တပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် ဤသာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန် စွမ်းနိုင်ပေ၏။ အဘယ်တဆယ့်တပါး တို့နည်း ဟူမူ—ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အဆင်းကို သိပေ၏၊ အမှတ်

http://www.dhammadownload.com



လက္ခဏာ၌လည်း လိမ္မာ၏၊ ယင်ချေးဥ တိုးပွါးသည်ကိုလည်း ပယ်ဖျောက်ပေ၏၊ အနာကိုလည်း ဖုံးလွှမ်းပေ၏၊ မီးခိုးကိုလည်း ပြုပေ၏၊ ရေဆိပ်ကိုလည်း သိပေ၏၊ ရေသောက်ပြီးသည်မပြီးသည်ကို လည်းသိပေ၏၊ လမ်းခရီးဟုတ်မဟုတ်ကိုလည်း သိပေ၏၊ ကျက်စားရာ စားကျက်၌လည်း လိမ္မာပေ၏၊ နို့ရည်ကိုလည်း အကြွင်းထား၍ညှစ်ပေ၏၊ ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ ဦးစီးဖြစ်သောထေရ်ကြီး ရဟန်းတို့ကိုလည်း လွန်ကဲသောပူဇော်ခြင်းဖြင့် ပူဇော်ပေ၏။

၃၄၉။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အဆင်းကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "မဟာဘုတ်လေးပါးနှင့် မဟာဘုတ် လေးပါးကိုစွဲ၍ဖြစ်သော 'ဥပါဒါ' ရုပ်ဟူသော ရုပ်အားလုံးတို့ကို" အမှန်အတိုင်း ခွဲခြား၍သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရုပ်အဆင်းကို သိပေ၏။ (၁)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အမှတ်လက္ခဏာ၌ လိမ္မာသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "သူမိုက်ဟူသည် မကောင်းမှုသာလျှင် မှတ်ကြောင်းရှိ၏ လူလိမ္မာဟူသည် ကောင်းမှုသာလျှင် မှတ်ကြောင်းရှိ၏" ဟု အမှန်အတိုင်း ခွဲခြား၍သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အမှတ်လက္ခဏာ၌ လိမ္မာ၏။ (၂)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနာ၌ ယင်ချေးဥ တိုးပွါးသည်ကို ပယ်ဖျောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်လာသော ကာမဂုဏ်၌ ကြံစည်ခြင်း 'ကာမဝိတက်'ကို လက်မခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ပယ်ဖျက်၏၊ မရှိခြင်းသို့ ရောက်စေ၏။ ဖြစ်ပေါ်လာသော ပျက်စီးစေရန် ကြံစည်ခြင်း 'ဗျာပါဒ' ဝိတက်ကို။ပ။ ဖြစ်ပေါ်လာသော ညှဉ်းဆဲရန် ကြံစည်ခြင်း 'ဝိဟိံသာ' ဝိတက် ကို။ပ။ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်တရားယုတ်တို့ကို လက်မခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ပယ်ဖျက်၏၊ မရှိခြင်းသို့ ရောက်စေ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနာ၌ ယင်းချေးဥ တိုးပွါးသည်ကို ပယ်ဖျောက်ပေ၏။ (၃)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အနာကို ဖုံးလွှမ်းသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် (ယောကျ်ားမိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့ မရှိ၊ (လက်ခြေစသော) အမှတ်လက္ခဏာငယ်တို့ကို စွဲယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက်၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် သဒ္ဒါရုံကို ကြားသော်။ပ။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော်။ပ။ လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ပ။စိတ်ဖြင့် ဓမ္မာရုံကို သိသော် (ယောကျ်ားမိန်းမ)ဟူသော အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ လက်ခြေစသော အမှတ်လက္ခဏာငယ်ကို စွဲယူလေ့မရှိ၊ အကြင်အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကိုစောင့်ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အနာကို ဖုံးလွှမ်းပေ၏။ (၄)

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းတို့သည် မီးခိုးကို ပြုသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နာကြားသင်ယူထားသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတပါးတို့အား ဟောကြား၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (တရားဟောခြင်းဟူသော) မီးခိုးကို ပြုပေ၏။ (၇)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရေဆိပ်ကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြားအမြင်များကုန်သော ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်သော ဓမ္မဝိနယကို ဆောင်ကုန်သော ပါတိမောက်ကို ဆောင်ကုန်သော ရဟန်းတို့သို့ အခါအားလျော်စွာ ချဉ်းကပ်၍ "အသျှင်ဘုရား ဤသဒ္ဒါကား အဘယ်သို့နည်း၊ ဤသဒ္ဒါ၏ အနက်ကား အဘယ်နည်း"ဟု ပါဠိ အဋ္ဌကထာကို မေးမြန်း၏။ ထိုရဟန်းအား ထိုအသျှင်တို့သည် မပွင့်သော အရာကိုလည်း ဖွင့်ပြကုန်၏၊ မပေါ်လွင်သော အရာကိုလည်း ပေါ်လွင်အောင် ပြုကုန်၏၊ များပြားသော ယုံမှားရာ တရားတို့၌ ယုံမှားမှုကို ပယ်ဖျောက်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရေဆိပ်ကို သိပေ၏။ (၈)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရေသောက်ပြီးသည် မပြီးသည်ကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရားဟောကြားအပ်သော ဓမ္မဝိနယ သာသနာတော်ကို ဟောကြားသော် (အနက်အဓိပ္ပါယ်သိခြင်း) အကျိုးနှင့်စပ်၍ အသိဉာဏ်ကို ရ၏၊ (စကားကို သိခြင်း)အကြောင်းနှင့် စပ်၍ အသိဉာဏ်ကို ရ၏၊ တရားနှင့်စပ်သော ဝမ်းမြောက်ခြင်းကို ရ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရေသောက်ပြီးသည် မပြီးသည်ကို သိပေ၏။ (၉)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် လမ်းခရီးဟုတ် မဟုတ်ကို သိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စင်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို အမှန်အတိုင်းခွဲခြား၍ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် လမ်းခရီး ဟုတ် မဟုတ်ကို သိပေ၏။ (၁၀)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကျက်စားရာ စားကျက်၌ လိမ္မာသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို အမှန်အတိုင်းခွဲခြား၍ သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကျက်စားရာ စားကျက်၌ လိမ္မာပေ၏။ (၉)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နို့ရည်ကို အကြွင်းထား၍ ညှစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းကို သဒ္ဓါတရားရှိသော ဒါယကာဘို့က ရွေးရွေးဆောင်၍ ဖိတ်ကြားလာသော သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင် ပစ္စည်းတို့၌ ရဟန်းသည် ခံယူခြင်း၌ အတိုင်းအရှည်ကို သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နို့ ရည်ကို အကြွင်းထား၍ ညှစ်သည် မည်ပေ၏။ (၁၀)

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့် ပူဇော်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီးရဟန်းတို့၌ ကာယကံမေတ္တာကိုလည်း မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ရှေးရှူဖြစ်စေ၏။ ဝစီကံမေတ္တာကိုလည်း မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ရှေးရှူဖြစ်စေ၏။ မနောကံမေတ္တာကိုလည်း မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း ရှေးရှူဖြစ်စေ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရဟန်းဝါရင့်၍ ရဟန်းသက်ရှည်သော သံဃာ့အဖ သံဃာ့ဦးစီး ဖြစ်ကုန်သော ထေရ်ကြီးရဟန်းတို့ကို လွန်ကဲသော ပူဇော်ခြင်းဖြင့် ပူဇော်ပေ၏။ (၁၁)

ရဟန်းတို့ ဤတရားတဆယ့်တပါးတို့နှင့် ပြည့်စုံသော ရဟန်းသည် သာသနာတော်၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ရန်စွမ်းနိုင်၏ ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ ဟောကြားတော်မူအပ်သော တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

သုံးခုမြောက် မဟာဂေါပါလကသုတ် ပြီး၏။

---

## ၄-စူဠဂေါပါလကသုတ်

၃၅၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူ၏။

ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား မဂဓတိုင်းသား ပညာခေတ်ခံမှဲ့သော နွားကျောင်းသားသည် မိုးဥတုတို့၏ နောက်ဆုံးဖြစ်သော တန်ဆောင်မုန်းလ အချိန်အခါ၌ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းကိုလည်း မစူးစမ်း မဆင်ခြင်ပဲ ထိုမှာဘက်ကမ်းကိုလည်း မစူးစမ်း မဆင်ခြင်ပဲ ဆိပ်ကမ်းမဟုတ်ရာ အရပ်ဖြင့်သာလျှင် မြောက်ဘက်ကမ်း ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးမြောက်စေ၏။ ရဟန်းတို့ ထိုအခါ နွားတို့သည် ဂင်္ဂါမြစ်၏ အလယ် ရေအယဉ်၌ ချာချာလည်၍ ထိုရေအယဉ်၌သာလျှင် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ထိုသို့ ပျက်စီးခြင်းသို့ ရောက်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုမဂဓတိုင်းသား ပညာခေတ်ခံမှဲ့သော နွားကျောင်းသားသည် မိုးဥတုတို့၏ နောက်ဆုံး တန်ဆောင်မုန်းလအခါ၌ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းကိုလည်း မစူးစမ်း မဆင်ခြင်ပဲ ထိုမှာဘက်ကမ်းကိုလည်း မစူးစမ်း မဆင်ခြင်ပဲ ဆိပ်ကမ်းမဟုတ်ရာ အရပ်ဖြင့်သာလျှင် မြောက်ဘက်ကမ်း ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးစေသောကြောင့်တည်း။

ရဟန်းတို့ ဤအတူပင်လျှင် ဤလောက၌ မလိမ္မာကုန်သော တမလွန်လောက၌ မလိမ္မာကုန်သော မာရ်၏တည်ရာ ဘုံသုံးပါးတရား၌ မလိမ္မာကုန်သော မာရ်၏ တည်ရာမဟုတ်ရာ(လောကုတ္တရာတရား)၌ မလိမ္မာကုန်သော သေခြင်း မစ္စုမာရ်၏ တည်ရာ ဘုံသုံးပါးတရား၌ မလိမ္မာကုန်သော သေခြင်း မစ္စုမာရ်၏ တည်ရာမဟုတ်ရာ(လောကုတ္တရာတရား)၌ မလိမ္မာကုန်သော သမဏဗြာဟ္မဏ အချို့တို့၏(စကားကို)နာယူထိုက်၏၊ယုံကြည်ထိုက်၏ ဟု ထင်မှတ်နေသူများအား ထိုသို့ ထင်မှတ်ခြင်းသည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့။

၃၅၁။ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား မဂဓတိုင်းသား ပညာခေတ်ခံရှိသော နွားကျောင်းသားသည် မိုးဥတုတို့၏ နောက်ဆုံး တန်ဆောင်မုန်းလ အခါ၌ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်း

http://www.dhammadownload.com



ကိုလည်း စူးစမ်းဆင်ခြင်၍ ထိုမှာဘက်ကမ်းကိုလည်း စူးစမ်းဆင်ခြင်၍ ဆိပ်ကမ်းဖြင့်သာလျှင် မြောက်ဘက်ကမ်း ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးစေ၏၊ ထိုနွားကျောင်းသားသည် နွားတို့၏ အဖ နွားတို့၏ ဦးစီးဖြစ်သော နွားလားဥသဘတို့ကို ရှေးဦးစွာ ကူးမြောက်စေ၏၊ ထိုနွားလား ဥသဘတို့သည် ဂင်္ဂါမြစ်၏ ရေအယဉ်ကို ဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်၏။ ထို့နောက် အခြားအားကောင်းသော နွားနှင့်နွားသိုးတို့ကို ကူးမြောက်စေပြန်၏၊ ထိုနွားတို့သည်လည်း ဖီလာကန့်လန့် ဂင်္ဂါမြစ်ရေအယဉ်ကို ဖြတ်၍ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်၏။ ထို့နောက် အခြားနွားပေါက်နှင့် နွားမတန်းတို့ကို ကူးမြောက်စေပြန်၏၊ ထိုနွားတို့သည်လည်း ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်၏။ ထို့နောက် အခြားနွားငယ် ကလေးတို့ကိုရင်း ပိန်ကြုံအားနည်းသော နွားတို့ကို ရင်း ကူးမြောက်စေပြန်၏၊ ထိုနွားတို့သည်လည်း ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်၏။

ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား ထိုနေ့ပေါက်ဖွားသည့် နုနယ်လှသော နွားသားငယ်သည် အမိနွားမ၏ ရှူးရှူးအသံဟူသော အမှတ်သညာဖြင့် မျောကူး၏၊ ထိုနွားသားငယ်သည်လည်း ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ရောက်၏။ ထိုသို့ ရောက်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုမဂဓတိုင်းသား ပညာဓာတ်ခံရှိသော နွားကျောင်းသားသည် မိုးဥတုတို့၏ နောက်ဆုံး တန်ဆောင်မုန်းလအခါ၌ ဂင်္ဂါမြစ်၏ ဤမှာ ဘက်ကမ်းကိုလည်း စူးစမ်းခြင်ဆင်၍ ထိုမှာဘက်ကမ်းကိုလည်း စူးစမ်းဆင်ခြင်၍ ဆိပ်ကမ်းဖြင့် သာလျှင် မြောက်ဘက်ကမ်း ဝိဒေဟတိုင်းသို့ နွားတို့ကို ကူးမြောက်စေသောကြောင့်တည်း။

ရဟန်းတို့ ဤအတူပင်လျှင် ဤလောက၌ လိမ္မာကုန်သော တမလွန်လောက၌ လိမ္မာကုန်သော မာရ်၏တည်ရာ ဘုံသုံးပါးတရား၌ လိမ္မာကုန်သော မာရ်၏တည်ရာမဟုတ်ရာ(လောကုတ္တရာ တရား)၌ လိမ္မာကုန်သော သေခြင်း မစ္စုမာရ်၏တည်ရာ ဘုံသုံးပါးတရား၌ လိမ္မာကုန်သော သေခြင်း မစ္စုမာရ်၏ တည်ရာမဟုတ်ရာ(လောကုတ္တရာတရား)၌ လိမ္မာကုန်သော သမဏဗြာဟ္မဏ အချို့တို့၏ စကားကို နာယူထိုက်၏၊ ယုံကြည်ထိုက်၏ဟု ထင်မှတ်နေသော သူများအား ထိုသို့ ထင်မှတ်ခြင်းသည် ရှည်ကြာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့။

၃၅၂။ ရဟန်းတို့ ဥပမာသော်ကား နွားတို့၏အဖ နွားတို့၏ ဦးစီးဖြစ်ကုန်သော နွားလားဥသဘ တို့သည် ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာ ဘက်ကမ်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင်လျှင် ပူဇော်အထူးကို ခံထိုက်သော အာသဝေါတရားကုန်ပြီးသော (မဂ်အကျင့်ကို) ကျင့်သုံး ပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ဝန်ကို ချပြီးကုန်သော မိမိ အကျိုး(အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာ သိ၍ လွန်မြောက်ပြီးကုန်သော ရဟန်းတို့သည် ဖီလာကန့်လန့် (ခန္ဓ) မာရ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်း 'နိဗ္ဗာန်'သို့ ရောက်ကုန်၏။

ရဟန်းတို့ ဥပမာသော်ကား ထိုအားကောင်းသော နွားနှင့် နွားသိုးတို့သည် ဖီလာကန့်လန့် ဂင်္ဂါ မြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင်လျှင် အောက်(ကာမဘုံ)၌(ပဋိသန္ဓေနေခြင်း) အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့' တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေနေ၍ ထို(ဘုံ)၌သာလျှင်ပရိနိဗ္ဗာန်

http://www.dhammadownload.com



ပြုလတ္တံ့. ဖြစ်သော ထိုဘုံမှ ပြန်လည်ခြင်းသဘော မရှိသော ရဟန်းတို့သည်လည်း ဖီလာကန့်လန့် (ခန္ဓ)မာရ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်း'နိဗ္ဗာန်'သို့ ရောက်ကုန်လတ္တံ့.။

ရဟန်းတို့ ဥပမာသော်ကား ထိုနွားပေါက်နှင့် နွားမတန်းတို့သည် ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင်လျှင် သုံးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်ရင်း တပ်မက်ခြင်း'ရာဂ'ပြစ်မှားခြင်း'ဒေါသ'တွေဝေခြင်း'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့်ရင်း ဤ လူ့ပြည်သို့ တကြိမ်သာ လာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့.ဖြစ်သော သကဒါဂါမ် ရဟန်းတို့သည်လည်း ဖီလာ ကန့်လန့် (ခန္ဓ) မာရ်၏ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်း'နိဗ္ဗာန်'သို့ ရောက်ကုန်လတ္တံ့.။

ရဟန်းတို့ ဥပမာသော်ကား နုနယ်သော နွားငယ်ကလေးနှင့် ပိန်ကြုံအားနည်းသော နွားတို့သည် ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်ကုန်သကဲ့သို့ ဤအတူပင်လျှင် သုံးပါးသော သံယောဇဉ်'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ရဟန်းတို့သည်လည်း ဖီလာ ကန့်လန့်(ခန္ဓ)မာရ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်း'နိဗ္ဗာန်'သို့ ရောက်ကုန်လတ္တံ့.။

ရဟန်းတို့ ဥပမာသော်ကား ထိုနေ့ပေါက်ဖွားသည့် နုနယ်လှသော နွားသားငယ်သည် အမိနွားမ၏ရှူးရှူးအသံဟူသော အမှတ်သညာဖြင့် မြောကူးလျက်ဖီလာကန့်လန့် ဂင်္ဂါမြစ်၏ရေအယဉ်ကို ဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်းသို့ ရောက်သကဲ့သို့ ဤအတူပင်လျှင် ပညာဝါဒကို အောက်မေ့လေ့ရှိသူ ယုံကြည်ခြင်းသဒ္ဓါကို အောက်မေ့လေ့ရှိသူ ရဟန်းတို့သည်လည်း ဖီလာ ကန့်လန့်(ခန္ဓ)မာရ်၏ ရေအယဉ်ကိုဖြတ်၍ ချမ်းသာစွာ ထိုမှာဘက်ကမ်း 'နိဗ္ဗာန်' သို့ ရောက်ကုန်လတ္တံ့.။

ရဟန်းတို့ ငါသည်ကား ဤလောက၌ လိမ္မာ၏၊ တမလွန်လောက၌ လိမ္မာ၏၊ မာရ်၏တည်ရာ ဘုံသုံးပါးတရား၌ လိမ္မာ၏၊ မာရ်၏တည်ရာမဟုတ်ရာ(လောကုတ္တရာတရား)၌ လိမ္မာ၏၊ သေခြင်း မစ္စုမာရ်၏တည်ရာ ဘုံသုံးပါးတရား၌ လိမ္မာ၏၊သေခြင်း မစ္စုမာရ်၏တည်ရာမဟုတ်ရာ(လောကုတ္တရာ တရား)၌လိမ္မာ၏။ရဟန်းတို့ ထိုငါ၏ (စကားကို) နာယူထိုက်၏ ယုံကြည်ထိုက်၏ဟု ထင်မှတ်နေကုန်သော သူမျှားအား ထိုထင်မှတ်ခြင်းသည် ရှည်ကြာစွာသော ကာလပတ်လုံး စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်လတ္တံ့.ဟု ဤတရားကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ကောင်းသော စကားကို ဟောကြားတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားကို ဟောကြားတော်မူပြီး၍ ထိုမှတပါး လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူ၏—

"တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည် ဤလောကကိုရင်း တမလွန်လောကကိုရင်း ကောင်းစွာ ပြတော်မူပြီ။

(တရားအားလုံးကို)ကိုယ်တိုင်သိတော်မူသော မြတ်စွာဘုရားသည် (ကိလေသာ) မာရ် ရောက်ရာ (ဘုံသုံးပါးတရား)ကိုရင်း သေခြင်း မစ္စုမာရ်မရောက်ရာ(လောကုတ္တရာတရား)

http://www.dhammadownload.com



ကိုရင်း အလုံးစုံသော လောကကို အထူးသိ၍ ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်ထားတော်မူပြီ။

မာရ်ယုတ်၏ ရေအယဉ်ကို ဖြတ်အပ်ပြီ၊ ဖျက်ဆီးအပ်ပြီ၊ ကျူကြဲသို့သော မာနကင်းခြင်းကို ပြုအပ်ပြီ။ ရဟန်းတို့ (သင်တို့သည်) များစွာသော ဝမ်းမြောက်ခြင်း ရှိကြကုန်လော့၊ ဘေးကင်းရာ(အရဟတ္တဖိုလ်)ကို တောင့်တကြကုန်လော့"ဟု(မိန့်တော်မူ၏)။

လေးခုမြောက် စူဠဂေါပါလကသုတ် ပြီး၏။

---

## ၅-စူဠသစ္စကသုတ်

၃၅၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏ သားသစ္စကသည် ဝေသာလီပြည်၌ နေ၏။ စကားပြိုင်ဆိုင်ပြောဆိုတတ်၏၊ "ငါသည် ပညာရှိတည်း"ဟု ပြောဆိုတတ်၏၊ များစွာသော လူအပေါင်းက သူတော်ကောင်းဟု သမုတ်ထားအပ်၏။ ထိုသစ္စကသည် ဝေသာလီပြည် ပရိသတ်၌ ဤသို့သောစကားကို ပြောဆို၏။

"စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုသော် မတုန်မလှုပ်မယိမ်းယိုင်မည့် လက်ကတီးကြားတို့မှ ချွေးမထွက်မည့် ရဟန်းအပေါင်းရှိသူ ဂိုဏ်းရှိသူ ဂိုဏ်းဆရာဖြစ်သူ သမဏဗြာဟ္မဏကိုသော်ရင်း ကိလေသာကို ပယ်သတ်နိုင်သော (တရားအားလုံးကို) ကိုယ်တိုင် မှန်စွာသိသော ဘုရားဟု ဝန်ခံသူကိုသော်ရင်း ငါမတွေ့မြင်၊ စိတ်မရှိသော တုံးတိုင်ကိုသော်လည်း စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုငြားအံ့၊ ထိုတုံးတိုင်သည်လည်း စကားလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုသော် တုန်လှုပ်ယိမ်းယိုင်ရာ၏၊လူဖြစ်သောသူမှာ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း"ဟု (ပြောဆို၏)။

ထိုအခါ အသျှင် အဿဇိသည် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏။ နိဂဏ္ဌ တက္ကတွန်း၏သား သစ္စကသည် ဝေသာလီပြည်၌ အညောင်းပြေ လမ်းလျှောက်လှည့်လည်သော် အဝေးမှကြွလာသည့် အသျှင်အဿဇိကို မြင်လျှင် ချဉ်းကပ်၍ အသျှင်အဿဇိနှင့် အတူ ဝမ်းမြောက် ဝမ်းသာ စကားပြောဆို၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို) ပြီးဆုံးစေ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ရပ်လျက် နိဂဏ္ဌ တက္ကတွန်း၏သား သစ္စကက "အို အဿဇိ ရဟန်းဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ဆုံးမသနည်း၊ ရဟန်းဂေါတမမှာ တပည့်သာဝကတို့အပေါ်၌ အဘယ်သို့ အစိတ်အပိုင်း ရှိသောညွှန်ကြားချက်သည် များစွာဖြစ်သနည်း"ဟု မေး၏။

အဂ္ဂိဝေဿန မြတ်စွာဘုရားသည် တပည့်သာဝကတို့ကို ဤသို့ဆုံးမ၏။

မြတ်စွာဘုရား၏ တပည့်သာဝကတို့အပေါ်၌ ဤသို့အစိတ်အပိုင်းရှိသော ညွှန်ကြားချက်သည် များစွာဖြစ်၏။ "ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ခံစားခြင်းသည် အမြဲမရှိ၊ မှတ်သားခြင်းသည် အမြဲမရှိ၊ ပြုပြင်စီရင်မှုတို့သည် အမြဲမရှိကုန်၊ အထူးသိမှု 'ဝိညာဏ်'သည် အမြဲမရှိ။ ရဟန်းတို့ ရုပ်သည်

http://www.dhammadownload.com



ကိုယ် 'အတ္တ' မဟုတ်၊ ခံစားခြင်းသည် ကိုယ် 'အတ္တ' မဟုတ်၊ မှတ်သိခြင်းသည် ကိုယ် 'အတ္တ' မဟုတ်၊ ပြုပြင်စီရင်မှုတို့သည် ကိုယ်'အတ္တ' မဟုတ်ကုန်၊ အထူးသိမှု 'ဝိညာဏ်'သည် ကိုယ်'အတ္တ' မဟုတ်၊ အလုံးစုံသော ပြုပြင်စီရင်မှုတို့သည် အမြဲမရှိကုန်၊ အလုံးစုံသော တရားတို့သည် ကိုယ်'အတ္တ' မဟုတ်ကုန်" ဟု မြတ်စွာဘုရားသည် တပည့်သာဝကတို့ကို ဆုံးမ၏။ မြတ်စွာဘုရား၏ တပည့်သာဝကတို့အပေါ်၌ ဤသို့ အစိတ်အပိုင်းရှိသော ညွှန်ကြားချက်သည် များစွာဖြစ်၏-ဟု (ဆို၏)။

အသျှင် မကောဝ်မလျော် ကြားရကုန်၏တကား၊ငါတို့သည် ရဟန်းဂေါတမ ဤသို့ ဟောပြောလေ့ရှိသည်ကို ကြားရပေ၏၊ငါတို့သည် တချိန်ချိန်၌ ထိုအသျှင်ဂေါတမနှင့်အတူ တွေ့ဆုံ ရကောင်း တန်ရာ၏၊ တစုံတရာသော စကားအပြန်အလှန် ပြောဆိုခြင်းသည် ဖြစ်ကောင်း တန်ရာ၏၊ ထို ယုတ်ညံ့သော အမြင်ဒိဋ္ဌိမှ ကင်းဆိတ်စေနိုင်ကောင်း တန်ရာ၏ ဟု (ဆို၏)။

၃၅၄။ ထိုအခါ ငါးရာမျှလောက် ရှိကုန်သော လိစ္ဆဝီမင်း တို့သည် ဆွေးနွေး တိုင်ပင်ရာ လွှတ်တော်၌ တစုံတရာ ပြုဖွယ်ကိစ္စဖြင့် စည်းဝေးကုန်၏။ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စက သည် လိစ္ဆဝီမင်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင်—

"လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ ယနေ့ ငါ့မှာ ရဟန်းဂေါတမနှင့်အတူ စကားအပြန်အလှန် ပြောဆိုခြင်း ဖြစ်ရလတ္တံ့။ ထင်ရှားသော ထေရ်တို့တွင် တပါးအပါဝင်ဖြစ်သော (ရဟန်းဂေါတမ၏) တပည့်သာဝက အဿဇိမည်သော ရဟန်းသည် ငါ့အား ဝန်ခံသကဲ့သို့ ရဟန်းဂေါတမသည် ငါ့အား ဝန်ခံခဲ့လျှင် အားရှိသော ယောကျ်ားသည်အမွေးရှည်ရှိသော သိုးကို အမွေးတို့၌ ဆွဲကိုင်၍ ငင်ရာ တွန်းရာ ငင်လည်းငင် တွန်းလည်း တွန်းရာသကဲ့သို့ ဤအတူပင်လျှင် ငါသည် ရဟန်းဂေါတမကို စကားလမ်းစဉ်ဖြင့် အပြစ်ကို (တင်ဆို၍) ငင်ရအံ့၊ တွန်းရအံ့၊ ငင်လည်းငင် တွန်းလည်း တွန်းရအံ့၊ အားရှိသော သေတင်းကုတ်ရှိ အလုပ် သမားသည် သေတင်းကုတ်၌ ခင်းထားသော ကြီးလှစွာသော ဖျာကို နက်စွာသော ရေအိုင်၌ ပစ်ချ၍အနားစွန်း၌ ကိုင်ဆွဲ၍ ငင်ရာတွန်းရာ ငင်လည်းငင် တွန်းလည်းတွန်းရာသကဲ့သို့ ဤအတူပင် (လျှင်) ငါသည် ရဟန်းဂေါတမကို စကားလမ်းစဉ်ဖြင့် အပြစ်ကို (တင်ဆို၍) ငင်ရအံ့၊ တွန်းရအံ့၊ ငင်လည်း ငင် တွန်းလည်း တွန်းရအံ့။အားရှိသော သေသောက်ကြူးသည် သေသောက်ခွက်ကိုအနားစွန်း၌ ကိုင်ဆွဲ၍မှောက်ခါရာ လှန် ခါရာ အကြိမ်ကြိမ်လှုပ်ခါရာသကဲ့သို့ ဤအတူပင် (လျှင်) ငါသည် ရဟန်းဂေါတမကို စကားလမ်းစဉ်ဖြင့် အပြစ်ကို (တင်ဆို၍) မှောက်ခါရအံ့၊ လှန်ခါရအံ့၊ အကြိမ်ကြိမ်လှုပ်ခါရအံ့။ အနှစ်ခြောက်ဆယ်ရှိမှ အားယုတ်သော ဆင်ပြောင်သည် နက်စွာသောရေကန်သို့ သက်ဆင်း၍ လျှော်မျှင်ဆေး (ကြော) သည်နှင့် အလားတူသော ကစားခြင်းမျိုးကို ကစားသကဲ့သို့ ဤအတူ ပင်လျှင် ငါသည် ရဟန်းဂေါတမကို လျှော်မျှင် ဆေး (ကြော) သည်နှင့် အလားတူသော ကစားခြင်းမျိုးကို ကစားရအံ့။ လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ ယနေ့ ငါ့မှာ ရဟန်းဂေါတမနှင့်အတူ စကား အပြန်အလှန် ပြောဆိုခြင်းဖြစ်လတ္တံ့" ဟု ပြောဆို၏။

ထိုသို့ ဆိုရာ၌ အချို့သော လိစ္ဆဝီမင်းတို့က "ရဟန်းဂေါတမသည် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကအား အဘယ်မှာ အပြစ်ကိုဘင်နိုင်လတ္တံ့နည်း၊ နိဂဏ္ဌတက္ကတွန်း၏ သား သစ္စက ကသာ ရဟန်းဂေါတမအား အပြစ်ကို တင်နိုင်လတ္တံ့" ဟု ဆိုကုန်၏။အချို့ကုန်သော လိစ္ဆဝီမင်းတို့ကလည်း "နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ဘယ်လိုလူစားဖြစ်၍ မြတ်စွာဘုရားအား အပြစ်ကို တင်

http://www.dhammadownload.com



နိုင်လတ္တံ့နည်း၊ မြတ်စွာဘုရားကသာ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကအား အပြစ်ကို တင်နိုင်လတ္တံ့"ဟု ဆိုကုန်၏။

ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ငါးရာမျှလောက်ရှိသော လိစ္ဆဝီမင်းတို့ဖြင့် ခြံရံလျက် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းဆီသို့ ချဉ်းကပ်၏။

၃၅၅။ ထိုအခါ များစွာသော ရဟန်းတို့သည် လွင်တီးခေါင်၌ စင်္ကြံသွားကုန်၏။ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် "အချင်းတို့ ယခုအခါ ထိုအသျှင်ဂေါတမသည် အဘယ်၌ နေသနည်း၊ ငါတို့သည် ထိုအသျှင်ဂေါတမကို တွေ့မြင်လိုကုန်၏"ဟု ထိုရဟန်းတို့အား ပြောဆို၏။

အဂ္ဂိဝေဿန ထိုမြတ်စွာဘုရားသည် မဟာဝုန်တောကြီးသို့ သက်ဝင်၍ တခုသောသစ်ပင်ရင်း၌ နေ့သန့်ရန် ထိုင်နေတော်မူ၏ဟု (ပြောဆိုကုန်၏)။

ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် များစွာသော လိစ္ဆဝီမင်းပရိသတ်နှင့်အတူ မဟာဝုန်တောကြီးသို့ သက်ဝင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို) ပြီးဆုံးစေ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်၏။ ထိုလိစ္ဆဝီမင်းတို့သည်လည်း အချို့သူတို့က မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။ အချို့သူတို့က မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုကုန်၏၊ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို) ပြီးဆုံးစေ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။ အချို့သူတို့က မြတ်စွာဘုရားထံသို့ လက်အုပ်ကိုညွတ်စေ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။ အချို့သူတို့က မြတ်စွာဘုရား၏အထံ၌ အမည်အနွယ်ကို ကြား၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။ အချို့သူတို့က ဆိတ်ဆိတ် (ဖြစ်၍) သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်ကုန်၏။

၃၅၆။ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်လျက် "အကယ်၍ အသျှင်ဂေါတမက အကျွန်ုပ်အား ပြဿနာကို မေးမြန်းခြင်းငှါ ခွင့်ပြုငြားအံ့၊ အကျွန်ုပ်သည် အသျှင်ဂေါတမကို တစုံတရာသော အကြောင်းကို မေးလိုပါ၏"ဟု မြတ်စွာဘုရားအား လျှောက်ထား၏။

အဂ္ဂိဝေဿန မေးလိုလျှင် မေးလေ့ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမသနည်း၊ အသျှင်ဂေါတမ၏ တပည့်သာဝကတို့အပေါ်၌ အဘယ်သို့သော အစိတ်အပိုင်းရှိသော ညွှန်ကြားချက်သည် များစွာဖြစ်သနည်းဟု (မေး၏)။

အဂ္ဂိဝေဿန ငါသည် တပည့်သာဝကတို့ကို ဤသို့လျှင် ဆုံးမ၏၊ ငါ၏ တပည့်သာဝကတို့အပေါ်၌ ဤသို့ အစိတ်အပိုင်းရှိသော ညွှန်ကြားချက်သည် များစွာဖြစ်၏။ "ရဟန်းတို့ ရုပ်သည် အမြဲမရှိ၊ ခံစားခြင်းသည် အမြဲမရှိ၊ မှတ်သားခြင်းသည် အမြဲမရှိ၊ ပြုပြင်စီရင်မှုတို့သည် အမြဲမရှိကုန်၊ အထူးသိမှု'ဝိညာဏ်'သည် အမြဲမရှိ။ ရဟန်းတို့ ရုပ်သည် ကိုယ်'အတ္တ'မဟုတ်၊ ခံစားခြင်း

http://www.dhammadownload.com



သည် ကိုယ်'အတ္တ'မဟုတ်၊ မှတ်သားခြင်းသည် ကိုယ်'အတ္တ'မဟုတ်၊ ပြုပြင်စီရင်မှုတို့သည် ကိုယ် 'အတ္တ'မဟုတ်ကုန်၊အထူးသိမှု'ဝိညာဏ်'သည် ကိုယ်'အတ္တ'မဟုတ်၊ အလုံးစုံသော ပြုပြင်စီရင်မှုတို့ သည် အမြဲမရှိကုန်၊ အလုံးစုံသော တရားတို့သည် ကိုယ်'အတ္တ'မဟုတ်ကုန်"ဟု ဤသို့လျှင် ငါသည် တပည့်သာဝကတို့ကို ဆုံးမ၏၊ ငါမှာ တပည့်သာဝကတို့အပေါ်၌ ဤသို့ အစိတ်အပိုင်း ရှိသော ညွှန်ကြားခြင်းသည် များစွာဖြစ်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အကျွန်ုပ်မှာ ဥပမာ(တခု)ထင်မြင်လာပါ၏ ဟု(ဆို၏)။

"အဂ္ဂိဝေဿန ထိုဥပမာကို ထင်ရှားပါစေ"ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူ၏။

အသျှင်ဂေါတမ ဥပမာသော်ကား အလုံးစုံသော ဤမျိုးစေ့အားလုံးနှင့် အပင်အားလုံးတို့ သည် မြေကိုမှီ၍ မြေ၌တည်ကာ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ ဤသို့လျှင် ဤမျိုးစေ့အားလုံးနှင့် အပင်အားလုံးတို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြော ခြင်းသို့ ရောက်ကုန်သကဲ့သို့ရင်း။ အသျှင်ဂေါတမ ဥပမာတနည်းသော်ကား ဤအားအစွမ်းဖြင့် ပြုအပ်သော အမှုကိစ္စအားလုံးတို့ကို မြေကိုမှီ၍ မြေ၌တည်ကာ ပြုရကုန်၏၊ ဤသို့ ဤအားအစွမ်း ဖြင့် ပြုအပ်သော အမှုကိစ္စတို့ကို ပြုရကုန်သကဲ့သို့ရင်း။ ဤအတူပင်(လျှင်) ရုပ်ကို ကိုယ်ဟု ယူဆသော ဤသတ္တဝါ ပုဂ္ဂိုလ်သည် ရုပ်၌တည်၍ ကုသိုလ် အကုသိုလ်တို့ကို ဖြစ်ပွါးစေ၏၊ ခံစား ခြင်းကို ကိုယ်ဟု ယူဆသော ဤသတ္တဝါပုဂ္ဂိုလ်သည် ခံစားခြင်း၌တည်၍ ကုသိုလ် အကုသိုလ် တို့ကို ဖြစ်ပွါးစေ၏၊ မှတ်သားခြင်းကို ကိုယ်ဟု ယူဆသော ဤသတ္တဝါပုဂ္ဂိုလ်သည် မှတ်သားခြင်း၌ တည်၍ ကုသိုလ် အကုသိုလ်တို့ကို ဖြစ်ပွါးစေ၏၊ ပြုပြင်စီရင်မှုတို့ကို ကိုယ်ဟု ယူဆသော ဤသတ္တဝါ ပုဂ္ဂိုလ်သည် ပြုပြင်စီရင်မှုတို့၌ တည်၍ ကုသိုလ် အကုသိုလ်တို့ကို ဖြစ်ပွါးစေ၏၊ အထူးသိမှု ဝိညာဏ် ကို ကိုယ်ဟု ယူဆသော ဤသတ္တဝါပုဂ္ဂိုလ်သည် အထူးသိမှုဝိညာဏ်၌ တည်၍ ကုသိုလ် အကုသိုလ် တို့ကို ဖြစ်ပွါးစေ၏ ဟု (ဆို၏)။

အဂ္ဂိဝေဿန ရုပ်သည် ငါ၏ကိုယ်'အတ္တ'တည်း၊ ခံစားခြင်းသည် ငါ၏ကိုယ်'အတ္တ'တည်း၊ မှတ်သားခြင်းသည် ငါ၏ကိုယ်'အတ္တ'တည်း၊ ပြုပြင်စီရင်မှုတို့သည် ငါ၏ကိုယ်'အတ္တ'တို့တည်း၊ အထူးသိမှု'ဝိညာဏ်'သည် ငါ၏ကိုယ်'အတ္တ'တည်းဟု သင် ဤသို့ ဆိုသလောဟု(မေးတော်မူ၏)။

အသျှင်ဂေါတမ "ရုပ်သည် ငါ၏ကိုယ်'အတ္တ'တည်း၊ ခံစားခြင်းသည် ငါ၏ကိုယ်'အတ္တ'တည်း၊ မှတ်သားခြင်းသည် ငါ၏ကိုယ်'အတ္တ'တည်း၊ ပြုပြင်စီရင်မှုတို့သည် ငါ၏ ကိုယ်'အတ္တ'တည်း၊ အထူး သိမှု 'ဝိညာဏ်'သည် ငါ၏ကိုယ်'အတ္တ'တည်း"ဟု အကျွန်ုပ်လည်း ဤသို့ ဆိုပါ၏၊ ဤများစွာ သော လူအပေါင်းကလည်း ဤသို့ပင် ဆိုပါ၏ ဟု (ဆို၏)။

အဂ္ဂိဝေဿန များစွာသော သင်၏လူအပေါင်းသည် အဘယ်သို့ ပြုလတ္တံ့နည်း၊ အဂ္ဂိဝေဿန မိမိဝါဒကိုသာလျှင် သင်ဖြေရှင်းလော့ ဟု (မိန့်တော်မူ၏)။

အသျှင် ဂေါတမ "ရုပ်သည် ငါ၏ကိုယ် 'အတ္တ'တည်း၊ ခံစားခြင်းသည် ငါ၏ကိုယ် 'အတ္တ' တည်း၊ မှတ်သားခြင်းသည် ငါ၏ ကိုယ်'အတ္တ' တည်း၊ ပြုပြင်စီရင်မှုတို့သည် ငါ၏ကိုယ် 'အတ္တ' တည်း၊ အထူးသိမှုဝိညာဏ်' သည် ငါ၏ကိုယ်'အတ္တ' တည်း"ဟု အကျွန်ုပ်သည် ဤသို့ ပြောဆိုပါ၏ ဟု (ဆို၏)။

http://www.dhammadownload.com



၃၅၇။ အဂ္ဂိဝေဿန ထိုသို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးဦးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေကြားရာ၏၊ အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ ပသေနဒီကောသလမင်းကဲ့သို့ သို့မဟုတ် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ(မိဖုရား)၏ သား အဇာတသတ်မင်းကဲ့သို့ အဘိသိက်သွန်းပြီးသော ရေမြေရှင်မင်းအား မိမိနိုင်ငံ၌သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်ငှါး ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံးရှုံးစေရန်ငှါး နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်ငှါး အာဏာဖြစ်နိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ပသေနဒီကောသလမင်းကဲ့သို့ သို့မဟုတ် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ(မိဖုရား)၏ သား အဇာတသတ်မင်းကဲ့သို့ အဘိသိက်သွန်းပြီးသော ရေမြေရှင်မင်းအား မိမိနိုင်ငံ၌သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်ငှါး ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာဆုံးရှုံးစေရန်ငှါး နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်ငှါး အာဏာသည် ဖြစ်နိုင်ရာပါ၏ ဟု(ဆို၏)။

အသျှင်ဂေါတမ မှန်ပါ၏။ ဤအစည်းအရုံးအဖွဲ့အစည်းဖြစ်သော ဝဇ္ဇီတိုင်း အစိုးရ မလ္လာတိုင်းအစိုးရတို့အားသော်မှ မိမိနိုင်ငံ၌ သတ်ဖြတ်ညှဉ်းဆဲထိုက်သူကို သတ်ဖြတ် ညှဉ်းဆဲစေရန်ငှါး ဥစ္စာဆုံးရှုံးစေထိုက်သူကို ဥစ္စာ ဆုံးရှုံးစေရန်ငှါး နှင်ထုတ်ထိုက်သူကို နှင်ထုတ်စေရန်ငှါး အာဏာသည် ဖြစ်နိုင်ပါသေး၏၊ ပသေနဒီကောသလမင်း သို့မဟုတ် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ(မိဖုရား)၏သား အဇာတသတ်မင်းကဲ့သို့သောအဘိသိက်သွန်းပြီးသော ရေမြေရှင် မင်းအားမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း၊ အာဏာဖြစ်နိုင်ရာပါ၏၊ အသျှင်ဂေါတမ အာဏာဖြစ်ရန်လည်း ထိုက်ပါ၏ ဟု (ဆို၏)။

အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရုပ်ကို "ရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ဆို၏၊ ထိုရုပ်၌ "ငါ၏ ရုပ်သည် ဤသို့ဖြစ်ပေစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟု သင်အာဏာ ထားနိုင်သလော" ဟု မေးတော်မူ၏။

ဤသို့ မေးတော်မူသော် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ဆိတ်ဆိတ်နေ၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကကို အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရုပ်ကို "ရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ဆို၏၊ ထိုရုပ်၌ "ငါ၏ရုပ်သည် ဤသို့ဖြစ်ပေစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟု သင် အာဏာထားနိုင်သလော ဟု မေးတော်မူ၏။ နှစ်ကြိမ်မြောက်လည်း နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ဆိတ်ဆိတ်နေ၏။

ထိုအခါမြတ်စွာဘုရားသည် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကကို "အဂ္ဂိဝေဿန ယခုဖြေကြားလော့၊ သင်ယခု ဆိတ်ဆိတ်နေရန် အခါမဟုတ်တော့ပေ၊ အဂ္ဂိဝေဿန သုံးကြိမ်တိုင်အောင် အကြောင်းအားလျော်ကန်သော ပြဿနာကို မြတ်စွာဘုရားက မေးပါလျက် တစုံတယောက်သော သူသည် မဖြေကြားငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ဤနေရာ၌ပင်လျှင် ခုနစ်စိတ် ကွဲရာ၏" ဟု မိန့်တော်မူ၏။

ထိုစဉ်အခါ၌ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံရှိသော သံဝဇိရစိန်လက်နက်ကို စွဲကိုင်ပြီးလျှင် "ဤနိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် သုံးကြိမ်တိုင်တိုင် အကြောင်းအားလျော်ကန်သော ပြဿနာကို မြတ်စွာဘုရားက မေးပါလျက်မဖြေခဲ့ပါလျှင် ယင်းနေရာ၌ပင် ထို (သစ္စက)၏ ဦးခေါင်းကို ခုနစ်စိတ်ခွဲအံ့" ဟု ကြံရွယ်၍ နိဂဏ္ဌတက္က

http://www.dhammadownload.com



တွန်း၏သား သစ္စကၡ၏ အထက်ကောင်းကင်၌ ရပ်လျက်နေ၏။ ထိုဘီလူးအသွင်ရှိသည့် ဝဇိရပါဏိ လက်စွဲသော သိကြားမင်းကို မြတ်စွာဘုရားနှင့် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကတို့သာ မြင်ကြရ၏။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ကြောက်၍ ထိတ်လန့်ကြက်သီး မွေးညင်းထသည်ဖြစ်၍ မြတ်စွာဘုရားကိုသာလျှင် မှီခိုရာ ပုန်းအောင်းရာ ကိုးကွယ်ရာ ဟု ရှာမှီးလျက် "အသျှင်ဂေါတမသည် အကျွန်ုပ်ကို မေးပါလော့၊ ဖြေပါအံ့" ဟု လျှောက်ထား၏။

၃၅၈။ အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ရုပ်ကို "ရုပ်သည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ဆို၏၊ ထိုရုပ်၌ "ငါ၏ ရုပ်သည် ဤသို့ ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟု သင် အာဏာထားနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင် ဂေါတမ အာဏာမထားနိုင်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန စဉ်းစားလော့၊ စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း (အချင်းချင်း) မဆက်စပ်ပါတကား။

အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ခံစားခြင်း 'ဝေဒနာ' ကို "ခံစားခြင်းသည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ ဆို၏၊ ထိုခံစားခြင်း 'ဝေဒနာ'၌ "ငါ၏ခံစားခြင်းသည် ဤသို့ဖြစ်ပေစေ၊ ငါ၏ခံစားခြင်းသည် ဤသို့မဖြစ်စေလင့်" ဟု သင်အာဏာထားနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင် ဂေါတမ အာဏာမထားနိုင်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန စဉ်းစားလော့၊ စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း (အချင်းချင်း) မဆက်စပ်ပါတကား။

အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်မှတ်သားခြင်းကို "မှတ်သားခြင်းသည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ ဆို၏၊ ထိုမှတ်သားခြင်း၌ "ငါ၏မှတ်သားခြင်းသည် ဤသို့ဖြစ်ပေစေ၊ ငါ၏မှတ်သားခြင်းသည် ဤသို့မဖြစ်စေလင့်" ဟု သင်အာဏာထားနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မထားနိုင်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန စဉ်းစားလော့၊ စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း (အချင်းချင်း) မဆက်စပ်ပါတကား။

အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်ပြုပြင်စီရင်မှုကို "ပြုပြင်စီရင်မှုတို့သည် ငါ၏ကိုယ် 'အတ္တ' တို့တည်း" ဟု သင်ဤသို့ ဆို၏၊ ထိုပြုပြင်စီရင်မှုတို့၌ "ငါ၏ ပြုပြင်စီရင်မှုတို့သည် ဤသို့ ဖြစ်ပါစေကုန်၊ ငါ၏ ပြုပြင်စီရင်မှုတို့သည် ဤသို့ မဖြစ်စေကုန်လင့်" ဟု သင် အာဏာထားနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ အာဏာမထားနိုင်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန စဉ်းစားလော့၊ စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်၎င်း နောက်စကားနှင့် ရှေ့စကားသည်၎င်း (အချင်းချင်း) မဆက်စပ်ပါတကား။

အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင် အထူးသိမှု 'ဝိညာဏ်' ကို "အထူးသိမှု 'ဝိညာဏ်' သည် ငါ၏ကိုယ် 'အတ္တ' တည်း" ဟု သင် ဤသို့ ဆို၏၊

http://www.dhammadownload.com



ထိုအထူးသိမှု 'ဝိညာဏ်'၌ "ငါ၏ အထူးသိမှု 'ဝိညာဏ်' သည် ဤသို့ ဖြစ်ပစေ၊ ငါ၏ အထူးသိမှု 'ဝိညာဏ်'သည် ဤသို့ မဖြစ်စေလင့်" ဟု သင် အာဏာ ထားနိုင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ အာဏာမထားနိုင်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန စဉ်းစားလော့၊ စဉ်းစား၍ ဖြေကြားလော့၊ သင်၏ ရှေ့စကားနှင့် နောက်စကားသည်ရင်း နောက်စကားနှင့် ရှေ့စကားသည်ရင်း (အချင်းချင်း) မဆက်စပ်ပါတကား။

အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ ရုပ်သည် မြဲသလော၊ မမြဲသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မမြဲပါ ဟု (လျှောက်၏)။

မမြဲသော အရာသည် ဆင်းရဲမှု ဖြစ်သလော၊ ချမ်းသာမှု ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဆင်းရဲမှု ဖြစ်ပါ၏ ဟု (လျှောက်၏)။

မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော ထိုရုပ်ကို "ဤရုပ်သည် ငါပိုင်ဖြစ်၏၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ် 'အတ္တ'တည်း" ဟု ရှုခြင်းငှါ လျှောက်ကန်မည်လော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မလျှောက်ကန်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ ခံစားခြင်းသည်။ပ။ မှတ်သားခြင်းသည်။ပ။ ပြုပြင်စီရင်မှုတို့သည်။ပ။

အဂ္ဂိဝေဿန ထိုမေးမည့်အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အထူးသိမှု 'ဝိညာဏ်' သည် မြဲသလော မမြဲသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မမြဲပါ ဟု (လျှောက်၏)။

မမြဲသောအရာသည် ဆင်းရဲမှု ဖြစ်သလော၊ ချမ်းသာမှု ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဆင်းရဲမှု ဖြစ်ပါ၏ ဟု (လျှောက်၏)။

မမြဲခြင်း ဆင်းရဲခြင်း ဖောက်ပြန်ခြင်းသဘောရှိသော ထိုဝိညာဏ်ကို "ဤဝိညာဏ်သည် ငါပိုင်ဖြစ်၏၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ့ကိုယ် 'အတ္တ' တည်း" ဟု ရှုခြင်းငှါ လျှောက်ကန်မည်လော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ မလျှောက်ကန်ပါ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ အကြင်သူသည် ဆင်းရဲဒုက္ခကို တွယ်တာလျက် ဆင်းရဲဒုက္ခသို့ ကပ်ရောက်လျက် ဆင်းရဲဒုက္ခသို့ သက်ဝင်လျက် ဆင်းရဲဒုက္ခကို "ဤဆင်းရဲဒုက္ခသည် ငါပိုင်ဖြစ်၏၊ ဤဆင်းရဲဒုက္ခသည် ငါဖြစ်၏၊ ဤဆင်းရဲဒုက္ခသည် ငါ၏ကိုယ် 'အတ္တ'တည်း" ဟု ရှု၏၊ စင်စစ်သော်ကား ထိုသူသည် ကိုယ်တိုင်ဆင်းရဲဒုက္ခကို ပိုင်းခြား၍သော်လည်း သိနိုင်ရာသလော၊ ဆင်းရဲဒုက္ခကို ကုန်ခန်းစေ၍သော်လည်း နေနိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤအချက်သည် အဘယ်မှာ ဖြစ်နိုင်ရာပါအံ့နည်း၊ မဖြစ်နိုင်ရာသည်သာတည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



အဂ္ဂိဝေဿန ထိုမေးမည့် အချက်ကို အဘယ်သို့ ထင်မှတ်သနည်း၊ ဤသို့ ဖြစ်သော် သင်သည် ဆင်းရဲဒုက္ခကို တွယ်တာနေသူဖြစ်၍ ဆင်းရဲဒုက္ခသို့ ကပ်ရောက်နေသူဖြစ်၍ ဆင်းရဲဒုက္ခသို့ သက်ဝင်နေသူဖြစ်၍ ဆင်းရဲဒုက္ခကို "ဤဆင်းရဲဒုက္ခသည် ငါ့ပိုင်ဖြစ်၏၊ ဤဆင်းရဲဒုက္ခသည် ငါဖြစ်၏၊ ဤဆင်းရဲဒုက္ခသည် ငါ၏ကိုယ် 'အတ္တ'တည်း" ဟု ရှုရရောက်သည် မဟုတ်လော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ အဘယ်မှာ မရောက်ပဲ ရှိပါအံ့နည်း၊ ရှုရရောက်ပါ၏ ဟု (လျှောက်၏)။

၃၅၉။ အဂ္ဂိဝေဿန ဥပမာသော်ကား အနှစ်ကို အလိုရှိ၍ အနှစ်ကို ရှာမှီးသောယောကျ်ား သည် အနှစ်ရှာ လှည့်လည်သော် ထက်သော ဓားမကို ယူ၍ တောသို့ ဝင်ရာ၏။ ထိုယောကျ်ား သည် ထိုတော၌ နု၍ အတွင်း၌ ဖူးတံမရှိသော ဖြူးဖြောင့်သော ငှက်ပျောတုံးကြီးကို တွေ့မြင်ရာ ၏။ ထိုငှက်ပျောတုံးကို အရင်း၌ ဖြတ်လှဲရာ၏၊ အရင်း၌ ဖြတ်လှဲပြီးလျှင် အဖျား၌ ဖြတ်ရာ၏၊ အဖျား၌ ဖြတ်ပြီးသော် ငှက်ပျောပတ်ရစ်ကို ခွါရာ၏။ ထိုယောကျ်ားသည် ထိုငှက်ပျောတုံး၌ အပတ်ရစ်ကို ခွါသော် အကာကိုသော်လည်း မရရာ၊ အနှစ်ကိုမူ အဘယ်မှာ ရနိုင်အံ့နည်း။

အဂ္ဂိဝေဿန ဤအတူပင် သင့်ကို မိမိဝါဒ၌ ငါက စိစစ်သော် မေးမြန်းသော် အပြန်အလှန် မေးမြန်းသော် သင်သည် အနှစ်တုံး၍ အသုံးမကျပဲ ကျရှုံးသူ ဖြစ်သည်သာတည်း။

အဂ္ဂိဝေဿန သင်သည် ဝေသာလီပြည် ပရိသတ်၌ "စကားလမ်းစဉ်ဖြင့် ငါ့အပြစ်တင်ဆိုသော် မတုန်မလှုပ် မယိမ်းမယိုင်မည့် လက်ကတီးကြားတို့မှ ချွေးမယိုထွက်မည့် ရဟန်းအပေါင်းရှိသူ ဂိုဏ်းရှိသူ ဂိုဏ်းဆရာ သမဏ ဗြာဟ္မဏကိုသော်ရင်း ကိလေသာကို ပယ်သတ်နိုင်သော (တရား အားလုံးကို) ကိုယ်တိုင် မှန်စွာ သိသော ဘုရားဟု ဝန်ခံသူကိုသော်ရင်း ငါမတွေ့မြင်၊ စိတ်မရှိသော တုံးတိုင်ကိုသော်လည်း စကားလမ်းစဉ်ဖြင့် ငါ့အပြစ်တင်ဆိုငြားအံ့၊ ထိုတုံးတိုင်သည်လည်း စကား လမ်းစဉ်ဖြင့် ငါ့အပြစ်တင်ဆိုသော် တုန်လှုပ်ယိမ်းယိုင်ရာ၏၊ လူဖြစ်သောသူမှာ အဘယ်ဆိုဖွယ်ရာရှိ တော့အံ့နည်း" ဟု ဆိုခဲ့၏။ အဂ္ဂိဝေဿန သင့်မှာသာလျှင် နဖူးမှ ကျကုန်သော ချွေးပေါက် အချို့တို့သည် အပေါ်ရုံကို ဖောက်၍ မြေကြီး၌ တည်ကုန်၏၊ အဂ္ဂိဝေဿန ငါ့မှာကား ယခု ကိုယ်၌ ချွေးမရှိဟု မြတ်စွာဘုရားသည် ထိုပရိသတ်၌ ရွှေအဆင်းရှိသော ကိုယ်ကို ဖွင့်လှစ်ပြတော် မူ၏။

ဤသို့ မိန့်တော်မူသော် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် နှုတ်ဆိတ်၍ မျက်နှာမသာယာ ပဲ လည်ပင်း ငိုက်ဆိုက်ကျကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရပဲ ထိုင်နေ၏။

၃၆၀။ ထိုအခါ လိစ္ဆဝီမင်းသား ဒုမ္မုခသည် နိဂဏ္ဌတက္ကဘွန်း၏သား သစ္စကသည် နှုတ်ဆိတ်၍ မျက်နှာမသာယာပဲ လည်ပင်း ငိုက်ဆိုက်ကျကာ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာ မရသည်ကို သိ၍ "မြတ်စွာဘုရား တပည့်တော်မှာ ဥပမာထင်လာပါ၏" ဟု မြတ်စွာဘုရား အား လျှောက်ထား၏။ "ဒုမ္မုခ ထိုဥပမာကို ထင်ရှားစေလော့" ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

အသျှင်ဘုရား ရွာ၏ အနီး၌ဖြစ်စေ နိဂုံး၏ အနီး၌ ဖြစ်စေ ရေကန်သည် ရှိ၏၊ ထိုရေကန်၌ ပုဇွန်လုံးသည် ရှိရာပါ၏။ ထိုအခါ များစွာသော သူငယ် သူငယ်မတို့သည် ထိုရွာမှရင်း ထို နိဂုံးမှရင်း ထွက်၍ ထိုရေကန်ဆီသို့ ချဉ်းကပ်ကြပြီးလျှင် ရေကန်သို့ သက်ဆင်း၍ ထိုပုဇွန်လုံးကို ရေမှ ထုတ်ဆောင်ကာ ကုန်း၌ တည်စေကုန်ရာ၏။ အသျှင်ဘုရား ထွက်လာတိုင်း ထွက်လာတိုင်းသော ထိုပုဇွန်လုံး၏ ခြေချောင်း လက်ချောင်း ဟူသမျှကိုပင် ထိုသူငယ်သူငယ်မတို့သည် တုတ်ချောင်း

http://www.dhammadownload.com



ဖြင့် ဖြစ်စေ အိုးခြမ်းကွဲဖြင့်ဖြစ်စေ ဖြတ်ကုန်ရာ၏၊ ချိုးကုန်ရာ၏၊ ထက်ဝန်းကျင် ချိုးကုန်ရာ၏။ အသျှင်ဘုရား ဤသို့လျှင် ထိုပုဇွန်လုံးသည် ခြေချောင်း လက်ချောင်းအားလုံး အဖြတ်ခံရ အချိုးခံရ ထက်ဝန်းကျင်အချိုးခံထားရသဖြင့် ထိုရေကန်သို့ ရှေးကကဲ့သို့ ပြန်လည်သက်ဆင်းရန် မဖြစ်နိုင်တော့သကဲ့သို့ ဤအတူပင်လျှင် နိဂဏ္ဌတက္ကတွန်း၏သား သစ္စက၏ ထောင်ထ လှုပ်ရှားနေသော အယူဝါဒ ခြေချောင်း လက်ချောင်း အားလုံးတို့ကို မြတ်စွာဘုရားသည် ဖြတ်ထားကုန်၏၊ ချိုးထားကုန်၏၊ ထက်ဝန်းကျင် ချိုးထားကုန်၏။ အသျှင်ဘုရား ယခုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားထံသို့ အပြစ်တင်လိုသဖြင့် ပြန်လည်ချဉ်းကပ်ရန် မဖြစ်နိုင်တော့ပါဟု လျှောက်၏။

ဤသို့ လျှောက်သော် နိဂဏ္ဌတက္ကတွန်း၏သား သစ္စက က "ဒုမ္မုခ သင်သည် ရပ်ဆိုင်းဦးလော့၊ ဒုမ္မုခ သင်သည် ရပ်ဆိုင်းဦးလော့၊ငါတို့သည် သင်နှင့်အတူ မပြောဆို မတိုင်ပင်ကြကုန်၊ ငါတို့သည် အသျှင်ဂေါတမနှင့်အတူ ပြောဆို တိုင်ပင်ကြကုန်၏"ဟု လိစ္ဆဝီမင်းသား ဒုမ္မုခအား ပြောဆို၏။

၃၆၁။ (ထို့နောက်) အသျှင်ဂေါတမ အကျွန်ုပ်တို့နှင့် အကျွန်ုပ်မှတပါးသော များစွာသော သမဏဗြာဟ္မဏတို့၏ စကားသည် တည်ရှိစေဦး၊ ဤစကားသည် ဆိုမြည် ယောင်ယမ်းသကဲ့သို့သော စကားမျှသာဖြစ်၏။ အဘယ်မျှသော အတိုင်းအရှည်ဖြင့် အသျှင်ဂေါတမ၏တပည့် သာဝကသည် အဆုံးအမကို လိုက်နာသူ ဩွာဒ်ကြားချက်ကို လိုက်နာသူဖြစ်သနည်း၊ ယုံမှားခြင်းကို လွန်မြောက်လျက် သို့လော သို့လော တွေးတောခြင်း ကင်းလျက် ရဲရင့်ခြင်း(ဉာဏ်)သို့ ရောက်လျက် သူတပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေပါသနည်းဟု မေး၏။

အဂ္ဂိဝေဿန ဤသာသနာတော်၌ ငါ၏ တပည့် သာဝကသည် အတွင်း၌ ဖြစ်သည်ဖြစ်စေ အပ၌ဖြစ်သည်ဖြစ်စေ ရှုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌(တည်သည်) ဖြစ်စေ အနီး၌(တည်သည်)ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်အားလုံးကို "ဤ ရုပ်သည် ငါပိုင်မဟုတ်၊ ဤ ရုပ်သည် ငါမဟုတ်၊ဤ ရုပ်သည် ငါ့ကိုယ်'အတ္တ' မဟုတ်"ဟု ဤသို့ ဤ ရုပ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်၏။ ခံစားခြင်းကို။ပ။ မှတ်သားခြင်းကို။ပ။ ပြုပြင်စီရင်မှုတို့ကို။ပ။ အတွင်း၌ ဖြစ်သည်ဖြစ်စေ အပ၌ ဖြစ်သည်ဖြစ်စေ ရှုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌(တည်သည်) ဖြစ်စေ အနီး၌ (တည်သည်)ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အထူးသိမှု 'ဝိညာဏ်' အားလုံးကို "ဤအထူးသိမှု'ဝိညာဏ်'သည် ငါပိုင်မဟုတ်၊ ဤအထူးသိမှု'ဝိညာဏ်'သည် ငါမဟုတ်၊ ဤအထူးသိမှု 'ဝိညာဏ်'သည် ငါ့ကိုယ် 'အတ္တ' မဟုတ်"ဟု ဤသို့ ဤအထူးသိမှု 'ဝိညာဏ်' ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်၏။ အဂ္ဂိဝေဿန ဤမျှသော အတိုင်းအရှည်ဖြင့် ငါ၏တပည့် သာဝကသည် အဆုံးအမကို လိုက်နာသူ ဩွာဒ်ကြားချက်ကို လိုက်နာသူဖြစ်၏၊ ယုံမှားခြင်းကို လွန်မြောက်လျက် သို့လော သို့လော တွေးတောခြင်း ကင်းလျက် ရဲရင့်ခြင်းဉာဏ်သို့ ရောက်လျက် သူတပါးကို ယုံကြည်ရန် မလိုတော့သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ နေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အဘယ်မျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါ ကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော ဝန်ကိုချထားပြီးသော မိမိ (အရ

http://www.dhammadownload.com



ဟတ္တဖိုလ်)အကျိုးစီးပွါးသို့ ရောက်ပြီးသော ဘဝကို နှောင်ဖွဲ့ခြင်း 'သံယောဇဉ်'ကုန်ခန်းပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်ပါသနည်းဟု (မေး၏)။

အဂ္ဂိဝေဿန ဤသာသနာတော်၌ ရဟန်းသည် အတွင်း၌ ဖြစ်သည်ဖြစ်စေ အပ၌ ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည်ဖြစ်စေ အဝေး၌(တည်သည်) ဖြစ်စေ အနီး၌ (တည်သည်) ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ရုပ်အားလုံးကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ့ကိုယ်မဟုတ်"ဟု ဤသို့ ဤရုပ်ကို အမှန်အတိုင်း ကောင်းသော ပညာဖြင့် ရှုမြင်၍ မစွဲလမ်းပဲ လွတ်မြောက်၏။ ခံစားခြင်းကို။ပ။ မှတ်သားခြင်းကို။ပ။ ပြုပြင်စီရင်မှုတို့ကို။ပ။ အတွင်း၌ဖြစ်သည် ဖြစ်စေ အပ၌ဖြစ်သည်ဖြစ်စေ ရုန့်ရင်းသည်ဖြစ်စေ သိမ်မွေ့သည်ဖြစ်စေ ယုတ်သည်ဖြစ်စေ မြတ်သည် ဖြစ်စေ အဝေး၌(တည်သည်)ဖြစ်စေ အနီး၌ (တည်သည်) ဖြစ်စေ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အထူးသိမှု 'ဝိညာဏ်' အားလုံးကို "ဤအထူးသိမှု 'ဝိညာဏ်'သည် ငါ့ဥစ္စာမဟုတ်၊ ဤ အထူးသိမှု 'ဝိညာဏ်'သည် ငါမဟုတ်၊ ဤအထူးသိမှု'ဝိညာဏ်'သည် ငါ့ကိုယ်မဟုတ်" ဟု ဤသို့ ဤအထူးသိမှု ဝိညာဏ်ကို အမှန်အတိုင်း ကောင်းသောပညာဖြင့် ရှုမြင်၍ မစွဲလမ်းပဲ လွတ်မြောက် ၏။အဂ္ဂိဝေဿန ဤမျှသော အတိုင်းအရှည်ဖြင့် ရဟန်းသည် အာသဝေါကုန်ပြီးသော မဂ်အကျင့် ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုကျင့်ပြီးသော ဝန်ကိုချထားပြီးသော မိမိ (အရဟတ္တဖိုလ်) အကျိုးစီးပွါးသို့ ရရောက်ပြီးသော ဘဝကို နှောင်ဖွဲ့ခြင်း'သံယောဇဉ်'ကုန်ခန်းပြီးသော ကောင်းစွာ သိ၍ လွတ်မြောက်ပြီးသော ရဟန္တာဖြစ်၏ဟု (မိန့်တော်မူ၏)။

(ထို့နောက်) အဂ္ဂိဝေဿန ဤသို့ လွတ်မြောက်ပြီးသော စိတ်ရှိသော ရဟန်းသည် အမြင်ထူး ခြားခြင်း အကျင့်ထူးခြားခြင်း လွတ်မြောက်မှု ထူးခြားခြင်းဟူသော သုံးပါးသော ထူးခြားခြင်း တို့နှင့် ပြည့်စုံ၏။ အဂ္ဂိဝေဿန ဤသို့ လွတ်မြောက်သော စိတ်ရှိသော ရဟန်းသည် မြတ်စွာ ဘုရားကိုသာလျှင် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ "သိတော်မူသော ထို မြတ်စွာဘုရားသည် သိစေခြင်းငှါ တရားကို ဟောကြားတော်မူ၏၊ ယဉ်ကျေးတော်မူပြီးသော ထို မြတ်စွာဘုရားသည် ယဉ်ကျေး(စေ)ခြင်းငှါ တရားကို ဟောတော်မူ၏၊ (ကိလေသာ) ငြိမ်းတော် မူပြီးသော ထို မြတ်စွာဘုရားသည် (ကိလေသာ)ငြိမ်း(စေ) ခြင်းငှါ တရားကို ဟောတော်မူ၏၊ (သြဃလေးပါးကို) ကူးမြောက်တော် မူပြီးသော မြတ်စွာဘုရားသည် (သြဃလေးပါး) ကို ကူးမြောက်(စေ)ခြင်းငှါ တရားကို ဟောတော်မူ၏၊ အကြွင်းမဲ့ငြိမ်းအေးတော်မူပြီးသော မြတ်စွာ ဘုရားသည် အကြွင်းမဲ့ငြိမ်းအေး(စေ)ခြင်းငှါ တရားကို ဟောတော်မူ၏"ဟု မိန့်တော်မူ၏။

၃၆၂။ ဤသို့မိန့်တော်မူသော် နိဂဏ္ဌတက္ကတွန်း၏သားသစ္စကသည်မြတ်စွာဘုရားကို"အသျှင် ဂေါတမ အကျွန်ုပ်တို့သည် အသျှင်ဂေါတမကို စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ ဟု ထင်မှတ်မိပါကုန်၏၊ အကျွန်ုပ်တို့သည်သာလျှင် ဂုဏ်ကိုချေဖျက်လေ့ရှိပါကုန်၏၊ အကျွန်ုပ်တို့ သည် စကားမောက်မာခြင်း ရှိပါကုန်၏။ အသျှင်ဂေါတမ (မှန်ပါ၏)၊ အမှန်ယစ်သော ဆင်ကို ပုတ်ခတ်၍ ယောကျ်ားအား ချမ်းသာခြင်းသည် ဖြစ်ရာပါသေး၏၊ အသျှင်ဂေါတမကို ပုတ်ခတ်၍ ယောကျ်ားမှာ ချမ်းသာခြင်းသည် မဖြစ်ရာသည်သာတည်း။ အသျှင်ဂေါတမ တောက်ပြောင်

http://www.dhammadownload.com



သော မီးပုံကို ပုတ်ခတ်၍ ယောကျ်ားအား ချမ်းသာခြင်းသည် ဖြစ်ရာပါသေး၏၊အသျှင်ဂေါတမကို ပုတ်ခတ်၍ ယောကျ်ားအား ချမ်းသာခြင်းသည် မဖြစ်ရာသည်သာတည်း။ အသျှင်ဂေါတမ လျှင်သော အဆိပ်ရှိသောမြွေ ကြမ်းသောအဆိပ်ရှိသောမြွေကို ပုတ်ခတ်၍ ယောကျ်ားအား ချမ်းသာခြင်းသည် ဖြစ်ရာပါသေး၏၊ အသျှင်ဂေါတမကို ပုတ်ခတ်၍ ယောကျ်ားအား ချမ်းသာခြင်းသည် မဖြစ်ရာသည်သာတည်း။ အသျှင်ဂေါတမ အကျွန်ုပ်တို့သည် အသျှင်ဂေါတမကို စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ထိုက်၏ဟု ထင်မှတ်မိပါကုန်၏၊ အကျွန်ုပ်တို့သည်သာ ဂုဏ်ကို ချေဖျက်လေ့ရှိပါကုန်၏၊အကျွန်ုပ်တို့သည် စကားမောက်မာခြင်း ရှိပါကုန်၏။ အသျှင်ဂေါတမသည် နက်ဖြန်အလို့ငှါ အကျွန်ုပ်၏ဆွမ်းကို ရဟန်းသံဃာနှင့်အတူ ခံယူတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၃၆၃။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရား၏ လက်ခံခြင်းကိုသိ၍ ထိုလိစ္ဆဝီမင်းတို့ကို “လိစ္ဆဝီမင်းတို့ ငါ၏စကားကို နားထောင်ကြကုန်လော့၊ ရဟန်းဂေါတမကို နက်ဖြန်အလို့ငှါ ရဟန်းသံဃာနှင့်အတူ ပင့်ဖိတ်ထား၏၊ ရဟန်းဂေါတမအား လျှောက်ပတ်၏ဟု ထင်မှတ်ကြသော ဝတ္ထုကို ငါ့ထံသို့ ဆောင်ခဲ့ကြကုန်”ဟု ပြောဆို၏။ ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည် ထိုညဉ့်ကုန်လွန်သော် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကထံသို့ ပို့ဆွမ်း ဆွမ်းအိုးငါးရာမျှလောက်ကို ပို့ကြကုန်၏။ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မိမိအရံ၌ မွန်မြတ်သော ခဲဖွယ် စားဖွယ်ကို စီရင်စေ၍ မြတ်စွာဘုရားအား “အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင် ပြီးပါပြီ” ဟု အချိန်တန်ကြောင်းကို လျှောက်စေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကအရံဆီသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်တော်မူ၏။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် ကိုယ်တိုင် လုပ်ကျွေး၏။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ တခုသော နိမ့်သော နေရာကိုယူ၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်၏။ သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်လျက် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားကို “အသျှင်ဂေါတမ အလှူဒါန၌ ကုသိုလ်(အကျိုး)ရင်းသည်ရှိသော်လည်း ကြီးမြတ်သော ကုသိုလ်(အကျိုး) ဆက်သည်ရှိသော်လည်း ရှိ၏၊ ထိုအကျိုးရင်း အကျိုးဆက်သည် ပေးလှူသူ (လိစ္ဆဝီမင်း) တို့အား ချမ်းသာခြင်းငှါ ဖြစ်ပါစေ”ဟု ဆို၏။ အဂ္ဂိဝေဿန သင်ကဲ့သို့ တပ်စွန်းခြင်း ပြစ်မှားခြင်း တွေဝေခြင်း မကင်းသေးသော အလှူခံပုဂ္ဂိုလ်ကို စွဲ၍ ပေးသော ဒါနမှုသည် ပေးလှူသူလိစ္ဆဝီမင်းတို့အတွက် ဖြစ်လတ္တံ့၊ အဂ္ဂိဝေဿန ငါကဲ့သို့ တပ်စွန်းခြင်း ပြစ်မှားခြင်း တွေဝေခြင်းကင်းသော အလှူခံပုဂ္ဂိုလ်ကို စွဲ၍ပေးလှူသောဒါနမှုသည်ကား သင့်အတွက်ဖြစ်လတ္တံ့ ဟု (မိန့်ကြားတော်မူ၏)။

ငါးခုမြောက် စူဠသစ္စကသုတ် ပြီး၏။

http://www.dhammadownload.com



## ၆-မဟာသစ္စကသုတ်

၃၆၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သပိတ် သင်္ကန်းကို ယူဆောင်လျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်လို၍ ကောင်းစွာ ဝတ်ရုံတော်မူ၏။

ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် အညောင်းပြေ လမ်းလျှောက် လှည့်လည်သော် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်းဆီသို့ ချဉ်းကပ်၏။ အသျှင်အာနန္ဒာသည် အဝေးမှလာသော နိဂဏ္ဌတက္ကတွန်း၏သားသစ္စကကိုမြင်၍ "အသျှင်ဘုရား ပညာပြိုင်ဆိုင်ပြောတတ်သော ပညာရှိ၏ဟု ပြောဆိုတတ်သော လူအပေါင်းက သူတော်ကောင်းဟု သမုတ်ထားသော ဤနိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် လာပါ၏၊ အသျှင်ဘုရား ထိုသစ္စကသည် မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို အလိုရှိပါ၏၊ တရားတော်၏ ကျေးဇူးမဲ့ကို အလိုရှိပါ၏၊ သံဃာတော်၏ ကျေးဇူးမဲ့ကို အလိုရှိပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် သနားခြင်းကိုစွဲ၍ တမုဟုတ်မျှ ထိုင်တော်မူပါလော့"ဟု မြတ်စွာဘုရားအား လျှောက်သဖြင့် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ ထိုအခါ နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆို၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို (ပြောဆို)ပြီးဆုံးစေ၍ သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်လျက်—

၃၆၅။ အသျှင်ဂေါတမ ကိုယ်ကောင် ပွါးစီးရေးကိုသာ အားထုတ်လျက် စိတ်ပွါးစီးရေးကိုကား အားမထုတ်ပဲ နေကြသည့် အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ အသျှင်ဂေါတမ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာကို တွေ့ထိခံစားကုန်၏။ အသျှင်ဂေါတမ ရှေး၌ဖြစ်ဘူးသည်ကား ကိုယ်၌ဖြစ်သော ဆင်းရဲဝေဒနာဖြင့် တွေ့ထိခံစားသူအား ပေါင်တန်းခြင်းသော်လည်း ဖြစ်ရတုံဘိ၏၊ နှလုံးသော်လည်း ကွဲရတုံဘိ၏၊ သွေးပူသော်လည်း ခံတွင်းမှ အန်ထွက်ရတုံဘိ၏၊ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်း ရောက်ရတုံဘိ၏။ အသျှင်ဂေါတမ ထိုသူ၏ စိတ်သည် ကိုယ်သို့ အစဉ်လိုက်၏၊ ကိုယ်၏အစွမ်းအားဖြင့် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ စိတ်ကို မပွါးစီးစေအပ်သည့် အဖြစ်ကြောင့်တည်း။

အသျှင်ဂေါတမ စိတ်ပွါးစီးရေးကိုသာ အားထုတ်လျက် ကိုယ်ကောင် ပွါးစီးရေးကိုကား အားမထုတ်ပဲ နေကြသည့် အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ အသျှင်ဂေါတမ ထိုသမဏဗြာဟ္မဏတို့သည် စိတ်၌ဖြစ်သော ဆင်းရဲဝေဒနာကို တွေ့ထိခံစားကုန်၏။ အသျှင်ဂေါတမ ရှေး၌ဖြစ်ဘူးသည်ကား စိတ်၌ဖြစ်သောဆင်းရဲဝေဒနာဖြင့် တွေ့ထိခံစားသူအား ပေါင်တန်းခြင်းသော်လည်း ဖြစ်ရတုံဘိ၏၊ နှလုံးသော်လည်း ကွဲရတုံဘိ၏၊ သွေးပူသော်လည်း ခံတွင်းမှ အန်ထွက်ရတုံဘိ၏၊ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းသို့သော်လည်း ရောက်ရတုံဘိ၏။ အသျှင်ဂေါတမ ထိုသူ၏ကိုယ်သည် စိတ်သို့ အစဉ်လိုက်၏၊ စိတ်၏အစွမ်းအားဖြင့် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ကိုယ်ကို မပွါးစီးစေအပ်သည့် အဖြစ်ကြောင့်တည်း။ အသျှင်ဂေါတမ "စင်စစ်သော်ကား အသျှင်ဂေါတမ၏ တပည့်သာဝကတို့သည် စိတ်ပွါးစီးရေးကိုသာ အားထုတ်လျက် ကိုယ်ပွါးစီးရေးကိုကား အားမထုတ်ပဲ နေကြကုန်၏"ဟု ဤသို့လျှင် အကျွန်ုပ်အား အကြံအစည်ဖြစ်ပါ၏ဟုဆို၏။

http://www.dhammadownload.com



၃၆၆။ အဂ္ဂိဝေဿန အဘယ်သို့လျှင် ကိုယ်ကောင် ပွါးစီးရေးကို သင် ကြားဘူးသနည်း ဟု (မေးတော်မူ၏)။

ဤ (ကြားဘူးသော) ကိုယ်ကောင် ပွါးစီးရေးဟူသည် အဘယ်နည်းဟူမူ—အသျှင်ဂေါတမ ဝစ္ဆနွယ်၌ဖြစ်သော နန္ဒ၊ သံကိစ္စနွယ်၌ဖြစ်သော ကိသ၊ မက္ခလိဂေါသာလတို့တည်း။ဤသူတို့သည် အဝတ်မဝတ်ပဲ နေကုန်၏၊ လွတ်လပ်စွာ ကျင့်ကုန်၏၊ လက်ဖြင့် (မစင်ကို) သုတ်လေ့ ရှိကုန်၏၊ အသျှင် လာပါလော့ဆိုသူ၏ ဆွမ်းကို မခံကုန်၊ ရပ်ပါဦး ဆိုသူ၏ ဆွမ်းကို မခံကုန်၊ မိမိ မရပ်မီ ရှေးရှု လာသော ဆွမ်းကို မခံကုန်၊ ရည်စူး၍ပြုသော ဆွမ်းကို မခံကုန်၊ ပင့်ဖိတ်ဆွမ်းကို မခံကုန်၊ ထို (နန္ဒစသော) သူတို့သည် အိုးဝမှ ကော်၍ လောင်းသော ဆွမ်းကို မခံကုန်၊ တောင်းဝမှ ကော်၍ လောင်းသော ဆွမ်းကို မခံကုန်၊ တံခါးခုံခြား၍ (လောင်းသော) ဆွမ်းကို မခံကုန်၊ တုတ်ခြား၍ (လောင်းသော)ဆွမ်းကို မခံကုန် ကျည်ပွေ့ခြား၍(လောင်းသော) ဆွမ်းကို မခံကုန်၊ နှစ်ယောက် စားနေစဉ်မှ (လောင်းသော) ဆွမ်းကို မခံကုန်၊ ကိုယ်ဝန်ဆောင်မိန်းမ၏ ဆွမ်းကို မခံကုန်၊ နို့တိုက်ဆဲမိန်းမ၏ ဆွမ်းကို မခံကုန်၊ ယောကျ်ားနှင့် နှီးနှောနေသော မိန်းမ၏ဆွမ်းကို မခံကုန်၊ ဆော်အောစုဆောင်း၍ လောင်းသော ဆွမ်းတို့ကို မခံကုန်၊ ခွေးမျှော်နေရာမှ ဆွမ်းကို မခံကုန်၊ ယင်အုံရာမှဆွမ်းကို မခံကုန်၊ ငါးမစားကုန်၊ အမဲမစားကုန်၊ သေမသောက်ကုန်၊ အရက်မသောက် ကုန်၊ ဖွဲ၌မြုပ်ထားသော ဆေးရေကို မသောက်ကုန်၊ ထိုသူတို့သည် တအိမ်၌သာ ဆွမ်းခံ၍ တလုပ် သာ စားကုန်၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၍ နှစ်လုပ်သာ စားကုန်၏။ပ။ ခုနှစ်အိမ်၌သာ ဆွမ်းခံ၍ ခုနှစ်လုပ်သာစားကုန်၏၊ ဆွမ်းလောင်းခွက်ငယ် တခုစာဖြင့်လည်း မေျှာ့ရဲကုန်၏၊ ဆွမ်းလောင်း ခွက်ငယ် နှစ်ခုစာဖြင့်လည်း မေျှာ့ရဲကုန်၏။ပ။ ဆွမ်းလောင်းခွက်ငယ် ခုနစ်ခုစာဖြင့်လည်း မေျှာ့ရဲ ကုန်၏၊ တရက်ခြားလည်း အစာ စားကုန်၏၊ နှစ်ရက်ခြားလည်း အစာ စားကုန်၏။ပ။ ခုနစ်ရက် ခြားလည်း အစာ စားကုန်၏။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကိုကျင့်လျက် နေပါကုန်၏ဟု (ဆို၏)။

အဂ္ဂိဝေဿန ထိုသူတို့သည် ထိုမျှလောက်ဖြင့်သာလျှင် မျှတကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤမျှလောက်ဖြင့်သာလျှင် မျှတသည် မဟုတ်ပါ။ အသျှင်ဂေါတမ တရံတခါ အလွန်မွန်မြတ်သော ခဲဖွယ်တို့ကို ခဲကုန်၏ အလွန်မွန်မြတ်သော စားဖွယ်တို့ကို စားကုန်၏၊အလွန် မွန်မြတ်သော လျက်ဖွယ်တို့ကို လျက်ကုန်၏၊အလွန်မွန်မြတ်သော သောက်ဖွယ်တို့ကို သောက်ကုန် ၏၊ ထိုသူတို့သည် ဤကိုယ်ကို အားယူစေသည်မည်ကုန်၏၊ ပွါးစေသည် မည်ကုန်၏၊ အဆီတိုးစေ သည် မည်ကုန်၏ ဟု (ဆို၏)။

အဂ္ဂိဝေဿန ထိုသူတို့သည် ရှေးဖြစ်သည့် ပြုကျင့်နိုင်ခဲ့သော အကျင့်ကိုပယ်၍ နောက်ကာလ၌ တိုးပွါးစေကုန်၏။ဤသို့အားဖြင့် ဤကိုယ်၏တိုးပွါးခြင်း ဆုတ်ယုတ်ခြင်းသည် ဖြစ်၏။အဂ္ဂိဝေဿန အဘယ်သို့လျှင် စိတ်ပွါးစီးရေးကို သင်ကြားဘူးသနည်းဟု မေးတော်မူ၏။ စိတ်ပွါးစီးရေးကို မြတ်စွာဘုရားမေးတော်မူသော် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် ပြည့်စုံအောင် မဖြေဆိုနိုင်။

၃၆၇။ ထိုအခါ မြတ်စွာဘုရားသည် နိဂဏ္ဌတက္ကတွန်း၏သား သစ္စကအား—"အဂ္ဂိဝေဿန သင်သည် ရှေး၌ဖြစ်သော ကိုယ်ပွါးစီးရေးကို ဆို၏၊ထိုကိုယ်ပွါးစီးရေးသည်လည်း မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌ တရားနှင့်လျော်သော ကိုယ်ပွါးစီးရေး မဟုတ်ပေ။ အဂ္ဂိဝေဿန ကိုယ်ပွါးစီးရေးကိုသော်လည်း သင်မသိ၊ စိတ်ပွါးစီးရေးကိုကား အဘယ်မှာ သင်သိလတ္တံ့နည်း။

http://www.dhammadownload.com



အဂ္ဂိဝေဿန စင်စစ်သော်ကား ပွါးများမထားသော ကိုယ်ရှိသူ ပွါးများမထားသော စိတ်ရှိသူ ပွါးများထားသော ကိုယ်ရှိသူ ပွါးများထားသောစိတ်ရှိသူ ဖြစ်ပုံကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့”ဟု မိန့်တော်မူ၏။

နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် “အသျှင် ကောင်းပါပြီ”ဟု မြတ်စွာဘုရားအား ပြန်ကြားသဖြင့် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

၃၆၇။ အဂ္ဂိဝေဿန အဘယ်သို့လျှင် ပွါးစီးမထားသော ကိုယ်ရှိသူ ပွါးစီးမထားသောစိတ်ရှိသူဖြစ်သနည်း၊ အဂ္ဂိဝေဿန ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်အား ချမ်းသာခံစားခြင်းသည် ဖြစ်ပေါ်၏။ ထိုသူသည် ချမ်းသာခံစားခြင်းဖြင့် တွေ့ထိခံရသော် ချမ်းသာခံစားခြင်း၌ လွန်စွာတပ်စွန်းခြင်းလည်း ဖြစ်၏၊ ချမ်းသာခံစားခြင်း၌ လွန်စွာတပ်စွန်းခြင်း ရှိသည့် အဖြစ်သို့လည်း ရောက်၏။ ထိုသူအား ထိုချမ်းသာခံစားခြင်းသည် ချုပ်ပျောက်၏။ ချမ်းသာခံစားခြင်း၏ ချုပ်ပျောက်ခြင်းကြောင့် ဆင်းရဲခံစားခြင်းသည် ဖြစ်ပေါ်၏။ ထိုသူသည် ဆင်းရဲခံစားခြင်းဖြင့် တွေ့ထိခံရသော် ပူဆွေး၏၊ ပင်ပန်းရ၏၊ ငိုကြွေးရ၏၊ ရင်ပတ်စည်တီး ငိုရ၏၊ တွေဝေမိန်းမောခြင်းသို့ ရောက်ရ၏။ အဂ္ဂိဝေဿန ထိုသူအား ဤဖြစ်ပေါ်လာသော ချမ်းသာခံစားခြင်းသည်လည်း ကိုယ်ကို မပွါးစီးစေအပ်သည့်အဖြစ်ကြောင့် စိတ်ကိုသိမ်းကျုံး၍ တည်၏။ ဖြစ်ပေါ်လာသောဆင်းရဲခံစားခြင်းသည်လည်း စိတ်ကိုမပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကိုသိမ်းကျုံး၍တည်၏။ အဂ္ဂိဝေဿန ဤသို့ မည်သည့်ပုဂ္ဂိုလ်အားမဆို နှစ်မျိုးနှစ်စားဖြစ်၍ ဖြစ်ပေါ်လာသော ချမ်းသာခံစားခြင်းသည်လည်း ကိုယ်ကိုမပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကိုသိမ်းကျုံး၍ တည်၏။ ဖြစ်ပေါ်လာသော ဆင်းရဲခံစားခြင်းသည်လည်း စိတ်ကို မပွါးစီးစေအပ်သည့်အဖြစ်ကြောင့် စိတ်ကို သိမ်းကျုံး၍ တည်၏။ အဂ္ဂိဝေဿန ဤသို့လျှင် ပွါးစီးမထားသော ကိုယ်ရှိသူ ပွါးစီးမထားသော စိတ်ရှိသူဖြစ်၏။

၃၆၈။ အဂ္ဂိဝေဿန အဘယ်သို့လျှင် ပွါးစီးထားသော ကိုယ်ရှိသူ ပွါးစီးထားသော စိတ်ရှိသူ ဖြစ်သနည်း၊ အဂ္ဂိဝေဿန ဤလောက၌ အကြားအမြင်ရှိသော မြတ်စွာဘုရား၏တပည့် သာဝကအား ချမ်းသာခံစားခြင်းသည် ဖြစ်ပေါ်၏။ ထိုသူသည် ချမ်းသာခံစားခြင်းဖြင့် တွေ့ထိ ခံရသော် ချမ်းသာ ခံစားခြင်း၌ လွန်စွာ တပ်စွန်းခြင်းလည်း မဖြစ်ပေ၊ ချမ်းသာခံစားခြင်း၌ လွန်စွာ တပ်စွန်းခြင်းရှိသည် အဖြစ်သို့လည်း မရောက်၊ ထိုသူအား ထိုချမ်းသာ ခံစားခြင်းသည် ချုပ်ပျောက်၏။ ချမ်းသာ ခံစားခြင်း၏ ချုပ်ပျောက်ခြင်းကြောင့် ဆင်းရဲခံစားခြင်းသည် ဖြစ်၏။ ထိုသူသည် ဆင်းရဲခံစားခြင်းဖြင့် တွေ့ထိခံရသော် မပူဆွေးရပေ၊ မပင်ပန်းရပေ၊ မငိုကြွေးရပေ၊ ရင်ပတ်စည်တီး မငိုကြွေးရပေ၊ တွေဝေ မိန်းမောခြင်းသို့ မရောက်ရပေ။ အဂ္ဂိဝေဿန ထိုပုဂ္ဂိုလ်အား ဤဖြစ်ပေါ်လာသော ချမ်းသာ ခံစားခြင်းသည်လည်း ကိုယ်ကိုပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ပေ။ ဖြစ်ပေါ် လာသောဆင်းရဲခံစားခြင်းသည်လည်း စိတ်ကို ပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ပေ။

အဂ္ဂိဝေဿန ဤသို့မည်သည့်ပုဂ္ဂိုလ်အားမဆို နှစ်မျိုးနှစ်စားဖြစ်၍ဖြစ်ပေါ်လာသော ချမ်းသာ ခံစားခြင်းသည်လည်း ကိုယ်ကို ပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကိုသိမ်းကျုံး၍မတည်နိုင်ပေ။ ဖြစ်ပေါ်လာသော ဆင်းရဲခံစားခြင်းသည်လည်း စိတ်ကို ပွါးစီးစေအပ်သည့် အဖြစ်ကြောင့် စိတ်ကို

http://www.dhammadownload.com



သိမ်းကျုံး၍ မတည်နိုင်ပေ။ အဂ္ဂိဝေဿန ဤသို့လျှင် ပွါးစီးထားသော ကိုယ်ရှိသူ ပွါးစီးထားသော စိတ်ရှိ သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

၃၇၀။ အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် အသျှင်ဂေါတမသည် ပွါးစီးထားသော ကိုယ်ရှိသူ ပွါးစီးထားသော စိတ်ရှိသူဖြစ်၏ဟု အသျှင်ဂေါတမအား အကျွန်ုပ်ကြည်ညိုပါ၏ ဟု(ဆို၏)။

အဂ္ဂိဝေဿန စင်စစ်သော်ကား သင်သည် ဤစကားကို ထိပါးစောင်းချိတ်၍ ဆိုသည်သာ ဖြစ်၏။သို့ရာတွင် သင့်အား ငါဟောကြားအံ့။အဂ္ဂိဝေဿန ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကိုဝတ်ကာ လူ့ဘောင်မှ ထွက်ခွါလျက် ရဟန်းဘောင်၌ ရဟန်းပြုသော အခါမှစ၍ ဖြစ်ပေါ်လာသော ချမ်းသာ ခံစားခြင်းသည်လည်း ငါ၏ စိတ်ကိုသိမ်းကျုံး၍ တည်နိုင်ရာသော အကြောင်းမရှိပေ၊ ဖြစ်ပေါ်လာသော ဆင်းရဲခံစားခြင်းသည်လည်း ငါ၏ စိတ်ကို သိမ်းကျုံး၍တည်နိုင်ရာသော အကြောင်းသည် မရှိပေဟု (မိန့်တော်မူ၏)။

စိတ်ကို သိမ်းကျုံး၍ တည်နိုင်ရာသော ချမ်းသာ ခံစားခြင်း မျိုးသည် အသျှင်ဂေါတမအား မဖြစ်ပေါ်လေယောင်တကား စိတ်ကို သိမ်းကျုံး၍ တည်နိုင်ရာသော ဆင်းရဲ ခံစားခြင်းမျိုးသည် အသျှင်ဂေါတမအား မဖြစ်ပေါ်လေယောင်တကား ဟု(ဆို၏)။

၃၇၁။ အဂ္ဂိဝေဿန အဘယ်မှာ မဖြစ်ပေါ်ပဲ ရှိအံ့နည်း။ အဂ္ဂိဝေဿန ဤသာသနာတော်၌ ငါသည် အရိယာမဂ်ကို မရမီ (သစ္စာလေးပါးကို)ထိုးထွင်း၍ မသိသေးသော ဘုရားလောင်းမျှသာ ဖြစ်နေစဉ်က"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ လမ်းကြောင်း ဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ လူ့ဘောင်၌ နေသူသည် စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်း ပွတ်သစ်နှင့်တူစွာ ဤမြတ်သောအကျင့်ကို ကျင့်ခြင်းငှါမလွယ်။ ငါသည် ဆံမုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ထွက်ခွါလျက် ရဟန်းဘောင်သို့ ဝင်ရမူ ကောင်းလေစွ"ဟု ဤသို့သော အကြံအစည်သည် ဖြစ်၏။

အဂ္ဂိဝေဿန နောင်အခါ၌ ပျိုမြစ်သည်သာလျှင် ဖြစ်၍ ကောင်းစွာ မည်းနက်သော ဆံပင်ရှိသော ပဌမအရွယ်နှင့် ပြည့်စုံသဖြင့် အရွယ်ကောင်းသော ထိုငါသည် မလိုလားသော အမိအဖ များ မျက်ရည်ရှိစီးလျက် ငိုကြွေးကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုခဲ့၏။ထိုငါသည် ဤဆိုခဲ့သည့် အတိုင်း ရဟန်းဖြစ်ပြီး လျက်သာလျှင် အဘယ်အရာသည် အပြစ်ကင်းသော တရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည်(အတုမရှိ)မြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် ကာလာမ အနွယ်၌ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်ပြီးနောက် ကာလာမ အနွယ်၌ ဖြစ်သော အာဠာရကို "ငါ့သျှင် ကာလာမ ငါသည် ဤသာသနာတော်၌ မြတ်သောအကျင့်ကို ကျင့်လို၏"ဟု ဤစကား ကို ပြောဆို၏။ အဂ္ဂိဝေဿန ဤသို့ ပြောဆိုသော် ကာလာမ အနွယ်ဖြစ်သော အာဠာရက "အသျှင်သည် နေပါလော့၊ ဤတရားကား ပညာရှိ ယောကျ်ားသည် မကြာမီပင် မိမိ၏ ဆရာ အယူကိုကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ပြည့်စုံစေ၍ နေနိုင်ရာသော သဘော ရှိပါ၏"ဟု ငါ့အားပြောဆို၏။ အဂ္ဂိဝေဿန ထို ငါသည် မကြာမီ လျှင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏။အဂ္ဂိဝေဿန ထို ငါသည် နှုတ်ခမ်းလှုပ်ရုံမျှသာ ဆိုပြည်ကို လိုက်ဆိုရုံမျှလောက်ဖြင့် သာလျှင် သိပြီဟူသော စကားကိုလည်း ခိုင်မြဲပြီဟူသော စကားကိုလည်း ပြောဆိုနိုင်၏။ ငါကိုယ်တိုင် ကလည်းသိ၏ မြင်၏ဟု ဝန်ခံ၏၊ သူတပါးတို့ကလည်း ပြောဆိုကြကုန်၏။ အဂ္ဂိဝေဿန ထိုငါ့အား

http://www.dhammadownload.com



"ကာလာမ အန္ဒယ်၌ ဖြစ်သော အာဠာရသည် ဤတရားကို 'ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် "ကာလာမ အန္ဒယ်၌ ဖြစ်သော အာဠာရသည် ဤတရားကို ယုံကြည်မှုသက်သက်မျှဖြင့် ပြောကြားသည် မဟုတ်၊ မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏' ဟု ယုံကြည်မှုသက်သက်မျှဖြင့် ပြောကြားသည် မဟုတ်၊ စင်စစ်အားဖြင့် ကာလာမ အန္ဒယ်၌ဖြစ်သော အာဠာရသည် ဤတရားကို သိမြင်လျက်နေ၏" ဟု အကြံဖြစ်၏။

အဂ္ဂိဝေဿန ထိုအခါ ငါသည် ကာလာမအန္ဒယ်၌ ဖြစ်သော အာဠာရထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့သျှင် ကာလာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြုကာ ပြည့်စုံစေ၍နေ၏ဟူ၍ ပြောကြားသနည်း" ဟု ကာလာမ အန္ဒယ်၌ဖြစ်သော အာဠာရကို ပြောဆို၏။ အဂ္ဂိဝေဿန ဤသို့ပြောဆိုသော် ကာလာမအန္ဒယ်၌ဖြစ်သော အာဠာရသည် အာကိဉ္စညာ ယတနစျာန်ကို ပြောကြား၏။ အဂ္ဂိဝေဿန ထိုငါ့အား "ကာလာမအန္ဒယ်၌ ဖြစ်သော အာဠာရအား သာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ' ရှိသည် မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း 'သဒ္ဓါ' ရှိ၏။ ကာလာမ အန္ဒယ်၌ဖြစ်သော အာဠာရအားသာလျှင် အားထုတ်မှု 'ဝီရိယ' ရှိသည် မဟုတ်၊ ငါ့အားလည်း အား ထုတ်မှု 'ဝီရိယ' ရှိ၏။ ကာလာမအန္ဒယ်၌ ဖြစ်သော အာဠာရအား သာလျှင် အောက်မေ့ခြင်း 'သတိ' ရှိသည် မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ' ရှိ၏။ ကာလာမအန္ဒယ်၌ ဖြစ်သော အာဠာရ အားသာလျှင် တည်ကြည်ခြင်း 'သမာဓိ' ရှိသည် မဟုတ်၊ ငါ့အားလည်း တည်ကြည်ခြင်း 'သမာဓိ' ရှိ၏။ ကာလာမအန္ဒယ်၌ ဖြစ်သော အာဠာရအားသာလျှင် အသိဉာဏ် 'ပညာ' ရှိသည် မဟုတ်၊ ငါ့အား လည်း အသိဉာဏ် 'ပညာ' ရှိ၏။

"ထူးသောဉာဏ်ဖြင့် 'ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏' ဟု ကာလာမ အန္ဒယ်၌ ဖြစ်သော အာဠာရ ပြောကြားထားသော တရားကို မျက်မှောက် ပြုခြင်းငှါ ငါအားထုတ် ရမူ ကောင်းပေမည်" ဟု အကြံဖြစ်၏။ အဂ္ဂိဝေဿန ထို ငါသည် မကြာမီ လျင်မြန်စွာသာလျှင် ထိုတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

အဂ္ဂိဝေဿန ထိုအခါ ငါသည် ကာလမအန္ဒယ်၌ဖြစ်သော အာဠာရထံသို့ချဉ်းကပ်၍ ကာလာမ အန္ဒယ်၌ဖြစ်သော အာဠာရအား "ငါ့သျှင်ကာလာမ ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ် ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ပြောကြားပါသလော" ဟု ပြောဆို၏။

ငါ့သျှင် ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံ စေ၍ ငါပြောကြားပါ၏ဟု (ဝန်ခံ၏)။

ငါ့သျှင် ငါသည်လည်း ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက် မှောက်ပြုကာ ပြည့်စုံစေ၍ နေပါ၏ ဟု (ပြောဆို၏)။

ငါ့သျှင် သင်ကဲ့သို့သောသီတင်းသုံးဖော်အသျှင်ကို ငါတို့တွေ့မြင်ကြရခြင်းသည် ငါတို့မှာ အရ တော်လေစွ၊ ငါတို့မှာ အလွန်အရတော်လေစွ၊ ဤသို့ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံ စေ၍ သင်သည် နေ၏၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်နေ ကြောင်းဖြစ်သော တရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြော ကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသောတရားကို ငါသိ၏။ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏၊ သင်ကဲ့သို့ပင် ငါလည်း ဖြစ်၏။ ငါ့သျှင်လာလော့၊ ယခုအခါ သူတော် ကောင်း(ဖြစ်သော ငါတို့) နှစ်ဦးလုံးပင် ဤဂိုဏ်းကို (ရှေ့) ဆောင်ကြကုန်အံ့ဟု (ပြောဆို၏)။

http://www.dhammadownload.com



အဂ္ဂိဝေဿန ဤသို့လျှင် ကာလမအန္တယ်၌ ဖြစ်သောအာဋ္ဌာရသည် ငါ၏ဆရာဖြစ်လျက် မိမိ၏ တပည့်ဖြစ်သော ငါ့ကို မိမိနှင့်အညီအမျှထား၏၊ ငါ့ကိုမွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။ အဂ္ဂိဝေဿန ထိုငါ့အား "ဤတရားသည် ငြီးငွေ့ရန်အလို့ငှါ မဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါမဖြစ်၊ (ဝဋ္ဋဆင်းရဲ)ချုပ်ရန် အလို့ငှါ မဖြစ်၊ (ကိလေသာ)ငြိမ်းရန်အလို့ငှါမဖြစ်၊ ထူးသော ဉာဏ်ဖြင့် သိရန်အလို့ငှါ မဖြစ်၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါမဖြစ်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုရန်အလို့ငှါ မဖြစ်၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်ရုံမျှအကျိုးငှါသာလျှင် ဖြစ်၏" ဟု အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၃၇၂။ အဂ္ဂိဝေဿန ထိုငါသည် အဘယ်အရာသည် အပြစ်ကင်းသော တရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် ရာမ သား ဥဒကထံသို့ ချဉ်းကပ်ပြီးနောက် ရာမသား ဥဒကအား "ငါ့ရှင် ငါသည် ဤသာသနာ တော်၌ မြတ်သောအကျင့်ကို ကျင့်လို၏" ဟု ဤစကားကို ပြောဆို၏။ အဂ္ဂိဝေဿန ဤသို့ပြော ဆိုသော် ရာမသား ဥဒကက "အသျှင်သည် နေပါလော့၊ ဤတရားကား ပညာရှိယောကျ်ားသည် မကြာမီပင် မိမိ၏ဆရာ့အယူကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍နေရာ သော သဘောရှိပါ၏" ဟု ဤစကားကို ငါ့အားပြောဆို၏။ အဂ္ဂိဝေဿန ထိုငါသည် မကြာမီ လျှင်မြန်စွာသာလျှင် ထိုတရားကို သင်ယူ၏။ အဂ္ဂိဝေဿန ထိုငါသည် နှုတ်ခမ်းလှုပ်ရုံမျှ ဆိုသည်ကို လိုက်ဆိုရုံမျှလောက်ဖြင့်သာလျှင် သိပြီဟူသော စကားကိုငြင်း ခိုင်မြဲပြီဟူသော စကားကိုငြင်း ပြောဆိုနိုင်၏၊ ငါကိုယ်တိုင်ကလည်း သိ၏ မြင်၏ဟူ၍ ဝန်ခံ၏၊ သူတပါးတို့ကလည်း ပြောဆို ကြ ကုန်၏။ အဂ္ဂိဝေဿန ထိုငါ့အား "ရာမသည် ဤတရားကို 'ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက် မှောက်ပြုကာ ပြည့်စုံစေ၍ နေရာ၏' ဟု ယုံကြည်မှုသက်သက်မျှဖြင့် ပြောကြားသည် မဟုတ်၊စင်စစ် အားဖြင့် ရာမသည် ဤတရားကို သိမြင်လျက် နေ၏" ဟု အကြံဖြစ်၏။အဂ္ဂိဝေဿန ထိုအခါ ငါသည် ရာမသား ဥဒကထံသို့ ချဉ်းကပ်ပြီးလျှင် "ငါ့ရှင်ရာမ အဘယ်မျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေ၏ဟူ၍ ပြောကြားသနည်း" ဟု ရာမသား ဥဒကကို ပြောဆို၏။ အဂ္ဂိဝေဿန ဤသို့ပြောဆိုသော် ရာမသား ဥဒကသည် နေဝသညာနာသညာယတနစျာန်ကို ပြောကြား၏။ အဂ္ဂိဝေဿန ထိုငါ့အား "ရာမအား သာလျှင် ယုံကြည်ခြင်း 'သဒ္ဓါ' ရှိသည်မဟုတ်၊ ငါ့အားလည်း ယုံကြည်ခြင်း 'သဒ္ဓါ' ရှိ၏။ ရာမ အားသာလျှင် အားထုတ်မှု 'ဝီရိယ' ရှိသည်မဟုတ်၊ ငါ့အားလည်း အားထုတ်မှု 'ဝီရိယ' ရှိ၏။ ရာမ အားသာလျှင် အောက်မေ့ခြင်း 'သတိ' ရှိသည် မဟုတ်၊ ငါ့အားလည်း အောက်မေ့ခြင်း 'သတိ' ရှိ၏။ ရာမအားသာလျှင် တည်ကြည်ခြင်း 'သမာဓိ' ရှိသည်မဟုတ်၊ ငါ့အားလည်း တည်ကြည် ခြင်း 'သမာဓိ' ရှိ၏။ ရာမအားသာလျှင် အသိဉာဏ် 'ပညာ' ရှိသည်မဟုတ်၊ ငါ့အားလည်း အသိဉာဏ်ပညာရှိ၏။ 'ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါနေ၏' ဟု ရာမပြောကြားထားသောတရားကို မျက်မှောက်ပြုခြင်းငှါ ငါအားထုတ်ရမူ ကောင်းပေမည်" ဟု အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် မကြာမီ လျှင်မြန်စွာသာလျှင် ထိုတရားကို ထူးသောဉာဏ် ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေ၏။

အဂ္ဂိဝေဿန ထိုအခါ ငါသည် ရာမသား ဥဒကထံသို့ချဉ်းကပ်၍ ရာမသား ဥဒကအား "ငါ့ရှင် ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ပြော ကြားပါသလော" ဟု(ပြောဆို၏)။

http://www.dhammadownload.com



ငါ့သျှင် ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာပြည့်စုံစေ၍ ငါပြောကြားပါ၏ဟု (ပန်ခံ၏)။ငါ့သျှင် ငါသည်လည်း ဤမျှလောက်ဖြင့် ဤတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ နေပါ၏ဟု (ပြောဆို၏)။

ငါ့သျှင် သင်ကဲ့သို့သော သီတင်းသုံးဖော်အသျှင်ကို ငါတို့တွေ့မြင်ကြရခြင်းသည် ငါတို့မှာ အရတော်လေစွ၊ ငါတို့မှာ အလွန်အရတော်လေစွ၊ ဤသို့ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြားသော တရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင် နေ၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ သင်သည်နေ၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြောင်းဖြစ်သောတရားကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုကာ ပြည့်စုံစေ၍ ငါပြောကြား၏။ ဤသို့ ငါသိသောတရားကို သင်သိ၏၊ သင်သိသောတရားကို ငါသိ၏၊ ဤသို့လျှင် ငါကဲ့သို့ပင် သင်လည်း ဖြစ်၏။ သင်ကဲ့သို့ပင် (ငါ) လည်း ဖြစ်၏။ ငါ့သျှင် လာလော့၊ယခုအခါ သင်သည် ဤဂိုဏ်းကို (ရှေ့)ဆောင်ပါလော့ ဟု ပြောဆို၏။

အဂ္ဂိဝေဿန ဤသို့လျှင် ရာမသား ဥဒကသည်ငါ၏ သီတင် သုံးဖော်ဖြစ်လျက် ငါ့ကိုဆရာ့အရာ၌ ထား၏၊ ငါ့ကို မွန်မြတ်သော ပူဇော်ခြင်းဖြင့်လည်း ပူဇော်၏။အဂ္ဂိဝေဿန ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏။ "ဤတရားသည် ငြီးငွေ့ရန်အလို့ငှါ မဖြစ်၊ တပ်မက်ခြင်း ကင်းရန် အလို့ငှါ မဖြစ်၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါ မဖြစ်၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါ မဖြစ်၊ (ထူးသောဉာဏ်ဖြင့်) သိခြင်းငှါ မဖြစ်၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါ မဖြစ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ မဖြစ်။ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ရုံမျှအကျိုးငှါသာလျှင် ဖြစ်၏" ဟု (အကြံဖြစ်၏)။ အဂ္ဂိဝေဿန ထိုငါသည် ထိုတရားကို တန်ဆာမဆင်ပဲ ထိုတရားမှ ငြီးငွေ့၍ ဖဲခွါခဲ့၏။

၃၇၃။ အဂ္ဂိဝေဿန ထိုငါသည် အဘယ်အရာသည် အပြစ်ကင်းသော တရားပေနည်းဟု ရှာဖွေလျက် အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးရာ နိဗ္ဗာန်နည်းဟု ရှာဖွေလျက် မဂဓတိုင်းတို့၌ အစဉ်အတိုင်း ဒေသစာရီ လှည့်လည်သော် ဥရုဝေလတော သေနာနိဂုံးသို့ ရောက်၏။ ထိုအရပ်၌ မွေ့လျော်ဖွယ်ရာ မြေအဖို့ကိုရင်း ကြည်နူးဖွယ်ကောင်းသော တောအုပ်ကိုရင်း စီးဆင်းနေသော မြစ်ကိုရင်း မွေ့လျော်ဖွယ်ကောင်းသော သန့်ရှင်းသော ဆိပ်ကမ်းကိုရင်း အနီးအနားမှ ဆွမ်းခံရွာကိုရင်း မြင်၏။ အဂ္ဂိဝေဿန ထိုငါ့အား ဤသို့သော အကြံသည်ဖြစ်၏။ "အချင်းတို့ မြေအဖို့သည် စင်စစ် မွေ့လျော်ဖွယ် ရှိလှပေ၏ တောအုပ်သည်လည်း ကြည်နူးဖွယ်ကောင်းလှပေ၏၊ မြစ်သည်လည်း တသွင်သွင် စီးဆင်းနေပေ၏၊ ဆိပ်ကမ်းသည်လည်း သန့်ရှင်း၍ မွေ့လျော်ဖွယ်ကောင်းလှပေ၏၊ ဆွမ်းခံရွာသည်လည်း နီးနားလှပေ၏၊ ဤအရပ်သည် ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးသားအား ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှါ သင့်လျော်ရာ၏ ဟု (အကြံဖြစ်၏)။ အဂ္ဂိဝေဿန ဤအရပ်သည် ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှါ သင့်လျော်လှပေ၏" ဟု နှလုံးသွင်းလျက် ထိုအရပ်၌ပင် ငါနေခဲ့ပေ၏။

၃၇၄။ အဂ္ဂိဝေဿန စင်စစ် ရှေးက မကြားဘူးသေးသည့် အံ့ဩဖွယ်ရာဖြစ်သော ဥပမာ သုံးရပ်တို့သည် ငါ့အား ထင်လာကုန်၏။ အဂ္ဂိဝေဿန ဥပမာသော်ကား ရေ၌ ချထားသော အစေးရှိသော ထင်းစိုသည် ရှိ၏။ ထိုအခါ ယောကျ်ားသည် "မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ထင်ရှားပြုအံ့" ဟု မီးပွတ်ခုံကို ယူ၍ လာရာ၏။ အဂ္ဂိဝေဿန ထိုအရာကို အဘယ်သို့ မှတ်ထင်

http://www.dhammadownload.com



သနည်း၊ စင်စစ် ထိုယောကျ်ားသည် ရေ၌ ချထားသော အစေးရှိသော ဤမည်သော ထင်းစိုကို မီးပွတ်ခုံကို ယူ၍ ပွတ်တိုက်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ အပူဓာတ်ကို ထင်ရှား ပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤအရာသည် မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အသျှင်ဂေါတမ ဤမည်သော ထင်းသည် အစေးရှိသော ထင်းစိုဖြစ်သည့်ပြင် ရေ၌လည်း ချထားသောကြောင့်တည်း။ထိုယောကျ်ားသည် ကိုယ်ပင်ပန်းရုံ စိတ်ဆင်းရဲရုံသာလျှင် အဖို့ရှိရာပါ၏ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ငှင်း စိတ်ဖြင့်ငှင်း လိုချင်မှုတို့မှ မကင်းဆိတ်ပဲ နေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ် 'ဝတ္ထုကာမ' တို့၌ လိုချင်တပ်မက်မှု 'ကာမစ္ဆန္ဒ' လိုချင်မှုဟူသော အစေး လိုချင်မှုဟူသော တွေဝေခြင်း လိုချင်မှုဟူသော မွှပ်သိပ်ခြင်း လိုချင်မှုဟူသော ပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး။ အကယ်၍ ထိုအသျှင်သမဏ ဗြာဟ္မဏတို့သည် လုံ့လကြောင့်ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရကုန်သော်လည်း သိခြင်းငှါ မြင်ခြင်းငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်ကုန်။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွားကုန်သော ဆင်းရဲဝေဒနာတို့ကို မခံစားရကုန်သော်လည်း သိခြင်းငှါ မြင်ခြင်းငှါ အတုမဲ့ ထိုးတွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ အဂ္ဂိဝေဿန ငါ့ရှေးက မကြားဘူးသေးသည့် ရှေးဦးစွာဖြစ်သော အံ့ဩဖွယ်ရာ ဤဥပမာသည် ငါ့အား ထင်လာ၏။

၃၇၅။ အဂ္ဂိဝေဿန ရှေးက မကြားဘူးသေးသည့် အခြားအံ့ဩဖွယ်ရာဖြစ်သော နှစ်ခုမြောက် ဥပမာသည်လည်း ငါ့အား ထင်လာပြန်၏။ အဂ္ဂိဝေဿန ဥပမာသော်ကား ရေမှ ဝေးစွာ ကုန်း၌ ချထားသော အစေးရှိသော ထင်းစိုသည် ရှိ၏။ ထိုအခါ ယောကျ်ားသည် "မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ထင်ရှားပြုအံ့" ဟု မီးပွတ်ခုံကို ယူ၍လာရာ၏။ အဂ္ဂိဝေဿန ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ် ထိုယောကျ်ားသည် ရေမှ ဝေးစွာ ကုန်း၌ ချထားသော အစေးရှိသော ဤမည်သော ထင်းစိုကို မီးပွတ်ခုံကို ယူ၍ ပွတ်တိုက်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ အပူဓာတ်ကို ထင်ရှားပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ဤအရာသည် မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်နည်းဆိုသော် အသျှင်ဂေါတမ ဤမည်သော ထင်းသည် ရေမှဝေးစွာ ကုန်း၌ ချထားစေကာမူ အစေးရှိသော ထင်းစိုဖြစ်သောကြောင့်တည်း။ ထိုယောကျ်ားသည် ကိုယ်ပင်ပန်းရုံ စိတ်ဆင်းရဲရုံသာလျှင် အဖို့ရှိရာပါ၏ ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ဤအတူပင်လျှင် အချို့သော သမဏ ဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ငှင်း စိတ်ဖြင့်ငှင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ်'ဝတ္ထုကာမ' တို့၌ လိုချင်တပ်မက်မှု 'ကာမစ္ဆန္ဒ' လိုချင်မှုဟူသော အစေး လိုချင်မှုဟူသော တွေဝေခြင်း လိုချင်မှုဟူသော မွှတ်သိပ်ခြင်း လိုချင်မှုဟူသော ပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး။ အကယ်၍ ထိုအသျှင်သမဏ ဗြာဟ္မဏတို့သည် လုံ့လကြောင့်ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရကုန်သော်လည်း သိခြင်းငှါ မြင်ခြင်းငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။

http://www.dhammadownload.com



ကြမ်းတမ်း စပ်ခါး
အကယ်၍ ထိုအသျှင်သမဏ ဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး
ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို မခံစားရကုန်သော်လည်း သိခြင်းငှါ မြင်ခြင်း
ငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ အဂ္ဂိဝေဿန ရှေးက မကြားဘူးသေးသည့်
အံ့ဩဖွယ်ရာ နှစ်ခုမြောက် ဥပမာသည် ငါ့အား ထင်လာ၏။

အံ့ဩဖွယ်ရာဖြစ်သော သုံးခုမြောက်
၃၇၆။ အဂ္ဂိဝေဿန ရှေးက မကြားဘူးသေးသည့် အခြားအံ့ဩဖွယ်ရာဖြစ်သော သုံးခုမြောက်
ဥပမာသည်လည်း ငါ့အား ထင်လာပြန်၏။ အဂ္ဂိဝေဿန ဥပမာသော်ကား ရေမှ ဝေးစွာ
ကုန်း၌ ချထားသော အစေးမရှိသော ထင်းခြောက်သည် ရှိ၏။ ထိုအခါ ယောကျ်ားသည်
"မီးကို ဖြစ်စေအံ့၊ အပူဓာတ်ကို ထင်ရှားပြုအံ့" ဟု မီးပွတ်ခုံကို ယူ၍ လာရာ၏ အဂ္ဂိဝေဿန
ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊စင်စစ် ထိုယောကျ်ားသည် ရေမှ ဝေးစွာကုန်း၌ ချထား
သော အစေးမရှိသော ထင်းခြောက်ကို မီးပွတ်ခုံကိုယူ၍ ပွတ်သော် မီးကိုဖြစ်စေ နိုင်ရာသလော၊
အပူဓာတ်ကို ထင်ရှားပြုနိုင်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ
အသျှင်ဂေါတမ ဤအရာကား ဖြစ်နိုင်ပါ၏။ အဘယ့်ကြောင့်နည်း ဆိုသော် အသျှင်ဂေါတမ
ဤမည်သော ထင်းသည် အစေးမရှိသော ထင်းဖြစ်သည့်ပြင် ရေမှဝေးစွာ ကုန်း၌လည်းချထားသော
ကြောင့်ပါတည်း ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်ရင်း စိတ်ဖြင့်ရင်း
ကိုယ်တွင်းသန္တာန်ဝယ် လိုမျိုး
လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ထိုသမဏ ဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုမျိုး
ဖွယ် 'ဝတ္ထုကာမ' တို့၌ လိုချင်တပ်မက်မှု 'ကာမစ္ဆန္ဒ' လိုချင်မှုဟူသော 'အစေး' လိုချင်မှုဟူသော
တွေဝေခြင်း လိုချင်မှုဟူသော မှတ်သိပ်ခြင်း လိုချင်မှုဟူသော ပူဆာခြင်းကို ကောင်းစွာ ပယ်ပြီး
ဖြစ်၏၊ ကောင်းစွာငြိမ်းပြီး ဖြစ်၏။ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့်ဖြစ်
ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားရကုန်သော်
လည်း သိခြင်းငှါ မြင်ခြင်းငှါ အတုမဲ့ထိုးထွင်း၍သိခြင်းငှါ ထိုက်တန်ကုန်၏။ အကယ်၍ ထိုအသျှင်
သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်
ကုန်သော ဆင်းရဲဝေဒနာတို့ကို မခံစားရကုန်သော်လည်း သိခြင်းငှါ မြင်ခြင်းငှါ အတုမဲ့ထိုးထွင်း၍
သိခြင်းငှါ ထိုက်တန်ကုန်၏။ အဂ္ဂိဝေဿန ရှေးက မကြားဘူးသေးသည့် အံ့ဩဖွယ်ရာ သုံးခုမြောက်
ဥပမာသည် ငါ့အား ထင်လာ၏။ အဂ္ဂိဝေဿန ရှေးကမကြားဘူးသေးသည့် ဤအံ့ဩဖွယ်ရာ
ဖြစ်သော ဤဥပမာ သုံးရပ်တို့သည် ငါ့အား ထင်လာကုန်၏၊

၃၇၇။ အဂ္ဂိဝေဿန "ငါသည် သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက်
စိတ်ဖြင့် စိတ်ကို ဖိနှိပ်ရမူ ဖျစ်ညှစ်ရမူ ပင်ပန်းစေရမူ ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။
အဂ္ဂိဝေဿန ထိုငါသည် သွားတို့ဖြင့် သွားကို ကြိတ်၍ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့်
စိတ်ကို ဖိနှိပ်၏၊ ဖျစ်ညှစ်၏၊ ပင်ပန်းစေ၏။ အဂ္ဂိဝေဿန ထိုငါသည် သွားတို့ဖြင့် သွားကိုကြိတ်၍
လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်ဖျစ်ညှစ်ပင်ပန်းစေသော် လက်ကတီးကြား
တို့မှ ချွေးတို့သည် ယိုထွက်ကုန်၏။ အဂ္ဂိဝေဿန ဥပမာသော်ကား အားရှိသော ယောကျ်ား
သည် အားနည်းသော ယောကျ်ားကို ဦးခေါင်း၌ ကိုင်၍သော်၎င်း ပခုံး၌ ကိုင်၍သော်၎င်း ဖိနှိပ်
ရာ ဖျစ်ညှစ်ရာ ပင်ပန်းစေရာသကဲ့သို့ ဤအတူ ငါသည် သွားတို့ဖြင့် သွားကိုကြိတ်၍ လျှာဖြင့်
အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ် ဖျစ်ညှစ် ပင်ပန်းစေသော် လက်ကတီးကြားတို့မှ

http://www.dhammadownload.com



ချေးတို့သည် ယိုထွက်ကုန်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တို ဆုတ်နစ်ခြင်းမရှိသော လုံ့လ ဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ။အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့သဘောရှိသော ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာသည်လည်း ငါ၏ စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

၃၇၈။ အဂ္ဂိဝေဿန "ငါသည် ထွက်သက် ဝင်သက် မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ဝင်စားရမှု ကောင်းပေမည်" ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထား၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် နားတွင်းတို့မှ ထွက်သော လေတို့၏ အသံသည် လွန်ကဲ ပြင်းထန်စွာဖြစ်၏။ အဂ္ဂိဝေဿန ပန်းပဲသမားတို့၏ ဖားဖို (ဆွဲ)မှုတ်သော် လွန်ကဲပြင်းထန်သော အသံသည် ဖြစ်သကဲ့သို့ ဤအတူပင်လျှင် ငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော နားတွင်းတို့မှ ထွက်သော လေတို့၏ အသံသည် လွန်ကဲပြင်းထန်စွာဖြစ်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ။ ငါသည် အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့သဘောရှိသော ဖြစ်ပေါ်လာသော ဆင်းရဲ ဝေဒနာသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

အဂ္ဂိဝေဿန "ငါသည် ထွက်သက် ဝင်သက်မရှိအောင် ရှုဆင်ခြင်မှု'ဈာန်'ကို သာလျှင် ဝင်စားရမှု ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထား၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။အဂ္ဂိဝေဿန အားရှိသော ယောကျ်ားသည် ထက်သောချွန်းဖြင့် ဦးထိပ်၌ ကြိတ်နှိပ်ရာသကဲ့သို့ ဤအတူပင်လျှင် ငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ၊ အားထုတ်ခြင်းဖြင့် ထိုးကျင့်သော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့သဘောရှိသော ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

အဂ္ဂိဝေဿန "ငါသည် ထွက်သက်ဝင်သက် မရှိအောင် ရှုဆင်ခြင်မှု 'ဈာန်'ကိုသာလျှင် ဝင်စားရမှု ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏၊အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်းပိတ်ပင်ထား၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှုရင်း နှာခေါင်းမှုရင်း နားမှုရင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်း ကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ အဂ္ဂိဝေဿန အားရှိသော ယောကျ်ားသည် ခိုင်ခံ့သော သားရေလွန်ပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ်ထားရာသကဲ့သို့ ဤအတူပင်လျှင် ငါသည်

http://www.dhammadownload.com



ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လ ဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်းရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာသည်လည်း ငါ၏ စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

အဂ္ဂိဝေဿန "ငါသည် ထွက်သက်ဝင်သက် မရှိအောင်ရှုဆင်ခြင်မှု'ဈာန်'ကိုသာလျှင် ဝင်စားရမူ ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထား၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးဆွရစ်မွှေကုန်၏။ အဂ္ဂိဝေဿန ကျွမ်းကျင်သော နွားသတ်သမားသည်ရှင်း နွားသတ်သမား၏တပည့်သည်ရှင်း ထက်သောသားလှီးဓားငယ်ဖြင့် ဝမ်းကို ထိုးဆွရစ်မွှေရာသကဲ့သို့ ဤအတူပင်လျှင် ငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဝမ်းကို ထိုးဆွ ရစ်မွှေကုန်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

အဂ္ဂိဝေဿန "ငါသည် ထွက်သက် ဝင်သက် မရှိအောင် ရှုဆင်ခြင်မှု'ဈာန်'ကိုသာလျှင် ဝင်စားရမူ ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထား၏။ အဂ္ဂိဝေဿန ထိုငါသည် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ အဂ္ဂိဝေဿန အားရှိသော ယောကျ်ား နှစ်ယောက်တို့သည် အားနည်းသော ယောကျ်ားကို အသီး အသီး လက်မောင်းတို့၌ ကိုင်၍ မီးကျီးတွင်း၌ ကင်ကုန်ရာသကဲ့သို့ အပြန်ပြန် မြိုက်ကုန်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှရှင်း နှာခေါင်းမှရှင်း နားမှရှင်း ထွက်သက် ဝင်သက်တို့ကို ချုပ်တည်း ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ကိုယ်၌ ပူလောင်ခြင်းသည် ဖြစ်၏။ အဂ္ဂိဝေဿန ငါသည် တွန့်တိုဆုတ်နစ်ခြင်း မရှိသော လုံ့လဝီရိယကို အားထုတ်ပြီးပြီ၊ ငါ့အား မေ့လျော့ခြင်း မရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းဖြင့် ထိုးကျင့်ထားသော ငါ၏ကိုယ်သည် ထိုဆင်းရဲကို ဖြစ်စေတတ်သော အားထုတ်ခြင်းကြောင့်သာလျှင် ပူလောင်ခြင်း ရှိခဲ့၏၊ မငြိမ်းအေးခဲ့။ အဂ္ဂိဝေဿန ဤသို့ သဘော ရှိသော ဖြစ်ပေါ်လာသော ဆင်းရဲဝေဒနာသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

အဂ္ဂိဝေဿန စင်စစ်သော်ကား နတ်တို့သည် ငါ့ကို မြင်၍ "ရဟန်းဂေါတမသည် သေလေပြီ" ဟု ဆိုကုန်၏။ အချို့ နတ်တို့ကမူ "ရဟန်းဂေါတမသည် မသေသေး၊ စင်စစ်ကား သေအံ့ဆဲဆဲသာ ဖြစ်၏"ဟု ဆိုကုန်၏။ အချို့နတ်တို့သည်ကား "ရဟန်းဂေါတမသည် သေလည်း မသေသေး၊ သေ

http://www.dhammadownload.com



အံ့ဆဲဆဲလည်း မဟုတ်၊ ရဟန်းဂေါတမသည် ရဟန္တာတည်း၊ ရဟန္တာ၏နေခြင်းကား ဤသို့သဘော ရှိ၏"ဟု ဆိုကုန်၏။

၃၇၉။ အဂ္ဂိဝေဿန "ငါသည် လုံးဝ အစာအာဟာရဖြတ်၍ ကျင့်ရမှု ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုအခါနတ်တို့သည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် "အချင်း သင် သည် လုံးဝအစာအာဟာရကို ဖြတ်၍ မကျင့်ပါလင့်၊ အကယ်၍ သင်သည် လုံးဝအစာ အာဟာရကို ဖြတ်၍ ကျင့်အံ့၊ ငါတို့သည် သင်၏ အမွေးတွင်းတို့မှ နတ်သြဇာကို တဆင့်သွင်းကြ ရအံ့၊ ထိုနတ်သြဇာဖြင့် သင်သည် မျှတလတ္တံ့"ဟု ဆိုကုန်၏။ အဂ္ဂိဝေဿန "ငါသည်လည်း လုံးဝ မစား"ဟု ဝန်ခံငြားအံ့၊ ဤနတ်တို့သည်လည်း ငါ၏ အမွေးတွင်းတို့မှ နတ်သြဇာကို တဆင့်သွင်း ကုန်ရာ၏၊ ထိုနတ်သြဇာဖြင့်လည်း ငါသည် မျှတရအံ့၊ ထိုဝန်ခံခြင်းသည် ငါ့အား မုသား ဖြစ် ရာ၏"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ထိုနတ်တို့ကို တားမြစ်၏၊ "မသင့်"ဟု ပြောဆို၏။

၃၈၀။ အဂ္ဂိဝေဿန "ငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ် ရည်ကိုဖြစ်စေ ကုလားပဲရည်ကိုဖြစ်စေ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျိုရမှု ကောင်းပေမည်"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကို ဖြစ်စေ ပဲပိစပ်ရည်ကိုဖြစ်စေ ကုလားပဲရည်ကို ဖြစ်စေ စားတော်ပဲရည်ကို ဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို မျို၏" အဂ္ဂိဝေဿန တလက်ဖက် တလက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ ပဲပိစပ်ရည်ကို ဖြစ်စေ ကုလားပဲရည်ကို ဖြစ်စေ စားတော်ပဲရည်ကို ဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရ ကို မျိုသော ထိုငါ၏ ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်၏။ ထိုအာဟာရနည်းပါးမှုကြောင့် ပင် ငါ၏ အင်္ဂါကြီးငယ်တို့သည် ကစွန်းနွယ်၏ အဆစ်တို့ကဲ့သို့ရင်း နွယ်ပုပ်နွယ်ငန်း၏ အဆစ်တို့ ကဲ့သို့ရင်း ဖြစ်ပေါ်နေကုန်၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏တင်ပါးဆုံသားသည် ကုလားအုပ် ခြေရာကဲ့သို့ ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ ကျောက် ကုန်းရိုးသည် ပုတီးကုန်းကဲ့သို့ အမြင့်အနိမ့်ဖြစ်ပေါ်နေ၏။ ထိုအစာအာဟာရ နည်းပါးမှုကြောင့် ပင် စရပ်ဆွေး၏ အခြင်တို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးကျနေကုန်သကဲ့သို့ ငါ၏ နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ ထိုအစာအာဟာရနည်းပါးမှုကြောင့် ပင် နက်သောရေတွင်း၌ ရေအဝန်းသည် နက်ရှိုင်း၍ အောက်သို့ ဝင်နေသလို ထင်ရသကဲ့သို့ ငါ၏မျက်တွင်းတို့၌ မျက်လုံးတို့သည် နက်ရှိုင်း၍ အောက်သို့ ဝင်နေသလို ထင်ရကုန်၏။ ထိုအစာ အာဟာရနည်းပါးမှုကြောင့်ပင် အနုဆွတ်ထားသော ဗူးခါးသီးသည် လေ နေပူဖြင့် တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ထိုငါ၏ ဦးခေါင်းရေသည် ရှုံ့တွနေ၏။

အဂ္ဂိဝေဿန ထိုငါသည် ဝမ်းရေကို သုံးသပ်အံ့ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာလျှင် ကိုင်မိ၏၊ ကျောက်ကုန်းရိုးကို သုံးသပ်အံ့ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ အဂ္ဂိ ဝေဿန ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးကပ်သည်အထိ ဖြစ်ပေါ်နေ၏။ အဂ္ဂိဝေဿန ထိုငါသည် ကျင်ကြီးကိုရင်း ကျင်ငယ်ကိုရင်း စွန့်အံ့ဟု သွားသော် ထိုနေရာ၌သာ ထိုအစာအာဟာရနည်းပါးမှုကြောင့်ပင် မှောက်ခုံလဲကျ၏။ အဂ္ဂိဝေဿန **ထိုငါ** သည် ဤကိုယ်ကိုသာလျှင် သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏။ **အဂ္ဂိဝေဿန**

http://www.dhammadownload.com



လက်ဖြင့် ကိုယ်တို့ကိုပွတ်သပ်သော် အမြစ်ဆွေးနေကုန်သော အမွေးတို့သည် ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ကိုယ်မှ ကျွတ်ကျကုန်၏။

အဂ္ဂိဝေဿန စင်စစ် လူတို့သည် ငါ့ကိုမြင်၍ "ရဟန်းဂေါတမသည် မည်းသောအဆင်း ရှိ၏"ဟု ဆိုကုန်၏။ အချို့လူတို့ကမူ "ရဟန်းဂေါတမသည် မည်းသောအဆင်း ရှိသည်မဟုတ်၊ ရဟန်း ဂေါတမသည် ရွှေသောအဆင်း ရှိ၏"ဟု ဆိုကုန်၏။ အချို့လူတို့သည်ကား "ရဟန်းဂေါတမ သည် မည်းသောအဆင်း ရှိသည်မဟုတ်၊ ရွှေသောအဆင်း ရှိသည်လည်း မဟုတ်၊ ရဟန်းဂေါတမ သည် ကြမ်းပိုးကျောက်ကုန်း အရေအဆင်းရှိ၏"ဟု ဆိုကုန်၏။ အဂ္ဂိဝေဿန ထိုမျှလောက် စင်ကြယ်ဖြူဖွေးလျက်ရှိသော ငါ၏အရေအဆင်းသည် ထိုအစာအာဟာရ နည်းပါးမှုကြောင့်ပင် အလွန်ပျက်စီးနေ၏။

၃၇၁။ အဂ္ဂိဝေဿန "အတိတ်ကာလက အားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားခဲ့ကုန်သော သမဏ ဗြာဟ္မဏအား လုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်။ အနာဂတ် ကာလမှာလည်း အားထုတ်ခြင်း လုံ့လကြောင့် ဖြစ်ကုန်သော ကြမ်းတမ်းစပ်ခါး ဆိုးရွားထက် မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားလတ္တံ့ကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်လတ္တံ့၊ ဤခံစားခြင်းထက် မပိုလွန်။ ဤယခုပစ္စုပ္ပန်ကာလ၌ လည်း အားထုတ်ခြင်းလုံ့လကြောင့် ဖြစ်ကုန်သော ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်ကုန်သော ဆင်းရဲဝေဒနာတို့ကို ခံစားနေကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ဤခံစားခြင်းလောက် သာလျှင် ဖြစ်၏၊ ဤခံစားခြင်းထက် မပိုလွန်။ ငါသည် ဤစပ်ခါးသော ပြုနိုင်ခဲသောအမှုကို ပြုကျင့်ခြင်းဖြင့် လူတို့၏တရားထက်လွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို မရခဲ့။ သစ္စာလေးပါးကိုသိခြင်းငှါ လမ်းစဉ်သည် တခြားရှိသေးသလော"ဟု ငါ့အား အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါ့အား "ငါသည် ခမည်းတော်သကျမင်း၏ (လယ်ထွန်မင်္ဂလာ) အမှု၌ အေးသော သပြေပင်အရိပ်၌ ထိုင်လျက် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်' သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ငြိမ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေဘူးသည်ကို အမှတ်ရ၏။ ဤပဌမစျာန်သည် သစ္စာလေးပါးကို သိခြင်းငှါ လမ်းစဉ် ဖြစ်တန်ရာ၏"ဟု အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါ့အား "ဤသည်ပင်လျှင် သစ္စာလေးပါးကို သိခြင်းငှါ လမ်းစဉ်တည်း"ဟု အောက်မေ့ခြင်းသို့ အစဉ်လိုက်သော စိတ်ဖြစ်၏။ အဂ္ဂိဝေဿန ထိုငါ့အား "ကာမဂုဏ်တို့မှ ကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင်ဖြစ်သော ပဌမစျာန်ချမ်းသာကို ငါသည် ကြောက်လေသလော"ဟု ဤအကြံသည်ဖြစ်၏။ အဂ္ဂိဝေဿန ထိုငါ့ အား "ကာမဂုဏ်တို့မှ ကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သော ပဌမ စျာန်ချမ်းသာကို ငါမကြောက်"ဟု ဤအကြံဖြစ်၏။

၃၇၂။ အဂ္ဂိဝေဿန ထိုငါ့အား "ဤသို့ အလွန်ပိန်ကြုံသောအဖြစ်သို့ရောက်သော ကိုယ်ဖြင့် ထို(ပဌမစျာန်)ချမ်းသာကို ရရန် မလွယ်။ ငါသည် ကြမ်းတမ်းသောထမင်း မုယော မုံ့ အစာ အာဟာရကို စားရမူ ကောင်းပေမည်"ဟု အကြံဖြစ်၏။ အဂ္ဂိဝေဿန ထိုငါသည် ကြမ်းတမ်း သောထမင်း မုယော မုံ့ အစာအာဟာရကို စား၏။ အဂ္ဂိဝေဿန ထိုအခါ ငါ၏အထံ၌

http://www.dhammadownload.com



"ရဟန်းဂေါတမသည် ရသောတရားကို ငါတို့အား ပြောကြားလတ္တံ့"ဟု ရဟန်းငါးပါးတို့သည် လုပ်ကျွေးနေကုန်၏။ အဂ္ဂိဝေဿန ကြမ်းတမ်းသော မုယော မုံ့ အစာအာဟာရကို ငါစားသောအခါ "ရဟန်းဂေါတမသည် ပစ္စည်းများပြားခြင်းငှါ ကျင့်၏၊ ကမ္မဋ္ဌာန်းအားထုတ်မှုအလုပ်ခွင်မှ ထွက်လာသူဖြစ်၏၊ ပစ္စည်းများပြားခြင်းငှါ လှည့်လည်၏"ဟု ငြီးငွေ့၍ ထိုရဟန်းငါးပါးတို့သည် ငါ၏ထံမှ ဖဲခွါကုန်၏။

၃၇၃။ အဂ္ဂိဝေဿန ငါသည် ကြမ်းတမ်းသော အစာအာဟာရကို စား၍ အားကိုယူကာ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့် တကွဖြစ်သော အားသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ)ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

ဝိတက်ဝိစာရတို့ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း သမာဓိကိုပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

နှစ်သိမ့်ခြင်း'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုခြင်း'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

၃၇၄။ ထိုငါ၏တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ခံ့ကျန်းလတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော (ပုဗ္ဗေနိဝါသာနုဿတိ) ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွှတ်စေခဲ့ပြီ။ ထိုငါသည် များပြားသောရှေး၌ဖြစ်ဘူးသည်ကို အောက်မေ့နိုင်၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကို၎င်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ အဖြစ်သနစ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့၏။အဂ္ဂိဝေဿန ငါသည် ညဉ့်၏ရှေးဦးပဌမယံ၌ရှေးဦးစွာသောအသိဉာဏ်'ဝိဇ္ဇာ'ကိုရခဲ့ပြီ၊ မသိမှု'အဝိဇ္ဇာ'ပျောက်ခဲ့ပြီ၊ အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ)မှောင်ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ)ဉာဏ်အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။ မမေ့မလျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သော

http://www.dhammadownload.com



စိတ် ရှိသည်ဖြစ်၍နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်း ဖြစ်ပေါ်သကဲ့သို့တည်း။ အဂ္ဂိဝေဿန ဤသို့သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

၃၇၅။ ထိုငါသည် ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ခံ့ကျန်းလတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏သေခြင်း 'စုတိ' ဖြစ်ခြင်း 'ပဋိသန္ဓေ'ကို သိသောဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။

ထိုငါသည် အထူးသဖြင့်စင်ကြယ်သောလူတို့၏မျက်စိအမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခု'ဖြင့် သေဆဲသတ္တဝါ ဖြစ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ 'ဂတိ' ရှိသောသတ္တဝါ မကောင်းသောလားရာ 'ဂတိ' ရှိသောသတ္တဝါတို့ကို မြင်ပြီ။ကံအားလျော်စွာဖြစ်သောသတ္တဝါတို့ကို သိပြီ။ပ။ အဂ္ဂိဝေဿန ငါသည် ညဉ့်၏အလယ်ဖြစ်သော မဇ္ဈိမယာမ်၌ နှစ်ခုမြောက် အသိဉာဏ် 'ဝိဇ္ဇာ'ကို ရခဲ့ပြီ၊ မသိမှု'အဝိဇ္ဇာ'ပျောက်ခဲ့ပြီ၊ အသိဉာဏ် 'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊ (အဝိဇ္ဇာ) မှောင်ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ) ဉာဏ် အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

မမေ့လျော့ပဲ ပြင်းစွာအားထုတ်လျက် တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ်အရောင်အလင်းဖြစ်ပေါ်သကဲ့သို့တည်း။ အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

၃၇၆။ ထိုငါသည် ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ခံ့ကျန်းလတ်သော် တည်တံ့လတ်သော် မတုန်မလှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုဆောင်ခဲ့ပြီ၊ ရှေးရှုညွတ်စေခဲ့ပြီ။

ထိုငါသည် ဤကား ဆင်းရဲဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) သို့ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သောအတိုင်းသိ၏၊ ဤကား အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်း၏အကြောင်းဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား အာသဝေါတရားတို့ ချုပ်ရာ(နိဗ္ဗာန်)ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤသို့ သိသော ဤသို့ မြင်သော ထိုငါ၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ၊ လွတ်မြောက်ပြီး လတ်သော် ''လွတ်မြောက်လေပြီ''ဟု အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ၊ ''ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကိုကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသောပြုဖွယ်မရှိတော့ပြီ''ဟု သိ၏။

http://www.dhammadownload.com



အဂ္ဂိဝေဿန ငါသည် ညဉ့်၏နောက်ဆုံးဖြစ်သော ပစ္ဆိမယံ၌ သုံးခုမြောက်အသိဉာဏ်'ဝိဇ္ဇာ'ကို ရခဲ့ပြီ၊မသိမှု'အဝိဇ္ဇာ'သည်ပျောက်ခဲ့ပြီ၊အသိဉာဏ်'ဝိဇ္ဇာ'ဖြစ်ပေါ်ခဲ့ပြီ၊(အဝိဇ္ဇာ)မှောင်ပျောက်ခဲ့ပြီ၊ (ဝိဇ္ဇာ)ဉာဏ်အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။မမေ့လျော့ပဲ ပြင်းစွာ အားထုတ်လျက် တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ နေသောသူအား အဝိဇ္ဇာမှောင်ကင်း၍ ပညာဉာဏ် အရောင်အလင်း ဖြစ်ပေါ် သကဲ့သို့တည်း။အဂ္ဂိဝေဿန ဤသို့ သဘောရှိသော ဖြစ်ပေါ်လာသော ချမ်းသာခံစားမှုသည်လည်း ငါ၏စိတ်ကို သိမ်းကျုံး၍ မတည်နိုင်။

၃၇၇။ အဂ္ဂိဝေဿန ငါသည် အရာမကများစွာသော ပရိသတ်၌တရားဟောဘူးသည်ကိုအမှတ် ရ၏၊ စင်စစ် တဦးစီ တဦးစီသောပုဂ္ဂိုလ်တိုင်းကပင် "ငါ့ကိုသာလျှင် ရည်ရွယ်၍ ရဟန်းဂေါတမ ကား ဟော၏"ဟု ငါ့အား ထင်မှတ်၏။ အဂ္ဂိဝေဿန ဤထင်မှတ်ချက်ကို ဤအတိုင်း မမှတ်သင့်။ သိစေခြင်းငှါသာလျှင် မြတ်စွာဘုရားသည် သူတပါးတို့အား တရားဟော၏။ အဂ္ဂိဝေဿန ထိုငါ သည် ထို (တရား) စကား၏အဆုံး၌(ငါ) အခါခပ်သိမ်း နေကြောင်းဖြစ်သော ထိုရှေးဖြစ်သော (အရဟတ္တဖိုလ်) သမာဓိ၏ အာရုံဖြစ်သော နိဗ္ဗာန်၌သာလျှင် စိတ်ကိုကောင်းစွာတည်စေ၏၊ ကောင်းစွာနေစေ၏၊ အာရုံတခုတည်းရှိမှုကို ပြု၏၊ ကောင်းစွာဆောက်တည်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ၏ ဤစကားကား ယုံကြည်ထိုက်ပါ၏။ ကိလေသာ ရန်သူကို သတ်နိုင်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော မြတ်စွာဘုရား၏ ထုံးတမ်း စဉ်လာပင်ဖြစ် ပါ၏။ အသျှင်ဂေါတမသည်"နေ့အခါ အိပ်ဘူးသည်ကို"အမှတ်ရပါ၏လော ဟု (မေးလျှောက်၏)။

အဂ္ဂိဝေဿန ငါသည် နွေဥတုတို့၏ နောက်ဆုံးဖြစ်သောလ၌ ဆွမ်းခံရာမှဖဲခွါခဲ့၍ ဆွမ်းစား ပြီးနောက် ဒုကုဋ်သင်္ကန်းကို လေးထပ်ခင်းကာ လကျာ်နံပါးဖြင့် သတိသမ္ပဇဉ် ရှိသည်ဖြစ်၍ အိပ်ပျော်ဘူးသည်ကို အမှတ်ရ၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ ဤနေ့အခါအိပ်ခြင်းကို အချို့သော သမဏဗြာဟ္မဏတို့က တွေဝေသောနေခြင်း ဟု ဆိုကုန်၏ ဟု (ဆို၏)။

အဂ္ဂိဝေဿန ဤမျှဖြင့် တွေဝေသောသူသည်ငှင်း မတွေဝေသော သူသည်ငှင်း မဖြစ်သေး။ အဂ္ဂိဝေဿန စင်စစ်သော်ကား တွေဝေသောသူ မတွေဝေသောသူ ဖြစ်သည့်အကြောင်းကို နာလော့ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ဟု (မိန့်တော်မူ၏)။ အသျှင် (ဂေါတမ) ကောင်းပါပြီဟု နိဂဏ္ဌတက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားအား ပြန်ကြား၏။ မြတ်စွာ ဘုရားသည် ဤသို့ မိန့်တော်မူ၏။

၃၇၈။ အဂ္ဂိဝေဿန မည်သူမှာမဆို ပူပန်ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ကို ဖြစ်စေ တတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောက်အခါ (ပဋိသန္ဓေ တည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို မပယ် ရသေး၊ ထိုသူကို ငါသည် တွေဝေသူဟု ဟောကြား၏။အဂ္ဂိဝေဿန အာသဝေါတရားတို့ကို မပယ် ခြင်းကြောင့် တွေဝေသူဖြစ်၏။ အဂ္ဂိဝေဿန မည်သူမှာမဆို ပူပန် ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောက် အခါ၌ (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါ

http://www.dhammadownload.com



တရားတို့ကို ပယ်ထား၏၊ ထိုသူကို ငါသည် မတွေ့ဝေသူဟု ဟောကြား၏။ အဂ္ဂိဝေဿန အာသဝေါ တရားတို့ကို ပယ်ခြင်းကြောင့် မတွေ့ဝေသူ ဖြစ်၏။

အဂ္ဂိဝေဿန မြတ်စွာဘုရားမှာ ပူပန်ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်သော နောက်အခါ၌ (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို ပယ်ထားကုန်၏၊ အမြစ်ကို အကြွင်းမဲ့ဖြတ်ထားကုန်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုထားကုန်၏၊ တဖန်မဖြစ်ခြင်းကို ပြုထားကုန်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိတော့ချေ။ အဂ္ဂိဝေဿန ခေါင်းလည်ပြတ်သော ထန်းပင်သည် တဖန်စည်ပင်ခြင်းငှါ မထိုက်သကဲ့သို့ မြတ်စွာဘုရားမှာ ပူပန်ညစ်ညူးစေတတ်သော တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်သော နောက်အခါ၌ (ပဋိသန္ဓေတည်နေ) ဖြစ်ပွါးခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်ကုန်သော အာသဝေါတရားတို့ကို ပယ်ထားကုန်၏၊ အမြစ်ကို ဖြတ်ထားကုန်၏။ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုထားကုန်၏၊ တဖန်မဖြစ်ခြင်းကို ပြုထားကုန်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်း သဘော မရှိတော့ချေ ဟု (မိန့်တော်မူ၏)။

၃၈၉။ ဤသို့မိန့်တော်မူသော် နိဂဏ္ဌ တက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ အံ့ဩဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမ မဖြစ်စဘူး ဖြစ်ပါပေ၏၊ ဤသို့ ထိခိုက်၍ ထိခိုက်၍ အပြောခံရသော စောင်းချိတ်သောစကားတို့ဖြင့် အပြောခံရသော အသျှင်ဂေါတမ၏ အရေအဆင်းသည် ဖြူစင်၏၊ မျက်နှာ အဆင်းသည်လည်း ကြည်လင်၏၊ ကိလေသာ ရန်သူကို သတ်နိုင်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော မြတ်စွာဘုရား၏ ထုံးတမ်း စဉ်လာပင် ဖြစ်ပါပေသည်။

အသျှင်ဂေါတမ အကျွန်ုပ်သည် ပုရာဏကဿပကို စကားလမ်းစဉ်ဖြင့် အပြစ် တင်ဆိုဘူးသည်ကို အမှတ်ရပါ၏၊ ထိုပုရာဏ ကဿပသည်လည်း အကျွန်ုပ်က စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးဖိ၏၊ အပသို့ စကားကိုလွှဲဖယ်၏၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကို ထင်ရှားပြု၏။ အသျှင်ဂေါတမမှာကား ဤသို့ ထိခိုက်၍ ထိခိုက်၍ ပြောဆိုသော်လည်း စောင်းချိတ်စကားတို့ဖြင့် ပြောဆိုသော်လည်း အရေအဆင်းသည် ဖြူစင်၏၊ မျက်နှာအဆင်းသည်လည်း ကြည်လင်၏၊ ကိလေသာရန်သူကို သတ်နိုင်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေသည်။

အသျှင်ဂေါတမ အကျွန်ုပ်သည် မက္ခလိဂေါသာလကို။ပ။ အဇိတကေသကမ္ဗလကို။ ပကုဓကစ္စာယနကို။ ဗေလဋ္ဌသား သဉ္စယကို။ နာဋ၏သားနိဂဏ္ဌတက္ကတွန်းကို စကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုဘူးသည်ကို အမှတ်ရပါ၏၊ ထိုနာဋ၏သား နိဂဏ္ဌတက္ကတွန်းသည်လည်း အကျွန်ုပ်ကစကားလမ်းစဉ်ဖြင့် အပြစ်တင်ဆိုသော် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးဖိ၏၊ အပသို့ စကားကိုလွှဲဖယ်၏၊ အမျက်ထွက်ခြင်း ပြစ်မှားခြင်း စိတ်ဆိုးခြင်းကိုလည်း ထင်ရှားပြု၏။ အသျှင်ဂေါတမမှာကား ဤသို့ ထိခိုက်၍ ထိခိုက်၍ ပြောဆိုသော်လည်း စောင်းချိတ်သော စကားတို့ဖြင့် ပြောဆိုသော်လည်း အရေအဆင်းသည် ဖြူစင်၏၊ မျက်နှာ အဆင်းသည်လည်း ကြည်လင်၏၊ ကိလေသာရန်သူကိုသတ်နိုင်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပါပေသည်။

http://www.dhammadownload.com



အသျှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့သည် သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသော ကိစ္စ(ရှိပါကုန်၏)၊ များသောပြုဖွယ် ရှိပါကုန်၏”ဟု (လျှောက်၏)။

အဂ္ဂိဝေဿန ယခုအခါသွားရန်အချိန်အခါကို သင်သိ၏၊(သွားရန်မှာ သင်၏ အလိုအတိုင်းသာ ဖြစ်၏) ဟု (မိန့်တော်မူ၏)။ ထိုအခါ နိဂဏ္ဌ တက္ကတွန်း၏သား သစ္စကသည် မြတ်စွာဘုရား၏ တရားစကားကို နှစ်ခြိုက်ဝမ်းမြောက်၍ နေရာမှထကာ ဖဲခွါသွားလေ၏။

ခြောက်ခုမြောက် မဟာသစ္စကသုတ် ပြီး၏။

---

## ၇-စူဠတဏှာသင်္ခယသုတ်

၃၉၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ အမိသဖွယ် ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ တခု သော အရပ်၌ ရပ်တည်ကာ “အသျှင်ဘုရား အဘယ်မျှလောက်သော အကျင့်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တပ်မက်မှု‘တဏှာ’ ကုန်ရာ (နိဗ္ဗာန်) ကို အာရုံပြု၍ လွတ်မြောက်သောစိတ်ရှိ သူ ဧကန်ပြီးဆုံးခြင်းရှိသူ ဧကန်ဘေးကင်းခြင်းရှိသူ ဧကန်မြတ်သောအကျင့်ကို ကျင့်သူ ဧကန် ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူ ဖြစ်ပါသနည်း”ဟု လျှောက်၏။

သိကြားမင်း ဤသာသနာတော်၌ ရဟန်းသည် “တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ မသင့်”ဟု ကြားဘူး၏။ သိကြားမင်း ဤသို့“တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ မသင့်” ဟု ကြားဘူးသော ထိုရဟန်းသည် တရားအားလုံးကို အထူးသိ၏၊ တရားအားလုံးကို အထူးသိ ပြီး၍ တရားအားလုံးကို ပိုင်းခြား၍သိ၏၊ တရားအားလုံးကို ပိုင်းခြားသိပြီး၍ ချမ်းသာကိုဖြစ် စေ ဆင်းရဲကိုဖြစ်စေ ချမ်းသာမဟုတ် ဆင်းရဲမဟုတ်သည်ကိုဖြစ်စေ အမှတ်မရှိသော ဝေဒနာကို ခံစား၏။ ထိုရဟန်းသည် ထိုခံစားခြင်း ‘ဝေဒနာ’ တို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေ၏၊ တပ်စွန်းခြင်းကင်းသောအားဖြင့် ရှုမြင်လျက်နေ၏၊ချုပ်သောအားဖြင့် ရှုမြင်လျက်နေ၏၊ စွန့်လွှတ် ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေ၏။ ထိုရဟန်းသည် ထိုခံစားခြင်း ‘ဝေဒနာ’တို့၌ မမြဲသော အားဖြင့် ရှုမြင်လျက်နေသော် တပ်စွန်းခြင်းကင်းသော အားဖြင့် ရှုမြင်လျက်နေသော် ချုပ်သော အားဖြင့် ရှုမြင်လျက်နေသော် စွန့်လွှတ်ပြေးဝင်သော အားဖြင့် ရှုမြင်လျက်နေသော် လောက၌ (သင်္ခါရ)တစုံတရာကိုမျှ မစွဲယူပေ၊ မစွဲယူသော် ထက်ဝန်းကျင် မတပ်မက်တော့ပေ၊ ထက်ဝန်း ကျင် မတပ်မက်သော် အလိုလို ကိုယ်တိုင်သာလျှင် ငြိမ်းအေး၏၊ “ပဋိသန္ဓေ နေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့”ဟု သိ၏။ သိကြားမင်း ဤမျှလောက်သော အကျင့်ဖြင့် ရဟန်းသည် အကျဉ်း အားဖြင့် တပ်မက်မှုကုန်ရာ(နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်သောစိတ်ရှိသူ ဧကန်ပြီးဆုံးခြင်း ရှိသူ ဧကန်ဘေးကင်းခြင်းရှိသူ ဧကန်မြတ်သော အကျင့်ကိုကျင့်သူ ဧကန်ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူဖြစ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည် မြတ်စွာဘုရား၏ တရားကို နှစ်ခြိုက်ဝမ်းမြောက်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရှိအသေပြုကာ ထိုနေရာ၌ပင် ကွယ်လေ၏။

၃၉၁။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား၏ အနီး၌ထိုင်နေ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် "အသျှင်နည်း၊ ထိုနတ်သည် မြတ်စွာဘုရား၏ တရားစကားကိုသိ၍ ဝမ်းမြောက်လေသလော၊ သို့မဟုတ် မသိမူ၍ဝမ်းမြောက်လေသလော။ထိုနတ်သည် မြတ်စွာဘုရား၏တရားစကားကိုသိ၍သော်၎င်း မသိမူ၍သော်၎င်း ဝမ်းမြောက်သလော၊ ထိုနတ်ကို ငါသိအောင် ပြုရမူ ကောင်းပေမည်"ဟု အကြံဖြစ်၏။ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ဥပမာသော်ကား အားရှိသော ယောကျာ်းသည် ကွေးထားသောလက်မောင်းကို ဆန့်ရာသကဲ့သို့၎င်း ဆန့်ထားသော လက်မောင်းကို ကွေးရာသကဲ့သို့၎င်း ဤအတူပင်လျှင် ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏အမိသဖွယ် ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌ ကွယ်ကာ တာဝတိံသာနတ်တို့၌ ထင်ရှားဖြစ်၏။

ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည် သရက်ဖြူတပင်ရှိသော ဥယျာဉ်၌ နတ်၌ ဖြစ်သော တူရိယာငါးရာတို့နှင့် ကောင်းစွာပြည့်စုံသည်ဖြစ်၍ ခစား ဖျော်ဖြေလျက်နေ၏။ နတ်တို့ကို အစိုးရသော သိကြားမင်းသည် အဝေးမှလာသော အသျှင်မဟာမောဂ္ဂလာန်ကို မြင်၍ ထိုနတ်၌ဖြစ်သော တူရိယာငါးရာတို့ကို ပယ်မြစ်ကာ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ပြီးလျှင် "အသျှင်မောဂ္ဂလာန် ကြွခဲ့ပါလော့၊ အသျှင်မောဂ္ဂလာန် သင်၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်းပါတည်း၊ အသျှင်မောဂ္ဂလာန် ဤနတ်ပြည်သို့ လာဘို့ရန် အလှည့်ကို ကြာမြင့်မှ ပြုတော်မူ၏၊ အသျှင်မောဂ္ဂလာန် ထိုင်တော်မူပါ။ ဤနေရာကို ခင်းထားပါပြီ" ဟု အသျှင်မဟာမောဂ္ဂလာန်အား လျှောက်ထား၏။ အသျှင်မဟာမောဂ္ဂလာန်သည် ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။

နတ်တို့ကို အစိုးရသော သိကြားမင်းသည်လည်း အခြားနိမ့်သောနေရာကိုယူ၍ သင့်လျော်သော နေရာ၌ထိုင်၏။ သင့်လျော်သော နေရာ၌ထိုင်သော နတ်တို့ကိုအစိုးရသော သိကြားမင်းကို အသျှင်မဟာမောဂ္ဂလာန်သည် "သိကြားမင်း အဘယ်သို့လျှင် မြတ်စွာဘုရားက သင်တို့အား အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်ခြင်းကို ဟောကြားတော်မူသနည်း၊ တောင်းပန်ပါ၏၊ ငါတို့သည်လည်း ဤတရားစကားကို ကြားနာခြင်းငှါ အဖို့ရှိသူတို့ ဖြစ်လိုကုန်၏"ဟု မိန့်ဆို၏။

၃၉၂။ အသျှင်မောဂ္ဂလာန် တပည့်တော်တို့မှာ ပြုဖွယ်ကိစ္စ များပြားလှပါကုန်၏၊ (သို့ရာတွင်) မိမိပြုဖွယ်ကိစ္စအတွက် အနည်းငယ်သာဖြစ်၍ တာဝတိံသာနတ်တို့၏ ပြုဖွယ်ကိစ္စအတွက်သာလျှင် စင်စစ် များလှပါကုန်၏။ အသျှင်မောဂ္ဂလာန် စင်စစ်ကား ကောင်းစွာ ကြားနာ ထားသော ကောင်းစွာ သင်ယူထားသော ကောင်းစွာ နှလုံးသွင်းထားသော ကောင်းစွာ ဆောင်ထားသော တရားသည် တပည့်တော်တို့မှ လျင်စွာသာလျှင် ကွယ်ပျောက်ပါ၏။

အသျှင်မောဂ္ဂလာန် ရှေး၌ဖြစ်ဘူးသည်ကား စစ်ဆင် စုရုံးထားသော နတ်အသုရာ စစ်ပွဲကြီးသည် ဖြစ်ခဲ့ပါ၏။ အသျှင်မောဂ္ဂလာန် ထိုစစ်ပွဲကြီး၌ နတ်တို့က အနိုင်ရ၍ အသုရာတို့သည် ရှုံးနိမ့်ပါကုန်၏။အသျှင်မောဂ္ဂလာန် ထိုတပည့်တော်သည် ထိုစစ်ပွဲကြီးကိုအောင်မြင်၍ စစ်အောင်သူ ဖြစ်ပါ၏၊ ထိုစစ်နိုင်ရာ အောင်မြေမှ ပြန်လှည့်ကာ ဝေဇယန္တာမည်သော ပြာသာဒ်ကိုဖန်ဆင်း

http://www.dhammadownload.com



ပါ၏။ အသျှင်မောဂ္ဂလာန် ဝေဇယန္တာပြာသာဒ်မှာ ဘုံဆောင် တရာ့တဆောင်ရှိ၍ ဘုံဆောင်တဆောင် တဆောင်၌ အထွဋ်ရှိသောအခန်း ခုနစ်ရာစီရှိ၏၊ အထွဋ်ရှိသော အခန်း တခန်းဟခန်း၌လည်း နတ်သမီး ခုနစ်ယောက်စီ ရှိ၏၊နတ်သမီး တယောက်တယောက်၌လည်း အလုပ်အကျွေး ခုနစ်ယောက်စီရှိပါကုန်၏။အသျှင်မောဂ္ဂလာန် အသျှင်(ဘုရား)သည် ဝေဇယန္တာပြာသာဒ်၏ မွေ့လျော်ဖွယ်ရှိသည့်အဖြစ်ကို ရှုမြင်ရန်အလို ရှိပါသလောဟု လျှောက်ကြား၏။ အသျှင်မဟာမောဂ္ဂလာန်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံတော်မူ၏။

၃၉၃။ ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည်၎င်း ဝေဿဝဏ္ဏနတ်မင်းကြီးသည်၎င်း အသျှင်မဟာမောဂ္ဂလာန်ကို ရှေ့ဆောင်ပြု၍ ဝေဇယန္တာပြာသာဒ်ဆီသို့ ချဉ်းကပ်ကုန်၏။ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အလုပ်အကျွေးတို့သည် အဝေးမှလာသော အသျှင်မဟာမောဂ္ဂလာန်ကို မြင်၍ ကြောက်ရွံ့ရှက်နိုးကြကာ မိမိ မိမိအခန်းသို့ ဝင်ကုန်၏။ ချွေးမသည် ယောက္ခမကို မြင်၍ ကြောက်ရွံ့ရှက်နိုးသကဲ့သို့ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အလုပ်အကျွေးတို့သည် အသျှင်မဟာမောဂ္ဂလာန်ကို မြင်၍ ကြောက်ရွံ့ရှက်နိုးကြကာ မိမိ မိမိအခန်းသို့ ဝင်ကုန်၏။

ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည်၎င်း ဝေဿဝဏ္ဏနတ်မင်းကြီးသည်၎င်း အသျှင်မဟာမောဂ္ဂလာန်ကို ဝေဇယန္တာပြာသာဒ်၌ စကြံသွားတော်မူစေကုန်၏၊လှည့်လည်တော်မူစေကုန်၏။ အသျှင်မောဂ္ဂလာန် ဝေဇယန္တာပြာသာဒ်၏ ဤမွေ့လျော်ဖွယ် အဖြစ်ကိုလည်း ရှုတော်မူပါ၊ အသျှင်မောဂ္ဂလာန် ဝေဇယန္တာပြာသာဒ်၏ ဤမွေ့လျော်ဖွယ် အဖြစ်ကိုလည်း ရှုတော်မူပါဟု (လျှောက်ကြားကုန်၏)။ အသျှင်သိကြားမင်း၏ ဤဝေဇယန္တာပြာသာဒ်သည် တင့်တယ်လှပေ၏၊ ရှေးက ကောင်းမှုပြုခဲ့သူ၏ ထုံးတမ်းစဉ်လာပင် ဖြစ်ပေ၏။ လူတို့သည်လည်း တစုံတရာ မွေ့လျော်ဖွယ်အဖြစ်ကို တွေ့မြင်ကုန်သော် "အချင်းတို့ တာဝတိံသာ နတ်တို့၏ အဆောင်ကဲ့သို့ တင့်တယ်၏"ဟု ဆိုကုန်၏။ အသျှင်သိကြားမင်း၏ ထိုဝေဇယန္တာပြာသာဒ်သည် တင့်တယ်လှပေ၏၊ ရှေးက ကောင်းမှုပြုခဲ့သူ၏ ထုံးတမ်းစဉ်လာပင်ဖြစ်ပေ၏ ဟု (ဆို၏)။

ထိုအခါ "ဤနတ်သည် အလွန်ပြင်းပြစွာ မေ့လျော့နေ၏၊ ငါသည် ဤနတ်ကို ထိတ်လန့်စေရမူ ကောင်းပေမည်" ဟု အသျှင်မဟာမောဂ္ဂလာန်အား ဤအကြံသည် ဖြစ်၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်ယိမ်းယိုင်စေနိုင်သော သဘောရှိသော တန်ခိုးဖန်ဆင်းမှုကို ပြုတော်မူ၏။

ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်းသည်၎င်း ဝေဿဝဏ္ဏနတ်မင်းကြီးသည်၎င်း တာဝတိံသာနတ်တို့သည်၎င်း "အချင်းတို့ ရဟန်း၏ တန်ခိုးကြီးသည့် အဖြစ်သည် အာနုဘော်ကြီးသည့် အဖြစ်သည် အံ့ဖွယ်ရှိပေစွ၊ မဖြစ်စဖူး ဖြစ်လေစွ၊ နတ်ဘုံဗိမာန်ကိုပင်သော်လည်း ခြေမဖြင့် တုန်လှုပ်ယိမ်းယိုင်စေနိုင်ဘိ၏"ဟု အံ့ဩခြင်း မဖြစ်စဖူး ဖြစ်ခြင်း စိတ်ရှိကုန်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် နတ်တို့ကို အစိုးရသော သိကြားမင်း၏ ထိတ်လန့်ခြင်း ကြက်သီးမွေးညှင်းထခြင်းဖြစ်သည်ကို သိ၍ "သိကြားမင်း အဘယ်သို့လျှင် မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်ခြင်းကို ဟောကြားတော်မူသနည်း၊ တောင်းပန်ပါ၏၊ ငါတို့သည်လည်း ဤတရားစကားကို ကြားနာခြင်းငှါ အဖို့ရှိသူတို့ ဖြစ်လိုကုန်၏"ဟု နတ်တို့ကို အစိုးရသော သိကြားမင်းအား ပြောဆို၏။

http://www.dhammadownload.com



၃၉၄။ အသျှင်မဟာမောဂ္ဂလာန် တပည့်တော်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုး၍ သင့်တင့်လျောက်ပတ်သော နေရာ၌ ရပ်တည်ကာ "အသျှင်ဘုရား အဘယ်မျှလောက်သော အကျဉ်းဖြင့် အကျဉ်းအားဖြင့် ရဟန်းသည် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)၌ လွတ်လွတ်ဝင်သော စိတ်ရှိသူ ကေန်ပြီးဆုံးခြင်းရှိသူ ကေန်ဘေးကင်းခြင်းရှိသူ ကေန်မြတ်သော အကျင့်ကို ကျင့်သူ ကေန်ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူဖြစ်ပါသနည်း" ဟု ဤစကားကို လျှောက်၏။ အသျှင်မောဂ္ဂလာန် ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် တပည့်တော်ကို "သိကြားမင်း ဤသာသနာတော်၌ ရဟန်းသည် တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ 'မသင့်'ဟု ကြားနာဘူး၏။ သိကြားမင်း ရဟန်းသည် 'တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ မသင့်'ဟု ဤသို့ ကြားနာဘူး၏။ ထိုရဟန်းသည် တရားအားလုံးကို အထူးသိ၏၊ တရားအားလုံးကို အထူးသိ၍ တရားအားလုံးကို ပိုင်းခြား၍ သိ၏။ တရားအားလုံးကို ပိုင်းခြားသိ၍ ချမ်းသာသည်လည်း ဖြစ်သော ဆင်းရဲသည်လည်း ဖြစ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်လည်း ဖြစ်သော တစုံတရာသော ခံစားခြင်းကို ခံစား၏။ ထိုရဟန်းသည် ထိုခံစားခြင်းတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေ၏၊ တပ်စွန်းမှုကင်းသောအားဖြင့် ရှုမြင်လျက်နေ၏၊ ချုပ်သောအားဖြင့် ရှုမြင်လျက်နေ၏၊ စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေ၏။ ထိုရဟန်းသည် ထိုခံစားခြင်းတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေသော် တပ်စွန်းမှုကင်းသောအားဖြင့် ရှုမြင်လျက်နေသော် ချုပ်သောအားဖြင့် ရှုမြင်လျက်နေသော် စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေသော် လောက၌ တစုံတရာကိုမျှ မစွဲယူ၊ မစွဲယူသော် ထက်ဝန်းကျင် မတပ်မက်၊ ထက်ဝန်းကျင် မတပ်မက်သော် အလိုလိုသာလျှင် ထက်ဝန်းကျင် ငြိမ်း၏၊ (ပဋိသန္ဓေ) နေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ဟု သိ၏။ သိကြားမင်း ဤမျှလောက်သော အကျဉ်းဖြင့် အကျဉ်းအားဖြင့် ရဟန်းသည် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)၌ လွတ်လွတ်ဝင်သော စိတ်ရှိသူ ကေန်ပြီးဆုံးခြင်းရှိသူ ကေန်ဘေးကင်းခြင်းရှိသူ ကေန်မြတ်သော အကျင့်ကို ကျင့်သူ ကေန်ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူဖြစ်၏" ဟု ဤစကားကို မိန့်ကြားတော်မူပါ၏။ အသျှင်မောဂ္ဂလာန် ဤသို့လျှင် တပည့်တော်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)၌ လွတ်လွတ်ဝင်သော စိတ်ရှိခြင်းကို ဟောကြားတော်မူပါ၏ ဟု လျှောက်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် နတ်တို့ကို အစိုးရသော သိကြားမင်း၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အားရှိသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်ရာသကဲ့သို့၎င်း ဆန့်ထားသော လက်မောင်းကို ကွေးရာသကဲ့သို့၎င်း ဤအတူပင်လျှင် တာဝတိံသာနတ်တို့၌ ကွယ်ကာ ပုဗ္ဗာရုံကျောင်း မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါ၏ ပြာသာဒ်၌ ထင်ရှားဖြစ်၏။

ထိုအခါ နတ်တို့ကို အစိုးရသော သိကြားမင်း၏ အလုပ်အကျွေးတို့သည် အသျှင်မဟာမောဂ္ဂလာန် ဖဲခွါသွား၍ မကြာမီ နတ်တို့ကို အစိုးရသော သိကြားမင်းကို "အချင်း သင်၏ဆရာ ထိုမြတ်စွာဘုရား ဟူသည် ဤရဟန်းပင်လော" ဟု မေးကုန်၏။

အသျှင်မတို့ ထိုရဟန်းသည် ငါ၏ဆရာ မြတ်စွာဘုရားမဟုတ်၊ ဤရဟန်းသည် ငါ၏ သီတင်းသုံးဖော် အသျှင်မဟာမောဂ္ဂလာန်တည်း ဟု (ပြန်ပြော၏)။

http://www.dhammadownload.com



အသျှင်သိကြားမင်း သင်သည် အရေးတော်လေစွ၊ သင်သည် အလွန်အရေတော်လေစွ၊ သင်၏ သိတင်းသုံးဖော်ပင် ဤမျှလောက် တန်ခိုးကြီး၏၊ ဤမျှလောက် အာနုဘော်ကြီး၏၊ သင်၏ ဆရာ မြတ်စွာဘုရားကား အံ့ဩဖွယ်တန်ခိုးကြီးပေမည်တကား ဟု (ဆိုကုန်၏)။

၃၉၅။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ သင့်လျော်သော နေရာ၌ ထိုင်ကာ "အသျှင်ဘုရား ထင်ရှား ကျော်စောသူတို့တွင် တဦးဖြစ်သော တန်ခိုးကြီးသည့် နတ်အား အကျဉ်းအားဖြင့် တပ်မက်မှု ကုန်ရာ (နိဗ္ဗာန်) ကို အာရုံပြု၍ လွတ်မြောက်ခြင်းကို ဟောကြားခဲ့သည်ကို မြတ်စွာဘုရားသည် အမှတ်ရတော်မူပါလော"ဟု လျှောက်၏။

မောဂ္ဂလာန် ငါအမှတ်ရမိ၏၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ငါ့ထံသို့ ချဉ်းကပ်ပြီးလျှင် ငါ့ကို ရှိသေစွာရှိခိုး၍ သင့်လျော်သော နေရာ၌ ရပ်တည်ကာ "အသျှင်ဘုရား အဘယ် မျှလောက်သော အကျင့်ဖြင့် ရဟန်းသည် အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံ ပြု၍ လွတ်မြောက်သော စိတ်ရှိသူ ကေန်ပြီးဆုံးခြင်းရှိသူ ကေန် ဘေးကင်းခြင်းရှိသူ ကေန်မြတ် သော အကျင့်ကို ကျင့်သူ ကေန်ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူ ဖြစ်ပါသနည်း"ဟု လျှောက်၏။

မောဂ္ဂလာန် ဤသို့လျှောက်သော် ငါသည် နတ်တို့ကို အစိုးရသော သိကြားမင်းကို "သိကြားမင်း ဤသာသနာတော်၌ ရဟန်းသည် 'တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ မသင့်'ဟု ကြားနာဘူး၏။ သိကြားမင်း 'တရားအားလုံးတို့ကို သက်ဝင်စွဲလမ်းခြင်းငှါ မသင့်'ဟု ဤသို့ ကြားဘူးသော ထိုရဟန်းသည် တရားအားလုံးကို အထူးသိ၏၊ တရားအားလုံးကို အထူး သိပြီး၍ တရားအားလုံးကို ပိုင်းခြား၍သိ၏၊တရားအားလုံးကို ပိုင်းခြားသိပြီး၍ ချမ်းသာသည်လည်း ဖြစ်သော ဆင်းရဲသည်လည်းဖြစ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်လည်း ဖြစ်သော အမှတ် မရှိသော ဝေဒနာကို ခံစား၏။ ထိုရဟန်းသည် ထိုခံစားခြင်း ဝေဒနာတို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေ၏၊တပ်စွန်းမှု ကင်းသောအားဖြင့် ရှုမြင်လျက်နေ၏၊ချုပ်သောအားဖြင့် ရှုမြင်လျက် နေ၏၊ စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေ၏။ထိုရဟန်းသည် ထိုခံစားခြင်း'ဝေဒနာ'တို့၌ မမြဲသောအားဖြင့် ရှုမြင်လျက်နေသော် တပ်စွန်းမှုကင်းသောအားဖြင့် ရှုမြင်လျက်နေသော် ချုပ်သောအားဖြင့် ရှုမြင်လျက် နေသော် စွန့်လွှတ်ပြေးဝင်သောအားဖြင့် ရှုမြင်လျက်နေသော် လောက၌ (သင်္ခါရ) တစုံတရာကိုမျှ မစွဲယူပေ၊ မစွဲယူသော် ထက်ဝန်းကျင် မတပ်မက်တော့ပေ၊ ထက်ဝန်းကျင် မတပ်မက်သော် အလိုလိုသာလျှင် ငြိမ်းအေး၏၊ 'ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကိုပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စ အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ'ဟု ခွဲခြား၍သိ၏။ သိကြားမင်း ဤမျှလောက်သောအကျင့်ဖြင့် ရဟန်းသည် အကျဉ်း အားဖြင့် တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်သော စိတ်ရှိသူ ကေန်ပြီးဆုံးခြင်း ရှိသူ ကေန်ဘေးကင်းခြင်းရှိသူ ကေန် မြတ်သော အကျင့်ကို ကျင့်သူ ကေန်ပြီးဆုံးသူ နတ်လူတို့ထက် မြတ်သူ ဖြစ်၏"ဟု မိန့်တော်မူ၏။ မောဂ္ဂလာန် ဤသို့လျှင် ငါသည် "နတ်တို့ကို အစိုးရသော သိကြားမင်းအား အကျဉ်းအားဖြင့် တပ်မက်မှုကုန်ရာ(နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်ခြင်းကို ဟောကြားခဲ့သည်ကို အမှတ်ရ၏" ဟု မြတ်စွာဘုရားသည် မိန့်ကြားတော်မူ၏။

မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်စွာ ခံယူလေသတည်း။

ခုနစ်ခုမြောက် စူဠတဏှာသင်္ခယသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-မဟာတဏှာသင်္ခယသုတ်

၃၉၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ တံငါသည်သား သာတိမည်သော ရဟန်းအား "ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ) တပါး အခြားသော အရာ မရှိဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသော တရားကို ငါသိ၏" ဟု ဤသို့ သဘောရှိသော ယုတ်ညံ့သော အယူသည် ဖြစ်ပေါ်လာ၏။

များစွာကုန်သော ရဟန်းတို့သည် တံငါသည်၏သား သာတိမည်သော ရဟန်းအား "ထိုဝိညာဏ် သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ) တပါး အခြားသော အရာမရှိဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသော တရားကို ငါသိ၏"ဟု ဤသို့သဘောရှိသော ယုတ်ညံ့သော အယူဖြစ်ပေါ်လာသတတ် ဟု ကြားကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် တံငါသည်သား သာတိရဟန်းထံသို့ ချဉ်းကပ်ကုန်၏၊ "ငါ့သျှင် သာတိ 'ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ) တပါး အခြား အရာမရှိ ဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသော တရားကို ငါသိ၏'ဟု သင့်အား ဤသို့ သဘောရှိသော ယုတ်ညံ့သော အယူဖြစ်ပေါ်လာသည်ကား မှန်သလော"ဟု တံငါသည်သား သာတိရဟန်းကို မေးကုန်၏။

ငါ့သျှင်တို့ ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ)တပါး အခြား သော အရာမရှိ၊ ဤကဲ့သို့ပင် မြတ်စွာဘုရား ဟောထားသော တရားကို ငါသိ၏ ဟု ဖြေဆို၏။

ထိုအခါ ထို ရဟန်းတို့သည် တံငါသည်သား သာတိရဟန်းကို ဤ ယုတ်ညံ့သောအယူမှ ကင်းကွာစေလိုကုန်၍ "ငါ့သျှင် သာတိ ဤသို့ မပြောဆိုလင့်၊ မြတ်စွာဘုရားအား မစွပ်စွဲလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ မဟောကြားရာ၊ ငါ့သျှင် သာတိ ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏၊ အကြောင်းကိုကြဉ်၍ ဝိညာဏ်၏ ဖြစ်ခြင်းသည် မရှိ"ဟု များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား ဟောကြားတော်မူသည်ဟု အယူကို မေးစိစစ်ကြ ကုန်၏၊ အယူကို ဝန်ခံစေကုန်၏၊အကြောင်းကို မေးမြန်းကြကုန်၏။ တံငါသည်သား သာတိ ရဟန်းသည် ဤသို့ ထိုရဟန်းတို့က အယူကို မေးစိစစ်ကြသော်လည်း အယူကို ဝန်ခံစေကြသော် လည်း အကြောင်းကို မေးမြန် ကြသော်လည်း ထိုယုတ်ညံ့သော အယူကိုပင်လျှင် အခိုင်အမာ အမှားသုံးသပ်လျက် သက်ဝင်စွဲလမ်း၍ "ငါ့သျှင်တို့ ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ) တပါး အခြားသော အရာမရှိ၊ ဤကဲ့သို့ပင် မြတ်စွာဘုရား ဟောထား သော တရားကို ငါသိ၏" ဟု ပြောဆို၏။

၃၉၇။ ထိုရဟန်းတို့သည် တံငါသည်သား သာတိရဟန်းကို ယုတ်ညံ့သော အယူမှ ကင်းကွာ စေရန် မတတ်နိုင်ကြသောအခါ၌ ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြ၍ ရှိသေစွာ ရှိခိုးကြပြီးလျှင် သင့်လျော်သော နေရာ၌ ထိုင်ကုန်လျက် မြတ်စွာ ဘုရားအား— ဤသို့လျှောက်ထားကုန်၏။အသျှင်ဘုရား "ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊

http://www.dhammadownload.com



(ဝိညာဏ်မှ)တပါး အခြားသောအရာမရှိဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏”ဟု တံငါသည်သား သာတိမည်သောရဟန်းအား ဤသို့သဘောရှိသော ယုတ်ညံ့သောအယူသည် ဖြစ်ပေါ်နေပါ၏။ အသျှင်ဘုရား တပည့်တော်တို့သည် “ထိုဝိညာဏ်သည် ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ)တပါးအခြားသောအရာမရှိဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏”ဟု တံငါသည်သား သာတိမည်သောရဟန်းအား ဤသို့သဘောရှိသော ယုတ်ညံ့သောအယူသည် ဖြစ်ပေါ်လာသတတ်ဟု ကြားပါကုန်၏။အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် တံငါသည်သား သာတိရဟန်းထံသို့ ချဉ်းကပ်၍“ငါ့သျှင်သာတိ ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား ကျင်လည်၏၊ (ဝိညာဏ်မှ)တပါး အခြားသောအရာမရှိ’ ဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏ဟု သင့်အား ဤသို့သဘောရှိသော ယုတ်ညံ့သောအယူဖြစ်ပေါ်နေသည် မှန်သလော”ဟု တံငါသည်သား သာတိမည်သော ရဟန်းအား မေးပါကုန်၏။ အသျှင်ဘုရား ဤသို့မေးသော် တံငါသည်သား သာတိရဟန်းက“ငါ့သျှင်တို့ ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ကျင်လည်၏၊ (ဝိညာဏ်မှ)တပါး အခြားသောအရာမရှိ၊ ဤကဲ့သို့ပင် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏”ဟု တပည့်တော်တို့အား ဖြေဆိုပါ၏။ အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် တံငါသည်သား သာတိရဟန်းကို ဤယုတ်ညံ့သောအယူမှ ကင်းကွာစေလိုကုန်၍ “ငါ့သျှင်သာတိ ဤသို့မပြောဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤသို့ မဟောကြားရာ၊ငါ့သျှင်သာတိ ‘ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏၊ အကြောင်းကိုကြဉ်၍ ဝိညာဏ်၏ဖြစ်ခြင်းသည်မရှိ’ဟု များစွာသော အကြောင်းဖြင့် မြတ်စွာဘုရား ဟောကြားတော်မူ၏”ဟု အယူကို မေးစိစစ်ပါကုန်၏။ အယူကိုဝန်ခံစေပါကုန်၏၊ အကြောင်းကို မေးမြန်းကြပါကုန်၏။ အသျှင်ဘုရား တံငါသည်သား သာတိရဟန်းသည် တပည့်တော်တို့က ဤသို့ပင် အယူကို မေးစိစစ်ကြပါသော်လည်း အယူကို ဝန်ခံစေကြပါသော်လည်း အကြောင်းကို မေးမြန်းကြပါသော်လည်း ထိုယုတ်မာသော အယူကိုပင်လျှင် အခိုင်အမာ အမှားသုံးသပ်လျက် သက်ဝင်စွဲလမ်း၍ “ငါ့သျှင်တို့ ထိုဝိညာဏ်သည်ပင်လျှင်ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ) တပါး အခြားသောအရာမရှိ၊ ဤကဲ့သို့ပင် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏”ဟု ပြောဆိုပါ၏။အသျှင်ဘုရား တပည့်တော်တို့သည် တံငါသည်သား သာတိရဟန်းကို ဤယုတ်ညံ့သော အယူမှ ကင်းကွာစေရန် မတတ်နိုင်ကြသောအခါ၌ တပည့်တော်တို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

၃၉၈။ ထိုအခါ မြတ်စွာဘုရားသည် “ရဟန်း သင်သည် လာလော့၊ ငါ့စကားဖြင့် ‘ငါ့သျှင်သာတိ မြတ်စွာဘုရား သင့်ကို ခေါ်တော်မူ၏’ဟု တံငါသည်သား သာတိရဟန်းအား သိစေလော့” ဟု တပါးသောရဟန်းအား မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ဝန်ခံ၍ တံငါသည်သား သာတိရဟန်းထံသို့ ချဉ်းကပ်ပြီးလျှင် တံငါသည်သား သာတိရဟန်းကို “ငါ့သျှင်သာတိ မြတ်စွာဘုရားသည် သင့်ကိုခေါ်တော်မူ၏”ဟု တံငါသည်သား သာတိရဟန်းကို ပြောကြား၏။ “ငါ့သျှင်ကောင်းပြီ”ဟု တံငါသည်သား သာတိရဟန်းသည် ထိုရဟန်းအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးလျက် သင့်လျော်သောနေရာ၌ ထိုင်နေ၏။ သင့်လျော်သောနေရာ၌ ထိုင်နေသော တံငါသည်သား သာတိအား မြတ်စွာဘုရားသည် –

http://www.dhammadownload.com



"သာတိ'ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ)တပါး အခြားသော အရာမရှိဟူသော အခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောထားသောတရားကို ငါသိ၏'ဟု သင့်အား ဤသို့သဘောရှိသော ယုတ်ညံ့သောအယူ ဖြစ်ပေါ်နေသည် ဟူသည် မှန်သလော"ဟု မေးတော်မူ၏။

အသျှင်ဘုရား ထိုဝိညာဏ်သည်ပင်လျှင် ပြောင်းသွား၏၊ ကျင်လည်၏၊ (ဝိညာဏ်မှ)တပါး အခြားသောအရာမရှိပါ၊ ဤကဲ့သို့ပင် မြတ်စွာဘုရားဟောထားသောတရားကို တပည့်တော် သိပါ၏ ဟု (လျှောက်၏)။

သာတိ သင်ပြောသောဝိညာဏ်သည် အဘယ်နည်း ဟု(မေးတော်မူ၏)။

အသျှင်ဘုရား ပြောဆိုတတ်သောသဘော၊ သိတတ်သောသဘော၊ ထိုထိုဘဝတို့၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏အကျိုးကို ခံစားတတ်သောသဘောဖြစ်ပါသည် ဟု (လျှောက်၏)။

(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား အဘယ်မည်သောသူအား ငါဤသို့ တရားဟောအပ်သည်ကို သင်သိသနည်း၊ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ငါသည် ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏၊ "အကြောင်းကိုကြည်၍ ဝိညာဏ်၏ဖြစ်ခြင်းသည်မရှိ"ဟု များစွာသော အကြောင်းဖြင့် ဟောကြားသည်မဟုတ်လော။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သော ယောကျ်ား ထိုသို့ဟောထားပါလျက် သင်သည် မိမိအမှားကို ယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏၊ မိမိကိုယ်ကိုလည်းဖျက်ဆီး၏၊ များစွာသောမကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား ထိုအမှားကို ယူဆခြင်းသည် သင့်အား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့ ဟု(မိန့်တော်မူ၏)။

၃၉၉။ ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ကုန်သနည်း၊ဤ တံငါသည်သား သာတိရဟန်းသည် ဤသာသနာတော်၌ ဉာဏ်အငွေ့ အသက်မျှ ရှိသေးသလော"ဟု ရဟန်းတို့ကို မေးတော်မူ၏။ အသျှင်ဘုရား အဘယ်မှာရှိနိုင်ပါအံ့နည်း၊ မရှိနိုင်ပါ ဟု လျှောက်ကြကုန်၏။ ဤသို့ ပြန်လျှောက်သော် တံငါသည်သား သာတိရဟန်းသည် နှုတ်ဆိတ်၍ မျက်နှာမသာပဲ လည်ပင်း ငိုက်ဆိုက်ဖြစ်ခါ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရပဲ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် နှုတ်ဆိတ်၍ မျက်နှာမသာပဲ လည်ပင်း ငိုက်ဆိုက်ဖြစ်ခါ မျက်နှာအောက်ချပြီး မှိုင်တွေလျက် ကြံရာမရသည်ကိုသိတော်မူ၍ တံငါသည်သား သာတိရဟန်းကို "(မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်သောယောကျ်ား သင်သည် မိမိ၏ယုတ်ညံ့လှသော ဤအယူဖြင့် ထင်ရှားလတ္တံ့၊ ငါသည် ရဟန်းတို့ကို တဖန် မေးဦးအံ့"ဟု တံငါသည်သား သာတိရဟန်းအား မိန့်ဆိုတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ တံငါသည်သား သာတိရဟန်းသည် မိမိအမှားကိုယူဆခြင်းဖြင့်လည်း ငါတို့ကိုလည်း စွပ်စွဲလျက် မိမိကိုယ်ကိုလည်း ဖျက်ဆီးကာ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေသကဲ့သို့ ဤအတူပင် သင်တို့သည်လည်း ငါတရားဟောထားဘူးသည်ကို သိကြကုန်သလော"ဟု ရဟန်းတို့ကို မေးတော်မူ၏။ အသျှင်ဘုရား ဤသို့ဟောထားဘူးသည်ကို မသိပါဟု(လျှောက်ကြကုန်၏)။မှန်ပါသည်၊ဝိညာဏ်သည် အကြောင်းကိုစွဲ၍ဖြစ်၏၊ အကြောင်းကို

ကြည့်၍ ဝိညာဏ်ဖြစ်ခြင်းသည် မရှိ”ဟု များစွာသောအကြောင်းဖြင့် မြတ်စွာဘုရားသည် တပည့် တော်တို့အား ဟောကြားတော်မူခဲ့ပါ၏။

ရဟန်းတို့ ကောင်းပေစွ၊ ကောင်းပေစွ၊ သင်တို့သည် ငါဤကဲ့သို့ ဟောကြားထားသော တရား ကို ကောင်းစွာသာလျှင် သိကြကုန်၏။ မှန်၏၊ ဝိညာဏ်သည် အကြောင်းကို စွဲ၍ ဖြစ်၏၊ “အကြောင်းကို ကြည့်၍ ဝိညာဏ်၏ ဖြစ်ခြင်းသည် မရှိ”ဟု များစွာသော အကြောင်းဖြင့် သင် တို့အား ငါဟောကြားထားခဲ့ပြီ။ ထိုသို့ဟောကြားထားပါလျက်လည်း ဤတံငါသည်သား သာတိ ရဟန်းသည် မိမိအမှားယူဆခြင်းဖြင့် ငါတို့ကိုလည်း စွပ်စွဲ၏၊ မိမိကိုယ်ကိုလည်း ဖြိုဖျက်၏၊ များစွာ သော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ ထိုသို့ အမှားယူဆခြင်းသည် (မဂ်ဖိုလ်မှ) အချည်းနှီး ဖြစ်သော ထိုယောကျ်ားအား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ခြင်း ဆင်းရဲခြင်းငှါ ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

၄၀၀။ ရဟန်းတို့ အကြင် အကြင်အကြောင်းကိုသာလျှင် စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ ထိုထို အကြောင်းဖြင့်သာလျှင် ဝိညာဏ်ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ မျက်စိနှင့် အဆင်းတို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ မျက်စိသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နားနှင့် အသံ တို့ကို စွဲ၍ သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏၊ နားသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နှာခေါင်းနှင့် အနံ့တို့ကို စွဲ၍သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏၊ နှာခေါင်းသိဟူ၍သာလျှင် ခေါ်ဝေါ် ခြင်းသို့ ရောက်၏။ လျှာနှင့် အရသာတို့ကို စွဲ၍သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏၊ လျှာသိဟူ၍သာ လျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ ကိုယ်နှင့် အတွေ့အထိတို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ ကိုယ်သိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ (အာဝဇ္ဇန်းနှင့်တကွဘဝင်)စိတ်နှင့် သဘာဝ ဓမ္မများကို စွဲ၍ သိမှုဝိညာဏ် ဖြစ်ပေါ်လာ၏၊ စိတ်သိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဥပမာသော်ကား အကြင် အကြင်အကြောင်းကိုသာလျှင် စွဲ၍ မီးသည် တောက် လောင်၏၊ ထိုထိုအကြောင်းအားဖြင့်သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ သစ်သားထင်းကို စွဲ၍ မီးသည် တောက်လောင်၏၊ သစ်သားထင်းမီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ ဝါးခြမ်း ကိုစွဲ၍ မီးသည် တောက်လောင်၏၊ ဝါးခြမ်းမီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ မြက်ကို စွဲ၍ မီးသည် တောက်လောင်၏၊ မြက်မီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နွားချေးကို စွဲ၍ မီးသည် တောက်လောင်၏၊ နွားချေးမီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ ဖွဲကိုစွဲ၍ မီးသည် တောက်လောင်၏၊ ဖွဲမီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ အမှိုက်ကို စွဲ၍ မီး သည် တောက်လောင်၏၊ အမှိုက်မီးဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

ရဟန်းတို့ ဤအတူပင်လျှင် အကြင် အကြင်အကြောင်းကိုသာလျှင် စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ် လာ၏၊ ထိုထိုအကြောင်းဖြင့်သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ မျက်စိနှင့်အဆင်းတို့ကို စွဲ၍ သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏၊ မျက်စိသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နားနှင့်အသံတို့ ကို စွဲ၍ သိမှု ဝိညာဏ်ဖြစ်ပေါ်လာ၏၊ နားသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ နှာခေါင်း နှင့် အနံ့တို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ နှာခေါင်းသိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ လျှာနှင့်အရသာတို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ လျှာသိဟူ၍သာလျှင် ခေါ် ဝေါ်ခြင်းသို့ ရောက်၏။ ကိုယ်နှင့် အတွေ့အထိတို့ကို စွဲ၍ သိမှုဝိညာဏ်ဖြစ်ပေါ်လာ၏၊ ကိုယ်သိ ဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။ စိတ်နှင့် သဘာဝဓမ္မများကို စွဲ၍ သိမှု ဝိညာဏ် ဖြစ် ပေါ်လာ၏၊ စိတ်သိဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com



၄၀၁။ ရဟန်းတို့ ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ဟု ရှုမြင်ကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှုမြင်ကြပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာ၏ ဟု ရှုမြင်ကြကုန်၏လောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှုမြင်ကြပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘော ရှိ၏ဟု ရှုမြင်ကြကုန်၏လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ရှုမြင်ကြပါကုန်၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤခန္ဓာသည် ဖြစ်ပေါ်လာသလော၊ မဖြစ်ပေါ်လာသလောဟု ယုံမှားသော သူအား မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ပါ၏ ဟု(လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာသလော၊ မဖြစ်ပေါ်လာသလောဟု ယုံမှားသော သူအား မဆုံးဖြတ်နိုင်ခြင်း'ဝိစိကိစ္ဆာ'ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသောခန္ဓာသည် ချုပ်ခြင်းသဘော ရှိလေသလော၊ ချုပ်ခြင်းသဘော မရှိလေသလော ဟု ယုံမှားသောသူအား မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ဖြစ်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ပါ၏ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာ ရှုမြင်သူအား မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ကင်းပျောက်လေသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပျောက်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာ၏ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာ ရှုမြင်သူအား မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ' ကင်းပျောက်လေသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပျောက်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘော ရှိ၏ဟု အမှန်အတိုင်းပညာဖြင့် ကောင်းစွာရှုမြင်သူအား မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ' ကင်းပျောက်လေသလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပျောက်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ဟု **ဤသို့လည်း** သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ကင်းပျောက်ကုန်သလောဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပျောက်ပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ ထိုခန္ဓာသည် အကြောင်းကြောင့် ဖြစ်ပေါ်လာ၏ဟု ဤသို့လည်း သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ကင်းကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘော ရှိ၏ဟု ဤသို့လည်း သင်တို့အား ဤခန္ဓာ၌ မဆုံးဖြတ်နိုင်ခြင်း 'ဝိစိကိစ္ဆာ'ကင်းကုန်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကင်းပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ဤခန္ဓာသည် ဖြစ်ပေါ်လာ၏ဟု အမှန်အတိုင်းပညာဖြင့် ကောင်းစွာ ရှုမြင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကောင်းစွာ ရှုမြင်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုခန္ဓာသည်အကြောင်းကြောင့် ဖြစ်ပေါ်လာ၏ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာ ရှုမြင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကောင်းစွာ ရှုမြင်ပါကုန်၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအကြောင်း၏ ချုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ခန္ဓာသည် ချုပ်ခြင်းသဘော ရှိ၏ ဟု အမှန်အတိုင်း ပညာဖြင့် ကောင်းစွာရှုမြင်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ကောင်းစွာရှုမြင်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ အကယ်၍ သင်တို့သည် ဤသို့ စင်ကြယ်ဖြူဖွေးသော ဤအယူကို (တဏှာဒိဋ္ဌိတို့ဖြင့်) ကပ်ငြိကုန်ငြားအံ့၊ တွယ်တာကုန်ငြားအံ့၊ ဥစ္စာကဲ့သို့ လိုလား မက်မောကုန်ငြားအံ့၊ ငါ့ဥစ္စာဟု မြတ်နိုးကုန်ငြားအံ့၊ ရဟန်းတို့ စင်စစ် သင်တို့သည် သိမ်းပိုက်ထားရန် မဟုတ်ပဲ ကူးမြောက်ဘို့ရန် အကျိုးငှါ ငါဟောထားသော ဖောင်ဥပမာရှိသော တရားကို သိကုန်သည်မည်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိကုန်သည် မမည်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ အကယ်၍ သင်တို့သည် ဤသို့စင်ကြယ်ဖြူဖွေးသော ဤအယူကို မကပ်ငြိကုန်ငြားအံ့၊ မမြူးထူး မယုယကုန်ငြားအံ့၊ ဥစ္စာကဲ့သို့ မလိုလား မမက်မောကုန်ငြားအံ့၊ ငါ့ဥစ္စာဟု မမြတ်နိုးကုန်ငြားအံ့၊ ရဟန်းတို့ စင်စစ်သင်တို့သည် သိမ်းပိုက်ထားရန် မဟုတ်ပဲ ကူးမြောက်ဘို့ရန် အကျိုးငှါ ငါဟောထားသော ဖောင်ဥပမာ ရှိသောတရားကို သိကုန်သည် မည်သလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သိကုန်သည်မည်ပါ၏ ဟု (လျှောက်ကြကုန်၏)။

၄၀၂။ ရဟန်းတို့ ဖြစ်ပြီးသော သတ္တဝါတို့၏ တည်တံ့ခြင်းငှါလည်း ဖြစ်ဆဲသတ္တဝါတို့ကို ထောက်ပံ့ခြင်းငှါလည်း အာဟာရတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း ဟူမူ—ကြမ်းတမ်းသည်လည်းဖြစ်သော နူးညံ့သည်လည်း ဖြစ်သော အလုံးအခဲပြုအပ်သည့် အစာအာဟာရ ဟူသော 'ကဗဠီကာရာဟာရ'၊ နှစ်ခုမြောက် အတွေ့အထိဟူသော 'ဖဿာဟာရ'၊ သုံးခုမြောက် စိတ်၏ စေ့

http://www.dhammadownload.com



ဆော်မှု ဟူသော 'မနောသဉ္စေတနာဟာရ'၊ လေးခုမြောက် သိမှု ဟူသော 'ဝိညာဏာဟာရ' တို့တည်း။

ရဟန်းတို့ ဤအာဟာရ လေးပါးတို့သည် အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ် အကြောင်းကြောင့် ဖြစ်ကုန်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိကုန်သနည်း၊ အဘယ်လျှင် အမွန် အစ ရှိကုန်သနည်း။ ဤအာဟာရ လေးပါးတို့သည် တဏှာလျှင်ဖြစ်ကြောင်းရှိကုန်၏၊ တဏှာ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ တဏှာလျှင် ဇာစ်မြစ်ရှိကုန်၏၊ တဏှာလျှင် အမွန်အစ ရှိကုန်၏။

ရဟန်းတို့ ဤတဏှာသည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အကြောင်း ကြောင့်ဖြစ်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ တဏှာ သည် ဝေဒနာလျှင် ဖြစ်ကြောင်းရှိ၏၊ ဝေဒနာအကြောင်းကြောင့်ဖြစ်၏၊ ဝေဒနာလျှင် ဇာစ်မြစ် ရှိ၏၊ ဝေဒနာလျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤဝေဒနာသည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ် အကြောင်း ကြောင့် ဖြစ်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိသနည်း၊အဘယ်လျှင် အမွန်အစ ရှိသနည်း။ ဝေဒနာ သည် တွေ့ထိမှုဖဿလျှင် ဖြစ်ကြောင်းရှိ၏၊ ဖဿအကြောင်းကြောင့်ဖြစ်၏၊ဖဿလျှင် ဇာစ်မြစ်ရှိ၏၊ ဖဿလျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤဖဿသည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အကြောင်း ကြောင့်ဖြစ်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ ဖဿ သည် သဠာယတနလျှင် ဖြစ်ကြောင်းရှိ၏၊ သဠာယတန အကြောင်းကြောင့်ဖြစ်၏၊ သဠာယတန လျှင် ဇာစ်မြစ်ရှိ၏၊ သဠာယတနလျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤသဠာယတနသည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အကြောင်း ကြောင့်ဖြစ်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ သဠာ ယတနသည် နာမ်ရုပ်လျှင် ဖြစ်ကြောင်းရှိ၏၊ နာမ်ရုပ် အကြောင်းကြောင့်ဖြစ်၏။ နာမ်ရုပ်လျှင် ဇာစ်မြစ်ရှိ၏၊ နာမ်ရုပ်လျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤနာမ်ရုပ်သည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အကြောင်း ကြောင့်ဖြစ်သနည်း၊ အဘယ်လျှင်ဇာစ်မြစ်ရှိသနည်း၊ အဘယ်လျှင် အမွန်အစရှိသနည်း။ နာမ်ရုပ် သည် ဝိညာဏ်လျှင်ဖြစ်ကြောင်းရှိ၏၊ ဝိညာဏ်အကြောင်းကြောင့်ဖြစ်၏၊ ဝိညာဏ်လျှင် ဇာစ်မြစ် ရှိ၏၊ ဝိညာဏ်လျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤဝိညာဏ်သည်လည်း အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အကြောင်း ကြောင့်ဖြစ်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိသနည်း၊ အဘယ်လျှင်အမွန်အစရှိသနည်း။ ဝိညာဏ် သည်ပြုစီရင်မှု သင်္ခါရလျှင်ဖြစ်ကြောင်းရှိ၏၊ ပြုစီရင်မှု သင်္ခါရအကြောင်းကြောင့်ဖြစ်၏၊ ပြုစီရင်မှု သင်္ခါရလျှင် ဇာစ်မြစ်ရှိ၏၊ ပြုစီရင်မှုလျှင် အမွန်အစရှိ၏။

ရဟန်းတို့ ဤသင်္ခါရတို့သည်လည်း အဘယ်လျှင်ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ်အကြောင်း ကြောင့် ဖြစ်ကုန်သနည်း၊ အဘယ်လျှင် ဇာစ်မြစ်ရှိကုန်သနည်း၊ အဘယ်လျှင် အမွန်အစရှိကုန် သနည်း။ သင်္ခါရတို့သည် မသိခြင်း 'အဝိဇ္ဇာ' လျှင် ဖြစ်ကြောင်းရှိကုန်၏၊ အဝိဇ္ဇာအကြောင်း ကြောင့်ဖြစ်ကုန်၏၊ အဝိဇ္ဇာလျှင် ဇာစ်မြစ်ရှိကုန်၏၊ အဝိဇ္ဇာလျှင် အမွန်အစရှိကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် အဝိဇ္ဇာအကြောင်းကြောင့် ပြုစီရင်မှု သင်္ခါရ၊ ပြုစီရင်မှုသင်္ခါရ အကြောင်းကြောင့် ဝိညာဏ်၊ ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ် အကြောင်းကြောင့် သဠာယတန၊ သဠာယတန အကြောင်းကြောင့် ဖဿ၊ ဖဿအကြောင်းကြောင့် ဝေဒနာ၊ ဝေဒနာ အကြောင်းကြောင့်တဏှာ၊ တဏှာအကြောင်းကြောင့် ဥပါဒါန်၊ ဥပါဒါန်အကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ'၊ ဖြစ်ခြင်း 'ဘဝ' အကြောင်းကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ'၊ ဖြစ်ပွါးခြင်း 'ဇာတိ' အကြောင်းကြောင့် အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ'၊ ပူဆွေးခြင်း 'သောက'၊ ငိုကြွေးခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်ဆင်းရဲခြင်း 'ဒေါမနဿ'၊ ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤသို့ ဤချမ်းသာ မဘက်သော ဆင်းရဲ အစု၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏။

၄၀၃။ "ဖြစ်ပွါးခြင်း 'ဇာတိ' အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ဖြစ်၏" ဟု ဤစကားကို ဟောကြား၏။ ရဟန်းတို့ ဖြစ်ပွါးခြင်း 'ဇာတိ' အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' သည် ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ပွါးခြင်း'ဇာတိ' အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ဖြစ်၏ ဟု ဟောထားသော ဤအရာ၌"ဖြစ်ပွါးခြင်း 'ဇာတိ' အကြောင်းကြောင့် အိုခြင်း'ဇရာ'သေခြင်း 'မရဏ' ဖြစ်၏" ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ ဟု (လျှောက်ကြကုန်၏)။

"ဖြစ်ခြင်း 'ဘဝ' အကြောင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'သည် ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ဖြစ်ခြင်း 'ဘဝ' အကြောင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'သည် ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်း ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ခြင်း 'ဘဝ' အကြောင်းကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ' သည် ဖြစ်၏ဟု ဟောထားသော ဤအရာ၌ "ဖြစ်ခြင်း 'ဘဝ'အကြောင်းကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ'သည် ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ ဟု (လျှောက်ကြကုန်၏)။

"စွဲလမ်းခြင်း 'ဥပါဒါန်' အကြောင်းကြောင့်ဖြစ်ခြင်း 'ဘဝ'သည် ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ စွဲလမ်းခြင်း 'ဥပါဒါန်' အကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ' သည်ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်း ဟု (မေးတော်မူ၏)။

"အသျှင်ဘုရား စွဲလမ်းခြင်း 'ဥပါဒါန်' အကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ' သည် ဖြစ်၏ဟု ဟောထားသော ဤအရာ၌ "စွဲလမ်းခြင်း'ဥပါဒါန်' အကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ' သည် ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"တပ်မက်မှု 'တဏှာ' အကြောင်းကြောင့် စွဲလမ်းခြင်း'ဥပါဒါန်' ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ တပ်မက်မှု 'တဏှာ' အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်'သည် ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား တပ်မက်မှု 'တဏှာ' အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်၏ဟု ဟော ထားသော ဤအရာ၌ "တပ်မက်မှု 'တဏှာ' အကြောင်းကြောင့် စွဲလမ်းခြင်း 'ဥပါဒါန်' သည် ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"ခံစားခြင်း 'ဝေဒနာ'အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏ဟု ဤစကားကို ဟော ထား၏။ ရဟန်းတို့ ခံစားခြင်း 'ဝေဒနာ' အကြောင်းကြောင့် တပ်မက်မှု'တဏှာ'ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ခံစားခြင်း 'ဝေဒနာ' အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏ဟု ဟော ထားသော ဤအရာ၌ "ခံစားခြင်း 'ဝေဒနာ' အကြောင်းကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"တွေ့ထိခြင်း 'ဖဿ' အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏" ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ တွေ့ထိခြင်း 'ဖဿ' အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်လေ သလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား တွေ့ထိခြင်း 'ဖဿ' အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏ဟု ဟော ထားသော ဤအရာ၌ "တွေ့ထိခြင်း 'ဖဿ' အကြောင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"တည်ရာခြောက်ပါး 'သဠာယတန' အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ'သည် ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ တည်ရာခြောက်ပါး 'သဠာယတန' အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ' ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြ သနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား တည်ရာခြောက်ပါး 'သဠာယတန' အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ'ဖြစ် ၏ဟု ဟောထားသော ဤအရာ၌ "တည်ရာခြောက်ပါး 'သဠာယတန' အကြောင်းကြောင့် တွေ့ထိခြင်း 'ဖဿ' ဖြစ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"နာမ်ရုပ်အကြောင်းကြောင့် တည်ရာခြောက်ပါး'သဠာယတန' သည်ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ နာမ်ရုပ်အကြောင်းကြောင့် တည်ရာခြောက်ပါး 'သဠာယတန' ဖြစ်လေ သလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား နာမ်ရုပ်အကြောင်းကြောင့် တည်ရာခြောက်ပါး 'သဠာယတန' သည် ဖြစ်၏ဟု ဟောထားသော ဤအရာ၌ "နာမ်ရုပ်အကြောင်းကြောင့် တည်ရာခြောက်ပါး 'သဠာယတန' ဖြစ် ၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏" ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်လေသလော၊မဖြစ်လေသလော၊ဤအရာ၌အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏ဟု ဟောထားသော ဤအရာ၌ "ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်သည်ဖြစ်၏" ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



"ပြုစီရင်မှု 'သင်္ခါရ' အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ပြုစီရင်မှု 'သင်္ခါရ' အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ပြုစီရင်မှု 'သင်္ခါရ' အကြောင်းကြောင့် ဝိညာဏ်သည် ဖြစ်၏ဟု ဟောထားသော ဤအရာ၌ "ပြုစီရင်မှု 'သင်္ခါရ' အကြောင်းကြောင့်ဝိညာဏ်သည်ဖြစ်၏" ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"မသိမှု 'အဝိဇ္ဇာ' အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့သည် ဖြစ်ကုန်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ မသိမှု 'အဝိဇ္ဇာ' အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့သည် ဖြစ်ကုန်လေသလော၊ မဖြစ်ကုန်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မသိမှု'အဝိဇ္ဇာ' အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' တို့သည် ဖြစ်ကုန်၏ဟု ဟောထားသော ဤအရာ၌ "မသိမှု 'အဝိဇ္ဇာ' အကြောင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့သည်ဖြစ်ကုန်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါကုန်၏ဟု (လျှောက်ကြကုန်၏)။

၄၀၄။ ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ သင်တို့လည်း ဤသို့ ပြောဆိုကုန်၏၊ ငါလည်း ဤသို့ပင် ဟောကြား၏၊ ဤအကြောင်းရှိသော် ဤအကျိုးရှိ၏၊ ဤအကြောင်း၏ ဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးဖြစ်ပေါ်၏။ ဖြစ်ပေါ်ပုံကား—မသိမှုအကြောင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'၊ ပြုစီရင်မှု 'သင်္ခါရ'အကြောင်းကြောင့် ဝိညာဏ်၊ ဝိညာဏ်အကြောင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ်အကြောင်းကြောင့် သဠာယတန၊ သဠာယတနအကြောင်းကြောင့် အတွေ့အထိ၊ အတွေ့အထိအကြောင်းကြောင့် ခံစားခြင်း၊ ခံစားခြင်းအကြောင်းကြောင့် တပ်မက်မှု၊ တပ်မက်မှုအကြောင်းကြောင့် စွဲလမ်းမှု၊ စွဲလမ်းမှုအကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ'၊ ဖြစ်ခြင်း 'ဘဝ' အကြောင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'၊ ဖြစ်ပွါးခြင်း 'ဇာတိ' အကြောင်းကြောင့် အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ' ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤသို့ ချမ်းသာမဘက်သော ဆင်းရဲအစု၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏။

မသိမှု'အဝိဇ္ဇာ'၏ သာလျှင် တပ်ခြင်းကင်းသဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု ချုပ်၏၊ ပြုစီရင်မှု ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတနချုပ်၏၊ သဠာယတန ချုပ်ခြင်းကြောင့် တွေ့ထိခြင်း ချုပ်၏၊ တွေ့ထိခြင်း ချုပ်ခြင်းကြောင့် ခံစားခြင်း ချုပ်၏၊ ခံစားခြင်း ချုပ်ခြင်းကြောင့် တပ်မက်မှု ချုပ်၏၊ တပ်မက်မှု ချုပ်ခြင်းကြောင့် စွဲလမ်းမှု ချုပ်၏၊ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဖြစ်ခြင်း'ဘဝ'ချုပ်၏၊ ဖြစ်ခြင်း'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်၏၊ ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' ပူဆွေးခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း 'ဥပါယာသ'တို့သည် ချုပ်ကုန်၏။ ဤသို့ ဤချမ်းသာ မဘက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။

http://www.dhammadownload.com



၄၀၅။ "ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ဖြစ်ပွါးခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း 'မရဏ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု(လျှောက်ကြကုန်၏)။

"ဖြစ်ခြင်း'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ဖြစ်ခြင်း'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဖြစ်ခြင်း'ဘဝ'ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "ဖြစ်ခြင်း'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု(လျှောက်ကြကုန်၏)။

"စွဲလမ်းမှု'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း'ဘဝ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ စွဲလမ်းမှု'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း'ဘဝ'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား စွဲလမ်းမှု'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဖြစ်ခြင်း'ဘဝ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "စွဲလမ်းမှု'ဥပါဒါန်'ချုပ်ခြင်းကြောင့် ဖြစ်ခြင်း'ဘဝ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု(လျှောက်ကြကုန်၏)။

"တပ်မက်မှု'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းမှု'ဥပါဒါန်'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ တပ်မက်မှု'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းမှု'ဥပါဒါန်'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု(မေးတော်မူ၏)။

အသျှင်ဘုရား တပ်မက်မှု'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းမှု'ဥပါဒါန်'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "တပ်မက်မှု'တဏှာ'ချုပ်ခြင်းကြောင့် စွဲလမ်းမှု'ဥပါဒါန်'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

"ခံစားခြင်း'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ခံစားမှု'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ'ချုပ်လေသလော၊မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ခံစားမှု'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "ခံစားမှု'ဝေဒနာ'ချုပ်ခြင်းကြောင့် တပ်မက်မှု'တဏှာ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ပါ၏ဟု (လျှောက်ကြကုန်၏)။

"အတွေ့အထိ'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း'ဝေဒနာ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ အတွေ့အထိ'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း'ဝေဒနာ'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အတွေ့အထိ'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း'ဝေဒနာ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "အတွေ့အထိ'ဖဿ'ချုပ်ခြင်းကြောင့် ခံစားခြင်း'ဝေဒနာ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

"သဠာယတန ချုပ်ခြင်းကြောင့် အတွေ့အထိ'ဖဿ' ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ သဠာယတန ချုပ်ခြင်းကြောင့် အတွေ့အထိ'ဖဿ' ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား သဠာယတန ချုပ်ခြင်းကြောင့် အတွေ့အထိ'ဖဿ' ချုပ်၏ဟု ဟောထားသော ဤအရာ၌ "သဠာယတန ချုပ်ခြင်းကြောင့် အတွေ့အထိ'ဖဿ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု(လျှောက်ကြကုန်၏)။

"နာမ် ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ နာမ် ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား နာမ် ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏ဟု ဟောထားသော ဤအရာ၌ "နာမ် ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

"ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ဝိညာဏ် ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏ဟု ဟောထားသော ဤအရာ၌ "ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

"ပြုစီရင်မှု'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ ပြုစီရင်မှု'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား ပြုစီရင်မှု'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု ဟောထားသော ဤအရာ၌ "ပြုစီရင်မှု'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု (လျှောက်ကြကုန်၏)။

"မသိမှု'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'ချုပ်၏"ဟု ဤစကားကို ဟောထား၏။ ရဟန်းတို့ မသိမှု'အဝိဇ္ဇာ'ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'ချုပ်လေသလော၊ မချုပ်လေသလော၊ ဤအရာ၌ အဘယ်သို့ မှတ်ထင်ကြသနည်းဟု (မေးတော်မူ၏)။

အသျှင်ဘုရား မသိမှု'အဝိဇ္ဇာ'ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'ချုပ်၏ဟု ဟောထားသော ဤအရာ၌ "မသိမှု'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'ချုပ်၏"ဟု တပည့်တော်တို့ မှတ်ထင်ကြပါ၏ဟု(လျှောက်ကြကုန်၏)။

http://www.dhammadownload.com



၄၀၆။ ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ သင်တို့လည်း ဤသို့ ပြောဆိုကုန်၏၊ ငါလည်း ဤသို့ပင် ဟောကြား၏၊ ဤအကြောင်းမရှိသော် ဤအကျိုး မရှိနိုင်၊ ဤအကြောင်းချုပ်ခြင်းကြောင့် ဤအကျိုး ချုပ်ရ၏။ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ' ချုပ်၏၊ ပြုစီရင်မှု 'သင်္ခါရ' ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်၏၊ နာမ် ရုပ် ချုပ်ခြင်းကြောင့် 'သဠာယတန' ချုပ်၏၊ သဠာယတန ချုပ်ခြင်းကြောင့် အတွေ့အထိ 'ဖဿ' ချုပ်၏၊ အတွေ့အထိ 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားခြင်း 'ဝေဒနာ' ချုပ်၏၊ ခံစားခြင်း 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်မက်မှု 'တဏှာ' ချုပ်၏၊ တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဘဝ' ချုပ်၏၊ ဖြစ်ခြင်း 'ဘဝ' ချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ' ချုပ်၏၊ ဖြစ်ပွါးခြင်း 'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' တို့သည် ချုပ်ကုန်၏။ ဤသို့ ဤချမ်းသာမဘက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည်ဖြစ်၏။

၄၀၇။ ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် "ငါတို့သည် အတိတ်ကာလ၌ ဖြစ်ခဲ့လေကုန်သလော၊ မဖြစ်ခဲ့လေကုန်သလော၊ အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ခဲ့ကုန်သနည်း၊ အတိတ်ကာလ၌ အဘယ်ပုံပန်း ဖြစ်ခဲ့ကုန်သနည်း၊ ငါတို့သည် အတိတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ပြီး၍ အဘယ်သို့သောသူ ဖြစ်ခဲ့ကုန်သနည်း" ဟု ရှေးအဖို့ခန္ဓာသို့သော်လည်း တဖန်ပြေးသွားကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား တဖန်ပြေးသွားခြင်း မဖြစ်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့မြင်ကုန်သော် "ငါတို့သည် အနာဂတ်ကာလ၌ ဖြစ်ကုန်လတ္တံ့လော၊ မဖြစ်ကုန်လတ္တံ့လော၊ အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်ကုန်လတ္တံ့နည်း၊ အနာဂတ်ကာလ၌ အဘယ်ပုံပန်း ဖြစ်ကုန်လတ္တံ့နည်း၊ ငါတို့သည် အနာဂတ်ကာလ၌ အဘယ်သို့သောသူ ဖြစ်၍ အဘယ်သို့သောသူ ဖြစ်ကုန်လတ္တံ့နည်း" ဟု နောက်အဖို့ ခန္ဓာသို့သော်လည်း တဖန် ပြေးသွားကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား တဖန် ပြေးသွားခြင်း မဖြစ်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် "ငါသည် ဖြစ်လေသလော၊မဖြစ်လေသလော၊အဘယ်သို့သောသူ ဖြစ်သနည်း၊အဘယ်ပုံပန်း ဖြစ်သနည်း၊ဤသတ္တဝါသည် အဘယ်မှ လာသနည်း၊ ထိုသတ္တဝါသည် အဘယ်သို့ သွားလတ္တံ့နည်း" ဟု ယခု ပစ္စုပ္ပန်ကာလကိုယ်တွင်းသန္တာန်၌လည်း သို့လော သို့လော တွေးတော ယုံမှားမှု ဖြစ်ကြရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား သို့လော သို့လော တွေးတောယုံမှားမှု မဖြစ်ရာပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် "ဆရာမြတ်စွာဘုရားသည် ငါတို့ အလေးပြုသင့်သူတည်း၊ ဆရာမြတ်စွာဘုရားအား ရိုသေခြင်းဖြင့် ငါတို့သည် ဤအတိုင်း ဆိုကုန်၏" ဟု ဤသို့ ဆိုကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ ပြောဆိုခြင်းဖြင့် မဟုတ်ပါ ဟု (လျှောက်ကြကုန်၏)။

http://www.dhammadownload.com



ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် "သမဏ ဖြစ်သော မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏၊ သမဏမည်သော ငါတို့သည်လည်း ဤအတိုင်းပင် ဆိုရကုန်၏" ဟု ဤသို့ ဆိုကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ ပြောဆိုခြင်း မဟုတ်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ စင်စစ်အားဖြင့် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် တပါးသော ဆရာကို ညွှန်ပြကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ ညွှန်ပြခြင်း မဟုတ်ပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ စင်စစ် သင်တို့သည် ဤသို့ သိကုန်သော် ဤသို့ မြင်ကုန်သော် များစွာသော သမဏ ဗြာဟ္မဏတို့၏ ဝတ်အကျင့်နှင့် ကောတုဟလမင်္ဂလာတို့ကို အနှစ်သာရအားဖြင့် တဖန် ယူကုန်ရာသလော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား ဤသို့ တဖန် ယူခြင်းသည် မဖြစ်ရပါ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သင်တို့သည် ကိုယ်တိုင်သိသည်ကိုသာလျှင် ကိုယ်တိုင်မြင်သည်ကိုသာလျှင် ကိုယ်တိုင် ထင်ထင်ရှားရှား သိသည်ကိုသာလျှင် ဆိုကုန်သည် မဟုတ်ကုန်လော ဟု (မေးတော်မူ၏)။

အသျှင်ဘုရား မှန်ပါ၏ ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ကောင်းပေ၏၊ ရဟန်းတို့ ငါသည် ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုး ပေးတတ်သော လာလှည့်ရှုလှည့်ဟု ပြထိုက်သော မိမိကိုယ်ထည်း စိတ်ထည်း၌ ဆောင်ယူထားထိုက် သော ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော ဤတရားဖြင့် သင်တို့ကို နိဗ္ဗာန်သို့ ပို့ခဲ့ပြီ။ "ရဟန်းတို့ ဤတရားသည် ကိုယ်တိုင် ရှုမြင်ထိုက်သော တရားတည်း၊ အခါမလင့်အကျိုး ပေးတတ်သော တရားတည်း၊ လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတည်း၊ မိမိ၏ကိုယ်ထည်း စိတ်ထည်း၌ ဆောင်ထားထိုက်သော တရားတည်း၊ ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင် သော တရားတည်း" ဟု ဟောထား၏၊ ဤ ကိုယ်တိုင် မြင်သိ ထင်ထင်ရှားရှား သိသည့်အဖြစ်ကို စွဲ၍ ဤစကားကို ဟောထား၏။

၄၀၈။ ရဟန်းတို့ အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်နိုင်ပေ၏။ အမိအဖတို့သည်လည်း ပေါင်းဖော်ကုန်၏၊ အမိသည်လည်း ဥတုမလာ၊ အမိဝမ်း တွင်းသို့ ရောက်ထိုက်သူ (သတ္တဝါ) သည်လည်း အဆင်သင့် မရှိသေး၊ ထိုမျှလောက်သော အခြင်းအရာဖြင့် ကိုယ်ဝန်တည်ခြင်းသည် မဖြစ်နိုင်ပေ။ အမိအဖတို့သည်လည်း ပေါင်းဖော်ကုန်၏၊ အမိသည်လည်း ဥတုလာ၏၊ အမိဝမ်းတွင်းသို့ ရောက်ထိုက်သူ (သတ္တဝါ) သည်လည်း အဆင်သင့် မရှိသေး၊ ထိုမျှလောက်သော အခြင်းအရာဖြင့် ကိုယ်ဝန်တည်ခြင်းသည် မဖြစ်နိုင်ပေ။ ရဟန်းတို့ အမိအဖတို့သည်လည်း ပေါင်းဖော်ကုန်၏၊ အမိသည်လည်း ဥတုလာ၏၊ အမိဝမ်းတွင်းသို့ ရောက် ထိုက်သူ (သတ္တဝါ) သည်လည်း အဆင်သင့် ရှိနေ၏၊ ဤသို့ အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံ ခြင်းကြောင့် ကိုယ်ဝန်တည်ခြင်းသည် ဖြစ်နိုင်ပေ၏။

ရဟန်းတို့ ထိုကိုယ်ဝန်ကို အမိသည် ကိုးလဖြစ်စေ ဆယ်လဖြစ်စေ ဝမ်းဖြင့်လွယ်၍ ကြီးစွာသော ယုံမှားခြင်းဖြင့် လေးလံသော ဝန်ကို လွယ်၏။ ရဟန်းတို့ ထိုကိုယ်ဝန်ကို အမိသည် ကိုးလ

http://www.dhammadownload.com



ဖြစ်စေ ဆယ်လဖြစ်စေ လွန်သောအခါ၌ ကြီးစွာသော ယုံမှားခြင်းဖြင့် လေးလံသောဝန်ကို ဖွားမြင်၏။ မွေးဖွါးပြီးသော ထိုသူငယ်ကို မိမိသွေးဖြင့် မွေးမြူ၏။ ရဟန်းတို့ ဤအမိနို့ ရည်သည် မြတ်စွာဘုရား၏ သာသနာတော်၌ သွေးမည်၏။

ရဟန်းတို့ ထိုသူငယ်သည် ကြီးထွားခြင်း ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းကို စွဲ၍ ထွန်ငယ်ဖြင့် ကစားခြင်း ကျည်းသားရိုက်ကစားခြင်း ဂျွမ်းထိုးကစားခြင်း စကြာဖြင့် ကစားခြင်း ခွက်ငယ်ဖြင့် ကစားခြင်း ရထားငယ်ဖြင့် ကစားခြင်း လေးငယ်ဖြင့် ကစားခြင်းဟူသော ထိုထို ဤဤ ကလေးသူငယ် ကစားနည်းမျိုးတို့ဖြင့် ကစား၏။

ရဟန်းတို့ ထိုသူငယ်သည် ကြီးထွားခြင်း ဣန္ဒြေတို့၏ ရင့်ကျက်ခြင်းကိုစွဲ၍ နှစ်လိုဖွယ်ဖြစ်သော နှစ်သက်ဖွယ်ဖြစ်သော မြတ်နိုးဖွယ်ဖြစ်သော ချစ်အပ်သောသဘောရှိသော ကာမ (ရာဂ) နှင့် စပ်သွယ်သော တပ်မက်ဖွယ်ဖြစ်သော စက္ခုဝိညာဏ်ဖြင့် သိရသောအဆင်း သောတဝိညာဏ်ဖြင့် သိရသောအသံ ဃာနဝိညာဏ်ဖြင့် သိရသောအနံ့ ဇိဝှါဝိညာဏ်ဖြင့် သိရသောအရသာ နှစ်လိုဖွယ်ဖြစ်သော နှစ်သက်ဖွယ်ဖြစ်သော မြတ်နိုးဖွယ်ဖြစ်သော ချစ်အပ်သောသဘောရှိသော ကာမ (ရာဂ)နှင့် စပ်သွယ်သော တပ်မက်ဖွယ်ဖြစ်သော ကာယဝိညာဏ်ဖြင့် သိရသော အတွေ့အထိ ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ ပျော်ပါးလျက် နေ၏။

၄၀၉။ ထိုသူငယ်သည် မျက်စိဖြင့် အဆင်းကိုမြင်၍ ချစ်နှစ်သက်ဖွယ်သဘောရှိသော အဆင်း၌ တပ်စွန်း၏၊ မချစ်နှစ်သက်ဖွယ်သဘောရှိသော အဆင်း၌ ဒေါသစိတ်ဖြစ်၏၊ ကာယဂတာသတိမထင်ပဲ သေးသိမ်သော စိတ်ရှိလျက်လည်း နေ၏၊ ယုတ်ညံ့သော အကုသိုလ်တရားများ အကြွင်းမဲ့ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သော ပညာကိုလည်း အမှန်အတိုင်း ခွဲခြား၍ မသိ။ ထိုသူသည် ဤသို့ လိုက်လျောခြင်း ဆန့်ကျင်ခြင်းသို့ ရောက်လျက် ချမ်းသာကိုဖြစ်စေ ဆင်းရဲကိုဖြစ်စေ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုဖြစ်စေ တစုံတခုသော ဝေဒနာကို ခံစား၏။ ထိုသူသည် ထိုခံစားခြင်းကို နှစ်သက်၏၊ အားရပါးရ ပြောဆို၏၊ သက်ဝင်စွဲလမ်း၍ တည်၏။ ထိုခံစားမှုကို နှစ်သက်ခြင်း အားရပါးရ ပြောဆိုခြင်း သက်ဝင်စွဲလမ်း၍ တည်ခြင်းကြောင့် ထိုသူအား နှစ်သက်ခြင်းဖြစ်၏၊ ခံစားမှုတို့၌ နှစ်သက်ခြင်းသည် စွဲလမ်းမှုတည်း။ ထိုသူအား စွဲလမ်းမှုဟူသော အကြောင်းကြောင့်ဖြစ်ခြင်း 'ဘဝ'၊ ဘဝဟူသော အကြောင်းကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ'၊ ဖြစ်ပွါးခြင်း 'ဇာတိ' ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ' သေခြင်း 'မရဏ' ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ' စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤသို့ ဤချမ်းသာမဘက်သော ဆင်းရဲအစု၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏။

နားဖြင့်အသံကိုကြား၍။ပ။ နှာခေါင်းဖြင့် အနံ့ကို နံ၍။ပ။ လျှာဖြင့် အရသာကို လျက်၍။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍။ပ။ စိတ်ဖြင့် သဘာဝဓမ္မကို သိ၍ ချစ်နှစ်သက်ဖွယ် သဘောရှိသော သဘာဝဓမ္မ၌ တပ်စွန်း၏၊ မချစ်မနှစ်သက်ဖွယ် သဘောရှိသော သဘာဝဓမ္မ၌ ဒေါသစိတ်ဖြစ်၏၊ ကာယဂတာသတိ မထင်ပဲ သေးသိမ်သောစိတ်ရှိလျက်လည်း နေ၏၊ ယုတ်ညံ့သောအကုသိုလ်တရားများ အကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သော ပညာကိုလည်း အမှန်အတိုင်း ခွဲခြား၍ မသိ။ ထိုသူသည် ဤသို့ လိုက်လျောခြင်း ဆန့်ကျင်ခြင်းသို့ရောက်လျက် ချမ်းသာကိုဖြစ်စေ ဆင်းရဲကိုဖြစ်စေ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုဖြစ်စေ တစုံ

http://www.dhammadownload.com



တခုသော ဝေဒနာကို ခံစား၏။ ထိုသူသည် ထိုခံစားခြင်းကို နှစ်သက်၏၊ အားရပါးရ ပြောဆို၏၊ သက်ဝင်စွဲလမ်း၍ တည်၏။ထိုခံစားမှုကို နှစ်သက်ခြင်း အားရပါးရပြောဆိုခြင်း သက်ဝင်စွဲလမ်း၍ တည်ခြင်းကြောင့် ထိုသူ့အား နှစ်သက်ခြင်းဖြစ်၏၊ ခံစားမှုတို့၌ နှစ်သက်ခြင်းသည် စွဲလမ်းမှု တည်း။ ထိုသူအား စွဲလမ်းမှုဟူသော အကြောင်းကြောင့် ဖြစ်ခြင်း 'ဘဝ'၊ဘဝဟူသော အကြောင်း ကြောင့် ဖြစ်ပွါးခြင်း 'ဇာတိ'၊ ဖြစ်ပွါးခြင်း 'ဇာတိ'ဟူသော အကြောင်းကြောင့် အိုခြင်း 'ဇရာ'၊ သေခြင်း 'မရဏ' ပူဆွေးခြင်း 'သောက' ငိုကြွေးခြင်း 'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ'စိတ်ဆင်းရဲခြင်း 'ဒေါမနဿ' ပြင်းစွာပင်ပန်းခြင်း 'ဥပါယာသ' တို့သည် ဖြစ်ကုန်၏။ ဤသို့ ချမ်းသာမဘက်သော ဆင်းရဲအစု၏ ဖြစ်ပွါးခြင်းသည် ဖြစ်၏။

၄၁၀။ ရဟန်းတို့ ဤလောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော အသိဉာဏ်'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသောစကားကို ဆိုတော်မူတတ်သော လောကကိုသိတော်မူသော ဆုံးမထိုက်သူကို ဆုံးမ တတ်သူ အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ဆရာဖြစ်တော်မူသော (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့ လောကကိုကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော အလုံးစုံပြည့်စုံသော စင်ကြယ် သော တရားကို ဟောတော်မူ၏၊ မြတ်သောအကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်သည်ငှင်း သူကြွယ်သားသည်ငှင်း ဇာတ်တမျိုးမျိုး၌ ဖြစ်သော သူသည်ငှင်း ကြားနာရ၏။ ထိုသူသည် ထိုတရားတော်ကို ကြားနာရသောကြောင့် မြတ်စွာဘုရား ၌ ယုံကြည်မှုကိုရ၏။ ထိုသူသည် ထိုယုံကြည်မှုကိုရခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤသို့ဆင်ခြင်၏—

"အိမ်ရာထောင်သောဘဝ၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ ခရီးနှင့် တူ၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ အိမ်ရာထောင်သောဘဝ၌ နေသူသည် ဤမြတ်သော အကျင့်ကို စင်စစ်ပြည့်စုံစွာ စင်စစ်စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှထွက်ခွါ၍ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ"ဟု (ဆင်ခြင်၏)။

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို ပယ်၍ငှင်း၊ များသောဥစ္စာစုကို ပယ်၍ငှင်း၊ နည်းသော ဆွေမျိုးစဉ်ဆက်ကို ပယ်၍ငှင်း၊များသော ဆွေမျိုးစဉ်ဆက်ကို ပယ်၍ငှင်း ဆံမုတ်ဆိတ် ကို ပယ်၍ငှင်း ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်း ဘောင်သို့ ဝင်ရောက်၏။

၄၁၁။ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ရဟန်းတို့၏ အကျင့်သီလ သိက္ခာနှင့်ကျင့်ဝတ် သိက္ခာပုဒ်သို့ ကောင်းစွာရောက်လျက် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှ ရှောင် ကြဉ်၏၊တုတ်ကိုချထားပြီးဖြစ်၏၊လက်နက်ကို ချထားပြီးဖြစ်၏၊အရှက်ရှိ၏၊သနားတတ်၏၊ခပ်သိမ်း သောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို

http://www.dhammadownload.com



ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ခံယူ၏၊ ပေးသည်ကိုသာ နှစ်လို၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့်သာ နေ၏။ မမြတ်သောအကျင့်ကို ပယ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။ မဟုတ်မမှန်ပြောခြင်းကိုပယ်၍ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သောစကားချင်း ဆက်စပ်တတ်၏၊ တည်သောစကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်။ ကုန်းစကားကို ပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူ ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူ့ထံမှ နားထောင်၍ ထိုသူထံ၌ မပြောတတ်၊ ထိုသူ့ထံမှ နားထောင်၍ ဤသူ့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသောစကားကို ဆိုလေ့ရှိ၏။ ကြမ်းသောစကားကို ပယ်၍ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ် ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏။ ပြိန်ဖျင်းသော စကားကိုပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အနက်နှင့်ပြည့်စုံသော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။

ထိုရဟန်းသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏။ ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏။ ကခြင်း သီခြင်း တီးမှုတ်ခြင်း ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း နံ့သာချယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏။ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ရွှေငွေကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ ကောက်စိမ်း[၁] ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ကျွန်မိန်းမ ကျွန်ယောကျ်ားကိုခံယူခြင်းမှ ရှောင်ကြဉ်၏။

ဆိတ်နှင့် သိုးကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ကြက် ဝက်ကို ခံယူခြင်းမှရှောင်ကြဉ်၏။ဆင် နွား မြင်း မြည်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ လယ်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန် အမှု အစေအပါး အမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာ စဉ်းလဲ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြုခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။

ထိုရဟန်းသည် ကိုယ်ကို မျှတရုံသော သင်္ကန်း ဝမ်းကို မျှတရုံသောဆွမ်းဖြင့် ရောင့်ရဲ၏။ အကြင်အကြင်အရပ်သို့ သွားသော် (ပရိက္ခရာရှစ်ပါးမျှကို) ကောင်းစွာ ယူဆောင်၍သွား၏။ ဥပမာသော်ကား အတောင်ရှိသောငှက်သည် အကြင်အကြင်အရပ်သို့ ပျံသော် မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံ၏၊ဤအတူ ရဟန်းသည်ကိုယ်ကိုမျှတရုံသော သင်္ကန်း ဝမ်းကိုမျှတရုံသော ဆွမ်း

---

၁-ကောက်စိမ်း = အာမကဓည-ပါဠိတော် ဓေါ်စိမ်း ရှစ်မျိုး။

http://www.dhammadownload.com



ဖြင့်ရောင့်ရဲ၏၊ထိုရဟန်းသည်အကြင်အကြင်အရပ်သို့ သွားသော်(ပရိက္ခရာရှစ်ပါးမျှကို)ကောင်းစွာ ယူဆောင်၍ သွား၏။ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်မရှိသော ချမ်းသာကို ခံစား၏။ ထိုရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်သော် (ယောကျ်ား မိန်းမဟူသော) အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော)အမှတ်လက္ခဏာငယ်ကို စွဲယူလေ့ မရှိ၊ အကြင်အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်စည်းမူ၍ နေသော ထိုရဟန်းကို မက်မေ ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ'ဟု ဆိုအပ်ကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်ရှောက် ၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် သဒ္ဒါရုံကိုကြားသော်။ပ။နှာခေါင်းဖြင့် ဂန္ဓာရုံကိုနမ်းသော်။ ။လျှာဖြင့် ရသာရုံကို လျက်သော်။ပ။ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော်။ပ။စိတ်ဖြင့် ဓမ္မာရုံကိုသိသော်(ယောကျ်ား မိန်းမဟူသော)အမှတ်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသော)အမှတ်လက္ခဏာငယ်ကို စွဲယူ လေ့မရှိ၊ အကြင် အကြောင်းကြောင့် မနိန္ဒြေကို မစောင့်စည်းမူ၍နေသော ထိုရဟန်းကို မက်မောခြင်း'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟုဆိုအပ်ကုန်သော ယုတ်ညံ့သောအကုသိုလ် တရားတို့သည် အစဉ်လိုက်ကုန်ရာ၏၊ ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကိုစောင့် ရှောက်၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌(ဒုက္ခနှင့်)မရောသော ချမ်းသာကို ခံစား၏။ ထိုရဟန်းသည် ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ကွေးရာဆန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျယ်ငယ် စွန့်ရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်ဉာဏ်ဖြင့် ပြုလေ့ရှိ၏။

၄၁၂။ ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသော ဤမြတ်သော ဣန္ဒြေစောင့်စည်း ခြင်းနှင့်လည်း ပြည့်စုံသော ဤမြတ်သော သတိဆင်ခြင်ဉာဏ်နှင့်လည်း ပြည့်စုံသော (ဤမြတ် သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသော)ထို(ရဟန်း)သည် ဆိတ်ငြိမ်သော အိပ်ရာနေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သုသာန်ကို တောအုပ် ကို လွင်ပြင်ကို ကောက်ရိုးပုံကို (မှီဝဲ၏)။ ထို(ရဟန်း)သည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီး နောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှုကာ သတိကို ဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် (ခန္ဓာငါးပါးတည်းဟူသော)လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကိုပယ်၍ မက်မောခြင်း'အဘိဇ္ဈာ'ကင်းသောစိတ်ဖြင့် နေ၏၊မက်မောခြင်း'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏။ ပျက်စီးစေလိုသော ပြစ်မှားမှုကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည် ဖြစ်၍ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ပြစ်မှားမှုမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'ကိုပယ်၍ လေးလံထိုင်းမှိုင်း ခြင်း'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍နေ၏၊ လေးလံထိုင်းမှိုင်းခြင်း'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏။

http://www.dhammadownload.com



ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ' နောင်တရခြင်း'ကုက္ကုစ္စ'ကိုပယ်၍ အတွင်းသန္တာန်၌ ငြိမ်သက်သောစိတ်ရှိသည် ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍နေ၏၊ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ' နောင်တရခြင်း'ကုက္ကုစ္စ'မှ စိတ်ကိုစင်ကြယ်စေ၏။ မဝေခွဲနိုင်ခြင်း'ဝိစိကိစ္ဆာ'ကိုပယ်၍ မဝေခွဲနိုင်ခြင်း'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ မဝေခွဲနိုင်ခြင်း'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၄၁၃။ ထိုရဟန်းသည် စိတ်၏ညစ်နွမ်းကြောင်း ပညာ၏အားနည်းခြင်းကို ပြုတတ်ကုန်သော ဤအပိတ်အပင်'နီဝရဏ'တရား ငါးပါးတို့ကိုပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။

ရဟန်းတို့ ထိုရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ဒုတိယဈာန်သို့။ပ။တတိယဈာန်သို့။ပ။စတုတ္ထဈာန်သို့ ရောက်၍နေ၏။

၄၁၄။ ထိုရဟန်းသည် မျက်စိဖြင့် အဆင်းကိုမြင်၍ ချစ်နှစ်သက်ဖွယ်သဘောရှိသော အဆင်း၌ မတပ်စွန်း၊ မချစ်မနှစ်သက်ဖွယ် သဘောရှိသော အဆင်း၌ ဒေါသစိတ်မဖြစ်၊ ကာယဂတာသတိ ထင်သည်ဖြစ်၍ အတိုင်းအရှည်မရှိသော စိတ်ရှိလျက်လည်း နေ၏၊ ယုတ်ညံ့သော အကုသိုလ်တရားများ အကြွင်းမဲ့ ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သောပညာကိုလည်း အမှန်အတိုင်း ခွဲခြား၍သိ၏။ ထိုရဟန်းသည် ဤသို့ လိုက်လျောခြင်း ဆန့်ကျင်ခြင်းကို ပယ်လျက် ချမ်းသာကိုဖြစ်စေ ဆင်းရဲကိုဖြစ်စေ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုဖြစ်စေ တစုံတခုသောဝေဒနာကို ခံစား၏၊ ထိုရဟန်းသည် ထိုခံစားခြင်းကို မနှစ်သက်၊ အားရပါးရ မပြောဆို၊ သက်ဝင်စွဲလမ်း၍မတည်။ ထိုခံစားမှုကို မနှစ်သက်ခြင်း အားရပါးရမပြောဆိုခြင်း သက်ဝင်စွဲလမ်း၍မတည်ခြင်းကြောင့် ခံစားမှုတို့၌ ထိုရဟန်းအား နှစ်သက်ခြင်းသည် ချုပ်၏၊ ထိုရဟန်းအား နှစ်သက်မှုချုပ်ခြင်းကြောင့် စွဲလမ်းမှုချုပ်၏၊ စွဲလမ်းမှုချုပ်ခြင်းကြောင့် ဖြစ်ခြင်း 'ဘဝ'ချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်၏၊ ဖြစ်ပွါးခြင်း'ဇာတိ' ချုပ်ခြင်းကြောင့် အိုခြင်း'ဇရာ' သေခြင်း'မရဏ' ပူဆွေးခြင်း'သောက' ငိုကြွေးခြင်း'ပရိဒေဝ' ကိုယ်ဆင်းရဲခြင်း'ဒုက္ခ' စိတ်ဆင်းရဲခြင်း'ဒေါမနဿ' ပြင်းစွာ ပင်ပန်းခြင်း'ဥပါယာသ'တို့သည် ချုပ်ကုန်၏။ ဤသို့ ဤချမ်းသာမဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။

နားဖြင့် အသံကိုကြား၍။ပ။နှာခေါင်းဖြင့် အနံ့ကိုနမ်း၍။ပ။လျှာဖြင့် အရသာကိုလျက်၍။ပ။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍။ပ။

စိတ်ဖြင့် သဘာဝဓမ္မကိုသိ၍ ချစ်နှစ်သက်ဖွယ် သဘောရှိသော သဘာဝဓမ္မ၌ မတပ်စွန်း၊ မချစ်မနှစ်သက်ဖွယ်သဘောရှိသော သဘာဝဓမ္မ၌ ဒေါသစိတ်မဖြစ်၊ ကာယဂတာသတိထင်သည် ဖြစ်၍ အတိုင်းအရှည်မရှိသော စိတ်ရှိလျက်လည်း နေ၏၊ ယုတ်ညံ့သော အကုသိုလ်တရားများ အကြွင်းမဲ့ချုပ်ငြိမ်းရာဖြစ်သော လွတ်မြောက်သောစိတ်နှင့် လွတ်မြောက်သော ပညာကိုလည်း

http://www.dhammadownload.com



အမှန်အတိုင်း ခွဲခြား၍သိ၏။ ထိုရဟန်းသည် ဤသို့ လိုက်လျောခြင်း ဆန့်ကျင်ခြင်းကိုပယ်လျက် ချမ်းသာကိုဖြစ်စေ ဆင်းရဲကိုဖြစ်စေ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုဖြစ်စေ တစုံတခုသော ဝေဒနာကို ခံစား၏၊ ထိုရဟန်းသည် ထိုခံစားခြင်းကို မနှစ်သက်၊အားရပါးရမပြောဆို၊ သက်ဝင်စွဲလမ်း၍ မတည်၊ ထိုခံစားမှုကို မနှစ်သက်ခြင်း အားရပါးရမပြောဆိုခြင်း သက်ဝင်စွဲလမ်း၍မတည်ခြင်းကြောင့် ခံစားမှုတို့၌ ထိုရဟန်းအား နှစ်သက်ခြင်းသည်ချုပ်၏၊ထိုရဟန်းအား နှစ်သက်မှု ချုပ်ခြင်းကြောင့် စွဲလမ်းမှုချုပ်၏၊ စွဲလမ်းမှု ချုပ်ခြင်းကြောင့် ဘဝချုပ်၏၊ ဘဝချုပ်ခြင်းကြောင့် ဖြစ်ပွါးခြင်း‘ဇာတိ’ ချုပ်၏၊ ဖြစ်ပွါးခြင်း ‘ဇာတိ’ ချုပ်ခြင်းကြောင့် အိုခြင်း ‘ဇရာ’ သေခြင်း‘မရဏ’ ပူဆွေးခြင်း‘သောက’ ငိုကြွေးခြင်း ‘ပရိဒေဝ’ ကိုယ်ဆင်းရဲခြင်း ‘ဒုက္ခ’ စိတ်ဆင်းရဲခြင်း ‘ဒေါမနဿ’ ပြင်းစွာပင်ပန်းခြင်း ‘ဥပါယာသ’ တို့သည် ချုပ်ကုန်၏။ ဤသို့ ဤချမ်းသာမဖက်သော ဆင်းရဲအစု၏ ချုပ်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ငါ၏ ဤအကျဉ်းအားဖြင့် ဟောထားသော တပ်မက်မှုကုန်ရာ (နိဗ္ဗာန်)ကို အာရုံပြု၍ လွတ်မြောက်ပုံညွှန်ပြချက် ‘တဏှာသင်္ခယဝိမုတ္တိဒေသနာ’ကို သင်တို့ ဆောင်ကြကုန်လော့။ တံငါသည်သား သာတိရဟန်းကိုကား ကြီးစွာသောတပ်မက်မှု ကွန်ရက် တပ်မက်မှုထုတ်လျှောက်(အထပ်အစပ်)ဖြင့် စွပ်မိ၏ဟု ဤတရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ရှစ်ခုမြောက် မဟာတဏှာသင်္ခယသုတ် ပြီး၏။

---

## ၉-မဟာအဿပုရသုတ်

၄၁၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂတိုင်း အဿပုရမည်သော အင်္ဂမင်းသားတို့၏ နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို “ရဟန်းတို့”ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က “အသျှင်ဘုရား” ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့ လူအပေါင်းက သင်တို့ကို“ရဟန်း ရဟန်း”ဟု ကောင်းစွာသိ၏၊ သင်တို့ကလည်း “သင်တို့သည် အဘယ်သူတို့နည်း”ဟု မေးသော် “ရဟန်းများ ဖြစ်ကုန်၏”ဟု ဝန်ခံကုန်၏။ ရဟန်းတို့ ဤသို့ အသမုတ်ခံရသော ဤသို့ဝန်ခံသောသင်တို့သည် “သမဏဖြစ်ကြောင်း ဗြာဟ္မဏဖြစ်ကြောင်းတရားတို့ကို ဆောက်တည်၍ ကျင့်ကုန်သော် ငါတို့၏ ဤအသမုတ်ခံရခြင်းနှင့် ဝန်ခံခြင်းသည်လည်း အမှန်အတိုင်း ဖြစ်လတ္တံ့ ။ငါတို့သည် အကြင်သူတို့၏ သင်္ကန်း ဆွမ်း အိပ်ရာနေရာ (ကျောင်း) သူနာ၏ အထောက်အပံ့ ဆေး အဆောက်အဦကို သုံးဆောင်ကုန်၏၊ ထိုသူတို့၏ ငါတို့အပေါ်၌ ထိုပြုလုပ်ခြင်းတို့သည် များသောအကျိုး များသော အာနိသင် ရှိသည်ဖြစ်ကုန်လတ္တံ့၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်း မမြုံပဲ အကျိုးများ၍ တိုးပွါးခြင်း ရှိသည်ဖြစ်လတ္တံ့” ဟု ဤသို့လျှင် ကျင့်ကြံအားထုတ်ရမည်။

http://www.dhammadownload.com



၄၁၆။ ရဟန်းတို့ သမဏ ဖြစ်ကြောင်း ဗြာဟ္မဏဖြစ်ကြောင်း တရားတို့သည် အဘယ်တို့နည်း။ ရဟန်းတို့ "ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်အံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံ အားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထိုထက်အလွန် ပြုဖွယ်ကိစ္စတစုံတခုမျှ မရှိတော့ပြီ"ဟု ဤသို့ အကြံအစည် ဖြစ်ရာ၏။ ထိုမျှလောက်ဖြင့် သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည် ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်း အကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၁၇။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုဖွယ်နည်း။ ရဟန်းတို့ "ငါတို့သည် ကိုယ်အမူအရာကို စင်ကြယ်စေအံ့၊ ပေါ်လွင်စေအံ့၊ ထင်ရှားစေအံ့၊ မကျိုးပေါက်စေအံ့၊ စောင့်စည်းထားအံ့၊ ထိုစင်ကြယ်သော ကိုယ်အမူအရာရှိခြင်းဖြင့် မိမိကိုယ်ကိုလည်း မမြှင့်တင်အံ့၊ သူတပါးကိုလည်း မနှိမ့်ချအံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံ အားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထိုထက်အလွန် ပြုဖွယ်ကိစ္စတစုံတခုမျှ မရှိတော့ပြီ"ဟု ဤသို့အကြံအစည် ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်း အကျိုးကို အလိုရှိသည်ဖြစ်သော သင်တို့အား အထက် ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၁၈။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သောပြုဖွယ်နည်း။ ရဟန်းတို့ "ငါတို့သည် နှုတ်အမူအရာကို စင်ကြယ်စေအံ့၊ ပေါ်လွင်စေအံ့၊ ထင်ရှားစေအံ့၊ မကျိုးပေါက်စေအံ့၊ စောင့်စည်းထားအံ့ ထိုစင်ကြယ်သော နှုတ်အမူအရာရှိခြင်းဖြင့် မိမိကိုယ်ကိုလည်း မမြှင့်တင်အံ့၊ သူတပါးကိုလည်း မနှိမ့်ချအံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံ အားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့်ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ နှုတ်အမူအရာသည် စင်ကြယ်၏ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထိုထက်အလွန် ပြုဖွယ်ကိစ္စ တစုံတခုမျှမရှိတော့ပြီ"ဟု ဤသို့ အကြံအစည်ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည် ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၁၉။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သောပြုဖွယ်နည်း။ ရဟန်းတို့ "ငါတို့သည် စိတ်အမူအရာကို စင်ကြယ်စေအံ့၊ ပေါ်လွင်စေအံ့၊ ထင်ရှားစေအံ့၊ မကျိုးပေါက်စေအံ့၊ စောင့်စည်းထားအံ့၊ ထိုစင်ကြယ်သော စိတ်အမူအရာရှိခြင်းဖြင့်လည်း မိမိကိုယ်ကိုမမြှင့်တင်အံ့၊ သူတပါးကိုလည်း မနှိမ့်ချအံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံအားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ စိတ်အမူအရာသည် စင်ကြယ်၏၊ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည်ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထိုထက်အလွန်ပြုဖွယ်ကိစ္စ တစုံတခုမျှမရှိတော့ပြီ"ဟု ဤသို့ အကြံအစည်ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့

http://www.dhammadownload.com



သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည် ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၂၀။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုကျင့်ဖွယ်နည်း။ ရဟန်းတို့ "ငါတို့သည် အသက်မွေးမှုကိုစင်ကြယ်စေအံ့၊ ပေါ်လွင်စေအံ့၊ထင်ရှားစေအံ့၊ မကျိုးပေါက်စေအံ့၊ စောင့်စည်း ထားအံ့၊ ထိုစင်ကြယ်သော အသက်မွေးမှုရှိခြင်းဖြင့် မိမိကိုယ်ကိုမမြှင့်တင်အံ့၊ သူတပါးကိုမနှိမ့်ချ အံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံ အားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက် ခြင်း ကြောက်ခြင်းနှင့်ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ နှုတ်အမူအရာ သည် စင်ကြယ်၏၊ စိတ်အမူအရာသည် စင်ကြယ်၏၊ အသက်မွေးမှုသည် စင်ကြယ်၏။ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထိုထက်အလွန် ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီ" ဟု ဤသို့ အကြံအစည်သည် ဖြစ်ရာ၏။ ထိုမျှလောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ရဟန်းတို့ သင်တို့အားဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည်ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စ ရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၂၁။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုကျင့်ဖွယ်နည်း။ ရဟန်းတို့ ဣန္ဒြေတံခါး တို့ကို ပိတ်ထားသူဖြစ်ကုန်အံ့၊ မျက်စိဖြင့်အဆင်း'ရူပါရုံ'ကို မြင်သော် (မိန်းမယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့ မရှိ၊(လက်ခြေစသောအင်္ဂါ၊ပြုံးဟန် ရယ်ဟန်စသောအမူအရာ)အမှတ် လက္ခဏာကို စွဲယူလေ့မရှိကုန်အံ့၊(အကယ်၍) စက္ခုဣန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း(စက္ခုဣန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်ညံ့သော အကုသိုလ် တရား တို့သည် ထို မစောင့်စည်းသူကို လိုက်၍ နှိပ်စက် ကုန်ရာ၏၊ (ထို့ကြောင့်) ထိုစက္ခုဣန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကုန်အံ့၊ စက္ခုဣန္ဒြေကို စောင့်စည်းကုန်အံ့၊ စက္ခုဣန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်ကုန်အံ့။

နားဖြင့်အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ပ။လျှာဖြင့် အရသာ'ရသာရုံ'ကို လျက်သော်။ပ။ကိုယ်ဖြင့်အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကိုထိသော်။ပ။ စိတ်ဖြင့်သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမယောကျ်ားစသော) သဏ္ဌာန်နိမိတ်ကိုစွဲယူလေ့မရှိ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန်စသော အမူအရာ) အမှတ်လက္ခဏာကိုစွဲယူလေ့မရှိကုန်အံ့၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း (မနိန္ဒြေ) ဟူသော အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း'ဒေါမနဿ'ဟူသော ယုတ်ညံ့သောအကုသိုလ်တရားတို့သည် ထိုမစောင့် စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့်)ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်ကုန်အံ့၊ မနိန္ဒြေကို စောင့်စည်းကုန်အံ့၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ရောက်ကုန်အံ့"ဟု ဤသို့လျှင် သင်တို့ သည် ကျင့်ကြံအားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံ ကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ နှုတ်အမူအရာသည် စင်ကြယ်၏၊ စိတ်အမူ အရာသည် စင်ကြယ်၏၊ အသက် မွေးမှုသည် စင်ကြယ်၏၊ ဣန္ဒြေတံခါးတို့ကို ပိတ်ဆို့ ထားသူ ဖြစ်ကုန်၏၊ဤမျှဖြင့်သင့်တော်ပြီ၊ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ငါတို့သည် ရဟန်းအကျိုးကို ရရောက် ပြီးပြီ၊ ငါတို့မှာ ထို ထက်အလွန်ပြုဖွယ်ကိစ္စတစုံတခုမျှ မရှိ"ဟု ဤသို့အကြံအစည်ဖြစ်ရာ၏။ ထိုမျှ လောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊

http://www.dhammadownload.com



သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည်ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စရှိသော် ရဟန်းအကျိုးမဆုတ်ယုတ်ပါစေလင့်။

၄၂၂။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုဖွယ်နည်း။ ရဟန်းတို့ "ဘောဇဉ်၌ အတိုင်းအရှည်သိသူ ဖြစ်ကုန်အံ့၊ သင့်လျော်သော အကြောင်းအားဖြင့် ဆင်ခြင်၍ အာဟာရကို သုံးဆောင်ကုန်အံ့၊ မြူးထူးရန် မာန်ယစ်ရန်(အသား) ပြည့်ဖြိုးရန် (အရေအဆင်း) ကြည်လင်ရန် အလို့ငှါ မသုံးဆောင်အံ့၊ ဤကိုယ်သည် တည်တံ့ရန် မျှတရန် ဆာလောင် မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန် မြတ်သောအကျင့်ကို အားထုတ်ရန်မျှသာ အာဟာရကို သုံးဆောင်ကုန်အံ့၊ ဤသို့ သုံးဆောင်ခြင်းဖြင့် ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်ကုန်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေကုန်အံ့၊ ငါတို့အား မျှတခြင်း အပြစ်မရှိခြင်း ချမ်းသာစွာ နေရခြင်းတို့သည် ဖြစ်ကုန်လတ္တံ့" ဟု ရည်ရွယ်လျက် အာဟာရကို သုံးဆောင်ကုန်အံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံအားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား "ရှက်ခြင်း ကြောက်ခြင်းနှင့်ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ နှုတ်အမူအရာသည်စင်ကြယ်၏၊ စိတ်အမူအရာသည်စင်ကြယ်၏၊ အသက်မွေးမှုသည် စင်ကြယ်၏၊ ဣန္ဒြေကို ပိတ်ဆို့ထားသူဖြစ်ကုန်၏၊ ဘောဇဉ်၌ အတိုင်းအရှည်ကိုသိသူ ဖြစ်ကုန်၏၊ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထို့ထက် အလွန်ပြုဖွယ် ကိစ္စတစုံတခုမျှ မရှိတော့ပြီ"ဟု ဤသို့အကြံအစည် ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့် သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည်ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စ ရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၂၃။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုဖွယ်နည်း။ ရဟန်းတို့ "နိုးကြားခြင်းကို အားထုတ်သူဖြစ်ကုန်အံ့၊ နေ့အခါ၌ စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် အပိတ်အပင် 'နီဝရဏ' တရားတို့မှ စိတ်ကိုသုတ်သင်ကုန်အံ့၊ ညဉ့်ဦးယံ စင်္ကြံသွားခြင်းဖြင့် အပိတ်အပင် 'နီဝရဏ' တရားတို့မှ စိတ်ကို သုတ်သင်ကုန်အံ့၊ သန်ကောင်ယံ၌ လက်ျာနံတောင်းဖြင့်(လက်ျာ) ခြေ၌ (လက်ဝဲ) ခြေကို စဉ်းငယ် လွန်ကာတင်ထား၍ သတိဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည် ဖြစ်၍ ထအံ့ဟု အမှတ်သညာကို နှလုံးသွင်းလျက် မြတ်သော အိပ်ခြင်းကို ပြုကုန်အံ့၊ မိုးသောက်ယံ၌ စောစောထ၍ စင်္ကြံ သွားခြင်း ထိုင်ခြင်းဖြင့် အပိတ်အပင်'နီဝရဏ'တရားတို့မှ စိတ်ကို သုတ်သင်ကုန်အံ့"ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံအားထုတ်ရမည်။ ရဟန်းတို့ ရံခါသင်တို့အား ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ ငါတို့၏ ကိုယ်အမူအရာသည် စင်ကြယ်၏၊ နှုတ်အမူအရာသည် စင်ကြယ်၏၊ စိတ်အမူအရာသည် စင်ကြယ်၏၊ အသက် မွေးမှုသည် စင်ကြယ်၏၊ ဣန္ဒြေတံခါးတို့ကို ပိတ်ဆို့ ထားသူ ဖြစ်ကုန်၏၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသူဖြစ်ကုန်၏၊ နိုးကြားခြင်းကို အားထုတ်သူဖြစ်ကုန်၏၊ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့်အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည်ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထို့ထက်အလွန် ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီ" ဟု ဤသို့ အကြံအစည် ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့် သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်း အကျိုးကို အလိုရှိသည်ဖြစ်သော သင်တို့အား အထက်ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၂၄။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုဖွယ်နည်း။ ရဟန်းတို့ "သတိသမ္ပဇဉ်နှင့် ပြည့်စုံသူဖြစ်ကုန်အံ့၊ ရှေ့သို့တိုးရာ နောက်သို့ ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိသူ ဖြစ်ကုန်အံ့၊ တူရူ

http://www.dhammadownload.com



ကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိသူ ဖြစ်ကုန်အံ့၊ ကွေးရာဆန့်ရာ၌ သိလျက်ပြုလေ့ရှိသူ ဖြစ်ကုန်အံ့၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ သိလျက် ပြုလေ့ရှိသူ ဖြစ်ကုန်အံ့၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက်ပြုလေ့ရှိသူဖြစ်ကုန်အံ့၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ သိလျက် ပြုလေ့ရှိသူ ဖြစ်ကုန်အံ့၊ သွားရာရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက် ပြုလေ့ရှိသူဖြစ်ကုန်အံ့”ဟု ဤသို့လျှင် သင်တို့သည် ကျင့်ကြံအားထုတ်ရမည်။ ရဟန်းတို့ ရံခါ သင်တို့အား “ရှက်ခြင်း ကြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ငါတို့၏ ကိုယ်အမူ အရာသည် စင်ကြယ်၏၊ နှုတ် အမူ အရာသည် စင်ကြယ်၏၊ စိတ် အမူ အရာသည် စင်ကြယ်၏၊ အသက်မွေး မှုသည် စင်ကြယ်၏၊ ဣန္ဒြေ တံခါးတို့ကို ပိတ်ဆို့ ထားသူ ဖြစ်ကုန်၏၊ ဘောဇဉ်၌ အတိုင်း အရှည်ကို သိသူ ဖြစ်ကုန်၏၊ နိုးကြားခြင်းကို အားထုတ်သူ ဖြစ်ကုန်၏၊သတိသမ္ပဇဉ်နှင့် ပြည့်စုံသူ ဖြစ်ကုန်၏။ ဤမျှဖြင့် သင့်တော်ပြီ၊ ဤမျှဖြင့် အလုပ်ကိစ္စပြီးပြီ၊ ငါတို့သည် ရဟန်းအကျိုးကို ရရောက်ပြီးပြီ၊ ငါတို့မှာ ထို့ထက်အလွန် ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီ” ဟု ဤသို့ အကြံအစည် ဖြစ်ရာ၏၊ ထိုမျှလောက်ဖြင့်သာလျှင် နှစ်သက်ခြင်းသို့ ရောက်ကုန်ရာ၏။ ရဟန်းတို့ သင်တို့အား ဟောကြားအံ့၊ သင်တို့အား သိစေအံ့၊ ရဟန်းအကျိုးကို အလိုရှိသည် ဖြစ်သော သင်တို့အား အထက် ဖြစ်သော ပြုဖွယ်ကိစ္စရှိလတ်သော် ရဟန်းအကျိုး မဆုတ်ယုတ်ပါစေလင့်။

၄၂၅။ ရဟန်းတို့ အဘယ်သည် အထက်ဖြစ်သော ပြုဖွယ်နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်သော ကျောင်းအိပ်ရာ နေရာကိုမှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သုသာန်ကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။ ထို(ရဟန်း)သည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကိုဖြစ်စေလျက် ထိုင်၏၊ ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း ‘အဘိဇ္ဈာ’ကို ပယ်၍ မက်မောခြင်း ‘အဘိဇ္ဈာ’ကင်းသောစိတ်ဖြင့်နေ၏၊ မက်မောခြင်း ‘အဘိဇ္ဈာ’မှ စိတ်ကိုစင်ကြယ်စေ၏။ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသောစိတ် ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏။ လေးလံထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’ကိုပယ်၍ လေးလံထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း ‘ထိနမိဒ္ဓ’မှ စိတ်ကို စင်ကြယ်စေ၏။ ပျံ့လွင့်ခြင်း ‘ဥဒ္ဓစ္စ’ နှောင်တတဖန် ပူပန်ခြင်း ‘ကုက္ကုစ္စ’ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသောစိတ် ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ပျံ့လွင့်ခြင်း‘ဥဒ္ဓစ္စ’နှောင်တတဖန် ပူပန်ခြင်း ‘ကုက္ကုစ္စ’တို့မှ စိတ်ကိုစင်ကြယ်စေ၏။ ယုံမှားခြင်း ‘ဝိစိကိစ္ဆာ’ကိုပယ်၍ ယုံမှားခြင်း ‘ဝိစိကိစ္ဆာ’ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း ‘ဝိစိကိစ္ဆာ’မှ စိတ်ကို စင်ကြယ်စေ၏။

၄၂၆။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ကြွေးယူ၍ အလုပ်ကို လုပ်ကိုင်ရာ၏၊ ထိုသူ၏ ထိုအလုပ်တို့သည် ဖွံ့ဖြိုးကုန်ရာ၏၊ ထိုသူသည် အဟောင်းဖြစ်သောကြွေးရင်းတို့ကိုလည်း ဆပ်ရာ၏၊ ထိုသူအား သားမယားကျွေးမွေးရန်အလို့ငှါ အမြတ်လည်း ကျန်ရာ၏။ ထိုသူအား—

“ငါသည် ရှေးက ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်၏၊ ထိုငါ့အား ထိုအလုပ်များ ဖွံ့ဖြိုးကုန်၏၊ ငါသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ရ၏၊ ငါ့အား သားမယားကျွေးမွေးရန် အမြတ်လည်း ကျန်သေး၏”ဟု အကြံဖြစ်ရာ၏။

http://www.dhammadownload.com



ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာ မကျန်းမာသောယောကျ်ားသည် ရှိရာ၏၊ ထိုသူအား ထမင်းကိုလည်း စားလိုစိတ်မရှိရာ၊ ထိုသူ၏ ကိုယ်၌ အားလည်းမရှိရာ၊ ထိုသူသည် နောင်အခါ၌ ထိုအနာရောဂါမှ လွတ်ရာ၏၊ထိုသူသည် ထမင်း ကိုလည်း နှစ်သက်ရာ၏၊ ထိုသူ၏ကိုယ်၌ အားလည်းရှိရာ၏။ ထိုသူအား—

"ငါသည် ရှေး၌ အနာရောဂါရှိသော ဆင်းရဲအနှိပ်စက်ခံနေရသော ပြင်းစွာမကျန်းမာသောသူ ဖြစ်ခဲ့၏၊ ငါသည် ထမင်းကိုလည်း စားလိုစိတ်မရှိခဲ့၊ ငါ၏ကိုယ်၌ အားလည်းမရှိခဲ့၊ ထိုငါသည် ယခုအခါ ထိုအနာရောဂါမှ လွတ်ခဲ့၏၊ ငါသည် ထမင်းကိုလည်း စားလိုစိတ်ရှိ၏၊ ငါ၏ကိုယ်၌ အားလည်းရှိ၏"ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကိုရရာ၏၊ ဝမ်းသာခြင်းသို့ရောက်ရာ၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား နှောင်အိမ်၌ နှောင်ဖွဲ့ခံရသော ယောကျ်ားသည်ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုနှောင်အိမ်မှ ငြိမ်းချမ်းစွာ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ရာ၏၊ ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းမရှိရာ၊ ထိုသူအား—

"ငါသည် ရှေးကနှောင်အိမ်၌ နှောင်ဖွဲ့ခံခဲ့ရ၏၊ ထိုငါသည် ယခုအခါ ထိုနှောင်အိမ်မှငြိမ်းချမ်း စွာ ဘေးကင်းလျက် လွတ်ခဲ့၏၊ ငါ့အား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းလည်းမရှိ"ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ရောက်ရာ၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား မိမိကိုယ်ကို မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုကျွန် အဖြစ်မှလွတ်ရာ၏၊ (မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင် သော လွတ်လပ်သူဖြစ်ရာ၏၊ ထိုသူအား—

"ငါသည် ရှေး၌ (မိမိကိုယ်ကို) မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွား နိုင်သော ကျွန်ဖြစ်ခဲ့၏၊ထိုငါသည် ယခုအခါ ထိုကျွန်အဖြစ်မှလွတ်ခဲ့၏၊(မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော (ကျွန်အဖြစ်မှ) လွတ်မြောက်ပြီးသော အလိုရှိရာသို့ သွားနိုင်သူဖြစ်၏"ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့ ဥပမာတမျိုးသော်ကား ယောကျ်ားသည် ရှည်ဝေးသော ခရီးခဲကို ဥစ္စာ အသုံး အဆောင်နှင့်တကွ သွားရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုခရီးခဲကို ချမ်းသာစွာ ဘေးမရှိပဲ လွန်မြောက်ရာ၏၊ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းလည်း မရှိရာ၊ ထိုသူအား—

"ငါသည် ရှေးက ရှည်ဝေးသောခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားခဲ့၏၊ ထိုငါသည် ယခုအခါ ထိုခရီးခဲကို ချမ်းသာစွာ ဘေးမရှိပဲ လွန်မြောက်ခဲ့၏၊ ငါ့အား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းလည်းမရှိ"ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထိုအကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

ရဟန်းတို့ ဤအတူ ရဟန်းသည် မိမိ၌မပယ်အပ်ကုန်သေးသော ဤအပိတ်အပင် 'နီဝရဏ'တရား

http://www.dhammadownload.com



ငါးပါးတို့ကို ကြွေးကဲ့သို့ အနာရောဂါကဲ့သို့ နှောင်အိမ်ကဲ့သို့ ကျွန်အဖြစ်ကဲ့သို့ ရှည်ဝေးသော ခရီးခဲကဲ့သို့ ကောင်းစွာရှု၏။

ရဟန်းတို့ ရဟန်းသည် အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်ပြီး ဖြစ်သည်တို့ကို ကြွေးကင်းသကဲ့သို့ အနာရောဂါ ကင်းသကဲ့သို့ နှောင်အိမ်မှ လွတ်သကဲ့သို့ (ကျွန်အဖြစ်မှ) လွတ်မြောက်သကဲ့သို့ ငြိမ်းချမ်းသာယာသောအရပ်သို့ ရောက်သကဲ့သို့ ဤအတူ ကောင်းစွာရှု၏။

၄၂၇။ ထိုရဟန်းသည် စိတ်ညစ်ညူးကြောင်း ပညာ၏ အားနည်းခြင်းကို ပြုတတ်ကုန်သော အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကိုပယ်၍ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ရောက်၍နေ၏။ ထို (ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏။ (နီဝရဏ)ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏တကိုယ်လုံး မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သောရေချိုးပေးသူသည်၎င်း ရေချိုးပေးသူ၏တပည့်သည်၎င်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့်ဖျန်းလျက် ဖျန်းလျက်အခဲ ပြုရ၏၊ ထိုရေချိုးကသယ်မှုန့်အခဲသည် အစေးဖြင့် စိမ့်ဝင်လျက်ရှိရာ၏၊အစေးဖြင့်ဖွဲ့စည်းလျက်ရှိရာ၏၊ အတွင်းအပြင်၌ အစေးဖြင့်ပြန့်နှံ့လျက်ရှိရာ၏၊ ယိုကျခြင်းလည်း မရှိ။

ရဟန်းတို့ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် (နီဝရဏ) ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

၄၂၈။ ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏တည်ကြည်ခြင်း 'သမာဓိ'ကိုပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား နက်စွာသော, စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ အနောက်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ မြောက်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ တောင်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊မိုးသည်လည်း အချိန်မှန်မှန် သည်းထန်စွာရွာသွန်းခြင်းမရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေအယဉ်

http://www.dhammadownload.com



သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုပင်လျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံစိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပြန့်နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်၏ တခုလုံး မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

ရဟန်းတို့ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

၄၂၉။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် နှစ်သက်ဝမ်းသာခြင်း 'ပီတိ' ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေ၏၊ သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယဈာန်ကြောင့် ထိုသူကို ''လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ''ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား ဥပ္ပလ(ကြာ နီ ညို)ကြာတောအိုင်၌ရင်း ပဒုမာကြာတောအိုင်၌ရင်း ပုဏ္ဍရိက်ကြာတောအိုင်၌ရင်း ဥပ္ပလ(ဖြူ နီ ညို)ကြာအချို့တို့သည်ရင်း ပဒုမာကြာ အချို့တို့သည်ရင်း ပုဏ္ဍရိက်ကြာအချို့တို့သည်ရင်း ရေ၌ ပေါက်ကုန်၏၊ ရေ၌ကြီးပွါးကုန်၏၊ ရေမှ မပေါ် ထွက်သေးကုန်၊ ရေထည်း၌မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ ထိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပြန့်နှံ့ကုန်၏၊ ထိုဥပ္ပလ(ဖြူ နီ ညို)ကြာ ပဒုမကြာ ပုဏ္ဍရိက်ကြာ အစိတ်အပိုင်းအလုံးစုံ၌ အေးမြသောရေဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

ရဟန်းတို့ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

၄၃၀။ ရဟန်းတို့ တဖန်ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာ မရှိသော ဥပေက္ခာကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍ နေ၏။ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သောစိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့်တကွ (တကိုယ်လုံး) ခြုံ၍ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တကိုယ်လုံး၌ ဖြူသောအဝတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌စင်ကြယ်တောက်ပသောစိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ။

၄၃၁။ ထိုရဟန်းသည် ဤသို့တည်ကြည်သော စိတ်သည်စင်ကြယ်လတ်သော်ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကိုရှေး ရှုဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကိုရှေး ရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ ထို (ရဟန်း)သည် များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့ အခြင်းအရာနှင့် တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၏။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မိမိရွာမှ တပါးသော ရွာသို့သွားရာ၏၊ ထိုရွာမှလည်း တပါးသော ရွာသို့သွားရာ၏၊ထို(ယောကျ်ား)သည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာရာ၏။ ထိုယောကျ်ားအား—

"ငါသည် မိမိရွာမှ ဤမည်သောရွာသို့ သွားခဲ့၏။ ထိုရွာ၌လည်း ဤသို့ရပ်ခဲ့၏၊ ဤသို့ထိုင်ခဲ့၏၊ ဤသို့ပြောဆိုခဲ့၏၊ ဤသို့ဆိတ်ဆိတ်နေခဲ့၏။ ထိုရွာမှလည်း ဤမည်သောရွာသို့သွားခဲ့၏။ ထိုရွာ၌လည်း ဤသို့ရပ်ခဲ့၏၊ ဤသို့ထိုင်ခဲ့၏၊ ဤသို့ပြောဆိုခဲ့၏၊ ဤသို့ဆိတ်ဆိတ်နေခဲ့၏။ ထိုငါသည် ထိုရွာမှ မိမိရွာသို့ သာလျှင် ပြန်လာ၏" ဟု (စိတ်အမှတ်အသား ဖြစ်ရာ၏)။

ရဟန်းတို့ ဤအတူ ရဟန်းသည် များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့လျှင် အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။

၄၃၂။ ဤသို့တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ' ဉာဏ်အလို့ငှါ စိတ်ကိုရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ ထိုရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာ ရှိသော သတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကိုသိ၏။ပ။

ရဟန်းတို့ ဥပမာသော်ကား မျက်နှာချင်းဆိုင်တံခါးရှိသော အိမ်နှစ်ဆောင်တို့သည် ရှိကုန်ရာ၏။ ထိုအိမ်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည်အလယ်၌ ရပ်တည်လျက်အိမ်သို့ ဝင်ကုန်သော

http://www.dhammadownload.com



အိမ်မှထွက်ကုန်သော လမ်းမ၌ လမ်းလျှောက်သွားလာကုန်သော လှည့်လည်ကုန်သော လူတို့ကို ရှုမြင်ရာ၏။

ရဟန်းတို့ ဤအတူ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သော သတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသော သတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာ ရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါ တို့ကိုသိ၏။ပ။

၄၃၃။ ထိုရဟန်းသည် ဤသို့တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ် သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့် လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် အာသ ဝေါ တရားတို့၏ ကုန်ရာဖြစ်သော 'အာသဝက္ခယ ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏ ထို(ရဟန်း)သည် ဤကား ဆင်းရဲဟုဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲဖြစ် ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ'နိဗ္ဗာန်'ဟု ဟုတ် မှန်သော အတိုင်းသိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန် သော အတိုင်း သိ၏။ ဤသည်တို့ကား အာသဝေါတရားတို့ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်းဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝေါတရားတို့ချုပ်ရာ 'နိဗ္ဗာန်' ဟု ဟုတ်မှန်သော အတိုင်းသိ၏၊ ဤကား အာသဝေါတရား တို့ချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့် ဟု ဟုတ်မှန်သော အတိုင်းသိ၏။ ဤသို့သိသော ဤသို့မြင်သော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးသော် "လွတ်မြောက်ပြီ"ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ (မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်မရှိတော့" ဟု သိ၏။

ရဟန်းတို့ ဥပမာသော်ကား တောင်ဝှမ်း၌ ကြည်လင်သန့်ရှင်း နောက်ကျုကင်းသော ရေအိုင် သည်ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုရေအိုင်၏ ကမ်း၌ ရပ်လျက် ခရုယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားကြရပ်ကြသည်ကို မြင်ရာ၏။ ထိုယောကျ်ားအား—

"ဤရေအိုင်သည် ကြည်လင်သန့်ရှင်း နောက်ကျုကင်း၏၊ ထိုရေအိုင်၌ ဤခရု ယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားကြရပ်ကြ၏"ဟု အကြံ ဖြစ်ရာ၏။

ရဟန်းတို့ ဤအတူ ဤကား ဆင်းရဲတည်းဟု ဟုတ်မှန်သော အတိုင်းသိ၏။ပ။ ဤမဂ်ကိစ္စအလို့ ငှါ တပါးသော ပြုဖွယ်မရှိတော့ ဟု သိ၏။

၄၃၄။ ရဟန်းတို့ ဤရဟန်းကို သမဏ ဟူ၍လည်း ဗြာဟ္မဏဟူ၍လည်း ရေချိုးပြီးသူ ဟူ၍လည်း သိပြီးသူဟူ၍လည်း(ကိလေသာတို့ကို) ညှဉ်းဆဲပြီးသူဟူ၍လည်း (ကိလေသာတို့မှ) ဝေးသူ ဟူ၍လည်း ရဟန္တာ ဟူ၍လည်း ဆိုရ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သမဏဖြစ်သနည်း။ ထိုရဟန်းမှာ ပူပန်ညစ်ညူးစေ တတ်သော တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုး

http://www.dhammadownload.com



ရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ငြိမ်းပြီးကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သမဏဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗြာဟ္မဏဖြစ်သနည်း။ ထိုရဟန်းမှာ ပူပန်ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ဖြစ်ခြင်းကိုပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို အပပြုပြီး ဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗြာဟ္မဏဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရေချိုးပြီးသူ ဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်သော တဖန်ဘဝသစ်ဖြစ်ခြင်းကိုပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ရေချိုးပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရေချိုးပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သိပြီးသူဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို သိထားပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သိပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ညှဉ်းဆဲပြီးသူ ဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်သော တဖန်ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ညှဉ်းဆဲပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ညှဉ်းဆဲပြီးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် (ကိလေသာတို့မှ) ဝေးသူဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်သော တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုး ရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ'သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဝေးပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် (ကိလေသာတို့မှ)ဝေးသူ ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရဟန္တာဖြစ်သနည်း။ ထိုရဟန်းအား ပူပန်ညစ်ညူးစေတတ်သော တဖန်ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်သော ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်း အကျိုးရှိကုန်သော နောင်အခါ၌ ဖြစ်ပွါးခြင်း 'ဇာတိ' အိုခြင်း 'ဇရာ' သေခြင်း 'မရဏ'ကို ဖြစ်စေတတ်ကုန်သော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့သည် ဝေးပြီးဖြစ်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရဟန္တာဖြစ်၏ဟု ဤတရားစကားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ကိုးခုမြောက် မဟာအဿပုရသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၀-စူဠအဿပုရသုတ်

၄၃၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂတိုင်းအဿပုရ မည်သော အင်္ဂမင်းသားတို့၏ နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့ လူအပေါင်းက သင်တို့ကို "ရဟန်း ရဟန်း" ဟု ကောင်းစွာ သိ၏၊ သင်တို့ကလည်း "သင်တို့သည် အဘယ်သူတို့နည်း" ဟုမေးကုန်သော် "ရဟန်းများဖြစ်ကုန်၏" ဟုဝန်ခံကုန်၏။ ရဟန်းတို့ ဤသို့ အသမုတ်ခံရသော ဤသို့ ဝန်ခံသော သင်တို့သည် "ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်ကုန်သော် ငါတို့၏ ဤအသမုတ်ခံရခြင်းနှင့် ဝန်ခံခြင်းသည်လည်း အမှန်အဟုတ်ဖြစ်လတ္တံ့၊ ငါတို့သည် အကြင်သူတို့၏ သင်္ကန်း ဆွမ်း အိပ်ရာ နေရာ ကျောင်း သူနာ၏ အထောက်အပံ့ ဆေး အဆောက်အဦကို သုံးဆောင်ကုန်၏၊ ထိုသူတို့၏ ငါတို့အပေါ်၌ ထိုပြုလုပ်ခြင်းတို့သည် များသော အကျိုး များသောအာနိသင်ရှိသည် ဖြစ်ကုန်လတ္တံ့၊ ငါတို့၏ ဤရဟန်းအဖြစ်သည်လည်း မမြုံ ပဲ အကျိုးများ၍ တိုးပွါးခြင်းရှိသည် ဖြစ်လတ္တံ့" ဟု ဤသို့လျှင် သင်တို့ ကျင့်ကြံအားထုတ်ရမည်။

၄၃၆။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ရဟန်းနှင့် သင့်လျော်သော အကျင့်ကို မကျင့်သနည်း။ ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် ရှေးရှုကြံစည်ခြင်းများလျက် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' ကို မပယ်၊ ဖျက်ဆီးလိုသော စိတ်ရှိလျက် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ' ကို မပယ်၊ အမျက်ထွက်လေ့ရှိလျက် အမျက်ထွက်ခြင်း 'ကောဓ' ကို မပယ်၊ ရန်ငြိုးဖွဲ့ခြင်း ရှိလျက် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ' ကို မပယ်၊ ဂုဏ်ကျေးဇူး ချေဖျက်ခြင်းရှိလျက် ဂုဏ်ကျေးဇူးချေဖျက်ခြင်း 'မက္ခ' ကို မပယ်၊ ဂုဏ်ပြိုင်ခြင်းရှိလျက် ဂုဏ်ပြိုင်ခြင်း 'ပဠာသ' ကို မပယ်၊ မနာလိုခြင်း ရှိလျက် မနာလိုခြင်း 'ဣဿာ' ကိုမပယ်၊ ဝန်တိုခြင်းရှိလျက် ဝန်တိုခြင်း 'မစ္ဆရိယ' ကိုမပယ်၊ စဉ်းလဲကောက်ကျစ်သူဖြစ်လျက် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ' ကို မပယ်၊ လှည့်ပတ်ခြင်းရှိလျက် လှည့်ပတ်ခြင်း 'မာယာ' ကို မပယ်၊ အလိုဆိုးရှိလျက် အလိုဆိုး 'ပါပိစ္ဆာ' ကို မပယ်၊ မှားသော အယူရှိသူဖြစ်လျက် မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ကို မပယ်။ ရဟန်းတို့ အပါယ်၌ ဖြစ်စေတတ်သည့် အကြောင်းဖြစ်သော မကောင်းရာဘဝ၌ ခံစားရခြင်းရှိကုန်သော ဤရဟန်းအညစ်အကြေး ဤရဟန်းအပြစ်ဒေါသ ဤရဟန်းအမှိုက်တို့ကို မပယ်ခြင်းကြောင့် "ရဟန်းနှင့် သင့်လျော်သော အကျင့်ကို မကျင့်" ဟု ငါဟောကြား၏။ ရဟန်းတို့ ရေနှင့်သွေးထားသော နှစ်ဖက်အသွားရှိသော မတဇ္ဇ၀ုက်သေမှ ဖြစ်သော လက်နက် မည်သော လက်နက်မျိုးကို သားရေအိမ်ဖြင့် ဖုံးလွှမ်းထားသကဲ့သို့ ပိတ်ဆို့ထားသကဲ့သို့ ငါသည် ဤရဟန်း၏ ရဟန်းအဖြစ်ကို ထိုလက်နက်မျိုးလျှင် ဥပမာရှိ၏ ဟု ဟောကြား၏။

၄၃၇။ ရဟန်းတို့ ချုပ်စပ်ထားသော အဝတ်ကို ဆောင်သူအား ချုပ်စပ်ထားသော အဝတ်ကို ဆောင်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ အဝတ် မဝတ်သူအား အဝတ်မဝတ်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ မြူအညစ်အကြေး ဆောင်သူအား မြူအညစ်အကြေးဆောင်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ ရေသို့ သက်ဆင်းသူအား ရေသို့ သက်ဆင်းရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ သစ်ပင်ရင်း၌ နေသူအား သစ်ပင်

ရင်း၌ နေရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ လွင်တီးခေါင်၌ နေသူအား လွင်တီးခေါင်၌ နေရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ မတ်မတ်ရပ်တည်သူအား မတ်မတ်ရပ်တည်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ (လ-ရက်) အလှည့်ဖြင့် စားသူအား အလှည့်ဖြင့် စားရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ ဗေဒင်မန္တာန်ကို သရဇ္ဈာယ်သူအား ဗေဒင်မန္တာန်ကို သရဇ္ဈာယ်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။ ရဟန်းတို့ ဆံကျစ်ရှိသူအား ဆံကျစ်ကို ဆောင်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။

ရဟန်းတို့ ချုပ်စပ်ထားသော အဝတ်ကို ဆောင်သူအား ချုပ်စပ်ထားသော အဝတ်ကို ဆောင်ရုံမျှဖြင့် ရှေးရှုကြံစည်ခြင်းများလျက် ရှေးရှုကြံစည်ခြင်း'အဘိဇ္ဈာ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဖျက်ဆီးလိုသော စိတ်ရှိလျက် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ'သည် အကယ်၍ ပျောက်ငြားအံ့၊ အမျက်ထွက်လေ့ရှိလျက် အမျက်ထွက်ခြင်း 'ကောဓ'သည် အကယ်၍ ပျောက်ငြားအံ့၊ ရန်ငြိုးဖွဲ့ခြင်းရှိလျက် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းရှိလျက် ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း 'မက္ခ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဂုဏ်ပြိုင်ခြင်းရှိလျက် ဂုဏ်ပြိုင်ခြင်း 'ပဠာသ'သည် အကယ်၍ ပျောက်ငြားအံ့၊ မနာလိုခြင်း ရှိလျက် မနာလိုခြင်း 'ဣဿာ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဝန်တိုခြင်းရှိလျက် ဝန်တိုခြင်း 'မစ္ဆရိယ'သည် အကယ်၍ ပျောက်ငြားအံ့၊ စဉ်းလဲကောက်ကျစ်သူဖြစ်လျက် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ'သည် အကယ်၍ ပျောက်ငြားအံ့၊ လှည့်ပတ်ခြင်း ရှိလျက် လှည့်ပတ်ခြင်း 'မာယာ'သည် အကယ်၍ ပျောက်ငြားအံ့၊ အလိုဆိုးရှိလျက် အလိုဆိုး'ပါပိစ္ဆ'သည် အကယ်၍ ပျောက်ငြားအံ့၊ မှားသော အယူရှိလျက် မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ'သည် အကယ်၍ ပျောက်ငြားအံ့၊ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားခြင်းတို့က ထိုသူကို ဖွားလျှင် ဖွားခြင်း ချုပ်စပ်ထားသော အဝတ်ကို ဝတ်ရုံပေးကုန်ရာ၏။

"ကောင်းသော မျက်နှာရှိသူ လာလော့၊ သင်သည် ချုပ်စပ်ထားသော အဝတ်ကို ဆောင်သူဖြစ်လော့၊ ချုပ်စပ်ထားသော အဝတ်ဆောင်သူဖြစ်သော သင့်အား ချုပ်စပ်ထားသော အဝတ်ကို ဆောင်ရုံမျှဖြင့် ရှေးရှုကြံစည်ခြင်း များခဲ့သော် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ'သည် ပျောက်လတ္တံ့။ ဖျက်ဆီးလိုစိတ် ရှိခဲ့သော် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ'သည် ပျောက်လတ္တံ့။ အမျက်ထွက်လေ့ရှိခဲ့သော် အမျက်ထွက်ခြင်း 'ကောဓ'သည် ပျောက်လတ္တံ့။ ရန်ငြိုးဖွဲ့ခြင်း ရှိခဲ့သော် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'သည် ပျောက်လတ္တံ့။ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း ရှိခဲ့သော် ဂုဏ်ကျေးဇူးချေဖျက်ခြင်း 'မက္ခ'သည် ပျောက်လတ္တံ့။ ဂုဏ်ပြိုင်ခြင်းရှိခဲ့သော် ဂုဏ်ပြိုင်ခြင်း 'ပဠာသ'သည် ပျောက်လတ္တံ့။ မနာလိုခြင်း ရှိခဲ့သော် မနာလိုခြင်း 'ဣဿာ'သည် ပျောက်လတ္တံ့။ ဝန်တိုခြင်း ရှိခဲ့သော် ဝန်တိုခြင်း 'မစ္ဆရိယ'သည် ပျောက်လတ္တံ့။ စဉ်းလဲကောက်ကျစ်ခြင်း ရှိခဲ့သော် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ'သည် ပျောက်လတ္တံ့။ လှည့်ပတ်ခြင်း ရှိခဲ့သော် လှည့်ပတ်ခြင်း 'မာယာ'သည် ပျောက်လတ္တံ့။ အလိုဆိုးရှိခဲ့သော် အလိုဆိုး'ပါပိစ္ဆ'သည် ပျောက်လတ္တံ့။ မှားသော အယူရှိခဲ့သော် မှားသော အယူ'မိစ္ဆာဒိဋ္ဌိ'သည် ပျောက်လတ္တံ့"ဟု ချုပ်စပ်ထားသော အဝတ်ကို ဝတ်ရုံမှုကိုသာလျှင် ဆောက်တည်စေကုန်ရာ၏။

ရဟန်းတို့ ချုပ်စပ်ထားသောအဝတ် ရုံထားသော်လည်း ဤလောက၌ အချို့သော ရှေးရှုကြံစည်ခြင်းများသူ, ဖျက်ဆီးလိုစိတ်ရှိသူ, အမျက်ထွက်လေ့ရှိသူ, ရန်ငြိုးဖွဲ့ခြင်းရှိသူ, ဂုဏ်ကျေးဇူး

http://www.dhammadownload.com



ကို ချေဖျက်ခြင်းရှိသူ, ဂုဏ်ပြိုင်ခြင်းရှိသူ, မနာလိုခြင်းရှိသူ, ဝန်တိုခြင်းရှိသူ, စဉ်းလဲကောက်ကျစ်ခြင်းရှိသူ, လှည့်ပတ်ခြင်းရှိသူ, အလိုဆိုးရှိသူ, အယူမှားရှိသူတို့ကို ငါတွေ့မြင်နေရသောကြောင့် ချုပ်စပ်ထားသော အဝတ်ကို ဝတ်ရုံသူအား ချုပ်စပ်ထားသော အဝတ်ကို ဝတ်ရုံခြင်းမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။

ရဟန်းတို့ အဝတ်မဝတ်သူအား။ပ။ ရဟန်းတို့ မြူအညစ်အကြေး ရှိသူအား။ပ။ ရဟန်းတို့ ရေသို့သက်ဆင်းသူအား။ပ။ ရဟန်းတို့ သစ်ပင်ရင်း၌ နေသူအား။ပ။ ရဟန်းတို့ လွင်တီးခေါင်၌ နေသူအား။ပ။ ရဟန်းတို့ မတ်မတ်ရပ်တည်သူအား။ပ။ ရဟန်းတို့ (လ-ရက်) အလှည့်ဖြင့် စားသူအား။ပ။ ရဟန်းတို့ ဗေဒင်မန္တာန်သရဇ္ဈာယ်သူအား။ပ။ ရဟန်းတို့ ဆံကျစ်ရှိသူအား အကယ်၍ ဆံကျစ်ကို ဆောင်ရုံမျှဖြင့် ရွေးရှုံကြံစည်ခြင်းများလျက် ရွေးရှုံကြံစည်ခြင်း 'အဘိဇ္ဈာ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဖျက်ဆီးလိုစိတ်ရှိလျက် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ'သည် အကယ်၍ ပျောက်ငြားအံ့၊ အမျက်ထွက်လေ့ရှိလျက် အမျက်ထွက်ခြင်း 'ကောဓ'သည် အကယ်၍ ပျောက်ငြားအံ့၊ ရန်ငြိုးဖွဲ့ခြင်းရှိလျက် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းရှိလျက် ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း'မက္ခ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဂုဏ်ပြိုင်ခြင်းရှိလျက် ဂုဏ်ပြိုင်ခြင်း 'ပဠာသ' သည် အကယ်၍ ပျောက်ငြားအံ့၊ မနာလိုခြင်းရှိလျက် မနာလိုခြင်း 'ဣဿာ'သည် အကယ်၍ ပျောက်ငြားအံ့၊ ဝန်တိုခြင်း ရှိလျက် ဝန်တိုခြင်း 'မစ္ဆရိယ'သည် အကယ်၍ ပျောက်ငြားအံ့၊ စဉ်းလဲကောက်ကျစ်ခြင်း ရှိလျက် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ'သည် အကယ်၍ ပျောက်ငြားအံ့၊ လှည့်ပတ်ခြင်း ရှိလျက် လှည့်ပတ်ခြင်း 'မာယာ'သည် အကယ်၍ ပျောက်ငြားအံ့၊ အလိုဆိုးရှိလျက် အလိုဆိုး 'ပါပိစ္ဆာ'သည် အကယ်၍ ပျောက်ငြားအံ့၊ အယူမှားခြင်းရှိလျက် အယူမှားခြင်း 'မိစ္ဆာဒိဋ္ဌိ'သည် အကယ်၍ ပျောက်ငြားအံ့၊ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့က ထိုသူကို ဖွားလျှင် ဖွားချင်း ဆံကျစ်ရှိသူ ဖြစ်အောင် ပြုပေးကုန်ရာ၏။

"ကောင်းသော မျက်နှာရှိသူ လာလော့၊ သင်သည် ဆံကျစ်ရှိသူဖြစ်လော့၊ ဆံကျစ်ရှိသူ ဖြစ်သော သင့်အား ဆံကျစ်ကို ဆောင်ရုံမျှဖြင့် ရွေးရှုံကြံစည်ခြင်းများခဲ့သော် ရွေးရှုံကြံစည်ခြင်း 'အဘိဇ္ဈာ' သည် ပျောက်လတ္တံ့၊ ဖျက်ဆီးလိုစိတ် ရှိခဲ့သော် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ' သည် ပျောက်လတ္တံ့၊ အမျက်ထွက်လေ့ရှိခဲ့သော် အမျက်ထွက်ခြင်း'ကောဓ' သည် ပျောက်လတ္တံ့ ။ပ။ ယုတ်မာသော အလိုဆိုးရှိခဲ့သော် ယုတ်မာသော အလိုဆိုး'ပါပိစ္ဆာ'သည် ပျောက်လတ္တံ့၊ အယူမှားခြင်းရှိခဲ့သော် အယူမှားခြင်း 'မိစ္ဆာဒိဋ္ဌိ'သည် ပျောက်လတ္တံ့" ဟု ဆံကျစ်ရှိသူအဖြစ်ကိုသာလျှင် ဆောက်တည်စေကုန်ရာ၏။

ရဟန်းတို့ ဆံကျစ်ရှိသော်လည်း ဤလောက၌အချို့သော ရွေးရှုံကြံစည်ခြင်းများသူ, ဖျက်ဆီးလိုစိတ်ရှိသူ, အမျက်ထွက်ခြင်းရှိသူ, ရန်ငြိုးဖွဲ့ခြင်းရှိသူ, ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းရှိသူ, ဂုဏ်ပြိုင်ခြင်းရှိသူ, မနာလိုခြင်းရှိသူ, ဝန်တိုခြင်းရှိသူ, စဉ်းလဲ ကောက်ကျစ်ခြင်းရှိသူ, လှည့်ပတ်ခြင်းရှိသူ, အလိုဆိုးရှိသူ, အယူမှားရှိသူတို့ကို ငါတွေ့မြင်ရသောကြောင့် ဆံကျစ် ရှိသူအား ဆံကျစ်ကို ဆောင်ရုံမျှဖြင့် ရဟန်းအဖြစ်ကို ငါမဟောပေ။

၄၃၇။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်သနည်း။ ရဟန်းတို့ တဦးတယောက်သော ရဟန်းသည် ရွေးရှုံကြံစည်ခြင်းများခဲ့သော် ရွေးရှုံ

http://www.dhammadownload.com



ကြံစည်ခြင်း'အဘိဇ္ဈာ'ကို ပယ်၏၊ ဖျက်ဆီးလိုစိတ်ရှိခဲ့သော် ဖျက်ဆီးလိုခြင်း 'ဗျာပါဒ'ကို ပယ်၏၊ အမျက်ထွက်ခြင်းရှိခဲ့သော် အမျက်ထွက်ခြင်း'ကောဓ'ကို ပယ်၏၊ ရန်ငြိုးဖွဲ့ခြင်း ရှိခဲ့သော် ရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'ကို ပယ်၏၊ ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းရှိခဲ့သော် ဂုဏ်ကျေးဇူးကိုချေဖျက်ခြင်း 'မက္ခ'ကို ပယ်၏၊ ဂုဏ်ပြိုင်ခြင်းရှိခဲ့သော် ဂုဏ်ပြိုင်ခြင်း'ပဠာသ'ကို ပယ်၏၊ မနာလိုခြင်း ရှိခဲ့သော် မနာလိုခြင်း'ဣဿာ'ကို ပယ်၏၊ ဝန်တိုခြင်းရှိခဲ့သော် ဝန်တိုခြင်း' မစ္ဆရိယ'ကို ပယ်၏၊ စဉ်းလဲကောက်ကျစ်ခြင်းရှိခဲ့သော် စဉ်းလဲကောက်ကျစ်ခြင်း 'သာဌေယျ'ကို ပယ်၏၊ လှည့်ပတ်ခြင်း ရှိခဲ့သော် လှည့်ပတ်ခြင်း 'မာယာ'ကို ပယ်၏၊ အလိုဆိုးရှိခဲ့သော် အလိုဆိုး'ပါပိစ္ဆာ'ကို ပယ်၏၊ အယူမှားခြင်းရှိခဲ့သော် အယူမှားခြင်း'မိစ္ဆာဒိဋ္ဌိ' ကို ပယ်၏။ ရဟန်းတို့ အပါယ်၌ ဖြစ်စေတတ်သည့် အကြောင်းဖြစ်သော မကောင်းရာ ဘဝ၌ ခံစားခြင်း ရှိကုန်သော ဤရဟန်းအညစ်အကြေး ဤရဟန်းအပြစ်ဒေါသ ဤရဟန်းအမှိုက်တို့ကို ပယ်ခြင်းကြောင့်"ရဟန်းနှင့်သင့်လျော်သော အကျင့်ကို ကျင့်၏"ဟု ငါဟော၏။ ထိုရဟန်းသည် ဤ ယုတ်ညံ့သော အကုသိုလ် တရားအားလုံး တို့မှ စင်ကြယ်သော မိမိကိုယ်ကို ကောင်းစွာရှုမြင်၏။ ဤယုတ်ညံ့ သော အကုသိုလ် တရား အားလုံး တို့မှ စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သောစိတ်ရှိသော ရဟန်း၏ကိုယ်သည် ငြိမ်း၏၊ ကိုယ်ငြိမ်းခြင်းရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ချမ်းသာခြင်းရှိသော ရဟန်း၏စိတ်သည် တည်တံ့၏။

ထို ရဟန်းသည် ချစ်ခြင်း'မေတ္တာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက် အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက်ဖီလာအရပ်ကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့် တူစွာအကြွင်းမဲ့ သတ္တဝါအားလုံးကို ပြန့်ပြောသော မြတ်သောအပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့်ပြန့်နှံ့စေ၍နေ၏။ သနားခြင်း'ကရုဏာ'နှင့်တကွဖြစ်သောစိတ်ဖြင့် ။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့်တကွဖြစ်သော စိတ်ဖြင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်အရပ်ကို။ သုံးခုမြောက်အရပ်ကို။ လေးခုမြောက်အရပ်ကို။ ဤနည်းအားဖြင့် အထက်အောက် ဖီလာအရပ်ကို ပြန့်နှံ့စေ၍နေ၏၊ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ အကြွင်းမဲ့သတ္တဝါအားလုံးကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ရဟန်းတို့ ဥပမာသော်ကား ကြည်လင်ချိုအေး ဖြူဖွေးသော ရေနှင့် ကောင်းသော ရေဆိပ်ရှိသဖြင့် မွေ့လျော်ဖွယ်ကောင်းသော ရေကန်သည် ရှိရာ၏၊ အရှေ့အရပ် မျက်နှာမှ နွေ နေပူတို့ဖြင့် ပူလောင် နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင် မွတ်သိပ်သဖြင့် ပင်ပန်းနွမ်းနယ် နေသော ယောကျ်ားသည် အကယ်၍လာငြားအံ့၊ ထိုယောကျ်ားသည် ထိုရေကန်ကိုစွဲ၍ ရေမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏၊ နွေ နေပူတို့ဖြင့် ပူလောင်ခြင်းကို ပယ်ဖျောက်ရာ၏။ အနောက်အရပ် မျက်နှာမှ ယောကျ်ားသည် အကယ်၍ လာငြားအံ့။ မြောက်အရပ်မျက်နှာမှ ယောကျ်ားသည် အကယ်၍ လာငြားအံ့။ တောင်အရပ်မျက်နှာမှယောကျ်ားသည် အကယ်၍လာငြားအံ့။ မည်သည့်အရပ်မှမဆို ထိုရေကန်သို့ နွေနေပူတို့ဖြင့် ပူလောင် နှိပ်စက်ခံရ၍ အစာရေစာ ဆာလောင် မွတ်သိပ်သဖြင့်

http://www.dhammadownload.com



ပင်ပန်းနွမ်းနယ်နေသော ယောကျ်ားသည် အကယ်၍ လာငြားအံ့၊ ထိုယောကျ်ားသည် ထိုရေကန်ကိုစွဲ၍ ရေမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ၏၊ နွေနေပူတို့ဖြင့် ပူလောင်ခြင်းကို ပယ်ဖျောက်ရာ၏။

ရဟန်းတို့ ဤအတူပင်လျှင် မင်းမျိုးမှသော်လည်း လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုသူဖြစ်စေကာမူ ထိုသူသည် မြတ်စွာဘုရား ဟောထားသော အဆုံးအမတော်ကိုစွဲ၍ ဤသို့ချစ်ခြင်း 'မေတ္တာ' သနားခြင်း 'ကရုဏာ' ဝမ်းမြောက်ခြင်း 'မုဒိတာ' လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကို ပွါး၍ မိမိကိုယ်၌ ငြိမ်းခြင်းကိုရ၏၊ မိမိကိုယ်၌ ငြိမ်းခြင်းကြောင့် ထိုသူကို ငါသည် "ရဟန်းနှင့် သင့်လျော်သော အကျင့်ကိုကျင့်၏"ဟု ဟောကြား၏။

ပုဏ္ဏားမျိုးမှသော်လည်း။ပ။ ကုန်သည်မျိုးမှ သော်လည်း။ပ။ သူဆင်းရဲမျိုးမှ သော်လည်း။ပ။ မည်သည့် အမျိုးမှမဆို လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုအံ့၊ ထိုသူသည်လည်း မြတ်စွာဘုရား ဟောကြားထားသော အဆုံးအမတော်ကိုစွဲ၍ ဤသို့ချစ်ခြင်း 'မေတ္တာ' သနားခြင်း 'ကရုဏာ' ဝမ်းမြောက်ခြင်း 'မုဒိတာ' လျစ်လျူရှုခြင်း 'ဥပေက္ခာ' ကို ပွါး၍ မိမိကိုယ်၌ငြိမ်းခြင်းကို ရ၏၊ မိမိကိုယ်၌ ငြိမ်းခြင်းကြောင့် ထိုသူကို ငါသည် "ရဟန်းနှင့် သင့်လျော်သော အကျင့်ကို ကျင့်၏"ဟု ဟောကြား၏။

မင်းမျိုးမှသော်လည်း လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုအံ့၊ ထိုသူသည်လည်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသောလွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ အာသဝေါ တရားတို့ ကုန်ခြင်းကြောင့် ရဟန်း (ကိလေသာမီးငြိမ်းသူ )ဖြစ်၏။

ပုဏ္ဏားမျိုးမှသော်လည်း။ပ။ ကုန်သည်မျိုးမှ သော်လည်း။ပ။ သူဆင်းရဲမျိုးမှသော်လည်း။ပ။ မည်သည့် အမျိုးမှမဆို လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်၌ ရဟန်းပြုအံ့၊ ထိုသူလည်း အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားမရှိသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ အာသဝေါတရားတို့ ကုန်ခြင်းကြောင့် ရဟန်း(ကိလေသာမီးငြိမ်းသူ) ဖြစ်၏ဟု ဤတရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ဆယ်ခုမြောက် စူဠအဿပုရသုတ် ပြီး၏။

**လေးခုမြောက် မဟာယမကဝဂ် ပြီး၏။**

http://www.dhammadownload.com

# ၅-စူဠယမကဝဂ်

## ၁-သာလေယျကသုတ်

၄၃၉။ အကျွန်ုပ်တို့သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည်များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် သာလာမည်သော ပုဏ္ဏားရွာသို့ ဆိုက်ရောက်လေ၏။ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် "အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းအပေါင်းနှင့်အတူ ကောသလတိုင်း တို့၌ ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် သာလာရွာသို့ ရောက်တော်မူ၏။

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ထွက်၏။ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော အကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော် မူသောအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သော ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူတတ်သော အကြောင်း ကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟု (ပြန့်နှံ့၍ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသော ဤ ဩကာသ လောကကိုရင်း သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော ဤသတ္တလောကကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရား သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံ သော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု ကြားသိရလေ၏။

ထိုအခါ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီး လျှင် အချို့တို့သည်၊ မြတ်စွာဘုရားကို ရှိခိုးကုန်လျက်, အချို့တို့က မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေလျက် အချို့တို့ကမူ မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကုန်လျက်, အချို့တို့က အမည်အမျိုးအနွယ်ကို ပြောကြားကုန်လျက်, အချို့တို့က ဆိတ်ဆိတ် ဖြစ်ကုန်လျက် သင့်လျော်သောနေရာ၌ ထိုင်ကြကုန်၏။ သင့်လျော်သောနေရာ၌ ထိုင်နေကြပြီးသော် သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား—

မ မြန် ၁-၁၃-

http://www.dhammadownload.com



"အသျှင် ဂေါတမ ဤလောက၌ အချို့သောသတ္တဝါများ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာငရဲသို့ ရောက်ကြရသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။ အသျှင် ဂေါတမ ဤလောက၌ အချို့သော သတ္တဝါများ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော သုဂတိ လားရာ နတ်ပြည်သို့ ရောက်ကြရသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်ထားကြကုန်၏။

သူကြွယ်တို့ မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာ ငရဲသို့ ရောက်ကြရကုန်၏။ သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်ခြင်း အကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသောသုဂတိ လားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဘန်မူ၍ အကျဉ်းအားဖြင့် မိန့်ဆိုထားသော ဤတရားတော်၏ အနက်အဓိပ္ပါယ်ကို တပည့်တော်တို့ အကျယ် မသိပါကုန်၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဘန်မူ၍ အကျဉ်းအားဖြင့် မိန့်ဆိုထားသောဤတရားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်သော အခြင်းအရာအားဖြင့် တပည့်တော်တို့အား တရားကို အကျယ်ဟောကြားပါလော့ ဟု (လျှောက်ကြကုန်၏)။

သူကြွယ်တို့ သို့ဖြစ်လျှင် နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား" ဟု သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။

၄၄၀။ သူကြွယ်တို့ ကိုယ်ဖြင့် မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။ နှုတ်ဖြင့် မတရားမှု မမျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏၊ စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် ကိုယ်ဖြင့် မတရားမှု မမျှတမှုကို ပြုလုပ်ခြင်း သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သူသည် အသက်သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ သွေးစွန်းသော လက်ရှိ၏၊ သတ်ပုတ်ရိုက်နှက်ခြင်း၌ စိတ်ဝင်စား၏၊ သတ္တဝါတို့၌ သနားခြင်း မရှိ။

မပေးသည်ကို ယူလေ့ရှိ၏၊ ရွာ၌တည်သည်ဖြစ်စေ တော၌တည်သည်ဖြစ်စေ သူတပါးဥစ္စာ သူတပါး အဆောက်အဦကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် ယူတတ်၏။

ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ အမိစောင့်ရှောက်ထားသော မိန်းမ, အဖ စောင့်ရှောက်ထားသော မိန်းမ, အမိအဖ စောင့်ရှောက်ထားသော မိန်းမ, မောင်ကြီးမောင်ငယ် စောင့်ရှောက်ထားသော မိန်းမ, အစ်မညီမစောင့်ရှောက်ထားသောမိန်းမ, ဆွေမျိုး စောင့်ရှောက် ထားသောမိန်းမ, အနွယ် စောင့်ရှောက်ထားသောမိန်းမ, တရားကျင့်ဘော်တို့ စောင့်ရှောက် ထားသော မိန်းမ, ကြောင်းလမ်းထားသောမိန်းမ, ဒဏ်ထားသော မိန်းမ, အယုတ်ဆုံးအားဖြင့် ပန်းကုံးရံထားအပ်သော မိန်းမတို့၌ ကျူးလွန်ခြင်းသို့ ရောက်၏။သူကြွယ်တို့ ဤသို့လျှင် ကိုယ်ဖြင့် မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။

http://www.dhammadownload.com



သူကြွယ်တို့ အဘယ်သို့လျှင် နှုတ်ဖြင့် မတရားမှု မမျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ သနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သူသည် မုသားပြောဆိုလေ့ ရှိ၏၊ သဘင်၌ တည်သည် ဖြစ်စေ ပရိသတ်၌ တည်သည်ဖြစ်စေ ဆွေမျိုးအလယ်၌ တည်သည်ဖြစ်စေ အသင်းအပင်းအလယ်၌ တည်သည်ဖြစ်စေ မင်းမျိုးအလယ်၌ တည်သည်ဖြစ်စေ ခေါ်ဆောင်၍ "အချင်းယောကျ်ား သိသော အကြောင်းကို ပြောဆိုလော့" ဟု သက်သေပြုလျက် မေးမြန်းလတ်သော် ထိုယောကျ်ား သည် မသိသည်ကို "ငါသိ၏"ဟူ၍သော်လည်းကောင်း သိသည်ကို "ငါမသိ" ဟူ၍သော်လည်းကောင်း မမြင်သည်ကို "ငါမြင်၏" ဟူ၍သော်လည်းကောင်း မြင်သည်ကို "ငါမမြင်"ဟူ၍သော်လည်းကောင်း ပြောဆို၏။ ဤသို့ မိမိ အကြောင်းကြောင့်ဖြစ်စေ သူတပါး အကြောင်းကြောင့်ဖြစ်စေ အနည်းငယ်မျှသော လာဘ် အာမိသဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက်သာလျှင် မုသားပြောဆို၏။

ကုန်းစကားပြောဆို၏၊ ဤသူတို့ထံမှ နားထောင်၍ ဤသူတို့၏ ထိုသူတို့နှင့် ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ ပြောကြားတတ်၏၊ ထိုသူတို့ထံမှ နားထောင်၍ ထိုသူတို့၏ ဤသူတို့နှင့် ကွဲပြား ခြင်းငှါ ဤသူတို့ထံ၌ ပြောကြားတတ်၏။ ဤသို့ ညီညွတ်သူတို့ကို ကွဲပြားအောင် ပြုတတ်၏၊ ကွဲပြားသူတို့ကိုလည်း အားပေးတတ်၏၊ ကွဲပြားခြင်း၌ မွေ့လျော်၏၊ ကွဲပြားခြင်း၌ ပျော်ပိုက်၏၊ ကွဲပြားခြင်းကို နှစ်သက်၏၊ ကွဲပြားခြင်းကို ပြုတတ်သော စကားကို ပြောဆိုတတ်၏။

ကြမ်းတမ်းသော စကားရှိ၏၊ ဆူးသဖွယ် အဖုအထစ်ရှိ၍ ကြမ်းတမ်းသော သူတပါး နားကို စပ်ခါးစေတတ် သူတပါးအား ထိခိုက်တတ်သော အမျက်ထွက်ခြင်းနှင့် နီးစပ်လျက် တည်တံ့ခြင်း ကို မဖြစ်စေတတ်သည့် သဘောရှိသော စကားကို ပြောဆိုတတ်၏။

ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်၏၊ မသင့်သောအခါ၌ ဆိုလေ့ရှိ၏၊ မဟုတ်သည်ကို ဆိုလေ့ရှိ၏၊ အကျိုးနှင့် မစပ်သည်ကို ဆိုလေ့ရှိ၏၊ တရားနှင့် မစပ်သည်ကို ဆိုလေ့ရှိ၏၊ အဆုံး အမနှင့် မစပ်သည်ကို ဆိုလေ့ရှိ၏၊ မသင့်သောအခါ၌ အကြောင်းမရှိသော အပိုင်းအခြား မရှိ သော အစီးအပွါးနှင့် မစပ်သော နှလုံး၌ မသိုမှီးသင့်သည့် စကားကို ပြောဆိုတတ်၏။ သူကြွယ်တို့ ဤသို့လျှင် နှုတ်ဖြင့် မတရားမှု မမျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိသ နည်း၊ သူကြွယ်တို့ ဤလောက၌ အချို့သူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' များ၏။ "သူတပါး၏ ဥစ္စာသည် ငါ၏ ဥစ္စာဖြစ်မူ ကောင်းလေစွ" ဟု သူတပါးဥစ္စာ သူတပါး အဆောက် အဦကို ရှေးရှုကြံစည်တတ်၏။

ဖျက်ဆီးလိုစိတ်ရှိ၏၊ "ဤသတ္တဝါတို့သည် အညှဉ်းဆဲ ခံကြရပါစေဟူ၍သော်လည်းကောင်း အသတ်ခံ ကြရပါစေဟူ၍သော်လည်းကောင်း အဖြတ်ခံကြရပါစေ ဟူ၍သော်လည်းကောင်း ပျက်စီးကြပါစေ ဟူ၍သော်လည်းကောင်း ဘာမျှ မဖြစ်ပါစေကုန်လင့်"ဟူ၍သော်လည်းကောင်း ဤသို့ ဖျက်ဆီးလိုသော စိတ်အကြံအစည်ရှိ၏။

မှားသော အယူရှိ၏၊ "ပေးလှူခြင်း၏ အကျိုးသည် မရှိ၊ ယစ်ပူဇော်ခြင်း၏ အကျိုးသည် မရှိ၊ ဟုံးပူဇော်ခြင်း၏ အကျိုးသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ၊ အမိ ကျေးဇူးသည် မရှိ၊ အဖ ကျေးဇူး သည် မရှိ၊ သေ၍ တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုလည်းကောင်း တပါးသော လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်

http://www.dhammadownload.com



သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် လောက၌ မရှိကုန်”ဟု ဖောက်ပြန်သော အမြင်ရှိ၏။

သူကြွယ်တို့ ဤသို့လျှင် စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ ဤသို့ မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်ကြရကုန်၏။

၄၄၁။ သူကြွယ်တို့ ကိုယ်ဖြင့် တရားမှု မျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။ နှုတ်ဖြင့် တရားမှု မျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏။ စိတ်ဖြင့် တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် ကိုယ်ဖြင့် တရားမှု မျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ရွာ၌ တည်သည်ဖြစ်စေ တော၌ တည်သည်ဖြစ်စေ သူတပါး၏ဥစ္စာ သူတပါးအဆောက်အဦကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် မယူတတ်။

ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းကို ပယ်၍ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ အမိ စောင့်ရှောက်ထားသောမိန်းမ, အဖ စောင့်ရှောက်ထားသောမိန်းမ, အမိ အဖ စောင့်ရှောက်ထားသော မိန်းမ, မောင်ကြီး မောင်ငယ် စောင့်ရှောက်ထားသော မိန်းမ, အစ်မ ညီမစောင့်ရှောက်ထားသောမိန်းမ, ဆွေမျိုး စောင့်ရှောက်ထားသောမိန်းမ, အနွယ်စောင့်ရှောက်ထားသောမိန်းမ, တရားကျင့်ဖော်တို့ စောင့်ရှောက်ထားသောမိန်းမ, ကြောင်းလမ်းထားသော မိန်းမ, ဒဏ်ထားသောမိန်းမ, အယုတ်ဆုံးအားဖြင့် ပန်းကုံးရံထားသော မိန်းမတို့၌ ကျူးလွန်ခြင်းသို့ မရောက်”၊ သူကြွယ်တို့ ဤသို့လျှင် ကိုယ်ဖြင့် တရားမှု မျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် နှုတ်ဖြင့် တရားမှု မျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သူသည် မုသားပြောဆိုခြင်းကို ပယ်၍ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သဘင်၌ တည်သည်ဖြစ်စေ ပရိသတ်၌ တည်သည်ဖြစ်စေ ဆွေမျိုးအလယ်၌ တည်သည်ဖြစ်စေ အသင်းအပင်းအလယ်၌ တည်သည်ဖြစ်စေ မင်းမျိုးအလယ်၌ တည်သည်ဖြစ်စေ ခေါ်ဆောင်၍ “အချင်းယောကျ်ား သိသောအကြောင်းကို ပြောဆိုလော့” ဟု သက်သေပြုလျက် မေးမြန်းလတ်သော် ထိုယောကျ်ားသည် မသိသည်ကို “ငါမသိ” ဟူ၍သော်၎င်း သိသည်ကို “ငါသိ၏”ဟူ၍သော်၎င်း မမြင်သည်ကို “ငါမမြင်” ဟူ၍သော်၎င်း မြင်သည်ကို “ငါမြင်၏” ဟူ၍သော်၎င်း ပြောဆို၏။ ဤသို့ မိမိအကြောင်းကြောင့်ဖြစ်စေ သူတပါးအကြောင်းကြောင့်ဖြစ်စေ အနည်းငယ်မျှသော လာဘ်အာမိသဟူသော အကြောင်းကြောင့်ဖြစ်စေ သိလျက် မုသား မပြောဆို။

http://www.dhammadownload.com



ကုန်းစကားကိုပယ်၍ ကုန်းစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ ဤသူတို့၏ ထိုသူတို့နှင့် ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောကြားတတ်၊ ထိုသူတို့ထံမှ နားထောင်၍ ထိုသူတို့၏ ဤသူတို့နှင့် ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောကြားတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊ ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ပြောဆိုတတ်၏။

ကြမ်းသော စကားကိုပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏၊ အပြစ်ကင်း၍ နားချမ်းသာသော နှစ်လိုဖွယ်ရှိသော နှလုံးသို့ သက်ဝင်သော ယဉ်ကျေး၍ လူအများနှစ်သက် လူအများ နှစ်ခြိုက်သော သဘောရှိသည့် စကားကို ပြောဆိုတတ်၏။

ပြိန်ဖျင်းသော စကား ပြောဆိုခြင်းကို ပယ်၍ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကို ပြောဆိုတတ်၏။ သူကြွယ်တို့ ဤသို့လျှင် နှုတ်ဖြင့် တရားမှု မျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် စိတ်ဖြင့် တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' မများ၊ "သူတပါး၏ ဥစ္စာသည် ငါ၏ဥစ္စာဖြစ်မူ ကောင်းလေစွ" ဟု သူတပါးဥစ္စာ သူတပါး အဆောက်အဦကို ရှေးရှု မကြံစည်တတ်။

ဖျက်ဆီးလိုစိတ်မရှိ၊ "ဤသတ္တဝါတို့သည် ရန်မရှိ ကြောင့်ကြမှုမရှိ ဆင်းရဲမှု မရှိကြကုန်ပဲ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ပါစေ" ဟု မဖျက်ဆီးလိုသောစိတ် အကြံအစည်ရှိ၏။

မှန်သောအယူရှိ၏၊ "ပေးလှူခြင်း၏အကျိုးသည် ရှိ၏၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ဟုံးပူဇော်ခြင်း၏ အကျိုးသည် ရှိ၏၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် ရှိ၏၊ ဤလောကသည် ရှိ၏၊ တပါးသော လောကသည်ရှိ၏၊ အမိကျေးဇူးသည် ရှိ၏၊ အဖကျေးဇူးသည် ရှိ၏၊ သေ၍တဖန်ဖြစ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ဤလောကကိုရင်း တပါးသော လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်သော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ ရှိကုန်၏" ဟု မဖောက်ပြန်သော အမြင်ရှိ၏။

သူကြွယ်တို့ ဤသို့လျှင် စိတ်ဖြင့် တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ ဤတရားမှု မျှတမှုကို ပြုလုပ်ခြင်း အကြောင်းကြောင့် ဤလောက၌ အချို့ သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏။

၄၄၂။ သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ များသော ဥစ္စာရှိသော မင်းမျိုး မင်းနွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ များသော

http://www.dhammadownload.com



ဥစ္စာရှိသော မင်းမျိုး မင်းနွယ် အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ အဘယ် အကြောင်းကြောင့်နည်း ဟူမူ- ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့် ပေတည်း။

သူကြွယ်တို့ တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှနောက်၌ များသောဥစ္စာရှိသော ပုဏ္ဏားမျိုး ပုဏ္ဏားနွယ်အဖြစ်သို့။ပ။ များသော ဥစ္စာရှိသော သူကြွယ်မျိုး သူကြွယ်နွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ များသော ဥစ္စာရှိသော သူကြွယ်မျိုး သူကြွယ်နွယ် အဖြစ်သို့ ရောက်ရသော အကြောင်းရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူ—ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ စာတုမဟာရာဇ်နတ်မျိုး နတ်နွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ စာတုမဟာရာဇ် နတ်မျိုး နတ်နွယ်အဖြစ်သို့ ရောက်ရသော အကြောင်းသည်ရှိ၏။ အဘယ့်ကြောင့်နည်းဟူမူ- ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှမျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ တာဝတိံသာနတ်။ပ။ ယာမာနတ်။ပ။ တုသိတာနတ်။ပ။ နိမ္မာနရတိနတ်။ပ။ ပရနိမ္မိတဝသဝတ္တီနတ်။ပ။ (ပဌမစျာန်ဘုံ) ဗြဟ္မာအပေါင်း၌ ဖြစ်ကုန်သော ဗြဟ္မာမျိုး ဗြဟ္မာနွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ (ပဌမစျာန်ဘုံ) ဗြဟ္မာအပေါင်း၌ ဖြစ်ကုန်သော ဗြဟ္မာမျိုး ဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရသောအကြောင်းသည် ရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူ- ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အာဘာဗြဟ္မာမျိုး ဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ အာဘာဗြဟ္မာမျိုး ဗြဟ္မာနွယ် အဖြစ်သို့ ရောက်ရသောအကြောင်းသည် ရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူ – ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ပရိတ္တာဘာ ဗြဟ္မာ။ပ။ အပ္ပမာဏာဘာ ဗြဟ္မာ။ပ။ အာဘဿရဗြဟ္မာ။ပ။ ပရိတ္တသုဘာဗြဟ္မာ။ပ။ အပ္ပမာဏ သုဘာဗြဟ္မာ။ပ။ သုဘကိဏှာဗြဟ္မာ။ပ။ ဝေဟပ္ဖိုလ်ဗြဟ္မာ။ပ။ အဝိဟာဗြဟ္မာ။ပ။ အတပ္ပါဗြဟ္မာ။ပ။ သုဒဿာဗြဟ္မာ။ပ။ သုဒဿီဗြဟ္မာ။ပ။ အကနိဋ္ဌဗြဟ္မာ။ပ။ အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာ။ပ။ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာ။ပ။ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာ။ပ။ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာမျိုး ဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ နေဝသညာနာသညာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာမျိုး ဗြဟ္မာနွယ် အဖြစ်သို့ ရောက်ရသော

http://www.dhammadownload.com



အကြောင်းသည်ရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူ- ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ ရှိသူဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့်သိ၍ ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရမူ ကောင်းလေစွ"ဟု အကယ်၍ အလိုရှိခဲ့မူ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့်သိ၍ ကိုယ်တိုင်မျက်မှောက် ပြုလျက် ရောက်၍နေရသော အကြောင်းသည် ရှိ၏။ အဘယ့်ကြောင့်နည်း ဟူမူ— ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း ဟု (မိန့်တော်မူ၏)။

၄၄၃။ ဤသို့ ဟောကြားတော်မူသော် သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရား အား "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားကို ပြတော်မူပါပေ၏။ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏။ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာတို့ဟု မှတ်တော်မူပါ"ဟူ၍ လျှောက်ကုန်၏။

ရှေးဦးစွာသော သာလေယျကသုတ် ပြီး၏။

---

## ၂-ဝေရဥ္စကသုတ်

၄၄၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် တစုံတရာသော ပြုဖွယ်ကိစ္စဖြင့် သာဝတ္ထိပြည်၌ နေကုန်၏။ ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် ဤသို့ ကြားကုန်၏—

"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏— ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်

http://www.dhammadownload.com



လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ မွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ ဟု (ပြန့်နှံ့၍ ထွက်၏)။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤသြကာသလောကကိုရင်း သမဏ ဗြာဟ္မဏ မင်းများ လူများနှင့် တကွသော ဤသတ္တလောကကိုရင်း ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏။ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမျှော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု (ကြားသိရလေ၏)။

ထိုအခါ ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် အချို့တို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်လျက် အချို့တို့က မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေလျက် အချို့တို့ကမူ မြတ်စွာဘုရားရှိရာ အရပ်သို့ လက်အုပ်ချီကုန်လျက် အချို့တို့က အမည်အမျိုးအနွယ်ကို ပြောကြားကုန်လျက် အချို့တို့က ဆိတ်ဆိတ်ဖြစ်ကုန်လျက် သင့်လျော်သောနေရာ၌ ထိုင်ကြကုန်၏။ သင့်လျော်သောနေရာ၌ ထိုင်နေကြပြီးသော် ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားအား—

"အသျှင်ဂေါတမ ဤလောက၌ အချို့သောသတ္တဝါများ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်ကြရသော အကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း။ အသျှင်ဂေါတမ ဤလောက၌ အချို့သောသတ္တဝါများ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြရသောအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း" ဟု လျှောက်ထားကြကုန်၏။

သူကြွယ်တို့ မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာ ငရဲသို့ ရောက်ကြရကုန်၏။ သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့သော သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်မူ၍ အကျဉ်းအားဖြင့် မိန့်ဆိုထားသော ဤတရားတော်၏ အကျယ်အနက်အဓိပ္ပါယ်ကို တပည့်တော်တို့ အကျယ်မသိပါ

http://www.dhammadownload.com



ကုန်။ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို မဝေဖန်မူ၍ အကျဉ်းအားဖြင့် မိန့်ဆိုထားသော ဤတရားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်လောက်သော အခြင်းအရာအားဖြင့် တပည့်တော်တို့အား တရားကို အကျယ်ဟောကြားတော်မူပါလော့ ဟု (လျှောက်ကြကုန်၏)။

သူကြွယ်တို့ ထိုသို့ဖြစ်လျှင် နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီအသျှင်ဘုရား" ဟု ဝေရဥ္စရွာသားပုဏ္ဏား သူကြွယ်တို့သည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏—

၄၄၅။ သူကြွယ်တို့ ကိုယ်ဖြင့် မတရားမှု မမျှတမှုကိုပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏၊နှုတ်ဖြင့် မတရားမှု မမျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏၊ စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် ကိုယ်ဖြင့် မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် အသက်သတ်လေ့ရှိ၏၊ ကြမ်းကြုတ်၏၊ သွေးစွန်း သောလက်ရှိ၏၊ သတ်ပုတ်ရိုက်နှက်ခြင်း၌ စိတ်ဝင်စား၏၊ သတ္တဝါတို့၌ သနားခြင်းမရှိ။

မပေးသည်ကို ယူလေ့ရှိ၏။ပ။ သူတပါးဥစ္စာ သူတပါးအဆောက်အဦကို မပေးပဲ ခိုးလိုသောစိတ် အစုဖြင့် ယူတတ်၏။

ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ အမိစောင့်ရှောက်ထားသောမိန်းမ။ပ။ ထိုသို့ သဘောရှိသော မိန်းမတို့၌ ကျူးလွန်ခြင်းသို့ ရောက်၏၊ သူကြွယ်တို့ ဤသို့လျှင် ကိုယ်ဖြင့် မတရားမှု မမျှတမှု ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် နှုတ်ဖြင့် မတရားမှု မမျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ သနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် မုသားပြောဆိုလေ့ရှိ၏၊သဘင်၌ တည်သည် ဖြစ်စေ။ပ။သိလျက်သာလျှင် မုသားပြောဆို၏။ ကုန်းစကား ပြောဆိုတတ်၏၊ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့ထံ၌ ပြောကြားတတ်၏။ပ။ကွဲပြားခြင်းကိုပြုတတ်သောစကားကို ပြောဆို တတ်၏။ ကြမ်းသောစကားရှိ၏၊ (စူးသဖွယ်)အဖုအထစ်ရှိ၍ ကြမ်းတမ်းသော။ပ။သဘောရှိသော စကားကို ပြောဆိုတတ်၏။ ပြိန်ဖျင်းသောစကားကို ပြောဆိုတတ်၏၊ မသင့်သောအခါ၌ ဆိုလေ့ ရှိ၏။ပ။အပိုင်းအခြားမရှိသော အစီးအပွါးနှင့်မစပ်သော။ပ။ သူကြွယ်တို့ ဤသို့လျှင် နှုတ်ဖြင့် မတရားမှု မမျှတမှု ပြောဆိုခြင်းသည် လေးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ သနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' များ၏။ပ။ သူတပါး၏ ဥစ္စာသည် ငါ၏ဥစ္စာ ဖြစ်မူ ကောင်းလေစွ ဟု ရှေးရှုတောင့်တ၏။ ဖျက်ဆီးလိုစိတ် ရှိ၏။ "ဤသတ္တဝါတို့သည် အညှဉ်းဆဲခံကြရပါစေဟူ၍သော်၎င်း။ပ။ ဘာမျှမဖြစ်ပါစေကုန်လင့်" ဟူ၍၎င်း "ဤသို့ဖျက်ဆီးလိုသော စိတ်အကြံအစည်ရှိ၏။ မှားသောအယူရှိ၏၊" ပေးလှူခြင်း၏ အကျိုးသည် မရှိ၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည် မရှိ။ပ။ မျက်မှောက်ပြု၍ ဟောကြားနိုင်ကုန် သော။ပ။ဟု ဖောက်ပြန်သောအမြင်ရှိ၏။ သူကြွယ်တို့ ဤသို့လျှင် စိတ်ဖြင့် မတရားမှု မမျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

http://www.dhammadownload.com



သူကြွယ်တို့ ဤသို့မတရားမှု မမျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့ သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ ကျရာ ငရဲသို့ ရောက်ကြရကုန်၏။

၄၄၆။ သူကြွယ်တို့ ကိုယ်ဖြင့် တရားမှု မျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏၊ နှုတ်ဖြင့် တရားမှု မျှတမှုကို ပြောဆိုခြင်းသည် လေးမျိုးရှိ၏၊ စိတ်ဖြင့်တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် ကိုယ်ဖြင့်တရားမှု မျှတမှုကိုပြုလုပ်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် အသက်သတ်ခြင်းကိုပယ်၍ အသက်သတ်ခြင်းမှရှောင်ကြဉ်၏၊ တုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏။ မပေးသည်ကို ယူခြင်းကိုပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ပ။သူတပါးဉစ္စာ။ပ။ အဆောက်အဦကို မပေးပဲ ခိုးလိုသော စိတ်အစုဖြင့် မယူတတ်။ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းကို ပယ်၍။ပ။ ထိုသို့သဘောရှိသော မိန်းမတို့၌ ကျူးလွန်ခြင်းသို့မရောက်။ သူကြွယ်တို့ ဤသို့ လျှင် ကိုယ်ဖြင့် တရားမှု မျှတမှုကို ပြုလုပ်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် နှုတ်ဖြင့် တရားမှု မျှတမှုကိုပြောဆိုခြင်းသည် လေးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် မုသားပြောဆိုခြင်းကို ပယ်၍ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သဘင်၌ တည်သည်ဖြစ်စေ။ပ။ သိလျက်သာလျှင် မုသားမပြောဆို။ ကုန်းစကားကို ပယ်၍ ။ပ။ ညီညွတ်ခြင်းကို ပြုတတ်သော စကားကို ပြောဆိုတတ်၏။ ကြမ်းသောစကားကို ပယ်၍။ပ။ ထိုသို့သဘောရှိသောစကားကို ပြောဆိုတတ်၏။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းကို ပယ်၍။ပ။သင့်သောအခါ၌ အကြောင်းနှင့်တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော။ပ။ သူကြွယ်တို့ ဤသို့လျှင် နှုတ်ဖြင့်တရားမှု မျှတမှုကိုပြောဆိုခြင်းသည် လေးမျိုးရှိ၏။

သူကြွယ်တို့ အဘယ်သို့လျှင် စိတ်ဖြင့်တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိသနည်း။ သူကြွယ်တို့ ဤလောက၌ အချို့သောသူသည် ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' မများ၊ "သူတပါး၏ ဉစ္စာသည် ငါ၏ဉစ္စာဖြစ်မူ ကောင်းလေစွ"ဟု သူတပါးဉစ္စာ သူတပါး အဆောက်အဦကို ရှေးရှုမကြံစည်တတ်။ ဖျက်ဆီးလိုစိတ် မရှိ၊ "ဤသတ္တဝါတို့သည် ရန်မရှိ ကြောင့်ကြမှုမရှိ ဆင်းရဲမှုမရှိကြကုန်ပဲ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်နိုင်ကြပါစေ" ဟု မဖျက်ဆီးလိုသော စိတ်အကြံအစည်ရှိ၏။ မှန်သောအယူရှိ၏၊ "ပေးလှူခြင်း၏ အကျိုးသည်ရှိ၏၊ ယဇ်ပူဇော်ခြင်း၏အကျိုးသည် ရှိ၏၊ ဟုံး ပူဇော်ခြင်း၏ အကျိုးသည်ရှိ၏။ပ။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော။ပ။ဟု မဖောက်ပြန်သော အမြင်ရှိ၏။ သူကြွယ်တို့ ဤသို့လျှင် စိတ်ဖြင့်တရားမှု မျှတမှုကို ကြံစည်ခြင်းသည် သုံးမျိုးရှိ၏။

သူကြွယ်တို့ ဤသို့တရားမှု မျှတမှုကို ပြုလုပ်ခြင်းအကြောင်းကြောင့် ဤလောက၌ အချို့ သတ္တဝါတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ကြရကုန်၏။

http://www.dhammadownload.com



၄၄၇။ သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌ များသောဥစ္စာရှိသော မင်းမျိုးမင်းနွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာ ပျက်စီး၍ သေသည်မှ နောက်၌ များသောဥစ္စာရှိသော မင်းမျိုး မင်းနွယ်အဖြစ်သို့ ရောက်ရသော အကြောင်းသည်ရှိ၏။ ထိုသို့ရောက်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်ပေတည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ များသော ဥစ္စာရှိသော ပုဏ္ဏား။ပ။ များသောဥစ္စာရှိသော သူကြွယ်မျိုးသူကြွယ်နွယ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ များသော ဥစ္စာရှိသော သူကြွယ်မျိုး သူကြွယ်နွယ်အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ထိုသို့ရောက်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူသည်တရားမှု မျှတမှုကိုပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ စာတုမဟာရာဇ်နတ်မျိုး နတ်နွယ်အဖြစ်သို့ ရောက်ရမူကောင်းလေစွ" ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ စာတုမဟာရာဇ်နတ်မျိုးနတ်နွယ် အဖြစ်သို့ ရောက်ရသော အကြောင်းသည်ရှိ၏။ ထိုသို့ရောက်ရခြင်းသည်၊ အဘယ့်ကြောင့်နည်း၊ ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ တာဝတိံသာနတ်။ပ။ ယာမာနတ်။ပ။ တုသိတာနတ် ။ပ။ နိမ္မာနရတိနတ်။ပ။ပရနိမ္မိတဝသဝတ္တီနတ်။ပ။ (ပဌမဈာန်ဘုံ) ဗြဟ္မာအပေါင်း၌ ဖြစ်ကုန်သော ဗြဟ္မာမျိုးဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ" ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ (ပဌမဈာန်ဘုံ) ဗြဟ္မာအပေါင်း၌ဖြစ်သော ဗြဟ္မာမျိုး ဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရသော အကြောင်းသည်ရှိ၏။ ထိုသို့ရောက်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌အာဘာဗြဟ္မာမျိုးဗြဟ္မာနွယ် အဖြစ်သို့ ရောက်ရမူကောင်းလေစွ" ဟုအကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ အာဘာဗြဟ္မာမျိုး ဗြဟ္မာနွယ်အဖြစ်သို့ ရောက်ရသော အကြောင်းသည် ရှိ၏။ ထိုသို့ရောက်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူသည် တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း။

သူကြွယ်တို့ တရားမှု မျှတမှုကို ပြုလုပ်လေ့ရှိသူသည် "ငါသည် ကိုယ်ခန္ဓာ ပျက်စီး၍သေသည်မှ နောက်၌ ပရိတ္တာဘာဗြဟ္မာ။ပ။ အပ္ပမာဏာဘာဗြဟ္မာ။ပ။ အာဘဿရာဗြဟ္မာ။ပ။ ပရိတ္တသုဘာဗြဟ္မာ။ပ။ အပ္ပမာဏသုဘာဗြဟ္မာ ။ပ။ သုဘကိဏှာဗြဟ္မာ။ပ။ ဝေဟပ္ဖိုလ်ဗြဟ္မာ။ပ။ အဝိဟာဗြဟ္မာ။ပ။အတပ္ပါဗြဟ္မာ။ပ။ သုဒဿာဗြဟ္မာ။ပ။ သုဒဿီဗြဟ္မာ။ပ။အကနိဋ္ဌဗြဟ္မာ။ပ။အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်သော ဗြဟ္မာ။ပ။ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်သော

http://www.dhammadownload.com



ဖြဟ္မာ။ပ။ အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်သောဗြဟ္မာ။ပ။ နေဝသညာနာသညာယတန ဘုံသို့ ကပ်ရောက်သော ဗြဟ္မာမျိုး ဗြဟ္မာနှင့်ယှဉ် အဖြစ်သို့ ရောက်ရမူ ကောင်းလေစွ”ဟု အကယ်၍ အလိုရှိခဲ့မူ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ နေဝသညာနာသညာယတနဘုံသို့ ကပ် ရောက်သော ဗြဟ္မာမျိုး ဗြဟ္မာနှင့်ယှဉ် အဖြစ်သို့ရောက်ရာသောအကြောင်းသည် ရှိ၏။ ထိုသို့ရောက် ရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူသည် တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူဖြစ်သောကြောင့် တည်း။

သူကြွယ်တို့ တရားမှ မျှတမှုကို ပြုလုပ်လေ့ရှိသူသည် “ငါသည် အာသဝေါတရားတို့၏ ကုန် ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ စိတ်နှင့်လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ပညာကို ယခုဘဝ၌ပင်လျှင် ထူးသောဉာဏ်ဖြင့်သိ၍ ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရမူကောင်းလေစွ” ဟု အကယ်၍ အလိုရှိခဲ့မူ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ စိတ်နှင့် လွတ်မြောက်သော ‘အရဟတ္တဖိုလ်’ ပညာကို ယခုဘဝ၌ပင်လျှင် ထူးသော ဉာဏ်ဖြင့်သိ၍ ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍နေရာသော အကြောင်းသည် ရှိ၏။ ထိုသို့ ရောက်၍ နေရခြင်းသည် အဘယ့် ကြောင့်နည်း၊ ထိုသူသည် တရားမှ မျှတမှုကိုပြုလုပ်လေ့ရှိသူ ဖြစ်သောကြောင့်တည်း ဟု (မိန့် တော်မူ၏)။

၄၄၈။ ဤသို့ ဟောကြားတော်မူသော် ဝေရဥ္စရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရား အား “အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ အသျှင်ဂေါတမ ဥပမာသော်ကား မှောက်ထား သည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း ‘မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်’ ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော် မူပါပေ၏။ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါကုန်၏။ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာတို့ဟု မှတ်တော်မူပါ ဟူ၍ လျှောက်ကြကုန်၏။

နှစ်ခုမြောက် ဝေရဥ္စကသုတ် ပြီး၏။

---

## ၃-မဟာဝေဒလ္လသုတ်

၄၄၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင်မဟာကောဋ္ဌိကသည် ညနေချမ်းအချိန်

http://www.dhammadownload.com



ကိန်းအောင်းရာမှ ထ၍ အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေလျက် တခုသောနေရာ၌ထိုင်ပြီးသော်—

"ငါ့သျှင် ပညာမဲ့သူ ပညာမဲ့သူဟု ဆို၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် "ပညာမဲ့သူ" ဟု ဆိုရသနည်း" ဟု လျှောက်၏။

ငါ့သျှင် "အပြားအားဖြင့် မသိတတ်, အပြားအားဖြင့် မသိတတ်" ဟူသော အကြောင်းကြောင့် "ပညာမဲ့သူ" ဟု ဆိုရ၏။

အဘယ်လျှင် အပြားအားဖြင့် မသိတတ်သနည်း။ ဤကား ဆင်းရဲတည်းဟု အပြားအားဖြင့် မသိတတ်၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု အပြားအားဖြင့် မသိတတ်၊ ဤကား ဆင်းရဲ ချုပ်ရာတည်းဟု အပြားအားဖြင့် မသိတတ်၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု အပြားအားဖြင့် မသိတတ်။ ငါ့သျှင် "အပြားအားဖြင့် မသိတတ်, အပြားအားဖြင့် မသိတတ်" ဟူသော အကြောင်းကြောင့် "ပညာမဲ့သူ" ဟု ဆိုရ၏ ဟု (မိန့်ဆို၏)။

"ငါ့သျှင် ကောင်းပါပေ၏"ဟု အသျှင်မဟာကောဋ္ဌိကသည် အသျှင်သာရိပုတြာ၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍ အသျှင်သာရိပုတြာကို ထိုထက်အလွန် ပြဿနာမေးမြန်းပြန်၏။

"ငါ့သျှင် ပညာရှိသူ, ပညာရှိသူ ဟု ဆိုရ၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် 'ပညာရှိသူ' ဟု ဆိုရသနည်း" ဟု (လျှောက်၏)။

ငါ့သျှင် "အပြားအားဖြင့် သိတတ်, အပြားအားဖြင့် သိတတ်" သော အကြောင်းကြောင့် "ပညာရှိသူ"ဟု ဆိုရ၏။

အဘယ်သို့လျှင် အပြားအားဖြင့် သိတတ်သနည်း။ ဤကား ဆင်းရဲတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲ ချုပ်ရာတည်းဟု အပြားအားဖြင့် သိတတ်၏၊ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း အကျင့်တည်းဟု အပြားအားဖြင့် သိတတ်၏။ ငါ့သျှင် "အပြားအားဖြင့် သိတတ်, အပြားအားဖြင့် သိတတ်"သော အကြောင်းကြောင့် "ပညာရှိသူ"ဟု ဆိုရ၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် "ဝိညာဏ် ဝိညာဏ်" ဟု ဆိုရ၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် "ဝိညာဏ်"ဟု ဆိုရသနည်း ဟု (လျှောက်၏)။

ငါ့သျှင် "အထူးသိတတ်, အထူးသိတတ်"သော အကြောင်းကြောင့် "ဝိညာဏ်"ဟု ဆိုရ၏။

အဘယ်သို့ အထူးသိတတ်သနည်း။ ချမ်းသာဟုလည်း အထူးသိတတ်၏၊ ဆင်းရဲဟုလည်း အထူးသိတတ်၏၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်ဟုလည်း အထူးသိတတ်၏။ ငါ့သျှင် "အထူးသိတတ်, အထူးသိတတ်"သော အကြောင်းကြောင့် "ဝိညာဏ်"ဟု ဆိုရ၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် အပြားအားဖြင့် သိမှု 'ပညာ' အထူးသိမှု 'ဝိညာဏ်' ဤတရားတို့သည် ရောနှောကြကုန်သလော၊ သို့မဟုတ် မရောနှောကြကုန်သလော၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်ရန် ရနိုင်ပါသလော ဟု (လျှောက်၏)။

ငါ့သျှင် အပြားအားဖြင့် သိမှု 'ပညာ' အထူးသိမှု 'ဝိညာဏ်' ဤတရားတို့သည် ရောနှောကြကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်

http://www.dhammadownload.com



ရန် မရနိုင်ပေ။ ငါ့သျှင် အပြားအားဖြင့်သိသော အရာကိုပင် အထူးသိ၏။ အထူးသိသော အရာကိုပင် အပြားအားဖြင့် သိ၏။ ထို့ကြောင့် ဤတရားတို့သည် ရောနှောကြကုန်၏၊မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မရနိုင်ပေဟု (မိန့်တော်မူ၏)။

ငါ့သျှင် ရောနှောကုန်သော မရောနှောသည် မဟုတ်ကုန်သော အပြားအားဖြင့် သိမှု 'ပညာ' နှင့် အထူးသိမှု 'ဝိညာဏ်' ဤတရားတို့၏ ခြားနားမှုကား အဘယ်နည်း ဟု (လျှောက်၏)။

ငါ့သျှင် ရောနှောကုန်သော မရောနှောသည် မဟုတ်ကုန်သော အပြားအားဖြင့် သိမှု 'ပညာ' နှင့် အထူးသိမှု 'ဝိညာဏ်' တို့တွင် ပညာကို ပွါးများရ၏၊ ဝိညာဏ်ကို ပိုင်းခြား၍ သိရ၏၊ ဤသည်ကား ထိုတရားတို့၏ ခြားနားချက်ပေတည်း ဟု (မိန့်တော်မူ၏)။

၄၅၀။ ငါ့သျှင် "ဝေဒနာ ဝေဒနာ" ဟု ဆိုရ၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် "ဝေဒနာ" ဟု ဆိုရသနည်း ဟု (လျှောက်၏)။

ငါ့သျှင် "ခံစားတတ်, ခံစားတတ်"သော အကြောင်းကြောင့် "ဝေဒနာ"ဟု ဆိုရ၏။

အဘယ်ကို ခံစားတတ်သနည်း။ ချမ်းသာကိုလည်း ခံစားတတ်၏၊ ဆင်းရဲကိုလည်း ခံစားတတ်၏၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သည်ကိုလည်း ခံစားတတ်၏။ ငါ့သျှင် "ခံစားတတ် ခံစားတတ်"သော အကြောင်းကြောင့် "ဝေဒနာ"ဟု ဆိုရ၏ဟု (မိန့်ဆို၏)။

ငါ့သျှင် "သညာ သညာ" ဟု ဆိုရ၏၊ ငါ့သျှင် အဘယ်အကြောင်းကြောင့် "သညာ"ဟု ဆိုရသနည်းဟု (လျှောက်၏)။

ငါ့သျှင် "မှတ်သားတတ် မှတ်သားတတ်"သော အကြောင်းကြောင့် "သညာ"ဟု ဆိုရ၏။

အဘယ်ကို မှတ်သားတတ်သနည်း၊ ညိုသောအရာကိုလည်း မှတ်သားတတ်၏၊ ရွှေသောအရာကိုလည်း မှတ်သားတတ်၏၊ နီသောအရာကိုလည်း မှတ်သားတတ်၏၊ ဖြူသောအရာကိုလည်း မှတ်သားတတ်၏။ ငါ့သျှင် "မှတ်သားတတ် မှတ်သားတတ်" သော အကြောင်းကြောင့် "သညာ"ဟု ဆိုရ၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် ခံစားမှု'ဝေဒနာ' မှတ်သားမှု 'သညာ'နှင့် အထူးသိမှု 'ဝိညာဏ်' ဤတရားတို့သည် ရောနှောကုန်သလော၊ သို့မဟုတ် မရောနှောကုန်သလော၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်ရန် ရနိုင်ပါသလောဟု (လျှောက်၏)။

ငါ့သျှင် ခံစားမှု 'ဝေဒနာ' မှတ်သားမှု 'သညာ'နှင့် အထူးသိမှု 'ဝိညာဏ်' ဤတရားတို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မရနိုင်ပေ။ ငါ့သျှင် အာရုံကိုပင် ခံစား၏၊ ခံစားသော အာရုံကိုပင် မှတ်သား၏၊ မှတ်သားသော အာရုံကိုပင် အထူးသိတတ်၏။ ထို့ကြောင့် ဤတရားတို့သည် ရောနှောကုန်၏၊ မရောနှောသည် မဟုတ်ကုန်၊ ဤတရားတို့ကို အသီးအသီးပြု၍ ခြားနားချက်ကို ပညတ်ရန် မရနိုင်ပေဟု (မိန့်ဆို၏)။

၄၅၁။ ငါ့သျှင် ဣန္ဒြေငါးပါးတို့မှ လွတ်သော စင်ကြယ်သော အထူးသိမှု (စတုတ္ထဈာန်) စိတ်ဖြင့် အဘယ်တို့ကို သိသင့်သနည်းဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင် ဣန္ဒြေငါးပါးတို့မှ လွတ်သော စင်ကြယ်သော အထူးသိမှု (စတုတ္ထဈာန်) စိတ်ဖြင့် "ကောင်းကင်သည် အဆုံးမရှိ" ဟု အာကာသာနဉ္စာယတနသမာပတ်ကို သိသင့်၏၊ "ဝိညာဏ်သည် အဆုံးမရှိ" ဟု ဝိညာဏဉ္စာယတနသမာပတ်ကို သိသင့်၏၊ "တစုံတရာမျှမရှိ" ဟု အာကိဉ္စညာယတနသမာပတ်ကို သိသင့်၏ဟု (မိန့်ဆို၏)။

ငါ့သျှင် သိသင့်သောတရားကို အဘယ်ဖြင့် အပြားအားဖြင့် သိတတ်သနည်းဟု (လျှောက်၏)။ ငါ့သျှင် သိသင့်သောတရားကို ပညာမျက်စိဖြင့် အပြားအားဖြင့် သိတတ်၏ဟု (မိန့်ဆို၏)။

ငါ့သျှင် ပညာသည် အဘယ်အကျိုး ရှိသနည်းဟု (လျှောက်၏)။ ငါ့သျှင် ပညာသည် အထူးသိခြင်းအကျိုးရှိ၏၊ ပိုင်းခြား၍သိခြင်း အကျိုးရှိ၏၊ ပယ်စွန့်ခြင်း အကျိုးရှိ၏ဟု(မိန့်ဆို၏)။

၄၅၂။ ငါ့သျှင် မှန်သောအယူ 'သမ္မာဒိဋ္ဌိ' ဖြစ်ရန် အကြောင်းတို့ကား အဘယ်တို့နည်းဟု (လျှောက်၏)။

ငါ့သျှင် မှန်သောအယူ 'သမ္မာဒိဋ္ဌိ' ဖြစ်ရန် အကြောင်းတို့ကား သူတပါးတရားသံနှင့် အသင့်အားဖြင့် နှလုံးသွင်းခြင်း ဤနှစ်ပါးတို့တည်း။ ငါ့သျှင် မှန်သောအယူ 'သမ္မာဒိဋ္ဌိ'ဖြစ်ရန် အကြောင်းတို့ကား ဤနှစ်ပါးတို့တည်းဟု (မိန့်ဆို၏)။

ငါ့သျှင် အဘယ်အကြောင်း (အင်္ဂါ)တို့၏ အထောက်အပံ့ကို ရသော မှန်သောအယူ 'သမ္မာဒိဋ္ဌိ'သည် လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ် အကျိုးလည်းရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ် အကျိုးအာနိသင်လည်း ရှိသနည်း၊ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာ အကျိုးလည်း ရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာ အကျိုး အာနိသင်လည်း ရှိသနည်းဟု (လျှောက်၏)။

ငါ့သျှင် ငါးပါးသောအကြောင်း (အင်္ဂါ)တို့၏ အထောက်အပံ့ကို ရသော မှန်သော အယူ 'သမ္မာဒိဋ္ဌိ'သည် လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ် အကျိုးလည်းရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ် အကျိုး အာနိသင်လည်း ရှိ၏၊ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာ အကျိုးလည်း ရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာအကျိုး အာနိသင်လည်း ရှိ၏။ ငါ့သျှင် ဤသာသနာတော်၌ မှန်သောအယူ 'သမ္မာဒိဋ္ဌိ'သည် စောင့်စည်းမှု 'သီလ' အထောက်အပံ့ကိုလည်း ရ၏၊ တရားကို ကြားနာမှု အထောက်အပံ့ကိုလည်း ရ၏၊ ကမ္မဋ္ဌာန်း ဆွေးနွေးမှု အထောက်အပံ့ကိုလည်းရ၏၊ ဈာန်သမာပတ် 'သမထ' အထောက်အပံ့ကိုလည်း ရ၏၊ အထူးထူးရှုမှု 'ဝိပဿနာ' အထောက်အပံ့ကိုလည်း ရ၏။ ငါ့သျှင် ဤငါးပါးသော အကြောင်း (အင်္ဂါ)တို့၏ အထောက် အပံ့ကိုရသော မှန်သောအယူ'သမ္မာဒိဋ္ဌိ'သည် လွတ်မြောက်သော'အရဟတ္တဖိုလ်' စိတ်အကျိုးလည်း ရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်အကျိုး အာနိသင်လည်း ရှိ၏။ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာအကျိုးလည်း ရှိ၍ လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာအကျိုး အာနိသင့်လည်း ရှိ၏ဟု (မိန့်ဆို၏)။

၄၅၃။ ငါ့သျှင် ဘဝတို့သည် အဘယ်တို့နည်းဟု (လျှောက်၏)။

ငါ့သျှင် ဘဝတို့သည် ကာမဘဝ ရူပဘဝ အရူပဘဝ ဤသုံးပါးတို့တည်းဟု (မိန့်ဆို၏)။

ငါ့သျှင် အဘယ့်ကြောင့် နောင်အခါ တဖန်ဘဝသစ် ထင်ရှား ဖြစ်ပေါ်ရ သနည်းဟု (လျှောက်၏)။

ငါ့သျှင် မသိမှု ဆုံပိတ်အဆီး 'အဝိဇ္ဇာနီဝရဏ' နှင့် တပ်မက်မှု အနှောင်အဖွဲ့ 'တဏှာသံယောဇဉ်' ရှိကုန်သော သတ္တဝါတို့အား ထိုထိုအားရုံ၌ အလွန်နှစ်သက်မှုကြောင့် နောင်အခါ၌ တဖန် ဘဝသစ် ထင်ရှားဖြစ်ပေါ် ရ၏ဟု (မိန့်ဆို၏)။

ငါ့သျှင် အဘယ့်ကြောင့် နောင်အခါ၌ တဖန်ဘဝသစ် ထင်ရှား မဖြစ်ပေါ်ရသနည်းဟု (လျှောက်၏)။

ငါ့သျှင် မသိမှု 'အဝိဇ္ဇာ' ကင်းခြင်း သိမှု 'ဝိဇ္ဇာ' ဖြစ်ပေါ်ခြင်းနှင့် တပ်မက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် နောင်အခါ၌ တဖန်ဘဝသစ် ထင်ရှားမဖြစ်ပေါ်ရပေဟု (မိန့်ဆို၏)။

၄၅၄။ ငါ့သျှင် ပဌမစျာန်သည် အဘယ်နည်းဟု (လျှောက်၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့် တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွ ဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင် ဤသည်ကို ပဌမစျာန်ဟု ဆိုရ၏ဟု (မိန့်ဆို၏)။

ငါ့သျှင် ပဌမစျာန်သည် အင်္ဂါ အဘယ်မျှရှိသနည်းဟု (လျှောက်၏)။

ငါ့သျှင် ပဌမစျာန်သည် အင်္ဂါငါးပါးရှိ၏။ ငါ့သျှင် ဤသာသနာတော်၌ ပဌမစျာန်ကို ဝင်စားသော ရဟန်းအား ကြံစည်မှု 'ဝိတက်' သည်ရှင်း သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' သည်ရှင်း နှစ်သိမ့်မှု 'ပီတိ' သည်ရှင်း ချမ်းသာမှု 'သုခ' သည်ရှင်း စိတ်တည်ကြည်မှု 'စိတ္တေကဂ္ဂတာ' သည်ရှင်းဖြစ်၏။ ငါ့သျှင် ပဌမစျာန်သည် ဤသို့ အင်္ဂါငါးပါးရှိ၏ဟု (မိန့်ဆို၏)။

ငါ့သျှင် ပဌမစျာန်သည် အဘယ်မျှသော အင်္ဂါတို့ကိုပယ်၍ အဘယ်မျှသော အင်္ဂါတို့နှင့် ပြည့်စုံသနည်းဟု (လျှောက်၏)။

ငါ့သျှင် ပဌမစျာန်သည် ငါးပါးသောအင်္ဂါတို့ကို ပယ်၍ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏။ ငါ့သျှင် ဤသာသနာတော်၌ ပဌမစျာန်ကို ဝင်စားသော ရဟန်းသည် လိုချင်တပ်မက်မှု 'ကာမစ္ဆန္ဒ' ကို ပယ်၏၊ ဖျက်ဆီးလိုမှု 'ဗျာပါဒ' ကိုပယ်၏၊ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ကိုပယ်၏၊ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' ကို ပယ်၏၊ နောင်တ ပူပန်မှု 'ကုက္ကုစ္စ' ကိုပယ်၏၊ တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ' ကို ပယ်၏။

ကြံစည်မှု 'ဝိတက်' သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' စိတ်တည်ကြည်မှု 'စိတ္တေကဂ္ဂတာ' ဖြစ်၏။ ငါ့သျှင် ပဌမစျာန်သည် ဤသို့ ငါးပါးသော အင်္ဂါတို့ကိုပယ်၍ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏ဟု (မိန့်ဆို၏)။

၄၅၅။ ငါ့သျှင်တို့ ဤငါးပါးကုန်သော ဣန္ဒြေတို့သည် အသီးအသီး အာရုံရှိကုန်၏၊ အသီးအသီး ကျက်စားရာရှိကုန်၏။ တပါးသည် တပါး၏ ကျက်စားရာ အာရုံကို မခံစားကုန်။ အဘယ် ဣန္ဒြေတို့နည်း၊ မျက်စိဣန္ဒြေ, နားဣန္ဒြေ, နှာခေါင်းဣန္ဒြေ, လျှာဣန္ဒြေ, ကိုယ်ဣန္ဒြေတို့တည်း။

ငါ့သျှင် အသီးအသီး အာရုံ, အသီးသီးကျက်စားရာရှိကုန်၍ တပါးသည် တပါး၏ ကျက်စားရာ အာရုံကို မခံစားကုန်သော ဣန္ဒြေငါးပါးတို့၏ အားထားရာကား အဘယ်နည်း၊ ထိုဣန္ဒြေတို့၏ ကျက်စားရာ အာရုံကို အဘယ်တရားက ခံစားသနည်း ဟု (လျှောက်၏)။

http://www.dhammadownload.com



ငါ့သျှင် ငါးပါးကုန်သော ဣန္ဒြေတို့သည် အသီးအသီး အာရုံရှိကုန်၏၊ အသီးအသီးကျက်စားရာ
ရှိကုန်၏၊ တပါးသည် တပါး၏ ကျက်စားရာအာရုံကို မခံစားကုန်။ အဘယ်ဣန္ဒြေတို့နည်း၊
မျက်စိဣန္ဒြေ, နားဣန္ဒြေ, နှာခေါင်းဣန္ဒြေ, လျှာဣန္ဒြေ, ကိုယ်ဣန္ဒြေတို့တည်း။ ငါ့သျှင် အသီးအသီး
အာရုံ, အသီးအသီးကျက်စားရာ ရှိကုန်၍ တပါးသည် တပါး၏ ကျက်စားရာ အာရုံကို မခံစား
ကုန်သော ဣန္ဒြေငါးပါးတို့၏ အားထားရာကား(ဇော)စိတ်ပင် ဖြစ်၏၊ထိုဣန္ဒြေတို့၏ ကျက်စားရာ
အာရုံကို ဇောစိတ်ကပင် ခံစား၏ ဟု (မိန့်ဆို၏)။

၄၅၆။ ငါ့သျှင် ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ မျက်စိဣန္ဒြေ,
နားဣန္ဒြေ, နှာခေါင်းဣန္ဒြေ, လျှာဣန္ဒြေ, ကိုယ်ဣန္ဒြေ, တို့တည်း။

ငါ့သျှင် ဣန္ဒြေ ငါးပါးတို့သည်အဘယ်ကိုစွဲ၍ တည်ကုန်သနည်း—ဟု (လျှောက်၏)။

ငါ့သျှင် ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ ဣန္ဒြေတို့သည် အဘယ် ငါးပါးတို့နည်း၊ မျက်စိ
ဣန္ဒြေ, နားဣန္ဒြေ, နှာခေါင်းဣန္ဒြေ, လျှာဣန္ဒြေ, ကိုယ်ဣန္ဒြေ တို့တည်း။ ငါ့သျှင် ဤဣန္ဒြေ
ငါးပါးတို့သည် အသက်'ဇီဝိတိန္ဒြေ' ကို စွဲ၍ တည်ကုန်၏ ဟု(မိန့်ဆို၏)။

ငါ့သျှင် အသက်'ဇီဝိတိန္ဒြေ' သည် အဘယ်ကိုစွဲ၍ တည်သနည်း ဟု (လျှောက်၏)။

ငါ့သျှင် အသက် 'ဇီဝိတိန္ဒြေ' သည် ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' ကို စွဲ၍ တည်၏ ဟု
(မိန့်ဆို၏)။

ငါ့သျှင် ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' သည် အဘယ်ကိုစွဲ၍ တည်သနည်း ဟု(လျှောက်၏)။

ငါ့သျှင် ကိုယ်ငွေ့'ကမ္မဇတေဇောဓာတ်' သည် အသက် 'ဇီဝိတိန္ဒြေ' ကို စွဲ၍ တည်၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် "အသက် 'ဇီဝိတိန္ဒြေ' သည် ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' ကို စွဲ၍ တည်၏" ဟု ခုယ
ပင် အသျှင်သာရိပုတြာပြောဆိုသည်ကို ငါတို့ သိရကုန်၏။ ငါ့သျှင် "ကိုယ်ငွေ့ 'ကမ္မဇတေဇော
ဓာတ်' သည် အသက် 'ဇီဝိတိန္ဒြေ' ကို စွဲ၍တည်၏" ဟု ယခုပင်အသျှင်သာရိပုတြာပြောဆိုသည်ကို
ငါတို့သိရကုန်၏။ ငါ့သျှင် ဤစကား၏ အနက် အဓိပ္ပါယ်ကို အဘယ်ကဲ့သို့ သိမှတ် ရမည်နည်း ဟု
(လျှောက်၏)။

ငါ့သျှင် သို့ဖြစ်လျှင် သင့်အား ဥပမာပြုအံ့၊ ဤဓလောက၌ ဥပမာဖြင့်လည်း အချို့သော
ပညာရှိ ယောကျ်ားတို့သည် ပြောဆိုသော စကား၏ အနက် အဓိပ္ပါယ်ကို သိကုန်၏။ ငါ့သျှင်
တောက်လောင်သော ဆီမီး၏ မီးလျှံကိုစွဲ၍ အလင်းရောင်သည် ထင်ရှားသကဲ့သို့ အလင်းရောင်ကို
စွဲ၍ မီးလျှံသည်ထင်ရှားသကဲ့သို့ ဤအတူပင် အသက် ဇီဝိတိန္ဒြေ' သည် ကိုယ်ငွေ့ 'ကမ္မဇတေဇော
ဓာတ်ကိုစွဲ၍ တည်၏၊ ကိုယ်ငွေ့'ကမ္မဇတေဇောဓာတ်' သည် အသက် ဇီဝိတိန္ဒြေ'ကိုစွဲ၍ တည်၏ ဟု
(မိန့်ဆို၏)။

၄၅၇။ ငါ့သျှင် ထို အသက်တို့သည်ပင် ထို ခံစားတတ်သော သဘော တို့လော၊ သို့မဟုတ်
အသက်တခြား ခံစားတတ်သော သဘောတခြား တို့လော ဟု (လျှောက်၏)။

ငါ့သျှင် ထိုအသက်တို့သည်ပင် ထို ခံစားတတ်သော သဘောမဟုတ်ကုန်။ ငါ့သျှင် မှန်၏၊
ထိုအသက်တို့ပင် ထို ခံစားတတ်သော သဘောတို့ ဖြစ်ခဲ့ကြမူ ဤမှတ်သားမှု 'သညာ' ခံစားမှု
'ဝေဒနာ'တို့ ချုပ်ရာ'နိရောဓသမာပတ်' ကို ဝင်စားသော ရဟန်းအား (သမာပတ်မှ) ထခြင်း

http://www.dhammadownload.com



သည် မထင်ရှားရာ၊ ငါ့သျှင် အသက်တခြား ခံစားတတ်သော သဘောတခြား ဖြစ်ခြင်းကြောင့် မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ 'နိရောဓသမာပတ်' ကို ဝင်စားသော ရဟန်းအား (သမာပတ်မှ) ထခြင်းသည် ထင်ရှား၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် ဤကိုယ်ကို အဘယ် တရားတို့က စွန့်သွားသောအခါ ဤကိုယ်သည် စိတ်မရှိသော ထင်းကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လည်းလျောင်းရသနည်း ဟု (လျှောက်၏)။

ငါ့သျှင် ဤကိုယ်ကို အသက် 'ဇီဝိတိန္ဒြေ' ကိုယ်ငွေ့ 'ကမ္မဇ တေဇောဓာတ်' ဝိညာဏ်တရား သုံးပါးတို့ စွန့်သွားသောအခါ ဤကိုယ်သည် စိတ်မရှိသောထင်းတုံးကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လည်းလျောင်းရ၏ ဟု (မိန့်ဆို၏)။

ငါ့သျှင် သေဆုံးကွယ်လွန်သူနှင့် မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ 'နိရောဓ သမာပတ်ကို' ဝင်စားသူ ရဟန်း၊ ဤသူတို့၏ ခြားနားချက်ကား အဘယ်နည်း ဟု (လျှောက်၏)။

ငါ့သျှင် သေဆုံးသူ ကွယ်လွန်သူအား ကိုယ်၏ အပြုခံ (ထွက်သက် ဝင်သက်) တို့သည် ချုပ်ကုန်ငြိမ်းကုန်၏၊ နှုတ်မြွက်မှုကို ပြုပြင်တတ်သော ဝိတက် ဝိစာရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ စိတ်၏ အပြုခံ (သညာ, ဝေဒနာ) တို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ အသက် 'ဇီဝိတိန္ဒြေ' သည် ကုန်၏၊ ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' သည် ငြိမ်းအေး၏၊ ဣန္ဒြေတို့သည် ပျက်စီးကုန်၏၊ မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ 'နိရောဓ သမာပတ်' ကို ဝင်စားသော ရဟန်းအား ကိုယ်အပြုခံ (ထွက်သက် ဝင်သက်) တို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ နှုတ်မြွက်မှုကို ပြုပြင်တတ်သော ဝိတက် ဝိစာရတို့သည် ချုပ်ကုန် ငြိမ်းကုန်၏၊ စိတ်၏ အပြုခံ (သညာ, ဝေဒနာ) တို့သည် ချုပ်ကုန် ငြိမ်းကုန်၏။

အသက် 'ဇီဝိတိန္ဒြေ' သည် မကုန်၊ ကိုယ်ငွေ့ 'ကမ္မဇတေဇောဓာတ်' သည် မငြိမ်းအေး၊ ဣန္ဒြေတို့သည် အထူးကြည်လင်ကုန်၏။ ငါ့သျှင် ဤသည်ကား သေဆုံးကွယ်လွန်သူနှင့် မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ 'နိရောဓ သမာပတ်' ကို ဝင်စားသူ ရဟန်း၊ ထိုသူတို့၏ ခြားနားချက်တည်း ဟု (မိန့်ဆို၏)။

၄၅၈။ ငါ့သျှင် ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏ အကြောင်းသည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)

ငါ့သျှင် ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏ အကြောင်းတို့သည် လေးပါးတို့တည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာမှုနှင့် နှလုံးမသာမှုတို့၏ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏။ ငါ့သျှင် ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏ အကြောင်းတို့သည် ဤလေးပါးတို့တည်း ဟု (မိန့်ဆို၏)။

ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏ အကြောင်းတို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏ အကြောင်းတို့သည် နှစ်ပါးတို့တည်း။ အလုံးစုံသော (အာရုံ) နိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ သင်္ခါရ နိမိတ်

http://www.dhammadownload.com



မရှိရာ(နိဗ္ဗာန်)ဓာတ်ကို နှလုံးသွင်းခြင်းတို့တည်း။ ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော စိတ်ဟူသော သမာပတ်၏အကြောင်းတို့သည် ဤနှစ်ပါးတို့ပင်တည်း ဟု(မိန့်ဆို၏)။

ငါ့သျှင်(အာရုံ)နိမိတ်မရှိသော လွတ်မြောက်သောစိတ်(သမာပတ်)တည်တံ့ရန် အကြောင်းတို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ငါ့သျှင်(အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော စိတ်(သမာပတ်)တည်တံ့ရန်အကြောင်းတို့သည် သုံးပါးတို့တည်း။ အလုံးစုံသော (အာရုံ နိမိတ်တို့ကို နှလုံးမသွင်းခြင်း၊ သင်္ခါရ နိမိတ်မရှိရာ(နိဗ္ဗာန်) ဓာတ်ကို နှလုံးသွင်းခြင်း၊ ရှေးဦးကပင် (အခါပိုင်းခြားမှု) ပြုစီရင်ခြင်း တို့တည်း။ ငါ့သျှင် (အာရုံ)နိမိတ်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) တည်တံ့ရန် အကြောင်းတို့သည် ဤသုံးပါးတို့ပင်တည်း ဟု (မိန့်ဆို၏)။

ငါ့သျှင် (အာရုံနိမိတ်) မရှိသော လွတ်မြောက်သောစိတ် (သမာပတ်)မှ ထရန်အကြောင်းတို့သည် အဘယ်မျှတို့နည်း ဟု (လျှောက်၏)။

ငါ့သျှင် အာရုံနိမိတ်မရှိသော လွတ်မြောက်သောစိတ်(သမာပတ်)မှ ထရန်အကြောင်းတို့သည် နှစ်ပါးတို့တည်း။အလုံးစုံသော(အာရုံ)နိမိတ်တို့ကို နှလုံးသွင်းခြင်း၊ သင်္ခါရနိမိတ်မရှိရာ (နိဗ္ဗာန်) ဓာတ်ကို နှလုံးမသွင်း ခြင်းတို့တည်း။ ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော စိတ် (သမာပတ်)မှ ထရန် အကြောင်းတို့သည် ဤနှစ်ပါးတို့ပင်တည်း ဟု (မိန့်ဆို၏)။

၄၅၉။ ငါ့သျှင်တို့ အတိုင်းအရှည်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဘာမျှမရှိဟူသော လွတ်မြောက်သောစိတ်(သမာပတ်) (အာရုံ) ဆိတ်သုဉ်းသော လွတ်မြောက်သောစိတ် (သမာပတ်) (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဤတရား တို့သည် အနက်အဓိပ္ပါယ် အသီးသီးဖြစ်၍ သဒ္ဒါအသီးသီး ဖြစ်ကုန်သလော၊ သို့မဟုတ် အနက် အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာ အသီးအသီး ဖြစ်သလော ဟု(လျှောက်၏)။

ငါ့သျှင် အတိုင်းအရှည် မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဘာမျှမရှိ ဟူသော လွတ်မြောက်သောစိတ် (သမာပတ်) (အာရုံ) ဆိတ်သုဉ်းသော လွတ်မြောက်သောစိတ် (သမာပတ်) (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်)ဤတရားတို့သည် အနက်အဓိပ္ပါယ် အသီးအသီးဖြစ်၍ သဒ္ဒါအသီးအသီး ဖြစ်ကုန်၏ ဟူသောအကြောင်းလည်းရှိ၏။အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာလျှင် အသီးအသီးဖြစ်၏ဟူသောအကြောင်းလည်း ရှိ၏။

ငါ့သျှင် ဤတရားတို့သည် အနက်အဓိပ္ပါယ် အသီးသီးဖြစ်၍ သဒ္ဒါအသီးသီးဖြစ်ကုန်၏ဟူသော အကြောင်းကား အဘယ်နည်း။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကိုပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခုမြောက်အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းဖြင့် အထက် အောက် ဖီလာ အလုံးစုံသော အရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေလျက် နေ၏။

ကရုဏာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။မုဒိတာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ထို့အတူ နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခု

http://www.dhammadownload.com



မြောက်အရပ်ကို ပြန့်နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက်အောက်ဖီလာ အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။ ငါ့သျှင် ဤနေခြင်းကို အတိုင်းအရှည်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဟု ဆိုရ၏။

ငါ့သျှင် ဘာမျှမရှိဟူသော လွတ်မြောက်သောစိတ် (သမာပတ်) ဟူသည် အဘယ်နည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် အချင်းအရာ အားလုံးအားဖြင့် ဝိညာဏဉ္စာယတနစျာန် (အာရုံ) ကို လွန်မြောက်၍ "ဘာမျှမရှိ" ဟု အာကိဉ္စညာယတန သမာပတ်ကို ပြည့်စုံစေ၍ နေ၏။ ငါ့သျှင် ဤနေခြင်းကို ဘာမျှမရှိဟူသော လွတ်မြောက်သော စိတ် (သမာပတ်)ဟုဆိုရ၏။

ငါ့သျှင် (အာရုံ)ဆိတ်သုဉ်းသော လွတ်မြောက်သောစိတ် (သမာပတ်) ဟူသည် အဘယ်နည်း။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် တော၌ တည်၍ဖြစ်စေ သစ်ပင်ရင်း၌ တည်၍ဖြစ်စေ ဆိတ်သုဉ်းရာ နေရာ ကျောင်း၌တည်၍ဖြစ်စေ "ဤလွတ်မြောက်သောစိတ် (သမာပတ်)သည် ကိုယ်မှုရင်း ကိုယ်ပိုင်ဥစ္စာမှုရင်း ဆိတ်သုဉ်း၏"ဟု ဤသို့ ဆင်ခြင်၏။ ငါ့သျှင် ဤဆင်ခြင်ခြင်းကို (အာရုံ) ဆိတ်သုဉ်းသော လွတ်မြောက်သောစိတ် (သမာပတ်) ဟု ဆိုရ၏။

ငါ့သျှင် (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဟူသည် အဘယ်နည်း။ ငါ့သျှင် ဤသာသနာတော်၌ရဟန်းသည် အလုံးစုံသော (အာရုံ) နိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် (အာရုံ) နိမိတ်မရှိသော တည်တံ့သောစိတ်ကို ပြည့်စုံစေ၍ နေ၏။ ငါ့သျှင် ဤနေခြင်းကို (အာရုံ) နိမိတ်မရှိသော လွတ်မြောက်သော (သမာပတ်စိတ်)ဟု ဆိုရ၏။

ငါ့သျှင် ဤတရားတို့သည် အနက်အဓိပ္ပါယ်အသီးသီးဖြစ်၍ သဒ္ဒါအသီးသီးဖြစ်ကုန်၏ ဟူသော အကြောင်းကား ဤသည်ပင်တည်း။

ငါ့သျှင် ဤတရားတို့သည် အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာလျှင် အသီးသီးဖြစ်၏ ဟူသော အကြောင်းကား အဘယ်နည်း။

ငါ့သျှင် တပ်စွန်းမှု 'ရာဂ'သည် အတိုင်းအရှည်ကို ပြုတတ်၏၊ ပြစ်မှားမှု 'ဒေါသ'သည် အတိုင်းအရှည်ကို ပြုတတ်၏၊ တွေဝေမှု 'မောဟ'သည် အတိုင်းအရှည်ကို ပြုတတ်၏။ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန်းအား ပယ်ပြီး ဖြစ်ကုန်၏၊ အမြစ်ပြတ်ပြီး ဖြစ်ကုန်၏၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်ကုန်၏၊ ဓနောင်တဖန်ဖြစ်ခြင်း သဘောမရှိ။ ငါ့သျှင် အတိုင်းအရှည်မရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဟူသမျှတို့တွင် မပျက်စီးသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ကို မြတ်၏ဟု မြှောက်ကြားထိုက်၏။ ထိုမပျက်စီးသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်သည် တပ်စွန်းမှု 'ရာဂ' မှ ဆိတ်သုဉ်း၏။ ပြစ်မှားမှု 'ဒေါသ' မှဆိတ်သုဉ်း၏၊ တွေဝေမှု 'မောဟ' မှ ဆိတ်သုဉ်း၏။

ငါ့သျှင် တပ်စွန်းမှု 'ရာဂ' သည် နှိပ်နယ်တတ်၏၊ ပြစ်မှားမှု 'ဒေါသ' သည် နှိပ်နယ်တတ်၏၊ တွေဝေမှု 'မောဟ'သည် နှိပ်နယ်တတ်၏၊ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန်းအား ပယ်ပြီးဖြစ်ကုန်၏၊ အမြစ်ဖြတ်ပြီးဖြစ်ကုန်၏၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ ဘဖန် မဖြစ်အောင် ပြုပြီး ဖြစ်ကုန်၏၊နောင်အခါ၌ ဖြစ်ခြင်းသဘောမရှိတော့ချေ။ ငါ့သျှင် နှိပ်နယ်

http://www.dhammadownload.com



မှုမရှိသော လွတ်မြောက်သောစိတ် (သမာပတ်) ဟူသမျှတို့တွင် မပျက်စီးသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ကို မြတ်၏ဟု ပြောကြားထိုက်၏။

ထိုမပျက်စီးသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်သည် တပ်စွန်းမှု 'ရာဂ'မှ ဆိတ်သုဉ်း၏၊ ပြစ်မှားမှု 'ဒေါသ'မှ ဆိတ်သုဉ်း၏၊ တွေဝေမှု 'မောဟ' မှ ဆိတ်သုဉ်း၏။

ငါ့သျှင် တပ်စွန်းမှု 'ရာဂ'သည် (အာရုံ)နိမိတ်ကို ပြုတတ်၏၊ ပြစ်မှားမှု 'ဒေါသ' သည် (အာရုံ)နိမိတ်ကို ပြုတတ်၏၊ တွေဝေမှု 'မောဟ'သည် (အာရုံ) နိမိတ်ကို ပြုတတ်၏။ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန်းအား ပယ်ပြီး ဖြစ်ကုန်၏၊ အမြစ်ဖြတ်ပြီး ဖြစ်ကုန်၏၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ တဖန်မဖြစ်ခြင်းကို ပြုပြီးဖြစ်ကုန်၏၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ချေ။ ငါ့သျှင် (အာရုံ)နိမိတ်မရှိသော လွတ်မြောက်သော (သမာပတ်) ဟူသမျှတို့တွင် မပျက်စီးသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်ကို မြတ်၏ဟု ပြောကြားထိုက်၏။ ထိုမပျက်စီးသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်သည် တပ်စွန်းမှု 'ရာဂ'မှ ဆိတ်သုဉ်း၏၊ ပြစ်မှားမှု 'ဒေါသ' မှ ဆိတ်သုဉ်း၏၊ တွေဝေမှု 'မောဟ'မှ ဆိတ်သုဉ်း၏။

ငါ့သျှင် ဤတရားတို့သည် အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါမျှသာလျှင် အသီးအသီး ဖြစ်၏ဟူသော အကြောင်းကား ဤသည်ပင်တည်းဟု အသျှင်သာရိပုတြာသည် ဖြေဆို၏။

အသျှင်မဟာ ကောဋ္ဌိကသည် အသျှင်သာရိပုတြာ ဟောကြားတော်မူသော တရားတော်ကို နှစ်လို ဝမ်းမြောက်စွာ ခံယူလေသတည်း။

သုံးခုမြောက် မဟာဝေဒလ္လသုတ် ပြီး၏။

---

## ၄-စူဠဝေဒလ္လသုတ်

၄၆၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ဝိသာခ ဥပါသကာသည် ဓမ္မဒိန္နာရဟန်းမိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ သင့်လျော်သောနေရာ၌ ထိုင်လျက် ဤစကားကို ပြောဆို၏—

အသျှင်မ "သက္ကာယ သက္ကာယ [၁] ဟု ဆို၏၊ အသျှင်မ အဘယ်ကို သက္ကာယ ဟု မြတ်စွာဘုရား ဟောထားပါသနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ကို သက္ကာယ ဟု မြတ်စွာဘုရား ဟောတော်မူ၏။

အဘယ်ငါးပါးတို့နည်း ဟူမူ— ရုပ်ဟူသော စွဲလမ်းဖွယ်ခန္ဓာ, ခံစားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ, မှတ်သားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ, ပြုစီရင်မှုဟူသော စွဲလမ်းဖွယ်ခန္ဓာ, အထူးသိမှုဟူ

၁—သက္ကာယ-ဟူသည် ထင်ရှားရှိ ကိုယ်တည်း။

http://www.dhammadownload.com



သော စွဲလမ်းဖွယ်ခန္ဓာတို့တည်း။ ဒါယကာဝိသာခ ဤစွဲလမ်းဖွယ်ခန္ဓာငါးပါးတို့ကို သက္ကာယဟု မြတ်စွာဘုရားဟောတော်မူ၏ဟု (မိန့်ဆို၏)။

အသျှင်မ ကောင်းပါပေ၏ဟု ဝိသာခဥပါသကာသည် ဓမ္မဒိန္နာရဟန်းမိန်းမ၏ စကားကို အလွန်နှစ်သက်ဝမ်းမြောက်၍ ထိုထက်အလွန် ပြဿနာကို မေးလျှောက်ပြန်၏။

"အသျှင်မ သက္ကာယ ဖြစ်ပေါ်ကြောင်း သက္ကာယဖြစ်ပေါ်ကြောင်းဟု ဆို၏၊ အသျှင်မ အဘယ်ကို သက္ကာယ ဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ တဖန် ဘဝသစ်ကိုဖြစ်စေတတ်သော နှစ်သက်တပ်စွန်းမှု'နန္ဒီရာဂ'နှင့်တကွ ဖြစ်သော ထိုထိုဘုံဘဝ၌ အလွန်နှစ်သက်တတ်သော ကာမဂုဏ်ကို တပ်မက်မှု'ကာမတဏှာ' ဘုံဘဝကို တပ်မက်မှု'ဘဝတဏှာ' ဘုံဘဝကင်းပြတ်မှုကို တပ်မက်မှု'ဝိဘဝတဏှာ' ဤတပ်မက်မှု 'တဏှာ'ကို သက္ကာယဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရား ဟောတော်မူ၏ဟု(မိန့်ဆို၏)။

"အသျှင်မ သက္ကာယချုပ်ရာ, သက္ကာယချုပ်ရာဟု ဆို၏၊ အသျှင်မ အဘယ်ကို သက္ကာယ ချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း"ဟု(လျှောက်၏)။

ဒါယကာဝိသာခ ထိုတပ်မက်မှု'တဏှာ'၏သာလျှင် အကြွင်းမဲ့ တပ်စွန်းခြင်း ကင်းသောအားဖြင့် ချုပ်ရာ စွန့်ပစ်ရာ တဖန် စွန့်လွှတ်ရာ လွတ်မြောက်ရာ တွယ်တာကပ်ငြိမှု မရှိရာ (နိဗ္ဗာန်)ကို သက္ကာယချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူ၏ဟု(မိန့်ဆို၏)။

"အသျှင်မ သက္ကာယချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်, သက္ကာယချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်ဟု ဆို၏၊ အသျှင်မ အဘယ်ကို သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ရောက် ကြောင်းအကျင့်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကိုပင်လျှင် သက္ကာယချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဤမဂ်ဟူသည် အဘယ် နည်း၊ မှန်သောအယူ 'သမ္မာဒိဋ္ဌိ' မှန်သောအကြံအစည် 'သမ္မာသင်္ကပ္ပ' မှန်သောစကား 'သမ္မာ ဝါစာ' မှန်သောအမှု'သမ္မာကမ္မန္တ' မှန်သောအသက်မွေးမှု'သမ္မာအာဇီဝ' မှန်သောအားထုတ်မှု 'သမ္မာဝါယာမ' မှန်သောအောက်မေ့မှု 'သမ္မာသတိ' မှန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ပေ တည်းဟု(မိန့်ဆို၏)။

"အသျှင်မ ထိုစွဲလမ်းမှု'ဥပါဒါန်'သည်ပင်လျှင် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့လော၊သို့မဟုတ် စွဲလမ်းမှု'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့မှ တခြားလော"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ထိုစွဲလမ်းမှု'ဥပါဒါန်'သည်ပင်လျှင် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါးတို့ မဟုတ်ကုန်၊ စွဲလမ်းမှု'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့မှလည်း တခြားလည်းမဟုတ်။ ဒါယကာ ဝိသာခ စွဲလမ်းဖွယ် ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှု'ဆန္ဒရာဂ'သည် ထိုစွဲလမ်းဖွယ် ခန္ဓာငါးပါး တို့၌ စွဲလမ်းမှု'ဥပါဒါန်'မည်၏ဟု(မိန့်ဆို၏)။

၄၆၁။ "အသျှင်မ အဘယ်သို့ သက္ကာယဒိဋ္ဌိဖြစ်သနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော, အရိယာတရား၌ မကျွမ်း ကျင်သော, အရိယာတရား၌ မယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော

http://www.dhammadownload.com



သူတော်ကောင်းတရား၌ မကျွမ်းကျင်သော သူတော်ကောင်းတရား၌ မယဉ်ကျေးသော, အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တ'ကိုယ်'ဟု ရှု၏၊ (ကြွင်းခန္ဓာကို)ရုပ်ရှိသော အတ္တဟုရင်း အတ္တ၌ ရုပ်ဟုရင်း ရုပ်၌ အတ္တဟုရင်း။ ခံစားမှုကို။ပ။မှတ်သားမှုကို။ပ။ပြုစီရင်မှုတို့ကို။ပ။ အထူးသိမှုကို အတ္တ'ကိုယ်'ဟုရှု၏၊ (ကြွင်းခန္ဓာကို)အထူးသိမှုရှိသော အတ္တဟုရင်း အတ္တ၌ အထူးသိမှုဟုရင်း အထူးသိမှု၌ အတ္တဟုရင်း ရှု၏။ ဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိဖြစ်၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်သို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်သနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့ရှိသော, အရိယာတရား၌ ကျွမ်းကျင်သော, အရိယာတရား၌ ယဉ်ကျေးသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော, သူတော်ကောင်းတရား၌ ကျွမ်းကျင်သော, သူတော်ကောင်းတရား၌ ယဉ်ကျေးသော, အကြားအမြင်ရှိသော, မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်ကို အတ္တ'ကိုယ်'ဟု မရှု၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟု မရှု၊အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှုကို။ပ။မရှု။ပ။မှတ်သားမှုကို။ပ။မရှု။ပ။ပြုစီရင်မှုတို့ကို။ပ။မရှု။ အထူးသိမှုကို အတ္တ'ကိုယ်'ဟု မရှု၊ (ကြွင်းခန္ဓာတို့ကို) အထူးသိမှုရှိသော အတ္တဟု မရှု၊အတ္တ၌ အထူးသိမှုဟု မရှု၊အထူးသိမှု၌ အတ္တဟု မရှု။ ဒါယကာဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု (မိန့်ဆို၏)။

၄၆၂။ "အသျှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤသည်ပင်လျှင် မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ်တည်း။ ဤမဂ်ဟူသည် အဘယ်နည်း ဟူမူ—မှန်သောအယူ'သမ္မာဒိဋ္ဌိ' မှန်သောအကြံအစည် 'သမ္မာသင်္ကပ္ပ' မှန်သော စကား'သမ္မာဝါစာ' မှန်သောအမှု'သမ္မာကမ္မန္တ' မှန်သောအသက်မွေးမှု'သမ္မာအာဇီဝ' မှန်သော အားထုတ်မှု'သမ္မာဝါယာမ' မှန်သောအောက်မေ့မှု 'သမ္မာသတိ' မှန်သောတည်ကြည်မှု'သမ္မာ သမာဓိ'ပေတည်းဟု (မိန့်ဆို၏)။

"အသျှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်သည် အပြုအပြင်ခံ တရားလော၊ သို့မဟုတ် အပြုအပြင်ခံ မဟုတ်သော တရားလော"ဟု (လျှောက်၏)။

ဒါယကာဝိသာခ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အပြုအပြင်ခံ တရားပေတည်းဟု (မိန့်ဆို၏)။

"အသျှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု'ခန္ဓာ'သုံးပါးတို့ကို သိမ်းယူရ သလော၊သို့မဟုတ် အစု'ခန္ဓာ'သုံးပါးတို့ဖြင့် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို သိမ်းယူရ သလော"ဟု (လျှောက်၏)။

ဒါယကာဝိသာခ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဖြင့် အစု'ခန္ဓာ'သုံးပါးတို့ကို မသိမ်းယူရ။ အစု'ခန္ဓာ'သုံးပါးတို့ဖြင့်သာ မြတ်သောအင်္ဂါရှစ်ပါးရှိသောမဂ်ကို သိမ်းယူရ၏။ ဒါယကာဝိသာခ မှန်သောစကား'သမ္မာဝါစာ' မှန်သောအမှု'သမ္မာကမ္မန္တ' မှန်သောအသက်မွေးမှု 'သမ္မာအာဇီဝ' ဤတရားတို့ကို သီလအစု'သီလက္ခန္ဓာ'၌ သိမ်းယူရကုန်၏။ မှန်သောအားထုတ်မှု'သမ္မာဝါယာမ'

http://www.dhammadownload.com



မှန်သောအောက်မေ့မှု 'သမ္မာသတိ' မှန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ဤတရားတို့ကို တည်ကြည်မှုအစု'သမာဓိက္ခန္ဓာ'၌ သိမ်းယူရကုန်၏။ မှန်သောအယူ'သမ္မာဒိဋ္ဌိ' မှန်သောအကြံ အစည်'သမ္မာသင်္ကပ္ပ' ဤတရားတို့ကို အပြားအားဖြင့် သိမှုအစု'ပညာက္ခန္ဓာ'၌ သိမ်းယူရကုန်၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်သည် တည်ကြည်မှု'သမာဓိ'ပါနည်း၊ အဘယ်တရားတို့သည် တည်ကြည်မှု ဖြစ်ကြောင်း'သမာဓိနိမိတ်'တို့ပါနည်း၊ အဘယ်တရားတို့သည် တည်ကြည်မှု၏အခြံအရံတို့ပါနည်း၊ အဘယ်သည် တည်ကြည်မှုကို ပွါးများခြင်းပါနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ စိတ်၏အာရုံ တမျိုးတည်းသာရှိခြင်းသည် တည်ကြည်မှု'သမာဓိ'တည်း။ လေးပါးသော အောက်မေ့မှုထင်ခြင်း 'သတိပဋ္ဌာန်'တို့သည် တည်ကြည်မှုဖြစ်ကြောင်း 'သမာဓိ နိမိတ်'တို့တည်း။ လေးပါးသော ကောင်းစွာအားထုတ်ခြင်း'သမ္မပ္ပဓာန်'တို့သည် တည်ကြည်မှု၏ အခြံအရံတို့တည်း။ ထိုတရားတို့ကိုသာလျှင် မှီဝဲခြင်း ပွါးခြင်း ကြိမ်ဖန်များစွာပြုခြင်းသည် ဤအရာ၌ တည်ကြည်မှုကို ပွါးများခြင်းတည်းဟု (မိန့်ဆို၏)။

၄၆၃။ "အသျှင်မ သင်္ခါရတို့သည် အဘယ်မျှတို့နည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ သင်္ခါရတို့သည် ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' နှုတ်ကိုပြုစီရင်မှု'ဝစီ သင်္ခါရ' စိတ်ဖြင့်ပြုစီရင်မှု'စိတ္တသင်္ခါရ' ဤသုံးပါးတို့တည်းဟု (မိန့်ဆို၏)။

အသျှင်မ အဘယ်သည် ကိုယ်ဖြင့်ပြုစီရင်မှု'ကာယသင်္ခါရ' မည်သနည်း၊ အဘယ်သည် နှုတ်ကို ပြုစီရင်မှု'ဝစီသင်္ခါရ' မည်သနည်း၊ အဘယ်သည် စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ' မည်သနည်းဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' မည်၏၊ ဝိတက်ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု 'ဝစီသင်္ခါရ'မည်၏၊ သညာ ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု'စိတ္တသင်္ခါရ' မည်၏ ဟု(မိန့်ဆို၏)။

"အသျှင်မ အဘယ့်ကြောင့် ထွက်သက်ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' မည်သနည်း၊ အဘယ့်ကြောင့် ဝိတက်ဝိစာရတို့သည် နှုတ်ကို ပြုစီရင်မှု'ဝစီသင်္ခါရ' မည်သနည်း၊ အဘယ့်ကြောင့် သညာ ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ' မည်သနည်း ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ဤထွက်သက် ဝင်သက်တရားတို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ကိုယ်နှင့်စပ်ကုန်၏၊ ထို့ကြောင့် ထိုထွက်သက် ဝင်သက်တို့သည် ကိုယ်ဖြင့် ပြုစီရင်မှု 'ကာယသင်္ခါရ' မည်၏။ ဒါယကာ ဝိသာခ ရှေးဦးကပင် ကြံစည်စဉ်းစား၍ နောက်မှစကားကို မြွက်ဆို၏၊ ထို့ကြောင့် ဝိတက်ဝိစာရ တို့သည် နှုတ်ကိုပြုစီရင်မှု 'ဝစီသင်္ခါရ'မည်၏၊ ထိုသညာ ဝေဒနာတရားတို့သည် စိတ်၌ ဖြစ်ကုန်၏၊ စိတ်နှင့် စပ်ကုန်၏၊ ထို့ကြောင့် သညာ ဝေဒနာတို့သည် စိတ်ဖြင့် ပြုစီရင်မှု 'စိတ္တသင်္ခါရ' မည်၏ ဟု (မိန့်ဆို၏)။

၄၆၄။ "အသျှင်မ သညာ ဝေဒနာ ချုပ်နေခြင်းသို့ရောက်မှု 'နိရောဓသမာပတ်'သည် အဘယ် သို့ ဖြစ်ပါသနည်း"ဟု(လျှောက်၏)။ဒါယကာ ဝိသာခ သညာ ဝေဒနာ ချုပ်နေခြင်းသို့ရောက်သော ရဟန်းအား"ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်လိမ့်မည် ဟူ၍လည်း ငါသည် သညာ

http://www.dhammadownload.com



ဝေဒနာ ချုပ်နေခြင်းသို့ ရောက်၏ဟူ၍ရင်း ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ပြီ” ဟူ၍ရင်း စိတ်မဖြစ်။ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ ချုပ်စိမ့်သောငှါ ဆောင်စွမ်းနိုင်သောစိတ်ကို ရှေးဦးကပင် ထိုသို့သော အခြင်းအရာဖြင့် ပွါးများထား၏။

“အသျှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်သောရဟန်းအားအဘယ်တရားတို့ ရှေးဦးစွာ ချုပ်ကြပါသနည်း၊ ကိုယ်ဖြင့် ပြုစီရင်မှု ‘ကာယသင်္ခါရ’လော၊ သို့မဟုတ် နှုတ်ကို ပြုစီရင်မှု ‘ဝစီသင်္ခါရ’လော၊ သို့မဟုတ် စိတ်ဖြင့်ပြုစီရင်မှု ‘စိတ္တသင်္ခါရ’လော” ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သညာဝေဒနာချုပ်နေခြင်းသို့ ရောက်သော ရဟန်းအား နှုတ်ကိုပြုစီရင်မှု ‘ဝစီသင်္ခါရ’ ရှေးဦးစွာချုပ်၏၊ ထို့နောက် ကိုယ်ဖြင့် ပြုစီရင်မှု ‘ကာယသင်္ခါရ’ ထို့နောက်စိတ်ဖြင့် ပြုစီရင်မှု‘စိတ္တသင်္ခါရ ချုပ်၏ ဟု (မိန့်ဆို၏)။

“အသျှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထမှုသည် အဘယ်သို့ ဖြစ်သနည်း” ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ရောက်ခြင်းမှ ထသောရဟန်းအား “ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထတော့မည်ဟူ၍ရင်း ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထ၏ဟူ၍ရင်း ငါသည် သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးပြီ”ဟူ၍ရင်း စိတ်မဖြစ်။ စင်စစ်သော်ကား ထိုရဟန်းသည် ထိုသို့ထစိမ့်သောငှါ ဆောင်စွမ်းနိုင်သောစိတ်ကို ရှေးဦးကပင် ထိုသို့သောအခြင်းအရာဖြင့် ပွါးများထား၏ ဟု (မိန့်ဆို၏)။

“အသျှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှထသောရဟန်းအား အဘယ်တရားတို့ ရှေးဦးစွာ ဖြစ်ပေါ်ကြပါသနည်း၊ကိုယ်ဖြင့်ပြုစီရင်မှု‘ကာယသင်္ခါရ’လော၊ သို့မဟုတ် နှုတ်ကိုပြုစီရင်မှု‘ဝစီသင်္ခါရ’လော၊ သို့မဟုတ် စိတ်ဖြင့် ပြုစီရင်မှု ‘စိတ္တသင်္ခါရ’လော” ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သညာဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှထသော ရဟန်းအား စိတ်ဖြင့် ပြုစီရင်မှု ‘စိတ္တသင်္ခါရ’ ရှေးဦးစွာ ဖြစ်ပေါ်၏၊ ထို့နောက် ကိုယ်ဖြင့် ပြုစီရင်မှု ‘ကာယသင်္ခါရ’ ထို့နောက် နှုတ်ကို ပြုစီရင်မှု ‘ဝစီသင်္ခါရ’ ဖြစ်ပေါ်၏ ဟု (မိန့်ဆို၏)။

“အသျှင်မ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသောရဟန်းကို အဘယ်မျှသော တွေ့ထိမှု ‘ဖဿ’တို့သည် တွေ့ထိကုန်သနည်း” ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သညာဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်းကို ဆိတ်သုဉ်းသော တွေ့ထိမှု ‘သုညတဖဿ’ (အာရုံ) နိမိတ်မရှိသော တွေ့ထိမှု‘အနိမိတ္တဖဿ’ တောင့်တမှုမရှိသော တွေ့ထိမှု ‘အပ္ပဏိဟိတဖဿ’ ဟူသော တွေ့ထိမှု သုံးပါးတို့သည် တွေ့ထိကုန်၏ ဟု (မိန့်ဆို၏)။

“အသျှင်မ သညာ ဝေဒနာချုပ်နေခြင်းသို့ ရောက်ခြင်းမှ ထပြီးသော ရဟန်း၏ စိတ်သည် အဘယ်သို့ ညွတ်ပါသနည်း၊ အဘယ်သို့ ကိုင်းပါသနည်း၊ အဘယ်သို့ ရှိုင်းပါသနည်း” ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သညာဝေဒနာ ချုပ်နေခြင်းသို့ ရောက်ခြင်းမှထပြီးသော ရဟန်း၏စိတ်သည် ကင်းဆိတ်မှု‘ဝိဝေက’ (နိဗ္ဗာန်) သို့ ညွတ်၏၊ ကင်းဆိတ်မှု ‘ဝိဝေက’ (နိဗ္ဗာန်) သို့ ကိုင်း၏၊ ကင်းဆိတ်မှု ‘ဝိဝေက’(နိဗ္ဗာန်) သို့ ရှိုင်း၏ဟု (မိန့်ဆို၏)။

၄၆၅။ “အသျှင်မ ခံစားမှု‘ဝေဒနာ’တို့သည် အဘယ်မျှတို့ပါနည်း” ဟု (လျှောက်၏)။

http://www.dhammadownload.com



ဒါယကာ ဝိသာခ ခံစားမှု'ဝေဒနာ'တို့သည် ချမ်းသာ ခံစားမှု, ဆင်းရဲခံစားမှု, ဆင်းရဲမဟုတ် ချမ်းသာ မဟုတ်သော ခံစားမှု၊ဤသုံးပါးတို့တည်း ဟု (မိန့်ဆို၏)။

"အသျှင်မ ချမ်းသာခံစားမှုသည် အဘယ်ပါနည်း၊ ဆင်းရဲခံစားမှုသည် အဘယ်ပါနည်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် အဘယ်ပါနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ကိုယ်၌သော်၎င်း စိတ်၌သော်၎င်း ဖြစ်သည့် ချမ်းမြေ့သာယာစွာ ခံစားခြင်းသည် ချမ်းသာခံစားမှုပင်တည်း။ ဒါယကာ ဝိသာခ ကိုယ်၌သော်၎င်း စိတ်၌သော်၎င်းဖြစ်သည့် ဆင်းရဲငိုကြွေးစွာ ခံစားခြင်းသည် ဆင်းရဲခံစားမှုပင်တည်း။ ဒါယကာ ဝိသာခ ကိုယ်၌သော်၎င်း စိတ်၌သော်၎င်း ဖြစ်သည့်သာယာစွာလည်း မဟုတ် မသာမယာလည်းမဟုတ်သော ခံစားခြင်းသည် ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုပင်တည်း ဟု (မိန့်ဆို၏)။

"အသျှင်မ ချမ်းသာခံစားမှုသည် မည်သို့ချမ်းသာပါသနည်း၊ မည်သို့ ဆင်းရဲပါသနည်း၊ ဆင်းရဲခံစားမှုသည် မည်သို့ချမ်းသာပါသနည်း၊ မည်သို့ဆင်းရဲပါသနည်း၊ ဆင်းရဲ မဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် မည်သို့ချမ်းသာပါသနည်း၊ မည်သို့ ဆင်းရဲပါသနည်း"ဟု(လျှောက်၏)။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှုသည် တည်နေဆဲအားဖြင့် ချမ်းသာ၏၊ ပြောင်းလဲသောအားဖြင့်ဆင်းရဲ၏။ ဆင်းရဲခံစားမှုသည် တည်နေဆဲအားဖြင့် ဆင်းရဲ၏၊ ပြောင်းလဲသောအားဖြင့် ချမ်းသာ၏။ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုသည် သိသောအားဖြင့် ချမ်းသာ၏၊ မသိသောအားဖြင့် ဆင်းရဲ၏ဟု(မိန့်ဆို၏)။

"အသျှင်မ ချမ်းသာခံစားမှု၌ အဘယ်အနုသယသည် ကိန်းဝပ်သနည်း၊ ဆင်းရဲခံစားမှု၌ အဘယ်အနုသယသည်ကိန်းဝပ်သနည်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၌ အဘယ် အနုသယသည် ကိန်းဝပ်သနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခချမ်းသာခံစားမှု၌ရာဂါနုသယသည် ကိန်းဝပ်၏၊ ဆင်းရဲခံစားမှု၌ပဋိဃာနုသယသည် ကိန်းဝပ်၏၊ ဆင်းရဲမဟုတ်ချမ်းသာမဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်၏ ဟု (မိန့်ဆို၏)။

"အသျှင်မ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယသည် ကိန်းဝပ်ပါသလော၊ ဆင်းရဲခံစားမှုအားလုံး၌ ပဋိဃာနုသယသည် ကိန်းဝပ်ပါသလော၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယသည် ကိန်းဝပ်ပါသလော"ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယသည် မကိန်းဝပ်၊ ဆင်းရဲခံစားမှုအားလုံး၌ ပဋိဃာနုသယသည် မကိန်းဝပ်၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှုအားလုံး၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ် ဟု (မိန့်ဆို၏)။

"အသျှင်မ ချမ်းသာခံစားမှု၌ အဘယ်ကိုပယ်ရပါမည်နည်း၊ ဆင်းရဲခံစားမှု၌ အဘယ်ကိုပယ်ရပါမည်နည်း၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၌ အဘယ်ကို ပယ်ရပါမည်နည်း" ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှု၌ ရာဂါနုသယကို ပယ်ရမည်၊ ဆင်းရဲခံစားမှု၌ ပဋိဃာနုသယကို ပယ်ရမည်၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၌ အဝိဇ္ဇာနုသယကို ပယ်ရမည် ဟု (မိန့်ဆို၏)။

http://www.dhammadownload.com



"အသျှင်မ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယကို ပယ်သင့်ပါသလော၊ ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယကို ပယ်သင့်ပါသလော၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု အားလုံး၌ အဝိဇ္ဇာနုသယကို ပယ်သင့်ပါသလော"ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ချမ်းသာခံစားမှုအားလုံး၌ ရာဂါနုသယကို မပယ်ရ၊ဆင်းရဲခံစားမှု အားလုံး၌ ပဋိဃာနုသယကို မပယ်ရ၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု အားလုံး၌ အဝိဇ္ဇာနုသယကို မပယ်ရ။

ဒါယကာ ဝိသာခ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' နှင့်တကွ သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့် တကွဖြစ်သော (နီဝရဏ) ကင်းခြင်းကြောင့်ဖြစ်သည့် နှစ်သိမ့်ခြင်း "ပီတိ" ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုပဌမဈာန်ဖြင့် တပ်မက်မှု 'ရာဂ' ကိုပယ်၏၊ ထိုပဌမ ဈာန်၌ ရာဂါနုသယသည် မကိန်းဝပ်။ ဒါယကာ ဝိသာခ ဤသာသနာတော်၌ ရဟန်းသည် "ယခု အခါ၌ အရိယာတို့ ရောက်၍နေကြသည့် တည်ရာ 'အရဟတ္တဖိုလ်' ကို ငါသည် အဘယ်အခါ၌ ရောက်၍နေရအံ့နည်း"ဟု ဆင်ခြင်၏။ ဤသို့မြတ်သော လွတ်မြောက်ရာ အရဟတ္တဖိုလ်၌ တောင့်တ မှုကို ဖြစ်စေသော ရဟန်းအား တောင့်တမှု ဟူသော အကြောင်းကြောင့် စိတ်ဆင်းရဲမှု 'ဒေါမနဿ' ဖြစ်၏၊ ထိုစိတ်ဆင်းရဲမှု 'ဒေါမနဿ'ဖြင့် ထိုခိုက်မှု 'ပဋိဃ' ကို ပယ်၏[၁]၊ ထိုစိတ်ဆင်းရဲမှု 'ဒေါမနဿ'၌ ပဋိဃာနုသယသည် မကိန်းဝပ်။ ဒါယကာ ဝိသာခ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာ ဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းမြောက်ခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့် ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ' ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍ နေ၏။ ထိုစတုတ္ထဈာန်ဖြင့်မသိမှု 'အဝိဇ္ဇာ' ကိုပယ်၏၊ ထိုစတုတ္ထဈာန်၌ အဝိဇ္ဇာနုသယသည် မကိန်းဝပ် ဟု (မိန့်ဆို၏)။

၄၆၆။ "အသျှင်မ ချမ်းသာ ခံစားမှု၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ချမ်းသာခံစားမှု၏ ပြိုင်ဘက်ကား ဆင်းရဲခံစားမှုပင်တည်း ဟု (မိန့်ဆို၏)။

"အသျှင်မ ဆင်းရဲ ခံစားမှု၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဆင်းရဲခံစားမှု၏ ပြိုင်ဘက်ကား ချမ်းသာခံစားမှုပင်တည်းဟု (မိန့်ဆို၏)။

"အသျှင်မ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၏ ပြိုင်ဘက်ကား အဘယ်ပါနည်း" ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု၏ ပြိုင်ဘက်ကား မသိမှု 'အဝိဇ္ဇာ'ပင်တည်းဟု (မိန့်ဆို၏)။

"အသျှင်မ မသိမှု 'အဝိဇ္ဇာ'၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

၁—ဒေါမနဿဖြင့် ပဋိဃကို မပယ်နိုင်။ ငါ၌ ဒေါမနဿကို မဖြစ်စေအံ့ ဟု နှလုံးသွင်းလျက် ဝီရိယကို မြဲမြံစွာပြု၍ ကျင့်သဖြင့် ရအပ်သော အနာဂါမိမဂ်ဖြင့်သာ ပဋိဃကို ပယ်၏ ဟု မှတ်ရာ၏။ ။(အဋ္ဌကထာ)။

http://www.dhammadownload.com



ဒါယကာ ဝိသာခ မသိမှု'အဝိဇ္ဇာ'၏ ပြိုင်ဘက်ကား သိမှု'ဝိဇ္ဇာ'ပင်တည်းဟု (မိန့်ဆို၏)။

"အသျှင်မ သိမှု 'ဝိဇ္ဇာ'၏ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ သိမှု'ဝိဇ္ဇာ'၏ပြိုင်ဘက်ကား လွတ်မြောက်မှု 'ဝိမုတ္တိ'ပင်တည်းဟု(မိန့်ဆို၏)။

"အသျှင်မ လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ လွတ်မြောက်မှု 'ဝိမုတ္တိ'၏ ပြိုင်ဘက်ကား ငြိမ်းမှု 'နိဗ္ဗာန်'ပင်တည်းဟု (မိန့်ဆို၏)။

အသျှင်မ ငြိမ်းမှု 'နိဗ္ဗာန်'၏ ပြိုင်ဘက်ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ဒါယကာ ဝိသာခ ပြဿနာကို လွန်၍သွား၏၊ ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်။ ဒါယကာဝိသာခ မှန်၏၊ မြတ်သော အကျင့်သည် နိဗ္ဗာန်သို့သက်ဝင်၏၊ နိဗ္ဗာန်လျှင် လားရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဒါယကာ ဝိသာခ အလိုရှိခဲ့မူ သင်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအနက်ကို မေးလျှောက်လော့။ သင့်အား မြတ်စွာဘုရား ဖြေကြားတော်မူသည့် အတိုင်း ထိုအနက်ကို မှတ်လော့ ဟု (မိန့်ဆို၏)။

၄၆၇။ ထိုအခါ ဝိသာခ ဥပါသကာသည် ဓမ္မဒိန္နာရဟန်းမိန်းမ၏ စကားကို နှစ်သက် ဝမ်းမြောက်၍ နေရာမှထလျက် ဓမ္မဒိန္နာရဟန်းမိန်းမကို ရှိသေစွာ ရှိခိုးပြီးလျှင် အရိုအသေပြုကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိသေစွာရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးသော် ဓမ္မဒိန္နာ ရဟန်းမိန်းမနှင့် အတူ ကောင်းစွာ နှီးနှောပြောဆိုခဲ့သမျှသော စကားအလုံးစုံကို မြတ်စွာဘုရား အား လျှောက်ကြား၏။

ဤသို့ လျှောက်ကြားသော် မြတ်စွာဘုရားသည် ဝိသာခ ဥပါသကာအား—"ဝိသာခ ဓမ္မဒိန္နာ ရဟန်းမိန်းမသည် ပညာရှိ၏၊ ဝိသာခ ဓမ္မဒိန္နာ ရဟန်းမိန်းမသည် များသောပညာရှိ၏၊ ဝိသာခ ငါ့ကိုလည်း အကယ်၍ ထိုအနက်ကို မေးငြားအံ့၊ ငါသည်လည်း ထိုအနက်ကို ဓမ္မဒိန္နာ ရဟန်း မိန်းမ ဖြေကြားသကဲ့သို့ပင်လျှင် ဖြေကြားရာ၏၊ ထိုပြဿနာ၏ အနက်သည် ဤအနက်ပင်တည်း၊ ဤသို့ပင် ထိုအနက်ကို မှတ်လော့"ဟု (မိန့်တော်မူ၏)။ ဝိသာခ ဥပါသကာသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

လေးခုမြောက် စူဠဝေဒလ္လသုတ် ပြီး၏။

---

## ၅-စူဠဓမ္မသမာဒါနသုတ်

၄၆၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက် ထားကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်ဆိုတော်မူ၏။ ရဟန်းတို့ တရားကို ဆောက်တည်ခြင်း တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ ရဟန်းတို့ ပစ္စုပ္ပန်၌ ချမ်းသာ၍

http://www.dhammadownload.com



နောင်အခါ၌ ဆင်းရဲကျိုးရှိသော တရားဆောက်တည်ခြင်းသည်ရှိ၏၊ ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏၊ ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏၊ ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏။

၄၆၉။ ရဟန်းတို့ ပစ္စုပ္ပန်၌ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းကား အဘယ်နည်း။ရဟန်းတို့ "ကာမတို့၌ အပြစ်မရှိ"ဟု ပြောဆိုလေ့ရှိကုန် ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိုသူတို့သည် ကာမဂုဏ်တို့ကို သုံးဆောင်ခံစားကုန်၏။ ဆံထုံးထုံးကုန်သော ရသေ့ပရိဗိုဇ်မတို့နှင့် ပျော်ပါးကုန်၏။ ထိုအသျှင် သမဏဗြာဟ္မဏတို့သည်"ကာမတို့၌ အဘယ်မည်သော မရောက်လာသေးသောဘေးကို မြင်ကုန်၍ ကာမတို့ကိုပယ်ခြင်းကို ပြောဆိုရကုန်ဘိသနည်း၊ ကာမတို့ကို လွန်မြောက်ခြင်းကို ပညတ်ရကုန်ဘိသနည်း၊ ပျိုနုသော ဤပရိဗိုဇ်မ၏ နူးညံ့သောအမွေးရှိသော လက်မောင်း အတွေ့သည် ချမ်းသာ၏"ဟု ထိုသူတို့ ပြောဆိုကုန်၏။ ထိုသူတို့သည် ကာမဂုဏ်တို့ကို ခံစားကြကုန်၏။ ကာမဂုဏ်တို့ကို ခံစားကြကုန်သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရာငရဲသို့ ရောက်ကြရကုန်၏။ ထိုသူတို့သည် ထိုငရဲ၌ ကြမ်းတမ်း စပ်ခါး ဆိုးရွားထက်မြက်သော ဆင်းရဲဝေဒနာကို ခံစားကြရကုန်၏။ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် "ကာမတို့၌ ဤမရောက်လာသေးသောဘေးကို မြင်ကုန်၍ ကာမတို့ကိုပယ်ခြင်းကို ပြောဆိုကုန်၏၊ ကာမတို့ကို လွန်မြောက်ခြင်းကို ပညတ်ကုန်၏၊ငါတို့သည် ကာမအထောက်ပံ့ ကာမအရင်းခံကြောင့် ကြမ်းတမ်း စပ်ခါး ဆိုးရွားထက်မြက်သော ဆင်းရဲဝေဒနာကို ခံစားကြရကုန်၏"ဟု ထိုသူတို့ ပြောဆိုကုန်၏။

ရဟန်းတို့ ဥပမာသော်ကား နွေဥတုတို့၏နောက်ဆုံးလ၌ မာလောနွယ်သီးမှည့်သည် ကွဲရာ၏၊ ထိုအခါ ထိုမာလောနွယ်စေ့သည် တခုသောအင်ကြင်းပင်ရင်း၌ ကျရာ၏။ ထိုအခါ ထိုအင်ကြင်းပင်၌ စောင့်နေသော နတ်သည် ကြောက်၍ ထိတ်လန့်လျက် ပူပန်ခြင်းသို့ ရောက်ရာ၏။ ထိုအခါ ထိုအင်ကြင်းပင်စောင့်နတ်၏ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်း ဖြစ်ကုန်သော အရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးမျိုးပင် မြက်ပင် တောစိုးပင်တို့၌ စောင့်နေသောနတ်တို့သည် ပေါင်းဆုံစုရုံးလာကြ၍ "အသျှင်သည် မကြောက်ပါလင့်၊ အသျှင်သည် မကြောက်ပါလင့်၊ ဤမာလောနွယ်စေ့ကို ဥဒေါင်းသော်လည်း မျိုရာ၏၊ သားကောင်သော်လည်း စားရာ၏၊ တောမီးသော်လည်း လောင်ရာ၏၊ တောအလုပ်သမားတို့သော်လည်း ကောက်ယူသွားကုန်ရာ၏၊ ခြတို့သော်လည်း တက်ကုန်ရာ၏၊ မျိုးမအောင်ပဲသော်လည်း ဖြစ်ရာ၏"ဟု စိတ်သက်သာရာ ရစေကုန်ရာ၏။

ရဟန်းတို့ ထို့နောက် ထိုမာလောနွယ်စေ့ကို ဥဒေါင်းလည်း မမျိုရာ၊ သားကောင်လည်း မစားရာ၊ တောမီးလည်း မလောင်ရာ၊ တောအလုပ်သမားတို့လည်း ကောက်ယူမသွားကုန်ရာ၊ ခြတို့လည်း မတက်ကုန်ရာ၊ မျိုးအောင်သည်လည်း ဖြစ်ရာ၏။ ထိုမာလောနွယ်စေ့သည် မိုးဦးကျမိုးရွာသွန်းသော် ကောင်းစွာသာသျှင် ပေါက်ရာ၏။ ထိုမာလောနွယ်သည် ပျိုနု၏၊ နူးညံ့၏၊ အမွေးရှိ၏၊ နွယ်လက်မောင်းရှိ၏၊ ထိုမာလောနွယ်သည် ထိုအင်ကြင်းပင်ကို ကပ်မှီရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါ ထိုအင်ကြင်းပင်စောင့်နတ်အား ဤသို့ အကြံဖြစ်ရာ၏—

"မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းဖြစ်ကုန်သော ထိုအသျှင် အရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးမျိုးပင် မြက်ပင် တောစိုးပင်တို့၌ စောင့်သောနတ်တို့သည် မာလောနွယ်စေ့၌ အဘယ်မည်သော မရောက်လာသေးသည့်ဘေးကို မြင်ကုန်၍ ပေါင်းဆုံစုရုံးလာကြကာ 'အသျှင်သည် မကြောက်ပါလင့်၊ အသျှင်သည် မကြောက်ပါလင့်၊ ဤမာလောနွယ်စေ့ကို ဥဒေါင်းသော်လည်း မျိုရာ၏၊ သားကောင်သော်လည်း စားရာ၏၊ တောမီးသော်လည်း လောင်ရာ၏၊ တောအလုပ်သမားတို့သည်သော်လည်း ကောက်ယူသွားကုန်ရာ၏၊ ခြတို့သော်လည်း တက်ကုန်ရာ၏၊ မျိုးမအောင်ပဲသော်လည်း ဖြစ်ရာ၏'ဟု ဤသို့ စိတ်သက်သာရာ ရစေကုန်ဘိသနည်း၊ ပျိုနုသော ဤမာလောနွယ်၏ နူးညံ့သော အမွေးရှိသော နွယ်လက်မောင်း အတွေ့သည် ချမ်းသာ၏"ဟု (အကြံဖြစ်ရာ၏)။

ထိုမာလောနွယ်သည် ထိုအင်ကြင်းပင်ကို ရစ်ပတ်နွယ်တက်၍ အထက်၌ ခွရက်ခြင်းကိုပြုလျက် အောက်သို့တွဲကြပြီးလျှင် ထိုအင်ကြင်းပင်၏ ကြီးကုန်ကြီးကုန်သော အကိုင်းတို့ကို ချိုးဖျက်ရာ၏။

ရဟန်းတို့ ထိုအခါ ထိုအင်ကြင်းပင်စောင့်နတ်အား ဤသို့ အကြံဖြစ်ရာ၏—

"မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းဖြစ်သော ထိုအသျှင် အရံစောင့်နတ် တောစောင့်နတ် သစ်ပင်စောင့်နတ် ဆေးမျိုးပင် မြက်ပင် တောစိုးပင်တို့၌ စောင့်နေရသောနတ်တို့သည် မာလောနွယ်စေ့၌ ဤမရောက်လာသေးသော ဘေးကိုမြင်၍ ပေါင်းဆုံစုရုံးလာကြလျက် 'အသျှင်သည် မကြောက်ပါလင့်၊ အသျှင်သည် မကြောက်ပါလင့်' ဤမာလောနွယ်စေ့ကို ဥဒေါင်းသော်လည်း မျိုရာ၏၊ သားကောင်သော်လည်း စားရာ၏၊ တောမီးသော်လည်း လောင်ရာ၏၊ တောအလုပ်သမားတို့သော်လည်း ကောက်ယူသွားကုန်ရာ၏၊ ခြတို့သော်လည်း တက်ကုန်ရာ၏၊ မျိုးမအောင်ပဲ့သော်လည်း ဖြစ်ရာ၏'ဟု စိတ်သက်သာရာ ရစေကုန်ရာ၏။ ငါသည် မာလောနွယ်စေ့ဟူသော အကြောင်းကြောင့် ကြမ်းတမ်း စပ်ခါး ဆိုးရွားထက်မျက်သော ဆင်းရဲဝေဒနာကို ခံစားရ၏"ဟု (အကြံဖြစ်ရာ၏)။

ရဟန်းတို့ ဤအတူပင်လျှင် "ကာမတို့၌ အပြစ်မရှိ"ဟု ပြောဆိုလေ့ရှိကုန် ယူလေ့ရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ ထိုသူတို့သည် ကာမဂုဏ်တို့ကို သုံးဆောင် ခံစားကုန်၏၊ ဆံထုံးထုံးသော ရသေ့ပရိဗိုဇ်မတို့နှင့် ပျော်ပါးကုန်၏။ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် "ကာမတို့၌ အဘယ်မည်သော မရောက်လာသေးသော ဘေးကိုမြင်ကုန်၍ ကာမတို့ကိုပယ်ခြင်းကို ပြောဆိုရကုန်ဘိသနည်း၊ ကာမတို့ကို လွန်မြောက်ခြင်းကို ပညတ်ရကုန်ဘိသနည်း၊ ပျိုနုသော ဤပရိဗိုဇ်မ၏ နူးညံ့သောအမွေးရှိသော လက်မောင်းအတွေ့သည် ချမ်းသာ၏"ဟု ထိုသူတို့သည် ပြောဆိုကုန်၏။ ထိုသူတို့သည် ကာမဂုဏ်တို့ကို ခံစားကြကုန်၏၊ ကာမဂုဏ်တို့ကို ခံစားကြကုန်သောကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ကျရာငရဲသို့ ရောက်ရကုန်၏။ ထိုသူတို့သည် ထိုငရဲ၌ ကြမ်းတမ်း စပ်ခါး ဆိုးရွား ထက်မျက်သော ဆင်းရဲဝေဒနာကို ခံစားကြရကုန်၏။ ထိုအသျှင် သမဏ ဗြာဟ္မဏ တို့သည် "ကာမတို့၌ ဤမရောက်လာသေးသော ဘေးကိုမြင်ကုန်၍ ကာမတို့ကိုပယ်ခြင်းကို ပြောဆိုကုန်

http://www.dhammadownload.com



ရာ၏၊ ကာမတို့ကို လွန်မြောက်ခြင်းကို ပညတ်ကုန်ရာ၏၊ ငါတို့သည် ကာမအထောက်အပံ့ ကာမအရင်းခံကြောင့် ဤကြမ်းတမ်း စပ်ခါး ဆိုးဝါးထက်မျက်သော ဆင်းရဲဝေဒနာကို ခံစားကြ ရကုန်၏''ဟု ထိုသူတို့ ပြောဆိုကုန်၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းဟု ဆိုရ၏။

၄၇၀။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရား ဆောက်တည်ခြင်းသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အဝတ်မဝတ်ပဲနေ၏၊ လွတ်လပ်စွာကျင့်၏၊ လက်ဖြင့်(မစင်ကို)သုတ်၏၊ အသျှင်လာလော့ဆိုသူ၏ ဆွမ်းကိုမခံ၊ အသျှင်ရပ်လော့ဆိုသူ၏ဆွမ်း ကိုမခံ၊မိမိမကပ်ရောက်မီ ယူဆောင်လာသောဆွမ်းကိုမခံ၊ရည်စူး၍ပြုသောဆွမ်းကိုမခံ၊ပင့်ဖိတ်ဆွမ်း ကိုမခံ၊ အိုးဝမှ(ကော်၍လောင်းသော)ဆွမ်းကိုမခံ၊ တောင်းဝမှ(ကော်၍လောင်းသော)ဆွမ်းကို မခံ၊ တံခါးခုံခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ တုတ်ခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ ကျည်ပွေ့ခြား၍ (လောင်းသော) ဆွမ်းကိုမခံ၊ နှစ်ယောက်စားနေစဉ် ထ၍ (လောင်းသော) ဆွမ်းကိုမခံ၊ ကိုယ်ဝန်ဆောင်မိန်းမ လောင်းသော ဆွမ်းကိုမခံ၊ နို့တိုက်ဆဲ မိန်းမ လောင်းသော ဆွမ်းကိုမခံ၊ ယောကျ်ားနှင့် နှီးနှောနေသော မိန်းမ လောင်းသော ဆွမ်းကိုမခံ၊ ဆော်အော စုဆောင်း၍ လောင်းသော ဆွမ်းတို့ကိုမခံ၊ ခွေးမျှော်ရာမှ ဆွမ်းကိုမခံ၊ ယင်အုံရာမှဆွမ်းကိုမခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက် အရက်မသောက်၊ ဖွဲ၌မြုပ်သော ဆေးရည်ကို မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာစား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏။ပ။ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာစား၏၊ ဆွမ်းလောင်း ခွက်ငယ် တခုစာဖြင့်လည်း ရောင့်ရဲ၏၊ ဆွမ်းလောင်း ခွက်ငယ် နှစ်ခုစာဖြင့်လည်း ရောင့်ရဲ၏။ပ။ ဆွမ်းလောင်း ခွက်ငယ် ခုနစ်ခုစာတို့ဖြင့်လည်း ရောင့်ရဲ၏၊ တရက်ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာ စား၏။ပ။ ခုနစ်ရက်ခြားလည်း အစာစား၏။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့ သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်းအကျင့်ကို ကျင့်လျက်နေ၏။

ထိုသူသည် ဟင်းရွက်ကိုသော်လည်း စားနေ၏၊ ပြောင်းဆန်ကိုသော်လည်းစားနေ၏၊ ကျိတ်သီး ဆန်ကိုသော်လည်း စားနေ၏၊ သားရေဖတ် အစအနကိုသော်လည်း စားနေ၏၊ မှော်ကို သော်လည်း စားနေ၏၊ ဖွဲနုကိုသော်လည်း စားနေ၏၊ ထမင်းရည်ကိုသော်လည်း သောက်နေ၏၊ နှမ်းမှုန့်ညက်ကိုသော်လည်း စားနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကိုသော်လည်း စားနေ၏၊ တောသစ်မြစ်သစ်သီးကိုစားလျက် မျှတ၏၊ ကြွေကျသော သစ်သီးကိုစားလျက် မျှတ၏။

ထိုသူသည် ပိုက်ဆံလျှော် အဝတ်တို့ကိုလည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုလည်း ဝတ်၏၊ လူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏၊ ပံ့သုကူအဝတ်တို့ကိုလည်း ဝတ်၏၊ သစ်ခေါက် အဝတ်တို့ကိုသော်လည်း ဝတ်၏၊ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက် ရေမျှင်အဝတ်ကိုလည်း ဝတ်၏၊ သမန်းမြက် အဝတ်ကိုလည်း ဝတ်၏၊ လျှော်တေ အဝတ်ကိုလည်း ဝတ်၏၊ ပျဉ်ချပ်အဝတ်ကိုလည်း ဝတ်၏၊ ဆံခြည်ကမ္ဗလာ အဝတ်ကိုလည်း ဝတ်၏၊ သားမြီးကမ္ဗလာ ကိုလည်း ဝတ်၏၊ ခင်ပုတ်ငှက်တောင် အဝတ်ကိုလည်း ဝတ်၏၊ ဆံမုတ်ဆိတ်ကိုလည်း နုတ်၏၊ ဆံမုတ်ဆိတ် နုတ်ခြင်းအမှုကို အားထုတ်၏၊ ထိုင်ရန်နေရာကိုပယ်၍ ရပ်လျက်လည်း နေ၏။ ဆောင့်ကြောင့် ထိုင်နေ၏၊ ဆောင့်ကြောင့် ထိုင်နေခြင်း အမှုကိုလည်း အားထုတ်၏၊ ဆူးအခင်း ပေါ်၌လည်း နေ၏၊ ဆူးအခင်းပေါ်၌ အိပ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့သက်ခြင်း

http://www.dhammadownload.com



အမှုကို အားထုတ်နေ၏။ ဤသို့လျှင် ဤသို့သဘောရှိသည့် များပြားသောကိုယ်ကို လွန်မင်းစွာ ပူပန်စေသောအကျင့်ကို မပြတ်အားထုတ်လျက်နေ၏။

ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီး၍ကျရာ ငရဲသို့ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်း ဟု ဆိုရ၏။

၄၇၁။ ရဟန်းတို့ ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသည့်တရား ဆောက်တည်ခြင်းကား အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် ပြကတေ့အားဖြင့် တပ်မက်မှု 'ရာဂ' အားကြီးသောသဘော ရှိ၏၊ ထိုသူသည် တပ်မက်မှု 'ရာဂ'ကြောင့် ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ်ခံစားရ၏။ ပြကတေ့အားဖြင့် ပြစ်မှားမှု 'ဒေါသ' အားကြီးသောသဘောရှိ၏၊ ထိုသူသည် ပြစ်မှားမှု 'ဒေါသ' ကြောင့် ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ်ခံစားရ၏။ ပြကတေ့အားဖြင့် တွေဝေမှု 'မောဟ' အားကြီးသော သဘော ရှိ၏၊ ထိုသူသည် တွေဝေမှု 'မောဟ'ကြောင့်ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ်ခံစားရ၏။ ထိုသူသည် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း မျက်ရည်စက်လက် ငိုကြွေးလျက် ပြည့်စုံစင်ကြယ်စွာ မြတ်သော အကျင့်ကိုကျင့်၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုး ရှိသည့်တရား ဆောက်တည်ခြင်း ဟု ဆိုရ၏။

၄၇၂။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသည့် တရား ဆောက်တည်ခြင်းကား အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် ပြကတေ့အားဖြင့် တပ်မက်မှု 'ရာဂ' အားကြီးသော သဘောမရှိ၊ ထိုသူသည် တပ်မက်မှု 'ရာဂ'ကြောင့် ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ်မခံစားရ။ ပြကတေ့အားဖြင့် ပြစ်မှားမှု 'ဒေါသ' အားကြီးသော သဘောမရှိ၊ ထိုသူသည် ပြစ်မှားမှု 'ဒေါသ'ကြောင့် ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ် မခံစားရ။ ပြကတေ့အားဖြင့် တွေဝေမှု 'မောဟ' အားကြီးသော သဘော မရှိ၊ ထိုသူသည် တွေဝေမှု 'မောဟ'ကြောင့် ဖြစ်သော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို မပြတ်မခံစားရ။ ထိုသူသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'နှင့်တကွဖြစ်သော (နီဝရဏ) ကင်းခြင်းကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏၊ ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ'ကြောင့်ဖြစ်သည့် နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ပ။ စတုတ္ထဈာန်သို့ရောက်၍နေ၏။ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍သေသည်မှ နောက်၌ ကောင်းသောလားရာ ဗြဟ္မာ့ပြည်သို့ ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသည့် တရားဆောက်တည်ခြင်း ဟု ဆိုရ၏။

ရဟန်းတို့ တရားဆောက်တည်ခြင်းတို့သည် ဤလေးပါးတို့ပင်တည်းဟု ဤတရားစကားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားကို နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ငါးခုမြောက်သော စူဠဓမ္မသမာဒါနသုတ် ပြီး၏။

http://www.dhammadownload.com



## ၆-မဟာဓမ္မသမာဒါနသုတ်

၄၇၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား ကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ များသောအားဖြင့် သတ္တဝါတို့သည် 'အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်မူ ကောင်းလေစွ၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ တိုးပွါးကုန်မူ ကောင်းလေစွ' ဟု ဤသို့လိုလားခြင်း ရှိကုန်၏။ ဤသို့ လိုချင်ခြင်း ရှိကုန်၏၊ ဤသို့ရလိုကုန်၏။ ရဟန်းတို့ ထိုသတ္တဝါတို့အား ဤသို့လိုလားခြင်း လိုချင်ခြင်း ရလိုခြင်း ရှိကုန်လျက် အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သောတရားတို့ ဆုတ်ယုတ်ကုန်၏။ ရဟန်းတို့ ထိုသို့ဖြစ်ရာ၌ သင်တို့သည် အဘယ်အကြောင်းကို ယုံကြည်ကုန်သနည်း"ဟု (မေးတော်မူ၏)။

အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အမြွန်ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ဆောင်ပြတတ်သူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် သက်ဝင်ရာ ရှိပါကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ ထိုမိန့်ဆိုတော်မူသော တရားစကား၏ အနက်အဓိပ္ပါယ်ကို မြတ်စွာဘုရားသာလျှင် ဝေဘန် ဟောကြားတော်မူပါ၊ မြတ်စွာဘုရားအထံမှ နာကြား၍ ရဟန်းတို့သည် ဆောင်ကြပါကုန်လိမ့်မည် ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုသို့ဖြစ်လျှင် နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားပေအံ့ ဟု (မိန့်တော်မူ၏)။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက် ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။

၄၇၄။ ရဟန်းတို့ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိ၊ အရိယာတရား၌ မကျွမ်းကျင်သော အရိယာတရား၌ ယဉ်ကျေးမှု မရှိသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိ၊ သူတော်ကောင်းတရား၌ မကျွမ်းကျင် သူတော်ကောင်းတရား၌ ယဉ်ကျေးမှု မရှိသော အကြားအမြင် မရှိသော ပုထုဇ္ဇန်သည် မှီဝဲသင့်သောတရား မမှီဝဲသင့်သော တရားတို့ကို မသိ၊ ဆည်းပူးသင့်သောတရား မဆည်းပူးသင့်သော တရားတို့ကို မသိ၊ ထိုသူသည် မှီဝဲသင့်သောတရား မမှီဝဲသင့်သော တရားတို့ကို မသိမူ၍ ဆည်းပူးသင့်သောတရား မဆည်းပူးသင့်သော တရားတို့ကို မသိပဲ မမှီဝဲသင့်သော တရားတို့ကို မှီဝဲ၏၊ မှီဝဲသင့်သော တရားတို့ကို မမှီဝဲ။ မဆည်းပူးသင့်သော တရားတို့ကို ဆည်းပူး၏၊ ဆည်းပူးသင့်သော တရားတို့ကို မဆည်းပူး။ မမှီဝဲသင့်သော တရားတို့ကို မှီဝဲ၍ မှီဝဲသင့်သော တရားတို့ကို မမှီဝဲသော မဆည်းပူးသင့်သော တရားတို့ကို ဆည်းပူး၍ ဆည်းပူးသင့်သော တရားတို့ကို

http://www.dhammadownload.com



မဆည်းပူးသော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။ ရဟန်းတို့ ထိုသဘောသည် မသိတတ်သူ လူမိုက်တို့၏ ထုံးတမ်းအတိုင်း ဖြစ်ရမြဲဖြစ်သောကြောင့်တည်း[၁]။

ရဟန်းတို့ အရိယာတို့ကို ဖူးမြင်လေ့ရှိသော အရိယာတရား၌ ကျွမ်းကျင်သော အရိယာတရား၌ ယဉ်ကျေးပြီးသော, သူတော်ကောင်းတို့ကို ဖူးမြင်လေ့ရှိသော သူတော်ကောင်းတရား၌ ကျွမ်းကျင်သော သူတော်ကောင်းတရား၌ ယဉ်ကျေးပြီးသော အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သည် မှီဝဲသင့်သောတရား မမှီဝဲသင့်သောတရားတို့ကို သိ၏၊ ဆည်းပူးသင့်သော တရား မဆည်းပူးသင့်သော တရားတို့ကို သိ၏။ ထိုသူသည် မှီဝဲသင့်သောတရား မမှီဝဲသင့်သော တရားတို့ကို သိ၍ ဆည်းပူးသင့်သောတရား မဆည်းပူးသင့်သော တရားတို့ကို သိ၍ မမှီဝဲသင့်သော တရားတို့ကို မမှီဝဲ၊ မှီဝဲသင့်သော တရားတို့ကို မှီဝဲ၏။ မဆည်းပူးသင့်သော တရားတို့ကို မဆည်းပူး၊ ဆည်းပူးသင့်သော တရားတို့ကို ဆည်းပူး၏။ မမှီဝဲသင့်သော တရားတို့ကို မမှီဝဲပဲ မှီဝဲသင့်သော တရားတို့ကို မှီဝဲသော မဆည်းပူးသင့်သော တရားတို့ကို မဆည်းပူးပဲ ဆည်းပူးသင့်သော တရားတို့ကို ဆည်းပူးသော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် ပညာရှိ လူလိမ္မာတို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲဖြစ်သောကြောင့်တည်း။

၄၇၅။ ရဟန်းတို့ တရားဆောက်တည်ခြင်းတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ— ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏။ ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏။ ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏။ ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော တရားဆောက်တည်ခြင်းသည် ရှိ၏။

၄၇၆။ ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌လည်းဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုး ရှိ၏" ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိ၊ ထိုတရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၏၊ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်၊ ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၍ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်သော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် မသိတတ်သူ လူမိုက်တို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲဖြစ်သောကြောင့်တည်း (၁)။

---

၁။ မသိမမြင်သော သူမိုက်အား ထိုအနိဋ္ဌဓမ္မတို့သည် ဖြစ်လေသကဲ့သို့ ထိုအတူ မှီဝဲအပ်သည်ကို မမှီဝဲ၊ မမှီဝဲအပ်သည်ကို မှီဝဲသောသူအား ထိုအနိဋ္ဌတရားတို့သည် ဖြစ်ကုန်၏။ (အဋ္ဌကထာ)။

http://www.dhammadownload.com



ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌ ချမ်းသာ၍ နောက်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုး ရှိ၏"ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိ၊ ထိုတရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၏၊ထိုတရား ဆောက်တည်ခြင်းကို မကြဉ်ရှောင်၊ ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၍ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်သော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်ကုန်သော တရားတို့ တိုးပွါးကုန်၏။ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် မသိတတ်သူ လူမိုက်တို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲဖြစ်သောကြောင့်တည်း။ (၂)

ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရား ဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုး ရှိ၏"ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိ၊ ထိုတရားဆောက်တည်ခြင်းကို ပညာမဲ့သူ သူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည် ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ မသိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မမှီဝဲ၊ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်၏၊ထိုတရားဆောက်တည်ခြင်းကို မမှီဝဲပဲ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်သော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် မသိတတ်သူ လူမိုက်တို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။ (၃)

ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားတော်ဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌လည်းချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိ၏"ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍မသိ၊ထိုတရားဆောက်တည်ခြင်းကို ပညာမဲ့သူ လူမိုက်သည် မသိမှု 'အဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍မသိမှုကြောင့် ထိုတရား ဆောက်တည်ခြင်းကို မမှီဝဲ၊ ထိုတရား ဆောက်တည်ခြင်းကို ကြဉ်ရှောင်၏၊ ထိုတရား ဆောက်တည်ခြင်းကို မမှီဝဲပဲ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်သောထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့တိုးပွါးကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် မသိတတ်သူ လူမိုက်တို့ထုံးတမ်းအတိုင်း ဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။ (၄)

၄၇၇။ ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌လည်းဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌လည်းဆင်းရဲ နောင်အခါ၌လည်းဆင်းရဲကျိုးရှိ၏"ဟု ဟုတ်တိုင်း

http://www.dhammadownload.com



မှန်စွာ ခွဲခြား၍ သိ၏၊ ထိုတရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မမှီဝဲ၊ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်၏၊ ထိုတရားဆောက်တည်ခြင်းကို မမှီဝဲပဲ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်သော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သော တရားတို့ တိုးပွါးကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် ပညာရှိ လူလိမ္မာတို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲဖြစ်သောကြောင့်တည်း။ (၁)

ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ဆင်းရဲကျိုးရှိ၏" ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏၊ ထို တရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍ သိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မမှီဝဲ၊ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်၏၊ ထိုတရားဆောက်တည်ခြင်းကို မမှီဝဲပဲ ထိုတရားဆောက်တည်ခြင်းကို ကြဉ်ရှောင်သောထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သောတရားတို့ တိုးပွါးကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် ပညာရှိ လူလိမ္မာတို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။ (၂)

ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသည့်တရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရား ဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာ၏" ဟု ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏၊ ထိုတရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကိုမှီဝဲ၏၊ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်၊ ထိုတရားဆောက်တည်ခြင်းကိုမှီဝဲ၍ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်သော ထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏၊ အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သောတရားတို့ တိုးပွါးကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် ပညာရှိ လူလိမ္မာတို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။ (၃)

ရဟန်းတို့ ထိုလေးပါးတို့တွင် ပစ္စုပ္ပန်၌လည်းချမ်းသာ နောင်အခါ၌လည်းချမ်းသာကျိုးရှိသည့် တရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ "ဤတရားဆောက်တည်ခြင်းသည် ပစ္စုပ္ပန်၌လည်းချမ်းသာ နောင်အခါ၌လည်းချမ်းသာ၏" ဟု ဟုတ်တိုင်းမှန်စွာခွဲခြား၍သိ၏၊ ထိုတရားဆောက်တည်ခြင်းကို ပညာရှိသူသည် သိမှု 'ဝိဇ္ဇာ' ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာခွဲခြား၍ သိမှုကြောင့် ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၏၊ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်၊ ထိုတရားဆောက်တည်ခြင်းကို မှီဝဲ၍ ထိုတရားဆောက်တည်ခြင်းကို မကြဉ်ရှောင်သောထိုသူအား အလိုမရှိအပ် မနှစ်သက်အပ် စိတ်နှလုံးကို မပွါးစေတတ်သော တရားတို့ ဆုတ်ယုတ်ကုန်၏။အလိုရှိအပ် နှစ်သက်အပ် စိတ်နှလုံးကို ပွါးစေတတ်သောတရားတို့ တိုးပွါးကုန်၏။ ထိုသို့ ဖြစ်ခြင်းသည်

http://www.dhammadownload.com



အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသဘောသည် ပညာရှိလူ့သိမ္မာတို့ ထုံးတမ်းအတိုင်း ဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။ (၄)

၄၇၈။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်းဆင်းရဲ၍ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်းသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့အသက်သတ်ခြင်း ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း မပေးသည်ကို ယူလေ့ရှိ၏၊ မပေးသည်ကို ယူခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ကာမတို့၌မှားသောအားဖြင့် ကျင့်လေ့ရှိ၏၊ ကာမတို့၌ မှားသောအားဖြင့်ကျင့်ခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း မုသားပြောဆိုလေ့ရှိ၏၊ မုသားပြောဆိုခြင်း ဟူသောအကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှင့်တကွလည်း ကုန်းစကားပြော၏၊ ကုန်းစကားပြောခြင်း ဟူသောအကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ကြမ်းတမ်းသောစကားကို ပြောဆို၏၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' များ၏၊ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း ဖျက်ဆီးလိုသောစိတ် ရှိ၏၊ ဖျက်ဆီးလိုမှုဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း မှားသော အယူရှိ၏၊ မှားသောအယူ ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌လည်းဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်း ဟု ဆိုအပ်၏။ (၁)

၄၇၉။ ရဟန်းတို့ ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့်တရား ဆောက်တည်ခြင်းသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း သူ့အသက်ကို သတ်လေ့ရှိ၏၊ သူ့အသက် သတ်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း မပေးသည်ကို ယူလေ့ရှိ၏၊ မပေးသည်ကို ယူခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွ ကာမတို့၌ မှားသောအားဖြင့် ကျင့်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း မုသား ပြောဆိုလေ့ရှိ၏၊ မုသားပြောဆိုခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။

ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ကုန်းစကား ပြောဆို၏၊ ကုန်းစကား ပြောဆိုခြင်း ဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ကြမ်းတမ်းသော စကားကို ပြောဆို၏၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုလေ့ရှိ၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း ဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' များ၏၊ ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' ဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း ဖျက်ဆီးလိုသောစိတ် ရှိ၏၊ ဖျက်ဆီးလိုမှု ဟူသောအကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း မှားသော အယူရှိ၏၊ မှားသောအယူဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ထိုသူသည် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသဖြင့်လားရာ ပျက်စီး၍ ကျရာငရဲသို့ ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသည့် တရားဆောက်တည်ခြင်း ဟု ဆိုအပ်၏။ (၂)

၄၇၀။ ရဟန်းတို့ ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုး ရှိသည့်တရား ဆောက်တည်ခြင်းသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်၏၊ သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်၏၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း ကုန်းစကား ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ကုန်းစကား ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ကြမ်းတမ်းသော စကားကိုပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' မများ၊ ရှေးရှုမကြံစည်မှုဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့် တကွလည်း ဖျက်ဆီးလိုသော စိတ်မရှိ၊ မဖျက်ဆီးလိုခြင်းဟူသော အကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုနှင့်တကွလည်း မှန်သော အယူရှိ၏၊ မှန်သောအယူ

http://www.dhammadownload.com



ဟူသောအကြောင်းကြောင့်လည်း ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုသူသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုး ရှိသည့်တရား ဆောက်တည်ခြင်း ဟု ဆိုအပ်၏။ (၃)

၄၇၁။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသည့်တရား ဆောက်တည်ခြင်းသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်၏၊ သူ့အသက်သတ်ခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်၏၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ကြဉ်ရှောင်၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ မုသားပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ကုန်းစကားပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ကုန်းစကားပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှုဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့်တကွလည်း ပြိန်ဖျင်းသော စကားကိုပြောဆိုခြင်းမှ ကြဉ်ရှောင်၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ရှေးရှုကြံစည်မှု 'အဘိဇ္ဈာ' မများ၊ ရှေးရှုမကြံစည်ခြင်း ဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှု ဝမ်းမြောက်မှုနှင့် တကွလည်း ဖျက်ဆီးလိုသောစိတ်မရှိ၊ မဖျက်ဆီးလိုခြင်းဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှု ဝမ်းမြောက်မှုကို ခံစားရ၏။ ချမ်းသာမှုဝမ်းမြောက်မှုနှင့်တကွလည်း မှန်သောအယူရှိ၏၊ မှန်သောအယူဟူသော အကြောင်းကြောင့်လည်း ချမ်းသာမှုဝမ်းမြောက်မှုကို ခံစားရ၏။ထိုသူသည်ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်သို့ရောက်ရ၏။ ရဟန်းတို့ ဤသည်ကို ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသည့် တရား ဆောက်တည်ခြင်း ဟု ဆိုအပ်၏။

ရဟန်းတို့ တရားဆောက်တည်ခြင်းတို့သည် ဤလေးပါးတို့တည်း။ (၄)

၄၇၂။ ရဟန်းတို့ ဥပမာသော်ကား ခါးသော (အရည်ရှိသော) ဗူးကို အဆိပ်နှင့်ရောထား၏၊ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျာ်းသည် လာရာ၏၊ ထိုယောကျာ်းကို "အချင်းယောကျာ်း ဤခါးသော (အရည်ရှိသော) ဗူးကို အဆိပ်နှင့် ရောထား၏၊ အကယ်၍ အလိုရှိမူ သောက်လော့၊ ထိုသင်သည် သောက်စဉ်မှာ

http://www.dhammadownload.com



လည်း အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်လိမ့်မည်မဟုတ်၊ သောက်ပြီး၍လည်း သေခြင်းသို့ ဖြစ်စေ သေလောက်နီးပါးဖြစ်သော ဆင်းရဲခြင်းသို့ ဖြစ်စေ ရောက်ရလိမ့်မည်”ဟု ဆိုကုန်ရာ၏။ ထိုယောကျ်ားသည် ထိုဗူးခါးရည်ကို မဆင်ခြင်မူ၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် ထိုဗူးခါးရည်ကိုသောက်စဉ်မှာလည်း အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း မနှစ်သက်ရာ၊ သောက်ပြီး၍လည်း သေခြင်းသို့ ဖြစ်စေ သေလောက်နီးပါး ဖြစ်သော ဆင်းရဲသို့ဖြစ်စေ ရောက်ရာ၏။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ဆင်းရဲ နောင်အခါ၌လည်း ဆင်းရဲကျိုးရှိသော ဤတရားဆောက်တည်ခြင်းကို ထိုဗူးခါးရည်သောက်ခြင်းနှင့်တူ၏ ဟု ငါဆို၏။ (၁)

၄၇၃။ ရဟန်းတို့ ဥပမာသော်ကား အဆင်းနှင့်ပြည့်စုံသော အနံ့နှင့် ပြည့်စုံသော အရသာနှင့် ပြည့်စုံသော ဖျော်ရည်ခွက်သည်ရှိရာ၏၊ ထိုခွက်ကိုလည်း အဆိပ်နှင့် ရောထား၏၊ ထိုအခါအသက်ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို “အချင်းယောကျ်ား အဆင်းနှင့်ပြည့်စုံသော အနံ့နှင့်ပြည့်စုံသော အရသာနှင့် ပြည့်စုံသော ဤအဖျော်ရည်ခွက်ကိုလည်း အဆိပ်နှင့်ရောထား၏၊ အကယ်၍ အလိုရှိမူ သောက်လော့၊ ထိုသင်သည် သောက်စဉ်မှာပင် အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်လိမ့်မည်၊ သောက်ပြီးသော်ကား သေခြင်းသို့ဖြစ်စေ သေလောက်နီးပါး ဖြစ်သော ဆင်းရဲသို့ ဖြစ်စေ ရောက်ရလိမ့်မည်”ဟု ဆိုကုန်ရာ၏။ ထိုယောကျ်ားသည် ထိုအဖျော်ရည်ကို မဆင်ခြင်မူ၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် ထိုအဖျော်ရည်ကိုသောက်စဉ်မှာပင် အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာ အားဖြင့်ရင်း နှစ်သက်ရာ၏၊ သောက်ပြီးသော်ကား သေခြင်းသို့ ဖြစ်စေ သေလောက်နီးပါးဖြစ်သော ဆင်းရဲသို့ ဖြစ်စေ ရောက်ရာ၏။ ရဟန်းတို့ ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲကျိုးရှိသော ဤတရားဆောက်တည်ခြင်းကို ထိုအဖျော်ရည် သောက်ခြင်းနှင့်တူ၏ ဟု ငါဆို၏။ (၂)

၄၇၄။ ရဟန်းတို့ ဥပမာသော်ကား နွားကျင်ငယ်ပုတ်ကို ဆေးအမျိုးမျိုးတို့ဖြင့် ရောထား၏၊ ထိုအခါဖျော့တော့အားနည်းသော ရောဂါရှိသော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို “အချင်းယောကျ်ား ဤနွားကျင်ငယ်ပုတ်ကို ဆေးအမျိုးမျိုးတို့ဖြင့် ရောထား၏၊ အကယ်၍ အလိုရှိမူ သောက်လော့၊ ထိုသင်သည် သောက်စဉ်မှာပင် အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်လိမ့်မည်မဟုတ်၊ သောက်ပြီးသော်ကား ချမ်းသာခြင်းရှိသူ ဖြစ်လိမ့်မည်” ဟု ဆိုကုန်ရာ၏။ ထိုယောကျ်ားသည် နွားကျင်ငယ်ပုတ်ကို ဆင်ခြင်၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် နွားကျင်ငယ်ပုတ်ကို သောက်စဉ်မှာပင် အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း မနှစ်သက်ရာ၊ သောက်ပြီးသော်ကား ချမ်းသာခြင်းရှိသူဖြစ်ရာ၏။ ရဟန်းတို့ ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်အခါ၌ ချမ်းသာကျိုးရှိသော ဤတရား ဆောက်တည်ခြင်းကို ထိုနွားကျင်ငယ်ပုတ်ရည် သောက်ခြင်းနှင့်တူ၏ ဟု ငါဆို၏။(၃)

၄၇၅။ ရဟန်းတို့ ဥပမာသော်ကား နို့ဓမ်း, ပျားရည်, ထောပတ်, တင်လဲကို တပေါင်းတည်း ရောထား၏၊ ထိုအခါသွေးသွန်ရောဂါရှိသော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို “အချင်းယောကျ်ား ဤနို့ဓမ်း, ပျားရည်, ထောပတ်, တင်လဲကို တပေါင်းတည်း ရောထား၏၊

http://www.dhammadownload.com



အကယ်၍ အလိုရှိမူ သောက်လော့၊ ထိုသင်သည် သောက်စဉ်မှာလည်း အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်လိမ့်မည်၊ သောက်ပြီး၍လည်း ချမ်းသာခြင်းရှိသူ ဖြစ်လိမ့်မည်" ဟု ဆိုကုန်ရာ၏။ ထိုယောကျ်ားသည် ထို(စတုမဓု) ဆေးကို ဆင်ခြင်၍ သောက်ရာ၏၊ မစွန့်လွှတ်ရာ၊ ထိုယောကျ်ားသည် ထို (စတုမဓု) ဆေးကို သောက်စဉ်မှာလည်း အဆင်းအားဖြင့်ရင်း အနံ့အားဖြင့်ရင်း အရသာအားဖြင့်ရင်း နှစ်သက်ရာ၏၊ သောက်ပြီး၍လည်း ချမ်းသာခြင်းရှိသူ ဖြစ်ရာ၏။ ရဟန်းတို့ ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော ဤတရားဆောက်တည်ခြင်းကို ထို(စတုမဓု)သောက်ခြင်းနှင့် တူ၏ ဟု ငါဆို၏(၄)။

၄၇၆။ ရဟန်းတို့ ဥပမာသော်ကား မိုးဥတုတို့၏ နောက်ဆုံး တန်ဆောင်မုန်းလ အခါတွင် မိုးနှင့်ဝေးသော မိုးတိမ်ကင်းသော ကောင်းကင်၌ နေသည် ကောင်းကင်သို့ တက်လတ်သော် အလုံးစုံသော ကောင်းကင်၌ ဖြစ်သော အမိုက်မှောင်ကို ပယ်ဖျောက်ကာ လင်းလည်း လင်း၏၊ တောက်လည်း တောက်ပ၏၊ တင့်တယ်လည်း တင့်တယ်၏။ ရဟန်းတို့ ဤအတူပင်လျှင် ပစ္စုပ္ပန်၌လည်း ချမ်းသာ နောင်အခါ၌လည်း ချမ်းသာကျိုးရှိသော တရားဆောက်တည်ခြင်းသည် (သာသနာတော်မှ) တပါးဖြစ်သော များစွာသော သမဏဗြာဟ္မဏတို့၏ အယူဝါဒတို့ကို ပယ်ဖျောက်ကာ လင်းလည်း လင်း၏၊ တောက်ပလည်း တောက်ပ၏၊ တင့်တယ်လည်း တင့်တယ်၏ဟု—

ဤတရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်ခြိုက် ဝမ်းမြောက်ကြကုန်၏။

ခြောက်ခုမြောက် မဟာဓမ္မသမာဒါနသုတ် ပြီး၏။

---

## ၇-ဝိမံသကသုတ်

၄၇၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏—

"ရဟန်းတို့ သူတပါး၏ စိတ်ဖြစ်ပုံကိုမသိ၍ စူးစမ်းလိုသောရဟန်းသည် မြတ်စွာဘုရား၌ ဟုတ်တိုင်းမှန်စွာ သိသောဘုရား ဟုတ်လေသလော၊ မဟုတ်လေသလော ဟု သိရန် စူးစမ်းမှုကို ပြုသင့်၏" ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တပည့်တော်တို့အား တရားတို့သည် မြတ်စွာဘုရားလျှင် အမြွန်ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ဆောင်ပြတတ်သူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် သက်ဝင်ရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ စင်စစ် ဤမိန့်ဆိုတော်မူသော စကား၏ အနက်အဓိပ္ပါယ်သည် မြတ်စွာဘုရား၏ ဉာဏ်၌ သာလျှင် ထင်လာ မြင်လာ စေတော်မူပါ၊ မြတ်စွာဘုရား ထံမှ နာကြား၍ ရဟန်းတို့သည် ဆောင်ကြရပါလိမ့်မည်ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ သို့ဖြစ်လျှင် နားထောင်ကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



"အသျှင်ဘုရား ကောင်းလှပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏—

၄၇၇။ ရဟန်းတို့ သူတပါး၏ စိတ်ဖြစ်ပုံကို မသိ၍ စူးစမ်းလိုသော ရဟန်းသည် "မျက်စိဖြင့် မြင်ရ, နားဖြင့်ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလော"ဟု မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော အကျင့်နှစ်ပါးတို့၌ မြတ်စွာဘုရားကို စူးစမ်းရမည်။ သို့စူးစမ်းလတ်သော် "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်"ဟု သိ၏။

ထိုမြတ်စွာဘုရားကို စူးစမ်းလတ်သော် "မျက်စိဖြင့် မြင်ရ, နားဖြင့် ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်"ဟု သိသောအခါ၌ "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ရောစပ်နေသည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလော"ဟု ထိုမြတ်စွာဘုရားကို တဆင့်တက်၍ စူးစမ်းပြန်၏။ သို့စူးစမ်းလတ်သော် "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ရောစပ်နေသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်"ဟု ဤသို့ သိ၏။

ထိုမြတ်စွာဘုရားကို စူးစမ်းလတ်သော်"မျက်စိဖြင့် မြင်ရ နားဖြင့်ကြားရသော ရောစပ်နေသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်"ဟု သိသော အခါ၌ "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ဖြူစင်သည့်အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလော"ဟု ထိုမြတ်စွာဘုရားကို တဆင့်တက်၍ စူးစမ်းပြန်၏။ သို့စူးစမ်းလတ်သော် "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ဖြူစင်သည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်၏"ဟု သိ၏။

ထိုမြတ်စွာဘုရားကို စူးစမ်းလတ်သော် မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ဖြူစင်သည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်၏ဟု ဤသို့သိသောအခါ၌ "ဤအသျှင်သည် အပြစ်မရှိသော အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံနေသလော၊ သို့မဟုတ် ခဏတဖြုတ်သာ ပြည့်စုံနေသလော"ဟု ထိုမြတ်စွာဘုရားကို တဆင့်တက်၍ စူးစမ်းပြန်၏။ သို့စူးစမ်းလတ်သော် "ဤအသျှင်သည် ဤအပြစ်မရှိသော အကျင့်နှင့်ကြာမြင့်စွာ ပြည့်စုံနေ၏၊ ဤအသျှင်သည် ခဏတဖြုတ်သာ ပြည့်စုံနေသည် မဟုတ်"ဟု သိ၏။

ထိုမြတ်စွာဘုရားကို စူးစမ်းလတ်သော် "ဤအသျှင်သည် ဤအပြစ်မရှိသော အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံ နေ၏၊ ဤ အသျှင်သည် ခဏတဖြုတ်သာ ပြည့်စုံနေသည် မဟုတ်"ဟု ဤသို့ သိသော အခါ၌"ဤအသျှင်သည် ထင်ရှားခြင်းနှင့် အခြံအရံများခြင်းသို့ ရောက်ပြီလော၊ ထိုထင်ရှားခြင်း အခြံအရံများခြင်းကြောင့် ထိုအသျှင်ရဟန်းအား အချို့သော အပြစ်တို့သည် ထင်ရှားကုန်သလော"ဟု ထိုမြတ်စွာဘုရားကို တဆင့်တက်၍ စူးစမ်းပြန်၏။ ရဟန်းတို့ ထင်ရှားခြင်းနှင့် အခြံအရံများခြင်းသို့ မရောက်သေးသမျှကာလပတ်လုံး ရဟန်းအား အချို့သောအပြစ်တို့သည် မထင်ရှားသေးကုန်။ ထင်ရှားခြင်းနှင့် အခြံအရံများခြင်းသို့ ရောက်သောအခါ ထိုရဟန်းအား အချို့သော အပြစ်တို့သည် ထင်ရှားကုန်၏။ သို့ စူးစမ်းလတ်သော် "ဤအသျှင်ရဟန်းသည် ထင်ရှားခြင်းနှင့် အခြံအရံများခြင်းသို့ ရောက်၏။ (ထိုထင်ရှားခြင်း အခြံအရံများခြင်းကြောင့်) ထိုအသျှင်ရဟန်းအား အချို့သော အပြစ်တို့သည် မထင်ရှားကုန်"ဟု သိ၏။ ထိုမြတ်စွာဘုရားကို စူးစမ်းလတ်သော် "ဤအသျှင်ရဟန်းသည် ထင်ရှားခြင်းနှင့် အခြံအရံများခြင်းသို့ ရောက်၏၊ (ထိုထင်ရှားခြင်း

အခြံအရံများခြင်းကြောင့်) ထိုအသျှင်ရဟန်းအား အချို့သော အပြစ်တို့သည် မထင်ရှားကုန်" ဟု သိသောအခါ၌ "ဤအသျှင်သည် ဘေးမရှိပဲလျက် ရှောင်ကြဉ်သူ ဖြစ်လေသလော၊ ဘေးကြောင့် ရှောင်ကြဉ်သူမဟုတ်ပဲ ဖြစ်လေသလော၊ တပ်မက်မှု 'ရာဂ' ကုန်းခန်းသဖြင့် တပ်မက်မှု 'ရာဂ' ကင်းခြင်းကြောင့်ပင် ကာမတို့ကို မမှီဝဲသလော" ဟု ထိုမြတ်စွာဘုရားကို တဆင့်တက်၍ စူးစမ်းပြန်၏။ သို့စူးစမ်းသော် "ဤအသျှင်သည် ဘေးမရှိပဲလျက် ရှောင်ကြဉ်သူဖြစ်၏၊ ဘေးကြောင့် ရှောင်ကြဉ်သူမဟုတ်၊ တက်မက်မှု 'ရာဂ' ကုန်းခန်းသဖြင့် တပ်မက်မှု 'ရာဂ' ကင်းခြင်းကြောင့်ပင် ကာမတို့ကို မမှီဝဲ" ဟု သိ၏။

ရဟန်းတို့ ထိုရဟန်းကို "ဤအသျှင်သည် ဘေးမရှိပဲလျက် ရှောင်ကြဉ်သူဖြစ်၏၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်၊ တပ်မက်မှု 'ရာဂ' ကုန်ခန်းသဖြင့် တပ်မက်မှု 'ရာဂ' ကင်းခြင်းကြောင့်ပင် ကာမတို့ကို မမှီဝဲ" ဟု အသျှင်ပြောဆိုရခြင်း၏ အကြောင်းတို့ကား အဘယ်တို့နည်း၊ မှန်းဆချက်တို့ကား အဘယ်တို့နည်း ဟု သူတပါးတို့က မေးလာကြမူ ကောင်းစွာ ဖြေကြားလိုသော ရဟန်းသည် ဤသို့ ဖြေကြားရာ၏၊ "ဤအသျှင်သည် ထိုသို့အကျင့်ဂုဏ်ရှိသော်လည်း ရဟန်းအပေါင်း၌ နေသော်၎င်း တပါးထည်းတည်း နေသော်၎င်း ရဟန်းအပေါင်းတို့တွင် ကောင်းသော အကျင့်ရှိသူ မကောင်းသောအကျင့်ရှိသူ ဂိုဏ်းကို ဆုံးမနေကြသူ ပစ္စည်းအာမိသတို့၌ တွေ့မြင်ရသည့် အချို့သူ ပစ္စည်းအာမိသနှင့် မလိမ်းကျံသည့် အချို့သူ ထိုထိုရဟန်းကို ဤအသျှင်သည် ထိုအကျင့်ဂုဏ်ရှိခြင်းဖြင့် မထေမဲ့မြင်မပြု၊ ငါသည် ဘေးမရှိပဲလျက် ရှောင်ကြဉ်သူ ဖြစ်၏၊ ဘေးကြောင့်ရှောင်ကြဉ်သူမဟုတ်၊ တပ်မက်မှု 'ရာဂ' ကုန်ခန်းသဖြင့် တပ်မက်မှု 'ရာဂ' ကင်းခြင်းကြောင့်ပင် ကာမတို့ကို မမှီဝဲ" ဟူသော ဤစကားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ငါကြားရ၏၊ မျက်မှောက်တော်မှ ခံယူရ၏ဟု ဖြေကြားရာ၏။

၄၇၉။ ရဟန်းတို့ ထိုစူးစမ်းတတ်သူ ရဟန်းနှစ်ပါးတို့တွင် မူလစူးစမ်းတတ်သော ရဟန်းသည် "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလော" ဟု မြတ်စွာဘုရားကိုသာလျှင် တဆင့်တက်၍ မေးသင့်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် ဖြေကြားခဲ့သော် "မျက်စိဖြင့် မြင်ရ နားဖြင့်ကြားရသော ညစ်နွမ်းသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်" ဟု ဖြေကြားရာ၏။

မျက်စိဖြင့်မြင်ရ နားဖြင့်ကြားရသော ရောစပ်နေသည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလောဟု မေးသင့်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် ဖြေကြားခဲ့သော် "မျက်စိဖြင့်မြင်ရ နားဖြင့်ကြားရသော ရောစပ်နေသည့် အကျင့်တို့သည် မြတ်စွာဘုရားအား မရှိကုန်" ဟု ဖြေကြားရာ၏။

မျက်စိဖြင့် မြင်ရ နားဖြင့်ကြားရသော ဖြူစင်သည့် အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်သလော၊ မရှိကုန်သလောဟု (မေးသင့်၏)။ ရဟန်းတို့ မြတ်စွာဘုရားသည် ဖြေကြားခဲ့သော် "မျက်စိဖြင့် မြင်ရ နားဖြင့် ကြားရသော ဖြူစင်သော အကျင့်တို့သည် မြတ်စွာဘုရားအား ရှိကုန်၏၊ ငါမှာ ထိုအကျင့် သီလဂုဏ်သည်သာလျှင် ငါ၏လမ်းကြောင်းဖြစ်၏၊ ထိုအကျင့်သီလဂုဏ်သည်သာလျှင် ငါ၏ကျက်စားရာ အာရုံဖြစ်၏၊ ထိုအကျင့် သီလဖြင့်လည်း ငါမဘပ်မက်" ဟု ဖြေကြားရာ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ဆိုလေ့ရှိသော မြတ်စွာဘုရားကို တပည့်သာဝကသည် တရားနာရန် ချဉ်းကပ်ထိုက်၏၊ ထိုတပည့်သာဝကအား မြတ်စွာဘုရားသည် လွန်ကဲသည်ထက် လွန်ကဲ မွန်မြတ်သည်ထက် မွန်မြတ်သော အမည်း'အကုသိုလ်' အဖြူ'ကုသိုလ်'ကို ပြိုင်ဘက်ပြု၍ တရားဟော၏၊ ရဟန်းတို့ လွန်ကဲသည်ထက် လွန်ကဲ မွန်မြတ်သည်ထက် မွန်မြတ်သော အမည်း'အကုသိုလ်' အဖြူ'ကုသိုလ်'ကို ပြိုင်ဘက်ပြု၍ မြတ်စွာဘုရားဟောသည့် တရားတော်အတိုင်း ထိုရဟန်းသည် ထိုတရား၌ အချို့သော တရားကို အထူးသိ၍ တရားတို့၌ ဆုံးဖြတ်ခြင်းသို့ ရောက်၏၊ "(တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပါပေတည်း၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်မူသော တရားပါပေတည်း၊ ကောင်းသော အကျင့်ရှိသော သံဃာပါပေတည်း"ဟု မြတ်စွာဘုရား၌ ကြည်ညို၏။

ရဟန်းတို့ ထိုရဟန်းကို"(တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားပါပေတည်း၊ မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူသော တရားပါပေတည်း၊ ကောင်းသောအကျင့်ရှိသော သံဃာပါပေတည်း ဟု အသျှင်ပြောဆိုရခြင်း၏ အကြောင်းတို့ကား အဘယ်တို့နည်း၊ မှန်းဆချက်တို့ကား အဘယ်တို့နည်း" ဟု သူတပါးတို့ကမေးလာကြမူ—ရဟန်းတို့ ကောင်းစွာဖြေကြားလိုသောရဟန်းသည် ဤသို့ ဖြေကြားရာ၏၊ "ငါ့သျှင် တပည့်တော်သည် မြတ်စွာဘုရားထံသို့ တရားနာရန် ချဉ်းကပ်ခဲ့ပါ၏။ထိုတပည့်တော်အား မြတ်စွာဘုရားသည် လွန်ကဲသည်ထက် လွန်ကဲ မွန်မြတ်သည့်ထက် မွန်မြတ်သောအမည်း 'အကုသိုလ်' အဖြူ'ကုသိုလ်'ကို ပြိုင်ဘက်ပြု၍ တရားဟောပါ၏။ ငါ့သျှင်တို့ လွန်ကဲသည်ထက်လွန်ကဲ မွန်မြတ်သည်ထက်မွန်မြတ်သော အမည်း'အကုသိုလ်' အဖြူ 'ကုသိုလ်' ကိုပြိုင်ဘက်ပြု၍ မြတ်စွာဘုရား တရားဟောသည့်အတိုင်း တပည့်တော်သည် ထိုတရား၌ အချို့သောတရားကို အထူးသိ၍ တရားတို့၌ ဆုံးဖြတ်ခြင်းသို့ရောက်ခဲ့ပါ၏၊ '(တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောဘုရားပါပေတည်း၊ မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားတော်မူသော တရားပါပေတည်း၊ ကောင်းသောအကျင့်ရှိသော သံဃာပါပေတည်း' ဟု မြတ်စွာဘုရား၌ ကြည်ညိုခဲ့ပါ၏" ဟု (ဖြေကြားရာ၏)။

၄၉၀။ ရဟန်းတို့ မည်သူ့အားမဆို ဤအကြောင်းတို့ဖြင့် ဤပုဒ်တို့ဖြင့် ဤဗျည်းအက္ခရာတို့ဖြင့် မြတ်စွာဘုရား၌ယုံကြည်မှု 'သဒ္ဓါ' သက်ဝင်၏၊ အကြောင်းရင်းဖြစ်၍ တည်၏။ ရဟန်းတို့ အကြောင်းရှိသော ယုံကြည်မှု'သဒ္ဓါ' ကို သောတာပတ္တိမဂ်လျှင် အကြောင်းရင်းရှိ၏၊ ခိုင်မြဲ၏၊ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံတယောက်မျှ မရွေ့ရှားစေနိုင်ဟု ဆိုရ၏။

ရဟန်းတို့ ဤသို့လျှင် မြတ်စွာဘုရား၌ သဘောအားဖြင့် စူးစမ်းခြင်းသည် ဖြစ်၏။ ဤသို့လည်း မြတ်စွာဘုရားကို သဘောမှန်အားဖြင့်သာလျှင် ကောင်းစွာ စူးစမ်းသင့်၏ ဟု ဤသို့ မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ခုနစ်ခုမြောက် ဝီမံသကသုတ် ပြီး၏။

http://www.dhammadownload.com



## ၈-ကောသမ္ဗိယသုတ်

၄၉၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ ကောသမ္ဗီပြည်၌ ရဟန်းတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်းနှုတ်လှံထိုးလျက် နေကြကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်းနားလည်မှုရှိရန်လည်း မပြုကုန်၊ နားလည်မှုရှိခြင်းသို့လည်း မရောက်ကြကုန်၊ အချင်းချင်းအမြင်မှန်ရရန်လည်း မပြုကုန်၊ အမြင်မှန်ရခြင်းသို့လည်း မရောက်ကြကုန်။

ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ သင့်လျော်သော နေရာ၌ထိုင်ကာ ဤသို့ လျှောက်ထား၏—

"အသျှင်ဘုရား ဤကောသမ္ဗီပြည်၌ ရဟန်းတို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်းနှုတ်လှံထိုးလျက် နေပါကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်းနားလည်မှုရှိရန်လည်း မပြုကြပါကုန်၊ နားလည်မှုရှိခြင်းသို့လည်း မရောက်ကြပါကုန်၊ အချင်းချင်းအမြင်မှန်ရရန်လည်း မပြုကြပါကုန်၊ အမြင်မှန်ရခြင်းသို့လည်း မရောက်ကြပါကုန်" ဟု (လျှောက်၏)။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကို "ရဟန်း လာလော့၊ သင်သည် ငါ့စကားဖြင့် ထိုရဟန်းတို့ကို အသျှင်တို့ မြတ်စွာဘုရားသည် သင်တို့ကို ခေါ်တော်မူ၏ ဟု သိစေလော့" ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၍ ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့ကို "မြတ်စွာဘုရားသည် အသျှင်တို့ ခေါ်တော်မူ၏" ဟု ဆို၏။ "ငါ့သျှင် ကောင်းပြီ" ဟု ထိုရဟန်းအား ပြန်ကြား၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာရှိခိုးလျက် လျှောက်ပတ်သောနေရာ၌ ထိုင်နေကုန်သော ထိုရဟန်းတို့ကို မြတ်စွာဘုရားသည် ဤသို့ မေးတော်မူ၏—

"ရဟန်းတို့ သင်တို့သည် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ရောက်ကြကုန်ပြီးလျှင် အချင်းချင်းနှုတ်လှံထိုးလျက် နေကြကုန်သော သင်တို့သည် အချင်းချင်းနားလည်မှုရှိရန်လည်း မပြုကြကုန်၊ နားလည်မှုရှိခြင်းသို့လည်း မရောက်ကြကုန်၊ အချင်းချင်း အမြင်မှန်ရရန်လည်း မပြုကြကုန်၊ အမြင်မှန်ရခြင်း သို့လည်း မရောက်ကြကုန် ဟူသည် မှန်ပါသလော" ဟု (မေးတော်မူ၏)။ မှန်ပါ၏ အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ထိုအရာကို အဘယ်သို့ထင်မှတ်ကုန်သနည်း၊ သင်တို့သည် ငြင်းခုံကြကုန်၊ ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်းနှုတ်လှံထိုးလျက်နေကြသောအခါ သင်တို့အား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ ကာယကံ မေတ္တာသည် ရှေးရှုတည်၏လော၊ ဝစီကံမေတ္တာသည်။ပ။သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ မနောကံမေတ္တာသည်ရှေးရှုတည်၏လော ဟု (မေးတော်မူ၏)။ မတည်ပါ အသျှင်ဘုရား ဟု (လျှောက်ကြကုန်၏)။

ရဟန်းတို့ ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်းနှုတ်လှံထိုးလျက်နေကြသောအခါ သင်တို့အား သီတင်းသုံးဖော်တို့၌ မျက်မှောက်

http://www.dhammadownload.com



ဖြစ်စေ မျက်ကွယ်ဖြစ်စေ ကာယကံမေတ္တာသည် ရှေးရှုမတည်၊ ဝစီကံမေတ္တာသည်။ပ။ သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ မနောကံမေတ္တာသည် ရှေးရှုမဘည်ဟုကား ဆို၏။ (မဂ်ဖိုလ်မှ) အချည်းအနှီးဖြစ်သော ယောကျ်ားတို့ ထိုသို့ဖြစ်လျက် သင်တို့သည် အဘယ်ကိုသိကြမြင်ကြသဖြင့် ငြင်းခုံကြကုန် ခိုက်ရန်ဖြစ်ကြကုန်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အချင်းချင်း နှုတ်လှံထိုးလျက် နေကြကုန်ဘိသနည်း။ ထိုသင်တို့သည် အချင်းချင် နားလည်မှုရှိရန်လည်း မပြုကြကုန်ဘိသနည်း၊ နားလည်မှုရှိခြင်းသို့လည်း မရောက်ကြကုန်ဘိသနည်း၊ အချင်းချင်း အမြင်မှန်ရရန်လည်း မပြုကြကုန်ဘိသနည်း၊ အမြင်မှန်ရခြင်းသို့လည်း မရောက်ကြကုန်ဘိသနည်း။(မဂ်ဖိုလ်မှ)အချည်းအနှီးဖြစ်သော ယောကျ်ားတို့ ထိုသို့ဖြစ်ခြင်းသည် သင်တို့အား ရှည်ကြာစွာသောကာလပတ်လုံး စီးပွါးမဲ့ရန် ဆင်းရဲရန် ဖြစ်ပေလိမ့်မည် ဟု (မိန့်တော်မူ၏)။

၄၉၂။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏၊ ရဟန်းတို့ မပြတ်အောက်မေ့ထိုက်ကုန်သော, ချစ်ခြင်းကိုပြုတတ်ကုန်သော, လေးစားခြင်းကိုပြုတတ်ကုန်သော, ဤခြောက်ပါးသောတရားတို့သည် သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏။ အဘယ်ခြောက်ပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအားသီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ ကာယကံ မေတ္တာသည် ရှေးရှုတည်၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကိုပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည် ဖြစ်ရန် ဖြစ်၏။ (၁)

ရဟန်းတို့ ထို့နောက် တမျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ ဝစီကံ မေတ္တာသည် ရှေးရှုတည်၏။ မပြတ်အောက်မေ့ ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒ မကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏ (၂)

ရဟန်းတို့နောက်တမျိုးကား ရဟန်းအား သီတင်းသုံးဖော်တို့၌ မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ မနောကံ မေတ္တာသည် ရှေးရှုတည်၏။ မပြတ် အောက်မေ့ ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန်ဝါဒ မကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏ (၃)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် တရားနှင့်လျော်စွာ ဖြစ်ကုန်သော တရားသဖြင့် ရကုန်သော လာဘ်တို့ကို အယုတ်ဆုံး အားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှ ကိုသော်လည်း မခွဲခြားပဲ သုံးဆောင်ခြင်းရှိ၏၊ အကျင့် သီလရှိသော သီတင်း သုံးဖော်တို့နှင့် ဆက်ဆံသော သုံးဆောင်ခြင်းရှိ၏။ မပြတ်အောက်မေ့ ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန်ဝါဒ မကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်း ဖြစ်ရန် ဖြစ်၏ (၄)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မကျိုး မပေါက် မပြောက် မကျား ကုန်သော တဏှာကျွန်အဖြစ်မှ တော်လှန်ခြင်းကို ပြုတတ်ကုန်သော ပညာရှိတို့ ချီးမွမ်း ထိုက်ကုန်သော အမှား အသုံးသပ်မခံရကုန်သော တည်တံ့ခြင်းကိုဖြစ်စေတတ်ကုန်သော စောင့်စည်းမှု သီလမျိုးတို့၌ သီတင်းသုံးဖော်တို့နှင့်မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ စောင့်စည်းမှု သီလ တူသည်၏

http://www.dhammadownload.com



အဖြစ်သို့ ရောက်လျက်နေ၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန်ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏ (၅)

ရဟန်းတို့ နောက်တမျိုးကား ရဟန်းသည် မြတ်သော (ဝဋ်ဆင်းရဲမှ) ထုတ်ဆောင်တတ်သော ထို အတိုင်းပြုသူအား ကောင်းစွာ-ဝဋ်ဆင်းရဲကုန်ရန် ဖြစ်သော အယူမျိုး၌ သီတင်းသုံးဖော်တို့နှင့် မျက်မှောက်ဖြစ်စေ မျက်ကွယ်ဖြစ်စေ အယူတူသည့် အဖြစ်သို့ ရောက်လျက် နေ၏။ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားသည်လည်း သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်၏ (၆)

ရဟန်းတို့ မပြတ်အောက်မေ့ထိုက်သော ချစ်ခြင်းကို ပြုတတ်သော လေးစားခြင်းကို ပြုတတ်သော ဤတရားခြောက်ပါးတို့သည် သိမ်းသွင်းရန် ဝါဒမကွဲပြားရန် ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ မပြတ်အောက်မေ့ထိုက်သော ဤတရား ခြောက်ပါး တို့တွင် ဝဋ်မှ ထုတ်ဆောင်တတ်သော ထိုအတိုင်းပြုသူအား ကောင်းစွာဝဋ်ဆင်းရဲကုန်ရန်ဖြစ်သည့် မြတ်သော ဤအယူသည် အချုပ်အခြာ ဖြစ်၏၊ စုရုံးရာ ဖြစ်၏၊ ပေါင်းဆုံရာ ဖြစ်၏။

ရဟန်းတို့ ဥပမာ သော်ကား အထွတ်တပ်သော အိမ်၌ အထွတ်သည် အချုပ် အခြာ၊စုရုံးရာ ပေါင်းဆုံရာဖြစ်သကဲ့သို့ ဤအတူပင် မပြတ်အောက်မေ့ ထိုက်သော ဤ တရားခြောက်ပါးတို့တွင် ဝဋ်မှ ထုတ်ဆောင်တတ်သော ထိုအတိုင်း ပြုသူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် ဖြစ်သည့် မြတ်သော ဤအယူသည် အချုပ်အခြာ ဖြစ်၏၊ စုရုံးရာဖြစ်၏၊ ပေါင်းဆုံရာ ဖြစ်၏။

၄၉၃။ ရဟန်းတို့ အဘယ်သို့လျှင် ဝဋ်မှ ထုတ်ဆောင်တတ်သည့် မြတ်သော ဤအယူသည် ထိုအတိုင်းပြုသူအား ကောင်းစွာ ဝဋ်ဆင်းရဲကုန်ရန် ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ဖြစ်စေ သစ်ပင်ရင်းသို့ ကပ်၍ ဖြစ်စေ ဆိတ်ငြိမ်ရာသို့ ကပ်၍ ဖြစ်စေ ယင်း ထကြွမှုမျိုးဖြင့် ထကြွသောစိတ်ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ငါမသိနိုင် မမြင်နိုင် လောက်သော အတွင်းသန္တာန်၌ မပယ်ရသေးသော ထကြွမှုမျိုးသည် ငါ့အား ရှိသေးသလော ဟု ဆင်ခြင်၏။

ရဟန်းတို့ အကယ်၍ ရဟန်းသည် ကာမဂုဏ်တပ်မက်မှု 'ကာမရာဂ' ထကြွသည်ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။အကယ်၍ရဟန်းသည် ဖျက်ဆီးလိုမှု 'ဗျာပါဒ' ထကြွသည်ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။ အကယ်၍ ရဟန်းသည် ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွသည်ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။အကယ်၍ ရဟန်းသည် ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တပူပန်မှု 'ကုက္ကုစ္စ' ထကြွသည်ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏၊ အကယ်၍ ရဟန်းသည် တွေးတော ယုံမှားမှု 'ဝိစိကိစ္ဆာ' ထကြွသည်ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။ အကယ်၍ ရဟန်းသည် ဤမျက်မှောက် လောကကို ကြံစည်ခြင်း၌ လေ့လာသည် ဖြစ်မူ ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။ အကယ်၍ ရဟန်းသည် တမလွန် လောကကို ကြံစည်ခြင်း၌ လေ့လာသည် ဖြစ်မူ ထကြွသော

http://www.dhammadownload.com



စိတ်ရှိသည်သာ ဖြစ်၏၊ အကယ်၍ ရဟန်းသည် ငြင်းခုံခိုက်ရန် ဖြစ်သည် ဖြစ်၍ ဝါဒကွဲပြားခြင်းသို့ ရောက်ပြီးလျှင် အချင်းချင်း နှုတ်လှံတိုးလျက်နေမှု ထကြွသော စိတ်ရှိသည်သာ ဖြစ်၏။ ထိုရဟန်းသည် "ယင်းထကြွမှုမျိုးဖြင့် ထကြွသောစိတ်ရှိသည်ဖြစ်၍ ဟုတ်တိုင်းမှန်စွာ ငါမသိနိုင် မမြင်နိုင်လောက်သော အတွင်း သန္တာန်၌ မပယ်ရသေးသော ထကြွမှုမျိုးသည် ငါ့အား မရှိ၊ သစ္စာတို့ကို သိရန် ငါသည်စိတ်ကို ကောင်းစွာ ထားပြီးပြီ"ဟု သိ၏။ ထိုရဟန်းသည် လောကမှလွန်မြောက်၍ ပုထုဇ္ဇန်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤပဌမဉာဏ်ကို ရပြီ။

၄၉၄။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့် သာဝကသည် "ငါသည် ဤအယူကို မှီဝဲ၍ပွါးစေ၍ များစွာ ပြု၍ မိမိ စိတ်ငြိမ်သက် ခြင်းကို ရသလော၊ မိမိစိတ်ငြိမ်းခြင်းကို ရသလော"ဟု ဆင်ခြင်၏။ထိုတပည့်သာဝကသည် "ငါသည် ဤအယူကို မှီဝဲပွါးစေ၍ များစွာပြု၍ မိမိစိတ်ငြိမ်သက်ခြင်းကိုရ၏၊ မိမိစိတ်ငြိမ်းခြင်းကိုရ၏"ဟု သိ၏။ ထိုတပည့် သာဝကသည် လောကမှ လွန်မြောက်၍ ပုထုဇ္ဇန်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤဒုတိယဉာဏ်ကို ရ၏။

၄၉၅။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့် သာဝကသည် "ဤသာသနာတော်မှ အပ၌ ငါပြည့်စုံနေသော အယူ အမျိုး အစား နှင့် ပြည့်စုံသည့် တပါးသော သမဏဖြစ်စေ ပြာဟ္မဏဖြစ်စေ ရှိသေးသလော"ဟု ဆင်ခြင်၏။ ထိုတပည့် သာဝကသည် "ဤသာသနာတော်မှ အပ၌ ငါပြည့်စုံနေသော အယူအမျိုးအစားနှင့် ပြည့်စုံသည့် တပါးသော သမဏဖြစ်စေ ပြာဟ္မဏဖြစ်စေမရှိ"ဟု သိ၏။ ထို တပည့် သာဝကသည် လောကမှ လွန်မြောက်၍ ပုထုဇ္ဇန်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤတတိယဉာဏ်ကို ရ၏။

၄၉၆။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့် သာဝကသည် "အယူနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ် ပြည့်စုံနေသော ထုံးတမ်းစဉ်လာ အမျိုး အစားနှင့် ငါလည်း ပြည့်စုံ၏"ဟု ဆင်ခြင်၏။ ရဟန်းတို့အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘယ်သို့ သဘောရှိသော ထုံးတမ်းစဉ်လာနှင့်ပြည့်စုံသနည်း။ ရဟန်းတို့ အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အာပတ်မှ ထနိုင်ကောင်းသော အာပတ်မျိုးသို့ ရောက်စေကာမူ ထိုအာပတ်ကို လျင်မြန်စွာပင် မြတ်စွာဘုရား ထံ၌ဖြစ်စေ ပညာရှိ သီတင်းသုံးဖော်တို့ထံ၌ဖြစ်စေ (ဒေသနာ) ကြား၏၊ ဖော်ပြ၏၊ ပေါ်လွင်အောင် ပြု၏၊ (ဒေသနာ) ကြားပြီး၍ ဖော်ပြပြီး၍ ပေါ်လွင်အောင် ပြုပြီး၍ နောင်အခါ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ဤသည်ကား အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ထုံးတမ်းစဉ်လာတည်း။

ရဟန်းတို့ ပက်လက်အိပ်အရွယ်ဖြစ်သော ကလေးသူငယ် လူမမယ်သည်လက်ဖြင့်ဖြစ်စေ ခြေဖြင့်ဖြစ်စေ မီးကျီးခဲကိုထိလျှင် လျင်မြန်စွာပင်ပြန်ရုတ်သကဲ့သို့ ဤအတူပင် အာပတ်မှ ထနိုင်ကောင်းသော အာပတ်မျိုးသို့ ရောက်စေကာမူ ထိုအာပတ်ကိုလျင်မြန်စွာပင် မြတ်စွာဘုရားထံ၌ ဖြစ်စေ ပညာရှိ သီတင်းသုံးဖော်တို့ထံ၌ ဖြစ်စေ (ဒေသနာ) ကြား၏၊ ဖော်ပြ၏၊ ပေါ်လွင်အောင်ပြု၏၊ (ဒေသနာ) ကြားပြီး၍ ဖော်ပြပြီး၍ ပေါ်လွင်အောင် ပြုပြီး၍ နောင်အခါ၌ စောင့်စည်းခြင်းသို့ ရောက်၏။ ဤသည်ကား အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ထုံးတမ်းစဉ်လာတည်း။ ထိုတပည့် သာဝကသည် "အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ပြည့်စုံနေသော ထုံးတမ်းစဉ်လာ အမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏"ဟု သိ၏။ ထိုတပည့် သာဝကသည် လောကမှ လွန်မြောက်၍ ပုထုဇ္ဇန်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤစတုတ္ထဉာဏ်ကို ရ၏။

၄၉၇။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့်သာဝကသည် "အယူနှင့်ပြည့်စုံနေသော ပုဂ္ဂိုလ်သည် ပြည့်စုံနေသော ထုံးတမ်း စဉ်လာ အမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏" ဟု

http://www.dhammadownload.com



ဆင်ခြင်၏။ ရဟန်းတို့ အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘယ်သို့ ဘာဘောရှိသော ထုံးတမ်း စဉ်လာနှင့် ပြည့်စုံသနည်း။ ရဟန်းတို့ အယူနှင့် ပြည့်စုံသော ပဂ္ဂိုလ်သည် သီတင်းသုံးဖော်တို့၏ ထိုထိုကြီးငယ်ကြီးငယ်အမှု ကြီးငယ်တို့၌ ကြောင့်ကြ စိုက်နေစေကာမူ မြင့်မြတ်သော ကိုယ်ကျင့်သီလ လေ့ကျင့်ခန်း 'အဓိသီလသိက္ခာ' မြင့်မြတ်သောစိတ် လေ့ကျင့်ခန်း 'အဓိစိတ္တသိက္ခာ' မြင့်မြတ်သော ပညာ လေ့ကျင့်ခန်း 'အဓိပညာသိက္ခာ'၌ အလွန်ငဲ့ကွက်ခြင်း ရှိ၏။ ဤသည်ကား အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ထုံးတမ်းစဉ်လာပင်တည်း။

ရဟန်းတို့ သားငယ်ရှိသော နွားမသည် မြက်ကိုလည်း ဆွဲစား၏၊ နွားငယ်ကိုလည်း စောင့်ငဲ့ ကြည့်ရှုသကဲ့သို့ ဤအတူပင် အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သီတင်းသုံးဖော်တို့၏ ထိုထို ကြီးငယ် အမှုကြီးငယ်တို့၌ ကြောင့်ကြစိုက်နေစေကာမူ မြင့်မြတ်သော ကိုယ်ကျင့်သီလ လေ့ကျင့်ခန်း 'အဓိသီလသိက္ခာ' မြင့်မြတ်သောစိတ် လေ့ကျင့်ခန်း 'အဓိစိတ္တသိက္ခာ'ဖြင့် မြတ်သော ပညာ လေ့ကျင့်ခန်း 'အဓိပညာသိက္ခာ' ၌ အလွန်ငဲ့ကွက်ခြင်းရှိ၏။ ဤသည်ကား အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ထုံးတမ်းစဉ်လာတည်း။

ထိုတပည့်သာဝကသည် "အယူနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်သည် ပြည့်စုံနေသော ထုံးတမ်းစဉ်လာ အမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏"ဟု သိ၏။ ထိုတပည့်သာဝကသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤပဉ္စမဉာဏ်ကို ရ၏။

၄၉၈။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့်သာဝကသည် "အယူနှင့်ပြည့်စုံ သည့် ပုဂ္ဂိုလ်သည် ပြည့်စုံနေသော အား အမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏" ဟု ဆင်ခြင်၏။

ရဟန်းတို့ အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အဘယ်သို့ သဘောရှိသော အားနှင့်ပြည့်စုံသ နည်း။ ရဟန်းတို့ အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရား ဟောကြားထားသော တရား ဝိနည်းကို ဟောကြားလတ်သော် အလိုရှိသည်ကိုပြု၍ နှလုံးသွင်း၍ အလုံးစုံသော စိတ်ဖြင့် မှတ် သား၍ နားစိုက်လျက် တရားကိုနာ၏။ ဤသည်ကား အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ အားတည်း။ ထိုတပည့်သာဝကသည် "အယူနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်သည် ပြည့်စုံနေသော အားအမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏"ဟု သိ၏။ ထိုတပည့်သာဝကသည် လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤဆဋ္ဌဉာဏ်ကို ရ၏။

၄၉၉။ ရဟန်းတို့ နောက်တမျိုးကား မြတ်စွာဘုရား၏ တပည့်သာဝကသည် "အယူနှင့်ပြည့်စုံ သည့် ပုဂ္ဂိုလ်သည် ပြည့်စုံနေသော အားအမျိုးအစားနှင့် ငါလည်း ပြည့်စုံ၏" ဟု ဆင်ခြင်၏။

ရဟန်းတို့ အယူနှင့် ပြည့်စုံနေသော ပုဂ္ဂိုလ်သည် အဘယ်သို့ သဘောရှိသောအားနှင့်ပြည့်စုံ သနည်း။ ရဟန်းတို့ အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားဟောထားသော တရားဝိနည်း ကို ဟောကြားလတ်သော် အနက်အဓိပ္ပါယ်နားလည်မှုကို ရ၏၊ စကားနားလည်မှုကို ရ၏၊ တရားနှင့် စပ်သော ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကား အယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ အားတည်း။ ထိုတပည့် သာဝကသည် "အယူနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်သည် ပြည့်စုံနေသောအားနှင့် ငါလည်း ပြည့်စုံ၏"ဟု သိ၏။ ထိုတပည့်သာဝကသည် လောကမှ လွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသည့် မြတ်သော ဤသတ္တမဉာဏ်ကို ရ၏။

http://www.dhammadownload.com



၅၀၀။ ရဟန်းတို့ ဤသို့ အင်္ဂါ ခုနစ်ပါးတို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သာဝက သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသောအားဖြင့် ထိုးတမ်း စဉ်လာကို ကောင်းစွာ စူးစမ်းပြီးပြီ။

ရဟန်းတို့ ဤသို့ အင်္ဂါ ခုနစ်ပါးတို့နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ တပည့်သာဝကသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူဖြစ်၏ဟု ဤတရားစကားကို မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားစကားကို နှစ်ခြိုက်ဝမ်းမြောက်ကြကုန်၏။

ရှစ်ခုမြောက် ကောသမ္ဗိယသုတ် ပြီး၏။

---

## ၉-ဗြဟ္မနိမန္တနိကသုတ်

၅၀၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏—

ရဟန်းတို့ ငါသည် အခါတပါး၌ ဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်းကြင်းပင်မင်းအရင်း၌ နေ၏။ ရဟန်းတို့ ထိုအခါ ဗကဗြဟ္မာအား—

"ဤဗြဟ္မလောကသည် မြဲ၏၊ ဤဗြဟ္မလောကသည် ခိုင်ခံ့၏၊ ဤဗြဟ္မလောကသည် တည်တံ့၏၊ ဤဗြဟ္မလောကသည် သီးသန့်ဖြစ်၏၊ ဤဗြဟ္မလောကသည် ရွေ့လျောခြင်း သဘော မရှိ၊ ဤဗြဟ္မ လောက၌ ပဋိသန္ဓေမနေ၊ မအို၊ မသေ၊ မရွေ့လျော၊ (ပဋိသန္ဓေအားဖြင့်) မကပ်ရောက်၊ ဤဗြဟ္မလောကမှ တပါး လွန်မြတ်သော ထွက်မြောက်ရာလည်း မရှိ" ဟု ဤသို့သဘောရှိသော ယုတ်ညံ့သော အယူသည် ဖြစ်ပေါ်နေ၏။

ရဟန်းတို့ ထိုအခါ ငါသည် ဗကဗြဟ္မာ၏ စိတ်အကြံအစည်ကို(ငါ၏) စိတ်ဖြင့်သိ၍ ခွန်အားရှိ သော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက် မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူပင် ဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်ကြင်းပင်မင်းအရင်း၌ ကွယ်ခဲ့၍ ထိုဗြဟ္မလောက၌ ထင်ရှားဖြစ်၏။

ရဟန်းတို့ ဗကဗြဟ္မာသည် လာနေသော ငါ့ကို အဝေးမှပင်မြင်၍ "အသျှင်မြတ် လာပါလော့၊ အသျှင်မြတ် (အသျှင်မြတ်၏) လာခြင်းသည် ကောင်းသော လာခြင်းပါတည်း၊ အသျှင်မြတ် ဤဗြဟ္မလောကသို့ လာခြင်း၏ အလှည့်ကို ကြာမြင့်မှပင်ပြုဘိ၏၊ အသျှင်မြတ် ဤဗြဟ္မလောက သည် မြဲ၏၊ ဤဗြဟ္မလောကသည် ခိုင်ခံ့၏၊ ဤဗြဟ္မလောကသည် တည်တံ့၏၊ ဤဗြဟ္မလောကသည် သီးသန့်ဖြစ်၏၊ ဤဗြဟ္မလောကသည်ရွေ့လျောခြင်းသဘောမရှိ၊ ဤဗြဟ္မလောက၌ ပဋိသန္ဓေမနေ၊ မအို၊ မသေ၊ မရွေ့လျော၊ (ပဋိသန္ဓေအားဖြင့်) မကပ်ရောက်၊ ဤဗြဟ္မလောကမှတပါး လွန် မြတ်သော ထွက်မြောက်ရာလည်း မရှိ"ဟု ဆို၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ ဆိုသော် ငါသည် ဗကဗြဟ္မာအား ဤသို့ ပြောဆို၏—

"အချင်းတို့ ဗကဗြဟ္မာသည် မိုက်မဲလေစွ
တကား၊ အချင်းတို့ ဗကဗြဟ္မာသည် မိုက်မဲလေစွ
တကား။ မမြဲသည်သာလျှင် ဖြစ်လျက်'မြဲ၏'ဟု ဆိုတုံဘိ၏၊ မခိုင်ခံ့သည်သာလျှင် ဖြစ်လျက်'ခိုင်ခံ့
၏'ဟု ဆိုတုံဘိ၏၊ မတည်တံ့သည်သာလျှင် ဖြစ်လျက်'တည်တံ့၏'ဟု ဆိုတုံဘိ၏၊ သီးသန့်မဟုတ်
သည်သာလျှင် ဖြစ်လျက် 'သီးသန့်ဖြစ်၏'ဟု ဆိုတုံဘိ၏၊ ရွေ့လျောခြင်းသဘောရှိသည်သာလျှင်
ဖြစ်လျက်'ရွေ့လျောခြင်းသဘော မရှိ'ဟု ဆိုတုံဘိ၏။ ပဋိသန္ဓေနေရာ အိုရာ သေရာ ရွေ့လျော
(ပဋိသန္ဓေအားဖြင့်) ကပ်ရောက်ရာဖြစ်လျက် 'ဤဗြဟ္မလောက၌ ပဋိသန္ဓေမနေ၊ မအို၊ မသေ၊
မရွေ့လျော၊ (ပဋိသန္ဓေအားဖြင့်) မကပ်ရောက်'ဟု ဆိုတုံဘိ၏။ ဗြဟ္မလောကမှတပါး လွန်မြောက်
သော ထွက်မြောက်ရာရှိလျက်လည်း '(ဗြဟ္မာ့လောကမှ)တပါး လွန်မြောက်သော ထွက်မြောက်ရာ
မရှိ'ဟု ဆိုတုံဘိ၏" ဟု (ပြောဆို၏)။

၅၀ ။ ရဟန်းတို့ ထိုအခါ မာရ်နတ်ယုတ်သည် တဦးသော အလုပ်အကျွေး ဗြဟ္မပါရိသဇ္ဇ
ဗြဟ္မာကို ပူးဝင်၍ "ရဟန်း ရဟန်း ဤဗကဗြဟ္မာကို မထိခိုက်လင့်၊ ဤဗကဗြဟ္မာကို မထိခိုက်လင့်၊
ရဟန်း ဤဗကဗြဟ္မာသည် ဗြဟ္မာကြီးတည်း၊လွှမ်းမိုးနိုင်သူတည်း၊မည်သူကမှ မလွှမ်းမိုးနိုင်သူတည်း၊
(အလုံးစုံကို) မြင်တတ်သူတည်း၊ အလိုအတိုင်းဖြစ်စေနိုင်သူတည်း၊ အစိုးရသူတည်း၊ ပြုတတ်သူ
တည်း၊ ဖန်ဆင်းတတ်သူတည်း၊ အမြတ်ဆုံးဖြစ်သူတည်း၊ စီမံသူတည်း၊ (ဈာန်၌) လေ့လာပြီးသူ
တည်း၊ ဖြစ်ပြီး ဖြစ်ဆဲသတ္တဝါတို့၏ အဖတည်း။ ရဟန်းလောက၌ ပထဝီဓာတ်ကို ကဲ့ရဲ့တတ်ကုန်
စက်ဆုပ်တတ်ကုန်သော အာပေါဓာတ်ကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်သော တေဇောဓာတ်
ကိုကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်သော ဝါယောဓာတ်ကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်သော
သတ္တဝါကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်သော နတ်ကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်
သော မာရ်နတ်ကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်ကုန်သော ဗြဟ္မာကို ကဲ့ရဲ့တတ်ကုန် စက်ဆုပ်တတ်
ကုန်သော သင့်ထက်ရှေးကျသည့် သမဏဗြာဟ္မဏတို့သည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ
နောက်၌ ယုတ်ညံ့သော ဘုံဘဝ၌ တည်ကုန်၏။

ရဟန်း လောက၌ ပထဝီဓာတ်ကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော အာပေါဓာတ်
ကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော တေဇောဓာတ်ကို ချီးမွမ်းတတ်ကုန် အလွန်
နှစ်သက်တတ်ကုန်သော ဝါယောဓာတ်ကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော သတ္တ
ဝါကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော နတ်ကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်
တတ်ကုန်သော မာရ်နတ်ကို ချီးမွမ်းတတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော ဗြဟ္မာကို ချီးမွမ်း
တတ်ကုန် အလွန်နှစ်သက်တတ်ကုန်သော သင့်ထက်ရှေးကျသည့် သမဏဗြာဟ္မဏတို့သည် ခန္ဓာ
ကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မြတ်သော ဘုံဘဝ၌ တည်ကုန်၏။

ရဟန်း ထို(အကြောင်း)ကြောင့် သင့်ကို ငါ ဤသို့ ဆို၏၊ အချင်း သင့်ကို တိုက်တွန်း၏၊ ဗြဟ္မာ
ပြောဆိုသော စကားကိုသာလျှင် သင်လိုက်နာလော့၊ သင်သည် ဗြဟ္မာ၏ စကားကို မလွန်ဆန်
လင့်။ရဟန်း သင်သည် ဗြဟ္မာ၏စကားကိုအကယ်၍ လွန်ဆန်ပါမူ ယောကျ်ားသည် ရောက်လာသော
ကြက်သရေကို တုတ်ဖြင့် မောင်းနှင်ထုတ်သကဲ့သို့ရင်း ယောကျ်ားသည် ချောက်ကမ်းပါးပြတ်၌
ကျသော် မြေကို လက်တို့ဖြင့်ရင်း ခြေတို့ဖြင့်ရင်း မကိုင်စွဲမဆောက်တည်နိုင်ရာသကဲ့သို့ရင်း ဤအဘူ
ဤဥပမာနှင့် ပြည့်စုံခြင်းသည် သင့်အား ဖြစ်ပါလိမ့်မည်။ အချင်းသင့်ကို တိုက်တွန်း၏၊ ဗြဟ္မာပြော

http://www.dhammadownload.com



ဆိုသော စကားကိုသာလျှင် သင်လိုက်နာလော့၊ သင်သည် ဗြဟ္မာ၏စကားကို မလွန်ဆန်လင့်၊ သင်သည် စုဝေးနေသော ဗြဟ္မာ့ပရိသတ်ကို မြင်သည်မဟုတ်လော”ဟု (ဆို၏)။

ရဟန်းတို့ ဤသို့လျှင် ငါ့ကို မာရ်နတ်ယုတ်သည် ဗြဟ္မာ၏ ပရိသတ်ဖြစ်အောင် ဆွဲဆောင်၏။ ရဟန်းတို့ ဤသို့ ဆိုသော် ငါသည် မာရ်နတ်ယုတ်ကို ဤသို့ မိန့်ဆို၏။

“မာရ်ယုတ် သင့်ကို ငါသိ၏၊ သင်သည် ‘ငါ့ကိုမသိ’ဟု မထင်မှတ်လင့်၊ မာရ်ယုတ် သင်သည် မာရ်နတ်ဖြစ်၏။ မာရ်ယုတ် ဗြဟ္မာသည်ရှင်း ဗြဟ္မာ့ပရိသတ်သည်ရှင်း အလုပ်အကျွေး ဗြဟ္မာသည်ရှင်း အလုံးစုံသော သူတို့ပင် သင့်လက်သို့ ရောက်ကုန်၏၊ အလုံးစုံသော သူတို့ပင် သင့်အလိုသို့ လိုက်ကုန်၏၊ မာရ်ယုတ် ‘ဤရဟန်းသည်လည်း ငါ့လက်သို့ ရောက်သူဖြစ်ရာ၏၊ ဤရဟန်းသည်လည်း ငါ့အလိုသို့ လိုက်သူဖြစ်ရာ၏’ဟု သင့်အား ဤအကြံအစည်သည် ဖြစ်၏၊ မာရ်ယုတ် ငါကား သင့်လက်ရောက်သူမဟုတ်၊ သင့်အလိုသို့ လိုက်သူမဟုတ်”ဟု (မိန့်ဆို၏)။

၅၀၃။ ရဟန်းတို့ ဤသို့ မိန့်ဆိုသော် ဗကဗြဟ္မာသည် ငါ့အား ဤသို့ ပြောဆို၏။

“အသျှင်မြတ် ငါသည် မြဲသည်သာလျှင် ဖြစ်သည်ကို ‘မြဲ၏’ဟု ဆို၏၊ ခိုင်ခံ့သည်သာလျှင် ဖြစ်သည်ကို ‘ခိုင်ခံ့၏’ဟု ဆို၏၊ တည်တံ့သည်သာလျှင်ဖြစ်သည်ကို ‘တည်တံ့၏’ဟုဆို၏။ သီးသန့်သာလျှင် ဖြစ်သည်ကို ‘သီးသန့်ဖြစ်၏’ဟု ဆို၏၊ ရွေ့လျောခြင်း သဘောမရှိသည်သာလျှင် ဖြစ်သည်ကို ‘ရွေ့လျောခြင်း သဘော မရှိ’ဟု ဆို၏။ ပဋိသန္ဓေ မနေရာ, မအိုရာ, မသေရာ, မရွေ့လျောရာ, (ပဋိသန္ဓေအားဖြင့်)မကပ်ရောက်ရာကိုသာလျှင် ‘ငါသည် ဤဗြဟ္မလောက၌ ပဋိသန္ဓေမနေ၊ မအို၊ မသေ၊ မရွေ့လျော၊ (ပဋိသန္ဓေအားဖြင့်) မကပ်ရောက်’ဟု ဆို၏၊ (ဤဗြဟ္မာလောကမှ) တပါး လွန်မြတ်သော ထွက်မြောက်ရာ မရှိသည်ကိုလည်း ‘ဤဗြဟ္မလောကမှတပါး လွန်မြောက်ရာ မရှိ’ဟု ဆို၏။

ရဟန်း လောက၌ သင့်ထက်ရှေးကျသည့် သမဏဗြာဟ္မဏတို့၏ ကျင့်ကြံမှုသည် သင်၏အသက်နှင့်အမျှပင် ဖြစ်ပေ၏။ ထိုသမဏဗြာဟ္မဏတို့သည် ဗြဟ္မလောကမှတပါး လွန်မြတ်သော ထွက်မြောက်ရာရှိသည်ကိုလည်း ‘(ဗြဟ္မလောကမှ)တပါး လွန်မြတ်သော ထွက်မြောက်ရာသည်ရှိ၏’ဟူ၍ရှင်း (ဗြဟ္မလောကမှ)တပါး လွန်မြတ်သော ထွက်မြောက်ရာမရှိသည်ကိုလည်း ‘(ဗြဟ္မလောကမှ)တပါး လွန်မြတ်သော ထွက်မြောက်ရာသည် မရှိ’ဟူ၍ရှင်း သိကုန်ရာ၏။ ရဟန်း ထိုအကြောင်းကြောင့် သင့်ကို ငါ ဤသို့ ဆို၏၊ (ဗြဟ္မလောကမှ) တပါးလွန်မြတ်သော ထွက်မြောက်ရာကို တွေ့မြင်လိမ့်မည်မဟုတ်၊ ပင်ပန်းရုံ ဆင်းရဲရုံသာ ဖြစ်ပေလိမ့်မည်။ ရဟန်း အကယ်၍ သင်သည် ပထဝီကို စွဲလမ်းမူ ငါ၏ အနီး၌ ဖြစ်သူ ငါ၏ တည်ရာ၌ ဖြစ်သူ အလိုရှိတိုင်း ပြုနိုင်သည့် လက်အောက်လူဖြစ်ပေလိမ့်မည်။

အာပေါကို။ တေဇောကို။ ဝါယောကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ဗြဟ္မာကို အကယ်၍ စွဲလမ်းမူ ငါ၏အနီး၌ဖြစ်သူ ငါ၏တည်ရာ၌ ဖြစ်သူ အလိုရှိတိုင်းပြုနိုင်သည့် လက်အောက်လူ ဖြစ်ပေလိမ့်မည်”ဟု (ဆို၏)။

ဗြဟ္မာ ငါသည်လည်း ဤသို့ သိ၏၊ “အကယ်၍ ပထဝီကိုစွဲလမ်းမူ သင်၏ အနီး၌ ဖြစ်သူ သင်၏တည်ရှိရာ၌ ဖြစ်သူ အလိုရှိတိုင်းပြုနိုင်သည့် လက်အောက်လူ ဖြစ်လိမ့်မည်။ အာပေါကို။ တေဇောကို။ ဝါယောကို။ သတ္တဝါတို့ကို။ နတ်တို့ကို။ မာရ်နတ်ကို။ ဗြဟ္မာကို အကယ်၍ စွဲလမ်းမူ သင်၏အနီး၌ ဖြစ်သူ သင်၏တည်ရှိရာ၌ ဖြစ်သူ အလိုရှိတိုင်း ပြုနိုင်သည့် လက်အောက်လူ ဖြစ်ပေလိမ့်မည်”ဟု (သိ၏)။

http://www.dhammadownload.com



မြဟ္မာ စင်စစ် "ဗကမြဟ္မာသည် ဤသို့ ကြီးသော တန်ခိုးရှိသူတည်း၊ ဤသို့ ကြီးသော အာနုဘော်ရှိသူတည်း၊ ဤသို့ များသော အကျော်အစော အခြံအရံရှိသူတည်း"ဟု သင်၏ ဖြစ်ပုံကိုလည်း ငါသိ၏၊ အစွမ်းသတ္တိကိုလည်း ငါသိ၏ဟု (ဆို၏)။

အသျှင်မြတ် "ဗကမြဟ္မာသည် ဤသို့ ကြီးသော တန်ခိုးရှိသူတည်း၊ ဤသို့ ကြီးသော အာနုဘော်ရှိသူတည်း၊ ဤသို့ များသော အကျော်အစော အခြံအရံရှိသူတည်း"ဟု အဘယ်သို့ ငါ၏ ဖြစ်ပုံကို သင်သိသနည်း၊ အစွမ်းသတ္တိကိုလည်း သင်သိသနည်းဟု (မေး၏)။

> အရပ်မျက်နှာတို့၌ တင့်တယ်ထွန်းလင်းစေလျက် လနေတို့ လှည့်လည်ရာ (လောကဓာတ်တခု)ပမာဏအားဖြင့် ဤတထောင်သော လောက၌ သင်၏ အာဏာသည် ဖြစ်၏။
>
> ဤတထောင်သော လောက၌ မြင့်သော ယုတ်သော သတ္တဝါကို သိသည့် အပြင် တပ်မက်မှုရှိသူ တပ်မက်မှုကင်းသူကိုရှင်း ဤဇကြဝဠာ, တပါးသော စကြဝဠာကိုရှင်း သတ္တဝါတို့ ပဋိသန္ဓေနေပုံ စုတိပုံကိုရှင်း သိ၏။

မြဟ္မာ ဤသို့လျှင် "ဗကမြဟ္မာသည် ဤသို့ကြီးသော တန်ခိုးရှိသူတည်း၊ ဤသို့ ကြီးသော အာနုဘော်ရှိသူတည်း၊ ဗကမြဟ္မာသည် ဤသို့များသော အကျော်အစော အခြံအရံရှိသူတည်း" ဟု သင်၏ ဖြစ်ပုံကိုလည်း ငါသိ၏၊ အစွမ်းသတ္တိကိုလည်း ငါသိ၏။

၅၀၄။ မြဟ္မာ တပါးသော ဘုံဘဝသည် ရှိသေးသည်သာလျှင်တည်း၊ ထိုဘုံဘဝကို သင်မသိ၊ မမြင်၊ ထိုဘုံဘဝကို ငါသိ၏၊မြင်၏။ မြဟ္မာ အာဘဿရ မည်သောဘုံဘဝသည် ရှိသေးသည်သာလျှင်တည်း၊ ယင်း အာဘဿရဘုံဘဝမှ သင်ရွေ့လျော၍ ဤဘုံ၌ဖြစ်၏၊ ထိုသင့်အား အလွန်ကြာမြင့်စွာနေခြင်းဖြင့် ထိုအောက်မေ့မှုသတိသည် မေ့ပျောက်နေ၏။ ထို့ကြောင့် ထိုဘုံဘဝကို သင်မသိ၊ မမြင်၊ ထိုဘုံဘဝကို ငါသိ၏၊ မြင်၏။ မြဟ္မာ ဤသို့ ငါသိသောကြောင့်လည်း သင်နှင့် တူမျှသည်မဟုတ်၊ အဘယ်မှာ သင့်အောက်အလွန် နိမ့်ကျပေအံ့နည်း၊ စင်စစ်မှာမူ ငါသာလျှင် သင့်ထက် လွန်ကဲ၏။

မြဟ္မာ သုဘကိဏှမည်သော ဘုံဘဝသည် ရှိသေးသည်သာလျှင်တည်း။ ဝေဟပ္ဖိုလ်မည်သော ဘုံဘဝသည်။ အဘိဘူမည်သော ဘုံဘဝသည် ရှိသေးသည်သာလျှင်တည်း။ထိုဘုံဘဝကို သင်မသိ၊ မမြင်၊ ထိုဘုံဘဝကို ငါသိ၏၊မြင်၏။ မြဟ္မာ ဤသို့ ငါသိသောကြောင့်လည်း သင်နှင့် တူမျှသည်မဟုတ်၊ အဘယ်မှာ သင့်အောက် အလွန် နိမ့်ကျပေအံ့နည်း၊ စင်စစ်မှာမူ ငါသည်သာလျှင် သင့်ထက် လွန်ကဲ၏။

မြဟ္မာ ငါသည် မြေကို မြေအားဖြင့်သိ၍ ပထဝီဟူသမျှ၏ ပထဝီ သဘောအားဖြင့် မရောက်ရသည့်နိဗ္ဗာန်ကိုသိ၍ မြေကိုမစွဲယူ၊မြေ၌မစွဲယူ၊မြေအားဖြင့် မစွဲယူ၊ မြေကို ငါပိုင်ဥစ္စာဟု မစွဲယူ၊ မြေကို မစွဲဆို။ မြဟ္မာ ဤသို့ ငါသိသောကြောင့်လည်း သင်နှင့် တူမျှသည် မဟုတ်၊ အဘယ်မှာ သင့်အောက် အလွန်နိမ့်ကျပေအံ့နည်း၊ စင်စစ်မှာမူ ငါသာလျှင် သင့်ထက် လွန်ကဲ၏။

မြဟ္မာ ငါသည် ရေကို။ပ။ မြဟ္မာ ငါသည် မီးကို။ပ။ မြဟ္မာ ငါသည် ဒလကို။ပ။ မြဟ္မာ ငါသည် သတ္တဝါတို့ကို။ပ။ မြဟ္မာ ငါသည် နတ်တို့ကို။ပ။ မြဟ္မာ ငါသည် မာရ်နတ်ကို။ပ။ မြဟ္မာ ငါသည် မြဟ္မာကို။ပ။ မြဟ္မာ ငါသည်အာဘဿရမြဟ္မာကို။ပ။မြဟ္မာ ငါသည် သုဘကိဏှ

http://www.dhammadownload.com



ပြဟ္မာတို့ကို။ပ။ ပြဟ္မာ ငါသည် ဝေဟပ္ဖိုလ် ပြဟ္မာတို့ကို။ပ။ ပြဟ္မာ ငါသည် အဘိဘူပြဟ္မာတို့ကို။ပ။ ပြဟ္မာ ငါသည် အလုံးစုံ(ဘုံသုံးပါးတရား)ကို အလုံးစုံအားဖြင့်သိ၍ အလုံးစုံဟူသမျှ၏ အလုံးစုံသဘောအားဖြင့် မရောက်ရသည့် နိဗ္ဗာန်ကိုသိ၍ အလုံးစုံကို မစွဲယူ၊ အလုံးစုံ၌ မစွဲယူ၊ အလုံးစုံအားဖြင့် မစွဲယူ၊ အလုံးစုံကို ငါ့ပိုင်ဥစ္စာဟု မစွဲယူ၊ အလုံးစုံကို မစွဲဆို။ ပြဟ္မာ ဤသို့ ငါသိသောကြောင့်လည်း သင်နှင့်တူမျှသည် မဟုတ်၊ အဘယ်မှာ သင့်အောက်အလွန်နိမ့်ကျပေအံ့နည်း။ စင်စစ်မှာမူ ငါသည်သာလျှင် သင့်ထက်လွန်ကဲ၏ ဟု (မိန့်ဆို၏)။

အသျှင်မြတ် အကယ်၍ အလုံးစုံ၏ အလုံးစုံသဘောအားဖြင့် မရောက်ခဲ့မူ ယင်းမရောက်ရာကို သိ၍ သင့်စကားသည် ဆိတ်သုဉ်းသောစကား မဖြစ်စေလင့်၊ အချည်းနှီးသော စကား မဖြစ်စေလင့် ဟု (ဆို၏)။

အထူးသိအပ်သော မမြင်အပ်သော ဖြစ်ခြင်း ပျက်ခြင်း အစွန်းမရှိသော အလုံးစုံ (တရား) ထက် အလင်းရောင်ရှိသော ထိုနိဗ္ဗာန်ကို မြေ၏ မြေသဘောအားဖြင့် မရောက်အပ်၊ ရေ၏ ရေသဘောအားဖြင့် မရောက်အပ်၊ မီး၏ မီးသဘောအားဖြင့် မရောက်အပ်၊ လေ၏ လေသဘောအားဖြင့် မရောက်အပ်၊ သတ္တဝါတို့၏ သတ္တဝါ သဘောအားဖြင့် မရောက်အပ်၊ နတ်တို့၏ နတ်သဘောအားဖြင့် မရောက်အပ်၊ မာရ်နတ်၏ မာရ်နတ်သဘောအားဖြင့် မရောက်အပ်၊ ပြဟ္မာတို့၏ ပြဟ္မာသဘောအားဖြင့် မရောက်အပ်၊ အာဘဿရပြဟ္မာတို့၏ အာဘဿရပြဟ္မာသဘောအားဖြင့် မရောက်အပ်၊ သုဘကိဏှပြဟ္မာတို့၏ သုဘကိဏှပြဟ္မာသဘောအားဖြင့် မရောက်အပ်၊ ဝေဟပ္ဖိုလ်ပြဟ္မာတို့၏ ဝေဟပ္ဖိုလ်ပြဟ္မာသဘောအားဖြင့် မရောက်အပ်၊ အဘိဘူပြဟ္မာ၏ အဘိဘူ ပြဟ္မာသဘောအားဖြင့် မရောက်အပ်၊အလုံးစုံ၏ အလုံးစုံသဘောအားဖြင့် မရောက်အပ် ဟု(မိန့်ဆို၏)။

အသျှင်မြတ် ရှုလော့၊ ယခု သင်၏မျက်မှောက်၌ ကွယ်လိုက်မည် ဟု (ဆို၏)။

ပြဟ္မာ သင်သည် အကယ်၍ စွမ်းနိုင်မူ ယခုငါ၏မျက်မှောက်၌ ကွယ်လိုက်လော့ဟု (မိန့်ဆို၏)။

ရဟန်းတို့ ထိုအခါ ဗကပြဟ္မာသည် "ရဟန်းဂေါတမ၏ မျက်မှောက်၌ ကွယ်လိုက်မည်၊ ရဟန်းဂေါတမ၏ မျက်မှောက်၌ ကွယ်လိုက်မည်"ဟုဆိုသော်လည်း ငါ၏မျက်မှောက်၌ကွယ်ရန်မစွမ်းနိုင်။

ရဟန်းတို့ ဤသို့ဆိုသော် ငါသည် ဗကပြဟ္မာကို"ပြဟ္မာ ယခု သင်၏မျက်မှောက်၌ ကွယ်အံ့"ဟု မိန့်ဆို၏။

အသျှင်မြတ် သင်သည် အကယ်၍ စွမ်းနိုင်မူ ယခု အကျွန်ုပ်မျက်မှောက်၌ ကွယ်ပါလော့ ဟု (ဆို၏)။

ရဟန်းတို့ ထိုအခါ ငါသည် "ပြဟ္မာဟူသမျှသည်၎င်း ပြဟ္မာ့ပရိသတ် ဟူသမျှသည်၎င်း ပြဟ္မာ့အလုပ်အကျွေးဟူသမျှတို့သည်၎င်း ငါ၏အသံကိုသာလျှင် ကြားရကုန်၍ ငါ့ကိုကား မမြင်ရမည့်သဘောရှိသော" တန်ခိုးဖန်ဆင်းခြင်းကို ဖန်ဆင်းတော်မူလေ၏၊ ကွယ်တော်မူလျက်—

"ငါသည် ဘဝ၌ ဘေးကိုရင်း ဘဝကင်းရာရှာသော သတ္တဝါတို့၏ ဖြစ်ပုံကိုရင်း မြင်၍သာလျှင် တစုံတခုသော ဘဝကိုမျှ (တဏှာဒိဋ္ဌိ၏အစွမ်းဖြင့်) မစွဲလမ်းပြီ။ ဘဝ၌ နှစ်သက်ခြင်း'ဘဝဝဏ္ဏာ'ကိုလည်း မစွဲယူတော့ပြီ-ဟူသော ဤဂါထာကို မိန့်ဆိုတော်မူ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုအခါဗြဟ္မာသည်ငှင်း ဗြဟ္မာ့ပရိသတ်သည်ငှင်း ဗြဟ္မာ့ အလုပ်အကျွေး တို့သည်
ငှင်း "အချင်းတို့ ရဟန်းဂေါတမ၏ ကြီးသော တန်ခိုးရှိသည့်အဖြစ်, ကြီးသော အာနုဘော်
ရှိသည့်အဖြစ်သည် အံ့ဩဘွယ် ဖြစ်ပေစွ၊မဖြစ်စဘူးဖြစ်ပါပေစွ၊သာကီဝင်မင်းသားဖြစ်၍ သာကီဝင်
မင်းမျိုးမှ ရဟန်းပြုသော ဤရဟန်း ဂေါတမကဲ့သို့ ဤသို့ကြီးသော တန်ခိုးရှိသူ ဤသို့ ကြီးသော
အာနုဘော်ရှိသူ တပါးသော သမဏကိုသော်ငှင်း ဗြာဟ္မဏကိုသော်ငှင်း ရှေးယခင်အခါက
ငါတို့မြင်လည်းမမြင်ခဲ့၊ ကြားလည်း မကြားခဲ့၊ အချင်းတို့ သာကီဝင်မင်းသားဖြစ်၍ သာကီဝင်
မင်းမျိုးမှ ရဟန်းပြုသော ဤရဟန်းဂေါတမသည် ဘဝ၌မွေ့လျော် ဘဝ၌ပျော်ပိုက် ဘဝ၌ ဖြစ်ပွါး
သော သတ္တဝါအပေါင်း၏ဘဝကို အမြစ်နှင့်တကွ နုတ်နိုင်ပါပေစွ" ဟု အံ့ဩခြင်း မဖြစ်စဘူး
စိတ်ဖြစ်ခြင်း ရှိကုန်၏။

၅၀၅။ ရဟန်းတို့ ယိုအခါ မာရ်နတ်ယုတ်သည် တပါးသော ဗြဟ္မာ့ အလုပ်အကျွေးကို ပူးဝင်၍
ငါ့အား ဤသို့ပြောဆို၏။

"အသျှင်မြတ် အကယ်၍ သင်သည် ဤသို့ ခွဲခြား၍သိပါမူ အကယ်၍သင်သည်ဤသို့လျော်စွာ
ဉာဏ်ဖြင့်သိပါမူ တပည့် သာဝကတို့သို့ (ထိုတရားကို) မပို့ဆောင်ပါလင့်၊ (ရသေ့ပရိဗိုဇ်)
ရဟန်းတို့သို့ (ထိုတရားကို) မပို့ဆောင်ပါလင့်၊ တပည့်သာဝကတို့အား တရားကို မဟော
ပါလင့်၊ ရဟန်းတို့အား (တရားကို) မဟောပါလင့်၊ တပည့်သာဝကတို့၌ တပ်မက်မောခြင်းကို
မပြုပါလင့်။ ရဟန်းတို့၌ တပ်မက်မောခြင်းကို မပြုပါလင့်၊ ရဟန်း လောက၌ ကိလေသာ
ရန်သူကို သတ်တတ်သူ (အရဟန္တ) (တရား အားလုံးကို) ကိုယ်တိုင် မှန်စွာ သိသူ
'သမ္မာသမ္ဗုဒ္ဓ'တို့ဟု ဝန်ခံခြင်း ရှိကြသော သင့်ထက် ရှေးကျသည့် သမဏ ဗြာဟ္မဏတို့သည်
တပည့်သာဝကတို့သို့(တရားကို) ပို့ဆောင်ကုန်၏၊ ရဟန်းတို့သို့ (တရားကို ပို့ဆောင်ကုန်၏)၊
တပည့်သာဝကတို့အား တရားကို ဟောကုန်၏၊ ရဟန်းတို့အား (တရားကို ဟောကုန်၏)၊တပည့်
သာဝကတို့၌ တပ်မက်မောခြင်းကို ပြုကုန်၏၊ ရဟန်းတို့၌ (တပ်မက်မောခြင်းကို ပြုကုန်၏)။
ထိုသမဏဗြာဟ္မဏတို့သည် တပည့်သာဝကတို့သို့(တရားကို) ပို့ဆောင်၍ ရဟန်းတို့သို့ (တရားကို)
ပို့ဆောင်၍ တပည့်သာဝကတို့အား တရားကိုဟော၍ ရဟန်းတို့အား(တရားကို ဟော၍) တပည့်
သာဝကတို့၌ တပ်မက်မောသော စိတ်ရှိကုန်၍ ရဟန်းတို့၌ တပ်မက်မောသော စိတ်ရှိကုန်၍
ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ယုတ်ညံ့သော ဘုံဘဝ၌ တည်ကုန်၏။

ရဟန်း လောက၌ ကိလေသာရန်သူကို သတ်တတ်သူ 'ရဟန္တာ'တို့ (တရားအားလုံးကို)
ကိုယ်တိုင်မှန်စွာသိသူ 'သမ္မာသမ္ဗုဒ္ဓ'တို့ဟု ဝန်ခံခြင်းရှိကြသော သင့်ထက် ရှေးကျသည့် သမဏ
ဗြာဟ္မဏတို့သည် တပည့်သာဝကတို့သို့(တရားကို) မပို့ဆောင်ကုန်၊ ရဟန်းတို့သို့ (တရားကိုမပို့
ဆောင်ကုန်)။ တပည့်သာဝကတို့အား တရားကို မဟောကုန်၊ ရဟန်းတို့အား (တရားကို) မဟော
ကုန်၊ တပည့်သာဝကတို့၌ တပ်မက်မောခြင်းကို မပြုကုန်၊ ရဟန်းတို့၌ (တပ်မက်မောခြင်းကို မပြု
ကုန်)။ ထိုသမဏဗြာဟ္မဏတို့သည် တပည့်သာဝကတို့သို့ (တရားကို)မပို့ဆောင်ပဲ ရဟန်းတို့သို့
(တရားကို မပို့ဆောင်ပဲ) တပည့်သာဝကတို့အား တရားကို မဟောပဲ ရဟန်းတို့အား (တရားကို
မဟောပဲ၊ တပည့်သာဝကတို့၌ တပ်မက်မောသော စိတ်မရှိကုန်ပဲ) ရဟန်းတို့၌ တပ်မက်သောစိတ်
မရှိကုန်ပဲ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မြတ်သောဘုံဘဝ၌ တည်ကုန်၏။

http://www.dhammadownload.com



ရဟန်း ထို့ကြောင့် အသျှင်မြတ် သင့်ကိုတိုက်တွန်း၏၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းကို အားထုတ်လျက် ကြောင့်ကြမဲ့ နေပါလော့၊ အသျှင်မြတ် (တရားကို) မဟော ကြားခြင်းသည် ကောင်းမြတ်၏၊ သူတပါးကို မဆုံးမပါလင့်''ဟု သင့်ကို ငါဆို၏ ဟု (ဆို၏)။

ရဟန်းတို့ ဤသို့ပြောဆိုသော် ငါသည် မာရ်နတ်ယုတ်အား ဤသို့ မိန့်ဆို၏။

''မာရ်ယုတ် သင့်ကို ငါသိ၏၊ သင်သည် 'ငါ့ကိုမသိ'ဟု မထင်မှတ်လင့်။ မာရ်ယုတ် သင်သည် မာရ်နတ်ဖြစ်၏၊ မာရ်ယုတ် ငါ့ကိုသင်သည် အကျိုးစီးပွါးကိုလိုလားခြင်းရှိ၍ ဤသို့မဆို။ မာရ်ယုတ် အကျိုးစီးပွါးမဲ့ကိုလိုလားခြင်းရှိ၍သာ ငါ့ကို သင်သည်ဤသို့ဆို၏။မာရ်ယုတ် 'ရဟန်းဂေါတမ ဟော ပြမည့်တရားကို နာယူကြသူတို့သည် ငါ၏အာဏာကို လွန်ဆန်ကုန်လိမ့်မည်' ဟု သင့်အား အကြံ အစည်လည်း ဖြစ်၏။

မာရ်ယုတ် ထိုသမဏဗြာဟ္မဏတို့သည် (တရားအားလုံးကို) ကိုယ်တိုင် မှန်စွာသိသူ 'သမ္မာ သမ္ဗုဒ္ဓ' မဟုတ်သူတို့သာ ဖြစ်ကုန်လျက်(တရားအားလုံးကို)ကိုယ်တိုင်မှန်စွာသိသူ'သမ္မာသမ္ဗုဒ္ဓ'တို့ ဖြစ်ကုန်၏ဟု ဝန်ခံကုန်၏။ မာရ်ယုတ် ငါသည်ကား (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာသိသူ 'သမ္မာသမ္ဗုဒ္ဓ'သာလျှင်ဖြစ်၍ (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာသိသူ 'သမ္မာသမ္ဗုဒ္ဓ' ဖြစ်၏ဟု ဝန်ခံ၏။

မာရ်ယုတ် မြတ်စွာဘုရားသည် တပည့်သာဝကတို့အား တရားကို ဟောသော်၎င်း တရားကို မဟောသော်၎င်း ထိုသို့သဘောရှိသည်သာတည်း။ မာရ်ယုတ် မြတ်စွာဘုရားသည် တပည့် သာဝကတို့သို့ (တရားကို) ပို့ဆောင်သော်၎င်း တရားကို မပို့ဆောင်သော်၎င်း ထိုသို့ သဘော ရှိသည်သာတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ မာရ်ယုတ် မြတ်စွာဘုရားအား ပူပန်ညစ်ညူးစေတတ်ကုန်, တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်ကုန်၍ ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်လျက် နောက်အခါ၌(ပဋိသန္ဓေတည်နေ)ဖြစ်ပွါးခြင်း အိုခြင်း သေခြင်း ကို ဖြစ်စေတတ်သည့် အာသဝေါတရားတို့ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ပြုပြီးဖြစ်၏၊အသစ်မဖြစ်ခြင်းကိုပြုပြီးဖြစ်၏၊ နောင်အခါဖြစ်ခြင်း သဘော မရှိတော့ချေ။

မာရ်ယုတ် ထန်းပင်သည် လည်ဆစ်ပြတ်ခဲ့သော် တဖန်စည်ပင်ခြင်းငှါ မထိုက်သကဲ့သို့ ဤအတူ ပင် မြတ်စွာဘုရားအား ပူပန်ညစ်ညူးစေတတ်ကုန် တဖန် ဘဝသစ်ဖြစ်ခြင်းကို ပြုတတ်ကုန်၍ ပူလောင်ခြင်းနှင့်တကွ ဆင်းရဲခြင်းအကျိုးရှိကုန်လျက် နောင်အခါ၌ (ပဋိသန္ဓေတည်နေ) ဖြစ်ပွါး ခြင်း အိုခြင်း သေခြင်းကို ဖြစ်စေတတ်သည့် အာသဝေါတရားတို့ကို ပယ်ပြီးဖြစ်၏၊ အမြစ်ကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ (နုတ်ပြီးသော) ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ (အသစ်) မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ၌ ဖြစ်ခြင်း သဘောမရှိတော့ချေ''ဟု (မိန့်တော်မူ၏)။

ဤသို့လျှင် ဤစကားကို မာရ်နတ်အား စကားမပြောဆိုနိုင်စေခြင်းအားဖြင့်၎င်း ဗြဟ္မာအား အထူးသိစေခြင်းအားဖြင့်၎င်း (မိန့်ဆိုတော်မူ၏)။ ထို့ကြောင့် ဗြဟ္မနိမန္တနိကဟူ၍သာလျှင် ဤသုတ္တန်၏ အမည်သည် ဖြစ်၏။

ကိုးခုမြောက် ဗြဟ္မနိမန္တနိကသုတ် ပြီး၏။

http://www.dhammadownload.com



## ၁၀-မာရတဇ္ဇနီယသုတ်

၅၀၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်မဟာမောဂ္ဂလာန်သည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဘေသကဠာမည်သော သမင်တောဝ၌နေတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် လွင်တီးခေါင်၌ စင်္ကြံသွား၏။ ထိုအခါ မာရ်နတ်ယုတ်သည် အသျှင်မဟာမောဂ္ဂလာန်၏ အူတွင်းသို့ ဝင်သည်ဖြစ်၍ ဝမ်း၌ ရောက်နေ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်အား "အဘယ်သို့နည်း၊ ငါ၏ ဝမ်းသည် အလွန်လေးသကဲ့သို့ ဖြစ်၏၊ ပဲဆွမ်းဖြင့် ပြည့်ယောင်တကား" ဟု စိတ်အမှတ်သည် ဖြစ်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် စင်္ကြံမှသက်ဆင်း၍ ကျောင်းသို့ဝင်ကာ ခင်းထားသော နေရာ၌ ထိုင်ပြီးသော် မိမိကိုယ်ကို အသင့်အားဖြင့် နှလုံးသွင်း၏။ အသျှင်မဟာမောဂ္ဂလာန်သည် မာရ်နတ်ယုတ် အူတွင်းသို့ ဝင်သည်ဖြစ်၍ ဝမ်း၌ရောက်နေသည်ကိုမြင်၍ မာရ်နတ်ယုတ်အား—

"မာရ်ယုတ် ထွက်လော့၊ မာရ်ယုတ်ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန် ဆင်းရဲရန် မဖြစ်စေလင့်" ဟု ဆို၏။

ထိုအခါ မာရ်နတ်ယုတ်အား ဤသို့သော အကြံသည်ဖြစ်၏။

"ငါ့ကို ဤရဟန်းသည် မသိပဲ မမြင်ပဲသာလျှင် 'မာရ်နတ်ယုတ် ထွက်လော့၊ မာရ်နတ်ယုတ် ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အား ရှည်ကြာစွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန် ဆင်းရဲရန် မဖြစ်စေလင့်' ဟု ဆို၏။ ထိုရဟန်း၏ဆရာ(မြတ်စွာဘုရား)သော်မှလည်း ငါ့ကို လျင်မြန်စွာ မသိနိုင်ရာ၊ ဤတပည့်သာဝကသည် ငါ့ကို အဘယ်မှာ သိနိုင်လိမ့်မည်နည်း" ဟု အကြံသည် ဖြစ်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် မာရ်နတ်ယုတ်အား—

"မာရ်ယုတ် ဤသို့လည်း သင့်ကို ငါသိ၏၊ သင်သည် 'ငါ့ကိုမသိ' ဟု မထင်မှတ်လင့်၊ မာရ်ယုတ် သင်သည် မာရ်နတ်ဖြစ်၏၊ မှန်၏၊ မာရ်နတ်ယုတ် သင့်အား 'ငါ့ကို ဤရဟန်းသည် မသိပဲ မမြင်ပဲ သာလျှင် မာရ်နတ်ယုတ် ထွက်လော့၊ မာရ်နတ်ယုတ် ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အား ရှည်(ကြာ) စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန် ဆင်းရဲရန် မဖြစ်စေလင့် ဟု ဆို၏။ ထိုရဟန်း၏ဆရာ (မြတ်စွာဘုရား) သော်မှလည်း ငါ့ကို လျင်မြန်စွာ မသိနိုင်ရာ၊ ဤ တပည့်သာဝကသည် ငါ့ကို အဘယ်မှာ သိနိုင်လိမ့်မည်နည်း' ဟု ဤသို့ အကြံဖြစ်ဘိ၏" ဟု မိန့်ဆို၏။

ထိုအခါ မာရ်နတ်ယုတ်အား ဤသို့ အကြံ ဖြစ်ပြန်၏။

"ငါ့ကို ဤရဟန်းသည် သိ၍မြင်၍ သာလျှင် 'မာရ်နတ်ယုတ် ထွက်လော့၊ မာရ်နတ်ယုတ် ထွက်လော့၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲလင့်၊ သင့်အား ရှည်(ကြာ)စွာသော ကာလပတ်လုံး အစီးအပွါးမဲ့ရန် ဆင်းရဲရန် မဖြစ်စေလင့် ဟု ဆို၏" ဟု (ဤအကြံသည် ဖြစ်ပြန်၏)။

http://www.dhammadownload.com



ထိုအခါ မာရ်နတ်ယုတ်သည် အသျှင်မဟာမောဂ္ဂလာန်၏ ခံတွင်းမှ ထွက်၍ တံခါးရွက် အပြင်ဘက်၌ ရပ်တည်၏။

၅၀၇။ အသျှင်မဟာမောဂ္ဂလာန်သည် မာရ်နတ်ယုတ် တံခါးရွက် အပြင်ဘက်၌ ရပ်တည်သည်ကို မြင်၍ မာရ်နတ်ယုတ်ကို မာရ်ယုတ် ဤနေရာ၌လည်း သင့်ကို ငါမြင်၏၊ သင်သည် "ငါ့ကို မမြင်" ဟု မထင်မှတ်လင့်။ မာရ်ယုတ် ဤသင်သည် တံခါးရွက်အပြင်ဘက်၌ ရပ်တည်၏။ မာရ်ယုတ် ရှေး၌ဖြစ်ဘူးသည်ကား ငါသည် ဒူသီမည်သော မာရ်နတ်ဖြစ်ခဲ့ဘူး၏၊ ထိုငါ့အား ကာဠီမည်သော နှမသည်ရှိ၏။ သင်သည် ထိုနှမ၏ သားတည်း၊ သင်သည် ငါ၏တူဖြစ်၏။ မာရ်ယုတ် ထိုအခါ (ကိလေသာ)ရန်သူကို သတ်တတ်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော ကကုသန္ဓ မြတ်စွာဘုရားသည် လောက၌ ဖြစ်တော်မူခဲ့၏။ မာရ်ယုတ် (ကိလေသာ) ရန်သူကို သတ်တတ်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာသိတော်မူသော ကကုသန္ဓမြတ်စွာဘုရားအား ဝိဓုရနှင့် သဉ္ဇီဝမည်သော တပည့်သာဝက အစုံသည် ရှိ၏၊ မြတ်၏၊ ကောင်းသော အစုံဖြစ်၏။ မာရ်ယုတ်(ကိလေသာ)ရန်သူကို သတ်တတ်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန္ဓ မြတ်စွာဘုရားအား ရှိသမျှ တပည့်သာဝကတို့တွင် တစုံတယောက် မျှလည်း တရားဟောခြင်းအားဖြင့် အသျှင် ဝိဓုရနှင့် တူမျှသူမရှိ။ မာရ်ယုတ် ဤ အကြောင်းကြောင့် ဝိဓုရ ဟူ၍သာလျှင် အသျှင်ဝိဓုရအမည်သည် ထင်ရှားခဲ့၏။

မာရ်ယုတ် အသျှင် သဉ္ဇီဝသည်ကား တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ ကပ်၍ရင်း ဆိတ်ငြိမ်ရာသို့ကပ်၍ရင်း လွယ်ကူစွာသာလျှင် မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာနိရောဓ သမာပတ်ကို ဝင်စား၏။

မာရ်ယုတ် ရှေး၌ဖြစ်ဘူးသည်ကား အသျှင်သဉ္ဇီဝသည် တခုသော သစ်ပင်ရင်း၌ မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားလျက် ထိုင်နေ၏။ မာရ်ယုတ် နွားကျောင်းသား (ဆိတ်) ကျောင်းသား သိုးကျောင်းသား လယ်သမား ခရီးသွားတို့သည် တခုသော သစ်ပင်ရင်း၌ မှတ်သားမှု 'သညာ' ခံစားမှု 'ဝေဒနာ' တို့ ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားလျက် ထိုင်နေသော အသျှင် သဉ္ဇီဝကို မြင်ကုန်၍ ထိုသူတို့အား "အချင်းတို့ အံ့သြဖွယ် ဖြစ်ပါပေစွ၊ မဖြစ်စဘူးဖြစ်ပါပေစွ၊ ဤရဟန်းသည် ထိုင်လျက်သာလျှင် သေနေ၏၊ ယခု ထိုရဟန်းကို မီးရှို့ကုန်အံ့" ဟု အကြံဖြစ်၏။ မာရ်ယုတ် ထိုအခါ ထိုနွားကျောင်းသား ဆိတ်ကျောင်းသား သိုးကျောင်းသား လယ်သမား ခရီးသွား တို့သည် မြက်ကိုရင်း သစ်သားကိုရင်း နွားချေးကိုရင်း စုရုံး၍ အသျှင် သဉ္ဇီဝ၏ ကိုယ်၌ ထက်ဝန်းကျင်စုပုံပြီး မီးရှို့ကာ ဖဲခွါသွားကြကုန်၏။

မာရ်ယုတ် ထိုအခါ အသျှင် သဉ္ဇီဝသည် ထိုညဉ့်လွန်သဖြင့် ထိုသမာပတ်မှ ထပြီးသော် သင်္ကန်းတို့ကို ခါ၍ နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ်သင်္ကန်းကို ယူဆောင်လျက် ရွာသို့ ဆွမ်းအလို့ငှါဝင်၏။ မာရ်ယုတ် ထိုနွားကျောင်းသား ဆိတ်ကျောင်းသား သိုးကျောင်းသား လယ်သမား ခရီးသွားတို့သည် အသျှင်သဉ္ဇီဝ ဆွမ်းအလို့ငှါ ကြွ(သွား)သည်ကို မြင်ကုန်၍ ထိုသူတို့အား "အချင်းတို့ အံ့သြဖွယ်ဖြစ်ပါပေစွ၊ အချင်းတို့ မဖြစ်စဘူးဖြစ်ပါပေစွ၊ ရဟန်းသည် ထိုင်လျက် သာလျှင် သေနေ၏၊ ထိုရဟန်းသည် တဖန်အသက် ရှင်ပြန်၏" ဟု အကြံဖြစ်၏။ မာရ်ယုတ် ဤသို့လျှင် ဤအကြောင်းကြောင့် သဉ္ဇီဝ ဟူ၍သာလျှင် အသျှင် သဉ္ဇီဝ၏ အမည်သည် ထင်ရှားခဲ့၏။

http://www.dhammadownload.com



"ငါသည် ဤစောင့်စည်းမှု သီလရှိသူ ကောင်း
၅၀၈။ မာရ်ယုတ် ထိုအခါ ဒူသီမာရ်နတ်အား
သော သဘောရှိသူ ရဟန်းတို့၏ ဖြစ်ပုံကိုရင်း လာပုံကိုရင်း မသိ၊ ငါသည် ပုဏ္ဏားအိမ်ရှင် တို့ကို
သင်တို့သည် လာကုန်လော့၊ အကျင့်သီလရှိသူ ကောင်းသော သဘောရှိသူ ရဟန်းတို့ကို ဆဲရေး
ကုန်လော့၊ ရေရွတ်ကုန်လော့၊ ချုတ်ချယ်ကုန်လော့၊ ညှဉ်းဆဲကုန်လော့။ သင်တို့အဆဲရေး အရေ
ရွတ် အချုတ်ချယ် အညှဉ်းဆဲ ခံရကုန်သော် ရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်း ဖြစ်တန်ကောင်းရာ၏၊
ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက် (အလမ်း)ကို ရနိုင်တန်ရာ၏" ဟူသော
ရည်ရွယ်ချက်ဖြင့် လှည့်ပတ်ရမှု ကောင်းပေမည်ဟု အကြံဖြစ်၏။ မာရ်ယုတ် ထိုအခါ ဒူသီ မာရ်နတ်
သည် ထိုပုဏ္ဏားအိမ်ရှင်တို့ကို "သင်တို့သည် လာကုန်လော့၊ စောင့်စည်းမှု သီလရှိသူ ကောင်းသော
သဘော ရှိသူ ရဟန်းတို့ကို ဆဲရေးကုန်လော့၊ ရေရွတ်ကုန်လော့၊ ချုတ်ချယ်ကုန်လော့၊ ညှဉ်းဆဲကုန်
လော့။ သင်တို့ ဆဲရေး ရေရွတ် ချုတ်ချယ် ညှဉ်းဆဲခံရကုန်သော် ရဟန်းတို့၏ စိတ်ဖောက်ပြန်
ခြင်းသည် ဖြစ်တန်ရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက် (အလမ်း) ကို
ရနိုင်တန်ရာ၏" ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်၏။

မာရ်ယုတ် ထိုအခါ ထိုပုဏ္ဏားအိမ်ရှင်တို့သည် ဒူသီမာရ်နတ် အလှည့် အပတ် ခံရကုန်၍ စောင့်
စည်းမှု သီလရှိသူ ကောင်းသော သဘောရှိသူ ရဟန်းတို့ကို "အောက်တန်းစား ဖြစ်ကုန်သော
မည်းညစ်သော သဘောရှိကုန်သော ဗြဟ္မာ့ ခြေဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်း ရဟန်းယုတ်တို့
သည် 'ငါတို့ စျာန်ဝင်စားသူ တို့တည်း၊ ငါတို့စျာန်ဝင်စား သူတို့တည်း' ဟု လည်ပင်းငိုက်ဆိုက်
မျက်နှာ အောက်ချကာ ပျင်းရိလေးထိုင်းခြင်း ဖြစ်ကုန်လျက် ကြံစည်ကုန်၏၊ ကြံမှိုင်ကုန်၏၊
အထူး ကြံမှိုင် ကုန်၏၊ ထိုမှဤမှ ကြံမှိုင်ကုန်၏။

ဥပမာသော်ကား ခင်ပုပ်ငှက်သည် သစ်ကိုင်း၌ ကြွက်ကို စောင့်စားလျက် ကြံစည်၏၊ ကြံမှိုင်၏၊
အထူးကြံမှိုင်၏၊ ထိုမှဤမှ ကြံမှိုင်၏ ။ဤအတူပင် အောက်တန်းစား ဖြစ်ကုန်သော မည်းညစ်သော
သဘော ရှိကုန်သော ဗြဟ္မာ့ ခြေဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်းရဟန်းယုတ်တို့သည် 'ငါတို့ စျာန်
ဝင်စားသူတို့တည်း၊ ငါတို့စျာန်ဝင်စားသူတို့တည်း' ဟု လည်ပင်းငိုက်ဆိုက် မျက်နှာအောက်ချကာ
ပျင်းရိလေးထိုင်းခြင်းဖြစ်ကုန်လျက် ကြံစည်ကုန်၏၊ ကြံမှိုင်ကုန်၏၊ အထူးကြံမှိုင်ကုန်၏၊ ထိုမှဤမှ
ကြံမှိုင်ကုန်၏။

ဥပမာသော်ကား မြေခွေးသည် မြစ်ကမ်း၌ ငါးတို့ကို စောင့်စားလျက် ကြံစည်၏၊
ကြံမှိုင်၏၊ အထူးကြံမှိုင်၏၊ ထိုမှဤမှ ကြံမှိုင်၏။ ဤအတူပင်လျှင် အောက်တန်းစား ဖြစ်ကုန်
သော မည်းညစ်သော သဘောရှိကုန်သော ဗြဟ္မာ့ခြေဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်း ရဟန်း
ယုတ်တို့သည် 'ငါတို့စျာန်ဝင်စားသူတို့တည်း၊ ငါတို့စျာန်ဝင်စားသူတို့တည်း' ဟု လည်ပင်းငိုက်ဆိုက်
မျက်နှာအောက်ချကာ ပျင်းရိလေးထိုင်းခြင်း ဖြစ်ကုန်လျက် ကြံစည်ကုန်၏၊ ကြံမှိုင်ကုန်၏၊
အထူးကြံမှိုင်ကုန်၏၊ ထိုမှဤမှ ကြံမှိုင်ကုန်၏။

ဥပမာသော်ကား ကြောင်သည် အိမ် (ခြံ)စပ် မစင်အညစ်အကြေးထက်ရာမြောင်း အမှိုက်
စွန့်ရာ၌ ကြွက်ကိုစောင့်စားလျက် ကြံစည်၏၊ ကြံမှိုင်၏၊ အထူးကြံမှိုင်၏၊ ထိုမှဤမှကြံမှိုင်၏။
ဤအတူပင်လျှင် အောက်တန်းစား ဖြစ်ကုန်သော မည်းညစ်သော သဘော ရှိကုန်သော ဗြဟ္မာ့

http://www.dhammadownload.com



ခြေဖမိုးမှဖြစ်ကုန်သော ဤဦးပြည်းရဟန်းယုတ်တို့သည် 'ငါတို့ ဈာန်ဝင်စား သူတို့တည်း၊ ငါတို့ ဈာန်ဝင်စားသူတို့တည်း'ဟု လည်ပင်းငိုက်ဆိုက် မျက်နှာအောက်ချကာ ပျင်းရိ လေးထိုင်းခြင်း ဖြစ်ကုန်လျက် ကြံစည်ကုန်၏၊ ကြံမှိုင်ကုန်၏၊ အထူးကြံမှိုင်ကုန်၏၊ ထိုမှ ဤမှ ကြံမှိုင်ကုန်၏။

ဥပမာသော်ကား မြည်းသည် ကျောက်ကုန်းပေါက်သော် အိမ် ခြံစပ် မစင် အညစ်အကြေး ထွက်ရာမြောင်း အမှိုက်စွန့်ရာ၌ ကြံစည်၏၊ ကြံမှိုင်၏၊ အထူးကြံမှိုင်၏၊ ထိုမှ ဤမှ ကြံမှိုင်၏။ ဤအတူပင်လျှင် အောက်တန်းစား ဖြစ်ကုန်သော မည်းညစ်သော သဘောရှိကုန်သော ပြဟ္မာ့ ခြေဖမိုးမှ ဖြစ်ကုန်သော ဤဦးပြည်း ရဟန်းယုတ်တို့သည် 'ငါတို့ ဈာန်ဝင်စားသူတို့တည်း၊ငါတို့ ဈာန်ဝင်စားသူတို့တည်း'ဟု လည်ပင်းငိုက်ဆိုက် မျက်နှာအောက်ချကာ ပျင်းရိလေးထိုင်းခြင်း ဖြစ်ကုန်လျက် ကြံစည်ကုန်၏၊ ကြံမှိုင်ကုန်၏၊ အထူးကြံမှိုင်ကုန်၏၊ ထိုမှ ဤမှ ကြံမှိုင်ကုန်၏"ဟု ဆဲရေးကုန်၏၊ ရေရွတ်ကုန်၏၊ ချုတ်ချယ်ကုန်၏၊ ညှဉ်းဆဲကုန်၏။

မာရ်ယုတ် ထိုအခါ သေသောလူတို့သည် များသောအားဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာမရှိသော မကောင်းသောလားရာ ပျက်စီး၍ကျရာ ငရဲသို့ ရောက်ရကုန်၏။

၅၀၉။ မာရ်ယုတ် ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန္ဓ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏။ "ရဟန်းတို့ ပုဏ္ဏားအိမ်ရှင်တို့ကို ဒူသီမာရ်နတ်သည် သင်တို့ လာကုန်လော့၊ စောင့်စည်းမှု သီလရှိသူ ကောင်းသောသဘောရှိသူ ရဟန်းတို့ကို ဆဲရေးကုန်လော့၊ ရေရွတ်ကုန်လော့၊ချုတ်ချယ်ကုန်လော့၊ ညှဉ်းဆဲကုန်လော့။ သင်တို့ အဆဲရေး အရေရွတ် အချုပ်ချယ် အညှဉ်းဆဲ ခံရကုန်သော် ရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်ကောင်း တန်ရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက်(အလမ်း)ကို ရနိုင်တန်ရာ၏ ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်၏။

ရဟန်းတို့ သင်တို့သည် လာကုန်လော့၊ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေကုန်လော့။ ထို့အတူ နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခုမြောက် အရပ်ကို ပြန့်နှံ့စေ၍ နေကုန်လော့။ ဤနည်းအားဖြင့် အထက်,အောက်,ဖီလာ,အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်လော့။

ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့်။ပ။ မုဒိတာနှင့်ယှဉ်သော စိတ်ဖြင့်။ပ။ ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေကုန်လော့။ ထို့အတူ နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခုမြောက်အရပ်ကို ပြန့်နှံ့စေ၍ နေကုန်လော့။ ဤနည်းအားဖြင့် အထက်, အောက်, ဖီလာ, အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ဥပေက္ခာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်လော့"ဟု (မိန့်တော်မူ၏)။

မာရ်ယုတ် ထိုအခါ ထိုရဟန်းတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကကုသန္ဓ မြတ်စွာဘုရား ဤသို့ ဆိုဆုံးမ သွန်သင်သော် တောသို့ကပ်ကုန်၍ သော်၎င်း သစ်ပင်ရင်းသို့ ကပ်ကုန်၍သော်၎င်း ဆိတ်ငြိမ်ရာသို့ ကပ်ကုန်၍ သော်၎င်း မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏။ ထို့အတူ

http://www.dhammadownload.com



နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခုမြောက်အရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏။ ဤနည်းအားဖြင့် အထက်,အောက်,ဖီလာ, အလုံးစုံသောအရပ် အလုံးစုံသောသတ္တဝါတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်၏။

ကရုဏာနှင့်ယှဉ်သောစိတ်ဖြင့်။ပ။ မုဒိတာနှင့်ယှဉ်သော စိတ်ဖြင့်။ပ။ ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏။ ထို့အတူ နှစ်ခုမြောက်။ သုံးခုမြောက်။ လေးခုမြောက်အရပ်ကို ပြန့်နှံ့စေ၍ နေကုန်၏။ ဤနည်းအားဖြင့် အထက်,အောက်,ဖီလာ, အလုံးစုံသောအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြားမရှိသော ရန်မရှိသော ကြောင့်ကြမရှိသော ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေကုန်၏။

၅၁၀။ မာရ်ယုတ် ထိုအခါ ဒူသီမာရ်နတ်အား—

"ငါသည် ဤသို့ပြုလျက်လည်း အကျင့်သီလရှိသူ ကောင်းသော သဘောရှိသူ ဤရဟန်းတို့၏ ဖြစ်ပုံကိုရင်း လားပုံကိုရင်း မသိ၊ ငါသည် ပုဏ္ဏားအိမ့်ရှင်တို့ကို သင်တို့သည် လာကုန်လော့၊ စောင့်စည်းမှု (သီလ) ရှိသူ ကောင်းသော သဘောရှိသူ ရဟန်းတို့ကို ကောင်းစွာပြုကုန်လော့၊ လေးစားခြင်းကို ပြုကုန်လော့၊ မြတ်နိုးကုန်လော့၊ ပူဇော်ကုန်လော့။ သင်တို့ကောင်းစွာ အပြု အလေးအစား အမြတ်နိုး အပူဇော်ခံရကုန်သော် ရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်ကောင်း တန်ရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက် (အလမ်း)ကို ရနိုင်တန်ရာ၏" ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်ရမူ ကောင်းပေမည် ဟု အကြံဖြစ်၏။

မာရ်ယုတ် ထိုအခါ ဒူသီမာရ်နတ်သည် ထိုပုဏ္ဏား အိမ့်ရှင် တို့ကို သင်တို့သည် လာကုန်လော့၊ စောင့်စည်းမှု (သီလ)ရှိသူ ကောင်းသောသဘော ရှိသူ ရဟန်းတို့ကို ကောင်းစွာ ပြုကုန်လော့၊ လေးစားခြင်းကို ပြုကုန်လော့၊ မြတ်နိုးကုန်လော့၊ ပူဇော်ကုန်လော့။ သင်တို့ ကောင်းစွာ အပြု အလေးအစား အမြတ်နိုး အပူဇော်ခံရကုန်သော် ရဟန်းတို့၏ စိတ်ဖောက်ပြန်ခြင်းသည် ဖြစ်ကောင်း တန်ရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက် (အလမ်း)ကို ရနိုင်တန်ရာ၏ ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်၏။ မာရ်ယုတ် ထိုအခါ ထိုပုဏ္ဏား အိမ့်ရှင်တို့သည် ဒူသီမာရ်နတ် အလှည့်အပတ် ခံရကုန်၍ စောင့်စည်းမှု (သီလ)ရှိသူ ကောင်းသောသဘောရှိသူ ရဟန်းတို့ကို ကောင်းစွာပြုကုန်၏၊ လေးစားကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏။

မာရ်ယုတ် ထိုအခါ သေသောလူတို့သည် များသောအားဖြင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်လောကသို့ ရောက်ရကုန်၏။

၅၁၁။ မာရ်ယုတ်ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို) ကိုယ်တိုင် မှန်စွာသိတော်မူသော ကကုသန္ဓ မြတ်စွာဘုရားသည် ရဟန်းတို့ကို— "ရဟန်းတို့ ပုဏ္ဏား အိမ့်ရှင်တို့ကို ဒူသီမာရ်နတ်သည် သင်တို့သည် လာကုန်လော့၊ အကျင့်သီလရှိသူ ကောင်းသောသဘော ရှိသူ ရဟန်းတို့ကို ကောင်းစွာ ပြုကုန်လော့၊ လေးစားကုန်လော့၊ မြတ်နိုးကုန်လော့၊ ပူဇော်ကုန်လော့။ သင်တို့ကောင်းစွာ အပြု အလေးအစား အမြတ်နိုး အပူဇော်ခံရကုန်သော် ရဟန်းတို့၏

http://www.dhammadownload.com



စိတ်ပေါက်ပြန့်ခြင်းသည် ဖြစ်ကောင်းတန်ရာ၏၊ ယင်းအကြောင်းကြောင့် ဒူသီမာရ်နတ်သည် အပေါက်(အလမ်း)ကို ရနိုင်တန်ရာ၏ ဟူသော ရည်ရွယ်ချက်ဖြင့် လှည့်ပတ်၏။

ရဟန်းတို့ သင်တို့သည် လာကုန်လော့၊ ကိုယ်၌မတင့်တယ်ခြင်းကို အကြိမ်ကြိမ်ရှုမြင်ကုန်လျက် အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိကုန်လျက် အလုံးစုံသော လောက၌ ပျော်မွေ့ဖွယ် မရှိဟု အမှတ်ရှိကုန်လျက် အလုံးစုံသော ပြုစီရင်မှုတို့၌ မမြဲခြင်းကို အကြိမ်ကြိမ်ရှုမြင်ကုန်လျက် နေကုန်လော့”ဟု မိန့်တော်မူ၏။

မာရ်ယုတ် ထိုအခါ ထိုရဟန်းတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော(တရားအားလုံး ကို)ကိုယ်တိုင် မှန်စွာသိတော်မူသော ကကုသန္ဓ မြတ်စွာဘုရား ဤသို့ ဆုံးမသွန်သင်သော် တော သို့ကပ်ကုန်၍သော်၎င်း သစ်ပင်ရင်းသို့ ကပ်ကုန်၍သော်၎င်း ဆိတ်ငြိမ်ရာသို့ ကပ်ကုန်၍သော်၎င်း ကိုယ်၌ မတင့်တယ်ခြင်းကို အကြိမ်ကြိမ်ရှုမြင်ကုန်လျက် အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိကုန်လျက် အလုံးစုံသော လောက၌ ပျော်မွေ့ဖွယ်မရှိ ဟု အမှတ်ရှိကုန်လျက် အလုံးစုံ သော ပြုစီရင်မှုတို့၌ မမြဲခြင်းကို အကြိမ်ကြိမ်ရှုမြင်ကုန်လျက် နေကုန်၏။

၅၁၂။ မာရ်ယုတ် ထိုအခါ ပူဇော်အထူးကို ခံတော်မူထိုက်သော (တရားအားလုံးကို)ကိုယ် တိုင် မှန်စွာသိတော်မူသော ကကုသန္ဓ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် နောက်လိုက်ရဟန်း အသျှင်ဝိဓုရနှင့်(အတူ) ရွာသို့ ဆွမ်း အကျိုးငှါ ဝင်တော်မူ၏။ မာရ်ယုတ် ထိုအခါ ဒူသီမာရ်နတ်သည် သူငယ်တယောက်ကိုပူးဝင်၍ ကျောက်ခဲကိုကောက်ယူလျက် အသျှင်ဝိဓုရ၏ဦးခေါင်း၌ ပုတ်ခတ်၏၊ ဦးခေါင်းသည်ကွဲလေပြီ။ မာရ်ယုတ် ထိုအခါ အသျှင်ဝိဓုရသည် သွေးယိုကျသော ကွဲသောဦးခေါင်းရှိသည်ဖြစ်၍ ပူဇော် အထူးကို ခံတော်မူထိုက်သော(တရားအားလုံးကို)ကိုယ်တိုင် မှန်စွာသိတော်မူသော ကကုသန္ဓ မြတ်စွာဘုရား၏ နောက်မှသာလျှင် အစဉ်လိုက်၏။ မာရ်ယုတ် ထိုအခါ ပူဇော်အထူးကိုခံတော် မူထိုက်သော (တရားအားလုံးကို)ကိုယ်တိုင် မှန်စွာသိတော်မူသော ကကုသန္ဓမြတ်စွာဘုရားသည် “ဤဒူသီမာရ်နတ်ကား အတိုင်းအရှည်ကို မသိ”ဟု နှလုံးပြုကာ ဆင်(ပြောင်)ကြည့်သကဲ့သို့ လှည့်ကြည့်တော်မူ၏။ ကြည့်တော်မူသည်နှင့် ဘပိုင်နက်ပင် ဒူသီမာရ်နတ်သည် ထိုတည်ရာနတ် လောကမှ ရွေ့လျော၏၊ ငရဲကြီးသို့လည်း ရောက်ရ၏။

မာရ်ယုတ် ထိုငရဲကြီး၏ ဆဖဿာယတနိကဟူ၍၎င်း သင်္ကုသမာဟတဟူ၍၎င်း ပစ္စတ္တဝေဒနီယ ဟူ၍၎င်း အမည်သုံးမျိုးတို့သည် ဖြစ်ကုန်၏။ မာရ်ယုတ် ထိုအခါ ငရဲစောင့်တို့သည် ငါ့ထံသို့ ချဉ်းကပ်၍ “အချင်း သင့်နှလုံး၌ သံတံကျင်တခုနှင့် သံတံကျင်တခုသည် ပေါင်းဆုံမိသောအခါ အနှစ်တထောင်ပတ်လုံး ငါသည် ထိုငရဲ၌ကျက်၏ဟု သင်သိလော့”ဟု ဆိုကုန်၏။မာရ်ယုတ် ထိုငါ သည် များစွာကုန်သော နှစ်တို့ပတ်လုံး များစွာကုန်သော နှစ်အရာတို့ပတ်လုံး များစွာကုန်သော နှစ်အထောင်တို့ပတ်လုံး ထိုငရဲကြီး၌ ကျက်ပြီ။အနှစ်တသောင်းတို့ပတ်လုံး ထိုငရဲကြီး၏ ဥဿဒငရဲ ၌သာလျှင် အဆုံး၌ဖြစ်သော ခံစားခြင်းမည်သည်ကို ခံစားလျက် ကျက်ပြီ။မာရ်ယုတ် ထိုငါ့အား လူ၏ကိုယ်ကဲ့သို့သော ကိုယ်သည် ဖြစ်၏၊ငါး၏ဦးခေါင်းကဲ့သို့သော ဦးခေါင်းသည်လည်း ဖြစ်၏။

http://www.dhammadownload.com



၅၁၃။ ဒုသီမာရ်နတ်သည် တပည့်သာဝက ဝိဓုရကိုရင်း ကကုသန္ဓ မြတ်စွာဘုရား ကိုရင်း ထိပါး(ပုတ်ခတ်)၍ ကျက်ရာဖြစ်သောငရဲသည် အဘယ်သို့သဘောရှိသော ငရဲ ဖြစ်သနည်း။

ဒုသီမာရ်နတ်သည် တပည့်သာဝက ဝိဓုရကိုရင်း ကကုသန္ဓ မြတ်စွာဘုရားကိုရင်း ထိပါး(ပုတ်ခတ်)၍ ကျက်ရာဖြစ်သော ငရဲသည် အရာသော သံတံကျင်တို့ဖြင့် လျှိုသတ် (နှိပ်စက်)ခြင်းရှိ၏၊ အလုံးစုံသောသူတို့သည် အလိုလိုပင် အသီးအသီး ခံစားမှုအမျိုး အစား သဘောရှိသော ငရဲဖြစ်၏။

မာရ်ယုတ် ဤ(ကံ ကံ၏အကျိုး)ကို ရှေးရှုသိသော သဘောရှိသော မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရ လိမ့်မည်။

(ကမ္ဘာ)ကပ်ပတ်လုံး တည်ကုန်သော ဗိမာန်တို့သည် သမုဒ္ဒရာအလယ်၌ တည်ကုန်၏၊ ကြောင်မျက်ရွဲအဆင်းကဲ့သို့ နှစ်သက်ဖွယ်ရှိကုန်၏၊ အလျှံရှိကုန်၏။ ပြိုးပြက်သော အရောင်ရှိကုန်၏၊ ထိုဗိမာန်တို့၌ များပြားသော အသီးအသီး ကိုယ်အဆင်းရှိကုန်သော နတ်သမီးတို့သည် ကကြကုန်၏။

မာရ်ယုတ် ဤဗိမာန်ကို ရှေးရှုသိသော သဘောရှိသော မြတ်စွာဘုရား၏ တပည့် သာဝက ရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။

ရဟန်းသည် စင်စစ် မြတ်စွာဘုရားတိုက်တွန်းအပ်သည်ဖြစ်၍ ရဟန်းသံဃာအပေါင်း ကိုငဲ့သောအားဖြင့် မိဂါရသူဌေး၏အမိ ဝိသာခါ၏ပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေခဲ့ပြီ။

မာရ်ယုတ် ဤပြာသာဒ်တုန်လှုပ်စေခြင်းကို ရှေးရှုသိသော သဘောရှိသော မြတ်စွာ ဘုရား၏ တပည့်သာဝကရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက် ရလိမ့်မည်။

ရဟန်းသည် တန်ခိုးစွမ်းအားဖြင့် ထောက်ပင့်အပ်သည်ဖြစ်၍ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ်စေခဲ့ပြီ၊ နတ်တို့ကိုလည်း ထိတ်လန့်စေခဲ့ပြီ။

မာရ်ယုတ် ဤပြာသာဒ်တုန်လှုပ်စေခြင်းကို ရှေးရှုသိသော သဘောရှိသော မြတ်စွာ ဘုရား၏ တပည့်သာဝက ရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။

ရဟန်းသည် ဝေဇယန္တာပြာသာဒ်၌ သိကြား(မင်း)ကို သိကြား(မင်း) တပ်မက်မှု ကုန်ရာ လွတ်မြောက်ခြင်းတို့ကို သိသလော ဟု မေးမြန်း၏၊ ပြဿနာ အမေးခံရသော သိကြား(မင်း)သည် အမှန်အတိုင်း ထိုရဟန်းအား ဖြေကြား၏။

http://www.dhammadownload.com



မာရ်ယုတ် ဤပြဿနာ မေးခြင်းအကြောင်းကို ရှေးရှုသိသော သဘောရှိသော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။

ရဟန်းသည် သုဓမ္မာသဘင်အနီး၌ ဗြဟ္မာကို ငါ့သျှင် သင့်အား ရှေးကဖြစ်သော အယူသည် ယခုလည်း ဖြစ်သေးသလော၊ ဗြဟ္မလောက၌ ကျော်လွန်ဖြစ်သော ပြိုးပြက်သော အရောင်အလင်းကို ရှုမြင်သလော ဟု မေးမြန်း၏။

ဗြဟ္မာသည် အသျှင်မြတ် ငါ့အား ရှေးကဖြစ်သောအယူသည် မဖြစ်တော့ပြီ၊ ဗြဟ္မလောက၌ ကျော်လွန်ဖြစ်သော ပြိုးပြက်သော အရောင်အလင်းကို ရှုမြင်၏၊ ထိုငါသည် ယခု ငါမြဲသူမဟုတ် တည်တံ့သူမဟုတ်ဟု ခွဲခြားရှုသိ၏ဟု ဤအစဉ်အားလျော်စွာ အမှန်အတိုင်း ထိုရဟန်းအား ပြောကြား၏။

မာရ်ယုတ် ဤပြဿနာ မေးခြင်းအကြောင်းကို ရှေးရှုသိသော သဘောရှိသော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။

ရဟန်းသည် မြင်းမိုရ်တောင်ကြီး၏ အထွတ်ကိုငင်း, တောင်ကျွန်းကိုငင်း, အရှေ့ကျွန်း နေလူအပေါင်းကိုငင်း, အကြင်လူတို့သည် မြေ၌အိပ်တတ်ကုန်၏၊ ထိုအနောက်ကျွန်း မြောက်ကျွန်းသူတို့ကိုငင်း လွတ်မြောက်မှု(ဝိမောက္ခစျာန်)ဖြင့် တွေ့ထိစေ၏။

မာရ်ယုတ် လွတ်မြောက်မှု(ဝိမောက္ခစျာန်)ဖြင့် တွေ့ထိခြင်းအကြောင်းကို ရှေးရှုသိသော သဘောရှိသော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းကို ထိပါး(ပုတ်ခတ်)သောကြောင့် ဆင်းရဲခြင်းသို့ ရောက်ရလိမ့်မည်။

မီးသည် စင်စစ် သူမိုက်ကိုသာ ငါလောင်မည် ဟု အားမထုတ်၊ သူမိုက်သည်သာ တောက်သောမီးကို ထိပါး(ပုတ်ခတ်)သောကြောင့် လောင်၏၊ မာရ်နတ် ဤအတူပင် (လျှင်)သင်သည် မြတ်စွာဘုရားကို ထိပါး(ပုတ်ခတ်)သောကြောင့် မီးကိုတွေ့ထိသော သူမိုက်ကဲ့သို့ အလိုလို မိမိကိုယ်ကို လောင်စေလိမ့်မည်။

မာရ်နတ်သည် မြတ်စွာဘုရားကို ထိပါး(ပုတ်ခတ်)၍ အကုသိုလ်ပွါးများ၏၊ မာရ်ယုတ် အသို့နည်း၊ ယုတ်မာမှုသည် ငါ့အား အကျိုးမပေး ဟု ထင်မှတ်သလော။

မာရ်ယုတ် ယုတ်မာမှုကိုပြုသူအား ကာလကြာမြင့်သော် ယုတ်မာမှုသည် ပွါးစီး၏၊ မာရ်နတ် မြတ်စွာဘုရားကို ထိပါး(ပုတ်ခတ်ခြင်း)မှ ငြီးငွေ့လော့၊ရဟန်းတို့၌ (ညှဉ်းဆဲလိုသော)အာသာကို မပြုလင့်။

ဤသို့လျှင် ရဟန်းသည် ဘေသကဠာ(ပဲစင်းခုံတော)၌ မာရ်နတ်ကို ခြိမ်းချောက်၏၊ ထို့ကြောင့် ထိုမာရ်နတ်သည် စိတ်မကောင်းပဲ ထိုနေရာ၌ပင်လျှင် ကွယ်လေ၏။

ဆယ်ခုမြောက် မာရတဇ္ဇနီယသုတ်ပြီး၏။

**ငါးခုမြောက် စူဠယမကဝဂ်ပြီး၏။**

http://www.dhammadownload.com



## ထိုဝဂ်၏ဥဒ္ဒါန်းအကျဉ်းကား

သာလေယျကသုတ် ဝေရဉ္စကသုတ် မဟာဝေဒလ္လသုတ် စူဠဝေဒလ္လသုတ် စူဠဓမ္မသမာဒါနသုတ် မဟာဓမ္မသမာဒါနသုတ် ဝီမံသကသုတ် ကောသမ္ဗိယသုတ် ဗြဟ္မနိမန္တနိကသုတ် မာရတဇ္ဇနီယသုတ် ဤဆယ်သုတ်တို့တည်း။

## ငါးခုမြောက် သာလေယျဝဂ် ပြီး၏။

---

ဤဆိုလတ္တံ့သည်ကား ဝဂ်တို့ကို အကျဉ်းပြရာဖြစ်သော ဥဒ္ဒါန်းတည်း။

မူလပရိယာယဝဂ် သီဟနာဒဝဂ် ကကစူပမသုတ်လျှင် အစရှိသော ဩပမ္မဝဂ် ဂေါသိင်္ဂသုတ်လျှင် အစရှိသော မဟာယမကဝဂ် သာလေယျကသုတ်လျှင် အစရှိသော စူဠယမကဝဂ်အားဖြင့် ငါးပါးတို့တည်း။

# မူလပဏ္ဏာသက ပါဠိတော်မြန်မာပြန် ပြီးပြီ။

http://www.dhammadownload.com

မူလပဏ္ဏာသပါဠိတော်မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အကုသိုလ်၏ အကြောင်းရင်း | ၆၁ |
| အကြောင်းငါးပါးတို့ဟူသည် | ၁၇၂ |
| အကြောင်းသုံးပါးတို့ဖြင့်ကဲ့ရဲ့ ထိုက်သူများ | ၁၉ |
| အကြောင်းသုံးပါးတို့ဖြင့် ချီးမွမ်း ထိုက်သူများ | ၂၀ |
| အကြောင်းသုံးရပ်တို့၏ ပေါင်းဆုံခြင်း | ၃၄၃ |
| အခိုးလွှတ်ခြင်းဟူသည် အဘယ် ပါနည်း | ၂၀၂ |
| အချင်းချင်း ချစ်ခင်သောမျက်စိ | ၂၇၄ |
| အင်ကြင်းပင်စောင့်နတ် | ၃၉၃ |
| အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ် | ၆၉ |
| အင်္ဂါတဆယ့်ငါးပါးတို့နှင့် ပြည့်စုံသော | ၂၈၉ |
| အင်္ဂါလေးပါးနှင့်ပြည့်စုံသော မြတ်သော အကျင့် | ၁၁၈ |
| အဆုံးသတ်ပန်းတိုင် | ၁၀၀ |
| အဇာတသတ်မင်းကဲ့သို့ | ၃၀၁ |
| အဏုမြူသဖွယ်မြင်နိုင်ခဲ့သော | ၂၃၁ |
| အတ္တအယူဝါဒနှင့်လောကအယူ ဝါဒ | ၅၃ |
| အတိတ်ကာလက အားထုတ်ခြင်း | ၃၂၀ |
| အတွင်းဖြစ်သော အပူအအေး | ၂၅၄ |
| အထက်ဖြစ်သော ပြုဖွယ်ကိစ္စ | ၃၅၀ |
| အထွတ်တပ်သောအိမ် | ၄၁၁ |
| အဓိဋ္ဌာန်ပြု၍ ထိုင်နေ၏ | ၂၈၈ |
| အနွဝန်တော ပတ်ဝန်းကျင် | ၂၀၀ |
| အနှစ်ကို ရှာမှီးသော ယောကျ်ား | ၂၅၉ |
| **[အ]** | |
| အနှစ်ပြည့်သော သစ်ပင် | ၂၆၇ |
| အနှစ်သာရကို ရှာမှီးသော ယောကျ်ား | ၁၆၁ |
| အပဝတ္တုမရှိသော် စိတ် ပင်ပန်းခြင်း | ၁၉၃ |
| အပြစ်ကင်းသော ဆိတ်ဆိတ် နေခြင်း | ၂၂၄ |
| အပြစ်ကို ဆင်ခြင်သော ရဟန်း | ၁၇၃ |
| အပြောအဆိုခက်ကြောင်း | ၁၄၀ |
| အပြော အဆိုလွယ်ကြောင်း | ၁၄၂ |
| အဘိဓမ္မာ စကားကို ပြောဆို ကုန်၏ | ၂၈၃ |
| အဘိဘူပြဟ္မာသဘော | ၄၁၈ |
| အမိအဖတို့၏ သုတ်သွေး ကြောင့် | ၂၀၂ |
| အမျက်ထွက်ခြင်း စိတ်မချမ်းမြေ့ခြင်း | ၃၇ |
| အမှတ် နိမိတ်ကို စွဲယူလေ့မရှိ | ၂၄၅ |
| အမုန်ယစ်သောဆင် | ၃၀၆ |
| အယူနှင့်ပြည့်စုံသောပုဂ္ဂိုလ် | ၄၁၂ |
| အရိယာကို ဖူးမြင်လေ့မရှိ | ၁ |
| အရိယာတို့၏ တရား၌ မကျွမ်း ကျင်သော | ၁၉၂ |
| အရိယာဖြစ်ရန် စွမ်းနိုင်သောဉာဏ် | ၁၀၅ |
| အရိယာဖြစ်သော တပည့် | ၆၂ |
| အဝိဇ္ဇာလျှင် ဇာစ်မြစ်ရှိကုန်၏ | ၃၃၆ |
| အသာဓိမည်သော ရဟန်း | ၂၉၈ |
| အသျှင်မဟာကစ္စာန၏ မိန့်ကြားချက် | ၁၆၄ |
| အားတော်ဆယ်ပါး | ၁၀၇ |


မှတ်ချက် ဤစာကားရပ်များကို အဖွင့်အဋ္ဌကထာနှင့်တိုက်ဆိုင်ကြည့်ရှုက လိုရင်းအဓိပ္ပါယ်ပေါ်လာပါမည်။ သို့ဘိုက်ဆိုင် ကြည့်ရှုရန် ဖော်ပြထားသည်။

| အကွရာစဉ် | စာမျက်နှာ |
| --- | --- |
| [အ] | |
| အားရှိသောယောကျ်ား | ၁၇၄ |
| အိုခြင်းသေခြင်း၏ ဖြစ်ကြောင်း | ၆၅ |
| အာစာရသီလ ဂေါစရသီလ | ၄၃ |
| အာဇာနည်မြင်းကသောရထား | ၁၇၈ |
| အာယတနတဆယ့်နှစ်ပါး | ၈၆ |
| အာသဝေါကုန်ပြီးသောမဂ်အကျင့် | ၆-၃၀၅ |
| အာသဝေါ တရားကို ကုန်စေသော | ၃၁ |
| အာဟာရတို့သည် လေးပါးတို့တည်း | ၃၃၅ |
| အာဟာရဟူသည် အဘယ်နည်း | ၆၃ |
| အိမ်ထောင်သောဘဝ၌နေရခြင်း | ၂၄၄ |
| အိမ်ရာထောင်သောဘဝ၌နေရခြင်း | ၃၄၅ |
| အူတွင်းသို့ဝင်သည်ဖြစ်၍ | ၄၂၀ |
| [ဣ] | |
| ဣဒ္ဓိပါဒ်ကို ပွါးများ၏ | ၁၅၃ |
| ဣန္ဒြေကိုစောင့်စည်းခြင်းသတိ | ၂၄၆ |
| ဣန္ဒြေတို့၏ ရင့်ကျက်ခြင်း | ၃၄၄ |
| ဣရိယာပုထ်ကိုပြုသဖြင့် | ၂၃၆ |
| ဣရိယာပုထ်ကိုဆင်ခြင်ခြင်း | ၇၈ |
| ဣသိဂိလိတောင်နံဘေး | ၁၃၇ |
| [ဤ] | |
| ဤအကြောင်းရှိသော် ဤအကျိုး ရှိ၏ | ၃၃၉ |
| ဤကောင်းကင်၌အရုပ်ကို ရေးအံ့ | ၁၈၂ |
| ဤချမ်းသာစွာနေရခြင်းထက် | ၂၇၈ |
| ဤခြောက်ပါးသောတရား | ၄၁၀ |
| ဤဆာလောင်အားနည်းခြင်းဖြင့် | ၁၈ |
| ဤသုံးဦးကုန်သောအမျိုးသား | ၂၈၀ |
| ဤသို့ နှိုင်းယှဉ်ရမည် | ၁၄၃ |
| [ဥ] | |
| ဥဒကထံသို့ ချဉ်းကပ်၍ | ၃၁၃ |
| ဥပမာသုံးရပ် | ၃၁၄ |
| [ဥ] | |
| ဥပါဒါန်အားလုံးလွန်မြောက်ခြင်း | ၁၀၂ |
| ဥသျှစ်ပင်ပျိုရင်း ငါရှိရာအရပ် | ၁၅၉ |
| [ ဦ-ေ ] | |
| ဦးခေါင်းကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏ | ၃၃၇ |
| ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော မိန်းမ | ၄၂ |
| ေကန်ဘေးကင်းခြင်းရှိသူ | ၃၂၅ |
| [ က ] | |
| ကံဟောင်းတို့ကို အကျင့်ဖြင့် ဖျက်ဆီးခြင်း | ၁၃၇ |
| ကာမဂုဏ်မြက်ခင်း | ၂၁၇ |
| ကာမတရားတို့ကို လွန်မြောက်ခြင်း | ၁၂၅ |
| ကာမနှင့်စပ်သောကြံစည်ခြင်း | ၁၆၅ |
| ကာယသင်္ခါရ | ၃၈၈ |
| ကာလာမအနွယ်၌ဖြစ်သော | ၂၂၇ |
| ကိလေသာ အညစ်အကြေးမရှိသော ပုဂ္ဂိုလ်နှစ်မျိုး | ၃၃ |
| ကိလေသာ ကာမနှင့်ယှဉ်သော အမှတ်အသား | ၁၈၉ |
| ကွဲသော ဦးခေါင်းရှိသည်ဖြစ်၍ | ၄၂၆ |
| ကျက်စားရာ စားကျက် | ၂၉၁ |
| ကြေးယူ၍ အလုပ်ကိုလုပ်ကိုင် ရာ၏ | ၃၅၃ |
| ကြည်လင်သန့်ရှင်းနောက်ကျု တင်းသော | ၃၅၈ |
| ကောင်းမြတ်သော တရားရှိသူ | ၂၆၀ |
| ကိုယ်ကောင်းပွါးစီးရေး | ၃၀၉ |
| ကိုယ်ကိုစွဲ၍ဖြစ်သော | ၂၅၁ |
| ကိုယ်ငွေ့ကမ္မဇတေဇောဓာတ် | ၃၈၁ |
| ကိုယ်တိုင်မျက်မှောက်ပြုကာ | ၂၂၈-၃၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ ] | |
| ခံစားမှု၏ပြိုင်ဘက် | ၃၉၁ |
| ခန္ဓာငါးပါးကိုဆင်ခြင်ခြင်း | ၈၅ |
| ခန္ဓာ ငါးပါးတို့၌ လိုချင်မှု | ၂၅၇ |
| ခရီးရှည်သွားသော ယောက်ျား | ၁၉၁ |
| ခါးသော (အရည်ရှိသော)ဗူး | ၄၀၃ |
| ချမ်းသာခြင်းရှိသော ရဟန်း | ၃၆၃ |
| ခြေရာကိုမြင်သောအခါမှစ၍ | ၂၄၁ |
| ခေါင်းပါးခြင်းကို ပြုသင့်၏ | ၅၅ |
| ခေါင်းပါးသောအကျင့် | ၁၁၉ |
| [ ဂ-င ] | |
| ဂင်္ဂါမြစ်၏ ရေအယဉ်ကိုဖြတ်၍ | ၂၉၅ |
| ဂင်္ဂါမြစ်နှင့်တူသောစိတ် | ၁၈၃ |
| ဂယာနှင့်ဗောဓိပင်အကြား | ၂၃၄ |
| ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော ပုဂ္ဂိုလ် | ၆၀ |
| ဂေါသိင်္ဂမည်သောအင်ကြင်းတော | ၂၃၄ |
| ငါမကျင်လည်ဘူးသောသံသရာ | ၁၂၂ |
| ငါသည်အတိတ်ကာလ၌ ဖြစ်ခဲ့ဘူးသလော | ၁၁ |
| ငြိမ်းအေးရာနိဗ္ဗာန်နည်း | ၂၄၀ |
| [ စ ] | |
| စက်ဆုပ်တတ်သောအကျင့် | ၁၁၉ |
| စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း | ၇၉ |
| စက္ခုဝိညာဏ်စိတ်ဖြစ်သော် | ၁၆၃ |
| စင်စစ်စီနမည်ကုန်၏ | ၂၃၅ |
| စင်ကြယ်သောအသက်မွေးမှု | ၂၃ |
| စိတ်၏အနှောင်အဖွဲ့ငါးမျိုး | ၁၅၂ |
| စိတ်၏ဆူးငြောင့်ခလုပ်ငါးမျိုး | ၁၅၀ |
| စိတ်၏ညစ်ညူးကြောင်း | ၁၃၃ |
| စိတ်ကိုဆင်ခြင်ခြင်း | ၈၃ |
| စိတ်ကိုသိမ်းကျုံး၍တည်၏ | ၃၁၀ |
| စိတ်ညစ်ညူးကြောင်းတရားတို့ကား | ၄၈ |
| စိတ်မနှစ်မြို့ခြင်းကိုမပြုသင့် | ၁၉၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စိတ်လွတ်မြောက်မှုအတွက်သာ ဖြစ်၏ | ၂၆၆ |
| စိတ္တသင်္ခါရ | ၁၈၈ |
| စူးစမ်းတတ်သူရဟန်းနှစ်ပါး | ၄၀၇ |
| စေဘိဖြစ်သောအရာမှ | ၂၈ |
| စေဒကကို ဆန့်ကျင်ဘက်ပြုခြင်း | ၁၄၀ |
| [ ဆ ] | |
| ဆံကျစ်ကိုဆောင်ရုံမျှဖြင့် | ၃၆၂ |
| ဆင်ခြေရာကြီးကိုမြင်ရာ၏ | ၂၄၃ |
| ဆင်ခြင်ဉာဏ်ဖြင့်ပြုလေ့ရှိ၏ | ၃၅၇ |
| ဆင်ခြင်၍ဆွမ်းကို မှီဝဲ၏ | ၁၄ |
| ဆင်တော်သို့ ဝင်သည်ရှိသော် | ၂၄၀ |
| ဆင်းရဲမဟုတ်ချမ်းသာမဟုတ်သော | ၃၈၂ |
| ဆည်းပူးသင့်သောတရား | ၃၉၇ |
| ဆိတ်ကွယ်ရာ၌ စောဒနာကြ၍ | ၃၆ |
| [ ဈ-ည ] | |
| ဈာန်ကိုလည်းဖျက်ဆီးခြင်းမရှိ | ၂၈၂ |
| ညစ်ညူးခြင်းသံကိလေသသဘော | ၂၂၅ |
| ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ် | ၅၈ |
| ညှဉ်းဆဲမှုနှင့်စပ်သောအကြံ | ၁၆၇ |
| [ တ ] | |
| တံခါးရွက်ကိုဖျက်ဆီးပြီးသူ | ၁၉၆ |
| တံငါသည်သား သာတိရဟန်း | ၃၃၀ |
| တက္ကပုဂ္ဂိုလ်တို့၏ကျက်စားရာမဟုတ် | ၂၃၁ |
| တကြောင်းတည်းသော ခရီးလမ်း | ၇၆ |
| တပါးသောပြုဖွယ်မရှိတော့ပြီ | ၃၂၂ |
| တရားအမွေခံတို့သာဖြစ်ကုန်လော့ | ၁၇ |
| တရားစကားဆွေးနွေးလျက် | ၂၂၃ |
| တရားဆောက်တည်ခြင်း | ၃၉၈ |
| တလက်ဖက်မျှသောပဲနောက်ရည် | ၃၁၉ |
| တောအုပ်တောနက်ကြီးများ၌ ဖြစ်သော | ၂၃ |
| တပ်မက်မှုအကိန်းတရား | ၆၄ |
| တွေ့ဝေခြင်းကင်းသောအလှူခံပုဂ္ဂိုလ် | ၄၀၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[တ]** | |
| တယ်သမင်ဖို တယ်သမင်မ | ၁၇၀ |
| တောက်ပခြင်းဟူသည် အဘယ်ပါနည်း | ၂၀၂ |
| **[ထ]** | |
| ထနိုင်ကောင်းသောအာပတ်မျိုး | ၄၁၂ |
| ထွက်သက်ဝင်သက်မရှိသော် | ၃၁၇ |
| ထိတ်လန့်ခြင်းရှိသူ | ၂၆ |
| ထိုတောအုပ်ကိုမှီ၍နေစဉ် | ၁၅၄ |
| ထိုပုဂ္ဂိုလ်ကိုမှီ၍နေစဉ် | ၁၅၇ |
| **[ဒ]** | |
| ဒဏ္ဍပါဏိမည်သောသာကီဝင်<br>မင်းသား | ၁၅၉ |
| ဒိဋ္ဌိအလားရှိသော ထောင်လွှားခြင်း | ၇၄ |
| ဒိဋ္ဌိခြောက်ပါးတို့တွင် တပါးပါး<br>သော ဒိဋ္ဌိ | ၁၂ |
| ဒီဃပရဇနနတ် | ၂၇၉ |
| ဒုက္ခအရိယသစ္စာ | ၈၉ |
| ဒုက္ခဖြစ်သောအရိယသစ္စာ | ၂၅၀ |
| ဒူသီမာရ်နတ် | ၄၂၃ |
| **[ဓ]** | |
| ဓမ္မဒိန္နာရဟန်းမိန်းမ | ၃၈၆ |
| ဓမ္မဝိနယ၌ ဖြစ်မြဲဓမ္မတာ | ၁၀၃ |
| ဓာတ်အာရုံ၌သာလျှင် | ၂၅၁ |
| ဓာတ်အားဖြင့်နှလုံးသွင်းခြင်း | ၇၉ |
| **[န]** | |
| နဂါးကိုမထိခိုက်လင့် | ၂၀၃ |
| နက်စွာသော စိမ့်ရေရှိသော ရေအိုင် | ၃၅၅ |
| နတ်အမျိုးအစားတပါးပါးကို<br>တောင့်တ၍ | ၁၅၁ |
| နတ်အသုရာစစ်ပွဲကြီး | ၃၂၆ |
| နတ်၌ဖြစ်သောပန်းရနံ့ | ၂၈၁ |
| နာမ်ရုပ် ကိုခွဲခြား၍သိ၏ | ၇၁ |
| နိဂဏ္ဌတက္ကတွန်း၏သားသစ္စက | ၂၉၇ |
| နိဗ္ဗာန်၏ပြိုင်ဘက် | ၃၉၂ |
| **[ န ]** | |
| နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ် | ၂၇၅ |
| နူးညံ့သော ကြောင်ရေအိတ် | ၁၈၃ |
| နေ့ရောညဥ့်ပါကျင့်လျက် | ၁၄၉ |
| နှလုံးသော်လည်း ကွဲရတုံဘိ၏ | ၃၀၈ |
| နှစ်ခုမြောက်ဖြစ်သော သားသမင် | ၂၁၂ |
| နိမ့်ရှိုင်းသော ရေအိုင်ကြီး | ၁၇၀ |
| နောက်ဆုံးဖြစ်ရသောဇာတိ | ၂၃၇ |
| နှုတ်လုံထိုးလျက် နေကြသောအခါ | ၄၀၉ |
| နှောင်အိမ်၌နှောင်ဖွဲ့ခံရ၏ | ၃၅၄ |
| နို့နှင့်ရေ ရောသကဲ့သို့ | ၂၇၄ |
| **[ ပ ]** | |
| ပညာတည်းဟူသောနား | ၂၃၃ |
| ပညာဓာတ်ခံမှဲ့သောနွားကျောင်းသား | ၂၉၄ |
| ပညာဖြင့် ကောင်းစွာရှုမြင်သူ | ၃၃၄ |
| ပညာရှိလူလိမ္မာတို့ထုံးတမ်း | ၄၀၀ |
| ပညာရှိသူ | ၃၇၇ |
| ပရိသတ်တို့သည် ရှစ်မျိုးတို့တည်း | ၁၁၁ |
| ပိင်္ဂလကောစ္ဆပုဏ္ဏား | ၂၆၆ |
| ပိဏ္ဍပါတ်ဓုတင်ဆောင်သူ | ၄၀ |
| ပိတ်ခြင်းဖြင့် ပယ်အပ်ကုန်၏ | ၁၄ |
| ပုဆိုးသစ်သဖွယ်ဖြစ်သောတရား | ၁၉၉ |
| ပုဏ္ဏားဟူသည် အဘယ်ပါနည်း | ၂၀၂ |
| ပူပန်ညစ်ညူးစေတတ်သော | ၃၂၃ |
| ပျံ့လွင့်သောစိတ် မအေးမြသောစိတ် | ၂၅ |
| ပြုကျင့်နိုင်ခဲသောအကျင့် | ၃၀၉ |
| ပြာသာဒ်တခုရှိရာ၏ | ၁၁၆ |
| **[ ဖ-ဗ- ]** | |
| ဖဂ္ဂုနီနက္ခတ်ကောင်းကြုံလျက် | ၅၂ |
| ဖောက်ပြန်သောစိတ် | ၂၄ |
| ဖောင်ဥပမာရှိသောတရား | ၁၉၁ |
| ဖျော့တော့အားနည်းသော<br>ရောဂါရှိသော ယောကျ်ား | ၄၀၄ |
| ဗကဗြဟ္မာ၏စိတ်အကြံ | ၄၁၄ |

http://www.dhammadownload.com




| အကွဲရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဗ ] | |
| ဗာဟုကာမြစ်သည် စင်ကြယ်စေတတ်၏ | ၅၁ |
| ဗောဇ္ဈင် ခုနစ်ပါး | ၈၇ |
| ဗျာဓိသဘောရှိသည်ဖြစ်လျက် | ၂၂၅ |
| ဗြဟ္မာကို ပူးဝင်၍ | ၄၁၅ |
| ဗြဟ္မာ့ခြေဖမိုးမှဖြစ်ကုန်သော | ၄၂၃ |
| [ ဘ ] | |
| ဘဝငယ်ဘဝကြီး၌ တပ်မက်ခြင်း ကင်းလျက် | ၁၅၉ |
| ဘဝသံယောဇဉ်အားလုံးကုန် ပြီးသော | ၇ |
| ဘဝဟူသည်အဘယ်နည်း | ၆၇ |
| ဘုရားလောင်းမျှသာဖြစ်နေသော | ၁၆၅ |
| ဘုရားဟုတ်သလော မဟုတ်လေ သလော | ၄၀၅ |
| ဘုံဘဝသည်ရှိသေးသည် | ၄၁၇ |
| [ မ ] | |
| မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း၌ | ၂၀၇ |
| မညီမညွတ်သောလမ်းရှိခဲ့သော် | ၅၇ |
| မတုန့်မလှုပ်ကြည်ညိုခြင်း | ၄၉ |
| မတွန့်ဆုတ်သောအလို | ၂၆၉ |
| မန္တာဏီ၏သား အသျှင်ပုဏ္ဏ | ၂၀၄ |
| မမေ့မလျော့ပြင်းစွာအားထုတ်လျက် | ၁၆၆ |
| မမြင်အပ်သောဖြစ်ခြင်းပျက်ခြင်း | ၄၁၈ |
| မမျှတမှုကိုပြုလုပ်ခြင်းသုံးမျိုး | ၃၆၆ |
| မာဒရ်၏တည်ရာ ဘုံသုံးပါး | ၂၉၄ |
| မာန်နုတ်စိုက်ပျိုးထားသော | ၃၁၇ |
| မာရ်နုတ်ယုတ် ထွက်လော့ | ၄၂၁ |
| မာရ်ယုတ်ကိုကာဏှာအောင်ပြု၏ | ၂၃၉ |
| မာလောနွယ်သီးမှည့် | ၃၉၃ |
| မိဂါရသူဌေး၏အမိသဖွယ် | ၃၂၅ |
| မိမိကိုယ်ကိုလောင်စေလိမ့်မည် | ၄၈၈ |
| မိမိထင်မြင်ချက်အတိုင်း | ၂၈၂ |
| မိမိနေလိုရာသမာပတ် | ၂၈၇ |
| မိမိလည်းအလိုနည်း၏ | ၂၀၄ |

| အကွဲရာစဉ် | စာမျက်နှာ |
| --- | --- |
| [ မ ] | |
| မီးနားကိုမပြုသနည်း | ၂၉၀ |
| မီးလုပ်ကြွေးခြင်းဖြင့် စင်ကြယ်၏ | ၁၂၃ |
| မေတ္တာနှင့်တကွဖြစ်သောစိတ် | ၁၈၁ |
| မေတ္တာနှင့်ယှဉ်သောစိတ် | ၃၈၃ |
| မျက်စိအကြည်ရုပ် | ၂၅၇ |
| မျက်မှောက်ဆင်းရဲအစု | ၁၃၅ |
| မြေကြီးမဟုတ်သည်ဖြစ်လော့ | ၁၈၁ |
| မြေကိုမြေဟုမှတ်၏ | ၂ |
| မြေကိုရှာမှီးသော ယောကျ်ား | ၁၉၀ |
| မြက်ခင်းစိုက်ပျိုးသော သားမုဆိုး | ၂၁၂ |
| မြင်ခြင်းဖြင့် ပယ်အပ်ကုန်၏ | ၁၃ |
| မြတ်စွာဘုရား၏ ထုံးတမ်းစဉ်လာ | ၂၄ |
| မြတ်စွာဘုရားကို အောက်မေ့လျက် | ၂၅၆ |
| မြတ်သောအင်္ဂါရှစ်ပါးရှိသောမဂ် | ၃၈၇ |
| မြတ်သောရှာမှီးခြင်း | ၂၂၆ |
| မှီဝဲခြင်းဖြင့် ပယ်အပ်ကုန်၏ | ၁၅ |
| မှီဝဲသင့်သောတရား | ၃၉၇ |
| မှန်ကန်သောအယူ | ၆၁ |
| မှန်သောအယူ | ၃၆၉ |
| မျှတရုံသောသက်နိုး | ၃၄၆ |
| မွေ့လျော်ဖွယ်ဖြစ်သောရေကန် | ၁၁၇ |
| [ ယ ] | |
| ယဇ်ပူဇော်ခြင်းဖြင့် စင်ကြယ်၏ | ၁၂၃ |
| ယာဉ်မှူးနှင့်တူတော်မူသော မြတ်စွာဘုရား | ၂၃၂ |
| ယာဉ်လုပ်သမား၏ သား သမိတိ | ၄၁ |
| ယုံကြည်ခြင်းသဒ္ဓါဖြင့် | ၂၆၈ |
| ယုတ်ညံ့ဆိုးဝါး မကောင်းတရား | ၃၆ |
| ယုတ်ညံ့သောအယူမှ | ၃၃၀ |
| ယုတ်ညံ့သောမိစ္ဆာအယူ | ၁၈၅ |
| ယူဇနာတရာရှိသော ရေ | ၂၅၃ |
| ယောဂတို့၏ကုန်ရာ(အရဟတ္တဖိုလ်) | ၁၅၈ |
| ယောဂလေးပါးတို့၏ကုန်ရာ(အရဟတ္တဖိုလ်) | ၅ |

အက္ခရာစဉ် — စာမျက်နှာ

[ ရ ]

ရမ္မကပုဏ္ဏား၏ကျောင်းသင်္ခမ်း ၂၂၂
ရဟန်းဂေါတမသည် မသေသေး ၃၁၀
ရဟန်းနှင့်သင့်လျော်သောအကျင့် ၃၆၀
ရဟန်း "သမဏ" ရှိ၏ ၉၉
ရေမြေရှင်အချင်းချင်း ၁၂၇
ရဲရဲတောက်သောမြက်မီးရှူး ၁၀၂
ရဲရင့်ကြောင်းဖြစ်သောဉာဏ် ၁၁၀
ရုပ်အဆင်းကို မသိသနည်း ၂၀၉
ရုပ်အပေါင်းကို ထင်ရှားသိလျက် ၇၇
ရုပ်တရားတို့၏အပြစ် ၁၂၉
ရုပ်တရားတို့၏ သာယာဖွယ် ၁၂၉
ရုပ်သည် အမြဲမရှိ ၂၉၇
ရုပ်သည် ငါ၏ကိုယ်အတ္တတည်း ၃၀၀
ရှေ့စကားနှင့်နောက်စကား ၃၀၂
ရှေးဦးစွာသော သားသမင် ၂၁၂
ရှေး၌ ဖြစ်ဘူးသည်ကို အောက်မေ့လို၍ ၄၆
ရွှေအဆင်းရှိသော ကိုယ်ကိုဖွင့်လှစ်ပြတော်မူ၏ ၃၀၄
ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်ကုန်၏ ၁၅

[ လ ]

လာဘ်သပ်ပကာ အကျော်အစော ၂၇၃
လာဘ်များခြင်းငှါ ကျင့်သည်မဟုတ် ၂၃၆
လိစ္ဆဝီမင်းသား ဒုမ္မုခ ၃၀၄
လူ့ဘောင်မှထွက်ခွါ၍ ၂၆၄
လေးခုမြောက်ဖြစ်သောသားသမင် ၂၁၄
လေးလံသော ဝန်ကိုလွယ်၍ ၃၄၃
လားရာ ဂတိတို့သည် ငါးပါးတို့တည်း ၁၁၃
လျှာဖြင့်အာစောက်ကိုထိလျက် ၃၁၆
လွှဥပမာရှိသော ဆုံးမသြဝါဒ ၁၀၄
လင်းတသတ်မျိုး၌ ဖြစ်ဘူးသော ၁၀၄
လွှတ်မြောက်မှုနှင့်စပ်သောအကြံ ၁၆၇
လွှတ်မြောက်ပြီးသော ရဟန္တာရဟန်း ၇
လွှတ်သောသတိ ဆင်ခြင်ဉာဏ်မရှိ ၂၇
လိုချင်မှုဟူသောအစေး ၃၁၅

[ ဝ ]

ဝစီသင်္ခါရ ၃၈၈
ဝိညာဉ်သည်ပင်လျှင် ပြောင်းသွား၏ ၃၃၂
ဝိဓုရနှင့် သဉ္ဇီဝ ၄၂၂
ဝိပဿနာနှင့်ပြည့်စုံသူ ၄၃
ဝိသာခဥပါသကာ ၃၀၅
ဝေဇယန္တာမည်သော ပြာသာဒ် ၃၂၆
ဝေဒနာကို ဆင်ခြင်ခြင်း ၈၂
ဝေဒနာတို့၏အပြစ် ၁၃၂
ဝေဒနာတို့၏ သာယာဖွယ် ၁၃၂
ဝေဒေဟိကာအိမ်ရှင်မ ၁၇၉
ဝေဿဝဏ္ဏနတ်မင်းကြီး ၃၂၇

[ သ ]

သံဃာအဖ သံဃာ့ဦးသီး ၂၉၃
သံယောဇဉ်အနှောင်အဖွဲ့ ၄၄
သံဝဇီရစိန်လက်နက် ၃၀၁
သက္ကာယဖြစ်ပေါ်ကြောင်း ၃၀၆
သစ္စကသည်ဆိတ်ဆိတ်နေ၏ ၃၀၁
သစ္စာလေးပါးကို ဆင်ခြင်ခြင်း ၈၈
သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း ၇၈
သတ်ဖြတ်မှုနှင့်စပ်သောကြံစည်ခြင်း ၁၆၅
သတ္တဝါကိုချွတ်ထွင်မှုသညာအစု ၁၆၀
သတ္တဝါတို့ စိတ်စင်ကြယ်ရန် ၉၀
သတ္တဝါတို့သည် လေးမျိုးတို့တည်း ၁၁၂
သဒ္ဒါအသီးအသီးဖြစ်ကုန်၏ ၃၀၄
သဗ္ဗဓမ္မမူလပရိယာယသုတ် ၁
သဗ္ဗာသဝသံဝရဒေသနာ ၁၀
သဘောတရားကိုဆင်ခြင်ခြင်း ၈၃

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သမထဖြစ်ကြောင်းပြသဟန္တာ ဖြစ်ကြောင်း | ၃၄၉ |
| သမာဓိမရသောရဟန်း၏စိတ် | ၂၂ |
| သာလာဠသား ပုဏ္ဏားသူကြွယ် | ၃၇၁ |
| သိက္ခာသာဇီဝသို့ရောက်လျက် | ၂၄၄ |
| သိမ္မဝိညာဉ်ဖြစ်ပေါ်လာ၏ | ၃၃၃ |
| သီလအထူးစင်ကြယ်ခြင်းအကျိုး၄ါ | ၂၀၆ |
| သီလဗ္ဗတပရာမာသသံယောဇဉ် | ၁၃ |
| သုံးခုတို့၏ပေါင်းဆုံခြင်း | ၁၆၂ |
| သုံးခုမြောက်ဖြစ်သော သားသမင် | ၂၁၃ |
| သုခဖြင့် သုခကို မရနိုင် | ၁၃၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သုန္ဒရိကဘာရဒွါဇပုဏ္ဏား | ၅၁ |
| သူတပါးတင်သောဝါဒမှလွတ်စေရုံ | ၁၉၀ |
| သူသေအရိုးကို ခေါင်းအုံး၍ | ၁၂၁ |
| သူသေကောင်ကိုးမျိုး | ၈၀ |
| သွားတို့ဖြင့်သွားကိုကြိတ်၍ | ၁၇၅ |
| သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်း | ၁၀ |
| သည်းခံခြင်းဖြင့် ပယ်အပ်ကုန်၏ | ၁၅ |
| သန့်ရှင်းဖြူစင်သောမှန် "ကြေးမုံ" ၌ | ၁၄၉ |
| သိမ်းဆည်းထိုက်သော ဝတ္ထုမျိုး | ၁၉၄ |
| သို့လောသို့လော တွေးတောယုံမှားမှု | ၃၄၂ |

http://www.dhammadownload.com

ပ.မ.သ.၈- ၁၀၂/၁၃.၄.၉၈ (၁၀၀၀၀)လက်ဆို့